

ဟောင်ပေါ်ထွန်း

# ကမ္ဘာရှင်

# KANE & ABEL

JEFFREY ARCHER

တတိယအကြိမ်

# ကမ္ဘာရန်

**KANE & ABEL**

**BY**

***JEFFERY ARCHER***

မောင်ပေါ်ထွန်း

စာမူခွင့်ပြုချက်အမှတ် - ၁၀၆၁/ ၉၉ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၅၂/ ၂၀၀၀ (၃)

❐
**စီစဉ်သူ**
ကိုမြင့်ထွန်း

❐
**ပုံနှိပ်ခြင်း**
တတိယအကြိမ် - ( ဖေဖော်ဝါရီလ၊ ၂၀၀၁)
အုပ်ရေ - (၁၀၀၀)

❐
မျက်နှာဖုံးပန်းချီ - တင်မောင်မျှင့်
ကာလာခွဲ - *Alpha*
အတွင်းဖလင် - ဇမ္ဗူအေး

❐
**ပုံနှိပ်သူ**
ဒေါ်စိန်စိန် (၀၅၄၀၄) ရောင်စဉ်အော့ဖ်ဆက်
အမှတ် (၁၆၃) ၄၈လမ်း၊ ဗိုလ်တထောင်။

❐
**ထုတ်ဝေသူ**
ဦးသန်းဆွေ(၁၅၄၀၄)၊ စစ်သည်တော်စာပေ
၁၁၃၁/က ဥယျာဉ်လမ်း၊ ၁၉ ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း
ရန်ကုန်မြို့။

❐
**တန်ဖိုး**
၁၂၀၀ ကျပ်

## ကမ္ဘာ့စာနယ်ဇင်းများနှင့် ပုဂ္ဂိုလ်ကျော်များ၏ ဝေဖန်ချက်

"ထူးထူးခြားခြား ဆွဲအားကောင်းသောစာအုပ်..." - EVENING NEWS

"ရိုက်မလောက်၊ ရောင်းတိုင်းစွံမည့် ဝတ္ထု...၊ အလွန်ဖတ်ပျော်သည်။ အထူးဖတ်ကောင်းသည်။ ဤဝတ္ထုကြောင့် ဂျက်ဖရီအာချားအဖို့ စာဖတ်ပရိသတ်သစ်များ မြောက်မြားစွာ တိုးပွားလာပေဦးမည်" - BOOK BUYER

"ဂျက်ဖရီအာချားသည် သူ၏ မြားအိမ်မှ ဤနောက်ဆုံးမြားကို ပစ်မှတ်တည့်တည့် ပစ်သွင်းလိုက်သည်။ မမျှော်လင့်သော အလှည့်ကလေးဖြင့် အဆုံးသတ်ထားသဖြင့် အလွန်ဖတ်ကောင်းလှသည်" - DAILY EXPRESS

"ကျွန်ုပ် ဖတ်ဖူးသမျှအနက် အကောင်းဆုံး ဝတ္ထုတစ်ပုဒ်ဟု ဆိုချင်သည်။ ဖတ်မိသူတိုင်း ဧကန် စိတ်ဝင်စားရမည်ဟု အာမခံရဲပါသည်" - OTTO PREMINGER

"ယခုနှစ် စာအုပ်ရာသီတွင် ထွက်ပေါ်လာသည့် ဝတ္ထုများအနက် ဆွဲအားအကောင်းဆုံး ဝတ္ထုတစ်ပုဒ်။ စာရေးဆရာသည် ကမ္ဘာ့စီးပွားရေးလောကကို အခြေခံကာ ပြောင်မြောက်စွာ ဇာတ်အိမ်ဖွဲ့ထားပုံမှာ စာဖတ်သူတိုင်းအား ညို့အားကောင်းလှသည်"

– THE BOOK SELLER

"စကားပြောနှင့် သရုပ်ဖော်အရေးအသားတွင် ဆွဲအားကောင်းခြင်း၊ ချောမောပြေပြစ်ခြင်းနှင့် ပြည့်စုံခြင်းတို့ကြောင့် ဤဝတ္ထုသည် ခေတ်သစ် ဂန္ထဝင်စာရင်းဝင်သည်။ ဂျက်ဖရီအာချားသည် ကြီးမားသောဇာတ်အိမ်ကြီးကို ပြောင်မြောက်သော ကလောင်စွမ်းဖြင့် ခြယ်မှုန်းနိုင်သောကြောင့် ခေတ်သစ်ကမ္ဘာကျော် စာရေးဆရာတစ်ယောက်အဖြစ် မိမိကိုယ်ကို စံချိန်တင်လိုက်သည်။ ၁၀ နှစ်အတွင်း ပိုက်ဆံပေးဝယ်၍ ဖတ်ရကျိုးနပ်သော ဝတ္ထုဖြစ်သည်"

– WOLVERHAMPTON EXPRESS AND STAR

Quality Publishing House

"စာအုပ်လောကတွင် ရုတ်ရုတ်သဲသဲ သတင်းကြီးသွားမည့် ဝတ္ထု...။ လှုပ်ရှားမှုတွေ တင်းကျမ်းပြည့် ပါဝင်သောကြောင့် ဖတ်ရှု၍မငြီးနိုင်"

– PUBLISHERS WEEKLY

"စာမျက်နှာ ၅၆၀ ခန့်ရှိသော ဤဝတ္ထုကြီးကို တစ်ထိုင်တည်းနှင့် အစအဆုံး ဖတ်ပစ်လိုက်မိသည်။ ရက်အားတွင် တခြားလုပ်စရာ ကိုင်စရာများရှိလျှင် ဤဝတ္ထုကို ပထမငါးမျက်နှာခန့်အထိ ဆက်၍မဖတ်ပါနှင့်ဟု သတိပေးပါရစေ။ ဘယ်စံနှင့် တိုင်းတိုင်း တကယ် ပြောင်မြောက်သော အနုပညာ ဖန်တီးချက်တစ်ရပ်ဖြစ်သည်မှာ ထင်ရှားသည်။ ဝတ္ထု အပြောကောင်းခြင်းအတွက်သာ ကမ္ဘာ့စာပေ 'နိုဗယ်ဆု'ကြီးကို ချီးမြှင့်မည်ဆိုလျှင် ဤဝတ္ထုအတွက် ဂျက်ဖရီအာချာအား မလွဲမသွေ ချီးမြှင့်ရလိမ့်မည်"

– NEWCASTLE EVENING CHRONICLE

"ဗြိတိန်နိုင်ငံ၏ နံပါတ် 'ဝမ်း' စာရေးဆရာ ဂျက်ဖရီအာချာသည် မာဂရက်မစ်ချယ်၏ 'လေရူးသုန်သုန်'၊ ဂျွန်ဂေါ့ဇွာသီ၏'သည်ဖော်ဆိုက်တေးဆဂါ' ဝတ္ထုများကြီးများနှင့် တစ်တန်းတည်းထားရမည့် ဝတ္ထုကြီးတစ်ပုဒ်ကို ရေးထုတ်လိုက်ပြန်ပြီ"

– BBC 4, PETE MURRAY

"ဂျက်ဖရီအာချာသည် ကျွန်ုပ်တို့ခေတ်၏ အကြီးကျယ်ဆုံး စာရေးဆရာဖြစ်သည်မှာ ထင်ရှားသည်။ ဤဝတ္ထုကြီးသည် အချိန်ကာလ၏စမ်းသပ်မှုကို ကြံ့ကြံ့ခံနိုင်လိမ့်မည်"

– MANCHESTER EVENING NEWS

"ဤရာစုနှစ် အမေရိကန်ပြည်သူတို့၏ ခေတ်နှင့် ဘဝကို မျိုးဆက်နှင့်ချီ၍ တဖဲပြထားသော ဝတ္ထုကြီးဖြစ်သည်။ ဇာတ်လမ်း၏ ဆွဲအားကောင်းခြင်းမှာ အံ့သြလောက်ပါပေသည်။"

– BRISTOL EVENING POST

"ဂျက်ဖရီအာချာသည် ဤဝတ္ထုဖြင့် စာရေးဆရာတစ်ယောက်အဖြစ် မှတ်တိုင်စိုက်လိုက်သည်။ ဇာတ်အိမ် ဖွဲ့စည်းပုံကောင်းလွန်း၍ ဤမျှ ထူထဲသော ဝတ္ထုစာအုပ်ကြီးကို အဆုံးအထိ စိတ်ဝင်စားစွာ ဖတ်ဖြစ်ရသည်"

– GRIMSBY EVENING TELEGRAPH

Quality Publishing House

“ကွယ်လွန်သူ စာရေးဆရာကြီး ဂျွန်ဂေါ်ဇွာသီတို့လို ပုဂ္ဂိုလ်မျိုးမှသာ ရေးသားနိုင်မည့် ဝတ္ထုမျိုးဖြစ်သည်”

– YORKSHIRE POST

“ဂျက်ဖရီအာချားက ကလောင်စွမ်းပြလိုက်ပြန်ပြီ။ သူ့အား ထိပ်တန်းစာရေးဆရာစာရင်းတွင် ဝင်စေမည့် မှတ်လောက်သားလောက်သော ဝတ္ထုဟု ဆိုပါရစေ”

– SHEFFIELD STAR

“တစ်ထိုင်တည်းနှင့် အစအဆုံး ဖတ်ဖြစ်သွားမည့် ဝတ္ထုဖြစ်သည်။ ၄၈ နာရီအတွင်း ဘာအလုပ်မှမလုပ်ပါနှင့်။ ဝတ္ထုကောင်းတို့၏ ရသကို တကယ် ပေးနိုင်ပါလိမ့်မည်။ ကျွန်ုပ်အနေ နှင့်တော့ တကယ့်ကို ညို့စားခံခဲ့ရပါသည်”

– HUDDERSFIELD DAILY EXAMINER

“ဂျက်ဖရီအာချားတွင် တကယ့် ပါရမီရှင်ဟု ခေါ်နိုင်လောက်သည့် ဇာတ်လမ်းဖန်တီးမှု စွမ်းအားရှိသည်။ သူသည် ဤဝတ္ထုဖြင့် သမ္မာကျမ်းစာ၊ ရှိတ်စပီးယား၊ ဟာရိုးရော့ဘင်တို့နှင့် အပြိုင်အရောင်းရဆုံး စာရေးဆရာအဖြစ်သို့ ရောက်ရှိသွားသည်”

– NOW

“ဇာတ်ပြောကောင်းခြင်းအရာတွင် စံတင်လောက်ပါပေသည်။ ဖတ်မိလျှင် လက်ကမချနိုင် သော ရှားရှားပါးပါး ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်သည်”

– HULL DAILY MAIL

“ဂျက်ဖရီအာချာသည် ၁၉၇၀ ပြည့် ဝန်းကျင်ကာလတွင် အတော်ဆုံး စာရေးဆရာတစ်ယောက်အဖြစ် ထင်ရှားလာသူ ဖြစ်သည်။ နောက်ဆုံးစာမျက်နှာအထိ စာဖတ်သူအား ဆွဲထားနိုင်အောင် စာရေးကောင်းသူဖြစ်သည်”

– GUMERIES AND GALLOWAY STANDARD

“ကမ္ဘာရန် ဝတ္ထုကြီးသည် ကြီးကျယ်သော ဝတ္ထုကြီးဖြစ်သည်။ ရောင်းတိုင်းစွံ စာရေးဆရာတစ်ယောက်၏ အသစ်ထွက်လာသော လက်ရာမွန်ဝတ္ထုကြီးဖြစ်သည်။ ဤဝတ္ထုကို ကမ္ဘာ့စာဖတ်ပရိသတ် များစွာတို့က နှစ်ခြိုက်စွာ ဖတ်ရှုကြလိမ့်မယ်။ စံတင်လောက်သော ဝတ္ထုကြီး တစ်ပုဒ်ဖြစ်သည်”

– EASTERN DAILY EXPRESS

■

Quality Publishing House

## မိတ်ဆက်စကား

(၁)

ပထမဦးစွာ ဤ 'ကမ္ဘာရန်' ဝတ္ထုကြီးကို ရေးသားသူ စာရေးဆရာ 'ဂျက်ဖရီအာချား' အား စာဖတ်သူများနှင့် မိတ်ဆက်ပေးရန် ဘာသာပြန်သူမှာ တာဝန်ရှိပါသည်။

အဘယ်ကြောင့်ဆိုသော် သူ့ဝတ္ထုများကို ယခင်က မြန်မာလို တစ်ကြိမ်မျှ မပြန်ဆိုခဲ့ကြဖူးသေးပါ။

ဤ 'ကမ္ဘာရန်' ဝတ္ထုသည် မြန်မာစာအုပ်စင်ပေါ်သို့ ရောက်လာသော သူ၏ ပထမဦးဆုံး မြန်မာဘာသာပြန်ဝတ္ထုဖြစ်ပါသည်။

ကမ္ဘာကျော် စာရေးဆရာ ဂျက်ဖရီအာချားအား စာဖတ်သူများနှင့် ပထမဦးဆုံး အကြိမ် မိတ်ဆက်ပေးခွင့်ရသောကြောင့် 'ဘဝတက္ကသိုလ်' နှင့် ဘာသာပြန်သူတို့က အထူးပင် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြလိုပါသည်။

(၂)

ဂျက်ဖရီအာချားသည် အင်္ဂလိပ်အမျိုးသားကမ္ဘာကျော် စာရေးဆရာတစ်ဦးဖြစ်သည်။ သူ့ကို ၁၉၄၀ ပြည့်နှစ်က ဆမ်းမားဆက်နယ်တွင် မွေးဖွားခဲ့သည်။ ယခုအခါ သူ့ အသက်မှာ ၄၃ နှစ်မျှသာ ရှိပါသေးသည်။

သူသည် 'ဝယ်လင်တန်အထက်တန်းကျောင်း'၊ 'ဘရာဆင်နော့စ်ကောလိပ်'နှင့် 'အောက် စဖို့တက္ကသိုလ်' တို့တွင် ပညာသင်ကြားခဲ့သည်။

သူသည် ကမ္ဘာကျော်စာရေးဆရာ ဖြစ်မလာမီက နိုင်ငံတကာ အားကစားသမား တစ်ယောက် ဖြစ်ခဲ့သည်။ ၁၉၆၃–၆၆ ခုနှစ်များတွင် အင်္ဂလန်နိုင်ငံကို ကိုယ်စားပြု၍ နိုင်ငံတကာ အပြေးပြိုင်ပွဲများတွင် မီတာ ၁၀၀ တန်း၌ ထူးချွန်စွာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ

တစ်ဦးဖြစ်သည်။

၁၉၆၆ ခုနှစ် နောက်ပိုင်းတွင် 'ဂရိတ်တားလန်ဒန်ကောင်စီ' ၌ အသက်အငယ်ဆုံး အမှု ဆောင်လူကြီးအဖြစ်' အမှုထမ်းခဲ့သည်။ ထို့ပြင် ၁၉၆၉ မှ ၁၉၇၃ ခုနှစ်အထိ အင်္ဂလန်နိုင်ငံ အောက်လွှတ်တော်၌ အသက်အငယ်ဆုံး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်း သုံးနှစ်တာမျှ ဆောင်ရွက်ခဲ့သည်။

ဂျက်ဖရီအာချားအား နိုင်ငံတကာ အားကစားသမားနှင့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်ဘဝမှ ကမ္ဘာကျော် စာရေးဆရာတစ်ယောက်ဘဝသို့ ရောက်လာအောင် ဖန်တီးလိုက်သော ဖြစ်ရပ်မှာ အတော်ပင် စိတ်ဝင်စားစရာကောင်းသည်ဟု ဆိုနိုင်ပါသည်။

ဖန်လာပုံမှာ ဤသို့ဖြစ်သည်။

၁၉၇၃ – ခုနှစ်တွင် ကနေဒီယံ ကုမ္ပဏီ၌ ဒေါ်လာတစ်သန်း ရင်းနှီးမြှုပ်နှံရန် စီးပွားရေး သမား အပေါင်းအသင်းများက ဂျက်ဖရီအာချားအား တိုက်တွန်းကြသည်။ သို့ဖြင့် သူက 'ပွပေါက် တိုးပြီ' ဟု ယုံကြည်ပြီး ရှိစုမဲ့စု ဒေါ်လာတစ်သန်းကို အစုရှယ်ယာပါဝင်ကာ ရင်းနှီးမြှုပ်နှံလိုက်သည်။

သို့သော်… နောက်တစ်နှစ်ခန့်ကြာသောအခါ 'စကော့တကန်ယာ့ဒ်' စုံထောက်အဖွဲ့ကြီးမှ တာဝန်ရှိပုဂ္ဂိုလ်များ သူ့ထံသို့ ရောက်လာကြပြီး 'လူကြီးမင်း မြှုပ်နှံရင်းနှီးထားတဲ့ အစုရှယ်ယာတွေ တစ်ပြားမှ တန်ဖိုးမရှိတော့ဘူး၊ အားလုံး ဘာမှအသုံးမကျတဲ့ စက္ကူစုတ်တွေ ဖြစ်ကုန်ပြီ…' ဟူ၍ ပြောကြသည်။

ဤသို့ဖြင့် ဂျက်ဖရီအာချားမှာ သန်းကြွယ်သူဌေးပေါက်စကလေးဘဝမှသည် 'ဖွတ်ကျော ပြာစု၊ ခရုဆံကျွတ်' ဘဝသို့ နေ့ချင်းညချင်း ရောက်ရှိသွားတော့သည်။

ဤအကျိုးဆက်ကြောင့်ပင်လျှင် သူသည် နောက်နှစ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှလည်း ရပ်နားလိုက်ရသည်။

ဂျက်ဖရီအာချားသည် မိမိ စီးပွားရေးပါးမဝ၍ အစုရှယ်ယာ အလိမ်ခံလိုက်ရသည်ကို အကြောင်းပြုပြီး 'Not A Penny More, Not A Pennny Less' (တစ်ပဲနီမျှ မပိုစေရ၊ တစ်ပဲနီမျှ မလျော့စေရ) အမည်ဖြင့် ဝတ္ထုတစ်ပုဒ် ရေးထုတ်လိုက်သည်။

ယင်းဝတ္ထုကို ၁၉၇၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ ဂျိုနေသန်ကိပ် စာအုပ်တိုက်မှ ထုတ်ဝေခဲ့ရာ ယနေ့အထိ ရိုက်မလောက် ရောင်းတိုင်းစွံနေဆဲဖြစ်သည်။

ထိုအချိန်မှစ၍ ဂျက်ဖရီအာချား၏ ဘဝလည်း လုံးဝပြောင်းလဲသွားခဲ့ပြီး စာရေးဆရာဘဝသို့ ရောက်ရှိလာခဲ့တော့သည်။

ထိုနောက်… ၁၉၇၇ ခုနှစ်တွင် သူ၏ ဒုတိယမြောက် ဝတ္ထုတစ်အုပ် ဆက်လက်ထွက်ပေါ်လာခဲ့သည်။

ယင်းဝတ္ထုမှာ "Shall We Tell The President" (သမ္မတကြီးကို

အသိပေးလိုက်ရမှာလား) ဖြစ်သည်။

ဤဝတ္ထု၏ဂယက်မှာ ပထမဝတ္ထုထက်ပင် စိတ်ဝင်စားစရာ ကောင်းသေးသည်။

အဘယ်ကြောင့်ဆိုသော် ကွယ်လွန်သူ အမေရိကန်သမ္မတဟောင်း ဂျွန်အက်ဖ်ကနေဒီ၏ ဇနီးလည်းဖြစ်၊ ကွယ်လွန်သူ ဂရိသင်္ဘောလုပ်ငန်းသူဌေးကြီး အရစ္စတိုတယ်အိုနာစစ်၏ ဇနီးလည်းဖြစ်သူ ဂျက္ကလင်း (ကနေဒီ) အိုနာစစ်သည် ဤဝတ္ထုကို အကြောင်းပြု၍ ကမ္ဘာကျော် စာအုပ်တိုက်ကြီးတစ်တိုက်၏ အတိုင်ပင်ခံ အယ်ဒီတာ အဖြစ်မှ နုတ်ထွက်သွားခဲ့ရသောကြောင့်ပင် ဖြစ်သည်။

ဖြစ်ပုံမှာ ဂျက္ကလင်းအိုနာစစ်သည် ၁၉၇၅ ခုနှစ်ခန့်မှစ၍ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့၊ ဗိုက်ကင်းစာအုပ်ထုတ်ဝေရေးတိုက် (Viking Press) တွင် လစာကောင်းကောင်းဖြင့် အတိုင် ပင်ခံအယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ထိုအတွင်း ဂျက်ဖရီအာချား၏ ဖော်ပြပါဝတ္ထုကို ဗိုက်ကင်းစာအုပ်တိုက်မှ ထုတ်ဝေရန် ဝယ်ယူလိုက်သောအခါ ဂျက္ကလင်းက ယင်းဝတ္ထုကို မထုတ်ဝေဖို့ အုပ်ချုပ်ရေးအဖွဲ့သို့ ကန့်ကွက်စာ တင်သည်။ သူမအနေဖြင့် ယင်းသို့ ကန့်ကွက်ရသည့် အကြောင်းမှာ ယင်းဝတ္ထုတွင် သူမ၏ မတ်ဖြစ်သူ (ကွယ်လွန်သူ သမ္မတကနေဒီ၏ ညီငယ်) အထက်လွှတ်တော်အမတ် အက်ဒွပ်အမ် ကနေဒီ (တက်ဒီကနေဒီ) သည် ၁၉၈၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ၏ သမ္မတဖြစ်လာပြီး သူ၏ ကွယ်လွန်သူ နောင်တော် နှစ်ဦးကဲ့သို့ပင် လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ခံရကြောင်းကို စိတ်ကူးဖြင့် ဇာတ်လမ်းဆင်ထားရာ ဤလုပ်ရပ်သည် မိမိနှင့်တကွ ကနေဒီမျိုးဆက်ဝင် မိသားစု အားလုံး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည်ဟု သူမက ယူဆသောကြောင့်ဖြစ်သည်။

သို့သော် စာအုပ်တိုက် အုပ်ချုပ်ရေးအဖွဲ့က သူမ၏ ကန့်ကွက်ချက်ကို လက်မခံဘဲ ပယ်ချခဲ့သဖြင့် သူမကလည်း သတ္တိရှိစွာပင် အလုပ်မှ လုံးဝနုတ်ထွက်လိုက်တော့သည်။

ဤဂယက်ကြောင့် 'သမ္မတကြီးကို အသိပေးလိုက်ရမှာလား' ဝတ္ထုမှာလည်း နေ့ချင်းညချင်း ကမ္ဘာကျော်သွားခဲ့သည်။ စာရေးဆရာ ဂျက်ဖရီအာချားမှာလည်း လက်ဖျားငွေသီးပြီး ကမ္ဘာကျော် စာရေးဆရာတစ်ယောက် ဖြစ်လာခဲ့တော့သည်။

ဤသည်မှာ ဂျက်ဖရီအာချားနှင့် ပတ်သက်၍ ဘာသာပြန်သူ သိရသမျှ အကျဉ်းချုပ် အတ္ထုပ္ပတ္တိပင် ဖြစ်ပါသည်။

(၃)

စာရေးဆရာနှင့် မိတ်ဆက်ပေးပြီးနောက် ဤဝတ္ထုအကြောင်းကို ဆက်လက်ပြောပြလိုပါသည်။

ဤဝတ္ထု (Kane and Abel သို့မဟုတ် 'ကမ္ဘာရန်')သည် ဂျက်ဖရီအာချား၏ တတိယမြောက်လက်ရာဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် စတင်ထုတ်ဝေပြီး တစ်မုဟုတ်ချင်း

ကမ္ဘာကျော်သွားသဖြင့် 'နိုင်ငံတကာ အရောင်းရဆုံး နံပါတ် 'ဝမ်း'ဝတ္ထု (The Number One International Bestseller) အဖြစ် မှတ်တင်ခံခဲ့ရပါသည်။

ဤဝတ္ထုသည် နိုင်ငံတကာ ဟိုတယ်လုပ်ငန်းနှင့် ဘဏ်လုပ်ငန်းတို့ကို ပလ္လင်ခံကာ အားပြိုင်ဇာတ်ကောင်တို့၏ လောဘ၊ ဒေါသ၊ မောဟများနှင့် အပြိုင်အဆိုင်၊ အတိုက်အခိုက်၊ အချစ်အမုန်း၊ အလွမ်းအဆွေး၊ အပျော်အရွှင် ဘဝအထွေထွေကို ဇာတ်အိမ်ကျယ်ပြန့်ကြီးမားစွာဖြင့် အထူးပီပြင်စွာ ဖွဲ့ဆိုဖော်ကျူးထားသည့် ဘဝမြင်ကွင်းကျယ်ဝတ္ထုကြီး ဖြစ်ပါသည်။

တစ်နည်းအားဖြင့်ဆိုသော်... ကမ္ဘာ့စီးပွားရေးလောကမှ အကြီးကျယ်ဆုံး လုပ်ငန်းရှင်ကြီး နှစ်ယောက်တို့၏ မွေးဖွားလာသည့်နေ့မှ ကွယ်လွန်သည့်နေ့အထိ ဘဝတစ်လျှောက်လုံး အပြိုင် အဆိုင် သူနိုင် ငါနိုင် ရန်းကန်တိုက်ခိုက်လာခဲ့ကြပုံများနှင့် ၎င်းတို့၏ အလွမ်းအဆွေး၊ အချစ်အမုန်း၊ အပျော်အရွှင် စုံလင်စွာဖြင့် ဇာတ်လမ်းဆင်ထားသော ဝတ္ထုကြီးတစ်ပုဒ်ဟုလည်း ဆိုနိုင်ပါသည်။

ဤဝတ္ထုအကြောင်းကို ဘာသာပြန်သူအနေဖြင့် ဤမျှသာ ပြောလိုပါသည်။

စာရေးဆရာ ဂျက်ဖရီအာချားနှင့်ပတ်သက်၍ နောက်ဆုံးသတင်းကောင်းတစ်ခု ပါးလိုပါသေးသည်။ သူသည် မကြာမီကလည်း 'The Prodigal Daughter' အမည်ဖြင့် ဝတ္ထုတစ်အုပ် ရေးသားထုတ်ဝေခဲ့ရာ ယင်းဝတ္ထုမှာလည်း ကမ္ဘာကျော် 'Time' မဂ္ဂဇင်းကြီး၏ အရောင်းရဆုံးစာရင်းတွင် ဖော်ပြခံခဲ့ရပြီး ကမ္ဘာ့စာဖတ်ပရိသတ်များ လက်မလည်အောင် ဖတ်ရှုနေကြသော ဝတ္ထုတစ်ပုဒ်ပင် ဖြစ်ပါသည်။

(၄)

ဤဝတ္ထုကို ပြန်ဖြစ်အောင် ပြန်ဆိုပါဟု စာရေးသူအား အကြိမ်ကြိမ်အားပေးတိုက်တွန်းခဲ့ကြသော စာရေးဆရာ မောင်မိုးသူနှင့် စာရေးဆရာ ကျော်ထက်ထွန်းတို့အား အထူးကျေးဇူးတင်ပါသည်။

ထို့ပြင်..လက်ရေးစာမူများကို ဖတ်ရှုသန့်စင်ပေးခဲ့သော ညီမောင် ဦးသောင်းဖေ (ဌာနစုမှူး၊ ဝါဇီရုံးချုပ်) ၏ ကျေးဇူးကိုလည်း မှတ်တမ်းတင်လိုပါသည်။

မောင်ပေါ်ထွန်း

## (၃)

**ပိုလန်နိုင်ငံ**

**ဆလိုနင်မြို့ကလေး**

**၁၉၀၆ ခုနှစ်၊ ဧပြီလ ၁၈ ရက်**

အမျိုးသမီး၏ အော်ညည်းသံသည် အသက်ထွက်တော့မှပင် ရပ်သွားသည်။ ထို့နောက် ကလေးငိုသံပေါ်ထွက်လာသည်။

လူငယ် မုဆိုးကလေးသည် တောထဲ၌ ယုန်လိုက်ရင်း လုံးဝမမျှော်လင့်ဘဲ ရုတ်တရက်ကြားလိုက်ရသော အသံများကြောင့် အထိတ်တလန့်ဖြစ်သွားမိသည်။ အမျိုးသမီး၏ နောက်ဆုံးအော်ညည်းသံလေလား၊ သို့တည်းမဟုတ် ကလေးငယ်၏ ပထမဆုံး ငိုသံလေလား... ဆိုသည်ကိုပင် ဝေခွဲ၍ မရ။

သူသည် အသံလာရာသို့ မျက်ကလူးဆန်ပျာ လှည့်ကြည့်လိုက်သည်။ အန္တရာယ်တစ်ခုခုနှင့်များ ကြုံရတော့မှာလား... ဟူသော စိုးရိမ်စိတ်က သူ့စိတ်အာရုံကို ဖုံးလွှမ်းနေသည်။ ဒဏ်ရာရနေသော တိရစ္ဆာန် တစ်ကောင်ကောင်များ ဖြစ်လေမလား ဟူသော အတွေးကြောင့် သူ့မျက်လုံးများက ဟိုဟိုဒီဒီ ကျီးကန်းတောင်းမှောက် ရှာဖွေကြည့်ရှုနေမိသည်။

ယခုလို ငြိမ့်ငြိမ့်သက်သက် အော်ညည်းနေသော တိရစ္ဆာန်မျိုးကို သူ့တစ်သက်တွင် တစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ခဲ့ရစဖူး။

ခြေကို ဖော့နင်းလျက် အသံလာရာသို့ သတိကြီးစွာဖြင့် လျှောက်လာခဲ့သည်။

ရှူးရှူးဝါးဝါး အော်သံသည် လေးလေးပင်ပင် ညည်းတွားသံသို့ ပြောင်းလဲသွားသည်။ သူသည် သည်လို ညည်းတွားတတ်သော တိရစ္ဆာန်မျိုးကို လုံးဝမတွေ့ခဲ့စဖူး။ တကယ်တော့ သည်အသံသည် တိရစ္ဆာန်တစ်ကောင်၏ အသံနှင့် လုံးဝမတူ။

ထို့ကြောင့် တိရစ္ဆာန်သည် အကောင်သေးကလေးသာ ဖြစ်လိမ့်မည်ဟု တွေးလိုက်မိသည်။ ဘာပဲဖြစ်ဖြစ် နေ့စဉ်နေ့တိုင်း ယုန်သားချည့် စားနေခဲ့ရသည်မှာကြာပြီ။ ယနေ့ ညစာအတွက်

မစားရစဖူး ဟင်းစားတစ်နပ်တော့ ရကောင်း ရနိုင်ပေတော့မည်။

မုဆိုးကလေးသည် ထူးဆန်းသော အသံလာရာ မြစ်ကမ်းနားဆီသို့ ခြေကိုဖော့နည်းကာ အပြေးကလေး လျှောက်သွားသည်။ သို့သော် တစ်ခါတည်း တန်းတန်းမတ်မတ် လျှောက်သွားခြင်းတော့ မဟုတ်။ သစ်ပင်တစ်ပင်တွင် ပြေးကပ်လိုက်၊ တစ်ဖန် ရှေ့ဆီသို့ လှမ်းကြည့်လိုက်ဖြင့် သတိနှင့် လျှောက်သွားခြင်းမျိုးဖြစ်သည်။

အမဲလိုက်လျှင် ဟင်းလင်းပြင်တွင် ဘယ်တော့မှ မနေနဲ့ ဟူ၍ သူ့ဖခင်က အမြဲတမ်း သတိပေးခဲ့ဖူးသည် မဟုတ်လား။

တောစွန်သို့ ရောက်လာသည်။ မြစ်ဘက်သို့ ဦးတည်နေသော လျှိုမြောင်လမ်းဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ အတန်ကြာကြာ နားစိုက်ကြည့်ပြီးမှ စောစောကအသံသံသည် တိရစ္ဆာန်တစ်ကောင်၏ အော်ညည်းသံ လုံးဝမဟုတ်ဆိုသည်ကို အခိုင်အမာ သိလိုက်ရသည်။

သူသည် တောစပ်အလွန် လျှိုမြောင်လမ်းဝအထိ သတိနှင့် ဆက်လျှောက်လာသည်။

သူ့ရှေ့ မလှမ်းမကမ်းတွင် အမျိုးသမီးတစ်ယောက်ကို ဘွားကနဲ မြင်လိုက်ရသည်။

အမျိုးသမီးသည် ခြေနှစ်ဖက်ကို ကားရားကြီး ဖြန့်ကာ ခါးအောက်ပိုင်းတွင် အဝတ်အစား ဗလာကျင်းလျက် မြက်ခင်းပြင်တွင် ပက်လက်ကြီးလဲနေသည်။

မုဆိုးကလေးသည် သည်လိုအဖြစ်မျိုးကို တစ်ခါတစ်ရံမျှ မတွေ့မမြင်ခဲ့ရစဖူး။

သူသည် အမျိုးသမီးအနီးသို့ ပြေးကပ်သွားပြီး ဝမ်းဗိုက်ကို ငုံ့ကြည့်လိုက်သည်။ သို့သော် လက်နှင့်တော့ လုံးဝမတို့ရဲ...၊ မထိရဲ၊ သူတော်တော်ကလေး ကြောက်နေသည်။ အမျိုးသမီး၏ ပေါင်ကြားထဲတွင် မြင်လိုက်ရသော အရာကတော့ ကြိုးလိုလို တစ်စုံတစ်ရာဖြင့် ချည်နှောင်ကာ တစ်ကိုယ်လုံး ချွဲကျိုပေကျံနေသော နီတွတ်တွတ်နှင့် မွေးကာစ ကလေးငယ်တစ်ယောက်။

မုဆိုးကလေးသည် လောလောလတ်လတ် အရေခွာထားသော ယုန်စည်းကို လက်ထဲမှ ပစ်ချကာ အမျိုးသမီး၏ ဘေးတွင် ဒူးထောက်ထိုင်ချလိုက်သည်။

သူသည် ကလေးငယ်ကိုကြည့်လိုက်၊ အမျိုးသမီးကိုကြည့်လိုက်ဖြင့် အတန်ကြာမျှ ဝေခွဲမရ နိုင်အောင်စဖြစ်နေမိသည်။ နောက်ဆုံးတော့ ဆုံးဖြတ်ချက်တစ်ခုကို အပြီးအပိုင်ချလိုက်သည်။ ယင်းသို့ ဆုံးဖြတ်လိုက်မိသည့်အတွက်လည်း သူ့ကိုယ်သူ စိတ်မကောင်းဖြစ်မိရသည်။

အမျိုးသမီးသည် တစ်ကိုယ်လုံး ပြာနှမ်းပြီး ရေခဲတုံးလို အေးစက်နေပြီ။ သူမသည် အသက်အရွယ်အားဖြင့် ၂၀ ကျော်ကျော်ကလေးသာ ရှိပေဦးမည်။ အလွန်ဆုံးရှိပါမှ ၂၃ နှစ်ခန့်။

သူမ သေနေပြီဆိုသည်ကိုတော့ မြင်ရရုံနှင့် သိသာလှသည်။

သူက အချွဲအကျိုတွေ ပေကျံနေသော ကလေးငယ်ကို ကောက်ကိုင်လိုက်သည်။ ကလေးငယ်ကို ကောက်ကိုင်လိုက်သည်။ ကလေးငယ်က အသံသေးသေးဖြင့် ဝါးကနဲ အော်ငိုလိုက်ပြီး သူ့လက်ထဲတွင် ခြေလက်ကလေးတွေ ရုန်းကန်လှုပ်ရှားနေသည်။

ကလေးငယ်နှင့် မိခင်တို့ကို ဆက်သွယ်ထားသော ကြိုးသေးသေးကလေးကြောင့် သည်အတိုင်းတော့ ဘယ်လိုမှ ဖြုတ်၍မရနိုင်ဆိုသည်ကို ချက်ချင်းသိလိုက်သည်။

သူသည် မကြာခင်က သိုးကလေး မွေးဖွားသည်ကို မြင်ခဲ့ရဖူးသည်။ သူပြန်လည်စဉ်းစား

သည်။

ဟုတ်ပြီ၊ သိုးထိန်းကြီးက ဘယ်လို လုပ်ခဲ့သည်ကို သတိရပြီ။ သို့သော် သည်ကလေးကို ထိုအတိုင်း သူလုပ်ရဲပါမည်လား။

ကလေး အငိုတိတ်သွားပြီ။ တစ်ခုခုတော့ အမြန်ဆုံး လုပ်မှဖြစ်တော့မည်။

သူသည် ခါးထဲမှ ဓားမြှောင်ကို ဆွဲချွတ်လိုက်သည်။ ယုန်ကလေးများကို သူအမြဲတမ်း အရေခွံခွာနေကျ ဓားမြှောင်ကလေး။

သူက ဓားမြှောင်ကို အင်္ကျီလက်မောင်းပေါ်တွင် ဘယ်ပြန်ညာပြန် သုံးလေးချက်မျှ ကျင်းပစ်လိုက်သည်။ ပြီးတော့ ခေတ္တမျှ ဆုတ်ဆိုင်းဆိုင်းဖြစ်နေလိုက်သေးသည်။

နောက်ဆုံးတော့ သူသည် ကလေးငယ်၏ချက်တွင် တန်းလန်းချည်ထားသော ကြိုးမျှင်ကလေးကို ဓားမြှောင်ဖြင့် တစ်ချက်တည်း တိကနဲ ဖြတ်လိုက်တော့သည်။

ဖြတ်ရာမှ သွေးတွေ စီးကျလာသည်။ သိုးကလေးမွေးတုန်းက သိုးထိန်းကြီး ဘယ်လို လုပ်ခဲ့သလဲ။ သတိရပြီ။ သိုးထိန်းကြီးက သိုးကလေး၏ ချက်မှ ကြိုးစကို ထုံးချည်ထားလိုက်သည်။

မုဆိုးကလေးသည် သူ့ဘေးမှ မြက်တစ်ဆုပ်ကို ဆွဲနုတ်လိုက်ပြီး ကလေးငယ်၏ ချက်ကြိုးနှင့် ပူးချည်လိုက်သည်။

ထို့နောက် ကလေးငယ်ကို ကောက်ချီလိုက်သည်။

ဒူးထောက် ထိုင်နေရာမှ ဖြည်းဖြည်းကလေး ပြန်ထသည်။ သူရလာသော ယုန်သုံးကောင်နှင့် သည်မိန်းမ အလောင်းတွေကိုတော့ သည်နေရာမှာပဲ ထားပစ်ခဲ့ရတော့မည်။

သူက အမျိုးသမီး၏ ခြေနှစ်ဘက်ကို ပြန်စေ့ထားလိုက်သည်။

မိုက်ပေါ်စုနေသော အဝတ်ကို ပြန်ပြီး ဆွဲဖုံးလိုက်သည်။

"ဘုရား... ဘုရား"

သူက အသံထွက်၍ ဘုရားတ,လိုက်မိသည်။ ကောင်းသောအရာတစ်ခုကို လုပ်မိသည့်အခါတွင်ဖြစ်စေ၊ ဆိုးသော အရာတစ်ခုကို လုပ်မိသည့်အခါတွင်ဖြစ်စေ သူက သည်စကားကို အမြဲတမ်း ရွတ်လေ့ရှိသည်။ သို့သော် ယခု သူလုပ်လိုက်သောအရာသည် ကောင်းသောအရာလား၊ ဆိုးသောအရာလားဆိုသည်ကိုတော့ သူမပြောတတ်။ သူဝေခွဲ၍မရ။

ထို့နောက်တော့ မုဆိုးကလေးသည် ကလေးငယ်ကို ရင်ခွင်ပိုက်ကာ သူတို့၏ တဲအိမ်ဆီသို့ သုတ်ခြေတင် ပြေးလာခဲ့တော့သည်။

အိမ်တွင် သူ့မေမေသည် ယုန်သားဟင်းချက်ရန် သူ့ကို တမျှော်မျှော် စောင့်နေလိမ့်မည်။ ယုန် ဘယ်နှစ်ကောင်လောက်များ ရလာမလဲ။ တစ်အိမ်သားလုံးများ စားလောက်ပါ့မလားဟု သူ့မေမေက တွေးနေလိမ့်မည်။ သူတို့ မိသားစုက စုစုပေါင်း လူရှစ်ယောက်ဆိုတော့ မေမေက အနည်းဆုံး ယုန် သုံးကောင်လောက်တော့ ရလာစေချင်လိမ့်မည်။

တစ်ခါတစ်ရံ သူ့သည် သူ့ဖခင်အလုပ်လုပ်သော နယ်စားကြီး၏ ခြံထဲမှ တောဘဲဖြစ်ဖြစ်၊ ဘဲငန်းဖြစ်ဖြစ်၊ ရစ်ဖြစ်ဖြစ် တစ်ကောင်တလေ ရလာတတ်သည်။

သည်နေ့တော့ သူရလာသော အမဲကောင်မှာ ခါတိုင်းရတတ်သော အကောင်တွေ နှင့် လုံးဝမတူ။ မေမေက ဘယ်လိုများ ပြောလိမ့်မလဲ။ ညစာအတွက် ယုန်မရခဲ့လို့ ဆူများ ဆူနေမလား။ မတတ်နိုင်တော့။ ဆူချင်လည်း ဆူပါစေတော့။

အိမ်ရှေ့တံခါးဝ ရောက်လာသည်။ သူ့လက်ထဲမှ ကလေးငယ်အတွက် မသက်မသာ ဖြစ်သွားမည် စိုးသဖြင့် တံခါးကို လက်နှင့်မခေါက်ဘဲ ခြေထောက်နှင့် ခေါက်လိုက်သည်။

သူ့မေမေ တံခါးလာဖွင့်သည်။ သူက ဘာစကားမျှမပြောဘဲ ကလေးငယ်ကို သူ့မေမေဆီသို့ ညင်သာစွာ ကမ်းပေးလိုက်သည်။

သို့သော် မေမေက ကလေးငယ်ကို လှမ်းမယူ။ လက်တစ်ဖက်ကို ရင်ဘတ်ပေါ်တွင် ဖိကာ ကလေးငယ်ကိုသာ တအံ့တသြ စိုက်ကြည့်နေသည်။

ခဏကြာတော့မှ 'ဘုရား... ဘုရား' ဟူ၍ ရွတ်ရင်း လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်တွင် ကြက်ခြေခတ်၍ မေတ္တာပို့လိုက်သည်။

မုဆိုးကလေးက သူ့မေမေ၏ မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။ သူ့မေမေ၏ မျက်နှာတွင် ဒေါသရိပ် လုံးဝမတွေ့ရသောအခါတွင်မှ သူ့ရင်ထဲ အေးခနဲဖြစ်သွားမိသည်။

မေမေသည် ကလေးငယ်ကို ကြင်နာသော မျက်လုံးများဖြင့် စူးစူးစိုက်စိုက် ကြည့်နေသည်။ သည်လိုအကြည့်မျိုးကို မုဆိုးကလေးအနေဖြင့် သည်တစ်ခါသာ မြင်ဖူးသေးသည်။ သည်တော့မှ သူလုပ်ခဲ့သော အရာသည် ကောင်းသောအရာဖြစ်ကြောင်း မုဆိုးကလေးက သဘောပေါက်သွားတော့သည်။

"ကလေးက ချစ်စရာကလေးပဲ မေမေ"

"ဟုတ်တယ်... ချစ်စရာ ယောကျ်ားကလေးပဲ"

မေမေက ခေါင်းတညိတ်ညိတ်ဖြင့် ပြန်ပြောသည်။

"သား... ဘယ်ကတွေ့လာခဲ့တာလဲ"

"မြစ်ကမ်းနားမှာ မေမေ"

"ဒီတော့... သူ့အမေကရော"

"သေနေပြီ မေမေ"

"ဘုရား... ဘုရား"

မေမေက ရင်ဘတ်ပေါ်တွင် လက်နှစ်ဖက်ကို ကြက်ခြေခတ်၍ ဆုတောင်းလိုက်ပြန်သည်။

"ကဲ သား ဖေဖေဆီသာ မြန်မြန်ပြေးပေတော့၊ သူ့ကို အားလုံးပြောပြ ကြားလား၊ သူက ဝမ်းဆွဲသည် အာဇူလာကို သွားခေါ်လိမ့်မယ်၊ ပြီးတော့... သူတို့နှစ်ယောက်ရော သားပါ မြန်မြန်လဲ ပြန်လာခဲ့ဦး ကြားလား"

မုဆိုးကလေးက ကလေးငယ်ကို သူ့မေမေဆီသို့ ကမ်းပေးလိုက်သည်။ ထို့နောက် လက်နှစ်ဖက်ကို ဘောင်းဘီတွင် သုတ်ပစ်လိုက်ပြီး သူ့ဖေဖေ အလုပ်လုပ်နေသော နယ်စားကြီးခြံသို့

ဝမ်းသာရွှင်မြူးစွာဖြင့် ပြေးထွက်သွားတော့သည်။

✧ ✧ ✧

မေမေက တံခါးကို ပခုံးနှင့်တွန်း၍ ပိတ်လိုက်သည်။ ပြီးတော့ သမီးအကြီးကို လှမ်းခေါ်ပြီး မီးဖိုတွင် ဟင်းအိုးတင်လိုက်ရန် ပြောလိုက်သည်။

သူမသည် ခွေးခြေပေါ်တွင် ထိုင်ချလိုက်ပြီး အင်္ကျီကြယ်သီးကိုဖြုတ်သည်။ ပြီးတော့ သူမ၏ ပျော့အိနေသော နို့သီးကို ကလေးငယ်၏ ရှုံ့တွနေသော ပါးစပ်ကလေးပေါ်တွင် တင်ပေးသည်။

သည်အတိုင်းဆိုလျှင် သူမ၏ အငယ်ဆုံးခြောက်လသမီးငယ် ဆိုဖီယာသည် သည်နေ့ညတွင် နို့စို့ရတော့မည်မဟုတ်။

✧ ✧ ✧

ခမျာကလေးက မနက်အထိမှ အသက်ရှည်ပါ့မလားမသိ၊ သူ့ကိုယ်ခန္ဓာလေးကလည်း သေးသေး ညှက်ညှက်ကလေးရယ်...။

မေမေက ကလေးငယ်ပါ လုံအောင် သူမ၏ ပခုံးပေါ်တွင် တဘက်ကို လွှားခြုံရင်း ညည်းပြော ပြောလိုက်သည်။

"သူ့ ကုသိုလ်ကံအကြောင်းပေါ့ကွယ်"

ဝမ်းဆွဲသည်မကြီး အာဇူလာက ကလေးငယ်၏ ချက်ကြိုးကို သေသေချာချာ ပြန်ချည်ပေးသည်။ ပြီးတော့ သန့်သန့်စင်စင် ရေလည်း ချိုးပေးသည်။

အိမ်ရှင် ယောကျ်ားဖြစ်သူကမူ ဘာစကားမှမပြောဘဲ သူ့တို့လုပ်တာ ကိုင်တာကိုသာ မလှုပ်မယှက် ရပ်ကြည့်နေသည်။

"အိမ်ကို ဧည့်သည်ရောက်လာတာဟာ ဘုရားသခင် ကြွလာတာနဲ့ အတူတူပါပဲ...တဲ့" မိန်းမဖြစ်သူက ပိုလန်ရိုးရာစကားပုံကို ကိုးကားပြီး ပြောလိုက်သည်။

ဤတွင် ယောကျ်ားလုပ်သူက ထို့ကနဲ တံတွေးတစ်ချက် ထွေးပစ်လိုက်ပြီးလျှင်

"ဘုရားကြွလာတာ မဟုတ်ဘူးကွ၊ ကာလရောဂါ ရောက်လာတာ သိရဲ့လား တို့မှာ ကလေးတွေ ဒီလောက်များနေတာ နောက်ထပ် ဘာလုပ်ဦးမှာမို့လဲ"

မိန်းမဖြစ်သူက မကြားယောင်ဆောင်ကာ ကလေးငယ်၏ ဆံပင်နက်နက်ကလေးတွေကိုသာ အသာအယာ ပွတ်သပ်ကစားနေလိုက်သည်။ ပြီးတော့ သူမက လင်ဖြစ်သူအား မော်ကြည့်ရင်း...

"ဒီတော့ သူ့ကို ဘယ်လိုနာမည်ပေးမလဲ... ဟင်"

လင်ဖြစ်သူက မျက်နှာကို ရှုံ့မဲ့ကာ ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီးနောက်...

"ဘာနာမည်လဲ၊ ဘာနာမည်မှ မပေးဘူး၊ သူ့ဟာသူ တစ်သက်လုံး နာမည်မရှိဘဲနဲ့ သင်္ချိုင်းကုန်းရောက်တဲ့အထိ ဒီလိုပဲ နေသွားပါစေ"

✣

(၂)

**အမေရိကန်နိုင်ငံ**

**မက်ဆာချူးဆက်ပြည်နယ်**

**ဘော့စတွန်မြို့**

**၁၉၀၆ ခုနှစ်၊ ဧပြီလ ၁၈ ရက်**

ဆရာဝန်သည် မွေးခါစ ကလေးငယ်အား ခြေကျင်းဝတ်မှစ၍ ဦးစောက်ထိုး မြှောက်ကိုင်လိုက်ပြီး ကလေးငယ်၏ တင်ပါးကို အသာကလေးပုတ်လိုက်သည်။ ကလေးငယ်က အိပ်ရာက လန့်နိုးလာ သူပမာ ဝါးခနဲ အော်၍ငိုသည်။

ဘော့စတွန်မြို့မှ မက်ဆာချူးဆက် အထွေထွေဆေးရုံကြီးသည် သုန်းကြွယ်သူဌေးကြီးများ၏ မိသားစုဝင်များကိုသာ ဦးစားပေး၍ လက်ခံကုသပေးသည်။ တစ်ခါတစ်ရံ သူဌေးကတော်၊ သူဌေးသမီးတို့၏ ကလေးများကိုလည်း မွေးဖွားပေးသည်။ ဤဆေးရုံတွင် ကိုယ်ဝန်ဆောင်မိခင်လောင်းတို့သည် လုံးဝနာကျင်ပင်ပန်းခြင်းမရှိဘဲ မိမိတို့၏ သားငယ်၊ သမီးငယ်များကို ရှောရှော ရှူရှူ လွယ်လွယ်ကူကူ မွေးဖွားကြရသည်။ ထို့ကြောင့်လည်း ဤဆေးရုံကြီး၏ ဂုဏ်သတင်းကျော်ကြားခြင်းဖြစ်သည်။

၁၉၀၆ ခုနှစ်၊ ဧပြီလ (၁၈) ရက်နေ့ နံနက်တွင် လူရွယ်တစ်ယောက်သည် ယင်းဆေးရုံကြီး၏ သားဖွားခန်း အပြင်ဘက်တွင် စိတ်လှုပ်ရှားစွာဖြင့် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက်ရှိသည်။

အခန်းထဲတွင်မူ သားဖွားဆရာဝန် နှစ်ယောက်နှင့် မိသားစုဆရာဝန်ကြီးတို့ အလုပ်များနေကြသည်။

ယခု မွေးဖွားမည့် ကလေးသည် စောစောက လူငယ်၏ ဇနီးမှ ပထမဆုံးအကြိမ် မွေးဖွားမည့်ကလေးဖြစ်သည်။

ပထမဆုံး မွေးဖွားမည့် ကလေးအတွက် အစစအရာရာ အဆင်ပြေအောင် အတတ်နိုင်ဆုံး ကြိုတင်ပြင်ဆင်မှုရှိရမည်ဟု ကလေးဖခင်လောင်း လူငယ်က ခံယူထားသည်။

ထို့ကြောင့်လည်း မိသားစုဆရာဝန်ကြီးအပြင် အခြား သားဖွားပါရဂူ ဆရာဝန်နှစ်ဦးကိုပါ ကြေးကြီးပေး၍ ငှားရမ်းခဲ့ခြင်းဖြစ်သည်။

ယင်း ဆရာဝန်ကြီးနှစ်ဦးအနက် တစ်ဦးသည် အဖြူရောင် ဆေးရုံဝတ်စုံရှည်ကြီးအောက်တွင် ပါတီပွဲဝတ်စုံကို ကျကျနန ဝတ်ဆင်ထားသည်။ ကလေးမီးဖွားပြီးလျှင် ညစာစားပွဲတစ်ခုသို့ ဆက်လက်တက်ရောက်ရန်ဖြစ်သည်။ သူသည် ပါတီပွဲသို့ စောစောသွားချင်သော်လည်း မည်မည်ရရ မပင်ပန်းဘဲနှင့် ပိုက်ဆံနင့်နေအောင်ရသော သည်ကလေးမီးဖွားခြင်းကို သူ့အနေဖြင့် ဘယ်လိုမှ ရှောင်လွှဲ၍မဖြစ်ချေ။

ဆရာဝန်သုံးယောက်တို့သည် ကလေးကို မည်သူက ဦးဆောင်တာဝန်ယူ၍ မွေးဖွားပေးမည်နည်းဟု အချင်းချင်း မပြတ်မသားဖြစ်နေခဲ့ကြသည်။ သို့ဖြင့် သုံးယောက်သဘောတူ တုတ်ချောင်း မဲနှိုက်၍ အဆုံးအဖြတ်ယူခဲ့ကြသည်။ ကံအားလျော်စွာပင် မိသားစုဆရာဝန် ဒေါက်တာ မက္ကင်ဇီက တာဝန်ယူ မွေးဖွားခွင့်ရခဲ့သည်။

ကလေးအဖေသည် စင်္ကြံတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ကလေးအတွက် နာမည်ရွေးနေသည်။ အားရှိသော၊ တည်ကြည်သော၊ ခန့်ညားသော နာမည်မျိုးဖြစ်ရမည်။

တကယ်ဆိုသော် သူ့အနေဖြင့် သည်အထိ စိတ်လှုပ်ရှားနေစရာအကြောင်း လုံးဝမရှိ။

သူ့ဇနီး အုယ်နီကို အိမ်ဖော်ရောဘတ်တို့ လင်မယားက မနက်အစောကြီးကပင် ဇိမ်ခံကားကြီးဖြင့် ဆေးရုံသို့ ခေါ်လာခဲ့ကြသည်။ အယ်နီက သူမ၏ ကိုယ်ဝန်သည် ရှစ်လနှင့် ၂၈ ရက်ရှိပြီဟုဆိုသည်။ သည်နေ့မနက် မနက်စာစားပြီးနောက် ဗိုက်နာလာသည်။ သူမ၏လင်တော်မောင်က သူ့ ဘဏ်ပိတ်ပြီးချိန် ညနေပိုင်းလောက်မှ ကလေးမီးဖွားလိမ့်မည်ဟု ခန့်မှန်းသည်။

သူက စည်းကမ်းကို အလွန်ရှိသေသူဖြစ်သည်။ ကလေးမွေးသည့်အတွက် လုပ်နေကျ အလုပ်ကို ဖျက်ရမည်ဆိုသော အယူအဆကို လုံးဝလက်မခံ။

သို့သော် ယခုမူ သူသည် သားဦးဖခင်တို့၏ သဘာဝအတိုင်း ရင်ထဲက ဖိုလှိုက် ဖိုလှိုက်ဖြင့် တစ်နေရာတည်းတွင် ငြိမ်ငြိမ် မထိုင်နိုင်ဘဲ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေမိသည်။

ဆရာဝန်ကလေးများနှင့် သူနာပြု ဆရာမများက စကားတိုးတိုးပြော၍ ခေါင်းကို မသိမသာငုံ့၍ ရိုကျိုးဟန်ဖြင့် သူ့ဘေးမှ ဖြတ်သွားကြသည်။ တော်တော်ကလေးလွန်သွားတော့မှ စကားကျယ်ကျယ် ပြောကြသည်။ ခေါင်းကိုပြန်ထောင်ကြသည်။ သို့သော် သူကတော့ သူတို့ကို လုံးဝဂရုမစိုက်။ သူ့ကို လူတိုင်းပင် သည်အတိုင်း ဆက်ဆံနေကြသည်မဟုတ်လား။ သူတို့လူတိုင်းပင် သည်အတိုင်း ဆက်ဆံနေကြသည်မဟုတ်လား။ သူတို့အနက် အများစုသည် သူ့မျက်နှာကို တစ်ခါမျှ မမြင်ဖူးကြ။ သို့သော် သူ့အကြောင်းကိုတော့ ကောင်းကောင်းသိကြသည်။

အကယ်၍ ယောကျ်ားကလေးသာ မွေးဖွားခဲ့လျှင်တော့ သူက သည်ဆေးရုံတွင် အရေး

တကြီးလိုအပ်နေသော ကလေးဆောင်တစ်ခု ဆောက်လုပ်လှူဒါန်းမည်ဟု ဆုံးဖြတ်ထားသည်။ စာကြည့်တိုက်တစ်ခုနှင့် ကျောင်းတစ်ကျောင်းကိုလည်း ဆောက်လုပ် လှူဒါန်းခဲ့ပြီးပြီ။

ဖခင်လောင်း လူငယ်သည် လက်ထဲမှ ညနေသတင်းစာကို ဖတ်ဖို့ ကြိုးစားသည်။ သို့သော် စားလုံးတွေကိုသာ မြင်နေရသည် စိတ်ကတခြားရောက်နေ၍ ဘာမှ အဓိပ္ပာယ် မပေါက်။ သူတော်တော်ပင် စိတ်လှုပ်ရှားနေသည်။ စိတ်လှုပ်ရှားရုံသာမက စိုးရိမ်စိတ်ပင် ဝင်နေလိုက်သေးသည်။

သားယောကျ်ားကလေး မွေးလာလျှင် အနာဂတ်အတွက် စိတ်အေးရမည်။ သူ၏ ဘဏ်လုပ်ငန်းတစ်ခုလုံးတွင် တစ်နေ့သောအခါ ဘဏ်ဥက္ကဋ္ဌ နေရာအတွက် လူစားရလာနိုင်သည်။ သူ့နေရာကို ဆက်ခံမည့် သားဦးဖွားစေချင်သည်။

သူသည် 'အီးဗင်းနင်းထရန်စကရစ်ထ်' သတင်းစာကို လှန်လိုက်သည်။ ဘောလုံးပွဲသတင်းကို သွား၍ဖတ်မိသည်။ ဘော့စတွန်အသင်းက နယူးယောက်အသင်းကို အပြတ်အသတ် နိုင်လိုက်သည်။ "အင်း နိုင်တဲ့လူတွေကတော့ အပျော်လုံးဆိုပြီး အောင်ပွဲခံနေကြမှာပဲ"

ထိုနောက် စောစောက ကမန်းကတန်း ဖတ်ခဲ့မိသော မျက်နှာဖုံးသတင်းကို သတိရပြီး ပြန်လှန်လိုက်သည်။ အမေရိကန်ပြည်ထောင်စုသမိုင်းတွင် အကြီးကျယ်ဆုံးသော ငလျင်သတင်း။

ဆန်ဖရန်စစ္စကိုမြို့တွင် ငလျင်ကြီးလှုပ်သွားခဲ့သည်။ အနည်းဆုံး လူပေါင်း ၄၀၀ လောက် သေဆုံးလိမ့်မည်ဟု သက်ဆိုင်ရာက ခန့်မှန်းထားသည်။ အင်း သက်ဆိုင်သူတွေကတော့ အပူလုံးဆို့ပြီး မျက်ရည်နှင့် မျက်ခွက်ဖြစ်နေကြလိမ့်မည်။

သည်သတင်းကြောင့် သူတော်တော် စိတ်ပျက်သွားသည်။ သည်သတင်းကြောင့် သူ့သားကလေး မွေးဖွားသည့် မင်္ဂလာသတင်း မြုပ်သွားလိမ့်မည်။ လူတွေက ငလျင်သတင်းကိုသာ အရေးတယူ ပြောဆိုနေကြလိမ့်မည်။

သားကလေး မွေးလာမည်ဟု လုံးဝမသိနိုင်သေးသော်လည်း သူကတော့ မိန်းကလေး လုံးဝမဖြစ်နိုင်ဟု ကျိန်းသေပေါက်တွက်ထားသည်။

စီးပွားရေးကဏ္ဍကို လှန်လိုက်ပြန်သည်။ စတော့ အရောင်းအဝယ် ဈေးကွက်သတင်းများကို ဖတ်ကြည့်သည်။ ငလျင်ဒဏ်ကြောင့် သူ့အနေဖြင့် ဘဏ်တိုက်တွင် အပ်ထားသော ငွေ ဒေါ်လာတစ်သိန်းခန့် နစ်နာသွားခဲ့ပြီ။ သို့သော် ကိစ္စမရှိ။ သူ့တွင် နောက်ထပ်စုငွေ ဒေါ်လာ ၁၆ သန်းတောင် ကျန်ပါသေးသည်။ ယခုဆိုလျှင် အတိုးတွေလည်း တော်တော်တက်နေရော့မည်။ ထိုငွေတွေသည် သူ၏ မမွေးသေးသော သားဦးကလေးအတွက် ဖြစ်သည်။ သားဦးကလေးအတွက် မွေးနေ့လက်ဆောင်ဖြစ်သည်။

သူက သတင်းစာကို ဖတ်ဟန်ဆောင်ရင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပြန်သည်။

ပါတီပွဲဝတ်စုံ ဝတ်ထားသော ဆရာဝန်သည် ဆင်နားရွက် သံတံခါးကို တွန်းဖွင့်ပြီး အခန်းထဲမှ ထွက်လာသည်။ သူက သူ့အနေဖြင့် ဘာမှ ပင်ပင်ပန်းပန်း မလုပ်ရဘဲ ပိုက်ဆံနှင့် နေအောင်ရလိုက်သော သည်လုပ်ငန်းအတွက် တစ်ခုခုတော့ လုပ်ရမည်ဟု စဉ်းစားမိသည်။ ဆရာဝန် သုံးယောက်အနက် သူတစ်ဦးတည်းသာလျှင် ဝတ်ကောင်းစားလှ ဝတ်ထားသူဖြစ် ၍

သူသာလျှင် ဤသတင်းကို ဖခင်ဖြစ်သူထံ ပို့ထိုက်သည်ဟုလည်း သဘောပိုက်သည်။

သူတို့နှစ်ယောက်သည် စကားမပြောဘဲ အတန်ကြာသည်အထိ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။

ဆရာဝန် ကိုယ်တိုင်ပင်လျှင် အတော်ကလေး စိတ်လှုပ်ရှားသလို ခံစားနေရသည်။ သို့သော် ကလေးအဖေရှေ့တွင် ဆရာဝန်တစ်ယောက်ပြီပြီ ဆက်ဆံရန် သူက အားတင်းလိုက်သည်။

"ဂုဏ်ယူပါတယ်... မစ္စတာကိန်း၊ ခင်ဗျားမှာ သားဦးယောက်ျားကလေးတစ်ယောက် ရပါပြီ၊ အင်မတန် ချောတဲ့ ချာတိတ်ကလေးပဲ"

သူများတွေ ကလေးမွေးလျှင် လူတွေက သည်အတိုင်းပဲ လောကဝတ်စကား ပြောတတ်ကြသည်။ အလကား မြှောက်ပြောတဲ့စကားတွေ၊ သို့သော် ဘာပဲဖြစ်ဖြစ် သူက ဘုရားသခင်ကို ကျေးဇူး တင်လိုက်မိသည်။ သူ့အမွေ၊ သူ့လုပ်ငန်းကြီးကို ဆက်ခံမည့် ကျားကျားလျားလျား သားဦးက လေးတစ်ယောက် ရခဲ့ပြီ မဟုတ်ပါလား။

ဆရာဝန်က ငြိမ်သက်နေသော အခြေအနေကို ဖြိုခွင်းလိုက်သည်။

"ကလေးကို ဘယ်လိုနာမည်ပေးမယ်လို့ စိတ်ကူးထားပါသလဲ"

ကလေးဖခင်က နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ချက်ချင်း ပြန်ပြောလိုက်သည်။

"ဝီလျံလိုဝယ်ကိန်း"

✣

(၃)

မျိုးမည်မသိ မိဖမဲ့ ကလေးငယ်တစ်ယောက် ကောက်ရ၍ တစ်အိမ်သားလုံး စိတ်လှုပ်ရှားကြရပြီးနောက် အတွေးကိုယ်စီဖြင့် အသီးသီး အိပ်ရာဝင်သွားခဲ့ကြလေပြီ။ သို့သော် အိမ်ရှင်မဖြစ်သူ ဟယ်လင်နာကော်စကာဝစ်မှာကား ကလေးငယ် လက်မောင်းပေါ်တွင် သိပ်လျက် အိပ်မပျော်နိုင်ဘဲ ရှိလေသည်။

ဟယ်လင်နာက မွေးလာသမျှ ကလေးတိုင်း အသက်ရှင်ရမည်ဟု ယုံကြည်သည်။ သူမကိုယ်တိုင် ကလေးကိုးယောက် မွေးဖွားခဲ့ခြင်းက သည်အချက်ကို သက်သေခံနေသည်။ သူမမွေးဖွားခဲ့သော ကလေးကိုးယောက်အနက် သုံးယောက်မှာ ပုခက်တွင်းကတည်းကပင် ဆုံးပါးသွားခဲ့ကြသော်လည်း သူမအနေဖြင့် လွယ်လွယ်ဖြင့် လက်လွှတ်အလျှော့ပေးခဲ့သည်ကားမဟုတ်၊ တတ်နိုင်သမျှ ကြိုးစား၍ အသက်ကို လုခဲ့သည်ချည်း ဖြစ်သည်။

ယခုအချိန်တွင် သူမအသက်မှာ ၄၅ နှစ်ရှိပြီ။ နောက်ထပ်၍ သားသမီးမမွေးနိုင်တော့ကြောင်း သူမ သိပါသည်။

ယခု သူမလက်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော 'မောင်ကောက်ရကလေး' ကို သူမအား ဘုရားသခင်က ပေးသနားတော်မူခြင်းဖြစ်၍ ဤကလေးသည် လူ့လောကတွင် အသက်ရှင်နေခွင့် အပြည့်အဝပါလာသူဖြစ်သည်ဟု သူမက လေးလေးနက်နက် ယုံကြည်ထားသည်။

တကယ်တော့ ဟယ်လင်က ဘဝရိုးသားသလို ယုံကြည်ချက်လည်း အလွန်ရိုးသားသူဖြစ်သည်။ ရုပ်ရည်ကလည်း ဝဝဖြိုးဖြိုး၊ စိုစိုပြည်ပြည်မဟုတ်၊ အရိုးပေါ် အရေတင်နေသူဟူ၍ မဆိုလောက်ရုံတမည်သာ။ အသားအရေ မွဲခြောက်ခြောက်ဖြင့် အရွယ်နှင့်မလိုက်အောင် ပိန်လှီလှသည်။ အာဟာရချို့တဲ့ခြင်း၊ အလုပ်ပင်ပန်းခြင်းနှင့် ဆင်းရဲခြင်းတို့၏ ဒဏ်ရာဒဏ်ချက်ပင်ဖြစ်သည်။

သို့သော် သူမသည် ဘယ်တော့မှ ညည်းညူသည်ဟူ၍မရှိ။ ရှိသမျှနှင့် ရောင့်ရဲတင်းတိမ်သည်။ အဝတ်အစားဆို၍လည်း အသစ်ဆိုတာကို တစ်သက်မှာ တစ်ခါသာ ဝတ်ခဲ့ရဖူးရှာသည်။

ဟင်လင်နာသည် နို့သီးခေါင်းတစ်ဝိုက်တွင် အနီစို့ကလေးများ ပေါ်လာသည်အထိ သူမ၏ နို့အုံကို ခပ်ပြင်းပြင်းကလေး ညှစ်လိုက်သည်။ နို့သီးခေါင်းမှ နို့ရည်တွေ ပန်းထွက်လာကြသည်။ လူ့သဘာဝ သက်တမ်းတစ်ဝက် ကျိုးလာသောအခါ လူတိုင်း လူတိုင်း အဖိုးတန်အရာ တစ်ခုခုကိုတော့ နောင်လာနောက်သားများအတွက် လက်ဆင့်ကမ်းကြရစမြဲ ဖြစ်သည်။ ယခု အသက် ၄၅ နှစ်အရွယ်တွင် ဟယ်လင်နာအနေဖြင့် ပေးကမ်းနိုင်သည့် တစ်ခုတည်းသော အရာကတော့ တန်ဖိုးအနန္တ ထိုက်လှသည့် 'မိခင်နို့ရည်' ပါတည်း။

"ကဲ... မေမေ့သားလေး နို့နို့စို့လိုက်ပါဦး"

သူမက ကလေးငယ်၏ ပါးစပ်ဝသို့ နို့သီးခေါင်းကို တပ်ပေးလိုက်သည်။ ကလေးငယ်က မျက်လုံးပြာကလေးများကို ဖွင့်ကြည့်ပြီး နို့ကို အတင်းဆွဲဟပ်ကာ တပြွတ်ပြွတ်နှင့် အငမ်းမရ စို့သည်။ သူ့နှာခေါင်းကလေးထိပ်တွင် ချွေးကလေးများပင် စို့လာကြသည်။ ခဏကြာတော့ မိခင်ဖြစ်သူမှာ မအိပ်ချင် အိပ်ချင်နှင့် အိပ်ပျော်သွားလေသည်။

◇ ◇ ◇

နှုတ်ခမ်းမွေးထူထူ၊ ကိုယ်ခန္ဓာထွားထွားနှင့်ဟယ်လင်နာ၏ ယောကျ်ားဖြစ်သူ ဂျာစီယို ကော်စကာဝစ်သည် နံနက် ၅ နာရီတွင် အိပ်ရာမှ နိုးလာသောအခါ သူ့မိန်းမနှင့် ကလေးငယ်တို့ကို ကြိုးတပ်ခုံရှည်ပေါ်တွင် တွေ့ရသည်။ ညတုန်းက ဟယ်လင်နာ သူတို့ အိပ်ရာမှ ထသွားသည်ကို သူလုံးဝ မသိခဲ့။

သူသည် ကလေးငယ်ကို ငုံ့ကြည့်လိုက်သည်။ ကလေးက အငိုအပြုမရှိ၍ တော်ပါသေးသည်။ ဒီကောင်လေး အသက်ရှိပါသေးရဲ့လား။ အသက်ရှိရှိ မရှိရှိ သူအပူမဟုတ်၊ ပူစရာရှိ ဟယ်လင်နာပဲ ပူလိမ့်မည်။ သူ့အနေဖြင့် လောလောဆယ် အရေးကြီးဆုံးကတော့ အရဏ်တက်ချိန်အမီ နယ်စားကြီး၏ ခြံသို့ အရောက်သွားဖို့သာ ဖြစ်သည်။

သူသည် မီးဖိုခန်းထဲသို့ ဝင်လာခဲ့ပြီး ဆိတ်နို့ခွက်ကို အားရပါးရ မော့သောက်လိုက်ပြီးနောက် နှုတ်ခမ်းမွေးကို အင်္ကျီလက်မောင်းနှင့် သုတ်လိုက်သည်။

ထို့နောက် လက်တစ်ဖက်က ပေါင်မုန့်တစ်တုံး၊ အခြားတစ်ဖက်က သူ့ပစ္စည်းများကိုင်ကာ သူ့မိန်းမ မနိုးအောင် တံတံခါးကို အသာကလေးဖွင့်ပြီး အပြင်သို့ ထွက်လာခဲ့သည်။ သူသည် မောင်ကောက်ရကလေးအား နောက်ဆုံးမြင်တွေ့ခဲ့ခြင်း သဘောထက်ပို၍ တခြားဘာကိုမျှ မတွေးတော့ဘဲ တောစပ်ဆီသို့သာ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာခဲ့လေသည်။

◇ ◇ ◇

သမီးကြီး ဖလော်ရင်တီနာသည် ၆ နာရီမထိုးခင်ကလေးတွင် မီးဖိုခန်းသို့ ဝင်လာခဲ့သည်။ ဖလော်ရင်တီနာသည် အိမ်တွင်းမှုကိစ္စအဝဝတွင် မိခင်ကို ကူညီလုပ်ကိုင်ပေးရသည်။ သူမ၏

နေ့စဉ်တာဝန်များအနက် အိမ်သားရှစ်ယောက်အတွက် နံနက်စာ ချက်ပြုတ်ကျွေးမွေးခြင်းလည်း ပါဝင်သည်။ နံနက်စာပြင်ဆင်ရာတွင် ဆိတ်နို့ကျိုခြင်း၊ ပေါင်မုန့်ကြမ်းလှီးခြင်းတို့မှာ အသေးအဖွဲ့ လုပ်ငန်းကလေးမျှသာ ဖြစ်သည်။ သို့သော်… လူရှစ်ယောက်စာအတွက် မျှမျှတတဖြစ်အောင် ခွဲဝေစီစဉ်ရသည်မှာ ဦးနှောက်ကိုတော့ တော်တော်ကလေး သုံးရသည်။

ဖလော်ရင်တီနာမှာ ကိုယ်လုံးကိုယ်ထည် သွယ်သွယ်နှောင်းနှောင်းနှင့် ရွက်ကြမ်းရေကျို အလှပိုင်ရှင်မလေးဖြစ်သည်။ လွန်ခဲ့သော သုံးနှစ်လောက်မှစ၍ အဝတ်အစားသစ်တစ်စုံလောက်မျှ ဝယ်မဝတ်နိုင်ခဲ့ခြင်းကတော့ သူကလေးအတွက် အတော်ပင် ကရုဏာသက်စရာ ကောင်းလှသည်။ သို့ပေမယ့် သူ့ခမျာ မိဖဆင်းရဲ၍ 'ပြုပြင်အလှ' ကို မရနိုင်ရှာသော်လည်း 'သဘာဝအလှ' ကိုတော့ အနည်းအကျဉ်း ပိုင်ဆိုင်ပါသေးသည်။ ရှည်လျားသော ရွှေဝါရောင်ဆံပင်နှင့် တောက်ပသော မျက်လုံးများက သူမ၏ ရွက်ကြမ်းရေကျိုအလှကို ပို၍လှအောင် ဖြည့်စွက်ပေးထားကြသည်။

ဖလော်ရင်တီနာသည် ကြိုးတပ်ခုံရှည်အနီးသို့ ခြေကိုဖော့နည်း၍ လျှောက်လာခဲ့ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော မိခင်နှင့် ကလေးငယ်တို့အား ရွှန်းရွှန်းစားစား ငုံ့ကြည့်သည်။ သူမသည် ကလေးငယ်အား မြင်လျှင်မြင်ခြင်း နှစ်နှစ်ကာကာ ချစ်ခင်မိခဲ့သည်။

သူကလေးသည် ယခုအခါ အသက်ရှစ်နှစ် သမီးအရွယ်ရှိခဲ့ပြီ။ ယင်း သက်တမ်းအတွင်း ကိုယ်ပိုင်ကစားစရာ အရုပ်ကလေး တစ်ရုပ်တစ်လေကိုပင် မပိုင်ဆိုင်ခဲ့စဖူး၊ နယ်စားကြီး၏စံအိမ်ရဲတိုက်ကြီးတွင် စိန့်နီကိုလတ်ပွဲတော်ကျင်းပ၍ သူတို့မိသားစုအားလုံး သွားရောက်ခဲ့ရစဉ်ကသာ လှပသော ကစားစရာ အရုပ်ကလေးမျိုးကို တစ်ကြိမ်တစ်ခါမျှ မြင်ခဲ့ရဖူးပါ၏။ သို့သော် မိမိကိုယ်ပိုင်အဖြစ် ကိုင်တွယ်ကစားနိုင်ခွင့်ကိုကား ဘယ်သောအခါမျှ မရခဲ့စဖူးပါချေ။ ထို့ကြောင့်လည်း ယခု မိခင်လက်တွင်းမှ ကလေးငယ်ကို မြင်ရသောအခါ မိမိလက်ပေါ်တွင် တယုတယ ပွေ့ပိုက် ချော့မြှူချင်သော ဆန္ဒသည် တားဆီး၍ မရနိုင်အောင် ပြင်းပြင်းပြပြဖြစ်ပေါ်လာမိသည်။

သူကလေးသည် ကိုယ်ကိုငုံ့ကာ ကလေးငယ်အား ညင်ညင်သာသာကလေး ကောက်ချီပွေ့ပိုက်လိုက်သည်။ ပြီးတော့ ကလေးငယ်၏ မျက်လုံးပြာကလေးများကို ရွှန်းရွှန်းစားစားစိုက်ကြည့်ရင်း တိုးတိုးသာသာ ချော့မြှူလှုပ်ကစားနေမိလေသည်။ မိခင်၏ နွေးထွေးသောရင်ခွင်မှ မိန်းကလေး၏ အေးစက်သော လက်ပေါ်သို့ ပြောင်းလဲရောက်ရှိလာသောအခါ ကလေးငယ်သည် ခြေလက်ကလေးတွေ ကွေးလိုက်ဆန့်လိုက်ဖြင့် ရုတ်တရက် ငိုပါလေတော့သည်။ ဤတွင် မိခင်ဖြစ်သူလည်း အိပ်ရာမှ လန့်နိုးလာခဲ့လေသည်။

"ဘုရားရေ… ဒီကလေး အခုထိ အသက်ရှင်နေတုန်းပါပဲလား၊ ကဲ… သမီး…ကလေးတွေအတွက် မနက်စာ သွားပြင်ချေဦး၊ ပေး… သူ့ကို ငါနို့ထပ်တိုက်လိုက်ဦးမယ်…"

သမီးဖြစ်သူက မိခင်ထံသို့ ကလေးငယ်ကို မပေးချင်ပေးချင်ဖြင့် ကမ်းပေးလိုက်သည်။ မိခင်ဖြစ်သူက သူမ၏ နာကျင်နေသော နို့အုံကို အသာအယာညှစ်ရင်း ကလေးငယ်အား နို့တိုက်ပြန်သည်။ သမီးဖြစ်သူက မိခင်၏အပြုအမူကို တအံ့တဩ ထိုင်ကြည့်နေသည်။

"ဖလော်ရင်… ငါပြောနေတာ မကြားဘူးလား… မြန်မြန်သွားလုပ်ချေဆိုနေမှ…"

မိခင်က နောက်တစ်ကြိမ် ထပ်ပြောလိုက်တော့မှ ဖလော်ရင်တီနာသည် ထိုင်ရာမှထကာ မီးဖိုခန်းထဲ ဝင်သွားလေသည်။

မကြာမီတွင် ဖလော်ရင်တီနာ၏ မောင်ငယ်များ အိပ်ရာမှ ထလာကြသည်။ သူတို့သည် မိခင်၏ လက်ကိုနမ်းရှုပ် နှုတ်ဆက်ကာ မိခင်၏ ရင်ခွင်ထဲမှ မွေးကင်းစ လူသစ်ကလေးကို တအံ့တသြ ဝိုင်းကြည့်နေကြသည်။ သည်ကလေးသည် သူတို့မိခင်၏ ဝမ်းဗိုက်ထဲမှ ထွက်လာသော ကလေးမဟုတ်သည်ကို သူတို့အားလုံး သိကြသည်။

ထိုနေ့မနက်က ဖလော်ရင်တီနာသည် စိတ်လှုပ်ရှားနေသောကြောင့် နံနက်စာကိုပင် တစ်လုတ်စာမျှ မစားမိ။ ထို့ကြောင့် သူမ၏ ဝေစုကို မောင်ငယ်များက အချင်းချင်းဝေခွဲစားပစ်လိုက်ကြသည်။ မိခင်အတွက် ဝေစုကိုမူ စားပွဲပေါ်မှာပင် အဆင်သင့်ထားခဲ့ပြီးနောက် ကလေးတွေအားလုံး မီးဖိုခန်းထဲမှ ထွက်သွားကြသည်။

သို့သော် သူ့မိခင်ဖြစ်သူမှာလည်း ဖလော်ရင်တီနာကဲ့သို့ပင် ကလေးငယ်ရောက်လာသည့်နေ့မှစ၍ ဘာအစားအစာကိုမျှ မစားကြောင်းကိုမူ သူတို့အနေဖြင့်လုံးဝ မသိရှာကြ။

ဟယ်လင်နာသည် သူမ၏ သားသမီးများအကြောင်းကို တွေးပြီး အတော်ကလေး ဝမ်းသာမိသည်။

ကလေးတွေက အသက်အရွယ်နှင့်မလိုက်အောင် လိမ္မာကြသည်။ သူတို့သည် မိဘအကူအညီမလိုဘဲနှင့်၊မိဘမပြောရဘဲနှင့် အိမ်မွေးတိရစ္ဆာန်တွေကို အစာကျွေးကြသည်။ ဆိတ်နို့၊ နွားနို့ညှစ်ကြသည်။ ဟင်းသီး ဟင်းရွက်ခြံကို ရေလောင်း ပေါင်းသင်ပြုပြင်ကြသည်။ တောက်တိုမယ်ရ အိမ်မှုကိစ္စတွေကိုလည်း ကူညီလုပ်ကိုင်ကြသည်။

ညနေပိုင်းတွင် ဂျာစီယိုပြန်လာတော့မှ ဟယ်လင်နာက ညစာထမင်းချက်ရန် ကိစ္စကို သတိရမိတော့သည်။ သူမသည် တစ်နေ့လုံး 'မောင် ကောက်ရကလေး' နှင့် အလုပ်များနေခဲ့သောကြောင့်ဖြစ်သည်။

သို့သော် သမီးကြီး ဖလော်ရင်တီနာက မိခင်ကိုယ်စား မီးဖိုခန်းထဲရောက်နေပြီ။ သူကလေးသည် အစ်ကိုကြီး ဖရန့်ခ်ဖမ်းလာခဲ့သော ယုန်ကလေးတွေကို ချက်ပြုတ်ရန်အဆင်သင့်ဖြစ်နေပြီ။

ဖလော်ရင်တီနာသည် ယခုလို တစ်အိမ်သားလုံးအတွက် ထမင်းဟင်းချက်ရသည်ကို အလွန်ဂုဏ်ယူသည်။ သည်အလုပ်ကို မိခင်နေမကောင်းသောအခါနှင့် မအားလပ်သောအခါများတွင် သူမ အမြဲတမ်းလုပ်ရသည်။

ဖရန့်ခ်က ယုန်ခြောက်ကောင်ရလာသည်။ ဖခင်ဖြစ်သူက မှိုခြောက်ပွင့်နှင့် အာလူးသုံးလုံးယူလာသည်။ သူတို့မိသားစုအဖို့ ယနေ့ ညစာသည် တကယ့် စားပွဲကြီးပင်ဖြစ်တော့သည်။

ညစာ စားပြီးကြသောအခါ ဂျာစီယိုသည် မီးဖိုဘေးမှ ကုလားထိုင်တွင် အေးအေးလူလူထိုင်ရင်း ကလေးငယ်ကို ပွေ့ချီကာ ပထမဆုံးအကြိမ် စေ့စေ့စပ်စပ်ကြည့်မိသည်။

နီနီတွတ်တွတ်နှင့် အရေလိပ်ကလေးများ တွန့်နေသော မျက်နှာသေးသေးကလေးပေါ်တွင် မှတ်မှတ်ရရ ပြောစရာဆို၍ အပြာရောင် မျက်လုံးကလေးနှစ်လုံးသာ ရှိသည်။ ကလေးငယ်

၏ ကိုယ်ခန္ဓာ သေးသေးကလေးကို ခြေဆုံးခေါင်းဆုံးကြည့်နေရာမှ ထူးခြားသော တစ်စုံတစ်ရာကို ရုတ်တရက် မြင်လိုက်ရသောအခါ ဂျာစီယိုသည် တအံ့တသြဖြင့် ရင်ဘတ်သေးသေးကလေးကို လက်နှင့် ပွတ်ကြည့်လိုက်မိသည်။ သူက ကလေးငယ်၏ နံဘေးကို ဟယ်လင်နာရှေ့သို့ ထိုးပြရင်း...

"ဟေး... ဟယ်လင်နာ၊ နင် ဒါကို မြင်ပြီးပြီလား ဟင်...၊ ဒီကလေးမှာ နို့သီးခေါင်းလဲ တစ်လုံးတည်းပါလားကွ"

ဟယ်လင်နာက မယုံကြည်သော အမူအရာဖြင့် နဖူးကိုတွန့်ကာ ကလေးငယ်၏ရင်ဘတ်ကို စမ်းကြည့်လိုက်သည်။

သူ့ယောကျ်ား ပြောတာ မှန်ပါသည်။ ကလေးငယ်တွင် လက်ဝဲဘက်နို့တစ်လုံးသာရှိပြီး လက်ယာဘက် နို့သီးခေါင်းနေရာတွင်မူ ပန်းရောင်ချိုင့်ပက်ပက် အမှတ်ကလေးတစ်ခုသာတွေ့ရ သည်။

ဤတွင် ဟယ်လင်နာသည် ရိုးရာအစွဲအလမ်းတစ်ခုကို ရုတ်တရက် သတိရမိပြီး ယောကျ်ားလုပ်သူအား ပြန်ပြောလိုက်သည်။

"ဒီကလေးက သာမညကလေး မဟုတ်ဘူးတော့်၊ ကျွန်မကို ဘုရားသခင်က ပေးတဲ့ကလေး၊ ဒါကြောင့် ဒီမှာကြည့်ပါလား၊ ဘုရားသခင်က မှတ်သားပေးလိုက်တဲ့ အမှတ်ကလေးလေ"

ဂျာစီယိုက စိတ်ဆိုး မာန်ဆိုးဖြင့် ကလေးငယ်ကို မိန်းမဖြစ်သူ လက်သို့ ထိုးပေးလိုက်ရင်း...

"မင်းရူးနေပြီလား ဟယ်လင်နာ... ဟင်၊ သူ့ကို ဘုရားသခင်ပေးတာ မဟုတ်ဘူးကွ၊ အမျိုးမစစ်တဲ့အကောင်က သူ့အမေကို ပေးလို့ မွေးလာတဲ့ မိမရှိ ဖမရှိကလေးကွ သိရဲ့လား" သူက မီးဖိုထဲသို့ ထွီကနဲ တံတွေးတစ်ပက် ထွေးလိုက်ပြီးတော့မှ "ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဒီကလေး သက်ဆိုးမရှည်ပါဘူးကွာ၊ မကြာခင် သေမဲ့ရုပ်ပါ၊ ငါ သူ့ရုပ်ကြည့်တာနဲ့ အတတ်သိပါတယ်။ ဒီကောင်လေး သက်ဆိုးမရှည်ဘူးဆိုတာ ငါက အာလူးတစ်လုံးနဲ့တောင် အလောင်းအစား လုပ်ပြီး မပြောချင်ပါဘူး"

မှန်ပါသည်။ ဂျာစီယိုအနေဖြင့် သည်ကလေးငယ်၏ အသက်တစ်ချောင်းကို အာလူး တစ်လုံးလောက်ပင် တန်ဖိုးမထားမိသည်ကတော့ အမှန်ပင်။ တကယ်ဆိုလျှင် သူသည် သည်မျှ အကြင်နာတရား ကင်းမဲ့သူတစ်ယောက်တော့ မဟုတ်။ သို့သော် သည်ကလေးသည် သူ၏သွေးမှဖြစ် လာသောကလေး မဟုတ်ခြင်းက အဓိကအချက်ဖြစ်နေသည်။ ပြီးတော့လည်း နောက်ထပ် ကျွေးစရာ ပါးစပ်တစ်ပေါက် တိုးလာခြင်းအတွက် အကျိုးထူးတစ်စုံတစ်ရာ ရှိလာမည်မဟုတ်ဘဲ ပြဿနာသာ တိုးလာမည်ဟု ယုံကြည်ထားသောကြောင့်လည်း ဖြစ်သည်။

သို့သော်လည်း ဖြစ်လာပြီးမှတော့ သူ့အနေဖြင့် ဘာများတတ်နိုင်ပါဦးမည်နည်း။ ဘုရားသခင်၏ အလိုတော်အတိုင်း ဖြစ်လာသည်ကို သူက ဘာများ ဆင်ခြေပေးနေစရာ ရှိပါဦးမည်နည်း။

သို့ဖြင့် သည်ကလေးအကြောင်းကို ဆက်တွေးမနေတော့ဘဲ ခေါင်းထဲမှ ထုတ်ပစ်လိုက်သည်။ ခဏကြာတော့ မီးဖိုဘေးတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့သည်။

တစ်နေ့ပြီးတစ်နေ့ ကုန်လွန်သွားခဲ့သည်။ မောင်ကောက်ရကလေး မသေနိုင်တော့ဆိုသည်ကို ဂျာစီယိုက စိတ်ချလက်ချ ယုံကြည်သွားခဲ့ပြီ။ အကယ်၍ ယခင် သူ့ယုံကြည်ချက်အတိုင်း သည်ကောင်လေး သေကိုသေရမည်ဟု အလောင်းအစား လုပ်ခဲ့မိလျှင် သူ့အနေဖြင့် အာလူးတစ်လုံး ဆုံးရှုံးမည်မှာ သေချာပေါက်ဖြစ်သည်။

သားကြီးဖြစ်သူ ဖရန့်ခ်သည် ညီငယ်များ၏ အကူအညီဖြင့် နယ်စားကြီး၏ သစ်တောတွင် သစ်တစ်ပင် သွားခုတ်ကာ 'မောင်ကောက်ရလေး' အတွက် ကွပ်ပျစ်တစ်ခုလုပ်သည်။

ဖလောရင်တီနာကလည်း သူမ၏ အဝတ်အစားဟောင်းကလေးတွေကို ဖြတ်တောက်ဆက်စပ်ပြီး သူမကိုယ်တိုင်ပင် လက်ချုပ်အင်္ကျီကလေးတွေ ချုပ်ပေးသည်။

ကလေးအား နာမည်ပေးရန်အတွက် နာမည်အမျိုးမျိုး စဉ်းစားကြသည်။ တစ်ယောက်တစ်ပေါက်နှင့် အတော်ကလေး ငြင်းခုံကြရသည်။ ဖခင်ဖြစ်သူကတော့ ဘာနာမည်မျှ စဉ်းစား၍မရ။ သည်လိုနှင့် လအတော်ကြာတော့မှ အားလုံးသဘောတူပင် 'ဝလာဒက်'ဟူသော နာမည်ကို ရွေးချယ်လိုက်ကြသည်။

သို့ဖြင့် နောက်တစ်နေ့ တနင်္ဂနွေနေ့တွင် နယ်စားကြီး၏ ခြံဝင်းကျယ်ကြီးထဲမှ ဘုရားရှိခိုးကျောင်းတွင် ကလေးငယ်အား 'ဝလာဒက်ကော်စကေဝစ်' ဟူ၍ နာမည်ပေးပွဲ ကျင်းပသည်။ ကလေးငယ် မသေမပျောက်ဘဲ အသက်ရှင်လာသည့်အတွက် မိခင်ဖြစ်သူက ဘုရားသခင်ကို ကျေးဇူးတင်သည်။ ဖခင်ကြီးကတော့ သူ့ထိုက်နှင့်သူ့ကံဖြစ်ချင်ရာ ဖြစ်ပါစေတော့ဟူ၍ ပေလယျာကံပြုထားလိုက်တော့သည်။

ထိုနေ့ ညနေတွင် သူတို့အိမ်ကလေးတွင် ကင်ပွန်းတပ်အထိန်းအမှတ်ပွဲကလေးတစ်ခု မှတ်မှတ်ရရ လုပ်ဖြစ်ကြသည်။ နယ်စားကြီး၏ ခြံမှ လက်ဆောင်ပေးလိုက်သော ငန်းတစ်ကောင်ကြောင့် ညစာစားပွဲတွင် တစ်အိမ်သားလုံး ထမင်းမြိန်ကြသည်။

ထိုနေ့မှစ၍ ဖလော်ရင်တီနာသည် ထမင်းဝိုင်းတွင် ကိုးယောက်စာအတွက် မျှမျှတတ ဝေခြမ်းခြင်းပညာကို ကောင်းစွာတတ်မြောက်လာခဲ့လေသည်။

✣

(၄)

အယ်နီကိန်းသည် တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့သည်။ နံနက်စာ စားပြီးသောအခါ သူနာပြုဆရာမ တစ်ယောက်က ကလေးငယ်ကိုပွေ့ချီပြီး အခန်းထဲသို့ ဝင်လာသည်။ အယ်နီက ကလေးငယ်ကို ဆရာမထံမှ လှမ်းယူကာ သူမ၏ ရင်ခွင်တွင် ပွေ့ချီကာလိုက်သည်။

'ဒါနဲ့ ကလေးကိုပါ တစ်ခါတည်း နို့တိုက်လိုက်ရင် ကောင်းမယ်ထင်တယ်၊ မစ္စကိန်း' ဟု ဆရာမက အကြံပေးသည်။

အယ်နီမှာ နို့ နှစ်ဖက်စလုံး အဆမတန် တင်းနေသဖြင့် အိပ်ရာပေါ်တွင် ထထိုင်ရန်ပင် အတော်ကလေး ခက်ခဲနေသည်။ ဆရာမက ဖေးမကာ ထူပေးရသည်။ ပြီးတော့ နို့သီးခေါင်းကလေး၏ ပါးစပ်ဝသို့ တပ်ပေးလိုက်သည်။

အယ်နီက သားကလေး၏ မျက်နှာကို ငုံ့ကြည့်သည်။ မျက်လုံး ပြာကလေးနှင့် ချစ်စရာသားကလေး။ ကလေးငယ်၏ မျက်လုံးတွေက သူ့အဖေ မျက်လုံးထက်ပင် ပြာချင်သေးသည်။

အယ်နီသည် ယခုမှ အသက် ၂၁ နှစ်သာ ရှိသေးသည်။ သူမ၏ ဘဝသည် လိုတရဘဝ ဖြစ်သည်။ သူမသည် ချမ်းသာကြွယ်ဝသော 'ကဘော့' မိသားစုမှ မွေးဖွားလာခဲ့ပြီး ချမ်းသာကြွယ်ဝသော 'လိုဝယ်' မိသားစုဝင် ရစ်ချတ်ကိန်းနှင့် လက်ထပ်ခဲ့သဖြင့် 'ရွှေပေါ်မြတင်' ဘဝသို့ ရောက်လာခဲ့ရသူဖြစ်သည်။ ယခုဆိုလျှင် သူမတွင် သားဦးယောကျ်ားကလေးတစ်ယောက် မွေးဖွားခဲ့ပြီ။ မျိုးဆက်အမွေကို ပခုံးပြောင်းဆက်ခံမည့် သားဦးရတနာကလေး။

✧ ✧ ✧

အယ်နီသည် သားငယ် ဝီလျံအား နာရီဝက်ခန့် ချော့မြူယုယပြုလုပ်ပြီးနောက် ကလေးငယ်ကို သူနာပြုဆရာမလက်သို့ ပြန်ပေးလိုက်သည်။ ဆရာမက ကလေးကို သီးသန့်ခန်းသို့ ပြန်ယူသွားသည်။

ထို့နောက်တွင်တော့ အယ်နီသည် အကောင်းဆုံးအဝတ်အစားများကို စိတ်ကြိုက်ရွေး၍ ဝတ်ဆင်သည်။ သူမသည် ဘော့စတွန်မြို့တွင် အချောဆုံး အလှဆုံး ဘုရင်မကလေးအဖြစ် နာမည်ကြီးသည်။ ရှည်လျားသော ရွှေဝါရောင်ဆံပင် သွယ်ပျောင်းညက်ညောသော ကိုယ်ဟန် မူရာ အချိုးအစား ပြေပြစ်သော ကိုယ်ခန္ဓာတို့၏ ပိုင်ရှင်ဖြစ်သည်။

သူမ၏ ရုပ်သွင်ကို မှန်ထဲတွင် ကြည့်၍ ပြန်လည်အကဲခတ်သည်။ မျက်နှာပေါ်တွင် အရေတွန့်များ လုံးဝမမြင်ရ။ သူမအား မကြာမီကလေးကမှ ကျန်းမာသန်စွမ်းလှသော သားကလေးတစ်ယောက်ကို မွေးဖွားခဲ့သော ကလေးအမေတစ်ယောက်ဟူ၍ မည်သူမျှ ထင်မှတ်လိမ့်မည်မဟုတ်။ တသားမွေး၍ တသွေးလှနေသော သူမကိုယ်သူမ အလွန်ကျေနပ်မိသည်။ အထူးသဖြင့် ကျန်းမာသန်စွမ်းသော သားဦးရတနာကို ဖွားမြင်သောကြောင့် သူမသည် ဘုရားသခင်အား အထူးပင် ကျေးဇူးတင်မိသည်။

နေ့လယ်စာကို ဆာသလောက်မစားဘဲ အဆာပြေမျှသာစားလိုက်သည်။ ပြီးတော့ ညနေပိုင်းတွင် သတင်းလာမေးသည့် ဧည့်သည်များကို ကြိုဆိုရန် အသင့်စောင့်နေသည်။ သို့သော် လူတိုင်းကို လက်ခံတွေ့ဆုံရန်တော့ လုံးဝ စိတ်မကူး။ သူမ၏ အတွင်းရေးမှူးအမျိုးသမီးက စီစဉ်ပေးသည့်အတိုင်း အရေးကြီးပြီး မတွေ့မဖြစ် ဧည့်သည်များကိုသာ လက်ခံတွေ့ဆုံမည်ဖြစ်သည်။ ပထမရက်များတွင် မိသားစုဝင် ပုဂ္ဂိုလ်များနှင့် အရေးကြီးသော မိတ်သင်္ဂဟများကိုသာ လက်ခံတွေ့ဆုံမည်။ အခြားပုဂ္ဂိုလ်များအား လုံးဝလက်ခံတွေ့ဆုံခြင်းမပြုရန် ဆုံးဖြတ်ထားသည်။

ခန်းနားကျယ်ဝန်းသော အခန်းကြီးထဲတွင် အယ်နီတစ်ယောက်တည်းသာ နေရသည်။ တစ်ခန်းလုံးတွင်လည်း ရောင်မျိုးစုံ ပန်းအိုးတွေနှင့် ပြည့်နှက်နေသည်။ ခုတင်ပေါ်တွင် ထိုင်နေသော အယ်နီကိုသာ မမြင်ရလျှင် အခန်းရှေ့မှဖြတ်သွားသူတစ်ယောက်အနေဖြင့် ဤအခန်းကို ဆေးရုံတစ်ရုံမှ သားသည်မိခင်ခန်းဟု မထင်ဘဲ ပန်းမျိုးစုံပြခန်းကလေးတစ်ခုဟု ထင်ကောင်းထင်ပေလိမ့်မည်။

ဆေးရုံသို့ ပထမဆုံး လာရောက်သော ဧည့်သည်မှာ အယ်နီ၏ ယောက္ခမဖြစ်သူ မစ္စက် သောမတ်လိုဝယ်ကိန်းဖြစ်သည်။ လွန်ခဲ့သောနှစ်က သူမ၏ခင်ပွန်းဖြစ်သူ ကွယ်လွန်သွားခဲ့သည့် အချိန်မှစ၍ သူမသည် 'လိုဝယ်' မိသားစုတွင် အိမ်ထောင်ဦးစီးဖြစ်လာခဲ့သည်။

မစ္စက် လိုဝယ်ကိန်းသည် အသက်ငါးဆယ်ခန့်ရှိပြီး ခြေမျက်စိဖုံးလုမတတ် ဂါဝန်ရှည်ကြီး ကို ဝတ်ထားသည်။ ကိုယ်ခန္ဓာကတော့ ပိန်ပိန်သွယ်သွယ်။ သူမက ဝတာကိုမကြိုက်၊ ပိန်တာ ကိုသာ ကြိုက်သည်။ ဝသော မိန်းမများသည် စား၍သောက်၍ မြိန်မြိန်ရှက်ရှက်မရှိသလို သားသမီးမွေးလာလျှင်လည်း ထွန်းထွန်းကားကားမရှိတတ်ဟု သူမက ခံယူထားသည်။

သူမသည် လိုဝယ်မိသားစုတွင် အသက်အကြီးဆုံး အိမ်ထောင်ဦးစီးဖြစ်၍ မြေးဦးကလေးကို ပထမဆုံး လာရောက်ကြည့်ရှုရမည့်ပုဂ္ဂိုလ်မှာလည်း သူမပင်ဖြစ်သည်ဟု ယူဆသည်။ သူမ၏ သားဖြစ်သူ ရစ်ချတ်နှင့် ချွေးမဖြစ်သူ အယ်နီတို့အား တွေ့ဆုံစေစပ် လက်ထပ်ပေးခဲ့သူမှာလည်း သူမပင် ဖြစ်သည်။

သို့ပေမယ့် မစ္စက်ကိန်းသည် 'ချစ်တာသာပဓာန' ဆိုသော အယူအဆကို လုံးဝလက်ခံ

သူမဟုတ်။ သူမအိုဖို့ ရာထူးဂုဏ်သိန်နှင့် ဉစ္စာဓနသည်သာလျှင် လောကမှာ ပဓာနဖြစ်သည်။ အချစ်သည် ထာဝရှည်ခံသောအရာမဟုတ်ဟု သူမဖော်ပြ အလွှေးအနက်ခံယူသည်။ မစ္စက်ကိန်းကား အယ်နီ၏ နဖူးကို ဖွဖွကလေး နမ်းလိုက်သည်။

အယ်နီက နံရံမှခလုတ်ဖွကို နှိပ်လိုက်သည်။ သူနာပြုဆရာမသည် ကလေးငယ်ကို ပွေ့ချီကာ ပြန်ဝင်လာသည်။ မစ္စက်ကိန်းက မြေးဦးကလေးအား ရွှန်းရွှန်းစားစား ပွတ်သပ်ကြည့်ရှုပြီးနောက် ကျေနပ်ပြုံးဖြုံးကာ ကလေးငယ်အား ပြန်ခေါ်သွားရန် ဆရာမအား လက်ဆတ်ပြလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ ကောင်းတယ်၊ ဝမ်းသာစရာပဲ အယ်နီ၊ ညည်းအတွက် တို့အားလုံး ဂုဏ်ယူမဆုံးပါဘူး" မယောက်ခမဖြစ်သူက ချွေးမဖြစ်သူအား ချီးကျူးစကားဆိုသည်။

ခဏအကြာတွင် အယ်နီ၏ မိခင် မစ္စက်အက်ဒွပ်ကဘော့ ရောက်လာသည်။ သူမသည်လည်း မစ္စက်ကိန်းလိုပင် မုဆိုးမဖြစ်သည်။ မစ္စတာအက်ဒွပ်ကဘော့ ကွယ်လွန်ခဲ့သည်မှာ နှစ်နှစ်ခန့် သာရှိသေးသည်။ အဘွားကြီးနှစ်ဦး၏ ရုပ်သွင်မှာ တစ်ယောက်နှင့်တစ်ယောက် ထူးမခြားနားသလို ထင်ရသည်။ ထူးခြားချက်ကတော့ မစ္စက်အက်ဒွပ်ကဘော့က မြေးကလေးနှင့် သမီးဖြစ်သူအား မစ္စက်ကိန်းထက် ပို၍ ဂရုစိုက်ခြင်းဖြစ်သည်။ သူမသည် မြေးကလေးအား မဝနိုင်သလို တယုတယ နမ်းရှုပ်သည်။ သမီးဖြစ်သူအား စိတ်ချမ်းချမ်းသာသာနေထိုင်ရန် တဖွဖွပြောနေသည်။ မစ္စက်ကိန်းနှင့် မိခင်တို့အား ကျေနပ်အောင် ယုယ ပြောဆိုပြီးတော့ ပန်းလက်ဆောင်တွေကို အမြတ်တနိုး ကြည့်ရှုကြသည်။

"ချစ်ကတ်ဆင့်တို့လှှင်မယားကသတို့ကတော့ အခုလို ပန်းလက်ဆောင်ပေးတာ ကျေးဇူးတင်စရာပဲသမီး" မစ္စက်အက်ဒွပ်ကဘော့ သမီးဖြစ်သူအား ဝမ်းသာလှိုက်လှဲပြောသည်။

မစ္စက်ကိန်းက ပန်းစည်းတွေပေါ်မှ ကတ်ပြားကလေးတွေကို ကြည့်ကာ လက်ဆောင်ပေးသူများ၏ နာမည်တွေကို တိုးတိုးကလေး ရွတ်နေသည်။ အဒမ်နှင့်ဇနီး... လောရင့်နှင့်ဇနီး... လော်ဂျ်နှင့်ဇနီး... ဟာစ်ဂင့်ဆန်နှင့်ဇနီး...

အဘွားကြီးနှစ်ယောက်စလုံးတွေ့ သူတို့နှင့်ရင်းနှီးသော ပုဂ္ဂိုလ်များ၏ နာမည်တွေ ကိုသာ ဖတ်ကြည့်သည်။ အခြားနာမည်တွေကို ဆက်မဖတ်တော့။ သူတို့နှစ်ယောက်စလုံးသည် ခြေတံသုံးစ်ကို ကျော်လွန်ခဲ့ပြီး သူများဖြစ်၍ နောက်ထပ် ဘာကိုမှလည်း မသိကြချင်တော့။ မိတ်ဆွေသစ်လည်း မလိုချင်ကြတော့။

သူတို့အဖို့ အမြဲတမ်း တောင့်တနေခဲ့ရသော မိသားစုမျိုးဆက် အမွေခံမြေးဦးကလေးကို အောင်မြင်စွာ ဖွားမြင်ခဲ့ပြီဟူသောအသိဖြင့် အဘွားကြီးနှစ်ဦးသည် ဝမ်းသာကြည်နူးစွာဖြင့် ပြန်လည်ထွက်သွားကြလေသည်။

◇ ◇ ◇

ညနေပိုင်းကျတော့ ရစ်ချက်နှင့် အယ်နီတို့၏ ရင်းနှီးသော မိတ်ဆွေများသည် လက်ဆောင်တွေကိုယ်စီဖြင့် တစ်သုတ်ပြီး တစ်သုတ် ရောက်လာကြသည်။ အချို့က ရွှေထည်ငွေထည်

လက်ဆောင်ပစ္စည်းတွေ ပေးကြသည်။ အချို့က ဖိနပ်စီးရတာနှင့် ကျန်းမာရွှင်လန်းရေး ထွန်းပေါက်အောင်မြင်သော သားကောင်းတစ်ယောက် ဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာပို့ကြသည်။

အယ်နီ၏ လင်တော်မောင် ရစ်ချက်ကတော့ အလုပ်ချိန်ပြီးမှ ဆေးရုံသို့ ရောက်လာသည်။ သူသည် နေ့လယ်စာစားရင်း အရက်သောက်လာခဲ့သည်။ သူ့တစ်သက်တွင် ပထမဆုံးအကြိမ် သောက်ခြင်းဖြစ်သည်။ အဘိုးကြီး အဲမော့စ်ကတွက်ကာ အတင်းတိုက်သဖြင့် မငြင်းသာ၍ သောက်ခဲ့ရသည်။ 'ဆမ္မာအိုက်ကလပ်' တွင် လူတွေက သူ့ဘက်သို့ လှည့်ကြည့်နေကြသဖြင့် မသောက်ချင်ဘဲနှင့် သောက်ခဲ့ရခြင်းဖြစ်သည်။ သူသည် ဇနီး အယ်နီအား ခါတိုင်းလိုမဟုတ်ဘဲ အတော်ကလေး ပျော့ပျော့ပျောင်းပျောင်း ယုယုယယ ဆက်ဆံပြောဆိုသည်။

ရစ်ချတ်သည် အနက်ရောင် ကုတ်အင်္ကျီရှည်ကြီးနှင့် အစင်းဖော့ ဘောင်းဘီကို ဝတ်ထားသည်။ သူ့အရပ်က ခြောက်ပေတစ်လက်မ။ အလယ်တည့်တည့်မှ ခွဲထားသော ဆံပင်သည် မီးရောင်အောက်တွင် နက်မှောင်ပြောင်လက်နေသည်။ တည်ငြိမ်သော ရုပ်သွင်၊ ထွားကျိုင်းသော ကိုယ်ခန္ဓာတို့ကြောင့် အသက်ထက် ရင့်နေသလို ထင်ရသည်။ သူ့အသက်မှာ ၂၃ နှစ်မျှသာ ရှိသေးသည်။ သို့သော် သူက အသက်အရွယ်ကို ပဓာနမထား။ လူတစ်ယောက်အဖို့ စိတ်ဓာတ်အားမာန်သည် အဓိကဟု ခံယူထားသည်။

ကလေးငယ်ကိုချီ၍ သူနာပြုဆရာမ ပြန်ဝင်လာသည်။ ဖခင်ဖြစ်သူက သားဦးလေးကို စေ့စေ့စပ်စပ် စစ်ဆေးကြည့်ရှုသည်။ ဘဏ်တိုက်တွင် တစ်နေ့တာ ကုန်ဆုံးပြီးနောက် လက်ကျန်ရှင်းတမ်းကို စစ်ဆေးကြည့်ရှုသလို သေသေချာချာ စစ်ဆေးကြည့်ရှုသည်။ အားလုံး အဆင်ပြေပြေရှိသည်။ ကလေးငယ်တွင် ခြေနှစ်ချောင်း၊ လက်နှစ်ဖက်၊ လက်ချောင်းဆယ်ချောင်း၊ ခြေချောင်းဆယ်ချောင်း။ အားလုံး အင်္ဂါပြည့်စုံသည်။ သူက ကျေနပ်စွာ ပြုံးလိုက်သည်။ ဆရာမက ကလေးငယ်အား ကလေးခန်းသို့ ပြန်ယူသွားသည်။

'အယ်နီ... မနေ့ညက ကိုယ် စိန်ပေါ်ကျောင်းအုပ်ကြီးဆီ သံကြိုးရိုက်ပြီး အကြောင်းကြားလိုက်ပြီ။ ဝီလျံကလေးကို ၁၉၁၈ ခု စက်တင်ဘာလကျရင် စိန်ပေါ်ကျောင်းကိုပို့ရမယ်၊ အဲဒီအချိန်ဆိုရင် သူ့အသက် ၁၂ နှစ်သားရှိပြီ"

အယ်နီက ဘာမှပြန်မပြော။ ရစ်ချက်က သူ့သားကလေး၏ နောင်ရေးကိုပင် ကြိုတင်တွက်ကိန်းချထားပြီးဖြစ်သည်။

"ဒါနဲ့ အယ်နီ၊ အားလုံးနေကောင်းသွားပြီ မဟုတ်လား၊ ဒီနေ့ပဲ အိမ်ပြန်ကြစို့လား"

"ဟင့်အင်း... ဟုတ်ကဲ့၊ ပြန်ရင်လဲ ရပြီထင်တာပဲ"

အယ်နီက ခင်ပွန်းသည်အလိုသို့လိုက်ကာ မိမိဆန္ဒနှင့် ဆန့်ကျင်ပြီး သဘောတူလိုက်သည်။

ရစ်ချက်က ဇနီးသည်၏ ပါးပြင်ကို တယုတယ နမ်းသည်။

ထိုနောက်တော့ လူးဝစ်စဘတ်ရိပ်သာရှိသူတို့၏ အိမ်ကြီးသို့ လှပခမ်းနားသော မြင်းရထားဖြင့် ပြန်လာခဲ့ကြသည်။

◇ ◇ ◇

ဝိလျံလိုဝယ်ကိန်းအား စိန်ပေါ ဘုရားရှိခိုးကျောင်းတွင် ဆုတောင်းမေတ္တာပို့၍ နာမည်ပေး ကင်ပွန်းတပ်မင်္ဂလာကျင်းပသည်။ ကင်ပွန်းတပ်မင်္ဂလာပွဲသို့ ဘော့စတွန်မြို့မှ လူကုံထံအသိုင်း အဝိုင်း အားလုံးလိုလို တက်ရောက်ကြသည်။

ဂိုဏ်းအုပ် ဘုန်းတော်ကြီး လောရင့်အကြီးအမှူးပြုသော နာမည်ကျော် ဘဏ်သူဌေးကြီးများ ဖြစ်ကြသည့် ဂျေ၊ ပီ၊ မော်ဂန်နှင့် အလန်လွိုက်၊ ပြီးတော့ အယ်နီ၏ အရင်းနှီးရင်းဆုံး မိတ်ဆွေ မစ်လီပရက်စတန်တို့က ကလေးငယ်၏ ခေါင်းကိုင် မိဖများအဖြစ် ဆောင်ရွက်ကြသည်။

ဘုန်းတော်ကြီးက ဝိလျံကလေး၏ ဦးခေါင်းကို မြတ်ရေစင်နှင့် ပက်ဖျန်း၍ ဆုတောင်းမေတ္တာ ပို့သသည်။

ကျန်းမာသန်စွမ်းသော သားဦးရတနာ မွေးဖွားလာသည့်အတွက် အယ်နီက ဘုရားသခင် အား အထူးပင် ကျေးဇူးတင်မိသည်။ ရစ်ချက်ကလည်း ကိန်းမိသားစုမျိုးဆက်ကြီး အစွန့်ရှည် စွာ တည်တံ့ရေးအတွက် အမွေခံသားဦးရတနာကို ဖန်ဆင်းပေးတော်မူသည့် ဘုရားသခင်အား ကျေးဇူးတင်၍ မဆုံးအောင် ခံစားမိလေသည်။

✣

(၅)

'ဝလာဒက်' ကလေးသည် တစ်နေ့ထက်တစ်နေ့ တဖြည်းဖြည်းကြီးပြင်းလာခဲ့သည်။ သို့သော် ကျန်းမာရေးချူချာလှသဖြင့် မွေးစားမိခင် ဟယ်လင်နာမှာ သူ့အတွက်ပင် အမြဲတမ်း ပူပန်သောကဖြစ်နေရသည်။ နို့စို့အရွယ် ကလေးငယ်တိုင်း ဖြစ်တတ်သော ရောဂါမှန်သမျှ အားလုံးဖြစ်သည်။ တခြားကလေးတွေ ဘယ်တုန်းကမှ မဖြစ်ဖူးသော ရောဂါတွေလည်းအားလုံးဖြစ်သည်။ သူဖြစ်သော ရောဂါအားလုံးလည်း တစ်အိမ်သားလုံးသို့ ကူးစက်သည်။

သည်အတွက် ဂျာစီယိုက ဘုရားသခင်ကို အပြစ်မမြင်ဘဲ 'သူ့အိမ်သို့ ဂြိုဟ်ဆိုးဝင်' သည်ဆိုကာ မိစ္ဆာနတ်ဆိုးကိုသာ အပြစ်တင်သည်။ ကျိန်ဆဲသည်။ သို့သော် ဟယ်လင်နာကတော့ ဘယ်သူ့ကိုမှ အပြစ်မတင်၊ ကိုယ့်ထိုက်နှင့် ကိုယ့်ကံဖြစ်ချင်လို့ ဖန်လာတာပဲဟု သဘောပိုက်ကာ ဝလာဒက်ကလေးဘက်မှ အမြဲတမ်း ကာကွယ်သည်။ ကလေးငယ်အား သူမ၏ရင်မှဖြစ်သော သားအရင်းပမာ ချစ်ခင်ယုယသည်၊ ပြုစုကျွေးမွေးသည်။

သမီးကြီး ဖလော်ရင်တီနာကျပြန်တော့လည်း ဝလာဒက်ကလေးအား သူမ၏ မောင်ကလေးအရင်းထက်သာမက သူမ၏ သားကလေးအရင်းကဲ့သို့ပင် ချစ်ခင်ကြင်နာသည်။ သူမအနေဖြင့် ယင်းသို့ ချစ်ခင်ကြင်နာခြင်းမှာလည်း သဘာဝကျသည်။ ဘာကြောင့်လဲဆိုတော့ သူမသည် ပိုက်ဆံဆို၍ ခြူးတစ်ပြားမှမရှိသော တောလိုက်မုဆိုး၏ သမီးဖြစ်သည်။ ထို့ကြောင့် သူမအား ဘယ်သူမှ လိုလိုချင်ချင် လက်ဆက်ချင်မည်မဟုတ်သည်မှာ သေချာသည်။ ထို့ကြောင့် သူမသည် တစ်ဘဝလုံး တစ်ကိုယ်တည်း အပျိုကြီးဘဝဖြင့် အရိုးထုပ်ရမည်မှာလည်း သေချာသည်။ ထို့ကြောင့် သူမအနေဖြင့် တစ်သက်လုံး ကိုယ်ပိုင်သားသမီးဆိုတာ လုံးဝမျှော်မှန်းနိုင်စရာ မရှိတော့။ ထို့ကြောင့်ပင် သူမသည် ဝလာဒက်ကလေးအား မောင်ငယ်အရင်းလိုလည်း ချစ်နေရသည်။ သားငယ်အရင်းလိုလည်း ချစ်နေရသည်။

ဝလာဒက်ကလေးအား တောထဲမှ ကောက်ရလာခဲ့သူ မောင်အကြီးဆုံး ဖရန့်ခ်ကလည်း ကလေးငယ်ကို အလွန်ချစ်သည်။ သို့သော် သူ့ဖခင် ဆူမည်ကြောက်၍ ထင်ထင်ရှားရှားတော့ မချစ်ရဲ။ ကစားစရာ အရုပ်ကလေးတစ်ခုပမာသာ ဆက်ဆံရသည်။ ဖရန့်ခ်က လာမည့်ဇန်နဝါရီလဆိုလျှင် ကျောင်းထွက်၍ ဖခင်ဖြစ်သူနှင့်အတူ နယ်စားကြီး၏ ခြံတွင် အလုပ်ဝင်တော့မည်ဖြစ်သည်။ ညီငယ်သုံးယောက်ဖြစ်သော စတီဖင်၊ ဂျိုးဇက်နှင့် ဂျန်တို့ကတော့ ဝလာဒက်ကလေးအပေါ်တွင် စိတ်ဝင်စားမှုလုံးဝမရှိ။ သူတို့ဘာသာ သူတို့ ပြေးလွှားမြူးတူးကစားနေရသည်ကိုပင် ကျေနပ်လှပြီ။ အထွေးဆုံး ညီမငယ် ဆိုဖီယာကမူ အသစ်ရောက်လာသော ကလေးငယ်အား ဖက်လိုက် ပွေ့လိုက် နမ်းလိုက် ရှုံ့လိုက် လုပ်နေရသည်ကို ပျော်မဆုံးဖြစ်နေလေသည်။

ဝလာဒက်ကလေးသည် ကျန်းမာရေးချူချာလှသော်လည်း ရုပ်ရည်သွင်ပြင်နှင့် အသိဉာဏ်အရာတွင် သူတို့သားသမီးကလေးတွေနှင့် လုံးဝမတူဘဲ တစ်မျိုးတစ်ဘာသာ ခြားနားနေသည်ဟူသော အချက်ကိုတော့ ဂျာစီယိုရော၊ ဟယ်လင်နာပါ အသိအမှတ်ပြုကြသည်။

သူတို့ သားသမီးကလေးတွေက အရုပ်ရှည်ပြီး အရိုးအခြင်ကြီးကြသည်။ ဆံပင်က ရွှေဝါရောင်ရှိပြီး မျက်လုံးတွေက နီညိုရောင်တွေ။ ဝလာဒက်ကလေးကတော့ အရုပ်လည်းပုသည်။ ဆံပင်ကလည်း နက်သည်။ မျက်လုံးတွေကလည်း အပြာရောင်။

ကော်စကေဝစ် သားသမီးတွေက ပညာရေးတွင်လည်း ထူးချွန်မှုမရှိကြ၊ အချိန်တန်အရွယ်ရောက်လျှင် ကျောင်းထွက်လိုက်ကြသည်ချည်းဖြစ်သည်။ ဝလာဒက်ကလေးတော့ တမူထူးခြားသည်။ သူက လမ်းလျှောက်တော့ နောက်ကျသည်။ နှစ်ခွဲသားတွင် စကားပြောသည်။ သုံးနှစ်သားတွင် စာဖတ်တတ်သည်။ သို့သော် အဝတ်အစားကိုတော့ ကိုယ်တိုင်မဝတ်တတ်သေး။ ငါးနှစ်သားရောက်တော့ စာရေးစာဖတ် တတ်ပြီ။ သို့သော် အိပ်ရာထဲသေးပေါက်သည့် အကျင့်ကိုတော့ မဖျောက်နိုင်သေး။

သူသည် ဂျာစီယိုအဖို့ 'ဂြိုဟ်ကောင်'ကလေးဖြစ်နေသော်လည်း ဟယ်လင်နာအတွက်တော့ 'ဂုဏ်ယူစရာ' ကလေးဖြစ်နေသည်။

ဝလာဒက်ကလေးသည် အစ်မကြီးဖြစ်သူ ဖလော်ရင်တီနာ ကျောင်းသွားနေချိန်တွင် ပွဲထဲက လူရွှင်တော်အဝတ်လို ကြောင်ကြောင်ကျားကျား အင်္ကျီပွပွကြီးဝတ်ပြီး တဲအိမ်ကလေးထဲတွင် ဒိုးဒိုးဒေါက်ဒေါက် လမ်းလျှောက်ကစားသည်။ သို့မဟုတ်လျှင် အိမ်ခြံထဲတွင် တစ်ယောက်တည်းကစားသည်။ သို့မဟုတ်လျှင် မိခင်နောက်မှ တကောက်ကောက် လျှောက်လိုက်နေတတ်သည်။ ဖလော်ရင်တီနာ ကျောင်းမှပြန်ရောက်လာလျှင်တော့ အိပ်ရာဝင်ချိန်အထိ အစ်မကြီးအနားမှာ တစ်ချိန်လုံး မခွာတော့။

အိမ်သား ကိုးယောက်စာအတွက် ထမင်းဟင်း ခွဲဝေပေးရသော ဖလော်ရင်တီနာသည် သူမ၏ ဝေစုတစ်ဝက်ကို ဝလာဒက် ကလေးအား အမြဲတမ်းခွဲပေးသည်။ ကလေး နေထိုင်မကောင်းသောနေ့များတွင်ကား သူမက လုံးဝမစားတော့ဘဲ ဝေစုအားလုံးကိုပင် ပေးတတ်သည်။

ဝလာဒက်ကလေးသည် ဖလော်ရင်တီနာချုပ်သော အဝတ်ကိုပင် ဝတ်သည်။ ဖလော်ရင်တီနာပြောသော ပုံပြင်ကို နားထောင်သည်။ ဖလော်ရင်တီနာ သင်ပေးသော သီချင်းကဗျာများကို

သိဆိုသည်။ ဖလော်ရင်တီနာပေးသော ကစားစရာများနှင့် ကစားသည်။

ဖလော်ရင်တီနာ ကျောင်းတက်နေချိန်များတွင်လည်း ဖလော်ရင်တီနာ ပြန်လာချိန်ကို သာ လည်တဆန့်ဆန့်နှင့် စောင့်မျှော်နေတတ်သည်။ သူကျောင်းတက်ခွင့်ရသောအခါတွင်တော့ ဖလော်ရင်တီနာ၏ လက်ကိုဆွဲပြီး ကိုးမိုင်ခရီးကို ခြေကျင်လျှောက်ကာ တပျော်တစ်ပါး ကျောင်းတက်သည်။

သူသည် ကျောင်းတက်ရသည်ကို အလွန်သဘောကျသည်။ စာသင်ကျောင်းသည် သူ့ အတွက် ပျော်ရွှင်စရာကောင်းသော သီးခြားကမ္ဘာသစ်လို ဖြစ်နေသည်။ ကျဉ်းမြောင်း ကျပ်တည်းသော တဲအိမ်ကလေးထဲမှ ကျယ်ဝန်းသာယာသော အပြင်လောကသို့ ထွက်ခွင့်ရ၍ ပျော်မဆုံးဖြစ်မိသည်။

သို့သော် ကျောင်းတွင်လည်း စိတ်မချမ်းသာစရာတစ်ခုတော့ တွေ့ရပြန်သည်။ ထိုအချိန် က ပိုလန်နိုင်ငံ အရှေ့ပိုင်းကို ရုရှတွေ သိမ်းပိုက်ထားချိန်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသား ဘာသာစကားဖြစ်သော ပိုလန်စကားကို အိမ်မှာသာပြောရပြီး ကျောင်းရောက်တော့ ရုရှစကားကို သာ ပြောကြရသည်။ သို့ပေမယ့် ကျောင်းသားကလေးတွေက မိမိတို့၏ အဖိနှိပ်ခံဘာသာစကား ကို အခွင့်ရတိုင်း ခိုးကြောင်ခိုးဝှက် ပြောကြသည်။ သည်အတွက်လည်း သူတို့က ဂုဏ်ယူကြသည်။ ဝလာဒက်ကလေးကလည်း သူတို့လိုပင် ဂုဏ်ယူမိသည်။

သူ့အဖို့ ဝမ်းသာမဆုံး ဖြစ်ရသည့်အချက်ကတော့ ကျောင်းဆရာ မစ္စတာကော်တော်စကီး က သူ့အပေါ်တွင် (မွေးစားဖခင်ဂျာစီယို အထင်သေးသလို) အထင်မသေးခြင်းပင် ဖြစ်သည်။ သူက အိမ်မှာလည်း အသက်အငယ်ဆုံး၊ ကျောင်းမှာလည်း အသက်အငယ်ဆုံး။ သို့ပေမယ့် မကြာခင်မှာပင် သူသည်(တခြားကျောင်းသားကလေးတွေလို အရုပ်မရှည်တာကလွဲပြီး) ဘာသာ ရပ်တိုင်းတွင် ထိပ်ဆုံးရောက်လာသည်။ လူပုံက ပုပုသေးသေးကလေးဆိုတော့ အစပထမတွင် တခြားကျောင်းသားကလေးတွေက သူ့ကို အထင်သေးကြသည်။ လူပုံကို အထင်မကြီးသလို အရည်အချင်းကိုလည်း အထင်မကြီးချင်ကြ။ ကလေးတွေဆိုတာက အကြီးဆုံးမှ အကောင်းဆုံး လို့ ထင်တတ်ကြသည်မဟုတ်လား။

ငါးနှစ်သားအရွယ်ရောက်တော့ ဝလာဒက်ကလေးသည် အားစိုက်ခွန်စိုက်လုပ်ရသော သံထည်လုပ်ငန်းမှတစ်ပါး တခြားဘာသာရပ်အားလုံးတွင် အဆင့် (၁) ချည်း ချိတ်နေတော့သည်။

ညနပိုင်း ကျောင်းက ပြန်ရောက်ချိန်တွင် တခြားကလေးတွေက အိမ်တွင်းပန်းခြံထဲမှ ဖွိုင်အိုလက်ပန်းများနှင့် ပေါ်ပလာပင်များကို ပေါင်းသင်သူက ပေါင်းသင်၊ ရေလောင်းသူက ရေ လောင်း၊ ဘာရီသီး ခူးသူခူး၊ ယုန်လိုက်သူလိုက်၊ အင်္ကျီချုပ်တမ်း ကစားသူကစား လုပ်နေချိန်တွင် ဝလာဒက်ကလေးကတော့ တဲအိမ်ထဲတွင် တစ်ယောက်တည်း ငြိမ်ငြိမ်ကလေးထိုင်ပြီး စာအုပ်တွေ တစ်အုပ်ပြီး တစ်အုပ် ဖတ်နေတတ်သည်။ သူ့စာအုပ်တွေ ကုန်သွားတော့ တခြား အစ်ကို အစ်မ များ၏ စာအုပ်များကို ယူဖတ်သည်။

ကလေးငယ်၏ ထူးခြားချက်ကိုမြင်ရတော့ မွေးစားမိခင် ဟယ်လင်နာသည် ရင်ထဲကကျိတ် ပြီး ဝမ်းသာမဆုံးဖြစ်မိသည်။ သူတို့မိသားစု ဝမ်းရေးအတွက် တန်ဖိုးရှိလှသော ယုန်ခြောက်ကောင် အစား သည်ကလေးတစ်ယောက် ရောက်လာသည်ကိုလည်း ဆုံးရှုံးမှုဟူ၍ လုံးဝမထင်၊ အမြတ်

ပင် ထွက်သေးသည်ဟုသာ ထင်သည်။

ဝလာဒက်ကလေးသည် မိခင်ဖြစ်သူအား သူ့စိတ်ထင်ရာ တောင်စဉ်ရေမရ မေးခွန်းတွေ တရစပ် မေးလာသည်။ သို့သော် မိခင်ဖြစ်သူက မဖြေနိုင်၊ မဖြေတတ်။ သည်ကလေးသည် သူမ၏ ရင်သွေးအရင်းတွေထက် ထူးခြားသောကလေးဖြစ်သည်ဆိုတာလောက်ကိုသာ သူမက ခန့်မှန်းမိသည်။ သို့သော် လူသားတစ်ယောက်၏ ကံတရားသည် ဆန်းကြယ်စွာ ဖန်လာတတ်သည် ဟူသောအချက်ကိုတော့ သူမအနေဖြင့် အကြွင်းမဲ့ ယုံကြည်သည်။ ထို့ကြောင့်လည်း သူမအနေဖြင့် ဘယ်လိုမှ မတတ်နိုင်သော ဖြစ်ရပ်ကြီး ပေါ်ပေါက်လာသောအခါ သူမသည် လုံးဝအံ့သြခြင်း မဖြစ်မိတော့။

✧ ✧ ✧

၁၉၁၁ ခုနှစ် ဆောင်းဦးပေါက်ရာသီ။ တစ်ခုသောနေ့၏ ညနေခင်းအချိန်ဖြစ်သည်။

ဝလာဒက်ကလေး၏ ဘဝတွင် ကြီးစွာသော အပြောင်းအလဲကြီးတစ်ခုသည် ထိုအချိန်တွင် စတင်ပေါ်ပေါက်လာခဲ့သည်။

ထိုနေ့ညနေက မိသားစုအားလုံး ညစာထမင်းစားပြီးတော့ ဂျာစီယိုကော်စကေဝစ်သည် မီးဖိုဘေးရှိ ကုလားထိုင်တွင် တခေါခေါဟောက်ရင်း အိပ်ပျော်နေသည်။ ဟယ်လင်နာကတော့ အဝတ်ချုပ်နေသည်။ တခြားကလေးတွေက ဝိုင်းဖွဲ့ကစားနေကြပြီး ဝလာဒက်ကလေးက သူ့ မိခင်အနားတွင် ထိုင်ကာ စာဖတ်နေသည်။ စတီဗင်နှင့် ဂျိုးဇက်တို့က တစ်ယောက်နှင့်တစ်ယောက် ထင်းရှူးသီးကလေးတွေကိုလုရင်း ဆူညံရန်ဖြစ်နေကြသည်။

ထိုအချိန်တွင် အိမ်ရှေ့မှ တံခါးခေါက်သံ ခပ်ပြင်းပြင်းထွက်ပေါ်လာသည်။

တစ်အိမ်လုံး ငြိမ်သက်သွားသည်။

သူတို့အိမ်သို့ လူစိမ်းတစ်ယောက်ယောက် လာဖို့ဆိုသည်မှာ အလွန်ကြုံတောင့် ကြုံခဲကိစ္စဖြစ်သည်။ သူတို့တဲအိမ်ကလေးသည် ဆလိုနင်မြို့ကလေးမှ ကိုးမိုင်ဝေးပြီး နယ်စားကြီးအိမ်နှင့် ခြောက်မိုင်ဝေးသည်။ ထို့ကြောင့် ဧည့်သည်ဆို၍ တစ်နှစ်နေလို့ တစ်ယောက်ရောက်ခဲလှဘိသည်။

တစ်အိမ်သားလုံး တံခါးဆီသို့ စိုးရိမ်မျက်နှာဖြင့် လှမ်းကြည့်နေသည်။မကြုံစဖူးသော ကိစ္စဖြစ်၍ နောက်ထပ် တံခါးခေါက်သံများ ပေါ်လာလေဦးမည်လားဟူသော အတွေးဖြင့် နားစွင့်နေမိကြသည်။

နောက်ထပ် တံခါးခေါက်သံကြားရပြန်သည်။ ပထမအကြိမ်ထက် ပို၍ကျယ်သည်။

ဂျာစီယိုသည် အိပ်မှုန်စုံမွှားဖြင့် ကုလားထိုင်မှထကာ တံခါးဆီသို့ လျှောက်သွားပြီး တံခါးရွက်ကို သတိကြီးစွာဖြင့် ဖွင့်ပေးလိုက်သည်။

တံခါးဝတွင် ပေါ်လာသော ပုဂ္ဂိုလ်ကို မြင်ရသောအခါ ဝလာဒက်ကလေးမှတစ်ပါး တစ်အိမ်သားလုံးပင် ဦးညွှတ်၍ အရိုအသေပြုလိုက်ကြသည်။ ဝလာဒက်က လူစိမ်းမျက်နှာကို ရဲရဲတင်းတင်း စိုက်ကြည့်နေသည်။

ရင်အုပ်ကျယ်ကျယ် ကိုယ်လုံးကိုယ်ထည် ထောင်ထောင်မောင်းမောင်းနှင့်ထူထဲသော

ဝက်ဝံရေကုတ်အင်္ကျီကြီးကို ဝတ်ထားသော လူစိမ်းသည် ခန့်ညားတည်ငြိမ်စွာဖြင့် တံခါးဝတွင် ရပ်လျက်ရှိသည်။ ထိုပုဂ္ဂိုလ်ကား အခြားသူမဟုတ်၊ ဂျာစီယို၏ အလုပ်ရှင်နယ်စားကြီး ရိုစနော့စကီး ဖြစ်လေသည်။ နယ်စားကြီးအား လုံးဝမမျှော်လင့်ဘဲ အိမ်တံခါးဝတွင် မြင်လိုက်ရသောကြောင့် ဂျာစီယို၏ မျက်နှာတွင် စိုးရိမ်ရိပ်တွေ ပေါ်သွားသည်။ သို့သော် သူသည် စိတ်ကိုထိန်းကာ လှိုက်လှဲစွာ ပြုံးလိုက်ပြီးနောက် နယ်စားကြီးအား အိမ်ထဲသို့ဝင်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက်လေသည်။

တစ်အိမ်သားလုံး တစ်ယောက်မျှ စကားမပြောရဲဘဲ အညှို့ခံထားရသလို ပိတ်ပိတ်သားတိတ်ဆိတ်ငြိမ်သက်နေကြသည်။ နယ်စားကြီးသည် ယခင်အခါများက သူတို့အိမ်သို့ တစ်ခါတစ်ခေါက်မျှ မလာရောက်ခဲ့စဖူး။ ထို့ကြောင့်ပင် အားလုံးက ကိုယ့်အတွေးနှင့်ကိုယ် လန့်ကြောက်နေကြလေသည်။

ဝလာဒက်ကလေးသည် လက်ထဲမှစာအုပ်ကို ဘေးသို့ပစ်ချပြီး ထိုင်ရာမှထကာ နယ်စားကြီးရှေ့သို့ လျှောက်လာသည်။ ပြီးတော့ ဖခင်ဖြစ်သူက ဟန့်တားရန် အချိန်မရလိုက်မီမှာပင် သူက နယ်စားကြီးဆီသို့ သူ့လက်ကို ကမ်းပေးလိုက်သည်။

"မင်္ဂလာညနေခင်းပါခင်ဗျာ"

နယ်စားကြီးက ကလေးငယ်၏လက်ကို လှမ်းဆုပ်၍ နှုတ်ဆက်သည်။ နှစ်ယောက်သားတစ်ယောက်မျက်နှာတစ်ယောက် စိုက်ကြည့်နေကြသည်။ နယ်စားကြီးက လက်ကို ပြန်ဖြုတ်ချိန်တွင် နယ်စားကြီး၏ လက်ကောက်ဝတ်၌ ဝတ်ထားသော ငွေကွင်းကို ဝလာဒက်ကလေးက အမှတ်မထင် မြင်လိုက်မိသည်။ ငွေတွင်းပေါ်တွင် စာတန်းတွေလည်း ရေထိုးထားသည်။ သို့သော် ဘာစာတွေမှန်း သူမသိ။

"ဝလာဒက်ဆိုတာ လူကလေးလား"

"ဟုတ်ပါတယ်ခင်ဗျာ" ကလေးက ရဲရဲတင်းတင်း ပြန်ပြောလိုက်သည်။ သူ့နာမည်ကို နယ်စားကြီးသိနေသောကြောင့် အံ့သြနေခြင်းလည်း လုံးဝမဖြစ်မိ။

"လူကလေး ကိစ္စအတွက် လူကလေးရဲ့ အဖေဆီကို ကျုပ်လာခဲ့တာပဲ"

ဝလာဒက်ကလေးသည် နယ်စားကြီးရှေ့တွင် ရပ်ကာ မျက်နှာကို စေ့စေ့ကြည့်နေတုန်းပင်ဖြစ်သည်။

ဂျာစီယိုက တခြားကလေးတွေကို နေရာမှ ထွက်သွားကြရန် လက်ကိုယမ်း၍ အရိပ်အခြည်ပြလိုက်သည်။ ကလေးခြောက်ယောက်တို့သည် ဦးညွှတ် အရိုအသေပြုပြီးနောက် မီးဖိုခန်းသို့ အလျှိုလျှို ဝင်သွားကြသည်။ ဝလာဒက်ကလေးကတော့ နေရာတွင် ရပ်မြဲရပ်လျက်။ သူ့အား ထွက်သွားရန် ဘယ်သူကမှလည်းမပြော။

"ကော်စကေဝစ်"

နယ်စားကြီးက စကားပြောရန် စလိုက်သည်။ သူသည် တံခါးတွင်ရပ်လျက်ပင် ရှိသေးသည်။ ဘယ်သူကမှလည်း သူ့အား ထိုင်ပါဟုမပြော။ ဂျာစီယိုက နယ်စားကြီးအား ကုလားထိုင်တွင် ထိုင်ရန် မဖိတ်ခေါ်ရဲသည်မှာ အကြောင်းနှစ်ချက်ရှိသည်။ ပထမအကြောင်းက သူ့အိမ် က

တဲစုတ်ကလေးဖြစ်၍ အားနာသောကြောင့်ဖြစ်သည်။ ဒုတိယအကြောင်းကတော့ နယ်စားကြီးက သူ့အား အကြောင်းတစ်စုံတစ်ရာကြောင့် အပြစ်ပေးရန် လာရောက်ခြင်းဖြစ်သည်ဟု ယူဆပြီး ကြောက်နေသောကြောင့်ဖြစ်သည်။ နယ်စားကြီးက စကားကို ဆက်သည်။

"ငါ မင်းဆီမှာ အကူအညီတစ်ခုတောင်းဖို့ လာတာ"

"ဟုတ်ကဲ့ အမိန့်ရှိပါ ခင်ဗျာ့ ကျွန်တော် ကူညီပါ့မယ်ခင်ဗျာ" ဂျာစီယိုက ပျာပျာသလဲ ပြန်ပြောလိုက်သည်။ သူ့စိတ်ထဲမှာတော့ အတော်ကြီး အံ့သြနေသည်။ သူ့လို ဆင်းရဲမွဲတေ ဖွတ်ဘိုးအေ တော့လိုက်မုဆိုးတစ်ယောက်ထံမှ ရဲတိုက်စံ နယ်စားကြီးက ဘာအကူအညီများ လိုချင်နေပါလိမ့်ဆိုပြီး တွေးပင် မတွေးဝံ့အောင် ခံစားနေရသည်။

နယ်စားကြီးက ဆက်ပြောသည်။

"ကိစ္စက ဒီလိုပါ၊ ငါ့သားကလေး လီယွန်ဟာ အခုဆိုရင် ခြောက်နှစ်သားရှိပြီး သူ့ကို ကျောင်းမပို့ဘူး၊ ဆရာနှစ်ယောက်ငှားပြီး ရဲတိုက်မှာပဲ သင်နေတယ်၊ ဆရာတစ်ယောက်က ပိုလန် သားပဲ၊ နောက်တစ်ယောက်ကတော့ ဂျာမနီက၊ ကလေးဟာ စာတော်တယ်လို့ ဆရာတွေက ပြောတယ်၊ ဒါပေမယ့် သူ့မှာ အပြိုင်မရှိဘဲ တစ်ယောက်တည်း သင်နေရလို့ တော်သင့်သလောက် မတော်သေးဘူးလို့ဆိုတယ်၊ ဆလိုနင်ကျောင်းက ကျောင်းဆရာ မစ္စတာ ကော်တော်စကီးက ပြောတာက လီယွန်အနေနဲ့ အလွန်လိုအပ်နေတဲ့ ပြိုင်ဘက်ကျောင်းသားဟာ မင်းရဲ့ ကလေးတစ်ယောက်ကလွဲပြီး တခြားလူမရှိတော့ဘူးလို့ ပြောတယ်။ အဲဒီတော့ မင်းရဲ့ သားကလေးကို ကျောင်းကထုတ်ပြီး ရဲတိုက်မှာ ငါ့သားနဲ့အတူလာပြီး သင်ပေးရင် ဖြစ်နိုင်မလား"

ဝလာဒက်ကလေးသည် နယ်စားကြီးရှေ့တွင် ရပ်မြဲရပ်ကာ မျက်နှာကို စိုက်ကြည့်နေခြင်းပင်ဖြစ်သည်။ သူ့စိတ်ထဲတွင်တော့ သူ့ဆရာ မစ္စတာကော်တော်စကီးထက်ပို၍ တော်သော ဆရာများ၊ ရဲတိုက်ကြီးထဲက စာအုပ်များနှင့် စားကောင်းသောက်ဖွယ်များကို မြင်ယောင်နေသည်။ သူက မိခင်မျက်နှာကို မသိမသာ စောင်းကြည့်လိုက်သည်။ မိခင်ဖြစ်သူကလည်း နယ်စားကြီး၏ မျက်နှာကိုပင် စိုက်ကြည့်နေသည်။ သူမ၏ မျက်နှာပေါ်တွင်တော့ အံ့သြခြင်းနှင့် ဝမ်းနည်းခြင်း အရိပ်အရောင်တွေ ရောယှက်ပေါ်လွင်နေကြသည်။ ဖခင်ဖြစ်သူကလည်း သူ့လိုလို မိခင်မျက်နှာကို လှည့်ကြည့်လိုက်ပြန်သည်။ တစ်အိမ်လုံးသည် အပ်ကျသံပင် ကြားရမတတ် တိတ်ဆိတ်လျက်ရှိသည်။ ဝလာဒက်ကလေးအဖို့ ထိုတစ်ခဏသည် တစ်ဘဝလောက် ကြာလိမ့်မည် ထင်နေမိလေသည်။

"အခုလို ကြားရတာ ကျွန်တော်တို့ကို ချီးမြှောက်တာနဲ့ အတူတူပါပဲ နယ်စားကြီး"

ဂျာစီယိုက နယ်စားကြီး၏ ခြေထောက်ကို ဖက်ကိုင်တော့မတတ် အရှိအသေပေးရင်း ပျာပျာသလဲ ပြန်ပြောသည်။

နယ်စားကြီးက ဟယ်လင်နာဘက်သို့ လှည့်ကြည့်သည်။ သူ့အမူအရာက "နင်က ဘယ်လိုသဘောရသလဲ"ဟူသော အမူအရာမျိုး။ ဟယ်လင်နာလည်း သူ့အမူအရာကို ချက်ချင်းသဘောပေါက်စွာဖြင့်...

"ကျွန်မသားကလေးရဲ့ ကောင်းစားရေးအတွက် ကျွန်မအနေနဲ့ ပိတ်ပင်တားဆီးခဲ့ရင်

မယ်တော်မာရီ သဘောတူမှာမဟုတ်ပါဘူး နယ်စားကြီး၊ ဒါပေမယ့် ဒီကလေးကို ကျွန်မ ဘယ်လောက်ချစ်တယ်ဆိုတာကိုလဲ မယ်တော်မာရီသာ သိတော်မူပါတယ် နယ်စားကြီး"

"ဒါလဲ ဟုတ်တော့ ဟုတ်ပေတာပဲ၊ သို့ပေမယ့် ကလေးက ရဲတိုက်မှာ အမြဲတမ်း နေနေဖို့ မလိုပါဘူး၊ စာမသင်တဲ့ရက်တွေမှာ အိမ်ပြန်နေရင်လဲ ဖြစ်ပါတယ်"

"ဟုတ်ပါတယ် နယ်စာကြီး၊ အဲဒီလိုဆိုရင် ပိုပြီးကောင်းပါတယ်"

သူမက တစ်စုံတစ်ရာကို တောင်းပန်ရန် စိတ်ကူးလိုက်သေးသည်။ သို့သော် ချက်ချင်းပင် စိတ်ပြောင်းသွားပြီး သူမဆန္ဒကို နှိမ်ထားလိုက်သည်။

နယ်စားကြီးက ကျေနပ်စွာ ပြုံးလိုက်ပြီး

"ကောင်းပြီ၊ ဒီလိုဆိုကိစ္စပြီးပြတ်ပြီပေါ့ ဟုတ်လား၊ ဒီတော့ မနက်ဖြန်မနက် ခုနစ်နာရီမှာ ကလေးကို ရဲတိုက်ကို ဆက်ဆက်ခေါ်လာခဲ့ပါ၊ ကလေးက ကျောင်းဖွင့်ချိန်အတွင်းမှာ ငါတို့နဲ့ပဲ အတူနေရလိမ့်မယ်၊ ခရစ္စမတ် ကျောင်းပိတ်ရက်ကျတော့ အိမ်ကို ပြန်နိုင်ပါတယ်"

ဤတွင် ဝလာဒက်ကလေးသည် ဆိုင်းမဆင့် ဗုံမဆင့်ဘဲ မျက်ရည်တွေ သွန်ချပြီး ငိုပါလေတော့သည်။

"ဟော့ကောင်လေး ဘာလို့ ငိုရတာတုန်း၊ တိတ်တိတ်စမ်း"

ဂျာစီယိုက လှမ်းငေါက်လိုက်သည်။

"သားသား မသွားချင်ဘူး"

တကယ်တော့ သူက တကယ်သွားချင်လျက်သားနှင့် ပရိယာယ်ဆင်၍ ညာပြောလိုက်ခြင်းသာ ဖြစ်သည်။

"ဟော့ကောင်လေး... မင်းပါးစပ်ပိတ်ထားစမ်း"

ဂျာစီယိုက မာန်လိုက်ပြန်လိုက်သည်။

"လူကလေးက ဘာဖြစ်လို့ မသွားချင်တာလဲ"

နယ်စားကြီးက အသံအေးအေးဖြင့် ချိုချိုသာသာ မေးသည်။

"သားသားက မမကြီးမပါရင် ဘယ်တော့မှ မသွားဘူး"

"မမကြီး... ဟုတ်လား၊ မမကြီးဆိုတာ ဘယ်သူပါလိမ့်"

"ကျွန်တော့် သမီးကြီးပါ နယ်စားကြီး" ဂျာစီယိုက ဝင်ပြောသည်။ "သူ့အတွက် ကိစ္စမရှိပါဘူး... နယ်စားကြီး၊ ဒီကောင်လေးကို မနက်ဖြန် ကျွန်တော်ဖြစ်အောင် ခေါ်လာခဲ့ပါ့မယ်၊ စိတ်ချပါ နယ်စားကြီး"

မည်သူမျှ စကားမပြောဘဲ အတန်ကြာအောင် တိတ်ဆိတ်နေကြပြန်သည်။ နယ်စားကြီးက တစ်စုံတစ်ရာကို စဉ်းစားနေဟန်ဖြင့် မှိုင်ငေးသွားသည်။ ဝလာဒက်ကလေးက မျက်ရည်သွယ်သွယ်ကျကာ ငိုမြဲငိုနေသည်။

"သမီးကြီးက အသက်ဘယ်လောက်ရှိပြီလဲ" နယ်စားကြီးက မေးသည်။

"၁၄ နှစ် ရှိပါပြီ... နယ်စားကြီး"

"သူက ထမင်းဟင်း ချက်တတ်ပြီလား"

နယ်စားကြီးက ဟယ်လင်နာဘက်သို့လှည့်ပြီး မေးလိုက်သည်။ ဟယ်လင်နာ၏ မျက်နှာတွင် မျက်ရည်အစအနပင် မမြင်ရ၍ သူက ကျိတ်ပြီး ဝမ်းသာမိသည်။

"ဟုတ်ပါတယ်… နယ်စားကြီး…" ဟယ်လင်နာက အားတက်သရော ပြန်ပြောသည်။ "သမီးက ထမင်းဟင်းလဲ ချက်တတ်ပါပြီ၊ ပြီးတော့ အဝတ်အစားလဲ ချုပ်တတ်ပါသေးတယ်၊ ပြီးတော့…"

"ကောင်းတယ်… ကောင်းတယ်…၊ ဒီလိုဆို သူပါ တစ်ပါတည်း လိုက်နေပါစေ၊ မနက်ဖြန်ကျတော့သာ သူတို့မောင်နှမကို ဆက်ဆက်ခေါ်လာခဲ့ပါတော့"

နယ်စားကြီးက ပြန်ထွက်ရန် ခြေဦးလှည့်လိုက်သည်။ ပြီးတော့ နောက်ပြန်လှည့်ပြီး ဝလာဒက်ကလေးကို ပြုံးကြည့်သည်။ ကလေးကလည်း ပြန်၍ ပြုံးပြသည်။

နယ်စားကြီးသည် တံခါးကိုပွင့်ပြီး ပြန်ထွက်သွားသည်။ ဝလာဒက်ကလေးက ပြန်ပိတ်သွားသော တံခါးရွက်ကို ငေးကြည့် ကျန်ရစ်သည်။ မိခင်ဖြစ်သူက ကလေးအား တင်းတင်းပွေ့ဖက်ပြီး တိုးတိုးကလေး ညည်းပြောလိုက်လေသည်။

"သြော် မေမေ့အချစ်ဆုံး သားကလေးရယ်၊ မင်းကလေးရဲ့ ကံကြမ္မာဟာ ဘယ်လိုများဖန်လာလိမ့်မလဲကွယ်"

✧ ✧ ✧

မနက်ကျတော့ ဖလော်ရင်တီနာနှင့် ဝလာဒက်တို့ မောင်နှမနှစ်ယောက် ချိုင်းကြားတွင် စက္ကူအိတ်ကလေးတစ်ခုစီ ကိုယ်စီညှပ်ကာ ရဲတိုက်ကြီးသို့ ခရီးထွက်ရန် အဆင်သင့်ဖြစ်နေကြပြီ။ စက္ကူအိတ်တွင် သူတို့၏ ရှိစုမဲ့စု အဝတ်အစားကလေးတွေကို ထည့်ထားသည်။

မိခင်ကြီးနှင့် တခြားကလေးတွေက တံခါးဝတွင် ရပ်ကြည့်နေကြသည်။ သူတို့၏ မျက်နှာတွေက မရွှင်မပျ ညှိုးရော်နွမ်းလျလျနှင့်။

ဖလော်ရင်တီနာက မျက်ရည်စက်လက်နှင့် နောက်ပြန်လှည့်ကာ မိသားစုကို လက်ပြနှုတ်ဆက်သည်။ ဝလာဒက်ကတော့ နောက်ကို လုံးဝပြန်မကြည့်တော့။

ဖခင်ဖြစ်သူက ရှေ့မှဦးဆောင်၍ သူတို့မောင်နှမက နောက်မှလိုက်လာကြသည်။ တစ်လမ်းလုံးတွင် ဖလော်ရင်တီနာက ဝလာဒက်၏ လက်တစ်ဖက်ကိုဆွဲကိုင်၍ လျှောက်လာခဲ့သည်။ ယခုအချိန်မှစ၍ သူတို့နှစ်ယောက်၏ အခြေအနေသည် ပြောင်းပြန်ဖြစ်သွားခဲ့ပြီ။ ယခင်တုန်းကဆိုလျှင် ဝလာဒက်က အစစအရာရာ ဖလော်ရင်တီနာအပေါ်တွင်သာ အားထားမှီခိုနေခဲ့ရသည်။ ယခုတော့ ဖလော်ရင်တီနာက ဝလာဒက်အပေါ်တွင် အမှီအခိုပြုနေရပြီ။

ရဲတိုက်ကြီးရှေ့သို့ ရောက်တော့ ဖခင်ဖြစ်သူ ဂျာစီယိုက ဝက်သစ်ချသား တံခါးကြီးကို မဝံ့မရဲခေါက်လိုက်သည်။ ပွင့်ထိုးပန်းရိုက် အစိမ်းရောင်ဝတ်စုံကြီး ဝတ်ထားသော အိမ်တော်စောင့်က တံခါးလာဖွင့်ပေးသည်။

ကလေးနှစ်ယောက်တို့သည် ရှရှနှင့် ပိုလန်နယ်စပ်ကို စောင့်ကြပ်နေကြသော ပြာလဲ့လဲ့ယူနီဖောင်းဝတ် စစ်သားများကို မြို့ထဲတွင် မြင်ခဲ့ကြစဉ်က သဘောကျလွန်း၍ ငေးမောကြည့်ရှု

မိခဲ့ကြသည်။ သို့သော် ယခု သူတို့အား တံခါးလာဖွင့်ပေးသော အိမ်တော်စောင့်၏ ခန့်ညား ထည်ဝါသော ပြိုးပြိုးပြက်ပြက် ဝတ်စုံကြီးကို မြင်ရသောအခါ ပို၍ပင် အံ့သြခြင်းဖြစ်ကြရသည်။

ခန်းမကြီးထဲတွင် အစိမ်းရောင် အနီရောင် ကော်ဇောကြီးကို ခန်းလုံးပြည့် ခင်းထားသည်။ ဝလာဒက်ကလေးသည် ကော်ဇောပေါ် ဖြတ်နင်းမသွားရဲအောင် တုံ့ဆိုင်းဆိုင်းနှင့် ဖိနပ်ကိုပင် ချွတ်ရတော့မလိုလို ကြောင်အန်းအန်းဖြစ်နေမိသည်။ သို့သော် သူတို့အား ဦးဆောင်ခေါ်လာသော အိမ်တော်စောင့်က ဘာမှမပြောသဖြင့် သူက ရင်တထိတ်ထိတ်ဖြင့် ခြေသံမကြားရအောင် ခြေ ကိုယ်ဖော့နင်း၍ လျှောက်လာခဲ့သည်။

အိမ်တော်စောင့်သည် သူတို့အား ရဲကိုက်နောက်ခြမ်းမှ အိပ်ခန်းဆောင်များသို့ ခေါ်လာခဲ့ သည်။ အိပ်ခန်းတွေက ကျယ်လည်းကျယ်သည်။ လှလည်းလှသည်။ သူတို့နှစ်ယောက်ကို တစ်ခန်းစီသိပ်မှာလား။ ဟိုတုန်းကဆိုလျှင် မောင်နှမနှစ်ယောက် တစ်အိပ်ရာတည်း အိပ်လာခဲ့ကြ သည်။ သို့သော် အခန်းတွေက တစ်ခန်းနှင့်တစ်ခန်း ဆက်နေ၍ တော်ပါသေးသည်။

သူတို့အား နေရာထိုင်ခင်း ချပေးပြီးသောအခါ ဖလော်ရင်တီနာအား မီးဖိုခန်းသို့ပို့လိုက် သည်။ ဝလာဒက်ကိုတော့ ရဲတိုက် တောင်ဘက်ခြမ်းရှိ ကစားခန်းသို့ ခေါ်လာခဲ့သည်။ အခန်း ထဲတွင် နယ်စားကြီး၏သား လီယွန်ကို တွေ့ရသည်။ လီယွန်က အရပ်သွယ်သွယ်နှင့် လူချော လူလှကလေး။ ဝလာဒက်ကို မြင်တော့ ခပ်တည်တည်မျက်နှာထားကို ချက်ချင်းပြန်ပြင်လိုက်ပြီး လှိုက်လှဲသော အပြုံးနှင့် ကြိုဆိုသည်။

လီယွန်မှာ အထီးကျန် အဖော်မဲ့သော ကလေးတစ်ယောက်ဖြစ်သည်။ အဖော်ဆို၍ လစ်သူယားနီး အမျိုးသမီး အထိန်းတော် မိန်းမကြီးတစ်ယောက်သာ ရှိသည်။ အထိန်းတော် မိန်းမကြီးက သူ့ကို အလွန်ချစ်သည်။ လီယွန်၏ မိခင်သည် သားပျက်ကျပြီး သေဆုံးသွားခဲ့သည်။ ထိုအချိန်မှစ၍ သူ့အား အထိန်းတော်ကြီးကပင် ကျွေးမွေးစောင့်ရှောက်လာခဲ့သည်။

လီယွန်သည် တောထဲမှရောက်လာသော ပုတစ်တစ် လူငယ်ကလေးအား မြင်လျှင်မြင် ချင်းပင် ခင်မင်စိတ်ပေါ်လာမိသည်။

တကယ်ဆိုတော့လည်း သူတို့နှစ်ယောက်စလုံးတွင် တူညီသော ခံစားချက်များရှိကြသည် ချည်း မဟုတ်ပါလား။

✧ ✧ ✧

လီယွန်သည် မိတ်ဆွေသစ် လူငယ်ကလေးအား တစ်မနက်လုံး ရဲတိုက်ကြီးတဲတွင် အနှံ့ လိုက်ပြသည်။ ကြီးကျယ် ခမ်းနားသော အဆောက်အအုံကြီး။ လှပသော အိမ်ထောင်ပရိဘောဂ ပစ္စည်းများနှင့် ခန်းလုံးပြည့် ကော်ဇောကြီးများကို မြင်ရသောအခါ ဝလာဒက်ကလေးမှာ အံ့သြ မဆုံးဖြစ်ရလေသည်။

ရဲတိုက်ကြီးကို ရှေ့ခေတ် 'ဂေါသစ်' ဗိသုကာ လက်ရာပုံစံ ဆောက်လုပ်ထားကြောင်း လီယွန်က ရှင်းပြသည်။ ဝလာဒက်က နားလည်ဟန်ဖြင့် ခေါင်းညိတ်သည်။

နောက်ဆုံး ရိက္ခာ သိုလှောင်ခန်းသို့ ရောက်လာကြသည်။ အခန်းကြီးက အလွန်ကျယ်

သည်။ နံရံကပ်ဗီရိုများထဲတွင် နှစ်သျှောင်း အရက်ပုလင်းမျိုးစုံ တန်းစီနေကြသည်။ ဝလာဒက်က ထမင်းစားခန်းကြီးကိုကြည့်ပြီး အလွန်သဘောကျနေသည်။ ကြမ်းပြင်ကို ကျောက်သလင်းပြားများ ခင်းထားသည်။ အခန်းနံရံပတ်ပတ်လည်တွင် ပြောင်ချို၊ ဆတ်ချို၊ တောဝက်ဦးခေါင်း၊ ဝက်ဝံဦး ခေါင်းတွေ ချိတ်ဆွဲထားသည်။

အခန်းထိပ်တွင် အခက်အလက်ဝေဆာပြီး အလွန်လှပသော ဆတ်ချိုကြီးတစ်ခုကို ချိတ် ဆွဲထားသည်။ ယင်း၏ အောက်နားတွင် နယ်စားကြီး၏ ဘွဲ့ထူး ဂုဏ်ထူး တံဆိပ်ပုံကြီးကို တစ် ခမ်းတစ်နား ချိတ်ဆွဲထားသည်။ ပြောင်လက်တောက်ပနေသော ဘွဲ့တံဆိပ်ကြီး၏ အလယ်တွင် ရိုစနော့စကီး မိသားစု၏ မျိုးရိုးဆောင်ပုဒ်ကို ရေးထိုးထားသည်။ ဆောင်ပုဒ်စာတန်းမှာ ‘ရဲရင့် လျှင် ချမ်းသာ၏’

ရဲတိုက်ကြီးတစ်ခုလုံး ချောင်ကြိုချောင်ကြားမကျန် လိုက်ကြည့်ကြပြီးနောက် နေ့လယ်စာ စားကြသည်။ ဇွန်းနှင့် ခက်ရင်းကို မကိုင်တတ်၍ ဝလာဒက်က ထမင်းများများ မစားနိုင်။

ထမင်းစားပြီးတော့ ဆရာနှစ်ယောက်နှင့် တွေ့ဆုံနှုတ်ဆက်သည်။ ဆရာတွေက သူ့ကို လီယွန်အား ဆက်ဆံသလိုတော့ မဆက်ဆံကြ။

ညကျတော့ တစ်ခါမျှ မအိပ်ဖူးသော ခုတင်အမြင့်ကြီးနှင့် အိပ်ရသည်။ အကောင်းဆုံး မွေ့ရာ၊ ခြင်ထောင်၊ ခေါင်းအုံး၊ သက္ကလတ်နှင့် သိုးမွေးစောင်ထူကြီးများ။

ဝလာဒက်က အစ်မဖြစ်သူအား ဘယ်လိုစား၍ ဘယ်လိုအိပ်ရကြောင်း ပြန်လည်ပြောပြ သောအခါ ဖလောရင်တီနာမှာ ပါးစပ်ဟောင်းလောင်းနှင့် တအံ့တသြဖြစ်နေလေသည်။ အထူးသဖြင့် ဇွန်းနှင့် ခက်ရင်းနှင့် စားရပုံကို ဝလာဒက်က လက်ဟန်၊ ခြေဟန်ဖြင့် သရုပ်ပါပါ ပြောပြသော အခါ ပို၍ အံ့သြရသည်။

မနက် ခုနစ်နာရီတိတိတွင် စာသင်ချိန်စသည်။ စားသောက်ချိန်မှတစ်ပါး တစ်နေ့လုံး အချိန်ပြည့်သင်ရသည်။ စာသင်သောအခါ ပထမတွင် လီယွန်က ဝလာဒက်ထက်ပို၍ တော်နေ သည်။ သို့သော် ရက်သတ္တ သုံးလေးပတ်လောက် ကြာလာသောအခါ ကလေးနှစ်ယောက်၏ ပညာရည်ကွာဟချက်မှာ တဖြည်းဖြည်း ကျဉ်း၍ကျဉ်း၍ လာသည်။ ဝလာဒက်က သင်ခန်းစာများကို ညမအိပ် နေ့မနား ကြိုးစားကျက်မှတ်သောကြောင့်ဖြစ်သည်။ ရက်ကြာလာသည်နှင့်အမျှ သူတို့ နှစ်ယောက်၏ ရင်းနှီးခင်မင်မှုကလည်း ပို၍ ခိုင်မာလာသည်။ တစ်ချိန်တည်းတွင် ပြိုင်ဆိုင်ကြိုး စားမှုကလည်း ပို၍ကြီးမားလာသည်။

ဂျာမန် ဆရာနှင့် ပိုလန်ဆရာများမှာ နယ်စားကြီး၏ သားနှင့် တောလိုက်မုဆိုး၏ သားတို့အား ဂုဏ်ရည်တူ၊ အဆင့်အတန်းတူ ဆက်ဆံရန် အတော်ကလေး ခက်ခဲနေသည်။ သို့ သော် နယ်စားကြီးက ကလေးနှစ်ယောက်၏ ပညာရေးတိုးတက်မှုအခြေအနေကို မေးမြန်းသော အခါတွင်တော့ ဆလိုနင်မြို့မှ ကျောင်းဆရာ မစ္စတာ ကော်တော်စကီးအနေဖြင့် ရွေးချယ်မှု မှန်ကန်ပါသည်ဟု နယ်စားကြီး ကျေနပ်အောင် မပြောချင် ပြောချင်နှင့် အမှန်အတိုင်းပင် ဖွင့်ဟ ဝန်ခံကြသည်။ ဆရာနှစ်ယောက်က သူ့အပေါ်တွင် တစ်မျိုးဆက်ဆံကြသော်လည်း ဝလာ ဒက်ကတော့ လုံးဝဂရုမစိုက်။ သူ့မိတ်ဆွေ လီယွန်က သူ့အပေါ်တွင် အဆင့်အတန်းတူ သဘော

ထားဖြင့် ဆက်ဆံနေသည်ကိုပင် ကျေနပ်လှပြီ။

ကလေးနှစ်ယောက်၏ ပညာရေးအခြေအနေကို နယ်စားကြီးက မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။ တစ်နေ့ထက် တစ်နေ့ ထူးထူးခြားခြား တိုးတက်မှုများရှိလာသည်ကို တွေ့ရသောအခါ သူ့မှာ အတိုင်းမသိဝမ်းသာမိသည်။ ဝလာဒက်အားလည်း ပညာရည်ချွန်ဆုအဖြစ် အဝတ်အစားသစ်များနှင့် ကစားစရာများ မကြာခဏ ဝယ်ပေးသည်။

သည်လိုနှင့် ဝလာဒက်ကလေးသည် နယ်စားကြီးအပေါ်တွင် တစ်နေ့တခြား ချစ်ခင်ကြည်ညိုမှု တိုးပွားလာခဲ့သည်။ ခရစ်မတ်ပွဲတော်ကာလ ကျောင်းပိတ်သောအခါ တောထဲက တဲအိမ်သို့ ပြန်ချင်စိတ်ပင် မရှိတော့။ နယ်စားကြီးနှင့် လီယွန်တို့အား ခွဲသွားရမည်ကို တွေးပြီး အကြီးအကျယ် စိတ်မကောင်းဖြစ်ရလေသည်။

တဲအိမ်ကလေးသို့ ပြန်ရောက်ပြီး မိခင်မျက်နှာကို မြင်ရ၍ ဝမ်းသာရသည်ကတော့ မှန်ပါ၏။ သို့သော် ယင်း ဝမ်းသာမှုမှာ တစ်ခဏမျှသာ ဖြစ်သည်။ နယ်စားကြီး၏ ရဲတိုက်တွင် သုံးလတိတိ နေထိုင်ခဲ့ရသော အတွေ့အကြုံများက သူ့အား မေ့မရအောင် ဆွဲဆောင်ညို့စားထားခဲ့ပြီမဟုတ်ပါလား။

ရက်ကြာလာတော့ အိမ်ကလေးထဲတွင် နေရသည်မှာ အသက်ရှူကျပ်လာသလို ထင်လာသည်။ အစားအသောက်ကျပြန်တော့လည်း မဝရေစာ။ ရဲတိုက်ကြီးမှာဆိုလျှင် စားချင်ရာရာ ဟင်းမျိုးစုံကို အလျှံပယ်စားချင်သလောက် ဗိုက်ကားအောင်စားရသည်။ တဲအိမ်မှာလို မလောက်မငနှင့် ဝေပုံကျစားရတာမျိုးမဟုတ်။

ရက်သတ္တ နှစ်ပတ်လောက်ကြာတော့ ဝလာဒက်သည် နယ်စားကြီးနှင့် လီယွန်တို့ကို ပြင်းပြင်းပြပြ အောက်မေ့လာသည်။ သူသည် ညနေတိုင်းလိုလို တိတ်တိတ်ကလေး လစ်ထွက်ပြီး သုံးမိုင်လောက်ခရီးကို ခြေကျင်လျှောက်ကာ ရဲတိုက်ကြီးဆီသို့ အရောက်သွားသည်။ သို့သော် ရဲတိုက်ထဲကိုတော့ မဝင်ရဲ။ ရဲတိုက်ကြီးအား ပတ်ပတ်လည်ဝိုင်းရံကာဆီးထားသော အုတ်နံရံကြီးကိုသာ အပြင်မှထိုင်ပြီး တငေးတမော ကြည့်နေတတ်သည်။ ငေးမောကြည့်ရှု၍ ကျေနပ်တော့မှ တဲအိမ်သို့ ပြန်လာသည်။

ဖလော်ရင်တီနာမှာတော့ ရဲတိုက်တွင် အိမ်တော်စေများနှင့်သာ ချက်ရေးပြုတ်ရေး သန့်ရှင်းရေးအလုပ်တွေနှင့် လက်မလည်အောင် ရှုပ်နေ၍ ရဲတိုက်ကြီး၏ အရသာကို ပြည့်ပြည့်ဝဝ မခံစားရ။ ထို့ကြောင့်လည်း တဲအိမ်သို့ပြန်နေချိန်တွင် သူမ ရဲတိုက်ကြီးကို မှတ်မှတ်ရရ တမ်းတမိခြင်းလည်းမရှိ။ ထို့ပြင် ဝလာဒက်ကလေး၏ အနာဂတ်ဘဝသည် တဲအိမ်ကလေးထဲတွင် မရှိနိုင်တော့ဆိုသည်ကိုလည်း သူမအနေဖြင့် လုံးဝမစဉ်းစားမိ၏။

မွေးစားဖခင်ဖြစ်သူ တောလိုက်မုဆိုး ဂျာစီယို၏ ဒုက္ခကလည်း မသေးလှ။ ရဲတိုက်ပြန် ဝလာဒက်ကလေးအား ဘယ်ပုံစံမျိုးနှင့် ဆက်ဆံရမည်ကို မတွေးတတ်အောင် ဖြစ်နေရသည်။ ကလေးက ယခင်ကနှင့် လုံးဝမတူတော့။ ရုပ်ရည်လည်း ယခင်ကထက် သန့်လာသည်။ အဝတ်အစားတွေကလည်း အကောင်းစားတွေ။ အသက်က ခြောက်နှစ်သာရှိသေးသော်လည်း ပြောလာသည့် စကားတွေကို သူကိုယ်တိုင် တစ်ခွန်းမျှနားမလည်။ နားလည်ချင်စိတ်လည်းမရှိ။ ပြီးတော့

ကလေးက အိမ်ပြန်လာတော့လည်း ဘာအလုပ်မှမလုပ်။ တခြားကလေးတွေက ထင်းခွဲ၊ ရေခပ်၊ ပန်းပင်ရေလောင်း စသည့် တောက်တိုမည်ရ အလုပ်ကလေးတွေ လုပ်ကြသေးသည်။ ဝလာဒက်ကတော့ အားအားရှိတိုင်း စာအုပ်ကို လက်ကမချ။ ဒီကောင်ကလေး ကြီးလာရင် ဘယ်လိုလူစားမျိုးဖြစ်လာလိမ့်မလဲ။ ထင်းတစ်ချောင်းလည်း မခွဲတတ်၊ ယုန်တစ်ကောင်လည်း မထောင်တတ်၊ ဒီပုံစံမျိုးနှင့် ဘယ်လိုလုပ်ပြီး ထမင်းတစ်လုတ်စားရပါ့မလဲ၊ အို သူ့တိုက်နှင့် သူ့ကံဖြစ်ချင်သလိုဖြစ်ပါစေ။ ငါနှင့်မဆိုင်ပါဘူး။ ကျောင်းပိဟ်ရက် မြန်မြန်ကုန်ဆုံးပြီး ရဲတိုက်ကိုသာ မြန်မြန်ပြန်သွားပါစေတော့။

မွေးစားမိခင်ဖြစ်သူ ဟယ်လင်နာကတော့ ဝလာဒက်ကလေးအတွက် အဘက်ဘက်မှတွေးပြီး ဂုဏ်ယူမဆုံး ဖြစ်နေသည်။ ဝလာဒက်ကလေးနှင့် တခြားသူမ၏ ကလေးတွေကြားတွင် နားလည်မှုလွဲပြီး အချင်းချင်း မသင့်မတင့်ဖြစ်မည့်အရေးကိုတော့ သူမသည် အစကတည်းကပင် တွေးပူနေမိခဲ့သည်။ ယင်းအဖြစ်မျိုးမရောက်အောင်လည်း သူမတတ်သလောက် မှတ်သလောက် နည်းမျိုးစုံနှင့် အစွမ်းကုန် ကြိုးစားခဲ့သည်။ သို့ပေမယ့်... သူမ၏ ကြိုးစားမှုမှာ လုံးဝအရာမရောက်၊ အချည်းနှီးသာ ဖြစ်ခဲ့ရသည်။ ဝလာဒက်ကလေးနှင့် တခြားကလေးတွေကို ဘယ်လိုမှ ရင်ကြားစေ့၍ မရတော့ပါကလား။

တစ်ညနေတွင် ကလေးတွေ စစ်တိုက်တမ်း ကစားကြသည်။ အုပ်စုနှစ်စုခွဲပြီး တစ်စုတွင် ဖရန့်ခ်က ဗိုလ်ချုပ်လုပ်သည်။ နောက်တစ်စုတွင် စတီဖင်က ဗိုလ်ချုပ်လုပ်သည်။ သို့သော် ဝလာဒက်ကိုမူ ဘယ်အုပ်စုတွင်မှ မပါရ။

"အစ်ကိုတို့က ကစားတိုင်း ကျွန်တော့်ကို အမြဲတမ်း ဘေးဖယ်ထုတ်ထားကြတာချည်းပဲ၊ အဲဒါ ဘာဖြစ်လို့လဲ၊ ကျွန်တော်လဲ အစ်ကိုတို့လိုပဲ ကစားချင်တာပဲ" ဝလာဒက်က မကျေနပ်သဖြင့် ငိုပြီးပြန်ပြောသည်။

"မင်းပါလို့ ဘယ်ဖြစ်မလဲ၊ မင်းက တို့ရဲ့ ညီအရင်းမှ မဟုတ်တာ" စတီဖင်က အမှန်အတိုင်းဖွင့်ပြောသည်။

အတန်ကြာသည်အထိ တစ်ယောက်မှ စကားမပြောဘဲ ငြိမ်နေကြသည်။ ပြီးတော့ ဖရန့်ခ် က ပြောသည်။

"ဖေဖေက မင်းကိုလုံးဝမကျေနပ်ဘူး၊ မင်းကို မေမေတစ်ယောက်တည်းကသာ ကာဆီးကာဆီးလုပ်နေတာ"

ဝလာဒက်က ဘာမှပြန်မပြော၊ မျက်လုံးကလေး ကလည်ကလည်နှင့်သာ သူ့အစ်ကိုများ၏ မျက်နှာတွေကို ကြည့်နေမိသည်။

ထို့နောက် သူသည် ကစားဝိုင်းမှ ထွက်လာခဲ့ပြီး ဖလော်ရင်တီနာကို လိုက်ရှာသည်။ သူ့အဖို့ အားကိုးရာဆို၍ မေမေနှင့် မမကြီးသာ ရှိသည်မဟုတ်ပါလား။

"မမကြီး... မမကြီး... ဖရန့်ခ်က ကျွန်တော်ဟာ သူတို့ရဲ့ ညီအရင်းမဟုတ်ဘူးလို့ ပြောတယ်၊ အဲဒါ ဘာကို ပြောတာလဲဟင်... ကျွန်တော်ဟာ မမကြီးရဲ့ မောင်အရင်းမဟုတ်ဘူးလားဟင်"

ဖလော်ရင်တီနာမှာ မပြောချင်သော်လည်း ဘယ်လိုမှ ရှောင်လွှဲ၍မရတော့သဖြင့် အဖြစ်မှန်ကိုဖွင့်ပြောရတော့သည်။ သည်တော့မှ ဝလာဒက်အနေဖြင့် မိမိ၏ ဇာတိဇာစ်မြစ်ကို ဖြစ်ကြောင်းကုန်စင် သိရတော့သည်။ သည်အချက်ကြောင့်ပင် သူ့အား တခြားညီအစ်ကိုတွေက ခွဲခြားခွဲခြားလုပ်နေကြခြင်း အကြောင်းရင်းကိုလည်း အမှန်အတိုင်း သဘောပေါက်မိတော့သည်။

သည်လိုနှင့် အိမ်တွင်းအခြေအနေသည် တစ်မျိုးတစ်မည် ပြောင်းလဲသွားသည်။ အိမ်သားတိုင်းပင် ကိုယ့်ခံစားချက်နှင့်ကိုယ် သုန်သုန်မှုန်မှုန် ငြိမ်ငြိမ်ဆိတ်ဆိတ်ဖြစ်နေကြသည်။ အထူးသဖြင့် မိခင်ဖြစ်သူ၏ ညှိုးငယ်သော မျက်နှာကို မြင်ရ၍ ဝလာဒက်မှာ ပိုပြီး စိတ်မချမ်းမသာဖြစ်ရသည်။ သို့သော် တစ်ဖက်က တွေးကြည့်ပြန်တော့လည်း သူ့အဖို့ ဝမ်းသာစရာဖြစ်နေသည်။ သူသည် အမျိုးညံ့သော တောလိုက်မုဆိုးမိသားစု၏ သွေးရင်းတစ်ယောက်မဟုတ်ဘဲ အမျိုးအမည်မသိသော မျိုးရိုးတစ်ခုမှ ဆင်းသက်လာသူဖြစ်ကြောင်း သိရ၍ ဂုဏ်ယူလိုစိတ်ပင်ဖြစ်ပေါ်မိသည်။ မိမိ၏ ဘဝမှန်ကို အမှန်အတိုင်း သိရပြီး မိမိသဘောအတိုင်း ထင်ရာလုပ်နိုင်ခွင့်ရှိသည်ဟုတွေးပြီး ဝမ်းသာမိသည်။

စိတ်မချမ်းမြေ့ဖွယ်ရာကောင်းသော ကျောင်းပိတ်ရက်များ ကုန်လွန်သွားခဲ့ပြီ။

ဝလာဒက်သည် ဝမ်းသာရွှင်မြူးစွာဖြင့် ရဲတိုက်ကြီးသို့ ပြန်လာခဲ့သည်။ လီယွန်ကလည်း လှိုက်လှဲဝမ်းသာ ကြိုဆိုသည်။ တကယ်တော့ လီယွန်နှင့် ဝလာဒက်တို့က ဘဝတူတွေဖြစ်သည်။ လီယွန်က အလွန်ချမ်းသာသော ဖခင်နယ်စားကြီး၏ ရဲတိုက်ကြီးထဲတွင် အဖော်မဲ့ပြီး အထီးကျန်ဖြစ်နေသည်။ ဝလာဒက်က အလွန်ဆင်းရဲသော သူ့အပေါ်တွင် ကြင်နာမှုမရှိသာ မွေးစားဖခင်တောလိုက်မုဆိုး၏ ယာတောတဲအိမ်ထဲတွင် အဖော်မဲ့ကာ အထီးကျန်ဖြစ်နေသည်။

ထိုအချိန်မှစ၍ နှစ်ယောက်သား မခွဲနိုင် မခွာရက်အောင် ချစ်ခင်ရင်းနှီးမှု တိုးပွားလာခဲ့လေသည်။

နွေရာသီ ကျောင်းပိတ်ရက်ရောက်သောအခါ ဝလာဒက်အား တောအိမ်သို့ပြန်မပို့ရန် လီယွန်က သူ့ဖခင်ကြီးကို တောင်းပန်သည်။ နယ်စားကြီးကလည်း ဝလာဒက်အပေါ်တွင် သားအရင်းတမျှ ချစ်ခင်နေပြီဖြစ်၍ ကျေနပ်ဝမ်းသာစွာ သဘောတူသည်။ ဝလာဒက်မှာ ပျော်လိုက်သည့် ဖြစ်ခြင်း။

ဤသို့ဖြင့် ဝလာဒက်ကလေးသည် တောထဲမှ တဲအိမ်သို့ ဘယ်တော့မှ မပြန်ဖြစ်တော့။

✧ ✧ ✧

လီယွန်နှင့် ဝလာဒက်တို့သည် ကျောင်းအားချိန်များတွင် ကစားခြင်းဖြင့် အချိန်ဖြုန်းကြသည်။ သူတို့အကြိုက်ဆုံး ကစားနည်းကတော့ ပုန်းတမ်း လိုက်တမ်း ကစားခြင်းဖြစ်ပါသည်။

ရဲတိုက်ကြီးက အခန်းပေါင်း ၇၂ ခန်းတောင်ရှိတော့ ပုန်းတမ်းလိုက်တမ်း ကစား၍ အလွန်ကောင်းသည်။ တစ်ယောက်ပုန်းနေလျှင် တစ်ယောက်က တော်တော်နှင့် ရှာမတွေ့နိုင်။ ဝလာဒက်အကြိုက်ဆုံး ပုန်းစရာနေရာမှာ ရဲတိုက် မြေအောက်ခန်းရှိ အချုပ်ခန်းကလေးများဖြစ်သည်။ အခန်းကလေးများမှာ ပိန်းပိတ်အောင် မှောင်မိုက်နေပြီး ရဲတိုက်နံရံတွင် ကပ်ဖောက်

ထားသော လေဝင်ပေါက်ကလေးများမှ မှုန်ဝါးဝါးအလင်းရောင်ကိုသာရသည်။ ပုန်းနေသူကိုရှာလျှင် ဖယောင်းတိုင်ထွန်း၍ ရှာမှသာ တွေ့နိုင်သည်။

သည်အချုပ်ခန်းကလေးများကို ဘယ်လို ရည်ရွယ်ချက်ဖြင့် ပြုလုပ်ထားကြောင်း ဝလာဒက်က လုံးဝမသဘောမပေါက်၊ အိမ်တော်စေတွေကို မေးကြည့်တော့လည်း တစ်ယောက်မျှ မသိကြ။ သူတို့လက်ထက်မှာ သည်အခန်းတွေကို ဘာအတွက်မှ အသုံးချတာ မတွေ့ရဟူ၍သာ ပြောကြသည်။

ပညာရေးတွင် လီယွန်နှင့် ဝလာဒက်တို့သည် သူမသာ ကိုယ်မသာ အဆင့်အတန်းချင်း တူညီကြသည်။ သို့သော် ကစားရာတွင်တော့ ချက်စ်ကစားနည်းမှတစ်ပါး တခြား ကစားနည်းမှန်သမျှတွင် လီယွန်က ဝလာဒက်ထက် ပို၍ ထူးချွန်သည်။

ရဲတိုက် ခြံဝင်းကြီးဘေးတွင် စတာချရာ မြစ်က ကပ်၍ စီးဆင်းနေသောကြောင့် သူတို့သည် 'စပရင်း' ရာသီတွင် ငါးမျှားကြသည်။ နွေရာသီတွင် ရေကူးကြသည်။ ဆောင်းရာသီရောက်တော့ ရေခဲပြင်စကိတ်စီးကြသည်။ သူတို့နှစ်ယောက် ရေခဲပြင်ပေါ်တွင် စကိတ်စီး၍ ပြေးလွှားနေကြချိန်တွင် ဖလော်ရင်တီနာက ကမ်းစပ်မှထိုင်ပြီး ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေတတ်သည်။

လီယွန်က မြန်လည်းမြန်သည်။ သန်လည်း သန်သည်။ ထို့ကြောင့် ပြေးလျှင်လည်း မမော၊ ရေကူးလျှင်လည်း လက်ပန်းမကျ။ ဝလာဒက်ကတော့ ရေခဲပြန်ပေါ် တဗုန်းဗုန်းနှင့် ခဏခဏ လဲကျသည်။ ရေကူးပြန်တော့လည်း တစ်ဝက်မရောက်ခင် ဟောဟဲလိုက်နေတတ်သည်။

အားခွန်စိုက်ထုတ်၍ ကစားရာတွင် သူ့အနေဖြင့် လီယွန်အပေါ် ဘယ်တော့မှ မကျော်နိုင်ကြောင်း ဝလာဒက်က ကောင်းစွာ သဘောပေါက်မိသည်။ တစ်ချိန်တည်းတွင် သူ့ကိုယ်သူလည်း ခွန်အားရှိအောင် လေ့ကျင့်ရမည်ဆိုသည်ကိုပါ အလေးအနက် ခံယူမိသည်။

ထို့ကြောင့်ပင် အခန်းတံခါး အလုံပိတ်ပြီး မှန်ရှေ့တွင်ရပ်ကာ တစ်ယောက်တည်း ကျိတ်၍ အားကစားလေ့ကျင့်ခန်းလုပ်သည်။ ယင်းသို့ လုပ်ရင်း သူ့ရင်ဘတ်ပေါ်တွင် နို့သီးခေါင်းတစ်လုံး မရှိတာ မြင်ရပြန်တော့ စိတ်ဓာတ်တွေ ကျသွားမိပြန်သည်။ တခြားကလေးတွေမှာ နို့သီးခေါင်းနှစ်လုံးရှိလျက်သားနှင့် ငါ့ကျတော့မှ ဘာကြောင့် တစ်လုံးတည်းဖြစ်နေရတာပါလိမ့်။

သူသည် အိပ်ရာပေါ်တွင် ပက်လက်လှန်ရင်း အိပ်မပျော်တိုင်း သူ့ရင်ဘတ်ကို လက်ဖြင့် မသိမသာ ပွတ်ကြည့်နေတတ်သည်။ ယင်းသို့ ပွတ်ကြည့်တိုင်းလည်း အားငယ်စိတ်တွေ ဝင်လာပြီး မျက်ရည်တွေ ထွေထွေစီးကျလာကာ ခေါင်းအုံးတစ်ခုလုံး ရွှဲရွှဲစိုနေတော့သည်။ နောက်ဆုံးတော့ မနက်မိုးလင်းလျှင် နို့သီးခေါင်းတစ်လုံး ရောက်လာပါစေကြောင်း ဘုရားသခင်ထံတွင် ဆုတောင်းရင်း အိပ်ပျော်သွားသည်။ သို့သော် မနက်မိုးလင်းတော့လည်း သူ့ဆုတောင်းက မပြည့်။

သူသည် ညစဉ်ညတိုင်း အားကစားချိန် တစ်ချိန်သတ်မှတ်ပြီး တစ်ယောက်တည်း အမြဲတမ်းလေ့ကျင့်သည်။ အရပ်ရှည်လာအောင်အတွက် အိပ်ခန်းထဲမှ ရက်မကို လက်နှင့်ဆွဲပြီး ကိုယ်ကို ကွေးလိုက် ဆန့်လိုက်လုပ်သည်။ လက်မောင်းနှင့် ခြေသလုံးကြွက်သားတွေ တက်လာ

အောင်လည်း နည်းအမျိုးမျိုးဖြင့် လေ့ကျင့်သည်။ လက်တွေ့အားဖြင့် ထူးခြားမှုမရှိလှသော်လည်း သူ့စိတ်ထဲကတော့ ယခင်ကထက် အများကြီး ထူးခြားလာသည်ဟု ယုံကြည်နေသည်။ သို့သော် လီယွန်ကိုတော့ ဘယ်တော့မှ ယှဉ်နိုင်မည်မဟုတ်။ လီယွန်က ဘာလေ့ကျင့်ခန်းမှမလုပ်ဘဲ အိပ်နေရင်းမှပင် အလိုလို အရပ်ရှည်လာပြီး ခန္ဓာကိုလည်း တစ်နေ့တခြား ထွားကျိုင်းလာသလို ထင်ရသည်။ သူဘယ်လောက်ပင် ကြိုးစားကြိုးစား လီယွန်ကတော့ သူ့ထက် အမြဲတမ်း ခေါင်းတစ်လုံး မြင့်နေလိမ့်မည်။ ပြီးတော့ မရှိသော နို့သီးခေါင်းတစ်လုံးကလည်း ဒီတစ်သက် ဘယ်နည်းနှင့်မျှ ပေါ်ထွက်လာနိုင်စရာမရှိတော့။

သို့သော် သူ၏ ရုပ်အင်္ဂါ ချွတ်ယွင်းမှုအတွက် ယခင်ကလောက်တော့ စိတ်မချမ်းသာစရာ မဖြစ်မိတော့။ သူ၏ အချစ်ဆုံးမိတ်ဆွေ လီယွန်ကလည်း သူ၏ အင်္ဂါချွတ်ယွင်းချက်ကို တစ်ကြိမ် တစ်ခါမျှ ဖော်ထုတ်ပြောဆိုခြင်းမရှိ။ လီယွန်သည် သူ့အား အကြွင်းမဲ့ ချစ်ခင်သော မိတ်ဆွေကောင်းတစ်ယောက်ပါကလား။

ဘာပဲဖြစ်ဖြစ် သူ့ဘဝကိုတော့ သူအတော်ကလေး ကျေနပ်မိသည်။ နယ်စားကြီးကလည်း သူ့အပေါ်၌ သားအရင်းတမျှ ချစ်ခင်နေပြီ။ လီယွန်၏ မိခင်သည် သားယောကျ်ားလေး မွေးဖွားရင်း မိခင်ရော ကလေးပါ သေဆုံးသွားကြသည်။ သေဆုံးသော လီယွန်၏ ညီကလေးအတွက် ဝလာဒက်အစားရောက်လာသည်ဟု နယ်စားကြီးက သဘောပိုက်ကာ ဝလာဒက်အား အချစ်ပွားနေခြင်းပင်ဖြစ်သည်။

ညစဉ် ညတိုင်း ကလေးနှစ်ယောက်သည် ဖခင်ကြီးနှင့်အတူ ကျောက်စလင်းနံရံကာ ခန်းမကျယ်ကြီးထဲတွင် ညစာ စားကြသည်။ လှုပ်ရှားနေသော ဖယောင်းတိုင် မီးရောင်အောက်တွင် နံရံပေါ်မှ တိရစ္ဆာန်ဦးခေါင်းတွေကို အလင်းတစ်ဝက် အရိပ်တစ်ဝက် မြင်နေရသည်။ အိမ်တော်စေများက ငွေလင်ဗန်းနှင့် ရွှေပန်းကန်တွေကို သယ်ယူလာကြပြီး စားပွဲကြီးပေါ်တွင် ဟင်းခွက်တွေ တစ်မျိုးပြီးတစ်မျိုး လာချကြသည်။

ညစာစားပြီးတော့ နယ်စားကြီးက ကလေးနှစ်ယောက်အား ပိုလန်လူမျိုးတို့၏ သမိုင်းပုံပြင်တွေကို ပြောပြသည်။ ဝလာဒက်က 'တာဒဲယပ် ကော်ကျူစကို' အကြောင်းကို ပြောပြရန် အမြဲလိုလို တောင်းဆိုတတ်သည်။

"သူက တို့ ပိုလန်လူမျိုးတို့ရဲ့ ကြီးကျယ်မြင့်မြတ်တဲ့ မျိုးချစ်အာဇာနည် သူရဲကောင်းကြီးပေါ့ကွဲ့" နယ်စားကြီးက ဂုဏ်ယူဝင့်ကြွားသော အသံဖြင့် ပြောပြသည်။ "သူဟာ ပြင်သစ်နိုင်ငံမှာ စစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်ပြီးတော့ ပိုလန်နိုင်ငံ လွတ်မြောက်ရေးအတွက် အသက်စွန့်ပြီး တိုက်ပွဲဝင်သွားခဲ့တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်တယ်"

ဝလာဒက်က ကြားဖြတ်ပြီး...

"ပြင်သစ်နိုင်ငံဟာ ကျွန်တော်တို့နိုင်ငံကို ကူညီလို့ ပြင်သစ်လူမျိုးတွေကို ကျွန်တော်တို့က မိတ်ဆွေလိုပဲ သဘောထားတယ်၊ ရုရှနဲ့ ဩစတြေလျ လူမျိုးတွေကိုတော့ ရန်သူလို့ပဲ သဘောထားတယ်"

"ဒါနဲ့... နေစမ်းပါဦးကွဲ့၊ အခု ပုံပြောနေတာက ဘယ်သူက ဘယ်သူတွေကို ပြောနေ

တာလဲ ကလေးရဲ့" နယ်စားကြီးက ရယ်ပြီး မေးလိုက်သည်။ ပြီးတော့ ဆက်ပြောသည်။ "ပြီးတော့ သူဟာ အမေရိကန်ပြည်သူတွေရဲ့ လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီ ထွန်းကားရေးအတွက် ဗိုလ်ချုပ်ကြီး ဂျော့ဝါရှင်တန်ဘက်က ဝင်ပြီး ကူညီတိုက်ခိုက်ခဲ့တယ်၊ ၁၇၆၂ ခုနှစ်က 'ဒူဘီရင်ကာ' တိုက်ပွဲမှာ ပိုလန်တပ်မတော်ကို ဦးဆောင်ခဲ့တယ်၊ တို့ရဲ့ အကျင့်ပျက်တဲ့ဘုရင် စတန်နစ္စလတ်ဩဂတ်စ်ထ' က အမျိုးသား သစ္စာဖောက်ပြီး ရုရှတွေနဲ့ ပူးပေါင်းသွားတုန်းကလဲ ကော်ကျူစကိုဟာ အမိနိုင်ငံကို ပြန်လာပြီး ဇာဘုရင်ရဲ့ နယ်ချဲ့စိုးမိုးမှု ထမ်းပိုးကိုရိုက်ချိုးခဲ့တယ်။ သူ ဘယ်တိုက်ပွဲမှာ အောင်ပွဲခံလိုက်သလဲ လီယွန်"

"ရက်ကလာဝိုက်စ် တိုက်ပွဲမှာပါ... ဖေဖေ၊ ပြီးတော့ သူက ဝါဆောမြို့တော်ကို ပြန်ပြီး သိမ်းယူလိုက်တယ်"

"ဟုတ်တယ်...တော်တော် တော်တဲ့ကလေးပဲ၊ အဲ... ဒါပေမယ့် ရုရှတွေက မာစေဂျိဝိုက်စ် တိုက်ပဲမှာ အလုံးအရင်းနဲ့ အင်အားဖြည့်ပြီး ပြန်တိုက်တော့ တို့ရဲ့ ခေါင်းဆောင်ကြီးလဲ သုံ့ပန်းအကျဉ်းသားအဖြစ် အဖမ်းခံလိုက်ရရှာတယ်၊ တို့အဘိုးရဲ့ အဘီလဲ အဲဒီတိုက်ပွဲမှာ ဗိုလ်ချုပ်ကြီး ကော်ကျူစကိုနဲ့အတူ ပါဝင်တိုက်ခိုက်ကဲ့တယ်။ နောက်တော့ ဗိုလ်ချုပ်ကြီး ဒါဘရော့စကီးတပ်မှာ ပါဝင်ပြီး နပိုလီယံဘက်က ကူညီတိုက်ခိုက်ပေးခဲ့တယ်"

ဝလာဒက်က ကြားဖြတ်၍ ပြောပြန်သည်။

"အဲဒီလို ပိုလန်နိုင်ငံအကျိုးကို ထမ်းရွက်ခဲ့တဲ့အတွက် သူ့ကို 'နယ်စားကြီး ရို့စနော့စကီး' ဆိုတဲ့ ဘွဲ့ထူးနဲ့ ဂုဏ်ပြုခဲ့တယ်၊ ဒီဘွဲ့ထူးဟာဆိုရင် ဖေဖေကြီးတို့မိသားစုအနေနဲ့ အဲဒီသမိုင်းဝင်နေ့ရက်တွေကို ဘယ်တော့မှ မမေ့နိုင်တော့တဲ့ ဘွဲ့ထူးပေါ့နော်" ဝလာဒက်၏ စကားတွင် ယင်းဘွဲ့ထူးသည် တစ်နေ့နေ့တွင် သူ့ထံသို့ မလွဲမသွေ ရောက်လာမည့် လေသံမျိုးပါနေသည်။

"ဟုတ်ပါတယ်... အဲဒီ သမိုင်းဝင်နေ့တွေဟာ တစ်နေ့တော့ ပြန်ရောက်လာလိမ့်ဦးမယ်" နယ်စားကြီးက တည်ငြိမ်သော အသံဖြင့် ပြောသည်။ "အဲဒီနေ့တွေ ရောက်လာတဲ့အထိ ငါ အသက်ရှည်ရှည် နေရပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ"

✧ ✧ ✧

ခရစ်စမတ်ပွဲတော်ရက် ရောက်တော့ နယ်စားကြီးခြံတွင် အလုပ်လုပ်သော လယ်သမား မိသားစုတွေ တစ်စုတစ်ဝေးကြီး ရဲတိုက်ကြီးသို့ ရောက်လာကြသည်။ ခရစ်စမတ် အကြိုညတွင် သူတို့အားလုံး ဥပုသ်စောင့်ကြသည်။ ကလေးတွေက ပြတင်းပေါက်များမှထွက်ပြီး အရှေ့ဘက်ဦးတွင် ပထမဆုံး ထွက်ပေါ်လာသောကြယ်ကို တပျော်တပါး စောင့်မျှော်ကြည့်ရှုကြသည်။ ကြယ်ထွက်လာချိန်သည် ဥပုသ်ထွက်၍ အစားအစာ စတင်စားသောက်ကြရမည့် အချိန်ဖြစ်သည်။

ကြယ်ထွက်ချိန်ရောက်သောအခါ နယ်စားကြီးက အားလုံးအတွက် ဆုတောင်းမေတ္တာပို့သည်။ ထို့နောက် စားဖွယ်သောက်ဖွယ် အမျိုးစုံတို့ကို လက်ရေတပြင်တည်း တပျော်တပါး စားသောက်ကြသည်။ ဂျာစီယိုကော်စကေဝစ်သည် နှစ်ပေါင်းများစွာ ထမင်းငတ်နေခဲ့သူ တစ်ယောက်ကဲ့သို့ ဟင်းခွက်ပေါင်း ၁၃ မျိုးကို တစ်ခွက်မကျန် အငမ်းမရ စားသောက်သည်ကို မြင်ရသော

ဝလာဒက်မှာ အံ့အားကြီးသင့်နေမိသည်။

စားသောက်ပွဲပြီးတော့ ခရစ်စမတ် ပဒေသာပင်မှ လက်ဆောင်ပစ္စည်းမျိုးစုံကို ကလေးများအား ဝလာဒက်က ဝေပေးရသည်။ ဆိုဖီယာအတွက် အရုပ်ကလေးတစ်ခု၊ ဂျိုးဇက်အတွက် အမဲလိုက် ဓားမြှောင်တစ်ချောင်း၊ ဖလော်ရင်တီနာအတွက် အဝတ်တစ်စုံ။

ဂျိုးဇက်က ဝလာဒက်ပေးသော ဓားမြှောင်လက်ဆောင်ကိုရသောအခါ မကျေမနပ်သံဖြင့် မိခင်ဖြစ်သူအား ပြောသည်။

"တွေ့လား... မေမေ၊ ကျွန်တော်တို့ထင်တဲ့အတိုင်းပဲ၊ သူဟာ ကျွန်တော်တို့ရဲ့ ညီအရင်း မဟုတ်ဘူးဆိုတာ သိရပြီ မဟုတ်လား"

မိခင်ဖြစ်သူက လေသံအေးအေးဖြင့်

"ဟုတ်ပါတယ် သားရယ်၊ ဒါပေမယ့် မေမေကတော့ သူ့ကို သားအရင်းလိုပဲ ချစ်တာပဲ၊ တစ်သက်လုံးလဲ ချစ်နေမှာပဲ"

◆ ◆ ◆

၁၉၁၄ ခုနှစ်။

ဆောင်းရာသီနှင့် နွေဦးပေါက်ရာသီတွေ ကုန်လွန်ခဲ့ပြီ။ ထိုကာလအတွင်း ဝလာဒက်သည် ကိုယ်ခန္ဓာလည်း ထွားကျိုင်းလာခဲ့သည်။ ပညာလည်း တိုးတက်လာခဲ့သည်။

သည်လိုနှင့် ဇူလိုင်လထဲရောက်လာတော့ ဂျာမန် ဆရာတစ်ယောက် ရဲတိုက်ကြီးမှ ရုတ်တရက် ထွက်ခွာသွားခဲ့သည်။ ဘယ်သူ့ကိုမျှလည်း နှုတ်ဆက်၍ပင် မသွားခဲ့။ သူယခုလို ထွက်ခွာသွားသည်မှာ ဘာကြောင့်လဲ မသိ။

ဆားဗီးယားပြည်နယ်၊ ဆာရာဂျီဘိုမြို့တွင် အိမ်ရှေ့စံမင်းသား ဖရန်စစ်ဖာဒီနန်အား မင်းမဲ့ဝါဒီ ကျောင်းသားတစ်ယောက်က လုပ်ကြံသတ်ဖြတ်ကြောင်း ပိုလန်ဆရာက ပြောပြ၍ သိခဲ့ကြရသည်။ သို့သော် ဂျာမန်ဆရာ ရုတ်တရက် ထွက်ခွာသွားခြင်းသည် ယင်းလုပ်ကြံမှုနှင့် ဆက်စပ်နေသည်ဟူသော အချက်ကိုကား လီယွန်နှင့် ဝလာဒက်တို့အနေဖြင့် တွေးပင် မတွေးမိကြ။

နယ်စားကြီး၏ အခြေအနေလည်း ပြောင်းလဲလာသည်။ သူ့မျက်နှာသည် သုန်သုန်မှုန်မှုန်နှင့် ညှိုးငယ်သောအသွင်ကို ဆောင်လာသည်။ ဘာကြောင့်ဆိုတာကို ဘယ်သူမှ မသိရ။ တစ်ချိန်တည်းတွင် လီယွန်နှင့် ဝလာဒက်တို့၏ အချစ်တော်များ ဖြစ်ကြသော လူငယ် အိမ်တော်စေများလည်း တစ်ယောက်ပြီးတစ်ယောက် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကြသည်။ သူတို့ ဘာအတွက်ကြောင့် ဘယ်လို ထွက်သွားကြမှန်း လီယွန်လည်းမသိ၊ ဝလာဒက်လည်း မသိ။

သည်လိုနှင့် တစ်နှစ်ဟောင်း၍ တစ်နှစ် သစ်ခဲ့သည်။

လီယွန်လည်း ယခင်ထက် အရပ်ရှည်လာခဲ့သည်။ ဝလာဒက်လည်း ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းလာခဲ့သည်။ တစ်ချိန်တည်းတွင် ကလေးနှစ်ယောက်၏ ပညာရေးလည်း တိုးတက်လာခဲ့

ပြီး အသိဉာဏ်လည်း ရင့်သန်လာခဲ့ကြသည်။

၁၉၁၅ ခုနှစ်၊ နွေရာသီတစ်နေ့တွင် နယ်စားကြီးသည် ဝါဆောမြို့သို့ ခရီးထွက်သွားခဲ့သည်။ သူက အလုပ်ကိစ္စများ စီစဉ်ညွှန်ကြားရန်ဟူ၍ ကလေးနှစ်ယောက်အား ပြောသွားသည်။ နယ်စားကြီး ပြန်ရောက်မည့်ရက်ကို ဝလာဒက်သည် နေ့စဉ်နေ့တိုင်း ပြက္ခဒိန်တွင် အမှတ်အသားပြု၍ ရေတွက်စောင့်မျှော်နေမိသည်။ နယ်စားကြီးသည် စုစုပေါင်း ၂၅ ရက်တိတိကြာမှ ပြန်ရောက်လာခဲ့သည်။

နယ်စားကြီးသည် ဝါဆောမြို့တော်မှ ပြန်ရောက်လာပြီးနောက် ပို၍ အိုစာလာသလို ထင်ရသည်။ မျက်နှာလည်း တစ်နေ့ထက် တစ်နေ့ ညှိုးနွမ်းလာသည်။

နောက် ရက်သတ္တတစ်ပတ်လောက် ကြာသောအခါ နယ်စားကြီးနှင့် အိမ်တော်စေအကြီးအကဲများသည် မကြာခဏဆိုသလို တိုးတိုးတိတ်တိတ် ကျိတ်၍ တိုင်ပင်ဆွေးနွေးကြသည်ကို မြင်တွေ့ရသည်။ ဘာအကြောင်း ဘာကိစ္စရပ်လို့ ဘယ်သူမှ မသိကြ။ လီယွန်နှင့် ဝလာဒက်တို့မှာ အကြောင်းမသိဘဲနှင့် အလိုလို စိုးရိမ်စိတ်ဝင်လာမိကြလေသည်။ အထူးသဖြင့် ဝလာဒက်အဖို့ ပို၍ စိုးရိမ်စိတ်ဖြစ်လာမိသည်။ သူ့အား နယ်စားကြီးက ယာတောတဲအိမ်သို့များ ပြန်ပို့ရန် စီစဉ်နေကြတာများလားဟူသော အတွေးက သူ့ကို အချိန်တိုင်း ခြောက်လှန့်နေသောကြောင့် ဖြစ်လေသည်။

နောက် သုံးလေးရက်ခန့်ကြာသောအခါ လီယွန်နှင့် ဝလာဒက်တို့အား ခန်းမဆောင်သို့ လာခဲ့ကြရန် နယ်စားကြီးက ခေါ်ယူသည်။ ကလေးနှစ်ယောက်မှာ ကြောက်ကြောက်လန့်လန့်ဖြင့် နယ်စားကြီးရှေ့မှောက်သို့ လာရောက်ကြရသည်။

သူတို့သည် ခရီးရှည်တစ်ခုကို အခြေအနေအရ သွားကြရတော့မည်ဖြစ်ကြောင်း နယ်စားကြီးက ပြောပြသည်။ ဘာကြောင့်သွားရမည်ဟူသော အချက်ကိုကား လုံးဝရှင်းမပြ။

"သားတို့… တို့အဖို့ မလုပ်မဖြစ်တဲ့ အလုပ်တစ်ခုကို လုပ်ကြရတော့မယ်" နယ်စားကြီးက ညှိုးငယ်သော မျက်နှာ တည်ငြိမ်သောအသံဖြင့်ပြောသည်။ "ဂျာမနီနဲ့ ဩစတြီးယား နိုင်ငံတွေဟာ စစ်ကျူးပြီး ရန်လိုတဲ့ နိုင်ငံတွေဆိုတာ သားတို့အသိပဲ၊ အခုဆိုရင် အဲဒီနှစ်နိုင်ငံဟာ တို့နိုင်ငံကို စစ်ပြုဖို့ ချီတက်လာကြပြီ၊ မကြာခင်မှာ ဝါဆောမြို့ထဲဝင်လာပြီး ပိုလန် ပြည်သူတွေကို နှိပ်စက်ကြတော့မယ်"

ဂျာမန်ဆရာ ပြန်မသွားခင်ကလေးက ပိုလန်ဆရာနှင့် ဘာအကြောင်းမှန်းမသိ အပြင်းအထန် ဆွေးနွေးကြရာတွင် ပိုလန်ဆရာက ဂျာမန်ဆရာအား ရင့်ရင့်သီးသီး ဝေဖန်ပြောဆိုခဲ့သည်ကို ဝလာဒက်က ပြန်လည် အမှတ်ရမိသည်။

"ဒီလိုဆိုရင်… ရေခဲပြင်အောက်မှာနေရတဲ့ ဥရောပတိုက်သားတွေက ကျွန်တော်တို့နိုင်ငံကို ကျူးကျော်တိုက်ခိုက်ကြတော့မှာပေါ့၊ ဟုတ်လား ဖေဖေကြီး" ဝလာဒက်က မေးလိုက်သည်။

နယ်စားကြီးက ကလေးငယ်၏ ရိုးသား၍ အပြစ်ကင်းမဲ့သော မျက်နှာကို ကြင်နာစွာဖြင့်ကြည့်ရင်း

"နယ်ချဲ့ကျူးကျော်သူတွေက တို့နိုင်ငံကို နှစ်ပေါင်း ၁၅၀ တိုင်တိုင် ချုပ်ချယ်စိုးမိုးခဲ့ပေမယ့် တို့လူမျိုးတွေရဲ့ မျိုးချစ်စိတ်ဟာ ပျောက်ကွယ်မသွားခဲ့ပါဘူး။ ဒါပေမယ့် လောလောဆယ်မှာ ပိုလန်နိုင်ငံဟာ ကျူးကျော်သူကို ပြန်လည်တိုက်ခိုက်နိုင်တဲ့ *အင်အားမရှိဘူး။* တို့နိုင်ငံကို အင်အားကြီးသုံးနိုင်ငံဖြစ်တဲ့ ရုရှ၊ ဩစတြီးယား၊ ဟန်ဂေရီတို့က လေးဘက်လေးတန် ဝိုင်းထားကြပြီ"

"ဒါပေမယ့် ကြောက်စရာမလိုပါဘူး ဖေဖေ" လီယွန်က ပြောသည်။ "ကျွန်တော်တို့က ပြန်တိုက်နိုင်ပါတယ်၊ ကျွန်တော်တို့မှာ သစ်သားဓားရှည်ကြီးတွေရော၊ ဒိုင်းကြီးတွေရော ရှိပါတယ်"

"အဲဒီလို မဟုတ်ဘူးသား၊ သားတို့က စစ်တိုက်တမ်းကစားတာပဲရှိသေးတာ၊ တကယ်စစ်ပွဲကို မကြုံဖူးသေးဘူး၊ အခု စစ်ပွဲက ကလေးတွေကစားတဲ့ စစ်ပွဲမျိုးမဟုတ်ဘူး၊ အဲဒီတော့ တို့အနေနဲ့ ဒီနေရာက အမြန်ဆုံးထွက်သွားမှ ဖြစ်တော့မယ်၊ တို့နိုင်ငံရဲ့ ကံကြမ္မာကို သမိုင်းက အဆုံးအဖြတ်ပေးတဲ့နေ့အထိ တစ်နေရာကို ရှောင်သွားကြရလိမ့်မယ်၊ ဒီအရေးအခင်းကြီးထဲမှာ သားတို့ရဲ့ဘဝ မဆုံးရှုံးပါစေနဲ့လို့ပဲ ဖေဖေ ဆုတောင်းမိပါတယ်"

နယ်စားကြီး၏ စကားကြောင့် လီယွန်ရော၊ ဝလာဒက်ပါ ကြောက်လည်း ကြောက်မိသည်။ ဒေါသလည်း ထွက်မိသည်။ တစ်ချိန်တည်းပင် သူတို့ရဲတိုက်ကြီးမှ ထွက်သွားလျှင် တကယ့်စစ်ပွဲကြီးကို မြင်ရတော့မည် မဟုတ်ဟူ၍ တွေးပြီးလည်း မချင့်မရဲ ဖြစ်မိကြသည်။

✧ ✧ ✧

ခရီးထွက်ရန်အတွက် အိမ်တော်စေများက နယ်စားကြီး၏ပစ္စည်းများကို ရက်ပေါင်းများစွာ ထုပ်ပိုးပြင်ဆင်ကြရသည်။ လာမည့် တနင်္လာနေ့တွင် ဂရိုဒနိုမြို့မြောက်ပိုင်းရှိ နယ်စားကြီး၏ နွေရာသီစံအိမ်ကလေးသို့ ခရီးထွက်ကြရမည်ဖြစ်ကြောင်း လီယွန်နှင့် ဝလာဒက်တို့ သိကြရသည်။

သည်ကြားထဲတွင် ကလေးနှစ်ယောက်တို့သည် ယခင်အတိုင်းပင် စာသင်မြဲသင်ကြသည်။ ကစားမြဲ ကစားကြသည်။ သို့သော် သူတို့နှစ်ယောက်စိတ်ထဲတွင် မတင်မကျဖြစ်နေသော မေးခွန်းနှင့်ပတ်သက်၍ အမှန်ကိုဖြေဆိုနိုင်သူကား တစ်ယောက်မျှမရှိ။

✧ ✧ ✧

စနေနေ့နံနက်ပိုင်း

ထိုအချိန်တွင် လီယွန်နှင့် ဝလာဒက်တို့သည် ပိုလန်ဆရာရှေ့တွင် စာသင်နေကြသည်၊ အဒမ်မစ်ကေဗစ်ရေးသားသော "အာဇာနည်သူရဲကောင်းကြီး တာဒဲယပ်ကော်ကျူစကို" အတ္ထုပ္ပတ္တိကို လက်တင်ဘာသာသို့ ပြန်ဆိုနေကြစဉ်တွင် သေနတ်သံများ ကြားလိုက်ရသည်။

ပထမတွင် ခြံဝင်းကြီးထဲ၌ တစ်ယောက်ယောက် အမဲလိုက်နေ၍ ကြားရသော သေနတ်သံဖြစ်မည်ဟု ဝလာဒက်က ထင်မှတ်လိုက်သည်။ ယခင်ကလည်း သည်လိုပင် မကြာခဏ

ကြားခဲ့ရသည်။

သို့ဖြင့် သူတို့သည် အမှုမဲ့ အမှတ်မဲ့ နေလိုက်ကြပြီး ကဗျာသင်ခန်းစာကို ဆက်လက်လေ့လာကြသည်။

သေနတ်သံများကြားရပြန်သည်။ သည်အကြိမ်တွင် ပထမအကြိမ်ထက် ပို၍ နီးလာသလို ထင်ရသည်။ ထို့ကြောင့် ခေါင်းထောင်ကာ နားစွင့်နေလိုက်ကြသည်။

ရဲတိုက်အောက်ဘက်မှ အော်သံ ငိုသံများ ပေါ်ထွက်လာသည်။ သူတို့သည် ဝေခွဲမရဟန်ဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

ဤတွင် သူတို့ဆရာသည် ဘာမပြော ညာမပြောနှင့် ထိုင်ရာမှထပြီး အခန်းထဲမှ အလျင်အမြန်ထွက်သွားသည်။

ထို့နောက် သေနတ်သံများကြားရပြန်သည်။ သည်တစ်ကြိမ်တွင် သေနတ်သံများမှာ သူတို့ စာသင်နေသော အခန်းအပြင်ဘက် စင်္ကြံဆီမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

ကလေးနှစ်ယောက်သည် အသက်ပင် မရှူရဲ နေရာတွင် မလှုပ်မယှက် ထိုင်မြဲထိုင်နေကြသည်။

ထိုအခိုက် အခန်းတံခါး ဝုန်းကနဲ ပွင့်သွားသံနှင့်အတူ သူတို့ဆရာအရွယ်လောက်ရှိသော လူတစ်ယောက် သွေးရူးသွေးတန်းဝင်ရောက်လာသည်။ ထိုသူသည် စစ်ယူနီဖောင်းဝတ်ထားပြီး ခေါင်းပေါ်တွင် သံခမောက်ဆောင်းထားသည်။ လက်ထဲမှာတော့ သေနတ်ကြီးကိုင်လို့။

ဝလာဒက်က ရုတ်တရက် ဝင်လာသူအား ကြောင်ကြောင်ကြီး ကြည့်နေစဉ် လီယွန်ဝလာဒက်၏ ကိုယ်ပေါ်သို့ ခုန်တက်ပြီး ဖက်ထားလိုက်သည်။

စစ်သားက ကလေးများအား ဂျာမန်စကားဖြင့် 'မင်းတို့ ဘယ်သူတွေလဲ'ဟု အော်ငေါက်ပြီး မေးသည်။ ကလေးနှစ်ယောက်က ဂျာမန်စကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ရေးတတ်သော်လည်း ဘာမှ ပြန်မပြောဘဲ နှုတ်ပိတ်နေလိုက်ကြသည်။

ထိုစစ်သားက ကလေးနှစ်ယောက်အနီးသို့ တိုးဝင်လာသည်။ ထိုစဉ် နောက်ထပ် စစ်သားတစ်ယောက် ဝင်ရောက်လာပြန်သည်။ စစ်သားနှစ်ယောက်တို့သည် ကလေးများအား လည်ကုပ်မှ ဆွဲကိုင်ပြီး အပြင်ဘက်သို့ ဆွဲထုတ်လာခဲ့ကြသည်။ ထို့နောက် လှေကားအတိုင်းဆွဲချလာပြီး ရဲတိုက်ရှေ့ရှိ ပန်းခြံထဲသို့ ခေါ်လာကြသည်။

ပန်းခြံထဲတွင် ဖလော်ရင်တီနာ ရောက်နှင့်နေပြီ။ သူမသည် သွေးရူးသွေးတန်းဖြင့် အော်ဟစ်ငိုယိုနေသည်။ သူမ၏ ရှေ့မှမြက်ခင်းပြင်ပေါ်တွင်ကား မြေကြီးနှင့် မျက်နှာအပ်ကာမှောက်လျက်သား သေနေကြသော အလောင်းကောင်များ...။

အားလုံးလိုလို ရဲတိုက်ကြီးမှ အိမ်တော်စေများဖြစ်ကြသည်။

လီယွန်က မကြည့်ရဲ၍ ဝလာဒက်၏ ပခုံးတွင် မျက်နှာအပ်ထားလိုက်သည်။

သွေးအိုင်ထဲတွင် မုတ်ဆိတ်မွေး ဗရပျစ်နှင့် မှောက်လျက်ကြီးသေနေသော လူတစ်ယောက်ကို မြင်လိုက်ရသောအခါ ဝလာဒက်သည် ထိတ်ကနဲ ဖြစ်သွားပြီး ကြက်သေသေနေမိသည်။

ထိုသူကား အခြားသူမဟုတ်။ သူ၏ မွေးစားဖခင် ဂျာစီယို...။

"ဖေဖေ သေသွားပြီ... မောင်လေးရဲ့၊ ဖေဖေ သေသွားပြီ... အမယ်လေး ဖေဖေရေ ကံဆိုးလှချည့်လား ဖေဖေရဲ့"

ဖလော်ရင်တီနာက ရင်ဘတ်စည်းတီး ဆို့ဆို့နင့်နင့် အော်ငိုနေသည်။

ဝလာဒက်က အလောင်းတွေဆီသို့ ကျိုးကန်းတောင်းမှောက် ကမန်းကတန်း မျက်လုံးကစားကြည့်လိုက်သည်။

တော်ပါသေးရဲ့၊ နယ်စားကြီးအလောင်းကို လုံးဝမတွေ့ရ။

သည်အကြောင်းကို ဝမ်းပန်းတသာဖြင့် လီယွန်အား ပြောပြမလို့ စိတ်ကူးမိရုံရှိသေး စစ်သား တစ်ယောက်က သူတို့ရှေ့သို့ လျှောက်လာပြီး...

"ရဲတိုက်ပိုင်ရှင် ဘယ်သူလဲ"

"မသိဘူး" ဝလာဒက်က ခတ်ပြတ်ပြတ် ပြန်ပြောလိုက်သည်။

စစ်သားက သူ့လက်ထဲမှ ရိုင်ဖယ်သေနတ်ကို မြှောက်လိုက်ပြီး...ဝလာဒက်၏ ဦးခေါင်းကို သေနတ်ဒင်နှင့် လွဲရိုက်လိုက်သည်။ ဝလာဒက်၏ မျက်နှာပေါ်သို့ သွေးတွေစီးကျလာပြီး မြေကြီးပေါ်သို့ ပုံ့လျက်သား လဲကျသွားသည်။ နယ်စားကြီး ဘယ်များရောက်နေပါလိမ့်။ ဘာတွေများ ဖြစ်နေပါလိမ့်။ ဒီ ဂျာမန်စစ်သားတွေက တို့ကို အပြစ်မရှိဘဲ ဘာဖြစ်လို့ ရက်ရက်စက်စက် နှိပ်စက်နေပါလိမ့်။

ဝလာဒက်က နေရာမှ မထနိုင်မီ စစ်သားက နောက်တစ်ချက် ထပ်ရိုက်ရန် ရွယ်လိုက်စဉ်တွင် လီယွန်က ကာကွယ်သည့်အနေဖြင့် ဝလာဒက်၏ ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်ရာ ရိုက်ချက်က ဝလာဒက်ကိုမထိဘဲ လီယွန်၏ ဦးခေါင်းကို ပြင်းထန်စွာ ထိသွားတော့သည်။ လီယွန်သည် ဝလာဒက်၏ ကိုယ်ပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွားလေသည်။

ကလေးနှစ်ယောက်သည် မြေကြီးပေါ်တွင် မလှုပ်မယှက် လဲလျက်ရှိကြသည်။ ဝလာဒက်မှာ ခေါင်းမှ ဒဏ်ရာကြောင့် မူးနောက်ရီဝေနေပြီး လီယွန်၏ ခန္ဓာကိုယ်အောက်တွင် ပိနေသည်။

လီယွန်ကား သေဆုံးသွားခဲ့လေပြီ။

တခြားစစ်သားတစ်ယောက်က စောစောက စစ်သားအား ဆဲဆိုကြိမ်းမောင်းသံကို ဝလာဒက် ကြားလိုက်ရသည်။

ပြီးတော့ သူတို့နှစ်ယောက်က လီယွန်၏ အလောင်းကို တစ်ဖက်တစ်ယောက် ဆွဲမည်လုပ်ရာ ဝလာဒက်က သူ့မိတ်ဆွေ၏ ကိုယ်ကို အတင်းဆွဲထားသည်။ ဤတွင် စစ်သားများက ဝလာဒက်၏လက်ကို အတင်းဆွဲဖြုတ်လိုက်ကြသည်။ ပြီးတော့ လီယွန်၏အလောင်းကို တခြား အလောင်းတွေအနီးသို့ ဆွဲယူသွားပြီး မှောက်လျက်အနေအထားဖြင့် ပစ်ထားလိုက်ကြသည်။

ဝလာဒက်သည် သူ၏ အချစ်ဆုံး မိတ်ဆွေ၏ အလောင်းကို ဝမ်းနည်းစွာဖြင့် မျက်တောင်မခတ် စိုက်ကြည့်နေသည်။

ထို့နောက်တွင် ဝလာဒက် အပါအဝင် အခြားသုံးလေးယောက်တို့အား ရဲတိုက်ထဲသို့

ခေါ်လာခဲ့ပြီး မြေအောက်အကျဉ်းခန်းထဲသို့ သွင်းကာ အပြင်မှ တံခါးပိတ်ထားလိုက်ကြသည်။ စစ်သားများသည် ဆူဆူညံညံ အော်ဟစ်ပြောဆိုရင်း ပြန်ထွက်သွားကြသည်။

ဝလာဒက်သည် အချုပ်ခန်းထဲ ပတ်ပတ်လည်ကို မျက်လုံးစားကြည့်လိုက်ပြီး သူ့ပါးစပ်မှ 'ဘုရားရေ' ဟူ၍ လွတ်ကနဲ ရေရွတ်လိုက်မိလေသည်။

နယ်စားကြီးသည် သေကံမရောက် သက်မပျောက်ဘဲ အခန်းထောင့်တွင် ငုတ်တုတ်ကြီး ထိုင်လျက်ရှိလေသည်။ သူ့ကို မသတ်ခြင်းမှာ အကျဉ်းသားများအား ကြီးကြပ်ရန် လူကြီးတစ်ယောက် လိုအပ်သောကြောင့်ဖြစ်သည်။

ဝလာဒက်က နယ်စားကြီးအနီးသို့ ကပ်သွားသည်။ အခြားလူတွေကတော့ ခပ်လှမ်းလှမ်းတွင် ထိုင်နေကြသည်။

သူတို့နှစ်ယောက်သည် စကားလုံးဝမပြောဘဲ တစ်ယောက်ကိုတစ်ယောက် တွေတွေကြီး စိုက်ကြည့်နေကြသည်။ သူတို့နှစ်ယောက် ပထမဆုံး စတင်တွေ့ဆုံကြသည့်နေ့ကအတိုင်းပင် ဖြစ်သည်။

ထိုနေ့က အတိုင်းပင် ဝလာဒက်က နယ်စားကြီးဆီသို့ လက်ကို ကမ်းပေးလိုက်သည်။ နယ်စားကြီးက ဝလာဒက်၏ လက်ကို ဆုပ်ကိုင်သည်။

နယ်စားကြီး၏ မျက်နှာပေါ်သို့ မျက်ရည်တွေ တရဟော စီးကျလာကြသည်။

တစ်ယောက်မျှ စကားမပြောကြ။

တူညီသော ဝေဒနာကို နှစ်ယောက်စလုံး ခံစားနေကြရသည်။

လောကတွင် သူတို့နှစ်ယောက်စလုံး၏ အချစ်ဆုံးသော လူတစ်ယောက် သေခြင်းဆိုးဖြင့် မရှုမလှ သေဆုံးသွားခဲ့ရပြီ မဟုတ်ပါလား။

✣

## (၆)

ဝိလျံကိန်းကလေးသည် တစ်နေ့တခြား လျှင်မြန်စွာ သန်မာကြီးထွားလာခဲ့သည်။ သူ့ကို မြင်ရသူမှန်သမျှ ချစ်မဝအောင် ဖြစ်ကြရသည်။ အထူးသဖြင့် မိဘ ဆွေမျိုးများနှင့် အိမ်ဖော်များမှာ လက်ကမချနိုင်အောင် အချစ်သည်းနေကြသည်။

*ဘီကွန့် တောင်ကုန်းပေါ်မှ* လူးဝစ်စတင်ရိုပ်သာရှိ ကိန်းမိသားစုပိုင် ၁၈ ရာစုခေတ် အိမ်ကြီး၏ အပေါ်ဆုံးထပ်မှာ ကစားစရာတွေ အပြည့်ဖြင့် ကလေးထိန်းခန်းအဖြစ်သို့ ပြောင်းလဲသွားသည်။ ကလေးထိန်း အမျိုးသမီးကိုလည်း အင်္ဂလန်နိုင်ငံမှ အထူးတလည် ခေါ်ယူခဲ့သည်။ ကလေးထိန်း အမျိုးသမီးတိုးလာ၍ အခန်းက ကျဉ်းလှသေးသည်ဆိုကာ အိပ်ခန်းတစ်ခန်းနှင့် ဧည့်ခန်းတစ်ခန်းပင် ထပ်မံ တိုးချဲ့လိုက်သေးသည်။

ကလေးပါးစပ်မှ ပထမဆုံး ပြောလာသောအသံ၊ ပထမဆုံးထွက်လာသော သွား၊ ပထမဆုံး လမ်းလျှောက်သော နေ့နှင့် ပထမဆုံးပြောသော စကားတို့ကို မိခင်ဖြစ်သူ အယ်နီက နေ့ရက် အချိန် နာရီနှင့်တကွ အတိအကျ မှတ်တမ်းတင်ထားသည်။ သို့သော် ဘီကွန်တောင်ကုန်းပေါ်မှ အခြားကလေးများနှင့် ထူးထူးခြားခြားကွဲပြားမှုမရှိသည်ကို တွေ့ရသောအခါ အယ်နီက အံ့သြမိသည်။

ကလေး၏ ဖခင်က နေ့စဉ် နေ ၆ နာရီတိုင်း အချိန်မှန်မှန်ကလေးကို လာကြည့်သည်။ သို့သော် သူက ကလေးကို ဘာစကားမှမပြော။ ကလေးငယ်အား ဟိုစကား သည်စကားတွေ ပြော၍ ချော့မြူယုယလျှင် ကလေးအနေဖြင့် အစွဲအလမ်းများပြီး ပင်ကိုယ် ကိုယ်ရည်ကိုယ်သွေး ပျက်စီးသွားနိုင်သည်ဟု ဖခင်ဖြစ်သူက ယူဆသည်။ ထို့ကြောင့် သားအဖနှစ်ယောက် ဘာစကားမှ မပြောဘဲ တစ်ယောက်မျက်နှာကိုသာ တစ်ယောက် စိုက်ကြည့်နေတတ်ကြသည်။ ကလေးက ဖခင်၏ လက်ညှိုးကို သူ့လက်ကလေးဖြင့် ကျစ်ကျစ်ပါအောင် ဆွဲဆုပ်ထားသည်။ ကလေး၏

ဖခင်သည် ဘဏ်တိုက်မှ ငွေစာရင်းများကို စစ်ဆေးသောအခါ ထိုလက်ညှိုးဖြင့်ပင် ထောက်၍ ထောက်၍ စစ်ဆေးတတ်သည်။

သားလေး၏ အပြုအမူကိုကြည့်၍ ရစ်ချက်က ကျေနပ်ပြုံး ပြုံးမိသည်။ ဘမျိုး ဘိုးတူ ဆိုသည့်အတိုင်း ဖခင်ခြေရာနင်းမည့် သားကလေးမဟုတ်လား။

တစ်နှစ်သားရတော့ ကလေးကို ဖခင်နေသော အောက်ထပ်သို့ ဆင်းခွင့်ပြုသည်။

ဖခင်ဖြစ်သူက အနီရင့်ရောင်သားရေဖုံး နောက်မြင့်ကုလားထိုင်ပေါ်တွင် ထိုင်နေသည်။ ကလေးက ခြေမခိုင်လက်မခိုင်ဖြင့် ဖခင်ဆီသို့ ဒယီးဒယိုင် လျှောက်လာသည်။ ဖခင်က သားငယ်ကိုကြည့် သဘောကျနေသည်။ ကြီးလာလျှင် အထက်လွှတ်တော်အမတ်ဖြစ်မည့်သားဟူ၍ မှတ်ချက်ချလိုက်သည်။

ဝီလျံကလေးသည် ၁၃ လသား အရွယ်ရောက်တော့ ဖခင်ဖြစ်သူ၏ ကုတ်အင်္ကျီရှည်ကြီး အစွန်ကိုဆွဲကာ နောက်မှ တဒေါက်ဒေါက် လျှောက်တတ်ပြီ။

ကလေးသည် 'ဒါဒါ' ဟူသော စကားကို ပထမဆုံးပြောသည်။ ဘွားဘွားကိန်းနှင့် ဘွားဘွားကဘော့တို့အပါအဝင် အားလုံးက အလွန်သဘောကျနေကြသည်။ အဘွားနှစ်ယောက်က ရက်ခြားလိုလို မြေးကလေးဆီ လာလည်ကြသည်။

ကလေး နှစ်နှစ်သားအရွယ် ရောက်သောအခါ ကလေးအတွက် အဖော်ရအောင် ညီက လေးဖြစ်ဖြစ်၊ ညီမကလေးဖြစ်ဖြစ် တစ်ယောက်တော့ လိုအပ်ပြီဆိုသည်ကို အဘွားနှစ်ဦးက တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်သောနည်းဖြင့် ပြောလာကြသည်။ တိုက်တိုက်ဆိုင်ဆိုင် အယ်နီမှာ ကိုယ်ဝန်ရှိလာ၍ အဘွားတွေ ဆန္ဒပြည့်ဝပြီး ဝမ်းသာကြရသည်။ သို့သော် ကိုယ်ဝန်လေးလ သားရတော့ အယ်နီသည် မအီမသာ ဖြစ်လာသည်။ ကျန်းမာရေး ချူချာလာသည်။

မီသားစုဆရာဝန် ဒေါက်တာ မက်ကင်ဇီက အယ်နီ၏ ကိုယ်ဝန်ကို စစ်ဆေးစမ်းသပ်ပြီး ပြုံးသည်။ ရက်သတ္တ ၁၆ ပတ်တွင် ကိုယ်ဝန်ပျက်ကျသောအခါ ဒေါက်တာ မက်ကင်ဇီက ဘယ်လိုမှ အံ့သြခြင်းမဖြစ်မိ။ အယ်နီ၏ ကြေကွဲမှုအတွက်လည်း သူက နှစ်သိမ့်စကားဆိုသည်။ ဆရာဝန်က ဆေးမှတ်တမ်းတွင် 'ကိုယ်ဝန်အဆိပ်တက်ရောဂါကြောင့်' ဟု ရေးသွင်းလိုက်သည်။ ပြီးတော့ သူက ပြောသည်။

"အယ်နီ ဖြစ်သင့်လို့ဖြစ်တာ ဝမ်းနည်းမနေပါနဲ့တော့။ မင်း နေထိုင်မကောင်းတာက သွေးတိုးရောဂါရှိနေလို့ဖြစ်ရတာ၊ ကိုယ်ဝန်ရင့်လာရင် သွေးတိုးကပိုဆိုးလာလိမ့်ဦးမယ်၊ ကိုယ်ဝန်ဆောင်တွေ သွေးတိုးရောဂါဖြစ်တာကို ကနေ့အထိ ဘယ်ဆရာဝန်မှ ပိုင်ပိုင်နိုင်နိုင် မကုသနိုင်သေးပါဘူး။ တကယ်တော့ ဒီကလေး ပျက်ကျသွားတာ မင်းအတွက် ကံကောင်းတာပဲ။ နို့မဟုတ်ရင် မိခင်ကို အသက်အန္တရာယ်ပြုမှာ ကျိန်းသေပဲ"

အယ်နီက တစ်သက်လုံး နောက်ထပ် ကလေးမရတော့ဘဲ သည်အတိုင်းနေသွားရမည်ကို တွေးပြီး ဝမ်းနည်းမိသည်။ မျက်ရည်မထွက်အောင် မနည်းထိန်းထားရသည်။

"နောက်ထပ် ကိုယ်ဝန်ရှိလာရင်လဲ ဒီလိုပဲ သွေးတိုးလာဦးမှာလား ဒေါက်တာ" သူမက မျှော်လင့်တကြီးဖြင့် မေးလိုက်သည်။

"အဲဒီလို ဖြစ်မလာရင် အလွန်အံ့ဩစရာပဲ၊ ဒီစကားပြောရတာ ကျုပ်စိတ်မကောင်းပါဘူး၊ မပြောမဖြစ်လို့ ပြောရတာပါ။ အကောင်းဆုံးကတော့ နောက်ထပ် ကလေးမမွေးတော့တာ အကောင်းဆုံးပဲ"

"ကိုယ်ဝန်နုတုန်း နေမကောင်းဖြင်ရင် ဖြစ်ပါစေ ဒေါက်တာ ကျွန်မ ခံနိုင်ပါတယ်၊ ကလေးရဖို့သာ"

"ကျုပ်က နေမကောင်းဖြစ်ရုံလောက်ကိုသာ ပြောနေတာ မဟုတ်ဘူး…အယ်နီ၊ မင်းအနေနဲ့ အသက်ကိုပါ စွန့်လွှတ်ရမယ့်ကိစ္စမို့လို့ ပြောနေတာပါ"

ရစ်ချတ်ရော အယ်နီပါ အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်ကြရသည်။ သူတို့နှစ်ယောက်စလုံးသည် တစ်ဦးတည်းသော သားသမီးများဖြစ်ကြသည်။ အထူးသဖြင့် သူတို့၏ ဖခင်များမှာ ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်သွားခဲ့သောကြောင့်ဖြစ်သည်။ မျိုးဆက်တာဝန်ကို ပြည့်ပြည့်ဝဝ လက်ဆင့်ကမ်း ဆောင်ရွက်ရန် သားထောက်သမီးခံ လုံလုံလောက်လောက် လိုအပ်သည်ဟု သူတို့နှစ်ယောက်စလုံးက ခံယူကြသည်။ ယခုတော့ သည်သားကလေးတစ်ယောက်နှင့်ပင် ကျေနပ်ကြရတော့မည်။ အယ်နီခမျာ ဝမ်းနည်းပက်လက် ဖြစ်သွားရှာသည်။

"အခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ နောက်ထပ် ကလေးမမွေးတော့ဘူးဆိုရင် မိန်းမတစ်ယောက်အဖို့ တစ်သက်လုံး ဘယ်လိုလုပ်ပြီး ပျော်ပျော်ရွှင်ရွှင် နေသွားနိုင်မှာလဲ"

မစ္စက်ကဘော့က မစ္စက်ကိုန်းအား သည်လိုပြောလိုက်တော့ အယ်နီမှာ ပို၍ စိတ်မချမ်းမသာ ဖြစ်ရရှာသည်။

သည်ကိစ္စကို နောက်ထပ် ဘယ်သူမှ မပြောကြတော့။ ဝီလျံကလေးအပေါ်တွင်သာ အားလုံးက ပုံချစ်နေကြတော့သည်။

ရစ်ချတ်၏ဖခင်သည် ၁၉၀၄ ခုနှစ်က ကွယ်လွန်သွားခဲ့သည်။ မိသားစုပိုင် "ကိန်းကဘော့ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာထိန်းကုမ္ပဏီ" ဥက္ကဋ္ဌရာထူးကို ရစ်ချက်က ဆက်ခံခဲ့သည်။ သူသည် အလုပ်ထဲတွင် စိတ်ရောကိုယ်ပါ မြှုပ်နှံထားခဲ့သည်။

ဘဏ်တိုက်သည် 'စတိတ်' လမ်းမကြီးပေါ်တွင်ရှိသည်။ ကြီးကျယ်ခမ်းနားသည်နှင့်အမျှ ဗိသုကာ လက်ရာလည်း အလွန်ပြောင်မြောက်သည်။ နယူးယောက်၊ လန်ဒန်နှင့် ဆန်ဖရန်စစ္စကို မြို့ကြီးများတွင်လည်း ဘဏ်ခွဲများရှိသည်။

ရစ်ချတ် ဘဏ်ဥက္ကဋ္ဌဖြစ်လာပြီး နှစ်နှစ်အကြာ ၁၉၀၆ ခုနှစ်တွင် ငလျင်ဒဏ်ကြောင့် ဆန်ဖရန်စစ္စကိုမြို့မှ ဘဏ်တိုက်ကြီး ပြိုပျက်သွားသည်။ ရစ်ချက်က စီးပွားရေးလုပ်ငန်းတွင် စေ့စပ်သေချာသူဖြစ်၍ လန်ဒန်မြို့မှ လျှိုက်ဘဏ်တွင် အာမခံထားခဲ့သောကြောင့် တော်ပါသေးသည်။ အာမခံငွေနှင့်ပင် ဘဏ်တိုက်ကို အသစ်ပြန်ဆောက်နိုင်ခဲ့သည်။ ဘော့စတွန်မြို့နှင့် ဆန်ဖရန်စစ္စကိုမြို့သည် မီးရထားလေးရက်ခရီးဖြစ်သည်။ ရစ်ချက်သည် ထိုခရီးကို အစုန်အဆန် ခေါက်တုံ့ခေါက်တုံ့ခေါက်ပြန် အကြိမ်ကြိမ် အလီလီ သွားလာကာ တိုက်သစ်ဆောက်ရာတွင် ကြီးကြပ်ကွပ်ကဲခဲ့ရသည်။

၁၉၀၇ ခုနှစ်၊ အောက်တိုဘာလတွင် 'ပြည်ထောင်စုရိပ်သာ' ၌ တိုက်သစ်ဖွင့်ပွဲပြုလုပ်

သည်။ ထိုအချိန်တွင် နယူးယောက် ဘဏ်တိုက်များလုပ်ငန်းအခက်အခဲ ကြုံလာကြသည်။ ငွေအပ်နှံထားသူများ အစုလိုက် အပြုံလိုက် ပြန်လည်ထုတ်ယူကြသဖြင့် ဘဏ်တိုက်ကလေးများ ဒေဝါလီခံကြရသည်အထိ အခြေအနေဆိုးလာသည်။

ကမ္ဘာကျော် ဘဏ်တိုက်သူဌေးကြီး ဂျေ၊ ပီ၊ မော်ဂန်က ရစ်ချတ်အား ဖိတ်ခေါ်ဆွေးနွေးသည်။ လုပ်ငန်းတူ ကုမ္ပဏီများစုပေါင်းဖွဲ့စည်းခြင်းဖြင့် အကျပ်အတည်းကို ရင်ဆိုင်ဖြေရှင်းရန် အကြံပေးသည်။ ရစ်ချက်ကလည်း ဝမ်းပန်းတသာ သဘောတူလက်ခံသည်။ သည်လိုနှင့် ပြဿနာတွေက တဖြည်းဖြည်း ပြေလည်သွားခဲ့သည်။

တခြားတစ်ဖက်တွင် ဝီလျံကလေးမှာတော့ အပူအပင်မရှိ အိပ်လိုက် စားလိုက် ကစားလိုက်ပြင့် တစ်နေ့တခြား ကြီးထွားလာခဲ့သည်။ သူ့မွေးနေ့တွင် ငလျင်ကြီးလှုပ်၍ သူတို့မိသားစုပိုင်ဘဏ်တိုက်ကြီး ပြိုကျသည်ကိုလည်း ဘာမှမသိ။ ဘဏ်တိုက်တွေ လုပ်ငန်းပျက်ပြီး စီးပွားရေးကသောင်းကနင်းဖြစ်သည်ကိုလည်း လုံးဝမသိ။

✧ ✧ ✧

နောက်နှစ် နွေဦးပေါက်ရာသီရောက်တော့ ရစ်ချက်သည် 'ဟင်နရီဖို့' ဟုခေါ်သော စက်မှုလုပ်ငန်းရှင်ကြီးတစ်ဦးနှင့် ဆက်မိသည်။ ရစ်ချက်က ဟင်နရီဖို့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ ဟင်နရီဖို့က သူသည် အများပြည်သူ သုံးစွဲနိုင်မည့် မော်တော်ကားတစ်မျိုးကို ထုတ်လုပ်နိုင်သည်ဟု ပြောပြီး 'တီ' အမျိုးအစား ကားတစ်စီးကို ဒေါ်လာ ၈၅၀ ဖြင့် ဝယ်ရန်လည်း ရစ်ချက်အား စည်းရုံးသည်။ ထို့ပြင် ရစ်ချက်၏ဘဏ်တိုက်က အရင်းငွေစိုက်ထုတ်ပေးမည်ဆိုလျှင် နှစ်အနည်းငယ်အတွင်းတွင် ကားတစ်စီးကို ဒေါ်လာ ၃၅၀ ဖြင့် ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ဆိုလျှင် လူတိုင်းကား ဝယ်စီးနိုင်ပြီး အရင်းထုတ်ပေးသော ဘဏ်တိုက်များအနေဖြင့်လည်း အမြတ်ငွေများများ ရလာနိုင်မည်ဖြစ်ကြောင်း အားကျလောက်အောင် ပြောပြသည်။

ဟင်နရီဖို့၏ ကမ်းလှမ်းချက်ကို ရစ်ချက်က ကြည်ကြည်ဖြူဖြူပင် သဘောတူလိုက်သည်။ ဤတစ်ကြိမ်သည် သူ့အား အမြတ်ငွေတစ်ဝက်ကို ခွဲဝေပေးမည့် တခြားစီးပွားရေးလုပ်ငန်းတစ်ခုသို့ သူ့အနေဖြင့် ပထမဆုံးအကြိမ် ရင်းနှီးမြှုပ်နှံလိုက်ခြင်းပင် ဖြစ်သည်။

အစပထမတွင် သူ့လို ဘဏ်လုပ်ငန်းဥက္ကဋ္ဌကြီး တစ်ယောက်အနေဖြင့် ဆွဲဆောင်မှုမရှိသော မည်းမှောင်မှောင်အနက်ရောင် မော်တော်ကားကိုစီး၍ သွားလာရမည်ကို သဘောမကျသလိုဖြစ်မိသည်။ သို့သော် လက်တွေ့အသုံးချကြည့်သောအခါတွင်တော့ တော်တော်ပင် သဘောကျမိသည်။ မော်တော်ကားက ဇာစ်နာရီတွင် ၁၀ မိုင်သာ ခရီးပေါက်ပြီး မြင်းရထားထက် အသံဗလံဆူညံသော်လည်း မောင့်ဗာနွန်လို လမ်းကျယ်ကြီးအလယ်တွင် အညစ်အကြေးမစွန့်ဘဲ သန့်သန့်ရှင်းရှင်း သွားလာနိုင်သည်။ သည်တစ်ချက်နှင့်ပင် သူက မော်တော်ကားကို ကြိုက်သွားပြီ။

သို့သော် ကားအရောင်ကိစ္စနှင့်ပတ်သက်၍တော့ ဟင်နရီဖို့နှင့် အတော်ကလေး ပြင်းပြင်းထန်ထန် ငြင်းခဲ့ရသည်။ သူက ကားကို အနက်ရောင်တစ်မျိုးတည်းသာ မထုတ်လုပ်ဘဲ အရောင်မျိုးစုံစမ်းသပ်ထုတ်စေချင်သည်။ သို့မှသာ ဝယ်သူအနေဖြင့် မိမိကြိုက်ရာ အရောင်ကို ရွေးဝယ်နိုင်

မည်ဖြစ်သည်။ သို့သော် ဟင်နရီဖို့က ရစ်ချက်၏ အဆိုပြုချက်ကို လက်မခံ။ အနက်ရောင်တစ်ရောင်တည်း ထုတ်လုပ်ခြင်းမှာ ဈေးသက်သာအောင် ထုတ်လုပ်ရခြင်းဖြစ်သည်။ ရောင်စုံထုတ်လုပ်လျှင် ယခုထက် ဈေးပိုကြီးလာပြီး အရောင်းမသွက် ဖြစ်လာမည်ဟု အကြောင်းပြသည်။ သူ့အကြောင်းပြချက် ခိုင်လုံနေသောကြောင့် ရစ်ချက်က လက်လျှော့လိုက်ရသည်။

ဘာပဲဖြစ်ဖြစ် ရစ်ချက်က ပေါ်ခါစ 'တီ' အမျိုးအစား 'ဖို့'ကားကလေးနှင့် လမ်းသလားရသည်ကိုတော့ အတော်ကြီး ကျေနပ်နေပြီဖြစ်သည်။ သူသည် စီးနေကျမြင်းရထားကို လုံးဝမစီးတော့ဘဲ ကလေးထိန်းအမျိုးသမီးအား ပေးလိုက်သည်။

✧ ✧ ✧

နောက်နှစ်နှစ်အတွင်း ဘဏ်လုပ်ငန်းသည် တရှိန်ထိုး တိုးတက်ကြီးပွားလာခဲ့သည်။ ဝီလျံကလေးမှာလည်း အချိန်ကာလနှင့်အတူ ကြီးပြင်းလာခဲ့သည်။

အမေရိကန်လူမျိုးတွေ စီးပွားရေးလာဘ် မြင်လာပြီး လုပ်ငန်းတွေ တိုးချဲ့လာကြသည်။ ကိန်းကတော့ ဘဏ်တိုက်တွင်လည်း ငွေတွေလိမ့်ဝင်လာသည်။ မက်ဆာချူးဆက်ပြည်နယ်၊ လိုဝယ်မြို့မှ လိုဝယ် သားရေလုပ်ငန်းစက်ရုံကိုလည်း တိုးချဲ့လုပ်ကိုင်သည်။

ရစ်ချက်က ဒီအရေအလား တိုးပွားလာသော သူ့လုပ်ငန်းနှင့် တစ်နေ့တစ်ခြား လူလားမြောက်လာသော သားကလေးတို့ကိုကြည့်ပြီး အကျေနပ်ကြီး ကျေနပ်နေမိသည်။

ဝီလျံကလေး ငါးနှစ်ပြည့်သောနေ့တွင် ကလေးကို အမျိုးသမီးကလေးထိန်းလက်မှယူပြီး ကိုယ်ပိုင်ဆရာလက်သို့ ပြောင်းလဲ အပ်နှံလိုက်သည်။ ကိုယ်ပိုင်ဆရာကိုလည်း အင်္ဂလန်မှပင် အထူးခေါ်ယူ ခန့်ထားသည်။ ဆရာနာမည်က မစ္စတာမွန်ရိုး။ တစ်နှစ်လျှင် ဒေါ်လာ ၄၅၀ ပေးရသည်။ စုစုပေါင်းဆရာ ရှစ်ယောက် လျှောက်လွှာတင်လာသည်။ ရွေ့ပြေး စစ်ဆေးမှုကို ရစ်ချတ်၏ ကိုယ်ရေး အတွင်းရေးမှူးက စစ်ဆေးရွေးချယ်သည်။ နောက်ဆုံးမှ ရစ်ချတ်က အတော်ဆုံးပုဂ္ဂိုလ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ရစ်ချတ်က မစ္စတာမွန်ရိုးအား သူ့သားကလေးကို ၁၂ နှစ်သားအရွယ်ရောက်လျှင် စိန့်ပေါကျောင်းသို့ အရည်အချင်းပြည့်ပြည့်နှင့် အပ်နှံနိုင်ရန် သင်ကြားပေးဖို့ တာဝန်ပေးသည်။ ကလေးက ဆရာဖြစ်သူကို မြင်လျှင်မြင်ချင်း သဘောကျသွားသည်။ အထင်လည်းကြီးမိသည်။ သို့သော် အသက်တောင် တော်တော်ကြီးပြီဟု ထင်မိသည်။ တကယ်တော့ ဆရာ့အသက်က ၂၃ နှစ်သာ ရှိပါသေးသည်။ အင်္ဂလန်နိုင်ငံ၊ အီဒင်ဘာရာ တက္ကသိုလ်တွင် အင်္ဂလိပ်စာပေဆိုင်ရာကထိကလုပ်ခဲ့သူဖြစ်သည်။

ဝီလျံကလေးသည် အရေးအဖတ်ကို အခက်အခဲမရှိ လွယ်လွယ်နှင့်တတ်သည်။ သို့သော် သူ့အကြိုက်ဆုံးဘာသာရပ်မှာ စာပေမဟုတ်၊ ဂဏန်းသင်္ချာသာ ဖြစ်သည်။ တစ်နေ့လျှင် ရှစ်ဘာသာသင်ရသည်။ ဂဏန်းသင်္ချာက တစ်ချိန်သာပါသည်။ သည်အချက်ကို သူက မကျေနပ်။ တစ်နေ့တွင် ဘဏ်လုပ်ငန်းများ ဥက္ကဋ္ဌကြီးဖြစ်လာမည့် လူတစ်ယောက်ကို တစ်နေ့လုံးစာသင်ချိန်ရှစ်ချိန်ရှိသည့်အနက် တစ်ချိန်သာသင်ခြင်းမှာ လုံလောက်သောရင်းနှီးမြှုပ်နှံမှုမဟုတ်ဟု ဝီလျံကသူ့ဖခင်ဖြစ်သူအား ကြီးကြီးကျယ်ကျယ် အရေးဆိုသည်။ ဖခင်ဖြစ်သူက ကျေနပ်စွာဖြင့်'တစ်နေ့

လုံလုံလောက်လောက် သင်လာရမှာပေါ့ သားရယ်' ဟု ပြောသည်။

သို့သော် ဝီလျံ၏ စိတ်ထဲကတော့ သိပ်ပြီး မကျေနပ်။ ထို့ကြောင့် သူက သူ့စိတ်ကူးနှင့်သူ ပုစ္ဆာတွေထွင်ပြီး တွေ့ရာလူ လျှောက်တွက်ခိုင်းသည်။ အထူးသဖြင့် အဘွားနှစ်ယောက်မှာ သူ့အတွက် အငြိမ်မနေကြရ။ မြေးကလေး၏ ပုစ္ဆာကို မဖြေနိုင်သောအခါ အဘွားကြီးတွေမှာ ခေါင်းကုတ်ကြရသည်။ ဘွားဘွားကဘော့ကတော့ အတွက်အချက် များစွာမကျွမ်းကျင်၊ ဖြတ်ထိုးဉာဏ်လည်း သိပ်မရှိ။ ဘွားဘွားကိန်းကတော့ တော်တော်တတ်သည်။ အကင်းလည်းပါးသည်။ ဝီလျံက ပုစ္ဆာတင်လာလျှင် သူက ခက်ခဲသော ထပ်ကိန်းပုစ္ဆာများ၊ အတိုးတွက်ပုစ္ဆာ များကို ပြန်မေးသည်။ စိတ်မရှည်နိုင်တော့သောအခါမျိုးတွင် 'ကဲ ကိတ်မုန့် ရှစ်လုံးကို ကလေးကိုးယောက် အညီအမျှဝေစမ်း...' ဟူ၍ ခိုင်းတတ်သည်။

ထိုအခါ ဝီလျံကလေးသည် ခပ်တည်တည်ဟန်ဖြင့်

"ဘွားဘွားပုစ္ဆာ မခက်ပါဘူး ဘွားဘွား၊ သားသားကို 'ဆလိုက်ရူးလ်' တွက်စက်ကလေးတစ်ခုသာ ဝယ်ပေးစမ်းပါ၊ သားသား အမြန်ဆုံးတွက်ပြပါ့မယ်၊ ဘွားဘွားကိုလဲ နောက်ထပ်မေးမနေတော့ပါဘူး"

အဘွားဖြစ်သူက ကလေး၏ အရွယ်နှင့်မလိုက်အောင် တော်သောဉာဏ်ရည်ကို ချီးကျူးဂုဏ်ယူမိသည်။ ကလေးကျေနပ်အောင် သူတောင်းသော 'ဆလိုက်ရူးလ်' ကိုလည်း ဝယ်ပေးလိုက်သည်။

✧ ✧ ✧

သည်ကြားထဲတွင် ရစ်ချက်အတွက် မမျှော်လင့်သော ပြဿနာတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။

လန်ဒန်ဘဏ်တိုက်ခွဲမှ ဥက္ကဋ္ဌသည် အလုပ်စားပွဲတွင် လေဖြတ်ပြီး ရုတ်တရက် သေဆုံးသွားခဲ့သည်။ ထို့ကြောင့် လန်ဒန်သို့ အမြန်သွားရောက်ပြီး ဥက္ကဋ္ဌသစ် ခန့်ထားရန် လိုအပ်လာသည်။

သူက အယ်နီနှင့် ဝီလျံကလေးတို့ပါ ဥရောပတိုက်သို့ အလည်အပတ် လိုက်ခဲ့ရန် အယ်နီအား ပြောသည်။ ကလေးပညာရေးအတွက် မထိခိုက်နိုင်သည့်အပြင် မစ္စတာမွန်ရိုးမကြာခဏပြောပြထားသော သမိုင်းဝင်ဒေသများသို့ပါ သွားရောက်လည်ပတ်နိုင်မည်ဖြစ်ကြောင်း ပြောပြသည်။

အယ်နီက ဥရောပသို့ တစ်ခါမှ မရောက်ဖူး။ ထို့ကြောင့် ရှောရှောရှူရှူ သဘောတူလိုက်ပြီး အဖိုးတန်ဆုံး၊ အလှဆုံး အဝတ်အစားများကို ခရီးဆောင်သေတ္တာကြီး သုံးလုံးအပြည့်ထည့်သည်။ 'ကမ္ဘာသစ်' ဟုခေါ်သော အမေရိကန်နိုင်ငံမှ အမျိုးသမီးတစ်ယောက်က 'ကမ္ဘာဟောင်း' ဟုခေါ်သော ဥရောပနိုင်ငံများမှ အမျိုးသမီးများကို အစွမ်းကုန် ကြွားပြလိုက်မည်ဟူသော ရည်ရွယ်ချက်ကြောင့်ဖြစ်သည်။

✧ ✧ ✧

သူတို့သားမိ သားဖသုံးယောက်သည် နယူးယောက်မြို့သို့ ရထားနှင့်လာခဲ့ကြသည်။ နယူးယောက်မြို့မှ 'အကွိတန်နီးတား' သင်္ဘောကြီးကိုစီးပြီး အင်္ဂလန်နိုင်ငံ၊ ဆောက်သမ်ပတန် ဆိပ်ကမ်းသို့ သွားကြရမည်ဖြစ်သည်။

နယူးယောက်မြို့မှ မိုးထိအဆောက်အအုံများကို မြင်ရသောအခါ ဝီလျံကလေးမှာ အံ့သြမဆုံး ဖြစ်နေသည်။ သူက အမေရိကန်တစ်ပြည်လုံးတွင် သူ့ဖခင်၏ ဘဏ်တိုက်သည်သာ အကြီးဆုံးဟု ထင်နေမိခဲ့သည်။

သင်္ဘောကြီးကိုလည်း သူအလွန်သဘောကျသည်။ သူသည် သင်္ဘောကက်ပတိန်နှင့် နာရီပိုင်းအတွင်း ရင်းနှီးသွားသည်။ ကပ္ပတိန်က ဝီလျံအား သင်္ဘောပေါ်တွင် ချောင်ကြိုချောင်ကြားမကျန် လိုက်ပြသည်။ မေးသမျှကိုလည်း တစ်ခုမကျန် ရှင်းပြသည်။

ရစ်ချတ်နှင့် အယ်နီတို့က သူတို့၏ စပ်စုတတ်သော သားငယ်ကြောင့် ကပ္ပတိန်သာမက တခြား သင်္ဘောအမှုထမ်းများပါ အချိန်အလဟဿဖြစ်ရသည့်အတွက် ခွင့်လွှတ်ရန် တောင်းပန်စကားဆိုကြသည်။

"အို… ကိစ္စမရှိပါဘူးဗျာ" မုတ်ဆိတ်မွေးတွေ ဆွတ်ဆွတ်ဖြူနေသော ကပ္ပတိန်ကြီးက ရယ်ရယ်ပြုံးပြုံးနှင့် ပြန်ပြောသည်။ "ကျုပ်နဲ့ ဝီလျံတို့က မိတ်ဆွေဖြစ်နေကြပြီဗျ၊ ကလေးက တော်တော် သွက်တာပဲ၊ ကျုပ်မှာ တစ်ချိန်လုံး သူမေးသမျှ မနည်းကြိုးစားပြီး ဖြေနေရတယ်၊ သူက အချိန်၊ အရှိန်နဲ့ အကွာအဝေးအကြောင်း ရှင်းပြပါဆိုလို့ အင်ဂျင်နီယာကိုမေးပြီးမှ ပြန်ဖြေခဲ့ရတယ်"

'အကွိတန်နီးယား' သင်္ဘောကြီးသည် သမုဒ္ဒရာပြင်ကျယ်ကို ခြောက်ရက်တိတိ ဖြတ်ကျော်ပြီးတော့မှ ဆောက်သမ်ပတန် ဆိပ်ကမ်းသို့ ဝင်သည်။ ဝီလျံကလေးက သင်္ဘောကြီးနှင့် သူ့မိတ်ဆွေ ကပ္ပတိန်ကြီးတို့ကို မခွဲနိုင်မခွာရက်ဖြစ်နေ၍ မနည်းချော့ခေါ်ရသည်။

သူတို့အား ငွေရောင်ရိုးလ်စ်ရွိုက်စ် ဇိမ်ခံကားသစ်ကြီးက ဒရိုင်ဘာနှင့်အတူ ဆိပ်ကမ်းမှ အသင့်စောင့်ကြိုနေသည်။ ကားကြီးကိုမြင်တော့ ဝီလျံကလေးက အလွန်သဘောကျသွားသည်။ အပြန်တွင် သည်ကားကို အမေရိကသို့ ယူသွားရန် ရစ်ချတ်က ဆုံးဖြတ်လိုက်သည်။ သူက သည်ကားကို ဟန်နရီဖို့အား ပြချင်သည်ဟု အယ်နီကို ပြောသည်။

သူတို့မိသားစုသည် လန်ဒန်မြို့တွင်ရှိနေစဉ် ပစ်ကာဒီလီ ရပ်ကွက်ရှိ ရစ်ဇ်ဟိုတယ်တွင် တည်းသည်။ မြို့တွင်းရှိ ရစ်ချတ်၏ ဘဏ်ခွဲနှင့်လည်း နီးသည်။ ရစ်ချတ်က ဘဏ်တိုက်တွင် အလုပ်များနေစဉ် အယ်နီတို့သားအမိက လန်ဒန်မျှော်စင်၊ ဘတ်ကင်ဂန်နန်းတော်နှင့် နန်းစောင့်တပ်များသို့ သွားရောက်လည်ပတ်ကြသည်။ ဝီလျံကလေးမှာ မြင်ရသမျှကို အကြီးအကျယ် သဘောကျနေသည်။ လန်ဒန်မြို့တော်တွင် အရာရာတိုင်း ကြီးကျယ်ခမ်းနားသည်ဟု ထင်နေသည်။ သို့သော် သူက အင်္ဂလိပ်စကားကို နားမလည်၍ တော်တော်အခက်တွေ့ရသည်။

"အင်္ဂလိပ်တွေက သားသားတို့နဲ့ ဘာလို့ အသံထွက်မတူတာလဲ မေမေ" ဟု သူက မေးကြည့်တော့ "သူတို့က မေမေတို့ အမေရိကန်လူမျိုးတွေထက် အစောကြီးရောက်လာလို့ပေါ့ သားရဲ့" ဟု သူ့မေမေက ပြန်ဖြေသည်။ သည်အဖြေကို ဝီလျံက သိပ်ပြီးမကျေနပ်။

ဝီလျံ သဘောအကျဆုံးကတော့ ဘတ်ကင်ဂန် နန်းတော်အပြင်ဘက်တွင် တာဝန်ကျနေသော နန်းစောင့်တပ်ဖွဲ့မှ စစ်သည်တော်များဖြစ်သည်။ အရောင်တလက်လက်ထွက်နေသော ကြေးကြယ်သီးကြီးတွေနှင့် တောက်တောက်ပြောင်ပြောင် အနီရောင်ယူနီဖောင်းဝတ်စုံများကို ဝီလျံက အလွန်သဘောကျသည်။ သူက စစ်သည်တော်တွေနှင့် စကားပြောကြည့်ချင်သည်။ သို့သော် စစ်သည်တော်တွေက သူ့ကို စောင်း၍ပင် မကြည့်ဘဲ ရှေ့တည့်တည့်ကိုကြည့်ကာသာ ဖြတ်လျှောက်သွားကြသည်။

"သားတို့အိမ်ကို စစ်သားတစ်ယောက်လောက် ခေါ်သွားလို့ရမလား... ဟင်...မေမေ"

"မရဘူးသားရဲ့။ သူတို့က ဒီမှာပဲနေရတာ၊ ဘုရင်မင်းမြတ်ကို အမြဲတမ်း စောင့်နေကြရတာ"

"ဒါပေမယ့် သူတို့က အများကြီးပဲ မေမေရဲ့၊ ဘုရင်မင်းမြတ်မှာ ဒီလောက်အများကြီး တောင် ဘာလုပ်မှာလဲ၊ သားက တစ်ယောက်လောက်ပဲ လိုချင်တာပါ..."

အယ်နီက သားဖြစ်သူ၏ စကားကို သဘောကျလွန်း၍ အသံထွက်အောင်ပင် ရယ်မိသည်။

တစ်ညနေတွင် အလုပ်အားတော့ ရစ်ချတ်က အယ်နီနှင့် ဝီလျံတို့အား 'ဝက်စ်ထ်အင်း' ရပ်ကွက်ရှိ လန်ဒန်ပြဇာတ်ရုံကြီးသို့ ခေါ်သွားပြီး ကလေးလူကြီးမရွေး အလွန်ကြိုက်ကြသည့် "ဂျက်နှင့်ပဲပင်" ပြဇာတ်ကို ပြသည်။ ပြဇာတ်ထဲတွင် ဂျက်ဆိုသောကလေးက အိမ်ဘေးတွင် ပေါက်နေသော ပဲပင်ကို လျှောက်တက်သွားရင်း မိုးပေါ်အထိ ရောက်သွားပြီး ဘီးလူကြီးနှင့် တွေ့သည်။ ဂျက်က ဘီလူးကြီးပိုင် ရွှေဥအုသော ကြက်မကို အလစ်သုတ်လာခဲ့ပြီး ပဲနွယ်ပင် အတိုင်း အောက်သို့ ဆင်းပြေးလာခဲ့သည်။ ဘီလူးကြီးကသိသွားပြီး ပဲနွယ်ပင်အတိုင်း ဆင်းလိုက် လာရာ ဂျက် မြေကြီးပေါ်သို့ ပြန်ရောက်ချိန်တွင် မိခင်ကြီးအား လှမ်းအော်၍ အကူအညီတောင်း သဖြင့်မိခင်ကြီးက ပဲပင်ကို ရဲတင်းနှင့် ခုတ်ဖြတ်လိုက်ရာမှ ဘီလူးကြီးမှာ လမ်းတစ်ဝက်မှ ပြုတ်ကျပြီး သေဆုံးသွားတော့သည်။

ဝီလျံက သည်ပြဇာတ်ကို အလွန်စွဲသွားသည်။ ဘယ်လောက်တောင် စွဲသွားသလဲဆိုလျှင် ဘီလူးကြီး ဆင်းလာမည်ထင်ပြီး နွယ်ပင် မြင်တိုင်း ခုတ်ဖြတ်ပစ်ချင်စိတ်တွေ ပေါက်လာမိသည်အထိ ပင် ဖြစ်သည်။

နေ့ရက်တွေ အလျင်အမြန် ကုန်လွန်သွားခဲ့သည်။ ဝီလျံတို့သားအမိအတွက် လန်ဒန်မြို့တွင် ကြည့်စရာ မကျန်တော့သလောက် စုံသွားပြီ။ ရစ်ချတ်မှာလည်း ဘဏ်ဥက္ကဋ္ဌသစ်ခန့်ပြီး၍ လုပ်ငန်းကိစ္စ ပြီးသလောက်ရှိသွားပြီ။ အမေရိကသို့ ပြန်ရမည့်ရက်လည်း နီးကပ်လာသည်။

ထိုအချိန်တွင် ဘော့စတွန်မြို့မှ သံကြိုးစာတွေ နေ့စဉ်ရက်ဆက်လိုလို တစ်စောင်ပြီး တစ်စောင်ရောက်လာသည်။ အရေးတကြီး ဆောင်ရွက်ရမည့်လုပ်ငန်းတွေ ပေါ်ပေါက်လာသည်။ နောက်ဆုံးသံကြိုးစာတစ်စောင်တွင် မက်ဆာချူးဆက်ပြည်နယ် လောရင့်စ်မြို့ရှိ ချည်မျှင်စက်ရုံ တွင် အလုပ်သမား ၂၅,၀၀၀ တို့က သပိတ်မှောက်နေကြသည်ဟု ပါလာသည်။ ထိုစက်ရုံတွင် ရစ်ချတ်၏ ဘဏ်တိုက်မှ အရင်းအနှီး မြောက်မြားစွာ မြှုပ်နှံထားသည်။ ထို့ကြောင့် မူလသတ်မှတ် ထားသည့် ရက်ထက် စော၍ ပြန်ရဖို့အခြေအနေပေါ်ပေါက်လာသည်။

မပြန်ခင် တစ်ရက်အလိုတွင် ဝီလျံကလေးသည် ကောက်ရသလို ရုတ်တရက် ဖျားတော့သည်။ ကိုယ်ပူရှိန် ဒီကရီက ၁၀၃ တောင်ရှိသည်။ တစ်ကိုယ်လုံးတွင်လည်း အနီစက်ကလေးတွေ ပေါ်လာသည်။ တစ်ကိုယ်လုံးတွင်လည်း အနီစက်ကလေးတွေပေါ်လာသည်။ ဟိုတယ်ဆရာဝန်ကို ခေါ်ပြတော့ ဝက်သက်ပေါက်၍ အဖျားဝင်လာခြင်းဖြစ်ကြောင်းသိရသည်။ ဆရာဝန်က ကလေးကို သင်္ဘောခရီးနှင့် ခေါ်မသွားဘဲ နေကောင်းသည်အထိ စောင့်ဆိုင်းနေရန် ရစ်ချတ်နှင့် အယ်နီတို့အား ပြောပြသည်။

သို့ဖြင့် ဝယ်ထားပြီးသော သင်္ဘောလက်မှတ် နှစ်စောင်ကို ကမန်းကတန်း သွားရောက်ပယ်ဖျက်ရသည်။ အယ်နီတို့သားအမိကို ထားခဲ့ပြီး ရစ်ချတ်က အလုပ်ကိစ္စအရေးကြီး၍ ယခုသင်္ဘောပတ်နှင့် အလျင်ပြန်နှင့်ရန် စီစဉ်ရသည်။ ရစ်ချတ်က ဝီလျံအား ပြုစုရန် အထူးသူနာပြုဆရာမတစ်ယောက် ငှားပေးခဲ့သည်။

✧ ✧ ✧

ဝီလျံကလေး နာလန်ထစတစ်နေ့ နံနက်တွင် သားအမိနှစ်ယောက် ဟိုတယ်ခန်းထဲမှာပင် နံနက်စာ စားနေကြသည်။

အယ်နီသည် ကော်ဖီသောက်ရင်း 'လန်ဒန်တိုင်း' သတင်းစာကို ဖတ်နေသည်။

"ဟင် မေမေ၊ ဟောဒါ ဖေဖေစီးသွားတဲ့ သင်္ဘောမဟုတ်လားဟင်"

ဝီလျံကလေးက မိခင်ဖြစ်သူလက်ထဲမှ သတင်းစာကို လှမ်းကြည့်ပြီး ပြောလိုက်သည်။ အယ်နီက သားကလေး ညွှန်ပြသော ဓာတ်ပုံကို ဖျတ်ကနဲ စောင်းကြည့်လိုက်သည်။

သတင်းခေါင်းစဉ်းကို ဖတ်လိုက်ရတော့ သူမ၏ မျက်လုံးတွေ ပြာဝေသွားပြီး ရင်ထဲတွင် အလုံးကြီး ဆို့တက်လာသလို ခံစားလိုက်ရလေသည်။

"တိုင်တန်နစ် သင်္ဘောကြီးနစ်မြုပ်၊ ခရီးသည်တွေ
အသက်ဆုံးရှုံး"

အယ်နီ၏ မျက်လုံးအစုံမှ မျက်ရည်တွေ ဖြိုင်ဖြိုင်စီးကျလာသည်။ သူမသည် အသံမထွက်ဘဲ ကျိတ်ငိုနေသည်။

သူမသည် သားငယ်ကို ပွေ့ချီကာ အကြာကြီး ငိုနေသည်။

ဝီလျံကတော့ တစ်စက်ကလေးမျှမငို။ မိခင် မျက်နှာကိုသာ တွေတွေကြီး စိုက်ကြည့်နေသည်။

တစ်ယောက်ကိုတစ်ယောက် စကားလုံးဝမပြောကြ။ နှစ်ယောက်စလုံး၏ နှလုံးသားထဲမှာတော့ တူညီသော ဝေဒနာတစ်ရပ်ကို ဆို့ဆို့နင့်နင့် ခံစားနေကြရသည်။ လောကတွင် သူတို့နှစ်ယောက်စလုံး အချစ်ဆုံးသော လူတစ်ယောက် သေဆုံးသွားခဲ့ပြီ မဟုတ်ပါလား။

လန်ဒန်ဘဏ်ခွဲမှ ဥက္ကဋ္ဌသစ် ဆာပီးယားစ်ကင်းဘဲလ် ကမန်းကတန်း ရောက်လာသည်။ အယ်နီက ဝတ်စုံအနက် ဝတ်ကာ ဆာကင်းဘဲလ်အား ဧည့်ခန်းဆောင်တွင် လက်ခံတွေ့ဆုံသည်။ ဆာကင်းဘဲလ်က သူကိုယ်တိုင် စိတ်မကောင်းစွာဖြင့် အယ်နီအား နှစ်သိမ့်စကားဆိုသည်။

"သားသားလဲ ဖေဖေနဲ့အတူ လိုက်သွားချင်တာ၊ နေမကောင်းဖြစ်နေလို့ ကျန်လိုက်ရတာ"ဟု ဝီလျံကလေးက ပြောသည်။

သူက သူ့ဖေဖေ သေပြီဟု လုံးဝမထင်။ ထို့ကြောင့်လည်း မျက်ရည်တစ်စက်မျှ မကျခြင်းဖြစ်သည်။

ယခင်က နိုင်ငံရေးသမားနှင့် သံတမန်ဖြစ်ခဲ့ပြီး ယခု ဘဏ်ဥက္ကဋ္ဌလုပ်နေသော ကင်းဘဲလ်၏ တစ်သက်တာတွင် သည်ကလေးလောက် စိတ်ဓာတ်ခိုင်မာသော ကလေးမျိုးတစ်ယောက်မျှ မတွေ့ခဲ့ရစဖူး။

သေကံမရောက် သက်မပျောက်ဘဲ ကယ်ဆယ်ရရှိသူများစာရင်း ရက်ပိုင်းအတွင်း အမေရိကမှ ရောက်ရှိလာသည်။ အယ်နီက စာရင်းကို အကြိမ်ကြိမ် ထပ်၍ထပ်၍ဖတ်ကြည့်သည်။ ရစ်ချက်လိုဝယ်ကိန်း၏နာမည်မပါ။ သင်္ဘောကြီးနှင့်အတူ နစ်မြုပ်သေဆုံးသွားပြီဆိုသည်ကို သံသယဖြစ်နေစရာ မလိုတော့။ သည်တော့မှ ဝီလျံကလည်း သူ့အဖေ တကယ်သေသွားပြီဆိုတာ ယုံကြည်မိတော့သည်။

✧ ✧ ✧

အယ်နီတို့ သားအမိ 'အကွိတာန်နီးယား' သင်္ဘောကြီးဖြင့် ဘော့စတွန်းမြို့သို့ ပြန်လာခဲ့ကြသည်။ အယ်နီမှာ သင်္ဘောစီးလာရသည်ကို အလိုလိုရင်ဖိုနေမိသည်။ ခင်ပွန်းသည်ကို သတိရ၍ တစ်ချိန်လုံး မျက်ရည်နှင့် မျက်ခွက်ဖြစ်နေသည်။ ဝီလျံကတော့ သင်္ဘောစီးလာရသည်ကိုပင် ပျော်စရာလို ထင်နေသည်။ ကုန်းပတ်တွင်ထိုင်ကာ ဆုံးစမထင်သော ရေပြင်ကျယ်ကြီးကို စိုက်ကြည့်နေရာမှ...

"မေမေ... ဖေဖေက သေချင်မှ သေမှာပါ၊ တစ်နေရာမှာ ရေကူးနေတုန်းပဲ ရှိချင်ရှိနိုင်တယ်"

သားဖြစ်သူ၏ စကားကြောင့် အယ်နီမှာ လဲရာဖိထောင်းခံရသလို ပို၍ ရင်ဆို့ဝမ်းနည်းဖြစ်ရပြန်သည်။

"၂၁ ရက်တောင် ရှိသွားပြီပဲ... သားရယ်၊ အတ္တလန္တိတ် သမုဒ္ဒရာကြီးထဲမှာ ဘယ်သူကလာပြီး အသက်ရှင်နိုင်ပါဦးမှာလဲ"

"ဖေဖေတောင်မှ မရှင်နိုင်တော့ဘူးလား... ဟင်"

"ဟုတ်တယ် ဖေဖေလဲ မရှင်နိုင်တော့ဘူး၊ ဘယ်သူမှ မရှင်နိုင်တော့ဘူး သားရယ်"

ဘော့စတွန်မြို့သို့ ပြန်ရောက်တော့ အိမ်ကြီးတွင် အဘွားကြီးနှစ်ယောက် ရောက်နေသည်ကို တွေ့ရသည်။

အိမ်ထောင်ဦးစီး ယောက်ျား မရှိတော့သဖြင့် တာဝန်အရပ်ရပ်မှာ အဘွားကြီးနှစ်ယောက် ပခုံးပေါ်သို့ ပုံကျလာသည်။ အယ်နီမှာ ကွယ်လွန်သူ လင်တော်မောင်အတွက် ပူဆွေးနေရသော ဝေဒနာကိုသာ သားကလေးအပေါ်တွင် ပုံချပြီး ဖြေဖျောက်နေရသည်။

ဝီလျံကလေးသည် နေ့ပိုင်း၌ မစ္စတာမွန်ရိုးထံတွင် အချိန်မှန်မှန် စာသင်ပြီး ညပိုင်းကျတော့ တော်တော်နှင့် မအိပ်ဘဲ မိခင်ပေါင်ပေါ်တွင် ခေါင်းတင်ကာ တစ်ငိုတည်း ငိုနေတတ်သည်။

"ကလေးကို ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး၊ အဖော်လိုနေပြီ၊ အဖော်မရှိရင် ကလေး နင်ခော်တွေကျပြီး လုပ်စားကိုင်စားလို့မရအောင် ဆိုးသွားနိုင်တယ်" ဟုဆိုကာ အဘွားကြီး နှင်ယောက်က ကျောင်းဆရာ မစ္စတာမွန်ရီးနှင့် ကလေးထိန်းတို့ကို ဖြုတ်ပစ်လိုက်ပြီး ဝီလျံကလေး အား 'ဆေးယာအကယ်ဒမီ' ကျောင်းတွင် အပ်နှံကြသည်။

ရစ်ချတ်သည် သူ၏ ကြီးမားကျယ်ဝန်းသော ခြံမြေအားလုံးကို သားဖြစ်သူအား သေ ဘမ်းဘဖြင့် ပေးအပ်ခဲ့ပြီး၊ ဝီလျံကလေး အသက် ၂၁ နှစ်ပြည့်သည်အထိ အဘွားနှစ်ယောက်နှင့် မိခင်ဖြစ်သူတို့က စောင့်ရှောက်ထိန်းသိမ်းထားရန် ညွှန်ကြားခဲ့သည်။ ထို့အပြင် ဝီလျံကလေးအရွယ် ရောက်၍ အရည်ချင်း ပြည့်ဝခဲ့လျှင် ကိန်းကဘော့ဘဏ်လုပ်ငန်း၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နိုင်သည် ဟုလည်း သေတမ်းစာတွင် ရေးထားခဲ့သည်။

အယ်နီအတွက်မူ ဝလိုက်ပုံလိုက် ဒေါ်လာငါးသိန်းနှင့် နောက်ထပ် အိမ်ထောင်မပြုမချင်း တစ်နှစ်လျှင် ဒေါ်လာတစ်သိန်းစီ မှန်မှန်ထုတ်ယူရန်ဖြစ်သည်။ ထို့ပြင် ဘီကွန်တောင်ကုန်းပေါ် မှ အိမ်ကြီး၊ နော့သ်ရှိုးကမ်းခြေမှ အပန်းဖြေအိမ်၊ မိန်းပြည်နယ်မှ အိမ်နှင့် ကိပ်(ပ်)ကော့ဒ်မှ ကျွန်းကလေးတစ်ကျွန်တို့ကိုပါ အယ်နီအားပေးခဲ့သည်။ အယ်နီ ကွယ်လွန်သောအခါ ယင်းတို့အား လုံးကို ဝီလျံက ဆက်ခံရရှိမည်ဖြစ်သည်။

အဘွားကြီးနှစ်ယောက်က ဒေါ်လာနှစ်သိန်းခွဲစီ ရရှိကြသည်။ ထို့ပြင် ၎င်းတို့ထက်စော၍ ရစ်ချတ်က အလျင်ကွယ်လွန်ခဲ့လျှင် မိသားစုတာဝန်ကို အဘွားကြီးနှစ်ယောက်က စီမံအုပ်ချုပ် သွားကြရန်လည်း မှာထားခဲ့သည်။ စီးပွားရေးလုပ်ငန်းကိုမူ ဝီလျံကလေး၏ ခေါင်းကိုင်မိဖများနှင့် ပူးတွဲ၍ ဘဏ်တိုက်က စီမံဆောင်ရွက်သွားရမည်။ မြတ်လာသော ငွေများကို အရှုံးမပေါ်နိုင်မည့် လုပ်ငန်းများ၌ နှစ်စဉ်ပြန်လည်မြှုပ်နှံသွားရမည်။

အဘွားကြီးနှစ်ယောက်သည် တစ်နှစ်ခန့်ကြသောအခါမှ ရစ်ချတ်အတွက် ပူဆွေးရသော သောကစိတ်ကို တဖြည်းဖြည်း ပြေဖျောက်လာနိုင်ခဲ့ကြသည်။ အယ်နီမှာ အသက် ၂၈ နှစ်သာရှိ သေးသော်လည်း လင့်သောကကြောင့် အဘွားအိုကလေးလို ဖြစ်နေသည်။

အဘွားကြီးနှစ်ယောက်က အယ်နီလိုမဟုတ်ဘဲ ရစ်ချတ်အတွက် သောကစိတ်ကို ဝီလျံ ကလေးအား ချစ်စိတ်ဖြင့် အစားထိုးပြီး ဖြေနိုင်ကြသည်။

တစ်နေ့တွင် ဘွားဘွားကိန်းအား ဝီလျံကလေးက မေးသည်။

"ဘွားဘွား ဘွားဘွားက ဖေဖေ့ကို သတိမရဘူးလားဟင်"

"သတိရတာပေါ့… သားရယ်၊ ဒါပေမယ့် ဘွားဘွားတို့က သူ့ကို သတိရပြီး ဘာမှ မလုပ်ဘဲ ဝမ်းနည်းနေတာကို သားဖေဖေက မကြိုက်ဘူး"

"ဒါပေမယ့် သားသားကတော့ အားလုံးက ဖေဖေ့ကို အမြဲတမ်း သတိရနေစေချင်တယ်၊ ဘွားဘွားရယ်" သူ့အသံတွင် အက်ကွဲသံ ပါလာသည်။

"သား… သားကို ဘွားဘွားတစ်ခုပြောမယ်၊ သားကို လူကြီးတစ်ယောက်လို သဘောထားပြီး ပထမဆုံးအကြိမ် ပြောတာဖြစ်တယ်၊ ဘွားဘွားပြောတာ အမြဲတမ်းမှတ်ထားပါ… သား၊ သား ပြောတာ မှန်ပါတယ်၊ ဘွားဘွားတို့ အားလုံးက သား ဖေဖေကို အမြဲတမ်း သတိရနေကြရမှာ

ပဲ။ အထူးသဖြင့် သားအနေနဲ့ သတိရနေရမှာပဲ၊ ဖေဖေ့ကို သတိရရင် သားကို ဖေဖေဖြစ်စေချင်တဲ့ အတိုင်းဖြစ်အောင် ကြိုးစားရမယ်၊ အခုဆိုရင် သားဟာ ဘွားဘွားတို့ မိသားစုစီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံးရဲ့ အမွေခံသားယောကျ်ား ဖြစ်နေပြီ၊ ဒါကြောင့်မို့ အဲဒီအမွေကို ဆက်ခံနိုင်မယ့် အရည်အချင်းတွေ ပြည့်ဝအောင် သားက ကြိုးစားရမယ်၊ အခုလို သားအနေနဲ့ ပိုက်ဆံတွေအများကြီးရအောင် သားဖေဖေ ကြိုးစားခဲ့တဲ့ အားမာန်မျိုးနဲ့ သားက ကြိုးစားရမယ်"

ဝီလျံက ဘာမှ ပြန်မပြော။ အဘွားဖြစ်သူ၏ စကားကိုသာ လူကြီးတစ်ယောက်ပမာ လေးလေးနက်နက် စဉ်းစားနေသည်။

ဤနည်းဖြင့် ဝီလျံကလေးသည် ဘွားဘွားကိန်း၏ သွန်သင်ဆုံးမမှုအောက်တွင် ကြီးပြင်းလာခဲ့သည်။ သူသည် အဘွားကြီးပြောသည့်အတိုင်း တသဝေမတိမ်း လိုက်နာသည်။ ဖေဖေ့အတွက် ပူဆွေးစိတ်ကို မညည်းမညူဘဲ ကျိတ်ပြီး ခံစားတတ်လာသည်။ စာကိုလည်း ကြိုးစားသင်ယူသည်။ တခြား ဘာသာရပ်များတွင် ထူးချွန်မှုမရှိသော်လည်း သင်္ချာဘာသာရပ်တွင်မူ တစ်ကျောင်းလုံး၌ ထိပ်ဆုံးရောက်နေသည်သာမက အရွယ်နှင့်မလိုက်အောင်ပင် ရှေ့သို့ကျော်နေသေးသည်။

သူသည် အရာရာတွင် သူ့ဖေဖေ အောင်မြင်ခဲ့သည်ထက် ပို၍ အောင်မြင်အောင် ကြိုးစားမည်ဟု အလေးအနက် သိန္နိဋ္ဌာန်ချထားသည်။

ဝီလျံကလေး အသက်ခုနစ်နှစ်ပြည့်သောအခါ ပိုက်ဆံတန်ဖိုးကိုသိအောင် ပညာပေးချိန်တန်ပြီဟု အဘွားနှစ်ယောက်က ဆုံးပြတ်ကြသည်။ ထို့ကြောင့် သူ့အား သုံးလိုရာ သုံးနိုင်အောင် တစ်ပတ်လျှင် ပိုက်ဆံတစ်ဒေါ်လာစီပေးသည်။ သုံးသမျှကိုလည်း စာရင်းအတိအကျ မှတ်ထားစေသည်။ စာရင်းမှတ်ရန်အတွက် ၉၅ ဆင့်တန် သားရေဖုံး လယ်ဂျာစာအုပ်ကြီးတစ်အုပ်လည်း ဝယ်ပေးသည်။ သို့သော် အလကားမပေး၊ စာအုပ်ဖိုးကို ပထမပတ်တုန်းကပေးသော တစ်ဒေါ်လာထဲမှ နုတ်ယူသည်။

ထို့နောက် ဒုတိယပတ်ပေးသော တစ်ဒေါ်လာမှစ၍ အပတ်စဉ် စနေနေ့မနက်တိုင်းတွင် အသုံးစရိတ် ခွဲဝေသတ်မှတ်ပေးသည်။ တစ်ဒေါ်လာထဲမှ ၅၀ ဆင့်ကို စုရမည်။ ဆင့် ၂၀ ကို သုံးရမည်။ ၁၀ ဆင့်ကို လှူချင်ရာသို့ လှူဒါန်းရမည်။ ကျန် ဆင့် ၂၀ ကို အပိုရန်ပုံငွေအဖြစ် ချန်ထားရမည်။

သုံးလပြည့်သောအခါတိုင်း အဘွားနှစ်ယောက်က ဝီလျံ၏ လယ်ဂျာစာရင်းကို စစ်ဆေးကြမည်ဖြစ်သည်။

ပထမသုံးလ ကုန်ဆုံး၍ စာရင်းစစ်သောအခါ ဝီလျံသည် တစ်ဒေါ်လာနှင့် ဆင့်နှစ်ဆယ်ကို အသစ်ဖွဲ့သော အမေရိကန် ဘွိုင်စကောက်အသင်းသို့ လှူဒါန်းခဲ့ကြောင်းတွေ့ရသည်။ စုစုပေါင်း စုမိငွေမှာ ၄ ဒေါ်လာဖြစ်သည်။ ထိုငွေကို သူ၏ ခေါင်းကိုင်ဖခင်ဖြစ်သူ ဘဏ်သူဌေးကြီး ဂျေ၊ ပီ၊ မော်ဂန်၏ ဘဏ်တိုက်တွင် ငွေစုစာရင်းဖွင့်ပေးရန် ဝီလျံက အဘွားနှစ်ယောက်ကို မေတ္တာရပ်ခံသည်။ သုံးလအတွင်း စုစုပေါင်း အသုံးစရိတ်မှာ သုံးဒေါ်လာနှင့် ရှစ်ဆင့်ဖြစ်သည်။ အပိုရန်ပုံငွေအဖြစ် စုမိငွေက တစ်ဒေါ်လာ။

စည်းကမ်းတကျ ရေးသွင်းထားပြီး လိမ်လိမ်မာမာ သုံးစွဲထားသော ဝီလျံ၏ လယ်ဂျာစာရင်းကိုတွေ့ရ၍ အဘွားနှစ်ယောက်မှာ ကျေနပ်မဆုံးဖြစ်ကြ ရသည်။ ဒါမှ ရစ်ချတ်ကိန်းရဲ့သားကွယ့် ဟူ၍လည်း ဂုဏ်ယူမဆုံး ဖြစ်ကြရသည်။

✧ ✧ ✧

ဝီလျံကလေးသည် ကျောင်းတွင် မိတ်ဆွေအပေါင်းအသင်းနည်းသည်။ တစ်ဦးတည်းသောသားဖြစ်၍ တခြားကလေးများနှင့် ပေါင်းသင်းရမှာကို ရှက်နေသောကြောင့်လည်း ဖြစ်သည်။ ချမ်းသာသော ကလေးတွေနှင့် မပေါင်းချင်သောကြောင့်လည်း ဖြစ်သည်။

ထို့ကြောင့် သူသည် အပေါင်းအသင်းကို အလွန်ရွေးသည်။ များသောအားဖြင့် တစ်ယောက်တည်း နေတတ်သည်က များသည်။ သည့်အတွက် မိခင်ဖြစ်သူက စိုးရိမ်မကင်းဖြစ်မိသည်။ အယ်နီက သူ့သားကလေးကို တခြားကလေးတွေလိုပင် ပုံမှန်ဘဝတွင် အလိုက်သင့် နေစေချင်သည်။ ကလေးဘာသာဘာဝအတိုင်း လွတ်လွတ်လပ်လပ် နေစေချင်သည်။ အဘွားများ၏ လယ်ဂျာစာရင်း ရေးမှတ်သော စနစ်၊ ဘဏ်တွင် ငွေစုသော စနစ်ကို အယ်နီက သဘောမကျ။ အဘွားကြီးအကြံပေးပုဂ္ဂိုလ်တွေ အစား ကျောင်းသားမိတ်ဆွေတွေနှင့်သာ နေစေချင်သည်။ အရာရာတွင် သန့်သန့်ရှင်းရှင်းနေရမည့်အစား ကလေးပီပီ ညစ်ညစ်ပေပေနှင့်သာ နေစေချင်သည်။ စတော့စာရင်းတွေ၊လုပ်ငန်းအစီရင်ခံစာတွေ လေ့လာနေမည့်အစား *ငှက်ဖမ်း၊ ပုတ်သင်ကျော့နေသည်ကိုသာ မြင်ချင်သည်။ အဆုံးစွန်ပြောရလျှင် သူမ၏သားကလေးကို အခြားကလေးတွေနေသလို*ပင် နေစေချင်သည်။

သို့သော် သူမအနေဖြင့် အဘွားကြီးနှစ်ယောက်၏ ဩဇာကို မလွန်ဆန်ရဲ၊ သူတို့လုပ်ရပ်ကို မဝေဖန်ရဲ။ အဘွားကြီးနှစ်ယောက်က သူတို့မြေးမှ သူတို့မြေး။ ရွှေပေါ်မြတင် တဖူးဖူးမှုတ်နေကြသည်။ တခြားကလေးတွေကို လုံးဝ ဂရုမစိုက်ကြ၊ ဂရုစိုက်ရန် လိုအပ်သည်ဟုလည်း စိုးစဉ်းမျှ မထင်ကြ။ ဝီလျံ အသက်ကိုးနှစ်မြောက် မွေးနေ့ရောက်တော့ သူ၏ ငွေစာရင်းမှတ်တမ်း စာအုပ်ကြီးကို ဒုတိယနှစ်ပတ်လည် စစ်ဆေးရန် အဘွားနှစ်ယောက်ထံ တင်ပြသည်။ နှစ်နှစ်ကာလအတွင်း ဒေါ်လာ ၅၀ စုမိသည်။

စာရင်းကွက်တစ်နေရာတွင် 'ဘီ-ဖ' ဟူ၍ ရေးမှတ်ပြီး ဂျေ၊ ပီ၊ မော်ဂန်ဘဏ်မှ စုငွေများကို ပြန်လည်ထုတ်ယူထားသည်ကို တွေ့ရသည်။ သူက ဘဏ်တိုက်သူဌေးကြီး ကွယ်လွန်သွားသဖြင့် သူ့စုငွေကို ပြန်ထုတ်ထားခြင်းဖြစ်ကြောင်း ဂုဏ်ယူစွာဖြင့် ပြောပြသည်။ သူ့ဖခင် သင်္ဘောနစ်၍ ကွယ်လွန်သွားကြောင်း သေတမ်းစာတွင် ပါလာသောအခါ ဘဏ်အစုရှယ်ယာငွေများလည်း လျော့နည်းသွားသည့်အချက်ကို သူက သတိပြုမိသောကြောင့်ဖြစ်သည်။

နောက်သုံးလခန့်ကြာ၍ မော်ဂန်ဘဏ်တိုက်တွင် ငွေစုသူများ တဖွဲဖွဲ ပြန်ဝင်လာချိန်တွင်မှ သူ၏ ငွေစုစာရင်းကိုလည်း ပြန်လည်ဖွင့်သည်။

အဘွားကြီးနှစ်ယောက်က မြေးကလေး၏ အမြော်အမြင်ရှိပုံကိုသိရ၍ ကျိတ်ပြီး ဝမ်းသာနေကြသည်။ လက်ရှိ စီးနေသော စက်ဘီးအဟောင်းကိုလည်း ပြန်လည်ရောင်းခိုင်းပြီး စက်ဘီး

အသစ်တစ်စီး ဝယ်စေသည်။ စက်ဘီးဝယ်ပြီးနောက် သူ့စုငွေမှာ စုစုပေါင်း ဒေါ်လာတစ်ရာကျော် ကျန်နေသေးသည်။ ယင်းငွေကို အဘွားတွေက နယူးဂျာစီပြည်နယ်ရှိ စတင်းဒတ် ရေနံကုမ္ပဏီတွင် ဝီလျံအတွက် အစုရှယ်ယာသွင်းပေးသည်။ ရေနံသည် တစ်နေ့တခြား တန်ဖိုးရှိလာမည်ဖြစ်၍ ရေနံကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံလျှင် အမြတ်ပိုရနိုင်သည်ဟု ဝီလျံအလေးအနက် ယုံကြည်သည်။

ဤသို့ဖြင့် သူသည် ငွေစာရင်းမှတ်တမ်းစာအုပ်ကို အသက် ၂၁ နှစ်ပြည့်သည်အထိ မပျက်မကွက် ရေးသွင်းလာခဲ့သည်။

အကယ်၍ ထိုအချိန်တွင် အဘွားနှစ်ယောက်သာ အသက်ထင်ရှားရှိခဲ့မည်ဆိုပါက စာရင်းစာအုပ် လက်ယာဘက် မျဉ်းကွက်၌ 'ရရန်ပိုင်ခွင့်များ' ဟူသော စာတန်းကို မြင်ရလျှင် သူတို့ မြေးအလိမ္မာကလေးအတွက် ဘယ်လောက်များ ဂုဏ်ယူမိကြလိမ့်မည်နည်း။

✣

(၇)

သေကံမရောက် သက်မပျောက်ဘဲ ကျန်ရစ်သူများအနက် ဝလာဒက်တစ်ယောက်သာ ရဲတိုက်ကြီး၏ မြေအောက်ခန်းများအကြောင်းကို အသိဆုံးဖြစ်သည်။ ကျောက်တုံးများဖြင့် ပတ်ပတ်လည် ကာရံထားသော ထိုအခန်းကလေးများထဲတွင် လီယွန်နှင့် သူ တူတူပုန်းတမ်း ကစားခဲ့ကြသည်။ ထို့ကြောင့် ရဲတိုက်ကြီးနှင့်ပတ်သက်၍ ကုပ်ကုပ်ကပ်ကပ် ချောင်ကြိုချောင်ကြားပင်မကျန် သူက နှောကျေအောင် သိရှိနေခြင်းဖြစ်သည်။

စုစုပေါင်း အခန်းလေးခန်းရှိပြီး အနိမ့်အမြင့် နှစ်ဆင့်ခံ ဆောက်လုပ်ထားသည်။ မြေညီပြင်တွင် နှစ်ခန်း။ တစ်ခန်းက ခပ်ကြီးကြီး၊ တစ်ခန်းက ခပ်သေးသေး။ ခပ်သေးသေးအခန်းမှာ တိုက်နံရံနှင့် ဆက်နေပြီး အပေါ်မှ အလင်းရောင်ဝင်သည်ဆိုရုံသာ အပေါက်ကလေး ဖောက်ထားသည်။

အောက်သို့ လှေကားငါးထစ်ဆင်းလျှင် နောက်ထပ်အခန်းနှစ်ခန်းကို ရောက်သည်။ နှစ်ခန်းစလုံး ပိန်းပိတ်အောင် မှောင်နေသည်။ လေဝင်ပေါက်က ကျဉ်းကျဉ်းကလေးရှိသည်ဆိုရုံမျှ ဖောက်ပေးထားသည်။

ဝလာဒက်သည် နယ်စားကြီးအား မြေညီပြင်မှ အခန်းသေးကလေးထဲသို့ ခေါ်လာသည်။ နယ်စားကြီးသည် အခန်းထောင့်တွင် ထိုင်သည်။ စကားလည်း တစ်ခွန်းမျှမပြော။ ငူငူကြီးထိုင်ပြီး ရှေ့တည့်တည့်သို့သာ ငေးကြည့်နေသည်။ နယ်စားကြီးအား လိုအပ်သမျှကို ဆေးပေးမီးယူ ပြုစုရန်အတွက် ဝလာဒက်က ဖလော်ရင်တီနာအား တာဝန်ပေးလိုက်သည်။

ဝလာဒက်တစ်ယောက်သာ နယ်စားကြီးနှင့် တစ်ခန်းတည်းနေရဲသည်။ ယင်းသို့နေသည်ကို တခြားအိမ်တော်စေများကလည်း ဘယ်လိုမှမပြောကြ။

ဤသို့ဖြင့် အသက်ကိုးနှစ်မျှသာ ရှိသေးသော ဝလာဒက်ကလေးမှာ အကျဉ်းသားများ

အတွက် လိုအပ်သမျှ နေ့စဉ် တာဝန်ခံလုပ်ပေးရန် ကြိုးကြပ်ရေးမှူးဖြစ်လာရသည်။ နယ်စားကြီး၊ ဖလော်ရင်တီနာနှင့် ဝလာဒက်တို့အပြင် စုစုပေါင်း အိမ်တော်စေ ၂၄ ယောက်ရှိရာ ဝလာဒက်တို့အပြင် စုစုပေါင်း အိမ်တော်စေ ၂၄ ယောက်ရှိရာ ဝလာဒက်က ၎င်းတို့အား ရှစ်ယောက်တစ်တွဲစီ သုံးဆိုင်းခွဲ၍ ကြိုးကြပ်သည်။ ပထမရှစ်နာရီတွင် မြေညီပြင် အခန်းများသို့ပြောင်း၍ လေရှူစေသည်။ လေ့ကျင့်ခန်း လုပ်ခိုင်းသည်။ ထမင်းကျွေးသည်။ ဒုတိယ ရှစ်နာရီတွင် ဂျာမန်စစ်သားတွေခိုင်းသော အလုပ်များကို လုပ်ကြရသည်။ နောက်ဆုံး ရှစ်နာရီတွင်ကား မြေအောက်အခန်းများသို့ပြောင်း၍ အိပ်ကြရသည်။

ဝလာဒက် ဘယ်အချိန်တွင် အိပ်သည်ကို နယ်စားကြီးနှင့် ဖလော်ရင်တီနာတို့မှတစ်ပါး တခြား ဘယ်သူမှ မသိ။ အဘယ်ကြောင့်ဆိုသော် သူက ရှစ်နာရီတစ်ကြိမ် အဆိုင်းအပြောင်း အလဲ လုပ်တိုင်း ကြိုးကြပ်ရသောကြောင့် ဖြစ်သည်။ ၎င်းတို့အား ဂျာမန်စစ်သားတွေက ၁၂ နာရီတစ်ကြိမ် ထမင်းကျွေးသည်။ ဆိတ်နို့အနည်းငယ်၊ ပေါင်မုန့်နက်၊ ပြောင်းဆန်နှင့် တစ်ခါတစ်ရံ သစ်သီးများ စားရသည်။ ဝလာဒက်က ၂၇ ယောက်စာကို ၂၈ ယောက်စာခွဲ၍ နယ်စားကြီးအား နှစ်ယောက်စာ အမြဲတမ်းကျွေးသည်။ သို့သော် ယင်းသို့ ကျွေးသည်ကို နယ်စားကြီးက လုံးဝမသိ။

ဝလာဒက်သည် အဆိုင်းပြောင်းပေးပြီးတိုင်း နယ်စားကြီးအနားမှာ အမြဲတမ်း လာနေသည်။ နယ်စားကြီးက သူ့အား တစ်စုံတစ်ရာ ဆုံးမစကားသော်လည်းကောင်း၊ တခြား ပြောချင်ရာရာ တစ်ခုခုကိုသော်လည်းကောင်း ပြောလိမ့်မည်ဟု ဝလာဒက် မျှော်လင့်မိသည်။ သို့သော် နယ်စားကြီးမှာ မိမိပိုင် ရဲတိုက်ကြီးထဲတွင် အကျဉ်းသားဘဝသို့ ရောက်သည့်နေ့မှစ၍ ဘာစကားမှ မပြောတော့။

နယ်စားကြီး၏ မုတ်ဆိတ်ကျင်စွယ်တွေက တစ်နေ့ထက်တစ်နေ့ ရှည်၍ ရှည်၍လာကြသည်။ သန်မာထွားကျိုင်းသော ခန္ဓာကိုယ်မှာ တစ်နေ့တခြား ပိန်ချော်နွမ်းလျလာခဲ့သည်။ တစ်ချိန်တုန်းက အားမာန်အပြည့်နှင့် ဝင့်ကြွားခန့်ညားနေခဲ့သော မျက်နှာအမူအရာမှာလည်း ယခုအခါတွင် စိတ်ပျက်လက်လျှော့သည့် အမူအရာသို့ ပြောင်းလဲသွားခဲ့ပြီ။ ဩဇာတိက်အပြည့်ပါသော သူ့အသံကိုလည်း လုံးဝမကြားရတော့။

မျှော်လင့်ချက်ကင်းမဲ့သော အချိန်တွေက တဖြည်းဖြည်း ကုန်လွန်လာခဲ့သည်။ စက္ကန့်မှ မိနစ်၊ မိနစ်မှနာရီ၊ နာရီမှ နေ့ရက်၊ နေ့ရက်မှလသို့ ပြောင်းခဲ့ပြီ။ သို့သော် ဝလာဒက် အဖို့တော့ အချိန်ကာလကိုပင် မမှတ်မိတော့။ ထမင်းရောက်လာသောအခါ၊ အလင်းအမှောင် ရောက်လာသောအခါများတွင်သာ နောက်ထပ် ၁၂ နာရီ ကုန်လွန်သွားခဲ့ပြန်ပါပကောဆိုသည်ကို သိရတော့သည်။

လေပြင်းတိုက်သံတွေ ကြားရသည်။ အခန်းနံရံတွေပေါ်တွင် ရေခဲတွေ စုပုံလာကြသည်။ နေထွက်လာသည်။ ရေခဲတွေ ပျော်ကျသွားကြသည်။ မိုးရွာလာပြီ။ အချိန်ကာလ အပြောင်းအလဲကို ဤနည်းဖြင့်သာ မှတ်သားနေရလေသည်။

တစ်နေ့တွင် လေပြင်းတိုက်၍ မိုးရွာပြီးနောက် ကြမ်းခင်း ကျောက်တုံးတွေကြားတွင်

တင်ကျန်ရစ်ခဲ့သော ရေပြင့် ဝလာဒက်နှင့် ဖလော်ရင်တီနာတို့ ရေချိုးကြသည်။ ဝလာဒက် ရေချိုးနေတုန်း နယ်စားကြီးက စိတ်ဝင်စားစွာဖြင့် စိုက်ကြည့်နေသည်။ ကိုယ်ကို ရေသုတ်နေတုန်း နယ်စားကြီးက ရုတ်တရက် လှမ်းခေါ်လိုက်သည်။

"ဝလာဒက် သား" သူ့အသံက ကြားရရုံမျှသာ။ "သားကို ဖေဖေကြီး ကောင်းကောင်း မမြင်ရဘူး၊ အနားကို လာခဲ့ပါဦးကွယ်" သူ့အသံ တိမ်ဝင်သွားသည်။

ဝလာဒက်က သူ့ကျေးဇူးရှင်ကြီး၏အသံကို ပထမဆုံးအကြိမ် ပြန်ကြားရ၍ ဝမ်းလည်း သာမိသည်။ အံ့သြလည်း အံ့သြမိသည်။

"လာပါဦး... ကလေးရယ်၊ ဒီအနား ခဏလာခဲ့ပါဦး"

ဝလာဒက်သည် မဝံ့မရဲဖြင့် လျှောက်လာပြီး နယ်စားကြီးရှေ့တွင် ရပ်နေသည်။ နယ်စားကြီး ဝလာဒက် အနီးသို့ တုန်တုန်ရီရီဖြင့် ရွေ့လာပြီး သူ့မျက်လုံးများကို မှေးကာ အားယူ၍ ကြည့်သည်။ ပြီးတော့ သူက ဝလာဒက်၏ ရင်ဘတ်ကို လက်နှင့် လျှောက်စမ်းသည်။

"လူကလေးမှာ နို့သီးခေါင်းတစ်လုံး မရှိပါလား၊ အဲဒါ ဘာဖြစ်လို့လဲ..."

"မွေးကတည်းက ပါမလာဘူး... ဖေဖေကြီး" ဝလာဒက်က နည်းနည်းရှက်မိသည်။ "ကျွန်တော့် မွေးမိခင်ကတော့ ဒါဟာ ဘုရားသခင်ပေးတဲ့ အမှတ်အသားလို့ ပြောဖူးပါတယ်"

"အလကား မိန်းမ ဘယ်က ဟုတ်ရမှာလဲ၊ ဒါက လူကလေးရဲ့ ဖခင်အရင်းက ပေးတဲ့ အမှတ်အသားပါကွယ်" နယ်စားကြီးက လေသံဖြင့်ပြောသည်။ ပြီးတော့ အတန်ကြာမျှ နှုတ်ဆိတ်နေသည်။

ဝလာဒက်သည် တုတ်တုတ်မျှ မလှုပ်ဘဲ ရပ်မြဲရပ်နေသည်။

"ထိုင်စမ်းပါ လူကလေး" သည်တစ်ကြိမ်တွင် သူ့အသံက စောစောကထက် မာသလို ထင်ရသည်။

ဝလာဒက်က ကျိုးနွံစွာထိုင်ချလိုက်သည်။ နယ်စားကြီး၏ လက်ကောက်ကွင်းကို သတိ ထားမိပြန်သည်။ လက်ကောက်ကွင်းက တော်တော်ကြီး ချောင်နေပြီ။ လက်ကောက်ကွင်းအပေါ် မှ ဘွဲ့တံဆိပ်စာတန်းက မှုန်မွှားမွှား အလင်းရောင်အောက်တွင် ပြောင်လက် ပေါ်လွင်နေသည်။

"ဂျာမန်တွေက တို့ကို ဒီမှာ ဘယ်လောက်ကြာကြာ ထားမလဲဆိုတာတော့ မပြောတတ်ဘူး၊ ပထမတုန်းကတော့ ဒီစစ်ပွဲဟာ လပိုင်းအတွင်း ပြီးဆုံးသွားလိမ့်မယ်လို့ ထင်ခဲ့မိတယ်၊ ငါ့ အထင် မှားခဲ့တယ်၊ ဒီအတိုင်းဆိုရင် တော်တော်နဲ့ ပြီးမှာ မဟုတ်သေးဘူး၊ နှစ်နှင့်ချီပြီး ကြာလိမ့်ဦးမယ်၊ ငါလဲ တစ်နေ့ထက်တစ်နေ့ သေဖို့ဘက် နီးကပ်လာပြီ၊ အဲဒီတော့ ကျန်နေတဲ့ အချိန်တွေကို အကျိုးရှိရှိ အသုံးချမှဖြစ်လိမ့်မယ်"

"အို... မဟုတ်တာပဲ ဖေဖေကြီး၊ ဖေဖေကြီး ဘာမှ မဖြစ်နိုင်သေးပါဘူး"

နယ်စားကြီးက ဝလာဒက်၏ စကားကို မကြားသလို ဆက်ပြောသည်။

"လူကလေး ဘဝက အခုမှ အစပဲရှိသေးတယ်၊ အဲဒီတော့ ပြတ်နေတဲ့ ပညာရေးကို ပြန်ဆက်ကြမယ်"

နယ်စားကြီးသည် ထိုနေ့တစ်နေ့လုံး ဘာစကားမှ မပြောတော့။ ဝလာဒက်အတွက်

သင်ရိုးညွှန်းတမ်းကိုသာ အလေးအနက် စဉ်းစားနေတော့သည်။

သည်လိုနှင့် ဝလာဒက်သည် ဆရာသစ်တစ်ယောက် ရရှိလာပြီး အဆက်ပြတ်နေသော စာသင်ခြင်းအလုပ်ကို ပြန်လည်သင်ကြားခွင့်ရသည်။ သို့သော် သူတို့တွင် ဖတ်စာအုပ်နှင့် ရေးစရာပစ္စည်းဆို၍ ဘာမျှမရှိသဖြင့် နယ်စားကြီး ရွတ်ပြသမျှကို နှုတ်တိုက်သာ ကျက်မှတ်ရလေသည်။

နယ်စားကြီးက ဝလာဒက်အား နာမည်ကျော် ပိုလန်စာဆိုကြီးများဖြစ်ကြသော အဒမ်မစ်ကေဝစ်နှင့် ဂျန်ကိုချာနော့စကီးတို့၏ ဂန္ထဝင် ကဗျာများကို သင်ပေးသည်။ ရောမစာဆိုကြီး ဗာဂျီလ်၏ ဂန္ထဝင်မော်ကွန်းဖြစ်သော 'အီနီးအစ်' လင်္ကာကြီးမှ အကောင်းဆုံး အပိုဒ်များကိုလည်း ရွေးနုတ်သင်ကြားပေးသည်။ ထို့ပြင် ပထဝီနှင့် သင်္ချာအပြင် ရုရှ၊ ဂျာမန်၊ ပြင်သစ်နှင့် အင်္ဂလိပ်ဘာသာတို့ကိုလည်း သင်ပြသည်။ သို့သော် ဝလာဒက် အကြိုက်ဆုံးကတော့ နိုင်ငံသမိုင်းဘာသာရပ်ဖြစ်သည်။ မျိုးခြား နယ်ချဲ့တို့၏ လက်အောက်တွင် နှစ်ပေါင်းတစ်ရာကျော်မျှ ကျွန်သပေါက် ဘဝ ရောက်ခဲ့ရသော ပိုလန်အမျိုးသားတို့၏ သမိုင်းကို သင်ကြားရသောအခါ ဝလာဒက်အဖို့ မျိုးချစ်စိတ်များ တဖွားဖွားဖြစ်ပေါ်လာမိသည်။ နေ့စဉ်နေ့တိုင်း နောက်ဆုံးပိတ်သင်ရသော ဘာသာရပ်ကတော့ ရိုစနော့စကီး မိသားစုသမိုင်း။ ၁၇၉၄ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ဒါဘရော်စကီး လက်အောက်၌လည်းကောင်း၊ ၁၈၀၉ ခုနှစ်တွင် ပြင်သစ် ဧကရာဇ် နပိုလီယံ လက်အောက်၌လည်းကောင်း အမှုထမ်းခဲ့၍ နပိုလီယံက နယ်စားဘွဲ့နှင့် မြေများချီးမြှင့်ခံခဲ့ရသော နယ်စားကြီး၏ အဘိုး၏ အဘိအကြောင်းကိုကား ထပ်တလဲလဲ ကြားရသည်။ ကြားရတိုင်းလည်း ဝလာဒက်မှာ နားမညည်းနိုင်အောင်ပင် စိတ်ဝင်စားမိသည်။ ထို့ပြင်…

နယ်စားကြီး၏ အဘိုးဖြစ်သူသည် ဝါဆော မြို့တော်ကောင်စီတွင် ဆောင်ရွက်ခဲ့ပြီး ဖခင်ဖြစ်သူမှာ ခေတ်သစ်ပိုလန်နိုင်ငံ ထူထောင်ရာတွင် ရှေ့တန်းမှ ပါဝင်ခဲ့ကြောင်းများကိုလည်း မှတ်သားရသည်။

အကျဉ်းခန်းမှ စာသင်ခန်းသို့ ပြောင်းကာ သည်အကြောင်းတွေကို လေ့လာမှတ်သားရသောအခါ ဝလာဒက်မှာ ပျင်းရိချိန်မရတော့ဘဲ အပျော်ကြီး ပျော်နေမိတော့သည်။

✧ ✧ ✧

အချုပ်ခန်း တံခါးဝတွင် အစောင့်ကို လေးနာရီလျှင် တစ်ကြိမ်လဲသည်။ အစောင့် စစ်သားနှင့် အကျဉ်းသားများ စကားပြောခြင်းကို ပြင်းပြင်းထန်ထန် တားမြစ်ထားသည်။ သို့သော် စစ်သားများဆီမှ တစ်ခွန်းစ နှစ်ခွန်းစကြားရသော စကားဖြင့် စစ်ကြီး အခြေအနေကို ဝလာဒက် အကဲခတ်မိသည်။ ဟင်ဒင်ဘတ်နှင့် လူဒင်ဒေါ့ဖ်တိုက်ပွဲများအကြောင်း၊ ရုရှနိုင်ငံတွင် တော်လှန်ရေးကြီး ပေါ်ပေါက်လာပြီး ဘရက်လီတော့စ် စာချုပ်ဖြင့် ရုရှနိုင်ငံစစ်ကြီးထဲမှ ပြန်ထွက်သွားကြောင်းတို့ကို သိရှိလာရသည်။

ဝလာဒက်မှာ နယ်စားကြီး၏ သင်ပြမှုကြောင့် ပညာဗဟုသုတ တိုးပွားလာသော်လည်း ထွက်ပေါက်မရှိသော အခန်းထဲတွင် လွတ်လပ်မှုမရှိ၍ စိတ်ဆင်းရဲလှသည်။ အကျဉ်းသားများအဖို့ တစ်ခုတည်းသော ထွက်ပေါက်မှာ သေခြင်းပင်ဖြစ်ကြောင်း သူတို့အားလုံး နားလည်ကြသည်။

နယ်စားကြီးမှာ တစ်နေ့ထက် တစ်နေ့ မျက်စိအားလည်း ယုတ်လာသည်။ နားအကြားလည်း ဆုတ်လာသည်။ သို့သော် ဝလာဒက်အား စာသင်ပေးခြင်းကား တစ်နေ့မှ မပျက်။

အချုပ်ခန်းများ၏ အခြေအနေမှာ ရက်ကြာလာသည်နှင့်အမျှ ဆိုးသည်ထက် ဆိုးရွားလာသည်။ ကျင်ကြီးကျယ်ငယ် အနံ့များနှင့် ဟင်းကျန် ကျွေးကျန် အပုပ်နံ့များမှာ မခံမရပ်နိုင်အောင် ဖြစ်လာသည်။ လူတွေလည်း ရောဂါအမျိုးမျိုး စွဲကပ်ပြီး အသေအပျောက်များလာသည်။ ၁၉၁၈ ခုနှစ် နွေဦးပေါက်ရာသီရောက်လာသောအခါ အကျဉ်းသား ၂၇ ယောက်အနက် ၁၅ ယောက်သာ ကျန်တော့သည်။

နယ်စားကြီးကို လူတိုင်းက အရှင်သခင်သဖွယ် ဆက်ဆံကြသည်။ ဝလာဒက်မှာလည်း နယ်စားကြီး၏ တရားဝင် ဘဏ္ဍာစိုးဖြစ်လာခဲ့ရသည်။

ဝလာဒက်က မိမိအတွက်ထက် အစ်မကြီး ဖလော်ရင်တီနာအတွက် ပို၍ စိတ်မကောင်းဖြစ်မိသည်။ ဖလော်ရင်တီနာမှာ အသက် ၂၀ ပင် ပြည့်လာပြီ။ ငရဲဘုံလို ဆိုးရွားလှသော အကျဉ်းခန်းထဲတွင် မိန်းမပျိုကလေးတစ်ယောက် အနေဖြင့် နှစ်ရှည်လများ နေသွားရမည်ကို မတွေးရဲအောင်ပင်ဖြစ်ရသည်။

ဝလာဒက် အသက်က ၁၂ နှစ်ရောက်ပြီ။ အသက်ငယ်သော်လည်း သူက အသိဉာဏ်အရ လူကြီးကလေးဖြစ်နေသည်။ အစ်မကြီးဖြစ်သူအား စိတ်ဓာတ်မကျရန် အမြဲတမ်းအားပေးသည်။ သို့သော် သူ့စိတ်ထဲမှာတော့ အနာဂတ်ကို မယုံချင်တော့။ သူတို့အတွက် အနာဂတ်ရှိနေသေးသည်ဟု မထင်ချင်တော့။

◆ ◆ ◆

ဆောင်းဦးပေါက်ကာလ တစ်ခုသော ညနေချမ်းအချိန်။

ဖလော်ရင်တီနာသည် ဝလာဒက်ရှိရာ အခန်းထဲသို့ ဝင်လာသည်။

"ဖေဖေကြီးက မောင်လေးကို ခေါ်နေတယ်"

ဝလာဒက်က ထမင်းဟင်း ဝေခြမ်းသော တာဝန်ကို အခြားအိမ်စေတော်တစ်ယောက်နှင့် လွှဲထားခဲ့ပြီး ကမန်းကတန်း ထလိုက်လာခဲ့သည်။

နယ်စားကြီးသည် ပြင်းထန်သော ဝေဒနာဒဏ်ကို မချိမဆံ့ခံစားနေရကြောင်း ဝလာဒက်က မြင်မြင်ချင်း သိလိုက်မိသည်။ နယ်စားကြီးမှာ နဂိုရုပ် လုံးဝမရှိတော့။ အရိုးပေါ် အရေတင်ကာ ကမ္ဘာဋ္ဌာန်းရုပ် ပေါက်နေရှာပြီ။

နယ်စားကြီးက ရေတောင်းသည်။ ဖလော်ရင်တီနာက လက်ကိုင်ရိုးတပ်ထားသော ရေမှုတ်ဖြင့် ရေခပ်ပေးသည်။

ရေသောက်ပြီးသောအခါ နယ်စားကြီးက ဖြည်းဖြည်းချင်း စကားပြောသည်။ သူ့ အခြေအနေက စကားပြောရန်ပင် မနည်းအားထုတ်နေရကြောင်း သိသာလှသည်။

'ဝလာဒက် လူကလေးဟာ လူတွေသေတာကို အများကြီး မြင်ဖူးခဲ့ပါပြီ၊ အဲဒီတော့ နောက်ထပ် မြင်ရတော့လဲ လူကလေးအတွက် အထူးအဆန်း မဖြစ်တော့ပါဘူး၊ ဖေဖေကြီးဟာ

ဒီဘဝမှာ မနေချင်တော့ဘူး လူကလေး၊ ဒီဘဝမှာ နေရတာထက် သေသွားတာက ဖေဖေကြီး အတွက် ပိုပြီး ကောင်းလိမ့်မယ်"

"မဟုတ်ဘူး... ဖေဖေကြီး၊ အဲဒီလို မဟုတ်သေးဘူး၊ ဖေဖေကြီး မသေရသေးပါဘူး" ဝလာဒက်က နယ်စားကြီးအား ပထမဆုံးအကြိမ် ပွေ့ဖက်ပြီး ဝိုသံပါပါနှင့် ပြောလိုက်သည်။ "ကျွန်တော်တို့ လွတ်မြောက်ခါနီးပါပြီ ဖေဖေကြီး၊ စိတ်ဓာတ်မလျှော့ပါနဲ့၊ အားတင်းထားပါ၊ စစ်ပွဲကြီး ပြီးတော့မယ်၊ အစောင့်စစ်သားက အဲဒီလိုပဲ ကျွန်တော့်ကို ပြောပါတယ်၊ ကျွန်တော်တို့ မကြာခင် လွတ်မြောက်ရတော့မှာပါ"

"သူတို့က အဲဒီလိုပြောတာ ဘယ်နှစ်ကြိမ်ရှိပြီလဲ... လူကလေး၊ သူတို့ပြောတာကို မယုံပါနဲ့၊ ဘာပဲဖြစ်ဖြစ် ဖေဖေကြီးတော့ ဒီလောကမှာ မနေချင်တော့ဘူး၊ အသက်ရှင်နေရင်လဲ သူတို့လက်အောက်မှာပဲ နေရဦးမှာပဲ၊ ဖေဖေကြီး သူ့ကျွန်ဘဝနဲ့ နှစ်ခါအသေမခံနိုင်တော့ဘူး"

သူ့မျက်လုံးအစုံမှ မျက်ရည်တွေ စီးကျလာသည်။ မျက်ရည်တိတ်အောင် ချုပ်ထိန်းသည့် အနေဖြင့် အနီးမှ ရေခွက်ကိုယူ၍ ထပ်သောက်ပြန်သည်။ သို့သော် မျက်ရည်က မတိတ်။ စီးကျမြဲ စီးကျဆဲ။

သူက သူ့ကိုယ်သူ အားတင်းပြီး ပြုံးလိုက်သည်။

"လူကလေး... ထမင်းချက်နဲ့ စားပွဲထိုးကို သွားခေါ်ပါ"

ဝလာဒက်က ဘာအကြောင်းမှန်း မတွေးတတ်အောင် ဖြစ်ရသည်။ နယ်စားကြီးဆန္ဒအတိုင်း အိမ်တော်စေနှစ်ယောက်ကို ချက်ချင်းပင် သွားခေါ်လာသည်။

ထမင်းချက်နှင့် စားပွဲထိုးမှာ အိပ်ပျော်နေရာမှ ကမန်းကတန်းထလာပြီး နယ်စားကြီးရှေ့တွင် ရပ်လိုက်ကြသည်။ သူတို့နှစ်ယောက်သည် ယခင်ကအတိုင်းပင် ပွင့်ထိုးပန်းရိုက် အိမ်တော်စေများဝတ်စုံကို ဝတ်ထားဆဲဖြစ်သည်။ သို့သော် အစိမ်းရောင် ရွှေရောင်များ ပြယ်၍ ယခင်ကကဲ့သို့ ခန့်ညားလှပမှု လုံးဝမရှိတော့။

"သူတို့ရောက်ပြီလား လူကလေး"

"ဟုတ်ကဲ့... ရောက်ပါပြီ... ဖေဖေကြီး၊ ဒီမှာ... ဖေဖေကြီးရှေ့မှာ ရပ်နေကြပါတယ်"

နယ်စားကြီး၏ မျက်စိအလင်း လုံးဝကွယ်သွားခဲ့ပြီဆိုသည်ကို ဝလာဒက်က ပထမဆုံးအကြိမ် သိလိုက်ရလေသည်။

"ရှေ့နားတိုးစမ်းပါ၊ ငါစမ်းကြည့်ချင်လို့"

ဝလာဒက်က အိမ်တော်စေနှစ်ယောက်တို့အား နယ်စားကြီးအနီးသို့ ကပ်ခိုင်းသည်။ နယ်စားကြီးက ၎င်းတို့၏ မျက်နှာကို လက်နှင့် စမ်းသပ်ကြည့်သည်။

"ဒါ... လူဒွစ်နဲ့ အယ်လ်ဖွန်တို့လား၊ မင်းတို့ ငါပြောတာ ကြားရရဲ့လား"

"ကြားရပါတယ်... နယ်စားကြီး" လူဒွစ်က ပြန်ပြောသည်။

"ငါ့နာမည်က နယ်စားကြီးရီစနော့စကီး..."

"ဟုတ်ပါတယ် ခင်ဗျား..."

"ငါပြောတာ ဖြတ်မပြောနဲ့၊ အခု ငါသေရတော့မယ်"

အိမ်တော်စေနှစ်ယောက်က ဘာမှ ပြန်မပြော။ သေခြင်းတရားသည် သူတို့နှစ်ယောက် စလုံးအတွက် မဆန်းတော့။

"ဒီမှာ စက္ကူလဲမရှိ၊ ငှက်တောင်လဲမရှိ၊ မင်လဲမရှိ၊ သေတမ်းစာရေးနေလို့တော့ မဖြစ်တော့ဘူး၊ အဲဒီတော့... ပိုလန်နိုင်ငံရဲ့ ရှေးထုံးစံအတိုင်းပဲ မင်းတို့နှစ်ယောက်ကို သက်သေအရာမှာထားပြီးတော့ ငါက သေတမ်းစာ လွှဲခဲ့တော့မယ်၊ ငါပြောတာကို သဘောပေါက်ကြရဲ့လား"

"သဘောပေါက်ပါတယ်... နယ်စားကြီး" နှစ်ယောက်စလုံး ပြိုင်တူပြောလိုက်ကြသည်။

"ငါ့သားကြီး လီယွန်က ဆုံးသွားပြီ" ခေတ္တရပ်နေပြီးတော့မှ ဆက်ပြောသည်။ "ဒါကို ဒီသူငယ်ကို အပြီးအပိုင် လွှဲအပ်ခဲ့မယ်"

ဝလာဒက်က 'ကော်စကေဝစ်' ဆိုသော သူ၏ မိသားစုနာမည်စကားလုံးကို အခုမှ ပြန်လည်သတိရမိသည်။ သူက နယ်စားကြီး၏ စကားကို နားစွင့်နေသည်။

"အဲဒီတော့ သက်သေခံ အထောက်အထားအဖြစ်နဲ့ ငါ့ရဲ့ ဒီဘွဲ့တံဆိပ်တော် လက်ကောက်ကွင်းကို သူ့ကို ပေးခဲ့မယ်"

နယ်စားကြီးက ညာလက်ကို ဖြည်းဖြည်းမကာ ငွေလက်ကောက်ကွင်းကို ချွတ်သည်။ ပြီးတော့ ဝလာဒက်ထံသို့ ကမ်းပေးသည်။ ဝလာဒက်က ကြက်သေသေကာ ငေးကြည့်နေသည်။ နယ်စားကြီးက ဝလာဒက်အား ပွေ့ဖက်ကာ ရင်ဘတ်ကို လက်နှင့်စမ်းကြည့်သည်။ ထို့နောက် ဝလာဒက်၏ လက်ကို လှမ်းယူပြီး ငွေလက်ကောက်ကွင်းကို ဝတ်ပေးလိုက်သည်။

"သား... သား... ငါ့သား..."

ဝလာဒက်က ဘာမပြော ညာမပြောနှင့် ကျုံ့ကျုံ့ပါအောင် ငိုချလိုက်သည်။ သူသည် နယ်စားကြီးအား ပွေ့ဖက်ကာ တစ်ညလုံး တသိမ့်သိမ့်ငိုနေသည်။ နယ်စားကြီးကလည်း ဝလာဒက်၏ကိုယ်ကို ပွေ့ဖက်ထားသည်။

ညနေပိုင်းရောက်တော့ နယ်စားကြီး၏ ဖက်ထားသောလက်များ လျော့ပြေကျသွားသည်။ ရင်ဘတ်ကို စမ်းကြည့်သောအခါ နှလုံးလည်းမခုန်တော့။

✧ ✧ ✧

မနက်မိုးလင်းတော့ နယ်စားကြီး၏ ရုပ်ကလာပ်ကို အစောင့်စစ်သားများက အပြင်သို့ သယ်ထုတ်ကြသည်။ ဝလာဒက်၏ တောင်းပန်ချက်အရ နယ်စားကြီး၏ အလောင်းကို ဘုရားရှိခိုး ကျောင်းဘေးမှ မိသားစု သင်္ချိုင်းတွင် မြှုပ်နှံခွင့်ပြုသည်။ ဝလာဒက်သည် သူကိုယ်တိုင်တူးသော မြေတွင်းထဲသို့ အလောင်းကိုချလိုက်စဉ်တွင် နယ်စားကြီး၏အင်္ကျီရင်ဘတ် ရုတ်တရက် ပွင့်သွားသည်။ ဝလာဒက်က အသက်မရှိတော့သော အလောင်းကောင်၏ ရင်ဘတ်ကို စိုက်ကြည့်ရင်း အံ့အားသင့်ကာ ကြက်သေသေနေမိသည်။

"ဘုရားရေ..."

နယ်စားကြီးမှာလည်း သူ့လိုပင် နို့သီးခေါင်းတစ်လုံးတည်းပါကလား။

✧ ✧ ✧

သို့ဖြင့် ဝလာဒက်ကလေးသည် အသက် ၁၂ နှစ်သားအရွယ်တွင် ခြံမြေဧက ခြောက်သောင်း၊ ရဲတိုက်ကြီးတစ်လုံး၊ ရှေးရိုးအိမ်ကြီးနှစ်ဆောင်၊ တန်းလျားအိမ် ၂၇ လုံး၊ အဖိုးများစွာထိုက်သော ရှေးပန်းချီကားလက်ရာများ၊ အိမ်ထောင် ပရိဘောဂများနှင့် ရွှေငွေရတနာ မြောက်မြားစွာတို့ကို အကျဉ်းသားဘဝဖြင့် မြေအောက်မှ ကျောက်တုံးကာ အခန်းကျဉ်းကလေးထဲတွင် နေထိုင်ရင်းမှ လုံးဝမမျှော်လင့်ဘဲ အမွေရရှိခဲ့လေသည်။

ထိုနေ့မှစ၍ အခြားသော အကျဉ်းသား အားလုံးကပင် သူ့အား ၎င်းတို့၏ အရှင်သခင်အဖြစ် အသိအမှတ်ပြုကြသည်။ သူ၏ စံအိမ်တော်ကား ရဲတိုက်ကြီးတော့မဟုတ်၊ ရဲတိုက် မြေအောက်ထဲမှ အကျဉ်းခန်းလေးခန်းသာ ဖြစ်သည်။ သူ၏ အိမ်တော်စေများမှာလည်း ယခုအချိန်တွင် ဖလော်ရင်တီနာအပါအဝင် စုစုပေါင်း ၁၄ ယောက်သာ ကျန်တော့သည်။

တစ်နေ့ပြီးတစ်နေ့ အချိန်တွေ ကုန်လွန်လာခဲ့သည်။ ၁၉၁၈ ခုနှစ် ဆောင်းရာသီသို့ ရောက်ခဲ့ပြီ။

တစ်နေ့တွင် အကျဉ်းသားအားလုံး သေနတ်သံများကို ရက်တရက် ကြားလိုက်ကြရသည်။ တစ်နေရာတွင် တိုက်ပွဲဖြစ်နေသည်မှာ ထင်ရှားသည်။ သူတို့အား ကယ်တင်ရန် ပိုလန်စစ်သားတွေ လာနေကြပြီဟု ဝလာဒက်က ထင်လိုက်သည်။ သည်ရဲတိုက်ကြီးကိုလည်း သူပိုင်တော့မည်ဟု တွေးပြီး ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။

အကျဉ်းခန်းတံခါးဝတွင် စောင့်နေသော ဂျာမန်စစ်သားတွေ ထွက်ခွာသွားကြပြီ။ တခြားအကျဉ်းသားတွေက ကြောက်ကြောက်လန့်လန့်ဖြင့် အခန်းထဲတွင် ကုပ်နေကြသည်။ ဝလာဒက်ကတော့ တံခါးဝတွင် ထွက်ရပ်ပြီး သူ့လက်ကောက်ကွင်းကို ဂုဏ်ယူစွာ ပွတ်သပ်ကစားရင်း လွတ်လပ်ခွင့်ရတော့မည့်အချိန်ကို စောင့်မျှော်လျက်ရှိသည်။

မကြာမီတွင် သေနတ်ကိုယ်စီနှင့် စစ်သားတွေ ရောက်လာကြသည်။ သူတို့သည် ဂျာမန်စစ်သားများအား တိုက်ထုတ်လိုက်သော စစ်သားများဖြစ်ကြသည်။ သူတို့ စကားပြောသံကို ကြား လိုက်ရသောအခါ ဝလာဒက်၏ ရင်ထဲတွင် ထိတ်ကနဲဖြစ်သွားမိသည်။ ကြောက်လန့်ချိန်များစွာမရလိုက်မီပင် ယင်းစစ်သားများက သူနှင့်တကွ အကျဉ်းသားအားလုံးကို အပြင်သို့ ဆွဲထုတ်လာကြသည်။

အကျဉ်းသားများအား တစ်ယောက်စီ တန်းစီစစ်ဆေးသည်။ ပြီးတော့ အကျဉ်းခန်းထဲ ပြန်ပို့လိုက်ကြသည်။ အသစ်ရောက်လာသော စစ်သားများက ယခု သူတို့တွေ့ရသော ၁၂ နှစ်အရွယ် လူငယ်ကလေးသည် ဤရဲတိုက်ကြီး၏ ပိုင်ရှင်ဖြစ်ကြောင်း မသိကြ။ သူတို့က ပိုလန်စကားမပြော၊ ရုရှစကားပြောသည်။

သူတို့အမိန့်က တစ်ချက်လွှတ်အမိန့်။ ပြန်လည်မေးမြန်းခြင်း လုံးဝမရှိ။

သူတို့အား ပြန်လှန်အာခံသူများအား ရန်သူအဖြစ် သဘောထားပြီး သတ်ပစ်၊ အေးအေးဆေးဆေး အည်ခံသူများအား အမှတ် ၂၀၁ အချုပ်စခန်းသို့ပို့။ ယင်းမှာပင် ပြန်မလွှတ်မချင်း ပင်ပန်းကြီးစွာ အလုပ်လုပ်ရင်း တစ်သက်လုံးနေကြတော့။

တတိယမြောက်နေ့တွင် စစ်သားတွေက သူတို့အားလုံးကို အပြင်သို့ ခေါ်ထုတ်လာပြီး

ရဲတိုက်ရှေ့မှ မြက်ခင်းပြင်တွင် တန်းစီခိုင်းသည်။ ဂြိုဟ်ဆိုးတစ်ခုခုတော့ ဝင်တော့မည်ဟု ဝလာဒက်က စိတ်ထဲမှ အလိုလိုသိလိုက်သည်။ သူတို့အားလုံး စုစုပေါင်း ၁၅ ယောက်။ အားလုံးပင် အာဟာရချို့တဲ့၍ ပိန်လှီညှိုးရော်နေကြသည်။ အင်္ကျီအဝတ်အစားတွေကလည်း ဟောင်းနွမ်းစုတ်ပြတ်နေကြပြီ။ ကိုယ်ပေါ်တွင်လည်း ရေမချိုးရ၍ ချေးညော်တွေ ပေကျံနေသည်။

နေရောင်ဒဏ် မခံရပ်နိုင်၍ အကျဉ်းသားနှစ်ဦးတောက် ခွေယိုင်လဲကျသွားသည်။ ဝလာဒက်ကလည်း နေရောင်မကြည့်နိုင်၍ မျက်နှာကို အောက်သို့ငုံ့ထားရသည်။

အကျဉ်းသားတွေက မြက်ခင်းပေါ်တွင် ရပ်ရင်း အမိန့်ပေးသံကို ရင်တထိတ်ထိတ်နှင့် စောင့်နေကြသည်။

စစ်သားများက သူတို့အား အဝတ်တွေ ချွတ်ခိုင်းပြီး မြစ်ထဲတွင် ရေသွားချိုးရန် အမိန့်ပေးသည်။

ဝလာဒက်က လက်ကောက်ကွင်းကို အဝတ်ပုံထဲ ဝှက်ထားလိုက်ပြီးနောက် ရေစပ်သို့ ပြေးဆင်းလာခဲ့သည်။ အားနည်းနေသောကြောင့် မြစ်ကမ်းနားရောက်တော့ မောဟိုက်နေသည်။ အသက်ကို တဝရှိုက်လိုက်ပြီး ရေထဲသို့ ဝုန်းခနဲ ခုန်ဆင်းလိုက်သည်။ ရေနှင့် ဝေးခဲ့ရသောကြောင့် အေးမြသော ရေသည် အရေပြားပေါ်မှ စိမ့်၍ ခန္ဓာကိုယ်ထဲ ဝင်ရောက်သွားသည်လို ထင်မှတ်ရသည်။ တခြားအကျဉ်းသားတွေလည်း သူ့လိုပင် တစ်ယောက်ပြီးတစ်ယောက် ခုန်ဆင်းကြသည်။ ကိုယ်ပေါ်က သုံးနှစ်သက်တမ်းရှိသော ချေးညော်များကို ဆေးကြောခွင့်ရ၍ အားလုံးပင် ဝမ်းသာမိကြသည်။

ရေဝအောင် ချိုးပြီးတော့ ဝလာဒက်က ကမ်းပေါ်သို့ ပြန်တက်လာသည်။ ထိုအချိန်တွင် သံသယဝင်စရာ စစ်သားတစ်ယောက်ကို ရုတ်တရက် လှမ်းမြင်လိုက်ရသည်။

ထိုစစ်သားသည် ရေချိုးနေသော ဖလော်ရင်တီနာဆီသို့ လျှောက်သွားပြီး လက်မောင်းကို ဆွဲကာ ကမ်းပေါ်သို့ ဆွဲခေါ်လာခဲ့သည်။

ထိုနောက် ဖလော်ရင်တီနာအား မြက်ခင်းပေါ်သို့ တွန်းလှဲပစ်လိုက်သည်။ ဤတွင် ဝလာဒက်က တအားပြေးသွားပြီး စစ်သား၏ ဝမ်းဗိုက်ကို ခေါင်းနှင့်ဝင်ဆောင့်လိုက်သည်။ ထိုစစ်သားနောက်ပြန်လဲကျသွားစဉ် အခြားစစ်သားတစ်ယောက်က ပြေးလာပြီး ဝလာဒက်၏ လက်နှစ်ဖက်ကို နောက်ပြန်ချုပ်ကိုင်ကာ ဆွဲခေါ်လာခဲ့သည်။

"ခွေးကောင်ကလေး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ မသာဖြစ်ချင်ပြီထင်တယ်"

ထို့နောက်တွင်တော့ ဖလော်ရင်တီနာကလေးခမျာမှာ အရှင်လတ်လတ်နှင့် ငရဲပြည်သို့ ရောက်သွားရရှာတော့သည်။

✧ ✧ ✧

ဖလော်ရင်တီနာကလေး၏ အော်ဟစ်ငိုညည်းသံများ။ ပထမတော့ အသံကျယ်ကျယ်။ နောက်တော့ တဖြည်းဖြည်း အသံတိမ်ဝင်သွားပြီး နောက်ဆုံး ဘာသံမှမကြားရတော့။

ဝလာဒက်မှာ ဖလော်ရင်တီနာ၏ ငိုညည်းသံကို ကြားရတိုင်း အသည်းကို သံချွန်နှင့် အထိုးခံရသလို မချိအောင် ခံစားရသည်။ သူက သူ့လက်ကို ဖမ်းချုပ်ထားသော စစ်သားလက်ထဲ

မှ အတင်းရုန်းထွက်သည်။ သို့သော် အားချင်းမမျှသောကြောင့် သူ့မှာ အံတကြိတ်ကြိတ်နှင့်သာ ခံနေရတော့သည်။

နောက်ဆုံးတော့ စစ်သားက ဝလာဒက်၏ လက်ကို လွှတ်ပေးလိုက်သည်။ ဝလာဒက်က ဖလော့်ရင်တီနာဆီသို့ ပြေးလာခဲ့သည်။ သူကလေးသည် မြက်ခင်းပြင်ပေါ်တွင် မြင်မကောင်း ရှုမကောင်းနှင့် စန့်စန့်ကြီးမှေ့မြောနေရှာပြီ။

စစ်သားတွေက ရဲတိုက်ပေါ်မှ အရက်ပုလင်းများနှင့် မုန့်များကိုယူကာ မြက်ခင်းပြင်တစ်နေရာတွင် တသောသော ရယ်မောရင်း အောင်ပွဲခံနေကြသည်။

ဝလာဒက်သည် တခြားအကျဉ်းသား နှစ်ယောက်၏ အကူအညီဖြင့် ဖလော့်ရင်တီနာကို မြစ်ကမ်းနားသို့ သယ်ယူလာသည်။ သူမ၏ တစ်ကိုယ်လုံးမှာ ဖွဲ့အိတ်ပမာ ပျော့အိနေပြီ။ မျက်နှာတွင်လည်း သွေးရောင်လုံးဝမရှိတော့။

ဖလော့်ရင်တီနာ၏ တစ်ကိုယ်လုံးကို ဆေးကြောသုတ်သင်ပေးသည်။ ပြီးတော့ ဝလာဒက်က သူ့အင်္ကျီနှင့် ဖုံးပေးလိုက်သည်။

ထို့နောက် ဝလာဒက်က ဖလော့်ရင်တီနာ၏ နဖူးပြင်ကို ရှုရှုကလေး နမ်းလိုက်သည်။ သူ့အနေဖြင့် မိန်းမသားတစ်ယောက်အား ပထမဆုံးအကြိမ် နမ်းခြင်းပင်ဖြစ်သည်။

ဖလော့်ရင်တီနာသည် ဝလာဒက်၏ ပေါင်ပေါ်တွင် မှီကာ ပက်လက်ကြီး မှေ့မြောနေသည်။ အသက်ရှူသံပင် မကြားရတော့။ ဝလာဒက်၏ မျက်စိအစုံမှ မျက်ရည်ပေါက်များသည် ဖလော့်ရင်တီနာ၏ ကိုယ်ပေါ်သို့ ဆက်တိုက် ကျဆင်းလာကြသည်။

ကြည့်နေရင်းမှပင် ဖလော့်ရင်တီနာသည် ကုပ်ကျိုးပြီး တစ်ဖက်သို့ ခေါင်းလည်ကျသွားသည်။

ဝလာဒက်က သူ့အစ်မကြီးအား ကျစ်ကျစ်ပါအောင် ဖက်ကာ အားရအောင် ငိုချလိုက်တော့သည်။

✧ ✧ ✧

ဖလော့်ရင်တီနာ၏ အလောင်းကို မိသားစု သုသာန်ထဲမှ ဘုရားရှိခိုးကျောင်းဆီသို့ ယူလာခဲ့ကြသည်။ ဝလာဒက်၏ မျက်နှာတွင် မျက်ရည်များနှင့် ရွှဲရွှဲစိုနေသည်။

သူက အစ်မကြီး၏အလောင်းကို နယ်စားကြီး မြေစာပုံဘေးတွင် အသာအယာချထားလိုက်သည်။ ထို့နောက် သူ့လက်ဖြင့် မြေတွင်းတူးသည်။ နေဝင်ခါနီးတော့မှ မြေတွင်းတူးပြီးသွားသည်။

ဝလာဒက်က ဖလော့်ရင်တီနာ၏အလောင်းကို လီယွန်၏မြေစာပုံနှင့် ဘေးချင်းကပ်၍မြှုပ်သည်။ တုတ်ကလေးနှစ်ချောင်းယူပြီး လက်ဝါးကပ်တိုင်လုပ်ကာ မြေစာပုံပေါ်တွင် စိုက်ထားလိုက်သည်။ ထို့နောက်တွင်တော့...

သူသည် လီယွန်နှင့် ဖလော့်ရင်တီနာတို့၏ မြေစာပုံနှစ်ခုကြားတွင် အရုပ်ကြိုးပြတ် ခွေကျသွားတော့သည်။

✣

## (၈)

ဝီလျံသည် စက်တင်ဘာလတွင် 'ဆေးယားအကယ်ဒမီကျောင်း' သို့ ပြန်ရောက်လာသည်။ သူက သူ့ထက်အသက်ကြီးသော ပြိုင်ဖက်ကျောင်းသားများကိုချည်း သဲကြီးမဲကြီး လိုက်ရှာနေသည်။ စိတ်ဓာတ်ကလည်း ပြင်းပြနေသည်။ ဉာဏ်ကလည်း ကောင်းသည်။ ဘာသာရပ်တိုင်းတွင် သာမန်အဆင့်ထက် မကျော်လွန်လျှင် ဘယ်တော့မှ မကျေနပ်။

သို့သော် တစ်ကျောင်းလုံးတွင် သူ့ကို ယှဉ်ပြိုင်နိုင်သူတစ်ယောက်မျှ မရှိ။ သူ့ထက်ညံ့သော သာမန် ကျောင်းသားတွေချည်းဖြစ်နေသည်။ သူတို့က ဝီလျံကဲ့သို့ပင် သူဌေးသားတွေဖြစ်ကြသော်လည်း ကြိုးစားမှုတွင် အလွန်အားနည်းကြသည်။ အပြိုင်အဆိုင် စိတ်ဓာတ် ခေါင်းပါးကြသည်။

၁၉၁၅ ခုနှစ်တွင် 'ဆေးယားအကယ်ဒမီ' ကျောင်း၌ ကျောင်းပြင်ပလုပ်ငန်းတစ်ရပ် ရေပန်းစားလာသည်။ တခြားမဟုတ်။ မီးခြစ်ဘူးပေါ်မှ လေဘယ်တံဆိပ်စုခြင်းဖြစ်သည်။ ဝီလျံသည် ပထမတော့ သည်အလုပ်ကို စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်နေသည်။ ကိုယ်တိုင် စုဆောင်း ခြင်းမလုပ်။ သို့သော် မကြာမီတွင် သာမန်တံဆိပ်တစ်ခု၏ တန်ဖိုးသည် ဆင့် ၁၀ ဖြစ်လာပြီး ရှားရှားပါးပါး တံဆိပ်တစ်ခု၏ တန်ဖိုးက ဆင့် ၅၀ အထိ ဖြစ်လာသည်။ ဝီလျံက အခြေအနေကို သုံးသပ်ပြီးနောက် သည်လုပ်ငန်းကို လုပ်ရန် ဆုံးဖြတ်လိုက်သည်။ သို့သော် စုဆောင်းသူတော့မလုပ်။ ရောင်းဝယ်သူလုပ်ရန် ဖြစ်သည်။

စနေနေ့ ကျောင်းအားရက် တစ်ရက်ရက်တွင် သူသည် ဘော့စတွန်မြို့မှ အကြီးဆုံး ဆေးလိပ်ကုမ္ပဏီကြီးတစ်ခုဖြစ်သော 'လီဗစ်နှင့် ပီးယားစ်ကုမ္ပဏီ'သို့ သွားရောက်သည်။ ကမ္ဘာပေါ်တွင် အဓိက မီးခြစ်ဘူးခွံများ ထုတ်လုပ်သော ကုမ္ပဏီအားလုံး၏ နေရပ်လိပ်စာတွေကို တစ်ညလုံး ထိုင်ကူးသည်။ ကုမ္ပဏီတစ်ခုခုသည် စစ်နယ်မြေထဲရောက်နေသလား မရောက်နေသ

လားဆိုသည်ကိုလည်း သေသေချာချာ မှတ်သားသည်။

ထို့နောက် စာရေးစက္ကူ၊ စာအိတ်နှင့် တံဆိပ်ခေါင်းအတွက် ငါးဒေါ်လာ အရင်းအနှီး မြှုပ်နှံကာ ကုမ္ပဏီတိုင်း၏ ဥက္ကဋ္ဌအသီးသီးထံသို့ စာရေးသည်။ စာကြမ်းနမူနာကို ခုနစ်ကြိမ်တိတိ ရေးပြီးမှ အချောပြန်ကူးသည်။

**လူကြီးမင်းခင်ဗျား...**

ကျွန်တော်သည် မီးခြစ်ဘူး လေဘယ်တံဆိပ် စုဆောင်းခြင်းကို အလွန်ဝါသနာကြီးသူတစ်ယောက်ဖြစ်ပါသည်။ သို့သော်လည်း မီးခြစ်ဘူးခွံအားလုံးကို ရရှိရန် အခက်အခဲတွေ့နေရပါသည်။ ကျွန်တော့် မုန့်ဖိုးရသော ပိုက်ဆံမှာလည်း တစ်ပတ်မှ တစ်ဒေါ်လာသာဖြစ်၍ အလွန်နည်းနေပါသည်။ သို့သော်လည်း ကျွန်တော်၏ ဝါသနာပြင်းပြကြောင်းကို သက်သေပြချင်၍ တံဆိပ်ခေါင်း သုံးဆင့်ဖိုး အကုန်ခံကာ ဤစာကို ရေးလိုက်ရပါသည်။

လူကြီးမင်းအား ယခုကဲ့သို့ အနှောင့်အယှက်ပြုမိသည်ကို အထူးပင် အားနာမိပါသည်။ သို့သော်လည်း လူကြီးမင်းမှတစ်ပါး တခြားအားကိုးရာ မရှိပါ၍ ယခုကဲ့သို့ အကူအညီ တောင်းခံရပါသည်ခင်ဗျား။

လေးစားလျက်ပါ
ဝီလျံကိန်း (အသက် ၉ နှစ်)

ပီ–အက်စ်။ လူကြီးမင်း၏ ကုမ္ပဏီမှ ထုတ်လုပ်သော မီးခြစ်ခွံလေဘယ်တံဆိပ်မှာ ကျွန်တော် အကြိုက်ဆုံးတံဆိပ်တစ်ခုဖြစ်ပါသည်။

သည်စာများကို ပို့ပြီးနောက် ရက်သတ္တ သုံးပတ်အတွင်းတွင် ပြန်စာ ၅၅ ရာခိုင်နှုန်းရရှိပြီး စုစုပေါင်း လက်ခံရရှိသော မီးခြစ်ခွံတံဆိပ်မှာ ၁၇၈ မျိုးဖြစ်သည်။ သူက ကြိုတင်အမြော်အမြင်ဖြင့် စာအိတ်တိုင်းတွင် ပြန်စာအတွက် သုံးဆင့်တန် အပိုတံဆိပ်ခေါင်းတစ်လုံးစီ ထည့်ပေးခဲ့သည်။

နောက် ခုနစ်ရက်ကြာသောအခါ ဝီလျံသည် ကျောင်းထဲတွင် မီးခြစ်ခွံတံဆိပ်ဆိုင်တစ်ဆိုင်ဖွင့်သည်။ သူ့ထံမှ ရောင်းရုံသက်သက်မဟုတ်၊ သူများထံမှလည်း ပြန်ဝယ်သည်။ သို့သော် သူ့ပစ္စည်းတစ်ခုစွံမှ သူများထံမှ တစ်ခုပြန်ဝယ်သည်။ ဤသည်မှာ သူ၏မူပိုင် ရောင်းဝယ်ရေး ပေါ်လစီဖြစ်သည်။

တချို့ ကျောင်းသားတွေက ရှားပါးသော တံဆိပ်ကို မကြိုက်ကြ။ လှပခြင်းကိုသာ ဦးစားပေး၍ ဝယ်ကြသည်။ သို့ဖြင့် စီးပွားရေးလာဘ်မမြင်သော ကျောင်းသားများထံမှ ရှားပါးသော တံဆိပ်များနှင့် သူ့ထံမှ လှပသော တံဆိပ်များကိုလဲယူသည်။

နောက်ရက်သတ္တနှစ်ပတ်ကြာသောအခါ သူ့လုပ်ငန်းသည် အံ့သြရလောက်အောင် တွင်ကျယ်လာသည်။ သို့သော် သတိမထားလျှင် မကြာခင်အရောင်းအဝယ် ရပ်သွားနိုင်ကြောင်း သူကတွက်ချက်မိသည်။ ထို့ကြောင့် လက်ကမ်းကြော်ငြာတစ်ရွက် ရိုက်နှိပ်ပြီး ကျောင်းသားတိုင်း၏ စားပွဲတိုင်းတွင် သွားတင်ထားလိုက်သည်။ ကြော်ငြာစာရွက်ပါ စုစုပေါင်း တံဆိပ် ၂၁၁ မျိုးကို

လေလံကင်ပွဲကို နေ့လယ်စာ စားချိန်တွင် ပြုလုပ်သည်။ ကျောင်းတွင်း ဟော်ကီ ကစားပွဲထက် လူစည်သည်။

လေလံပွဲပြီးတော့ စုစုပေါင်းဝင်ငွေ ၅၇ ဒေါ်လာနှင့် ၃၂ ဆင့်ရရှိသည်။ အသားတင် အမြတ်ငွေက ၅၂ ဒေါ်လာနှင့် ၃၂ ဆင့်။

ယင်းငွေများအနက် နှစ်–နှစ်ပိုင်းတစ်ပိုင်း ရာခိုင်နှုန်းဖြစ်သော ၂၅ ဒေါ်လာကို ဘဏ်တိုက်တွင် အပ်နှံထားလိုက်သည်။ ထို့နောက် ၁၁ ဒေါ်လာတန် ကင်မရာတစ်လုံးဝယ်သည်။ ရေဘေးဒုက္ခသည်များကို ကူညီရန်အတွက် ခရစ်ယာန်ကလျာဏယုဝအသင်း (ဝိုင်အမ်စီအေ) သို့ ငါးဒေါ်လာ လှူလိုက်သည်။ သူ့မေမေအတွက် ပန်းလက်ဆောင်ဝယ်သည်။ ကျန်ငွေအနည်းငယ်ကို သူ့အိတ်ထဲတွင် သိမ်းထားလိုက်သည်။

မီးခြစ်တံဆိပ် အရောင်းအဝယ်လုပ်ငန်းသည် ကျောင်းပိတ်ရက်မတိုင်မီ ကျဆင်းသွားသည်။ သို့သော် ဝီလျံအဖို့တော့ ပွဲဦးထွက်တွင် မြက်မြက်ကလေး 'စား'လိုက်ရပြီ။

သည်အကြောင်းကို အဘွားတွေသိလျှင် ဘယ်လောက်များ ဂုဏ်ယူဝမ်းသာကြလိမ့်မည် မသိ။ သူတို့ မြေးကလေး လုပ်လိုက်သော စီးပွားရေးလုပ်ငန်းသည် ၁၈၇၃ ခုနှစ်အတွင်း စီးပွားရေးကောင်းချိန်က သူတို့၏ လင်ယောကျ်ားတွေ ရတနာပုံဆိုက်ခဲ့ကြသော လုပ်နည်းလုပ်ဟန်နှင့် လုံးဝမတူပါချေ။

ကျောင်းပိတ်ရက် ရောက်သောအခါ ဝီလျံသည် အမြတ်ရမည့် စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ကြည့်ချင်လာပြန်သည်။ သူက ဘဏ်တိုက်တွင် စုထားသော ၂၅ ဒေါ်လာမှ ရမည့်အတိုးငွေမျှလောက်နှင့် မကျေနပ်ချင်။

သို့ဖြင့် နောက် သုံးလအတွင်းတွင်... အဘွားကိန်း၏ ဆန္ဒနှင့် ဆန့်ကျင့်ပြီး 'ဝေါလ်စထရိဂျာနယ်' သတင်းစာကြီးက အလေးအနက်ထောက်ခံသော စတော့အရောင်းအဝတ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလိုက်သည်။ ကျောင်းပြန်ဖွင့်ချိန်ရောက်တော့ မီးခြစ်ခွံ တံဆိပ်ရောင်း၍ ရရှိခဲ့သော သူ့ပိုက်ဆံတွေထဲမှ တစ်ဝက်လောက် ရှုံးသွားသည်။ စတော့ ဈေးကွက်တွင် ဩဇာရှိလှသော ကမ္ဘာကျော် 'ဝေါလ်စထရိဂျာနယ်' သတင်းစာကြီး၏ ထောက်ခံချက်ကို ယုံကြည်ခဲ့မိ၍ ဝီလျံအဖို့ ပထမဆုံးအကြိမ်အဖြစ် အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းပင် ဖြစ်သည်။

သူပိုင် ငွေထဲမှ ဒေါ်လာ ၂၀ ကျော် ဆုံးရှုံးသွား၍ ဝီလျံ တော်တော်ဒေါသထွက်မိ သည်။ ထို့ကြောင့် လာမည့် အီစတာပွဲတော် ကျောင်းပိတ်ရက်အတွင်း ရှုံးငွေပြန်ရအောင် တစ်ခုခုတော့ လုပ်ရမည်ဟု ဆုံးဖြတ်လိုက်သည်။

ကျောင်းပိတ်၍ အိမ်သို့ပြန်ရောက်တော့ သူ့မေမေက သူ့အား ပါတီပွဲတွေ၊ ညှော်ခံပွဲတွေ တက်စေချင်သည်။ သို့သော် သူက လုံးဝမတက်။ ကျောင်းပိတ်ရက်က စုစုပေါင်း ၁၄ ရက်သာ ရှိသည် မဟုတ်လား။ သို့သော် သူ၏ စီးပွားရေး စွန့်စားမှုအသစ်အတွက် လုံလောက်သော အချိန်ကာလတော့ဖြစ်သည်။

သို့ဖြင့် စတော့ဈေးကွက်တွင် မြှုပ်နှံထားသော သူပိုင် ရှယ်ယာအားလုံးကို ပြန်ရောင်းလိုက်သည်။ စုစုပေါင်း ၁၂ ဒေါ်လာသာ ပြန်ရောင်းလိုက်သည်။ စုစုပေါင်း ၁၂ ဒေါ်လာသာ

ပြန်ရသည်။ ယင်းငွေဖြင့် သစ်သားပြားတစ်ချပ်၊ လှည်းဘီးတစ်စုံ၊ ဘီးဝင်ရိုးနှင့် ကျစ်ကြိုးတစ်ပင် ဝယ်သည်။ ဖျစ်ဖျစ်ညှစ်ညှစ် ဈေးဆစ်ဝယ်သောကြောင့် အားလုံးအတွက် ငါးဒေါ်လာသာ ကုန်ကျ သည်။

ယင်းပစ္စည်းများကို ဆက်စပ်တပ်ဆင်လိုက်သောအခါ ဘီးတပ်ကြိုးဆွဲ လှည်းတစ်စီးဖြစ်လာသည်။

ထို့နောက် ပိတ်ဦးထုပ်ဆောင်းပြီး အင်္ကျီဘောင်းဘီအနွမ်းတစ်စုံကို ဝတ်သည်။ အရွယ်ထက် ပိုရင့်ပြီး လူကြီးပုံပေါက်လာအောင် ဖြစ်သည်။

သည်နောက်တော့ သူ့လှည်းကြီးကို ဆွဲပြီး သူတို့ရပ်ကွက်အနီးမှ ဘူတာရုံသို့လာခဲ့သည်။ သူကလှည်းကြီးကို ယာဉ်ရပ်ကွက်လပ်မှာထားခဲ့ပြီး ဘူတာရုံထွက်ပေါက်တွင် ရပ်နေသည်။

ပြီးတော့ ရထားပေါ်မှ ဆင်းလာသမျှ ခရီးသည်များအား ပစ္စည်းသယ်ရန် သူ့လှည်းကို ငှားဖို့ မလွတ်တမ်း ဆီး၍ ဈေးဆွယ်သည်။

သူက... ဘော့စတွန်မြို့မှ အကောင်းဆုံး ဟိုတယ်များမှာ ဘူတာရုံအနီးအနားတွင်ပင်ရှိကြောင်း၊ ထို့ကြောင့် တက္ကစီငှား၍ သွားစရာမလိုကြောင်း၊ ပစ္စည်းသယ်ပို့ရန်အတွက် သူ့လှည်းကို ငှားလျှင် တက္ကစီငှားခထက် ၈၀ ရာခိုင်နှုန်းလျှော့၍ ပို့ပေးမည်ဖြစ်ကြောင်း၊ ခရီးသည်များ အနေဖြင့် ဟိုတယ်သို့ ကားနှင့်မသွားဘဲ ခြေလျှင် လျှောက်သွားလျှင် အညောင်းပင်ပြေသေးကြောင်း သွက်လက်ချက်ချာစွာ ပြောပြသည်။

ခရီးသည်တွေက သူ့အပြောနှင့် သူ့အရွယ်ကို သဘောကျပြီး သူ့လှည်းကို လိုလိုချင်ချင်နှင့် ငှားရမ်းကြသည်။

သည်လိုနှင့် တစ်နေ့မှာ ခြောက်နာရီမျှသာ အလုပ်လုပ်ရာ လုပ်ငန်းပြီးသောအခါ သူ့အတွက် လေးဒေါ်လာရသည်။

ကျောင်းပြန်ဖွင့်ရန် ငါးရက်အလို ရောက်သောအခါ မူလဆုံးရှုံးထားသော အရင်းငွေအားလုံးကို ပြန်လည်ရရှိသည့်အပြင် အသားတင်အမြတ် ၁၀ ဒေါ်လာပင် ပိုလာသေးသည်။

ဤတွင် သူ့အဖို့ ပြဿနာနှင့် ဝင်တိုးရပြန်သည်။ တက္ကဆီကားဆရာတွေက သူ့လုပ်ရပ်ကို မကျေမနပ် ဖြစ်လာကြသည်။ ဝီလျံက သူ့အနေဖြင့် အမြဲတမ်း လုပ်ရန်မဟုတ်ကြောင်း၊ အကယ်၍ သူလုပ်ထားသော ကြိုးဆွဲလှည်းအတွက် တက္ကဆီဆရာတွေက သူ့အား တစ်ယောက်ဆင့် ၅၀ စီ ပေးလျှင် သူ့လုပ်ငန်း ဆက်မလုပ်တော့ကြောင်း ကျေကျေလည်လည် ပြောပြသည်။ ကားဆရာတွေကလည်း ကျေကျေနပ်နပ် လက်ခံကြသည်။ သို့ဖြင့်... ဝီလျံမှာ နောက်ထပ်ရှစ်ဒေါ်လာနှင့် ဆင့် ၅၈ တိုးလာခဲ့ပြန်သည်။

ထိုနေ့က အိမ်အပြန်တွင် ဝီလျံက သူ့လှည်းကို သူ့ထက် နှစ်နှစ်ကြီးသော ကျောင်းသားမိတ်ဆွေတစ်ယောက်အား ငါးဒေါ်လာနှင့် ပြန်ရောင်းခဲ့သည်။ သို့သော် ထိုသူငယ်မှာ လုပ်ငန်းကျချိန်နှင့် သွားကြုံနေ၍ အလုပ်မဖြစ်။ ပြီးတော့ နောက်ပိုင်းရက်များတွင် မိုးက ဆက်တိုက်ရွာနေ၍ လုပ်ငန်းရပ်ပစ်လိုက်ရတော့သည်။

ကျောင်းပိတ်ရက်နောက်ဆုံးနေ့တွင် ဝီလျံသည် သူပိုင်ငွေထဲက နှစ်–နှစ်ပိုင်းတစ်ပိုင်း ရာခိုင်နှုန်းကို ဘဏ်တိုက်တွင် အပ်နှံထားလိုက်သည်။ ကျောင်းပြန်တက်ရသော ကာလများအတွင်း ဝီလျံအနေဖြင့် ဘာမှ ပူစရာမရှိတော့။ သူ၏ ဘဏ်စုငွေတွေက တစ်နေ့တခြား မှန်မှန်တိုးနေကြသည်မဟုတ်လား။ 'လူစီတန်နီးယား' သင်္ဘောကြီးနှစ်မြုပ်ခံရခြင်းနှင့် ၁၉၁၇ ခုနှစ်တွင် အမေရိကန်သမ္မတ ဝီလဆင်က ဂျာမနီအား စစ်ကြေငြာခြင်းတို့ကြောင့် သူ့အတွက် စီးပွားရေးထိခိုက်မှု ဘာမှမဖြစ်။ 'အမေရိကန်နိုင်ငံကို ဘယ်သူမှနိုင်အောင် မတိုက်နိုင်ပါဘူး မေမေရ' သူက သူ့မေမေကို လူကြီးလေသံဖြင့် ပြောပြသည်။ သူက သူ့စကား မှန်ကန်ကြောင်း သက်သေပြရန်အတွက် 'လေဘာတီဘွန်း' စုငွေတွင် ၁၀ ဒေါ်လာပင် ရင်းနှီးမြှုပ်နှံလိုက်သေးသည်။

◆ ◆ ◆

ဝီလျံသည် အသက် ၁၁ နှစ်ပြည့်သော နေ့တွင် သူ့ငွေစာရင်းစာအုပ်ကြီး၏ ဝင်ငွေအကွက်တွင် အသားတင်အမြတ်ငွေ ၄၁၂ ဒေါ်လာ ရှိနေသည်ကို တွေ့ရသည်။ သူက သူ့မေမေအား ဖောင်တိန်တစ်ချောင်း ဝယ်ပေးသည်။ အဘွားနှစ်ယောက်ကိုတော့ ရင်ထိုးတစ်ခုစီ ဝယ်ပေးသည်။ ဖောင်တိန်က ပတ်ကားဖောင်တိန်ဖြစ်သည်။ ရင်ထိုးများသည် နာမည်ကျော် ရှရိပဗ်၊ ကရမ့်ပ်နှင့် လိုး ရတနာတိုက်မှ ဘူးတံဆိပ်များတွင်ထည့်ကာ အဘွားနှစ်ဦးအိမ်သို့ ရောက်လာသည်။ လေဘယ်တံဆိပ်ကောင်းလျှင် ကုန်ပစ္စည်းလည်း ရောင်းကောင်းသည်ဟူသော အသိကို ဝီလျံသည် မီးခြစ်ခွံတံဆိပ်ရောင်းရာမှာ ရရှိခဲ့ခြင်းဖြစ်သည်။ အဘွားနှစ်ဦးက သူတို့မြေးအတွက် ဂုဏ်ယူမဆုံးဖြစ်ကာ ရင်ထိုးကို အမြတ်တနိုးအမြဲတမ်း တပ်ထားကြသည်။

အဘွားနှစ်ဦးသည် ဝီလျံ၏ကိုယ်ရည်ကိုယ်သွေးနှင့် ဉာဏ်ရည်တိုးတက်မှုကို မျက်ခြည်မပြတ်စောင့်ကြည့်နေကြသည်။

အသက် ၁၂ နှစ်ရောက်တော့ နယူးဟမ်းပရှိုင်းယားပြည်နယ် ကွန်ကော့ဒ်မြို့မှ နာမည်ကျော်စိန်ပေါ်ကျောင်းတွင် အပ်နှံသည်။

အဘွားနှစ်ဦး ဝမ်းသာမဆုံးဖြစ်ရသည့်အချက်ကတော့ ဝီလျံသည် စိန်ပေါ်ကျောင်းမှ ထိပ်တန်းသင်္ချာ စကောလားရှစ်ဆုကို ချီးမြှင့်ခံရခြင်းပင်ဖြစ်သည်။ ယင်းအတွက် မိသားစုမှ တစ်နှစ်လျှင် ဒေါ်လာ ၃၀၀ သက်သာသွားသည်။ ဝီလျံက စကောလားရှစ်ဆုကို လက်ခံသည်။ အဘွားနှစ်ယောက်က မိသားစုငွေမှ သက်သာသော ငွေ ၃၀၀ ကိုလည်း မဖြုတ်မတောက်ဘဲ အပြည့်အဝပေးသည်။

မိခင်ဖြစ်သူ အယ်နီက ဝီလျံရပ်ဝေးသွားပြီး စာသင်ခြင်းကို သဘောမကျ။ သူမတစ်ယောက်တည်းမနေတတ် မထိုင်တတ်ဖြစ်နေသည်။ သို့သော် အဘွားများ၏ ဆန္ဒကို ဆန့်ကျင်၍ မဖြစ်၊ ပြီးတော့ သူမ၏ ကွယ်လွန်လေသူ ခင်ပွန်းသည် ရစ်ချတ်ကလည်း သူ့သားကလေး အသက် ၁၂ နှစ်ပြည့်လျှင် စိန်ပေါ်ကျောင်းတွင် အပ်ရမည်ဟု မွေးစကတည်းက ကြိုတင် ပြောထားခဲ့သည် မဟုတ်လား။

အယ်နီက သူ့သားအတွက် ပစ္စည်းများကို အိမ်ဖော်များအား မထုပ်ပိုးစေဘဲ သူမကိုယ်

တိုင် ထုပ်ပိုးသည်။ ဝီလျံကျောင်းသို့ သွားခါနီးအချိန်ရောက်တော့ အယ်နီက ဈေးသုံးဖို့ ပိုက်ဆံဘယ်လောက်ယူမလဲဟု မေးသည်။ ဝီလျံက တစ်ပြားမှ မလိုဟု ခပ်တည်တည်ပင် ပြန်ပြောသည်။

ဝီလျံက သူ့မေမေ၏ ပါးနှစ်ဖက်ကိုနမ်း၍ နှုတ်ဆက်သည်။ သူမရှိလျှင် သူ့မေမေ ဘယ်လိုနေလိမ့်မည်ဆိုသည်ကိုတော့ တွေးပင် မတွေးမိ။

ဝီလျံသည် ဆံပင်တိုတိုညှပ်ပြီး ဝတ်စုံအသစ်စက်စက်ဝတ်ကာ အဝတ်အစားသေတ္တာဆွဲလျက် ရိုးလ်စ်ရွိုက်စ်ကားနောက်ပိုင်းတွင် ဝင်ထိုင်လိုက်သည်။

ဒရိုင်ဘာ ရောဘတ်က ကားကို ချက်ချင်းစက်နှိုးသည်။ ဝီလျံက နောက်သို့ လုံးဝပြန်လှည့်မကြည့်။

သူ့မေမေက အိမ်ရှေ့တံခါးဝတွင် လက်ကလေး တပြပြနှင့် ရပ်ကြည့်နေသည်။ နောက်တော့ သူမငိုတော့သည်။ ဝီလျံကလည်း ငိုချင်လာသည်။ သို့သော် သူ့ဖေဖေက ငိုတာမကြိုက်ဟူသော အသိဝင်လာသည်။

◇ ◇ ◇

ကျောင်းသို့ရောက်တော့ ဝီလျံက ထူးခြားချက်တစ်ခုကို သတိပြုမိသည်။ တခြား ကျောင်းသားတွေက သူဘယ်သူ ဘယ်ဝါဆိုတာကို လုံးဝစိတ်ဝင်စားမှုမပြခြင်းပင် ဖြစ်သည်။ သူ့ကိုမြင်လျှင် အပေါင်းအသင်း ဖွဲ့ချင်သော အမူအရာများ လုံးဝမပြကြ။ သူ့ထက် အသက်ကြီးသော ကျောင်းသားတစ်ယောက်က သူ့နာမည်ကို လာမေးသည်။ သူက ပြောပြလိုက်သောအခါတွင်မှ မည်သို့မျှ ထူးခြားမှုမပြ။ တချို့ကဆိုလျှင် သူ့အား 'ဘီလ်' ဟူ၍ပင် ခေါ်ဝေါ်သုံးနှုန်းလာကြသည်။ သို့သော် သူ့ဖေဖေအားလည်း ဘယ်သူကမှ 'ဒစ်' ဟူ၍ မခေါ်ခဲ့ကြကြောင်း သူက ရှင်းပြလိုက်သည်။

ဝီလျံ၏ အဆောင်က ခပ်သေးသေးဖြစ်သည်။ နံရံကပ်သစ်သားစာအုပ် ဗီရိုတွေရှိသည်။ ထို့ပြင် စားပွဲနှစ်လုံး၊ ကုလားထိုင်နှစ်လုံး၊ ခုတင်နှစ်လုံး၊ သားရေပုံးဆိုဖာကုလားထိုင်ရှည်တစ်လုံးရှိသည်။ သူနှင့် အဆောင်အတူနေ ကျောင်းသားမိတ်ဆွေ နာမည်က မက်သယူးလက်စတာ။ နယူးယောက်မှဖြစ်သည်။ လက်စတာ၏ ဖခင်မှာလည်း ဘဏ်လုပ်ငန်းပိုင်ရှင်ပင်ဖြစ်သည်။

ပထမနှစ်အတွင်းမှာပင် ဝီလျံသည် စကောလားရှစ်ဆုနှင့် ထိုက်ထိုက်တန်တန် ထူးချွန်မှုတွေပြလာသည်။ ဘာသာရပ်တိုင်း၌ ထိပ်ဆုံးအဆင့်ရ ကျောင်းသားအနည်းစုထဲတွင် သူလည်းအမြဲတမ်းပါဝင်သည်။ သင်္ချာဘာသာရပ်တွင်တော့ သူက ထိပ်ဆုံး။ သူနှင့် ယှိုးတူယှိုးဆွဲလိုက်နိုင်သူဆို၍ သူ့မိတ်ဆွေ မက်သယူးလက်စတာတစ်ယောက်သာရှိသည်။ ယင်းသို့ လိုက်နိုင်သည်မှာလည်း သူနှင့် တစ်ခန်းတည်းနေသောကြောင့် ဖြစ်သည်။

ဝီလျံသည် ကျောင်းသင်ဘာသာရပ်တွင် ထူးချွန်သူအဖြစ် နာမည်ကြီးလာသလို စီးပွားရေးအကွက်မြင်သော ကျောင်းသားအဖြစ်လည်း လူသိများလာခဲ့သည်။ သူက စတော့ အရောင်းအဝယ်လုပ်ငန်းတွင် ပထမဆုံးအကြိမ်အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်ကို လုံးဝမကျေနပ်နိုင်အောင်ဖြစ်နေမိသည်။ အကွက်မိလျှင် တစ်ချီတစ်မောင်း ဝင်ကြဲလိုက်ချင်သေးသည်။ ထို့ကြောင့် 'ဝေါစထရိဂျာနယ်'သတင်းစာကြီးကို အမြဲဝယ်ဖတ်သည်။ စတော့ဈေးကွက်သတင်းကို သေသေ

ချာချာ လေ့လာသည်။ ကုမ္ပဏီအစီရင်ခံစာများကို စူးစူးစိုက်စိုက် သုံးသပ်သည်။

ထို့နောက် အစုရှယ်ယာ စာချုပ်များ ဝယ်ယူပြီး သူ၏ စီမံကိန်းကို စတင် အကောင်အထည်ဖော်သည်။ စာရင်းမပြတ်တမ်း ရေးသွင်းရန်အတွက် ရောင်စုံလယ်ဂျာစာအုပ်များ ဝယ်ယူသည်။ တစ်လပြည့်တိုင်း စာရင်းမှတ်တမ်းကို အသေးစိတ် လေ့လာကာ ဈေးကွက်အခြေအနေကို သုံးသပ်သည်။

သူက နာမည်ကြီး ကုမ္ပဏီကြီးများ၏ အစုရှယ်ယာများကိုမဝယ်၊ များစွာ မထင်မရှားသော ကုမ္ပဏီကလေးများ၏ အစုရှယ်ယာများကိုသာ ဝယ်သည်။ အခက်အခဲမရှိဘဲ မြန်မြန်နှင့် လွယ်လွယ်ကူကူ ဝယ်ယူနိုင်သည့်အပြင် တစ်ကြိမ်တွင် အစုရှယ်ယာ နည်းနည်းစီသာ ဝယ်ယူနိုင်သောကြောင့်ဖြစ်သည်။

ဤလုပ်ငန်းမှ ဝီလျံက အကျိုးကျေးဇူးလေးချက်ကို မျှော်လင့်သည်။ ပထမအချက်က ဝင်ငွေမှန်မှန်တိုးရန်၊ ဒုတိယအချက်က တဖြည်းဖြည်းနှင့် ရင်းနှီးငွေများလာရန်။ တတိယအချက်က စီးပွားရေးလုပ်ငန်းတွင် အခြေခိုင်ခိုင် ကုပ်မိရန်နှင့် စတုတ္ထအချက်က စီးပွားရေးအမြင်ကျယ်လာရန်ဖြစ်သည်။ သူ့ရည်မှန်းချက်အားလုံး ရာခိုင်နှုန်းပြည့်တော့မအောင်မြင်။ သို့သော် အမြတ်ငွေတော့ ပို၍ တိုးပွားလာသည်။

ပထမနှစ် ကုန်ဆုံးသောအခါ ဝီလျံမှာ စိန့်ပေါကျောင်းတွင် မသိသူမရှိသော ပညာတော် စီးပွားရေးအမြင်ကျယ်သော ကျောင်းသားကလေးတစ်ယောက် ဖြစ်လာတော့သည်။

✧ ✧ ✧

ဝီလျံက ကျောင်းတွင် အောင်မြင်၍ ပျော်နေသော်လည်း မိခင်ဖြစ်သူ အယ်နီကိန်းမှာကတော့ တစ်ဦးတည်းသော သားနှင့် အကြာကြီး ခွဲနေရ၍ စိတ်ညစ်နေရသည်။ မိသားစုအရင်းအချာဆို၍လည်း အဘွားကြီးနှစ်ယောက်သာ ရှိသည်။ နှစ်ယောက်စလုံး အရွယ်တွေကလည်း တစ်နေ့ထက်တစ်နေ့ ကြီးရင့်လာကြပြီ။ အယ်နီကိုယ်တိုင်လည်း အသက် ၃၀ ကျော်လာခဲ့ပြီ။ အသက်အရွယ်နှင့်အတူ နယူလန်းဆန်းမှုလည်း ဆုံးရှုံးလာသည်။

သူမသည် လင်သေ၍ ဆွေးနေရသော သောကစိတ်ကို မိတ်ဆွေအချို့နှင့် ပါတီပွဲတွေ၊ ညစာစားပွဲတွေ သွားခြင်းဖြင့် ဖြေဖျောက်ခဲ့သည်။ အထူးသဖြင့် ဂျွန်ပရက်စတန်တို့ လင်မယားနှင့် တွဲသည်။ မီလီပရက်စတန်က သူမ၏ အရင်းနှီးဆုံးမိတ်ဆွေ၊ ဝီလျံကလေး၏ ခေါင်းကိုင် မိခင်လည်းဖြစ်သည်။

ပရက်စတန်တို့ လင်မယားက အယ်နီနှင့် အတွဲရအောင်ဆို၍ ပွဲနေပွဲထိုင်သွားတိုင်း ယောကျာ်းအဖော်တစ်ယောက် အမြဲတမ်းခေါ်လာတတ်သည်။ သို့ပေမယ့် သူတို့ မျှော်လင့်သလို အယ်နီက လုံးဝမပျော်။

၁၉၁၉ ခုနှစ် ဇန်နဝါရီလထဲတွင် ဝီလျံ ကျောင်းသို့ပြန်သွားသည်။ တစ်နေ့တော့ မီလီက အယ်နီအား ညစာစားပွဲသို့ လာရောက်ရန် ဖိတ်သည်။ ဟင်နရီအော့စဘွန်းဆိုသော ပုဂ္ဂိုလ်တစ်ယောက်ကိုလည်း ဖိတ်ထားသည်ဟု ဆိုသည်။

"သူက ဘယ်သူလဲ မီလီ၊ ဒီနာမည် တစ်ခါမှ မကြားဖူးပါဘူး" အယ်နီက ဖုန်းထဲမှ မေးလိုက်သည်။

"ကိုယ်လဲ ဟိုတုန်းက မတွေ့ဖူးပါဘူး အယ်နီရဲ့၊ ဂျွန်နဲ့ တစ်ချိန်တည်း ဟားဗတ်တက္ကသိုလ် တက်ခဲ့တယ်လို့ ပြောတာပဲ၊ ဒါပေမယ့် ရုပ်ကတော့ တော်တော်ချောတဲ့လူပဲ အယ်နီ"

"ဟဲ... ဟဲ... အဲဒီတော့ ညည်းက ကိုယ့်ကို သူနဲ့ ပေးစားချင်တယ်ပေါ့လေ"

"ဟဲ... ဟဲ... ဒါကတော့ ကာယကံရှင် သဘောပေါ့လေ"

အယ်နီရောက်သွားချိန်တွင် ဟင်နရီအော့စဘွန်းသည် ဧည့်ခန်းထဲမှ မီးဖိုဘေးတွင် မီးလှုံနေသည်။ အယ်နီကိုမြင်တော့ ချက်ချင်းထရပ်သည်။ မီလီက သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးသည်။

အော့စဘွန်း၏ အရပ်က ခြောက်ပေကျော်သည်။ မျက်လုံးက အနက်ရောင်၊ ဆံပင်လည်း အနက်ရောင်။ ကိုယ်လုံးကိုယ်ပေါက် ခပ်သွယ်သွယ်နှင့် အားကစားသမား ရုပ်မျိုးပေါက်သည်။

အယ်နီက အော့စဘွန်းကို မြင်မြင်ချင်း သဘောကျသွားမိသည်။ အားမာန်အပြည့်ရှိသော နေပျိုလန်းဆန်းသော သည်လိုလူမျိုးနှင့် တွဲပေးသည့်အတွက် မီလီတို့လင်မယားကို ကျိတ်ပြီး ကျေးဇူးတင်မိသည်။

အော့စဘွန်းသည် သူ၏ ဘယ်ဘက်လက်ကို ပတ်တီးစည်းပြီး ပခုံးတွင် အဝတ်ကြိုးနှင့် သိုင်းထားသည်။

"စစ်ထဲမှာ ဒဏ်ရာရလာတာလား" အယ်နီက ကရုဏာသံဖြင့်မေးသည်။

"မဟုတ်ပါဘူး၊ အနောက်ဘက် စစ်မျက်နှာက ပြန်ရောက်ပြီး မကြာခင်မှာ လေ့ကားပေါ်က လိမ့်ကျတာပါ" သူက ပြောပြီး ရယ်သည်။

ထိုနေ့က ညစာစား၍ တော်တော်မြိန်သည်။ ကြာလည်း တော်တော်ကြာသည်။ စကားတပြောပြောနှင့် အချိန်ကုန်သွားမှန်းပင် သတိမထားမိ။ ဟင်နရီက အယ်နီမေးသမျှ မေးခွန်းတွေကို စိတ်ရှည်လက်ရှည် ပြန်ဖြေသည်။

သူသည် ဟားဗတ်တက္ကသိုလ်မှ ထွက်ပြီးနောက် သူ့ဇာတိရှိကာဂိုမြို့မှ အိမ်ငှားမြေငှား ကုမ္ပဏီတစ်ခုတွင် ဝင်လုပ်ခဲ့သည်ဟုဆိုသည်။ စစ်ဖြစ်လာတော့ ဂျာမနီကို တိုက်ရန်စစ်ထဲဝင်လိုက်သည်။ သူ့မှာ ဥရောပစစ်ပွဲ အတွေ့အကြုံတွေ ပြောမကုန်နိုင်အောင်ရှိသည်။ 'မန်း' တိုက်ပွဲတွင် ဗိုက်ကလေးအဖြစ်နှင့် အမေရိကန်နိုင်ငံ၏ ဂုဏ်ကို ရှုပ်ရှုပ်ချွံချွံတင်နိုင်ခဲ့သည်။

သည်အကြောင်းတွေကို ဟင်နရီက ဟာသစွက်၍ ဝေဝေဆာဆာပြောပြသည်။ အယ်နီက သဘောကျပြီး တစ်ချိန်လုံး တခစ်ခစ်နှင့် ဖြစ်နေသည်။ သူမ၏ ခင်ပွန်းသေဆုံးပြီးချိန်မှစ၍ ယခုလို ဟက်ဟက်ပက်ပက် ရယ်သည်ကို မီလီတို့ လင်မယားက သည်တစ်ခါသာ မြင်ဖူးသေးသည်။ ညစာစားပွဲသိမ်း၍ အိမ်ပြန်ခါနီးတော့ ဟင်နရီက သူ လိုက်ပို့ပါရစေဟု ပြောသည်ကို အယ်နီက ကြည်ကြည်ဖြူဖြူ လက်ခံသည်။ မီလီတို့ လင်မယားက ကျိတ်ပြီး ပြုံးမိကြသည်။

"အဲဒီတော့ အခု ရှင်ဘာအလုပ် လုပ်မယ်လို စိတ်ကူးထားသလဲ၊ ဒီနိုင်ငံက သူထက်ငါ အပြိုင်ကြိုနိုင်တဲ့ သူရဲကောင်းတွေနဲ့မှ ထိုက်တန်တာရှင့်" ဟင်နရီက ကားကို ချားလ်စ်လမ်းထဲသို့

အကွေ့တွင် အယ်နီက မေးလိုက်သည်။

"အတိအကျတော့ ဘာမှ မဆုံးဖြတ်ရသေးဘူး၊ ဒါပေမယ့် ကိုယ်ပိုင် စငွေကတော့ တော်တော်ကလေးရှိပါတယ်၊ ဒါကြောင့် အေးအေးဆေးဆေး အလုပ်ရွေးပြီးမှ လုပ်ရမှာပဲ၊ ဒီဘော့စတွန်မြို့မှာပဲ ကိုယ်ပိုင်အိမ်ငှား မြေငှား ကုမ္ပဏီထောင်ရင်လဲ ဖြစ်နိုင်ပါတယ်။ ကျွန်တော် ဟားဗတ်မှာ တက်နေချိန်ကတည်းက စပြီး မြို့ကြီးတစ်မြို့မှာ ကိုယ်ပိုင်အိမ်တစ်လုံး လိုချင်စိတ် ပေါ်ခဲ့တယ်"

"ဒါဖြင့်… ရှင် ရှီကာဂို မပြန်တော့ဘူးပေါ့"

"ဟုတ်ကဲ့… အဲဒီမှာ လုပ်စရာလဲ ဘာမှ မရှိပါဘူး၊ မိဘတွေလဲ ကွယ်လွန်သွားကြပြီ၊ ပြီးတော့ ကျွန်တော်က တစ်ဦးတည်းသားဆိုတော့ ဘယ်သူ့ကိုမှ သံယောဇဉ်တွယ်နေစရာလဲ မရှိတော့ဘူးလေ၊ ဒီတော့ ကြိုက်တဲ့ နေရာကနေပြီး ဘဝသစ်ပြန်စနိုင်တာပဲ၊ ဒါနဲ့ ဘယ်ဘက် ကွေ့ရမှာလဲ"

"အို ဟုတ်ပါရဲ့၊ ညာဘက်ကွေ့လိုက်ပါ"

"ခင်ဗျား ဘီကွန်ရိပ်သာမှာ နေတယ်နော်"

"ဟုတ်ကဲ့… 'ချက်စနပ်' ရိပ်သာနဲ့ နီးနီးကလေးပါ၊ အဲဒီက လက်ယာဘက်ကို ကိုက် ၁၅၀ လောက်ပဲ ဝေးတယ်၊ လူးဝစ်စဘတ်လမ်းထောင့်က အိမ်နီကြီးပဲ"

ဟင်နရီ အော့စတွန်းက ကားကို စက်သတ်လိုက်သည်။ ပြီးတော့ အယ်နီအား အိမ်ရှေ့ တံခါးဝအထိ လိုက်ပို့သည်။

အယ်နီက ကျေးဇူးတင်စကားမပြောရသေးမီမှာပင် နှုတ်ဆက်ပြီး ပြန်လည်မောင်းထွက်သွား သည်။ သူမက ဟင်နရီ၏ ကားမျက်စိအောက်မှ ပျောက်ကွယ်သွားသည်အထိ ရပ်ကြည့်နေကြ သည်။ ဟင်နရီနှင့် နောက်ထပ် ပြန်တွေ့ချင်စိတ်လည်း ဖြစ်ပေါ်မိသည်။

နောက်နေ့မနက်တွင် ဟင်နရီထံမှ တယ်လီဖုန်းလာတော့ သူမက အံ့သြခြင်း လုံးဝမဖြစ်မိ။ ဝမ်းသာခြင်းသာ ဖြစ်မိသည်။

"လာမယ့် တနင်္လာနေ့မှာ 'ဘော့စတွန်ဂီတဆည်းဆာပွဲ' ရှိတယ်၊ မိုးဇက်ရဲ့ ဆင်ဖိုနီသီချင်း တွေ နားထောင်ရမှာ၊ ဆိုမယ့် သူက နာမည်ကျော် လူငယ်အဆိုတော် မေလာ၊ ကျွန်တော် ဖိတ်ရင် ခင်ဗျား လိုက်နိုင်ပါ့မလား"

အယ်နီက တနင်္လာနေ့ဆိုတော့ ဝေးတောင်ဝေးနေသေးသည်ဟု ထင်မိသည်။ ဟင်နရီ အော့စတွန်းအား တခြားယောကျ်ားတွေထက် ပို၍ ထူးထူးခြားခြား သဘောကျနေမိသည်ကို သူမကိုယ်သူမ အံ့သြပင် အံ့သြမိသည်။

ဟင်နရီသည် ချိန်းဆိုထားသည့်အတိုင်း အချိန်မှန်ရောက်လာသည်။ နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်ကြသည်။ အပျို လူပျိုကလေးတွေလို ရင်တွေ ပန်းတွေပင် ခုန်မိကြသည်။

"လူးဝစ်စဘတ်လမ်းမှာ နေရတာ သိပ်ပြီး စိတ်ချမ်းသာစရာ ကောင်းမှာပဲနော်၊ မင်းက တော့ ကံအကောင်းဆုံး အမျိုးသမီး တစ်ယောက်ပါပဲ"

"ဟုတ်ကဲ့… အဲဒီလိုပဲ ထင်ကြလိမ့်မယ်လို့ ကျွန်မထင်ပါတယ်၊ ဒါပေမယ့် ဒီအကြောင်း

ကျွန်မတွေးတောင် မတွေးမိပါဘူး၊ ကျွန်မက ကွန်မွန်းဝဲလ်သ်ရိပ်သာမှာမွေးပြီး အဲဒီမှာ ကြီးပြင်းခဲ့တယ်၊ ဒီမှာက နည်းနည်းတော့ လူကျပ်တယ်ထင်တာပဲ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တော့ ဘောစတွန်မှာ အခြေချမယ်လို့ ဆုံးဖြတ်ခဲ့ရင် ဒီမှာပဲ အိမ်တစ်ဆောင် ဝယ်ချင်တယ်"

"ချက်ချင်းဝယ်ဖြစ်ဖို့တော့ လွယ်မှာမဟုတ်ဘူး၊ ဒါပေမယ့် ကံကောင်းရင်တော့ ရောင်းသူပေါ်လာမှာပါ၊ ဒါနဲ့ ကျွန်မတို့ ပြန်ကြရင် ကောင်းမယ်ထင်တယ်၊ ဒီလိုပွဲမျိုးမှာ နောက်ကျခဲ့နေတာ ကျွန်မ မကြိုက်ဘူး၊ ကြာရင် ကျွန်မ ခြေထောက်ကို လူတွေက တစ်ယောက်ပြီး တစ်ယောက် လာနင်းကြတော့မယ်"

ဟင်နရီက နာရီကိုကြည့်ကာ

"ဟုတ်ပါတယ်၊ ခင်ဗျားပြောတာ အမှန်ပဲ၊ ဒါပေမယ့် သူများတွေ နင်းမှာ မကြောက်ပါနဲ့၊ ကျွန်တော့် ခြေထောက်ကိုသာ ကြောက်ပါ၊ ကဲ သွားကြစို့"

တီးဝိုင်းမှ ဂီတသံများ တငြိမ့်ငြိမ့်ထွက်ပေါ်နေစဉ် ဟင်နရီက အယ်နီ၏ လက်ကိုဆွဲကာ ရုံထဲမှ ပြန်ထွက်လာခဲ့သည်။

နှစ်ယောက်သား ရစ်ဇ်ဟိုတယ်သို့ လာခဲ့ကြသည်။

တဖြည်းဖြည်းနှင့် အချိန်ကုန်မှန်းမသိ ကုန်သွားသည်။

အစားအသောက်ပဲကောင်းလို့လား၊ ဒါမှမဟုတ် ဟင်နရီနှင့် ယခုလိုနေရသည်ကိုပင် ပျော်လွန်းလို့လားဆိုတာတော့ အယ်နီ မပြောတတ်တော့။

ဟင်နရီက ဟားဗတ်တက္ကသိုလ် ကျောင်းသားဘဝ အတွေ့အကြုံများကို စားမြို့ပြန်ပြောပြသည်။ အယ်နီက တစ်ချိန်လုံး ရယ်နေသည်။ စစ်ပွဲအတွေ့အကြုံ ပြောပြသောအခါမှာတော့ အယ်နီမှာ မျက်ရည်များပင် ကျမိသည်။

အယ်နီက ဟင်နရီသည် သူမထက် အသက်ငယ်မည်ဟု ထင်သည်။ သို့သော် ယခုလို ငယ်ငယ်ရွယ်ရွယ်နှင့် ဘဝအတွေ့အကြုံစုံသည်ကိုတော့ သူမက လေးစားမိသည်။

သူမက ခင်ပွန်းသည် ရစ်ချတ် ကွယ်လွန်သွားရပုံကို ပြောပြပြီးငိုသည်။ ဟင်နရီသည် သူမ၏လက်ကို တယုတယကိုင်ကာ နှစ်သိမ့်သည်။

ပြီးတော့ ဝီလျံကလေးကို အလွန်ချစ်ကြောင်း၊ သူ့အတွက် ဂုဏ်ယူမဆုံးဖြစ်မိကြောင်း ပြောပြသည်။ ဟင်နရီက သူလည်း သားယောကျ်ားကလေး လိုချင်စိတ်အမြဲရှိသည်ဟု ဆိုသည်။ သူက ရှီကာဂိုမှ သူ့မိသားစုဘဝအကြောင်းကိုတော့ တစ်ခွန်းမျှမဟ။ သို့သော် သူလည်း ငါ့လို နေမှာပဲဟု အယ်နီက စာနာစိတ် ဖြစ်မိသည်။

ဟင်နရီက အယ်နီအား အိမ်သို့ပြန်ပို့သည်။ ဝိစကီတစ်ခွက်သောက်ပြီးတော့ အယ်နီ၏ ပါးပြင်ကို ညင်သာစွာနမ်းကာ ပြန်ထွက်သွားသည်။

အယ်နီသည် ထိုညက တော်တော်နှင့် အိပ်မပျော်။ ညနေပိုင်းက ဟင်နရီနှင့် ပျော်ခဲ့ကြရတာတွေကိုသာ ထပ်တလဲလဲ စဉ်းစားနေမိတော့သည်။

✧ ✧ ✧

သူတို့နှစ်ယောက်သည် အင်္ဂါနေ့တွင် ပြဇာတ်သွားကြည့်ကြသည်။ ဗုဒ္ဓဟူးနေ့တွင် ကိတ်ပ်ကော့ဒ်ကျွန်းမှ အယ်နီ၏ အပန်းဖြေအိမ်ကလေးသို့ သွားလည်ကြသည်။ ကြာသပတေးနေ့တွင် ဆပ်ကပ်သွားကြည့်ကြသည်။ သောကြာနေ့တွင် ဈေးထဲလျှောက်ပြီး ရှေးဟောင်းပစ္စည်းတွေ ဝယ်ကြသည်။ စနေနေ့ရောက်တော့ ချစ်ရည်လူး၍ ချစ်ပွဲဆင်ကြသည်။ တနင်္ဂနွေနေ့မှတစ်ပါး အခြားနေ့များတွင် နှစ်ယောက်သား မတွေ့ဖြစ်သောနေ့ဟူ၍ပင် မရှိသလောက်ဖြစ်သည်။ သူတို့နှစ်ယောက်ကိုကြည့်၍ မီလီတို့လင်မယားက အကြီးအကျယ် ကျေနပ်နေကြသည်။ သူတို့လင်မယား အောင်သွယ်ကောင်း၍ အယ်နီတစ်ယောက် ဘဝသစ်တွင် အပျော်ကြီးပျော်နေပြီ။ မီလီက သူ့ကြောင့် ဒီလိုဖြစ်ရကြောင်းကို ဘော့စတွန်တစ်မြို့လုံးလည်ပြီး ကြော်ငြာမောင်းခတ်သည်။

နွေရာသီရောက်တော့ ဟင်နရီနှင့် အယ်နီတို့၏ စေ့စပ်ကြောင်းလမ်းသတင်း ပေါ်ထွက်လာသည်။ ဝီလျံတစ်ယောက်ကလွဲပြီး တခြားဘယ်သူမှ အံ့သြခြင်းမဖြစ်မိကြ။ ဝီလျံက ဟင်နရီအား စတွေ့သည့်နေ့မှစ၍ လုံးဝသဘောမကျ။ အယ်နီက သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးခြင်းဖြစ်သည်။ ဟင်နရီက ဝီလျံနှင့် ရင်းရင်းနှီးနှီးဖြစ်ချင်ကာ စကားမရှိ စကားရှာပြီး စိတ်ရှည်လက်ရှည် ပြောနေသည်ကို ဝီလျံကတော့ 'ဟုတ်ကဲ့' 'မဟုတ်ဘူး' လောက်သာ တုံ့ပြန်သည်။ ဟင်နရီကို သူသဘောမတူကြောင်း ဆန္ဒပြခြင်းပင်ဖြစ်သည်။ သည်စိတ်ထားကို သူက ဘယ်တော့မှမပြောင်း။ အယ်နီက ဝီလျံ၏ မနာလိုစိတ်ဖြစ်ရခြင်းကို သဘောပေါက်၍ ခွင့်လွှတ်သည်။ သူ့ဖေဖေသေပြီး ကတည်းက သူသာလျှင် သူ့မေမေ၏ အချစ်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။ သည်နေရာကို သူစိမ်းတရုံဆံ တစ်ယောက်က ဝင်ယူသည်ကို သူက တစ်စက်ကလေးမျှ မကျေနပ်နိုင်။ ဝီလျံအနေဖြင့် အချိန်တန်လျှင် နားလည်လာပါလိမ့်မည်ဟု အယ်နီက ဟင်နရီအား အားနာနာစွာဖြင့် တောင်းပန်စကားဆိုသည်။

သို့ဖြင့် အောက်တိုဘာလရောက်၍ ရွှေရောင် ရွက်လွှာတွေ မြေသို့သက်ချိန်၊သူတို့နှစ်ယောက် စတင်တွေ့ဆုံသည်မှ ၁၀ လ ကျော် နေ့တစ်နေ့တွင် 'အိုးလ်နော့သ်ဘုရားရှိခိုးကျောင်း' ၌ မင်္ဂလာပွဲပြီးသောအခါ အယ်နီကိန်းသည် မစ္စက်ဟင်နရီအော့စဘွန်းဘဝသို့ ရောက်လာခဲ့လေသည်။

ဝီလျံက နေမကောင်းလို့ဟု အကြောင်းပြကာ မင်္ဂလာပွဲသို့မလာဘဲ ကျောင်းမှာပဲနေနေသည်။ အဘွားနှစ်ယောက်ကတော့ မင်္ဂလာပွဲသို့ တက်ရောက်ကြသည်။ သို့သော် အယ်နီ နောက်အိမ်ထောင်ပြုသည်ကို သူတို့က သဘောမကျကြောင်းကိုတော့ သူတို့မျက်နှာကြည့်၍ သိသာသည်။ အထူးသဖြင့် ကိုယ့်ထက်ငယ်သော ယောကျာ်းတစ်ယောက်ကို လက်ထပ်တာကို မကြိုက်ခြင်းဖြစ်သည်။ "ငါပြောတာမယုံရင် စောင့်ကြည့်နေ၊ တစ်နေ့မှာ ဒီကလေးမ မျက်ရည်နဲ့မျက်ခွက် နေရလိမ့်မယ်" ဟု မစ္စက်ကိန်းက မင်္ဂလာဦးနေ့တွင်ပင် ကြိုတင်နိမိတ်ဖတ်သည်။

ကြင်စဦး ဇနီးမောင်နှံတို့သည် နောက်တစ်နေ့တွင် ဂရိတ်နိုင်ငံသို့ ပျားရည်ဆမ်းခရီးထွက်ကြသည်။ ဒီဇင်ဘာလ ဒုတိယပတ်အတွင်းတွင်မှ အိမ်သို့ ပြန်ခဲ့ကြသည်။ ထိုအချိန်တွင် ဝီလျံကလည်း ခရစ်စမတ် ကျောင်းပိတ်ရက်အတွက် အိမ်သို့ပြန်ရောက်နေပြီ။

အိမ်ကြီးကို ဆေးအသစ် ပြန်သုတ်ထား၍ ဝီလျံက အံ့သြမိရသည်။ သူ့အဖေလက်ထက်က

အခြေအနေမျိုး ဘာတစ်ခုမှ မမြင်ရတော့။

ဟင်နရီက ဝီလျံအား ခရစ်စမတ်လက်ဆောင်အဖြစ် စက်ဘီးတစ်စီး ဝယ်ပေးသည်။ သို့သော် သူ့အပေါ်တွင် ဝီလျံ၏ စိတ်ထားက လုံးဝပြောင်းမလာ။ ပြောင်းမလာရုံသာမက စက်ဘီးလက်ဆောင်ပေးတာကိုပင် 'လာဘ်ထိုးတာ' ဟုဆိုပြီး ဝီလျံက လုံးဝလက်မခံ။

ဟင်နရီက တော်တော်ပင် စိတ်မကောင်းဖြစ်မိသည်။ အယ်နီအနေဖြင့်လည်း သူမ၏ အထင်အကြီးဆုံး လင်တော်မောင်အသစ်စက်စက်က သူမအချစ်ဆုံးသားကလေးကို အောင်အောင်မြင်မြင် မစည်းရုံးနိုင်တာကို တွေ့ရ၍ အထူးပင် စိတ်မကောင်းဖြစ်မိသည်။

ဝီလျံက သူတို့အိမ်ကြီးကို တစိမ်းတစ်ယောက်က ကျူးကျော်ဝင်ရောက်လာသည်ဟု ယူဆသည်။ ထို့ကြောင့် အချိန်ရှိတိုင်း အိမ်သို့မကပ်ဘဲ အပြင်သို့သာ အမြဲတမ်း ထွက်ထွက်နေသည်။ ဘယ်သွားနေတာလဲဟု သူ့အမေက မေးတော့လည်း ဘာမှ ပြန်မပြော၊ လုံးဝနှုတ်ပိတ်နေသည်။ သူက ဟင်နရီကိုသာ မကျေနပ်ခြင်းမဟုတ်၊ သူ့မေမေကိုလည်း မကျေမနပ်ဖြစ်နေသည်မှာ ထင်ရှားသည်။ သို့သော် အဘွားနှစ်ယောက်ကိုကျတော့ သူက လုံးဝ အချစ်မပြယ်သည့်အပြင် ပို၍ပင် ချစ်မြတ်နိုးလာမိသည်။

ကျောင်းပိတ်ရက်ကုန်လွန်၍ ကျောင်းပြန်တက်ရမည့်အချိန်ရောက်သောအခါ ဝီလျံမှာ ထခုန်မတတ် ဝမ်းသာမိသည်။ ဟင်နရီအနေဖြင့်လည်း ဝီလျံကျောင်းသို့ ပြန်သွားရသည့်အတွက် ဝမ်းနည်းခြင်းမဖြစ်မိ။

အခံရဆုံးကတော့ အယ်နီသာ ဖြစ်သည်။ သူမအဖို့ သူမဘဝတွင် အချစ်ဆုံး လူနှစ်ယောက်နှင့်ပတ်သက်၍ အကြီးအကျယ် စိတ်ညစ်နေရလေ့ပြီတည်း။

✣

(၉)

"ဟေး... ချာတိတ်၊ ထ... ထ..."

စစ်သားတစ်ယောက်က ဝလာဒက်၏နံရိုးကို ရိုင်ဖယ်သေနတ်ဒင်နှင့် လာထိုးသည်။ ဝလာဒက်သည် ကမန်းကတန်း ထထိုင်ပြီး ဖလော်ရင်တီနာ၏ မြေပုံကိုကြည့်လိုက်သည်။ ပြီးတော့ လီယွန်နှင့် နယ်စားကြီးတို့၏ မြေပုံများကို ကြည့်သည်။ သူမျက်ရည်တစ်စက်မှမထွက်။

"ကျွန်တော့်ကို မသတ်ပါနဲ့ခင်ဗျား၊ ကျွန်တော် မသေချင်သေးပါဘူး၊ ပြီးတော့ ဒီ ရဲတိုက်ကြီးက ကျွန်တော်ပိုင်တဲ့ ရဲတိုက်ကြီးပါ။ ရဲဘော်တို့က ကျွန်တော်တို့နိုင်ငံကို လာကြတာပါ"

ဝလာဒက်က စစ်သား၏ မျက်နှာကို ရဲရဲကြည့်၍ ပြောလိုက်သည်။

စစ်သားက ဝလာဒက်၏မျက်နှာကို တအံ့တသြတစ်ချက်ထွေးလိုက်ပြီး မြက်ခင်းပြင်သို့ ဆွဲခေါ်လာခဲ့သည်။ မြက်ခင်းပြင်ပေါ်တွင် တခြားအိမ်တော်စေများ တန်းစီရပ်နေကြသည်။ အားလုံးသည် ပြာနှမ်းနှမ်းဝတ်စုံများ ဝတ်ထားကြပြီး ကျောကုန်းတွင်လည်း နံပါတ်များ ရေးထိုးထားကြသည်။ သူတို့ကို မြင်ရတော့ ဝလာဒက် လန့်သွားမိသည်။ အခြေအနေကတော့ ဆိုးသည်ထက် ဆိုးလာတော့မှာပဲဟုလည်း တွေးလိုက်မိသည်။

စစ်သားက သူ့အား ရဲတိုက်မြောက်ဘက်ခြမ်းသို့ခေါ်လာပြီး မြေကြီးပေါ်တွင် ဒူးထောက်ထိုင်ခိုင်းသည်။ ပြီးတော့ သူ့ခေါင်းမှ ဆံပင်များကို သင်တုန်းဓားဖြင့် ရိတ်ချသည်။ ၁၀ ချက်မျှ ကြမ်းကြမ်းရမ်းရမ်း ဆွဲချပြီးသောအခါ တစ်ခေါင်းလုံး ပြောင်သလင်းချောသွားသည်။ ဓားရှရာမှ သွေးတွေလည်း စီးကျလာကြသည်။

ခေါင်းရိတ်ပြီးတော့ ပြာနှမ်းနှမ်းအရောင်အင်္ကျီနှင့် ဘောင်းဘီတို့ကို ဝတ်ခိုင်းသည်။ ဝလာဒက်က လက်ကောက်ကွင်းကိုတော့ ဘယ်သူမှ မမြင်နိုင်အောင် လုံလုံခြုံခြုံဝှက်ထားသည်။ ထို့နောက်တွင် သူ့အား တခြားအိမ်စေများနှင့်အတူ တန်းစီရပ်ခိုင်းသည်။

သူတို့အားလုံး မြက်ခင်းပြင်ပေါ်တွင် ရပ်နေကြသည်။ ယခုအခါ သူတို့မှာ နာမည်မရှိကြ တော့။ ကျောကုန်းပေါ်မှ နံပါတ်များအတိုင်းသာ ခေါ်ဝေါ်ခံကြရတော့သည်။

အတန်ကြာတော့ တစ်ခါမျှ မကြားဖူးသော အသံတစ်မျိုးကို ရုတ်တရက် ကြားလိုက်ကြ ရသည်။ ဝလာဒက်သည် ထူးဆန်းသော အသံလာရာဆီသို့ လှမ်းကြည့်လိုက်သည်။

သံတံခါးကြီးအဝမှ ဘီးလေးဘီးတပ် ယာဉ်တစ်စီး ဝင်လာသည်။ သည်ယာဉ်မျိုးကို သည်တစ်ခါသာ မြင်ဖူးသေးသည်။ မြင်းလည်းမဆွဲ၊ နွားလည်းမပါ။ ဘယ်လိုယာဉ်မျိုးပါ လိမ့်။

အကျဉ်းသားအားလုံးက ထိုယာဉ်ကြီးကို မျက်တောင်မခတ် တအံ့တသြ ကြည့်နေကြ သည်။

ထိုယာဉ်ကြီး ရပ်သွားသောအခါ သူတို့အား ယာဉ်ကြီးပေါ်သို့ တက်ခိုင်းသည်။ အင် တင်တင် လုပ်နေသူများအား စစ်သားများက အတင်းတွန်းတင်ကြသည်။

အားလုံးတက်ပြီးသောအခါ ထိုယာဉ်ကြီးသည် နေရာတွင် တစ်ပတ်လှည့်ပြီး ဂိတ်ဝမှ ပြန်လည်ထွက်ခွာလာခဲ့သည်။ ဘယ်သူမှ စကားမပြောရဲကြ။ ဝလာဒက်သည် ယာဉ်နောက်ပိုင်း တွင်ထိုင်လျက် လိုက်လာသည်။ သူသည် စုလစ်မွမ်းချွန်အဆောင်များမြင့်ကွင်းမှ ပျောက်သွား သည်အထိ ရဲတိုက်ကြီးကို ငေးစိုက်ကြည့်လာခဲ့သည်။

မြင်းမပါသော ယာဉ်ကြီးသည် ဆလိုနင်မြို့ဘက်သို့ ဦးတည်မောင်းနှင်လာခဲ့သည်။ သူက သည်ယာဉ်ကြီး ဘယ်လိုရွေ့သွားတာပါလိမ့် ဆိုသည်ထက် ဘယ်ကိုသွားနေတာပါလိမ့်ဆို သည့်အချက်ကို ပို၍ စိတ်ဝင်စားနေသေည်။ စိုးရိမ်စိတ်လည်း ဝင်လာသည်။ ငယ်စဉ်က သူ ကျောင်းတတ်ခဲ့စဉ်က သွားလာခဲ့ဖူးသောလမ်းများကို တဖြည်းဖြည်း မှတ်မိလာသည်။ သို့သော် လည်း အကျဉ်းခန်းထဲတွင် သုံးနှစ်လုံးလုံး မှောင်ပိတ်နေခဲ့ရ၍ သူ့မှတ်ဉာဏ်က သိပ်ပြီးမကောင်း ချင်တော့။

သုံးလေးမိုင်လောက်ရောက်သောအခါ ယာဉ်ကြီးသည် ရုတ်တရက်ရပ်သွားသည်။ သူတို့ အားလုံးကို အောက်သို့ဆင်းခိုင်းသည်။ ထိုနေရာမှာ မြို့စွန်ရထားဘူတာဖြစ်သည်။ ဝလာဒက် သည် နယ်စားကြီး ဝါဆောမြို့မှ ပြန်လာစဉ် လီယွန်နှင့်အတူ သွားကြိုတုန်းက သည်ဘူတာသို့ တစ်ခေါက်ရောက်ခဲ့ဖူးသည်။ ထိုစဉ်က ဘူတာဂိတ်စောင့်က သူ့တို့အား ဆလံပေး၍ နှုတ်ဆက် သည်။ ယခုတစ်ကြိမ်တွင်မူ လုံးဝဆလံမပေး။

ဘူတာတွင် အကျဉ်းသားများအား ဆိတ်နို့နှင့် ပေါင်မုန့်နက် ကျွေးသည်။ အစားအသောက် ဝေခြမ်းရေးတာဝန်ကို ဝလာဒက်ကပင် ယူရပြန်သည်။ ယခုအခါ သူတို့အုပ်စုတွင် စုစုပေါင်း ၁၄ ယောက်သာ ကျန်တော့သည်။

ဝလာဒက်သည် သစ်သားခုံရှည်တစ်ခုပေါ်တွင် ထိုင်နေသည်။ ရထားအလာကို စောင့်နေ ခြင်းပင်ဖြစ်သည်။ သူတို့သည် ထိုညက ကြယ်မြင်လမြင် ဘူမိကမ္ဘလာပေါ်တွင်ပင် အိပ်ကြရ သည်။ အကျဉ်းခန်းထဲတွင် အိပ်ရသည်ထက်တော့ သာပါသေးသည်။ ဆောင်းကာလဖြစ်သော် လည်း ထိုညက များစွာ မချမ်း၍ ဘုရားသခင်ကို ကျေးဇူးတင်မိသည်။

မိုးလင်းတော့လည်း ထိုင်စောင့်မြဲ စောင့်နေကြရသည်။ ဝလာဒက်က အလကားနေ အလကားဆိုကာ သူ့လူများအား လေ့ကျင့်ခန်းလုပ်ခိုင်းသည်။ အားပြတ်နေသောကြောင့် အများစုမှာ မိနစ်ပိုင်းအတွင်း အမောဆို့သွားကြသည်။

ဝလာဒက်သည် သူ့လူများ၏ နာမည်များကို စိတ်မှတ်ဖြင့် ခေါ်ကြည့်သည်။ စုစုပေါင်း ယောက်ျား ၁၁ ယောက်နှင့် မိန်းမနှစ်ယောက်။ မူလက ၂၇ ယောက် ရှိခဲ့သည့်အနက် သူအပါအဝင် ၁၄ ယောက်သာ အသက်ရှင်ကျန်နေဆဲဖြစ်သည်။ 'ဘာအတွက် အသက်ရှင်နေကြသေးတာလဲ' သူ့စိတ်ထဲမှာ မေးခွန်းထုတ်ကြည့်မိသည်။

သူတို့သည် တစ်နေ့လုံး ထိုင်စောင့်နေကြရသည်။ ရထားက အရိပ်အရောင်ပင် မမြင်ရသေး။

မကြာမီတွင် ရထားတစ်စီး ဝင်လာသည်။ စစ်သားတွေ ဆင်းလာကြသည်။ သူတို့က ဘာသာစကားတစ်မျိုး ပြောသည်။ ထိုရထားသည် ဝလာဒက်တို့အုပ်စုကို မတင်ဘဲ ပြန်ထွက်သွားသည်။ ဤသို့ဖြင့် စကြိုပေါ်တွင် နောက်ထပ်တစ်ည အိပ်ကြရပြန်သည်။

ဝလာဒက် အိပ်၍မပျော်။ မိုးပေါ်တွင် တလက်လက်တောက်ပနေသော ကြယ်ပွင့်ကလေးတွေကို ငေးကြည့်ရင်း လွတ်မြောက်ရေးလမ်းစကိုသာ အကြံထုတ်နေမိသည်။

ထိုညတွင် သူ့လူ ၁၃ ယောက်ထဲမှ တစ်ယောက်က သံလမ်းဖြတ်ပြီး ထွက်ပြေးရာ လမ်းတစ်ဝက်အရောက်တွင် အစောင့်က သေနတ်ဖြင့် လှမ်းပစ်သဖြင့် ပွဲချင်းပြီး သေဆုံးသွားသည်။ ဝလာဒက်က သူ့အဖွဲ့သား လဲသေနေသော နေရာကို စိုက်ကြည့်ရင်း သူထွက်ပြေးလျှင်လည်း သည်လိုပင် ကြမ္မာဆိုးနှင့် နိဂုံးချုပ်ရမည်ကို တွေးပြီး ကြောက်နေမိသည်။ အစောင့်တွေက လူသေအလောင်းကို မကောက်ဘဲ သံလမ်းပေါ်တွင်ပင် ပစ်ထားသည်။ အခြားသူများ ထွက်မပြေးရဲအောင် သတိပေးသည့် သဘောပင်ဖြစ်လိမ့်မည်။

နောက်တစ်နေ့မနက်တွင် သည်အကြောင်း ဘယ်သူမှ မပြောရဲကြ။ ဝလာဒက်ကတော့ အလောင်းကိုသာ မကြာခဏ လှမ်းကြည့်ပြီး စိတ်မချမ်းမသာ ဖြစ်နေမိသည်။ ထိုသူမှာ နယ်စားကြီး၏ စားဖိုမှူး လူဒွစ်ဖြစ်သည်။ နယ်စားကြီးက ဝလာဒက်အား အမွေစား အမွေခံ လွှဲအပ်ခဲ့ကြောင်း အထောက်အထားပြနိုင်သော သက်သေတစ်ယောက် အသေဆိုးဖြင့် သေဆုံး သွားခဲ့ရှာပြီ။

တတိယမြောက်နေ့ညတွင် ရထားတစ်စီး ဘူတာသို့ဝင်လာသည်။ ရထားတွဲများအထဲတွင် ကောက်ရိုးတွေခင်းထားသည်။ တွဲအပြင်ဘက်တွင် 'တိရစ္ဆာန်တွဲ' ဟူ၍ စာတန်းရေးထားသည်။

အတွဲတိုင်းတွင် လူတွေပြည့်ကျပ်နေသည်။ သူတို့ ဘယ်ကလာမှန်း ဝလာဒက် မစဉ်းစားတတ်။ သို့သော် ရုပ်ရည်ပုံပန်းကတော့ ပိုလန်လူမျိုးတွေနှင့်တူသည်။ ဝလာဒက်နှင့် သူ့လူများအား ရထားတွဲတစ်တွဲပေါ်သို့ တက်ခိုင်းသည်။ ရထားတွဲထဲတွင် ခါးညောင်းအောင် ထိုင်နေရပြီးတော့မှ ဘူတာမှ ထွက်ခွာလာခဲ့သည်။ ရထားသည် နေဝင်ရာအရပ်ကို ကျောခိုင်းပြီး နေတွက်ရာအရပ်သို့ ရှေ့ရှုခုတ်မောင်းလာခဲ့သည်။ ဘယ်အရပ် ဘယ်ဒေသသို့ သွားနေသည်ဆိုသည်ကိုကား ဘယ်သူမှမသိကြ။

ရထားတွဲသုံးတွဲလျှင် လက်နက်ကိုင်အစောင့် တစ်ယောက်စီ တွဲခေါင်မိုးပေါ်မှ စောင့်ကြပ်လိုက်ပါလာသည်။ တစ်လမ်းလုံးတွင် သေနတ်သံများ မကြာခဏ ကြားရသည်။ ထွက်ပြေးသူများအား အစောင့်တွေက လှမ်းပစ်ခြင်းပင်ဖြစ်သည်။ ဝလာဒက်မှာ ထွက်ပြေးဖို့အရေးကို တွေးပင်မတွေးရဲတော့။

ရထားသည် မင့်စ်မြို့တွင် ရပ်သည်။ အကျဉ်းသားများအား ထမင်းကျွေးသည်။ ပေါင်မုန့်နက်၊ ရေ၊ သစ်သီးများနှင့် ပြောင်းဆန်များ စားကြရသည်။ ထမင်းစားပြီးနောက် ရထားပြန်ထွက်လာခဲ့သည်။

တစ်ခါတစ်ရံ ဘယ်ဘူတာမှ မတွေ့ရဘဲ သုံးရက်လေးရက်အထိ တောက်လျှောက်ခုတ်မောင်းသည်။ မကျန်းမာ၍ သေဆုံးသွားသူများအား ခုတ်မောင်းနေသော ရထားပေါ်မှ ခွေးသေကောင်ပစ်ချသလို ပစ်ချထားခဲ့သည်။

တစ်ခါတစ်ရံတွင်လည်း ရထားသည် ဆက်မထွက်ဘဲ တစ်နေရာတွင် နှစ်ရက်သုံးရက်အထိ ရပ်နေသည်။ အနောက်ဘက်သို့ သွားမည့် ရထားများအတွက် လမ်းရှင်းပေးခြင်းပင် ဖြစ်သည်။ ယင်း ရထားများပေါ်တွင် စစ်သားတွေ အပြည့်ပါလာကြသည်။

ဝလာဒက်သည် အခွင့်သာလျှင် ထွက်ပြေးရန် အမြဲတမ်းတွေးနေသည်။ သို့သော် အချက်သုံးချက်ကြောင့် သူက ထွက်ပြေးရန် စိတ်ကူးကို စွန့်လွှတ်လိုက်ရသည်။ ပထမအချက်က ဘယ်သူမှ မအောင်မြင်ခဲ့သောကြောင့်ဖြစ်သည်။ ဒုတိယအချက်မှာ ရထားလမ်းတစ်ဖက်တစ်ချက်တွင် ဆုံးစမထင်သော တောကြီးမျက်မည်းကိုသာ မြင်နေရသောကြောင့်ဖြစ်သည်။ တတိယအချက်ကတော့ သူ့အုပ်စုမှ လူများသည် သူ့အပေါ်တွင် လုံးဝအားထားနေကြရသောကြောင့်ဖြစ်သည်။ သူက ၎င်းတို့အား အစားအသောက်ကိုလည်း ဝေခြမ်းကျွေးရသည်။ စိတ်ဓာတ်မကျရန် နှစ်သိမ့်စကားကိုလည်း ပြောရသည်။ သူက အသက်အငယ်ဆုံးဖြစ်၍ သေဖို့ရန် လုံးဝစိတ်မကူးသော လူငယ်တစ်ယောက်မဟုတ်ပါလား။

ညကျတော့ အရိုးကွဲမတတ် ချမ်းလာသည်။ တစ်ခါတစ်ရံ အအေးဒီဂရီက သုညအောက် ၃၀ ဒီဂရီအထိ ရောက်သည်။ သူတို့သည် ရထားတွဲပေါ်တွင် တစ်ယောက်နှင့် တစ်ယောက် ကျောချင်းကပ်ပြီး ပုနေအောင် ကွေး၍ အိပ်ကြရသည်။

မကြာခဏဆိုသလို လူတစ်ယောက်သည် နေရာမှ လုံးဝမလှုပ်ရှားဘဲ သစ်တုံးကြီးများချထားသလို ဖြစ်နေတတ်သည်။ တကယ်တော့ ထိုသူမှာ အားပြတ်ပြီး မလှုပ်မရှားနိုင်တော့ခြင်းဖြစ်သည်။ ထိုအခါမျိုးတွင် နီးရာလူက ဝလာဒက်ကို သတင်းပို့သည်။ ဝလာဒက်ကတစ်ဆင့် အစောင့်ကို သတင်းပို့ရသည်။ ထို့နောက်တွင် လူလေးယောက်က အလောင်းကောင်ကို လေးဘောင် လေးလက်ကိုင်ကာ ရထားပေါ်မှ ပစ်ချလိုက်ကြသည်။ ထွက်မပြေးနိုင်အောင်ဆိုကာ အစောင့်များက ဦးခေါင်းကို သေနတ်ဖြင့် ပစ်ထည့်လိုက်ကြသေးသည်။

မင့်စ်မြို့မှ မိုင် ၂၀၀ ခန့် ကွာဝေးသော ဆမိုးလင့်စ်မြို့ကလေးတွင် ရထားရပ်သည်။ ဂေါ်ဖီထုပ်ဟင်းရည်နှင့် ပေါင်မုန့်ကိုစားကြရသည်။ ဝလာဒက်တို့အတွဲသို့ လူသစ်တွေ တက်လာကြသည်။ သူတို့က အစောင့်စစ်သားတွေ ပြောသော ဘာသာစကားကို ပြောကြသည်။ နောက်

အက်လာသော လှုသိုက်၏ ခေါင်းဆောင်မှာ ဝလာဒက်နှင့် ရွယ်တူလောက်ပင် ရှိသည်။ ဝလာဒက်နှင့် ကျန်နေသော သူ့လူ ၁၀ ယောက် (ယောကျ်ား ကိုးယောက်နှင့် မိန်းမ တစ်ယောက်) တို့က နောက်ထပ် တက်လာသော လူသိုက်ကို သံသယဝင်မိကြသည်။ သို့ဖြင့် သူတို့နှင့် ရောမနေဘဲ ကိုယ့်အုပ်စုနှင့်ကိုယ် ရထားတွဲတစ်ဝက်စီခွဲပြီး လိုက်လာကြသည်။

တစ်ညတွင် ဝလာဒက်သည် အိပ်မပျော်သဖြင့် ကြယ်တွေကို ကြည့်နေသည်။ ထိုအချိန်တွင် ဆမိုးလင့်စ်မြို့မှ ခေါင်းဆောင်လူငယ်သည် ဝလာဒက်အုပ်စုမှ အိပ်ပျော်နေသော လူတစ်ယောက်ဆီသို့ တိတ်တခိုးတွားပြီး ရွေ့သွားနေသည်ကို ဝလာဒက် လှမ်းမြင်မိသည်။ ထိုလူငယ်၏ လက်ထဲတွင် ကြိုးတစ်ပင်ကိုလည်း ကိုင်ထားသည်။ သူက နယ်စားကြီး၏ စားပွဲထိုးဖြစ်သူ အယ်လ်ဖွန်၏ လည်ပင်းကို ကြိုးနှင့်ရစ်ပတ်ပြီး ချည်နေသည်။

ဝလာဒက်က အိပ်ပျော်နေသော သူ့လူများ၏ ကိုယ်ပေါ်မှကျော်ကာ ဝမ်းလျားမှောက်၍ ဖြည်းဖြည်းကလေး တွားလာခဲ့သည်။ မျက်လုံးတွေက သူ့ကို စိုက်ကြည့်နေကြသည်။ သို့သော် ဘယ်သူမှ စကားမပြောကြ။

သူ့လူတွေ၏ အစွန်သို့ရောက်တော့ ဝလာဒက်က တစ်ဖက်မှ လူငယ်၏ ကိုယ်ပေါ်သို့ ဝုန်းကနဲ ခုန်အုပ်လိုက်သည်။ တစ်တွဲလုံး လန့်နိုးလာကြသည်။ အုပ်စုတစ်ဖက်နှင့် တစ်ဖက် လူချင်းကပ်ပြီး အခြေအနေကို စောင့်ကြည့်နေကြသည်။ အယ်လ်ဖွန်မှာတော့ နေရာတွင် တုတ်တုတ်မျှမလှုပ်တော့။

တစ်ဖက်မှ ခေါင်းဆောင်လူငယ်က ဝလာဒက်ထက် အရပ်ပိုရှည်သည်။ သွက်လည်း ပိုသွက်သည်။ သို့သော် ကြမ်းပြင်ပေါ်တွင် နှစ်ယောက်သား လုံးထွေးသတ်ပုတ်နေပုံကို မြင်ရသည်မှာတော့ သူမသာ ကိုယ်မသာ။

သတ်ပုတ်ပွဲက တော်တော်လေးကြာသည်။ အစောင့်တွေက လက်ခုပ်လက်ဝါးတီးကာ အားပေးနေကြသည်။ တချို့က အနိုင်အရှုံးကို အလောင်းအစားပင် လုပ်နေကြသည်။

သွေးသံမထွက် သတ်ပုတ်နေကြသည်ကို ကြည့်၍ အားမရဖြစ်မိသော အစောင့်တစ်ယောက်က ကျားကုတ် ကျားခဲသတ်ပုတ်နေသူနှစ်ယောက်ကြားသို့ လှံစွပ်တစ်ချောင်း ပစ်ပေးလိုက်သည်။ နှစ်ယောက်သား လှံစွပ်ကို ကမန်းတန်းလုကြရာ တစ်ဖက်မှ လူငယ်က ရသွားပြီး ဝလာဒက်၏ ခြေယောက်ကို တအားထိုးစိုက်လိုက်သည်။ ဆမိုးလင့်စ်အုပ်စုမှ လူတွေက သူတို့ခေါင်းဆောင်ဘက်မှ လက်ခုပ်လက်ဝါးတီးကာ ဩဘာပေးကြသည်။ အဆိုပါလူငယ်က သွေးစွန်းနေသော လှံစွပ်ကို ပြန်နှုတ်ပြီး ဒုတိယအကြိမ် ထိုးလိုက်ပြန်သည်။ သို့သော် လူကိုမထိဘဲ ဝလာဒက်၏ နားကို ပွတ်ကာ ကြမ်းပြင်ကိုသာ သွားစိုက်သည်။ သူက ဓားကိုပြန်နုတ်စဉ် ဝလာဒက်က တစ်ဖက်လူ၏ ဆီးစပ်ကို တအားကျုံးပြီး ပိတ်ကန်လိုက်သည်။ တစ်ဖက်လူသည် လှံစွပ်မှ လက်လွှတ်ပြီး နောက်သို့ လန်လဲသွားသည်။ ဝလာဒက်က လှံစွပ်ကို လှမ်းကိုင်ပြီး အားနှင့်နုတ်လိုက်သည်။ ထို့နောက် ရန်သူ၏ ကိုယ်ပေါ်သို့ ခုန်အုပ်ကာ လှံစွပ်ကို ပါးစပ်ထဲသို့ ထိုးစိုက်လိုက်သည်။

တစ်ဖက်လူက ငယ်သံပါအောင် အော်လိုက်ရာ ရထားတစ်ခုလုံးပင် ဟင်ခနဲ ဟာခနဲ လန့်ဖျပ်သွားကြသည်။

ဝလာဒက်က လုံစွပ်ကို ပြန်နုတ်ပြီး တစ်ဖက်သား၏ ကိုယ်ပေါ်သို့ ဆက်ကာဆက်ကာ ထိုးစိုက်သည်။

မကြာမီတွင် တစ်ဖက်လူငယ်သည် ကြမ်းပြင်ပေါ်တွင် ငြိမ်ကျသွားတော့သည်။

ဝလာဒက်က ဒူးထောက်ထိုင်ချလိုက်သည်။ သူသည် မောပန်းလွန်း၍ ဟောဟဲလိုက်နေသည်။

ထို့နောက် သူ့ရှေ့မှ အလောင်းကောင်ကို ကောက်ချီကာ ရထားပေါ်မှ ပစ်ချလိုက်သည်။

မြေကြီးပေါ်သို့ အလောင်း ဖုန်းကနဲ ကျသွားသံနှင့်အတူ သေနတ်သံများလည်း ဆက်တိုက် ထွက်ပေါ်လာကြသည်။

ဝလာဒက်သည် မလှုပ်မယှက် စန့်စန့်ကြီးလဲနေသော အယ်လ်ဖွန်အနီးသို့ ခြေထောက်ထော့နဲ့ ထော့နဲ့နှင့် ရောက်လာသည်။

ထို့နောက် အယ်လ်ဖွန်၏ဘေးတွင် ထိုင်ချလိုက်ပြီး အယ်လ်ဖွန်အား လက်ဖြင့် လှုပ်နှိုးကြည့်သည်။

အယ်လ်ဖွန်ကား ဘယ်တော့မှမနိုးတော့။ ဝလာဒက်အတွက် ဒုတိယသက်သေတစ်ယောက်လည်း သေဆုံးသွားခဲ့ပြန်ပြီ။

သူသည် နယ်စားကြီး၏ အမွေစား အမွေခံဖြစ်ကြောင်း အထောက်အထားပြရန် သက်သေတစ်ယောက်မျှ မကျန်တော့။

သူ့အတွက် အသက်ရှင်နေလို့ကော ဘာထူးတော့မှာလဲ။

သူက လုံစွပ်ကို လက်နှစ်ဖက်နှင့်ဆုပ်ကိုင်ပြီး ဝမ်းဗိုက်ကိုထိုးစိုက်ရန် လက်ကို မြှောက်လိုက်သည်။

ချက်ချင်းပင် အစောင့်တစ်ယောက်က သူ့ကို ခုန်အုပ်ပြီး လက်ထဲမှ လုံစွပ်ကို လုယူလိုက်သည်။

"ဒီလိုမလုပ်စမ်းပါနဲ့ ကိုယ့်လူရာ၊ တို့က မင်းလိုလူတွေ အများကြီးလိုနေတာကွ၊ ဟိုကျရင် တို့က အားလုံး လျှောက်လုပ်နေလို့မဖြစ်ဘူး"

ဝလာဒက်က သူ့မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်လိုက်သည်။ ယခုမှ ခြေထောက်ဒဏ်ရာ နာကျင်လာသည်ကို သတိပြုမိသည်။

သူသည် ရဲတိုက်ရှင် အမွေစားအမွေခံဘဝကို စွန့်လွှတ်လိုက်ရပြီး ခြူးတစ်ပြားမှ မရှိသော ဆမိုးလင့်စ်မြို့မှ လူတစ်စု၏ ခေါင်းဆောင်ဘဝသို့ ရောက်လာခဲ့ရသည်။ ယခုအခါ သူ့လက်အောက်တွင် အကျဉ်းသားနှစ်ဆယ်အထိ တိုးလာခဲ့ပြီ။ သူက နောက်ထပ်ပေါ်ပေါက်လာမည့် အန္တရာယ်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် အုပ်စုနှစ်စုကို တစ်စုတည်းပေါင်းလိုက်ပြီး ပိုလန်အမျိုးသားတစ်ယောက်နှင့် ဆမိုးလင့်စ်မြို့သားတစ်ယောက်စီကို ဘေးချင်းကပ်၍ အိပ်ခိုင်းသည်။

ထို့နောက် သူသည် တစ်ဖက်အုပ်စု၏ စကားကိုလည်း သင်ယူသည်။ သူတို့ပြောသော စကားမှာ ရုရှစကားဖြစ်သော်လည်း နယ်စားကြီးသင်ပေးသော ရုရှစကားနှင့် အများကြီး ကွဲပြား

ကြောင်း နောက်တော့မှ သိလာရသည်။

မကြာမီတွင် ဝလာဒက်သည် ရုရှစကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်လာခဲ့သည်။ နောက်ထပ်ရောက်လာသော အကျဉ်းသားများမှာ စစ်ပြေးများ၊ ဇာဘုရင် ဘက်တော်သားများနှင့် ပြစ်မှုအမျိုးမျိုးဖြင့် ဖမ်းဆီးခံခဲ့ရသူများ ဖြစ်ကြသည်။

ရထားသည် အွမ်စ်၊ နိုဗိုဆီဘာ့စ်နှင့် ကရန်စနိုယာ့စ်စသော မြို့ငယ်များကို ဖြတ်ကျော်ကာ တဖြည်းဖြည်းနှင့် လွင်ပြင်ဒေသများသို့ ဝင်လာခဲ့သည်။

နောက်ဆုံး သုံးလမျှကြာသောအခါ မိုင်ပေါင်း သုံးထောင်ကျော်လာခဲ့ပြီး အာကုတ်စ်မြို့သို့ ရောက်ရှိလာသည်။ ထိုမြို့တွင် ရထားလမ်း. ဆုံးသွားသည်။

အကျဉ်းသားအားလုံးကို ရထားပေါ်မှ ဆင်းခိုင်းပြီး ထမင်းကျွေးသည်။ ပြီးလျှင် ဘွတ်ဖိနပ်နှင့် ကုတ်အင်္ကျီများ ထုတ်ပေးသည်။ သို့ပေမယ့် အချမ်းမလုံ၊ ရာသီဥတုဆိုးရွာ၍ အသည်းခိုက်မျှ အေးဒဏ်ကို ခံစားကြရသည်။

ထရပ်ကားကြီးတွေက တစ်စီးပြီးတစ်စီး ရောက်လာကြသည်။ စစ်သားတွေက လက်ထိပ်သံကြိုးတွေယူလာပြီး အကျဉ်းသားများ၏ လက်တစ်ဖက်ကို ၂၅ ယောက်လျှင် တတွဲစီဆက်၍ ချည်ကြသည်။

ထို့နောက် အကျဉ်းသားများအား ထရပ်ကားတွေပေါ်တင်ကာ ဆက်လက်ထွက်ခွာလာကြသည်။ အစောင့်ကားတွေက နောက်မှ ကပ်လိုက်လာကြသည်။ ၁၂ နာရီကြာကြာ ထွက်ခွာလာခဲ့ပြီးသည့်နောက်တွင်မှ နှစ်နာရီ ရပ်နားခွင့်ရကြသည်။ ပြီးတော့ တစ်ဖန် ထွက်ခွာလာခဲ့ကြပြန်သည်။

ပထမတစ်ပတ်လုံးတွင် လက်ထိပ်သံကြိုးကို လုံးဝမဖြေ။ ထွက်ပြေးရန် မဖြစ်နိုင်သော ရေခဲပြင်ဒေသရောက်တော့မှ ညအိပ်ခါနီးတွင် လက်ထိတ်ဖြေပေးသည်။ ရာသီဥတု ဆိုးရွားသော နေ့များတွင် ရေခဲပြင်ပေါ်မှာ တွင်းခေါင်းတူးပြီး အိပ်ကြရသည်။ ရာသီဥတု သာသာယာယာရှိသော နေ့များတွင်မှ သစ်တောထဲတွင် အိပ်ကြရ၍ အခြေအနေမဆိုးလှ။

လမ်းခရီးတစ်လျှောက်တွင် ကြီးမားသော ရေအိုင်ကြီးများ၊ ရေခဲဖုံးနေသော မြစ်များကို ကျော်ဖြတ်လာခဲ့ကြရသည်။ ဝလာဒက်မှာ ခြေထောက်မှ ဒဏ်ရာကလည်း နာကျင်လှသည်။ လက်ချောင်းနှင့် နားရွက်များအား ရေခဲစားသော ဒဏ်ကိုလည်း အလူးအလဲ ခံနေရသည်။

အရပ်လေးမျက်နှာသို့ လှမ်းမျှော်ကြည့်လိုက်တိုင်း ဆုံးစမထင်သော အဖြူရောင် ရေခဲပြင်ကြီးကိုသာ တမျှော်တခေါ် မြင်နေရသည်။

သည်နေရာတွင် ထွက်ပြေးမည်ဆိုလျှင် အစာရေစာငတ်၍ ရက်ပိုင်းအတွင်း သေပွဲဝင်ရဖို့သာ ရှိတော့သည်။

သက်ကြီးရွယ်အိုများနှင့် နာမကျန်းသူများ ညဘက်တွင် တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားကြသည်။ သူတို့အဖို့ လောကငရဲမှ လွတ်မြောက်သွား၍ ကံကောင်းသည်ဟုပင် ဆိုရလိမ့်မည်။

ခရီးမိုင်ပေါင်း ၉၀၀ လောက်ရောက်သောအခါ ထရပ်ကားတွေပေါ်မှ အားလုံးဆင်းကြ

ရပြီး ဒရယ်ဆွဲသော စွပ်ဖားများပေါ်သို့ ပြောင်းစီးကြရသည်။ ထရပ်ကားများမှာ ထိုနေရာမှ ပြန်လှည့်သွားကြသည်။ စွပ်ဖားတွေက ရှေ့သို့ ခရီးဆက်၍ ထွက်ခဲ့ကြသည်။

✧ ✧ ✧

နောက်ကိုးရက်အကြာတွင် အာတိတ်ဒေသရှိ အမှတ် (၂၀၁) အကျဉ်းစခန်းသို့ ရောက်ရှိကြသည်။

ရေခဲပြင်ကျယ်ကြီးပေါ်တွင် သစ်သားတန်းလျားတွေ တစ်တန်းပြီး တစ်တန်း ဆောက်ထားသည်။ တန်းလျားအားလုံးကိုလည်း အကျဉ်းသားတွေကဲ့သို့ပင် နံပါတ်တပ်ထားသည်။ ဝလာဒက်နေရသော တန်းလျား၊က နံပါတ် ၃၃။

အခန်းအလယ်တွင် မီးဖိုကလေး တစ်ဖိုရှိသည်။ အခန်းနံရံနှင့်ကပ်ပြီး အိပ်စင်တွေ အဆင့်ဆင့် ပြုလုပ်ထားသည်။ စင်ပေါ်တွင် ကောက်ရိုးတွေခင်းထားပြီး ချည်ပါးစောင်တစ်ထည်စီ ခေါက်တင်ထားသည်။

ပထမညတွင် ဘယ်သူမှ မအိပ်နိုင်ကြ။ ချမ်းလွန်း၍ အော်သူအော် ညည်းသူညည်း ဖြစ်နေကြသည်။ တစ်ခါတစ်ရံ အကျဉ်းသားများ၏ အော်ညည်းသံမှာ အပြင်ဘက်မှ ဝံပုလွေ အော်သံထက်ပင် ကျယ်သေးသည်။

နောက်နေ့မနက် နေမထွက်မီတွင် သုံးထောင့်သံပြားကြီးကို တူနှင့်ထုသံများ ပေါ်ထွက်လာသောအခါ အားလုံး အိပ်ရာမှ ထကြရသည်။

ရေခဲဖုံးနေသော ထမင်းစားဆောင်တွင် ၁၀ မိနစ်အတွင်း အပြီး နံနက်စာစားကြရမည်။ နံနက်စာက ဆံပြုတ်ရေကျဲတစ်ခွက်၊ ဂေါ်ဖီထုပ်တစ်ဖတ်နှင့် ငါးပုပ်တစ်ဖဲ့ပါသော ဟင်းရည်တစ်ခွက်။ အသစ်ရောက်လာသူတွေက ငါးအရိုးကို စားပွဲပေါ်တွင် ထွေးပစ်ကြသည်။ လူဟောင်းတွေက ကောက်စားကြသည်။

နံနက်စာ စားပြီးလျှင် အလုပ်ခွင်သို့ဝင်ကြရသည်။ ဝလာဒက်သည် သစ်ခုတ်သည့် တာဝန်ကျသည်။ သူသည် ရေခဲပြင်ကိုဖြတ်ပြီး ခုနစ်မိုင်ဝေးသော သစ်တောထဲသို့ သွားကာ သတ်မှတ်ပေးသော အရေအတွက်ရသည်အထိ နေ့စဉ်နေ့တိုင်း ထင်းခုတ်ရသည်။ တာဝန်ကျအစောင့်က ဝလာဒက်အပါအဝင် လူခြောက်ယောက်အဖွဲ့ကို သစ်တောထဲသို့ လိုက်ပို့ပြီး ရိက္ခာအနည်းငယ်ပေး၍ ထားပစ်ခဲ့သည်။ အစောင့်မရှိသော်လည်း သူတို့အဖို့ ပြေးလမ်းမရှိ။ အနီးဆုံးမြို့မှာ မိုင်ပေါင်း ၁၀၀၀ ကျော် ဝေးသည်။

တစ်ယောက်စီ ခုတ်ယူသော ထင်းချောင်းရေကို တာဝန်ကျ အစောင့်က ရေကြည့်သည်။ အရေအတွက်မပြည့်လျှင် နောက်နေ့ ရိက္ခာဖြတ်မည်ဟု သတိပေးသည်။ သို့ရာတွင် ထင်းခုတ်သမားများက ညခုနစ်နာရီ မှောင်ပြီးမှ ရောက်လာကြ၍ အစောင့်စစ်သားများက အတိအကျရေတွက်ရန် စိတ်မရှည်ကြသည်က များသည်။

သည်လိုနှင့် ရက်သတ္တသုံးလေးပတ်ခန့်ရောက်လာသောအခါ ဝလာဒက်၏ ခြေထောက်မှ ဒဏ်ရာမှာ မန်းလိုက်ပြီး လမ်းမလျှောက်နိုင်အောင် နာကျင်လာသည်။

ထို့ကြောင့် တစ်ည ထင်းခုတ်ရာမှ ပြန်အရောက်တွင် သူ့အနာကို တာဝန်ကျအစောင့် အားပြသည်။ အစောင့်က မိုးလင်းလျှင် စခန်းဆရာဝန်ထံ သွားပြရန် ပြောသည်။

မနက်မိုးလင်းတော့ ဝလာဒက်က ခါတိုင်းထက် စောစောထသည် အလုပ်ခွင်မဝင်မီ ဆရာဝန်နှင့် သွားမတွေ့လျှင် ဆရာဝန်အား နောက်တစ်နေ့မှ တွေ့နိုင်သောကြောင့်ဖြစ်သည်။ သူက သူ့နာမည်နှင့် ကိုယ်ပိုင်နံပါတ်ကို ပြော၍ ဆရာဝန်ထံ ပြသည်။ ဆရာဝန်နာမည်က ပီယာဒူဘီလင်။ ထိပ်ပြောင်ပြောင်။ ခါးကုန်းကုန်းနှင့် စိတ်ကောင်းရှိသော လူကြီးတစ်ယောက် ဖြစ်သည်။ နယ်စားကြီးထက် အသက်ကြီးလိမ့်မည်ဟု ဝလာဒက်က ခန့်မှန်းကြည့်သည်။ ဆရာဝန်က ဘာစကားမှမပြောဘဲ ဝလာဒက်၏ အနာကို စစ်ဆေးကြည့်ရှုသည်။

"ဒီအနာ ပြန်မှကောင်းနိုင်ပါ့မလား ဆရာရယ်" ဝလာဒက်က ညှိုးငယ်သော မျက်နှာဖြင့် မေးသည်။

"မင်းက ရုရှစကားလဲ ပြောတတ်တာကိုး"

"ဟုတ်ပါတယ်ခင်ဗျာ"

"မင်းအနာက လုံးဝကောင်းသွားမှာပါ၊ ဒါပေမယ့် နဂိုအတိုင်းတော့ ပြန်မဖြစ်နိုင်တော့ဘူး၊ ထော့နဲ့ ထော့နဲ့တော့ တစ်သက်လုံးဖြစ်နေတော့မှာပဲ၊ ဒါပေမယ့် မင်းခြေထောက်က အကောင်း ပကတိ ပြန်ဖြစ်တော့လဲ ဘာမှတော့ မထူးပါဘူးကွာ၊ ဒီလိုပဲ ဒီမှာ ထင်းခုတ်ရင်းနဲ့ပဲ အချိန်တန် တော့ သေသွားရမှာပါ"

"ကျွန်တော် အဲဒီလို အဖြစ်မခံနိုင်ဘူးဆရာ၊ အခွင့်သာရင် ပိုလန်ကို ပြန်ပြီး ထွက်ပြေး မယ်လို့ စိတ်ကူးထားပါတယ်"

ဆရာဝန်က ဝလာဒက်၏ မျက်နှာကို စိုက်ကြည့်သည်။

"လူကလေး စကားပြောတာ တိုးတိုးပြောစမ်းပါ၊ ထွက်ပြေးဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်ပါ့မလဲ၊ ငါဆိုရင် ဒီကိုရောက်နေတာ ၁၅ နှစ်တိတိရှိသွားပြီ၊ ထွက်ပြေးပေါက်ကိုလည်း နေ့တိုင်းအကြံ ထုတ်နေတာပဲ၊ ဒါပေမယ့် ဘယ်လိုမှ ထွက်ပေါက်မမြင်ပါဘူး၊ ထွက်ပြေးတဲ့ လူတိုင်းလဲ သေရ တာချည်းပါပဲ၊ ထွက်ပြေးမယ့်အကြောင်း ပါးစပ်နဲ့ပြောတဲ့လူကိုတောင်မှ ၁၀ ရက်တိတိ တိုက် ပိတ်ထားတယ်၊ သုံးရက်မှတစ်ကြိမ် မဝရေစာ ထမင်းကျွေးတယ်။ အဲဒီအခန်းထဲက အသက်မသေ ဘဲ ပြန်ထွက်လာနိုင်ရင် အလွန်ကံကောင်းတဲ့ လူပဲ"

"ဒါပေမယ့် ကျွန်တော်တော့ ဖြစ်တဲ့နည်းနဲ့ ထွက်ပြေးမှာပဲ ဆရာ၊ ထွက်ကို ထွက်ပြေး မှာပဲ"

ဆရာဝန်က ဝလာဒက်အား စေ့စေ့ကြည့်ပြီး ပြုံးသည်။

"ဒီမှာ ကိုယ့်လူ၊ ငါပြောတာသာ နားထောင်စမ်းပါ၊ ထွက်ပြေးမယ့်အကြောင်း နောက် ထပ် ဘယ်သူ့ကိုမှ မပြောလေနဲ့၊ မင်းကို ပစ်သတ်ကြလိမ့်မယ်၊ အဲဒီတော့ အလုပ်ကိုသာ ပြန် သွားပါ၊ ခြေထောက်ကို လေ့ကျင့်ခန်းလုပ်ပေး၊ မနက်တိုင်း ငါ့ဆီလာပြ"

ဝလာဒက်သည် ဆရာဝန်ညွှန်ကြားသည့်တိုင်း တောထဲသို့ ပြန်သွားပြီး ထင်းခုတ်သည်။ အပြန်ခရီးကျတော့ ခြေထောက် ပြတ်ကျမတတ် နာလာသည်။

သို့ဖြင့် နောက်နေ့မနက်တွင် ဆရာဝန်ထံ ထပ်မံသွားပြသည်။ ဆရာဝန်က မနေ့ကထက် ဂရုစိုက် စမ်းသပ်သည်။

"အခြေအနေ တော်တော်ဆိုးတယ်၊ ဒါနဲ့ မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"၁၃ နှစ်လောက်ရှိပြီ ထင်ပါတယ်၊ အဲ... ဒါဆိုရင် ဘယ်ခုနှစ်လောက် ဖြစ်နိုင်မလဲ ဆရာ"

"၁၉၁၉ ခု"

"ဟုတ်ပါတယ်၊ ၁၃ နှစ်ပါ၊ ဆရာကရော အသက်ဘယ်လောက်ရှိပြီလဲ"

ဆရာဝန်က မျက်လုံးပြာနှင့် လူငယ်ကလေးကို တအံ့တဩ စိုက်ကြည့်နေပြီးမှ...

"၃၈ နှစ်..."

"ဘုရားရေ..."

"မအံ့ဩပါနဲ့ သူငယ်၊ မင်းလဲဒီနေရာမှာ နောက်ထပ် ၁၅ နှစ်နေပြီရင်း ငါ့လိုပဲ ဖြစ်လာမှာပဲ"

"ဆရာက ဒီကို ဘယ်လိုရောက်လာတာလဲ၊ သူတို့က ဆရာ့ကို ဒီလောက်တောင် အကြာကြီး ဘာလို့ပြန်မလွှတ်ဘဲ ထားတာလဲ"

"၁၉၀၄ ခုနှစ်မှာ ငါ အဖမ်းခံရတယ်၊ ဆရာဝန်ဘွဲ့ရပြီးခါစပေါ့၊ ငါက မော်စကိုမြို့ ပြင်သစ်သံရုံးမှာ အမှုထမ်းနေတယ်၊ ငါ့ကို သူလျှိုဆိုပြီး ဖမ်းတယ်၊ အဲဒီနောက် ဒီကို ပို့လိုက်တာပဲ၊ ငါ့ဘဝတော့ ဒီမှာပဲ အဆုံးသတ်တော့မှာပါ"

"ဒီလောက်လဲ စိတ်ကို လျှော့မပစ်ပါနဲ့ ဆရာ"

"ငါ... စိတ်ဓာတ်ကျနေတာ ကြာပါပြီကွာ၊ ငါ... မင်းကို အလေးအနက်ပြောချင်တာကတော့ ထွက်ပြေးမယ့် အကြံကို ဘယ်သူ့ကိုမှ မပြောပါနဲ့၊ ဘယ်သူ့ကိုမှလဲ မယုံပါနဲ့၊ ဒီလူတွေက လျှာမှာ အရိုးမရှိတိုင်း ဘဝတူချင်း သစ္စာဖောက်ပြီး တိုင်လားတောလားလုပ်နေကြတာ၊ အဲဒီလိုလုပ်ရင် ပေါင်မုန့်တစ်ချပ်၊ ဒါမှမဟုတ် စောင်တစ်ထည် အပိုရမယ် မဟုတ်လား၊ ကဲ ဝလာဒက်၊ ဒီနေ့ကစပြီး မင်းကို ငါအလုပ်ပြောင်းပေးမယ်၊ ထမင်းချက်ခန်းမှာ တစ်လလုပ်ရမယ်၊ ဒီရက်အတွင်း မနက်တိုင်း ငါ့ဆီလာပြပါ၊ ဒါမှ မင်းခြေထောက် ဖြတ်မပစ်ရဘဲ နေလိမ့်မယ်၊ နောက်ပြီး ဖြတ်ရရင်လဲ မလွယ်ဘူး၊ အသက်အန္တရာယ်တောင် စိုးရိမ်ရတယ်၊ ဒီမှာက ခေတ်မီ ပစ္စည်းကိရိယာ ဘာမှရှိတာမဟုတ်ဘူး"

ဝလာဒက်သည် စားပွဲပေါ်မှ ဓားမကောက်ကြီးကို လှမ်းကြည့်ပြီး ကြက်သီးပင် ထသွားမိသည်။

◇ ◇ ◇

အချိန်တွေ ကုန်လွန်ခဲ့သည်နှင့်အမျှ ဝလာဒက်နှင့် ဒေါက်တာ ဒူဘီယင်တို့၏ ရင်းနှီးမှုမှာလည်း တိုးပွား ခိုင်မာလာခဲ့သည်။ ဒေါက်တာက ဝလာဒက်၏ ခိုင်မာသော စိတ်ဓာတ်ကို သဘောကျသည်။

သူတို့နှစ်ယောက်သည် နေ့စဉ်မနက်တိုင်း ဘာသာစကားမျိုးစုံဖြင့် စကားပြောကြသည်။

သို့ပေမယ့် ဒေါက်တာက သူ၏ မိခင်ဘာသာစကားဖြစ်သော ပြင်သစ်စကားဖြင့် ပြောရသည်ကို ပို၍ နှစ်ခြိုက်သည်။

'ဝလာဒက်...နောက်ခုနစ်ရက်ဆိုရင် မင်းဟာ မူလအလုပ် ပြန်လုပ်ရတော့မယ်၊ အစောင့်က မင်းခြေထောက်က အနာကို စစ်ဆေးကြည့်လိမ့်မယ်၊ ခြေထောက် ထော့နဲ့ ထော့နဲ့ ဖြစ်နေပေမယ့် အနာက လုံးဝကောင်းသွားပြီ၊ ငါက မင်းကို ဘယ်လိုအကြောင်းနဲ့မှ ထမင်းချက်ခန်းမှာ ဆက်ထားဖို့ ထောက်ခံချက် ပေးလို့ မဖြစ်နိုင်တော့ဘူး၊ အဲဒီတော့ ငါပြောတာကို သေသေချာချာ နားထောင်ပါ၊ မင်းအတွက် ငါအကြံတစ်ခုရထားတယ် ထွက်ပြေးနိုင်မယ့် အကြံကို ပြောတာ"

"ဆရာနဲ့ ကျွန်တော် အတူတူ ထွက်ပြေးမယ့်အကြံလား ဆရာ"

"မဟုတ်ဘူး၊ မင်းတစ်ယောက်တည်း ထွက်ပြေးဖို့ ပြောတာ၊ ငါက အသက်ကြီးနေပြီ၊ ဒီလောက် ခရီးကို မလျှောက်နိုင်တော့ဘူး၊ အဲဒီတော့ ငါ့အတွက် မဟုတ်ပေမယ့် အောင်မြင်နိုင်တဲ့လူကို ကူညီရတာ အကျိုးရှိပါတယ်"

ဝလာဒက်က ကြမ်းပြင်ပေါ်တွင် ထိုင်ကာ ဒေါက်တာ၏ စကားကို နားစိုက်နေသည်။

"ငါ့မှာ ၁၅ နှစ်အတွင်း စုဆောင်းထားတဲ့ ငွေ ရူဘယ် ၂၀၀ ရှိတယ်၊ ၅၀ တန် လေးရွက်ကို ဆေးပုလင်းထဲမှာ ဝှက်ပြီး သိမ်းထားတယ်၊ အဲဒါအားလုံး မင်းကို ပေးလိုက်မယ်၊ မင်းထွက်သွားတဲ့အခါ အဝတ်အစားထဲမှာ သေသေချာချာထည့်ပြီး ချုပ်ယူသွား"

"ဘယ်လို အဝတ်အစားလဲ ဆရာ"

"ငါ့မှာ ကုတ်အင်္ကျီတစ်ထည်ရှိတယ်၊ ထွက်ပြေးမယ် အကြံနဲ့ အစောင့်တစ်ယောက်ဆီက ဝယ်ထားတာ"

ဝလာဒက်မှာ ဒေါက်တာ ဒူဘီယင်၏ ကိုယ်ကျိုးစွန့်လွှတ်မှုနှင့် စေတနာကိုတွေး၍ ကျေးဇူးတင်မဆုံး ဖြစ်မိသည်။

"လာမယ့် ကြာသပတေးနေ့ဟာ မင်းရဲ့ နောက်ဆုံးအခွင့်အရေးပဲ၊ အဲဒီနေ့မှာ အာကတ်စ်မြို့က အကျဉ်းသားအသစ်တွေ ထပ်ရောက်လာကြလိမ့်မယ်၊ အဲဒီအချိန်မှာ အသစ်ရောက်လာသူတွေကို ထင်းကျွေးဖို့အတွက် ထမင်းချက်ခန်းက လူလေးယောက်ကို ခေါ်မယ်၊ ငါက စားဖို မှူးနဲ့ အားလုံး စီစဉ်ထားပြီးပြီ"

ဝလာဒက်က စိတ်ဝင်စားစွာဖြင့် နားရွက်မခတ် နားထောင်နေသည်။

"မင်းက ဘူတာကို ရောက်သွားတဲ့အခါ ရထားဝင်လာတဲ့ အချိန်အထိ စောင့်နေပါ၊ ရထားပေါ်က အကျဉ်းသားတွေ အားလုံးဆင်းကြတဲ့အခါ မော်စကိုကို ထွက်မယ့် ရထားပေါ် အမြန်တက်လိုက်၊ အစစအရာရာ သတိတော့ရှိပါစေ၊ အစောင့်တွေ မမြင်ဖို့ အရေးကြီးတယ်၊ နောက်တစ်ခုက ငါ့မှာ မြေပုံတစ်ခု ဆွဲထားတာ ရှိတယ်၊ မော်စကိုနဲ့ တူရကီ ခရီးစဉ်ကို ဆွဲထားတဲ့ မြေပုံပဲ၊ အတိအကျတော့ မဟုတ်ဘူး၊ ဒါပေမယ့် မင်းအတွက် အသုံးဝင်မှာပါ၊ ရုရှတပ်တွေက တူရကီကို သိမ်းထားမထားဆိုတာတော့ သေချာအောင် စုံစမ်းကြည့်ပါ၊ အခု သူတို့ ဘယ်အထိ ရောက်နေပြီဆိုတာ ဘုရားသခင်ပဲ သိလိမ့်မယ်၊ ငါ့အထင်တော့ သူတို့က ပြင်သစ်ကိုတောင် သိမ်းထားပြီးပြီ ထင်တာပဲ"

ယင်းသို့ ပြောပြီးနောက် ဒေါက်တာ ဒူဘီယင်သည် ဆေးဗီရိုသို့သွားပြီး အပြာရောင် ပုလင်းကြီးတစ်လုံးကို ယူလာသည်။ ထို့နောက် ပုလင်းဖုံးကိုဖွင့်ကာ စာရွက်ဟောင်းတစ်ရွက်ကို ဆွဲထုတ်လိုက်သည်။ နှစ်ကြာ၍ အနက်ရောင်မင်များပင် ပြောင်နေပြီ။ စာရွက်ပေါ်တွင် ၁၉၀၄ ခုနှစ်၊ အောက်တိုဘာလဟူ၍ ရေးထားသည်။ ထိုစာရွက်ပေါ်တွင် မော်စကိုမြို့မှ အိုဒက်ဆာမြို့သို့ သွားသော ခရီးစဉ်နှင့် အိုဒက်ဆာမှ တူရကီနိုင်ငံသို့ သွားသော ခရီးစဉ်များကို မြေပုံရေးဆွဲထားသည်။ မိုင်ပေါင်း ၁၇၀၀ ကျော်ခရီးဖြစ်သည်။

"ဒီအပတ်အတွင်း ငါ့ဆီကို မနက်တိုင်း မပျက်မကွက်လာပါ။ ပိုပြီးသေချာအောင် အစီအစဉ်လုပ်နိုင်တာပေါ့၊ ဘယ်အလုပ်အတွက်မဆို ကြိုတင်ပြင်ဆင်မှုဆိုတာ ရှိရစမြဲပဲကွဲ့."

✧ ✧ ✧

ထွက်မပြေးမီ တစ်နေ့အလို ဗုဒ္ဓဟူးနေ့ ညပိုင်းတွင် ဒေါက်တာ ဒူဘီယင်က မြေပုံစာရွက်ကို ရှစ်ချိုးခေါက်၍ ရူဘယ် ၅၀ တန် လေးရွက်နှင့် ရောပြီး စာအိတ်ကလေးထဲတွင် ထည့်သည်။ ထို့နောက် စာအိတ်ကို ကုတ်အင်္ကျီလက်မောင်းတွင်ထည့်ကာ ချုပ်လိုက်သည်။

ဝလာဒက်က သူဝတ်ထားသော အကျဉ်းသားအင်္ကျီကိုချွတ်ပြီး ကုတ်အင်္ကျီကို ဝတ်သည်။ ပြီးလျှင် အကျဉ်းသား အင်္ကျီကို အပေါ်မှ ပြန်ဝတ်ထားလိုက်သည်။ သူအကျဉ်းသား အင်္ကျီကို ပြန်ဝတ်နေစဉ်တွင် ဒေါက်တာက လက်ကောက်ကွင်းကိုမြင်လိုက်မိသည်။ ယင်းလက်ကောက်ကွင်းကို အစောင့်တွေ မမြင်နိုင်အောင် တံတောင်ဆစ်အထက်တွင် အမြဲတမ်း ဝတ်ထားသည်။

"အဲဒါက ဘာလဲ၊ တော်တော်လှတဲ့ ပစ္စည်းပဲ"

ဒေါက်တာက မေးသည်။

"ကျွန်တော့် ဖေဖေ ပေးခဲ့တဲ့ လက်ဆောင်ပါ၊ ဆရာ့ကို ကျေးဇူးတင်တဲ့ အထိမ်းအမှတ်နဲ့ ဒီပစ္စည်းကို ပေးခဲ့ပါ့မယ်" သူက ပြောပြောဆိုဆို လက်ကောက်ကွင်းကို ချွတ်ပြီး ဒေါက်တာအား ကမ်းပေးလိုက်သည်။

ဒေါက်တာက ငွေလက်ကောက်ကွင်းကို အကြာကြီး စိုက်ကြည့်နေသည်။ ထို့နောက် ဦးခေါင်းကိုညွှတ်ကာ အရိုအသေပြုလိုက်သည်။

"ဒီလိုလုပ်လို့ မဖြစ်ဘူး၊ ဒီပစ္စည်းက သက်ဆိုင်သူ တစ်ယောက်ပဲ ပိုင်ထိုက်တာ၊ မင်းဖေဖေက ကြီးကျယ်တဲ့ လူတစ်ယောက်ပါလား"

ဒေါက်တာက လက်ကောက်ကွင်းကို ဝလာဒက်၏ လက်တွင် ပြန်ဝတ်ပေးပြီး လှိုက်လှိုက်လှဲလှဲ လက်ဆွဲနှုတ်ဆက်သည်။

"ကံကောင်းပါစေ... ဝလာဒက်၊ တို့နှစ်ယောက် နောက်ထပ် ပြန်တွေ့ဖို့တော့ လမ်းမရှိတော့ပါဘူး"

ထို့နောက် နှစ်ယောက်သား ဖက်ရမ်းနှုတ်ဆက်ကြသည်။ ရင်ထဲတွင်တော့ နှစ်ယောက်စလုံး ဆို့ဆို့နင့်နင့် ခံစားနေကြရသည်။

✧ ✧ ✧

နောက်နေ့မနက် အိပ်ရာထ အချက်ပေးသံ ပေါ်ထွက်လာချိန်တွင် ဝလာဒက်က အဝတ်အစားတွေ အဆင်သင့် ဝတ်ထားပြီးဖြစ်နေသည်။

သူသည် ထမင်းချက်ခန်းသို့ အချိန်မီ လာရောက်ပြီး စားဖိုမှူးထံ သတင်းပို့သည်။ ထမင်းချက်ခန်းထဲသို့ အစောင့်တွေ ဝင်လာသောအခါ စားဖိုးမှူးက ဝလာဒက်အား ရှေ့သို့တွန်းပေးလိုက်သည်။ ရွေးချယ်ခံရသူ လေးယောက်အနက် ဝလာဒက်က အငယ်ဆုံး။

"ဒီကောင်က ဘာလို့ ပါလာရတာလဲ" အစောင့် တစ်ယောက်က ဝလာဒက်ကို လက်ညှိုးထိုး၍ မေးသည်။ "သူရောက်လာတာ တစ်နှစ်တောင် မပြည့်သေးဘူး"

ဝလာဒက်၏ ရင်ထဲတွင် ထိတ်ကနဲ ဖြစ်သွားပြီး တစ်ကိုယ်လုံး ကြက်သီးတွေ ထသွားသည်။

"ဒါပေမယ့် သူက ထမင်းချက် ဟင်းချက် အလွန်တော်တဲ့ သူငယ်ပါ" စားဖိုမှူးက ပြောသည်။ "နယ်စားကြီးတစ်ယောက်ရဲ့ ရဲတိုက်မှာ လုပ်ခဲ့ဖူးတယ်လို့ သိရပါတယ်၊ အစောင့်ရဲဘော်တွေအတွက် အသင့်တော်ဆုံးပါပဲ"

"အား... ဟုတ်လား၊ ကဲ... ဒီလိုဆို အတော်ပဲ၊ မြန်မြန်သွား... မြန်မြန်သွား"

ထမင်းချက်လေးယောက်စလုံး ထရပ်ကားဆီသို့ ပြေးလာခဲ့ကြသည်။

သူတို့ ကားပေါ်တက်ပြီးသည်နှင့် ကားလည်း စတင်ထွက်ခွာသည်။

✧ ✧ ✧

၁၆ ရက်တိတိကြာသောအခါတွင်မှ အာကတ်စ်မြို့သို့ ရောက်သည်။

မော်စကိုသို့ ထွက်မည့် ရထားကို ဘူတာတွင် အဆင်သင့်တွေ့ရသည်။ အကျဉ်းသားအသစ်တွေပါလာမည့် ရထားဝင်လာသည်အထိ ဘူတာတွင် စောင့်နေကြရဦးမည် ဖြစ်သည်။

သူတို့လေးယောက်သည် ပလက်ဖောင်းဘေးတွင် ထိုင်နေကြသည်။

စားဖိုမှူ က ဝလာဒက်အား လက်တို့ပြီး ရှေ့သို့ ညွှန်ပြသည်။

အကျဉ်းသားသစ်များ စီးလာသော ရထားကို ခပ်လှမ်းလှမ်းတွင် မြင်လိုက်ရသည်။ ရထားသည် သူတို့ဘက်သို့ ဦးတည်ပြီး ဖြည်းဖြည်းမောင်းဝင်လာသည်။

ဝလာဒက်၏ ရင်ဘတ်သည် တဖျပ်ဖျပ် ခုန်လာသည်။ သူက စစ်သားများ၏ လှုပ်ရှားမှုမှန်သမျှကို မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။

ရထားသည် ဘူတာတွင် ထိုးရပ်သွားသည်။ ရာပေါင်းများစွာသော အကျဉ်းသားတွေ ပလက်ဖောင်းပေါ်သို့ ပြုဆင်းလာကြသည်။ ဘူတာရုံတစ်ခုလုံး လူတွေဖွေးဖွေးလှုပ်ကာ ရှုပ်ယှက်ခတ်နေသည်။စစ်သားတွေလည်း ရုတ်ရုတ်သဲသဲဖြစ်ကာ အလုပ်များနေတော့သည်။

ထိုအချိန်တွင် ဝလာဒက်သည်အကျဉ်းသားရထားအောက်သို့ ရုတ်တရက် ပြေးဝင်သွားပြီး အခြားတစ်ဖက်ရှိ မော်စကိုရထားပေါ်သို့ ခုန်တက်လိုက်သည်။

ပြီးတော့ ရထားတွဲအဆုံးမှ အိမ်သာခန်းထဲသို့ဝင်ကာ တံခါးကို ပြန်ပိတ်လိုက်သည်။ ရထားက ချက်ချင်း မထွက်သေး။ ဝလာဒက်မှာ အိမ်သာတံခါးကို တစ်ယောက်ယောက်များ

လာခေါက်လေမည်လားဟူသော အတွေးဖြင့် ချွေးပြန်နေမိသည်။

၁၇ မိနစ်တိုတိုကြာတော့မှ ဘူတာမှ ရထားစတင်ထွက်ခွာသည်။ သည်တော့မှ ဝလာဒက်မှာ 'ဟင်း'ကနဲ သက်မကြီးချနိုင်တော့သည်။

"ဒေါက်... ဒေါက်"

အိမ်သာတံခါးကို တစ်ယောက်ယောက် လာခေါက်သည်။ ဝလာဒက်သည် အသည်းပြုတ်ကျသွားမတတ် လန့်ဖျပ်သွားမိသည်။ စိတ်ထဲကလည်း ကမန်းကတန်း တွေးလိုက်မိသည်။ အစောင့်လား၊ လက်မှတ်စစ်လား၊ စစ်သားလား။ ဘယ်သူပဲဖြစ်ဖြစ် သူ့အတွက်တော့ အန္တရာယ်ချည်းပင် ဖြစ်သည်။

တံခါးခေါက်သံ ပေါ်ထွက်လာပြန်သည်။

"ဒေါက်... ဒေါက်၊ မြန်မြန်လုပ်ပါဗျို့"

အပြင်မှလူက ရုရှစကားဖြင့် လှမ်းအော်နေသည်။

ဝလာဒက်အဖို့ ရွေးစရာလမ်း များများမရှိတော့။ အပြင်မှလူသည် စစ်သားတစ်ယောက်ဖြစ်ကဲ့လျှင်တော့ တစ်ခါတည်းသွားပြီ။ သေဖို့သာပြင်ပေတော့။ အိမ်သာပြတင်းမှ ခုန်ချဖို့ကလည်း သူ့ကိုယ်ခန္ဓာ သေးသေးကလေးပင်မဆံ့။ အကယ်၍ အပြင်မှလူသည် စစ်သားမဟုတ်ခဲ့လျှင်တော့ သိပ်ပြီး ဂရုစိုက်နေစရာမလို။

သူက အကျဉ်းသားဝတ်စုံကို ချွတ်ကာ ကျစ်ကျစ်ပါအောင် စုလုံးပြီး ပြတင်းပေါက်မှ ပစ်ချလိုက်သည်။ ပြီးတော့ ကုတ်အင်္ကျီအိတ်ထဲမှ ဦးထုပ်ပျော့ကလေးကိုယူပြီး ကတုံးပေါ်တွင် ဆောင်းလိုက်သည်။ အခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။ အပြင်မှလူ ဝုန်းကနဲ စွတ်ဝင်လာသည်။ ဘောင်းဘီကြီးကို ကမန်းကတန်း ဆွဲချရင်း သူက ဝလာဒက်ကိုပင် ဝင်တိုက်သွားသည်။

အပြင်ရောက်တော့ ပုံမကျ ပန်းမကျ ဝတ်စုံဟောင်းကြီးနှင့်မို့ သူ့ကိုယ်သူ မလုံသလို ခံစား မိပြီး ကြောက်လည်း ကြောက်နေသည်။ သူ့ပုံပန်းက လီမွော်သီးပုံပေါ်တွင် သစ်တော်သီးတစ်လုံး တင်ထားသလို ဖြစ်နေသည်။ ကမန်းကတန်း ကျီးကန်းတောင်းမှောက် ဟိုဟိုဒီဒီ ရှာကြည့်ရာ တခြားအိမ်သာတစ်လုံးကို တွေ့ရ၍ အိမ်သာထဲ ပြေးဝင်ပြီး တံခါးပိတ်ထားလိုက်သည်။

ထို့နောက် ကုတ်အင်္ကျီမှ ချုပ်ကြိုးများဖြုတ်ပြီး ငါးဆယ်တန် ရူဘယ်တစ်ရွက် ထုတ်ယူသည်။ ကျန် သုံးရွက်ကို သူ့နေရာတွင် ပြန်ထည့်ထားလိုက်ပြီးနောက် အခန်းထဲမှ ပြန်ထွက်လာသည်။

သူက အခန်းထောင့်တွင်ကွယ်ကာ လူအများဆုံး ရထားတွဲကို အကဲခတ်ရှာဖွေကြည့်သည်။ ရထားတွဲအလယ်တွင် လူအချို့ ခေါင်းပန်းလှန်တမ်း ကစားနေကြသည်ကို တွေ့ရသည်။ ဝလာဒက်က ခေါင်းပန်းလှန်ရာတွင် အလွန်တော်သည်။ ရဲတိုက်တွင်ရှိစဉ်က လီယွန်နှင့် အမြဲတမ်းကစားခဲ့သည်။ သူက ခေါင်းပန်းဝိုင်းကို တော်တော်ကြာကြာ အကဲခတ်ကြည့်ရှုနေသည်။ ကစားနည်းပုံရိယာယ်တွေကို ပြန်လည် စဉ်းစားကြည့်သည်။ ပါဝင်ကစားချင်စိတ် ဖြစ်ပေါ်လာသည်။

သူက အရဲစွန့်ကာ ကစားဝိုင်းအနီးသို့ လျှောက်လာခဲ့သည်။ ကစားသမားတစ်ယောက်

က ရှုံးသွားသဖြင့် ညည်းညည်းညူညူနှင့် ဘေးသို့ ထွက်ထိုင်သည်။

"ဦးလေးက ကံလိုက်ချင်ဘူးနဲ့တူတယ်" ဝလာဒက်က ပြောလိုက်သည်။

"ဒါ ကံနဲ့ မဆိုင်ဘူးကွ" ကစားသမားက ပြန်ပြောသည်။ "တစ်နေ့လုံး ငါပဲ နိုင်ခဲ့တာ၊ ခုတော့ ငါ့မှာ ပိုက်ဆံတစ်ပြားတောင် မကျန်တော့ဘူး"

"ဦးလေး ကုတ်အင်္ကျီကို ရောင်းမလား"

သူ့အင်္ကျီက ဟောင်းပေမယ့် ထူထူထည်းထည်း အကောင်းစား ဝတ်ဝံရေ သားမွေးအင်္ကျီ။ ထိုလူက ဝလာဒက်မျက်နှာကို သေသေချာချာကြည့်သည်။

"ရောင်းပေမယ့် မင်းက ငါတောင်းတဲ့ဈေး ပေးနိုင်မှာ မဟုတ်ပါဘူး၊ ငါက အနည်းဆုံး ၇၅ ရူဘယ်လောက် လိုချင်တာ"

"လေးဆယ်ပေးပါ့မယ်"

"ခြောက်ဆယ်တော့ထားပါ ငါ့တူရာ"

"ငါးဆယ်ပဲ ထားပါဗျာ"

"ငါးဆယ်တော့ မရဘူး၊ ခြောက်ဆယ်အနည်းဆုံးပဲ၊ ဈေးရင်းက တစ်ရာတောင် ကျော်တာ"

"ဒါက ပီကာဘုရင်လက်ထက်က ဖြစ်မှာပါ" ဝလာဒက်က ခြောက်ဆယ်မက တစ်ရာလည်း ပေးရဲသည်။ အင်္ကျီက တကယ်လည်း ကောင်းသည်။ သို့သော် သူ့တွင် ပိုက်ဆံများများ ရှိကြောင်း လူမသိစေချင်။ ထို့ကြောင့် ပရိယာယ်သုံး၍ သည်မျှ ဈေးဆစ်နေရခြင်းဖြစ်သည်။

"ဦးလေးက မတန်တဆပေးပြီး ဝယ်ထားတာပဲ၊ ကျွန်တော်တော့ ငါးဆယ်ထက် တစ်ပြားမှ ပိုမပေးနိုင်ဘူး" ဝလာဒက် မဝယ်တော့သလိုဟန်ဖြင့် ထိုင်ရာမှ ထလိုက်သည်။

"နေပါဦးကွ... နေစမ်းပါဦး၊ ကဲကွာ... မထူးပါဘူး၊ ငါးဆယ်ပဲ ပေးပါတော့"

ဝလာဒက်က အင်္ကျီအိတ်ထဲမှ ငါးဆယ်တန် တစ်ရွက် ထုတ်ပေးလိုက်သည်။ ကစားသမားက သူ့အင်္ကျီကို ချွတ်ပေးသည်။

အင်္ကျီက ဝလာဒက်ကိုယ်နှင့် အလွန်ပွပြီး ရှည်လည်း အလွန်ရှည်နေသည်။ မြေကြီးကို ထိမတတ် ဖြစ်နေသည်။ သို့သော် ကုတ်အင်္ကျီကို မမြင်နိုင်အောင် ဖုံးထား၍ သူ့အတွက် အတော်ပဲဖြစ်နေသည်။

အင်္ကျီရောင်းသူက ဝင်ကစားပြန်သည်။ မကြာမီတွင်ပင် တစ်ပြားမှမကျန်အောင် ရှုံးသွားပြန်သည်။ ဝလာဒက်သည် ထိုလူထံမှ သင်ခန်းစာနှစ်ခု ရလိုက်သည်။ ပထမသင်ခန်းစာက မကျွမ်းကျင်ဘဲ မကစားနဲ့။ ဒုတိယသင်ခန်းစာက ဆက်တိုက်နိုင်နေရာမှ အရှုံးဘက် ပြန်လှည့်လာလျှင် ဆက်မကစားနဲ့တော့။

ဝလာဒက်သည် ကုတ်အင်္ကျီရှည်ကြီးဝတ်ကာ ကစားဝိုင်းမှ ပြန်ထွက်လာခဲ့သည်။ သူ့ကိုယ်သူအတော်ကလေး စိတ်ချလုံခြုံသွားပြီ။

ရထားတွဲတိုင်းတွင် လူတွေပြည့်သိပ်နေသည်။ တစ်နေရာတွင် မိန်းမကြီးတစ်ယောက် ထိုင်နေသည်။ အသက်လေးဆယ်ကျော်ခန့် ရှိလိမ့်မည်။ အဝတ်အစားက တခြား အမျိုးသမီး

တွေထက် တောက်တောက်ပြောင်ပြောင် ရှိသည်။ အပြာရောင်ဝတ်စုံဝတ်ထားသည်။ ခေါင်းပေါ်တွင်လည်း ပဝါစည်းထားသည်။ သူမက ဝလာဒက်ကို ပြုံး၍ကြည့်သည်။

"ကျွန်တော် ထိုင်နိုင်ပါသလား အန်တီ"

"ထိုင်ပါ ထိုင်ပါ၊ ရပါတယ်"

ဝလာဒက်က ဝင်ထိုင်သည်။ စကားလုံးဝမပြော။ အမျိုးသမီးကြီးကိုသာ မသိမသာ အကဲခတ်နေသည်။ အမျိုးသမီးက မျက်လုံးပြာပြာ၊ ဆံပင်နက်နက်နှင့် တော်တော်ကျက်သရေရှိသည်။ ကိုယ်ခန္ဓာက ဝဝဖိုင့်ဖိုင့်၊ ကြည့်ရတာ စိတ်ကောင်းရှိမည့်ပုံမျိုး။

"သူငယ်က ဘယ်သွားမှာလဲ"

ဝလာဒက် လန့်သွားမိသည်။

"မော်စကို ကိုပါ"

"အန်တီလဲ မော်စကိုသွားမှာ"

ဝလာဒက်က ဒေါက်တာဒူဘီယင်မှာလိုက်သော စကားကို သတိရလာသည်။ "ဘယ်သူနဲ့မှ စကားမပြောနဲ့၊ ဘယ်သူ့ကိုမှ မယုံနဲ့"

အမျိုးသမီးက ဆက်မမေးတော့၍ ဝလာဒက်အဖို့ စိတ်အေးသွားရသည်။

မကြာမီ လက်မှတ်စစ် ဝင်လာသည်။ အအေးဒီဂရီ သုညအောက် နှစ်ဆယ်အထိ ရောက်နေချိန်တွင် ဝလာဒက် ချွေးပြန်ရပြီ။ လက်မှတ်စစ်က အမျိုးသမီးထံမှ လက်မှတ်ကိုယူပြီး ဆုတ်ဖြဲ၍ ပြန်ပေးသည်။ ထို့နောက် ဝလာဒက်ထံမှ တောင်းသည်။

"ရဲဘော် လက်မှတ်"

ဝလာဒက်သည် တစ်ကိုယ်လုံး မာတောင့်သွားသလို ထင်လိုက်ရသည်။ သူက ကုတ်အင်္ကျီအိတ်ထဲတွင် လက်နှိုက်ပြီး ဟိုစမ်း သည်စမ်း လုပ်နေသည်။

"သူက ကျွန်မသားလေးပါ" အမျိုးသမီးက ခပ်တည်တည်အသံဖြင့် ပြောလိုက်သည်။

လက်မှတ်စစ်က အမျိုးသမီးကိုတလှည့်၊ ဝလာဒက်ကို တစ်လှည့်ကြည့်နေသည်။ ထို့နောက် အမျိုးသမီးအား ခေါင်းငုံ့နှုတ်ဆက်ပြီး ဘာမှမပြောဘဲ နေရာမှ ပြန်ထွက်သွားသည်။

ဝလာဒက်က အမျိုးသမီးဘက်သို့ လှည့်ပြီး...

"အများကြီး ကျေးဇူးတင်ပါတယ် အန်တီ"

"မင်း အကျဉ်းသားရထားအောက်က ထွက်လာတာ ငါမြင်ပါတယ်"

ဝလာဒက် အသည်းထိတ်သွားမိပြန်သည်။

"ဒါပေမယ့် မစိုးရိမ်ပါနဲ့၊ ငါ့မှာလဲ အကျဉ်းစခန်းမှာ မောင်ဝမ်းကွဲတစ်ယောက် ရှိပါတယ်၊ ဒီဘဝမျိုးကို ဘယ်သူမှ မရောက်ချင်ပါဘူး၊ ငါကိုယ်ချင်းစာပါတယ်၊ မင်းအင်္ကျီအောက်မှာ ဘာပါလာသလဲ"

ဝလာဒက်က အလျင်အမြန် စဉ်းစားလိုက်သည်။ ပြတင်းပေါက်ကပဲ ခုန်ချလိုက်ရမှာလား။ အင်္ကျီကိုပဲ ချွတ်ပြလိုက်ရမှာလား။ ပြတင်းပေါက်မှခုန်ချလျှင် သေလမ်းသာမြင်သည်။ ထို့ကြောင့် သူက အင်္ကျီကို ချွတ်လိုက်သည်။

"မကြောက်ပါနဲ့၊ ထင်သလောက် မဆိုးသေးပါဘူး၊ မင်းဝတ်လာတဲ့ အကျဉ်းသားဝတ်စုံက ဘယ်ရောက်သွားသလဲ" အမျိုးသမီးက တိုးတိုးကလေး မေးနေသည်။

"ကျွန်တော် ရထားပေါ်က ပစ်ချခဲ့ပါတယ်"

"မင်း မော်စကို မရောက်ခင် အဲဒီအင်္ကျီကို အစောင့်တွေမတွေ့ပါစေနဲ့လို့သာ ဆုတောင်းပေတော့"

ဝလာဒက်က ဘာမှ ပြန်မပြော။

"မော်စကိုရောက်တော့ နေစရာရှိသလား"

ဘယ်သူ့ကိုမှ မယုံနဲ့ဆိုသော ဒေါက်တာ့စကားကို သတိရမိပြန်သည်။ သို့သော် သူ့အနေဖြင့် အခြေအနေအရ သည်အမျိုးသမီးကိုတော့ ယုံရတော့မည်။

"ဘယ်နေရာမှ မရှိပါဘူး"

"ဒါဖြင့် ငါနဲ့လိုက်နေပါ၊ ဒီအတွင်း နေစရာရှာတာပေါ့၊ ငါ့ယောက်ျားက မော်စကိုက ရဲပိုင်တစ်ယောက်ပဲ၊ ဒီရထားက အစိုးရအရာရှိတွေအတွက် သီးသန့်ခန်း၊ နောက်ထပ် ဒီလိုရထားခိုးစီးရင် မင်းကို ပြန်ဖမ်းပြီး အာကတ်စ်စခန်း ပြန်ပို့ကြလိမ့်မယ်"

ဝလာဒက်က တံတွေးမျိုချလိုက်ပြီးနောက်...

"ကျွန်တော် အခု ထွက်သွားရတော့မှာလား"

"မဟုတ်ဘူး... မဟုတ်ဘူး၊ အခု သွားစရာ မလိုတော့ဘူး၊ မင်းကို လက်မှတ်စစ်လဲ မြင်သွားပြီးပါပြီ၊ ဒီမှာ ငါရှိနေသမျှ ဘာမှ စိုးရိမ်စရာမရှိတော့ပါဘူး၊ မင်းမှာ မှတ်ပုံတင်ကတ်ပြား ပါသလား"

"မပါပါဘူး၊ အဲဒါက ဘာကိုပြောတာလဲ"

"ဒီမှာက တော်လှန်ရေးကြီး ပေါ်ပေါက်ပြီးကတည်းက လူတိုင်းလူတိုင်းကို မှတ်ပုံတင်ကတ်ပြား ထုတ်ပေးထားတာ၊ အဲဒီကတ်ပြားပေါ်မှာ မင်းနာမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာရေးထားတယ်၊ အဲဒီကတ်ပြားမရှိတဲ့သူကို ဖမ်းပြီး ထောင်ဒဏ်ပေးတယ်၊ အဲဒီတော့ မော်စကိုရောက်ရင် မင်းက ငါ့အနားမှာကပ်နေ၊ ဘာစကားမှမပြောနဲ့"

"ကျေးဇူးအများကြီးတင်ပါတယ် အန်တီ"

"ကိစ္စမရှိပါဘူး၊ မင်းကို သနားလို့ ကူညီတာပါ၊ ဒါနဲ့ မင်းနာမည်က ဘယ်သူတဲ့တုံး"

"ဝလာဒက်ပါ"

"ကောင်းတယ်၊ ကဲ... အိပ်ပေတော့ ဝလာဒက်၊ မင်းက သိပ်ပင်ပန်းနေပြီ၊ ခရီးက အဝေးကြီးကျန်သေးတယ်၊ မင်းအတွက် စိတ်ချရသေးတာ မဟုတ်ဘူး"

ဝလာဒက် အိပ်ပျော်သွားသည်။

အကြာကြီး အိပ်ပျော်သွားပြီးတော့မှ နိုးလာခဲ့သည်။ အပြင်ဘက်တွင် မှောင်မည်းနေသည်။

သူက သူ၏ ကယ်တင်ရှင် အမျိုးသမီးကြီးကို ကြည့်လိုက်သည်။ အမျိုးသမီးက ပြုံးပြသည်။ ဝလာဒက်ကလည်း ပြန်၍ ပြုံးပြလိုက်သည်။ သူမအား ယုံကြည်ရပါစေ၊ အာဏာပိုင်တွေကို သွားမတိုင်ပါစေနဲ့ဟုလည်း ကျိတ်၍ ဆုတောင်းလိုက်မိသည်။

အမျိုးသမီးက ဝလာဒက်အား အစားအသောက်တွေ ထုတ်ကျွေးသည်။ ဝလာဒက်က ဘာမှမပြောဘဲ ငြိမ်သက်စွာ စားသောက်သည်။

နောက်ဘူတာ တစ်ခုရောက်တော့ ခရီးသည်တွေ အားလုံး ရထားပေါ်မှ ဆင်းကြသည်။

အမျိုးသမီးလည်း ထိုင်ရာမှ ထလိုက်သည်။

"ကဲ...လာ၊ ငါ့နောက် လိုက်ခဲ့"

ဝလာဒက်က စကြဲလမ်းမအတိုင်း အမျိုးသမီးနောက်မှ လိုက်လာခဲ့သည်။ သူ့ကို ဘယ်ကို ခေါ်သွားတာပါလိမ့်၊ အာဏာပိုင်တွေလက် ပြန်အပ်ဖို့များ သွားနေတာလား။

အမျိုးသမီးက သူမ၏ လက်ကို ကမ်းပေးသည်။ ဝလာဒက်က အလိုက်သိစွာဖြင့် သူမ၏ လက်ကို လှမ်းဆွဲလိုက်သည်။ သူတို့ကို မြင်ရသည်မှာ မိခင်ဖြစ်သူက သားငယ်ကို လက်ဆွဲ၍ လျှောက်လာသလို ထင်ရသည်။

သူမသည် 'အမျိုးသမီးများသာ' ဟု စာရေးထားသော အိမ်သာရှေ့သို့ လျှောက်လာသည်။ ဝလာဒက်က အိမ်သာထဲ မဝင်ရဲပဲ ဆုတ်ဆုတ်ဆိုင်းဆိုင်း လုပ်နေသည်။ သူမက ဝလာဒက်အား အိမ်သာထဲသို့ အတင်းဆွဲခေါ်သည်။

အထဲရောက်တော့ ဝလာဒက်အား အဝတ်အစားတွေ ချွတ်ခိုင်းသည်။ ဝလာဒက်က အမျိုးသမီးခိုင်းသည့်အတိုင်း လုပ်သည်။ ဝလာဒက်က အဝတ်အစားတွေ ချွတ်နေစဉ်တွင် အမျိုးသမီးက ရေပိုက်ကို သွားဖွင့်သည်။ ရေတွေက စွံ့ပုပ်ရောင်၊ အမျိုးသမီးက နှာခေါင်းရှုံ့လိုက်သည်။ ဝလာဒက်အဖို့တော့ အကျဉ်းစခန်းကရေထက် အများကြီးသာသေးသည်ဟု ထင်မိသည်။

အမျိုးသမီးက ဝလာဒက်၏ ကိုယ်ပေါ်မှ ရှရာခြစ်ရာများနှင့် အနာများကို စိတ်ရှည်လက်ရှည် ရေပတ်သုတ်ပေးသည်။ ပြီးတော့ တစ်ကိုယ်လုံးကို ရေချိုးပေးသည်။ ခြေထောက်မှ အမာရွတ်ကြီးကိုမြင်တော့ အမျိုးသမီးက မျက်လုံးပြူးသွားသည်။ သူ့ကိုယ်ပေါ် တစ်ချက်ထိတိုင်း တစ်ချက်နာမိသော်လည်း ဝလာဒက်က မအော်ဘဲ အောင့်ခံသည်။ အမျိုးသမီးက အကဲခတ်မိ၍ အသာအယာ ပွတ်တိုက်ပေးသည်။

"အိမ်ရောက်တော့ ဒီအနာတွေ ကောင်းသွားအောင် ငါလုပ်ပေးပါ့မယ်၊ အခုလို လုပ်တာလဲ ပိုကောင်းတာပေါ့"

အမျိုးသမီးက ဝလာဒက်၏ လက်ကောက်ကွင်းကို မြင်သွားသည်။ ဘွဲ့တံဆိပ်စာတန်းကို ဖတ်ကြည့်သည်။ သူမက ဝလာဒက်အား စေ့စေ့ကြည့်ပြီး

"ဒါက မင်းဥစ္စာလား၊ ဘယ်သူ့ဆီက ခိုးလာတာလဲ"

"ကျွန်တော် ခိုးလာတာ မဟုတ်ပါဘူး၊ ကျွန်တော့် ဖေဖေ မသေခင်က ပေးခဲ့တာပါ"

အမျိုးသမီးက ဝလာဒက်အား စေ့စေ့ကြည့်နေပြန်သည်။ ကြည့်ပုံက အမျိုးမျိုး ပြောင်းလဲနေသည်။ ကြောက်လို့လား၊ လေးစားလို့လား။

သူမက ဦးခေါင်းကို ငုံ့ကာ အရိုအသေပြုလိုက်ပြီး...

"သတိထားပါ... ဝလာဒက်၊ ဒီပစ္စည်းက အများကြီး တန်ဖိုးရှိတယ်၊ ဒီပစ္စည်းအတွက် လူတွေ တစ်ယောက်ကိုတစ်ယောက် သတ်ကြလိမ့်မယ်"

ဝလာဒက်က ခေါင်းညိတ်၍ ထောက်ခံလိုက်သည်။ ပြီးတော့ အဝတ်ပြန်ဝတ်သည်။

သူတို့နှစ်ယောက် ရထားဆီသို့ ပြန်လာခဲ့ကြသည်။ ဘူတာတစ်ခုတွင် ရထားတစ်နာရီမျှ ရပ်နေတတ်သည်မှာ ဘာမှမဆန်းတော့။ ရထားပြန်ထွက်တော့မှ ဝလာဒက် အနေရအထိုင်ရ သက်တောင့်သက်သာ ရှိသွားသည်။

သို့သော် ရထားပေါ်သို့ လက်မှတ်စစ် တက်လာပြန်သောအခါ သူ့အဖို့ နေမထိ ထိုင်မသာ ဖြစ်နေရပြန်သည်။ သူက ဘာမှ မသိသော ကလေးငယ်တစ်ယောက်လို အမူမဲ့ အမှတ်မဲ့ နေလိုက်သည်။ လက်မှတ်စစ် တက်လာတိုင်း အမျိုးသမီးက သူ့ကို ကာကွယ်သည်။ လက်မှတ်စစ်တွေက အမျိုးသမီးကို လေးလေးစားစား ဦးညွှတ်အရိုအသေပေးကာ ပြန်လှည့်သွားကြသည်ချည်းဖြစ်သည်။

မိုင်ပေါင်း တစ်ထောင်လောက် ထွက်ခွာလာခဲ့ပြီးမှ မော်စကိုမြို့တွင် ရထားဆိုက်သည်။ စုစုပေါင်း ၁၂ နာရီခွဲခန့် ခုတ်မောင်းခဲ့ရသည်။

ခရီးသည်များ ရထားပေါ်မှ ကမန်းကတန်း ဆင်းပြီး အရပ်လေးမျက်နှာသို့ သုတ်သီးသုတ်ပျာနှင့် ထွက်သွားကြသည်။ ဝလာဒက်မှာ မရောက်ဖူးသော မြို့ကြီးပြကြီးဖြစ်၍ ကြောက်စိတ်ဝင်လာသည်၊ အမျိုးသမီးက သူ့အမူအရာကို အကဲခတ်မိသည်။

"ဘာမှ ကြောက်မနေနဲ့၊ ငါ့နောက်သာ လိုက်ခဲ့၊ ပါးစပ်ကို ပိတ်ထား၊ ဘာစကားမှ မပြောနဲ့၊ ဦးထုပ်ကိုလဲ အမြဲတမ်းဆောင်းထား"

ဝလာဒက်က အမျိုးသမီး၏ သေတ္တာများကို စင်ပေါ်မှ လှမ်းယူသည်။ ထို့နောက် ဦးထုပ်ကို နားရွက်ဖုံးလုမတတ် ဆွဲဆောင်းလျက် ရထားစင်္ကြံအတိုင်း အမျိုးသမီးနောက်မှ လိုက်လာခဲ့သည်။

ဂိတ်ဝတွင် လူတွေစုပြုံတိုးနေကြသည်။ ဂိတ်စောင့်ကမှတ်ပုံတင် စစ်နေခြင်းဖြစ်သည်။ ဂိတ်ဝရောက်တော့ ဝလာဒက်၏ ရင်သည် တထိတ်ထိတ် ခုန်လာသည်။ သို့သော် ချက်ချင်းပင် စိတ်သက်သာရာ ရသွားသည်။ ဂိတ်စောင့်က အမျိုးသမီး၏ မှတ်ပုံတင်ကို ကြည့်ရုံသာကြည့်၍ ဆလံပေးသည်။

ပြီးတော့ ဝလာဒက်အား လှမ်းကြည့်လိုက်သည်။

"ကျွန်မ သားကလေးပါ" အမျိုးသမီးက ပြောလိုက်သည်။

"အို ဟုတ်ကဲ့ခင်ဗျာ" ဂိတ်စောင့်က ဆလံထပ်ပေးပြန်သည်။

ဝလာဒက်သည် မော်စကိုမြို့တော်သို့ ဘေးမသီ ရန်မခ ရောက်လာခဲ့ရပြီ။

◇ ◇ ◇

ဝလာဒက်သည် ကျေးဇူးရှင် အမျိုးသမီးအပေါ်တွင် ယုံကြည်စိတ်ချပြီး သူ့အသက် နှင့် ခန္ဓာကိုယ်ကို ပုံအပ်ထားပြီးဖြစ်သည်။ သို့တိုင်အောင် အခွင့်သာလျှင် ထွက်ပြေးချင်စိတ်ကတော့ သူ့ရင်ထဲတွင် အမြဲတမ်း ကိန်းအောင်းနေသည်။ သို့သော် သူ့မှာ ငွေ ၁၅၀ သာ ကျန်တော့သည်။ ထိုငွေနှင့် တူရကီနိုင်ငံအထိ သွားရန် ဘယ်လိုဖြစ်နိုင်ပါမည်နည်း။ ထို့ကြောင့် သူက

လောလောဆယ်တွင် ရုံပိုင်ကတော်နှင့်ပဲ လိုက်နေရန် ဆုံးဖြတ်လိုက်သည်။ နောက်မှ အခွင့်အရေး ပေါ်လာလျှင်လည်း ပေါ်လာသလို မီးစင်ကြည့် စခန်းသွားရတော့မည်။

ရုံပိုင်ကတော်သည် ဘူတာရုံအပြင်ဘက်တွင် မြင်းရထားတစ်စီးငှားကာ သူမ၏ ဝမ်းမနာ သားကလေးအား အိမ်သို့ခေါ်လာခဲ့သည်။ သူတို့ရောက်သွားချိန်တွင် ရုံပိုင်ကြီးက အိမ်မှာမရှိ။

ခရီးရောက်မဆိုက်ပင် ရုံပိုင်ကတော်က ဝလာဒက်အတွက် အိပ်ရန် နေရာပြင်ပေးသည်။ ထို့နောက် ရေနွေးကျိုသည်။ တော်တော်ကလေးနွေးတော့ သံပုံးကြီး တစ်ပုံးထဲ လောင်းထည့် သည်။ ပြီးတော့ ဝလာဒက်အား ရေချိုးခိုင်းသည်။ ဝလာဒက်အဖို့ ရဲတိုက်အနီးမှ မြစ်ထဲတွင် ခုန်ဆင်း၍က ချိုးခဲ့ရခြင်းမှလွဲလျှင် လေးနှစ်ကာလအတွင်း ဇိမ်ရှိရှိဖြင့် ပထမဆုံးအကြိမ် ချိုးရ ခြင်းပင်ဖြစ်သည်။

ရုံပိုင်ကတော်က ရေနွေးထပ်တည်သည်။ သံပုံးထဲသို့ ထပ်ဖြည့်သည်။ ဝလာဒက်အား ဆပ်ပြာတိုက်ပေးသည်။ ကျောကုန်းကို ချေးတွန်းပေးသည်။ ဝလာဒက်သည် တစ်ကိုယ်လုံးတွင် အနာတရမရှိသည့်နေရာဆို၍ ကျောပြင်တစ်ခုသာ ကျန်သည်။

သံပုံးထဲမှ ရေများသည် ၁၀ မိနစ်အတွင်း အားလုံး အနက်ရောင်ဘဝသို့ ပြောင်းလဲသွား သည်။

ရေချိုးပြီးနောက် ကိုယ်သုတ်ပေးသည်။ ခြေထောက်နှင့် လက်များကို ဆီမွှေးတစ်မျိုး နှင့် ပွတ်လိမ်းပေးသည်။ ဒဏ်ရာများကို ဆေးထည့်ပေးသည်။

ရုံပိုင်ကတော်က ဝလာဒက် ရင်ဘတ်မှ နို့သီးခေါင်းတစ်လုံးတည်းကို စိုက်ကြည့်နေသည်။ ဝလာဒက်က ကမန်းကတန်း အင်္ကျီကောက်ဝတ်လိုက်သည်။

ထို့နောက် မီးဖိုခန်းသို့ ဝင်လာကြသည်။ ရုံပိုင်ကတော်က ဝလာဒက်အား စွပ်ပြုတ်ပူပူ တစ်ခွက်နှင့် ပဲဟင်းများကို ထုတ်ကျွေးသည်။ ဝလာဒက်က ဆာဆာနှင့် အငမ်းမရ စားပစ် လိုက်သည်။ တစ်ယောက်မျှ စကားမပြောကြ။

စားသောက်ပြီးသောအခါ အပန်းပြေအောင် သွားအိပ်ပါတော့ဟု ပြောသည်။

"မင်းကို ငါ့ယောကျ်ား မမြင်စေချင်သေးဘူး၊ သူရောက်ရင် ငါအလျှင် ရှင်းပြဦးမယ်၊ ဒါနဲ့ ငါ့ယောကျ်ား သဘောတူရင် ငါတို့နဲ့အတူ နေမလား ဝလာဒက်"

ဝလာဒက်က ကျေးဇူးတင်စွာဖြင့် ခေါင်းညိတ်လိုက်သည်။

"ကဲ... ဒါဖြင့် သွားအိပ်ချေတော့"

ရုံပိုင်ကြီးက ကြည်ကြည်ဖြူဖြူ သဘောတူပါစေဟု ဆုတောင်းရင်း အိပ်ခန်းထဲသို့ ဝင် လာခဲ့သည်။ အပေါ်အင်္ကျီကို ဖြည်းဖြည်းချင်းချွတ်သည်။ ခုတင်ပေါ် တက်လိုက်သည်။

လူကလည်း သန့်ရှင်းနေသည်။ အိပ်ရာကလည်း သန့်ရှင်းနေသည်။ မွေ့ရာကလည်း အထူကြီး။ အိစက် နူးညံ့နေသည်။ သူက ခေါင်းအုံးကို ကြမ်းပြင်ပေါ် ပစ်ချလိုက်ပြီး မွေ့ရာပေါ် တွင်ပင် လှဲအိပ်လိုက်သည်။ ပင်ပန်းလွန်း၍ ခဏချင်း အိပ်ပျော်သွားသည်။

သူသည် အချိန်တော်တော်ကြာကြာ အိပ်ပျော်သွားရာမှ လန့်နိုးလာသည်။ စကားပြောသံ တွေ ကျယ်ကျယ် ကျယ်ကျယ် ကြားရသည်။ မီးဖိုခန်းထဲမှ ပြောနေသံဖြစ်သည်။

ခုတင်ပေါ်မှ အသာကလေးဆင်းသည်။ အပြင်ဘက်တွင် မှောင်နေဆဲရှိသေးသည်။ တံခါးသို့ ဖြည်းဖြည်းချင်း လျှောက်လာသည်။ အသံမကြားအောင် အသာကလေး ဖွင့်သည်။ တံခါးဝတွင်ရပ်ကာ အသံလာရာဘက်သို့ နားစွင့်လိုက်သည်။

"မင်းဟာ တော်တော် မိုက်မဲတဲ့ မိန်းမ၊ အဖမ်းခံရရင် ဘယ်လိုနေမယ်ဆိုတာ မင်းနားမလည်ဘူးလား၊ ကိုယ့်သေတွင်းမှ ကိုယ်သွားတူးတာ အံ့ပါရဲ့ကွာ... ဟင်း"

"ဒါပေမယ့် သူ့ခမျာ သနားစရာကလေးပါ၊ ပြိုတာ သူ့ကို မြင်ရရင် ရှင်လဲ သနားမိမှာပါ"

"ထားစမ်းပါကွာ၊ ငါ့ဆွဲမထည့်စမ်းပါနဲ့၊ မင်းလုပ်ပုံက မုဆိုးလိုက်နေတဲ့ အမဲကို အိမ်ထဲဆွဲခေါ်လာသလို ဖြစ်နေပြီ၊ အဲဒါကို မင်းစဉ်းစားမိရဲ့လားဟင်၊ သူ့ကို မင်းခေါ်လာတာ ဘယ်သူတွေ မြင်လိုက်သေးသလဲ၊ တစ်ယောက်ယောက်များ မြင်သွားပြီလား... ဟင်"

"ဘယ်သူမှ မမြင်ပါဘူး၊ ကျွန်မက တိတ်တိတ်ကလေးခေါ်လာတာပါ"

"ဒါဆို တော်ပါသေးရဲ့၊ အဲဒီတော့ သူဒီမှာရှိတယ်ဆိုတာ ဘယ်သူမှ မသိခင် အမြန်ဆုံး ပြန်ထုတ်ရမယ်၊ ဒါ တို့အတွက် အဓိက အလုပ်ပဲ"

"စဉ်းစားပါဦး ပြိုတာရယ်၊ ကျွန်မ တောင်းပန်ပါတယ်၊ သူ့မှာ ဘယ်မှလဲ သွားစရာမရှိရှာပါဘူး၊ ဘယ်သူမှလဲ မရှိဘူး၊ မိဘမဲ့ကလေးတစ်ယောက်ပါ၊ ဖြစ်နိုင်ရင် ကျွန်မတောင် မွေးစားထားချင်တယ်"

"ဟော့ မိန်းမ ရှည်မနေနဲ့၊ သူသွားချင်ရာ သွားပါ့စေ၊ တို့နဲ့ ဘာမှမဆိုင်ဘူး၊ တို့တာဝန်က ခုချက်ချင်း မောင်းထုတ်ဖို့ပဲ"

"ကလေးက ချစ်စရာကလေးပါ ပြိုတာရယ်၊ ပြောတဲ့ စကားကိုလည်း နားထောင်ပါတယ်၊ ပြီးတော့ ကလေကချေအစားထဲက မဟုတ်ပါဘူး၊ သူ့အဖေဟာ နယ်စားကြီးတစ်ယောက်လို့လဲ သူကပြောပါတယ်၊ သူလိမ်ပြောမယ်မထင်ပါဘူး၊ သူ့လက်မှာ ငွေလက်ကောက်ကွင်း တစ်ကွင်းလဲ ဝတ်ထားတယ်၊ အဲဒီမှာ စာတန်းထိုးထားတာက"

"အဲ... အဲဒါမှ ပိုဆိုးမယ်မှတ်ထား၊ အဲဒီလို မျိုးကြီးဆွေကြီး အကျဉ်းသားတွေကို လက်ခံထားရင် အာဏာပိုင်တွေက ပိုမကြိုက်သေးဘူးကွ၊ လက်ခံထားတဲ့လူပါ အသေသတ်လိမ့်မယ် သိရဲ့လား"

"ကျွန်မတို့မှာက သားယောက်ျားကလေးမရှိဘူး မဟုတ်လား ပြိုတာရယ်၊ ဘာပဲဖြစ်ဖြစ် သူ့ခမျာကလေးကို လက်ခံထားလိုက်ရင် နှစ်ဦးနှစ်ဝ အကျိုးရှိနိုင်ပါတယ်၊ မွေးစားပါရစေနော် နော်"

"ဟော့ ငါပြောနေတယ်၊ မရဘူးဆို မရဘူး ဒါပဲ၊ သူ့ကို ခုချက်ချင်း ပြန်သွားခိုင်းရမယ်"

ဝလာဒက်က သူတို့စကားကို ဆက်၍ နားမထောင်ချင်တော့။ သူ၏ ကျေးဇူးရှင်မကြီးကို သူ့အနေဖြင့် ပြန်လည် ကျေးဇူးဆပ်ရန် တစ်ခုတည်းသော နည်းလမ်းမှာ ဘယ်သူမှမသိအောင် ညတွင်းချင်း တိတ်တိတ်ကလေး ထွက်သွားရန်သာ ရှိတော့ကြောင်း သူက သဘောပေါက်လိုက်မိသည်။

သို့ဖြင့် ကမန်းကတန်း အင်္ကျီပြန်ဝတ်သည်။ သူအိပ်ထားသော အိပ်ရာကို နောက်ဆုံး နှုတ်ဆက်သည့်အနေဖြင့် ပြန်ကြည့်လိုက်သည်။

ပြတင်းပေါက်နားသို့ လျှောက်လာပြီး မင်းတုပ်ကို ဖွင့်သည်။

ထိုအချိန်တွင် အခန်းတံခါး ပွင့်သွားပြီး ရုံပိုင်ကြီး ဝင်ရောက်လာသည်။ သူက ပုပုသေး သေးကလေး။ အရပ်က ဝလာဒက်လောက်သာ ရှိသည်။ ဗိုက်ကြီးကပူပူ၊ ခေါင်းကပြောင်ပြောင်။ နောက်ဘက်တစ်ခြမ်းတွင် ဆံပင်တွေဖြူနေကြပြီ။ သူသည် ကိုင်းမပါသော မျက်မှန်ကို တပ် ထားသည်။ လက်ထဲတွင်လည်း မှန်အိမ်တစ်လုံးဆွဲလျက်။

သူက အခန်းဝတွင်ရပ်ကာ ဝလာဒက်ကို စိုက်ကြည့်နေသည်။ ဝလာဒက်ကလည်း ညှိုးငယ်သော မျက်နှာဖြင့် ပြန်ကြည့်နေသည်။

"အောက်ကိုဆင်းခဲ့' ရုံပိုင်ကြီးက အမိန့်ပေးသည်။

ဝလာဒက်သည် ကြောက်ကြောက်လန့်လန့်ဖြင့် သူ့နောက်မှလိုက်ကာ မီးဖိုခန်းထဲသို့ ဝင်လာခဲ့သည်။ သူ့မိန်းမက စားပွဲတွင် ထိုင်ကာ ငိုနေသည်။

"သူငယ် ငါပြောတာ သေသေချာချာနားထောင်"

"သူ့နာမည်က ဝလာဒက်တဲ့"

"ကဲ… ငါပြောတာ နားထောင်၊ မင်းဟာ အန္တရာယ်ကောင်ပဲ၊ အဲဒီတော့ မင်း ဒီအိမ်ထဲ က ချက်ချင်းထွက်သွားပါ၊ ဝေးနိုင်သမျှ ဝေးဝေးကို ထွက်သွား၊ မင်းကို ငါ တစ်ခုတော့ ကူညီ လိုက်မယ်"

ဝလာဒက်က ဘာမျှ ပြန်မပြောဘဲ ကြောင်ကြောင်ကြီး ကြည့်နေသည်။

"မင်းကို ငါ ရထားလက်မှတ်တစ်စောင် ပေးလိုက်မယ်၊ မင်းက ဘယ်ကို သွားမှာလဲ"

"အိုဒက်ဆာကိုပါ' ဝလာဒက်က အိုဒက်ဆာ ဘယ်မှာရှိမှန်းလည်း မသိ။ ရထားခ ဘယ် လောက်ပေးရမှန်းလည်း မသိ။ ဒေါက်တာ ဒုဘီယင် ပေးလိုက်သော မြေပုံထဲက လမ်းညွှန်အတိုင်း စွတ်ပြောမိလိုက်ခြင်းသာ ဖြစ်သည်။

"အား… အိုဒက်ဆာ ဟုတ်လား၊ မင်း မလွယ်ဘူး၊ ရာဇဝတ်မှုမျိုးစုံဖြစ်တဲ့ နေရာပဲ၊ အေးလေ… ဘာပဲဖြစ်ဖြစ် မင်းလဲ ဒီပုတ်ထဲက ဒီပဲပဲ မဟုတ်လား၊ မင်းအတွက်တော့ ကိုယ့်နေရာကိုယ် ပြန်ရောက်သွားသလိုပဲ နေမှာပေါ့"

"ဒါဖြင့်လဲ သူဒီမှာပဲ နေပါစေလား ပြီတာရယ်၊ သူ့အတွက် ကျွန်မ တာဝန်ယူပါ့မယ်၊ ကျွန်မ…"

"မရဘူးကွ၊ ဘယ်တော့မှ မရဘူး၊ သူ့ကို ဒီမှာထားလို့ လုံးဝမဖြစ်ဘူး"

"ဒါဖြင့် သူ့အနေနဲ့ အစောင့်တွေကို ဘယ်လိုရှောင်နိုင်ပါ့မလဲ"

"အိုဒက်ဆာအထိ သွားနိုင်အောင် ငါက စာရွက်စာတမ်းတွေ လုပ်ပေးလိုက်ပါ့မယ်" သူက ဝလာဒက်ဘက်သို့လှည့်ပြီး "အဲဒီတော့ ငါပြောချင်တာက မင်းကို ငါရထားပေါ် တင်ပို့ လိုက်မယ်၊ ဒါပေမယ့် မော်စကိုကို မင်း ပြန်လာတယ်ဆိုတာ ကြားရရင်ဖြစ်စေ၊ ဒါမှမဟုတ် မင်း ပြန်ရောက်နေတာ ကြားရရင်ဖြစ်စေ၊ ဒါမှမဟုတ် မင်းပြန်ရောက်နေတာ မြင်ရရင်ဖြစ်စေ၊

မင်းကို ငါကိုယ်တိုင် ဖမ်းပြီး အနီးဆုံးထောင်ကို ပို့မယ်ဆိုတာကိုတော့ သေသေချာချာ မှတ်ထားပါ၊ အဲဒီမှာ မင်းကို သူတို့က ချက်ချင်းပစ်မသတ်ရင်တော့ အကျဉ်းစခန်းကိုပဲ ပြန်ပို့ကြမှာပဲ"

ရှုံပိုင်ကြီးက မီးဖိုပေါ်မှာ စားပွဲတင်နာရီကို လှမ်းကြည့်လိုက်သည်။ ဆယ့်တစ်နာရီ ငါးမိနစ်ရှိနေပြီ။ သူက မိန်းမဘက်သို့ လှည့်ကြည့်ပြီး…

"ဆယ့်နှစ်နာရီမှာ အိုဒက်ဆာရထားတစ်စီး ရှိသေးတယ်၊ ငါ သူ့ကို ဘူတာခေါ်သွားမယ်၊ ရထားပေါ် တင်ပေးပြီး ပါသွားတဲ့အထိ လိုက်ကြည့်ရမယ်၊ ဒါနဲ့ မင်းမှာ အထုပ်အပိုးတွေ ဘာတွေ ပါသေးသလား သူငယ်"

ဝလာဒက်က မပြောလိုက်နိုင်မီမှာပင် ရှုံပိုင်ကတော်က ဖြတ်ပြီး ပြောလိုက်သည်။

"ပါတယ်၊ ပါတယ်၊ ကျွန်မ သွားယူလိုက်မယ်"

ဝလာဒက်နှင့် ရှုံပိုင်ကြီးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရပ်နေကြသည်။ တစ်ယောက်မျှ စကားမပြော။ သူတို့ရင်ထဲတွင် တူညီသော ခံစားချက်တွေ ကိုယ်စီနှင့်။ တစ်ယောက်ကို တစ်ယောက် မကျေနပ်သော ခံစားချက်။

ရှုံပိုင်ကတော်က တော်တော်နှင့် ပြန်မလာ။ တိုင်ကပ်နာရီကြီးက အသံတစ်ချက်ပေးလိုက်သည်။ ၁၁ နာရီခွဲသွားပြီ။

ရှုံပိုင်ကြီးက ဝလာဒက်မျက်နှာကိုသာ စိုက်ကြည့်နေသည်။

ရှုံပိုင်ကတော် ပြန်ဝင်လာသည်။ လက်ထဲတွင်လည်း အညိုရောင် စက္ကူအိတ်ကြီး တစ်အိတ် ပါလာသည်။ စက္ကူအိတ်ကို ကြိုးနှင့်စည်းထားသည်။

ဝလာဒက်က စက္ကူအိတ်ကို လှမ်းကြည့်လိုက်သည်။ အားနာစိတ်ကြောင့် ငြင်းပယ်ရန် စိတ်ကူးမိသည်။ ရှုံပိုင်ကတော်က ဝလာဒက်၏ အတွင်းစိတ်ကို အကဲခတ်မိပြီး မျက်နှာပျက်သွားသည်။ သည်တော့မှ ဝလာဒက်ပါးစပ်မှ မရည်မှန်းသော စကားလုံး ထွက်သွားသည်။

"ကျေးဇူးတင်ပါတယ်… အန်တီ"

"ကဲ ဒါကလေး သောက်သွားပါဦး' သူမက စွပ်ပြုတ်ပန်းကန်ကို အရှေ့သို့ လမ်းပေးသည်။

ဝလာဒက်က စေတနာရှင်ကျေနပ်စေရန် စွပ်ပြုတ်ဟင်းရည်တွေကို ပလုတ်ပလောင်း သောက်ပစ်လိုက်သည်။

"ခွေးစား ဝက်စား စားတာပဲ… တိရစ္ဆာန်ကလေး"

ရှုံပိုင်ကြီးက သိက္ခာချလိုက်သည်။

ဝလာဒက်က ရှုံပိုင်ကြီးမျက်နှာမော့ကြည့်သည်သည်။ သူ့မျက်လုံးများတွင်တော့ မုန်းတီးရိပ်တွေ ဝေလျက်။ သူက သူ့ကျေးဇူးရှင်မကြီးအတွက် သနားမိသည်။ သည်လို လူစိတ်မရှိသော ယောကျာ်းမျိုးနှင့် တစ်သက်လုံး ပေါင်းသွားရမည်မှာ မိန်းမဖြစ်သူအတွက် နစ်နာလှသည်။

"ကဲ… လာ၊ သွားကြမယ်" ရှုံပိုင်ကြီးက ခေါ်သည်။ 'ရထားလွတ်သွားလို့ မဖြစ်ဘူး"

ရှုံပိုင်ကြီးက ရှေ့မှထွက်သွားသည်။ ဝလာဒက်က နောက်မှ လိုက်သွားသည်။ ရှုံပိုင်ကတော် ရှေ့ရောက်တော့ ခြေလှမ်းတုံ့သွားသည်။ သူက' ရှုံပိုင်ကတော်လက်ကို ဆုပ်ကိုင်လိုက်သည်။ တစ်စုံတစ်ရာ တုံ့ပြန်မှုရှိမည်ဟု ထင်လိုက်သည်။ တစ်ယောက်မျှ စကားမပြောကြ။ ပြောစရာ

စကားလည်း မရှိ။ စိတ်ထဲက ပြောချင်တာကိုလည်း စကားလုံးက အဓိပ္ပာယ်ပေါ်အောင် ပြောနိုင်မည် မဟုတ်ဟု ထင်ကြသည်။

✧ ✧ ✧

ရုံပိုင်ကြီးနှင့် သုံ့ပန်းလူငယ်ကလေးတို့သည် မှောင်ရိပ်ခိုကာ မော်စကိုမြို့တော်လမ်းများကို ဖြတ်ပြီး ဘူတာရုံသို့လာခဲ့ကြသည်။ ရုံပိုင်ကြီးက ဝလာဒက်အား အသွားလက်မှတ်တစ်စောင်နှင့် အနီရောင် စာရွက်ကလေးတစ်စောင် ပေးသည်။

ထို့နောက် ရုံပိုင်ကြီးက အင်္ကျီအိတ်ထဲမှ စာရွက်တစ်ရွက် ဆွဲထုတ်ပြီး ကမန်းကတန်း လက်မှတ်ထိုးကာ မျက်နှာပုပ်သိုးသိုးဖြင့် ကမ်းပေးသည်။ ရုံပိုင်ကြီး၏ မျက်လုံးတွေက ကျိုးကန်းတောင်းမှောက် ဖြစ်နေသည်။ ဘေးဘီကို မယုံသလို ခဏခဏ လှည့်ကြည့်နေသည်။ သည်လိုမျက်လုံးမျိုးတွေကို ဝလာဒက်သည် လေးနှစ်ကာလအတွင်း အများကြီး မြင်ခဲ့ဖူးပြီ။ သူ့ရဲ့ဘောကြောင်သော မျက်လုံးများ။

"မင်းအကြောင်း နောက်ထပ် ကြားလဲ မကြားချင်ဘူး၊ မင်းကိုလဲ ဘယ်တော့မှ မမြင်ချင်ဘူး၊ ငါပြောတာ မြဲမြဲ မှတ်ထားပါ"

သည်စကားမျိုးတွေကိုလည်း ဝလာဒက်အဖို့ မကြားချင်အဆုံး ကြားခဲ့ဖူးပါပြီ။

သူက မျက်နှာကို မော့ကြည့်လိုက်သည်။ တစ်စုံတစ်ရာကို ပြောရန် ပါးစပ်မဟလိုက်နိုင်မီမှာပင် ရုံပိုင်ကြီးက အမှောင်ရိပ်ထဲသို့ သုတ်သုတ် သုတ်သုတ် ဝင်သွားသည်။

ဝလာဒက်သည် စက္ကူအိတ်ကို ချိုင်းကြားတွင်ညှပ်၊ ဦးထုပ်ကို ပြင်ဆောင်းပြီး ဂိတ်ဝသို့ လျှောက်လာခဲ့သည်။ ယခုတော့ သူက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာပြီ။

ဂိတ်စောင့်အား လက်မှတ် ထုတ်ပြလိုက်သည်။ ရှောရှောရှူရှူပင် ဝင်ခွင့်ရသည်။

ရထားပေါ် တက်လာခဲ့သည်။

တစ်နည်းအားဖြင့် သူ့အဖို့ ကံကောင်းပါသည်။ မော်စကိုမြို့ကြီးကို တဒင်္ဂရောက်ခဲ့ဖူး၍ ဝမ်းသာစရာပင် ကောင်းပါသေးသည်။ သူ့အနေဖြင့် သည်မြို့ကြီးသို့ ဘယ်တော့မှ ပြန်ရောက်နိုင်တော့မည်မဟုတ်ပါ။

သို့ပေမယ့် သည်မြို့ကြီးကို သူက တစ်သက်မမေ့နိုင်တော့ပါ။ အထူးသဖြင့် သူ့အပေါ်တွင် မိခင်စိတ် အပြည့်ဖြင့် မေတ္တာစေတနာမိုးတွေ သွန်းဖြိုးဝေလိုက်သော ရုံပိုင်ကတော် ကျေးဇူးရှင်မကြီးကိုတော့ သက်ဆုံးတိုင် သတိရနေတော့မည်ဖြစ်ပါသည်။

ဩော်... ငါနှယ်... သူ့နာမည်ကိုတောင် မမေးမိခဲ့ပါကလား။

✧ ✧ ✧

ဝလာဒက်သည် ရှိုးရှိုးတန်း ရထားတွဲတွင် တစ်နေရာရသည်။ သူက ဒေါက်တာဒူဘီရင် ပေးလိုက်သော မြေပုံစာရွက်ကို ဖြန့်ကြည့်သည်။ မြေပုံထဲတွင် မော်စကိုမြို့နှင့် အိုဒက်ဆာမြို့အကွာအဝေး တစ်လက်မခန့်သာ ပြထားသော်လည်း လက်တွေ့တွင် မိုင်ပေါင်း ၈၅၀

အထိ ကွာဝေးသည်။ သို့ပေမယ့် အာကတ်စ်မြို့လောက်တော့ မဝေး။

ဝလာဒက်က မြေပုံကိုလေ့လာနေရင်းမှ ရထားတွဲတစ်နေရာတွင် ကစားနေသော ခေါင်းပန်းဝိုင်းသို့ အာရုံရောက်သွားသည်။ သို့ဖြင့် မြေပုံစာရွက်ကို ကုတ်အင်္ကျီအနားပတ်ထဲတွင် လုံခြုံစွာ ပြန်သိမ်းထားလိုက်ပြီးနောက် ကစားပွဲကို စိတ်ဝင်စားစွာ အကဲခတ်ကြည့်လိုက်သည်။

ကစားသမားတစ်ယောက်က ပွဲတိုင်းလိုလို နိုင်နေသည်။ တခြားသူတွေက ဉာဏ်သုံး၍ ကစားတာတောင်မှ သူကချည်း နိုင်နေသည်။ ဝလာဒက်က ထိုလူကို သတိနှင့် စောင့်ကြည့်နေသည်။ ထိုလူသည် တခြားလူတွေထက် ပို၍ ကျွမ်းကျင်ပြီး ပညာသုံး၍ လိမ်ကစားနေကြောင်း တွေ့ရသည်။

သို့ဖြင့် သူက ကစားဝိုင်းသို့ထသွားပြီး အလယ်တွင်ဝင်၍ နေရာယူလိုက်သည်။ ပြီးတော့ တစ်ဖက်လူ၏ လက်အယှုအဆကို သေသေချာချာ စောင့်ကြည့်ပြီး ဝင်လောင်းသည်။ သူက တစ်ကျပ်ရှုံးလျှင် နှစ်ကျပ် ပြန်လောင်းသည်။ နှစ်ကျပ်ရှုံးလျှင် လေးကျပ်ပြန်လောင်းသည်။ နောက်ပိုင်းတွင် ဝလာဒက်ချည်း ဆက်တိုက်နိုင်လာသည်။ ဒိုင်ကိုင်သူက ဝလာဒက်မျက်နှာကို မော်၍ပင် မကြည့်။

နောက် ဘူတာတစ်ခုသို့ ရောက်တော့ ဝလာဒက်က ၁၄ ရူဘယ်ပင် အနိုင်ရနေပြီ။ နှစ်ရူဘယ်ဖြင့် သစ်တော်သီးတစ်လုံးနှင့် စွပ်ပြုတ်ပူပူတစ်ခွက်ဝယ်ကာ ဟာနေသောဗိုက်ကို ဖြည့်တင်းလိုက်သည်။

ရထားပေါ်သို့ ပြန်အတက်တွင် သူ့အား တစ်စုံတစ်ယောက်က ပိတ်ကန်လိုက်ရာ ရထားတွဲနံရံတွင် မျက်နှာ သွားဆောင့်သည်။ နှာခေါင်းမှ သွေးတွေစီးကျလာသည်။ တစ်ချိန်တည်းတွင် အဆိုပါလူက သူ့နားရင်းကို ဓားမြှောင်နှင့် ထောက်ထားလိုက်သည်။

"ခွေးမသားလေး၊ မင်း ငါ့စကားနားထောင်မလား မထောင်ဘူးလား"

"ထောင်ပါ့မယ်ခင်ဗျာ"

"မင်း ဒီတွဲထဲ လုံးဝပြန်မလာနဲ့၊ လာရင် မင်းနားရွက် ဖြတ်ပစ်မယ်၊ ကြားရဲ့လား ငါပြောတာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကြား... ကြားပါတယ်ခင်ဗျာ"

ဝလာဒက်၏ နားရင်းမှ အရေပြားကို ဓားရှသွားပြီး လည်ပင်းတစ်လျှောက် သွေးများစီးဆင်းလာသည်။

"အေး... ဒါပဲ၊ ဒါ ပထမဆုံးနဲ့ နောက်ဆုံး သတိပေးတာပဲကွ"

ကစားသမားက သည်လောက်နှင့် အားမရသေးဘဲ ဝလာဒက်၏ ဝမ်းဗိုက်ကို တအားပိတ်ကန်လိုက်ပြန်သည်။ ဝလာဒက်သည် အွန့်ကနဲ အသံထွက်သွားပြီး မြေကြီးပေါ်တွင် ပုံလျက်လဲကျသွားသည်။ တစ်ဆက်တည်းတွင် ထိုသူက ဝလာဒက်၏ ကုတ်အင်္ကျီအိတ်ကို လက်နှိုက်ပြီး ပိုက်ဆံတွေကို ထုတ်ယူလိုက်သည်။

"ဒါ ငါ့ပိုက်ဆံတွေကွ"

ဝလာဒက်၏ နှာခေါင်းနှင့် နားရင်းမှ သွေးတွေ စီးကျလာသည်။ သူ သတိပြန်ရလာပြီး

ဟိုဟိုဒီဒီ လှည့်ကြည့်လိုက်သည်။ ကစားသမားကို အရိပ်အရောင်မျှ မတွေ့ရတော့။

သူသည် အချိန်တော်တော်ကြာသည်အထိ နေရာမှ ထ၍မရဖြစ်နေသည်။ နောက်ဆုံး စိတ်အားတင်းပြီး ကြိုးစားထသည်။ ခြေထောက် ထော့နင်း ထော့နင်းဖြင့် ရထားအစွန်သို့ လျှောက်လာခဲ့သည်။ ကလေးတွေနှင့် မိန်းမတွေသာ အများဆုံးပါသော ရထားတွဲတစ်တွဲပေါ်သို့ တက်၍ နေရာလပ်တွင် ဝင်ထိုင်သည်။ မကြာမီတွင် သူအိပ်ပျော်သွားသည်။

✧ ✧ ✧

နောက်တစ်ဘူတာရောက်တော့ ဝလာဒက်သည် ရထားပေါ်မှ လုံးဝမဆင်းတော့။

သူသည် စက္ကူအိတ်ကို ဖွင့်ကာ အထဲမှပစ္စည်းများကို စစ်ဆေးကြည့်သည်။

သစ်တော်သီး၊ ပေါင်မုန့်၊ သစ်ကြားသီး၊ ရှပ်အင်္ကျီနှစ်ထည်၊ ဘောင်းဘီနှစ်ထည်နှင့် ဖိနပ်တစ်ရံ။

ဩော် တကယ့် စိတ်ကောင်းရှိတဲ့ စေတနာရှင် အမျိုးသမီးပါကလား။ သူ့ယောက်ျားနှင့်တော့ ဆီနှင့် ရေလို ကွာခြားလိုက်ပါဘိ။

ဝလာဒက်သည် စားစရာများကို စားသည်။ ပြီးတော့ ထပ်အိပ်သည်။ အိပ်မက်တွေ မျိုးစုံမက်သည်။

ခြောက်ညနှင့် ငါးရက်ကြာတော့မှ ရထားသည် အိုဒက်ဆာမြို့သို့ ရောက်သည်။

ထုံးစံအတိုင်း ဂိတ်ဝတွင် အစစ်အဆေးခံရပြန်သည်။ သို့ပေမယ့် ဂိတ်စောင့်က ဝလာဒက်အား နောက်တစ်ကြိမ်ပင် ပြန်မကြည့်ဘဲ ကြည်ကြည်သာသာ ထွက်ခွင့်ပြုလိုက်သည်။

ကုတ်အင်္ကျီခေါက်ထဲ ဝှက်ထားသော ပိုက်ဆံ ၁၅၀ ကျန်သေးသည်။ သည်ပိုက်ဆံကို ချွေချွေတာတာသုံးရန် ဆုံးဖြတ်လိုက်သည်။

သူသည် အရေးကြီးသော လမ်းများနှင့် အဆောက်အအုံများကို မှတ်မိရန် မြို့ထဲလျှောက်ကြည့်သည်။ တိုက်အိမ်ကြီးများ မှန်ပြတင်းတပ် ကုန်ပဒေသာဆိုင်ကြီးများနှင့် လမ်းဘေးတွင် ပစ္စည်းမျိုးစုံ ရောင်းနေသော ဈေးသည်များကို ကြည့်ပြီး သူက အလွန်သဘောကျနေသည်။

✧ ✧ ✧

နောက်ဆုံး သဘောဆိပ်သို့ ရောက်လာပြီး အပြာရောင် ပင်လယ်ပြင်ကြီးကို တမျှော်တခေါ်ငေးမောကြည့်နေရှုနေမိသည်။ ဆုံးစမမြင်သော ဤသမုဒ္ဒရာရေပြင်ကျယ်ကြီးသည်ပင် သူ၏ဘဝ လွတ်မြောက်ရေးလမ်းကြောင်းကြီးဖြစ်သည်ဟုလည်း တွေးမိသည်။

အိုဒက်ဆာမြို့သည် စစ်ဘေးစစ်ဒဏ်ကို ခံခဲ့ရဟန်ရှိသည်။ လုံးဝသော်လည်းကောင်း၊ တစ်ဝက်တစ်ပျက်သော်လည်းကောင်း ပြိုပျက်နေသော အဆောက်အအုံများနှင့် မီးလောင်ပြင်များကို ဟိုနေရာ သည်နေရာ မြင်တွေ့ရသည်။ ဤမြို့သည် ယခုတိုင် စစ်ပွဲနယ်နိမိတ်အတွင်းမှာပင် ရှိသေးသလား။ မေးစရာလူကလည်း တစ်ယောက်မှ မရှိ။ ရှိသော်လည်း သူက မမေးရဲ။

မကြာမီတွင် နေမင်းသည် တိုက်မြင့်ကြီးများ၏ နောက်ဘက်သို့ ပုန်းလျှိုဝင်ရောက်သွား

သည်။ ဘယ်နေရာမှာ သွားအိပ်ရပါမည်နည်း။

သူသည် လမ်းဘေးကို ကပ်၍ ဆက်လက်လျှောက်လာခဲ့သည်။ မြေပြင်ကို ထိမတတ်ရှည်သော သားမွေးအင်္ကျီပွကြီးဝတ်ကာ ချိုင်းကြားတွင် အထုပ်တစ်ထုပ်ညှပ်၍ လျှောက်နေသော သူ့ကို မြင်ရလျှင် လူတွေက တစ်မျိုးထင်ကြလိမ့်မည်။ ဘယ်ကိုပဲ သွားသွား သူ့အတွက် လုံခြုံစိတ်ချရခြင်း မရှိဟူသော အသိကိုသာ ခံစားနေရသည်။

ဦးတည်ရာ လျှောက်ရင်းဖြင့် တစ်နေရာတွင် မီးရထားဝင်းတစ်ခုသို့ ရောက်လာခဲ့သည်။ ဝင်းထဲတွင် ရထားတွဲဟောင်းတစ်ခု ရပ်ထားသည်။ သူက အနားကပ်သွားပြီး အတွင်းသို့ သတိနှင့် လှမ်းကြည့်လိုက်သည်။ အတွင်းထဲတွင် တိတ်ဆိတ်ပြီး မှောင်မည်းနေသည်။ လူသူလည်း တစ်ယောက်မျှ မတွေ့ရ။ စက္ကူအိတ်ကို ရထားတွဲထဲ ပစ်သွင်းလိုက်သည်။ တွဲပေါ်သို့ ချိတ်တက်သည်။ တွဲထောင့်တစ်နေရာတွင် လှဲအိပ်ရန် ခေါင်းချလိုက်သည်။ ထိုအခိုက် လူတစ်ယောက်က သူ့ကိုယ်ပေါ်သို့ ရုတ်တရက် ခုန်အုပ်လိုက်ပြီး သူ့လည်ပင်းကို တအားညှစ်ထားသည်။

သူ့မှာ အသက်ပင် မရှူနိုင်အောင် ဖြစ်နေသည်။

"ဘယ်သူလဲကွ" မှောင်ထဲမှ အသံ။ အသံက လူကြီးသံမဟုတ် ကလေးတစ်ယောက်၏ အသံ။ သူ့ထက် ပို၍ ကြီးပုံမရ။

"ဝလာဒက်ကော်စကေဝစ်ပါ"

"မင်း ဘယ်ကလာသလဲ"

"မော်စကိုကပါ" သူက ဆလိုနင်ကပါဟုပြောရန် လုပ်ပြီးတော့မှ တစ်မျိုးပြောင်းပြောလိုက်သည်။

"အိုး... မင်းက မော်စကိုသားကိုး၊ ဒီတွဲထဲမှာ အိပ်လို့မရဘူးကွ"

"တောင်းပန်ပါတယ်ကွာ၊ မသိလို့ပါ"

"ပိုက်ဆံတွေဘာတွေ ပါသလား" တစ်ဖက်သူက ဝလာဒက်၏ လည်ပင်းကို ခပ်တင်းတင်း ညှစ်၍ မေးလိုက်သည်။

"နည်းနည်းတော့ ပါပါတယ်"

"ဘယ်လောက်လဲ"

"ခုနစ်ရူဘယ်တည်းပါ"

"ပေး အားလုံးပေး"

ဝလာဒက်က ကုတ်အင်္ကျီအိတ်ထဲ လက်နှိုက်သည်။ တစ်ဖက်လူကလည်း လက်တစ်ဖက်ဖြင့် လှမ်းနှိုက်သည်။ ဤတွင်မှ လည်ပင်းညှစ်ထားသော လက်အား လျော့ပျော့သွားသည်။

ဝလာဒက်က သည်အချက်ကို အခွင့်ကောင်းယူကာ ထိုလူငယ်၏ ပေါင်ကြားကို ဒူးနှင့် တအားကုန် ဆောင့်ထည့်လိုက်သည်။ သူသည် အမယ်လေးဗျဟု တစ်ချက်အော်လိုက်ပြီး ပေါင်ကြားကို လက်နှစ်ဖက်အုပ်ရင်း ပက်လက်လန် လဲကျသွားသည်၊ ဝလာဒက်က သူ့ကိုယ်ပေါ် ခုန်အုပ်ပြီး တစ်ကိုယ်လုံးကို လက်သီးနှင့် ဆက်ကာဆက်ကာ ပစ်ထိုးသည်။

တစ်ဖက်လူ ကြမ်းပြင်ပေါ်တွင် စန့်စန့်ကြီးလဲသွားတော့မှ ဝလာဒက်က အထိုးရပ်သည်။

တစ်ဖက်လူငယ်က ဝလာဒက်အား ကြောက်ကြောက်လန့်လန့်နှင့် တောင်းပန်ရှာသည်။

"ကဲ…တွဲစွန်ကိုသွား၊ အဲဒီမှာ သွားအိပ်' ဝလာဒက်က အမိန့်ပေးလိုက်သည်။ "လှုပ်မယ်တော့ မကြံနဲ့၊ သေပြီသာ မှတ်တော့"

"ဟုတ်… ဟုတ်ကဲ့၊ ကျွန်တော် သွားပါ့မယ်ဗျာ"

ထိုလူငယ်သည် ရထားအစွန်သို့ လေးဘက်တွားသွားသည်။ နံရံနှင့်တိုက်မိပြီး လဲကျသွားသံကို ဝလာဒက် ကြားလိုက်ရသည်။

ဝလာဒက်က နေရာတွင်ထိုင်ကာ အသံကို နားထောင်သည်။ နောက်ထပ် ဘာသံမျှ မကြားရတော့။ သည်တော့မှ ကြမ်းပြင်တွင် ခေါင်းချပြီး ခြေပစ်လက်ပစ် လှဲအိပ်လိုက်သည်။ မကြာမီ အိပ်ပျော်သွားတော့သည်။

✧ ✧ ✧

ဝလာဒက် ပြန်နိုးလာချိန်တွင် ရထားတွဲနံရံပျဉ်ကြားမှ နေရောင်များဝင်ရောက်၍ ထိန်ထိန်လင်းနေပြီ။

သူက ကိုယ်ကို တစောင်းလှည့်ကာ ညတုန်းက သူ့ရန်သူဘက်သို့ လှမ်းကြည့်လိုက်သည်။ ထိုလူငယ်သည် တွဲအစွန်တွင် ကွေးကွေးကလေး အိပ်နေသည်။

"ဟေ့ကောင်… ထ ထ၊ ပြီးတော့ ဒီလာခဲ့"

ဝလာဒက်က အော်ပြောလိုက်သည်။ လူငယ်က လူးလွန့်လှုပ်ရှားလာသည်။

"ဟေ့ကောင်… ဒီကိုလာခဲ့"

လူငယ်က ချက်ချင်းထလာခဲ့သည်။ ဝလာဒက်က ယခုမှ သူ့ရန်သူကို စေ့စေ့စပ်စပ် ကြည့်ခွင့်ရသည်။

ထိုလူငယ်လည်း သူနှင့် ရွယ်တူသက်တူလောက်ပင်ရှိသည်။ အရပ်တော့ သူထက်တစ်လက်မလောက် ပိုရှည်လိမ့်မည်။ ရွှေရောင်ဆံပင်ခွေခွေနှင့် မျက်နှာက သနားကမား။

"အရေးကြီးတာကို အလျင်မေးမယ်" ဝလာဒက်က ပြောသည်။

"ဒီမှာ စားစရာ ဘယ်လိုရနိုင်မလဲ"

"ငါ့နောက် လိုက်ခဲ့ပါ"

ထိုလူငယ်က တွဲပေါ်မှခုန်ဆင်းလိုက်သည်။ ဝလာဒက်က တဖြည်းဖြည်းဆင်းပြီး လူငယ်နောက်မှ ထော့နဲ့ထော့နဲ့နှင့် လိုက်လာသည်။ တောင်ကမူတစ်ခုကို ကျော်ဖြတ်ကာ မြို့ထဲသို့ ဝင်လာကြသည်။ မနက်ပိုင်း ဈေးခင်း တော်တော်စည်နေပြီ။

ဈေးထဲတွင် ဈေးဆိုင်တွေ တန်းစီကာ စားစရာနှင့် အသီးအနှံမျိုးစုံ ရောင်းချနေကြသည်။ မြင်နေရသော မြင်ကွင်းကို ဝလာဒက် သဘောကျနေကြောင်း လူငယ်က အကဲခတ်မိသည်။

"ငါတို့ ဘာလုပ်မယ်ဆိုတာ မင်းကို ငါ ပြောပြမယ်" လူငယ်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချသောအသံဖြင့် ပြောသည်။ "ငါက အစွန်ဆုံးကဆိုင်ကို သွားပြီး လိမ္မော်သီးတစ်လုံး အလစ်သုတ်မယ်၊ ပြီးတော့ တစ်ချိုးတည်း ထွက်ပြေးမယ်၊ မင်းက ငါ့ဆီကို လှမ်းပြီး "သူခိုးဗျို့

သူခိုး၊ ဖမ်းကြပါ … ဖမ်းကြပါ’ လို့ အသံကုန်အော်၊ အဲဒီမှာ ဆိုင်ရှင်က ငါ့နောက် ထလိုက်လာမယ်၊ သူမရှိတုန်း မင်းအင်္ကျီအိတ်ထဲသာ အဆင်သင့်ကောက်ထည့်တော့၊ ဒါပေမယ့် လောဘမကြီးပါနဲ့၊ နှစ်ယောက်စာလုံလောက်ရင် တော်ပြီ၊ ပြီးတော့ မင်းက ရထားတွဲကိုသာ လာခဲ့တော့၊ ငါပြောတာ သဘောပေါက်ကဲ့လား”

“အင်း… ပေါက်ပါတယ်”

“ကဲ… မော်စကိုသား အစွမ်း စမ်းကြည့်ကြတာပေါ့”

လူငယ်က ဝလာဒက်ကို တစ်ချက်စောင်းကြည့်ပြီး လှည့်ထွက်သွားသည်။ ဝလာဒက်က ဟန်ပါပါနှင့် လျှောက်သွားသော လူငယ်ကိုကြည့်ကာ သဘောကျနေသည်။

လူငယ်သည် အစွန်ဆုံးဈေးဆိုင်သို့ လျှောက်သွားသည်။ လိမ္မော်သီးပုံမှ တစ်လုံးကောက်ယူကာ ဆိုင်ရှင်နှင့် စကားပြောသလိုလုပ်သည်။ ပြီးတော့ လိမ္မော်သီးကိုယူပြီး မနေးမမြန် ထွက်ပြေးသည်။ ဝလာဒက်က ကြောင်ပြီး ကြည့်နေသည်။ သူခိုး၊ သူခိုးအော်ရန် သတိမေ့သွားသည်။ သို့သော် ဆိုင်ရှင်က ချက်ချင်းထပြီး လူငယ်နောက်သို့ ပြေးလိုက်သည်။ တစ်ဈေးလုံးက ထွက်ပြေးသော လူငယ်ဆီသို့သာ အာရုံစိုက်နေကြသည်။ ထိုအခိုက် ဝလာဒက်က ဈေးဆိုင်သို့ မြန်မြန်လျှောက်သွားပြီး ကုတ်အင်္ကျီအိတ်ထဲသို့ ကမန်းကတန်း ကောက်ထည့်သည်။ ပြီးတော့ တစ်ကြိုးတည်း လစ်ပြေးလာခဲ့သည်။

ထွက်ပြေးသော လူငယ်အား ဆိုင်ရှင်ကမိကာနီးတော့ လူငယ်က လက်ထဲမှ လိမ္မော်သီးကို ဆိုင်ရှင်ဆီသို့ ပစ်ပေးခဲ့ပြီး ဆက်ပြေးသွားသည်။

ဆိုင်ရှင်က လိမ္မော်သီးကို ကောက်ယူပြီး လက်သီးလက်မောင်းတန်းကာ လူငယ်အား တပြစ်တောက်တောက် ကျိန်ဆဲနေသည်။ ပြီးတော့ သူ့ဆိုင်ရှိရာသို့ ပြန်လာပြီး ဘေးနားမှ ဈေးသည်များအား တိုင်တောနေသည်။

နောက်ကို လုံးဝလှည့်မကြည့်ဘဲ အရှိန်နှင့် စွတ်ပြေးလာသော ဝလာဒက်၏ ပခုံးကို နောက်မှနေ၍ လက်တစ်ဖက်က ဆုပ်ကိုင်လိုက်သည်။ ဝလာဒက်က လန့်ဖျပ်သွားပြီး ကမန်းကတန်း လှည့်ကြည့်လိုက်တော့ သူ့အဖော်လူငယ်ဖြစ်နေသည်။

“ကဲ မော်စကိုသား၊ ဘာမှမရခဲ့ဘူး မဟုတ်လား”

ဝလာဒက်က တဟားဟား ရယ်လိုက်ပြီး အင်္ကျီအိတ်ထဲမှ ပစ္စည်းများကို တစ်ခုပြီးတစ်ခု နှိုက်ထုတ်နေသည်။

လိမ္မော်သီး သုံးလုံး၊ သစ်တော်သီးတစ်လုံးနှင့် အားလူးတစ်လုံး။

အဖော်လူငယ်ကလည်း သဘောကျသွားပြီး တဟားဟား ရယ်လိုက်သည်။

“ဒါနဲ့… မင်းနာမည် ပြောပါဦး’ ဝလာဒက်က မေးသည်။

“စတီဖင်”

“ကဲ စတီဖင်၊ ငါတို့ နောက်တစ်ချီ ထပ်လုပ်ကြဦးမလား”

“အို မော်စကိုသားကလဲ သိပ်အတင့်မရဲပါနဲ့ကွ၊ မင်းက အစဆိုတော့ သိပ်မလျင်သေးဘူး၊ ဒီတစ်ခါ ငါ့စီမံကိန်းကိုစမယ်ဆိုရင် နည်းလမ်းတစ်မျိုး ရှာရမယ်ကွ၊ အလျင်ဈေးတန်းသွား

လို့ မဖြစ်တော့ဘူး၊ နောက်ဘက်က ဈေးကိုသွားရမယ်၊ ဒါပေမယ့် ချက်ချင်းလုပ်လို့ မဖြစ်သေးဘူး၊ တစ်နာရီလောက်တော့ စောင့်ပါဦး၊ အခုဆိုရင် မင်းက အပျော်တမ်းသမား မဟုတ်တော့ဘူး၊ တကယ် လုပ်စားတဲ့လူ ဖြစ်သွားပြီ၊ အဲဒီတော့ အဖမ်းမခံရအောင်တော့ ကျပ်ကျပ် သတိထားပါ”

သို့ဖြင့် နောက်တစ်နာရီခန့်ကြာတော့ သူတို့နှစ်ယောက် လုပ်ငန်းစကြပြန်သည်။ သူတို့သည် နောက်ဘက်ဈေးတန်းသို့ လျှောက်လာခဲ့ကြသည်။ စတီဖင် မင်သေသေဖြင့် လျှောက်လာပုံကို ကြည့်ပြီး ဝလာဒက်က အလွန်သဘောကျနေသည်။ နှစ်ယောက်သား ခပ်တည်တည်ဖြင့် ဈေးဝယ်သူများကြားထဲ ဝင်ရောလိုက်ကြသည်။ ထို့နောက် စတီဖင်က အချက်ပြသောအခါ ထုံးစံအတိုင်း အလစ်သုတ်ပြန်သည်။

သည်တစ်ကြိမ်တွင် အခြေအနေ ပို၍ ကောင်းသည်။ လိမ္မော်သီး ခြောက်လုံး၊ ပန်းသီး ငါးလုံး၊ အာလူး သုံးလုံး၊ သစ်တော်သီး တစ်လုံးနှင့် သစ်ကြားသီးတွေ တော်တော်များများ ရလာခဲ့သည်။ အထူးဆုအဖြစ် ဖရဲသီးလည်း တစ်လုံးရလာသည်။ စတီဖင်တစ်ယောက်တည်းတုန်းက သည်လောက်များများ ဘယ်တော့မှ မရခဲ့ဖူး။ ဝလာဒက်၏ ကုတ်အင်္ကျီအိတ်ကြီးက တော်တော် အလုပ်ဖြစ်သည်။

“ဒီအလုပ်က ဘယ်ဆိုးလို့လဲကွ” ဝလာဒက်က အာလူးကို အစိမ်းလိုက် ကိုက်စားရင်း ပြောသည်။

“ဟင်... မင်းက အခွံပါစားတယ်” စတီဖင်က တအံ့တသြဖြစ်နေသည်။

“ငါက အခွံလောက်စားရတာကိုပဲ နတ်သုဒ္ဓါလို့ ထင်ရတဲ့နေရာမှာ နေခဲ့ရတဲ့ လူပါကွ”

စတီဖင်က သဘောကျစွာဖြင့် သူ့မိတ်ဆွေကို ရွှန်းရွှန်းစားစား ကြည့်နေသည်။

“နောက်အစီအစဉ်က တို့အနေနဲ့ ပိုက်ဆံရအောင် ဘယ်လို လုပ်ရမလဲဆိုတာပဲကွ” ဝလာဒက် က အဆိုတင်သည်။

“အိုး... မင်းက တစ်နေ့တည်းမှာ အကုန်လုံးရချင်နေတာပါလား၊ ဖြည်းဖြည်းလုပ်ကြတာပေါ့ အာစရိရယ်၊ ပိုက်ဆံရှာမယ်ဆိုရင် သင်္ဘောဆိပ်မှာ သွားပြီး အလုပ်လုပ်တာ အကောင်းဆုံးပဲကွ”

“ဘယ်လို လုပ်ရမလဲ၊ ငါ့ကိုပြစမ်းပါ”

နှစ်ယောက်သား သစ်သီးတွေ စားသောက်ကြပြီးနောက် ကျန်တစ်ဝက်ကို ရထားတွဲထဲက ကောက်ရိုးအောက်တွင် ဝှက်ထားလိုက်သည်။

ထို့နောက် စတီဖင်က ဝလာဒက်အား သင်္ဘောဆိပ်သို့ ခေါ်လာခဲ့ပြီး ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော သင်္ဘောများကိုပြသည်။ သင်္ဘောကြီးတွေမြင်ရတော့ ဝလာဒက်မှာ အံ့သြမဆုံးဖြစ်နေသည်။ ကုန်ပစ္စည်းမျိုးစုံ တင်ဆောင်ပြီး သမုဒ္ဒရာကိုဖြတ်၍ သင်္ဘောကြီးတွေ သွားကြကြောင်း နယ်စားကြီးပြောပြ၍ ဝလာဒက် သိခဲ့ရသည်။ သို့သော် ယခု သင်္ဘောကြီးတွေက ဆိပ်ကမ်းတွင် မျက်စိတစ်ဆုံး စီတန်းနေကြသည်။

စတီဖင်က ဝလာဒက်၏ အတွေးကို ဖြတ်လိုက်သည်။

“ဟောဟိုက သင်္ဘောအစိမ်းကြီးကို တွေ့တယ်မဟုတ်လား၊ အဲဒီတော့ မင်းက သင်္ဘော

ကုန်းဘောင်အောက်မှာ ခြင်းတောင်းတစ်လုံး သွားယူပြီး အဲဒီအထဲ ဂျုံစပါးတွေထည့်၊ ပြီးတော့ လှေကားပေါ်က တက်သွားပြီး ကုန်လှောင်ခန်းထဲ သွန်ချလိုက်၊ အဲဒီလို လေးခေါက်လုပ်ရင် မင်းကို ရူဘယ်တစ်ပြားစီ ပေးလိမ့်မယ်၊ ဒါပေမယ့် သတိတော့ထားပါ၊ အလုပ်သမားခေါင်းဆောင်က မင်းကို ငတုံးလို့ထင်ရင် မင်းပိုက်ဆံကို သူ့အိတ်ထဲ ထည့်လိမ့်မယ်"

နှစ်ယောက်သား တစ်နေကုန် အလုပ်လုပ်ကြသည်။ အလုပ်ချိန်ပြီးတော့ ၂၆ ရူဘယ်ရသည်။ ထို့နောက် ညစာ ကောင်းကောင်းစားကြပြီး ရထားတွဲထဲတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ကြသည်။

နောက်တစ်နေ့မနက် စတီဖင်က နောက်ကျပြီး နိုးလာသည်။ ဝလာဒက်သည် မြေပုံကို ရှေ့တွင်ဖြန့်ကာ လေ့လာနေသည်ကို တွေ့ရသည်။

"အဲဒါက ဘာလဲကွ" စတီဖင်က မေးသည်။

"ဒီက ဘယ်လိုထွက်ပြေးရမယ်ဆိုတာ ပြထားတဲ့ မြေပုံလေ"

"ဟင် မင်းကလဲ ဘာလုပ်ထွက်ပြေးရမှာလဲကွာ၊ ဒီမှာ ငါနဲ့အတူနေပြီး ဒီလိုနေရတာ ကောင်းသားနဲ့"

"မဖြစ်ဘူးကွ၊ ငါက တူရကီကို ထွက်ပြေးရမယ်၊ အဲဒီရောက်မှ လွတ်လွတ်လပ်လပ်လုပ်ချင်တာ လုပ်နိုင်တယ်၊ မင်းကော ငါနဲ့အတူ လိုက်ခဲ့ပါလား စတီဖင်"

"ငါက အိုဒက်ဆာက ဘယ်တော့မှ မခွာနိုင်ဘူးကွ၊ ဒီမြို့ဟာ ငါ့ဇာတိမြို့၊ ဒီရထားတွဲဟာ ငါ့အိမ်ပဲ၊ ဒီမှာနေရတာ ကောင်းတော့ မကောင်းပါဘူး၊ ဒါပေမယ့် မင်းပြောတဲ့ တူရကီဆိုတာက ပိုဆိုးလိမ့်ဦးမယ်၊ ဘာပဲဖြစ်ဖြစ် မင်းအနေနဲ့ ဒီမှာ မနေချင်ဘူးဆိုရင်တော့ မင်းထွက်ပြေးနိုင်အောင် ငါကူညီပါ့မယ်၊ ဘယ်သင်္ဘောတွေ ဘယ်ကိုထွက်မယ်ဆိုတာ ငါ စုံစမ်းလို့ ရမပါတယ်"

"တူရကီကို ဘယ်သင်္ဘော ထွက်မယ်ဆိုတာ မင်း ဘယ်လိုလုပ်သိနိုင်မလဲ"

"ဒါက အလွယ်လေးပါ၊ တစ်ချောင်းစိုက်ကြီး ဂျူးဆီမှာ သွားစုံစမ်းရင် ရပါတယ်၊ သူက ဆိပ်ခံတံတား အဆုံးက ရုံးထဲမှာ အလုပ်လုပ်တယ်၊ မင်းက သူ့ကို တစ်ရူဘယ်တော့ ပေးရလိမ့်မယ်"

"အဲဒီ ပိုက်ဆံက မင်းတို့နှစ်ယောက် ဝေယူကြမှာ မဟုတ်လား"

"ဟုတ်တယ်၊ တစ်ယောက်တစ်ဝက်စီယူတယ်၊ မော်စကိုသားက ဘယ်ဆိုးလို့လဲ၊ တော်တော်လျှင်သားပဲ" စတီဖင်က ပြောပြောဆိုဆို တွဲပေါ်မှ ခုန်ဆင်းလိုက်သည်။

ဝလာဒက်က စတီဖင်နောက်မှ အပြေးကလေး လိုက်လာခဲ့သည်။ ဆိပ်ခံတံထားသို့ ရောက်တော့ စတီဖင်က ဝလာဒက်အား ရုံးခန်းသေးသေးကလေးတစ်ခုထဲသို့ ခေါ်လာခဲ့သည်။ ရုံးခန်းထဲတွင် ဖုန်တက်နေသော စာရင်းစာအုပ်များနှင့် အချိန်ဇယားတွေ ပြည့်နေသည်။

ပထမတော့ ဝလာဒက်က ရုံးခန်းထဲတွင် လူတစ်ယောက်မှ မမြင်မိ။ နောက်တော့မှ စာရင်းစာအုပ်ပုံကြီး နောက်ဘက်မှ အသံပေါ်ထွက်လာသည်။

"ဟေ့ တိရစ္ဆာန်ကလေး၊ ဘာလာရှုပ်ပြန်ပြီလဲ၊ ငါက မင်းနဲ့ အချိန်ကုန်မခံနိုင်ဘူးကွ"

"ကျွန်တော့် မိတ်ဆွေအတွက် အကူအညီတစ်ခုမတောင်းချင်လို့ပါ တစ်ချောင်းစိုက်ကြီးရဲ့၊ တူရကီကို သွားမယ့် သင်္ဘော ဘယ်တော့ထွက်မှာလဲ"

အဘိုးကြီးက စာအုပ်ပုံကြားမှ ခေါင်းထောင်လာပြီး…

"ဟော့… ထုံးစံအတိုင်း ပိုက်ဆံအလျှင်လုပ်စမ်းပါ"

"တကယ့် လုပ်သက်ရင့်တဲ့ သင်္ဘောခွေးကြီးပေါ့ကွ" စတီဖင်က ဝလာဒက်အား တိုးတိုးပြောလိုက်သည်။

"အဲဒါ မင်းအလုပ်မဟုတ်ပါဘူး ခွေးမသားကလေးရ၊ ကဲ ဘယ်မှာလဲ ပိုက်ဆံ"

"ပေးလိုက်စမ်းပါ ဝလာဒက်၊ ရူဘယ် တစ်ပြားလောက်"

ဝလာဒက်က အင်္ကျီအိတ်ထဲမှ ရူဘယ်တစ်ပြားနှိုက်၍ ကမ်းပေးလိုက်သည်။ အဘိုးကြီးက ပိုက်ဆံကို တစ်ချောင်းတည်းသာကျန်နေသော သွားနှင့်ကိုက်ထားပြီး၊ စာအုပ်ပုံကြားမှ အစိမ်းရောင် အချိန်စာရင်း စာရွက်ကြီးတစ်ရွက် ဆွဲထုတ်လိုက်သည်။ တစ်ခန်းလုံး ဖုန်မှုန့်တွေ လွင့်သွားသည်။ အဘိုးကြီးသည် ချောင်းတစ်ချက် နှစ်ချက်ဆိုးသွားပြီး စာရွက်ပေါ်တွင် လက်ညှိုးထောက်ကာ သင်္ဘောခရီးစဉ်ကို ရှာကြည့်နေသည်။

"ဟောဒီမှာ လာမယ့် ကြာသပတေးနေ့မှာ 'ရီနာစကာ' သင်္ဘော ကျောက်မီးသွေးတင်ဖို့ ဝင်လာလိမ့်မယ်၊ ပြီးတော့ စနေနေ့ ပြန်ထွက်မယ်၊ ကုန်တင်လို့ အချိန်မီပြီးရင်လဲ သောကြာနေ့ညမှာ ပြန်ထွက်လိမ့်မယ်၊ ဂိတ်နံပါတ် ၁၇ မှာ ကပ်လိမ့်မယ်"

"ကျေးဇူးပဲ တစ်ချောင်းစိုက်ကြီး၊ နောက်လဲ အခုလိုပဲ ပိုက်ဆံချမ်းသာတဲ့ ကျွန်တော့် မိတ်ဆွေတွေကို ခေါ်လာခဲ့မယ်"

"သေနာကလေး…" အဘိုးကြီးက လက်သီးဆုပ်ပြရင်း ကျိန်ဆဲလိုက်သည်။

စတီဖင်နှင့် ဝလာဒက်တို့က နောက်ပြန်မကြည့်တော့ဘဲ အခန်းထဲမှ ပြေးထွက်လာခဲ့ကြသည်။

✧ ✧ ✧

နောက်ဆုံးရက်အတွင်း သူငယ်ချင်းနှစ်ယောက် ထုံးစံအတိုင်း ဈေးတန်းသွား၍ စားစရာတွေ အလစ်သုတ်ကြသည်။ သင်္ဘောဆိပ်သွား၍ ဂျူစပါးသယ်ကြသည်။ နှစ်ယောက်သား ရထားတွဲထဲတွင် အိပ်ကြသည်။

နောက်တစ်နေ့ဆိုလျှင် ကြာသပတေးနေ့။ တူရကီ သင်္ဘော ရောက်လာတော့မည်။

သူတို့သည် ဗောတံတားပေါ်တွင် ရပ်ကာ ရေပြင်ကို လှမ်းကြည့်နေကြသည်။

'သင်္ဘောပေါ် ငါဘယ်လိုတက်ရမလဲကွ' ဝလာဒက်က မေးသည်။

"လွယ်ပါတယ်ကွ၊ မနက်ဖြန်မနက်မှာ တို့နှစ်ယောက် သင်္ဘောကုန်တင်ကုန်ချ အဖွဲ့နဲ့ သွားပြီး ဆက်သွယ်မယ်၊ ငါက မင်းနောက်ကနေမယ်၊ ကျောက်မီးသွေးတွေအားလုံး တင်ပြီးတဲ့အခါ သင်္ဘောထဲခုန်ချပြီး တစ်ချောင်မှာ ဝင်ပုန်းနေ၊ ငါက မင်းရဲ့ ခြင်းတောင်းကို ယူပြီး တစ်ဖက်ကို လျှောက်သွားမယ်"

"ပြီးတော့ မင်းကငါ့အတွက် လုပ်ခရတဲ့ ပိုက်ဆံယူမှာပေါ့ ဟုတ်လား" ဝလာဒက် ဖြတ်မေးသည်။

"ဒါပေါ့၊ ဒါက သဘာဝပဲ၊ ငါ့ရဲ့ ဖြတ်ထိုးဉာဏ်အတွက် ဒီလောက်တော့ ယူသင့်ပါတယ်ကွ"

✧ ✧ ✧

နောက်နေ့မနက်တွင် သူတို့နှစ်ယောက် ကုန်တင်လုပ်သားများနှင့် ဆက်သွယ်ကာ ကျောက်မီးသွေးတွေ တင်ကြသည်။ တစ်နေကုန်သော်လည်း သင်္ဘောမပြည့်သေး၍ ကျောက်မီးသွေးမှုန့်တွေ ပေပေကျံကျံဖြင့်ပင် ရထားတွဲသို့ ပြန်အိပ်ကြရသည်။

သောကြာနေ့ မနက်ကျတော့ အလုပ်ပြန်ဆင်းကြပြန်သည်။ နေ့လယ်ပိုင်းတွင် ကုန်တွေ ပြည့်ခါနီးလာသည်။

စတီဖင်က ဝလာဒက်၏ ခြေမျက်စိကို တစ်ချက်ကန်လိုက်ပြီး . . .

"ဟေ့ကောင် . . . ဒီတစ်ခေါက်ဆိုရင် လုပ်တော့"

"ဟုတ်ပြီ"

ဝလာဒက်က ယခုတစ်ကြိမ် ကျောက်မီးသွေးများကို သွန်ချလိုက်ပြီးသောအခါ ခြင်းတောင်းကို ကုန်းပတ်ပေါ်တွင် တင်ထားလိုက်သည်။ ပြီးတော့ သင်္ဘောကုန်ခန်းထဲသို့ ခုန်ချလိုက်သည်။

စတီဖင်က ခြင်းတောင်းကိုယူကာ ကုန်းပတ်ပေါ်မှ လှမ်းပြောလိုက်သည်။

"ကဲ သူငယ်ချင်း သွားပေတော့၊ တူရကီမှာ ကံကောင်းပါစေလို့ ငါဆုတောင်းပါတယ်ကွာ"

ဝလာဒက်က ကုန်လှောင်ခန်းထောင့်တွင် ကပ်၍ ရပ်နေလိုက်သည်။ သူ့အားပတ်ပတ်လည်သို့ ကျောက်မီးသွေးတွေ တဝေါဝေါကျလာကြသည်။ တစ်ခန်းလုံး မီးသွေးမှုန့်တွေ မွန်နေသည်။ ဝလာဒက်၏ ပါးစပ်၊ မျက်စိနှင့် နှာခေါင်းထဲသို့ မီးသွေးမှုန့်တွေ ဝင်လာကြသည်။ သင်္ဘောသားတွေ ကြားသွားမည်စိုး၍ ပါးစပ်ကို လက်နှင့်အုပ်ကာ အသံမထွက်အောင် ချောင်းဆိုးနေရသည်။ အခန်းထဲတွင် မီးသွေးမှုန့်တွေနှင့် လှောင်ပိတ်ပြီး အသက်ရှူမရအောင် ဖြစ်နေသည်။ သူက ကုန်းပတ်ပေါ်သို့ ပြန်တက်ပြီး စတီဖင်နှင့်ပင် ဆက်နေသွားရကောင်းမည်လားဟု စဉ်းစားနေတုန်းမှာပင် အပေါ်မှ ပျဉ်ချပ်ဖုံးတံခါး ပိတ်သွားသည်ကို မြင်လိုက်ရသည်။ ယခုမှ လွတ်လွတ်လပ်လပ် ချောင်းဆိုးခွင့်ရတော့သည်။

ခဏအကြာတွင် သူ့ခြေထောက်ကို တစ်စုံတစ်ရာနှင့် ထိုးလိုက်သလို စစ်ကနဲ ခံစားလိုက်ရသည်။ သူက အောက်ကို ငုံ့ကြည့်လိုက်သည်။

ဘုရားရေ၊ ရောမ ကြွက်မည်းကြီးတွေပါလား။

သူက ကြွက်တွေကို ကျောက်မီးသွေးတုံးများနှင့် ကောက်ပစ်သည်။ သို့သော် ကြွက်တွေက လုံးဝကြောက်ဟန်မတူ။ သူ့ခြေထောက်ပေါ်မှ တစ်ကောင်ပြီးတစ်ကောင် ဖြတ်သွားနေသည်။

ဝလာဒက်က မီးသွေးပုံထက်သို့တက်ကာ ကုန်ပေါက်အံဖုံးကို တွန်းဖွင့်လိုက်သည်။ သည်တော့မှ အလင်းရောင်ဝင်လာပြီး ကြွက်တွေ မီးသွေးပုံအားကြားထဲသို့ ဝင်ပြေးသွားကြသည်။

ဤသို့ဖြင့် သူသည် ကျောက်မီးသွေးခန်းထဲဝင် ကြွက်နက်ကြီးတွေနှင့် နှစ်ရက်နှင့် သုံးညတိတိ တိုက်ပွဲဝင်နေခဲ့ရပြီးတော့မှ သင်္ဘောသည် ကွန်စတင်တီနိုပယ်ဆိပ်ကမ်းသို့ ဆိုက်ရောက်

သည်။

သဘော်ဆိုက်ပြီး မကြာမီတွင် ကုန်းပတ်လုပ်သားတစ်ယောက်က ကုန်လှောင်ခန်းလာဖွင့်သည်။ ဝလာဒက်မှာ တစ်ကိုယ်လုံး မီးသွေးမှုန့်တွေပေကျံပြီး ကပ္ပလီရုပ်ပေါက်နေသည်။ ခြေနှင့် ခြေသန်းများတွင်လည်း ကြွက်တွေကိုက်ထား၍ သွေးခြင်းခြင်းနီနေသည်။

ကုန်းပတ်အလုပ်သမားက ဝလာဒက်အား အခန်းထဲမှ တရွတ်တိုက် ဆွဲထုတ်လာသည်။ ကုန်းပတ်ပေါ်ရောက်တော့ ဝလာဒက်က မတ်တတ်ရပ်ရန် အားယူကြည့်လိုက်သည်။ သို့သော် ရပ်၍မရတော့။ ဒူးဆစ်ကျိုးပြီး အရုပ်ကြိုးပြတ် ပုံလျက်သား လဲကျသွားတော့သည်။

◇ ◇ ◇

ဝလာဒက်သည် သတိပြန်ရလာသောအခါ သူ့ကိုယ်သူ အခန်းကလေးထဲမှ ခုတင်ပေါ်တွင် ရောက်နေသည်ကို တွေ့ရသည်။ အဖြူရောင် အပေါ်ကျိုရှည်ကြီးများ ဝတ်ထားသော လူသုံးယောက်က သူ့ကိုစမ်းသပ်စစ်ဆေးနေကြသည်။ သူတို့ပြောသောစကားကို ဝလာဒက်က တစ်ခွန်းမှ နားမလည်။

သူ့ကိုယ်သူ ပြန်ကြည့်လိုက်သည်။ တစ်ကိုယ်လုံး မီးသွေးမှုန့်တွေနှင့် လူးနေပြီး ခြေထောက်တွင်လည်း သွေးတွေ ပေကျံနေဆဲဖြစ်သည်။ သူက ပက်လက်အိပ်နေရာမှ ထထိုင်ရန် ကြိုးစားသည်။ မုတ်ဆိတ်ဖွားဖွား၊ ပိန်ပိန်သွယ်သွယ်နှင့် အင်္ကျီဖြူဝတ် အသက်အကြီးဆုံး ပုဂ္ဂိုလ်က သူ့ရင်ဘတ်ကိုဖိ၍ အိပ်ရာပေါ်ပြန်အိပ်ခိုင်းသည်။ ထိုပုဂ္ဂိုလ်ကြီးက ဝလာဒက်အား စကားပြောသည်။ ဝလာဒက်က ခေါင်းခါပြလိုက်သည်။ ထို့နောက် ရုရှစကားနှင့်ပြောသည်။ ဝလာဒက်က ခေါင်းခါပြလိုက်ပြန်သည်။ ဆရာဝန်ကြီးက ဂျာမန်စကားနှင့် ပြောပြန်သည်။ ဆရာဝန်ကြီးသည် ဂျာမန်စကားကို သူ့လောက်မတတ်ကြောင်း သိလိုက်ရသည်။

"မင်း ဂျာမန်စကား ပြောတတ်သလား"

"ဟုတ်ကဲ့... ပြောတတ်ပါတယ်"

"အား... ဒါပြင့် မင်းက ရုရှလူမျိုး မဟုတ်ဘူးကိုး"

"မဟုတ်ပါဘူး"

"ဒီတော့... မင်းက ရုရှမှာ ဘာသွားလုပ်တာလဲ"

"ကျွန်တော် အဲဒီက ထွက်ပြေးလာတာပါ"

"အိုး... လက်စသတ်တော့ ဒီလိုကိုး"

ဆရာဝန်ကြီးက သူ့အဖော်များအား သူတို့ဘာသာစကားနှင့် ပြန်ပြောနေသည်။ ထို့နောက် သူတို့ ပြန်ထွက်သွားကြသည်။

ခဏကြာတွင် သူနာပြုဆရာမတစ်ယောက် ဝင်လာသည်။ ဆရာမက ဝလာဒက်၏ တစ်ကိုယ်လုံးကို ရေပတ်တိုက်ပေးသည်။ ခြေထောက်မှ ဒဏ်ရာများကို ဆေးထည့်ပေးသည်။ ထို့နောက် ဝလာဒက်အား အိပ်နေရန်ပြောပြီး ပြန်ထွက်သွားသည်။

ဝလာဒက် ပြန်နိုးလာသောအခါ အခန်းထဲတွင် သူတစ်ယောက်တည်းသာရှိနေသည်။

သူသည် အခန်းမျက်နှာကြက်ကိုကြည့်ရင်း နောက်လုပ်ရမည့် လုပ်ငန်းစဉ်ကို စဉ်းစားနေသည်။ သူဘယ်နိုင်ငံ ဘယ်ဒေသရောက်နေမှန်း လုံးဝမသိ။ ဘေးမှ ပြတင်းပေါက်ကိုဖွင့်ကာ အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

ဈေးတန်းတစ်ခုကို မြင်ရသည်။ အိုဒက်ဆာမြို့နှင့် လုံးဝမတူ။ လူတွေက အသားမည်းကြသည်။ အဖြူရောင်ဝတ်ရုံရှည်ကြီးများ ဝတ်ထားကြသည်။ ခေါင်းပေါ်တွင်လည်း ရောင်စုံဦးထုပ်တစ်မျိုး ဆောင်းထားကြသည်။ ပန်းစိုက်အိုးကို မှောက်တင်ထားသည်နှင့်ပင် တူနေသည်။ ခြေထောက်တွင်တော့ ညှပ်ဖိနပ်များ စီးထားကြသည်။ မိန်းမတွေက တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံကြီးများ ဝတ်ထားပြီး မျက်နှာတစ်ပြင်လုံးဖုံးကာ မျက်စိနှစ်ပေါက်ကိုသာ ဖော်ထားကြသည်။ ဝလာဒက်က ဈေးတန်းတွင် စုပြုံးတိုးဝှေ့ကာ ဈေးဝယ်နေကြသည့် လူအုပ်ကြီးကို စိတ်ဝင်စားစွာ ကြည့်နေမိသည်။

ယင်းမြင်ကွင်းကို အတန်ကြာအောင် ကြည့်နေပြီးတော့မှ အဆောက်အအုံဘေးမှ အနီရောင်သံလှေကားကို သွား၍မြင်မိသည်။ သည်လှေကားမှဆင်းလျှင် မြေပြင်အထိ ရောက်နိုင်သည်။

သူသည် ခုတင်ပေါ်မှဆင်းကာ အခန်းတံခါးဝသို့ လျှောက်လာခဲ့သည်။ တံခါးရွက်ကို အသာကလေးဖွင့်ကာ အပြင်ဘက်သို့ ချောင်းကြည့်လိုက်သည်။ စင်္ကြံလမ်းပေါ်တွင် လူတွေလျှောက်သွားနေကြသည်။ တံခါးကို ဖြည်းဖြည်းပြန်ပိတ်လိုက်သည်။ ထို့နောက် အခန်းထောင့်ရှိ ဗီရိုကိုဖွင့်ကာ သူ့အဝတ်အစားတွေကို ထုတ်ယူသည်။ ဆေးရုံဝတ်စုံကိုချွတ်ပြီး သူ့အဝတ်တွေကို ပြန်ဝတ်သည်။ သူ့အဝတ်တွေပေါ်တွင် မီးသွေးမှုန့်များ ပေကျံနေတုန်းရှိသေးသည်း

ပြတင်းပေါက်သို့ ပြန်လာပြီး ပြတင်းတံခါးကိုဖွင့်သည်။ ထို့နောက် မီးအန္တရာယ်ကာကွယ်ရေး လှေကားမှတစ်ဆင့် အောက်သို့ဆင်းလာခဲ့သည်။

အောက်သို့ရောက်တော့ ပြေးရန် ခြေလှမ်းပြင်ကြည့်သည်။ အားနည်းနေ၍ ခြေထောက်ကိုပင် မလှမ်းချင်အောင် ဖြစ်နေသည်။ သို့နှင့် ဆေးရုံကိုပြန်လှည့်မကြည့်တော့ဘဲ ဖြည်းဖြည်းလျှောက်ကာ ဈေးခင်းထဲမှ လူအုပ်ကြီးထဲ ဝင်ရောလိုက်သည်။

ဈေးတန်းထဲမှ စားစရာတွေကို လျှာရည်တမြားမြားနှင့် ခဏရပ်ကြည့်နေပြီးနောက် လိမ္မော်သီးနှင့် သစ်သီးများ ဝယ်စားရန် ဆုံးဖြတ်လိုက်သည်။

သူသည် ကုတ်အင်္ကျီအနားခေါက်တွင် ဝှက်ထားသော ပိုက်ဆံကို စမ်းကြည့်လိုက်သည်။ ပိုက်ဆံရော ငွေလက်ကောက်ကွင်းပါ တစ်ခုမှမရှိတော့။ ဆေးရုံက ဆရာဝန်တွေ ယူထားလိုက်ခြင်း ဖြစ်မည်။ ဆေးရုံသို့ ပြန်သွားပြီးနောက် ပြန်တောင်းရကောင်းမည်လားဟု တွေးကြည့်သည်။ သို့သော် တစ်ခုခု စားသောက်ပြီးမှသွားရန် ဆုံးဖြတ်လိုက်သည်။ အင်္ကျီအိတ်ထဲတွင် ပိုက်ဆံအကြွေအနည်းအပါးတော့ ရှိနိုင်သေးသည်။ အင်္ကျီအိတ်တွေကို အကုန်လိုက်နှိုက်ကြည့်သည်။ တော်ပါသေးရဲ့။ ဘုရားမလို့။ ရှူဘယ် ငါးဆယ်တန် သုံးရွက်နှင့် အကြွေတွေကျန်နေသေးသည်။ ပိုက်ဆံများများနှင့်အတူ မြေပုံစာရွက်နှင့် ငွေလက်ကောက်ကိုလည်း ပြန်တွေ့ရသည်။ အလွန်ဝမ်းသာသွားပြီး လက်ကောက်ကို လက်ထဲပြန်စွပ်ကာ တံတောင်ဆစ်အပေါ်အထိ ပင့်တင်ထားလိုက်သည်။

ထို့နောက် ဈေးဆိုင်တစ်ဆိုင်နား ကပ်သွားပြီး လိမ္မော်သီးအကြီးကြီးတစ်လုံးနှင့် သစ်ကြား

သီးအချို့ကို လှမ်းယူလိုက်သည်။ ဆိုင်ရှင်က သူ့အား တစ်စုံတစ်ရာပြောသည်။ သူက လုံးဝနားမလည်။ သို့ဖြင့် သူက ရူဘယ် ငါးဆယ်တန်တစ်ရွက်ကို ကမ်းပေးလိုက်သည်။ ဆိုင်ရှင်က ပိုက်ဆံကိုကြည့်ပြီးရယ်သည်။ ပြီးတော့ လက်နှစ်ဖက်ကို အပေါ်မြှောက်၍ "အလ္လာ...အလ္လာ" ဟုလည်း ရေရွတ်သည်။

ဆိုင်ရှင်က ဝလာဒက်လက်ထဲမှ သစ်သီးများကို ပြန်ယူပြီး လက်ညှိုးတယမ်းယမ်းနှင့် နှင်ထုတ်နေသည်။ ဝလာဒက်က စိတ်ပျက်စွာဖြင့် ပြန်ထွက်လာခဲ့သည်။ ဘာသာစကား မတူသော နေရာတွင် သုံးစွဲသောပိုက်ဆံလည်း မတူဆိုသည်ကို ယခုမှ သိရတော့သည်။ သူသည် ရုရှတွင် နေခဲ့စဉ်က အလွန်ဆင်းရဲခဲ့သည်။ ယခုတော့ ရူဘယ် ၁၅၀ ကျော် လက်ထဲကိုင်ပြီး တကယ့် ငမွဲကြီးဖြစ်နေရပြီ။

သည်လိုနေလို့တော့ မဖြစ်တော့။ ဗိုက်ထဲက တကြုတ်ကြုတ်မြည်ကာ အလွန်ဆာလှပြီ။ တစ်ခုခုတော့ စားဖြစ်အောင် စားရမည်။ လိမ္မော်သီးတစ်လုံးလောက်တော့ ခိုးဖြစ်အောင် ခိုးရတော့မည်။ ဆိုင်ရှင်မိသွားလျှင်လည်း ပြန်ပစ်ပေးခဲ့ပြီး လက်လွတ်ထွက်ပြေးမည်။

သူသည် စတီဖင်နှင့် လုပ်ခဲ့ကြသည့်နည်းအတိုင်း အစွန်ဆုံးမှ ဈေးဆိုင်နားသို့ ကပ်လာခဲ့သည်။ သို့သော် သူက စတီဖင်လိုတော့ မင်သေသေနှင့် မလျှောက်တတ်။ စိတ်ထဲမလုံမလဲဖြစ်နေမိသည်။

ဈေးသည်တွေ တစ်ဖက်လှည့်နေခိုက် အစွန်ဆုံးဆိုင်မှ လိမ္မော်သီးတစ်လုံး ဆတ်ကနဲနှိုက်ယူကာ ထွက်ပြေးသည်။ ချက်ချင်းပင် တစ်ဈေးလုံး ပွက်ပွက်ညံသွားသည်။ တစ်မြို့လုံးပြိုကာ သူ့နောက် ပြေးလိုက်လာကြသလား ထင်ရသည်။

ခြေထောက် ထော့နင်းထော့နင်းနှင့် ပြေးနေသော သူ့အား နောက်မှနေပြီး လူကြီးတစ်ယောက်က အတင်း ချုပ်ဖမ်းကာ မြေကြီးပေါ်သို့ တွန်းလှဲလိုက်သည်။ နောက်ထပ် လူလေးငါးခြောက်ယောက် ရောက်လာပြီး သူ့ကို လေးဘက်လေးတန်ကိုင်ကာ ဈေးတန်းထဲ ဆွဲခေါ်ယူလာကြသည်။

ဈေးဆိုင်နားတွင် ရဲသားတစ်ယောက် စောင့်နေသည်။ ဝလာဒက်အိတ်ထဲမှ ပိုက်ဆံတွေကို နှိုက်ယူသည်။ ရဲသားနှင့် ဆိုင်ရှင်တို့က တစ်ယောက်တစ်ပေါက် အော်ပြောနေကြသည်။ ပြီးတော့ ရဲသားက ဝလာဒက်ဘက်သို့လှည့်လာပြီး အော်ပြောပြန်သည်။ ဝလာဒက်က ဘာမှနားမလည်။

ရဲသားက ပခုံးနှစ်ဘက် တွန့်လိုက်ပြီး ဝလာဒက်၏ နားရွက်ကိုဆွဲကာ ခေါ်ထုတ်လာသည်။ ရပ်ကြည့်နေသူအချို့က ဝလာဒက်၏ မျက်နှာကို တံတွေးနှင့် လိုက်ထွေးကြသည်။

ရဲစခန်းရောက်တော့ ဝလာဒက်အား မြေအောက်ခန်းထဲ ပို့လိုက်သည်။ အခန်းက ကျဉ်းကျဉ်းကလေး။ အချုပ်သားက နှစ်ဆယ်သုံးဆယ်။ ခြေချစရာပင်မရှိအောင် ငပိသိပ် ငချဉ်သိပ်ဖြစ်နေသည်။

ဝလာဒက်က တခြားအချုပ်သားတွေကို လုံးဝစကားမပြော။ သူတို့ကလည်း ဝလာဒက်ကို စိတ်ဝင်စားဟန် တစ်ချက်ကလေးမျှ မပြကြ။ သူသည် နံရံကိုမှီကာ ထိုင်နေသည်။ အိပ်၍လည်း

မရ။ ထမင်းကိုလည်း တစ်နေ့နှင့် တစ်ညနေပြီးမှ စားရသည်။ မကောင်းသော အနံ့အသက်တွေကြောင့် ရင်ထဲမှပျို့တက်လာပြီး အန်သည်။ ဗိုက်ထဲတွင် ဘာအစာမှမရှိတော့။ သူ့ကိုယ်သူ သည်ဘဝမျိုးရောက်လိမ့်မည်ဟု စိတ်ကူးပင် မထည့်ခဲ့မိ။

နောက်တစ်နေ့မနက်ကျတော့ ရဲသားနှစ်ယောက် ရောက်လာပြီး သူ့ကို အချုပ်ခန်းထဲမှ ခေါ်ထုတ်ကာ တခြားအချုပ်သားတွေနှင့်အတူ တန်းစီခိုင်းသည်။ ပြီးတော့ လက်ကောက်ဝတ်တွင် တစ်ယောက်နှင့်တစ်ယောက် ကြိုးချည်ပြီး လမ်းမပေါ်သို့ ဆွဲထုတ်လာခဲ့ကြသည်။ လမ်းမပေါ်တွင် လူအုပ်ကြီးက စောင့်နေပြီး အကျဉ်းသားများကို မြင်သောအခါ လက်ခုပ်လက်ဝါးတီးကာ အော်ဟစ်ကြိုဆိုကြသည်။

သူတို့နောက်မှ လူအုပ်ကြီးက ဆက်လိုက်လာသည်။ အော်ဟစ်သံတွေကလည်း ဆက်တိုက်ပေါ်ထွက်နေသည်။

ဈေးကွက်လပ်ရောက်တော့ ရပ်ကြရသည်။ အစွန်ဆုံးမှ အကျဉ်းသားကို ကြိုးဖြတ်ပြီး ကွက်လပ်အလယ်သို့ ခေါ်သွားသည်။ လူတွေက တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။ ပွဲဈေးခင်းကြီးတစ်ခုလို ဖြစ်နေသည်။

ဈေးကွက်လပ်အလယ်သို့ ရောက်သောအခါ အကျဉ်းသားအား ရဲသားက တကောက်ခွက်ကို နောက်မှနေ၍ ခြေနှင့် ကန်လိုက်သည်။ အကျဉ်းသားသည် ဒူးထောက်လျက်အနေအထားသို့ ရောက်သွားသည်။ ဓားရှည်ကိုင်ထားသော လူသန် လူထွားကြီးတစ်ယောက်က အကျဉ်းသား၏ ညာဘက်လက်ကို သစ်သားစဉ်းနီးတုံးတွင် သားရေပတ်ကြိုးနှင့် ချည်လိုက်သည်။ ထို့နောက် လူထွားကြီးက ဓားရှည်ကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ပြီး အပေါ်မြှောက်ကာ တအားခုတ်ချလိုက်သည်။ လူအုပ်ကြီးက ညာသံပေး၍ အော်လိုက်ကြသည်။

အကျဉ်းသားကို ကြိုးဖြည်ပေးသည်။ သူသည် သွေးလွန်ပြီး မြေကြီးပေါ်တွင် လဲကျသွားသည်။ ရဲသားတစ်ယောက်က လူအုပ်အပြင်သို့ ဆွဲထုတ်သွားသည်။ အပြင်ဘက်တွင် ငိုနေသော မိန်းမတစ်ယောက်က အကျဉ်းသား၏ လက်ပြတ်ကို အဝတ်စုတ်တစ်ခုနှင့် ကမန်းကတန်း ပတ်ပေးလိုက်သည်။ ထိုမိန်းမသည် အကျဉ်းသား၏ မယား ဖြစ်မည်ဟု ဝလာဒက်က ခန့်မှန်းလိုက်သည်။

ဒုတိယအကျဉ်းသားမှာ လေးချက်မြောက်တွင် အကြောက်လွန်ပြီး နေရာတွင်ပင် အသက်ထွက်သွားသည်။ ပါးကွက်သား လူထွားကြီးမှာ အပြုံးပင်မပျက်။ သူ့အား လက်ဖြတ်လုပ်ငန်းလုပ်ကိုင်ရန် ပိုက်ဆံပေး၍ ခန့်ထားသည်မဟုတ်လား။

ဝလာဒက်က ကြောက်ကြောက်လန့်လန့်ဖြင့် လူအုပ်ကြီးထဲ လှမ်းကြည့်လိုက်သည်။ ထွက်ပြေးရန် နည်းလမ်းများရှိလေမလားဟု တွေးကြည့်သည်။ ထွက်ပြေးသူသည် ခြေထောက်တစ်ဖက်ကို အဖြတ်ခံရသည်ဟူသော ဤနိုင်ငံ၏ ဥပဒေကို သူက လုံးဝမသိ။

လူအုပ်ထဲတွင် ဝတ်ရုံနက် ဝတ်ထားသူတစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။ ထိုသူသည် ဥရောပတိုက်သား ဖြစ်နိုင်သည်။ ပြင်သစ်လား၊ ဂျာမန်လား၊ အင်္ဂလိပ်လား၊ ဒါမှမဟုတ် ပိုလန်သားလား မသိနိုင်။ သူက ဝလာဒက်နှင့် ကိုက် ၂၀ ခန့်အကွာမှ ရပ်ကြည့်နေသည်။ သူ့မျက်

နှာတွင် သဘောမကျသော အရိပ်လက္ခဏာတွေ ပေါ်လွင်နေသည်။ သို့သော် သူက ဝလာဒက်ဘက်သို့ လုံးဝမကြည့်။

ဝလာဒက်က လွတ်နေသော လက်တစ်ဖက်ကို မြှောက်ပြသည်။ ထိုသူက သူ့ဘက်သို့ လုံးဝလှည့်မကြည့်။

ဝလာဒက်၏ တစ်ယောက်ကျော်မှ အကျဉ်းသားကို ဆွဲခေါ်သွားပြန်သည်။ ဓားရှည်ကြီး အပေါ်မြောက်တက်သွားပြန်ပြီ။ ပြန်ကျလာပြီ။ လူထုထဲမှ အော်ဟစ်သံတွေ ဆူညံသွားသည်။

ဝလာဒက်က စောစောက ဝတ်ရုံနက်နှင့် ပုဂ္ဂိုလ်ကို သွေးရူးသွေးတန်း စိုက်ကြည့်နေသည်။ ထိုပုဂ္ဂိုလ်က ဝလာဒက်ဘက်သို့ လှည့်ကြည့်သည်။ ပြီးတော့ သူ့အဖော်နှင့် စကားပြောသည်။ အဖော်ဖြစ်သူကို ယခုမှ ဝလာဒက် မြင်မိသည်။

ဝလာဒက်ရှေ့မှ အကျဉ်းသားကို ဆွဲခေါ်သွားသည်။ ညာလက်ကို သားရေပတ်နှင့် ဆွဲချည်လိုက်သည်။

ဓားရှည်ကြီး အပေါ်မြောက်သွားပြီ။ ပြန်ကျလာသည်။

တစ်ချက်တည်းနှင့် တိကနဲ ပြတ်ထွက်သွားသည်။

ဝလာဒက်က ဥရောပသားနှစ်ယောက်ဆီသို့ ကြည့်လိုက်ပြန်သည်။ သူတို့နှစ်ယောက်ကလည်း ဝလာဒက်ကို ပြန်ကြည့်သည်။ သို့သော် သူ့ဆီသို့ကား မလာကြ။ သူ့ကိုသာ စိုက်ကြည့်နေကြသည်။

ရဲသားက ဝလာဒက်ဆီသို့ လျှောက်သွားပြီး ကုတ်အင်္ကျီကို ဆွဲချွတ်ကာ မြေကြီးပေါ် လွှင့်ပစ်လိုက်သည်။ ပြီးတော့... အင်္ကျီလက်ကို အပေါ်သို့ ခေါက်တင်လိုက်သည်။ ထို့နောက် ကွက်လပ်အလယ်သို့ ဆွဲခေါ်သွားသည်။ သစ်သား စဉ်းနီးတုံးကြီးရှေ့ ရောက်သောအခါ သူ၏ တကောက်ခွက်ကို ပစ်ကန်လိုက်ရာ မြေကြီးပေါ်သို့ ဒူးထောက်လဲကျသွားသည်။

သူ၏ ညာဘက်လက်ကို သားရေပတ်နှင့်ချည်လိုက်သည်။ ပါးကွက်သား၏ လက်ထဲမှ ဓားရှည်ကြီး အပေါ်သို့ မြောက်တက်သွားချိန်တွင် သူက မျက်လုံးကို စုံမှိတ်ထားလိုက်သည်။

ထိုအခိုက်တွင် သူ့လက်မောင်းမှ လက်ကောင်းကွင်း လျှောဆင်းလာပြီး သစ်သားတုံးပေါ်သို့ လာထိသည်။ လက်ကောက်ကွင်းသည် နေရောင်တွင် တလက်လက် တောက်နေသည်။ ပရိသတ်ထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ အာဏာသားက ဓားကို ပြန်ချပြီး လက်ကောက်ကွင်းကို စေ့စေ့စပ်စပ်ကြည့်သည်။ ဝလာဒက်က မျက်လုံးကိုဖွင့်ကြည့်သည်။ အာဏာသားက လက်ကောက်ကွင်းကို ချွတ်ရန် ကြိုးစားသည်။ သို့သော် သားရေပတ်ခံနေ၍ ချွတ်မရဖြစ်နေသည်။ ရဲသားတစ်ယောက် ပြေးလာပြီး လက်ကောက်ကွင်းကို ကြည့်နေပြန်သည်။ ပြီးတော့ တခြားတစ်ယောက်ဆီ ပြန်ပြေးသွားပြီး တစ်စုံတစ်ရာကို ပြောနေသည်။ နောက်ဆုံးပုဂ္ဂိုလ်က ရာထူးကြီးပုံပေါ်သည်။ သူက ဝလာဒက်ဆီသို့ ဖြည်းဖြည်းလျှောက်လာသည်။

သူက ဝလာဒက်၏ လက်မှ လက်ကောက်ကွင်းကို ကြည့်ပြီး တစ်စုံတစ်ရာ စကားပြောသည်။ ဝလာဒက် ဘာမှ နားမလည်။ သူက ပိုလန်စကားဖြင့် "ဆရာကြီးတို့ ဘာသာစကားကို ကျွန်တော် မပြောတတ်ဘူး" ဟု ပြန်ပြောလိုက်သည်။

ရဲအရာရှိက ဝလာဒက်အား အံ့သြသော မျက်နှာနှင့်ကြည့်ပြီး လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်ရင်း "အလ္လာ... အလ္လာ"ဟူ၍ အော်လိုက်သည်။

ထို့နောက် ရဲအရာရှိသည် ဥရောပသားဝတ်စုံနှင့် ပုဂ္ဂိုလ်နှစ်ယောက်ဆီသို့ လျှောက်သွားသည်။ ဝလာဒက်က ဘုရားတနေမိသည်။ ရဲအရာရှိက ဥရောပသားများနှင့် စကားပြောသည်။ ဥရောပသားတစ်ယောက်က ရဲအရာရှိနှင့်အတူ လိုက်လာသည်။ သူက ဝလာဒက်ဘေးတွင် ဒူးထောက် ထိုင်ချပြီး ငွေလက်ကောက်ကွင်းကို သေသေချာချာကြည့်သည်။ ဝလာဒက်သည် ရင်တထိတ်ထိတ်ခုန်နေသည်။ သူသည် ဘာသာစကား ငါးမျိုးတတ်သည်။ ဥရောပသားကြီးသည် သူတတ်သော ဘာသာစကားတစ်ခုခုကို ပြောတတ်ပါစေဟု ဆုတောင်းနေမိသည်။

ဥရောပသားသည် ရဲအရာရှိနှင့် စကားပြောသည်။ သူ့စကားကို ဝလာဒက် တစ်ခွန်းမှ နားမလည်။ သူတော်တော် စိတ်ဓာတ်ကျသွားမိသည်။ ပရိသတ်ကလည်း ဆူညံအော်ဟစ်နေသည်။ အချို့က ကွက်လပ်ဘက်သို့ သစ်သီးတွေနှင့်ပင် လှမ်းပစ်ကြသည်။

ရဲအရာရှိက ခေါင်းတညိတ်ညိတ်လုပ်သည်။ ဥရောပသားက ဝလာဒက်ဘက်သို့ ပြန်လှည့်ပြီး စကားပြောသည်။

"မင်း အင်္ဂလိပ်စကား ပြောတတ်သလား"

ယခုမှ ဝလာဒက် လည်ချောင်းထဲမှ အဆုံးကြီး ဟင်းကနဲ ကျသွားတော့သည်။

"ဟုတ်ကဲ့ ပြောတတ်ပါတယ် ခင်ဗျား၊ ကျွန်တော့် ဇာတိကတော့ ပိုလန်သားပါ"

"မင်းက ဒီလက်ကောက်ကွင်းကို ဘယ်လိုရလာတာလဲ"

"ကျွန်တော့် ဖေဖေပိုင်တဲ့ ပစ္စည်းပါ၊ ပိုလန်ကို ဂျာမန်တွေ ရောက်လာတော့ ဖေဖေက အချုပ်ခန်းမှာ သေဆုံးသွားခဲ့ပါတယ်၊ နောက်ပိုင်း ကျွန်တော်လဲ အဖမ်းခံရပြီး ရုရှအကျဉ်းစခန်းကို ပို့လိုက်ကြပါတယ်၊ ကျွန်တော်က ဒီကို သင်္ဘောစီးပြီး ထွက်ပြေးခဲ့ပါတယ်။ ထမင်းမစားရတာလဲ ကြာပါပြီ၊ ဈေးဆိုင်မှာ သစ်သီးဝယ်တော့ ကျွန်တော်က ရှဘယ်ပိုက်ဆံ ထုတ်ပေးပါတယ်၊ ဒါပေမယ့် ဆိုင်ရှင်က လုံးဝလက်မခံပါဘူး၊ ဒါနဲ့ ကျွန်တော်လဲ ဆာလွန်းလို့ အလစ်မှာ လိမ္မော်သီးတစ်လုံး ခိုးယူမိပါတယ်"

အင်္ဂလိပ်ကြီးက ထိုင်နေရာမှ ထရပ်လိုက်သည်။ ပြီးတော့ တူရကီရဲအရာရှိနှင့် စကားပြောသည်။ သူ့အသံက တော်တော်ကျယ်သည်။ အခြေအတင် ပြောနေရပုံမျိုး။ တော်တော်ကြာတော့မှ ရဲအရာရှိက ပါးကွက်သားဘက် လှည့်ပြီး တစ်စုံတစ်ရာ ပြောလိုက်သည်။ ပါးကွက်သားက ခြေမကိုင်မိ လက်မကိုင်မိဖြင့် ကြောင်တောင်တောင် ဖြစ်နေသည်။ ရဲအရာရှိက နောက်တစ်ကြိမ် အသံမာမာဖြင့် ပြောလိုက်တော့မှ ပါးကွက်သားက ဝလာဒက်၏ လက်ကို ကမန်းကတန်း ကြိုးဖြေပေးလိုက်သည်။

"ကဲ... လာ၊ ငါ့နောက်လိုက်ခဲ့၊ မြန်မြန်လျှောက်၊ သူတို့ စိတ်ပြောင်းသွားမှာ ကြောက်ရတယ်" အင်္ဂလိပ်ကြီးနောက်သို့ လိုက်လာခဲ့သည်။

လူအုပ်ကြီးက ဝလာဒက်အား လှမ်း၍အော်ဟစ်ကြသည်။ အချို့က ရရာပစ္စည်းများ နှင့် ကောက်ပေါက်ကြသည်။ နောက်ထပ် အကျဉ်းသားတစ်ယောက်လက်ကို ဖြတ်လိုက်တော့မှ လူ

အုပ်ကြီး အာရုံပြောင်းကာ မျက်နှာလွှဲသွားကြသည်။

အင်္ဂလိပ်ကြီးက ဝလာဒက်ကို လက်ဆွဲကာ လူအုပ်ထဲမှ ကမန်းကတန်း ဖြတ်ခေါ်လာသည်။ အပြင်ရောက်တော့ သူ့အဖော်က ဆီးမေးသည်။

"ဘယ်လို ဖြစ်သွားတာလဲ အက်ဒွပ်"

"ဒီကလေးက ပိုလန်သားလို့ ပြောတယ်ဗျ၊ ရှရှအကျဉ်းစခန်းက ထွက်ပြေးလာတာတဲ့ ကျုပ်က ဒီကလေးဟာ အင်္ဂလိပ်အမျိုးသားဖြစ်လို့ သူ့အတွက် ကျုပ်တို့မှာ တာဝန်ရှိတယ်ဆိုပြီး ရဲအရာရှိကို ညာပြောလိုက်တယ်။ ကဲ ကျုပ်တို့သံရုံးကို မြန်မြန်သွားကြစို့၊ ဒီသူငယ်ပြောတာ မှန်မမှန် သေချာအောင် စစ်ဆေးကြည့်ကြတာပေါ့"

သို့ဖြင့် ဝလာဒက်သည် ဈေးတန်းကိုဖြတ်ကာ အင်္ဂလိပ်နှစ်ယောက်ကြားမှ ခြေလှမ်းကျဲကျဲနှင့် လိုက်ပါလာခဲ့သည်။ "ဘုရင်ခုနစ်ပါးလမ်း"ထဲ ရောက်လာသည့်တိုင်အောင် အဝေးမှ လူအုပ်ကြီး၏ အော်ဟစ်သံတွေကို သဲ့သဲ့ကြားနေရသေးသည်။

အင်္ဂလိပ်နှစ်ယောက်သည် ကျောက်စရစ်ခင်းလမ်းကိုဖြတ်ကာ မွဲပြာရောင် အဆောက်အအုံကြီးတစ်ခုဆီသို့ လျှောက်လာကြသည်။ ဝလာဒက်လည်း သူတို့နောက်မှ လိုက်ခဲ့ရန် လက်ပြခေါ်သည်။

သူတို့သည် ခန်းမကြီးတစ်ခုထဲသို့ ဝင်လာကြသည်။ အခန်းနံရံပတ်ပတ်လည်တွင် စစ်ဗိုလ်ချုပ်ကြီးများ၏ ပုံတူ ပန်းချီကားများ ချိတ်ဆွဲထားသည်။ အစွန်းဆုံးမှပုံတွင် အပြာရောင် ရေတပ်ဝတ်စုံနှင့် ရွှေတံဆိပ်တွေ ရင်ဘတ်ပြည့်တပ်ထားသော ပုဂ္ဂိုလ်ကြီးကို မြင်ရတော့ သူ၏ ကျေးဇူးရှင် နယ်စားကြီးကို သွား၍ သတိရမိသည်။

တစ်နေရာမှ စစ်သားတစ်ယောက် ထွက်လာပြီး သူတို့အား အလေးပြုသည်။

"ရဲဘော် စမစ်သား ဒီကလေးကို ခေါ်သွားပြီး ရေချိုးပေးလိုက်ပါ၊ ပြီးတော့ ထမင်းပါ ကျွေးလိုက်၊ ထမင်းစားပြီးတော့ ငါ့ဆီ ပြန်ခေါ်လာခဲ့"

"ဟုတ်ကဲ့... ခင်ဗျား" စစ်သားက ဆလုရိုက်၍ ပြန်ပြောသည်။

"ကဲ... ချာတိတ်... ငါနဲ့လိုက်ခဲ့"

စစ်သားက ရှေ့မှ ထွက်သွားသည်။ ဝလာဒက်က ကျိုးနွံသောအမူအရာဖြင့် နောက်မှ လိုက်သွားသည်။ စစ်သားက သူ့အား သံရုံးအောက်ထပ်မှ အခန်းလေးတစ်ခန်းထဲ ခေါ်လာခဲ့သည်။ ပြီးတော့ အဝတ်လဲ၍ ရေချိုးရန်ပြောပြီး စစ်သားပြန်ထွက်သွားသည်။

မကြာမီတွင် စစ်သား ပြန်ဝင်လာသည်။ ဝလာဒက်က အဝတ်အစားလဲပြီး ခုတင်ကလေးတစ်ခုပေါ်တွင် အကျထိုင်ကာ ငွေလက်ကောက်ကို ပွတ်သပ် ကစားနေသည်။

"ဟေး... ချာတိတ်၊ မြန်မြန်လုပ်ပါ၊ မင်းက အနားယူစခန်း ရောက်နေတယ်များ မှတ်နေသလား"

"ခွင့်လွှတ်ပါ အစ်ကိုကြီး"

"ငါ့ကို အစ်ကိုကြီးလို့ မခေါ်ပါနဲ့၊ ငါ့နာမည်က တပ်ကြပ်စမစ်သားတဲ့၊ အဲဒီတော့ ငါ့ကို တပ်ကြပ်ကြီးလို့ပဲ ခေါ်ပါ"

"ကျွန်တော့်နာမည်က ဝလာဒက်ကော်စကေဝစ်ပါ၊ ကျွန်တော့်ကို ဝလာဒက်လို့ပဲ ခေါ်ပါ"

"လူကြီးကို မနောက်စမ်းပါနဲ့ကွ"

"သည်းခံပါ... တပ်ကြပ်ကြီးခင်ဗျား"

"ကဲ မြန်မြန်သာ လိုက်ခဲ့တော့"

တပ်ကြပ်ကြီး စမစ်သားက ဝလာဒက်အား နောက်ထပ် ရေချိုးခန်းတစ်ခန်းသို့ ပို့ပေးသည်။ သည်တစ်ကြိမ်တွင်မူ ရေနွေးနှင့် ဆပ်ပြာမွှေးတို့ဖြင့် တစ်ခမ်းတစ်နား ချိုးရသည်။ ဝလာဒက်က မော်စကိုမှ သူ၏ ကျေးဇူးရှင် ရုံပိုင်ကတော်ကို သတိရမိသည်။

မွှေးကြိုင်သန့်ရှင်းနေသော အဝတ်သစ်တစ်စုံကိုလည်း အဆင်သင့်တွေ့ရသည်။ မကြာခင် တပ်ကြပ်ကြီး စမစ်သား ပြန်ရောက်လာသည်။

ထို့နောက် တပ်ကြပ်ကြီးက ဝလာဒက်အား ထမင်းစားခန်းသို့ ခေါ်လာခဲ့သည်။ ထမင်းစားခန်းထဲတွင် ပန်းရောင်မျက်နှာ၊ ကိုယ်ခန္ဓာ ဝဝဖိုင့်ဖိုင့်နှင့် အမျိုးသမီး ထမင်းချက်က ပြုံးရွှင်စွာ နှုတ်ဆက်သည်။

"ဟဲလို သူငယ်၊ မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ဝလာဒက်ပါ ခင်ဗျား"

"ကောင်းတယ်၊ အဲဒီတော့... မင်းကို စွပ်ပြုတ်ပူပူ၊ အမဲသားကြော် ကောင်းကောင်းနဲ့ ကျွေးမယ်၊ အဝသာစားပေတော့၊ ဒါနဲ့ မစ္စတာပရင်ဒါဂတ်နဲ့ စကားပြောရင် သတိနဲ့ပြောပါ၊ သူက အလွန်စိတ်တိုတယ်၊ သူက အင်္ဂလိပ်လူမျိုးဖြစ်ပေမယ့် စိတ်ကောင်းတော့ ရှိပါတယ်"

"ဒါနဲ့ အန်တီက အင်္ဂလိပ်လူမျိုး မဟုတ်လား ဟင်"

"မဟုတ်ဘူးကွဲ့၊ ငါက စကော့လူမျိုး၊ အများကြီး ခြားနားတယ်၊ တို့က အင်္ဂလိပ်တွေကို ဂျာမန်တွေထက်တောင် မုန်းသေးတယ်" သူမက ရယ်ပြီးပြောသည်။ ပြီးတော့ ဝလာဒက်အား စွပ်ပြုတ်၊ အမဲသားနှင့် အသီးအနှံစုံဖြင့် ထမင်းကျွေးသည်။ ဝလာဒက်က ထမင်းဟင်းကို တော်သင့်ရုံသာ စားသည်။ အစားကြီးသည်ဟု အထင်သေးခံရမှာ စိုးရိမ်သောကြောင့် ဖြစ်သည်။

တပ်ကြပ်ကြီး စမစ်သား ပြန်ရောက်လာသည်။

"စားလို့ ကောင်းရဲ့လားဟေ့"

"ကောင်းပါတယ်..: တပ်ကြပ်ကြီး၊၊ အများကြီး ကျေးဇူးတင်ပါတယ်"

"အေး... ကောင်းတယ်၊ ကောင်းတယ်၊ ပြီးရင်... တို့သွားကြမယ်၊ မစ္စတာပရင်ဒါဂတ် ရှေ့မှာ တန်းစီဖို့ နောက်ကျနေဦးမယ်"

တပ်ကြပ်ကြီး အခန်းထဲမှ ပြန်သွားသည်။ ဝလာဒက်က စကော့လူမျိုး အမျိုးသမီး ထမင်းချက်ကြီးကို ရပ်ကြည့်နေသည်။ သူက တွေ့ခါစ လူတစ်ယောက်နှင့် ပြန်ခွဲခါနီး နှုတ်ဆက်ရမည်ကို ကြောက်နေသည်။ အထူးသဖြင့် သူတို့က ကိုယ့်အပေါ်တွင် အလွန်ကြင်နာမှုပြလျှင် ပိုဆိုးသည်။

"ကဲ သွားပေတော့ ကလေးရေ၊ မင်းအဖို့ ရောက်လေရာမှာ ကံကောင်းပါစေ"

"ကျေးဇူးတင်ပါတယ် အန်တီ၊ အန်တီကျွေးတဲ့ ထမင်းဟင်းတွေ သိပ်ကောင်းပါတယ်"

ထမင်းချက်ကြီးက ပြုံးပြသည်။ ဝလာဒက်က နောက်လှည့်ကာ အခန်းတံခါးဖွင့်ပြီး ပြန်ထွက်လာခဲ့သည်။

တပ်ကြပ်ကြီးက သူ့ကို အပြင်ဘက်မှ ရပ်စောင့်နေသည်။ နှစ်ယောက်သား ဆက်လျှောက်လာကြသည်။ တစ်နေရာတွင် ခမ်းနား၊သော ရုံးခန်းတစ်ခုကို တွေ့ရသည်။ တပ်ကြပ်ကြီးက တံခါးခေါက်လိုက်သည်။

"ဝင်ခဲ့' အတွင်းမှအသံ။

တပ်ကြပ်ကြီးက တံခါးဖွင့်ပြီး ဆလုရိုက်လိုက်သည်။

"ပိုလန်ကလေး ရောက်လာပါပြီ ခင်ဗျာ၊ ရေချိုးပြီးလို့ ထမင်းလဲ ကျွေးခဲ့ပြီးပါပြီ"

"ကျေးဇူးပဲ တပ်ကြပ်ကြီး၊ ဒါနဲ့ မစ္စတာဂရန့်ကို ကျုပ်အခန်း ခဏကြွပါလို့ ပြောလိုက်ပါဦး"

အက်ဒွပ်ပရင်ဒါဂတ်က ဝလာဒက်ကို စားပွဲမှ မော့ကြည့်သည်။ ကုလားထိုင်တွင် ဝင်ထိုင်ရန် လက်ပြသည်။ ပြီးတော့ စာရွက်တွေကို လှန်လှောကြည့်သည်။ ကုလားထိုင်တွင် ဝလာဒက်က ဝင်ထိုင်ပြီး မစ္စတာ ပရင်ဒါဂတ်ကို အကဲခတ်နေသည်။ ပြီးတော့ နံရံပေါ်မှ ပုံတူကားတွေကို တစ်ခုစီလိုက်ကြည့်နေသည်။ စစ်ဗိုလ်ချုပ်ကြီးများ၏ ပုံတူကားချပ်ကြီးတွေ တစ်ခန်းလုံးပြည့်နေသည်။ စောစောက တွေ့ခဲ့ရသော မုတ်ဆိတ်ဖွားဖွားနှင့် ဗိုလ်ချုပ်ကြီးပုံကိုလည်း တွေ့ရသည်။ သည်ပုံတွင်တော့ ကာကီရောင် ကြည့်တပ်ဝတ်စုံကို ဝတ်ထားသည်။

ခဏအကြာတွင် တခြားအင်္ဂလိပ်အမျိုးသားတစ်ယောက် ဝင်လာသည်။ လက်ဖြတ်ပွဲမှ အတူပြန်လာခဲ့ကြသော ပုဂ္ဂိုလ်ဖြစ်သည်။

"ထိုင်ပါဦးဟယ်ရီ" မစ္စတာပရင်ဒါဂတ်က ပြောသည်။ ပြီးတော့ ဝလာဒက်ဘက်သို့လှည့်ပြီး "ကဲ ဆရာလေး၊ မင်းအကြောင်းကို အစကအဆုံးအထိ ပြောစမ်းပါ၊ အပိုတွေ မပါစေနဲ့၊ အမှန်အတိုင်းသာပြော ကြားလား"

"ဟုတ်ကဲ့... ခင်ဗျာ"

ထို့နောက် ဝလာဒက်က သူ့ဘဝဇာတ်လမ်းကို ပိုလန်နိုင်ငံမှအစပြုကာ ပြန်လည်ပြောပြသည်။ သူက လိုရင်းတိကျအောင် အင်္ဂလိပ်စာလုံးတွေကို တော်တော်ကြာကြာ စဉ်းစားနေရသည်။ ပထမတွင် အင်္ဂလိပ်အမျိုးသားနှစ်ယောက်က မယုံချင်သလို အရိပ်လက္ခဏာများ တွေ့ရသည်။ သူတို့က ဝလာဒက်စကားကို မကြာခဏ ဖြတ်မေးကြသည်။ တစ်နာရီလောက် ကြာသွားသောအခါတွင်ကား ဝလာဒက်၏ ကိုယ်ရေးရာဇဝင်ကို တူရကီနိုင်ငံဆိုင်ရာ ဗြိတိသျှသံရုံးမှ ဒုတိယကောင်စစ်ဝန်အား အပြည့်အစုံ အစီရင်ခံပြီးဖြစ်သွားသည်။

"ဒီကိစ္စ ပိုလန်သံရုံးကို ချက်ချင်းအကြောင်းကြားသင့်တယ်ထင်တယ် ဟယ်ရီ" ဒုတိယကောင်စစ်ဝန်က ပြောသည်။ "သူတို့က ပိုပြီး တာဝန်ရှိလို့ ဒီသူငယ်ကို သူတို့ဆီ လွှဲပေးလိုက်တာက ပိုကောင်းလိမ့်မယ်"

"ဟုတ်ပါတယ် အက်ဒွပ်၊ အဲဒီလိုလုပ်တာ အကောင်းဆုံးပါပဲ" မစ္စတာဟယ်ရီဂရန့်က ပြန်ပြောသည်။ သူက ဝလာဒက်ဘက်သို့လှည့်ကာ..."ဒီမှာ သူငယ်၊ မင်းဟာ ဒီနေ့ လက်ဖြတ်

ပွဲက ကံကောင်းလို့ လွတ်လာတာ၊ ခိုးမှုကျူးလွန်တဲ့လူကို လက်ဖြတ်တာ ဒီနိုင်ငံရဲ့ ရှေးဟောင်း ဥပဒေတစ်ခုပဲ၊ ဒီဥပဒေကို ဖျက်ပယ်ထားတာတော့ ကြာပါပြီ၊ တကယ်ဆိုရင် ပြစ်မှုကျူးလွန်သူ တစ်ယောက်ကို ဒီပြစ်ဒဏ်မျိုးပေးတာလဲ အော်တိုမန်ရာဇသတ်ကြီးဥပဒေအရ ပြစ်မှုတစ်ခုပဲလို့ ပြဋ္ဌာန်းထားတယ်၊ ဒါပေမယ့် သူတို့က ဒီလို ပြစ်ဒဏ်ပေးတာကို အခုအထိ ဆက်သုံးနေကြတုန်းပဲ"

"ဒါနဲ့ ကျွန်တော့်လက်ကျတော့ သူတို့က ဘာဖြစ်လို့ မဖြတ်တာလဲခင်ဗျာ"

ဝလာဒက်က သူ့လက်ကောက်ဝတ်ကို ဆုပ်ကိုင်ကြည့်နေရင်းမှ ပြန်မေးလိုက်သည်။

ဤတွင် ဒုတိယကောင်စစ်ဝန် မစ္စတာပရင်ဒါဂတ်က ဖြတ်၍

"ငါက ရဲအရာရှိကို ပြောလိုက်တယ်၊ သူတို့အမျိုးသားတွေရဲ့လက်ကို ဥပဒေအရ ဖြတ်နိုင်ပေမယ့် အင်္ဂလိပ်အမျိုးသားတစ်ယောက်ကို ဖြတ်လို့မရဘူးလို့ ပြောလိုက်တယ်"

"ဘုရားသခင် ကျေးဇူးတော်ပါပဲ"

"ဘုရားသခင် ကျေးဇူးမဟုတ်ဘူးကွ၊ ငါ့ကျေးဇူးပါ ... ငါ့ကျေးဇူး" သူက ပြုံးပြီးပြောသည်။ ပြီးတော့ ဆက်ပြောသည်။ "အဲဒီတော့ မင်းဒီည ဒီမှာပဲ နေနိုင်တယ်၊ မနက်ဖြန်ကျတော့ ပိုလန် သံရုံးကို ပို့ပေးမယ်၊ တကယ်တော့ ဒီမြို့မှာ ပိုလန်သံရုံး အတိအကျ မရှိသေးဘူး၊ ကိုယ်စားလှယ်အဖွဲ့ပဲ ရှိသေးတာ၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ တို့သံရုံးရှေ့ကတိုက်မှာ နေတဲ့လူက စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ" ကောင်စစ်ဝန်က စားပွဲပေါ်မှ ခလုတ်ကို နှိပ်လိုက်သည်။ စောစောက တပ်ကြပ်ကြီး ပြန်ဝင်လာသည်။

"ဟုတ်ကဲ့ ခင်ဗျာ"

"တပ်ကြပ်ကြီး ဒီကလေးကို သူ့အခန်း ပြန်ခေါ်သွားပါ၊ မနက်ကျတော့ စားသောက်ပြီးတော့ ကိုးနာရီတိတိမှာ ငါ့ဆီ ပြန်ခေါ်လာခဲ့"

"ဟုတ်ကဲ့ ခင်ဗျား"

တပ်ကြပ်ကြီးက ဝလာဒက်အား ယခင်အခန်းကလေးထဲသို့ ပြန်ခေါ်လာသည်။ အခန်းမှာ ယခင်ကထက် သန့်ရှင်းသေသပ်နေသည်။ သူ့အား ဂုဏ်သရေရှိ ဧည့်သည်တစ်ယောက်သဖွယ် ဧည့်ခံပြုစုကြောင်း သိသာသည်။

ထိုနေ့က ဝလာဒက်သည် အခန်းကလေးထဲတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ရသည်။ တပ်ကြပ်ကြီး စမစ်သားရောက်လာတော့မှ အိပ်ရာမှ နိုးသည်။

"ကဲ ဆရာလေး၊ မြန်မြန်ထ၊ အနံ့အစော် မနံအောင် ရေမိုးချိုးလိုက်၊ နို့မဟုတ်ရင် မစ္စတာပရင်ဒါဂတ်က ဆီးဟောက်နေဦးမယ်"

ဝလာဒက်သည် ခုတင်ပေါ်မှ ဆင်းလာပြီး အဝတ်အစားလဲသည်။

"မင်းခြေထောက်က ဘာဖြစ်တာလဲ" တပ်ကြပ်ကြီးက မေးသည်။

"အို ဘာမှမဖြစ်ပါဘူး၊ ဘာမှမဖြစ်ပါဘူး"

"ဒါဖြင့်လဲ ပြီးရော၊ ငါ သုံးမိနစ်အတွင်း ပြန်လာခဲ့မယ်၊ သုံးမိနစ်ပဲနော်၊ ငါပြန်ရောက်ရင် အဆင်သင့် ဖြစ်နေပါစေ ဒါပဲ"

ဝလာဒက်သည် ရေမချိုးတော့ဘဲ မျက်နှာသစ်ပြီး ခြေလက်များ ဆေးကြောလိုက်သည်။ ပြီးတော့ အဝတ်အစားလဲပြီး ခုတင်စွန်းတွင်ထိုင်ရင်း အဆင်သင့်စောင့်နေသည်။ တပ်ကြပ်ကြီး စမစ်သားက အချိန်အတိအကျ ရောက်လာသည်။

ဝလာဒက်အား ဒုတိယကောင်စစ်ဝန် မစ္စတာပရင်ဒါဂတ် ရုံးခန်းသို့ တန်းခေါ်လာသည်။

"ဂွတ်မောနင်း... ကော်စကေဝစ်"

"ဂွတ်မောနင်း... ဆာ"

"ဘယ့်နှယ်လဲ၊ မနက်စာစားလို့ မြိန်ရဲ့လား"

"မနက်စာ မစားခဲ့ရသေးဘူးခင်ဗျား"

"ဟင်... ဘာဖြစ်လို့လဲ" မစ္စတာပရင်ဒါဂတ်က တပ်ကြပ်ကြီးဘက်သို့ ရှည့်ကြည့်လိုက်သည်။

"သူက အိပ်ချိန် လွန်သွားပါတယ် ခင်ဗျား၊ အဲဒါ ဒီကို ခေါ်လာဖို့ နောက်ကျနေမှာစိုးလို့ မနက်စာ မကျွေးခဲ့တော့ပါဘူး"

"ဪ... ဒီလိုလား၊ ဒါဖြင့်လဲ တစ်ခုခု စီစဉ်ကြတာပေါ့၊ မစ္စက်ဟင်ဒါဆင်ကို ပြောလိုက်ပါဦး၊ လိမ္မော်သီးဖြစ်ဖြစ်ပေါ့၊ တစ်ခုခုပေါ့"

"ကောင်းပါပြီခင်ဗျား"

ဝလာဒက်နှင့် ဒုတိယကောင်စစ်ဝန်တို့သည် စကြ်ဆောင်ကိုဖြတ်ကာ သံရုံးရှေ့သို့ လျှောက်လာခဲ့ကြသည်။ ရုံးရှေ့ ကျောက်ခင်းကွက်လပ်တွင် အနက်ရောင် အော်စတင် ကားကလေးတစ်စီး ရပ်ထားသည်။ တူရကီတစ်နိုင်ငံလုံးတွင် အင်ဂျင်စက်ဖြင့်မောင်းသော မော်တော်ကား အနည်းငယ် ခန့်သာရှိသည့်အနက် တစ်စီးအပါအဝင်ဖြစ်သည်။ ဝလာဒက်အဖို့လည်း တစ်သက်တွင် ပထမဆုံးအကြိမ် စီးဖူးသောကားဖြစ်သည်။ ဝလာဒက်က ဗြိတိသျှသံရုံးမှ ထွက်ခွာသွားရမည်ကို စိတ်မကောင်းဖြစ်နေသည်။ သူ့ဘဝလုံခြုံမှုကို ပထမဆုံးပေးခဲ့သော ဌာနဖြစ်၍ သံယောဇဉ်တွယ်နေမိပြီ။

တပ်ကြပ်ကြီးက လှေကားမှ ပြေးဆင်းလာပြီး ဒရိုင်ဘာအခန်းတွင် ဝင်ထိုင်လိုက်သည်။ ပြီးတော့ ဝလာဒက်အား သစ်တော်သီးတစ်လုံးနှင့် ပေါင်မုန့်တစ်လုံး ကမ်းပေးသည်။

"ကားပေါ်မှာ ပေါင်မုန့်တွေတော့ မကျစေနဲ့ ဆရာလေး၊ ထမင်းချက်အမျိုးသမီးက မင်းကို နှုတ်ဆက်လိုက်ပါတယ်တဲ့"

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်ဗျာ"

ကားကလေးသည် ပူအိုက်၍ လူသွားလူလာ ရှုပ်ထွေးသော လမ်းမကြီးပေါ်တွင် အရှိန်နှင့် ပြေးလာခဲ့သည်။ ဘေးတံခါးဖွင့်ထားသော်လည်း ဝလာဒက်မှာ ချွေးပြန်နေသည်။ မစ္စတာပရင်ဒါဂတ်ကတော့ ဘာစကားမှမပြောဘဲ ငြိမ်၍ လိုက်လာသည်။

ကားကလေးသည် ဟောင်းနွမ်းနေသော တိုက်ကလေးတစ်လုံးရှေ့တွင် ထိုးရပ်သွားသည်။ ရုံးတံခါးဝတွင် 'ပိုလန်နိုင်ငံ ကောင်စစ်ဝန်ရုံး' ဟူ၍ ဆိုင်းဘုတ်တပ်ထားသည်။ ဝလာဒက်၏ ရင်ထဲတွင် ဝမ်းသာဝမ်းနည်း ခံစားနေရသည်။

သုံးယောက်သား ကားပေါ်မှ ဆင်းလိုက်ကြသည်။

"သစ်တော်သီးအခွံတွေ ဘယ်ပစ်လိုက်လဲချာတိတ်" တပ်ကြပ်ကြီးက မေးသည်။

"ကျွန်တော် စားပစ်လိုက်ပြီခင်ဗျာ့"

တပ်ကြပ်ကြီးက ရယ်သည်။ ပြီးတော့ တံခါးခေါက်လိုက်သည်။ ဆံပင်နက်နက်၊ မေးရိုးကားကား၊ ဖော်ရွေသော မျက်နှာနှင့် လူသေးသေးကလေးတစ်ယောက်က တံခါးလာဖွင့်သည်။ သူ၏သည် ရှ ပ်လက်တိုဝတ်ထားသည်။ တူရကီနေပူဒဏ်ကြောင့် အသားအရက နီညိုညိုဖြစ်နေသည်။ သူက ပိုလန်စကားဖြင့် နှုတ်ဆက်သည်။ ဝလာဒက်အဖို့ အကျဉ်းစခန်းမှ ထွက်ပြေးလာပြီးသည့်အချိန်မှစ၍ ယနေ့အထိ ပထမဆုံးအကြိမ် ကြားရသော အမိနိုင်ငံ၏ ဘာသာစကားပင်ဖြစ်သည်။ သူက ခပ်မြန်မြန်ပင် အကျိုးအကြောင်း ရှင်းပြလိုက်သည်။ ပိုလန်သံရုံးမှ ပုဂ္ဂိုလ်က ဗြိတိသျှကောင်စစ်ဝန်ဘက်သို့လှည့်ကာ

"ဒီဘက်ကကြွပါ မစ္စတာပရင်ဒါဂတ်" သူက ပီသသော အင်္ဂလိပ်စကားနှင့် ပြောသည်။ "ဒီကလေးကို ကိုယ်တိုင်လာပို့တာ အများကြီး ကျေးဇူးတင်ပါတယ်"

ထို့နောက်တော့ သံတမန်ရေးရာ အလ္လာပ သလ္လာပစကားတွေ ပြောပြီးနောက် မစ္စတာပရင်ဒါဂတ်နှင့် တပ်ကြပ်ကြီးတို့ ပြန်ရန် ထိုင်ရာမှ ထကြသည်။ ဝလာဒက်က သူတို့အား စိုက်ကြည့်နေသည်။ တခြား ပို၍ကောင်းသော စကားလုံး ရှာမရ၍ "အများကြီး ကျေးဇူးတင်ပါတယ်ခင်ဗျား" ဟူ၍သာ ပြောလိုက်ရသည်။

မစ္စတာပရင်ဒါဂတ်က ဝလာဒက်၏ ပခုံးကို အသာပုတ်၍ ပြန်လည်နှုတ်ဆက်သည်။ တပ်ကြပ်ကြီးက တံခါးကို ပြန်ပိတ်ရင်းမှ "ကံကောင်းပါစေ... ချာတိတ်၊ မင်းကို ဘုရားသခင် စောင့်ရှောက်ပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် တပ်ကြပ်ကြီး၊ ကျွန်တော်ကလဲ ကံကောင်းပါစေလို့ ဆုတောင်းပါတယ်"

◇ ◇ ◇

ပိုလန်ကောင်စစ်ဝန်က သူ့ကိုယ်သူ ဝလာဒက်နှင့် မိတ်ဆက်သည်။ ကောင်စစ်ဝန်နာမည်မှာ ပါဝယ်ဇလက်စကီးဖြစ်ကြောင်း သိရသည်။

ဝလာဒက်က သူ့ဇာတ်ထုပ်ကို ဖြစ်ကြောင်းကုန်စင် ပြန်လည်ပြောပြရပြန်သည်။ သည်တစ်ကြိမ်တော့ ပိုလန်စကားနှင့်ပြောရ၍ ပို၍ လွယ်ကူချောမောသည်။ မစ္စတာဇလက်စကီးက စိတ်ဝင်စားကောင်းဟန်ဖြင့် ခေါင်းတညိတ်ညိတ်နှင့် နားထောင်သည်။

"အင်း... မင်းအဖြစ်က တကယ့် ကြေကွဲစရာပါလား၊ အရွယ်နဲ့ မလိုက်အောင် ခံစားရတဲ့ ဖြစ်ရပ်ပဲ၊ ကဲ... ဒီတော့... တို့က မင်းအတွက် ဘာကူညီရမလဲ၊ မင်း ဘယ်ကိုသွားပြီး ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ"

"ကျွန်တော် ပိုလန်ကို ပြန်ပြီး ရဲတိုက်ကြီးမှာပဲ ဆက်နေချင်ပါတယ်"

"ပိုလန်ပြန်မယ် ဟုတ်လား၊ အဲဒီမှာ အခု ဘာတွေဖြစ်နေသလဲ... မင်းသိရဲ့လား၊ မင်း

နေခဲ့တဲ့ ဒေသက အခုအချိန်မှာ ရှုရှုလက်အောက်ရောက်နေပြီ၊ အကောင်းဆုံးကတော့ အင်္ဂလန်ဖြစ်ဖြစ်၊ အမေရိကဖြစ်ဖြစ် သွားနေရင် အကောင်းဆုံးပဲ"

"ကျွန်တော်က အင်္ဂလန်မသွားချင်ဘူး၊ အမေရိကလဲမသွားချင်ဘူး၊ ကျွန်တော်က ပိုလန်သားပဲ၊ ပိုလန်ကိုပဲ ပြန်ချင်ပါတယ်"

"ပိုလန်သားဟာ ဘယ်မှာပဲနေနေ ပိုလန်သားပါပဲ... ဝလာဒက်၊ အရေးကြီးတာက မင်းဘဝ ရှေ့ရေးအတွက် အဆင်ပြေတဲ့နေရာမှာ နေဖို့ပါပဲ၊ မင်းဘဝက အခုမှ က,ကြီးကစရမဲ့ဘဝ မဟုတ်လား"

ဝလာဒက်က စိတ်ပျက်စွာဖြင့် ခေါင်းငုံ့ထားသည်။ ပြီးတော့ မျက်ရည်တွေ စီးကျလာသည်။

မစ္စတာ ဇလက်စကီးက ဝလာဒက်၏ ပခုံးပေါ်သို့ လက်တင်လိုက်သည်။

"မင်းဟာ ကံကောင်းတဲ့ လူတစ်ယောက်ပါ ကလေးရယ်၊ကပ်ကျော်လာတဲ့ လူတစ်ယောက်ပါ၊ ဒီအချက်ကို ဘယ်တော့မှ မမေ့ပါနဲ့၊ မင်းရဲ့ ကျေးဇူးရှင်ကြီး ဒေါက်တာ ဒူဘီယင်ကိုလဲ တစ်သက် မမေ့ပါနဲ့"

ဝလာဒက်က ဘာမှ ပြန်မပြော။

"ကဲ... ဘာပဲဖြစ်ဖြစ် အခုအချိန်ကစပြီး မင်းရဲ့ အတိတ်က ဖြစ်ရပ်တွေအားလုံး မေ့ပစ်လိုက်ပါတော့၊ အနာဂတ်အတွက်ကိုသာ စဉ်းစားတော့၊ ကံကောင်းရင် တစ်နေ့ကျတော့ မင်းချစ်တဲ့ နိုင်ငံကိုလဲ ပြန်ရောက်ရမှာပေါ့ ဟုတ်လား"

ဝလာဒက် ငြိမ်သက်မြဲ ငြိမ်သက်နေသည်။

မစ္စတာဇလက်စကီးက ကြင်နာသံဖြင့် ဆက်ပြောသည်။

"ကောင်းပြီလေ၊ လောလောဆယ် အပူတပြင်း ဆုံးဖြတ်ချက်ချဖို့ မလိုသေးပါဘူး၊ မင်းအနာဂတ်အတွက် ဘာလုပ်ရမယ်ဆိုတာ ဆုံးဖြတ်ချက်တစ်ခုချနိုင်အောင် ကြိုးစားပါ၊ ဒီအတွင်းမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ဒီမှာ နေနိုင်ပါတယ်"

✣

## (၁၀)

အယ်နီအဖို့ "ထိုင်နေရင် အကောင်းသား ထသွားမှကျိုး" ဘဝမျိုးနှင့် ရင်ဆိုင်တိုးနေရပြီ။ သူမသည် အနာဂတ်အတွက် ရတတ်မအေး တွေးပူနေရပြီ။

ဟင်နရီအော့စဘွန်းနှင့် လက်ထပ်စက ပျော်သလိုလို ရှိခဲ့ရပေမယ့် ယခုတော့ သူမမှာ ငိုနေရပြီ။

သားဖြစ်သူ ဝီလျံက ပထွေးအပေါ်တွင် တစ်နေ့တခြား ပို၍ပို၍သာ အတိုက်အခံပြုလာသည်။ သည်အတွက် အယ်နီ စိတ်မကောင်းဖြစ်ရသည်။ လင်ဖြစ်သူမှာလည်း ယခုအထိ တည်တည်တံ့တံ့ အလုပ် မလုပ်နိုင်သေး။ သည်အတွက်လည်း အယ်နီ စိတ်ဆင်းရဲနေရသည်။

သည်အကြောင်းကို စကားစပ်မိတိုင်း ဟင်နရီက ဝေ့လည်ချောင်ပတ်လုပ်ကာ ပြောချင်ရာ လျှောက်ပြောနေသည်။ သူသည် စစ်ကြီး၏ အနိဋ္ဌာရုံဖြစ်ရပ်များကို နဖူးတွေ့ ဒူးတွေ့ ကြုံခဲ့ရသူဖြစ်၍ ခေါင်းအေးအေးဖြင့် ကိစ္စတစ်ခုခုကို အာရုံစိုက်၍ မရနိုင်သေးကြောင်း၊ သူ့အနေဖြင့် အလုပ်တစ်ခုကို ဖုတ်ပူမီးတိုက်လည်း မလုပ်လိုကြောင်း... ဘာကြောင်း ညာကြောင်းတို့ကိုသာ အမြဲလိုလို ဆင်ခြေပေးနေသည်။ သည်အချက်ကို အယ်နီက လုံးဝလက်ခံ၍မရ။ ထို့ကြောင့်လည်း လင်မယားနှစ်ယောက် ပထမဆုံးအကြိမ် အကျယ်ကျယ်စကားများခဲ့ကြရသည်။

"ကျွန်မတော့ ရှင်လုပ်နေတာ လုံးဝနားမလည်ဘူး ဟင်နရီ၊ ကိုယ်ပိုင်အိမ်ငှား မြေငှားလုပ်ငန်း ဖွင့်မယ်ဆိုတာလဲ *အခုအထိ ဘာမှ အကောင်အထည်* ပေါ်မလာသေးဘူး"

"ငါ မလုပ်သေးတာက အကြောင်းမဲ့ မဟုတ်ပါဘူးကွာ၊ အချိန်အခါ မသင့်သေးလို့ စောင့်ကြည့်နေတာပါ၊ လောလောဆယ်မှာ အိမ်ငှားမြေငှားဈေးကွက်က ကျနေတယ် မဟုတ်လား"

"ရှင် ဒီစကားမျိုးပြောနေတာ တစ်နှစ်ပြည့်တော့မယ်၊ ဒီအတိုင်းဆိုရင် ရှင့်မှာ ရည်မှန်းချက်ပန်းတိုင်ဆိုတာများ ရှိပါသေးရဲ့လားလို့ ကျွန်မ စဉ်းစားမိတယ်"

"တစ်နေ့တော့ ဖြစ်ရမှာပေါ့ကွာ၊ ယုံစမ်းပါ၊ ငါ့မှာ အရင်းငွေ နည်းနည်းလိုနေသေးလို့ ဒီလောက်ကြာနရတာပါ၊ မင်းပိုင်ငွေထဲက ငါ့ကို နည်းနည်းချေးနိုင်မလား၊ ငါ အခုချက်ချင်း လုပ်ငန်းစမှာပဲ"

"ဒါတော့ လုံးဝမဖြစ်နိုင်ဘူး ဟင်နရီ၊ ရစ်ချတ်ရဲ့ သေတမ်းစာပါ စည်းကမ်းချက်တွေကို ရှင်သိပါတယ်၊ ကျွန်မ နောက်အိမ်ထောင်ပြုတဲ့နေ့မှာ အကျိုးခံစားခွင့်တွေ ရပ်စဲရမယ်လို့ ဆိုထားတယ် မဟုတ်လား၊ ကျွန်မ ကိုယ်ပိုင်ဆိုလို့ လုပ်ငန်း ရင်းနှီးငွေလောက်ပဲ ရှိတာ"

"အဲဒီအထဲက နည်းနည်းပါးပါးပဲ ချေးပါ အယ်နီရာ၊ မင်းရဲ့သားလေးမှာလဲ သူ့ပိုင်ငွေ သန်း ၂၀ ကျော်တောင် ရှိသေးတာပဲ၊ မင်းအနေနဲ့ စိုးရိမ်စရာ မရှိပါဘူး"

"ရှင်က ဝီလျံပိုင်တဲ့ ပိုက်ဆံတွေအကြောင်းကိုတောင် သိနေပါရော့လား" အယ်နီက သံသယအကြည့်ဖြင့် ပြန်ပြောလိုက်သည်။

"အို ဒီလိုမပြောစမ်းပါနဲ့ မိန်းမရာ၊ ငါက မင်းရဲ့ ပုဆိုးတန်းတင် လင်ယောကျ်ားတစ်ယောက်ပါ၊ ငါ့ကို သူစိမ်းတစ်ရံဆံ တစ်ယောက်လိုတော့ မဆက်ဆံချင်ပါနဲ့"

"ဒါနဲ့ ရှင့်ပိုက်ဆံတွေကရော ဘယ်ရောက်သွားပြီလဲ ဟင်နရီ၊ ရှင့်မှာ လုပ်ငန်းထူထောင်နိုင်လောက်တဲ့ အရင်းအနှီးတွေ ရှိပါတယ်လို့ ရှင်ကပဲ ခဏခဏ ပြောခဲ့တယ် မဟုတ်လား"

"ငါဟာ ရစ်ချတ်လို သုံးမကုန်အောင် ချမ်းသာတဲ့ လူတစ်ယောက်မဟုတ်ဘူးဆိုတာ မင်းသိပါတယ် အယ်နီရာ၊ မင်းကပြောတော့ ရှင့်မှာ ခြူးတစ်ပြားမှမရှိပေမယ့် ရှင့်ကို လက်ထပ်မှာပဲဆို၊ ခုတော့ ပိုက်ဆံစကား ပြောလာပြီပေါ့ ဟုတ်လား"

ဟင်နရီက ငေါ့၍ ပြောလိုက်သည်။ အယ်နီက မထိန်းနိုင်တော့ဘဲ ငိုချလိုက်တော့သည်။ ဟင်နရီက ပြန်ချော့သည်။

သူတို့နှစ်ယောက် တစ်နေ့လုံး သည်ကိစ္စကိုပဲ ဆက်ပြောနေကြသည်။ အယ်နီက လင်တော်မောင်၏ ရင်ခွင်ထဲမှာ မေးအိပ်ရင်း စဉ်းစားနေသည်။ သူမကိုယ် သူမ မိန်းမကောင်း မပီသဟု ထင်လာသည်။ သူမမှာ လိုသည်ထက် ပိုသောငွေတွေ အများကြီးရှိသည်။ ကိုယ့်ဘဝကို တစ်သက်လုံး ပုံအပ်ထားရမည့် လင်ယောကျ်ားတစ်ယောက်အတွက် နည်းနည်းပါးပါးများ မပေးနိုင်တော့ဘူးလား။

နောက်ဆုံးတော့ လင်တော်မောင် အချော့ကောင်း၍ အယ်နီတစ်ယောက် အရည်ပျော်ကျသွားသည်။ ဘော်စတွန်မြို့တွင် အိမ်ငှား မြေငှားလုပ်ငန်း စတင်ထူထောင်ရန် ဟင်နရီအား ဒေါ်လာ တစ်သိန်းချေးရန် ကတိပြုသည်။

နောက် တစ်လကြာတော့ မြို့လယ် နေရာကောင်းတစ်ခုတွင် ခန့်ညားသပ်ရပ်သော ရုံးခန်းတစ်ခု ဖွင့်လှစ်သည်။ အမှုထမ်းတွေခန့်သည်။ လုပ်ငန်းစတင်သည်။

မကြာမီတွင် ဟင်နရီသည် ဘော့စတွန်မြို့မှ နိုင်ငံရေးသမားများ၊ အိမ်ငှား မြေငှား၊ လုပ်ငန်းရှင်များနှင့် ရင်းနှီးကျွမ်းဝင်သွားသည်။ သူတို့က ယခုအချိန်တွင် လယ်ယာမြေလုပ်ငန်း စီးပွားဖြစ်နေကြောင်း ပြောပြီး ဟင်နရီအား မြှောက်ပေးကြသည်။ အယ်နီကတော့ ၎င်းတို့အား လူမှုရေး အပေါင်းအသင်းများအနေဖြင့် လုံးဝဂရုမစိုက်။ သို့သော်လည်း သူမ၏ ခင်ပွန်းသည်အနေ

ဖြင့် လုပ်ငန်းသစ်တွင် အောင်မြင်မှုရနေသည်ကို မြင်ရ၍ ဝမ်းသာမဆုံး ဖြစ်နေမိသည်။

◇ ◇ ◇

ယခုအခါ ဝီလျံမှာ အသက် ၁၄ နှစ်ပြည့်ခဲ့ပြီ။ စိန်ပေါလ်ကျောင်းတွင် သုံးနှစ် ပညာသင်ခဲ့ရပြီ။ တစ်တန်းလုံးတွင် အဆင့်ခြောက်ရပြီး သင်္ချာဘာသာတွင်ကား ပထမဆင့်ရသည်။ သူသည် စကားရည်လုပွဲအသင်းတွင်လည်း 'ပွဲတိုင်းကျော်သော စတား' ဖြစ်လာသည်။

မိခင်ဖြစ်သူထံသို့ တစ်ပတ်တစ်စောင် စာရေးသည်။ သူ့ပညာရေးတိုးတက်မှုကို အမြဲတမ်း အစီရင်ခံသည်။ မိခင်၏လိပ်စာတွင် 'မစ္စက်ဟင်နရီအော့စဘွန်း' ဟူ၍ ဘယ်တော့မှ မတပ်။ 'မစ္စက်ရစ်ချတ်ကိန်း' ဟူ၍သာ အမြဲတမ်းတပ်သည်။

သူ့သားလုပ်ပုံကို အယ်နီက သဘောမကျ။ သို့သော် အကျိုးအကြောင်း ပြောပြရန်လည်း မလုံသလို ဖြစ်နေသည်။ တနင်္လာနေ့တွင် စာပုံးမှ စာအိတ်များထုတ်ယူလျှင် ဟင်နရီ မမြင်အောင် အမြဲတမ်း ဝှက်ရသည်မှာ သူမအတွက် တစ်ဒုက္ခလို ဖြစ်နေသည်။

ဝီလျံအနေဖြင့် တစ်နေ့တော့ ပထွေးဖြစ်သူအား သဘောပေါက် နားလည်လာနိုင်မည်ဟု အယ်နီက မျှော်လင့်ထားသည်။ သို့ပေမယ့် တကယ့် ဖြစ်ရပ်က သူမ မျှော်လင့်သလို ဖြစ်မလာ။

နောက်ဆုံး ရောက်လာသောစာတွင် ဝီလျံက ကျောင်းပိတ်လျှင် အိမ်သို့မပြန်ဘဲ သူ့မိတ်ဆွေ မက်သယူးလက်စတာနှင့်ပင် အတူနေမည်ဖြစ်ကြောင်း ရေးထားသည်။ သည်အချက်သည် ရိုးရိုးမဟုတ်၊ ပထွေးမျက်နှာ မကြည့်ချင်၍ အကြောင်းရှာခြင်းဖြစ်ကြောင်း အယ်နီက ချက်ချင်း သဘောပေါက်လိုက်သည်။

သည်စာကို ဖတ်လိုက်ရတော့ အယ်နီအဖို့ ရင်ထဲ နင့်ကနဲ ခံစားလိုက်ရသည်။ သို့သော် သူမက သားဖြစ်သူ၏ဆန္ဒကိုတော့မတား။ ကြည်ကြည်ဖြူဖြူနှင့်ပင် ခွင့်ပြုလိုက်သည်။ ဟင်နရီကလည်း သဘောတူသည်။

အမှန်က ဝီလျံသည် ဟင်နရီအော့စဘွန်းအား မကြည့်ချင်အောင် မုန်းသည်။ ယင်းအမုန်းကို လျော့သွားအောင် လုံးဝမကြိုးစား၊ တိုးပွားအောင်သာ အမြဲတမ်းကြိုးစားနေသည်။ သည်ပြဿနာကို ဘယ်လိုဖြေရှင်းပစ်ရမှန်း သူလည်းမစဉ်းစားတတ်။ သူ့ကျောင်းသို့ ဟင်နရီ လုံးဝမလာခြင်းအတွက်တော့ အလွန်ကျေးဇူးတင်မိသည်။ သို့သော် သူ့မိခင်နှင့် ဟင်နရီတို့ တွဲသွားနေသည်ကို တခြားကျောင်းသားဖော်တွေက မြင်ခဲ့ရသဖြင့် သူ့ကို ပြန်ပြောကြသည်။ ထိုအခါမျိုးတွင် ဝီလျံမှာ အသားတွေ တဆတ်ဆတ်တုန်လာသည်အထိ မချိအောင် ခံစားရသည်။

ဒါကြောင့်လည်း သူက ပထွေးမျက်နှာကို လုံးဝမကြည့်ချင်ခြင်း ဖြစ်သည်။

◇ ◇ ◇

ဝီလျံနှင့် မက်သယူးတို့ နှစ်ယောက်သည် မက်သယူးတို့၏ ပက်ကက်ဒ်မော်တော်ကားကိုစီး၍ ဘားမွန့်မှ နွေရာသီအပန်းဖြေစခန်းသို့ ထွက်လာခဲ့ကြသည်။

"ဒါနဲ့ သူငယ်ချင်း၊ မင်း စိန်ပေါလ်ကျောင်းက (၁၀) တန်းအောင်ပြီးရင် ဘယ်လိုလုပ်

မယ်လို့ စိတ်ကူးထားသလဲ” မက်သယူးက မေးသည်။

“၁၀ တန်းအောင်ရင် ဟယ်မီလတန် အထိမ်းအမှတ် သင်္ချာ စကောလားရှစ်ဆုကို ရမှာ သေချာတယ်၊ အဲဒါဆိုရင် ဟားဗတ်တက္ကသိုလ်ကို သွားရမယ်”

“မင်းက အဲဒီလို ရအောင် တမင်ကြိုးစားခဲ့တာလား”

“ဟုတ်တယ်၊ တမင်ကြိုးစားခဲ့တာ”

“ဘာဖြစ်လို့လဲ”

“ဖေဖေက အဲဒီလိုဖြစ်အောင် ကြိုးစားဖို့မှာခဲ့လို့”

“ဒါဆို မင်းက ဘမျိုးဘိုးတူ လုပ်ချင်တဲ့လူပေါ့၊ မင်းက မင်းအဖေကို သိပ်ပြီး အထင်ကြီးနေလို့ပါ၊ နောက်တော့ ငါ့ကို အထင်ကြီးလာပါလိမ့်မယ်”

ဝီလျံက ဘာမှပြန်မပြောဘဲ ပြုံး၍သာ နေလိုက်သည်။

သူငယ်ချင်းနှစ်ယောက် ဗားမွန့်တွင် ချက်စ်အစ ဘောလုံးအဆုံး ကစားနည်းမျိုးစုံ ကစားကာ နှစ်ပတ်တိတိ အပန်းဖြေ အနားယူကြသည်။ အပြန်ကျတော့ နယူးယောက်မြို့ရှိ မက်သယူးတို့အိမ်သို့ ဝင်ကြသည်။ သူတို့အား ဘဏ္ဍာစိုးနှင့် ၁၂ နှစ်သမီးကလေးတစ်ယောက်တို့က ဆီးကြိုကြသည်။ ဘဏ္ဍာစိုးက မက်သယူးအား ‘သခင်လေး’ ဟုခေါ်ပြီး မိန်းကလေးက ‘ဖက်တီး’ ဟုခေါ်သည်ကို ကြားရတော့ ဝီလျံသဘောကျပြီး ရယ်မိသည်။ တကယ်တော့ မက်သယူးက အလွန်ပိန်ပြီး မိန်းကလေးက ဖိုးဝရုပ်လေးလို ဝသည်။ ဝီလျံရယ်တော့ မိန်းကလေးကလည်း ပြန်၍ ရယ်သည်။ သူကလေး၏ သွားဖုံးက မောက်နေ၍ သွားတွေကို မနည်းကြည့်မှ မြင်ရသည်။

“ဆူဆန်ဟာ ငါ့ညီမလို့ပြောရင်၊ မင်းယုံမှာ မဟုတ်ဘူး... ဝီလျံ” မက်သယူးက ပြောသည်။

“ဟုတ်တယ်၊ မယုံဘူး” သူက ဆူဆန်ကို ပြုံးကြည့်ရင်း “ဘယ်ယုံမှာလဲကွ၊ သူက မင်းထက် ချောတာကိုး”

ထိုအချိန်မှစ၍ ဆူဆန်ကလေးက ဝီလျံကို ခင်မင်သွားတော့သည်။ မစ္စတာ လက်စတာနှင့် တွေ့ရတော့ ဝီလျံက သူ့ဖခင်ကို သတိရမိသည်။ ဝီလျံက မစ္စတာ ချားလက်စတာအား ဘဏ်တိုက်ကြီးကို လိုက်ကြည့်ပါရစေဟု တောင်းပန်သည်။ မစ္စတာလက်စတာမှာလည်း ဝီလျံ၏ ဖခင်လိုပင် ဘဏ်လုပ်ငန်း ဥက္ကဋ္ဌဖြစ်သည်။ ဝီလျံ၏ မေတ္တာရပ်ခံချက်ကို မစ္စတာလက်စတာကလည်း ကြည်ကြည်ဖြူဖြူပင် လက်ခံသည်။ တကယ်ဆိုလျှင် နယူးယောက်မြို့ ဘရွတ်လမ်းကျယ်ကြီး၏ အမှတ် ၁၇ ခြံမြေအတွင်းရှိ ဘဏ်တိုက်ကြီး၏ ပရိဝုဏ်အတွင်းသို့ မည်သည့်ကလေးကိုမျှ ဝင်ခွင့်မပြုချေ။ အဆုံးအစွန် ဘဏ်ဥက္ကဋ္ဌသားဖြစ်သူ မက်သယူးပင် တစ်ခါမျှ မဝင်ဖူးခဲ့။ သို့သော်လည်း ဝီလျံအတွက်ကိုတော့ ဘဏ်လုပ်ငန်းရှင်တွေ လုပ်နေကျအတိုင်း ‘ပြေလည်အောင် ညှိ၍’ အထူးခွင့်ပြုခဲ့ခြင်းဖြစ်သည်။ မစ္စတာ လက်စတာက တနင်္လာနေ့ တစ်နေ့တွင် ဝီလျံအား ခေါ်သွားပြီး ဝေါလ်စထရိနယ်မြေရှိ ဘဏ်တိုက်ကြီးကို အနှံ့အပြား လိုက်လံပြသည်။

ဝီလျံမှာ ရုံးခန်းအဆောင်ဆောင်၊ လုပ်ငန်းအမျိုးမျိုး မြင်ရသောအခါ အထူးပင်စိတ်ဝင်စား

မိသည်။ မီးခံလုံခြုံခန်းများ၊ နိုင်ငံခြား ငွေလဲလှယ်ရေးဌာနများ၊ ဘဏ်အုပ်ချုပ်ရေး ဒါရိုက်တာလူကြီးများ၏ ရုံးခန်းများနှင့် ဘဏ်ဥက္ကဋ္ဌ၏ ရုံးခန်းများ စသည် စသည်တို့မှာ ဝီလျံအဖို့အားကျ မက်မောစရာတွေချည်း ဖြစ်နေသည်။

လက်စတာဘဏ်တိုက်မှာ ဝီလျံ မိသားစုပိုင်သော ကိန်းနှင့် ကဘော့ ဘဏ်တိုက်နှင့်ယှဉ်လျှင် ပို၍ ကြီးကျယ်ခမ်းနားနေသည်။ ရင်းနှီးမြှုပ်နှံငွေမှာလည်း ပို၍ များသည်။

အိမ်အပြန်တွင် ဝီလျံသည် စကားတစ်ခွန်းမှမပြောဘဲ ငြိမ်၍လိုက်လာခဲ့သည်။ သူသည် တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားလာခဲ့ခြင်းဖြစ်သည်။

"ဘယ့်နှယ် ဝီလျံ၊ ငြိမ်ချက်သား ကောင်းလှချည့်လား၊ ဦးတို့ဘဏ်တိုက်ကို လိုက်လည်ရတာ သဘောကျရဲ့လား" မစ္စတာ လက်စတာက ရင်းနှီးသော လေသံဖြင့် မေးလိုက်သည်။

"ဩော်... ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် သိပ် သဘောကျမိပါတယ်... ဦး" သူက ခဏစဉ်းစားနေပြီးမှ "တစ်နေ့မှာ ကျွန်တော်ဟာ ဦးတို့ဘဏ်တိုက်ရဲ့ ဥက္ကဋ္ဌဖြစ်လာရမယ်လို့လဲ ဆုံးဖြတ်မိပါတယ်ခင်ဗျာ"

မစ္စတာလက်စရာက ရယ်နေသည်။

ထိုနေ့က ညစာစားတော့ ဝီလျံကိန်းဆိုသည့် ကောင်ကလေးက တစ်နေ့တွင် သူ လက်စတာဘဏ်တိုက်ကြီး၏ ဥက္ကဋ္ဌဖြစ်လာရမည်ဟု ရည်မှန်းထားကြောင်းကို မစ္စတာ လက်စတာက အခြားပုဂ္ဂိုလ်များအား ပြန်လည်ပြောပြသည်။ သည်စကားကြရတော့ အားလုံးပင် ရယ်ကြသည်။ သူတို့က ဝီလျံ၏ စကားကို ပြက်လုံးတစ်ခုလောက်သာ သဘောထားကြသည်။

သို့သော် ဝီလျံကတော့ ယင်းစကားကို တကယ် နှလုံးသားထဲမှ ခံစားချက်နှင့် ပြောခဲ့ခြင်းဖြစ်သည်။ သည်အချက်ကို သူတစ်ယောက်တည်းသာ နားလည်သည်။

✧ ✧ ✧

ဟင်နရီအော့စဘွန်းက နောက်ထပ် သူ့ကို ငွေချေးပါဦးဟု လာပြောသောအခါ အယ်နီမှာ လန့်ဖျပ်သွားမိသည်။

"ဒီလုပ်ငန်းက တိုက်အိမ်ကြီးတစ်လုံး ဆောက်သလို စိတ်ချရပါတယ်၊ အယ်နီရယ်" ဟင်နရီက ဇနီးသည်အား လေပြေထိုးသည်။ "မယုံရင် အလန်လွိုက်ကို မေးကြည့်ပါ၊ မင်းအတွက် အလုပ်ဖြစ်မယ်ဆိုတာကို သူက ဘဏ်ဥက္ကဋ္ဌအနေနဲ့ အလေးအနက် ယုံကြည်ပါတယ်"

"ဒါပေမယ့် ငွေက ဒေါ်လာ နှစ်သိန်းခွဲတောင် ဆိုတော့ မများလွန်းဘူးလား ဟင်နရီ"

"ဒါက ရတောင့်ရခဲ အခွင့်အရေးပါ အချစ်ရယ်၊ နှစ်နှစ်အတွင်းမှာ နှစ်ဆမြတ်လာမယ်ဆိုတော့ ဒီလို ရင်းနှီးမြှုပ်နှံမှုမျိုး ဘယ်မှာ ရှိနိုင်ပါ့မလဲ၊ စဉ်းစားကြည့်စမ်းပါဦး"

သည်လိုနှင့် လင်မယားနှစ်ယောက် ထုံးစံအတိုင်း အကြာကြီး အပြန်အလှန် ငြင်းကြ၊ ခုံကြ၊ စကားများကြရပြီးသည့်နောက်မှာတော့ ထုံးစံအတိုင်းပင် အယ်နီက လက်လျှော့လိုက်ရပြန်သည်။

အယ်နီက သူမ၏ ဘဏ်ရင်းနှီးငွေစာရင်းကို ပြန်လည်စစ်ဆေးကြည့်သောအခါ ဒေါ်လာ

တစ်သိန်းလေးသောင်းသာ ကျန်တော့သည်ကို တွေ့ရသည်။ ဟင်နရီက သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းထားပြီးဖြစ်သည့်အပြင် သက်ဆိုင်ရာ လုပ်နည်းလုပ်ဟန်များကိုလည်း ဘောင်ဝင်အောင် စီမံထားပြီးသည်မှာ ထင်ရှားသည်။ သည်ကိစ္စအားလုံးကို ကိန်းနှင့်ကဘော့ဘက် ဥက္ကဋ္ဌသစ် အလန်လွှိုက်နှင့် ဆွေးနွေးကြည့်ရကောင်းမည်လားဟု စဉ်းစားမိသည်။ သို့ပေမယ့် နောက်တော့ သူမက သည်အကြံကို လက်လျှော့လိုက်သည်။ သူမက သူမ၏ ခင်ပွန်းကို အယုံအကြည်မရှိကြောင်း လူပုံအလယ်တွင် ဖြောင်ဖွင့်ချသလို ဖြစ်သွားမည်။ ပြီးတော့ အလန်လွှိုက်ကိုယ်တိုင် ခွင့်ပြုချက်မရဘဲနှင့် ဟင်နရီအနေဖြင့် သည်မျှ များပြားသော ငွေကို ချေးယူနိုင်မည်ဟုလည်း တွေးမိသည်။

အယ်နီမှာ ကလေးလိုချင်စိတ်ကလည်း နေ့စဉ်လိုပင်ဖြစ်ပေါ်နေသည်။ သို့နှင့် ဒေါက်တာမက်ကင်ဇီထံသွား၍ စစ်ဆေးခံသည်။ သို့သော် ဒေါက်တာက ကလေးလုံးဝမမွေးတော့ရန်ကိုသာ အကြံပေးသည်။ သွေးတိုးရောဂါရှိနေသောကြောင့် ကိုယ်ဝန်ပျက်ကျမည်မှာ သေချာသည်ဟုဆိုသည်။ ပြီးတော့ ယခုအခါ အယ်နီမှာ အသက် ၃၅ နှစ်ရှိနေပြီ။ သည်အသက်အရွယ်ရောက်တော့မှ နောက်ထပ် ကလေးတစ်ယောက်မွေးရန် မသင့်တော့ဟုလည်း ဒေါက်တာက အကြံပေးသည်။

အယ်နီက ဒေါက်တာပြောပြသမျှကို အဘွားကြီးနှစ်ယောက်အား ပြန်လည်ပြောပြသည်။ အဘွားကြီးများကလည်း ဒေါက်တာဘက်မှ ထောက်ခံကြသည်။ သူတို့နှစ်ယောက်စလုံးက မူလကပင် ဟင်နရီအော့စဘွန်းကို လိုလားကြသည်မဟုတ်။ ထို့ကြောင့် သူတို့ ကွယ်လွန်သွားပြီးသောအချိန်တွင် ဟင်နရီနှင့် မွေးဖွားသော အယ်နီ၏ ရင်သွေးတစ်ယောက်ယောက်က ကိန်းမိသားစု၏အမွေကို ခံစားထိုက်ပါသည်ဟု တောင်းဆိုလာမည့်အရေးကို သူတို့အနေဖြင့် စိတ်ကူးထဲပင် မထည့်ချင်ကြခြင်းဖြစ်သည်။

သည်တော့မှ အယ်နီက သူမ၏ ပြင်းပြသော ဆန္ဒစိတ်ကို ပယ်ထုတ်ပစ်လိုက်ပြီး ဝီလျံကိုသာ တစ်ဦးတည်းသော အမွေစား အမွေခံအဖြစ်နှင့် တစ်သက်လုံး ချစ်သွားတော့မည်ဟု စိတ်ကို တုံးတုံးချလိုက်သည်။

ဟင်နရီကတော့ အယ်နီအား အလွန်စိတ်ဆိုးပြီး သစ္စာဖောက်မဟုပင် စွပ်စွဲသည်။ တကယ်လို့ ရစ်ချတ်သာ အသက်ထင်ရှားရှိခဲ့လျှင် အယ်နီအနေဖြင့် ကလေးတစ်ယောက်မွေးဖြစ်အောင် မွေးဦးမည်မှာ သေချာသည်ဟုလည်း ပြောသေးသည်။

ဒီပုဂ္ဂိုလ်နှစ်ယောက် ဘယ်လိုများ ကွာခြားကြပါသလဲ။ အယ်နီက တွေးကြည့်မိသည်။ သူမအနေဖြင့်တော့ ဘယ်လိုမှ ကွာခြားချက်မရှိ။ သူမသည် နှစ်ယောက်စလုံးကိုပင် ချစ်လင်ခင်ပွန်းအဖြစ် မြတ်နိုးသည်။

ထို့ကြောင့် သူမက ဟင်နရီအားချော့ရသည်။ နှစ်သိမ့်စကားတွေ ပြောရသည်။ ဟင်နရီ၏ လုပ်ငန်းကြီး အောင်မြင်တိုးတက်ပါစေ၊ လုပ်ငန်းခွင်တွင် ဖင်မြဲပါစေဟုလည်း နေ့စဉ်ဆုတောင်းသည်။

အမှန်ပင် ဟင်နရီသည် တစ်နေ့တခြား အိမ်ပြန်နောက်ကျလာသည်။ တစ်ရက်တလေ

များ အိမ်သို့ပင် ပြန်မရောက်တော့။

◇ ◇ ◇

အောက်တိုဘာလ၏ နေ့တစ်နေ့။

ဟင်နရီနှင့် အယ်နီတို့၏ နှစ်နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့ ကျင်းပပြီး၍ နောက်တစ်နေ့ဖြစ်သည်။

ထိုနေ့တွင် အယ်နီထံကို 'မီးခဲ' စာတစ်စောင် ရောက်လာသည်။ ဘယ်သူ ရေးလိုက်သော စာမှန်းမသိ။ 'အမည်မသိ မိတ်ဆွေတစ်ဦး' ဟူ၍သာ လက်မှတ်ထိုးထားသည်။

ထိုစာတွင် ဟင်နရီသည် ဘော့စဘွန်မြို့တွင် တခြားအမျိုးသမီးများနှင့် တွဲခုတ်နေကြောင်း၊ အထူးသဖြင့် အမျိုးသမီးတစ်ယောက်နှင့် ပို၍ အတွဲများကြောင်း ရေးသားထားသည်။ သို့သော် ဘယ်အမျိုးသမီးဟူ၍တော့ စာက အတိအကျ ဖော်ပြမထား။

စာတွေက တစ်စောင်ပြီးတစ်စောင် ဆက်တိုက်ရောက်လာသည်။ အယ်နီက လာသမျှကို မီးရှို့ပစ်လိုက်သည်။ စိတ်ထဲတွင် သံသယတွေ ဝင်လာပြီ။ သို့သော်လည်း ဟင်နရီကိုတော့ ဖွင့်မမေးသေး။ စာတစ်စောင် ရောက်လာတိုင်း နောက်ဆုံးစာဖြစ်ပါစေဟုသာ စိတ်ထဲက ကျိတ်၍ ဆုတောင်းနေမိသည်။

သည်ကြားထဲ ဟင်နရီက သူ့အား နောက်ဆုံးအနေဖြင့် ဒေါ်လာတစ်သိန်းခွဲ ထပ်၍ ချေးပါဦးဟု တောင်းခံလာပြန်သည်။ သည်အချိန်တွင်တောင်မှ အယ်နီက အမည်မသိသူထံမှ စာတွေကိစ္စနှင့်ပတ်သက်၍ ဟင်နရီအား ထုတ်မမေးရဲ။ မေးရဲသော သတ္တိလည်း မရှိ။

"အဲဒီငွေကိုမရရင် ငါ့အနေနဲ့ လုပ်ငန်းကြီးတစ်ခုလုံး ရေစုန်မျောရတော့မယ် … အယ်နီ၊ ဒီတစ်ခါတော့ ငါ အထူးတောင်းပန်ပါတယ်၊ နောက်ဆုံးအနေနဲ့ အတတ်နိုင်ဆုံး ကူညီပါဦး အချစ်ရယ်" ဟင်နရီက တောင်းပန်သည်။

"ခက်တော့တာပဲ ဟင်နရီ၊ ကျွန်မမှာလဲ အဲဒါပဲ ကျန်တော့တယ်၊ အဲဒါအားလုံးပေးလိုက်ရင် ကျွန်မမှာ လက်ဖဝါး၊ ခြေဖဝါးပဲ ကျန်တော့မယ်"

"ဖြစ်နိုင်တဲ့ နည်းလမ်းတွေ အများကြီးရှိပါတယ်ကွယ်၊ ဒီအိမ်ကြီးတောင်မှ ဒေါ်လာနှစ်သိန်းကျော် တန်ပါတယ်၊ ဒီအိမ်ကြီးကို ပေါင်လိုက်ကြရအောင်နော်၊ မနက်ဖြန် ကိုယ်သွားပေါင်လိုက်ရင် ဖြစ်ပါတယ်"

"မဖြစ်ဘူး ဟင်နရီ၊ ဘယ်လိုမှ မဖြစ်ဘူး၊ ဒီအိမ်ကို ကျွန်မ မပိုင်ဘူး၊ ပိုင်ရှင်က ဝီလျံ"

"အေး… ဝီလျံ ဝီလျံ၊ အားလုံး ဝီလျံ၊ ဝီလျံနဲ့ တဝီလျံတည်း ဝီလျံနေကြတာချည့်ပဲ၊ ငါ့ရဲ့ အောင်မြင်မှုလမ်းကြောင်းကို ပိတ်ဆို့ထားတာလဲ ဒီဝီလျံပဲ" ဟင်နရီက ဒေါသကို မထိန်းနိုင်တော့၍ သံကုန်အော်ပြီး ပြောလိုက်သည်။

ထိုနေ့က သူသည် ညသန်းခေါင်ကျော်မှ အိမ်သို့ပြန်ရောက်လာသည်။ သူ့ပုံက အကြီးအကျယ် စိတ်ဓာတ်ကျနေသည့် ပုံမျိုး။

ဟင်နရီက ထိုငွေကို သူမယူတော့။ အယ်နီကပင် စိတ်ချမ်းသာသလို သိမ်းထားပါတော့ဟု

ပြောလာသည်။ သည်စကားကြားရတော့ အယ်နီ အလွန် စိတ်ချမ်းသာသွားသည်။ ပြီးတော့ နှစ်ယောက်သား အိပ်ရာဝင်ကြသည်။

မနက်ကျတော့ အယ်နီက ဟင်နရီအား ဒေါ်လာ တစ်သိန်းခွဲတန် ချက်တစ်စောင် လက်မှတ်ထိုး၍ပေးသည်။ သည်ငွေကိုသာ ပြန်မရလျှင်တော့ သူမအနေဖြင့် လက်ထဲတွင် ခြူးတစ်ပြားတောင် ကျန်တော့မည်မဟုတ်ဟူသော အတွေးကိုလည်း မတွေးမိအောင် မေ့ဖျောက်ထားလိုက်သည်။ သို့သော် သူမ အမွေရသောငွေအရေးအတွက်နှင့် ဟင်နရီတောင်းသော ငွေအရေးအတွက်ချင်း တိုက်တိုက်ဆိုင်ဆိုင် ထပ်တူထပ်မျှ ဖြစ်နေသည်ကိုတော့ သူမက မစဉ်းစားဘဲ မနေနိုင်ပါချေ။

✧ ✧ ✧

နောက်လတွင် အယ်နီ ရာသီသွေး ရပ်သွားသည်။

ဒေါက်တာ မက်ကင်ဇီက စိုးရိမ်မိသည်။ သို့သော် ဖွင့်၍တော့ မပြော။

အဘွားကြီးနှစ်ယောက်ကလည်း အလန့်တကြား ဖြစ်သွားသည်။ ဖွင့်၍လည်း ပြောကြသည်။

သို့သော် ဟင်နရီကတော့ လေချွန်နေပြီ။ သူအလွန်ဝမ်းသာနေပြီ။ သူ့တစ်သက်တာတွင် ဆန္ဒအပြင်းပြဆုံးဖြစ်သော ရင်သွေးတစ်ယောက် ရလာတော့မည်ဖြစ်၍ အယ်နီအား အလွန့်အလွန် ချစ်မြတ်နိုးရပါသည်ဟု ဇနီးဖြစ်သူကို ဂုဏ်တင်သည်။ ကလေးမွေးလာလျှင် ရစ်ချတ် မကွယ်လွန်ခင်က ပြောခဲ့သည့်အတိုင်း မက်ဆာချူးဆက် ဆေးရုံကြီးတွင် သီးသန့် ကလေးဆောင်တစ်ဆောင် တိုးချဲ့ဆောက်လုပ်၍ လှူဒါန်းမည်ဟုလည်း လှိုက်လှဲဝမ်းသာ ကတိပြုသည်။

သည်အကြောင်းကို မိခင်ဖြစ်သူက ဝီလျံထံသို့ စာလှမ်းရေးသည်။ စာဖတ်ပြီးတော့ ဝီလျံသည် ငိုင်သွားသည်။ လေးလေးနက်နက် စဉ်းစားသည်။ မက်သယူးကိုပင် စကားမပြော။

နောက်နေ့ စနေနေ့ နံနက်တွင် ဝီလျံသည် အတန်းပိုင်ဆရာထံမှ အထူးခွင့်တောင်းခံကာ ဘော့စတွန်သို့ ရထားစီး၍ လာခဲ့သည်။ ဘော့စတွန်ရောက်တော့ သူပိုင်ဘဏ်တိုက် စုငွေထဲမှ ဒေါ်လာတစ်ရာ ထုတ်ယူသည်။ ပြီးတော့ ဂျက်ဖာဆင်လမ်းမှ 'ကိုဟင်၊ ကိုဟင်နှင့် ယက်ဘလွန် ရှေ့နေလုပ်ငန်းဌာန' သို့ လာခဲ့သည်။ ရှေ့နေလုပ်ငန်းဌာန၏ အရေးပါဆုံး အစုရှယ်ယာပိုင်ရှင် မစ္စတာသောမတ်ကိုဟင်က ဝီလျံကို မြင်လိုက်တော့ အံ့သြနေသည်။ သူက ဝီလျံအား သူ့ရုံးခန်းထဲသို့ ခေါ်လာခဲ့သည်။

မစ္စတာစကိုဟင်ကပင် စတင်ပြောသည်။

"ကျုပ်တစ်သက်မှာ အခုလို ၁၆ နှစ်သားတစ်ယောက်က လာပြီးငှားရမ်းတာ ဒီအကြိမ် ပထမဆုံးပဲ၊ ကျုပ်အဖို့တော့ အတွေ့အကြုံသစ်ပဲ ဆိုပါတော့" သူက ခဏစဉ်းစားနေ ပြီးတော့မှ "ဒီမှာ မစ္စတာကိန်း၊ အမှန်အတိုင်း ဝန်ခံရရင် မောင်ရင်ရဲ့ အဖေဟာ ကျုပ်ရဲ့ ဘာသာရေးနဲ့ ပတ်သက်ပြီး စေတနာရှိတဲ့ လူတစ်ယောက်လို့ မဆိုနိုင်ပါဘူး၊ အဲဒီတော့"

ဝီလျံက ခပ်မြန်မြန်ဖြတ်၍

"ကျွန်တော့် ဖေဖေဟာ ဟီးဘရူးလူမျိုးတွေရဲ့ ကြီးကျယ်တဲ့ စွမ်းဆောင်မှုကို လေးစားတဲ့ လူတစ်ယောက်ပါ၊ အထူးသဖြင့် လူကြီးမင်းရဲ့ လုပ်ငန်းဌာနကိုတော့ အလေးအနက်ထားခဲ့ပါ

တယ်၊ သူ့ပါးစပ်ကလဲ မကြာမကြာ ထုတ်ဖော်ပြောပြခဲ့ဖူးပါတယ်၊ ဒါကြောင့်မို့လဲ ဒီဌာနကို ကျွန်တော် ရွေးချယ်လာရောက်တာ ဖြစ်ပါတယ်၊ ဒါဆိုရင် အကြောင်းလုံလောက်ပါပြီ"

မစ္စတာကိုဟင်က ဝီလျှ ၁၆ နှစ်သားအရွယ် လူငယ်တစ်ယောက်ဆိုသော အချက်ကို မေ့ထားလိုက်ပြီး...

"မှန်ပါတယ်... မှန်ပါတယ်၊ ရစ်ချတ်ကိန်းရဲ့သားအတွက် ခြွင်းချက်အနေနဲ့ အထူး ကူညီရမယ်လို့ ကျုပ် ခံစားမိပါတယ်။ ကိုင်း ဆိုပါဦး၊ ဘယ်လို ကူညီရမှာလဲ"

"ကျွန်တော်မေးတဲ့ မေးခွန်းသုံးခုကို ဖြေဆိုပါ မစ္စတာကိုဟင်၊ မေးခွန်း (၁) က ကျွန်တော့် မိခင်ဖြစ်တဲ့ မစ္စက် ဟင်နရီအော့စဘွန်းဟာ မကြာခင် သားဖြစ်စေ၊ သမီးဖြစ်စေ မွေး ပါတော့မယ်၊ တကယ်လို့ အဲဒီ ကလေးမွေးလာရင် အဲဒီကလေးအနေနဲ့ ကိန်းမိသားစုပိုင် ပစ္စည်းတွေကို အမွေဆိုင်နိုင်ပါသလား၊ မေးခွန်း (၂) က မစ္စတာဟင်နရီကိန်းဟာ ကျွန်တော့ မိခင်ကို လက်ထပ်လိုက်တဲ့အတွက် သူ့အပေါ်မှာ ကျွန်တော့်အနေနဲ့ တရားဥပဒေအရ တစ်စုံတစ်ရာ ထောက်ထားမှီခိုမှုရှိပါသလား၊ မေးခွန်း (၃)က ကျွန်တော် အမွေရထားတဲ့ အိမ်ကြီးဟာ ဘော့စ ဘွန်မြို့ထဲက လူးဝစ်စဘတ်ရိပ်သာမှာ ရှိပါတယ်၊ ကျွန်တော်ဟာ ဘယ်အသက်အရွယ်ရောက် ရင် မစ္စတာဟင်နရီအော့စဘွန်းကို အဲဒီ အိမ်ကြီးပေါ်က မောင်းချလို့ ရနိုင်မှာပါလဲ"

မစ္စတာကိုဟင်၏ ငှက်တောင်ကလောင်တံသည် သူ့ရှေ့မှ စာရွက်ပေါ်တွင် အရှိန်မြန်မြန် နှင့် ရွေ့လျားနေသည်။

ဝီလျံက စားပွဲပေါ်တွင် ဒေါ်လာတစ်ရာ တင်ထားလိုက်သည်။ ဥပဒေပညာရှင်ကြီးက အံ့အားသင့်သွားသည်။ သို့သော် သူက ပိုက်ဆံကို ကောက်ယူပြီး ရေတွက်ကြည့်သည်။

"ဒီငွေကို အဓိပ္ပာယ်ရှိရှိ အသုံးပြုပါ မစ္စတာကိုဟင်၊ ကျွန်တော် ဟားဗတ်တက္ကသိုလ် က ဆင်းပြီးတဲ့အခါ ရှေ့နေကောင်းတစ်ယောက် အမြဲတမ်းငှားထားဖို့ ရည်ရွယ်ချက်ရှိပါတယ်"

"အိုး... မောင်ရင်က အခု ဟားဗတ်တက္ကသိုလ် ရောက်နေပြီကိုး၊ ဂုဏ်ယူပါတယ် မစ္စတာကိန်း၊ ကျုပ်သားကိုလဲ အဲဒီရောက်အောင် ပို့မလို့ စိတ်ကူးထားတယ်"

"ကျွန်တော် အခု ဟားဗတ်ကို မရောက်သေးပါဘူး၊ နောက်နှစ်နှစ် ကြာမှ ရောက်မှာပါ၊ ကျွန်တော် နောက်တစ်ပတ်ကြာရင် ဘော့စတွန်ကို ပြန်လာပြီး လူကြီးမင်းနဲ့ တွေ့ပါဦးမယ်၊ ဒီအကြောင်းကို လူကြီးမင်းကလွဲပြီး တခြားတစ်ယောက်ယောက်ဆီက ကျွန်တော် ကြားရတယ်ဆို ရင်တော့ အဲဒီ ကြားရတဲ့နေ့ဟာ လူကြီးမင်းနဲ့ ကျွန်တော်နဲ့ ဆက်ဆံရေး နိဂုံးချုပ်တဲ့ နေ့ပဲလို့ သာ ယူဆပါတော့၊ ကျေးဇူးတင်ပါတယ် မစ္စတာကိုဟင်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

မစ္စတာကိုဟင်က ကျေးဇူးတင်စကား ပြန်မပြောလိုက်နိုင်မီမှာပင် ဝီလျံက ရုံးခန်းတံခါး ကို ဂျိမ်းကနဲ ပိတ်၍ ပြန်ထွက်သွားတော့သည်။

✧ ✧ ✧

ဝီလျံသည် နောက်ခုနစ်ရက်အကြာတွင် "ကိုဟင်၊ ကိုဟင်နှင့် ယက်ဘလွန်" ရှေ့နေလုပ်ငန်းဌာနသို့ ပြန်လာခဲ့သည်။

"အား မစ္စတာကိန်းပါလား" ရှေ့နေကြီး မစ္စတာသောမတ်ကိုဟင်က ဆီးကြိုနှုတ်ဆက်သည်။ "အခုလို ပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါနဲ့ ကော်ဖီ သုံးဆောင်ပါဦးလား"

"ကိစ္စမရှိပါဘူး၊ ကျေးဇူးတင်ပါတယ်"

"ဒါဖြင့် ကိုကာကိုလာဖြစ်ဖြစ် မှာလိုက်ရမှာလား"

ဝီလျံက ဘာမှ ပြန်မပြောဘဲ ကျောက်ရုပ်မျက်နှာမျိုးနှင့်သာ ရှေ့နေကြီးကို ကြည့်နေသည်။ ရှေ့နေကြီးက မသိမသာ မျက်နှာပျက်သွားပြီး

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ အလုပ်ကိစ္စပဲ ပြောကြတာပေါ့၊ မောင်ရင် မေးထားတဲ့ မေးခွန်းတွေကို ဖြေဆိုနိုင်ဖို့အတွက် ကျုပ်တို့က အလွန်ကျွမ်းကျင်တဲ့ ပုဂ္ဂလိက ထောက်လှမ်းရေး ကုမ္ပဏီတစ်ခုကို အကူအညီတောင်းခဲ့ရတယ်၊ မောင်ရင့် မေးခွန်းတွေက ပညာပိုင်းတော့ မဆန်ဘူး၊ ဒါပေမယ့် အဖြေတွေ ရထားပြီးပါပြီ၊ မစ္စတာအော့စတွန်းနဲ့ ရလာမယ့် မောင်ရင့်မိခင်ရဲ့ ကလေးဟာ ယောက်ျားကလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် ကိန်းမိသားစုပိုင် ပစ္စည်းခြံမြေ၊ အထူးသဖြင့် မောင်ရင့်ကို မောင်ရင့်ဖခင် အမွေပေးခဲ့တဲ့ ဘဏ္ဍာထိန်းငွေတွေကို တောင်းဆိုခွင့်ရှိသလား လို့ မောင်ရင်က မေးခဲ့တယ်၊ အလွယ်ဆုံးဖြေရရင်တော့ 'မရှိဘူး' ဆိုတာပဲ၊ ဒါပေမယ့်... မစ္စက်အော့စတွန်းကို မောင်ရင့်ဖခင် ပေးခဲ့တဲ့ ဒေါ်လာငါးသိန်းရှိတယ်၊ ဒီတော့ မစ္စက်အော့စတွန်း အနေနဲ့ အဲဒီငွေထဲက တချို့တစ်ဝက်ကို တစ်ယောက်ယောက်ကို ခွဲပေးချင်ရင်တော့ သူ့သဘော အတိုင်း ခွဲပေးနိုင် ခွင့်ရှိတယ်"

မစ္စတာကိုဟင်က ဝီလျံ၏ မျက်နှာကို မော့ကြည့်လိုက်သည်။ ပြီးတော့ ဆက်ပြောသည်။

"သို့သော် အဲဒီလို အခြေအနေမျိုးကို ဘယ်လိုမှ မရောက်နိုင်တော့ဘူး၊ ဒီအချက်ကို မောင်ရင် စိတ်ဝင်စားလိမ့်မယ် ဘာဖြစ်လို့လဲဆိုတော့ မစ္စက်အော့စတွန်းဟာ ကိန်းနှင့် ကဘော့ ဘဏ်မှာ အပ်နှံထားတဲ့ သူ့ရဲ့ ကိုယ်ပိုင်ငွေ ငါးသိန်းစလုံးကို လွန်ခဲ့တဲ့ ၁၈ လအတွင်းမှာ တစ်ပြားမကျန် ထုတ်ယူသွားပြီးပြီ၊ ဘာအတွက် ထုတ်ယူသွားတယ်ဆိုတာတော့ ကျုပ်တို့ မသိရသေးဘူး၊ တခြားဘဏ်တစ်ခုမှာ ပြောင်းပြီး အပ်နှံချင်လို့ ထုတ်သွားတာလဲ ဖြစ်နိုင်တယ်"

ရှေ့နေကြီး၏စကားကို ကြားလိုက်ရတော့ ဝီလျံသည် တော်တော်ကြီးကို အမူအရာပျက်သွားသည်။ သူက ပြန်ပြောလိုက်သည်။

"ဒါ လုံးဝမဖြစ်နိုင်ဘူး၊ တစ်ယောက်ယောက်အတွက် ထုတ်ပေးလိုက်တာပဲ ဖြစ်ရမယ်"

ရှေ့နေကြီးက ငြိမ်နေသည်။ ဝီလျံ ဘာဆက်ပြောမလဲ စောင့်နေခြင်းဖြစ်သည်။ သို့သော် ဝီလျံကလည်း ဘာမှမပြောတော့ဘဲ ငြိမ်မြဲငြိမ်နေသည်။ သည်တော့မှ ရှေ့နေကြီးက ပြောသည်။

"မောင်ရင်မေးတဲ့ ဒုတိယမေးခွန်းရဲ့ အဖြေကတော့ မောင်ရင့်အနေနဲ့ မစ္စတာအော့စတွန်း အပေါ်မှာ ပုဂ္ဂိုလ်ရေးအရရော၊ တရားဥပဒေအရရော ဘာတာဝန်မှ မရှိပါဘူး၊ မောင်ရင့် ဖခင်ရဲ့ သေတမ်းစာပါ စည်းကမ်းချက်တွေအရ မောင်ရင့် မိခင်က မောင်ရင့်ရဲ့ ခေါင်းကိုင်မိဘတွေ ဖြစ်ကြတဲ့ မစ္စတာအလန်လွိုက်၊ မစ္စက်ဂျွန်ပရက်စတန်ဆိုတဲ့ ပုဂ္ဂိုလ်တွေနဲ့အတူ မောင်ရင် အသက် ၂၁ နှစ် အရွယ်ရောက်တဲ့အထိ မောင်ရင့်ရဲ့ ဘဏ္ဍာထိန်းအဖွဲ့ဝင်တစ်ယောက် ဖြစ်တယ်"

ရှေ့နေကြီးက မျက်နှာမော့ကြည့်လိုက်ပြန်သည်။ သို့သော် ဝီလျံက ဘာအမူအရာမှ

မပြ။ သူကပင် ဆက်ပြောရမည့် လက္ခဏာဟု ရှေ့နေကြီးက သိလိုက်ပြီး...

"တတိယမေးခွန်းနဲ့ ပတ်သက်လိုတော့ မစ္စတာအော့စဘွန်းဟာ မောင်ရင့်မိခင်နဲ့ အကြင်လင်မယားအဖြစ် ရှိနေသမျှကာလပတ်လုံး၊ ဒါမှမဟုတ် သူတို့နှစ်ယောက်အတူတကွ နေနေသမျှ ကာလပတ်လုံး မစ္စတာအော့စဘွန်းကို မောင်ရင့်အိမ်က နှင်ချလို့ လုံးဝမရပါဘူး၊ မောင်ရင့်မိခင် ကွယ်လွန်သွားတဲ့နေ့မှာ ဒီအိမ်ကြီးဟာ မောင်ရင့်လက်ထဲ အလိုလိုရောက်လာရမှာပဲ၊ အဲဒီအချိန်မှာတော့ သူ့ကို နှင်ချလို့ရပြီ၊ ဒါဆိုရင် မေးသမျှ မေးခွန်းအားလုံးကို ကျေနပ်လောက်အောင် ဖြေဆိုပြီးပြီလို့ ထင်ပါတယ်"

"ကျေးဇူးတင်ပါတယ် မစ္စတာကိုဟင်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး လူကြီးမင်းရဲ့ ကျွမ်းကျင်မှုနဲ့ အမြော်အမြင်ရှိမှုအတွက် ကျွန်တော်လေးစားပါတယ်၊ ကဲ... ဒီအတွက် ကျွန်တော် ဘယ်လောက်ပေးရမယ်ဆိုတာ သိပါရစေ"

"အမှန်တော့ ဒီအလုပ်အတွက် ဒေါ်လာတစ်ရာနဲ့ မလုံလောက်ပါဘူး၊ သို့သော်လဲ ကျုပ်က မောင်ရင်ရဲ့ ရှေ့အလားအလာကို မြင်ပါတယ်၊ ဒီတော့"

"ကျွန်တော့်အတွက် ဘယ်သူ့အပေါ်မှာမှ တာဝန်တစ်ခု ဖြစ်မနေစေချင်ပါဘူး မစ္စတာကိုဟင်၊ လူကြီးမင်းအနေနဲ့ ကျွန်တော့်ကို နောက်ထပ်ဘယ်တော့မှ ပြန်မဆက်ဆံရတော့မယ့် လူတစ်ယောက်လို့ပဲ သဘောထားစေချင်ပါတယ်၊ ဒီတော့ ကျသင့်သလောက်ပေါ့၊ ကျွန်တော် ဘယ်လောက် ပေးရမှာလဲ"

ရှေ့နေကြီးက ခေတ္တစဉ်းစားနေသည်။ ပြီးတော့မှ

"ဒီလိုကိစ္စမျိုးမှာ ကျုပ်တို့က ဒေါ်လာ ၂၂၀ ထိ ယူပါတယ်"

ဝီလျံက ဘာမှ ပြန်မပြောတော့ဘဲ အတွင်းအင်္ကျီအိတ်ထဲမှ ဒေါ်လာ ၂၀ တန် ခြောက်ရွက်ယူပြီး ကမ်းပေးလိုက်သည်။ သည်တစ်ကြိမ်တွင်တော့ ရှေ့နေကြီးက ပိုက်ဆံကို ရေတွက်မကြည့်တော့။

"အခုလို ကူညီတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်၊ မစ္စတာ ကိုဟင်၊ အခွင့်ကြုံရင် နောက်လဲ တွေ့ကြပါဦးမယ်၊ မင်္ဂလာနေ့ပါ"

"မင်္ဂလာနေ့ပါ မစ္စတာကိန်း၊ ကျုပ်ကို စကားတစ်ခွန်းတော့ ပြောခွင့်ပြုပါဦး၊ ကျုပ်က မောင်ရင်ရဲ့ နာမည်ကျော် ဖခင်နဲ့ တစ်ခါမှ မဆုံလိုက်ရဘူး၊ အခုတော့ သားဖြစ်သူနဲ့ ဆုံနေ့ရပြီ...၊ အခုလို ဆုံရတာ ကျုပ်က ဂုဏ်ယူမိပါတယ်"

ဝီလျံက ပြုံးပြီး ပြန်ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် ခင်ဗျား"

◆ ◆ ◆

အယ်နီသည် ကလေးမီးဖွားရန် ပြင်ဆင်နေရသည်နှင့်ပင် လူမအား စိတ်မအားဖြစ်နေသည်။ သူမသည် ကလေးမီးဖွားရမည့်အတွက် စိတ်လှုပ်ရှားနေရသည်နှင့်အမျှ လင်တော်မောင်အတွက်လည်း စိုးရိမ်သောက ဖြစ်နေရသည်။

မယားဖြစ်သူက လုပ်ငန်းအခြေအနေ ကောင်းရဲ့လားဟု မေးကြည့်တိုင်းတွင်လည်း

ဟင်နရီက ကောင်းပါတယ်ဟု၍ တစ်မျိုးတည်းသော အဖြေကိုသာ အမြဲတမ်းပေးနေသည်။ ဘယ်တော့မှ အတိအကျမဖြေ။ အသေးစိတ် မဖြေ။

တစ်နေ့မနက်တွင်မှ အမည်မသိ မိတ်ဆွေတစ်ဦးထံမှ စာတွေရောက်လာပြန်သည်။ သည်တစ်ကြိမ်တွင်တော့ ဟင်နရီနှင့် တွဲနေသော အမျိုးသမီးများ၏ အမည်နာမနှင့် နေရာဒေသနတွေပါ အသေးစိတ် ပါလာသည်။ အယ်နီက ယင်းနာမည်တွေကို မှတ်ထားရန်ပင် စိတ်မကူးတော့ဘဲ အားလုံးကို မီးပုံရှို့ပစ်လိုက်သည်။ ယခုလို သူမ ကိုယ်ဝန်ရှိနေချိန်တွင် သူမ၏ ခင်ပွန်းသည် အနေဖြင့် သစ္စာဖောက်လိမ့်မည်ဟု သူမလုံးဝမထင်။ မနာလိုသူတစ်ယောက်ယောက်က ကြားဝင်ပြီး နှောင့်ယှက်နေခြင်းသာ ဖြစ်မည်ဟု ထင်သည်။

သို့သော်လည်း စာတွေကတော့ တစ်စောင်ပြီးတစ်စောင် ရောက်လာမစဲ ရောက်လာမြဲပင်။ တချို့စာများတွင် နာမည်သစ်တွေတိုးလာသည်။ အယ်နီက မီးရှို့မြဲ မီးရှို့ပစ်နေသည်။ သို့သော် စိတ်ထဲကတော့ သံသယမကင်းချင်တော့။ သည်ကိစ္စကို တစ်ယောက်ယောက်နှင့် ဆွေးနွေးကြည့်ချင်စိတ် ဖြစ်ပေါ်လာသည်။ သို့သော် ယုံကြည်စိတ်ချရမည့်သူဟူ၍ တစ်ယောက်မျှ စဉ်းစား၍ မရ...။ အဘွားကြီးနှစ်ယောက်က ဟင်နရီအပေါ်တွင် နဂိုကပင် မကျေမနပ် ဖြစ်နေကြသည်။ ဘဏ်ဥက္ကဋ္ဌ အလန်လွှိုက်ကျပြန်တော့လည်း လူပျိုကြီးဖြစ်၍ အိမ်ထောင်ရေးပြဿနာကို လုံးစေ့ပတ်စေ့ နားလည်နိုင်မည်မထင်။ ဝီလျံဆိုလျှင်လည်း အသက်က ငယ်သေးသည်။

တစ်ခါတွင် ကမ္ဘာကျော် စိတ်ပညာရှင်ကြီး ဆစ်ဂမွန်ဖရွိုက်၏ ဟောပြောပွဲသို့ သွားရောက်နားထောင်ရာမှ သူမ၏ ပြဿနာကို စိတ်ကုပါရဂူတစ်ယောက်ထံ သွားရောက်တိုင်ပင်ကြည့်ရကောင်းမည်လားဟု စိတ်ကူးမိသေးသည်။ သို့သော် ကိုယ့်မိသားစု အဆက်ဆက်တို့သည် မိသားစုပြဿနာကို သူစိမ်းတစ်ရံဆံတစ်ယောက်နှင့် ဘယ်တုန်းကမှ ဆွေးနွေးလေ့မရှိ။

သည်လိုနှင့် တစ်နေ့သောအခါတွင်တော့ ကြိုတင်ပြင်ဆင်မှုမရှိဘဲနှင့် သူမ၏ ပြဿနာကို ရင်ဖွင့်ရမည့် အခြေအနေများ စုပြုံပေါ်ပေါက်လာခဲ့လေသည်။ တနင်္လာနေ့တစ်နေ့တွင် အယ်နီထံသို့ စာသုံးစောင်ရောက်ရှိလာသည်။ ပထမစာက လာရိုးလာစဉ်စာ။ 'မစ္စက်ရစ်ချတ်ကိန်း' ဟူ၍ ထုံးစံအတိုင်း လိပ်စာတပ်ထားသော ဝီလျံထံမှစာ၊ထိုစာတွင်လာမည့် နွေရာသီကျောင်းပိတ်ရက်ရောက်လျှင် သူသည် အိမ်မပြန်တော့ဘဲ နယူးယောက်မြို့ရှိ မက်သယူးလက်စကာတို့ အိမ်သို့ပင် သွားနေတော့မည်ဖြစ်ကြောင်း ဝီလျံက ရေးသားထားသည်။

ဒုတိယစာမှာ... အညတရ မိတ်ဆွေတစ်ဦးထံမှ စာဖြစ်သည်။ ဟင်နရီသည် မိလီပရက်စတန် (မစ္စက်ဂျွန်ပရက်စတန်) ဆိုသူ အမျိုးသမီးတစ်ယောက်နှင့် တွဲနေကြောင်း ပါသည်။

တတိယစာကတော့... ကိန်းနှင့် ကဘော့ဘဏ်တိုက် ဥက္ကဋ္ဌ အလန်လွှိုက်ထံမှစာ။ ထိုစာတွင် အလန်လွှိုက်က သူ့အနေဖြင့် အယ်နီနှင့် တိုင်ပင်စရာရှိ၍ သူ့ထံ ဖုန်းပြန်ဆက်ပါဟု ရေးသားထားသည်။

စာသုံးစောင်ကို ဖတ်ပြီးနောက် အယ်နီသည် တစ်ကိုယ်လုံး နုံးချည့်ခွေကျသွားသလို ခံစားရသည်။ သို့သော်လည်း သူမသည် ထိုစာများကို အကြိမ်ကြိမ်ပင် ပြန်၍ ဖတ်နေမိသည်။

ဝီလျံ၏ စာကြောင့် သူမအဖို့ အထီးကျန်ဘဝသို့ ရောက်သွားသလို ခံစားရသည်။ အိမ်သို့မပြန်ဘဲ မိတ်ဆွေအိမ်သို့ သွားနေခြင်းမှာ ရိုးရိုးမဟုတ်တော့။ သူမအား တဖြည်းဖြည်းနှင့် ခွဲခွာချင်သောကြောင့်ဖြစ်သည်။ သူမ ဟင်နရီနှင့် အိမ်ထောင်ပြုသည့်နေ့ကစ၍ ဝီလျံနှင့် သူမတို့၏ ဆက်ဆံရေးသည် တစိမ်းပြင်ပြင် ဖြစ်လာခဲ့သည်။

အညတရ မိတ်ဆွေ၏ စာကြောင့်လည်း သူမရင်ထဲ မချိအောင် နာကျင်ခြင်းဖြစ်ရသည်။ ဟင်နရီနှင့် တွဲနေသည်ဆိုသော မီလီပရက်စတန်မှာ တခြားလူမဟုတ်၊ သူမ၏ အချစ်ဆုံးမိတ်ဆွေလည်းဖြစ်သည်။ ဝီလျံ၏ ခေါင်းကိုင်မိခင်လည်း ဖြစ်သည်။ ထို့ပြင် ဟင်နရီအား သူမနှင့် မိတ်ဆက်ပေးခဲ့သူလည်းဖြစ်သည်။

အလန်လှိုက်ထံမှ စာမှာ သူမအဖို့ ဘာရယ်လို့မသိဘဲနှင့် ပို၍ပင် ရင်ဖိုရသည်။ သူမသည် အလန်လှိုက်ထံမှ ယခင်က စာတစ်စောင်သာ ရခဲ့ဖူးသည်။ ရစ်ချတ် ကွယ်လွန်သွား၍ ဝမ်းနည်းကြောင်း ပေးပို့စာဖြစ်သည်။ ယခု ဒုတိယမြောက် ရောက်လာသောစာတွင် သူမအတွက် ပထမစာထက်ပင် ပို၍များ ဆိုးရွားနေဦးမှာလားဟု တွေးမိပြီး ပို၍ ရင်ဖိုရခြင်း ဖြစ်သည်။

သူမသည် ဘဏ်တိုက်ကို ဖုန်းဆက်သည်။ အော်ပရေတာက ဘဏ်ဥက္ကဋ္ဌနှင့် တိုက်ရိုက်ဆက်ပေးသည်။

"အလန်… ကျွန်မကို တွေ့ချင်လို့ဆို"

"ဟုတ်တယ်… အယ်နီ၊ ငါ မင်းနဲ့ စကားပြောချင်တယ်၊ ဘယ်တော့ တွေ့နိုင်မလဲ"

"သတင်းဆိုးလား… အလန်"

"မဆိုးလှပါဘူး၊ ဒါပေမယ့် ငါ ဖုန်းနဲ့ပြောလို့တော့ မဖြစ်ဘူး၊ ဘာမှလဲ မစိုးရိမ်ပါနဲ့၊ မင်း အားရဲ့လား၊ နေ့လယ်စာ စားရင်း တွေ့ကြရင် ကောင်းမယ်ထင်တယ်"

"ဟုတ်ကဲ့ ကောင်းပါတယ် အလန်"

"ဒါဖြင့် တစ်နာရီတိတိမှာ ရစ်ဇ်ဟိုတယ်ကို လာခဲ့ပါ၊ ငါ အဲဒီကစောင့်နေမယ်"

"စိတ်ချပါ၊ ကျွန်မ ဆက်ဆက် လာခဲ့ပါ့မယ်… အလန်"

တစ်နာရီဆိုတော့ နောက်သုံးနာရီပဲ ကျန်တော့သည်။ သူမ စိတ်တွေ မငြိမ်တော့။ တောင်ရောက် မြောက်ရောက် ရောက်ချင်ရာ ရောက်နေသည်။ အလန်၊ ဝီလျံ၊ ဟင်နရီ။ အထူးသဖြင့် မီလီပရက်စတန်အကြောင်းကိုသာ စိတ်ထဲ စွဲနေသည်။ တကယ်ပဲ အဲဒီလို ဖြစ်နေကြပြီလား။

သူမက ဆက်လက်တွေးမနေတော့ဘဲ ရေနွေးပူပူနှင့် အကြာကြီး ရေစိမ်ချိုးပစ်လိုက်သည်။ ပြီးတော့ အကောင်းစားဝတ်စုံတစ်စုံကို ရွေးဝတ်သည်။

ဒါပေမယ့် စိတ်ထဲကတော့ ငြိမ်မသွား။ သူမ၏ ရင်ထဲတွင် ဗလောင်ဆူနေသလို ခံစားနေရသည်။ ကလေးမမွေးခင် ပြဿနာတွေ ဆိုးသည်ထက် ဆိုးလာလျှင်တော့ အကျိုးနည်းရချည့်ရဲ့။

သူမသည် မှန်တင်ခုံရှေ့သွားပြီး အပြင်ပန်းအလှကို အကောင်းဆုံး ခြယ်သပြုပြင်လိုက်သည်။

◆ ◆ ◆

"အယ်နီ... မင်းက တကယ်ချော တကယ်လှနေပါကလား။ တကယ်လို့ ငါသာ ဒီတစ်သက် အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ထားတဲ့ လူပျိုသိုးကြီးမဟုတ်ကဲ့ရင် မင်းကို အရှက်အကြောက်မရှိ ပိုးပန်းမိမှာ ကျိန်းသေပဲ"

ဘော်ငွေရောင် ဆံပင်နှင့် ဘဏ်ဥက္ကဋ္ဌကြီးက ယင်းသို့ ပဋိသန္ဓာရစကားဆိုကာ အယ်နီ၏ ပါးပြင်နှစ်ဖက်ကို နမ်း၍ ကြိုဆိုသည်။

အလန်က အယ်နီအား သူထိုင်နေကျ အခန်းထောင့်ထဲသို့ ခေါ်လာသည်။ ကိန်းနှင့်ကဘော့ ဘဏ်တိုက်ဥက္ကဋ္ဌ ဘဏ်တိုက်တွင် နေ့လယ်စာမစားလျှင် ရစ်ဇ်ဟိုတယ် စားသောက်ခန်းမမှ ထောင့်စားပွဲသည် အမြဲတမ်း သူ့အတွက်ဖြစ်ရသည်။ ဤသည်မှာ အစဉ်အလာတစ်ရပ်လည်းဖြစ်သည်။ ရစ်ချတ်သည် ဤအစဉ်အလာကို အမြဲတမ်း ကျင့်သုံးခဲ့သည်။ ယခုတော့ ယင်းစားပွဲသည် ဥက္ကဋ္ဌအသစ် အလန်လွှိုက်အတွက် ဖြစ်လာရသည်။ ဤစားပွဲတွင် သူစိမ်းယောကျ်ားတစ်ယောက်နှင့် ထိုင်ဖူးသည်မှာ အယ်နီအဖို့ ဤအကြိမ်သည် ပထမဆုံးအကြိမ်ပင် ဖြစ်သည်။

စားပွဲထိုးတွေ ဝိုင်းအုံလာကြသည်။ စားပွဲတွင် ထိုင်နေသူများ ကိုယ်ရေးကိုယ်တာစကားပြောနေလျှင် အနှောင့်အယှက်မဖြစ်ရအောင် ဘယ်အချိန်တွင် စားပွဲနားမှ ထွက်ခွာသွားပြီး ဘယ်အချိန်တွင် ပြန်လာရမည်ဆိုသည်ကို စားပွဲထိုးများက ကျင့်သားရသိရှိနေကြပြီးဖြစ်သည်။

"ဒါနဲ့ ကလေးမွေးဖို့ ဘယ်လောက်လိုသေးသလဲ အယ်နီ"

"ငြော် နောက် သုံးလလောက် လိုပါသေးတယ်"

"အခက်အခဲတော့ ဘာမှမရှိပါဘူးနော်၊ ငါက ဟိုတုန်းက ဖြစ်ဖူးတာ သတိရလို့"

"ဟုတ်ကဲ့ အခြေအနေကောင်းပါတယ်၊ ဒေါက်တာကလဲ တစ်ပတ်တစ်ခါ အမြဲတမ်း စစ်ဆေးနေတယ်လေ၊ ကျွန်မမှာ သွေးတိုးရှိလို့ သူကတော့ စိုးရိမ်တာပေါ့၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ကျွန်မ နေကောင်းပါတယ်"

"ဒီစကားကြားရတာ ငါအများကြီး ဝမ်းသာတယ်အယ်နီ" အလန်က သူ့လက်ကို အယ်နီ၏ လက်ပေါ်တွင် ညင်သာစွာတင်လိုက်ရင်း "ဒါပေမယ့် ကရုတော့စိုက်ပါ တူမရယ်၊ မင်းကြည့်ရတာ ပင်ပန်းနေသလိုပဲ၊ ပင်ပန်းမယ့် အလုပ်ဆိုရင် ဘာမှ မလုပ်ပါနဲ့၊ စိတ်ရောကိုယ်ရော သက်သက်သာသာဖြစ်အောင်နေပါ"

အလန်က သူ့လက်ကို ဖြည်းဖြည်းသာသာ မြှောက်ပြလိုက်သည်။ စားပွဲထိုးတစ်ယောက် သူ့ဘေးသို့ ကပ်လာသည်။ နှစ်ယောက်စလုံး ကိုယ်ကြိုက်ရာ မှာလိုက်ကြသည်။

"အယ်နီ ငါ မင်းဆီက အကြံတစ်ခု တောင်းချင်တယ်"

အလန်က နည်းပရိယာယ်သုံး၍ ပြောလိုက်သော စကားကြောင့် အယ်နီမှာ ရင်ထဲနင့်ကနဲဖြစ်သွားမိသည်။ တကယ်တော့ သူက အယ်နီထံမှ အကြံဉာဏ်တောင်းချင်၍ နံနက်စာလာစားခြင်းမဟုတ်၊ အယ်နီအတွက် သူက ကြင်နာစိတ်ဖြင့် အကြံဉာဏ်ပေးချင်၍ သည်နေရာသို့ ခေါ်လာခြင်းသာ ဖြစ်ကြောင်းကို အယ်နီက မပြောဘဲနှင့် ကြိုတင်သိထားပြီးဖြစ်သည်။

"ဟင်နရီရဲ့ အိမ်ငှား မြေငှား လုပ်ငန်းအခြေအနေ ဘယ်လိုရှိတယ်ဆိုတာ မင်း သေသေချာချာ သိရဲ့လား"

"ဟင့်အင်း…မသိပါဘူး၊ သူ့အလုပ်မှာ ကျွန်မ ဘယ်တော့မှဝင်မစွက်ခဲ့ပါဘူး၊ အန်ကယ် သိတဲ့အတိုင်းပဲ၊ ရစ်ချတ်ရှိတုန်းကလဲ ကျွန်မ ဒီအတိုင်းပဲ နေခဲ့တာပဲ မဟုတ်လား၊ ဘာဖြစ်လို့လဲ၊ နိုးရိမ်စရာများ ရှိလို့လား"

"မရှိပါဘူး၊ မရှိပါဘူး၊ တို့ဘက်ကလူတွေလဲ ဘာမှမသိကြပါဘူး၊ ဒါပေမယ့် ဟင်နရီဟာ ခေတ်မီဆေးရုံသစ်ကြီးတစ်ဆောင် ဆောက်ဖို့အတွက် ကန်ထရိုက်လုပ်ငန်းကြီးတစ်ခု ယူထားတယ်ဆိုတာတော့ တို့သိရတယ်၊ ဒါကလဲ သူပြောလို့ သိရတာမဟုတ်ဘူး၊ တို့ ဘဏ်မှာ သူ ဒေါ်လာငါးသိန်းချေးဖို့လာလို့ စုံစမ်းကြည့်တာကြောင့် သိရတာ"

သည်စကားကြားလိုက်ရတော့ အယ်နီ အကြီးအကျယ် အံ့သြသွားသည်။

"မင်း အံ့သြသွားတယ် မဟုတ်လား၊ တို့သိရသလောက်ဆိုရင် အခု မင်းရဲ့ စတော့စာရင်းမှာ စုငွေ ဒေါ်လာနှစ်သောင်း မပြည့်တပြည့်ဘဲ ကျန်တော့တယ်၊ ကိုယ်ပိုင်စုငွေစာရင်းမှာတော့ ဒေါ်လာ တစ်သောင်းခုနှစ်ထောင်တောင် ပိုထုတ်ထားတာ တွေ့ရတယ်"

အယ်နီက အလန့်တကြားနှင့် ဖွန်းကို ပြန်ချလိုက်သည်။ သူမအနေဖြင့် သည်မျှအထိ ဆိုးဆိုးဝါးဝါး ငွေထုတ်ထားမိမှန်း လုံးဝ မသိခဲ့ရိုးအမှန်၊ အယ်နီ စိတ်ထိခိုက်သွားသည်ကို အလန်က ရိပ်မိသည်။

"တကယ်တော့ ဒီအကြောင်းပြောဖို့ ဒီမှာ ထမင်းလာစားတာ မဟုတ်ဘူး အယ်နီ၊ မင်းရဲ့ ကိုယ်ပိုင်စုငွေစာရင်းမှာ ငွေတစ်ပြားမှ မကျန်ရင်လဲ တို့ဘဏ်တိုက်အနေနဲ့ ဝမ်းမနည်းပါဘူး၊ ဝီလျံက ဘဏ္ဍာထိန်းစုငွေပေါ်မှာ တစ်နှစ်ကို အတိုးသက်သက်ပဲ ဒေါ်လာတစ်သန်းအထိ ရနေတယ်၊ ဒါကြောင့် မင်းစာရင်းမှာ ငွေပိုထုတ်တာ အကြောင်းမဟုတ်ပါဘူး၊ မင်းက ဝီလျံရဲ့ တရားဝင် အုပ်ထိန်းသူအနေနဲ့ ထောက်ခံချက်ပေးမယ်ဆိုရင် ဟင်နရီလာချေးတဲ့ ဒေါ်လာငါးသိန်းကို ထုတ်ချေးပေးမယ့်လဲ အကြောင်းမဟုတ်ဘူး"

"ဝီလျံရဲ့ ဘဏ္ဍာထိန်းစုငွေနဲ့ ပတ်သက်ပြီး ကျွန်မအနေနဲ့ တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ပိုင်ခွင့်ရှိတယ်ဆိုတာ ကျွန်မ လုံးဝမသိပါဘူး"

"ဟုတ်ပါတယ်၊ မင်းက သူ့ရဲ့ ရင်းနှီးမြှုပ်နှံငွေအပေါ်မှာ ဘာမှ စွက်ဖက်ပိုင်ခွင့် မရှိပါဘူး၊ သို့သော်လဲ ဝီလျံအတွက် အကျိုးရှိမယ်ဆိုရင် သူ့စုငွေအပေါ်က ရလာတဲ့ အတိုးငွေကို သင့်တော်တဲ့ လုပ်ငန်းမှာ မြှုပ်နှံရင်းနှီးမယ့် ကိစ္စမျိုးမှာတော့ မင်းလဲ တရားဝင် တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ ဝီလျံ အသက် ၂၁ နှစ်ပြည့်တဲ့အထိ မင်းအပါအဝင် တခြားခေါင်းကိုင်မိဘတွေဖြစ်ကြတဲ့ မီလီပရက်စတန်ရယ်၊ ငါရယ် တို့သုံးယောက်ဟာ ဝီလျံရဲ့ တရားဝင် အုပ်ထိန်းစောင့်ရှောက်သူတွေ ဖြစ်တယ်၊ အဲဒီတော့ မင်းကသာ ထောက်ခံမယ်ဆိုရင် အဲဒီဒေါ်လာငါးသိန်းကို ဘဏ်ဥက္ကဋ္ဌအနေနဲ့ ငါက ထုတ်ချေးနိုင်တယ်၊ မီလီကလဲ သူ့အနေနဲ့ သဘောတူတယ်ဆိုတာ ငါ့ကို အကြောင်းကြားပြီးပြီ၊ အဲဒီတော့ မင်းနဲ့ပါဆိုရင် နှစ်မဲတောင် ရနေပြီ၊ ငါ့အနေနဲ့ ဘာမှ လုပ်လို့မရတော့ဘူး၊ မင်းတို့ဆန္ဒအတိုင်း သဘောတူလိုက်ရုံပဲ"

"မီလီပရက်စတန်က သူ သဘောတူတယ်ဆိုတာ တကယ်ပဲ ပြောပြီးပြီလား အလန်"

"ဟုတ်တယ်၊ တကယ်ပြောပြီးပြီ၊ ဒီအကြောင်း မင်းကို သူဘာမှမပြောသေးဘူးလား"

အယ်နီက ချက်ချင်းပြန်မဖြေ။ အတန်ကြာ ငြိမ်နေပြီးမှ ပြန်လှန်မေးခွန်းထုတ်လိုက်သည်။

"အန်ကယ်က ဘယ်လို သဘောရသလဲ"

"ဟင်နရီရဲ့ စာရင်းကို ငါ လုံးဝမသိရသေးဘူး၊ ဘာဖြစ်လို့လဲဆိုရင် သူ့ကုမ္ပဏီတည်ထောင်တာ ၁၈ လပဲရှိသေးတယ်၊ ပြီးတော့ သူက တို့ဘဏ်တိုက်မှာ ငွေအပ်တာလဲ မဟုတ်ဘူး၊ အဲဒါကြောင့် ဒီနှစ်အတွက် ငွေတွေ ဘယ်လောက် ပိုသုံးထားပြီး ၁၉၂၃ ခုနှစ်အတွက် ဝင်ငွေမျှော်မှန်းချက် ဘယ်လောက်ရှိမှန်းလဲ ငါ့အနေနဲ့ လုံးဝ မသိရသေးဘူး"

"အဲဒီ ၁၈ လအတွင်းမှာ ကျွန်မ စာရင်းထဲက ဟင်နရီကို ငွေငါးသိန်း ချေးပေးထားတာကို အန်ကယ်သိပြီးပြီလား"

"ဘယ်သူ့ စာရင်းကပဲဖြစ်ဖြစ် အဲဒီလို ငွေအရေးအတွက် များများထုတ်ယူတိုင်း ငါ့ငွေစာရင်းကိုင်ချုပ်က ငါ့ကို အမြဲတမ်း အစီရင်ခံတာချည်းပဲ၊ ဒါပေမယ့် အဲဒီငွေတွေနဲ့ မင်းဘာလုပ်တယ်ဆိုတာတော့ ငါမသိဘူး၊ သိဖို့လဲ မလိုဘူး၊ ငါနဲ့မှ မဆိုင်တာ၊ မင်းကို ရစ်ချတ်က ပေးခဲ့တဲ့ငွေ၊ မင်းသုံးချင်သလို သုံးနိုင်တယ်၊

"သို့သော်လည်း မိသားစုပိုင် ဘဏ္ဍာထိန်းငွေပေါ်မှာ ရလာတဲ့ အတိုးငွေတွေကိစ္စနဲ့ ပတ်သက်ရင်တော့ တစ်မျိုးပေါ့၊ မင်းက ဟင်နရီရဲ့ လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် အဲဒီငွေထဲက ဒေါ်လာ ငါးသိန်း ထုတ်မယ်ဆိုရင် ဟင်နရီရဲ့ ငွေစာရင်းကို ဘဏ်တိုက်က အလျင်စစ်ဆေးကြည့်ရမယ်၊ ဘာဖြစ်လို့လဲဆိုရင် အဲဒီငွေဟာ ဝီလျံရဲ့ အကျိုးအတွက် တို့ကအခြားလုပ်ငန်းမှာ ထပ်ပြီး ရင်းနှီးမြှုပ်နှံပေးတဲ့ သဘောဖြစ်နေလို့ပဲ၊ ရစ်ချတ်က ငွေချေးဖို့အတွက် ဘဏ္ဍာထိန်းအဖွဲ့ဝင်တွေကို အာဏာလုံးဝမပေးခဲ့ဘူး၊ ဝီလျံရဲ့ကိုယ်စား အကျိုးရှိမယ့် လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံပေးဖို့တာဝန်ကိုပဲ ပေးခဲ့တယ်၊

"ငါက ဒီအကြောင်း ဟင်နရီကိုလဲ ရှင်းပြပြီးပါပြီ၊ တို့အနေနဲ့ ရှေ့ဆက်သွားမယ်ဆိုရင် ဒီရင်းနှီးမြှုပ်နှံမှုကို တန်ဖိုးတွက်ရမယ်၊ ဘယ်နှစ်ရာခိုင်နှုန်းအထိ တန်ဖိုးဖြတ်ရမလဲဆိုတာ တို့က ဆုံးဖြတ်ရမယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ဝီလျံက သူ့ရဲ့ ဘဏ္ဍာထိန်းဝင်ငွေတွေကို အမြဲတမ်း သိနေတယ်၊ သူလဲပဲ ဘဏ္ဍာထိန်းအဖွဲ့ဝင်တွေလိုပဲ သုံးလပတ်ရှင်းတမ်းကို ဘဏ်က အမြဲတမ်းရနေတယ်၊ အဲဒီ သုံးလပတ် အစီရင်ခံစာတွေကို လေ့လာပြီး သူလဲ သူ့စိတ်ကူးနဲ့သူ ဘာလုပ်ရမလဲဆိုတာ အမြဲတမ်း အကြံထုတ်နေတယ်၊

"မင်း ဝမ်းသာစရာတစ်ခု ပြောရဦးမယ်၊ ဝီလျံဟာ အသက် ၁၆ နှစ် ပြည့်ကတည်းက ရင်းနှီးမြှုပ်နှံမှုတိုင်းနဲ့ ပတ်သက်ပြီး ငါ့ဆီကို သူ့ရဲ့အကြံဉာဏ်တွေ အမြဲတမ်းရေးပို့ခဲ့တယ်၊ ငါက သူ့ရဲ့အုပ်ထိန်းသူ တစ်ယောက်အနေနဲ့ အဲဒီစာတွေကို တော်တော်စိတ်ဝင်စားမိတယ်၊ အခုနောက်ဆုံး ရောက်လာတဲ့စာဆိုရင် တော်တော် အလေးအနက်ထားရမယ့်စာပဲ၊ အခု ငါလေ့လာနေတုန်းပဲ ရှိသေးတယ်၊ ဒီအတိုင်းသာဆိုရင် ဝီလျံ အရွယ်ရောက်လို့ ကိန်းနှင့် ကဘော့ ဘဏ်တိုက်ဥက္ကဋ္ဌနေရာယူတဲ့အချိန်မှာ ဒီဘဏ်ဟာ သူ့အတွက် အလွန်သေးနေမှာ သေချာတယ်၊ ဆိုလိုတာက ကလေးက အရွယ်နဲ့မလိုက်အောင် အသိဉာဏ်ကြီးနေလို့ တို့ဘဏ်က ကြီးကျယ်တဲ့ဘဏ်နဲ့မှ

ထိုက်တန်လိမ့်မယ်"

"ဒါနဲ့ ဝီလျံရဲ့ဘဏ္ဍာထိန်းငွေနဲ့ ပတ်သက်ပြီး ကျွန်မဆီက ဟိုတုန်းက တစ်ခါမှ အကြံဉာဏ်မတောင်းခဲ့ဖူးပါလား" အယ်နီက မကျေနပ်သလို အသံဖြင့် မေးလိုက်သည်။

"ဒါက ရှင်းပါတယ်၊ သုံးလပြည့်တိုင်း လဆန်းတစ်ရက်နေ့မှာ အမြဲတမ်း စာရင်းရှင်းတမ်းတွေ ပို့နေတာပဲ၊ မင်းလဲ ရတယ်၊ ငါလဲရတယ်၊ ဘဏ္ဍာထိန်းအဖွဲ့ဝင်တိုင်းရတယ်၊ အဲဒီတော့ အဲဒီ ရှင်းတမ်းတွေ ကြည့်ပြီး မင်းအနေနဲ့ ပြောချင်တာ ပြောပိုင်ခွင့်ရှိပြီးသားပဲ"

အလန်လွိုက်က အင်္ကျီအိတ်ထဲမှ စာရွက်တစ်ရွက်ထုတ်ယူလိုက်သည်။ စားပွဲထိုးက ဖန်ခွက်ထဲသို့ အရက်လာထည့်ပေးသဖြင့် ခေတ္တစောင့်နေလိုက်သည်။ စားပွဲထိုး ပြန်ထွက်သွားတော့ စကားပြန်ဆက်သည်။

"ဘဏ်မှာ အပ်ထားတဲ့ ဝီလျံရဲ့ စုစုပေါင်း ရင်းနှီးငွေဟာ ဒေါ်လာ ၂၁ သန်းကျော်ကျော် ရှိတယ်၊ အဲဒီငွေအတွက် တစ်နှစ်ကို အတိုးရငွေက လေးရာခိုင်နှုန်းခွဲရှိတယ်၊ အဲဒီအတိုးဟာ သူ့အသက် ၂၁ နှစ်ပြည့်တဲ့အထိ နှစ်စဉ်မှန်မှန်ရနေမယ့် ငွေ၊ တစ်ခါ အဲဒီအတိုးထဲက လေးပုံတစ်ပုံကို သူ့အတွက် တို့က စတော့ရှယ်ယာလုပ်ငန်းမှာ မှန်မှန် ရင်းနှီးမြှုပ်နှံပေးနေတယ်၊ ဒါပေမယ့် ဟိုတုန်းကတော့ ပုဂ္ဂလိကလုပ်ငန်းတွေမှာ ဘယ်တော့မှ မမြှုပ်နှံခဲ့ဘူး၊ အဲဒီလို ထပ်ခါထပ်ခါ ပြန်လည် ရင်းနှီးမြှုပ်နှံတာကို တို့က ခုအချိန်စကပြီး ၅၀/၅၀ အခြေခံမှုနဲ့ လုပ်နေပြီ၊ သဘောကတော့ ၅၀ ရာခိုင်နှုန်းကို ဘဏ်ရဲ့ သဘောအတိုင်း လုပ်သွားမယ်၊ ကျန် ၅၀ ရာခိုင်နှုန်းကိုတော့ ဝီလျံရဲ့ဆန္ဒအတိုင်းလုပ်မယ်၊ ခုလောလောဆယ်မှာတော့ တို့ကဝီလျံထက် နည်းနည်းရှေ့ပိုရောက်နေတယ်။ ဒီအတွက် တို့ဘက်က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဒါရိုက်တာ တိုနီစိုင်မွန်က သိပ်ပြီး ဝမ်းသာနေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ ဝီလျံနဲ့က အလောင်းအစားလုပ်ထားကြတယ်လေ၊ တစ်ဖက်ဖက်က ၁၀ ရာခိုင်နှုန်း အမြတ်ငွေပိုရလာတဲ့ နှစ်မှာ ရိုးလ်စ်ရွိုက်ကားတစ်စီး ဝယ်ပေးရမယ်လို့ သူတို့နှစ်ယောက် လောင်းထားကြတယ်"

"ရိုးရွိုက်တစ်စီးက ဒေါ်လာ တစ်သောင်းတောင်မှ ပေးရတာ၊ တကယ်လို့ ဝီလျံဘက်က ရှုံးသွားရင် သူ့အနေနဲ့ အဲဒီငွေ ဘယ်က ရမှာလဲ၊ သူ့အသက် ၂၁ နှစ် မပြည့်မချင်း ဘဏ္ဍာထိန်းစုငွေကို လက်နဲ့တောင် မထိရဘူးလို့ စည်းကမ်းသတ်မှတ်ထားတယ် မဟုတ်လား"

"အဲဒီမေးခွန်းရဲ့ အဖြေကိုတော့ ငါမသိဘူး၊ အယ်နီ...၊ ငါသိတာကတော့ အဲဒီငွေကို မပေးနိုင်ပဲနဲ့တော့ သူက ဒီလို အလောင်းအစား လုံးဝမလုပ်ဘူးဆိုတာပဲ၊ ဒါနဲ့ သူ့ရဲ့နာမည်ကျော် ငွေစုစာရင်း စာအုပ်ကြီးရဲ့ နောက်ဆုံးလက်ကျန်ရှင်းတမ်းကို မင်းမြင်ရပြီလား"

"သူ့အဘွားတွေ လုပ်ပေးထားတဲ့ စာရင်းစာအုပ်ကို ပြောတာလား"

အလန်က ခေါင်းညိတ်လိုက်သည်။

"ဒါတော့ ကျွန်မ မမြင်ရသေးဘူး၊ သူကျောင်းကို ပြောင်းသွားကတည်းက ကျွန်မ လုံးဝမမြင်ရတော့ဘူး၊ ကျွန်မကတော့ အခုဆိုရင် အဲဒီစာအုပ်ကြီးရှိမှ ရှိပါသေးရဲ့လား... လို့တောင် တွေးမိတယ်"

"အခုအထိ ရှိပါသေးတယ်၊ သူ့စာရင်းစာအုပ်ကြီးရဲ့ ဝင်ငွေကွက်လပ်မှာ တစ်လအတွင်း

ဘယ်လောက်တိုးတယ်ဆိုတာတော့ ငါမသိဘူး၊ ဒါပေမယ့် သူက သူ့ကိုယ်ပိုင်စုငွေကို တို့ဘဏ်မှာ မအပ်ဘဲ နယူးယောက်က လက်စတာဘဏ်မှာ အပ်ထားတယ်ဆိုတာတော့ မင်းသိလိမ့်မယ် ထင်တယ်၊ ဒီဘဏ်က ပုဂ္ဂလိက စုငွေကို ဒေါ်လာတစ်သောင်းအောက်ဆိုရင် လုံးဝလက်ခံတာမဟုတ်ဘူး၊ အဲဒီတော့ သူက အဲဒီထက်နည်းရင် သူတို့က ဘယ်သူ့ကိုမှ လက်ခံမှာမဟုတ်ဘူး၊ ရစ်ချတ်ကိန်းရဲ့သားပဲဖြစ်ဖြစ်၊ ဘယ်သူ့သားပဲဖြစ်ဖြစ် လုံးဝလက်ခံမှာ မဟုတ်ဘူးဆိုတာတော့ သေချာတယ်"

"ရစ်ချတ်ကိန်းရဲ့သား ဟုတ်လား"

"သည်းခံပါ အယ်နီ၊ ငါ့စကား မှားများသွားသလား"

"အို မမှားပါဘူး၊ မမှားပါဘူး၊ သူဟာ ရစ်ချတ်ကိန်းရဲ့ သားအစစ်ပါ၊ ဝီလျံဟာ ၁၂ နှစ် ပြည့်တဲ့နေ့ကစပြီး ကျွန်မဆီမှာ ပိုက်ဆံတစ်ပြားမှ မတောင်းတော့ဘူး၊ အဲဒါကို အန်ကယ် သိသလား" သူမက ခဏရပ်နေပြီးတော့မှ "ဒါပေမယ့် ဘဏ္ဍာထိန်းငွေထဲက ဒေါ်လာ ငါးသိန်းကို ဟင်နရီရဲ့ ကုမ္ပဏီကို ရင်းနှီးမြှုပ်နှံတာကိုတော့ သူက ဘယ်လိုမှ သဘောတူနိုင်မှာ မဟုတ်ဘူး အန်ကယ်"

အလန်က မျက်ခုံးချီလိုက်ပြီး…

"သူတို့နှစ်ယောက် အချင်းချင်း မပြေလည်ကြဘူးလား"

"ဟုတ်တယ်… မပြေလည်ကြဘူး၊ အဲဒီအတွက်ပဲ နေ့ရှိသရွေ့ ကျွန်မ စိတ်ညစ်နေရတာပဲ"

"ဒီလိုကြားရတာ ငါ… စိတ်မကောင်းပါဘူး အယ်နီ…၊ ဝီလျံဟာ ဒီအစဉ်အလာကို ဆန့်ကျင်လာရင် အခြေအနေဆိုးသွားနိုင်တယ်၊ သူမှာ အသက် ၂၁ နှစ်မပြည့်မချင်း ဘဏ္ဍာထိန်းငွေနဲ့ ပတ်သက်ပြီး လုပ်ပိုင်ခွင့် ဘာမှမရှိတာတော့ မှန်ပါတယ်၊ ဒါပေမယ့် သူက သူ့ရဲ့ တရားဝင် လုပ်ပိုင်ခွင့်အတွက် ပုဂ္ဂလိက ရှေ့နေတွေ ဘာတွေတောင် ငှားထားတယ်ဆိုပါလား၊ ဒါက တကယ့် သတင်းမှန်ပဲ၊ တို့ရဲ့ ထောက်လှမ်းရေးသမားတွေဆီက ရတဲ့သတင်းပါ"

"ဘုရားရေ… ဒါ… တကယ် အမှန်ပဲလား… ဟင်"

"ဟုတ်တယ်… တကယ်အမှန်ပဲ၊ ဒါပေမယ့် မင်းအနေနဲ့ စိုးရိမ်စရာမရှိပါဘူး၊ အမှန်အတိုင်းပြောရရင်တော့ မင်းထက် တို့ဘက်က လူတွေအနေနဲ့ ပိုပြီး စိုးရိမ်စရာကောင်းတယ်၊ သူဟာ သူ့ရဲ့ ကိုယ်ရေးကိစ္စ တစ်ခုခုကြောင့် တို့နဲ့ ဒါရိုက်မဆက်သွယ်ပဲ ဒီလိုလုပ်တာ ဖြစ်နိုင်တယ်"

"ဘုရား… ဘုရား၊ ဒီကလေးဟာ အသက် ၃၀ အရွယ်သာဆိုရင် ဘယ်လိုများ နေလိမ့်မလဲ အလန်"

"ဒါကတော့ သူ့အနေနဲ့ မင်းလို ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ကို ရနိုင်မရ နိုင်ဆိုတာအပေါ်မှာ တည်ပါလိမ့်မယ်၊ မင်းဟာ ရစ်ချတ်ရဲ့ အားပဲမဟုတ်လား အယ်နီ"

"အန်ကယ်က အသက်ကြီးပေမယ့် တစ်ဖက်သားကို မြှောက်တော့ မြှောက်တတ်သားပဲ နော်၊ ဒါနဲ့ စောစောက ပြောတဲ့ ငွေ ငါးသိန်းကိစ္စကို ဟင်နရီနဲ့ ကျွန်မ အလျင်ဆွေးနွေး ကြည့်ရင် ကောင်းမလားဟင်"

"ဒါပေါ့… အလွန်ကောင်းတာပေါ့ တူမရယ်၊ ဒါကြောင့်မို့ မင်းဆီက အကြံဉာဏ်တောင်းဖို့

လာတာလို့ ငါပြောခဲ့တယ် မဟုတ်လား"

အလန်လွိုက်က ကော်ဖီလှမ်းမှာလိုက်သည်။ ပြီးတော့ အယ်နီ၏ လက်ကို ရှရှကလေး ဆုပ်ကိုင်ရင်း

"ကိုယ့်ကိုယ်ကိုယ်လဲ ဂရုစိုက်ဦးနော် အယ်နီ၊ မင်းက အဲဒီ ဒေါ်လာငွေကလေး. လေးငါးသိန်းထက်ပိုပြီး တန်ဖိုးရှိပါတယ်ကွယ်"

◆ ◆ ◆

နေ့လယ်စာ စားရာမှ ပြန်လာ၍ အိမ်ရောက်တော့ အယ်နီသည် မနက်က ရောက်လာသော ကျန်စာနှစ်စောင် ကိစ္စကို တွေးမိပြန်သည်။ တစ်ခုတော့ သေချာသည်။ သူမသည် သူမ၏သားအကြောင်းကို အလန်လွိုက်ထံမှတစ်ဆင့် ပြည့်ပြည့်စုံစုံ သိခဲ့ရပြီ။ သူ့ကို ဆန့်ကျင်ဘက်လုပ်၍ မဖြစ်။ သိက္ခာရှိရှိနှင့် အလျှော့ပေးလိုက်တာက သူမအတွက် ပို၍ကောင်းလိမ့်မည်။ လာမည့် ကျောင်းပိတ်ရက် အိမ်မပြန်ချင်လည်း နေပါစေတော့။ သူ့မိတ်ဆွေ မက်သယူးလက်စတာနှင့်ပဲ နေပါစေတော့။

ဟင်နရီနှင့် မီလီတို့ ပြဿနာကတော့ လွယ်လွယ်နှင့် ရှင်း၍မရသော ပြဿနာဖြစ်သည်။ အယ်နီသည် ရစ်ချတ် အလွန်နှစ်သက်သော သားရေဖုံးဆိုဖာကုလားထိုင်ကြီးပေါ်တွင်ထိုင်ကာ ပြတင်းပေါက်မှ ကျော်ပြီး လုပသော အပြူ၊ အနီ၊ နှင်းဆီပန်းမွေ့ရာကို ငေးကြည့်နေသည်။ သို့သော် မျက်စိထဲတွင်တော့ ဘာကိုမျှ မမြင်ရ။ သူမသည် အတွေးဖြင့် ငေးမောနေခြင်းသာ ဖြစ်သည်။ အယ်နီသည် ဆုံးဖြတ်ချက်တစ်ခုကို အလောတကြီး မဆုံးဖြတ်တတ်။ အကြာကြီး စဉ်းစားပြီးမှ ဆုံးဖြတ်တတ်သည်။ သို့သော် ဆုံးဖြတ်ပြီးပြီဆိုလျှင်လည်း ဘယ်တော့မှ ပြန်ပြင်လေ့မရှိတော့"

ညနေပိုင်းတွင် ဟင်နရီသည် ခါတိုင်းထက်စော၍ ပြန်လာသည်။ အယ်နီက ဘာကြောင့်များပါလိမ့်ဟု တွေးပြီး အံ့ဩနေမိသည်။ မကြာခင်မှာပင် အကြောင်းရင်းကို သိရတော့သည်။

"ဒီနေ့ မင်း အလန်လွိုက်နဲ့ နေ့လယ်စာ သွားစားတယ်ဆို"

ဟင်နရီက အခန်းထဲဝင်လာလျှင် ဝင်လာချင်းမေးသည်။

"ရှင့်ကို ဘယ်သူပြောသလဲ"

ဟင်နရီက ရယ်ပစ်လိုက်သည်။ ပြီးမှ...

"ငါ့မှာ နေရာတကာမှာ စပိုင်တွေရှိတယ်"

"ဟုတ်ပါတယ်၊ အလန်က ဖိတ်လို့ သွားစားတာပါ၊ ဝီလျံရဲ့ ဘဏ္ဍာထိန်းငွေထဲက ငွေငါးသိန်းထုတ်ယူပြီး ရှင့်ကုမ္ပဏီမှာ မြှုပ်နှံမယ့်ကိစ္စ သူက ဆွေးနွေးချင်လို့ ဖိတ်တာ"

"အဲဒီတော့ မင်းက ဘယ်လိုပြောခဲ့သလဲ" ဟင်နရီက စိုးရိမ်စိတ်ကို ထိန်းပြီး မေးလိုက်သည်။

"ဒီကိစ္စ ရှင်နဲ့အလျင် ဆွေးနွေးကြည့်ဦးမယ်လို့ ပြောခဲ့တယ်၊ ဒါပေမယ့် ရှင်က ဘဏ်တိုက်မသွားခင် ကျွန်မကို ဘာဖြစ်လို့ အလျင်မပြောတာလဲ... ဟင်နရီ၊ ခုတော့ အလန်

က ခေါ်ပြောမှ သိရတာ၊ ကျွန်မအနေနဲ့ အရှုးကျတာပေါ့"

"ဒါက ဒီလိုပါ အယ်နီရာ၊ မင်းက စီးပွားရေးကိစ္စကို စိတ်မဝင်စားဘူး မဟုတ်လား၊ မင်းတို့သုံးယောက်က ဝီလျံရဲ့ဘဏ္ဍာထိန်းအဖွဲ့ဝင်တွေ ဖြစ်တယ်ဆိုတာကိုလဲ ငါက ခရီးသွားဟန်လွဲသိရတာပါ"

"ကျွန်မကိုယ်တိုင်တောင်မှ ခုမှ သိရတာ၊ ရှင်က ဘယ်လိုလုပ်ပြီး သိရတာလဲ"

"မင်းက ဘာသာလဝါနေတတ်တော့ ဘယ်သိရမှာလဲ၊ ငါလဲ မကြာခင်ကလေးကမှ သိရတာပါ၊ တောင်ပြော မြောက်ပြောနဲ့ တိုက်တိုက်ဆိုင်ဆိုင် စကားစပ်မိလို့ မိလီပရက်စတန်က ပြောပြလို့ သိရတာပါ၊ အဲဒီတော့ ဒီကိစ္စ တိုတိုပြောရရင် တို့အကျိုးအတွက် အခွင့်အရေးအမိအရယူဖို့ပဲ အယ်နီ၊ မင်းသဘောတူရင် မိလီကလဲ ငါ့ကို ထောက်ခံပေးမယ်လို့ ကတိပေးထားပြီးပြီ"

မိလီဆိုသည့် နာမည်ကို ကြားရရုံနှင့်ပင် အယ်နီမှာ နားခါးလှပြီ။

"ကျွန်မတို့က ဝီလျံရဲ့ပိုက်ဆံကို သွားထိလို့မရဘူး ဟင်နရီ၊ အဲဒီ ဘဏ္ဍာထိန်းငွေတွေဟာ ကျွန်မနဲ့ပတ်သက်တယ်လို့လဲ ကျွန်မ လုံးဝမထင်ဘူး၊ အဲဒီတော့ အလျှင်တုန်းက လုပ်နေကျအတိုင်းပဲ အတိုးငွေတွေကို ဘဏ်တိုက်က သင့်တော်သလို ရင်းနှီးမြှုပ်နှံပေးနေတာပဲ အကောင်းဆုံးဖြစ်လိမ့်မယ်"

"ငါ ဆေးရုံကြီးဆောက်ဖို့ ကန်ထရိုက်ရထားတာ၊ ဒီလုပ်ငန်းက ပိုက်ဆံတွေ အများကြီး ရင်းနှီးရမှာ၊ အမြတ်ကလဲ ဝက်ဝက်ကွဲမြတ်မှာ၊ ဒီတော့ ဘဏ်က ရင်းနှီးပေးတဲ့ လုပ်ငန်းကလေးတွေလောက်နဲ့ ဘာလို့ကျေနပ်နေရမှာလဲ၊ ဝီလျံအနေနဲ့ ငါ့ကုမ္ပဏီကပဲ အမြတ်ငွေတွေ သိန်းသန်းချီပြီးရမယ်၊ အလန်က သဘောတူမယ့် အခြေအနေမျိုး မြင်ခဲ့ရဲ့လား"

"ဒါတော့ ကျွန်မလဲ မပြောတတ်ဘူး၊ ရှင့်လုပ်ငန်းဟာ ပိုက်ဆံအများကြီး ရနိုင်တယ်ဆိုတာတော့ သူသဘောပေါက်ပုံရပါတယ်"

"ဒါပေါ့၊ တကယ်လဲ အများကြီးရမှာပဲ"

"ဒါပေမယ့် သူက ဆုံးဖြတ်ချက်မချခင် ရှင့်ဘဏ်စာရင်း ကြည့်ချင်သေးတယ်၊ ရှင့်ကို ကျွန်မ ထုတ်ပေးခဲ့တဲ့ ငွေငါးသိန်း ဘယ်လိုဖြစ်သွားတယ်ဆိုတာလဲ သူက သိချင်နေမိတယ်"

"အဲဒီငွေအတွက် ဘာမှမပူပါနဲ့၊ ကောင်းကောင်းမွန်မွန် ရင်းနှီးမြှုပ်နှံထားပါတယ်၊ မကြာခင် မင်းအသေးစိတ် သိရပါလိမ့်မယ်၊ မနက်ဖြန်ဆိုရင် စာရင်းစာအုပ်တွေ အလန့်ဆီကို ငါပို့လိုက်ပါမယ်၊ သူကြည့်ချင်သလို ကြည့်ပါစေ၊ သူက စိတ်ဝင်စားမယ်ဆိုတာ ငါသေချာပေါက်ပြောရဲပါတယ်"

"သူ စိတ်ဝင်စားပါစေလို့ ကျွန်မလဲ ဆုတောင်းပါတယ်၊ ဒါမှ ကျွန်မတို့နှစ်ယောက်စလုံး အကျိုးရှိမယ် မဟုတ်လား၊ အဲဒီတော့ သူ့ထင်မြင်ချက်ကို စောင့်ကြည့်ကြတာပေါ့၊ ရှင်သိတဲ့အတိုင်းပဲ၊ ကျွန်မက အလန့်ကို သိပ်ယုံတာ၊ ဒီပုဂ္ဂိုလ်ကြီးက ဉာဏ်အမြော်အမြင်တော်တော်ကြီးတယ်"

"ကျွန်မက အလန့်ကို သိပ်ယုံတယ်ဆိုတော့ ငါ့ကိုတော့ မယုံဘူးပေါ့... ဟုတ်လား"

"အို… မဟုတ်ဘူး… မဟုတ်ဘူး၊ ကျွန်မ အဲဒီလိုဆိုလိုတာ မဟုတ်ပါဘူး ဟင်နရီ"

"အလကားစကြည့်တာပါ အချစ်ရယ်၊ အချစ်က ကိုယ့်ယောက်ျားကို သိပ်ယုံတယ်ဆိုတာ ကိုယ်သိပါတယ်"

အယ်နီ၏ မျက်လုံးအိမ်တွင် မျက်ရည်တွေ ရွှန်းလာသည်။ ရစ်ချတ်ရှေ့မှာဆိုလျှင် မျက်ရည်မကျမိအောင် အမြဲတမ်း ထိန်းထားနိုင်ခဲ့သည်။ ယခု ဟင်နရီရှေ့မှာတော့ ဘယ်လိုမှ ထိန်း၍မရ။

"ကျွန်မလဲ ကိုယ့်ယောက်ျားကို အမြဲတမ်း ယုံကြည်ချင်ပါတယ်၊ ဒါပေမယ့် အခု ကျွန်မ အပြစ်က လူကိုတော့ယုံပါတယ်၊ ပိုက်ဆံကို မယုံနိုင်ဆိုတဲ့အပြစ်မျိုး ရောက်နေပြီ၊ ကျွန်မဟာ ဟိုတုန်းကဆိုရင် ပိုက်ဆံကိစ္စ ဘယ်တော့မှ ထည့်မတွက်ခဲ့ပါဘူး၊ ဒီကြားထဲ ဗိုက်ထဲက ကလေးကလဲ တစ်ဒုက္ခ၊ ကိုယ်ဝန်ရှိပြီးကတည်းက တစ်နေ့မှ နေကောင်းတယ်မရှိဘူး၊ ကလေးလိုချင်လွန်းလို့သာ ပူရပ်ကို မပူရပ်ဆောင်နေရတာ"

ဟင်နရီ၏ မျက်နှာတွင် စိုးရိမ်ရိပ်တွေ သန်းလာသည်။

"ဟုတ်ပါတယ်၊ ကိုယ်သိပါတယ်ကွယ်၊ ကိုယ်ကလဲ မင်းခေါင်းထဲ စီးပွားရေးကိစ္စတွေနဲ့ ရှုပ်ထွေးနေတာကို မမြင်ချင်ပါဘူး၊ ဒါတွေအားလုံး ကိုယ့်တာဝန်ထားစမ်းပါ၊ ကိုယ် အားလုံး ကိုင်နိုင်ပါတယ်၊ ကဲ… ဘာမှ တွေးပူမနေပါနဲ့ကွယ်၊ အိပ်ခန်းထဲသာဝင်ပါတော့၊ ကိုယ် ညစာပွဲ ယူလာခဲ့မယ် ဟုတ်လား၊ ပြီးတော့ ကိုယ်ရုံးပြန်သွားပြီး ဖိုင်တွေ သွားယူလိုက်ဦးမယ်၊ မနက်ကျတော့ အလန်ကို ပြနိုင်တာပေါ့"

◇ ◇ ◇

အယ်နီသည် အိပ်ရာပေါ်တွင် လှဲနေသော်လည်း အိပ်ချင်စိတ်မရှိ။ စိတ်မောလူမောဖြစ်ကာ မျက်လုံးတွေ ကြောင်နေသည်။

ဆင်ကလဲ လူးဝစ်၏ ဝတ္ထုစာအုပ်တစ်အုပ်ကို ယူဖတ်သည်။ သို့သော် စိတ်က ဝတ္ထုထဲမရှိဘဲ တခြားကိုသာ ရောက်နေသည်။

ဟင်နရီသည် ၁၅ မိနစ်အတွင်း ရုံးသို့ရောက်နိုင်သည်။ အယ်နီက မိနစ် ၂၀ တိတိ စောင့်နေပြီး ရုံးသို့ ဖုန်းလှမ်းဆက်သည်။ တစ်ဖက်မှ ဖုန်းသည် တစ်မိနစ်ခန့် ဆက်တိုက်မြည်နေသည်၊ ဘယ်သူမှ ဖုန်းကိုမကိုင်။

နောက် မိနစ် ၂၀ အကြာတွင် တစ်ကြိမ် ထပ်ဆက်ပြန်သည်။ သည်တစ်ကြိမ်တွင်လည်း ဖုန်းကို ဘယ်သူမှလာမကိုင်။ သူမသည် မိနစ် ၂၀ ကြာတိုင်း တစ်ကြိမ်ကျစီ ထပ်ဆက်သည်။ အကြိမ်တိုင်း ဘာမှ တုံ့ပြန်ချက်မရ။ ညနေပိုင်းက ဟင်နရီ ပြောသွားသော စကားလုံးများသည် သူမ၏ နားထဲတွင် ပဲ့တင် ရိုက်ခတ်နေကြသည်။

သန်းခေါင်လောက်ကျမှ ဟင်နရီ ပြန်ရောက်လာသည်။ အယ်နီ မအိပ်သေးဘဲ ဝတ္ထုဖတ်နေသည်ကိုတွေ့ရတော့ စိုးရိမ်သွားသည်။

"ဘာလို့ ဒီလောက် အိပ်ပျက်ခံနေရတာလဲ အချစ်ရယ်"

သူ အယ်နီအား နွေးထွေးစွာ နမ်းလိုက်သည်။ အယ်နီ၏ နှာခေါင်းဝသို့ ရေမွှေးနံ့တွေ ဝင်လာသည်။ သူမက စိတ်စောပြီး သံသယဝင်နေလို့များ ဖြစ်လေသလား။

"ဖိုင်တွဲတွေ လိုက်ရှာနေရတာနဲ့ နည်းနည်းကြာသွားတာပါကွယ်၊ သောက်သုံးမကျတဲ့ စာရေးမက စာရွက်စာတမ်းတွေကို ခေါင်းစဉ်မှားပြီး တွဲထားတယ်လေ"

"အဲဒီတော့ ရုံးခန်းထဲမှာ ညကြီးမင်းကြီး တစ်ယောက်တည်း ငုတ်ကြီးထိုင်နေရတာ ပျင်းစရာကြီးနေမှာပေါ့နော်"

"အို... ဒါကတော့ အလုပ်မှာ စိတ်ဝင်စားနေရင် ဘယ်ပျင်းစရာ ကောင်းပါ့မလဲကွယ်" သူက အိပ်ရာပေါ်တက်ပြီး အယ်နီ၏ဘေးတွင် ဝင်အိပ်သည်။ "အဲဒီလိုအချိန်မျိုးမှာ တယ်လီဖုန်းသာ ခဏခဏ ဒုက္ခမပေးရင် ပိုပြီးတော့ အလုပ်လုပ်လို့ ကောင်းသေးတယ်"

မကြာမီတွင် သူအိပ်ပျော်သွားသည်။ အယ်နီကတော့ လုံးဝ အိပ်မပျော်။ ညနေက ဆုံးဖြတ်ချက်ချခဲ့သော စိမံကိန်းကို အကောင်အထည်ဖော်တော့မည်ဟု သန္နိဋ္ဌာန်ချလိုက်သည်။

◇ ◇ ◇

နောက်တစ်နေ့ နံနက်စာစားပြီးတော့ ဟင်နရီ အပြင်ထွက်သွားသည်။ ရုံးကို သွားတာမှ ဟုတ်ပါရဲ့လားဟု အယ်နီက တွေးလိုက်မိသည်။

သူမသည် 'ဘော့စတွန်ဂလုပ်' သတင်းစာကို လှန်ပြီး အသေးစားကြော်ငြာလေးတွေကို ရှာဖွေဖတ်ရှုသည်။ သူမ သိချင်တာကို သိရသောအခါ တယ်လီဖုန်းကောက်ဆက်သည်။ တစ်ဖက်လူနှင့် အဆက်အသွယ်ရတော့ တွေ့ဆုံရန် အချိန်ကို ချိန်းသည်။

ထို့နောက် နေ့လယ် ၁၂ နာရီ မထိုးခင် မိနစ်အနည်းငယ်ခန့်တွင် အိမ်မှထွက်လာခဲ့သည်။

သူမ ထွက်လာခဲ့သောအရပ်က ဘော့စတွန်မြို့၏ တောင်ဘက်နယ်မြေ။ တိုက်အို တိုက်ပျက်များနှင့် ညစ်ပတ်ရှုပ်ပွေနေသော အခန်းများကို မြင်လိုက်ရတော့ သူမ တော်တော်စိတ်ပျက်သွားမိသည်။ သူမသည် သည်နယ်မြေသို့ ယခင်က တစ်ခါမှ ခြေမချခဲ့စဖူး။ ယခုလို အထူးကိစ္စသာ မကြုံခဲ့လျှင် သူတစ်သက်လုံး သည်နယ်မြေသို့ ရောက်ဖူးရန်အကြောင်း လုံးဝမရှိ။

တိုက်ခန်းတစ်ခုရှေ့ ရောက်သောအခါ သစ်သားလှေကားကလေးအတိုင်း အပေါ်ထပ်သို့ တက်လာခဲ့သည်။ လှေကားပေါ်တွင် မီးခြစ်ဆံများ၊ စီးကရက်တိုများနှင့် စက္ကူစုတ်များပြင့် ရှုပ်ပွေညစ်ပတ်နေသည်။ ဆီးနှင်းများ သီးနေသော ပြတင်းပေါက်ပေါ်တွင် စားလုံးကြီးပြင့် 'ဂလင်း ဗိုကာဒို'ဟု ရေးထားပြီး ယင်းအောက်မှ အလွတ်စုံထောက် (မက်ဆာချူးဆက်ပြည်နယ်တွင် မှတ်ပုံတင်ပြီး) ဟူ၍ ရေးသားထားသည်။

အယ်နီက အခန်းတံခါးကို အသာကလေး ခေါက်လိုက်သည်။

"ဝင်ခဲ့ပါ၊ တံခါးတွန်းလိုက်ပါ" အထဲမှ အသံသြကြီးက လှမ်းပြောသည်။

အယ်နီက အခန်းထဲဝင်လိုက်သည်။

စားပွဲပေါ်တွင် ခြေထောက်နှစ်ဖက် ကားရားကြီးဖြန့်တင်ထားသော လူသည် အမျိုးသမီး ရုပ်စုံမဂ္ဂဇင်း ဖတ်နေရာမှ မျက်နှာမော့၍ ကြည့်သည်။ အယ်နီအား မြင်လိုက်ရသောအခါ သူ့ ပါးစပ်တွင် ကိုက်ထားသော ဆေးလိပ်တိုပင် ပြုတ်ကျသွားတော့မလို ဖြစ်သွားသည်။ သူ့အခန်း ထဲသို့ ယခုလို အပေါ်အင်္ကျီ အကောင်းစားဝတ်၍ လာဖူးသူဟူ၍ လုံးဝမရှိခဲ့ဖူးသောကြောင့်ဖြစ် သည်။

သူက ကမန်းကတန်း ထရပ်လိုက်ပြီး

"မင်္ဂလာနံနက်ပါ ခင်ဗျား၊ ကျွန်တော့်နာမည် ဂလင်းရီကာဒိုပါ"

သူက ကိုယ်ကိုကိုင်းလျက် အမွေးထူထူနှင့် ဆေးလိပ်ဆီတွေရွှဲနေသော သူ့လက်ကြီးကို ကမ်းပေးသည်။ အယ်နီက လှမ်းဆုပ်လိုက်သည်။ သူမ၏ လက်တွင် လက်အိတ်စွပ်ထား၍ တော်ပါသေးရဲ့ဟု တွေးလိုက်မိသည်။

"ကျွန်တော်နဲ့များ ချိန်းထားပါသလား ခင်ဗျား"

"ဟုတ်ပါတယ်၊ ချိန်းထားပါတယ်"

"ဒါဖြင့် မစ္စက်အော့စဘွန်းဆိုတာ"

"ဟုတ်ပါတယ်၊ ကျွန်မပါပဲ"

"အပေါ်အင်္ကျီကို ကျွန်တော် ချွတ်ပေးပါရစေလား ခင်ဗျာ"

"နေပါစေ၊ ရပါတယ်၊ ကျွန်မ ဝတ်ထားချင်လို့ပါ"

အယ်နီက ချိတ်စရာနေရာမရှိဘဲနှင့် ကြမ်းပြင်ပေါ် ပုံထားမလို့ ထင်ပါရဲ့ဟု တွေးလိုက်မိ သည်။

"အိုး... ဟုတ်ကဲ့ ဟုတ်ကဲ့ ဒါဆိုလဲ ရပါတယ်"

သူက ကုလားထိုင်တွင် ပြန်ထိုင်သည်။ ဆေးပြင်းလိပ် အသစ်တစ်လိပ် ထပ်ညှိသည်။ အယ်နီက သူ့ကို အကဲခတ်ကြည့်နေသည်။ ဝတ်စုံက အစိမ်းနုရောင်၊ လည်စည်းက ဖန်ဆီကာလာ၊ ဆံပင်က ဆီတွေရွှဲပြီး ပြောင်လက်နေသည်။ ဒါတွေကို အယ်နီက လုံးဝ စိတ်မဝင်စား။ ဘယ် နေရာမှာ ထိုင်ရပါ့မလဲဟူသော ပြဿနာကိုသာ စဉ်းစားနေသည်။

"ကဲ... ပြဿနာကို ပြောပြပါဦး" ရီကာဒိုက မေးသည်။ ပြီးတော့ အသွားတုံးနေသော ဓားဖြင့် ခဲတံတစ်ချောင်းကို ကောက်ချွန်နေသည်။ "ခွေးပျောက်လို့လား၊ ရတနာ ပစ္စည်းပျောက် လို့လား၊ ဒါမှမဟုတ် လင်ပျောက်လို့လား"

အယ်နီသည် အတော်ပင် စိတ်တိုသွားမိသည်။ သို့သော် ဒေါသကို ထိန်းလိုက်ပြီး

"အဲဒါတွေ ဘာမှမဟုတ်ဘူး၊ ကျွန်မ လိုရင်းကို တိုတိုပဲ ပြောပါရစေ၊ ကျွန်မဆီကို ပစ်စာ တွေ ဆက်တိုက်လိုလို ရောက်နေပါတယ်၊ အဲဒီ စာတွေထဲမှာ ကျွန်မ ယောကျ်ားဟာ ကျွန်မရဲ့ အရင်းနှီးဆုံး မိတ်ဆွေအမျိုးသမီးတစ်ယောက်နဲ့ မရှင်းမရှင်း ဖြစ်နေတယ်ဆိုပြီး စွပ်စွဲ ထားပါတယ်၊ အဲဒါ ပစ်စာရေးတဲ့လူ ဘယ်သူလဲဆိုတာ ကျွန်မ သိချင်ပါတယ်၊ ပြီးတော့ စာထဲမှာပါတဲ့ စွပ်စွဲချက်ဟာ တကယ်ပဲ အမှန်ပဲလား၊ဆိုတာကိုလဲ သိချင်ပါတယ်"

မျိုသိပ်ထားသော သူမ၏ ခံစားချက်ကို ပထမဦးဆုံးအကြိမ် ရင်ဖွင့်လိုက်ရသည့်အတွက်

အယ်နီသည် အတော်ပင် စိတ်ချမ်းသာသွားသည်။ ရီကာဒိုကတော့ သူမအား ကျောက်ရုပ်မျက်နှာကြီးနှင့် စေ့စေ့ကြည့်နေသည်။ သူက ခေါင်းကို တစ်ချက်ကုတ်လိုက်ပြီး...

"ဟုတ်ပြီ၊ ယောကျ်ားကိစ္စကတော့ လွယ်ပါတယ်၊ ပစ်စာကိစ္စကတော့ နည်းနည်းခက်မယ်၊ အဲဒီ စာတွေ သိမ်းထားသလား"

"ကျွန်မဆီမှာ နောက်ဆုံးရောက်လာတဲ့ စာတစ်စောင်ပဲ ကျန်တော့တယ်"

ရီကာဒိုသည် သက်မချသည်။ ပြီးတော့ လက်နှစ်ဖက်ကို စားပွဲပေါ် ဖြန့်တင်လိုက်သည်။ အယ်နီက လက်ပွေ့အိတ်ကို ခပ်ဖြည်းဖြည်းဖွင့်၍ စာကို ထုတ်ယူလိုက်သည်။ သူမသည် ခပ်ဆိုင်းဆိုင်းဖြစ်နေသည်၊ ပြီးတော့မှ စာကို ကမ်းပေးလိုက်သည်။

"မစ္စက်အောစဘွန်းအနေနဲ့ ဘယ်လိုခံစားနေရမယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါပေမယ့် ဒီကိစ္စက တော်တော်မလွယ်တဲ့ ကိစ္စ"

"ဟုတ်ပါတယ်၊ ဝမ်းနည်းပါတယ်... မစ္စတာ ရီကာဒို"

ရီကာဒိုက စာကို သုံးလေးကြိမ် ထပ်ဖတ်ပြီးတော့မှ

"စာတွေအားလုံး ဒီလိုစာရွက်မျိုး၊ ဒီလို စာအိတ်မျိုးတွေနဲ့ချည့်ပဲလား"

"ဟုတ်ပါတယ်၊ ဟုတ်မယ် ထင်ပါတယ်"

"ကောင်းပြီ၊ ဒီတော့ နောက်တစ်စောင် ဘယ်တော့ ရောက်လာမယ် ထင်သလဲ"

"နောက်တစ်စောင် ရောက်လာဦးမယ်လို့ မစ္စတာရီကာဒိုက သေချာပေါက်တွက်ထားလို့လား"

"ဟုတ်ပါတယ်၊ တွက်ထားပါတယ်၊ လာဦးမှာပါ၊ ကဲ ခင်ဗျား ယောကျ်ားအကြောင်း အသေးစိတ် ပြောပြပါ၊ သူ့ဓာတ်ပုံများ ရနိုင်မလား"

"ဟုတ်ကဲ့... ရနိုင်ပါတယ်"

"ကျွန်တော်က မျက်နှာလောက်သာ ကြည့်ချင်တာပါ၊ ကျွန်တော်က အလကား အချိန်ဖြုန်းမခံနိုင်ဘူး"

အယ်နီက လက်ပွေ့အိတ်ကို ထပ်ဖွင့်ပြီး စစ်ဗိုလ်ဝတ်စုံနှင့် ရိုက်ထားသော ဟင်နရီ၏ ဓာတ်ပုံတစ်ပုံကို ကမ်းပေးလိုက်သည်။

"မစ္စတာ အောစဘွန်းက လူချောပဲ၊ ဒီဓာတ်ပုံ ဘယ်တုန်းက ရိုက်တာလဲ"

"ငါးနှစ်လောက်တော့ရှိပြီ ထင်ပါတယ်၊ သူ ဘယ်တုန်းက စစ်ထဲဝင်ခဲ့တယ်ဆိုတာတော့ ကျွန်မ အတိအကျမသိဘူး"

ထို့နောက်တွင် ဟင်နရီအောစဘွန်း၏ နေ့စဉ်ပြုမူလှုပ်ရှားမှုများနှင့် ပတ်သက်၍ စုံထောက်ရီကာဒိုက အယ်နီအား မေးခွန်းပေါင်းများစွာ မေးသည်။ ဟင်နရီအကြောင်း သူမကိုယ်တိုင် အသေးစိတ် မသိသေးတာတွေ အများကြီးရှိသေးကြောင်း သိရသောအခါ အယ်နီ အတော်ကလေး စိတ်မကောင်းဖြစ်မိသည်။

"ကိစ္စမရှိပါဘူး၊ မစ္စက်အောစဘွန်း၊ ရသလောက်ပေါ့၊ ဒီလောက်ဆိုရင် လုံလောက်ပါပြီ၊ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်၊ ကဲ... တစ်နေ့တွက် ဒေါ်လာ ၁၀ သာ မစပါ၊

အထွေထွေကုန်ကျစရိတ် အပါအဝင်ပေါ့၊ ကျွန်တော်က မစ္စက်အော့စဘွန်းဆီကို တစ်ပတ်တစ်ကြိမ်ကျစီ အစီရင်ခံစားတွေ ပေးပို့သွားပါ့မယ်၊ အဲဒီတော့ နှစ်ပတ်အတွက် ကြိုတင်ငွေ အခုကတည်းက ပေးသွားပါ" သူက စားပွဲပေါ်သို့ လက်ဖြန့်တင်လိုက်သည်။

အယ်နီက ပိုက်ဆံအိတ်ကို ပြန်ဖွင့်၍ ဒေါ်လာ ၁၀၀ တန် နှစ်ရွက် ထုတ်ယူကာ ရီကာဒိုလက်ထဲ ထည့်ပေးလိုက်သည်။ ရီကာဒိုက အယ်နီအား ဒေါ်လာခြောက်ဆယ် ပြန်အမ်းလိုက်သည်။

"ကျွန်မ တနင်္ဂနွေနေ့တိုင်း လာတွေ့ပါ့မယ်"

"အဲဒါ ကောင်းပါတယ်၊ နောက် တနင်္ဂနွေ ဒီအချိန်အကောင်းဆုံးပါပဲ"

အယ်နီက ရီကာဒိုကမ်းပေးသော လက်ကို လှမ်းမကိုင်တော့ဘဲ နောက်ပြန်လှည့်ကာ ပြန်ထွက်လာခဲ့လေသည်။

✧ ✧ ✧

ဝီလျံထံသို့ ကိန်းနှင့် ကဘော့ဘဏ်တိုက်၏ သုံးလပတ် အစီရင်ခံစာ ရောက်လာသည်။ ဟင်နရီအော့စဘွန်းက ဘဏ်တိုက်မှ ငွေငါးသိန်းချေးရန် တောင်းဆိုလာကြောင်း ဖတ်ရသောအခါ ထော်တော် ခေါင်းခဲသွားရသည်။ ထိုအပတ်တွင် အစမ်းစာမေးပွဲ၌ သင်္ချာဘာသာရပ်တွင် မက်သယူးလက်စတာက ပထမချိတ်ပြီး ဝီလျံက ဒုတိယအဆင့်သို့ ကျသွားသည်။

ထိုညနေတွင် အလန်လွိုက်၏ အိမ်သို့ ဖုန်းလှမ်းဆက်သည်။ ဘဏ်တိုက်ဥက္ကဋ္ဌကြီးက လုံးဝ မအံ့သြ။ ဟင်နရီနှင့် ဝီလျံတို့၏ ဆက်ဆံရေးမပြေလည်ကြောင်း အယ်နီပြောပြ၍ သိထား ပြီးဖြစ်သောကြောင့်ပင်။

"ဝီလျံလား၊ နေကောင်းတယ်နော်၊ ကျောင်းအခြေအနေက ဘယ်လိုလဲ"

"အားလုံးကောင်းပါတယ်ခင်ဗျား၊ ဒါပေမယ့် ကျွန်တော် အခု ဖုန်းဆက်တာက အဲဒါတွေနဲ့ ဘာမှ မပတ်သက်ပါဘူး"

အလန်က နည်းဗျူဟာ သုံးရမည်ကို တွေးလိုက်ပြီးလျှင်

"ဟုတ်ပါတယ်၊ ငါကလဲ အဲဒီကြောင်းကြောင့်လို့ မထင်ပါဘူး၊ ကဲ အဲဒီတော့ ငါ ဘာလုပ်ပေးရမလဲ"

"မနက်ဖြန် နေ့လယ်မှာ ကျွန်တော် အဘနဲ့ တွေ့ချင်ပါတယ်"

"တနင်္ဂနွေနေ့ကြီးပါလား ဝီလျံ"

"ဟုတ်ပါတယ်၊ ကျွန်တော်က အဲဒီနေ့မှာပဲ ကျောင်းအားပါတယ်၊ အဲဒီတော့ သင့်တော်တဲ့ နေရာနဲ့ အချိန်ကိုသာ ချိန်းပါ၊ ကျွန်တော် လာခဲ့ပါမယ်၊ ဒါပေမယ့် ကျွန်တော် အဘဆီလာတာကို ကျွန်တော့် မေမေသိလို့တော့ လုံးဝမဖြစ်ဘူး" ဝီလျံက နောက်ဆုံးစကားကို အသံခပ်မာမာနှင့် ပြောသည်။

"ဟုတ်ပြီ ဟုတ်ပြီ ဖြစ်ပါတယ် ဝီလျံ"

"ကျွန်တော့် ပထွေးရဲ့ တရားဝင်မဟုတ်တဲ့ ပုဂ္ဂလိက လုပ်ငန်းမှာ ကျွန်တော်ရဲ့ ဘဏ္ဍာ

ထိန်းငွေတွေကို ရင်းနှီးမြှုပ်နှံဖို့ စိတ်ကူးတာဟာ လုံးဝ မတရားဘူးလို့ ကျွန်တော်ထင်ပါတယ် ခင်ဗျား"

အလန်လွိုက်က အတန်ကြာကြာ ငြိမ်နေသည်။ သူကသည်ကလေးကို တယ်လီဖုန်းထဲမှ ဖျောင်းဖျပြောဆိုတာ ကောင်းပါ့မလားဟု တွေးမိသည်။ ဒါမှမဟုတ် သူ့ကို ဆန့်ကျင်ဘက်ပြောဆိုရလျှင် ကောင်းမည်လားဟုလည်း စိတ်ကူးမိသည်။ သို့သော် ယင်းသို့ ပြောရမည့်အချိန်ကာလ ကုန်လွန်သွားခဲ့ပြီဟု သဘောပေါက်လိုက်မိသည်။

"ကောင်းပြီလေ၊ ဒီကိစ္စ တို့နှစ်ယောက် အေးအေးဆေးဆေး ပြောကြတာပေါ့၊ မွန်းလွဲ တစ်နာရီ 'ဟန့်ကလပ်မှာ' ဆုံကြရင် မကောင်းဘူးလား"

"ကောင်းပါတယ်၊ ကျွန်တော် လာခဲ့ပါ့မယ်"

ဝီလျံက တယ်လီဖုန်းကို ပြန်ချလိုက်သည်။

အင်း စစ်မျက်နှာကတော့ ငါ့ဘက်ဖွင့်လာပြီဟု တွေးလိုက်မိပြီးနောက် အလန်လွိုက်သည် တယ်လီဖုန်းကို ပြန်ချလိုက်သည်။

✧ ✧ ✧

အလန်က 'ဟန့်ကလပ်' ကို ရွေးချယ်လိုက်ခြင်းမှာ သူတို့၏ ဆွေးနွေးပွဲကို သိပ်ပြီး ပုဂ္ဂိုလ်ရေး မဆန်စေလိုသောကြောင့်ဖြစ်သည်။

ကလပ်သို့ ဝီလျံ ရောက်လာလျှင် ရောက်လာချင်း "ကျွန်တော်တို့ နေ့လယ်စာစားပြီးရင် ဂေါက်တစ်ပွဲလောက် ရိုက်လိုက်ကြရအောင်လား အဘ"ဟူသော မေးခွန်းကို ပထမဦးဆုံးမေးသည်။

"ဟာ... အလွန်ကောင်းတာပေါ့... ဝီလျံ" ဟု အလန်က ပြောပြီးနောက် သုံးနာရီတွင် ပွဲစရန် စာရင်းပေးထားလိုက်သည်။

ထမင်းစားနေသည့် တစ်ချိန်လုံး ဝီလျံက ဟင်နရီအော့စဘွန်းကိစ္စကို လုံးဝမပြောဘဲ သွင်းကုန်ထုတ်ခွန်ကိစ္စနှင့်ပတ်သက်သော သမ္မတဟာ့ဒင်၏ သဘောထားနှင့် ချားလ်စ်၊ ဂျီ၊ ဇဒါဝက်စ်တွင် သမ္မတ၏ ဘဏ္ဍာရေးအကြံပေးပုဂ္ဂိုလ်အဖြစ်နှင့် ထိုက်တန်သော အရည်အသွေး မရှိကြောင်းတို့ကိုသာ ဆွေးနွေးနေသောအခါ ဘဏ်ဥက္ကဋ္ဌကြီး အလန်လွိုက်မှာ အံ့အားကြီးသင့်နေမိသည်။

နှစ်ယောက်သား စားသောက်ရင်း စကားပြောရင်းနှင့် ဝိုင်အရက်တစ်လုံး တစ်ဝက်ကျိုးသွားသည်။ သို့သော် ဝီလျံက တစ်ခွက်သာသောက်၍ အလန်လွိုက်ကသာ အများဆုံး သောက်သည်။

စားသောက်ပြီးတော့... အားကစားခန်းထဲသို့သွား၍ အဝတ်အစားလဲကြသည်။ ထို့နောက် ကစားကွင်းထဲသို့ လျှောက်လာခဲ့ကြသည်။

"ဒါနဲ့... အဘက အခုအထိ ကိုးပွဲပဲ အမြဲတမ်း ကစားတုန်းပဲလား" ဝီလျံက မေးလိုက်သည်။

"ဆိုပါတော့ ဘာဖြစ်လို့လဲ"

"လောင်းကြေးက တစ်ကျင်းသွင်းရင် ဆယ်ဒေါ်လာဖြစ်ပါ့မလား"

ဝီလျံသည် ဂေါက်ရိုက်ရာတွင် နာမည်ကြီးသူဖြစ်၍ အလန်က ခေတ္တမျှ တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ ပြီးတော့မှ…

"ဖြစ်ပါတယ်… ဖြစ်ပါတယ်, လုပ်ပါ"

ပထမပွဲတွင် တစ်ယောက်မျှ စကားမပြောဘဲ ဂေါက်သီးကိုသာ အာရုံစိုက်၍ ရိုက်ကြသည်။ အလန်က လေးချက်နှင့် ကျင်းဝင်သည်။ ဝီလျံက ငါးချက်နှင့်ရိုက်၍ ဝင်သည်။ ဒုတိယပွဲနှင့် တတိယပွဲတွင်လည်း အလန်ကပင် အနိုင်ရသည်။ ဒုတိယပွဲတွင် သူတို့သည် အားကစားရိပ်သာမှ မိုင်ဝက်ခန့်အကွာအဝေးသို့ ရောက်လာကြသည်။

အလန်က ဂေါက်ရိုက်တံကို လက်လွဲရင်း ချိန်ဆနေသည်။

"တကယ်ဆိုရင်… ကျွန်တော့်ရဲ့ ဘဏ္ဍာထိန်းငွေထဲက ဒေါ်လာ ငါးသိန်းကို အဘတို့အနေနဲ့ ဘယ်ကုမ္ပဏီတစ်ခုခု၊ ဒါမှမဟုတ် ဟင်နရီအော့စဘွန်းနဲ့ ဆက်စပ်နေတဲ့ ဘယ်သူတစ်ယောက်ကိုမှ တရားဝင်ထုတ်ချေးပိုင်ခွင့် မရှိပါဘူး"

အလန်က ဂေါက်ရိုက်တံကို တအားလွဲရိုက်လိုက်ရာ ဂေါက်သီးကိုမထိဘဲ လုံးဝလွဲချော်သွားသည်။ ဝီလျံက ရိုက်ချက်များကို လှပစွာရိုက်သွားသည်။ အလန်နှင့် တော်တော်ဝေးသွားသည်။ အလန်အတွက် စဉ်းစားရန် အချိန်ပေးလိုက်သလို ဖြစ်သွား၍ အလန်က ဝမ်းသာမိသည်။

အလန်လျှိုက် နောက်ထပ်သုံးချက်ရိုက်ပြီးသောအခါ ဝီလျံနှင့်ပြန်၍ ဆုံမိသည်။ ပွဲစဉ် (၄) တွင် အလန်က ရှုံးသွားသည်။

"ဝီလျံ မင်းသိတဲ့အတိုင်း ငါက ဘဏ္ဍာထိန်းအဖွဲ့ဝင်တစ်ယောက်အနေနဲ့ တစ်မဲပဲ ပေးပိုင်ခွင့်ရှိပါတယ်၊ နောက်တစ်ချက်က မင်းဟာ အသက် ၂၁ နှစ် မပြည့်မချင်း အဲဒီငွေနဲ့ ပတ်သက်ပြီး ဘာမှ ပြောပိုင်ခွင့်မရှိဘူး၊ လောလောဆယ်မှာ ဒီခေါင်းစဉ်ကို လုံးဝ မဆွေးနွေးတာ အကောင်းဆုံးပါပဲ"

"တရားဥပဒေဆိုင်ရာ ကန့်သတ်ချက်တွေကို ကျွန်တော် အားလုံးသ ဘောပေါက်ပါတယ်၊ ဒါပေမယ့် ဘဏ္ဍာထိန်းအဖွဲ့ဝင် အမျိုးသမီးနှစ်ယောက်စလုံးက ဟင်နရီအော့စဘွန်းနဲ့ အိပ်နေကြတဲ့ အချိန်မှာ ကျွန်တော်က ဒီလိုပဲ ငုံ့ခံနေရမှာလား"

ဝီလျံ၏ စကားကြောင့် အလန် မျက်လုံးပြူးသွားမိသည်။

"မီလီပရက်စတန်နဲ့ ကျွန်တော့် ပထွေးတို့ကိစ္စကို မသိတဲ့လူဆိုလို့ ဘော့စဘွန်းတစ်မြို့လုံးမှာ အဘတစ်ယောက်တည်း ရှိတယ်လို့တော့ ကျွန်တော့်ကို မပြောပါနဲ့"

အလန်မှာ အာစေးမိနေသူလို ဘာမှ ပြန်မပြောနိုင်ဘဲ ဖြစ်နေသည်။ ဝီလျံက ဆက်ပြောသည်။

"အဲဒီတော့ အဘမဲဟာ ကျွန်တော့်ဘက်က ရှိမရှိ ကျွန်တော် အတိအကျ သိချင်ပါတယ်၊ အဲဒီ ငွေထုတ်ချေးဖို့ကိစ္စနဲ့ပတ်သက်လို့ ကျွန်တော့် မေမေကို အဘက ကန့်ကွက်ရင် ဖြစ်နိုင်ပါတယ်"

အလန်က ရိုက်ချက် လွဲသွားပြန်သည်။ ဝီလျံ ရိုက်လိုက်သော ဂေါက်သီးက ကွင်းအလယ်သို့

ရောက်သွားသည်။ အလန်က နောက်တစ်ကြိမ် ရိုက်လိုက်ရာ ဂေါက်သီးက ကွင်းစပ်မှ ချော်ထော ထဲ ရာက်သွားသည်။

"မောင်ရင့် တောင်းဆိုချက်တွေက နည်းနည်းတော့ များလွန်းမယ် ထင်တယ်"

အလန်က ဝိလျံအနီးသို့ ပြန်ရောက်လာပြီး ပြောလိုက်သည်။

"မများပါဘူး၊ ကျွန်တော့်ဘက်က အဘမထောက်ခံရင် ကျွန်တော်လုပ်ရမယ့် လုပ်ငန်းစဉ်နဲ့ ယှဉ်ကြည့်ရင် ဘာမှ မများပါဘူး"

"ဒီလို အကျပ်ကိုင်တာမျိုးကို မင်းဖေဖေက မကြိုက်ဘူးဆိုတာ မင်းသိပါတယ်"

၁၄ ပေအကွာမှ ဝိလျံ ရိုက်လိုက်သော ဂေါက်သီးသည် ကျင်းထဲသို့ ချောက်ကနဲဝင်သွား သည်။

"ဖေဖေမကြိုက်တာက တခြားကိစ္စမဟုတ်ပါဘူး၊ အော့စဘွန်းလို လူမျိုးနဲ့ တွဲလုပ်တာကို သာ မကြိုက်မှာပါ" ဝိလျံက ပြန်လည်ချေပလိုက်သည်။ အလန်က လေးပေအကွာမှ နှစ်ချက် ရိုက်လိုက်ရာ နှစ်ချက်စလုံး မဝင်။

"ဘာပဲဖြစ်ဖြစ် ဖေဖေရဲ့ သေတမ်းစာပါ စည်းကမ်းချက်တွေကို အဘလဲ သိပြီးသားပါ၊ အခုလို မရေရာတဲ့ ပုဂ္ဂလိက လုပ်ငန်းတစ်ခုထဲမှာ ဘဏ္ဍာထိန်းငွေကို ရင်းနှီးမြှုပ်နှံခွင့်မပြုရဘူးဆိုပြီး စည်းကမ်းချက်တစ်ခု ပါပါတယ်၊ ဖေဖေဟာ ဘဏ်လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ဒီလို စည်း ကမ်းမျိုးကို ဘယ်တော့မှ မချိုးဖောက်ခဲ့ဖူးဘူး"

"ဒါပေမယ့် မောင်ရင့်အမေက မိသားစုဝင်ပုဂ္ဂိုလ်တစ်ယောက် အကျိုးအတွက် ဒီစည်းကမ်း ကို ဖောက်သင့် ဖောက်ရမယ်လို့ ယူဆနေတယ်"

"ဟင်နရီအော့စဘွန်းဟာ ကျွန်တော်တို့ မိသားစုဝင်တစ်ယောက် မဟုတ်ပါဘူး၊ ကျွန်တော် သာ ဒီဘဏ္ဍာထိန်းငွေကို ချုပ်ကိုင်ခွင့် အာဏာရခဲ့လို့ရှိရင် ဖေဖေ့ဆန္ဒအတိုင်း ဘယ်တော့မှ ဖောက်ဖျက်မှာ မဟုတ်ဘူး"

"မောင်ရင်က ဒီလို ခေါင်းမာပြီး တင်းခံနေရင် နောက်ပိုင်းမှာ အကျိုးယုတ်နိုင်စရာရှိ တယ်"

"ကျွန်တော်တော့ အဲဒီလို လုံးဝမထင်ဘူး"

"မေင်ရင်ပြောသလိုသာ လုပ်လိုက်ရင် မောင်ရင့်အမေအတွက် ဘယ်လို ထိခိုက်နိုင်တယ် ဆိုတာကိုလဲ စဉ်းစားပါဦး.... ဝိလျံ"

"မေမေဟာ သူပိုင်တဲ့ ငွေငါးသိန်းစလုံးကို သုံးပစ်ခဲ့ပြီးပါပြီ၊ လင်တစ်ယောက်အတွက် ဒီလောက် အနစ်နာခံရင် တော်ရောပေါ့၊ ကျွန်တော့် ငွေ ငါးသိန်းထပ်ပြီး ဆုံးရှုံးခံရဦးမယ်လို့ဆို တာ ဘယ်နည်းနဲ့တွက်တွက် တရားနည်းလမ်း တစ်ဝက်ကလေးမှ မကျပါဘူး"

"အဲဒီကိစ္စကတော့ တို့လဲ ဘာမှမသိရသေးဘူး ဝိလျံ၊ ဒါပေမယ့် အခုကိစ္စမှာ ငွေငါး သိန်း ရင်းနှီးမြှုပ်နှံလိုက်ရင် အမြတ်ငွေကတော့ ကျိန်းသေပေါက်ပဲ၊ ဒါပေမယ့် ဟင်နရီရဲ့စာရင်း ကိုတော့ မကြည့်ရသေးပါဘူး"

"သူဟာ ကျွန်တော့်မေမေရဲ့ ပိုက်ဆံတွေကို အလွဲသုံးစားလုပ်ပစ်တယ်ဆိုတာကတော့

သေချာပါတယ်၊ သူ့စာရင်းကို စစ်တာထက် သူ့ဘဝနောက်ခံ၊ သူ့အပေါင်းအသင်း၊ သူ့လုပ်ရပ်တွေကို လိုက်ကြည့်တာက ပိုပြီး အကျိုးရှိပါလိမ့်မယ်၊ သူဟာ မေမေ့ငွေတွေနဲ့ ဖဲရိုက် အပျော်လိုက်နေတယ်ဆိုတာ အဘ တွေးမိရဲ့လား"

ရုစ်ပွဲမြောက်တွင် အလန်က ဝေါက်သီးကို ငင်းတို့ရှေ့မှ ရောက်ထဲသို့ ရိုက်ထည့်လိုက်သည်။ သည်လုပ်နည်းမျိုးကို သင်ကာစ ဂေါက်သမားတောင်မှ လုပ်မိမည်မဟုတ်။

"ဟင်နရီအကြောင်းကို မောင်ရင်က ဘယ်လိုလုပ် သိတာလဲ"

ကိုဟင် ရှေ့နေလုပ်ငန်းဌာနမှတစ်ဆင့် သိရခြင်းဖြစ်ကြောင်း အလန်က သိပြီးဖြစ်သော်လည်း တမင် ထပ်မေးလိုက်သည်။

"အဲဒါတော့ ကျွန်တော် လုံးဝမပြောနိုင်ဘူး"

"အေးလေ... ဒါကတော့ ထားလိုက်ပါတော့၊ မောင်ရင်ပြောတာတွေသာ အားလုံးအမှန်ပဲဆိုရင်တော့ ဟင်နရီကို ငွေချေးဖို့ကိစ္စနဲ့ပတ်သက်ပြီး ငါက မောင်ရင့်မေမေကို တားပေးပါ့မယ်၊ အကောင်းဆုံးကတော့ ဟင်နရီကို အကြောင်းစုံ ပြောပြလိုက်ဖို့ပါပဲ"

"အဲဒါ ကောင်းပါတယ်၊ ပြောဖြစ်အောင် ပြောပြပါခင်ဗျား"

သည်တစ်ချီတွင် အလန်၏ ရိုက်ချက်တော်တော်ကောင်းသည်။ သို့သော် သူက သူမနိုင်နိုင်တော့ဘူးဆိုတာကို ကျိန်းသေပေါက် ဆုံးဖြတ်ထားပြီးဖြစ်သည်။

ဝိလျံက ဆက်ပြောသည်။

"အော့စဘွန်းအနေနဲ့ ကျွန်တော့် ဘဏ္ဍာထိန်းငွေထဲက ငွေငါးသိန်း လိုချင်တာဟာ တကယ်တမ်း ဆေးရုံဆောက်ဖို့ ကန်ထရိုက်ရလို့ မဟုတ်ဘူး၊ သူ့မှာ ရှီကာဂိုမှာ ပေးစရာအကြွေးတွေကို ဆပ်မလို့ ချေးတာပါ၊ ဒီအကြောင်းလဲ အဲဒါ ဘာမှသိဦးမှာ မဟုတ်ပါဘူး"

အလန်က ဘာမှပြန်မပြော။ အမှန်ကလည်း သည်အကြောင်း သူလုံးဝမသိ။

ဝိလျံက တစ်ကျင်းသွင်းလိုက်သည်။

"မင်းကတော့ ငါ့အပေါ် ဗုံးတွေ တစ်လုံးပြီးတစ်လုံး ပစ်ချနေပါရောလား ဝိလျံ"

"စကတည်းက ဒီအတိုင်းပါပဲ အဘ"

အလန်က ကိုယ်ကို ဂေါက်ရိုက်တံပေါ်မှီရင်း ရယ်လိုက်ပြီးတော့

"ဟုတ်ပါတယ်၊ တစ်ချိန်လုံးပါပဲ ဝိလျံ"

"အော့စဘွန်းဟာ ဆေးရုံကန်ထရိုက်ကိုလဲ လုံးဝမရနိုင်ပါဘူး၊ သူက အစိုးရဌာနက အောက်တန်းအရာရှိကလေးတွေကို လာဘ်ထိုးထားတယ်ဆိုတာ လူတိုင်းလိုလို သိနေကြပြီ၊ ကန်ထရိုက်ကို တကယ်ရမှာက ကက်ဘရိုက်နဲ့ ကာတာကုမ္ပဏီပါ၊ ဒီအကြောင်း သူတို့တောင် မသိကြသေးဘူး၊ ဘယ်သူ့မှတော့ မပြောလိုက်ပါနဲ့ အဘ"

အလန်က ရိုက်ချက်လွဲသွားသည်။ ဝိလျံက လျှောကနဲ ရိုက်သွင်းလိုက်သည်။

သူက ဘဏ်ဉက္ကဋ္ဌကြီးဆီ လျှောက်လာပြီး လက်ကို ကမ်းပေးလိုက်သည်။ နှစ်ယောက်သား ဖက်လှဲတကင်း လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"ကျေးဇူးတင်ပါတယ် အဘ၊ အဘက ကျွန်တော့်ကို ဒေါ်လာ ကိုးဆယ် ပေးရပါမယ်

ခင်ဗျာ"

အလန်က ပိုက်ဆံအိတ်ကိုနှိုက်ယူပြီး ဒေါ်လာ တစ်ရာတန်တစ်ရွက် ကမ်းပေးရင်း

"ငါ့ကို အဘတွေ ခင်ဗျားတွေနဲ့ မသုံးပါနဲ့တော့ ဝီလျံ၊ အလန်လို့ပဲ ရင်းရင်းနှီးနှီး ခေါ်ပါတော့"

ဝီလျံက ဆယ်ဒေါ်လာ ပြန်အမ်းလိုက်သည်။

"ကျေးဇူးတင်ပါတယ် အလန်"

◇ ◇ ◇

တနင်္လာနေ့တွင် အလန်လွိုက် ဘဏ်တိုက်ရောက်တော့ ခါတိုင်းနေ့များထက် လုပ်စရာတွေ ပိုလာပါသည်။ သူက ဌာနဆိုင်ရာ မန်နေဂျာငါးဦးကို သူ့စားပွဲသို့ ခေါ်လိုက်ပြီး ဝီလျံ၏ စွဲချက်များ မှန်မမှန်ကို အမြန်ဆုံးသိရအောင် စုံစမ်းစစ်ဆေး၍ သူ့ထံ အစီရင်ခံကြရန် ညွှန်ကြားလိုက်သည်။ သို့သော် သူက ၎င်းတို့အား တစ်ပေါင်းတည်း ခေါ်ယူတွေ့ဆုံခြင်းမဟုတ်။ တစ်ယောက်စီ ခေါ်ယူတွေ့ဆုံခြင်းသာ ဖြစ်သည်။ တစ်ယောက် လုပ်ငန်းကို တခြားတစ်ယောက်က မသိစေရ။ သူ့ညွှန်ကြားချက်များက တိကျသည်။ ပြတ်သားသည်။ အစီရင်ခံစာသည် အထူးလျှို့ဝှက်ဖြစ်ရမည်။ ဘဏ်ဥက္ကဋ္ဌတစ်ဦးတည်းအတွက် သီးသန့်အထူးအစီရင်ခံစာ ဖြစ်ရမည်။

ဗုဒ္ဓဟူးနေ့ကျတော့ သူ့စားပွဲသို့ လျှို့ဝှက်အစီရင်ခံစာ ငါးစောင်ရောက်လာသည်။ အစီရင်ခံစာ ငါးစောင်စလုံးပင် ဝီလျံ၏ စွပ်စွဲချက်များကို ထောက်ခံတင်ပြကြသည်။ သို့သော် ပို၍ သေချာအောင် အသေးစိတ်ကို ထပ်မံစုံစမ်းဖို့ အချိန်ပေးရန် တောင်းဆိုထားကြသည်။

အလန်လွိုက်လည်း ချက်ချင်းအရေးယူ ဆောင်ရွက်ခြင်းမပြုသေးဘဲ အခြေအနေကို စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ သူက ဖြစ်ရပ်တစ်ခုလုံး၏ အလားအလာကို ခန့်မှန်းသိရှိထားပြီးဖြစ်သော်လည်း အယ်နီအတွက် လဲရာဖိထောင်းသလို အခြေအနေမျိုး ရောက်သွားမည်ကို မလိုလားသောကြောင့်ဖြစ်သည်။ ထို့ကြောင့် လောလောဆယ်တွင် ဘာမှမလုပ်သေးဘဲ ဟင်နရီအော့စဘွန်း၏ ညစာစားပွဲသို့တက်ရောက်ပြီး အခြေအနေကို အကဲခတ်ခြင်းသာ အကောင်းဆုံးဟု သူကယူဆသည်။ ညစာစားပွဲမှာ ဆေးရုံကန်ထရိုက် ရမည့်အတွက် အကြိုအောင်ပွဲအဖြစ် အော့စဘွန်းက သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် မိတ်ဆွေများအား တည်ခင်းကျွေးမွေးခြင်း ဖြစ်သည်။

ညစာစားပွဲသို့ အလန်လွိုက် ရောက်သွားသောအခါ အယ်နီအား စိတ်ရောကိုယ်ရော အလွန်နွမ်းနယ်သော ရုပ်သွင်ဖြင့် မြင်တွေ့ရသည်။ ထို့ကြောင့် သူမအား ပို၍ ညင်ညင်သာသာ ချဉ်းကပ်ပြောဆိုရမည်ဟု အလန်က တွေးလိုက်မိသည်။ အယ်နီ ကိုယ်ဝန်မရှိသောအချိန်တွင် သည်လိုပြဿနာတွေ ပေါ်ပေါက်လျှင် ဘယ်လောက်ကောင်းလိမ့်မလဲဟုလည်း တွေးမိသည်။ အယ်နီအနားတွင် ဧည့်သည်များ ရှင်းသွားသောအခါ အဲလန်က မသိမသာ ချဉ်းကပ်သွားသည်။

"ဘဏ်မှာ အလုပ်တွေများရတဲ့အထဲက အခုလို ညစာစားပွဲ တက်ဖြစ်အောင် တက်လာတာ အများကြီး ကျေးဇူးတင်ပါတယ် အလန်"

"ကိစ္စမရှိပါဘူး အယ်နီ၊ အလုပ်က ပြဿနာမရှိပါဘူး၊ ငါက မင်းတို့လုပ်တဲ့ ပါတီပွဲ

တိုင်း အမြဲတမ်း မပျက်မကွက် တက်ခဲ့တာချည်းပဲ မဟုတ်လား၊ ဒါနဲ့ ငွေချေးဖို့ကိစ္စ ဘယ်လို စိတ်ကူးမိသေးသလဲ" အလန်က ခရီးသွားဟန်လွဲ သဘောမျိုးဖြင့် မေးလိုက်သည်။

"ဘာမှ မစဉ်းစားရသေးပါဘူး၊ ကျွန်မမှာ တခြားကိစ္စတွေနဲ့ စိတ်မအား လူမအားဖြစ်နေတယ်၊ ဟင်နရီရဲ့ ငွေစာရင်း ကြည့်ပြီးပြီလား"

"အခြေအနေကောင်းပါတယ်၊ ဒါပေမယ့် တို့က တစ်နှစ်အတွက် စာရင်းတွေကိုပဲ ကြည့် ရသေးတယ်၊ နောက်ထပ် ဆက်ပြီး ကြည့်ရှုဦးမယ်၊ ဒါက တို့ဘဏ်ရဲ့ အစဉ်အလာ လုပ်ထုံး လုပ်နည်းပါ၊ ဒီအချက်ကို ဟင်နရီ သဘောပေါက်လိမ့်မယ်လို့ ထင်ပါတယ်"

"ဟေး... အယ်နီ၊ ညစာစားပွဲကတော့ တကယ့် ချစ်စရာပွဲပဲ" အလန်၏ နောက်ဘက်မှနေ၍ တစ်စုံတစ်ယောက်က လှမ်းပြောလိုက်သည်။ "ဘယ့်နှယ်လဲ သားသည် မိခင်လောင်း နေကောင်းပါစေ"

အလန်က ထိုသူ၏ မျက်နှာကို လုံးဝ မမှတ်မိ။ ဟင်နရီ၏ နိုင်ငံရေးသမား မိတ်ဆွေဖြစ်ရမည်ဟုတော့ တွက်လိုက်မိသည်။

ပါတီပွဲသို့ နိုင်ငံရေးသမားတွေ တော်တော်များများ တက်ရောက်ကြသည်။ မြို့တော် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လွှတ်တော်အမတ်များကိုလည်း တွေ့ရသည်။ သည်အတိုင်းဆိုလျှင် ဟင်နရီအနေဖြင့် သော့ချက်ကို အပိုင်ကိုင်ထားပြီ။ ဝီလျံအတွက်များ မှားသွားပြီလား။ ကန်ထရိုက်ရသူ အမည်စာရင်းကို နောက်အပတ်တွင် စည်ပင်သာယာရေးအဖွဲ့က ကြေငြာချက် ထုတ်ပြန်တော့မည်။

အလန်က ဘဏ်တိုက်သို့ ပြန်၍ လုပ်စရာ ကျန်တာတွေကို လုပ်နိုင်အောင် ပြန်ရန် ဆုံးဖြတ်လိုက်သည်။

သို့ဖြင့် ဟင်နရီနှင့် အယ်နီတို့အား နှုတ်ဆက်ပြီး ပြန်ထွက်သွားသည်။

အယ်နီက တစ်ချိန်လုံး အခြေအနေကို အကဲခတ်နေသည်။ အထူးသဖြင့် မိလီပရက်စတန် အနားသို့ ဟင်နရီကပ်သွားတိုင်း မသိမသာ စောင့်ကြည့်နေသည်။ သို့သော် ထူးခြားသော အမူအရာတော့ မတွေ့ရ။ ခါတိုင်းလိုပင် ရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေဖြင့် ပုံမှန်ဆက်ဆံ ပြောဆိုကြသည်ကိုသာ မြင်ရသည်။ ဟင်နရီသည် တစ်ချိန်လုံး မိလီ၏ ယောက်ျားဂျွန်ပရက်စတန်နှင့်သာ တစ်တွဲတွဲဖြစ်နေသည်။ ငါ့ယောက်ျားကို ငါက တမင်သက်သက် အထင်လွဲမိသလိုများ ဖြစ်နေပြီလားဟု အယ်နီက တွေးမိသည်။ နောက်နေ့တွင် စုံထောက် ဂလင်းရီကာဒိုနှင့် ချိန်းထားသည်ကိုလည်း ပြန်ဖျက်လိုက်ရမည်လားဟုပင် စိတ်ကူးလိုက်မိသေးသည်။

ပါတီပွဲက သတ်မှတ်ချိန်ထက် နှစ်နာရီနောက်ကျပြီးမှ ပြီးဆုံးသွားသည်။ ရောက်လာသမျှ လူတိုင်းပင် ပျော်ရွှင်ကြလိမ့်မည်ဟု အယ်နီက မျှော်လင့်သည်။

"သိပ်ပြီး ပျော်စရာကောင်းတဲ့ပွဲပဲ အယ်နီ၊ အခုလို မှတ်မှတ်ရရ ဖိတ်မန္တကပြုပြီး ဧည့်ခံ ကျွေးမွေးတာကို အများကြီး ကျေးဇူးတင်ပါတယ်"

စောစောက နှုတ်ဆက်ခဲ့သော ပုဂ္ဂိုလ်က နောက်ဆုံးမှ ပြန်သွားသည်။

သူ့နာမည်ကို အယ်နီမသိ။ သို့သော် မြို့တော် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်ကြီး

တစ်ယောက်ယောက်ဖြစ်သည်ဟုတော့ ခန့်မှန်းမိသည်။

ဧည့်သည်တွေ အားလုံးပြန်သွားပြီးသောအခါ အယ်နီသည် အပေါ်ထပ်သို့ တက်လာခဲ့ပြီး အဝတ်အစားလဲသည်။ ဟင်နရီက သူမနောက်မှ ဝင်လိုက်လာသည်။

'အလန်နဲ့ စကားပြောလိုက်ရသလား... ဒါလင်' ဟင်နရီကမေးသည်။

"ပြောလိုက်ရပါတယ်၊ စာရင်းတွေက အခြေအနေကောင်းပါတယ်တဲ့၊ ဒါပေမယ့် နောက်ထပ်ပြီး အသေးစိတ် စစ်ဆေးစရာ နည်းနည်းကျန်သေးတယ်လို့ပြောတယ်၊ ဘဏ်တိုက် စည်းကမ်းအရ လုပ်ရတာမို့ ရှင့်ကို တောင်းပန်ပေးဖို့လဲ ပြောသွားတယ်"

"အလကား၊ အဲဒီ သောက်စည်းကမ်းတွေ ထားလိုက်စမ်းပါ၊ နောက်ပိုင်းက ဝီလျံ ကြိုးကိုင်နေတာကို မင်း မစဉ်းစားမိဘူးလား၊ သူက ငါ့ကို ငွေမချေးဖြစ်အောင် လိုက်ပြီးဖျက်နေတာ"

"ရှင်က အဲဒီလို ဘာကြောင့် ပြောနိုင်တာလဲ၊ အလန်ကလဲ ကျွန်မကို ဒီအကြောင်း ဘာမှမပြောပါလား"

"ဘာ... သူက မင်းကို မပြောဘူး ဟုတ်လား၊ အဲ... ပြောပါလိမ့်မယ်... ပြောပါလိမ့်မယ်၊ မင်းက ယုံနေ... ယုံနေ၊ တကယ်တော့ တနင်္ဂနွေနေ့တုန်းက ဂေါက်ကလပ်မှာ သူတို့နှစ်ယောက် နေ့လယ်စာစားပြီး ဂေါက်ရိုက်ကြတာကော သူက မင်းကို ပြောလို့လား"

"ဘာ... ဂေါက်ကလပ်မှာ တွေ့ကြတယ် ဟုတ်လား၊ ဒါတော့ ကျွန်မ လုံးဝမယုံဘူး၊ ဝီလျံက ဘော့စတွန်ရောက်လျက်သားနဲ့ ကျွန်မဆီ ဘယ်တော့မှ မလာဘဲ မနေဘူး၊ ဒါကတော့ ရှင် တမင်သက်သက် အထင်လွဲနေတာ ဟင်နရီ"

"ငါပြောတာ ယုံစမ်းပါ မိန်းမရာ၊ အဲဒီနေ့က မြို့တစ်ဝက်လောက် ဂေါက်ကလပ်ရောက်နေကြပါတယ်၊ ဝီလျံဟာ အလန်နဲ့ ဂေါက်ရိုက်ရုံသက်သက်နဲ့တော့ မိုင် ၅၀ ခရီးကို မလာပါဘူးကွ၊ ဒီမှာ အယ်နီ၊ ဒီပိုက်ဆံကို ငါ မရလို့ မဖြစ်တော့ဘူး၊ အဲဒါမရရင် ငါ့ကို ကန်ထရိုက်ဆွဲနိုင်တဲ့ အရည်အချင်း မရှိဆိုပြီး သတ်မှတ်ကြတော့မယ်၊ အဲဒါဆိုရင် ငါ့ဘဝတော့ သွားပြီ၊ တစ်သက်လုံး အဖတ်ဆယ်လို့မရအောင် သိက္ခာကျသွားပြီ၊ အဲဒီတော့ မင်းအနေနဲ့ အမြန်ဆုံးဆုံးဖြတ်ဖို့က ငါ့ကိုပဲ ယုံမှာလား၊ ဝီလျံကိုပဲ ယုံမှာလား၊ အဲဒါပဲ မြန်မြန်လုပ်တော့၊ ငါက အဲဒီငွေကို နောက်အပတ်အတွင်းမရရင် မဖြစ်ဘူး၊ ဒီနေ့ကနေပြီး ရှစ်ရက်အတွင်း ရကိုရမှဖြစ်မယ်၊ အဲဒါမရရင် မြို့တော်စည်ပင်သာယာရေးအဖွဲ့က ငါ့ကို ကန်ထရိုက်နဲ့ မထိုက်တန်တဲ့လူဆိုပြီး ပယ်ချခံရတော့မယ်၊ မင်းက ငါ့ကို လက်ထပ်တာ ဝီလျံက သဘောမတူတဲ့အတွက် ငါ ပယ်ချခံရတော့မယ်၊ ငါတောင်းပန်ပါတယ် အယ်နီ၊ ငါ့ကို ကျေးဇူးပြုပြီး ဒီတစ်ကြိမ်တော့ ဖြစ်အောင် ကူညီပါဦး၊ မနက် အလန့်ဆီ ဖုန်းဆက်ပြီး ငါ့ကို ငွေချေးလိုက်ပါလို့ ပြောပေးပါဦး"

ဟင်နရီ၏ စကားသံများက အယ်နီ၏ နားထဲတွင် ပဲ့တင်ရိုက်ခတ်နေကြသည်။ သူမသည် ခေါင်းထဲက မူးတူးတူးဖြစ်လာပြီး အားနည်းလာသလိုပင် ခံစားမိသည်။

"မဖြစ်ဘူး... မဖြစ်ဘူး၊ မနက်ဖြန်တော့ မဖြစ်သေးဘူး ဟင်နရီ၊ သောကြာနေ့အထိတော့ စောင့်ပါဦး၊ မနက်ဖြန် ကျွန်မ မအားသေးလို့ပါ"

ဟင်နရီက ဒေါသစိတ်ကိုထိန်းပြီး အယ်နီအနီးသို့ ကပ်လာသည်။ အယ်နီက ကိုယ်လုံးပေါ်မှန်ရှေ့တွင်ထိုင်ကာ အင်္ကျီလဲနေသည်။ ဟင်နရီက အယ်နီ၏ ဗိုက်စူစူကလေးကို ညင်သာစွာ ပွတ်ကစားရင်း ပြောသည်။

"ဒီဗိုက်ထဲက ငါ့ရင်သွေးကလေးကိုလဲ ဝီလျံလို အခွင့်အရေးတွေရအောင် လုပ်ပေးရမယ်"

✧ ✧ ✧

နောက်တစ်နေ့မနက်တွင် အယ်နီသည် စုံထောက် ရီကာဒိုထံ သွားရကောင်းမလား၊ မသွားရ ကောင်းမလားဟု ချီတုံချတုံဖြစ်နေသည်။ သို့သော် ၁၂ နာရီမထိုးခင်ကလေးတွင်တော့ သူမသည် တက္ကစီတစ်စီး ငှားပြီး ထွက်လာခဲ့သည်။

သူမသည် ယိုင်နဲ့၍ တကျည်ကျည် အသံမြည်နေသော သစ်သားလှေကားမှ တက်လာခဲ့သည်။ အခန်းထဲရောက်လျှင် ဘယ်လိုမြင်ကွင်းမျိုး မြင်ရမည်ကို သူမက ကြိုတင်တွေးမိပြီးဖြစ်သည်။ ရီကာဒိုနှင့် မတွေ့တော့ဘဲ ပြန်သွားရ ကောင်းမလားဟု တွေးမိသည်။ တံခါးဝတွင် အတန်ကြာအောင် တုံ့ဆိုင်းဆိုင်းဖြစ်နေပြီးမှ တံခါးကို ခေါက်လိုက်သည်။

"ဝင်ခဲ့ပါ"

အယ်နီက တံခါးကိုဖွင့်၍ အခန်းထဲသို့ ဝင်လိုက်သည်။

"အား... မစ္စက်အောစဘွန်းကိုး၊ ခင်ဗျားလာတာ အတော်ပါပဲ၊ ထိုင်ပါခင်ဗျာ"

အယ်နီ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့်နေကြသည်။ အတန်ကြာတော့မှ ရီကာဒိုက စပြောသည်။

"သတင်းကတော့ သိပ်မကောင်းဘူးခင်ဗျ" ရီကာဒိုက ခေါင်းကို တစ်ချက်ကုတ်လိုက်သည်။

အယ်နီ တော်တော်စိတ်ဓာတ်ကျသွားသည်။ နေမကောင်းချင်သလို ဖြစ်သွားသည်။

"ပြီးခဲ့တဲ့ ခုနစ်ရက်အတွင်းမှာ မစ္စတာ အောစဘွန်းကို မစ္စက်ပရက်စတန်နဲ့တွဲတာ လုံးဝမတွေ့ရဘူး၊ ဘယ်မိန်းမနဲ့မှ တွဲတာမတွေ့ရပါဘူး"

"ဒါနဲ့... ရှင်ကပြောတော့ သတင်းက သိပ်မကောင်းဘူးဆို"

"ဟုတ်ပါတယ်၊ အဲဒါတော့ အမှန်ပဲ၊ ခင်ဗျားက ယောကျာ်းနဲ့ ကွာရှင်းချင်နေတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ တကယ်တော့ ယောကျာ်းအပေါ် စိတ်ဆိုးနေတဲ့ မိန်းမတွေဟာ ကျွန်တော့်ဆီက တစ်ခုခုသိချင်လို့ လာကြတာချည်းပါပဲ၊ အဲဒီတော့ ပိုပြီး သေချာအောင် နောက်တစ်ပတ်တော့ စောင့်ကြည့်ပါဦး"

"တော်ပါပြီ မစ္စတာရီကာဒို၊ နောက်ထပ်လဲ စုံစမ်းမနေပါနဲ့တော့၊ စုံစမ်းတော့လဲ ဘာမှ ထူးခြားချက်တွေ့ရမှာ မဟုတ်တော့ပါဘူး"

"ဒီလိုလဲ မလုပ်ပါနဲ့လေ၊ ကျွန်တော်က ရထားတဲ့အချက်အလက်တွေ ပိုသေချာအောင် ဆိုပြီး ပြောတာပါ၊ နောက်တစ်ပတ်ဆိုရင် အတိအကျသိရမှာပါ"

"အေးလေ... ရှင်က ဆက်ပြီး စုံစမ်းချင်သေးတယ်ဆိုရင်လဲ စုံစမ်းပေါ့၊ ဒါပေမယ့်...

ကျွန်မကတော့ ဘယ်လိုမှ ထူးခြားလာမယ်လို့ လုံးဝမထင်တော့ပါဘူး”

“ဒါတော့ ဒါပေါ့လေ၊ ဒါပေမယ့် ကျွန်တော်က နှစ်ပတ်အတွက် ငွေယူထားပြီးပြီမဟုတ်လား၊ အဲဒီတော့ ပိုက်ဆံနဲ့တန်အောင်တော့ လုပ်ပေးရမှာပေါ့၊ မစ္စက်အော့စဘွန်း”

“ဒါနဲ့ စာတွေက ဘယ်လိုလဲ၊ ကျွန်မတော့ ကျွန်မယောက်ျားရဲ့ လုပ်ရပ်တွေကို မနာလိုတဲ့ လူတစ်ယောက်က ရေးတာပဲလို့ထင်တာပဲ”

“ဒီကိစ္စက အလျင်တစ်ပတ်က ကျွန်တော်ပြောသလိုပါပဲ၊ ပစ်စာရှင်ကို စုံစမ်းရတာဟာ မလွယ်ပါဘူး၊ ဒါပေမယ့် လောလောဆယ်မှာ ကျွန်တော်တို့က စာရေးစက္ကူအမျိုးအစား၊ စာအိတ်အမျိုးအစားနဲ့ ဝယ်တဲ့ဆိုင် စတဲ့ သဲလွန်စတော့ ရသင့်သလောက် ရထားပြီ၊ နောက်အပတ်ဆိုရင်တော့ အတိအကျ သိရလိမ့်မယ်လို့ ကျွန်တော် သေချာပေါက် ပြောနိုင်ပါတယ်၊ နောက်ထပ် စာတွေ ရောက်လာသေးသလား”

“မလာတော့ပါဘူး”

“အဲဒါကောင်းတယ်၊ ဘာပဲဖြစ်ဖြစ် နောက်တစ်ပတ်တော့ နောက်ဆုံးအဆင့်ပါပဲ၊ တစ်ခုခုတော့ ပီထိပေါက်မှာပါ မစ္စက်အော့စဗွန်း”

“ကောင်းပြီလေ၊ ရှင့်ဘက်က လုပ်စရာရှိတာသာ ဆက်လုပ်ပေတော့၊ ကဲ ကျွန်မကို ပြန်ခွင့်ပြုပါဦး”

“ကောင်းပါပြီဗျာ… ကောင်းပါပြီ”

အယ်နီသည် အိမ်သို့ပြန်လာရင်း ဟင်နရီအား ငွေငါးသိန်းချေးရန်အတွက် သူမအနေဖြင့် ထောက်ခံချက်ပေးရန် ဆုံးဖြတ်ချက် ချလိုက်သည်။ အလန်လွှိုက်နှင့် ဝီလျံတို့က ဟင်နရီအပေါ် အထင်လွဲနေခြင်းသာ ဖြစ်သည်။ ဝီလျံက သူမအား အသိမပေးဘဲ ဘော့စတွန်သို့ တိတ်တိတ်ကလေး လာခဲ့ခြင်းမှာ ဟင်နရီအား တမင် နှောင့်ယှက်ချင်၍ဖြစ်ကြောင်း ထင်ရှားနေသည်။

✧ ✧ ✧

ထိုညတွင် အယ်နီက ငွေငါးသိန်းကိစ္စနှင့်ပတ်သက်၍ သူမ၏ ဆုံးဖြတ်ချက်ကို ပြောပြလိုက်သောအခါ ဟင်နရီမှာ အလွန့်အလွန် ဝမ်းသာသွားသည်။

မနက်ကျတော့ အယ်နီ လက်မှတ်ထိုးရန် တရားဝင် စာချုပ်စာတမ်းများကို ဟင်နရီက ထုတ်ပေးသည်။ ဟင်နရီသည် ယင်းစာချုပ် စာတမ်းများကို ကြိုတင်ပြင်ဆင်ထားကြောင်း အယ်နီကသိလိုက်သည်။ မီလီပရက်စတန်၏ လက်မှတ်ကိုပင် ရေးထိုးထားပြီးဖြစ်နေသည်။ သူမက သံသယစိတ် ဝင်လာမိပြန်သည်။ သို့သော် “အို… ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးလေ” ဟု တွေးလိုက်ပြီး စာချုပ်ပေါ်တွင် ခပ်မြန်မြန်ကလေး လက်မှတ်ထိုးလိုက်လေသည်။

✧ ✧ ✧

နောက်နေ့ တနင်္လာနေ့မနက်တွင် အလန်လွှိုက်ထံမှ ဖုန်းလာသည်။ အယ်နီသည် အလန်လွှိုက်နှင့် ရင်ဆိုင်ရန် အသင့်ပြင်ဆင်ထားပြီး ဖြစ်နေသည်။

"အယ်နီ ငွေငါးသိန်း ထုတ်ချေးဖို့ကိစ္စကို ကြာသပတေးနေ့အထိ ဆိုင်းထားစေချင်တယ်၊ ဆေးရုံ ကန်ထရိုက်ကို ဘယ်သူရတယ်ဆိုတာ အဲဒီနေ့မှာ သိရလိမ့်မယ်"

"မဖြစ်ဘူး အလန်၊ ကြာသပတေးနေ့အထိ စောင့်နေလို့ မဖြစ်တော့ဘူး၊ ဟင်နရီက အဲဒီငွေကို ခုချက်ချင်းလိုချင်နေတယ်၊ သူ့မှာ ငွေအင်အား အလုံအလောက်ရှိတယ်ဆိုတာ ပြနိုင်မှ ကန်ထရိုက်ကိုရမှာ၊ စာချုပ်ပေါ်မှာ ဘဏ္ဍာထိန်းအဖွဲ့ဝင် နှစ်ယောက်တောင် လက်မှတ်ထိုးထားပြီးပြီပဲ၊ အန်ကယ့်အနေနဲ့ ဘာမှ တားပိုင်ခွင့် မရှိတော့ပါဘူး"

"ဒါပေမယ့် ငါဆိုလိုတာက ဒီလိုပါ၊ ငွေကို ခုချက်ချင်းလက်ငင်းပေးဖို့ မလိုပါဘူး၊ ဟင်နရီကို ဘဏ်က ထောက်ခံချက်ပေးထားမှာပါ၊ ဒါဆိုရင် စည်ပင်သာယာအဖွဲ့ကလဲ လက်ခံနိုင်ပါလိမ့်မယ်၊ ပြီးတော့ သူ့ကုမ္ပဏီရဲ့ ငွေစာရင်းကိုလဲ တို့က အကုန်မစစ်ဆေးနိုင်သေးဘူး၊ စစ်ပို့လဲ အချိန်မရသေးဘူး၊ တခြားအရေးပေါ် အလုပ်တွေနဲ့ ရှုပ်နေတယ်"

"အန်ကယ်က ကျွန်မကို အသိမပေးဘဲ ဟိုတစ်ပတ် တနင်္ဂနွေနေ့က ဝီလျံနဲ့ ဂေါက်သီးသွားရိုက်ဖို့တော့ အချိန်ရတယ်ပေါ့လေ"

တစ်ဖက်မှ အတန်ကြာအောင် တိတ်ဆိတ်နေသည်။ ပြီးတော့မှ

"ဒါက ဒီလို"

"ဘာမှ ဆင်ခြေပေးမနေပါနဲ့တော့ အလန်၊ အန်ကယ်က ဗုဒ္ဓဟူးနေ့မှာ ကျွန်မတို့ ပါတီပွဲတောင် လာသေးတာပဲ၊ အန်ကယ် ပြောချင်ရင် အဲဒီနေ့က ကျွန်မကို ပြောနိုင်သားပဲ မဟုတ်လား၊ ဒါပေမယ့် အန်ကယ်က အဲဒီကိစ္စ တစ်ခွန်းမှ မဟခဲ့ဘူး၊ အချိန်မရလို့လို့ ပြောချင်သေးသလား၊ အခု ကျွန်မဆီ ဖုန်းဆက်ပြီး ဟန့်တားပို့ကျတော့ အချိန်ရသားပဲ"

"ဒီစကားကြားရတာ ငါ ဝမ်းနည်းပါတယ်... အယ်နီ၊ ငါက အားလုံးအတွက် အကျိုးရှိအောင် အချိန်စောင့်ကြည့်နေတာပါ၊ ငါ့ကို ယုံစမ်းပါ အယ်နီ၊ လိုအပ်ရင် ငါမင်းဆီလာခဲ့မယ်လေ၊ အကြောင်းစုံ ရှင်းပြရတာပေါ့၊ ဟုတ်လား"

"တော်ပါပြီ အလန်၊ အန်ကယ်လာစရာ မလိုတော့ပါဘူး၊ အန်ကယ်တို့ အားလုံး တစ်ကျိတ်တည်း တစ်ဉာဏ်တည်းချည့်ပဲ၊ ကျွန်မယောကျ်ားကို အန်ကယ်တို့ ပူးပေါင်းပြီး တိုက်ခိုက်နေကြတယ်ဆိုတာ ကျွန်မ သိပါပြီ၊ ဒါပေမယ့် ကျွန်မကတော့ သူ့ကို အပြည့်အဝ ထောက်ခံမှာပဲ"

အယ်နီ တယ်လီဖုန်းကို ပြန်ချလိုက်။ အလန်အား ပြောချင်တာတွေ ပြောပြလိုက်ရ၍ အတော်ကလေး ကျေနပ်သွားမိသည်။ သူမ၏ ယောကျ်ားအပေါ်တွင် သစ္စာရှိစွာဖြင့် အကူအညီကြီး တစ်ခု ပေးလိုက်ရ၍လည်း အထူးပင် ဝမ်းသာခြင်းဖြစ်မိသည်။

အလန်ထံမှ တယ်လီဖုန်းပြန်ဆက်သည်။ သို့သော် အယ်နီက သူမ အပြင်သို့ ထွက်သွားကြောင်း စကားပြန်လိုက်ရန် အိမ်ဖော်ကို ပြောလိုက်သည်။

ထိုနေ့ည ဟင်နရီ အိမ်ပြန်ရောက်တော့ အယ်နီက အလန်နှင့် ပြောခဲ့သမျှကို ပြန်ပြောပြသည်။ ဟင်နရီက အလွန်ကျေနပ်ဝမ်းသာသွားသည်။

"ဘာမှ မစိုးရိမ်ပါနဲ့... အချစ်ရယ်၊ ကိုယ်က ဒီလုပ်ငန်းမှာ သိန်းချီပြီး မြတ်မှာပါ၊ ကြာသပတေးနေ့ဆိုရင် ကန်ထရိုက်ရသူ အမည်စာရင်း ထွက်လာတော့မယ်၊ ကိုယ်ရမှာ သေချာပါ

တယ်၊ စောင့်ကြည့်နေပါ၊ အဲဒီတော့မှ အချစ်က အလန့်ကို ရင်ကော့ပြီး ကြွားပြလိုက်စမ်းပါ၊ ဒီကြားထဲမှာတော့ သူနဲ့ ဘာမှအဆက်အသွယ် လုပ်မနေပါနဲ့၊ ကန်ထရိုက်စာရင်း ကြေငြာပြီးရင် ရစ်ဇ်ဟိုတယ်မှာ တို့လင်မယားနှစ်ယောက် နေ့လယ်စာ စားပွဲနဲ့ အောင်ပွဲခံကြမယ်၊ အဲဒီတော့မှ သူ့စားပွဲမှာ ထိုင်စားနေတဲ့ အလန့်ဆီကို အချစ်က ခပ်ကြွားကြွားဟန်နဲ့ လက်ယမ်းပြလိုက်တာပေါ့၊ ဟုတ်လား"

အယ်နီက သဘောကျပြီး ပြုံးနေသည်။ ထို့နေ့ ၁၂ နာရီတွင် စုံထောက်ကြီး ရီကာဒိုနှင့် ပြန်တွေ့ရန် ချိန်းထားကြောင်း သတိရမိသည်။ ရီကာဒိုနှင့် သွားတွေ့ပြီးတော့ ရစ်ဇ်ဟိုတယ်သို့ မွန်းလွဲ ၁ နာရီရောက်လျှင်တော်ပြီ။ ဘာပဲဖြစ်ဖြစ် ထိုနေ့တွင်တော့ သူမအနေဖြင့် အောင်ပွဲနှစ်ခုကို တစ်ပြိုင်တည်း ကျင်းပခွင့်ရတော့မည်မှာ သေချာနေပြီ။

အလန်လွှိုက်က အယ်နီထံသို့ အကြိမ်ကြိမ် ဖုန်းထပ်ဆက်သည်။ သို့သော် အယ်နီ အပြင်ထွက်သွားကြောင်း၊ ပြန်မရောက်သေးကြောင်းကိုသာ အိမ်ဖော်က အကြိမ်တိုင်း ပြန်ပြောသည်။

ယခုအချိန်တွင် ငွေချေးစာချုပ်ကို ဘဏ္ဍာထိန်းအဖွဲ့ဝင်နှစ်ဦးက အပြည့်အစုံ လက်မှတ်ထိုးထားပြီးဖြစ်သည်။ ထို့ကြောင့် အလန့်အနေဖြင့် ငွေထုတ်ချေးရန်ကိစ္စ ကို ၂၄ နာရီထက်ပိုပြီး ဆိုင်းထား၍မရတော့။ စာချုပ်ပေါ်တွင် ရေးသားထားသော စကားအသုံးအနှုန်းများမှာ ရစ်ချတ်ကိန်း ရေးဆွဲခဲ့သည့်အတိုင်း တသဝေမတိမ်း တရားဝင်အသုံးအနှုန်းများ ဖြစ်နေသည်။ ချွတ်ယွင်းချက်နှင့် ဟာကွက် တစ်စုံတစ်ရာမရှိ။

အင်္ဂါနေ့ နေ့လယ်ပိုင်းတွင် ငွေဝါးသိန်းတန် ချက်လက်မှတ်ကို ဘဏ်တိုက်မှ အထူးစာပို့ဖြင့် ဟင်နရီထံသို့ ပို့လိုက်သည်။

အလန်သည် ရုံးခန်းထဲမှ စားပွဲတွင် စိတ်ပျက် လက်ပျက်နှင့် ထိုင်ချလိုက်သည်။ ထို့နောက် ဝီလျံထံသို့ စာရှည်ကြီးတစ်စောင် ကောက်ရေးသည်။

မိတ္တူတစ်စောင်ကိုလည်း ဘဏ်အုပ်ချုပ်ရေးအဖွဲ့ဝင် ဒါရိုက်တာလူကြီးအသီးသီးထံသို့ ပေးပို့လိုက်သည်။

✧ ✧ ✧

ဝီလျံသည် ကြာသပတေးနေ့ နံနက်တွင် စိန်ပေါ်ကျောင်း၌ မက်သယူးနှင့်အတူ နံနက်စာ စားနေစဉ် အလန်လွှိုက်ထံမှ စာကို လက်ခံရရှိသည်။

✧ ✧ ✧

'ဘီကွန် တောင်ကုန်းရိပ်သာ' အိမ်ကြီးတွင် ကြာသပတေးနေ့ နံနက်စာ စားပွဲသည် ခါတိုင်းလိုပင် စားစရာတွေ အမည်စုံ၍ မြိုင်ဆိုင်လှသည်။ ဟင်နရီမှာ ခါတိုင်းထက် ပျော်နေပုံရသည်။ သူက နံနက်စာ ပြင်ဆင်ပေးသော အိမ်ဖော်ကို မနောက်စဖူး နောက်နေသည်။ စည်ပင်သာယာအဖွဲ့မှ ကန်ထရိုက်စာရင်းထုတ်ပြန်မည့် အရာရှိထံ ဖုန်းလှမ်းဆက်ပြီး ပြက်လုံးတွေပင် ထုတ်လိုက်သေးသည်။ ဆယ်နာရီဆိုလျှင် ကန်ထရိုက်စာရင်း ထုတ်ပြန်တော့မည်။

အယ်နီက ရီကာဒိုနှင့် နောက်ဆုံးအကြိမ်အဖြစ် သွားတွေ့ရဦးမည့်ကိစ္စကို တွေးနေမိသည်။ ဟင်နရီက 'ဘော့စတွန်ဂလုပ်' သတင်းစာကို ဖတ်နေသည်။ သူ့လက်တွေ တုန်နေသည်ကို အယ်နီက မသိယောင်ဆောင်ကာ စားပွဲပေါ်မှ 'ဗို့ဂ်' ဖက်ရှင် မဂ္ဂဇင်းကြီးကို ဟိုလှန်သည်လှန် လုပ်နေလိုက်သည်။

"ဒါနဲ့ ဒီနေ့မနက်ပိုင်း မင်း ဘယ်သွားစရာ ရှိသေးသလဲ" ဟင်နရီက ဖြတ်ကနဲ မေးသည်။

"ဪ... ထွေထွေထူးထူးတော့ မရှိပါဘူး၊ တစ်နာရီကျတော့ ရစ်ဇ်မှာ အောင်ပွဲခံမယ် မဟုတ်လား၊ ဒါနဲ့ ဟင်နရီ ရစ်ချတ်ရဲ့ အထိမ်းအမှတ်အနေနဲ့ ဆေးရုံမှာ ကလေးဆောင်တစ်ဆောင် ဆောက်ပေးနိုင်မှာလား ဟင်"

"ဒါပေါ့ ဆောက်မှာပေါ့၊ ဒါပေမယ့် ရစ်ချတ်ရဲ့ အထိမ်းအမှတ်နဲ့တော့ မဆောက်နိုင်ဘူး ဒါလင်၊ ကိုယ့်ရဲ့ စွမ်းဆောင်ချက်နဲ့ ဖြစ်လာရတာဆိုတော့ အဆောင်ကို 'မစ္စက်ဟင်နရီအော့စဘွန်း ကောင်းမှု' လို့ပဲ ဆိုင်းဘုတ်ဆွဲရမှာပဲ"

"ဟာ... သိပ်ကောင်းတဲ့ စိတ်ကူးပဲ ဟင်နရီ" အယ်နီက လက်ထဲမှ မဂ္ဂဇင်းကို စားပွဲပေါ်ပြန်ချလိုက်သည်။ သူမမျက်နှာတွင် အပြုံးပန်းတွေ ပွင့်လန်းနေသည်။ "ဒါနဲ့ ကန်ထရိုက်ကို ရှင်ရမယ်ဆိုတာကရော သေချာရဲ့လားဟင်"

"အိုး... သေချာသမှ သိပ်သေချာတာပေါ့ အချစ်ရယ်၊ ခုနက ငါ ဖုန်းဆက်ခဲ့တဲ့ အရာရှိကပြောတယ်၊ ရာနှုန်းပြည့် သေချာပါတယ်တဲ့၊ ဒါပေမယ့် ဆယ်နာရီကျမှ တရားဝင်ထုတ်ပြန်မယ်တဲ့"

"အဲဒီတော့ ရှင်ပထမဆုံး လုပ်ရမယ့် အလုပ်က အလန့်ဆီ ဖုန်းဆက်ပြီး သတင်းကောင်း ပြောပြလိုက်ပါ၊ ကျွန်မတော့ မဆက်တော့ပါဘူး၊ အလျှင်အပတ်တုန်းက သူ့အပေါ် ကျွန်မ ခပ်ထန်ထန်ပြောခဲ့တာတွေ ကျွန်မ စိတ်မကောင်းဖြစ်မိတယ် ဟင်နရီ၊ အလန်က လူတော် လူကောင်းကြီးပါ၊ ကျွန်မတို့အပေါ်မှာ စေတနာ ဘယ်တော့မှ မယုတ်ပါဘူး"

"အို... သူ့အတွက် ထည့်တွက်မနေစမ်းပါနဲ့ အချစ်ရယ်၊ သူ့ဆီ ဝီလျံလာတဲ့ကိစ္စတောင်မှ သူက မင်းကို မပြောတာပဲဟာ"

"ဒါပေမယ့် နောက်တော့ သူ ကျွန်မကို ပြောပြပါတယ်၊ တောင်းလဲ တောင်းပန်ပါတယ်"

"အေးလေ၊ ဒါဆိုလဲ ပြီးရောပေါ့၊ မင်းစိတ်ချမ်းသာမယ်ဆိုရင် ကိုယ်က သူ့ဆီ ဖုန်းဆက်လိုက်ပါ့မယ်၊ ဒါပေမယ့် ဆယ်နာရီ ငါးမိနစ်မှာမှ ဆက်မယ်၊ ပြီးတော့ မင်းကလဲ ဝီလျံဆီ ဆက်လိုက်ဦး၊ သူ့အတွက် ငါက သန်းနဲ့ချီပြီး အမြတ်ရအောင် လုပ်လိုက်ပြီလို့ သူ့ကို ပြောပြလိုက်ပါ၊ သူက နာရီကို ကြည့်လိုက်ပြီး... "ကဲဒီတော့ ကိုယ်သွားလိုက်ဦးမယ်၊ ကံကောင်းပါစေလို့သာ ဆုတောင်းပေတော့"

"ရှင့်အတွက် ကံကောင်းစရာ မလိုတော့ပါဘူး၊ သေချာနေပြီးတဲ့ဥစ္စာပဲ"

"ဟုတ်ပါတယ်... ဟုတ်ပါတယ်၊ သေချာနေပြီးတဲ့ ဥစ္စာပဲ၊ ကဲ... တစ်နာရီမှ ရစ်ဇ် ဟိုတယ်မှာ ဆုံကြမယ်... ဟုတ်လား" သူက အယ်နီ၏ နဖူးကို ငုံ့နမ်းလိုက်သည်။ "ဒီနေ့

ညနေပိုင်းမှာတော့ အချစ်အနေနဲ့ အပျော်ဆုံးဖြစ်ရတော့မှာပဲ၊ ဘာပဲဖြစ်ဖြစ် အလန့်ကိုရော၊ ဝိလျံကိုရော၊ ကန်ထရိုက် ကိစ္စကိုရော အတိတ်မှာပဲ ထားလိုက်တော့၊ တို့လင်မယား ပျော်ပျော် ရွှင်ရွှင်နဲ့ အောင်ပွဲခံဖို့သာ အဓိကပဲ မဟုတ်လား၊ ကဲ ဂွတ်ဘိုင် ဒါလင်"

"ဂွတ်ဘိုင် ဒါလင်"

◇ ◇ ◇

အလန်လွှိုက်သည် နံနက်စာ စားပွဲတွင်ထိုင်ရင်း 'ဘော့စတွန်ဂလုပ်' သတင်းစာ စီးပွား ရေးကဏ္ဍ စာမျက်နှာကို ဖြန့်ပတ်နေသည်။ လက်ယာဘက် ကော်လန်တစ်နေရာမှ သတင်းတို ကလေးတစ်ပုဒ်ကို သတိပြုလိုက်မိသည်။ ဒေါ်လာ ငါးသိန်းတန် ဆေးရုံကန်ထရိုက်ရသည့် ကုမ္ပဏီ အမည်စာရင်းကို ယနေ့ နံနက် ၁၀ နာရီတိတိတွင် မြို့တော်စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပြန်ကြေငြာမည်ဖြစ်ကြောင်း တိုတိုတုတ်တုတ် ရေးသားထားသည်။

အကယ်၍ ကန်ထရိုက်ကို ဟင်နရီ မရခဲ့လျှင် ရှေ့ဆက် ဘာလုပ်ရမည်ဆိုသည်ကို အလန်လွှိုက်က ကြိုတင် စဉ်းစားထားပြီးဖြစ်သည်။ ယင်းဖြစ်ရပ်မျိုးနှင့် ရင်ဆိုင်ခဲ့ရလျှင် သူ့ အနေဖြင့် ရစ်ချတ်လုပ်ခဲ့သည့် နည်းလမ်းအတိုင်း တသွေမတိမ်း လိုက်နာကျင့်သုံးမည်ဖြစ်သည်။ ဘဏ်၏ အကျိုးကိုသာ ဦးစားပေးရမည်ဟူသော အချက်သည်သာ အဓိကဖြစ်သည်။

ဟင်နရီ၏ ကိုယ်ပိုင် ငွေရေးကြေးရေးကိစ္စများနှင့် ပတ်သက်၍ နောက်ဆုံး သိရှိရသော အချက်အလက်များမှာ အလွန်တရာမှ အခြေအနေ ဆိုးရွားလှသည်။ သည်အတွက် အလန်သည် အထူးစိတ်မချမ်းမသာ ဖြစ်မိသည်။

တကယ်သော်ကား ဟင်နရီအော့စဘွန်းဆိုသူမှာ စီးပွားရေးသမားတစ်ယောက် မဟုတ်ဘဲ ဖဲသမားတစ်ယောက်သာ ဖြစ်နေသည်။ ယခင်က အိမ်ငှား မြေငှားလုပ်ငန်းတွင် မြှုပ်နှံခဲ့သည် ဆိုသော ငွေများမှာလည်း ကုမ္ပဏီစာရင်းထဲသို့ ပြည့်ပြည့်ဝဝ ဝင်သည်ကို မတွေ့ရ။

အလန်သည် လိမ္မော်ရည်ဖန်ခွက်ကို တစ်ကျိုက်မော့၍ သောက်သည်။ ပြီးတော့ ဘာကို မှ ဆက်မစားတော့ဘဲ စားပွဲမှထ သည်။ နံနက်စာ ပြင်ပေးသော အိမ်ဖော်ကို တောင်းပန်စကား ပြောပြီး ဘဏ်တိုက်သို့ ခြေကျင်လျှောက်လာခဲ့သည်။ ယနေ့သည် နေရောင်ထွန်းပ၍ သာယာ လှပသော နေ့တစ်နေ့။

◇ ◇ ◇

"ဝိလျံတို့ ဒီနေ့ ညနေပိုင်း တင်းနစ်ကစားကြမယ်ကွာ"

ဝိလျံက အလန်လွှိုက်ထံမှစာကို ဒုတိယအကြိမ် ပြန်ဖတ်နေစဉ် မက်သယူးက ဘေးနား လာရပ်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

"အင်း... မင်း ဘာပြောတာလဲ မက်သယူး၊ ငါနားမလည်လိုက်လို့"

"အို... မင်းကလဲ နားပင်းနေတာ ကျနေတာပဲ၊ ဒီနေ့ ညနေ တင်းနစ်သွားရိုက်ကြမယ်လို့ ပြောတာကွ"

"ဒီနေ့ညနေ ငါမအားဘူးကွာ၊ ငါ့မှာ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေလို့ပါ"

"အို…ဒီလိုလား၊ မင်းကိစ္စ ငါသိပါတယ်ကွာ၊ မင်းက ဝါရင့်တန်က သမ္မတ အိမ်တော်ကို ထုံးစံအတိုင်း လျှို့ဝှက်ခရီးသွားဦးမလို့ မဟုတ်လား၊ သမ္မတ ဟာဒင်က သူ့ရဲ့ ဘဏ္ဍာရေးအကြံပေးပုဂ္ဂိုလ် ရာထူးအတွက် လူသစ်တစ်ယောက် ရှာနေတယ်ဆိုတာ ငါသိပါတယ်ကွာ၊ လက်ရှိ အကြံပေးအရာရှိ ချားလ်စ်ဂျီဒေါဝက်စ်က တော့ဆိုတော့ သူ့နေရာ မင်းနဲ့ပဲ ထိုက်တန်တာ အမှန်ပဲကွ၊ အဲဒီတော့ မင်းဟိုရောက်တော့ အဲဒီရာထူးအတွက် လက်ခံပါတယ်လို့ သမ္မတကြီးကို ပြောပြလိုက်ပေါ့ ဟုတ်လား၊ ပြီးတော့ မင်းသူငယ်ချင်း မက်သယူးလက်စတာဆိုတဲ့ အကောင်ကိုလဲ တရားဝန်ကြီးချုပ် ရာထူးပေးဖို့ အဆိုပြုလိုက်ပေါ့ကွာ"

ဝီလျံက ဘာမှ ပြန်မပြော။

"အင်း… မင်းက ဘယ်ရယ်ပါ့မလဲ၊ ငါ့ဟာသက ဟာသမှ မမြောက်တာပဲကိုးကွ၊ ဒါပေမယ့် အစီပွာယ်တော့ ရှိပါတယ်၊ သူငယ်ချင်းရာ"

မက်သယူးက ဝီလျံ၏ ဘေးတွင် ဝင်ထိုင်လိုက်သည်။

ဝီလျံက စာကို စာအိတ်ထဲ ပြန်ထည့်ရင်း…

"ငါ့မှာ ပြဿနာတစ်ခုရှိနေတယ် မက်သယူး၊ အဲဒါ မင်းကူညီမှ ဖြစ်မယ်"

"ငါသိပါတယ်၊ ငါသိပါတယ် ဝီလျံရာ၊ မင်းလက်ထဲက စာက ငါ့ညီမဆီကစာ မဟုတ်လား၊ ဘာလဲ မင်းက သူ့ကို အသည်းထဲက စွဲချစ်တာမဟုတ်ဘူးလို့ ငါ့ညီမက စာထဲမှာ ရေးလိုက်လို့လား"

ဝီလျံက ထိုင်ရာမှ ဖြတ်ကနဲ ထရပ်လိုက်သည်။

"နောက်မနေစမ်းပါနဲ့ သူငယ်ချင်းရာ၊ တကယ်လို့ မင်းအဖေရဲ့ ဘဏ်တိုက်ကို ဓားပြတိုက်ခံနေရချိန်မှာ မင်းက ဒီလိုပဲထိုင်ပြီး ပြောင်ပြောင်နောက်နောက် စကားတွေ ပြောနေမတဲ့လား"

ဝီလျံ၏ မျက်နှာအမူအရာက တကယ် လေးလေးနက်နက် ပြောနေကြောင်း ဖော်ပြနေသည်။ သည်တော့မှ မက်သယူးက လေသံပြောင်းသွားပြီး

"အဲဒီလိုဆိုရင်တော့ ငါက ဘယ်လိုလုပ်ပြီး ပြောင်နောက်နေပါ့မလဲကွာ"

"ဒါပေါ့ သူငယ်ချင်း၊ ကဲ… တို့ တစ်နေရာ သွားကြရအောင်။ ပြီးတော့မှ မင်းကို ငါ အကြောင်းစုံ ရှင်းပြမယ်"

◇ ◇ ◇

အယ်နီသည် ၁၀ နာရီထိုးပြီးနောက် မိနစ်အနင်းငယ်အတွင်းတွင် 'ဘီကွန်ရိပ်သာ' မှ ထွက်လာခဲ့သည်။ အစီအစဉ်က ပထမ ဈေးသို့သွား၍ ဝယ်စရာကလေးတွေ ဝယ်မည်။ ပြီးတော့ စုံထောက် ရိုက်ကာဒိုထံသို့ ဆက်သွားမည်။

အယ်နီ ထွက်သွားပြီး မိနစ်အနည်းငယ်အတွင်းမှာပင် တယ်လီဖုန်းလာသည်။ အိမ်ဖော်က တယ်လီဖုန်းကို သွားကိုင်သည်။ တစ်ဖက်မှလူက 'အယ်နီနဲ့ စကားပြောချင်တယ်'ဟု ပြောသည်။ အိမ်ဖော်က ပြတင်းပေါက်ဆီ ပြေးသွားပြီ အပြင်သို့ လှမ်းကြည့်လိုက်သည်။ အယ်နီက

အဲဝေးသို့ ရောက်သွားပြီ။ ပြန်ခေါ်၍ မဖြစ်နိုင်တော့။

အကယ်၍သာ အယ်နီသာ ပြန်လာနိုင်ခဲ့လျှင် ဆေးရုံကန်ထရိုက်ကို ဘယ်သူရရှိကြောင်း သိရှိရမည်ဖြစ်သည်။

အယ်နီသည် ဈေးသို့သွား၍ ခြေအိတ်တွေဝယ်သည်။ ရေမွှေးအသစ် တစ်ပုလင်းဝယ်သည်။

ထို့နောက် ၁၂ နာရီထိုးပြီး မိနစ်အနည်းငယ်အကြာတွင် စုံထောက် ရီကာဒို၏ ရုံးခန်းသို့ ရောက်လာသည်။ အကောင်းစား ရေမွှေးနံ့က ရီကာဒို၏ ဆေးပြင်းလိပ်နံ့ကိုတော့ ဖုံးလွှမ်းနိုင်လိမ့်မည်ဟု မျှော်လင့်မိသည်။

"ကျွန်မ နောက်တော့ မကျပါဘူး ထင်ပါတယ် မစ္စတာ ရီကာဒို"

"ထိုင်ပါ မစ္စက်အော့စဘွန်း"

ရီကာဒို၏ မျက်နှာက များစွာမကောင်းလှသည်ကို အယ်နီက သတိပြုလိုက်မိသည်။

ရီကာဒိုက အညိုရောင် ဖိုင်တွဲတစ်တွဲ ဖွင့်လိုက်သည်။

"ပစ်စာနဲ့ ပတ်သက်ပြီး အလျင်စကြေရအောင် မစ္စက် အော့စဘွန်း"

"ဟုတ်ကဲ့ အဲဒါ ကောင်းပါတယ်"

"အဲဒီစာတွေ ရေးတဲ့လူက မစ္စက်ရှုဘီဖလားဝါးဆိုတဲ့ အမျိုးသမီးတစ်ယောက်ပဲ"

"ဟင်... ဘယ်သူ၊ သူက ဘာကြောင့် ရေးရတာတဲ့လဲ"

"ကျွန်တော် ခန့်မှန်းမိသလောက်တော့ အဲဒီ မစ္စက်ဖလားဝါးက ခင်ဗျားရဲ့ ယောက်ျားကို တရားစွဲချင်နေတယ်လို့ ထင်တယ်"

"ဟုတ်ပါပြီ၊ ဒါဆိုရင် အားလုံးရှင်းနေပြီပဲ၊ တကယ်တော့ အဲဒီမိန်းမက ကလဲ့စားပြန်ချေချင်လို့ ဒီလိုလုပ်တာဖြစ်ရမယ်၊ ဒါနဲ့ ဟင်နရီက သူ့ကို ပိုက်ဆံဘယ်လောက်ပေးစရာ ရှိသတဲ့လဲ"

"သူက ပိုက်ဆံကိစ္စကြောင့် မဟုတ်ဘူး မစ္စက် အော့စဘွန်း"

"ဒီတော့... ဘာကိစ္စကြောင့်လဲ"

"ကတိစကား ဖောက်ဖျက်တဲ့ ကိစ္စကြောင့်ပဲ"

"ဟင်... ဒါတော့ လုံးဝမဖြစ်နိုင်ဘူး"

"ဖြစ်နိုင်ပါတယ် မစ္စက်အော့စဘွန်း၊ ဘာဖြစ်လို့လဲဆိုတော့ မစ္စတာ အော့စဘွန်းနဲ့ အဲဒီ မစ္စက်ဖလားဝါးတို့က တစ်နေ့ လက်ထပ်ကြမယ်ဆိုပြီး စေ့စပ်ထားကြပြီးသား၊ အဲဒါ မစ္စတာ အော့စဘွန်းက သူ့ကို လက်မထပ်ဘဲ ခင်ဗျားကို လက်ထပ်လိုက်တော့ သူ့အနေနဲ့ ဘယ်လိုခံစားရမလဲဆိုတာ ကိုယ်ချင်းစာပြီးသာ တွေးကြည့်တာပေါ့၊ တကယ်တော့ မစ္စတာ အော့စဘွန်းက ဘာအကြောင်းမှ မခိုင်လုံပဲနဲ့ ကတိဖျက်လိုက်တာပဲ"

"ဗိုင်းတာမ သူက ဟင်နရီဆီက ပိုက်ဆံလိုချင်လို့ ဒီလိုလုပ်တာ ဖြစ်မှာပဲ"

"မဟုတ်ဘူး၊ အဲဒီလို မဟုတ်ဘူး၊ မစ္စက်ဖလားဝါးက ပိုက်ဆံချမ်းသာတဲ့ မိန်းမတစ်ယောက်ပါ၊ ခင်ဗျားလောက်တော့ မချမ်းသာဘူးပေါ့၊ သို့သော်လဲ ချမ်းသာတဲ့ မိန်းမတစ်ယောက်လို့တော့ ဆိုနိုင်ပါတယ်၊ သူ့ယောက်ျား သေသွားတော့ ဖျော်ရည်စက်ရုံကုမ္ပဏီတစ်ခု ကျန်ရစ်တယ်၊ ငွေ

တွေလဲ တော်တော်များများ ကျန်ရစ်တယ်”

“ဒါနဲ့ အဲဒီမိန်းမက ဘယ်အရွယ်ရှိပြီလဲ”

“၅၃ နှစ် ပြည့်တော့မယ်”

“အမယ်လေး… ဘုရားရေ၊ တော်တော် သနားစရာကောင်းတဲ့ အဘွားကြီးပါလား၊ သူက ကျွန်မကို မနာလိုဖြစ်ပြီး မုန်းနေတာ ဖြစ်မှာပေါ့”

“အဲဒါ ဖြစ်နိုင်ပါတယ် မစ္စက်အော့စဘွန်း၊ အဲဒီတော့ မစ္စတာအော့စဘွန်းရဲ့ တခြားကိစ္စတွေကို ဆက်ကြည့်ကြရအောင်”

အယ်နီသည် နေမကောင်းချင်သလို ဖြစ်လာသည်။ ဒီကိုလာခဲ့တာ မှားသွားပြီလားဟုလည်း စဉ်းစားမိသည်။ ချက်ချင်း ပြန်ထွက်သွားရ ကောင်းမလား၊ ဒီအချိန်မှာ ရစ်ချတ်သာရှိလိုက်ရင် ဘယ်လောက်ကောင်းမလဲ။ ရစ်ချတ်က ဘာပြဿနာကိုမဆို ခေါင်းအေးအေးနှင့် ရှင်းနိုင်သည်။

အယ်နီသည် ထိုင်ရာမှ ချက်ချင်း ထပြန်ချင်သော်လည်း ကိုယ်က ထလို့မရအောင် လေးလံနေသည်။ စုံထောက်ကြီး၏ အပြုအမူကိုသာ ကြောင်ကြောင်ကြီး စိုက်ကြည့်နေမိသည်။ စုံထောက်ကြီးက ဖိုင်တွဲကို ဟိုလှန် သည်လှန် လုပ်နေသည်။

“လွန်ခဲ့တဲ့ အပတ်က မစ္စတာ အော့စဘွန်းဟာ နှစ်ကြိမ်တိတိ မစ္စက်ပရက်စတန်နဲ့ တွေ့ခဲ့တယ်၊ သုံးနာရီလောက်စီ ကြာတယ်၊ သူတို့နှစ်ယောက်တည်းပဲ”

“ဒါက ဘာမှခိုင်လုံတဲ့အချက် မဟုတ်ပါဘူး၊ သူတို့က အလွန်အရေးကြီးတဲ့ ငွေကြေးကိစ္စတွေ ဆွေးနွေးကြတာ ဖြစ်မယ်”

“ဒါတော့ ကျွန်တော်လဲ မပြောတတ်ဘူး၊ ဒါပေမယ့် သူတို့တွေ့တဲ့နေရာက လာဆယ်လီလမ်းထဲက တည်းခိုရိပ်သာကလေး တစ်ခုမှာ”

အယ်နီက ဘာမှဝင်မပြောတော့ဘဲ ဆက်၍သာ နားထောင်နေလိုက်သည်။

“နှစ်ကြိမ်စလုံးမှာ သူတို့နှစ်ယောက် ရိပ်သာထဲကို လက်ဆွဲပြီး ဝင်လာကြတယ်၊ စကားတွေ တိုးတိုးပြောပြီး ရယ်လို့မောလို့ပဲ၊ သူတို့ဝင်လာတဲ့ ဓာတ်ပုံနဲ့ ထွက်သွားတဲ့ ဓာတ်ပုံတွေလဲ ကျွန်တော်တို့မှာ ရှိပါတယ်”

“အဲဒါတွေ ဆုတ်ပစ်လိုက်စမ်းပါ”

စုံထောက်ကြီးက ဆက်ပြောသည်။

“ဒါကတော့ ခင်ဗျားသဘောအတိုင်းပဲ၊ လုပ်ချင်သလို လုပ်နိုင်ပါတယ်၊ အဲဒါထက်ဆိုးတာတွေ ရှိပါသေးတယ်၊ နောက်ထပ်သိရတာက မစ္စတာ အော့စဘွန်းဟာ ဟားဗတ်တက္ကသိုလ်ကိုလဲ တစ်ခါမှ မရောက်ဖူးဘူး၊ အမေရိကန်တပ်မတော်ထဲလဲ တစ်ခါမှ မဝင်ဖူးဘူး၊ ဟားဗတ်တက္ကသိုလ်မှာ ဟင်နရီအော့စဘွန်းဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်တော့ ရှိခဲ့ဖူးပါတယ်၊ သူက အရပ် ၅ ပေ ၅ လက်မ၊ ဆံပင်ရွှေရောင်နဲ့၊ အလာဘားမားပြည်နယ် ဇာတိ၊ ၁၉၁၇ ခုနှစ်က မိန်းပြည်နယ်မှာ သေဆုံးသွားတယ်၊ ပြီးတော့ ခင်ဗျားယောကျ်ားဟာ သူပြောတဲ့အသက်ထက် ငယ်သေးတယ်ဆိုတာလဲ သိရတယ်၊ သူ့နာမည်ရင်းက ဗစ်တိုရီယိုတိုဂနာတဲ့၊ သူဟာ…”

"တော်ပါတော့... တော်ပါတော့၊ ကျွန်မ နောက်ထပ် ဘာမှမကြားချင်တော့ဘူး" အယ်နီ၏ မျက်နှာပြင်တွင် မျက်ရည်တွေ စီးကျလာသည်။

"ကောင်းပါပြီ... မစ္စက်အော့စဘွန်း၊ ကျွန်တော် သဘောပေါက်ပါတယ်၊ အခုလိုဖြစ်ရတာ ကျွန်တော်လဲ အများကြီးစိတ်မကောင်းပါဘူး၊ ကျွန်တော့် အလုပ်ကိုလဲ..."

"ကျေးဇူးတင်ပါတယ် မစ္စတာရီကာဒို၊ အခုလိုကူညီတာ အများကြီး ကျေးဇူးတင်ပါတယ်၊ ဒီအတွက် ကျွန်မ ဘယ်လောက် ပေးရပါမလဲ"

"အလျင် နှစ်ပတ်စာအတွက် ကြိုတင် ပေးထားပြီးပါပြီ၊ နောက်ထပ် ကုန်ကျငွေက ၇၃ ဒေါ်လာပါ"

အယ်နီက ပိုက်ဆံအိတ်ထဲမှ ဒေါ်လာ တစ်ရာတန်တစ်ရွက် ထုတ်ပေးလိုက်ပြီးနောက် ထိုင်ရာမှ ထလိုက်သည်။

"ပိုငွေ ပြန်ယူသွားပါဦး မစ္စက်အော့စဘွန်း"

အယ်နီက ခေါင်းကို ယမ်းပြီး လက်ကို ခါပြလိုက်သည်။

"ဒါနဲ့... နေလို့မှ ကောင်းရဲ့လား မစ္စက်အော့စဘွန်း၊ ခင်ဗျား မျက်နှာကြည့်ရတာ ဖြူရော်ရော်ကြီးနဲ့ မောနေသလိုပဲ၊ ရေတစ်ခွက်လောက် သောက်လိုက်ပါလား"

"နေပါစေရှင်၊ ကျွန်မ ဘာမှမဖြစ်ပါဘူး၊ ကျေးဇူးတင်ပါတယ်"

"ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော် ကားမောင်းပြီး လိုက်ပို့ပါရစေလား"

"ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ကျွန်မ သွားနိုင်ပါတယ်"

စုံထောက် ရီကာဒိုက အခန်းတံခါးကို အသာကလေး ပြန်ပိတ်လိုက်သည်။ ပြီးတော့ ပြတင်းပေါက်သို့ လျှောက်လာသည်။ သူ့ပါးစပ်မှ ဆေးပြင်းလိပ်တိုကို ပြတင်းပေါက်မှ မှုတ်ထုတ်လိုက်ပြီးတော့ သူ့အလုပ်ကို ကျိန်ဆဲလိုက်သည်။

✧ ✧ ✧

အယ်နီသည် လက်ရန်းတန်းကိုကိုင်ကာ လှေကားထိပ်တွင် ခေတ္တရပ်လိုက်သည်။ သူမ တစ်ကိုယ်လုံး အားအင်မရှိတော့သလို ခွေနုန်းနေသည်။ စိတ်ကိုလျှော့လိုက်လျှင် လဲကျသွားတော့မလားဟု ထင်ရသည်။ ဗိုက်ထဲက ကလေးကလဲ တော်တော်လှုပ်လာသည်။ အန်ချင်သလိုလို အော့ချင်သလိုလို ဖြစ်လာသည်။

စိတ်ကိုတင်းပြီး တစ်ထစ်ချင်း ဖြည်းဖြည်းဆင်းလာသည်။ လမ်းထိပ်ရောက်တော့ အငှားကားတစ်စီးကို လက်ပြလိုက်သည်။

ကားနောက်ခန်းတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ဘာကိုမှ မစဉ်းစားချင်တော့။ တစ်လမ်းလုံး ရှိုက်၍ရှိုက်၍သာ အသံတိတ်ငိုလာခဲ့သည်။

ခုတင်ဘေးမှ တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာသည်။ တယ်လီဖုန်းကို လှမ်းကိုင်လိုက်သည်။

"ကျေးဇူးပြုပြီး မစ္စက်ကိန်းနဲ့ ပြောပါရစေ"

အလန်၏ အသံမှန်း ချက်ချင်းသိလိုက်သည်။ နွမ်းလျခွေနဲ့နေသော အသံ။

"ဟဲလို… အလန်လား၊ ကျွန်မ အယ်နီပါ"

"အယ်နီ… ဘယ်လိုမှတော့ မဖြစ်ပါနဲ့၊ ဒီနေ့မနက် သတင်းကတော့ စိတ်မကောင်းစရာပဲ"

"အဲဒါ အန်ကယ် ဘယ်လိုလုပ်သိသလဲ၊ ဘယ်လိုလုပ်ပြီး အတိအကျပြောနိုင်တာလဲ၊ အန်ကယ့်ကို ဘယ်သူပြောတာလဲ"

"စည်ပင်သာယာအဖွဲ့က ငါ့ဆီ ဖုန်းဆက်တယ်၊ ၁၀ နာရီထိုးပြီး မကြာခင်မှာပဲ၊ ငါ မင်းဆီဆက်တာ အကြိမ်ပေါင်း မနည်းတော့ဘူး၊ အိမ်ဖော်က မင်း ဈေးဝယ်သွားတယ်လို့ ပြန်ပြောတယ်"

"အို… ဘုရား… ဘုရား…၊ ကျွန်မ ကန်ထရိုက်အကြောင်း လုံးဝတောင် သတိမရခဲ့ပါလား"

သူမသည် ခုတင်ပေါ်မှ ဆင်းပြီး ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။

"ဒါနဲ့… မင်း နေကောင်းရဲ့လား၊ အယ်နီ"

"ဟုတ်ကဲ့… ကောင်းပါတယ်" သူမက ရှိုက်သံကို တစ်ဖက်မှ မကြားစေအောင် အားတင်းပြီး ထိန်းထားရင်း "စည်ပင်သာယာအဖွဲ့က ဘယ်လိုပြောသလဲ အလန်"

"ဆေးရုံ ကန်ထရိုက်ကို ကက်ဘရိုက်နှင့် ကာတာကုမ္ပဏီက ရသွားတယ်လို့ပြောတယ်၊ ဟင်နရီက ထိပ်ဆုံးသုံးဦးစာရင်းမှာတောင် မပါဘူးတဲ့၊ ငါ ဒီနေ့ တစ်မနက်လုံး သူ့ဆီ ဖုန်းလှမ်းဆက်တာ သူ့ရုံးခန်းမှာမရှိဘူး၊ ၁၀ နာရီကတည်းက ထွက်သွားတာ လုံးဝ ပြန်မလာသေးဘူးတဲ့၊ သူ ဘယ်မှာရှိမယ်ဆိုတာ မင်းလဲ သိမှာ မဟုတ်ပါဘူး"

"ဟင့်အင်း ကျွန်မ မသိပါဘူး"

"ဒါနဲ့… ငါ မင်းဆီလာခဲ့ရမလား၊ ငါ မိနစ်ပိုင်းအတွင်း ရောက်လာမှာပါ"

"နေပါစေ… အလန်၊ မလာပါနဲ့၊ ကျေးဇူးတင်ပါတယ်" အယ်နီက အသက်ကို ဝအောင်ရှူလိုက်သည်။ "တစ်နေ့တုန်းက အန်ကယ့်ကို ကျွန်မ ရိုင်းရိုင်းစိုင်းစိုင်းပြောမိတာ သည်းခံပါ အလန်၊ ရစ်ချတ်သာ အသက်ထင်ရှားရှိမယ်ဆိုရင် ကျွန်မအပေါ် ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်တော့ပါဘူး"

"မဟုတ်တာတွေ ပြောမနေစမ်းပါနဲ့ အယ်နီရယ်၊ တို့ဟာ အကြာကြီး ပေါင်းလာကြတဲ့ မိတ်ဆွေရင်းတွေပါ၊ ဒီပြဿနာလောက်ကတော့ ဘာမှ မဆန်းပါဘူး"

အလန်၏ အသံတွင် တကယ့် ကရုဏာသံ ပါနေသည်။ အယ်နီ၏ မျက်လုံးအစုံမှ မျက်ရည်တွေ တရဟော စီးကျလာသည်။ သူမသည် ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်သည်။

"အလန်… ကျွန်မကို ခွင့်ပြုပါဦး၊ အိမ်ရှေ့က လူခေါ်ခေါင်းလောင်း တီးသံကြားတယ်၊ ဟင်နရီလား မသိဘူး၊ ကျွန်မ သွားကြည့်လိုက်ဦးမယ်"

"ကိုယ့်ကိုယ်ကိုယ်လဲ သတိထားပါဦး… အယ်နီ၊ ဒီနေ့ ဒီကိစ္စတွေ လုံးဝ မစဉ်းစားပါနဲ့တော့၊ အားလုံး မေ့ပစ်လိုက်ပါ၊ ငါ ဘဏ်ဥက္ကဋ္ဌ ဖြစ်နေသမျှတော့ မင်းဘက်က အမြဲတမ်း

ရပ်တည်နေမှာပဲ၊ ဘာကိစ္စဖြစ်ဖြစ် အကူအညီလိုရင် ငါ့ဆီ ချက်ချင်း ဖုန်းဆက်ဖို့ မမေ့ပါနဲ့"

အယ်နီက တယ်လီဖုန်း ပြန်ချလိုက်သည်။ တယ်လီဖုန်းနှင့် ပွခက်ထိသံသည် အယ်နီ၏ နားထဲသို့ စူးဝင်သွားသည်။

သူမသည် အားပြုပြီး အသက်ရှူနေရသည်။ ထို့ခဏတွင် ဗိုက်ထဲမှ မခံမရပ်နိုင်အောင် နာလာပြီး ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားသည်။

ခဏအကြာတွင် အိမ်ဖော်က အခန်းတံခါးကို သာသာကလေး လာခေါက်သည်။

အိမ်ဖော်နောက်တွင် ဝီလျံရပ်နေသည်။ ဝီလျံသည် သူမမေ အော့စဘွန်းနှင့် လက်ထပ်ပြီး ကတည်းက သည်အခန်းထဲသို့ ဘယ်တော့မှ မဝင်တော့။

ဝီလျံနှင့် အိမ်ဖော်တို့က အယ်နီအနီးသို့ ပြေးသွားပြီး ပွေ့ပက်ထားလိုက်ကြသည်။

အယ်နီသည် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသည်။ ဝီလျံနှင့် အိမ်ဖော်တို့အား သတိရဟန် မတူ။ သူမ၏ ပါးစပ်ထောင့်တွင် အမြှုပ်တွေ ထွက်နေသည်။ ခဏကြာတော့မှ ငြိမ်ကျသွားသည်။ သူမက တိုးတိုးသာသာ ညည်းသည်။

"မေမေ... မေမေ... ဘယ်လိုဖြစ်တာလဲ... ဟင်"

ဝီလျံက မျက်ကလူးဆံပျာ မေးလိုက်သည်။

အယ်နီက မျက်လုံးကို အသာဖွင့်ကာ သားမျက်နှာကို ကြောင်ကြောင်ကြီး ကြည့်နေသည်။

"ဟင်... ရစ်ချတ်၊ ရှင်လာတာ ဝမ်းသာလိုက်တာ၊ ရှင့်ကို ကျွန်မ သိပ်အောက်မေ့တာပဲ"

"မေမေ... သားပါ၊ မေမေ၊ ဝီလျံလေ... မေမေ့သား ဝီလျံလေ မေမေ"

"ကျွန်မမှာ အားတွေမရှိတော့ဘူး... ရစ်ချတ်၊ ကျွန်မ အားပြတ်နေပြီ၊ ကျွန်မ မှားခဲ့မိတာတွေ ခွင့်လွှတ်ပါ...နော်၊ ခွင့်လွှတ်ပါ၊ အမယ်လေး သေရပါတော့မယ်... ရစ်ချတ်ရယ်"

ဗိုက်ထဲမှ လှိုက်ခနဲ ဖြစ်သွားပြီး တစ်အားအော်ညည်းလိုက်သည်။

"ဘာဖြစ်တာလဲ... မေမေ၊ ဘယ်လို ခံစားနေရသလဲဟင်"

"ကျွန်မတော့ ကလေးမွေးချင်လို့ ထင်တာပဲ၊ လိုတာတော့ ရစ်ပတ်တောင် လိုသေးတယ်" အိမ်ဖော်က ဝင်ပြောသည်။

"ဒါဖြင့် ဒေါက်တာ မက်ကင်ဇီဆီကို အမြန်ဖုန်းဆက်ပါ"

ဝီလျံက ပြောပြောဆိုဆို တံခါးဝသို့ ပြေးသွားပြီး

"မက်သယူး မက်သယူး၊ မြန်မြန် တက်လာခဲ့စမ်းပါ" ဟု အောက်ထပ်သို့ လှမ်းခေါ်လိုက်သည်။

"မေမေ့ကို ကားပေါ်သယ်ချကြရအောင် လုပ်ပါဦး"

ထို့နောက် နှစ်ယောက်သား အယ်နီကို ပွေ့ချီကာ လှေကားမှ ဖြည်းဖြည်းဆင်း၍ ကားပေါ်သို့ တင်လိုက်ကြသည်။ အယ်နီက ကားနောက်ခန်းတွင် ခွေခွေကလေးလှဲကာ တအီအီ တအင်အင်နှင့် အော်ညည်းနေသည်။

"မင်း ဒီမှာ စောင့်နေလိုက်၊ ငါ ဟိုပြေးလိုက်ဦးမယ်"

ဝီလျံသည် အိမ်ထဲသို့ ပြန်ပြေးလာပြီး အိမ်ဖော်လက်မှ တယ်လီဖုန်းကို လှမ်းယူလိုက်သည်။

"ဒေါက်တာ မက်ကင်ဇီပါလား"

"ဟုတ်ပါတယ်၊ ဘယ်သူပါလိမ့်"

"ကျွန်တော့် နာမည် ဝိလျံကိန်းပါ၊ ဒေါက်တာ ကျွန်တော့်ကို မမှတ်မိတော့ဘူး ထင်ပါတယ်"

"ဘယ့်နှယ် မမှတ်မိရမှာလဲ ကလေးရ၊ မင်းကို ငါကိုယ်တိုင် မွေးထုတ်ပေးခဲ့တာပဲဟာ၊ ဒါနဲ့ ကိစ္စက ဘာလဲ၊ ငါဘာလုပ်ပေးရမှာလဲ"

"ကျွန်တော့် မေမေ ကလေးမီးဖွားတော့မယ် ထင်ပါတယ် ဒေါက်တာ၊ အဲဒါ ဆေးရုံကို ကျွန်တော် အခုချက်ချင်း ခေါ်လာခဲ့ပါ့မယ်၊ မကြာခင် ရောက်လာမှာပါ"

"ကောင်းပြီလေ၊ ခေါ်သာခေါ်လာခဲ့ပါ၊ ဘာမှ မစိုးရိမ်ပါနဲ့၊ ငါဒီက အဆင်သင့် စောင့်နေမယ်၊ လိုအပ်တာတွေလဲ အဆင်သင့်လုပ်ထားမယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ မေမေ ရုတ်တရက် မိုက်ခနဲဖြစ်ပြီး လဲသွားပုံရတယ် ဒေါက်တာ၊ အဲဒါ ရိုးရိုးမှ ဟုတ်ပါရဲ့လားခင်ဗျာ"

ဝိလျံ၏ စကားကြောင့် ဒေါက်တာ မျက်လုံးပြူးသွားသည်။ ခဏမျှ တုံ့ဆိုင်းဆိုင်း ဖြစ်နေပြီးတော့မှ...

"ဟုတ်တယ်၊ အဲဒါ ရိုးရိုးမဟုတ်ဘူး၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ကလေးမွေးပြီးရင် ကောင်းသွားမှာပါ၊ ကဲ ဒီတော့ အမြန်ဆုံးသာ ခေါ်လာခဲ့ပေတော့"

ဝိလျံသည် ဖုန်းကို ပြန်ချကာ အိမ်ထဲမှ ပြေးထွက်ခဲ့ပြီး ရိုးလ်ရွိုက်ကားထဲ ကမန်းကတန်း ဝင်ထိုင်လိုက်သည်။

ထို့နောက် လီဗာကို တအားဆောင့်နင်းပြီး စက်ကုန်ဖွင့်၍ မောင်းထွက်လာခဲ့သည်။ ဆေးရုံရောက်သည်အထိ ဘယ်မီးပွိုင့်တွင်မှ မရပ်ခဲ့တော့။

ဝိလျံနှင့် မက်သယူးတို့နှစ်ယောက် အယ်နီကို ကားပေါ်မှ ပွေ့ပြီး သယ်ချကြသည်။ သူနာပြုဆရာမတစ်ယောက်က တွန်းခုတင်နှင့် အသင့်စောင့်နေသည်။

ဒေါက်တာ မက်ကင်ဇီအား သားဖွားခန်းတံခါးဝတွင် တွေ့ရသည်။

အခန်းတံခါး ပြန်ပိတ်သွားသည်။

ဝိလျံနှင့် မက်သယူးတို့က အပြင်ဘက်မှ ခုံတန်းကလေးပေါ်တွင် ထိုင်စောင့်နေကြသည်။ သားဖွားခန်းထဲမှ ငိုသံများ၊ အော်ညည်းသံများ သဲ့သဲ့ ကြားနေရသည်။

ဝိလျံ၏ဘဝတွင် သည်တစ်ကြိမ်သည် မှီခိုရာမရှိသလို ဝမ်းနည်းအားငယ်မိရသော ပထမဆုံး အတွေ့အကြုံဖြစ်သည်။

သူတို့နှစ်ယောက် ထိုင်နေသည်မှာ တစ်နာရီကျော်သွားပြီ။ တစ်ယောက်နှင့်တစ်ယောက် တစ်ချိန်လုံး ဘာစကားမှ မပြောကြ။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြသည်။

မကြာမီတွင် ဒေါက်တာ မက်ကင်ဇီ ပြန်ထွက်လာသည်။ သူ့ရုပ်သွင်က နွမ်းလျနေသည်။

လုံငယ်နှစ်ယောက်တို့ ပြိုင်တူလို ထရပ်လိုက်ကြသည်။ ဒေါက်တာက မက်သယူးလက်စတာကို ကြည့်ပြီး...

"ဝိလျံဆိုတာလား"

"မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်က သူ့သူငယ်ချင်း မက်သယူးလက်စတာပါ၊ ဝိလျံကသူပါ"

ဒေါက်တာက ဝိလျံဘက်သို့လှည့်ကာ ပခုံးပေါ်သို့ လက်တင်လိုက်သည်။

"ဝိလျံ ငါ စိတ်မကောင်းပါဘူးကွယ်၊ မင်းမေမေ ခုတင်ကလေးကပဲ ဆုံးသွားရှာပြီကွယ်၊ ကလေးက မိန်းကလေးပါ၊ အသေမွေးတယ်" ဝိလျံ၏ ဒူးဆစ်တွေ ခွေကျသွားပြီး ခုံတန်းကလေးပေါ်သို့ အလိုအလျောက် ထိုင်ကျသွားသည်။ ဒေါက်တာက ဆက်ပြောသည်။ "တို့ကလဲ အစွမ်းကုန် ကြိုးစားပါတယ်၊ ဒါပေမယ့် ဘယ်လိုမှမတတ်နိုင်ကြတော့ဘူး"သူက ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းလိုက်ပြီး "အမှန်က ငါ့စကား နားမထောင်လို့ ဒီလိုဖြစ်ရတာ၊ သူက ကလေးသိပ်လိုချင်နေတာကိုး၊ ကလေးမမွေးရင် ဒီလိုမဖြစ်နိုင်ဘူး"

ဝိလျံက ဘာမှ ပြန်မပြော။ ရှေ့ကိုသာ ငေးငေးကြီး စိုက်ကြည့်နေပြီး သစ်ငုတ်ကြီးလို မတုန်မလှုပ် ထိုင်နေသည်။

"မေမေ ဘာဖြစ်လို့ သေရတာလဲ၊ ဘာကြောင့် ဒေါက်တာက မေမေ့အသက်ကို မကယ်နိုင်ရတာလဲ" သူက ဒေါက်တာ့မျက်နှာ မကြည့်ဘဲ တိုးတိုးကလေး မေးလိုက်သည်။

"စောစောတုန်းက ငါ ပြောခဲ့ပြီးပြီပဲ၊ သူက ငါ့စကားကို နားမထောင်ဘူး၊ သူကလေးပျက်ကျပြီးတဲ့နောက် ဘယ်တော့မှ နောက်ထပ် ကလေးမမွေးပါနဲ့တော့လို့ ငါ အကြိမ်ကြိမ် သတိပေးခဲ့တယ်၊ ဒါပေမယ့် သူက နောက်အိမ်ထောင် ထပ်ပြုတော့ သူရော သူ့ယောက်ျားကရော ငါ့စကားကို လုံးဝပေယျာလကန်ပြုကြတယ်၊ သူတို့နှစ်ယောက်စလုံး ကလေးမွေးဖို့ပဲ ဦးစားပေးထားနေကြတယ်၊ သူ့မှာက ရောဂါကင်းတာ မဟုတ်ဘူး၊ ပထမပျက်ကျတဲ့ ကိုယ်ဝန်ကတည်းက သွေးတိုးရောဂါ ဝင်နေတာ၊ အခု ဒီကိုယ်ဝန်ရှိလာတော့ သွေးတိုးကတော့ သိပ်မတက်ပါဘူး၊ ဒါပေမယ့် တစ်နေ့နေ့မှာ မမျှော်လင့်ဘဲ တက်လာနိုင်လို့ ငါက သူ့အစား တွေးပူခဲ့ရတယ်၊ ဒီနေ့ ခေါ်လာတဲ့အချိန်မှာတော့ သူ့ရောဂါ အခြေအနေက အဆုံးစွန် ရောက်နေပြီ၊ ဘုရားမှတစ်ပါး ဘယ်သူမှမကယ်နိုင်တော့ဘူး၊ တကယ်တော့ သူဟာ သန္ဓေသွေးတက်ရောဂါကြောင့် အခုလို ဖြစ်ရတာပဲ"

"သန္ဓေ သွေးတက်ရောဂါ"

"ဟုတ်တယ်၊ ကိုယ်ဝန်ရှိနေစဉ် သွေးတက်တဲ့ ရောဂါ၊ တစ်ခါတလေ သွေးတက်ပြီး အသက်ရှုရပ်သွားတတ်တယ်"

ဝိလျံက အသက်တစ်ချက်ရှိုက်ရှူလိုက်ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ထားလိုက်သည်။

မက်သယူးက သူ့မိတ်ဆွေအား ပခုံးကို အသာပွေ့ဖက်၍ စင်္ကြံဆောင်အတိုင်း ခေါ်လာခဲ့သည်။ ဒေါက်တာက သူတို့နောက်မှ လိုက်လာသည်။ တံခါးဝရောက်တော့ ဒေါက်တာက ဝိလျံကိုကြည့်ပြီး ပြောသည်။

"သူ့ သွေးတိုးဒီဂရီက ချက်ချင်း တက်သွားတယ်၊ ဆန်းတော့ အလွန်ဆန်းတာပဲ၊ အဲဒီ

လို မဖြစ်ခင်ကလေးမှာ ကြီးကြီးကျယ်ကျယ် စိတ်ညစ်စရာတစ်ခုခုများ ကြုံရသလား”

ဝီလျံက မျက်ရည်တွေ ရွှဲနေသော မျက်နှာကို မော်ကြည့်ပြီး နာကျည်းစွာဖြင့် ပြောလိုက်သည်။

“မေမေဆုံးရတာ ဒေါက်တာပြောတဲ့ တစ်ခုခုကြောင့် မဟုတ်ဘူး၊ တကယ်တော့ မေမေ ဆုံးရတာ တစ်ယောက်ယောက်ကြောင့် တစ်ယောက်ယောက်ကြောင့်”

✧ ✧ ✧

ဝီလျံနှင့် မက်သယူးတို့ အိမ်သို့ ပြန်ရောက်သွားသောအခါ အလန်လွှိုက်အား ဧည့်ခန်းတွင် ထိုင်နေသည်ကို မြင်ရတော့ အလန်က ထိုင်ရာမှ ထလိုက်သည်။

“ဝီလျံ၊ ငွေကို ထုတ်ချေးလိုက်မိတာ ငါ့ကိုယ်ငါ အပြစ်တင်လို့ မဆုံးတော့ဘူး” သူက ကမန်းကတန်းနှင့် မြန်မြန်ပြောလိုက်သည်။

ဝီလျံက သူ့စကား ဘာမှနားမလည်သလို တွေတွေကြီး စိုက်ကြည့်နေသည်။

မက်သယူးက ရှေ့သို့ တိုးလာပြီး ဝင်ပြောလိုက်သည်။

“အဲဒီကိစ္စက ဘာမှ အရေးမကြီးပါဘူး ခင်ဗျား၊ ဝီလျံရဲ့ အမေဟာ ကလေးမီးဖွားလို့ ခုနကပဲ ဆုံးသွားပါပြီ”

အလန်၏ မျက်နှာတစ်ပြင်လုံး သွေးမရှိတော့သလို ဖြူရော်သွားသည်။ သူသည် မီးလင်းဖိုစောင်းကို လှမ်းကိုင်ကာ အားတင်းထားလိုက်ရသည်။ ပြီးတော့ မျက်နှာကို အောက်စိုက်ကာ တဟီးဟီးနှင့် ငိုလေတော့သည်။ အရွယ်ရောက်ပြီးသော လူကြီးတစ်ယောက် ငိုသည်ကို လူငယ်နှစ်ယောက် ဤတစ်ကြိမ်သာ မြင်ဖူးသေးသည်။

“ငါ့ကြောင့် ဒီလိုဖြစ်ရတာ၊ ငါ့ကိုယ်ငါ ဘယ်တော့မှ ခွင့်မလွှတ်နိုင်တော့ဘူး၊ ငါသိသမျှ အားလုံးကို ငါက သူ့ကို မပြောပြခဲ့ဘူး၊ ငါဟာ သူ့ကို အများကြီး ချစ်ပါတယ်၊ သူစိတ်ဆင်းရမယ့် ကိစ္စဆိုရင် ငါ ဘယ်တော့မှ မလုပ်ချင်ဘူး” အလန်က ငိုကြီးချက်မနှင့် ပြောနေသည်။

အလန်၏ ငိုသံကြောင့် ဝီလျံမှာ ငြိမ်နေ၍မရတော့။

“မငိုပါနဲ့ အဘ၊ တကယ်တော့ ဒီကိစ္စဟာ အဘအပြစ်ကြောင့်ဖြစ်ရတာ မဟုတ်ပါဘူး၊ အဘဟာ ကျွန်တော်တို့အားလုံးအတွက် အစွမ်းကုန် ကူညီခဲ့တာ ကျွန်တော် သိပါတယ်၊ အဲဒီတော့ ပြီးခဲ့တာတွေ မေ့ထားလိုက်ပြီး အဘက ကျွန်တော့်ကို ဆက်ပြီး ကူညီပါဦး” ဝီလျံ၏ အသံက တည်ငြိမ်သည်။ လူကြီးဆန်သည်။

အလန်က စိတ်ကိုတင်းကာ ကိုယ်ကို မတ်မတ်ပြန်ရပ်လိုက်သည်။

“အယ်နီဆုံးတာ အောာ်စဘွန်း သိပြီးပြီလား”

“ကျွန်တော် ဘာမှမသိဘူး၊ သိလဲ မသိချင်ဘူး”

“ဒီနေ့ တစ်မနက်လုံး သူ့ဆီ ငါ ဖုန်းဆက်တယ်၊ သူ ဆယ်နာရီထိုးပြီးကတည်းက အပြင်ထွက်သွားသတဲ့၊ အဲဒီကတည်းက ရုံးခန်းကို လုံးဝပြန်မလာတော့ဘူး”

“ဒါပေမယ့် မပူပါနဲ့၊ ဒီလူ အနေအနဲ့အမြန်တော့ ဒီကို ပြန်လာရမှာပါ”

အလန့်လွှိုက် ဝမ်းနည်းစကားပြောပြီး ပြန်သွားသည်။ ဝီလျံနှင့် မက်သယူးတို့နှစ်ယောက်သည် ဧည့်ခန်းတွင် တစ်ညလုံးထိုင်ပြီး ငိုက်နေကြသည်။

နံရံပေါ်မှ တိုင်ကပ်နာရီကြီးက လေးချက်တိတိ မြည်သည်။ ဆက်တိုက်လိုပင် အိမ်ရှေ့လမ်းပေါ်မှ လူသံလိုလို ကြားလိုက်ရသည်။

မက်သယူးက ပြတင်းပေါက်နား လျှောက်သွားပြီး အိမ်ရှေ့ဆင်ဝင် ကားလမ်းပေါ်သို့ ငေးကြည့်နေသည်။ ဝီလျံက မထချင် ထချင် ထပြီး ခြေလှမ်းလေးလေးဖြင့် မက်သယူးအေးတွင် သွားရပ်သည်။

ဟင်နရီအော့စဘွန်းကို နှစ်ယောက်စလုံး ပြိုင်တူလိုလို လှမ်းမြင်လိုက်ကြရသည်။ အော့စဘွန်းသည် အရက်မူးလွန်ကာ ဒယီးဒယိုင်နှင့် သိုင်းကွက်နင်း၍ လျှောက်လာသည်။ လက်ထဲတွင်လည်း အရက်တစ်ဝက် ကျန်နေသေး သော ပုလင်ကြီးကို ကိုင်လို့။

အိမ်တံခါးဝမှ သော့ဖွင့်သံ ကြားရသည်။ အတန်ကြာမှ တံခါးပွင့်သည်။ တံခါးဝတွင် အော့စဘွန်းရပ်နေသည်။ သူက လူငယ်နှစ်ယောက်ကို အမူးသမား မျက်လုံးဖြင့် စောင်းကြည့်နေသည်။

"ဟော့ကောင်တွေ မင်းတို့ ဘာလုပ်ကြတာလဲ၊ မင်းတို့ ကျောင်းမတက်ကြဘူးလား၊ ငါ မင်းတို့ကို မလိုချင်ဘူး၊ အယ်နီကိုပဲ လိုချင်တယ်၊ ဘယ်မှာလဲ အယ်နီ၊ အယ်နီ ဘယ်မှာလဲ" သူက ဝီလျံအနားသို့ ကပ်လာပြီး လျှာလေးသံကြီးနှင့် မေးလိုက်သည်။

"မေမေ မရှိတော့ဘူးဗျ၊ မေမေက သေသွားပြီ"

ဝီလျံက တည်ငြိမ်စွာဖြင့် ပြန်ပြောလိုက်သည်။

ဟင်နရီသည် အတန်ကြာသည်အထိ ဝီလျံ၏ မျက်နှာကို ကြောင်၍ ကြည့်နေသည်။ ဝီလျံက စိတ်ကိုထိန်းကာ ပြန်၍ အော်မေးလိုက်သည်။

"ခင်ဗျားက ဘယ်သွားနေတာလဲ၊ ကိုယ့်မိန်းမ အရင်းခေါက်ခေါက်ကြီးတစ်ယောက် သေသွားတဲ့အချိန်မှာ ခင်ဗျားက ဘယ်သွားပြီး အလေဏတော လိုက်နေရတာလဲ၊ ပြောစမ်းပါဦး"

ဟင်နရီက ယိုင်တီယိုင်တိုင် ရပ်နေရင်းက ပြန်မေးသည်။

"အဲဒီတော့ ကလေးကရော"

"ကလေးက သေသွားပြီ၊ အသေမွေးတယ်၊ မိန်းကလေး"

ဟင်နရီသည် ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူ့မျက်လုံးအစုံမှ မျက်ရည်တွေ စီးဆင်းလာကြသည်။

"ဒီလိုဆိုရင် ငါ့ရင်သွေးလေး သေသွားရှာပြီပေါ့"

ဟင်နရီ၏ စကားကြောင့် ဝီလျံမှာ အသားတွေ တဆတ်ဆတ် တုန်လာသည်အထိ ထောင်းကနဲ ဒေါသထွက်သွားမိသည်။

"ဟင်... ခင်ဗျား ရင်သွေးလေးတဲ့လား၊ ဒီမယ် ကျွန်တော်ပြောမယ်၊ ဒီအချိန်ကစပြီး ခင်ဗျားကို ခင်ဗျား အလကားကောင်ဖြစ်သွားပြီလို့သာ မှတ်ပေတော့ သိလား၊ ဒေါက်တာ မက်

ကင်ဇီက မေ့မေ့ကို ကလေးမမွေးပါနဲ့တော့လို့ အကြိမ်ကြိမ် ပြောခဲ့တယ်၊ အဲဒါကို ခင်ဗျား သိတယ်၊ ခင်ဗျားက အဲဒါကို သိလျက်သားနဲ့ မေမေကို မတားခဲ့ဘူး၊ ခင်ဗျားကြောင့် မေမေ သေရတာ၊ ခင်ဗျားကြောင့် သေရတာ"

"ဟေ့ကောင်… မင်း သောက်လုပ်မဟုတ်ဘူးကွ၊ မင်းနဲ့ ဘာမှ မဆိုင်ဘူး၊ ငါနဲ့ ငါ့ မိန်းမ ကိစ္စမှာ မင်း ဘာမှ ဝင်စွက်စရာမလိုဘူး"

"ခင်ဗျား ဆိုလိုတာက မေမေ့ ပိုက်ဆံတွေ ကိစ္စမှာလဲ ဘာမှ ဝင်စွက်စရာမလိုဘူးလို့ ဆိုလိုတာလား"

"ဘာ… ပိုက်ဆံ ဟုတ်လား၊ ခွေးမသားလေး၊ မင်းက မင်း ပိုက်ဆံတွေ ကုန်သွားမှာ ကြောက်နေတယ်ပေါ့လေ"

"ဟေ့လူ၊ ခင်ဗျား ဘာမှ ပြောမနေနဲ့တော့၊ ပါးစပ်ပိတ်လိုက်၊ ကဲ ထစမ်း"

ဝီလျံက ဟင်နရီအား ထိုးတော့ ကြိတ်တော့မည့် ဟန်ဖြင့် အံကြိတ်ပြီး အော်ပြောလိုက် သည်။

ဟင်နရီက ရုတ်တရက် ထရပ်လိုက်ပြီး အရက်ပုလင်းကို ကုလားထိုင် လက်တန်းတွင် တအားရိုက်ခွဲလိုက်သည်။ ကြမ်းပြင်ပေါ်တွင် အရက်တွေ ဖိတ်စဉ်ပျံ့နှံ့သွားသည်။ ထို့နောက်ပုလင်း ကျိုးကို ကိုင်မြှောက်ပြီး ဝီလျံဆီသို့ ကယိုင်ကပေါ်းနဲ့ တိုးလာသည်။ ဝီလျံက နောက်သို့ လုံးဝ မဆုတ်ဘဲ နေရာတွင်ပင် မတ်မတ်ကြီးရပ်နေသည်။ ထိုအချိန်တွင် မက်သယူးက သူတို့နှစ်ယောက် ကြားသို့ ရုတ်တရက် ပြေးဝင်ပြီး ဟင်နရီ၏လက်မှ အရက်ပုလင်းကို ဆတ်ကနဲ လုယူလိုက်သည်။

ဝီလျံက မက်သယူးအား လက်ဖြင့် ဘေးသို့ တွန်းဖယ်ပစ်လိုက်ပြီး ဟင်နရီရှေ့သို့ တိုးလာသည်။ သူတို့နှစ်ယောက်သည် မျက်နှာချင်း ထိလုမတတ်ရပ်ကာ တစ်ယောက်မျက်နှာ တစ်ယောက်စိုက်ကြည့်နေသည်။

"ဟေ့လူ ဒီမယ်၊ ကျုပ်မျက်နှာ သေသေချာချာကြည့်စမ်း၊ ပြီးတော့ ကျုပ်ပြောတာကို သေသေချာချာ နားထောင်၊ ခင်ဗျား နောက်တစ်နာရီအတွင်းမှာ ဒီအိမ်က ချက်ချင်းထွက်သွားပါ၊ ဒီအချိန်ကစပြီး နောက်ထပ် ခင်ဗျားနဲ့ ပတ်သက်လို့ တစ်ခုခုကြားရရင်တော့ ခင်ဗျား မလွယ် ဘူးသာ မှတ်ပေတော့၊ ကျုပ်စကား နားမထောင်ရင် ကျုပ်အမေ့ပိုက်ဆံ ငါးသိန်းကို ခင်ဗျား အလွဲသုံးစား လုပ်ခဲ့တာနဲ့ ပတ်သက်ပြီး ကျုပ်က တရားရုံးမှာ အမှုဖွင့်မယ်၊ ပြီးတော့ ရှီကာဂိုမှာ ခင်ဗျားနာမည်လိမ်နဲ့ ဇရတ်ကျခဲ့တာတွေကို အကုန်လုံး ဖွင့်ချပစ်လိုက်မယ်၊ အဲဒီတော့ ဒီအချိန် ကစပြီး ကျုပ်ပြောတဲ့အတိုင်း လုပ်ရင်လုပ်၊ မလုပ်ရင်တော့ ခင်ဗျားတစ်ဘဝလုံး လူဖြစ်ရှုံးပြီသာ မှတ်ပေတော့၊ ကဲ ကိုယ့်လူကြာကြာနေရင် ခင်ဗျားကို ကျုပ် သတ်မိလိမ့်မယ်၊ မြန်မြန်သာ ကြွပေတော့၊ ဒါ နောက်ဆုံးစကားပဲ"

ဟင်နရီသည် ယောက်ျားကြီးတန်မဲ့ တရှုပ်ရှုပ် ငိုရှိုက်ရင်းဖြင့် အခန်းထဲမှ သိုင်းကွက်နင်းပြီး ပြန်ထွက်သွားတော့သည်။

✧ ✧ ✧

နောက်တစ်နေ့ မနက်တွင် ဝီလျံသည် ဘဏ်တိုက်သို့ လာခဲ့သည်။ ချက်ချင်းပင် တံခါးစောင့်က သူ့အား ဘဏ်ဥက္ကဋ္ဌရုံးခန်းသို့ ခေါ်လာခဲ့သည်။ ရုံးခန်းထဲသို့ ဝီလျံ ဝင်သွားချိန်တွင် ဘဏ်ဥက္ကဋ္ဌ အလန်လွှိုက်သည် စာရွက်စာတမ်းအချို့ကို လက်ဆွဲအိတ်ထဲသို့ ထည့်နေသည်။ သူက ဝီလျံကို မော့်ကြည့်ပြီး စာရွက်တစ်ရွက်ကို ကမ်းပေးသည်။ ထိုစာမှာ ဘဏ်ဥက္ကဋ္ဌအဖြစ်မှ သူလုံးဝ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ရေးသားထားသော စာဖြစ်သည်။

ဝီလျံက စာရွက်ကိုဖတ်ကြည့်ပြီးနောက် ခပ်တည်တည်ဖြင့် ပြောသည်။

"အတွင်းရေးမှူးရှိရင် ခဏခေါ်ပေးလို့ ဖြစ်နိုင်မလား"

"ရပါတယ်"

အလန်က စားပွဲဘေးမှ ခလုတ်ကို အသာနှိပ်လိုက်သည်။ မကြာမီတွင်ပင် အသက်လေးဆယ်ခန့် အရွယ် အမျိုးသမီးတစ်ယောက် ဘေးတံခါးကိုဖွင့်ပြီးဝင်လာသည်။

"မင်္ဂလာနံနက်ပါ … မစ္စတာကိန်း၊ မစ္စတာကိန်းရဲ့ အမေအကြောင်းကို သိရလို့ ကျွန်မ အများကြီး စိတ်မကောင်းပါဘူး"

"ဟုတ်ကဲ့… ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဒါနဲ့ ဒီစာကို အခြား ဘယ်သူတွေ သိပြီးပြီလဲ"

"ဘယ်သူမှ မသိသေးပါဘူး၊ အခုပဲ ကျွန်မ ကော်ပီဆယ့်နှစ်စောင် ကူးမလို့ လုပ်နေတာ၊ အဲဒါပြီးမှ မစ္စတာလွှိုက် လက်မှတ်ထိုးပြီး သက်ဆိုင်ရာတွေကို ပို့မလို့ပါ"

"ဟုတ်ပြီ… ဒီစာကို ကော်ပီ ကူးမနေနဲ့တော့၊ ဒီစာအကြောင်းကို လုံးဝ မေ့ပစ်လိုက်တော့၊ နောက်ပြီး ဒီအကြောင်းကို ဘယ်သူ့ကိုမှလဲ မပြောပါနဲ့၊ ကျွန်တော်ပြောတာ သဘောပေါက်ရဲ့လား"

အတွင်းရေးမှူး စာရေးမက ဝီလျံ၏ မျက်နှာကိုစိုက်ကြည့်နေသည်။ အင်း ဒီသူငယ်ကတော့ အသက် တစ်ဆယ့်ခြောက်နှစ်သာ ရှိသေးပေမယ့် သူ့အဖေလိုပဲ တကယ် ပြတ်သားတဲ့ သူငယ်ပါပဲလားဟု သူမက တွေးလိုက်မိသည်။ ပြီးတော့မှ

"ဟုတ်ကဲ့… သဘောပေါက်ပါတယ် မစ္စတာကိန်း"

ယင်းသို့ ပြောပြီးနောက် အတွင်းရေးမှူး စာရေးမသည် အခန်းထဲမှ ငြိမ်သက်စွာ ပြန်ထွက်သွားသည်။ အလန်လွှိုက်က ဝီလျံ၏ မျက်နှာကို မော့်ကြည့်လိုက်သည်။

ဝီလျံက အလန်၏ မျက်နှာကို စေ့စေ့ကြည့်ကာ တည်ငြိမ်စွာဖြင့် ပြောသည်။

"ကျွန်တော် တစ်ခု ပြောပါရစေ အလန်၊ အခု လောလောဆယ်အချိန်မှာ ဒီဘဏ်တိုက်က အလန် နုတ်ထွက်သွားဖို့ မလိုအပ်ပါဘူး၊ ဒီလို အခြေအနေမျိုးမှာ ကျွန်တော့် အဖေ ဘယ်တော့မှ မလုပ်တဲ့ အလုပ်မျိုးကို အလန်အနေနဲ့ လုံးဝမလုပ်သင့်ပါဘူး"

"မင်းပြောတာ မှန်တော့ မှန်ပါတယ် ဝီလျံ၊ ဒါပေမယ့် အပြောလွယ်သလောက် အလုပ်က မလွယ်ပါဘူး"

"လွယ်အောင်လုပ်ရင် လွယ်ပါတယ် အလန်၊ အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် အသက် ၂၁ နှစ်ပြည့်တော့မှပဲ ဆက်ပြီး ဆွေးနွေးကြတော့မယ်၊ အဲဒီ ကြားကာလမှာ အလန်က

ဘဏ်ဥက္ကဋ္ဌအဖြစ် နဂိုအတိုင်းပဲ ဆက်လက်ပြီး လုပ်သွားစေချင်ပါတယ်၊ အခုလို ဖြစ်ပျက်ခဲ့တာတွေကိုလဲ အပြင်လူတွေ တစ်ယောက်မှ မသိစေချင်ပါဘူး၊ ပြီးတော့ ဟင်နရီအော့စဘွန်းနဲ့ ပတ်သက်လို့ ထောက်လှမ်းရရှိခဲ့တဲ့ သတင်းအချက်အလက်တွေကိုလဲ အားလုံး ဖျက်ဆီးပစ်လိုက်ပါ၊ သူ့အကြောင်းကို ဘာမှ စဉ်းစားမနေပါနဲ့တော့၊ ဒီတွင်ပဲ စာရင်းလုံးဝ ပိတ်ပစ်လိုက်ပါတော့"

ဝီလျံက အလန်၏ နုတ်ထွက်စာကို အစိတ်စိတ်အမွှာမွှာ ဆုတ်ဖြဲကာ အနီးရှိ မီးဖိုထဲသို့ ပစ်ထည့်လိုက်သည်။ ထို့နောက် အလန်၏ ပခုံးပေါ်သို့လက်တင်ကာ ညင်သာစွာဖြင့်ပြောသည်။

"ကျွန်တော့်ကို ကူညီပါ ... အလန်၊ ကျွန်တော့်မှာ အားကိုးစရာလူဆိုလို့ အလန်ကလွဲပြီး ဘယ်သူမှမရှိတော့ပါဘူး၊ ဒီအချိန်မှာ ကျွန်တော့်အနေနဲ့ အလန့်ရဲ့ အကူအညီကို အများကြီး လိုအပ်နေပါတယ်၊ ကျေးဇူးပြုပြီး ကျွန်တော့်ကို ပစ်မသွားပါနဲ့ အလန်"

✧ ✧ ✧

ဝီလျံ အိမ်သို့ပြန်ရောက်တော့ အဘွားနှစ်ယောက်က သူ့ကို ဧည့်ခန်းတွင် ထိုင်စောင့်နေကြသည်။ သူ့ကိုမြင်တော့ အဘွားကြီးနှစ်ယောက်စလုံး မတ်တတ်ထရပ်လိုက်ကြသည်။ သူသည် "ကိန်း" မိသားစုကြီး၏ အိမ်ထောင်ဦးစီး ဖြစ်လာခဲ့ပြီဆိုသည်ကို ထိုအချိန်၊ ထိုခဏတွင်ပင် ဝီလျံက လေးလေးနက်နက် သဘောပေါက်လိုက်မိသည်။

✧ ✧ ✧

နောက်နှစ်ရက်အကြာတွင် အယ်နီ၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ဘီကွန်တောင်ကုန်းရိပ်သာ အိုးလ်ဒ်နော့သ် ဘုရားရှိခိုးကျောင်းဝင်းအတွင်းရှိ သုသာန်တွင် မြှုပ်နှံသင်္ဂြိုဟ်သည်။ အသုဘအခမ်းအနားသို့ ကျန်ရစ်သူမိသားစုနှင့် ရင်းနှီးသော မိတ်ဆွေအနည်းငယ်မျှသာ လာရောက်ကြသည်။ အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်ပြီးသောအခါ အသုဘရှုပရိသတ်များသည် ဝီလျံအား နှုတ်ဆက်ပြီးနောက် အသီးသီးပြန်သွားကြသည်။ အဘွားကြီးနှစ်ဦးမှာ သက်တော်စောင့်များပမာ မြေးဖြစ်သူ၏အနီးတွင် ရပ်နေကြသည်။ သူတို့နှစ်ယောက်က မြေးဖြစ်သူ၏ တည်ငြိမ်အေးဆေးလေးနက်သော အမူအရာကိုကြည့်ကာ စိတ်ထဲမှကျိတ်ပြီး အလွန်ကျေနပ်နေကြသည်။ ပရိသတ်အားလုံး ပြန်သွားပြီးသောအခါ ဝီလျံက အလန်လွိုက်အား ကားရပ်ထားသော နေရာအထိ လိုက်ပို့သည်။

ကားမထွက်မီ ဝီလျံ ပြောလိုက်သော စကားကိုတော့ အလန်က အလွန်ကျေနပ်မိသည်။

"ဒါနဲ့... အလန်၊ ဖေဖေ့ကို အမှတ်တရ ဂုဏ်ပြုတဲ့အနေနဲ့ ဆေးရုံသစ်ကြီးမှာ ကလေးဆောင်တစ်ခု တိုးချဲ့ဆောက်လုပ်ဖို့ ကိစ္စကို မေမေ ခဏခဏပြောခဲ့ဖူးတာ အလန်လဲ မှတ်မိပါလိမ့်မယ်၊ အဲဒီတော့ မေမေ့ဆန္ဒကို ကျွန်တော့်အနေနဲ့ အမြန်ဆုံး အကောင်အထည်ဖော်ချင်ပါတယ်"

✣

(၁၁)

ဝလာဒက်သည် တူရကီနိုင်ငံ ကွန်စတင်တီနိုပယ်မြို့ရှိ ပိုလန်ကောင်စစ်ဝန်ရုံးတွင် ၁၈ လတိတိ နေထိုင်ခဲ့သည်။ ထိုကာလအတွင်း သူသည် ကောင်စစ်ဝန် ပါဝယ်ဇလက်စကီး စေခိုင်းသောအလုပ်များကို နေ့ရောညပါ ကြိုးစား၍ လုပ်ပေးခဲ့သည်။ သို့ဖြင့် ဇလက်စကီး၏ လက်စွဲတော် အမှုထမ်းကောင်းတစ်ယောက် ဖြစ်လာကဲ့သလို ရင်းနှီးသော မိတ်ဆွေကောင်းတစ်ယောက်လည်း ဖြစ်လာခဲ့သည်။

သူသည် ဗြိတိသျှ သံရုံးသို့လည်း တစ်ပတ်တစ်ကြိမ်ကျ အမြဲတမ်းသွားရောက်လည်ပတ်ပြီး စုံကော့အမျိုးသမီး စားဖိုမှူး မစ္စက်ဟင်ဒါဆင် ကျွေးမွေးသော အစားအစာများကို မြိန်မြိန်ရှက်ရှက်စားရသည်။ တစ်ကြိမ်တွင်မူ ဗြိတိသျှသံရုံးမှ ဒုတိယကောင်စစ်ဝန်နှင့်ပင် အတူစားသောက်ခဲ့ရသည်။

ရှေးဟောင်း အစ္စလာမ် အမှုအကျင့်များ ပျက်သုန်းပြီး အော်တိုမန် အင်ပါယာကြီး တဖြည်းဖြည်းနှင့် ယိမ်းယိုင်လာခဲ့သည်။ မူစတာဖာကမယ်၏ နာမည်သည် လူတိုင်းပါးစပ်ဖျားသို့ ရောက်လာသည်။ ကမ္ဘာ့အခြေအနေများ ပြောင်းလဲလာသလို တူရကီနိုင်ငံ၏ အခြေအနေလည်း ပြောင်းလဲလာသည်ကို ဝလာဒက်က သတိပြုမိသည်။ သူသည် နယ်စားကြီးနှင့်တကွ ရဲတိုက်အမှုထမ်းများကို သတိရလာသည်။ ရဲတိုက်အနီး မြစ်ထဲတွင် ရေကူးနေသော လီယွန်၊ အိပ်ခန်းထဲတွင် တစ်ယောက်တည်း အိမ်ဆောက်တမ်းကစားနေသော ဖလော်ရင်တီနာနှင့် ရဲရင့်တည်ကြည်၍ ကျက်သရေရှိသော နယ်စားကြီး၏ မျက်နှာတို့ကို မြင်ယောင်လာမိသည်။ ယခုတော့ သူတို့သုံးယောက်စလုံး မရှိကြတော့။ အသေဆိုးဖြင့် သေဆုံးသွားခဲ့ကြပြီ။

အတိတ်ကို ပြန်ပြောင်းတွေးမိသောအခါ ဝလာဒက်သည် ဝမ်းသာ ဝမ်းနည်းဖြစ်လာသည်။ မိမိ၏ အထီးကျန်ဘဝကို တွေးပြီး အားငယ်လာမိသည်။ သို့သော်… ဆိုးရွားသော မိမိဘဝကိုတွေး

ကာ လက်မှိုင်ချနေ၍မဖြစ်သေး။ သူသည် အသက်ရှင်နေထိုင်ရဦးမည်။ အနာဂတ်ဘဝအတွက် အစီအစဉ်ချရဦးမည်။ တိုင်းတစ်ပါးသားမျိုးခြား နယ်ချဲ့တို့၏ လက်အောက်မှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နည်းလမ်းကို မဖြစ်မနေ ရှာကြံရဦးမည်။

နောက်ဆုံးတွင် သူသည် အမေရိကသို့ သွား၍ ဘဝသစ်ထူထောင်ရန် ဆုံးဖြတ်ချက်ချ လိုက်သည်။ အမေရိကတွင် စစ်ဘေး စစ်ဒဏ်လည်း ကင်းရှင်းသည်။ စီးပွားရှာ၍လည်းကောင်း သည်ဟု လူတွေ ပြောသံကြားဖူးသည်။

သူ့အကြံအစည်ကို ပိုလန်ကောင်စစ်ဝန် ပါဝယ်ဇလက်စကီးအား ပြောပြသောအခါ ဇလက်စကီးက ဝမ်းမြောက်ဝမ်းသာ ထောက်ခံသည်။ ခရီးစရိတ် ပိုက်ဆံလည်း ထုတ်ပေးသည်။

သို့ဖြင့် ဝလာဒက်သည် ၁၉၂၁ ခုနှစ်၊ နွေဦးပေါက်ရာသီ၏ တစ်နေ့သော နံနက်ခင်းတွင် ကွန်စတင်တီနိုပယ်မြို့ ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော 'မြားနက်' မီးသင်္ဘောကြီးပေါ်သို့ တက်ရောက်လာခဲ့သည်။ သူ့တွင် ကိုယ်ပိုင်ပစ္စည်းဆို၍ အဝတ်အစား သေတ္တာတစ်လုံးနှင့် ဇလက်စကီးပေးလိုက်သော ခရီးသွား စာရွက်စာတမ်းများသာ ပါလာသည်။

ပိုလန်ကောင်စစ်ဝန်က သူ့အား သင်္ဘောဆိပ်အထိ လိုက်ပို့ပြီး ချစ်ခင်ရင်းနှီးစွာဖြင့် ဖက်ယမ်းနှုတ်ဆက်သည်။

"ကဲ… သွားပေဦးတော့ ဝလာဒက်၊ ဘုရားသခင်နဲ့အတူသာ သွားပေဦးတော့"

ဝလာဒက်ကလည်း ပိုလန်ရိုးရာအတိုင်း 'အန်ကယ်လဲ ဘုရားသခင်နဲ့အတူသာ နေရစ်ပေ တော့" ဟူ၍ ပြန်လည် နှုတ်ဆက်လိုက်သည်။

ကုန်းဘောင်ထိပ်သို့ ရောက်သောအခါ အိုဒက်ဆာမြို့မှ ကွန်စတင်တီနိုပယ်မြို့သို့ လာခဲ့ ရသော ကြောက်စရာခရီးကြမ်းကို ပြန်လည် သတိရမိသည်။ သို့သော် သည်တစ်ကြိမ်တွင်တော့ ကျောက်မီးသွေးများ မတွေ့ရ။ လူတွေကိုသာ တွေ့ရသည်။ ပိုလန်၊ ရုရှ၊ ပြင်သစ်၊ ဂျာမန် စသော နိုင်ငံစုံမှ လူမျိုးစုံ ပါဝင်သည်။ ဝလာဒက် တစ်ခါမျှ မမြင်ဖူးသော လူမျိုးများကိုလည်း တွေ့ရသည်။ သူတို့သည် ဝလာဒက်လိုပင် ဘဝသစ်ထူထောင်ရန်အတွက် အမေရိကသို့ ခရီး ထွက်ကြမည့် စစ်ပြေးဒုက္ခသည်များ ဖြစ်ကြသည်။

ကုန်းပတ်အရာရှိက ဝလာဒက်၏ စာရွက်စာတမ်းများကို စေ့စေ့စပ်စပ်စစ်ဆေးသည်။ ဝလာဒက်သည် တူရကီနိုင်ငံတွင် မဝင်မနေရ စစ်မှုထမ်းရမည်ကို ကြောက်၍ ထွက်ပြေးလာသူ လားဟု သံသယဖြစ်မိ၍ စစ်ဆေးခြင်းဖြစ်သည်။ သို့သော် ပိုလန်ကောင်စစ်ဝန် ပါဝယ်ဇလက်စကီး ပြုလုပ်ပေးလိုက်သော လက်မှတ်များက အထောက်အထား ခိုင်မာပြည့်စုံသည်။

လက်မှတ်များ စစ်ဆေးပြီးသောအခါ သာမန် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရသည်။ ကျောက်ဆေးလည်း ထိုးပေးသည်။ ထို့နောက် သင်္ဘောအောက်ထပ်ရှိ ခရီးသည်များ အခန်းသို့ လာခဲ့ရသည်။ အခန်းများကို ယောက်ျားခန်း၊ မိန်းမခန်း ခွဲခြားထားသည်။ ဝလာဒက်သည် ယောက်ျားခန်းဘက်သို့ လျှောက်လာခဲ့သည်။ အခန်းထဲတွင် ပိုလန်လူမျိုး တော်တော်များများ တွေ့ရသည်။ သူတို့သည် နံရံကပ် လေးဆင့်သံအိပ်စင်များပေါ်တွင် အိပ်သူအိပ်၊ ထိုင်သူထိုင် ဖြင့်ပြွတ်သိပ်နေကြသည်။ အိပ်စင်များပေါ်တွင် ဖျာမရှိ၊ ကောက်ရိုးများ ခင်းထားသည်။ ခေါင်း

အုံးမရှိ။ စောင်ပါးကလေးတစ်ထည်စီတော့ ခေါက်တင်ထားသည်။ သို့သော် ဝလာဒက်အဖို့ တော့ အကြောင်းမဟုတ်။ ဘဝအတွေ့အကြုံ အများကြီး ရှိခဲ့ပြီးသူမို့ ကျောချစရာ နေရာကလေး တစ်ကွက်ရလျှင်ပင် ကျေနပ်ပါပြီ။

သူသည် သူနှင့် သက်တူရွယ်တူခန့်ရှိ လူငယ်တစ်ယောက်၏ အောက်မှ အိပ်စင်ကို ရွေးလိုက်သည်။ သူက ထိုလူငယ်နှင့် မိတ်ဆက်သည်။

"ကျွန်တော့်နာမည် ဝလာဒက်ကော်စကေဝစ်ပါ"

"ကျွန်တော်က ဝါဆောမြို့ကပါ၊ ဂျာစီနော်ဝက်လို့ ခေါ်ပါတယ်"

လူငယ်က လက်ကို ကမ်းပေးသည်။ ဝလာဒက်က လက်ဆွဲနှုတ်ဆက်သည်။

သူတို့နှစ်ယောက်သည် သင်္ဘောမထွက်သေးမီ အချိန်တွင် သူတို့၏ အတွေ့အကြုံများကို စားမြုံ့ပြန်ကြသည်။ ဂျာစီ၏ မိဘများမှာ စစ်အတွင်းက သေဆုံးသွားခဲ့သည်။ ဝလာဒက်၏ ဇာတ်လမ်းကို သိရသောအခါ ဂျာစီမှာ အံ့အားသင့်မိရသည်။ နယ်စားကြီး၏ သားအရင်းတစ် ယောက် တောလိုက်မှဆိုးအိမ်သို့ ရောက်သွားရပုံ၊ စစ်အတွင်း အဖမ်းခံခဲ့ရပုံ၊ ဆိုက်ဘေးရီးယား အကျဉ်းစခန်းမှ ထွက်ပြေးလာခဲ့ပုံ။ ထို့နောက် တူရကီနိုင်ငံသို့ ထွက်ပြေးလွတ်မြောက်လာခဲ့ပြီးမှ လိမ္မော်သီးတစ်လုံး အလစ်သုတ်မှုဖြင့် လက်ပြတ်ခံရတော့မည့်ဆဲဆဲ ကံကောင်းထောက်မ၍ လွတ်မြောက်လာခဲ့ပုံတို့ကို ဂျာစီမှာ နားထောင်၍ မငြီးနိုင်အောင် ထူးပင် စိတ်ဝင်စားမိသည်။

ထိုနေ့ တစ်ညဥ့်လုံး သူတို့နှစ်ယောက်သည် ရှေးဟောင်းနှောင်းဖြစ်များကို စားမြုံ့ပြန်ရင်း အချိန်ကုန်သွားခဲ့ကြသည်။

နောက်တစ်နေ့နက်တွင် သင်္ဘောသည် ဆိပ်ကမ်းမှ စတင်ထွက်ခွာသည်။ ဝလာဒက်နှင့် ဂျာစီတို့နှစ်ယောက်သည် ကုန်းပတ်လက်ရန်းတန်းတွင် မှီရပ်ရင်း အပြာရောင်ရေပြင်ကျယ်ကြီး ကို ကြည့်ကာ လိုက်ပါလာကဲ့ကြသည်။

သင်္ဘောကြီးသည် တဖြည်းဖြည်းနှင့် ဆုံးစမမြင်သော သမုဒ္ဒရာပြင်ကျယ်ကြီးထဲသို့ ရောက် လာခဲ့သည်။ ခရီးသည်များမှာ ပထမတွင် ကိုယ့်အစုနှင့်ကိုယ် လှုပ်လှုပ်ရွရွ ရှိနေကြရာမှ လှိုင်း မူးစပြုလာကြပြီး တဖြည်းဖြည်း ငြိမ်သက်လာကြသည်။ သင်္ဘောပေါ်တွင် ခရီးသည်များအတွက် ရေချိုးခန်း နှစ်ခန်းနှင့် အိမ်သာခန်း ခြောက်ခန်းသာ ပါရှိရာ နေ့ရက်ကြာလာသည်နှင့်အမျှ ရေ ချိုးခန်းများနှင့် အိမ်သာခန်းများတွင် အန်ဖတ်များ၊ အညစ်အကြေးများဖြင့် မြင်မကောင်းအောင် ညစ်ပတ်ပေရေလာတော့သည်။

ခရီးသည်များအား ညစ်ပတ်ပေရေနေသော ခန်းမကြီးထဲတွင် စားပွဲရှည်ကြီးများဖြင့် ထမင်းကျွေးသည်။ အစားအသောက်များမှာ စွပ်ပြုတ်ဟင်းရည်၊ အာလူး၊ ငါး၊ အမဲသားပြုတ်၊ ဂေါ်ဖီထုပ်နှင့် အညိုရောင် သို့မဟုတ် အနက်ရောင် ပေါင်မုန့်ကြမ်းများဖြစ်သည်။ ဝလာဒက် မှာ ကွန်စတင်တီနိုပယ်မြို့မှ စည်သွတ်အသားဘူး၊ သစ်သီးများနှင့် ဘရန်ဒီအရက်တစ်ပုလင်း ပါလာသဖြင့် ယင်းတို့ကို ဂျာစီနှင့်အတူ ဝေမျှစားသောက်ကြသည်။ သူတို့နှစ်ယောက်သည် သင်္ဘောပေါ်တွင် အတူစား၊ အတူအိပ်၍ ရင်းနှီးသော မိတ်ဆွေများဖြစ်လာကြသည်။

တတိယမြောက် ညနေတွင် ဂျာစီသည် ပိုလန်မိန်းကလေးတစ်ယောက်ကို ညစာစားပွဲသို့

ခေါ်လာခဲ့သည်။ မိန်းကလေး၏ နာမည်ဇာဖီယာဟုခေါ်ကြောင်း ဝလာဒက်အား ပြောပြသည်။ ဝလာဒက်သည် ဇာဖီယာအား မြင်မြင်ချင်း ချစ်ခင်စွဲလမ်းသွားမိသည်။ သူ့တစ်သက်တာတွင် မိန်းကလေး;တစ်ယောက်၏ မျက်နှာကို နှစ်ခါပြန် ကြည့်ဖူးသည်ဟူ၍ တစ်ခါမျှ မရှိခဲ့။ ယခုမူ သူသည် ဇာဖီယာအား ကြည့်၍မဝနိုင်အောင် ဖြစ်မိလေသည်။ ဇာဖီယာကို မြင်ရသောအခါ သူသည့်ဖလော်ရင်တီနာကို သတိရမိ၏။ အပြာရောင်မျက်လုံးများ၊ ပန်းနှစ်ဖက်သို့ ဖြန့်ချထားသော ရွှေရောင်ဆံပင်ရှည်ကြီးများနှင့် အေးမြကြည်လင်သော အသံတို့၏ပိုင်ရှင်...။

ဝလာဒက်သည် ဇာဖီယာကလေးအား ကိုင်တွယ်တွေ့ထိလိုစိတ် ပြင်းပြစွာဖြစ်ပေါ်ခံစားမိ၏။ ဇာဖီယာကလေးကလည်း သူ့အား မြူဆွယ်နေသည့်အလား မကြာခဏ ပြုံး၍ပြ၏။ သို့သော် ဂျာစီက သူ့ထက် ရုပ်ရည်ချောမောသူဖြစ်၍ ဇာဖီယာအနေဖြင့် သူ့အပေါ်တွင် စိတ်ဝင်စားမှုရှိမည်မဟုတ်ဟူသော အတွေးကြောင့် ဝလာဒက်မှာ ကျိတ်ပြီး စိတ်မချမ်းသာ ဖြစ်ရလေသည်။ ဂျာစီက ဇာဖီယာအား အမျိုးသမီးအဆောင်သို့ ပြန်ခေါ်သွားသောအခါ ဝလာဒက်မှာ ဇာဖီယာအား စွဲလမ်းစိတ်ဖြင့် နောက်ယောင်ခံ၍ပင် လိုက်ကြည့်မိလေသည်။

ဂျာစီပြန်ရောက်လာတော့ "မင်းလဲ ကောင်မလေးတစ်ယောက်လောက် ရှာပါလားကွ၊ ခုနက ဟာကလေးကတော့ ငါ့အတွက်ပဲ' ဟု ဝလာဒက်ကို ပြောသည်။

"အမေရိကရောက်ရင် ကောင်မလေးတွေ တစ်ပုံကြီး တွေ့ရမှာပါကွာ"

"အမေရိကရောက်အောင် မစောင့်နိုင်ဘူးကွ၊ အခုလောလောဆယ် သင်္ဘောပေါ်မှာပဲ ရနိုင်သလောက် ရအောင် လုပ်သွားဖို့ အရေးကြီးတယ်"

"မင်းက အဲဒီလောက်ထိ ဘယ်လို ရအောင်လုပ်မလဲ"

"ရတာပေါ့ကွ၊ ဘာခက်လို့လဲ၊ တို့က အမေရိကရောက်ဖို့ ၁၂ ရက်တောင် ကျန်သေးတာ၊ အဲဒီတော့ ငါက ကောင်မလေး ၁၂ ယောက်အထိ ရအောင်ကြံဖန်ရမှာပဲ"

"၁၂ ယောက်တောင်မှ မင်းက ဘာလုပ်မလို့လဲ"

"ဘုရားရေ ဘာလုပ်မလို့လဲ ဟုတ်လား၊ မင်းလို ဘဝမျိုးစုံ ကြုံခဲ့ရတဲ့ လူတစ်ယောက်က ဒီမေးခွန်းမျိုးမေးတာ ငါက တကယ်ယုံရမှာလားကွ၊ ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်နဲ့တွေ့ရင် ဘာလုပ်ရမှာလဲကွ"

"ဟေ့ကောင် တိုးတိုးပြောစမ်းပါကွ၊ သူများတွေကြား သွားဦးမယ်"

"ကြားသွားရော ဘာဖြစ်သလဲကွ၊ သူတို့အလုပ် မဟုတ်ပါဘူး၊ တို့အလုပ် တို့လုပ်တာပဲ၊ မင်းက လည်မလိုနဲ့ တော်တော်အ,သေးတဲ့ အကောင်ပါလားကွ၊ မင်းကို အမြင်ကျယ်သွားအောင်ပညာပေးရဦးမယ်၊ ဇာဖီယာက တော်တော်နားလည်မှုရှိတဲ့ ကောင်မလေးကွ၊ မင်းကို ပညာပေးဖို့အတွက် စည်းရုံးရင် လွယ်လွယ်နဲ့ရမှာ သေချာတယ်၊ အဲဒီတော့ မင်းနဲ့ အဆင်ပြေသွားအောင် ငါကြည့်စီစဉ်ပေးမယ်၊ မင်းဘက်ကသာ စိတ်ပါလက်ပါရှိပါစေ ဟုတ်လား"

ဝလာဒက်က အဲမလုပ် အင်းမလုပ်ဘဲ ငြိမ်နေသည်။ ဂျာစီက သည်အကြောင်းကို နောက်ထပ် ဘာမှဆက်မပြောတော့။

နောက်တစ်နေ့ကျတော့ ဇာဖီယာ၏ အမူအရာပြောင်းလဲလာသည်။ သူမသည် ဝလာ

ဒက်ကို အရေးတယူလုပ်လာသည်။ ထမင်းစားချိန်တွင် ဝလာဒက်ဘေးမှာ လာထိုင်သည်။ သူတို့နှစ်ယောက်အကြာကြီး စကားပြောဖြစ်ကြသည်။ အတိတ်က အတွေ့အကြုံတွေကိုလည်း စားမြုံ့ပြန်ကြသည်။ အနာဂတ် ရည်မှန်းချက်များကိုလည်း ဆွေးနွေးကြသည်။

ဇာဖီယာသည် ပိုဇနန်မြို့မှ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ စစ်အတွင်းက မိဘနှစ်ပါးစလုံး ဆုံးပါးခဲ့ကြပြီ။ ယခုအခါ အမေရိကန်နိုင်ငံ၊ ရှီကာဂိုမြို့ရှိ သူမ၏ ဆွေမျိုးများထံသို့ အပြီးအပိုင် ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ ဝလာဒက်ကလည်း သူသည် နယူးယောက်မြို့သို့ သွားမည်ဖြစ်ကြောင်း၊ ဂျာစီနှင့်ပင် အတူတူ နေထိုင်မည်ဖြစ်ကြောင်း ပြောပြသည်။

"နယူးယောက်က ရှီကာဂိုနဲ့ သိပ်မဝေးဘူးလို့ ပြောတယ်" ဇာဖီယာက ပြောသည်။

"ဒါဆို ဟန်ကျတာပေါ့၊ ငါမြို့တော်ဝန် ဖြစ်တဲ့အခါ မင်းက ငါ့နဲ့ လာတွေ့နိုင်တာပေါ့၊ မဟုတ်လား" ဂျာစီက ဝင်နှောက်လိုက်သည်။

ဇာဖီယာက နှာခေါင်းရှုံ့လိုက်ပြီး…

"ရှင်က မြို့တော်ဝန်မဖြစ်နိုင်ဘူး… ဂျာစီ၊ ရှင်က သိပ်ပြီး ပိုလန်ဆန်နေသေးတယ်၊ အင်္ဂလိပ် စကားကိုလဲ ဝလာဒက်လို ရေရေလည်လည် မပြောတတ်သေးဘူး"

"အိုး… ဒါက ဘာခက်လို့လဲကွာ၊ လေ့လာရင် ခဏနဲ့ တတ်ပါတယ်၊ အင်္ဂလိပ်စကားကို အင်္ဂလိပ်တွေလို ပြောတတ်အောင် ငါ ကြိုးစားသင်မှာပေါ့၊ ငါ့နာမည်ကိုလဲ အမေရိကန်နာမည် ပြောင်းပစ်လိုက်တော့မယ်၊ ကနေ့ကစပြီး ငါ့ကို ဂျာစီလို့ မခေါ်နဲ့တော့၊ ဂျော့နော်ဗက်လို့ နာမည်ပြောင်းလိုက်ပြီ၊ အဲဒါဆိုရင် ငါ့အနေနဲ့ အားလုံး အဆင်ပြေသွားပြီ၊ လူတိုင်းက ငါ့ကို အမေရိကန်တစ်ယောက်လို့ပဲ ထင်ကြမှာပဲ၊ ဒါနဲ့… ဝလာဒက် မင်းက ဘယ်လိုလဲ၊ ဒီနာမည်ကြီးနဲ့ မင်းအလုပ်မဖြစ်ပါဘူးကွ"

ဝလာဒက်က သူ့ကိုယ်သူ 'ဂျော့နော်ဗက်' ဟူ၍ လောလောလတ်လတ် နာမည်ပြောင်းထားသော ဂျာစီ၏ မျက်နှာကို စိုက်ကြည့်နေသည်။ သူသည် သူ၏ လက်ရှိနာမည်ကို မကြိုက်သည်မှာ အမှန်။ သို့သော် နယ်စားဘွဲ့နာမည်ကို ပြောင်း၍လည်းမဖြစ်နိုင်။

"ရပါတယ်ကွာ၊ နောက်မှ အဆင်ပြေသလို ကြည့်လုပ်တာပေါ့၊ မင်းဆန္ဒရှိရင် အင်္ဂလိပ်စကား ပီပီသသ ပြောတတ်အောင်လဲ ငါကူညီပါ့မယ်"

"ဟုတ်ပြီ၊ မင်းကိုလဲ မိန်းမချောကလေးတွေနဲ့ တွဲရအောင် ငါကူညီမယ်"

ဤတွင် ဇာဖီယာက ခစ်ကနဲ ရယ်လိုက်ပြီးတော့…

"အံမယ်… ဒါကတော့ ကျေးဇူးပြုပြီး သည်းခံပါရှင်၊ သူ့ကို ရှင်ဘာမှ ကူညီနေစရာ မလိုတော့ပါဘူး၊ သူ့မှာ အခု ချစ်သူတွေ့ထားပြီရှင့်"

သုံးယောက်သား သဘောကျစွာ ရယ်လိုက်ကြသည်။

✧ ✧ ✧

ဂျာစီခေါ် ဂျော့သည် နေ့စဉ် ညစာစားပြီးတိုင်း တစ်နေ့လျှင် မိန်းကလေးတစ်ယောက်ကျစီ ခေါ်ကာ သင်္ဘောပေါ်မှ တာလပတ်ဖုံးထားသော အသက်ကယ်လှေတစ်စီးထဲဝင်ကာ အချိန်

ဖြုန်းလေ့ရှိသည်။ သို့သော် သူနှင့်တွဲသော မိန်းမများမှာ အဝတ်အစား ညစ်စုတ်သလောက် ရုပ်ရည်တွေကလည်း ဘာတစ်ကွက်မျှ မက်စရာမရှိသည်ကိုတော့ ဝလာဒက် သတိပြုမိသည်။

တစ်ညနေတွင် ညစာစားပြီးတော့ ဂျော့သည် ထုံးစံအတိုင်း ကြက်ပျောက် ငှက်ပျောက် ပျောက်သွားသည်။ ဝလာဒက်နှင့် ဇာဖီယာတို့က ကုန်းပတ်ပေါ်သို့ ထွက်ပြီးထိုင်ကြသည်။ ဇာဖီယာက ဝလာဒက်အား ရဲတင်းစွာပင် ဖက်ယမ်းပြီး သူမအား နမ်းခိုင်းသည်။ ဝလာဒက်က မဝံ့မရဲဖြင့် ဇာဖီယာ၏ နှုတ်ခမ်းလွှာကို စုပ်နမ်းလိုက်သည်။ သူ့တစ်ကိုယ်လုံးလည်း ကလေးငယ်ပမာ တဆတ်ဆတ်တုန်နေသည်။

"ကဲ… ဒီနေ့တော့ ဒီလောက်ပဲပေါ့ ဟုတ်လား၊ မနက်ဖြန်မှ ထပ်တွေ့ကြတာပေါ့" ဇာဖီယာက ယင်းသို့ ပြောပြီး ထိုင်ရာမှ ရုတ်တရက်ထကာ မိန်းမဆောင်သို့ ပြန်လျှောက်သွားသည်။

ဝလာဒက်လည်း သူ့အိပ်ရာသို့ ပြန်လာပြီး လှဲအိပ်လိုက်သည်။ သူသည် စိတ်ရော ကိုယ်ရော ဂနာမငြိမ် ဖြစ်နေမိသည်။ မနက်ဖြန်တွင် ဇာဖီယာနှင့် တွေ့ရမည့်အရေးကို တွေးပြီးအပျော်ကြီးပျော်ကာ အကြီးအကျယ် စိတ်လှုပ်ရှားနေခြင်းဖြစ်သည်။ ထိုအခိုက် သန်မာသော လက်ကြီးတစ်ချောင်းက သူ့ဆံပင်များကို စုကိုင်ပြီး သူ့အား အိပ်စင်ပေါ်မှ ကြမ်းပြင်သို့ ဆွဲချလိုက်သည်။ စောစောက သူ့ခန္ဓာကိုယ်ထဲတွင် ပွက်ပွက်ဆူမျှ ဖြစ်ပေါ်နေသော ရမ္မက်စိတ်များသည် ကြောက်လန့်စွာဖြင့် တမုဟုတ်ချင်း ထွက်ပြေးသွားကြသည်။ လူစိမ်းနှစ်ယောက်သည် သူ့ကိုယ်ပေါ်မှ စိုးမိုးပြီး ရပ်နေသည်။ သူတို့သည် ဝလာဒက်အား ခပ်လှမ်းလှမ်း အခန်းထောင့် တစ်နေရာသို့ တရွတ်တိုက် ဆွဲယူလာကြသည်။ သန်မာသော လက်ကြီးက သူ့ပါးစပ်ကို ဖိပိတ်ထားသည်။ ဓားမြှောင်ဦးက သူ့လည်မျိုးကို လာထောက်သည်။

"အသံမထွက်နဲ့၊ တစ်ချက်တည်း အသက်ပါသွားမယ်" ဓားမြှောင်နှင့် ထောက်ထားသူက လေသံဖြင့် ပြောသည်။ ဓားမြှောင်ကိုလည်း စောစောကထက် ခပ်ဖိဖိ ထောက်လိုက်သည်။ "တို့က မင်းဆီက ပိုက်ဆံမလိုချင်ဘူး၊ မင်းလက်မှာ ဝတ်ထားတဲ့ ငွေလက်ကောက်ကွင်းကိုပဲ လိုချင်တယ်"

သူက တန်ဖိုးအထားဆုံးသော ပစ္စည်းဆုံးရှုံးရတော့မည်အရေးကို ချက်ချင်းတွေးမိပြီး ဝလာဒက်သည် အကြီးအကျယ် စိုးရိမ်စိတ် ဝင်လာမိသည်။ သူက ဘာမှ ပြန်မလုပ်နိုင်မီမှာပင် လူစိမ်းတစ်ယောက်က သူ့လက်မှ လက်ကောက်ကွင်းကို တအားဆွဲချွတ်လိုက်သည်။ ဝလာဒက်က ကြောက်စိတ်၊ စိုးရိမ်စိတ်ဖြင့် အလန့်တကြား တအားဆောင့်ကန်လိုက်ရာ လူစိမ်းနှစ်ယောက်စလုံး ကြမ်းပြင်ပေါ် ဖင်ထိုင်လဲကျသွားကြသည်။ ရုတ်တရက် ရန်းရင်းဆန်ခတ်ဖြစ်သွားပြီး အနီးရှိ အိပ်စင်များမှ ခရီးသည်တွေနိုးလာကြသည်။ ထိုအချိန်တွင် အချိန်မီပင် ဂျော့ပြန်ရောက်လာပြီး အခြေအနေကို ရုတ်ချည်းအကဲခတ်မိကာ လူစိမ်းလက်မှ ဓားမြှောင်ကို ကျင်လည်စွာပြင့် လုယူလိုက်သည်။ လူစိမ်းနှစ်ယောက်သည် လဲနေရာမှ ကမန်းကတန်းထကာ သွေးရူးသွေးတန်းနှင့် ထွက်ပြေးသွားကြသည်။ ညအမှောင်ထဲတွင်ဖြစ်၍ လူစိမ်းများအား မည်သူမည်ဝါဟူ၍ မည်သူမျှ မမှတ်မိလိုက်ကြ။

"မအေပေး… ခွေးသူခိုးတွေ၊ အပြေး မြန်သွားလို့ပေါ့ကွာ၊ နို့မဟုတ်ရင်တော့လား ဟင်း… တောက်… တစ်ခါတည်း ပွဲချင်းပြီးပဲ"

ဝလာဒက်က ဒေါသတကြီးဖြင့် သူခိုးတွေပြေးမှ ထိုးကွင်းထနေသည်။

"ငါ အချိန်မီရောက်လာလို့ မင်းတော်တော် ကံကောင်းတယ်" ဂျော့က ကြမ်းပြင်ပေါ်မှ တစ်လက်လက် အရောင်ထွက်နေသော ငွေလက်ကောက်ကွင်းကိုကြည့်ရင်း "တော်တော်လှတဲ့ ပစ္စည်းပဲကွ၊ မင်းဆီမှာ ဒီပစ္စည်းရှိနေသမျှတော့ မင်းအနေနဲ့ အမြဲတမ်း အန္တရာယ်လွယ်ထားသလို ဖြစ်နေမှာပဲ ဝလာဒက်"

ဝလာဒက်က လက်ကောက်ကွင်းကို ပြန်ကောက်ယူကာ သူ့လက်တွင် ပြန်၍ စွပ်လိုက်သည်။

"ငါ ဒီနေ့ ခါတိုင်းထက် စောစောပြန်လာလို့ တော်သေးတာပေါ့ကွာ၊ နို့မဟုတ်ရင် မင်းလက်ကောက်တော့ တစ်ခါတည်းသွားပြီပေါ့"

"ဒါနဲ့ မင်းက အဲဒီအသက်ကယ် လှေထဲမှာ ဘာသွားလုပ်တာလဲကွ"

"အိုး… မင်း တော်တော် အ,သေးတာပဲ၊ အသက်ကယ်လှေထဲမှာ ကောင်မလေးနဲ့ ဘာသွားလုပ်ရမှာလဲကွ၊ မင်း မစဉ်းစားတတ်ဘူးလား၊ မစဉ်းစားတတ်ရင် အဲဒီ ကောင်မလေးဆီ သွားမေးကြည့်ပါလား၊ ခင်ဗျားနဲ့ ဂျော့တို့ ဘာလုပ်ကြတာလဲလို့ ဟား…ဟား…ဟား" ဂျော့က တဟားဟားရယ်ရင်း အိပ်စင်ပေါ်တွင် တစောင်းလှဲကာ ငြိမ်ကျသွားသည်။ သူ အိပ်ချင်နေပြီ။

တလာဒက်သည် သင်္ဘောမျက်နှာကြက်ကို စိုက်ကြည့်ရင်း အတွေးနက်နေသည်။ သူသည် လက်ကောက်ကွင်း ဆုံးရှုံးရမည့်အရေးကိုပင် မတွေးမိတော့။ မနက်ဖြန် ဇာဖီယာနှင့် တွေ့ရမည့်အရေးကိုသာ စိတ်စောနေမိတော့သည်။ စိတ်ကူးယဉ်ပြီး စိတ်လှုပ်ရှားသဖြင့် သူသည် တော်တော်ကြီး ညဉ်းနက်မှ အိပ်ပျော်သွားသည်။

✧ ✧ ✧

နောက်တစ်နေ့နံနက်တွင် လေပြင်းတိုက်သည်။ ခရီးသည်အားလုံး အောက်ထပ်ကုန်းပတ်ပေါ် တွင် စုပြုံပြွတ်သိပ်နေကြသည်။ အတော်ကလေး ကြာတော့မှလေငြိမ်သွားသည်။ ခရီးသည်တွေ ကိုယ်နေရာသို့ ကိုယ်အသီးသီးပြန်စပြုကြသည်။ ဂျော့နှင့် ဝလာဒက်တို့လည်း လူအုပ်ထဲတိုးကာ လာခဲ့ကြသည်။ မိန်းကလေးတိုင်းလိုလိုပင် ဂျော့ကိုပြုံးပြကြသည်။ ဝလာဒက်ကိုတော့ ဖုတ်လေသည့် ငါးပိ ရှိလေသည်ဟူ၍ပင် မမှတ်ကြ။ လူကို တန်ဖိုးမထားချင်တောင်မှ ရှုဘယ် ၅၀ တန် ကုတ်အင်္ကျီကိုတော့ နည်းနည်းပါးပါး ဖြစ်ဖြစ် ဂရုစိုက်သင့်သည်ဟု ဝလာဒက်က တွက်[illegible]သည်။ ဆံပင်နက်နက်နှင့် ပါးနှစ်ဖက်တွင် ပန်းနုရောင် ပြေးနေသော မိန်းကလေးတစ်ယောက၊ ဂျော့ ရှေ့မှ ဖြတ်သွားရင်း ပြုံးပြသွားသည်။

"ဒီနေ့ညနော်… သိလား" ဂျော့က ကောင်မလေး ကြားရုံမျှ တိုးတိုးလှမ်းပြောလိုက်သည်။ ကောင်မလေးက မကြားယောင်ဆောင်ကာ ခပ်မြန်မြန်ကလေး ဆက်လျှောက်သွားသည်။ ဂျော့က ဝလာဒက်ဘက်သို့လှည့်ပြီး…

"မယုံရင် မင်းကြည့်နေ၊ ဒီနေ့ည သူ့ကို ငါရအောင် ကြိုးစားပြမယ်၊ မင်း သူ့ကို လှည့်ကြည့်လိုက်စမ်း၊ ငါ တစ်ဖက်လှည့်နေမယ်၊ သူက ငါ့ကို ပြန်ကြည့်သလား၊ ကြည့်လိုက်စမ်း"

ဝလာဒက်က ကောင်မလေးဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဟုတ်တယ်ကွ၊ သူက မင်းကို လှည့်ကြည့်သွားတယ်"

"ဟုတ်ပြီ၊ ဒီနေ့ည သူနဲ့ ငါ တွေ့မယ်၊ မင်းက ဘယ်လိုလဲ၊ ဇာဗီယာနဲ့ တွေ့ပြီးပြီ လား"

"ဟင့်အင်း မတွေ့ရသေးဘူး၊ ဒီနေ့ညမှ ချိန်းထားတယ်"

"ကောင်းတယ်၊ တွေ့ဖြစ်အောင် တွေ့လိုက်၊ လ,သာတုန်း ဗိုင်းငင်ရတယ်ကွ၊ နို့မဟုတ်ရင် နယူးယောက်ရောက်တော့ သူနဲ့ ပြန်တွေ့ရတော့မှာ မဟုတ်ဘူး"

တကယ်ပင် ထိုနေ့ညနေ ထမင်းစားချိန်တွင် ဂျော့သည် ဆံပင်နက်နက်နှင့် ကောင်မလေးကို ခေါ်ချလာသည်။ ထမင်းစားပြီးသောအခါ ဝလာဒက်နှင့် ဇာဗီယာတို့လည်း ဘာစကားမှ မပြောတော့ဘဲ တစ်ယောက်ခါး တစ်ယောက်ဖက်ကာ စားပွဲမှ ထလာခဲ့ကြသည်။ သူတို့နှစ်ယောက်သည် သင်္ဘောကုန်းပတ်ပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေကြသည်။ ဝလာဒက်က ဇာဗီယာကို မသိမသာ ဘေးတိုက်စောင်းကြည့်သည်။ တော်တော် ချစ်ရာကောင်းတဲ့ မိန်းကလေး။

သူက ဇာဗီယာအား အမှောင်ရိပ်ထဲသို့ ဆွဲခေါ်သွားပြီး အားရ ပါးရ နမ်းသည်။ ဇာဗီယာကလည်း ကြည်သာစွာ ခံယူသည်။

"ကဲ... ကျွန်မတို့ အသက်ကယ်လှေထဲ သွားကြရအောင်"

"ဒါဟာ ရှင့်အနေနဲ့ ပထမဆုံး အတွေ့အကြုံပဲလား ဟင်" ဇာဗီယာက မေးသည်။

"ဟင့်အင်း... မဟုတ်ပါဘူး"

"အဲဒီတော့ ရှင်က ကျွန်မကို တင်းပြည့်ကျပ်ပြည့် ဘယ်ချစ်နိုင်ပါ့မလဲနော်"

"ချစ်ပါတယ်၊ မင်းကို ငါသိပ်ပြီး ချစ်ပါတယ်၊ ငါ နယူးယောက်မှာ အနေအထိုင် ကျသွားတဲ့အခါ ရီကာဂိုလာပြီး မင်းကို တွေ့အောင် ရှာပါ့မယ်"

"ဟုတ်ကဲ့ ဝမ်းသာပါတယ်ရှင်၊ ယောလောဆယ် ကျွန်မ တစ်ခု တောင်းပန်ချင်တာက တော့ ရှင့် တစ်သက်တာ တစ်ခဏတာဘဝတစ်ကွေ့မှာ ဇာဗီယာဆိုတဲ့ ချစ်သူတစ်ဦး ရှိခဲ့ဖူး တယ်ဆိုတာကိုတော့ ဘယ်တော့မှ မမေ့ပါနဲ့နော်၊ ရှင့်ကို ကျွန်မ သိပ်ပြီး ချစ်ပါတယ် မောင်ရယ်"

✧ ✧ ✧

နောက်တစ်နေ့ မနက်ကျတော့ ခရီးသည်အွေ့ ရုတ်ရုတ်သဲသဲ ဆူညံသံကြောင့် သူတို့ အိပ်ရာမှ နိုးလာကြသည်။ ယနေ့သည် 'မြားနက်' သင်္ဘောပေါ်တွင် နောက်ဆုံးနေ့ဖြစ်ကြောင်း သိရတော့ အကြီးအကျယ် ဝမ်းသာမိကြသည်။ တချို့ ခရီးသည်တွေက ရောင်နီမလာခင်ကတည်း ကပင် အိပ်ရာမှထပြီး ကုန်းပတ်ပေါ် ရောက်နေကြသည်။ သူတို့သည် အမေရိကန်နိုင်ငံသို့ ရောက်ကြတော့မည်။

ဝလာဒက်သည် သူ့အဝတ်အစားများကို ခေါက်သိမ်းကာ လက်ဆွဲသေတ္တာထဲတွင် ထည့်သည်။ ပြီးတော့ ကုန်းပတ်သို့ လျှောက်လာခဲ့ပြီး ဇာဗိယာနှင့် ဂျော့တို့နှင့် ဆုံသည်။

သုံးယောက်သား ကုန်းပတ်ပေါ်တွင်ရပ်ကာ အဝေးဆီသို့ မျှော်ကြည့်နေကြသည်။ ရေပြင်ပေါ်တွင် မြူတွေအုံ့ဆိုင်းနေ၍ ကုန်းမြေကို ရုတ်တရက် မမြင်ကြရ။ တဖြည်းဖြည်းနှင့် မြူတွေကွဲသွားတော့မှ အမေရိကန်နိုင်ငံ၏ ပထမဆုံး ကုန်းမြေကို ဝိုးတဝါး မြင်ကြရသည်။

"ဟိုမှာ... ဟိုမှာ မြင်ရပြီ၊ မြင်ရပြီ"

ကုန်းပတ်ပေါ်မှ ခရီးသည်တစ်ယောက်က ဝမ်းမြောက်ဝမ်းသာ လက်ညှိုးထိုးကာ အော်လိုက်သည်။ နွေဦးပေါက်ရာသီ နံနက်ခင်း၏ မြူနှင်းထုကို ထိုးဖောက်ပြီး လောင်းအိုင်လင်းကျွန်းကို ပထမဆုံး မြင်ကြရသည်။

မော်တော်ဘုတ်ကလေးများက 'မြားနက်' သင်္ဘောကြီး၏ ဘေးတစ်ဖက်တစ်ချက်သို့ အစီအရီ ချဉ်းကပ်လာကြပြီး ဘရွတ်ကလင်နယ်မြေနှင့် စတေတင်ကျွန်းကြားမှဝင်ကာ နယူးယောက်ဆိပ်ကမ်းသို့ လမ်းညွှန်ခေါ်ဆောင်လာခဲ့သည်။ ရှည်လျားကြီးမားသော လက်နှစ်ဖက်ကို မင်ဟာတ်တန်ကျွန်းပေါ်ရှိ မိုးယံသို့ ဆန့်တန်းကာ ထီးထီးမားမားကြီး ရပ်နေသည့် လွတ်လပ်ခြင်းအထိမ်းအမှတ် 'လေဘာတီရုပ်တု' ကြီးက 'မြားနက်' သင်္ဘောပေါ်မှ ခရီးသည်များအား တည်ငြိမ်စွာ ဆီးကြိုနှုတ်ဆက်သည်။

နောက်ဆုံးတွင် သင်္ဘောကြီးသည် အယ်လစ်အိုင်လင်း မြစ်ကမ်းတစ်လျှောက်ရှိ စုလစ်မွန်းချွန် မိုးထိအဆောက်အအုံကြီးများဘေးတွင် ကျောက်ချဆိုက်ကပ်သည်။ ပထမဦးစွာ သီးသန့်အထူးခန်းနှင့် လိုက်လာသော ခရီးသည်များက သင်္ဘောပေါ်မှ ဆင်းကြသည်။ ဝလာဒက်က ၎င်းတို့အား ယခုမှ သတိပြုမိသည်။ အထူးခန်းခရီးသည်များသည် သီးသန့် ကုန်းပတ်များပေါ်တွင်သာ လမ်းလျှောက်ကြပြီး သီးသန့်ထမင်းစားခန်းတွင်သာ စားသောက်ကြသောကြောင့် ယခင်နေ့များက ၎င်းတို့အား ဝလာဒက် မမြင်မိခဲ့ခြင်းဖြစ်၏။ သီးသန့် ခရီးသည်များအား ဇောတံတားပေါ်မှ လူတွေက အပြုံးမျက်နှာဖြင့် ကြိုဆိုကြသည်။ ၎င်းတို့၏ ပစ္စည်းများကိုလည်း အငှားလုပ်သားများက သယ်ယူကြသည်။ ဝလာဒက်က သီးသန့်ခရီးသည်များ၏ ဘဝနှင့် မိမိဘဝ ခြားနားချက်ကို လေးလေးနက်နက် သတိပြုမိသည်။

သီးသန့်ခရီးသည်တွေအားလုံး သင်္ဘောပေါ်မှ ဆင်းသွားကြပြီးသောအခါ သင်္ဘောကပ္ပတိန်က ကျန်ခရီးသည်များအား သင်္ဘောပေါ်တွင်ပင်ဆက်လက်နေကြရန် အသံချဲ့စက်ဖြင့် ကြေငြာသည်။ ခရီးသည်တွေ တစ်ယောက်တစ်ခွန်း ဝေဖန်ပြောဆိုကြသဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ဇာဗိယာသည် စိတ်ပျက်စွာဖြင့် ကုန်းပတ်ပေါ်တွင် ပစ်ထိုင်ကာ ဝမ်းနည်းပက်လက်ငိုချလိုက်သည်။ ဝလာဒက်က သူမအား နှစ်သိမ့်သည်။

အတန်ကြာတော့... ခရီးသည်များအား ကော်ဖီတိုက်သည်။ ကော်ဖီတိုက်သည်။ ထို့နောက် ခရီးသည်တိုင်းအား နံပါတ်ကတ်ပြား ထုတ်ပေးသည်။ ယင်းကတ်ပြားကို ၎င်းတို့၏ လည်ပင်းတွင် ဆွဲချိတ်ထားကြရသည်။ ဝလာဒက်၏ နံပါတ်မှာ ဘီ-၁၂၇ ဖြစ်သည်။ သည်အဖြစ်နှင့် ကြုံရတော့ သူက ဆိုက်ဘေးရီးယားတုန်းက အကျဉ်းသားဘဝကို ပြန်လည်သတိရမိသည်။

ယခင်အဖြစ်မျိုးနှင့်များ ထပ်ပြီး ကြုံရလေဦးမည်လားဟုလည်း စိုးရိမ်စိတ်ဖြစ်မိသည်။

နေ့လယ်ပိုင်းကျတော့ ၎င်းတို့အား ထမင်းလည်း မကျွေး၊ ဘာမှလည်း ကြိုတင်အကြောင်းမကြားဘဲနှင့် မော်တော်ကားတတ်များပေါ် ပြောင်းတက်ခိုင်းပြီး အယ်လစ်အိုင်လင်းကျွန်းသို့ ခေါ်လာခဲ့ကြသည်။ ထိုနေရာတွင် ၎င်းတို့အား ယောက်ျားတစ်စု၊ မိန်းမတစ်စုခွဲကာ သီးသန့်အဆောင်များသို့ ပို့လိုက်ကြသည်။ ခွဲခါနီးတွင် ဝလာဒက်က ဇာဖီယာအား နမ်း၍ နှုတ်ဆက်သည်။ ပြီးတော့... လက်ကမလွှတ်ဘဲ တအားဖက်ထားသည်။ လူတွေကြားတွင် သူတို့နှစ်ယောက် ကန့်လန့်ကြီး ပိတ်နေသဖြင့် ဆိပ်ကမ်းရဲတစ်ယောက်က အတင်းဆွဲ၍ ခွဲရသည်။

"ကဲ... ကိုယ့်ဆရာ၊ ဒီလောက်ဆို ကျေနပ်ရော့ပေါ့၊ တို့က မင်းတို့နှစ်ယောက်ကို လက်ထပ်ပေးဖို့ အချိန်မရဘူးကွ၊ မြန်မြန်လုပ်၊ တခြားလူတွေကို မိအောင်လိုက်ပြီး တန်းစီစမ်း"

ရဲသားက ဝလာဒက်အား ဂျော့နောက်သို့ တွန်းပို့လိုက်သည်။ ဝလာဒက်က ဇာဖီယာအား လှမ်းကြည့်လိုက်သော်လည်း မမြင်ရတော့။

သူတို့သည် ထိုနေ့ညတွင် ဟောင်းနွမ်းညစ်ပတ်နေသော အဆောင်ထဲတွင် အချိန်ကုန်ကြရသည်။ အများစုမှာ လုံးဝအိပ်၍မရ။ စကားပြန်များက မကြာခဏ လာရောက်ပြီး ဟိုမေးသည်မေး လုပ်နေကြသောကြောင့်ဖြစ်သည်။

မနက်ကျတော့ ကျန်းမာရေး စစ်ဆေးခံကြရသည်။ ပဏာမ စစ်ဆေးမှုမှာ အခက်ခဲဆုံးဖြစ်သည်။ ဝလာဒက်အား လှေကားအမြင့်ကြီးတစ်ခုကို တက်ခိုင်းသည်။ အပြာရောင်ဝတ်စုံဝတ် ဆရာဝန်က သူ့အား လှေကားကို နှစ်ကြိမ်တိတိ တက်ခိုင်းသည်။ ထို့နောက် မျက်နှာ၊ မျက်စိ၊ ဆံပင်၊ လက်နှင့် လည်ပင်းတို့ကို စေ့စေ့စပ်စပ် စစ်ဆေးသည်။ ကျန်းမာရေးစစ်ဆေးမှုအားလုံးပြီးသောအခါ လူတွေ့စစ်ဆေးခံရန် တန်းစီရသည်။ စစ်ဆေးခန်းအပြင်ဘက်တွင် ဂျော့နှင့် ပြန်တွေ့ရသည်။ အကြာကြီး တန်းစီနေကြရပြီးနောက် အခန်းထဲသို့ တစ်ယောက်စီ ခေါ်သွင်းသည်။ ဂျော့အလှည့်သို့ရောက်၍ သူအခန်းထဲဝင်သွားသည်။

မကြာမီတွင် ဂျော့ ပြန်ထွက်လာသည်။ သူက ဝလာဒက်အား ပြုံးပြပြီး

"မစိုးရိမ်ပါနဲ့ကွ၊ သူတို့မေးတာ ဘာမှမခက်ပါဘူး၊ မင်းလဲ လွယ်လွယ်နဲ့ အဆင်ပြေမှာပါ"

ဝလာဒက်သည် လာခေါ်သော ရဲသားနောက်မှ ရင်တထိတ်ထိတ်နှင့် လိုက်လာခဲ့သည်။ ဘာမှ ပြင်ဆင်မွမ်းမံမှုမရှိသော အခန်းကျဉ်းကလေးတစ်ခုထဲသို့ ရောက်လာသည်။ အခန်းထဲတွင် အရာရှိနှစ်ယောက်ထိုင်ကာ စားပွဲပေါ်တွင် ရေးမှတ်နေကြသည်။

"မင်း အင်္ဂလိပ်စကား ပြောတတ်သလား" ပထမ အရာရှိက မေးသည်။

"ဟုတ်ကဲ့... ပြောတတ်ပါတယ် ခင်ဗျား"

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ဝလာဒက် ကော်စကောဝစ်လို့ ခေါ်ပါတယ် ခင်ဗျား"

အရာရှိက ဝလာဒက်အား သားရေအနက်ဖုံး စာအုပ်ကြီးတစ်အုပ် ကမ်းပေးသည်။

"ဒီစာအုပ် ဘာစာအုပ်လဲ သိရဲ့လား"

"ဟုတ်ကဲ့… သမ္မာကျမ်း စာအုပ်ပါ ခင်ဗျား"

"ထာဝရ ဘုရားသခင်ကိုမင်း ယုံကြည်သလား"

"ဟုတ်ကဲ့… ယုံကြည်ပါတယ် ခင်ဗျား"

"အဲဒီတော့ မင်းလက်ကို သမ္မာကျမ်းပေါ်မှာ တင်ထား၊ ပြီးတော့ တို့မေးသမျှကို အမှန်အတိုင်း ဖြေဆိုပါ့မယ်လို့ သစ္စာဆိုပါ"

ဝလာဒက်က သမ္မာကျမ်းကို ဘယ်ဘက်လက်ဝါးပေါ်တွင်တင်၍ ညာဘက်လက်ကို သမ္မာကျမ်းပေါ်တွင် တင်လိုက်ပြီး

"အမှန်အတိုင်း ဖြေဆိုပါမည် ဟု သစ္စာဆိုပါသည်"

"မင်း ဘာလူမျိုးလဲ"

"ပိုလန် လူမျိုးပါ"

"မင်းအတွက် သင်္ဘောခ ဘယ်သူက ခံသလဲ"

"ကွန်စတင်တီနိုပယ်မြို့က ပိုလန်ကောင်စစ်ဝန်ရုံးမှာ ကျွန်တော် စာရေးဝင်လုပ်ခဲ့ပါတယ်၊ အဲဒီကရတဲ့ ပိုက်ဆံနဲ့ သင်္ဘောလက်မှတ် ဝယ်စီးလာခဲ့ပါတယ်"

အရာရှိတစ်ယောက်က ဝလာဒက် ယူလာသော စာရွက်စာတမ်းများကို စစ်ဆေးကြည့်သည်။ ကျေနပ်သွားပြီး ခေါင်းညိတ်သည်။ ပြီးတော့ မေးသည်။

"မင်းမှာ နေမယ့်အိမ် ရှိရဲ့လား၊ ဘယ်မှာသွားနေမလဲ"

"ဟုတ်ကဲ့… ရှိပါတယ် ခင်ဗျား၊ မစ္စတာ ပီတာနော်ဗက်အိမ်မှာ နေမှာပါ၊ ကျွန်တော့် သူငယ်ချင်းရဲ့ ဦးလေးပါ၊ နယူးယောက်မှာ နေပါတယ်"

"ကောင်းတယ်၊ ဒါနဲ့ အလုပ်ကရော ဘာလုပ်မလဲ"

"မစ္စတာနော်ဗက်ရဲ့ ပေါင်မုန့်ဖိုမှာ ဝင်လုပ်ပါ့မယ် ခင်ဗျား"

"မင်း အလျင်တုန်းက အဖမ်းအဆီးများ ခံခဲ့ရဖူးသလား"

ဝလာဒက် ကျောထဲ စိမ်သွားသည်။ လိမ်ပြောရန် ချက်ချင်း ဆုံးဖြတ်လိုက်သည်။

"တစ်ခါမှ မခံခဲ့ရဖူးပါဘူး ခင်ဗျား"

"မင်း အကြမ်းဖက်ဝါဒကို ယုံကြည်သလား"

"လုံးဝ မယုံကြည်ပါဘူး ခင်ဗျား"

"အဲဒီတော့ အမေရိကန်ပြည်ထောင်စုရဲ့ တရားဥပဒေအရ လိုက်နာနေထိုင်နိုင်ပါ့မလား"

"လိုက်နာနေထိုင်နိုင်ပါတယ် ခင်ဗျား"

"မင်းမှာ ပိုက်ဆံတွေ ဘာတွေ ပါလာသေးသလား"

"ဟုတ်ကဲ့… ပါပါတယ် ခင်ဗျား"

"ပါရင် ပေးစမ်း၊ ငါကြည့်ပါရစေ"

"ဟုတ်ကဲ့ ခင်ဗျား"

ဝလာဒက်က ငွေစက္ကူထုပ်နှင့် အကြွေအချို့ကို စားပွဲပေါ်တင်လိုက်သည်။

"ကျေးဇူးပဲ ဝလာဒက်၊ မင်းပိုက်ဆံ မင်းပြန်သိမ်းထားနိုင်ပြီ"

ဒုတိယအရာရှိက ဝလာဒက်၏ မျက်နှာကို စေ့စေ့ကြည့်ပြီး မေးပြန်သည်။

"၂၁ နဲ့ ၂၄ ပေါင်းရင် ဘယ်လောက်လဲ"

"၄၅ ပါခင်ဗျာ"

"နွားတစ်ကောင်မှာ ခြေထောက် 'ဘယ်နှစ်ချောင်းရှိသလဲ"

ဝလာဒက်က သူ့နားသူပင် မယုံနိုင်အောင် ဖြစ်သွားသည်။ သို့သော်လည်း တမင်မေးတာ ဖြစ်မည်ဟု တွေးမိ၍ "လေးချောင်း ရှိပါတယ် ခင်ဗျား" ဟု ဖြေလိုက်သည်။

"မြင်းတစ်ကောင်မှာရော"

"လေးချောင်းပါပဲ ခင်ဗျား"

"ဆိုကြပါစို့၊ မင်းက လှေကလေးတစ်စီးနဲ့ ပင်လယ်ထဲ ရောက်နေတယ်၊ လှေက ဝန်တွေသိပ်ပြီး လေးနေတဲ့အတွက် ဝန်ကို လျှော့ကို လျှော့ပစ်ရတော့မယ့် အခြေအနေရောက်နေတယ်၊ အဲဒီတော့ မင်းအနေနဲ့ ပိုက်ဆံထုပ်နဲ့ ပေါင်မုန့်အိတ် ဘယ်ဒင်းကို ရေထဲပစ်ချမလဲ"

"ပိုက်ဆံထုပ်ပါ ခင်ဗျား"

"ကောင်းတယ်" အရာရှိက "ခွင့်ပြုသည်" ဟု ရေးသားထားသော ကတ်ပြားကို ဝလာဒက်အား ကမ်းပေးသည်။ "မင်း ပိုက်ဆံကို လဲပြီးတဲ့အခါ ဒီကတ်ပြားကို လူဝင်မှုကြီးကြပ်ရေး အရာရှိကို ပြပါ၊ မင်းရဲ့ နာမည်အပြည့်အစုံကိုလဲ ပြောပြ၊ သူက မင်းကို မှတ်ပုံတင်ကတ်တစ်ခု ထုတ်ပေးလိမ့်မယ်၊ နောက်ပြီး ပြည်ဝင်လက်မှတ်လဲ ထုတ်ပေးလိမ့်မယ်၊ မင်းအနေနဲ့ ငါးနှစ်အတွင်းမှာ ဘာပြစ်မှုမှ မကျူးလွန်ဘူးဆိုရင် ပြီးတော့ အဲဒီအချိန်မှာ အခြေခံ အရေးအဖတ် စမ်းသပ်စစ်ဆေးမှုကို အောင်မယ်ဆိုရင် မင်းက အမေရိကန်နိုင်ငံသားအဖြစ် လျှောက်ထားနိုင်ခွင့်ရှိတယ်၊ ကဲ ကံကောင်းပါစေ ဝလာဒက်"

"အများကြီး ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ငွေလဲလှယ်ရေးဌာနတွင် ဝလာဒက်သည် တူရကီနိုင်ငံတွင် ရှစ်လတာမျှ စုဆောင်းရရှိခဲ့သော ပိုက်ခံများနှင့် ရုရှမှ ယူလာခဲ့သော ရွှေဘယ်ငွေများကို အကုန်လုံး ပုံပေးလိုက်သည်။ တူရကီငွေအတွက် ၄၇ ဒေါ်လာနှင့် ဆင့် ၂၀ ရရှိသော်လည်း ရွှေဘယ်ပိုက်ဆံအတွက်မူ တစ်ပြားမျှမရ။ ဘာပဲဖြစ်ဖြစ် သူ့အား စေတနာရက်ရောစွာဖြင့် ၁၅ နှစ်တာ စုငွေများကို ပေးလိုက်သော ဒေါက်တာ ဒူဘီယင်ကိုတော့ ဝလာဒက် လေးလေးနက်နက် ကျေးဇူးတင်မိပါသည်။

ငွေလဲပြီးတော့ လူဝင်မှုကြီးကြပ်ရေးဌာနသို့ လာရသည်။ ကြီးကြပ်ရေးအရာရှိသည် သမ္မတဟာဒင်၏ ဓာတ်ပုံကားချပ်အောက်တွင် ခပ်တည်တည် ထိုင်နေသည်။ ဝလာဒက်နှင့် ဂျော့တို့သည် အရာရှိထိုင်နေသော ကောင်တာရှေ့တွင် သွားရပ်ကြသည်။

"နာမည် အပြည့်အဆုံပြောပါ"

"ဂျော့နော်ဗက်"

အရာရှိက ကတ်ပြားပေါ်တွင် ရေးမှတ်သည်။

"လိပ်စာပြော"

"၂၈၆ ဘရွမ်းလမ်း၊ နယူးယောက်မြို့"

အရာရှိက ကတ်ပြားကို ဂျော့ဆီသို့ ကမ်းပေးရင်း...

"ဒါ မင်းရဲ့ လူဝင်မှု မှတ်ပုံတင် ကတ်ပြားပဲ၊ နံပါတ်က ၂၁၈၇၁၊ ဂျော့နော်ဗက်၊ မင်းကို အမေရိကန်ပြည်ထောင်စုက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ် ဂျော့၊ ငါလဲ မင်းလိုပဲ ပိုလန်လူမျိုးတစ်ယောက်ပါပဲ၊ မင်း ဒီမှာနေရတာ သဘောကျပါလိမ့်မယ်၊ ကံကောင်းပါစေ"

ဂျော့က ပြုံးပြီး အရာရှိနှင့် လက်ဆွဲနှုတ်ဆက်သည်။ ပြီးတော့ ဘေးသို့ကပ်ပြီး ဝလာဒက်ကို ဖယ်ပေးလိုက်သည်။ အရာရှိက ဝလာဒက်ကို စိုက်ကြည့်နေသည်။ ဝလာဒက်သည် ဝက်ဝံရေ ကုတ်အင်္ကျီရှည်ကြီးကို ဝတ်ထားသည်။ ဝလာဒက်က အရာရှိအား 'ခွင့်ပြုသည်" ဟု ရေးထားသော ကတ်ပြားကို ထုတ်ပေးလိုက်သည်။

"နာမည် အပြည့်အစုံပြောပါ"

ဝလာဒက်က နှုတ်ဆိတ်နေသည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ" အရာရှိက စိတ်မရှည်ဟန်ဖြင့် ခပ်ကျယ်ကျယ် ထပ်မေးသည်။ ဒီကောင် အင်္ဂလိပ်စကားမှ ပြောတတ်ရဲ့လားဟုလည်း သံသယဝင်မိသည်။

ဝလာဒက်က ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။ သူ့နာမည်ရင်းကို သူက လုံးဝမကြိုက်နိုင်အောင် ဖြစ်နေသည်။

"နောက်ဆုံးအကြိမ် ထပ်မေးမယ်၊ မင်းနာမည် ဘယ်သူလဲ"

ဂျော့က ဝလာဒက်ကို တအံ့တသြ စိုက်ကြည့်နေသည်။ တခြား တန်းစီနေသူများကလည်း သူ့ကိုပင် ဝိုင်းကြည့်နေကြသည်။ ဝလာဒက်က ယခုတိုင် ဘာစကားမှ ပြန်မပြောဘဲ ကြောင်ကြောင်ကြီး ရပ်နေတုန်းပင်။ အရာရှိက ဝလာဒက်၏ လက်ကို ရုတ်တရက် လှမ်းဆွဲလိုက်သည်။ လက်ကောက်ကွင်းကို မြင်သွားပြီး စာတန်းကို ဖတ်မိလျက်သား ဖြစ်သွားသည်။ သူက ကတ်ပြားပေါ်တွင် တစ်စုံတစ်ရာ ရေးမှတ်ပြီး ကတ်ပြားကို ဝလာဒက်အား ကမ်းပေးသည်။

"မှတ်ပုံတင်နံပါတ် ၂၁၈၇၂၊ အမည် ဘရွှန်အေဘယ်ရီ့စနော့စကီး၊ အမေရိကန်ပြည်ထောင်စုက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်၊ ကံကောင်းပါစေ အေဘယ်"

✣

(၁၂)

ဝီလျံသည် နောက်ဆုံးနှစ်အတွက် ပညာသင်ကြားရန် ၁၉၂၃ ခုနှစ်၊ စက်တင်ဘာလတွင် စိန်ပေါ ကျောင်းသို့ ပြန်လာခဲ့သည်။ အထက်တန်းကျောင်းသား သမဂ္ဂ၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင် မြှောက်ခြင်း ခံရသည်။ သူ့ဖခင်သည်လည်း လွန်ခဲ့သော ၃၃ နှစ်တိတိကာလက ကျောင်းသား သမဂ္ဂဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံခဲ့ရသည်။ တကယ်တော့ ဝီလျံသည် သည်ရာထူးကို အတော် ဆုံး အားကစားသမား၊ သို့မဟုတ် ကျောင်းတွင်း၌ လူသိအများဆုံးသော ကျောင်းသားဟူသော အစဉ်အလာ သတ်မှတ်ချက်များဖြင့် ရရှိခဲ့ခြင်းမဟုတ်။ သူ၏ အရင်းနှီးဆုံးမိတ်ဆွေ မက်သယူး လက်စတာသည် အထက်ပါအရည်အချင်းနှစ်ခုစလုံးနှင့် ပြည့်စုံသဖြင့် ဝီလျံနှင့် ယှဉ်ပြိုင်အရွေးခံလျှင် မက်သယူးက အနိုင်ရမည်မှာ သေချာသည်။

သို့သော်လည်း မက်သယူးက ဝီလျံသည် စာအတော်ဆုံး ကျောင်းသားတစ်ယောက် ဖြစ်သည့်အပြင် သူ၏အချစ်ဆုံး သူငယ်ချင်းတစ်ယောက်လည်း ဖြစ်နေသည့်အတွက် ယှဉ်ပြိုင် အရွေးမခံဘဲ တမင်ရှောင်ပေးလိုက်သောကြောင့် ဝီလျံအအနေဖြင့် သည်ရာထူးကို ရရှိခဲ့ခြင်းဖြစ် သည်။

ဝီလျံသည် သင်္ချာဘာသာတွင် ထူးချွန်သူဖြစ်သည့်အလျောက် ကျောင်းသားအုပ်ချုပ်ရေးအဖွဲ့ က သူ့အား ဟားဗတ်တက္ကသိုလ်သို့ ဆက်တက်နိုင်ရန် ဟယ်မစ်လတန် အထိမ်းအမှတ် သင်္ချာ စကောလားရှစ်ဆုအတွက် စာရင်းသွင်းပေးလိုက်သည်။ ဝီလျံကလည်း ယင်းဆုကို မလွတ်တမ်း ရရှိနိုင်အောင် နေ့မအား ညမအား အထူးကြိုးစားသည်။

ခရစ်စမတ် ကျောင်းပိတ်ရက်အတွင်း 'ဘီကွန်ရိုပ်သာ' သို့ ပြန်လာသောအခါ 'ပရင်းစ်ပီးက မက်သမက်တိကာ' ခေါ်သော ကမ္ဘာကျော်သင်္ချာ နယူပဒေသကျမ်းကြီးကို သဲသဲမဲမဲ လေ့လာ ရန် အချိန်ရတော့မည်ဆိုကာ အလွန်ဝမ်းသာမိသည်။ သို့သော် လက်တွေ့ကျတော့သူထင် သလို ဖြစ်မလာခဲ့။

အိမ်ရောက်တော့ ပါတီပွဲနှင့်ကပွဲ၊ ဧည့်ခံပွဲပေါင်း မြောက်မြားစွာက သူ့ကို အဆင်သင့် ကြိုနှင့်နေကြသည်။ သို့သော် သူက ဘယ်လိုမှ ရှောင်လွှဲ၍မရသော ကပွဲတစ်ခုကိုသာ လက်ခံလိုက်ပြီး ကျန်ပွဲများကိုမူ ပရိယာယ်သုံး၍ အဆင်ပြေအောင် တောင်းပန်လိုက်ရသည်။ သူလက်ခံလိုက်သော ကပွဲကလည်း တခြားက ဖိတ်သောပွဲမဟုတ်။ သူ၏ အဘွားနှစ်ဦးက သူတို့မြေးအတွက် အထူးစီစဉ်ကျင်းပမည့်ပွဲဖြစ်သည်။ ဘီကွန်တောင်ကုန်းရိပ်သာ လူးဝီစဘတ်ရပ်ကွက်ရှိ သူတို့အိမ်နီကြီးတွင် တစ်ခမ်းတနား ကျင်းပမည့်ပွဲဖြစ်သည်။ သည်အဖြစ်မျိုးကို ကြုံတွေ့ရတော့ ဝီလျံအနေဖြင့် သည်အဘွားကြီးနှစ်ယောက်၏ ဩဇာခံဘဝမှ လွတ်မြောက်နိုင်မည့် အသက်အရွယ်ကိုသာ အမြန်ဆုံး ရောက်ချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်မိလေသည်။ တကယ်တော့ ဘော့စတွန်မြို့မှာ ဝီလျံ၏ ဇာတိချက်ကြွေမြို့ဖြစ်သော်လည်း သူ့အနေဖြင့် သည်မြို့တွင် ရင်းနှီးသော မိတ်ဆွေဆို၍ များများစားစားမရှိလှ။ လက်ချိုးရေတွက်၍ပင်ရသည်။ သို့သော် ဖိတ်ကြားထားသော ဧည့်သည်စာရင်းကို ယူကြည့်သောအခါ နာမည်တွေ တစ်ပုံတစ်ပင်ကြီး တွေ့ရသည်။ အဘွားနှစ်ဦးက သူတို့ဆန္ဒအတိုင်း ဖိတ်ချင်သူတွေကို စွတ်ပြီး ဖိတ်ထားကြခြင်း ဖြစ်သည်။

ဤပွဲအတွက် အထူးလက်ဆောင်အဖြစ် အဘွားနှစ်ဦက ဝီလျံအား ပွဲနေပွဲထိုင် ဝတ်စုံသစ်တစ်စုံ စပါယ်ရှယ်ချုပ်ပေးသည်။ အဘွားတွေဆီက ဝတ်စုံကို လက်ခံယူတုန်းကတော့ ဝီလျံက ဟက်ဟက်ပက်ပက် အမူအရာမပြဘဲ ခပ်တည်တည်ပင် လက်ခံယူခဲ့သည်။ သို့ပေမယ့် နောက်တော့ သူ့အခန်းထဲတွင် ဝတ်စုံသစ်ဝတ်ပြီး မှန်ရှေ့က မခွာနိုင်အောင် ဖြစ်နေမိလေသည်။

နောက်နေ့မနက်ကျတော့ နယူးယောက်မြို့သို့ အဝေးတယ်လီဖုန်းဆက်ပြီး မက်သယူးကို လှမ်းခေါ်သည်။ မက်သယူး၏ ညီမလေးကလည်း ကပွဲသို့ သူမပါ တက်ချင်သည်ဟုဆိုသည်။ သို့သော် မိခင်ဖြစ်သူက မသင့်တော်ဟုတား၍ သူ့ခမျာ တက်ခွင့်မရရှာ။

ဝီလျံက မက်သယူးအား ဘူတာတွင် ဆင်းကြိုသည်။

"ဒီမယ် ... ငါပြောမယ် ဝီလျံ၊ မင်း စိတ်ကူးမလွဲနဲ့၊ ဒီပွဲဟာ မင်းအတွက် အခွင့်ကောင်းပဲ၊ မင်းအရည်အချင်း ပြရမယ့်ပွဲပဲ၊ ဘော့စတွန်မှာ အပျော်တွဲလို့ရမယ့် မိန်းမတွေ တော်တော်ရှိလိမ့်မယ်၊ အဲဒါ မင်းအနေနဲ့ လက်မလွှတ်ဖို့ အရေးကြီးတယ်" ဒရိုင်ဘာက ကားကို ဘီကွန်ရိပ်သာဘက်သို့ ပြန်မောင်းလာစဉ် မက်သယူးက ဝီလျံအား ခပ်တိုးတိုးပြောလိုက်ခြင်းဖြစ်သည်။

"ဒါနဲ့ မင်းကော တွဲဖူးပြီလား မက်သယူး"

"ပြီးခဲ့တဲ့ ဆောင်းတွင်းက နယူးယောက်မှာ တစ်ယောက်တွဲဖူးတယ်"

"အဲဒီတုန်းက ငါ ဘာလုပ်နေသလဲ"

"မင်းက ဘာလုပ်နေရမှာလဲ၊ ထုံးစံအတိုင်း ဘာထရန်ရပ်ဆဲရဲ့ သင်္ချာကျမ်းကြီးနဲ့ နပန်းလုံးနေတာပေါ့"

"အဲဒီအကြောင်း ငါ့ကို မင်း တစ်ခါမှ မပြောဖူးပါဘူး"

"ဘာပြောစရာရှိလို့လဲကွ၊ ပြီးတော့လဲ မင်းက အချစ်ကိစ္စထက် ဖေဖေ့ဆီက ဘဏ်လုပ်ငန်းကိစ္စတွေကိုသာ ပိုပြီးစိတ်ဝင်စားနေတာကိုး၊ ကြဲရပုံက ဒီလိုကွ၊ ဂျော့ဝါရှင်တန်ရဲ့ မွေးနေ့ဂုဏ်ပြုပွဲတစ်ခု ဖေဖေကလုပ်တော့ ဘဏ်အမှုထမ်းတွေပဲ အများဆုံးတက်ကြတာပဲ၊ အဘိုးကြီးက

သူပျော်ချင်လို့ ကြံဖန်လုပ်တဲ့ပွဲဆိုပါတော့၊ ပွင့်ပွင့်လင်းလင်း ပြောရရင် အဲဒီပွဲမှာ ဒါရိုက်တာလူကြီးတစ်ယောက်ရဲ့ အတွင်းရေးမှူး စာရေးမတစ်ယောက်က ငါ့ကို ဘဏ်ဥက္ကဋ္ဌသားဆိုပြီး အတင်းကပ်ပြီး နသားပါယား လုပ်တာပဲကွ၊ အဲဒီအမျိုးသမီးနာမည်က စင်သီယာတဲ့၊ အင်မတန်ထွားတဲ့ မချောပဲ၊ မင်းဆို မြင်ရတာနဲ့တောင် လန့်သွားလိမ့်မယ်… ဟဲ…ဟဲ…"

"သူနဲ့တွေ့တော့ မင်းက တော်တော်ပျော်တာပေါ့"

"ပျော်တာပေါ့၊ ဒါပေမယ့် သူက အရက်တွေ သောက်ရမ်းမူးမေ့တော့လဲ တစ်မျိုးကြီးပေါ့ကွာ"

ဝီလျံက သူတို့ဘဏ်ဥက္ကဋ္ဌ အလန်လွိုက်၏ အတွင်းရေးမှူး စာရေးမရုပ်ကို ဖြတ်ကနဲသွား၍ မြင်ယောင်မိသည်။ သူမက တော်တော် ရုပ်ဖြောင့်သည်။ ယောကျ်ားတိုင်း တပ်မက်စရာ ကိုယ်လုံးကိုယ်ပေါက် ပိုင်ရှင်ပေါ့။

"ငါ့အနေနဲ့ ဘဏ်ဥက္ကဋ္ဌရဲ့ အတွင်းရေးမှူးစာရေးမနဲ့ ပူးပူးကပ်ကပ် လုပ်ဖို့ကိစ္စက သိပ်မလွယ်ဘူးထင်တယ် မက်သယူး" ဝီလျံက အိုးမလုံ အုံပွင့်သွားမိသည်။

"လုပ်စမ်းပါ၊ မင်းအံ့ဩသွားရလိမ့်မယ်၊ တကယ်တော့ မိန်းမတွေက ဣန္ဒြေလုပ်နေကြတာပါကွာ၊ သော့ချက်သိရင် ချဉ်းကပ်ရတာ ထင်တာထက်တောင် လွယ်ပါသေးတယ်၊ သူတို့က ဣန္ဒြေကောင်းလေ အညာလွယ်လေပဲကွ၊ ငါတော့ အခုဆိုရင် ဘယ်ဧည့်ခံပွဲက ဖိတ်ဖိတ် မလွတ်တမ်းတက်တာပဲ၊ ငါ့အတွက် အဝတ်အစားက အဓိကမဟုတ်ဘူး၊ ကိုယ်နဲ့ သဟဇာတဖြစ်မယ့် ထွဲဖက် အမျိုးသမီး တွေ့ဖို့ပဲ အရေးကြီးတယ်"

ဒရိုင်ဘာက ကားကို ကားရုံထဲ မောင်းသွင်းလိုက်သည်။ လူငယ်နှစ်ယောက်က ကားပေါ်မှဆင်းပြီး အိမ်ရှေ့လှေကားသို့ ပြေးတက်လာခဲ့ကြသည်။

"ကြည့်စမ်း… ငါ ဟိုတစ်ခေါက် ရောက်ပြီးကတည်းက မင်းအပြောင်းအလဲတွေ တော်တော်လုပ်ထားတာကိုးကွ" မက်သယူးက ခေတ်ပေါ် ကြိမ်ကုလားထိုင်၊ ကြိမ်စားပွဲများနှင့် ဆေးရောင်သစ်ခြယ်ထားသော အခန်းနံရံများကိုကြည့်ပြီး ပြောသည်။ ဘာမှ အပြောင်းအလဲမရှိတာကတော့ ယခင်အတိုင်း နေရာမရွေ့ရှိသော အနီရင့်ရောင် သားရေဖုံး ကုလားထိုင်ကြီးပင်ဖြစ်သည်။

"ဒီအိမ်က ဒီထက်တောင်ပြောင်းလဲပစ်ဖို့ လိုနေသေးတယ်ကွ၊ ငါ့စိတ်ထဲမှာတော့ ကျောက်ခေတ်က ပုံစံအတိုင်းပဲထင်နေတယ်၊ ငါက အတိတ်ကို လုံးဝသတိမရချင်ဘူး၊ လာစမ်းပါကွာ၊ ဒါတွေ ထားလိုက်စမ်းပါ"

"ဒါနဲ့ ပါတီပွဲကို ဧည့်သည်တွေ ဘယ်အချိန်ရောက်လာကြမလဲကွ"

"ပါတီပွဲ မဟုတ်ဘူးကွ၊ အဘွားကြီးတွေက ကပွဲဆိုပြီး နာမည်ပေးထားတယ်"

"ကပွဲလို့ခေါ်မယ်ဆိုရင် အင်္ကျီပြည့်စုံဖို့ လိုသေးတယ်ကွ"

"ထားစမ်းပါကွာ၊ ဘဏ် ဒါရိုက်တာတစ်ယောက်ရဲ့ အတွင်းရေးမှူးစာရေးမတစ်ယောက်နဲ့ တစ်ခါ တွဲဖူးရုံလောက်နဲ့တော့ မင်းအနေနဲ့ သျှုတ္တရပညာမှာ တစ်ဖက်ကမ်းခပ်ပြီးလို့ မယူဆသင့်ပါဘူး"

"ဟော... ကြည့်စမ်း၊ မင်းက ငါ့ကို မနာလိုဝန်တိုဖြစ်နေတယ်ပေါ့... ဟုတ်လား၊ အဲ... ကောင်းပေါ့ကွာ၊ အချစ်ဆုံး မိတ်ဆွေတစ်ယောက်ကတောင် အဲဒီလို မလိုတမာ ဖြစ်နေရင်ဟော့ ငါ့အနေနဲ့ ဘာမှလုပ်လို့ မကောင်းတော့ပါဘူး"

မက်သယူးက ဣန္ဒြေတခွဲသားနှင့် နောက်ပြောင်ပြောလိုက်သည်။

ဝီလျံက သဘောကျပြီး တဟားဟားနှင့် ရယ်ပြီးတော့ လက်ပတ်နာရီကို ကြည့်လိုက်သည်။

"ပထမဆုံးဧည့်သည်က နောက် နှစ်နာရီဆိုရင် ရောက်တော့မယ်ကွ၊ အဲဒီတော့ အချိန်သိပ်မရှိတော့ဘူး၊ ရေချိုးပြီး အဝတ်အစား မြန်မြန်လဲရလိမ့်မယ်၊ ဒါနဲ့ မင်းမှာ ပွဲထိုင်ဝတ်စုံပါရဲ့လား"

"ပါပါတယ်ကွာ၊ ဒါပေမယ့် ငါက ရိုးရိုးဝတ်စုံပဲ ဝတ်မှာပါ"

"ငါ့အဘွားတွေအကြောင်း မင်းလဲ သိသားပဲကွာ၊ သူတို့က ဒူးနေရာဒူး တော်နေရာတော် လုပ်တာမှ သဘောကျတာကွ"

"ဖြစ်ပါတယ်ကွ၊ ပူမနေစမ်းပါနဲ့၊ ငါအခြေအနေရ မီးစဉ်ကြည့်ပြီး အဆင်ပြေအောင် လုပ်ပါ့မယ်"

✧ ✧ ✧

အကျွေးအမွေးသမားများ ခြောက်နာရီတိတိတွင် ရောက်လာကြသည်။ စုစုပေါင်း ၂၃ ယောက်တိတိ။ အဘွားကြီးနှစ်ဦးက အနက်ရောင် ဇာဝတ်ရုံရှည်ကြီးများကို ခြေမျက်စိဖုံးမျှ ဝတ်ဆင်ကာ ခုနစ်နာရီတိတိတွင် ရောက်လာကြသည်။ ဝီလျံနှင့် မက်သယူးတို့က အဘွားကြီးများကို တံခါးဝထွက်၍ ကြိုဆိုကြသည်။

ဝီလျံက မက်သယူးကို ဒေ ဘွားများနှင့် မိတ်ဆက်ပေးသည်။

"ဘွားဘွား ဒါက ကျွန်ဘော့အချစ်ဆုံးသူငယ်ချင်း မက်သယူးလက်စတာပါ"

"သြော်... ဟုတ်လား၊ တွေ့ရတာ ဝမ်းသာပါတယ်ကွယ်..." အဘွားကိန်းက ပြောသည်။

"ဟုတ်ကဲ့ ကျွန်တော်လဲ အများကြီးဝမ်းသာပါတယ်... ဘွားဘွား၊ ဒါနဲ့ ကျွန်တော့် အဘိုးကို ဘွားဘွားသိမယ်ထင်ပါတယ်"

"မောင့်အဘိုးကို ဟုတ်လား၊ သိတာပေါ့... သိတာပေါ့၊ ကလက်လောင်းဝပ် လက်စတာလေ၊ သူက ဘွားဘွားကိုတောင် လက်ထပ်ပါရစေလို့ ခွင့်တောင်းခဲ့ဖူးတာပဲ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်လောက်ကပေါ့ကွယ်၊ ဒါပေမယ့် ဘွားဘွားက လက်မခံခဲ့ပါဘူး၊ သူက သိပ်ပြီး အရက်သောက်တယ်ကွယ့်၊ ဒါကြောင့်မို့လဲ သူ့ခမျာ ဒုသေစောရှာတာပေါ့၊ သားတို့လဲ အရက်မသောက်ကြပါနဲ့ကွယ်၊ အရက်ဟာ ဦးနှောက် ထိုင်းမှိုင်းစေတယ်ကွယ့်"

"ခစိုးရက် ပိတ်ပင်ထားတော့ ကျွန်တော်တို့အနေနဲ့ အရက်သောက်ဖို့ မလွယ်ပါဘူး ဘွားဘွား"

"ပိတ်ပင်ထားတာက ခဏပါကွယ်၊ မကြာခင် ပြန်ပြီးရုပ်သိမ်းပါလိမ့်မယ်၊ သမ္မတ 'ကာလဗင်ကူးလစ်ဂျ်' ဟာ ဘဝကို မေ့တဲ့လူကွယ်၊ သမ္မတ ဟာဒင်သာ မသေခဲ့ရင် သူ့အနေနဲ့ သမ္မတဖြစ်လာနိုင်စရာအကြောင်းတောင် မရှိပါဘူး"

"အဲဒါ အမှန်ပဲ ဘွားဘွား၊ ဘွားဘွားက မှတ်ဉာဏ် သိပ်ကောင်းတာပဲ၊ ရဲသပိတ်တုန်းကဆိုရင် သူ့ကို ဘယ်သူမှ ဆန့်ကျင်ပြီး စကားမပြောရဲကြဘူး"

မစ္စက်ကိန်းက ဘာမှ ပြန်မပြော။

ဧည့်သည်များ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။ အများစုမှာ ဝီလျံအဖို့ မျက်နှာစိမ်းများ ဖြစ်နေသည်။ အလန်လွိုက် စောစောရောက်လာသဖြင့် ဝမ်းသာမိသည်။

"ဝလို့ လှလို့ပါလား ဝီလျံ" အလန်က ဝီလျံအား ပြုံးပြီးပြောသည်။

"အလန်လဲ ဝလို့ လှလို့ပါပဲ အလန်၊ အခုလို ရောက်လာတာ ကျေးဇူးတင်ပါတယ် အလန်"

"ကျေးဇူးတင်စရာ မလိုပါဘူး ဝီလျံ၊ မောင်ရင့် အဘွားနှစ်ယောက်လုံးက မလာမနေရဆိုပြီး အတင်းဖိတ်လို့ လာရတာပါ"

နှစ်ယောက်စလုံး ရယ်လိုက်ကြသည်။

"ဒါနဲ့ အချိန်နည်းနည်းများ ရမလား အလန်၊ အလန်နဲ့ တိုင်ပင်စရာ တစ်ခု ရှိလို့ပါ"

"ရပါတယ် ရပါတယ်"

ဝီလျံက အလန်အား လူရှင်းသော အခန်းထောင့်တစ်နေရာသို့ ခေါ်လာခဲ့သည်။

"ကိစ္စက ဒီလိုပါ၊ ကျွန်တော့်ရဲ့ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို နည်းနည်းပြောင်းချင်လို့ပါ၊ အခါအခွင့်ပေါ်လာတဲ့အခါမှာ လက်စတာဘဏ်ရဲ့ ရှယ်ယာကို ဝယ်ကြည့်မလားလို့ ကျွန်တော် စိတ်ကူးမိတယ်၊ ကျွန်တော့် အသက် ၂၁ နှစ် ပြည့်တဲ့အချိန်မှာ သူတို့ဘဏ်ရဲ့ ရှယ်ယာ ငါးရာခိုင်နှုန်းလောက် ပိုင်ထားချင်တယ်"

"ဒါက ပြောဘာ သိပ်တော့မလွယ်ဘူး ဝီလျံ၊ လက်စတာဘဏ်က ရှယ်ယာတွေကို ပုဂ္ဂလိကပိုင်ရှင်တွေက ကိုင်ထားတော့ နောက်ထပ် ရှယ်ယာခေါ်ဖို့ သိပ်မလွယ်ဘူး၊ ဒါပေမယ့် ကြည့်ကြသေးတာပေါ့ ဟုတ်လား၊ ဖြစ်နိုင်ရင်ပဲ လုပ်သင့် လုပ်ရမှာပေါ့၊ ဒါနဲ့ မင်းစိတ်ကူးက မင်းခေါင်းထဲ ဘယ်လိုရောက်လာရတာလဲ"

"ကျွန်တော့် ရည်ရွယ်ချက်က..."

"ဝီလျံ... သားရေ..." အဘွား ကဲဘော့က ဝီလျံအား အော်ခေါ်ရင်း သူတို့အနီးသို့ လျှောက်လာသည်။ "သားက ဒီလာပြီး မစ္စတာလွိုက်နဲ့ ဘာတွေ ကျိတ်ကြံစည်နေရတာတုံး၊ လှလှပပ မိန်းကလေးတစ်ယောက်ယောက်နဲ့ တွဲကချေပါလား၊ ဒီကပွဲက ထိုင်ပြီး စကားပြောနေဖို့အတွက် လုပ်တာမှမဟုတ်တာပဲ"

"အဲဒါ မှန်ပါတယ် ခင်ဗျာ" အလန်လွိုက်က ထိုင်ရာမှ ထရပ်ရင်း ပြန်ပြောလိုက်သည်။ "လာပါ... ကြွပါ... မစ္စက်ကဘော့၊ ကျွန်တော့်အနားမှာ လာထိုင်ပါ၊ ဒီသူငယ်က သူကြိုက်တဲ့လူနဲ့ တွဲကချေပါစေ၊ ကျွန်တော်တို့က သူတို့ကတာ ထိုင်ကြည့်ရင်း ဂီတနားထောင်ကြတာပေါ့

ဟုတ်လား"

"ဘာတဲ့ ဂီတ ဟုတ်လား၊ အဲဒါ ဂီတမှ မဟုတ်တာဘဲအလန်ရဲ့၊ အလကား ဘာမှ အဓိပ္ပာယ်မရှိတဲ့ အော်ဟစ်သံကြီးပဲ"

"အဲဒါ သိပ်ပြီး နာမည်ကြီးတဲ့ 'တို့မှာ ငှက်ပျောသီးမရှိပါ' ဆိုတဲ့ သီချင်းရဲ့ တီးလုံးပါ ဘွားဘွား" ဝီလျံက ဝင်ပြောလိုက်သည်။

"အေး… ဒါဆိုရင် ဒီလောကကြီးက ငါထွက်သွားဖို့ အချိန်တန်ပြီ" အဘွားကြီးက မဲ့ကာ ရွဲ့ကာဖြင့် ပြန်ပြောလိုက်သည်။

"အဲဒါတော့ တောင်းပန်ပါရစေခင်ဗျား၊ ထွက်တော့မသွားလိုက်ပါနဲ့"

သုံးယောက်သား ရယ်လိုက်ကြသည်။

ထို့နောက်တွင် ဝီလျံသည် အမည်မသိသော မိန်းကလေးနှစ်ယောက်နှင့် တွဲကသည်။ မက်သယူးတတော့ တစ်ထောင့်တွင်ထိုင်ပြီး မိန်းကလေးတစ်ယောက်နှင့် စကားလက်ဆုံကျနေသည်။ မက်သယူးနှင့် စကားပြောနေသော မိန်းကလေးကို ဝီလျံက မသိ။ ဝီလျံ သူတို့အနားသို့ လျှောက်လာခဲ့သည်။ မိန်းကလေးက ဝီလျံ၏ မျက်နှာကို စိုက်ကြည့်သည်။ ဝီလျံ ဒူးတွေပင် တုန်သွားမိသည်။

"ဝီလျံ ဒါက အက်ဘီဘလန့်၊ မင်း သိမှာပေါ့" မက်သယူးက မိတ်ဆက်ပေးသည်။

"မသိပါဘူး" ဝီလျံက တုံးတိတိပြောချလိုက်ပြီးမှ သူ့အမှားကို သူသတိပြုမိသည်။ သူက လည်စည်းကို ပြန်စည်းရင်း ဣန္ဒြေဆောင်လိုက်ရသည်။

"သူက အခုကပွဲရဲ့ ဒါနရှင် မစ္စတာ ဝီလျံလိုဝယ်ကိန်းပါပဲ"

ဝီလျံက အက်ဘီ၏ ဘေးမှ နေရာလပ်တွင် ဝင်ထိုင်သည်။ အက်ဘီက ဝီလျံကို တစ်စောင်းကြည့်ရင်း အကဲခတ်နေသည်။ မက်သယူးက အလိုက်သိစွာဖြင့် နေရာမှ ထွက်သွားသည်။

"ကျွန်တော် တစ်သက်လုံး ဘော့စတွန်မှာနေလာတာ ခင်ဗျားနဲ့ တစ်ခါမှ မဆုံဖူးတာ အံ့သြစရာပဲ"

"ရှင် မမှတ်မိလို့ပါ၊ ကျွန်မတို့ တစ်ခါ ဆုံဖူးပါတယ်၊ ရှင်က ကျွန်မကို ရောက်ထဲ တွန်းချတာ မမှတ်မိတော့ဘူးလား၊ အဲဒီတုန်းက ကျွန်မတို့နှစ်ယောက်စလုံး သုံးနှစ်အရွယ်ပဲ ရှိကြသေးတာ"

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"ခုမှတော့ မထူးတော့ပါဘူး၊ ရပါတယ်၊ ဒါနဲ့ ရှင်တို့အိမ်ကြီးက သိပ်လှတာပဲနော် ဝီလျံ"

"ကျေးဇူးတင်ပါတယ်ဗျာ"

ဝီလျံက အက်ဘီကို ဘေးစောင်းကြည့်ရင်း မသိမသာ အကဲခတ်နေသည်။ ကိုယ်လုံးကိုယ်ဖန်က သွယ်သွယ်နှောင်းနှောင်း။ မျက်တောင်ကော့ကော့နှင့် အညိုရောင်မျက်လုံးများက ဝိုင်းစက်နေကြသည်။

"နောက်နှစ်ဆိုရင် ရှင် ဟားဗတ်တက္ကသိုလ်ကို သွားမယ်လို့ မက်သယူးက ပြောတယ်"

အက်ဘီက စကားမရှိ စကားရှာ၍ မေးလိုက်သည်။

"ဟုတ်ပါတယ်၊ အဲဒီလိုပဲ ရည်ရွယ်ထားတာပဲ၊ ဒါနဲ့... တို့နှစ်ယောက် ကကြရအောင်လား"

"ရပါတယ်"

သို့ဖြင့် သူတို့နှစ်ယောက် လူအုပ်ထဲဝင်ပြီး တွဲကကြသည်။ ဝီလျံက အက မကျွမ်းကျင်။ တခြားပုဂ္ဂိုလ်များနှင့် ခဏခဏ ဝင်တိုက်မိသည်။ အက်ဘီ၏ ခြေထောက်ကိုလည်း မကြာခဏ နင်းမိသည်။ သူက တောင်းပန်သည်။ အက်ဘီက ပြုံးနေသည်။

"ဟိုမှာ... ဝီလျံနဲ့ တစ်ချိန်လုံး တွဲကနေတာ ဘယ်က ကောင်မလေးလဲ"

အဘွားကဘော့က သံသယမကင်းသံဖြင့် မေးလိုက်သည်။

အဘွားကိန်းက နှာခေါင်းချိတ်မျက်မှန်ကို ကောက်တပ်ပြီး လှမ်းကြည့်သည်။ ဝီလျံနှင့် အက်ဘီတို့က ဘေးတံခါးမှထွက်ပြီး အိမ်ရှေ့ မြက်ခင်းပေါ် တွဲလျှောက်သွားကြသည်။

"အက်ဘီဘာလန်ဆိုတာလေ" အဘွားကိန်းက ပြောသည်။

"ဩော် သိပြီ သိပြီ၊ ရေတပ်ဗိုလ်ချုပ်ကြီး ဘာလန့်ရဲ့သမီးလေး မဟုတ်လား"

"ဟုတ်တာပေါ့"

အဘွားကဘော့က သဘောကျသွားပြီး ခေါင်းတညိတ်ညိတ်လုပ်နေသည်။

ဝီလျံက အက်ဘီအား ပန်းခြံအစွန်အထိ ခေါ်သွားသည်။ သူငယ်စဉ်က တက်ကစားခဲ့သော သစ်ချပင်ကြီးအောက်ရောက်တော့ ရပ်လိုက်ကြသည်။

"ရှင်က မိန်းကလေးတစ်ယောက်ကို စတွေ့တွေ့ချင်း နမ်းတတ်သလားဟင်"

အက်ဘီက ဆိုင်းမဆင့် ဗုံမဆင့် မေးလိုက်သည်။

"အမှန်အတိုင်း ပြောရရင် အခုအချိန်ထိ ငါ ဘယ်မိန်းကလေးကိုမှ မနမ်းဖူးသေးပါဘူး"

အက်ဘီက ရယ်လိုက်ပြီး

"ဒါဆို ကျွန်မအနေနဲ့ ဂုဏ်ယူစရာပဲပေါ့နော်"

ဝီလျံက သူမ၏ ပန်းနုရောင် ပါးပြင်ကလေးကို နမ်းလိုက်သည်။ ပြီးတော့ နှင်းဆီသွေးရောင်နှုတ်ခမ်းကို နမ်းလိုက်သည်။ ပြီးတော့ အက်ဘီက ပြန်ကြစို့ဆို၍ အိမ်ထဲသို့ ပြန်ဝင်လာကြသည်။ အဘွားကြီးနှစ်ယောက်က ဝီလျံနှင့် အက်ဘီတို့ စောစော ပြန်ဝင်လာတာကို ဝမ်းသာနေကြသည်။

ညပိုင်းကျတော့ သူငယ်ချင်းနှစ်ယောက် အိပ်ရာထဲတွင် လှဲရင်း ကပွဲအကြောင်း စားမြုံ့ပြန်ကြသည်။

"ဒီနေ့ပွဲက မဆိုးပါဘူးကွ၊ တော်တော် အောင်မြင်ပါတယ်၊ ငါ့အနေနဲ့ ကိုယ့်ကောင်မလေး လုံးလုံးခေါ်မရပေမယ့် နယူးယောက်ကလာပြီး ကပွဲတက်ရတာ တက်ရကျိုးတော့ နပ်ပါတယ်"

"ကောင်မလေးကို မင်း ဘယ်လိုထင်သလဲ မက်သယူး၊ ငါ ချဉ်းကပ်ရင် ရနိုင်ပါ့မလား"

ဝီလျံက မက်သယူး၏ ပြောင်ချော်ချော်စကားကို ဂရုမစိုက်ဘဲ ခပ်တည်တည်ဟန်နှင့် ပြန်မေးလိုက်သည်။

"ဒါကတော့ မင်းအပေါ်မှာ တည်တာပေါ့၊ စမ်းကြည့်ပါလား၊ သုံးပတ်လောက်ဆိုရင်

အပြုံအမည်း သိရမှာပါ၊ ဒါပေမယ့် ငါတော့ မထင်ပါဘူး၊ မင်းအနေနဲ့ မလွယ်ပါဘူး၊ ငါး ဒေါ်လာကြေး လောင်းမယ်ကွာ ဘယ့်နှယ့်လဲ၊ သဘောတူရဲ့လား"

"တူတယ်ကွာ စိန်လိုက်"

◇ ◇ ◇

ထိုနေ့မှစ၍ ဝီလျံသည် အယ်ဘီဘလန့်၏ 'အချစ်'ကို ရရေးအတွက် တက်ကုန်ရှက်ကုန် ကြိုးစားတော့သည်။

သူသည် နေ့တိုင်းလိုလို အက်ဘီနှင့်တွေ့နိုင်အောင် ကြံဖန်ကြိုးစားသည်။ အသက် ၁၇ နှစ်အရွယ်တွင် ကိုယ်ပိုင်အိမ်ကြီးနှင့် ကိုယ်ပိုင်ဇိမ်ခံကားနှင့် သူဌေးသားတစ်ယောက်ဟူသော ဂုဏ်ဒြပ်ကို အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချပြီး သဲကြီးမဲကြီး ကြိုးစားသည်။ သို့ပေမယ့် အက်ဘီ၏ မိဘများက သမီးဖြစ်သူအား အရိပ်တကြည့်ကြည့်ဖြင့် အမြဲတမ်း စောင့်ကြည့်နေကြသော ကြောင့်လည်းကောင်း၊ အက်ဘီကိုယ်တိုင်ကလည်း ဣန္ဒြေရှိသော မိန်းကလေးပီပီ ကိုယ့်ကိုယ် ကိုယ် ထိန်းထိန်းသိမ်းသိမ်း နေထိုင်သောကြောင့်လည်းကောင်း ဝီလျံအနေဖြင့် အက်ဘီအား အချိန်တိုင်း အပြင်ခေါ်ထုတ်၍ မရနိုင်အောင် ဖြစ်ခဲ့ရသည်။ သို့ဖြင့် နောက်ဆုံးတော့ ကျောင်း ပိတ်ရက်နောက်ဆုံးနေ့သို့ ရောက်လာခဲ့တော့သည်။

ထိုနေ့ နံနက်စောစောတွင် ဝီလျံသည် အလှဆုံး နှင်းဆီပန်း တစ်ဒါဇင်တိတိဝယ်ကာ အက်ဘီထံသို့ ပို့လိုက်သည်။ ညနေပိုင်းကျတော့ နာမည်ကျော် 'ဂျိုးဇက်' ဟိုတယ်သို့ ခေါ် လာပြီး နှစ်ယောက်သား ညစာစားကြသည်။

ဝီလျံက ဝီစကီမှာပြီး တော်တော်ကလေး သောက်ပစ်လိုက်သည်။ တော်တော်ကလေး လည်း မူးသည်။ အက်ဘီက ဝီလျံအရက်သောက်တာကို လုံးဝမကြိုက်။ သူမက အတန်တန် တားသည်။ မျက်ရည်ပင်ကျသည်။ ဝီလျံက နောက်မသောက်တော့ပါဘူးဟူသော ကတိစကားဖြင့် တောင်းပန်သည်။

သူက သူ့ကုလားထိုင်ကို အက်ဘီ၏ ဘေးသို့ ရွှေ့ထိုင်ပြီး ပခုံးကို သိုင်းဖက်လိုက်သည်။ အက်ဘီက ဘာမှမပြောဘဲ ငြိမ်ခံနေသည်။

"အက်ဘီ မင်းဟာ သိပ်ပြီး လှတာပဲကွယ်".

ဝီလျံက အာလုပ်သံကြီးနှင့် တိုးတိုးကလေး ပြောသည်။

အက်ဘီက ဝိုင်းစက်စက် မျက်လုံးညိုကြီးများနှင့် စိုက်ကြည့်သည်။ ပြီးတော့ လေသံဖြင့် ပြန်ပြောသည်။

"သြော် ဝီလျံ၊ ရှင်က တော်တော်အံ့သြစရာ ကောင်းတာပဲနော်"

ဝီလျံက အက်ဘီကို နမ်းသည်။ အက်ဘီက ကြည်ကြည်ဖြူဖြူ သဘောတူသည်။ ဝီလျံ က အတင့်ရဲလာသဖြင့် လက်က ဂနာမငြိမ်ဘဲ ဟိုရောက် သည်ရောက် ဖြစ်လာသည်။

အက်ဘီက ဝီလျံ၏လက်ကို တွန်းတွန်းပစ်သည်။

"ဝီလျံ အဲဒါတော့ သည်းခံပါကွယ်"

"အို အချစ်ကလဲကွယ်"

"ဒီအဆင့်လောက်ပဲ ကောင်းပါတယ် ဝီလျံ၊ အဆင့်ကျော်သွားရင် ဘာတွေဖြစ်လာနိုင်တယ်ဆိုတာ ရှင်လဲ သိပါတယ်"

အက်ဘီက ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်ပြီး အဝတ်များကို နေသားတကျ ပွတ်သပ်လိုက်သည်။

"အိမ်ပြန်ကြစို့လား ဝီလျံ"

"အို ဘယ့်နှယ် ရောက်တာမှ မကြာသေးတာပဲ"

"မေမေ့ဆူမှာ ကြောက်လို့ပါကွယ်၊ သူက ညပိုင်းမှာ အကြာကြီး အပြင်ထွက်နေတာ မကြိုက်ဘူးလေ"

"ကိုယ်က မနက်ဖြန်ဆိုရင် ကျောင်းကို ပြန်ရတော့မှာမို့လို့ပါ အချစ်ရယ်"

"ဟုတ်ပါတယ်၊ အဲဒါဆိုရင် ရှင့် ကျွန်မဆီ စာရေးပေါ့"

ဝီလျံက စားပွဲမှ ထရပ်လိုက်သည်။ ပြီးတော့ အက်ဘီ၏ လက်ကိုဆွဲကာ ထမင်းစားခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ အက်ဘီအား သူ့ကားနှင့် အိမ်ရှေ့အထိ လိုက်ပို့ပြီး စိတ်ပျက်လက်ပျက်ဖြင့် တစ်ယောက်တည်း ပြန်လာခဲ့ရသည်။

✧ ✧ ✧

နောက်တစ်နေ့ ကျောင်းပြန်ရောက်တော့ မက်သယူးက ဝီလျံထံမှ လောင်းကြေးငွေ ငါးဒေါ်လာကို ရင်ကော့ပြီး လက်ခံယူသည်။

"မောင်ရင့်အဖြစ်ကို ကိုယ်ချင်းစာပြီး သနားမိလို့ ငါက ပိုက်ဆံကိုတောင် မလိုချင်တော့ပါဘူး ဝီလျံ၊ ဒါပေမယ့် မင်းက ပြန်ယူမှာမဟုတ်တော့လဲ ယူလိုက်တာပဲ ကောင်းပါတယ်လေ"

"အေးပေါ့ကွာ၊ မင်းက နိုင်တဲ့လူဆိုတော့လဲ ပြောအားရှိတာပေါ့"

✧ ✧ ✧

နောက် 'အီစတာပွဲတော်' ကျောင်းပိတ်ရက်အတွင်း အိမ်ပြန်လာသည့်အခါကျတော့ ဝီလျံသည် အက်ဘီ၏ အချစ်ပန်းကို လွယ်ကူစွာ ဆွတ်ခူးနိုင်ခဲ့လေတော့သည်။ သို့ဖြင့် မက်သယူးက ငါးဒေါ်လာ ပြန်လျော်ရလေသည်။

သို့ပေမယ့် အက်ဘီက မကြာမီတွင် မိဘများနှင့်အတူ 'ပမ်းဘီချ်' ကမ်းခြေသို့ အပန်းဖြေခရီးထွက် သွားလေတော့ ဝီလျံမှာ မောကျန်ရစ်ခဲ့ရလေသည်။ အိမ်တွင်လည်း စကားပြောစရာလူဆို၍ အဘွားကြီးနှစ်ယောက်နှင့် မကြာခဏ လာလည်တတ်သော အလန်လွိုက်တို့သာရှိသဖြင့် သူ့မှာ အားအားရှိတိုင်း စာအုပ်ပုံကြားတွင်သာ ခေါင်းမြုပ်ပြီး အချိန်ဖြုန်းခဲ့ရလေသည်။

ကျောင်းသို့ ပြန်ရောက်တော့လည်း စာမေးပွဲကနီးနေပြီဖြစ်၍ အချစ်ရေးကို ဘေးချိတ်ထားပြီး ပညာရေးကိုသာ ဖိကြိုးစားရပြန်သည်။

စိန့်ပေါလ်ကျောင်းတွင် စာကြည့်ခန်းထဲ၌ မက်သယူးနှင့် နှစ်ယောက်သားထိုင်ကာ ခက်ခဲ

သောသချာပြဿနာများကို ဖြေရှင်းကြသည်။ မက်သယူးက အခက်အခဲတွေ့၍ မေးတော့မှသာ တစ်ယောက်နှင့် တစ်ယောက် စကားပြောဖြစ်ကြသည်။

နောက်ဆုံးစာမေးပွဲဖြေချိန်ရောက်လာခဲ့သည်။ သူငယ်ချင်း နှစ်ယောက် တစ်ပတ်လုံးလုံး အကြိတ်အနယ် ကြိုးစားကြရသည်။ စာမေးပွဲ ဖြေပြီးတော့ နှစ်ယောက်စလုံးပင် ကျေကျေနပ်နပ် ရှိကြသည်။ အဆင့်မြင့်မြင့်ဖြင့် အောင်ကို အောင်ရမည်ဟု ကျိန်းသေပေါက် တွက်ထားကြသည်။

သို့သော် အောင်စာရင်းထွက်မည့်ရက်ကို စောင့်ရင်း စောင့်ရင်းနှင့် သူတို့၏ ယုံကြည်မှု လည်း တဖြည်းဖြည်း လျော့လျော့လာခဲ့သည်။ ဟားဗတ်တက္ကသိုလ်သို့ သွားနိုင်ရန် ချီးမြှင့်သော ဟင်မီလ်တန် အထိမ်းအမှတ် စကောလားရှစ်ဆုမှာ တင်းကျပ်သော ပြိုင်ပွဲစနစ်ဖြင့် ရွေးချယ်သော ဆုဖြစ်သည့်အပြင် အမေရိကန်တစ်ပြည်လုံးရှိ မည်သည့် ကျောင်းသားမဆို အရွေးခံနိုင်ခွင့်ရှိသည်။ ထို့ကြောင့်လည်း ဝီလျံအနေဖြင့် ဘာသာတင်းအစအနမျှ တစ်စွန်းတစ်စပင် မကြားရတော့ စိတ်ဓာတ်ကျလာသည်။

တစ်နေ့တွင် ဝီလျံသည် အခြားကျောင်းသား မိတ်ဆွေများနှင့်ဘော့စ်ဘော ကစားနေသည်။ အိမ်ပြန်ရန် ရက်အနည်းငယ်လိုသေးသဖြင့် စကောလားရှစ်ဆုကြေငြာရက်ကို စောင့်ရင်း အား အားရှိတိုင်း အားကစားနှင့်ပင် အချိန်ဖြုန်းနေခြင်းဖြစ်သည်။

တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် သဲသဲမဲမဲ ကစားနေတုန်းမှာပင် သံကြိုးစာရောက် လာသည်။ ဝီလျံက လက်ထဲမှဘောရိုက်တံကိုချပြီး အဝါရောင် စာအိတ်ကလေးကို ကမန်းကတန်း ဖောက်ဖွင့်လိုက်သည်။

သူက သံကြိုးစာကို အသံတိတ်ဖြည်းဖြည်းကလေး ဖတ်နေစဉ် အခြားကစားဖော်များက စိတ်မရှည်စွာဖြင့် စောင့်ကြည့်နေကြသည်။

"သူတို့က မင်းကို လက်ရွေးစင် ရွေးလိုက်တဲ့ စာ ဖြစ်မယ်ကွ"

အဖော်တစ်ယောက်က အော်ပြောလိုက်သည်။ ယခုလို ပွဲကျင်းပနေစဉ် သံကြိုးစာလာ ပေးခြင်းမျိုး ယခင်က တစ်ခါမျှ မရှိခဲ့စဖူး။ မက်သယူးက ဝီလျံအနားသို့ကပ်လာပြီး ဝမ်းသာ စရာ သတင်းလား၊ ဝမ်းနည်းစရာ သတင်းလာဆိုသည်ကို သိရအောင် မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်နေသည်း

ဝီလျံက မျက်နှာအမူအရာ ဘယ်လိုမှ မပြောင်းဘဲနှင့် သံကြိုးစာကို မက်သယူးလက်သို့ ကမ်းပေးလိုက်သည်။

မက်သယူးက သံကြိုးစားကို ဖတ်ကြည့်ပြီး အားရဝမ်းသာ အမြောက်အမြောက်ထခုန် သည်။ ပြီးတော့ သံကြိုးစာရွက်ကို လွှင့်ပစ်လိုက်ပြီး ဝီလျံ၏လက်ကို ဆွဲကာ နှစ်ယောက်သား ကစားကွင်းထဲ ပတ်ပြေးလေတော့သည်။

အဖော် ကစားသမားများက သံကြိုးစာကို တစ်ယောက်ပြီးတစ်ယောက် လက်ဆင့်ကမ်း ၍ ဖတ်ကြသည်။

သံကြိုးစာကို 'မစ္စတာ ဝီလျံ လိုဝယ်ကိန်း" ဟူသော လိပ်စာမူထားသည်။ သံကြိုးစာ တွင် ရေးထားသည်ကတော့ 'ဟင်မီလ်တန် အထိမ်းအမှတ် ပညာသင်ဆုကို ချီးမြှင့်ခံရသည့်

အတွက် ဝမ်းမြောက်ဂုဏ်ယူပါသည်။ အသေးစိတ် အချက်အလက်များကို ဆက်လက်ပေးပို့ပါမည်။ အက်ဘော့လောရင့်လိုဝယ်၊ ဥက္ကဋ္ဌ” ဟူ၍ ဖြစ်သည်။

ဝီလျံ ပညာသင်ဆုချီးမြှင့်ခံရသည့်အတွက် မက်သယူးက ဝမ်းသာအားရဖြစ်မိသည်။ သို့သော် အချစ်ဆုံး သူငယ်ချင်းနှင့် ခွဲခွာရမည်ကိုတော့ အထူးပင် ဝမ်းနည်းမိသည်။ ဝီလျံက လည်း သူ့အတိုင်းပင်ခံစားနေရသည်။ သို့သော် ပါးစပ်ကတော့ ဘာမျှထုတ်မပြော။ ကံကောင်း ချင်တော့ နောက်ကိုးရက်ကြာတွင် မက်သယူးအားလည်း ဟားဗတ်တက္ကသိုလ်မှ ကျောင်းဝင်ခွင့် ပြုကြောင်း သိရှိကြရလေသည်။

ထိုနေ့တွင် နောက်ထပ် သံကြိုးစာတစ်စောင် ထပ်မံရရှိသည်။ မက်သယူး၏ ဖခင် ချားလ်စ် လက်စတာထံမှ ဖြစ်သည်။ ဟားဗတ်တက္ကသိုလ်သို့ ဝင်ခွင့်ရသည့်အတွက် ဝမ်းသာ ဂုဏ်ယူကြောင်းနှင့် သူငယ်ချင်းနှစ်ယောက်စလုံးကို နယူးယောက်မြို့မှ ပလာဇာဟိုတယ် လက် ဖက်ရည်ပွဲသို့ တက်ရောက်ဖို့ ဖိတ်ခေါ်လိုက်သည်။ ဝီလျံထံသို့ အဘွားနှစ်ယောက်ထံမှလည်း ဝမ်းမြောက်စာများ လာရောက်လာသည်။

✧ ✧ ✧

ဖိတ်ထားသောနေ့တွင် နှစ်ယောက်သား ပဉ္စမရိပ်သာလမ်းထဲသို့ ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် လျှောက်လာကြသည်။ လမ်းသွားလမ်းလာ မိန်းကလေးတွေက အတွဲညီသော လူချောကလေး နှစ်ယောက်ကို မခို့တရို့နှင့် မျက်လုံးထောင့်ကပ် ကြည့်သွားကြသည်။

ပလာဇာဟိုတယ် တံခါးဝရောက်သောအခါ ကောက်ရိုးဦးထုပ်များကို ချွတ်ပြီး ခန်းမ ဆောင်ထဲသို့ ဝင်လာကြသည်။

“ပမ်းကုတ်” ခန်းမဆောင်တွင် မိသားစုဝင်ပုဂ္ဂိုလ်တွေ အသင့်ရောက်နေကြပြီ။ မစ္စက် ကိန်းနှင့် မစ္စက်ကဘော့တို့လည်း စားပွဲတွင် ဝင့်ကြွားဟန်ဖြင့် ထိုင်နေကြသည်ကို တွေ့ရ သည်။ ဝီလျံက သူ့အဘွားကိန်းအရွယ် တခြားအဘွားတစ်ဦးကိုလည်း သတိပြုမိသည်။ လက်စ တာမိသားစု၏ အဘွားတစ်ယောက်ယောက်ဖြစ်မည်၍ဟု ခန့်မှန်းလိုက်သည်။ တခြားပုဂ္ဂိုလ်များ ကတော့ မစ္စတာချားလ်စ်လက်စတာနှင့် မစ္စက်လက်စတာ သူတို့၏ သမီးငယ်ဆူဆန် (ဆူဆန်က သူမ၏ မျက်လုံးများကို ဝီလျံအပေါ်မှ ဘယ်တော့မှ မခွာတမ်းကြည့်နေသည်။) နောက်တစ်ယောက် က အလန်လွှိုက်၊ စားပွဲတွင် ကုလားထိုင်လွတ်နှစ်လုံး ချထားသည်။ ဝီလျံနှင့် မက်သယူးတို့က ဝင်ထိုင်ကြသည်။

အဘွားကိန်းက အနီးဆုံးစားပွဲထိုးကို ဟန်အပြည့်ဖြင့် မျက်ခုံးချီကာ လှမ်းပြောလိုက် သည်။

“လက်ဖက်ရည် လတ်လတ်ဆတ်ဆတ်တစ်အိုး၊ ပြီးတော့… ကိတ်မုန့်အကောင်းစား များများယူခဲ့ပါ”

စားပွဲထိုးက မီးဖိုခန်းသို့ အပြေးကလေးသွားပြီး

“လက်ဖက်ရည် လတ်လတ်ဆတ်ဆတ် တစ်အိုး၊ ကိတ်မုန့် အကောင်းစားများများ စား

ပွဲ ၂၃ ကို အမြန်ပို့ပါ" ဟု လှမ်းအော်လိုက်သည်။

"ဟုတ်ကဲ့… ဟုတ်ကဲ့… လာပါပြီ… လာပါပြီ" မီးဖိုခန်းထဲမှ ပြန်ပြောသံ။

စားပွဲထိုးအဘိုးကြီး ပြန်ရောက်လာပြီး မစွက်ကိန်းအား

"အခုပဲ ရောက်လာပါလိမ့်မယ် ခင်ဗျား"

မစွက်ကိန်းက ခေါင်းညိတ်ပြလိုက်သည်။

မစွတာလက်စတာက ဝီလျံဘက်သို့လှည့်ကာ

"ဒီလိုနေ့မျိုးမှာ မောင်ရင့်အဖေသာရှိလိုက်ရင် ဘယ်လောက်များ ဂုဏ်ယူဝမ်းသာလိမ့်မလဲ မသိဘူး ဝီလျံ"

အနီးတွင် ရပ်နေသော စားပွဲထိုး လူငယ်က အချိုးကျူးခံ လူငယ်ချောချောကလေး ကို အထင်တကြီး ငေးကြည့်နေသည်။ ဘယ်လို ထူးချွန်မှုကြောင့်များ အခုလို ညှော်ခံပွဲနဲ့ ဂုဏ်ပြုတာ ပါလိမ့်ဟုလည်း သူက တွေးနေမိသည်။

ဝီလျံက လူငယ်စားပွဲထိုးကို လုံးဝ စိတ်မဝင်စားသော်လည်း သူ့လက်တွင် ဝတ်ထားသော ငွေလက်ကောက်ကွင်းကိုတော့ သတိပြုမိသည်။ လှပသော ရှေးဟောင်းပစ္စည်းဖြစ်၍ တီဖန်နီ ရှေးဟောင်းပစ္စည်းဆိုင်မှ ဝယ်လာတာဖြစ်မည်ဟု တွေးမိသည်။ ပစ္စည်းနှင့်လူ မလိုက်ဖက်လေ ခြင်းဟုလည်း တွေးလိုက်မိသည်။

"ဝီလျံ" အဘွားကိန်းက ခေါ်လိုက်သည်။ "ကိတ်မုန့်နှစ်ခုဆိုရင် တော်ရောပေါ့သားရယ်၊ ဒီပွဲဟာ သား ဟားဗတ်တက္ကသိုလ်ကို မသွားခင် နောက်ဆုံးစားပွဲ မဟုတ်သေးပါဘူးကွယ်"

ဝီလျံက ရယ်ပြီး ဘွားဘွားမျက်နှာကို ရွှန်းရွှန်းစားစား ကြည့်လိုက်သည်။ စားပွဲထိုးလူငယ် လက်မှ ငွေလက်ကောက်ကွင်းကို လုံးဝ သတိမရတော့။

✣

## (၁၃)

ထိုညတွင် 'အေဘယ်' သည် ပလာဇာဟိုတယ်မှ အခန်းသေးလေးကလေးထဲတွင် အိပ်မပျော်နိုင်ဘဲ ဖြစ်နေသည်။ သူသည် ဖခင်ရှိသေးလျှင် ဂုဏ်ယူမဆုံးဖြစ်ရမည့် ဝီလျံဆိုသော လူငယ်အကြောင်းကိုသာ တစ်ချိန်လုံး တွေးနေမိသည်။ သူကိုယ်တိုင်လည်း ဝီလျံကဲ့သို့ တစ်ခုခုတွင် ထွန်းထွန်းပေါက်ပေါက် ဖြစ်လိုစိတ် ဖြစ်ပေါ်မိသည်။

အေဘယ်သည် နယူးယောက်မြို့သို့ ရောက်လာပြီးသည့်နောက် အတော်ကလေး ပြင်းပြင်းထန်ထန် ရုန်းကန်လုပ်ရှားခဲ့ရသည်။ သူသည် ဂျော့၏ ဦးလေးအခန်းတွင် အိပ်ရာနှစ်နေရာသာ ဆံ့သော အခန်းကျဉ်းကျဉ်းကလေးထဲ၌ ဂျော့နှင့် တစ်အိပ်ရာတည်း အိပ်ရသည်။ ကျန်အိပ်ရာတွင် ဂျော့၏ ဝမ်းကွဲညီအစ်ကိုနှစ်ယောက် အိပ်သည်။

ဂျော့၏ ဦးလေးက အေဘယ်အတွက် အလုပ်မပေးနိုင်သဖြင့် ပါလာသမျှ ရှိစုမဲ့စု ပိုက်ဆံကလေးမှာ မကြာခင် ကုန်သွားတော့သည်။ ထိုရက်များအတွင်း မြို့ထဲထွက်ပြီး နေထွက်မှ နေဝင်အထိ ဆိုင်တကာအနှံ့ဝင်ကာ အလုပ်လိုက်ရှာရသည်။

နောက်ဆုံးတွင် အသားဆိုင်တစ်ခု၌ အလုပ်ရသည်။ တစ်ပတ်လျှင် ခြောက်ရက်ခွဲမျှ အလုပ်လုပ်ရသည်။ လုပ်ခက တစ်ပတ်လျှင် ကိုးဒေါ်လာ။ ဆိုင်ရှိ ထပ်ခိုးကလေးပေါ်တွင် အိပ်ခွင့်ရ၍ တော်သေးသည်။

အသားဆိုင်မှာ အရှေ့ပိုင်းရပ်ကွက်အောက်ပိုင်းတွင်ရှိသည်။ ထိုရပ်ကွက်တွင် ပိုလန်အမျိုးသား တော်တော်များများ နေထိုင်ကြသည်။ သူတို့က တခြား အမျိုးသားများနှင့် မရောပဲ သီးသီးသန့်သန့် နေထိုင်ကြသည်။ အင်္ဂလိပ်စကားကိုလည်း ပြောတတ်အောင် မကြိုးစားကြ။

ဂျော့ကတော့ ယခင်အတိုင်းပင် ရက်အားတိုင်းတွင် ကောင်မလေးတွေနှင့် တစ်ယောက်ပြီး တစ်ယောက် တွဲခုတ်နေသည်။ အေဘယ်ကတော့ ညနေပိုင်းတွင် ညကျောင်းတက်၍ အင်္ဂလိပ်စာ

သင်သည်။ တိုးတက်မှုနှေးသော်လည်း စိတ်တော့လုံးဝမပျက်။ ရှစ်နှစ်သားအရွယ်မှစ၍ ကျောင်းထွက်ခဲ့ရသူ ဖြစ်သဖြင့် အခြေခံမှစပြီး ပြန်သင်နေရသည်။

သည်လိုနှင့် နှစ်နှစ်လောက်ကြာတော့ အင်္ဂလိပ်စာကို အဆင့်အတန်းမိမိ ပြောတတ်ရေးတတ်လာသည်။ စကားပြောရာတွင် အင်္ဂလိပ်လေကို အတော်ကြီးမိသည်။ သတိထားပြီး နားထောင်မှ ပိုလန်သံ နည်းနည်းဝဲသည်ကို သိနိုင်သည်။

အတော်ကလေး လူရည်လည်လာတော့ အသားဆိုင်မှ ထွက်ချင်လာသည်။ သို့သော် ဘယ်အလုပ် လုပ်ရမှန်း လုံးဝမသိ၊ ကံကောင်းချင်တော့ တစ်နေ့နံနက်တွင် သိုးသားကိုင်နေစဉ် ဆိုင်ရှင်နှင့် ညှိသည်တစ်ယောက်တို့ စကားပြောနေသံကို အမှတ်မထင် ကြားလိုက်ရသည်။

ညှိသည်မှာ ပလာဇာဟိုတယ်မှ အဝယ်တော် မန်နေဂျာဖြစ်သည်။ အငယ်တန်းစားပွဲထိုးတစ်ယောက်အား ပစ္စည်းခိုးမှုဖြင့် အလုပ်မှ ထုတ်ပစ်လိုက်၍ အခက်အခဲတွေ့နေကြောင်း အဝတ်တော်က ဆိုင်ရှင်ကို ပြောသည်။

"အဲဒါ ကျုပ်မှာ လူစားမရနိုင်လို့ အခက်အခဲ တွေ့နေရတယ်ဗျ၊ အမြန်ဆုံးရအောင် ဘယ်လိုလုပ်ရမလဲ မသိဘူး"

အသားဆိုင်ရှင်ကလည်း ဘယ်လိုမှ အကူအညီ မပေးနိုင်။ ဤတွင် အေဘယ်က အခွင့်ကောင်းပေါ်ပြီဆိုကာ ထိုင်ရာမှ ထသွားပြီး "ကျွန်တော့်ကို သဘောကျရင် ခန့်ပါခင်ဗျား" ဟု ရဲရဲတင်းတင်း ပြောလိုက်သည်။

အဝယ်တော်က သူ့ကို အကဲခတ်ကြည့်နေသည်။ အတန်ကြာအောင် ကြည့်နေပြီးနောက် 'မနက်ဖြန် ဟိုတယ်လာခဲ့ပါ"ဟု မှာခဲ့သည်။

သို့ဖြင့် နောက်နေ့မနက်တွင် အေဘယ်သည် သူ၏ တစ်စုံတည်းသာရှိသော ဝတ်စုံကို ကျကျနနဝတ်ပြီး ဟိုတယ်သို့ ခြေကျင်လျှောက်လာခဲ့သည်။ ဟိုတယ်ရောက်တော့ သူ့ကို ချက်ချင်းပင် အလုပ်ခန့်လိုက်သည်။

ပလာဇာဟိုတယ်တွင် အခြေအနေကျကျ အလုပ်ရသွားသောအခါ ကိုလံဘီယာ တက္ကသိုလ်တွင် အင်္ဂလိပ်စာ ညကျောင်းဆက်တက်သည်။ ကျောင်းမှ ပြန်ရောက်တော့လည်း တော်တော်နှင့်မအိပ်။ သင်ခန်းစာများကို ကြိုးကြိုးစားစား လေ့လာမှတ်သားသည်။ လက်တစ်ဖက်က အဘိဓာန်စာအုပ်၊ ကျန်တစ်ဖက်က ခဲတံကိုကိုင်ကာ မနားမနေ ကျက်မှတ်သည်။ မနက်အိပ်ရာထချိန်၊ ထမင်းစား အားလပ်ချိန်နှင့် တခြား ကြုံကြားကြုံကြား နားနေချိန်တို့တွင်လည်း အလကားမနေ။ 'နယူးယောက်တိုင်း' သတင်းစာမှ ခေါင်းကြီးပိုင်းဆောင်းပါးကို ရေးကူးပြီး အဓိပ္ပာယ်မသိသော စကားလုံးများကို တစ်ပတ်နွမ်း 'ဝက်ဘ်စတားအဘိဓာန်' တွင် ရှာဖွေလေ့ကျက်သည်။

နောက်သုံးနှစ်အတွင်း အေဘယ်သည် ပလာဇာဟိုတယ်တွင် ရာထူးအဆင့်ဆင့် တိုးတက်ခဲ့ပြီး တစ်ပတ်လျှင် ၂၅ ဒေါ်လာအပြင် ဘောက်ဆူးရငွေကိုပါ ယူခွင့်ရှိသော အဆင့်မြင့်စားပွဲထိုးတစ်ယောက် ဖြစ်လာခဲ့သည်။ ထို့ကြောင့် သူသည် အရေးကြီးသော ပုဂ္ဂိုလ်များအတွက် သီးသန့်ထားရှိသော 'ဝက်သစ်ချဆောင်' တွင် စားပွဲထိုးခွင့်ရရှိလာခဲ့သည်။ ယခုအချိန်တွင် သူ့အနေဖြင့် ငွေရေးကြေးရေးအတွက် ဘာအခက်အခဲမျှ မရှိတော့။

ကိုလံဘီယာတက္ကသိုလ်မှ သူ၏ဆရာက အေဘယ်၏ ကြိုးစားမှုကို အလွန်သဘောကျသည်။ ထို့ကြောင့် အဆင့်မြင့်ညကျောင်းဆက်တက်ရန် ကြံပေးသည်။ ဤသို့ဖြင့် ဝိဇ္ဇာဘွဲ့ရရှိသည်အထိ ကြိုးစားရန် တိုက်တွန်းသည်။

ဆရာ၏ အားပေးမှုကြောင့် အေဘယ် အားတက်လာသည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုလည်း ခိုင်မာလာသည်။ သူသည် အားလပ်ချိန်များတွင် စီးပွားရေးပညာရပ်များကို လေ့လာသည်။ နယူးယောက်တိုင်းသတင်းစာမှ ခေါင်းကြီးပိုင်းဆောင်းပါးများအစား 'ဝေါစထရိဂျာနယ်' သတင်းစာမှ ခေါင်းကြီးပိုင်းများကို အပတ်တကုတ် ရေးကူးမှတ်သားသည်။ သူသည် ပညာသင်ရသည်ကို အလွန်ပျော်ရွှင်နေသည်။ အားလပ်ချိန်များတွင် စာအုပ်နှင့်မျက်နှာ ဘယ်တော့မှမခွာ။

'ဝက်သစ်ချဆောင်'၌ စားပွဲထိုးရသော အခါများအတွင်လည်း တခြားစားပွဲထိုးများလို အလကားမနေ။ လာရောက်စားသောက်ကြသော နာမည်ကျော် ပုဂ္ဂိုလ်များ၏ အပြောအဆို၊ အပြုအမူများကို မျက်ခြည်မပြတ် လေ့လာမှတ်သားသည်။ စီးပွားရေးလုပ်ငန်းပိုင်ရှင်ကြီးများဖြစ်ကြသော ဘိတ်ကားလိုယက်၊ ဗုစ်တနီ၊ မော်ဂန်နှင့် ဖဲလ်ပ်စသော ပုဂ္ဂိုလ်ကြီးများအား အထူးဂရုစိုက်၍ ပြုစုသည်။ အထွေထွေဗဟုသုတနှင့် ဘဝအမြင် ရင့်သန်ရေးအတွက်လည်း စကော့ဖစ်ဂျာရယ်၊ ဆင်ကလဲယား လူးဝစ်၊ သီအိုဒိုဒရိုင်ဇာ၊ အိပ်ချ်အယ်လ်မင်ကင်စသော စာရေးဆရာကြီးများ၏ သုတရသစာပေများကို အမြဲတမ်းဖတ်သည်။ တခြားစားပွဲထိုးတွေက ပေါ်ပင်သတင်းစာ 'မီရာ'ကို ဟိုလှန်သည်လှန် လုပ်နေချိန်တွင် အေဘယ်က 'နယူးယောက် တိုင်း' သတင်းစာကြီးကို အသေးစိတ် ဖတ်ရှုလေ့လာသည်။ သူများတွေ အိပ်ငိုက်နေချိန်တွင် သူက 'ဝေါစထရိဂျာနယ်' သတင်းစာကို ဖတ်နေသည်။ သူသည် ပညာဗဟုသုတကို အငမ်းမရလိုချင်စိတ်ဖြင့် သဲသဲမဲမဲ လေ့လာဆည်းပူးနေသော်လည်း ထိုပညာကို ဘယ်လို အသုံးချရမည်ဆိုသည်ကိုကား လုံးဝမစဉ်းစားမိ။ သို့သော် သူက ကျေးရှူးရှင်နယ်စားကြီး မကြာခဏ ပြောခဲ့ဖူးသော အဆုံးအမကိုတော့ အမြဲတမ်း စွဲမှတ်ထားသည်။ "ပညာရွှေအိုး၊ လူမခိုး"

✧ ✧ ✧

၁၉၂၆ ခုနှစ်၊ ဩဂုတ်လ၏ ကြာသပတေးနေ့တစ်နေ့ကို အေဘယ်က ကောင်းကောင်းမှတ်မိနေသည်။ ထိုနေ့တွင် ရူဒေါ့ဗလင်တီနို ကွယ်လွန်သည်။ ပဉ္စမရိပ်သာ လမ်းထဲတွင် ဈေးလာပြုသော အမျိုးသမီးအများစုသည် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် အနက်ရောင်ဝတ်စုံများကို ဝတ်ဆင်လာကြသည်။

ထိုနေ့က အေဘယ်သည် ခါတိုင်းလိုပင် ထောင့်စွန်းစားပွဲများတွင် စားပွဲထိုးနေသည်။ ထောင့်စွန်းစားပွဲများကို ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်ကြီးများအတွက် အမြဲတမ်း သီးသန့်စီစဉ်ထားရသည်။ သူတို့က စီးပွားရေးကိစ္စများကို လူမကြား သူမကြား လွတ်လွတ်လပ်လပ်ပြောချင်ကြသည်။ အေဘယ်က ထိုပုဂ္ဂိုလ်များအား ပြုစုရသည်ကို အလွန်ကျေနပ်သည်။ သူတို့ပြောနေသော စကားတစ်ခွန်းတစ်ပါဒကို အမှတ်မထင် ကြားရသည်မှာ အေဘယ်အတွက် အလွန်အကျိုးရှိသည်။

ဧည့်ခံကျွေးမွေးသော ပုဂ္ဂိုလ်သည် ဘဏ်လုပ်ငန်းရှင်တစ်ဦး၊ သို့မဟုတ် အိမ်ငှားခြံငှား လုပ်ငန်းရှင်တစ်ဦးဖြစ်ခဲ့လျှင် အေဘယ်က ဧည့်ခံပွဲပြီးဆုံးသွားသောအခါ ဧည့်သည်များ၏ လုပ်ငန်းဆိုင်ရာ ဘဏ္ဍာရေးအစီရင်ခံစာများကို ရှာဖွေလေ့လာသည်။ ထို့နောက် များစွာ လုပ်ငန်း မကျယ်ပြန့်သေးသော ကုမ္ပဏီတွင် ဒေါ်လာ တစ်ရာခန့်မျှ အစုရှယ်ယာဝင်လိုက်သည်။ ရည်ရွယ်ချက်တော့ ယင်းကုမ္ပဏီကလေးကို အခြားကုမ္ပဏီတစ်ခုခုနှင့် ပေါင်းပစ်လိုက်လျှင်ဖြစ်စေ၊ ကုမ္ပဏီကြီးက ဝယ်ယူလိုက်လျှင်ဖြစ်စေ သူ့အနေဖြင့်ခွလုံးငွေရင်းကြီးမားသော ကုမ္ပဏီကြီးတစ်ခုတွင် ရင်းနှီးမြှုပ်နှံပြီးသား ဖြစ်သွားနိုင်သောကြောင့်ဖြစ်သည်။

အကယ်၍ ဧည့်ခံကျွေးမွေးသူက စားသောက်ပွဲအပြီးတွင် ဆေးပြင်းလိပ်မှာလျှင် အေဘယ်က သူ၏ ရင်းနှီးမြှုပ်နှံငွေကို ဒေါ်လာ ၂၀၀ အထိ တိုးမြှင့်သည်။ ဤနည်းအားဖြင့် ၁၀ ကြိမ် ရင်းနှီးမြှုပ်နှံသည့်အနက် ခုနစ်ကြိမ်မှာ ခြောက်လအတွင်း နှစ်ဆတိုးလာသည်။ သူ သည် ပလာဇာဟိုတယ်တွင် လေးနှစ်တာမျှ လုပ်ကိုင်ခဲ့သည့်ကာလအတွင်း သုံးကြိမ်မျှသာ အရှုံးနှင့် ရင်ဆိုင်ခဲ့ရဖူးသည်။

ထိုနေ့က အခန်းဆောင့်စားပွဲတွင် လာရောက်စားသောက်သော ဧည့်သည်များသည် ခါတိုင်းထက်ပို၍ ဆေးပြင်းလိပ်များ တောင်းကြသည်။ အေဘယ်သည် ဧည့်သည် မှတ်ပုံတင် စာရင်းကို သွားကြည့်သည်။ ဧည့်ခံသည့် ပုဂ္ဂိုလ်နာမည်က ဝုလ်ဝပ်။ သူသည် သည်နာမည် ကို စာနယ်ဇင်းပေါင်းစုံ၏ စီးပွားရေးကဏ္ဍများတွင် မြင်ဖူးသည်။ သို့သော် မည်သူမည်ဝါမှန်း တော့ အတိအကျမသိ။ နောက်တစ်ယောက်က ချားလ်စ်လက်စတာ။ ပလာဇာဟိုတယ်၏ အချိန်မှန် ဖောက်သည်ကြီးတစ်ယောက်ဖြစ်သည်။ သည်ပုဂ္ဂိုလ်သည် ဘဏ်လုပ်ငန်းပိုင်ရှင်ကြီး တစ်ယောက်ဖြစ်ကြောင်း အေဘယ်က ကောင်းကောင်းသိထားပြီးဖြစ်သည်။ အေဘယ်သည် စားသောက်ပွဲတွင် စားပွဲထိုးရင်း ဧည့်သည်များပြောနေသော စကားကို ဂရုစိုက်၍ နားစွင့်သည်။ ဧည့်သည်တွေက အေဘယ်ကို လုံးဝဂရုမစိုက်ကြ။ ဧည့်သည်များ ပြောနေသော စကားအရဆိုသော် ယနေ့ညနေပိုင်းတွင် စီးပွားရေးနှင့်ပတ်သက်သော သတင်းတစ်ရပ်ကို ဆိုင်ရာမှ ထုတ်ပြန် ကြေငြာမည်ဖြစ်ကြောင်း သိရသည်။ ယခုမှ သူ သတိရလာသည်။ ဝုလ်ဝပ်၏ နာမည်ကို 'ဝေါစထရိဂျာနယ်' သတင်းစာတွင် သူမြင်ဖူးသည်။ ဝူးလ်ဝပ်သည် အမေရိကန်နိုင်ငံတွင် ငါးဆင့်မှ ဆယ်ဆင့်အထိ အစုရှယ်ယာသတ်မှတ်ထားသော ကုန်စုံဆိုင်များကို ပထမဦးစွာ ဖွင့်လှစ်ရန် ကြိုးစားနေသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ အေဘယ်က သူလည်း ငါးဆင့် အစုရှယ်ယာဝင်ရန် ဆုံးဖြတ်လိုက်သည်။

ဧည့်သည်များ ထမင်းစားသောက်ပြီး၍ အချိုပွဲသုံးဆောင်နေစဉ်တွင် အေဘယ်သည် စားသောက်ခန်းမှ ခေတ္တထွက်လာခဲ့ပြီး ဝေါလ်စထရိရပ်ကွက်မှ စတော့ပွဲစားထံ တယ်လီဖုန်း လှမ်းဆက်သည်။

"ဝုလ်ဝပ် လုပ်ငန်းမှာ အမြင့်ဆုံး ကန့်သတ် ရှယ်ယာအထိ ဝယ်လိုက်ပါ၊ ညနေပိုင်းကြေငြာချက် ထုတ်ပြန်လိမ့်မယ်"

"ကြေငြာချက်က ဘာတဲ့လဲ"

"အဲဒါတော့ တယ်လီဖုန်းနဲ့ ပြောလို့မဖြစ်ဘူး"

ပွဲစားက တော်တော်ကျေနပ်သွားသည်။ အေဘယ်သည် စေ့စပ်သေချာသူ၊ နှုတ်လုံသူဖြစ်ကြောင်း သူကောင်းကောင်းကြီးသိထားသည်။

အေဘယ်သည် စားသောက်ခန်းသို့ အချိန်မီ ပြန်လာပြီး ဧည့်သည်များအား ကော်ဖီပွဲများ ချပေးသည်။

စားသောက်ပြီးသွားသောအခါ ဧည့်ခံပြုစုသူက ကုန်ကျစရိတ် ဘောက်ချာကို ငွေရှင်းပေးသည်။ ပြုစုဧည့်ခံမှုကောင်း၍ အေဘယ်အား ကျေးဇူးတင်စကားပြောသည်။ ပြီးတော့... အခြားပုဂ္ဂိုလ်များ ကြားလောက်သောအသံဖြင့် အေဘယ်အား မေးသည်။

"ဟော့ သူငယ်၊ မင်းက ဘောက်ဆူးလိုချင်သလား"

"ကျေးဇူးတင်ပါတယ် ခင်ဗျား"

"ဒါဆို ဝူးလ်ဝပ်လုပ်ငန်းမှာ ရှယ်ယာဝင်လိုက်ပါ"

ဧည့်သည်တွေအားလုံး ရယ်လိုက်ကြသည်။ အေဘယ်ကလည်း ရောယောင် ရယ်လိုက်သည်။ ဘောက်ဆူး ငါးဒေါ်လာကို လက်ခံ၍ ကျေးဇူးတင်ကြောင်း ပြန်ပြောလိုက်သည်။

နောက် ခြောက်လအတွင်းတွင် သူသည် ဝူးလ်ဝပ်၏ ရှယ်ယာကို ဝယ်ယူမြှုပ်နှံသောလုပ်ငန်းမှ အမြတ်ငွေ ၂၄၁၂ ဒေါ်လာ တိတိ ရရှိခဲ့လေသည်။

✧ ✧ ✧

အေဘယ်သည် အသက် ၂၁ နှစ်ပြည့်၍ ရက်အနည်းငယ်အကြာတွင် အမေရိကန်တိုင်းရင်းသားအဖြစ် အပြည့်အဝ အသိအမှတ်ပြုခြင်းခံရသည်။

သူက ဝမ်းသာခြင်းအထိမ်းအမှတ်အဖြစ် ပျော်ပွဲကလေးတစ်ခု ကျင်းပရန် ဆုံးဖြတ်လိုက်သည်။ သူ့မိတ်ဆွေ ဂျော့နှင့် ဂျော့၏ နောက်ဆုံးချစ်သူ ပိုနီကာအပြင် ဂျော့၏ ချစ်သူဟောင်း ကလာ့ရာကိုပါဖိတ်သည်။ ပြီးတော့ လေးယောက်သား "ဒန်ဂျူအန်" ရုပ်ရှင်ကားကို သွားကြည့်ကြသည်။ ရုပ်ရှင်ကြည့်ပြီးတော့ 'ဘီဂို' ဟိုတယ်တွင် ညစာစားကြသည်။

ဂျော့မှာ သူ့ဦးလေးမုန့်ဖိုတွင် တစ်ပတ်လျှင် ရှစ်ဒေါ်လာဖြင့် အလုပ်သင်အဆင့်က လုံးဝမတက်သေး။ အေဘယ်က ဂျော့အား အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်အဖြစ် သဘောထားသည်။ သို့သော်လည်း သူနှင့် ဂျော့တို့၏ အဆင့်အတန်းချင်း ကွာခြားချက်ကိုတော့ စိတ်မကောင်းဖြစ်မိသည်။ ဂျော့က ယခုအချိန်တွင် ပိုက်ဆံတစ်ပြားမှမရှိသော ပေါင်မုန့်ဖုတ်အလုပ်သင်ဘဝ။ သူကတော့ ဘဏ်စုငွေ ရှစ်ထောင်ကျော်ရှိသော ပလာဇာ ဟိုတယ်မှာ အဆင့်မြင့် စားပွဲထိုး။ ပြီးတော့ ကိုလံဘီယာ တက္ကသိုလ်တွင် စီးပွားရေးအဓိက ဝိဇ္ဇာဘွဲ့ နောက်ဆုံးနှစ်ကျောင်းသား။ အေဘယ်က သူ့ဘယ်ခရီးကို ဘယ်လို ရှေ့ဆက်လျှောက်လှမ်းရမည်ဆိုသည်ကို ပြတ်ပြတ်သားသား သိထားပြီးဖြစ်သည်။ ဂျော့ကတော့ ယခင်အတိုင်းပင် တစ်နေ့ သူ နယူးယောက်မြို့တော်ဝန်ဖြစ်ရမည်ဟူ၍ လူတိုင်းကို လျှောက်ကြွားနေတုန်းပင်။

မည်သို့ပင်ဖြစ်စေ၊ ထိုနေ့က သူတို့လေးယောက်သား တော်တော်ပျော်ကြသည်။ စကားတွေ

လည်း ဖောင်လောက်အောင် ပြောဖြစ်ကြသည်။ အစားအသောက်တွေကလည်း အရသာရှိလှသည်။ အေဘယ်က ဟိုတယ်မှာ ဘယ်အစားအသောက်ကောင်းကြောင်း နှောကျေထားသူမဟုတ်လား။ အေဘယ်က စားသောက်ခ ရှင်းပေးလိုက်တော့ ဂျော့မှာ မျက်လုံး မျက်ဆံပင် ပြူးသွားမိသည်။ စားသောက်ခ ကုန်ကျငွေမှာ သူတစ်လလုံးလုံး လုပ်ခရသော ငွေထက်ပိုနေသောကြောင့်ဖြစ်နေသည်။ သို့ပေမယ့် အေဘယ်က ဘောက်ချာကို နှစ်ခါပြန်မကြည့်ဘဲ ခပ်တည်တည်နှင့် ရှင်းပေးလိုက်သည်။

ဟိုတယ်တစ်ခုတွင် စားသောက်ခ ရှင်းလျှင် ဘောက်ချာကို လုံးဝဂရုမစိုက်နှင့်။ ဂရုစိုက်လျှင်လည်း ယင်းဟိုတယ်သို့ နောက်ထပ် လုံးဝမသွားနှင့်တော့။ သို့သော် ဘယ်လိုပဲလုပ်လုပ် ဟိုတယ်အကြောင်း လုံးဝမဝေဖန်ပါနှင့်။ အံသြမှုလည်း လုံးဝမပြပါနှင့်။

ဤသည်မှာ သန်းကြွယ်သူဌေးတွေဆီက အေဘယ်ရလိုက်သော သင်ခန်းစာဖြစ်သည်။

သူတို့ စားသောက်ပြီးချိန်တွင် မနက်ရှစ်နာရီထိုးနေပြီ။ ဂျော့နှင့် ပိုနီကာတို့က အရှေ့ပိုင်းရပ်ကွက်သို့ ပြန်ကြသည်။ ကလာရာမှာတော့ အတွဲမရှိ၍ စားပွဲတွင် ငုငုကြီးထိုင်ကျန်ရစ်သည်။ သို့ဖြင့် မထူးတော့ပါဘူးဆိုပြီး အေဘယ်က ကလာရာကို ပလာဇာ ဟိုတယ်သို့ တိတ်တိတ်ကလေး ခေါ်သွင်းသွားပြီး တစ်ညတာကို ပျော်ပျော်ရွှင်ရွှင် အချိန်ဖြုန်းလိုက်တော့သည်။

✧ ✧ ✧

ကိုလံဘီယာတက္ကသိုလ်မှ ဘွဲ့ရပြီးသောအခါ အေဘယ်သည် ပလာဇာဟိုတယ်မှ စားပွဲထိုးအလုပ်ကို ငြီးငွေ့လာသည်။ သို့သော် ဘာအလုပ်လုပ်ရမည်ဆိုသည်ကိုလည်း တိတိကျကျ ဘာမှ မဆုံးဖြတ်နိုင်သေး။ သူ့ပတ်ဝန်းကျင်တွင် အမေရိကန်တစ်ပြည်လုံး၌ အကျော်ကြားဆုံးသော ပုဂ္ဂိုလ်ကြီးများနှင့် ပြည့်နှက်နေသော်လည်း ၎င်းတို့နှင့် ရင်းနှီးအောင် ချဉ်းကပ်ရန် ခက်ခဲလျက်ရှိနေသည်။ ၎င်းတို့က သူလို သာမန်စားပွဲထိုးကလေး တစ်ယောက်အား ဘောက်ဆူးပေးရုံထက်အပြင် တရင်းတနှီး ဆက်ဆံလိုသော ဆန္ဒရှိပုံမပြကြ။ တစ်ဖက်တွင်လည်း သူက ပလာဇာလို နာမည်ကြီးဟိုတယ်တွင် စားပွဲထိုးမှူးဖြစ်ချင်စိတ်ကလည်း ရှိနေပြန်သေးသည်။

တစ်နေ့တွင် မစ္စတာအယ်လ်စ်ဝပ်တက်တလာတို့ လင်မယား ဟိုတယ်သို့ နေ့လယ်စာစားရန် ရောက်လာကြသည်။ အေဘယ်က ဒီတစ်ချီတော့ အခွင့်ကောင်းပေါ်ပြီဟု တွေးလိုက်သည်။ မစ္စတာ စတက်တလာမှာ နာမည်ကျော် ဟိုတယ်လုပ်ငန်းပိုင်ရှင်ကြီးဖြစ်၍ အေဘယ်က သူ တတ်နိုင်သမျှ အစွမ်းကုန်ပြုစုသည်။ စားသောက်ပြီးသောအခါ မစ္စတာ စတက်တလာက အေဘယ်အား ကျေးဇူးတင်စကား ပြောပြီး ဆယ်ဒေါ်လာ ဘောက်ဆူးပေးသွားသည်။ အေဘယ်မှာ သည်မျှနှင့်ပင် ကျေနပ်လိုက်ရတော့သည်။

အေဘယ်က ဟိုတယ်လုပ်ငန်းရှင်ကြီး လင်မယား ပြန်ထွက်သွားသည်ကို ငေး၍ ရပ်ကြည့်ကျန်ရစ်စဉ် စားပွဲထိုးမှူးဆန်မီက သူ့ပခုံးကို လာပုတ်သည်။

"ဟေ့ကောင် အေဘယ်၊ မစ္စတာ စတက်တလာဆီကမင်း ဘာရလိုက်သလဲ"

"ဘာမှ မရလိုက်ပါဘူး"

"သူက မင်းကို ဘောက်ဆူးပေးမသွားဘူးလား"

"အို ဟုတ်ကဲ့၊ ဘောက်ဆူးတော့ ပေးသွားတယ်၊ ၁၀ ဒေါ်လာ ပါ"

အေဘယ်က ပိုက်ဆံကို ဆန်မီအား ပေးလိုက်သည်။

"ပိုက်ဆံတစ်ဆယ်က ဘာမှ တန်ဖိုးမရှိပါဘူးကွာ၊ မင်းအနေနဲ့ သူတို့လင်မယားကို အကောင်းဆုံးပြုစုလိုက်ရတာ အမြတ်ပဲပေါ့"

"ကျွန်တော့်အနေနဲ့ ဘာမှ မမြတ်ပါဘူး"

"မင်းက ဘာကို ဆိုလိုတာလဲ"

"အို ဘာမှ မဟုတ်ပါဘူး"

အေဘယ်က ဆက်မပြောလိုတော့သဖြင့် နေရာမှထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်။ ဆန်မီက လိုက်တားသည်။

"ခဏနေစမ်းပါဦးကွ၊ ငါ ပြောစရာရှိလို့၊ မင်းအတွက် ငါ့ဆီမှာ စာတစ်စောင် ရောက်နေတယ်၊ စားပွဲနံပါတ် (၁၇)က မစ္စတာ လီရှိုင်းဆိုတဲ့ လူက မင်းနဲ့ နှစ်ယောက်ချင်း စကား ပြောချင်လို့တဲ့"

"ဘာကိစ္စလဲ ဆန်မီ"

"အဲဒါတော့ ငါ ဘယ်သိမလဲကွ၊ မင်းရဲ့ မျက်လုံးပြာတွေကို ကြိုက်လို့ရှိမှာပေါ့"

အေဘယ်က စားပွဲနံပါတ် (၁၇) ဘက်သို့ လှမ်းကြည့်လိုက်သည်။ သည်စားပွဲမှာ မီးဖိုခန်း တံခါးနှင့်ကပ်နေသည်။ အရေးပါသော ပုဂ္ဂိုလ်များအတွက် နေရာမျိုးမဟုတ်။ သည်လို စားပွဲမျိုးတွင်တိုင်သော ပုဂ္ဂိုလ်များကို ဧည့်ခံပြုစုရန် အေဘယ်က အမြဲတမ်း ရှောင်ခဲ့သည်။

"သူက ဘယ်သူလဲ ဆန်မီ၊ သူ ဘာကိစ္စရှိလို့လဲ"

"မင်းကလဲ ငါမသိပါဘူး ပြောနေမှပဲ၊ ငါက မင်းလို ဟိုတယ်လာသမျှလူတွေရဲ့ နောက်ကြောင်း ရာဇဝင်ကို စိတ်ဝင်စားတဲ့လူမဟုတ်ဘူးကွ၊ ဟိုတယ်ရောက်လာတဲ့ လူကို အစားအသောက်ကောင်းကောင်း စီစဉ်ပေးမယ်၊ ဘောက်ဆူးကောင်းကောင်း ပေးချင်အောင် ပြုစုရမယ်၊ နောက်ထပ် ဟိုတယ်သို့လာချင်အောင် ဆွဲဆောင်မယ်၊ ငါက ဒါလောက်ပဲ လုပ်တတ်တယ်၊ ဒါလောက်ဆိုရင်ပဲ ငါ့အတွက် ကျေနပ်လောက်ပြီ။ ကဲ... ကဲ... မင်းလူဆီ သွားကြည့်လိုက်ပါဦး၊ ပိုက်ဆံပေးရင်တော့ လက်မနှေးပါနဲ့ကိုယ့်လူ၊ ရဲရဲတင်းတင်းယူပြီး ငါ့ဆီသာ အမြန်လာခဲ့ပေတော့၊ ကြားလား"

အေဘယ်က ဆန်မီ၏ ထိပ်ပြောင်ကြီးကိုကြည့်ပြီး ပြုံးလိုက်သည်။ ပြီးတော့ စားပွဲနံပါတ် (၁၇) သို့ လျှောက်လာခဲ့သည်။

စားပွဲတွင် လူကြီးတစ်ယောက်နှင့် မိန်းမငယ်တစ်ယောက် ထိုင်နေကြသည်။ လူကြီးက ရောင်စုံဂျက်ကက်အင်္ကျီကို ဝတ်တားသည်။ မိန်းမငယ်က ရွှေရောင်ဆံပင်နှင့် တော်တော်ချောသည်။ နယူးယောက်မြို့မှ အဘိုးကြီး၏ တွဲဖက်မကလေးဖြစ်လိမ့်မည်ဟု အေဘယ်က ခန့်မှန်းလိုက်သည်။

အေဘယ်သည် အဘိုးကြီးနားကပ်သွားပြီး လေးလေးစားစားဟန်နှင့် မေးလိုက်သည်။

"ကျွန်တော့်ကို တွေ့ချင်တယ်ဆိုလို့ပါ ခင်ဗျား"

"ဟုတ်တယ်၊ မောင်ရင့်ကို တွေ့ချင်လို့" အဘိုးကြီးက တောင်ပိုင်းသံဝဲဝဲနှင့် ပြောသည်။ "ကျုပ်နာမည်က ဒေးဗစ်လီရှိုင်းပါ၊ ဒါကတော့ ကျုပ်သမီး မယ်လာနီ"

အေဘယ်က လီရှိုင်းထံမှ မျက်လုံးကိုခွာကာ မြစိမ်းရောင် မျက်လုံးပိုင်ရှင် အပျိုချောကလေးဘက်သို့ လှည့်လိုက်သည်။

"မင်းကို ငါ စောင့်ကြည့်နေတာ ငါးရက်တိတိ ရှိသွားပြီ အေဘယ်"

မစ္စတာလီရှိုင်းက ရင်းနှီးသော လေသံဖြင့် ပြောသည်။

အေဘယ်က မစ္စတာ လီရှိုင်းကို လွန်ခဲ့သော ငါးမိနစ်လောက်ကမှ သတိပြုမိခဲ့သည်ကို အားနာခြင်းဖြစ်မိသည်။

"မင်း... လုပ်ပုံကိုင်ပုံတွေကို ငါမြင်ရတာ တော်တော်ကျေနပ်မိတယ်၊ မင်းက အဆင့်အတန်းရှိတဲ့ စားပွဲထိုးကောင်းတစ်ယောက်ပဲ၊ ငါက အဲဒီလို လူမျိုးကိုမှ သဘောကျတာ၊ ဒါကြောင့်မို့လို့လဲ မင်းနဲ့ စကားပြောချင်လို့ ခေါ်လိုက်တာပဲ၊ မစ္စတာ စတက်တလာက ဟိုတယ်ပိုင်ရှင်ကြီး တစ်ယောက် လုပ်နေပြီး မင်းရဲ့ အရည်အချင်းကို အကဲမခတ်မိတာ ငါတော့ အံ့သြလို့ မဆုံးဘူး"

အေဘယ်က မစ္စတာ လီရှိုင်းကို အနီးကပ်အကဲခတ်ကြည့်သည်။ ပါးနှစ်ဖက်ကလည်း ခရမ်းရောင်၊ ဗိုက်ကပူပူနှင့်။ သည်ပုဂ္ဂိုလ်ကို ယခင်က သူသတိမထားခဲ့မိသည်မှာ အမှန်ပင်ဖြစ်သည်။ အက်ဒွပ် ခန်းမဆောင်တွင် စားပွဲ ၃၉ လုံးရှိသည်အနက် ၃၇ လုံးတွင် ထိုင်လာသမျှ ပုဂ္ဂိုလ်တိုင်း၏ နောက်ကြောင်းကို သူသိသည်။ ယခုတော့ သည် ပုဂ္ဂိုလ်၏ နာမည်ကိုရော၊ မျက်နှာကိုပါ လုံးဝ မျက်မှန်းမတန်းမိခဲ့သည်မှာ အမှန်။

မစ္စတာလီရှိုင်းက ဆက်ပြောသည်။

"အမှန်အတိုင်းပြောရရင် ငါက မင်းတို့ဟိုတယ်မှာ တည်းနေတုန်း အခန်းထောင့်စွန်းက စားပွဲမှာ ထိုင်လေ့ရှိတဲ့ ကုဋေကုဋာကြွယ်ဝတဲ့ လူတစ်ယောက်တော့ မဟုတ်ဘူး"

အေဘယ်က အဘိုးကြီး၏ ပွင့်လင်းမှုကို သဘောကျမိသည်။

"ဒါပေမယ့် ငါကလဲ လူညံ့တစ်ယောက်တော့ မဟုတ်ပါဘူး၊ ငါ့ရဲ့ အကောင်းဆုံးဟိုတယ်ကိုလဲ တစ်နေ့နေ့မှာ ဒီဟိုတယ်လို နာမည်ကြီးအောင် ကြိုးစားဖို့ ရည်စူးထားတဲ့ လူပါ"

"ဟုတ်ကဲ့ အများကြီးကောင်းပါတယ် ခင်ဗျား"

"အဲဒီတော့ မောင့်ကို တိုတိုနဲ့ လိုရင်းပဲ ပြောပါရစေတော့၊ ငါ့ရဲ့ ဟိုတယ်တွေထဲက နံပါတ်တစ် ဟိုတယ်မှာ လက်ထောက်မန်နေဂျာတစ်ယောက် လိုနေတယ်၊ စားသောက်ခန်းကို ကြီးကြပ်ရမယ့်လူဆိုပါတော့ မောင်ရင် စိတ်ဝင်စားလို့ရှိရင် တာဝန်အားတဲ့အချိန်မှာ ငါ့အခန်းကို လာခဲ့ပါ"

မစ္စတာလီရှိုင်းက အေဘယ်အား ဖောင်းကြွစာလုံးနှင့်ရိုက်ထားသော လိပ်စာကတ်ပြားကို ထုတ်ပေးသည်။

အေဘယ်က လိပ်စာကတ်ကို လှမ်းယူရင်း

"ကျေးဇူးတင်ပါတယ် ခင်ဗျား"

ပြီးတော့ လိပ်စာကတ်ကို ဖတ်ကြည့်လိုက်သည်။

**"ဒေးဗစ်လီရှိုင်း၊ ရစ်ချ်မွန့်ဟိုတယ်လုပ်ငန်း၊ ဒါးလက်မြို့"**

ယင်းအောက်မှ စာတန်းကတော့

***"တစ်နေ့တော့ ပြည်နယ်တိုင်းတွင် ဟိုတယ်တစ်ခုစီ တည်ထောင်ရမည်"***

"မင်းကို ငါမျှော်နေပါ့မယ်၊ အားတဲ့အချိန် လာခဲ့ပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ခင်ဗျား"

အေဘယ်က မယ်လာနီဘက်သို့လှည့်ပြီး ပြုံးပြလိုက်သည်။ ပြီးတော့ စားပွဲထိုးမှူး ဆန်မီထံသို့ ပြန်လာခဲ့သည်။

"ရစ်ချ်မွန့် ဟိုတယ်လုပ်ငန်းဆိုတာ ကြားဖူးသလား ဆန်မီ"

"ကြားဖူးတာပေါ့ကွ၊ ငါ့ညီတစ်ယောက်တောင် တစ်ခါတုန်းက သူတို့ပိုင် ဟိုတယ်တစ်ခုမှာ လုပ်ခဲ့ဖူးသေးတယ်၊ အမေရိကန်တောင်ပိုင်းမှာ သူပိုင်ဟိုတယ် ရှစ်ခုကိုးခုလောက်ရှိမယ်ထင်တယ်၊ ပိုင်ရှင်ကတော့ ခပ်ကြောင်ကြောင် တက္ကဆက်ပြည်နယ်သားတစ်ယောက်ပဲကွ၊ သူ့နာမည်တော့ ငါမမှတ်မိဘူး၊ မင်းက ဘာလို့မေးရတာလဲ"

"အို ဘာကြောင့်ရယ်လို့ မဟုတ်ပါဘူး၊ သိချင်လို့ မေးကြည့်တာပါ"

"မင်းသိချင်ရင် အကြောင်းတစ်ခုခုတော့ ရှိရမှာပေါ့၊ အဲဒီတော့ စားပွဲ (၁၇) က ဘာပြောလိုက်သလဲ"

"မီးဖိုခန်းက သိပ်ပြီးဆူတယ်တဲ့"

"အဲဒီတော့ သူ့ကို ဝရန်တာခန်း ပို့လိုက်ပါလား၊ ဒီလူက သူ့ကိုယ်သူရှေ့ခ်ဖဲလားများ မှတ်နေသလားမသိပါဘူး၊ ကြီးကျယ်လိုက်တာ"

အေဘယ်က စကားဆက်မပြောတော့ဘဲ လုပ်စရာရှိသည်များကို ဆက်လုပ်သည်။ တာဝန်ပြီးတော့ သူ့အခန်းကလေးထဲလာခဲ့ပြီး ရစ်မွန့်ချ်ဟိုတယ် လုပ်ငန်းအကြောင်း ရှာဖွေစုံစမ်းသည်။ သက်ဆိုင်ရာများသို့ တယ်လီဖုန်းသုံးလေးခါ ဆက်ကြည့်ရုံလောက်နှင့် ကိစ္စပြီးသွားသည်။

ရစ်ချ်မွန့် ဟိုတယ်လုပ်ငန်းသည် ပုဂ္ဂလိကပိုင်ဖြစ်သည်။ စုစုပေါင်း ဟိုတယ် ၁၁ ခုရှိသည်။ အကောင်းဆုံးမှာ ရှီကာဂိုမြို့မှ အိပ်ခန်း ၃၄၂ ခန်းရှိသော 'ရစ်ချ်မွန့်ကွန်တီနင်တယ်' ဟိုတယ်ကြီးဖြစ်သည်။

အေဘယ်က သူ့အနေဖြင့် မစ္စတာလီရှိုင်းနှင့် သူ့သမီးအခန်းသို့ သွားလည်ခြင်းဖြင့် အကျိုးမယုတ်နိုင်ဟု ဆုံးဖြတ်လိုက်ပြီး အခန်းနံပါတ် (၈၅) သို့ လာခဲ့သည်။ အခန်း (၈၅) မှာ အသေးစား အခန်းများထဲတွင် အကောင်းဆုံး အခန်းတစ်ခန်းဖြစ်သည်။ သူသည် လေးနာရီ မထိုးမီ မိနစ်အနည်းငယ်တွင် အခန်း(၈၅) သို့ ရောက်လာသည်။ မယ်လာနီအား သူ့ဖခင်နှင့်အတူ မတွေ့ရ၍ အနည်းငယ် စိတ်အားလျော့သွားသည်။

"လာလည်တာ ဝမ်းသာပါတယ် အေဘယ်၊ ထိုင်ပါ"

ပလာဇာဟိုတယ်တွင် အေဘယ် လေးနှစ်ကျော်ကျော် လုပ်ကိုင်လာခဲ့သည့် ကာလအတွင်း ယခုအကြိမ်သည် ဧည့်သည်တစ်ယောက်နှင့်အတူ ထိုင်၍ ပထမဆုံးစကား ပြောရသောအကြိမ်ပင်

ဖြစ်သည်။

"ဒီမှာလုပ်တာ ဘယ်လောက်ပေးသလဲ" မစ္စတာလီရှိုင်းက လိုရင်းကိုမေးသည်။ အေဘယ်က အံ့သြသွားမိသည်။

"ဘောက်ဆူးအပြင် တစ်ပတ်ကို ၂၅ ဒေါ်လာ ပေးပါတယ်"

"ငါက တစ်ပတ်ကို ၃၅ ဒေါ်လာ ပေးပါ့မယ်"

"ကျွန်တော် ဘယ်ဟိုတယ်မှာ လုပ်ရမှာလဲခင်ဗျာ"

"မင်းအရည်အသွေးကို အကဲခတ်ပြီး ငါ အမှန်အတိုင်း ပြောရရင် မင်းက ဒီနေ့ သုံးနာရီခွဲမှာ အလုပ်တာဝန်ပြီးတယ်၊ နောက်နာရီဝက်အတွင်းမှာ ငါ့ဟိုတယ်လုပ်ငန်းအကြောင်း စုံစမ်းထောက်လှမ်းခဲ့တယ်၊ ငါပြောတာ ဟုတ်ရဲ့လား"

အေဘယ်က အဘိုးကြီးကို သဘောကျသွားသည်။

"ဟုတ်ပါတယ် ခင်ဗျာ၊ ရှီကာဂိုက 'ရစ်ချ်မွန့်ကွန်တီနင်တယ်'ပါ"

"ဟုတ်ရမယ်လေ၊ ဟုတ်ရမှာပေါ့"

အေဘယ်က အမြန်ဆုံး စိတ်ကိုအလုပ်ပေးပြီး မေးလိုက်သည်။

"ဟိုတယ် အမှုထမ်းတွေထဲမှာ လက်ထောက်မန်နေဂျာအထက်က လူဘယ်နှစ်ယောက်ရှိပါသေးသလဲ"

"မန်နေဂျာနဲ့ ငါပဲရှိတယ်၊ မန်နေဂျာက လူအေးတစ်ယောက်ပါ၊ ပင်စင်ယူခါလဲ နီးနေပြီ၊ ငါက ရှီကာဂိုဟိုတယ်ကို အကြိုက်ဆုံးပဲ၊ ဒါပေမယ့် တခြားဟိုတယ်ဆယ်ခုကိုလဲ လှည့်ပြီးကြီးကြပ်ရသေးတယ်၊ မယ်လာနီကလဲ ရှီကာဂိုမှာပဲ ကျောင်းတက်နေတော့ ငါ့အနေနဲ့ လိုအပ်တာထက်ပိုပြီး ရှီကာဂို ဟိုဘက်မှာ အချိန်ကုန်နေရတယ်၊ ရှီကာဂိုဟိုတယ်က အမေရိကန်ပြည် မြောက်ပိုင်းမှာ ငါ့ရဲ့ ပထမဆုံး ဟိုတယ်လဲဖြစ်တယ်၊ နယူးယောက်သားတွေက ရှီကာဂိုမြို့ကို သိပ်အထင်မကြီးကြဘူး၊ သူတို့က ရှီကာဂိုမြို့ကို စာအိတ်ကြီးတစ်အိတ်ပေါ်က တံဆိပ်ခေါင်းလောက်ပဲ သဘောထားကြတယ်၊ သူတို့ကိုယ် သူတို့ စာအိတ်ကြီးဖြစ်နေတာတော့ မသိကြဘူး။

အေဘယ်က ပြုံးမိသည်။

"လောလောဆယ်မှာ ဟိုတယ်က လုပ်ငန်းသိပ်မအောင်မြင်ဘူး၊ နောက်ဆုံး လက်ထောက်မန်နေဂျာ လုပ်တဲ့လူကလဲ ဘာမပြောညာမပြောနဲ့ အလုပ်က နုတ်ထွက်သွားတယ်၊ ဒါကြောင့်မို့လို့ သူ့နေရာမှာ လူကောင်းတစ်ယောက် အမြန်ဆုံးလိုနေတယ်၊ ဟိုတယ်တစ်ခုလုံး အစွမ်းကုန်လည်ပတ်အောင် ဦးဆောင်နိုင်မယ့် လူစားမျိုးပဲလိုချင်တယ်၊ အဲဒီတော့ ငါပြောမယ် အေဘယ်၊ ငါဟာ မင်းအရည်အသွေးကို စောင့်ကြည့်နေတာ ငါးရက်တိတိရှိပြီ၊ မင်းဟာ ငါလိုချင်တဲ့လူပဲ၊ အဲဒီတော့ ရှီကာဂိုကို မလာချင်ဘူးလား၊ ဘယ့်နယ်လဲ"

"ကျွန်တော့်ကို တစ်ပတ်မှာ ဒေါ်လာ လေးဆယ်နဲ့ အမြတ်ငွေထဲက ဆယ်ရာခိုင်နှုန်းပေးပါ၊ အဲဒါဆိုရင် ကျွန်တော်လုပ်မယ်"

"ဘာ ဘာ ဘယ်လို" မစ္စတာလီရှိုင်းက အံ့အားသင့်သွားသည်။ 'ငါ့ဟိုတယ်တွေမှာ ဘယ်မန်နေဂျာကိုမှ အမြတ်ငွေပေါ်က ရာခိုင်နှုန်းနဲ့မပေးဘူး။ မင်းတစ်ယောက်တည်းကိုသာ

ကွက်ပေးရင် ကျွန်လူတွေ မီးတောက်ကုန်ကြလိမ့်မယ်"

"မစ္စတာလီရှိုင်းကသာ သူတို့ကို ပြန်မပြောရင် ကျွန်တော်ကလဲ ဘယ်တော့မှ ပြန်မပြောပါဘူး"

"ငါက လူမှန်နေရာမှန်တော့ ရွေးပြီးပြီ၊ ဒါပေမယ့် ကိုယ့်လူက သိပ်ပြီး ကြေးကြီးတောင်းနေတာကိုး" သူက ကုလားထိုင်လက်တန်းကို လက်ဝါးနှင့် တစ်ချက်ပုတ်လိုက်ပြီး "ကောင်းပြီလေ၊ မင်းတောင်းတာ ငါသဘောတူပါတယ်"

"ထောက်ခံစာ လိုပါသေးသလား ခင်ဗျာ"

"ဘာထောက်ခံစာလဲ၊ မလိုပါဘူး၊ မင်းအကြောင်း ငါအားလုံး သိထားပြီးပြီ၊ မင်းပိုလန်က ထွက်လာတဲ့နေ့ကစပြီး နောက်ဆုံး ကိုလံဘီယာ တက္ကသိုလ်က စီးပွားရေးဝိဇ္ဇာဘွဲ့ရထားပြီးတဲ့အထိ အကုန်သိပြီးပြီ၊ ထောက်ခံစာတောင်းနေရမယ့် လူမျိုးကို ငါ့ဟိုတယ်မှာ ဘယ်တော့မှ မလိုချင်ဘူး၊ ဒီတော့ မင်း ဘယ်နေ့ အလုပ်စဝင်မလဲ"

"ဒီနေ့ကစပြီး တစ်လမြောက်တဲ့နေ့"

"ကောင်းပြီ၊ မင်းကို ငါမျှော်နေမယ်၊ တစ်လပြည့်တဲ့နေ့မှာ ဆက်ဆက်လာခဲ့ပါ"

အေဘယ်က ကုလားထိုင်မှ ပြန်ထသည်။ သူတော်တော် ဝမ်းသာနေသည်။ မစ္စတာလီရှိုင်းနှင့် လှိုက်လှဲဝမ်းသာလက်ဆွဲနှုတ်ဆက်သည်။ ပြီးတော့ ယုံကြည်မှုအပြည့်နှင့် အခန်းထဲမှ ပြန်ထွက်လာခဲ့လေသည်။

◇ ◇ ◇

အေဘယ်အဖို့ ပိုလန်နိုင်ငံ၊ ဆလိုနင်မြို့ကလေးမှ ထွက်ခွာလာခဲ့ပြီးသည့်နောက်ပိုင်းတွင် နယူးယောက်မြို့သည် ဒုတိယမြောက် ဇာတိချက်ကြွေ မွေးရပ်မြေလို ဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း နယူးယောက်မြို့နှင့် ပလာဇာဟိုတယ်တို့ကို ခွဲခွာပြီး ရှီကာဂိုမြို့သို့ သွားရမည်ဆိုသောအခါ သူ့အဖို့ မျှော်လင့်ထားသည်ထက်ပို၍ စိတ်ထဲတွင် ထိထိခိုက်ခိုက်ခံစားရသည်။

သို့သော်လည်း တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသည့်အတိုင်း မိမိ၏ အနာဂတ်ဘဝကောင်းကျိုးအတွက် လူမှန်လျှင် ရေကြည်ရာ မြက်နုရာကို ရှာကြရမည်ပင် မဟုတ်ပါလား။

သူသည် ရှီကာဂိုမြို့သို့မသွားမီ သူငယ်ချင်း ဂျော့နှင့် မိုနီကာတို့ကိုလည်းကောင်း၊ ကိုလံဘီယာတက္ကသိုလ်မှ မိတ်ဆွေများကိုလည်းကောင်း စိတ်မကောင်းစွာဖြင့် သွားရောက်နှုတ်ဆက်သည်။ သူတို့အားလုံးကလည်း သူ့လိုပင် စိတ်မကောင်းခြင်းဖြစ်ကြရသည်။

ပလာဇာဟိုတယ်မှ စားပွဲထိုးမှူး ဆန်မီနှင့် လုပ်ဖော်ကိုင်ဖက်များကမူ အေဘယ်အတွက် နှုတ်ဆက်ပွဲကလေးတစ်ခုပင် ကျင်းပလိုက်ကြသေးသည်။

"တို့အံ့နေနဲ့ မင်းရဲ့ ကောင်းရာ ကောင်းကြောင်း သတင်းကောင်းကို အမြဲတမ်းကြားနေရပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ် အေဘယ်ရို့နော့စကီး"

ဆန်မီ၏ နှုတ်ဆက်စကားကို အားလုံးကပင် ခေါင်းညိတ်သဘောတူကြသည်။

◇ ◇ ◇

"ရစ်ချ်မွန့်ကွန်တီနင်တယ်" ဟိုတယ်သည် ရှိကာဂိုမြို့လယ် လူစည်ကားသော မစ်ရှိဂန်ရိပ်သာ လမ်းပေါ်တွင် တည်ရှိသည်။ အေဘယ်က ဟိုတယ်ကြီးကိုကြည့်ပြီး အလွန်သဘောကျနေမိသည်။ ခမ်းနားသော ဟိုတယ်ကြီးကို မြင်ရတော့ သူက ကမ္ဘာကျော် ဟိုတယ်လုပ်ငန်းပိုင်ရှင် သူဌေးကြီး မစ္စတာ အယ်လ်စ်ဝပ်စတက်တလာ ပြောလေ့ရှိသော ဆောင်ပုဒ်ကို သတိရမိသည်။

**"ဟိုတယ်တစ်ခု တည်ထောင်ရင် အချက်သုံးချက်နဲ့ ပြည့်စုံရမယ်၊ ပထမအချက် အဆင့်အတန်းမြင့်ရမယ်၊ ဒုတိယအချက် အဆင့်အတန်း မြင့်ရမယ်၊ တတိယအချက် အဆင့်အတန်း မြင့်ရမယ်"**

ရစ်ချ်မွန့်ဟိုတယ်နှင့် ပတ်သက်၍ အဆင့်အတန်းမြင့်တာတစ်ခုမှလွဲပြီး တခြား ဘာမှ မရှိသည်ကို အေဘယ် ရက်ပိုင်းအတွင်း သိရှိလာရသည်။ မစ္စတာလီရှိုင်းကလည်း သည်အချက်ကို သဘောပေါက်ထားပြီးဖြစ်သည်။ ဟိုတယ်ကကောင်းသလောက် အမှုထမ်းများဘက်မှ အားနည်းနေသည်။

မန်နေဂျာ ဒက်စ်မွန်စါစီမှာ မစ္စတာ လီရှိုင်းပြောသလို လူအေးတစ်ယောက်မဟုတ်ဘဲ လူပျင်းတစ်ယောက်သာဖြစ်ကြောင်း သိလာရသည်။ သူက အေဘယ်အား အခန်းကောင်းကောင်း မပေးပဲ လမ်းဘက်သို့ ထိုးထွက်နေသော အခန်းကျဉ်းကလေးတစ်ခုကိုသာ ပေးသည်။ သဘောမှာ ပင်မဟိုတယ်ကြီးနှင့် ခပ်ဝေးဝေးထားချင်သည့် သဘောဖြစ်သည်။

အေဘယ်က ငွေစာရင်းစာအုပ်များနှင့် တည်းခိုသူ မှတ်ပုံတင်စာအုပ်များကို စစ်ဆေးကြည့်သည်။ သည်ဟိုတယ်၏ နေ့စဉ်လုပ်ငန်းမှာ လုပ်နိုင်စွမ်းရည်၏ ၄၀ ရာခိုင်နှုန်းမျှသာရှိနေသည်။ စားသောက်ခန်းတွင်လည်း တစ်နေ့မှ လူအပြည့် မရောက်။ ဟိုတယ်အမှုထမ်းတွေကလည်း နိုင်ငံခြားသားမျိုးစုံ ရောပြွန်းနေသည်။ သူတို့က အင်္ဂလိပ်စကားကိုလည်း လိုလိုချင်ချင် ပြောချင်ပုံမရကြ။ သူတို့သည် နယူးယောက်မှ ရောက်လာသော ပိုလန်သားစားပွဲထိုးကလေးကို သိပ်ပြီး ဟက်ဟက်ပက်ပက်မလုပ်ချင်ကြကြောင်းကိုလည်း သူတို့၏ အမူအရာကြည့်၍ သိသာသည်။

ထို့ကြောင့်လည်း နောက်ဆုံးလက်ထောက်မန်နေဂျာ ဆိုင်းမဆင့် ဗုံမဆင့် အလုပ်မှ နှုတ်ထွက်သွားခြင်းဖြစ်မည်ဟု အေဘယ်က မှတ်ချက်ချလိုက်မိသည်။

မစ္စတာ လီရှိုင်းအကြိုက်ဆုံးဖြစ်သော ရှိကာဂိုဟိုတယ်သည်ပင် သည်လို အခြေအနေမျိုးရောက်နေလျှင် တခြားဟိုတယ် ဆယ်ခု၏ အခြေအနေ ဘယ်လိုရှိမည်ဆိုသည်ကို အထူးစဉ်းစားစရာပင် မလိုတော့။

ရှိကာဂိုသို့ အေဘယ်ရောက်လာပြီးနောက် ရက်ပိုင်းအတွင်း သိရှိရသော မင်္ဂလာသတင်းကောင်းကတော့ မယ်လာနီသည် မစ္စတာ လီရှိုင်း၏ တစ်ဦးတည်းသော သမီးဖြစ်သည်ဟူသော အချက်ပင်တည်း။

✣

## (၁၄)

ဝီလျံနှင့် မက်သယူးတို့သည် ၁၉၂၄ ခုနှစ် ဆောင်းဦးပေါက်တွင် ဟားဗတ်တက္ကသိုလ်၏ သစ်လွင်ကျောင်းသားများဖြစ်လာခဲ့ကြသည်။

ဝီလျံသည် အဘွားနှစ်ယောက်က သဘောမတူသည့်ကြားမှ ဟင်မီလ်တန်ပညာသင်ဆုကို လက်ခံယူခဲ့သည်။ သူသည် ဤဆုကို လက်ခံခြင်းဖြင့် တစ်နှစ်အတွက် ထောက်ပံ့ကြေးငွေ ဒေါ်လာ ၂၉၀ ရရှိသည်။ ဖို့ဒ်ကုမ္ပဏီမှ နောက်ဆုံးထုတ် 'တီမိုဒယ်ဒေဗီ' ကားကလေးတစ်စီး ဝယ်သည်။ ကားကလေးကို အဝါရင့်ရောင် ပြန်သုတ်ရာ ကားခ၏ တစ်ဝက်ခန့် ကုန်ကျသည်။

ဝီလျံနှင့် မက်သယူးတို့သည် နှစ်ယောက်စလုံး ဉာဏ်ထက်ကြသော်လည်း မက်သယူးက အားကစားဘက်ကိုသာ သဲသဲမဲမဲ လိုက်နေသည်။ ဝီလျံကတော့ ကျောင်းစာကိုသာ အဓိကထားသည်။

ဝီလျံသည် မောင်မယ်သစ်လွင် စကားရည်လုပွဲ အသင်းတွင်လည်း ဥက္ကဋ္ဌအဖြစ် အရွေး ခံရသည်။ အဘွားကိန်း၏ မောင်ဝမ်းကွဲဖြစ်သူ လိုဝယ်သည် ဟားဗတ် တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ တွင် ဥက္ကဋ္ဌဖြစ်သည်။ ဝီလျံသည် တက္ကသိုလ်ကျောင်းသားများအနေဖြင့် အသက်အာမခံထားရန် စီမံကိန်းကို ပထမဆုံးအဖြစ် အကောင်အထည် ဖော်လိုကြောင်း သူ့အဘိုးလေးအား တင်ပြသည်။ ဝီလျံ၏ အကြောင်းပြချက် ခိုင်လုံသဖြင့် သူ့အဘိုးလေးကလည်း ရှောရှောရှူရှူပင် သဘောတူသည်။ ကျောင်းသားတစ်ယောက်အတွက် တစ်ပတ်လျှင် တစ်ဒေါ်လာပင် မပြည့်သဖြင့် အသုံးစရိတ် ကို မထိခိုက်နိုင်။ ဝီလျံ၏ ကြိုးပမ်းမှုကြောင့် ကျောင်းသားအများစု အသက်အာမခံထားလာကြ သည်။ သူ့လုပ်ငန်းအတွက် တက္ကသိုလ်အနေဖြင့်လည်း တစ်နှစ်လျှင် ဒေါ်လာ သုံးသန်းခန့် ဝင် ငွေတိုးလာသည်။

တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ သူ့အဘိုးလေးက ဝီလျံ၏ စီမံကိန်းကို အပြည့် အဝ ထောက်ခံအားပေးသည်။ နောက်တစ်နှစ်ကြာသောအခါ ဝီလျံအား တက္ကသိုလ်ရန်ပုံငွေရှာဖွေရေး

ကော်မတီတွင် အဖွဲ့အဝင်အဖြစ် ခန့်လိုက်သည်။

ဝီလျံက သူ့အား ယင်းသို့ ခန့်ထားသည့်အတွက် ဂုဏ်ယူဝမ်းသာမိသည်။ သို့သော် ယင်းရာထူးမှာ ရာသက်ပန် ခန့်ထားခြင်းဖြစ်ကြောင်း သူက နောက်မှ သိရှိရသည်။ ဝီလျံသည် မိသားစုမျိုးဆက်တွင် စီးပွားရေးဦးနှောက်အရှိဆုံး လူငယ်တစ်ယောက်ဖြစ်သည်ဟု သူ့အဘိုးလေးက အစ်မဝမ်းကွဲဖြစ်သူ အဘွားကိန်းထံသို့ စာရေးအကြောင်းကြားသည်။

အဘွားကြီးက သူမ၏ မောင်ဖြစ်သူထံသို့ ပြန်စာတွင် 'ငှက်ပျောပင်စိုက် မိလိုက်ဖပါ ဆိုတာ ဒါပဲပေါ့၊ သည်အရွယ်က အခြေခံကျေထားမှ အရွယ်ရောက်တဲ့အခါ မိသားစုလုပ်ငန်းကြီး တစ်ခုလုံးကို ပိုင်ပိုင်နိုင်နိုင် အုပ်ချုပ်နိုင်မယ်" ဟူ၍ ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြန်ရေးလိုက်သည်။

✧ ✧ ✧

၁၉၂၇ ခုနှစ်၊ ဧပြီ ၁၈ ရက်နေ့တွင် ဝီလျံသည် အသက် ၂၁ ပြည့်သည်။ ထိုနေ့တွင် သူ၏ ဘဏ္ဍာထိန်းအဖွဲ့ နောက်ဆုံးအစည်းအဝေးသို့ တက်ရောက်ခြင်းဖြင့် သူ့မွေးနေ့ကို ဂုဏ်ပြုသည်။ ဘဏ်ဥက္ကဋ္ဌအလန်လွိုက်နှင့် ရင်းနှီးမြှုပ်နှံရေး ဒါရိုက်တာလူကြီး တိုနီဆိုင်မွန်တို့က ဝီလျံလက်မှတ်ထိုးရန် စာရွက်စာတမ်းများကို အဆင်သင့် ကြိုတင်ပြင်ဆင်ထားကြသည်။

"ကဲ… ဝီလျံ၊ ဒီအချိန်ကစပြီး လုပ်ငန်းတာဝန်အားလုံး မင်းပခုံးပေါ်ရောက်လာပြီ၊ တို့လုပ်ခဲ့သလို မင်းလဲ အောင်အောင်မြင်မြင် လုပ်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဘဏ္ဍာထိန်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ မိလီပရက်စတန်က သူ့မ၏ ပခုံးပေါ်တင်ထားသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ကျသွားသည့်အလား ပြောလိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော်လဲ အဲဒီလို မျှော်လင့်ပါတယ် ခင်ဗျား၊ ဒါပေမယ့် ကျွန်တော့်ကြောင့် နေ့ချင်းညချင်း ဒေါ်လာ ငါးသိန်းလောက် ဆုံးရှုံးသွားခဲ့တဲ့အခါ ဘယ်သူ့ဆီ အကူအညီပြေးတောင်းရမယ်ဆိုတာကတော့ ကျွန်တော် ကြိုသိထားဖို့လိုပါလိမ့်မယ်"

ဝီလျံ၏ သရော်စကားကြောင့် မစ္စက်ပရက်စတန် မျက်နှာကြီး နီရဲသွားသည်။ သို့သော် သူမက ဘယ်လိုမှ ပြန်မပြောဘဲ ငြိမ်၍သာ နေလိုက်သည်။

ယခုအခါ ဘဏ္ဍာထိန်းငွေ စုစုပေါင်းမှာ ဒေါ်လာ ၂၈ သန်းကျော် ရှိနေပြီ။ ထိုငွေများကို ဘယ်လုပ်ငန်းများတွင် မြှုပ်နှံရင်းနှီးရမည်ဆိုသော အနာဂတ် စီမံကိန်းကို ဝီလျံက ကြိုတင်စဉ်းစားထားပြီးဖြစ်သည်။ သူ ဟားဗတ်တက္ကသိုလ်မှ မထွက်ခင် ကာလအတွင်း ကိုယ်ပိုင်ရင်းနှီးမှုဖြင့် အနည်းဆုံး ဒေါ်လာတစ်သန်းအထိ ရရှိရန်ကိုလည်း အတိအကျ စီမံကိန်းချထားပြီးဖြစ်သည်။ ယင်းငွေမှာ ဘဏ္ဍာထိန်းအဖွဲ့ငွေနှင့် ယှဉ်ကြည့်လျှင် အသေးအဖွဲ့မျှသာ ဖြစ်သည်။ သို့သော် ယင်းသို့ ကိုယ်ပိုင် ရင်းနှီးမြှုပ်နှံခြင်းကြောင့် သူ့အနေဖြင့် ရရှိသော အတွေ့အကြုံမှာကား တန်ဖိုးမဖြတ်နိုင်ချေ။

ထိုနှစ် နွေရာသီကျောင်းပိတ်ရက်အတွင်း ဝီလျံနှင့် မက်သယူးတို့အား အဘွားနှစ်ယောက်က ဥရောပသို့ လေ့လာရေးခရီးထွက်ခိုင်းသည်။ ကျောင်းအားရက်တွင် စိတ်လေပြီး မိန်းကလေး

တွေနှင့် အပျော်လျှောက်တွဲနေမည့်အစား နိုင်ငံခြားဗဟုသုတရရန် ရည်ရွယ်သောကြောင့်ဖြစ်သည်။

ဥရောပခရီးသည် နှစ်ယောက်စလုံးအတွက် အကျိုးရှိသည်။ မက်သယူးက ဘာသာစကားတော်တော်များများ တတ်ကျွမ်းသူဖြစ်၍ ရောက်လေရာမြို့တိုင်းတွင် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်နေသည်။ 'အချစ်ဆိုတာ နိုင်ငံတကာ စားသုံးကုန်ပစ္စည်းပဲကွ' ဟု ဝီလျံအား သူ့အဘိဓမ္မာကို ဖွင့်ဆိုပြောပြသည်။ ဝီလျံကတော့ မက်သယူးလို 'မ'မပွေ၊ အချိန်ရတိုင်း ဘဏ်တိုက်ကြီးများ၏ ဒါရိုက်လူကြီးများနှင့်သာ သွားရောက်၍ ဆွေးနွေးသည်။ ဗဟုသုတယူသည်။ 'ပိုက်ဆံဆိုတာလဲ နိုင်ငံတကာကြိုက် ပစ္စည်းတစ်ခုပါပဲ မက်သယူး" ဟူ၍ သူက ပြန်ပြောသည်။

သူငယ်ချင်းနှစ်ယောက်သည် လန်ဒန်၊ ဘာလင်၊ ရောမ စသော မြို့ကြီးများကို အိမ်ဦးနှင့် ကြမ်းပြင်ပမာ လည်ပတ်လေ့လာခဲ့သည်။ မြို့တိုင်းလိုလိုတွင် မက်သယူးက မိန်းကလေးတွေကို အသည်းခွဲပစ်ခဲ့သည်။ ဝီလျံကတော့ ဘဏ်လုပ်ငန်းပိုင်ရှင်ကြီးများက ဘယ်တော့မှ မမေ့နိုင်သော အရည်အချင်းများကို ပြသခဲ့သည်။

စက်တင်ဘာလတွင် ဟားဗတ်တက္ကသိုလ်သို့ ပြန်ရောက်သောအခါ နောက်ဆုံးနှစ်စာမေးပွဲအတွက် ကျောင်းသုံးစာအုပ်တွေ တစ်ပုံတစ်ခေါင်းကြီးက သူတို့အား အသင့်ကြိုဆိုလျက်ရှိကြသည်။

✧ ✧ ✧

၁၉၂၇ ခုနှစ်၊ ဆောင်းတွင်းတွင် အဘွားကိန်း ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် အသက် ၈၅ နှစ်ရှိပြီ။ ဝီလျံသည် မိခင်ဆုံးစဉ်က တစ်သက်တာတွင် ပထမအကြိမ် ငိုခဲ့သည်။ ယခု အဘွားဆုံးသောအခါ ဒုတိယအကြိမ် ငိုရပြန်သည်။

ဝီလျံ၏ ကြေကွဲမှုအတိုင်းအတာကို အနီးကပ်ဆုံး သိရှိခံစားရသော မက်သယူးက သူ့မိတ်ဆွေအား နှစ်သိမ့်စကားဆိုသည်။

"ဖြစ်ပြီးခဲ့တာတွေ မေ့ပစ်လိုက်တာ ကိုယ့်အတွက် အကောင်းဆုံးပါပဲ ဝီလျံ၊ တကယ်တော့ မင်းအဘွားဟာ ကြွေချိန်တန်လို့ ကြွေသွားတာပါ၊ မင်းကိုလဲ လူလားမြောက်အောင်အထိ ပြုစုစောင့်ရှောက်ခဲ့ပြီးပါပြီ၊ သူ့အနေနဲ့လဲ သေရကျိုးနပ်ပါတယ်၊ မင်းအနေနဲ့လဲ ဖြေရကျိုးနပ်ပါတယ် သူငယ်ချင်းရာ"

ဘယ်လိုပင်ဖြေဖြေ ဝီလျံအဖို့တော့ အချစ်ဆုံးအဘွားအတွက် ဖြေမပြေနိုင်သော အချက်တွေ အများကြီးရှိသည်။ အဘွားမရှိတော့မှ အဘွားကျေးဇူးကို ပို၍ အောက်မေ့မိသည်။ အဘွားဆိုဆုံးမခဲ့သော အဖိုးတန် ဩဝါဒစကားများကို ပို၍ သတိရမိသည်။

သူက အဘွားကျေးဇူးကို မမေ့သည့်အနေဖြင့် 'အသုဘအခမ်းအနား'ကို ကြီးကြီးကျယ်ကျယ် ပြုလုပ် ပြီး ခမ်းခမ်းနားနား သင်္ဂြိုလ်သည်။ အဘွားသာ မြင်လိုက်ရလျှင် ဝမ်းသာ ဂုဏ်ယူရမည့် အခမ်းအနားမျိုးပင် ဖြစ်သည်။

အဘွားကိန်း ကွယ်လွန်ပြီးသည့်နောက်တွင် အဘွား၏ မေတ္တာ စေတနာတို့ကို တုံ့ပြန်သောအားဖြင့် ကျောင်းစာကို ဆတက်ထမ်းပိုး တိုး၍ ကြိုးစားသည်။ သည်နှစ်သည် သူ့အဖို့

ဟားဗတ်တက္ကသိုလ်တွင် နောက်ဆုံးနှစ်ဖြစ်သည်။ အဘွားကျေးဇူးကို ပြန်ဆပ်သည့်အနေပြင့် သင်္ချာဘာသာတွင် ထိပ်ဆုံးအဆင့်ထိရအောင် ကြိုးစားရန်လည်း အလေးအနက် သိန္နိဋ္ဌာန်ချလိုက်သည်။

နောက်ခြောက်လခန့်ကြာတော့ အဘွားကဘော့ ကွယ်လွန်သွားပြန်သည်၊ တိုးတိုးဖော် စကားပြောစရာလူမရှိတော့၍ စိတ်ပျက် အားငယ်ပြီး ကွယ်လွန်သွားခြင်းဖြစ်သည်ဟု ဝီလျံက ယုံကြည်သည်။

◇ ◇ ◇

ဝီလျံနှင့် မက်သယူးတို့သည် နောက်ဆုံး စာမေးပွဲကြီးအတွက် လပေါင်းများစွာ မအိပ်မနေ စာကျက်ကြသည်။ သို့ပေမယ့် သူတို့သည် စာမေးပွဲအတွက် အဆင်သင့်မဖြစ်သေးဟု နှစ်ယောက်စလုံးကပင် ထင်ကြသည်။

သည်လိုနှင့်ပင် စာမေးပွဲနှင့် ရင်ဆိုင်ကြရတော့သည်။ ခြောက်ရက်တိတိ အကြိတ်အနယ် ဖြေကြရသည်။

စာမေးပွဲဖြေပြီးတော့ အောင်စာရင်းထွက်မည့်ရက်ကို ရင်တဖိုဖိုနှင့် စောင့်ကြရသည်။ သူတို့၏ ရင်ဖိုမှုမှာ အချည်းနှီးတော့မဖြစ်၊ အဘယ်ကြောင့်ဆိုသော် ၁၉၂၈ ခုနှစ်၊ ဇွန်လတွင် သူတို့နှစ်ယောက်လုံး ဟားဗတ်တက္ကသိုလ်မှ ဘွဲ့ရကြသောကြောင့်ဖြစ်သည်။

နောက်တစ်ပတ်ခန့်ကြာသောအခါ ဝီလျံအား တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ သင်္ချာထူးချွန်ဆုကို ချီးမြှင့်လိုက်ကြောင်း ကြေငြာချက်ထွက်လာသည်။ ဆုပေးပွဲတွင် သူ့ဖခင်ရှိနေခဲ့လျှင် ဘယ်လောက်များ ဂုဏ်ယူလိမ့်မလဲဟု ဝီလျံက တွေးမိသည်။ မက်သယူးကတော့ တတိယဆင့်လောက်သာ ချိတ်သည်။ သည်အတွက် သူ့ကိုယ်သူလည်း ကျေနပ်သည်။ တခြားလူတွေကလည်း အံ့သြခြင်းမဖြစ်ကြ။

သူတို့နှစ်ယောက်သည် နောက်ထပ် ပညာဆက်သင်ရန် စိတ်မဝင်စားကြတော့၊ အလုပ်ခွင်သို့ အမြန်ဆုံးဝင်ရန်ကိုသာ အားသန်နေကြတော့သည်။

ထိုအချိန်တွင် ဝီလျံမှာ ကိုယ်ပိုင်ဘဏ်ငွေ တစ်သန်းကျော်မျှ ရှိနေလေပြီ။ ဝီလျံက သူ၏ အနာဂတ်စီးပွားရေးစီမံကိန်းကို မက်သယူးနှင့် ဆွေးနွေးသည်။ သူက လက်စတာဘဏ်ကို ကိန်းနှင့် ကဘော့ဘဏ်နှင့် ပေါင်းပစ်ချင်သည်။

မက်သယူးကလည်း ဝီလျံ၏ အကြံကို သဘောကျသည်။

"မင်းအကြံဟာ အကောင်းဆုံးအကြံပဲ ဝီလျံ၊ ဒါမှ ငါ့အဖေက သူမသေခင် ငါ့အနာဂတ်ဘဝအတွက် စိတ်ချသွားမှာ"ဟုလည်း သူ့ခံစားချက်ကို အမှန်အတိုင်း ဖွင့်ဟဝန်ခံသည်။

ဘွဲ့နှင်းသဘင် အခမ်းအနားသို့ အလန်လွိုက်လည်း တက်ရောက်သည်။ ယခုအခါ အလန်လွိုက်မှာ အသက် ၆၀ အရွယ် အဘိုးကြီးဘဝ ရောက်နေပြီ။ အခန်းအနားပြီးသောအခါ ဝီလျံက အလန်အား လက်ဖက်ရည်သောက်သွားရန် ဖိတ်ခေါ်သည်။ အလန်က အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းနှင့် ခန့်ချောချောနေသော ဝီလျံအား ချစ်ခင်စွာဖြင့် ရွှန်းရွှန်းစားစား

ကြည့်နေသည်။

"ဒီတော့ မင်းအနေနဲ့ ပညာတော့ ပြည့်စုံသွားပြီ ဝီလျံ၊ ဘာလုပ်မယ် စိတ်ကူးထားသလဲ"

"ကျွန်တော် နယူးယောက်က လက်စတာဘဏ်မှာ သွားလုပ်မယ်လို့ စိတ်ကူးထားတယ် အလန်၊ နောက်သုံးလေးနှစ်ဆိုရင် ကျွန်တော်တို့ဘဏ်ကို ဝင်ရမယ်ဆိုတော့ အတွေ့အကြုံရတာပေါ့"

"မင်းစိတ်ကူးတာ မှန်တော့ မှန်ပါတယ်၊ ဒါပေမယ့် မင်းက ၁၂ နှစ်သားကတည်းက ကျောင်းအားရက်တိုင်း လက်စတာဘဏ်မှာ ဝင်လုပ်နေခဲ့ပြီးပြီပဲ၊ ဘာလို့ အချိန်ကုန်ခံနေဦးမှာလဲ၊ တစ်ခါတည်း ကိုယ့်ဘဏ်မှာပဲ ဝင်လုပ်လိုက်တာ ပိုမကောင်းဘူးလား၊ မင်းဝင်လာရင် တို့က ချက်ချင်း ဒါရိုက်တာခန့်မှာပဲ"

ဝီလျံက ဘာမှပြန်မပြော။ အလန်လွှိုက်၏ ရက်ရောသော ကမ်းလှမ်းစကားကြောင့် သူ့အနေဖြင့် အံ့ဩ၍ပင် သွားမိသည်။ သူက တစ်နေ့တွင် ဖြစ်ကိုဖြစ်ရမည်ဟု ရည်မှန်းချက်တော့ရှိသည်။ သို့သော် အသက် ၂၅ နှစ်မပြည့်ခင်မှာ သူ့အား ဒါရိုက်တာလူကြီးအဖြစ် တိုက်ရိုက်ခန့်ထားလိမ့်မည်ဟူ၍ကား လုံးဝမမျှော်လင့်ခဲ့သည် အမှန်။ သူ့ဖခင်သည်လည်း အသက် ၂၅ နှစ်ရောက်မှသာ ယင်းရာထူးကို ရခဲ့သည်မဟုတ်လား။

အလန်က ဝီလျံ၏အဖြေကို စောင့်နေသည်။ ဝီလျံ နှုတ်ဆိတ်မြဲ ဆိတ်နေတော့ သူက ပင် ဆက်ပြောသည်။

"ကဲ... ပြောပါဦးလေ၊ ဒီအတိုင်း ငြိမ်နေလို့ ဘယ်ဖြစ်မလဲ"

"ကျွန်တော် အသက် ၂၅ နှစ်မပြည့်ခင် ဒီရာထူးမှာ ခန့်လိမ့်မယ်လို့ ကျွန်တော် လုံးဝ မမျှော်လင့်ခဲ့ဘူး အလန်၊ ပြီးတော့ ကျွန်တော့်ဖေဖေလဲ..."

"ဟုတ်ပါတယ်၊ မင်းအဖေဟာ အသက် ၂၅ နှစ်ရောက်မှ ဒီရာထူးမှာ ခန့်အပ်ခံခဲ့ရတာ မှန်ပါတယ်၊ ဒါပေမယ့် အဲဒီအကြောင်းကြောင့် မင်းကိုလဲ အသက် ၂၅ နှစ်ပြည့်မှ ခန့်ရမယ် ဆိုတဲ့ စည်းကမ်းသတ်မှတ်ချက် မရှိပါဘူး၊ အရေးကြီးတာက တခြားဒါရိုက်တာလူကြီးတွေက လက်ခံဖို့ပဲ အဓိကပါ၊ သူတို့က လက်ခံကြမယ်ဆိုတာကိုလဲ ငါသိပြီးသားပါ၊ ဘာပဲဖြစ်ဖြစ် ငါ က မင်းကို ဒါရိုက်တာလူကြီးအဖြစ် အမြန်ဆုံး ခန့်ချင်ရတဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြောင်းကလဲ ရှိနေတယ်၊ နောက်ငါးနှစ်ဆိုရင် ငါက အငြိမ်းစားယူရတော့မယ်၊ ဒါကြောင့် အသင့်တော်ဆုံး ဥက္ကဋ္ဌလောင်းကို အခုကတည်းက ကြိုတင်မွေးထားချင်တယ်၊ အဲဒီတော့... အဲဒီငါးနှစ်အတွင်းမှာ မင်းက လက်စတာဘဏ်မှာ သွားပြီး အချိန်ဖြုန်းနေမယ့်အစား ကိုယ့်ဘဏ်မှာပဲ ဝင်လုပ်နေမှ အချိန်ရောက်တဲ့အခါ အဆင်သင့်ဖြစ်နေမယ် မဟုတ်လား၊ ကဲ ဒီတော့ ဘယ်လိုသဘောရသလဲ၊ လုပ်မယ် မဟုတ်လား"

သည်အချိန်မှာ ဖေဖေရှိနေခဲ့ရင် သိပ်ကောင်းမှာပဲဟူ၍ ဝီလျံက ဒုတိယအကြိမ် ကျိတ်၍ တောင့်တလိုက်မိပြန်သည်။

"ဟုတ်ကဲ့ ကျွန်တော် ဝမ်းမြောက်ဝမ်းသာ လက်ခံပါတယ် ခင်ဗျား"

အလန်က ဝီလျံ၏ မျက်နှာကို စေ့စေ့ကြည့်ရင်း

"မင်းက ငါ့ကို 'ခင်ဗျားတွေ ဘာတွေ' သုံးပြီး ပြောတာ ဒီအကြိမ်ဟာ ဒုတိယအကြိမ်ပဲ၊

ပထမအကြိမ်က ဖေါက်သီးရိုက်ခဲ့ကြတုန်းက၊ငါတော့ မင်းကို မျက်ခြည်မပြတ် စောင့်ကြည့်နေရတော့မှာပဲ"

ဝီလျံက ဘာမှမပြောဘဲ ပြုံး၍သာနေသည်။

"ကောင်းပြီ၊ ဒါဆို ကိစ္စပြတ်ပြီပေါ့၊ ဒီနေ့ကစပြီး မင်းက အငယ်တန်း ဒါရိုက်တာအနေနဲ့ ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းကို ကြီးကြပ်ရမယ်၊ မင်းအထက်မှာက တိုနီဆိုင်မွန်ရှိလိမ့်မယ်"

"ကျွန်တော့်အောက်မှာ လုပ်ရမယ့် လက်ထောက်ကို ကျွန်တော် ခန့်လို့ရမလား"

အလန်က ဝီလျံ၏ မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး

"ဘာလဲ မက်သယူးလက်စတာကို ခန့်ချင်လို့လား"

"ဟုတ်ပါတယ်"

"မလုပ်ပါနဲ့၊ မင်းက သူတို့ဘဏ်မှာ ဝင်လုပ်ဖို့ စိတ်ကူးခဲ့တယ်၊ ဒါပေမယ့် သူတို့ကဲ့တော့ တို့ဘဏ်မှာ ဝင်မလုပ်စေချင်ဘူး"

ဝီလျံက ဘာမှ ပြန်မပြော။ အလန်၏ ဆုံးဖြတ်ချက်ကို သူလေးစားသည်။

ဝီလျံက သူနှင့်အလန်တို့ ဆွေးနွေးချက်ကို ချားစ်လက်စတာအား သည်၏မလွဲ ပြောပြသောအခါ ချားလ်စ်လက်စတာက ရယ်နေသည်။ ပြီးတော့မှ သူက လေသံငြိမ့်ငြိမ့်ဖြင့်ပြောသည်။

"မင်းက တို့ဘဏ်ကို စပိုင်အဖြစ်နဲ့တောင်မှ မလာတော့ဘူးဆိုတော့ ငါ့အနေနဲ့ စိတ်မကောင်းပါဘူး ဝီလျံ၊ ဒါပေမယ့် မင်းဟာ တစ်နေ့နေ့မှာ တစ်ကြောင်းမဟုတ် တစ်ကြောင်းနဲ့ တို့ဘဏ်ရောက်လာလိမ့်မယ်ဆိုတာတော့ ငါက ခြွင်းချက်မရှိ ယုံကြည်ပြီးသားပါ"

✣

(၁၅)

၁၉၂၈ ခုနှစ်၊ စက်တင်ဘာလတွင် ဝီလျံသည် ကိန်းနှင့် ကဘော့ဘဏ်တွင် အငယ်တန်း ဒါရိုက်တာလူကြီးအဖြစ် စတင်ဝင်ရောက်လုပ်ကိုင်သည်။ သူသည် လူ့လောက၌ အရေးပါသော လုပ်ငန်းကြီးတစ်ရပ်တွင် ဝင်ရောက်လုပ်ကိုင်နေပြီဆိုသည်ကိုလည်း ပထမဆုံးအကြိမ် သဘောပေါက်မိသည်။

ဝီလျံသည် ဘဏ္ဍာရေးဆိုင်ရာ ဒါရိုက်တာ တိုနီဆိုင်မွန်၏ ရုံးခန်းနှင့်ကပ်နေသော ဝက်သစ်ချသားကာ ရုံးခန်းကလေးတွင်ထိုင်ရသည်။ သူသည် တစ်ပတ်အတွင်းတွင် ဘဏ်တိုက်၏ လုပ်ငန်းအရပ်ရပ်နှင့် အတွင်းရေးပြဿနာများကို လေ့လာတီးခေါက်မိသည်။ တိုနီဆိုင်မွန်သည် အလန်လွိုက် အငြိမ်းစားယူသောအခါ ဘဏ်ဥက္ကဋ္ဌတနေရာကို ကျိန်းသေပေါက် မှန်းထားသူဖြစ်ကြောင်းကိုလည်း ဝီလျံက အကဲခတ်မိသည်။

ဘဏ်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းအားလုံးကို တိုနီဆိုင်မွန်က ချုပ်ကိုင်ထားသည်။ သူက ဝီလျံအား ချက်ချင်းပင် လုပ်ငန်းအချို့ကို ခွဲပေးသည်။ အထူးသဖြင့် ခြံမြေဆိုင်ရာလုပ်ငန်းများ ပုဂ္ဂလိကစီးပွားရေးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းကလေးများနှင့် ဘဏ်နှင့်ဆက်သွယ်နေသော အခြားပြင်ပလုပ်ငန်းများဖြစ်သည်။ ဝီလျံ၏ လုပ်ငန်းတာဝန်များအနက် သူ၏ထောက်ခံချက်ဖြင့် လုပ်ကိုင်သော ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်သော လစဉ် အစီရင်ခံစာကို အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးကြီးသို့ တင်ပြရခြင်းလည်း ပါဝင်သည်။

အုပ်ချုပ်ရေးအဖွဲ့ဝင် ဒါရိုက်တာလူကြီး ၁၄ ဦးတို့သည် ဝက်သစ်ချသားကာ စည်းဝေးခန်းမကြီးတွင် လစဉ်မှန်မှန်အစည်းအဝေးထိုင်ကြသည်။ အစည်းအဝေး ခန်းမကြီး၏ နံရံတစ်ဖက်တစ်ချက်တွင် ပုံတူရုပ်ပုံကားကြီး နှစ်ချပ်ကို ထည်ဝါစွာ ချိတ်ဆွဲထားသည်။ တစ်ပုံက ဝီလျံ၏ ဖခင်။ တစ်ပုံက အဘိုး။ ဝီလျံသည် အဘိုးကို မမြင်ဘူးလိုက်။ စည်းဝေးခန်းမထဲတွင် ဓာတ်ပုံ

ချိတ်ရန်နေရာတွေ အများကြီး ကျန်နေသေးသည်။ တစ်နေ့တွင် သူ့ဓာတ်ပုံကိုလည်း တစ်ခမ်းတစ်နား ချိတ်ဆွဲရလိမ့်မည်ဟု တွေးလိုက်မိသည်။

ဝီလျံသည် အလုပ်ခွင်သို့ ဝင်ရောက်လာပြီးနောက် စောစောပိုင်းလများတွင် မိမိ၏တာဝန်များကို သတိကြီးစွာဖြင့် စဉ်းစဉ်းစားစား လုပ်ကိုင်နေသည်။ မကြာမီတွင်ပင် အုပ်ချုပ်ရေးအဖွဲ့ဝင်များက သူ၏ဆုံးဖြတ်ချက်များကို လေးစားလာကြရသည်။ ၎င်းတို့က သူ၏ အဆိုပြုချက်များကို အများအားဖြင့် ထောက်ခံကြသော်လည်း တချို့နေရာများတွင်မူ ကန့်ကွက်ငြင်းပယ်မှုများလည်း ရှိတတ်ကြသည်။

ပထမဆုံးကြုံရသော ပြဿနာမှာ မစ္စတာမေယာဆိုသူ၏ ကိစ္စနှင့်ပတ်သက်၍ ဖြစ်သည်။

မစ္စတာမေယာက 'အသံထွက်ရုပ်ရှင်' လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန်ဟူသော အကြောင်းပြချက်ဖြင့် ဘဏ်မှ ငွေလာချေးသည်။ မစ္စတာ မေယာအား ငွေထုတ်ချေးရန် ဝီလျံက အဆိုပြုသည်။ သို့ရာတွင် အခြားဒါရိုက်လူကြီးများက အနာဂတ် အလားအလာ မမြင်ဟူဆိုကာ ပယ်ချလိုက်ကြသည်။

နောက်တစ်ခုမှာ မစ္စတာပါလေကိစ္စဖြစ်သည်။ မစ္စတာပါလေက ရေဒီယိုအသံလွှင့်လုပ်ငန်းကြီး တည်ထောင်လို၍ ဝီလျံထံသို့ ချဉ်းကပ်လာသည်။ သို့သော် ဘဏ်ဥက္ကဋ္ဌ အလန်လွှိုက်ကိုယ်တိုင်က မစ္စတာပါလေအား ငွေထုတ်မချေးရန် ကန့်ကွက်သဖြင့် ဤကိစ္စလည်း ပျက်ကျသွားရပြန်သည်။

သို့သော် နောက်များမကြာမီတွင် လူးဝစ်၊ ဘီ၊ မေယာက အမ်ဂျီအမ် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်ကြီး ဖြစ်လာခဲ့ပြီး ဝီလျံပါလေမှာလည်း ဗဟိုအသံလွှင့်လုပ်ငန်း ကုမ္ပဏီကြီးကို တည်ထောင်သူဖြစ်လာခဲ့သည်။ ယင်းလုပ်ရပ်၏ အဓိကတရားခံမှာ တခြားသူမဟုတ်၊ ဝီလျံပင်ဖြစ်သည်။ ဝီလျံက တခြားဘဏ်၏အုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးများနှင့် ငွေချေးသူများ မသိအောင် သွယ်ဝိုက်သောနည်းဖြင့် သူ ပိုင် ဘဏ္ဍာထိန်းငွေမှ ထုတ်ချေးခဲ့သောကြောင့်ဖြစ်သည်။

ဤလုပ်ရပ်မျိုးကို သူ့ဖခင်လည်း လုပ်ခဲ့သည်ပင်ဖြစ်သည်။

◇ ◇ ◇

ဝီလျံ၏ နေ့စဉ်လုပ်ငန်းများအနက် စိတ်ညစ်ရဆုံးသော လုပ်ငန်းများမှာ ဘဏ်တိုက်မှ ငွေအမြောက်အမြား ချေးထားသူများအနေဖြင့် ဒေဝါလီခံရခြင်း၊ လုပ်ငန်းဖျက်သိမ်းခြင်းစသောကိစ္စများကို ကိုင်တွယ်ဖြေရှင်းရခြင်းပင် ဖြစ်သည်။

ထိုပုဂ္ဂိုလ်များသည် ဘဏ်မှ ချေးထားငွေများကို တစ်ပြားမှ ပြန်မဆပ်နိုင်သော အခြေအနေမျိုးသို့ ရောက်နေသောကြောင့် ဝီလျံအနေဖြင့် ယင်းပြဿနာများကို ခေါင်းခဲအောင် စဉ်းစားဖြေရှင်းရတော့သည်။

ဝီလျံက ပင်ကိုစရိုက်အားဖြင့် လူပျော့လူညံ့တစ်ယောက်တော့မဟုတ်။ သို့ပေမယ့် သက်ကြီးရွယ်အိုနှင့် ဂုဏ်သရေရှိပုဂ္ဂိုလ်များ၏ လုပ်ငန်းများနှင့် အိုးအိမ်တိုက်တာများကို မလွှဲမရှောင်သာ၍ သိမ်းယူရသောအခါ သူ့မှာ အိပ်မပျော်နိုင်အောင် ခံစားရသည်။

သူသည် ထိုပုဂ္ဂိုလ်များကို နှစ်မျိုးနှစ်စား ခွဲထားသည်။ ပထမတစ်မျိုးက ဒေဝါလီခံရခြင်းကို

စီးပွားရေးလုပ်ငန်းတိုင်း၏ ဓမ္မတာနိယာမတစ်ရပ်ဟု ခံယူကာ အပြီးမပျက် နေနိုင်သူများ။ ဒုတိယတစ်မျိုးကတော့ ကတိတည်ပြီး ချေးထားသော ငွေများကို ကတိအတိုင်းဖြစ်သည့်နည်းဖြင့် ကုန်းရုန်းပေးဆပ်မည်ဟု ဆုံးဖြတ်ထားသူများ။

ဝီလျံက ပထမအမျိုးအစား ပုဂ္ဂိုလ်များနှင့် ပတ်သက်ပြီး လုံးဝညှာတာလေ့မရှိ။ ဒုတိယ အမျိုးအစား ပုဂ္ဂိုလ်များကိုတော့ တိုနီဆိုင်မွန်၏ မလွဲမရှောင်သာသော သဘောတူညီချက်ဖြင့် သက်သက်ညှာညှာ ကိုင်တွယ်ဖြေရှင်းတတ်သည်။

သည်လိုနှင့် တစ်နေ့သောအခါတွင်ကား အလားတူပြဿနာတစ်ခုနှင့်ပတ်သက်ပြီး ဝီလျံသည် ဘဏ်တိုက်၏ သံမဏိစည်းကမ်းကို ဖျောက်ဖျက်ခဲ့ရုံသာမက အဆိုပါပြဿနာရှင်နှင့်လည်း ပုဂ္ဂိုလ်ရေးအရ ပါဝင်ပတ်သက်ခဲ့သည်အထိ ကြုံခဲ့ရတော့သည်။

ပြဿနာရှင်မှာ ကက်သရိန်းဘရွတ်ခေါ် အမျိုးသမီးတစ်ဦးဖြစ်သည်။ သူမ၏ ခင်ပွန်း မက်ဘရွတ်သည် ကိန်းနှင့် ကဘော့ဘဏ်တိုက်မှ ဒေါ်လာတစ်သန်းကျော် ချေးယူပြီး ၁၉၂၅ ခုနှစ်အတွင်း ဖလော်ရီဒါပြည်နယ်တွင် ခေတ်စားခဲ့သော ခြံမြေလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခဲ့သည်။ ထိုအချိန်က ဝီလျံသာ ဘဏ်တိုက်သို့ ရောက်ရှိနေခဲ့ပြီးဖြစ်လျှင် ထိုငွေကို လုံးဝထုတ်ချေးခဲ့မည် မဟုတ်။ သို့သော် မက်ဘရွတ်မှာ ထိုအချိန်က မက်ဆာချူးဆက်ပြည်နယ်တွင် ဘောလုံးပွဲနှင့် စွန့်စွန့်စားစား ပျံသန်းရဲသောကြောင့် လူသိများသော လေသူရဲတစ်ယောက် ဖြစ်နေသည်။ သူ သည် နာမည်ကျော် လေသူရဲကြီး ချားလ်စ်လင်းဘတ်၏ ရင်းနှီးသော မိတ်ဆွေတစ်ယောက်လည်း ဖြစ်သည်။ သို့သော် တစ်နေ့တွင် ဘရွတ်သည် သူ၏ လေယာဉ်ပျံကလေးနှင့် ပျံတက်ရင်း မြေပြင်မှ ၁၀ ပေအမြင့်တွင် သစ်ပင်နှင့်ဝင်တိုက်မိပြီး သေဆုံးသွားခဲ့သည်။ ဘရွတ်၏ ကြေကွဲ ဖွယ်သတင်းကို တစ်နိုင်ငံလုံးရှိ စာနယ်ဇင်းများက အသားပေး ဖော်ပြကြသည်။ လေသူရဲတစ်ဦး ဆုံးရှုံးရသည့်အတွက် တစ်ပြည်လုံးကလည်း ကြေကွဲဝမ်းနည်း ဖြစ်ကြရသည်။

ဤပြဿနာသည် ဝီလျံ၏ ပခုံးပေါ်သို့ တာဝန်အရ ရောက်လာခဲ့သည်။ ဝီလျံက ချက်ချင်းပင် ဘရွတ်ပိုင်ခြံမြေအားလုံးကို သိမ်းယူလိုက်သည်။ သို့သော် ဘရွတ်၏ ခြံမြေလုပ်ငန်းများ ဒေဝါလီခံရမည့်အဆင့်သို့ ရောက်နေပြီဖြစ်၍ ဘဏ်မှ ချေးထားသော ငွေများကို ကျေအောင် ဘယ်လိုမှ ဆပ်နိုင်ရန် လမ်းမရှိတော့။ သို့သော်လည်း အရှုံးငွေနည်းအောင်ဆိုကာ မိသားစုပိုင် အိမ်ကြီးရှိသော မြေနှစ်ဧကမှတစ်ပါး ဖလော်ရီဒါရှိ ကျန်မြေအားလုံးကို ရောင်းပစ်ရန် ဝီလျံက ဆုံးဖြတ်လိုက်သည်။

ဝီလျံ၏ အလောသုံးဆယ် ဆုံးဖြတ်ချက်ကို အခြားဒါရိုက်တာများက များစွာမကျေနပ် ချင်ကြ။ တိုနီဆိုင်မွန်ကလည်း လုံးဝသဘောမတူ။ သို့သော် ဝီလျံက အခြားပုဂ္ဂိုလ်များ၏ သဘောထားကို ဆန့်ကျင်ပြီး သူ့ဆုံးဖြတ်ချက်အတိုင်းပင် ဆက်လုပ်သည်။ အကယ်၍ ယင်း ခြံမြေများကို မရောင်းဘဲ ဆက်လက်ထိန်းသိမ်းထားခဲ့လျှင် မြေဈေးကျ၍ ဘဏ်အနေဖြင့် ပို၍ပင် အရှုံးမှုများလာနိုင်ကြောင်း နှစ်လ သုံးလအတွင်း အားလုံးက သိလာရသည်။ သို့သော် ဝီလျံ၏ ကြိုတင်တွက်ဆမှု မှန်ကန်ခြင်းကို တိုနီဆိုင်မွန်နှင့်တကွ အခြားဒါရိုက်တာများက ကျေနပ်မှုမရှိကြ။ သူတို့က ဝီလျံသည် ဘဏ်တိုက်၏ ရှယ်ယာအများစုပိုင်သူတစ်ယောက်အနေ

ဖြင့် (အရွယ်နှင့်မလိုက်အောင်) အတင့်ရဲလွန်းသည်။ အခွင့်အရေးယူလွန်းသည်ဟု ယူဆသော ကြောင့်ဖြစ်သည်။

မက်ဘာရွတ်နာမည်ဖြင့်ရှိနေသော ပစ္စည်းအားလုံးကို ထုခွဲရောင်းချပြီးသောအခါ ဝီလျံက မစ္စက်ဘာရွတ်ဘက်သို့ တစ်ဖန်လှည့်လာပြန်သည်။ မစ္စက်ဘာရွတ်မှာ ခင်ပွန်းသည်ချေးထားသော ကြွေးအတွက် တရားဝင် အာမခံပေးထားသူ ဖြစ်သည်။

ယင်းသို့သော အာမခံပေးခြင်းမျိုးကို ဘဏ်တိုက်က စည်းမျဉ်းအရ လုပ်ဆောင်ရသည့် တိုင်အောင် ဝီလျံအနေဖြင့်မူ ရင်းနှီးသော မိတ်ဆွေများအား အာမခံသူအဖြစ် ဆောင်ရွက်ရန် ဘယ်တော့မှ တိုက်တွန်းအားပေးခြင်းမရှိ။ အဘယ်ကြောင့်ဆိုသော် ငွေချေးယူသူအနေဖြင့် ကံမကောင်း အကြောင်းမလှ၍ လုပ်ငန်းတစ်ခုလုံး ဒေဝါလီခံရလျှင် အာမခံသူမှာ ဘာမဆိုင် ညာမဆိုင်နှင့် အချောင်ခံရတတ်သောကြောင့် ဖြစ်သည်။

သို့ဖြင့် ဝီလျံက သည်ကိစ္စနှင့်ပတ်သက်၍ အသေးစိတ် ဆွေးနွေးနိုင်ရန် တွေ့ဆုံလိုကြောင်း၊ သင့်တော်သော နေ့တွင် မိမိ၏ရုံးခန်းသို့ ကြွရောက်စေလိုကြောင်း မစ္စက်ဘာရွတ်ထံသို့ စာတစ်စောင်ပို့လိုက်သည်။

ဝီလျံသည် မက်ဘာရွတ်နှင့် ပတ်သက်သမျှ စာရွက်စာတမ်းများကို ဖတ်ရှုလေ့လာထားပြီး ဖြစ်သည်။ ထို့ကြောင့် မစ္စက်ဘာရွတ်မှာ အသက်မကြီးသေးဘဲ ၂၂ နှစ်အရွယ်မျှသာ ရှိသေးကြောင်း၊ ဘော့စတွန်မြို့မှ လူကုံထံ မျိုးကြီးဆွေကြီးတစ်ဦးဖြစ်သူ အင်ဒရူးဟစ်ဂင်၏ သမီးဖြစ်ကြောင်း၊ ကိုယ်ပိုင်ပစ္စည်းဥစ္စာ အတော်အတန် ချမ်းသာကြောင်းတို့ကို ဝီလျံက သိရှိထားပြီးဖြစ်သည်။ ဝီလျံ၏ ကိုယ်ပိုင်သဘောအရဆိုလျှင် မစ္စက်ဘာရွတ်ထံမှ ပစ္စည်းများကို ဘဏ်မှ သိမ်းယူရန် လုံးဝဆန္ဒမရှိ။ သို့သော် အခြားဒါရိုက်တာများက တစ်သံတည်းထွက်နေကြသောကြောင့် အခြေအနေကို တီးခေါက်ကြည့်ရန် သူ့ကုယခုကဲ့သို့ စိတ်ချမ်းသာစရာမဟုတ်သည့် ကိစ္စတစ်ရပ်ကို ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် လုပ်ဆောင်လိုက်ရခြင်းဖြစ်သည်။

ထိုနေ့ နံနက်က ဖြစ်ရပ်များကို တစ်သက်လုံး မေ့နိုင်စရာမရှိတော့။ ထိုနေ့ နံနက်တွင် ဝီလျံသည် တိုနီဆိုင်မွန်နှင့် အတော်ကလေး ပြင်းပြင်းထန်ထန် စကားများခဲ့ရသည်။ ဝီလျံက ခဲမဖြူနှင့် ကြေးနီလုပ်ငန်းတွင် အလုံးအရင်းနှင့် မြှုပ်နှံရင်းနှီးချင်သည်။ စက်မှုလုပ်ငန်းများအတွက် ယင်းပစ္စည်းများ တစ်နှစ်ထက်တစ်နှစ် တိုးတက်လိုအပ်လာရန် အလားအလာများရှိနေသည်။ တစ်ကမ္ဘာလုံးတွင် ယင်း သတ္တုပစ္စည်းများ ရှားပါးမည့်အခြေအနေများလည်း ရှိနေသည်ဟု ဝီလျံက တင်ပြသည်။ သို့သော် တိုနီဆိုင်မွန်က သဘောမတူ။ သူက စတော့ဈေးကွက်တွင်သာ ရင်းနှီးမြှုပ်နှံချင်သည်။

ယင်းပြဿနာသည် လိပ်ခဲတည်းလည်းနှင့်ပင် မပြီးပြတ်ဘဲ ရှိနေချိန်တွင် အတွင်းရေးမှူး စာရေးမက မစ္စက်ဘာရွတ်ကို ရုံးခန်းထဲသို့ ခေါ်သွင်းလာသည်။

မစ္စက်ဘာရွတ်က ဝီလျံကို မြင်လျှင်မြင်ချင်း ပြုံးပြသည်။ ထိုအပြုံးကြောင့် စောစောက ဝီလျံ၏ ခေါင်းထဲတွင်ရှိနေသော ခဲမဖြူနှင့် ကြေးနီပြဿနာမှာ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားလေတော့သည်။

ညှော်သည် အမျိုးသမီးက ကုလားထိုင်မှာ ဝင်မထိုင်ခင် ဝီလျံက ထိုင်ရာမှ ဆတ်ကနဲထကာ စားပွဲကို ပတ်သွားပြီး လောကဝတ်ပျူငှာစွာဖြင့် နေရာထိုင်ခင်းပေးသည်။ ပြီးတော့ အမျိုးသမီးသည် တံလျှပ်ပမာ ရုတ်တရက် ပျောက်ကွယ်သွားမည်ကို စိုးရိမ်သည့်အလား အနီးကပ်ပြီး ရှန်းရှန်းစားစား ကြည့်နေလိုက်သေးသည်။

ဝီလျံ၏ တစ်သက်တာတွင် ကက်သရိန်းဘရွတ်၏ အလှတစ်ဝက်ကို မီသော အမျိုးသမီးကို ပင် တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ရစဖူး။ သူမသည် အိစ္စန်းနေသော ဆံပင်အုပ်ကြီးကို ပခုံး တစ်ဖက်တစ်ချက်သို့ ဖြန့်ချထားသည်။ ဦးထုပ်ဆောင်းထားရာမှ နားသယ်တစ်ဖက်တစ်ချက်သို့ ဆံနုကလေးများ ဖြာကျနေသည်။ မကြာမီကလေးကမှ ခင်ပွန်းသည် ဆုံးသွား၍ ပူဆွေးနေ ရသည့် အခြေအနေတွင် ရှိနေသေးသော်လည်း သူမ၏ သွယ်ပျောင်းအိမ့်တော သော ပင်ကို အလှကား စိုးစဉ်းမျှ ယုတ်လျော့သွားခြင်းမရှိသလို ထင်မှတ်ရသည်။ အညိုရောင် မျက်လုံးအစုံ ကလည်း ဝိုင်းစက် ရွှန်းလက်နေသည်။

ဝီလျံက စားပွဲနောက်မှ ကုလားထိုင်တွင် ပြန်ထိုင်ပြီး ဂလုပ်သဘောဆန်သော လေသံဖြင့် ပြောသည်။

"မစ္စက်ဘရွတ်၊ ခင်ဗျားရဲ့ ခင်ပွန်းသည်အကြောင်းသိရလို့ ကျွန်တော် အများကြီး စိတ်မကောင်း ဖြစ်မိပါတယ်၊ အခုလိုအချိန်မျိုးမှာ ကျွန်တော့်ဆီလာရောက်ဖို့ ဖိတ်ခေါ်ရတာကိုလဲ အထူးပဲ အားနာပါတယ်"

"ကျေးဇူးတင်ပါတယ် မစ္စတာကိန်း" သူမ၏အသံက ချိုလွင်အေးမြနေသည်။ "မစ္စတာ ကိန်းတို့ ဘဏ်တိုက်အတွက် ကျွန်မမှာ တာဝန်ရှိတယ်ဆိုတာ ကျွန်မ သဘောပေါက်ပါတယ်၊ ကျွန်မဘက်က လုပ်ရမယ့် တာဝန်မှန်သမျှကိုလဲ ကျေပွန်အောင် လုပ်ဆောင်ဖို့ အသင့်ပါပဲ"

ဝီလျံက ဘာမှမပြော။ မစ္စက်ဘရွတ်က ဆက်ပြောမည်ထင်ပြီး စောင့်နေသည်။ သို့သော် မစ္စက်ဘရွတ်က ဆက်မပြောတော့မှ သူက အခြေအနေကိုရှင်းပြသည်။ မစ္စက်ဘရွတ်က မျက် လွှာချ၍ နားထောင်နေသည်။

"ကိစ္စကတော့ ဒီလိုပါ မစ္စက်ဘရွတ်၊ မစ္စတာ ဘရွတ်ရဲ့ ချေးငွေအတွက် ခင်ဗျားက အာမခံထားတော့ ခင်ဗျားရဲ့ ကိုယ်ပိုင်ပစ္စည်းတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဘဏ်က စဉ်းစားရမယ့် အခြေအနေမျိုး ရောက်လာတယ်" သူက ဖိုင်တွဲကို လှန်ကြည့်ပြီးနောက် "ခင်ဗျားအနေနဲ့ ဒေါ် လာရှစ်သောင်း အရင်းအနှီးမြှုပ်နှံထားတာ တွေ့ရတယ်၊ အဲဒါဟာ ခင်ဗျားရဲ့ မိသားစုကိုယ်ပိုင် ပိုက်ဆံဖြစ်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်၊ နောက်ပြီး ကိုယ်ပိုင်စုငွေအနေနဲ့ ၁၇၄၅၆ ဒေါ်လာ စုထားတာလဲ ရှိနေသေးတယ်"

မစ္စက်ဘရွတ်က ဝီလျံ၏ မျက်နှာကို မော်ကြည့်လိုက်ပြီး

"ကျွန်မရဲ့ ငွေကြေးအခြေအနေနဲ့ ပတ်သက်ပြီး ရှင်ပြောတာ မှန်ပါတယ်၊ အဲဒီအထဲမှာ မက်နှာမည်နဲ့ရှိနေတဲ့ ဖလော်ရီဒါက အိမ်ကိုလဲ ထည့်ပေါင်းရဦးမယ်၊ ပြီးတော့ ကျွန်မကိုယ်ပိုင် အဖိုးတန်ပစ္စည်းရတနာတွေလဲ အတန်အသင့်ရှိပါသေးယ်၊ အဲဒါ အားလုံးပေါင်းလိုက်ရင် ရှင်

တို့အတွက် လိုနေသေးတဲ့ ဒေါ်လာသုံးသိန်းတော့ ရနိုင်ပါလိမ့်မယ်၊ ဖြည့်ဆပ်စရာရှိတဲ့ ငွေအားလုံးကို အမြန်ဆုံး အကျေအလည် ပေးသွင်းဖို့အတွက် ကျွန်မ အဆင်သင့် လုပ်ထားပြီးပါပြီ"

သူမသည် ထိုစကားကို သံမှန်အနေအထားဖြင့် အမူအရာတစ်စက်ကလေးမှ မပျက်ဘဲ ပြောသွားသည်။ ဝီလျံက တအံ့တသြ ကြည့်နေမိသည်။

"ဒီလိုရှိပါတယ် မစ္စက်ဘရွတ်၊ ခင်ဗျားပိုင်တဲ့ ပစ္စည်းတွေအားလုံးကို ကျွန်တော်တို့ဘဏ်က သိမ်းယူဖို့ မရည်ရွယ်ပါဘူး၊ ခင်ဗျား သဘောတူမယ်ဆိုရင် ခင်ဗျားရဲ့ စတော့တွေနဲ့ အာမခံစာချုပ်တွေကို ကျွန်တော်တို့က ရောင်းချင်ပါတယ်၊ ခင်ဗျား စောစောကပြောတဲ့ ပစ္စည်းတွေနဲ့ အိမ်ကိုတော့ ခင်ဗျားပဲ ဆက်လက် ပိုင်ဆိုင်ခွင့်ရှိပါတယ်"

မစ္စက်ဘရွတ်က ခေတ္တမျှ ဆုတ်ဆိုင်းဆိုင်းဖြစ်ဖြစ်နေပြီးတော့မှ

"ရှင့်ရဲ့ စေတနာကို ကျွန်မ လေးစားပါတယ် မစ္စတာကိန်း၊ ဒါပေမယ့် မှန်တာကို ဝန်ခံရမယ်ဆိုရင်တော့ သေသွားပြီးတဲ့ ကျွန်မ ခင်ပွန်းသည်အနေနဲ့ သံသရာကြွေး လုံးဝ ပါမသွားစေချင်ပါဘူး၊ ဒါကြောင့် သူနဲ့ ပတ်သက်သမျှကို ကျွန်မ တာဝန်ယူပြီး အပြေအလည် ပေးဆပ်ချင်ပါတယ်" သူမအသံ အနည်းငယ်မျှ တုန်ချင်လာသည်။ စိတ်ကိုထိန်းပြီး ဆက်ပြောသည်။ "ဘာပဲဖြစ်ဖြစ်လေ ကျွန်မကတော့ ဖလော်ရီဒါက အိမ်ကိုရောင်းပစ်ဖို့ ဆုံးဖြတ်ထားပြီးပါပြီ၊ အိမ်ရောင်းပြီးရင် ကျွန်မအနေနဲ့ ဖေဖေ မေမေတို့ဆီ သွားနေမှာပါ"

သူမ ဘော့စတွန်တွင် လာနေတော့မည်ဆို၍ ဝီလျံက ဝမ်းသာသွားမိသည်။

"ဒီလိုဆိုရင် ဒီလိုလုပ်ပါလား၊ အိမ်ရောင်းဖို့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ အပြတ ဆွေးနွေးလိုက်ရင် မကောင်းဘူးလား"

"ကောင်းပါတယ် လုပ်ပါ၊ ကျွန်မကလဲ ခု ချက်ချင်း အပြတ်လုပ်လိုက်ချင်ပါတယ်"

ဝီလျံက သူမနှင့် နောက်တစ်ကြိမ် ထပ်တွေ့ချင်သေးသည်။ ထို့ကြောင့်

"ဒီလောက်လဲ အလောသုံးဆယ် မလုပ်ပါနဲ့ဦးလေ၊ ကျွန်တော်တို့ လူတွေနဲ့ ပထမ ဆွေးနွေးကြည့်ပါဦးမယ်၊ ပြီးတော့ ကျွန်တော်တို့ နှစ်ယောက် ထပ်တွေ့ကြတာပေါ့၊ ဟုတ်လား"

သူမက ပခုံးကို မသိမသာ တွန့်လိုက်သည်။

"ကောင်းပြီလေ၊ ရှင် သဘောကျသလိုသာလုပ်ပါ၊ ဒါပေမယ့် ကျွန်မအနေနဲ့ ပိုက်ဆံကိစ္စကိုတော့ လုံးဝ မစဉ်းစားပါဘူး၊ ဘယ်လောက်ပဲဖြစ်ဖြစ် ဖြစ်တဲ့နည်းနဲ့ ကြဲဖန်ပြီးတော့ ဆပ်ရမှာပဲ၊ ရှင်တို့ဘက်က ဒုက္ခများမှာကိုသာ ကျွန်မ စိုးရိမ်မိတာပါ"

"မစ္စက်ဘရွတ် ခင်ဗျားရဲ့ သဘောထား မြင့်မြတ်မှုကို ကျွန်တော် အများကြီး လေးစားမိပါတယ်၊ ဖြစ်နိုင်ရင် အဲဒီအတွက် ကျွန်တော်က ဂုဏ်ပြုပါရစေ၊ နေ့လယ်စာ လိုက်စားစေချင်ပါတယ်"

သူမက ပထဆုံးအကြိမ် ပြုံးလိုက်သည်။ လက်ယာဘက်ပါးပြင်မှ ပါးချိုင့်ကလေး တပ်မက်စွာဖြင့် စိုက်ကြည့်နေမိသည်။

ရစ်ဇ်ဟိုတယ်တွင် နေ့လယ်စာ စားနေချိန်တွင်လည်း ပါးချိုင့်ကလေးကို ကြည့်ချင်လှ၍ မစ္စက်ဗရွတ် ပြုံးလာအောင် သူက ရယ်စရာတွေ ခဏခဏပြောမိသည်။

သူ့ရုံးခန်းသို့ ပြန်ရောက်တော့ မွန်းလွဲသုံးနာရီပင် ကျော်နေပြီ။

"နေ့လယ်စာ စားတာလဲ ကြာလှချည့်လား ဝီလျံ"

တိုနီဆိုင်မွန်က ဆီးမေးလိုက်သည်။

"ဟုတ်ကဲ့ မစ္စတာဘရွတ် ပြဿနာက မျှော်လင့်တာထက် ရှုပ်နေတာနဲ့"

"သူ့အမှုတွဲဖိုင်ကို ငါယူကြည့်တော့ ရှုပ်စရာ ဟာမှမတွေ့ပါလား၊ ရှင်းနေတဲ့ ကိစ္စပဲ၊ မစ္စက်ဘရွတ်က တို့ရဲ့ အစီအစဉ်ကို ငြင်းဆန်နေလို့လား၊ ငါ့အမြင်ကတော့ ဒီကိစ္စမှာ တို့ဘက်က အများကြီး သက်ညှာထားတယ် ထင်တာပဲ"

"ဟုတ်ပါတယ်၊ သူကလဲ အဲဒီလိုပဲ ယူဆပါတယ်၊ ကျွန်တော်က သူ့ဘက်က မနာသင့်တာ မနာရအောင် အတတ်နိုင်ဆုံး သက်ညှာပြီး လုပ်ပေးချင်လို့ပါ"

တိုနီဆိုင်မွန်က မျက်လုံးပြူးသွားသည်။

"ဒီအတိုင်းသာဆိုရင်တော့ မင်းက တို့သိတဲ့ တို့ချစ်ခင်တဲ့ ဝီလျံကိန်းမဟုတ်တော့ဘူး၊ တို့ဘဏ်က လူတွေကို အခမဲ့ ကူညီဖို့ ဖွင့်ထားတဲ့ ဘဏ်မဟုတ်ဘူး ဝီလျံ"

တိုနီဆိုင်မွန်၏ သရော်စကားကြောင့် ဝီလျံမျက်နှာ ရှုံ့မဲ့သွားသည်။

တကယ်တော့ သူတို့နှစ်ယောက် စတွေ့ကတည်းက တစ်ယောက်နှင့်တစ်ယောက် အစေးမကပ်ခဲ့ကြ။ ဝီလျံရောက်လာစကတည်းက စတော့ဈေးကွက် အခြေအနေနှင့် ပတ်သက်ပြီး သူတို့နှစ်ယောက် အမြင်တစ်မျိုးစီဖြစ်ကာ ဆက်ဆံရေး တင်းမာနေခဲ့ကြသည်။

၁၉၂၈ ခုနှစ်၊ နိုဝင်ဘာလတွင် ဟားဗတ်ဟူးဗား သမ္မတဖြစ်လာသည့်အချိန်မှစ၍ စတော့ဈေးများ တဖြည်းဖြည်း တက်လာခဲ့သည်။ နောက် ၁၀ ရက်မျှအကြာတွင် နယူးယောက် စတော့ ရောင်းဝယ်ရေးလောကတွင် တစ်နေ့တည်း၌ အစုရှယ်ယာပေါင်း ခြောက်သန်းကျော်မျှ ရောင်းချခဲ့ရသည်။ သို့ရာတွင် ယင်းသို့ ရှယ်ယာဈေးများ တက်လာခြင်းမှာ မော်တော်ကားထုတ်လုပ်မှုလုပ်ငန်းမှ ငွေကြေး အမြောက်အမြားရလာခြင်းကြောင့်ဖြစ်၍ ဈေးကွက်သည် တာရှည်တည်တံ့မှုမရှိနိုင်ဟူ၍ ဝီလျံကယုံကြည်သည်။ တိုနီဆိုင်မွန်ကမူ ရှယ်ယာဈေးကွက်သည် ကျဆင်းရန် လုံးဝအကြောင်းမရှိသည့်အပြင် တစ်ဆင့်ပြီး တစ်ဆင့်တက်ဖို့သာရှိကြောင်း အလေးအနက်တင်ပြသည်။ သို့ဖြင့် ဝီလျံက အဖွဲ့အစည်းအဝေးတွင် စတော့ဈေးကွက် အခြေအနေ မငြိမ်သေး၍ စိတ်မချနိုင်သေးကြောင်း တင်ပြသောအခါတွင်လည်း တိုနီဆိုင်မွန်က အပြင်းအထန် ကန့်ကွက်ပယ်ချခဲ့သည်။

သို့သော် ဝီလျံသည် သူပိုင်ဘဏ္ဍာထိန်းငွေကို သူ့ဆန္ဒအတိုင်း လွတ်လပ်စွာ ရင်းနှီးမြှုပ်နှံနိုင်ခွင့် ရှိသည့်အလျောက် ခြံမြေလုပ်ငန်း၊ ရွှေနှင့် စားသုံးကုန်လုပ်ငန်းများတွင် အလုံးအရင်းနှင့် မြှုပ်နှံရင်းနှီးသည်။ ထို့ပြင် လက်ရာကောင်းသော ခေတ်သစ်ပန်းချီကားများကိုပင် ဝယ်ယူမြှုပ်နှံလိုက်သေးသည်။ ဤသို့ဖြင့် သူ၏ လက်ကျန်ငွေမှာ ၅၀ ရာခိုင်နှုန်းမျှသာ ကျန်တော့သည်။

အမြတ်ကြီးရလိုမှုအတွက် ပုဂ္ဂလိက လုပ်ငန်းများအား ငွေထုတ်ချေးသော ဘဏ်တိုက်များအား ထပ်ဆင့် လျှော့ဈေးနှုန်းဖြင့် ငွေမချေးနိုင်တော့ကြောင့် နယူးယောက် ပြည်ထောင်စု ဗဟိုဘဏ်က ထုတ်ပြန်ကြေငြာလိုက်သောအခါ အမြတ်ကြီးရလိုသူများအတွက် လမ်းပိတ်သွားပြီဟု

ဝီလျံက မှတ်ချက်ချလိုက်သည်။ သို့ဖြင့် သူသည် သူတို့ဘဏ်၏ ငွေချေးစီမံကိန်းကို ချက်ချင်း ပြန်လည်စစ်ဆေးကြည့်ရာ၊ အဆိုပါနည်းဖြင့် ထုတ်ချေးထားသော ငွေပေါင်းမှာ ဒေါ်လာ ၂၆ သန်း ကျော်မျှ ရှိနေသည်ကို တွေ့ရသည်။ အစိုးရ၏ကြေငြာချက်အရ စတော့ဈေးနှုန်းများ မလွဲမသွေ ကျဆင်းသွားနိုင်သောကြောင့် အဆိုပါ ချေးငွေများကို အမြန်ဆုံးပြန်ဆပ်ကြဖို့ သက်ဆိုင်သူများသို့ နှိုးဆော်ပေးရန် ဝီလျံက တိုနီဆိုင်မွန်အား မေတ္တာရပ်ခံသည်။ သည်ကိစ္စကြောင့် သူတို့နှစ်ယောက်သည် အုပ်ချုပ်ရေးအဖွဲ့ လစဉ်အစည်းအဝေးတွင် အငြင်းအခုံဖြစ်ကာ တစ်ယောက်နှင့်တစ်ယောက် ထိုးကြိတ်လုမတတ် အခြေအနေမျိုးပင် ရောက်သွားသည်။ ထိုအစည်းအဝေးတွင် ဝီလျံ၏ အဆိုသည် နှစ်မဲ ၁၂ မဲဖြင့် ပယ်ချခြင်းခံခဲ့ရသည်။

၁၉၂၉ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ဘလဲယာအင်ကုမ္ပဏီသည် အမေရိကန်ဘဏ်နှင့် ပူးပေါင်းကြောင်း ကြေငြာချက်ထွက်လာသည်။ ဤသည်မှာ ဘဏ်တိုက်များ၏ အနာဂတ်အတွက် ကောင်းသောလုပ်ရပ်ဖြစ်သည်။ မတ်လ ၂၅ ရက်နေ့တွင် တိုနီစိုင်မွန်က ဝီလျံထံ စာတစ်စောင် ပို့လိုက်သည်။ ထိုစာတွင် စတော့်ဈေးကွက်သည် စံချိန်ချိုးလောက်အောင် တိုးတက်လာမည့် အခြေအနေရှိနေ၍ ဘဏ်ရှိငွေများကို စတော့ဈေးကွက်သည် စံချိန်ချိုးလောက်အောင် တိုးတက်လာမည့် အခြေအနေရှိနေ၍ ဘဏ်ရှိငွေများကို စတော့ဈေးကွက်၌ ပိုမို၍ မြှုပ်နှံရန် အကြံပေးတင်ပြထားသည်။ ထိုအချိန်တွင် ဝီလျံက ဘဏ်ရှိငွေများအနက် ၂၅ ရာခိုင်နှုန်းလောက်ကိုသာ စတော့ဝယ်ယူခြင်း၌ မြှုပ်နှံထားပြီး ကျန်ငွေများကို အခြားလုပ်ငန်းများ၌ မြှုပ်နှံထားပြီးဖြစ်နေသည်။ ဤတွင် ဘဏ်ဥက္ကဋ္ဌ အလန်လွိုက်က အကြီးအကျယ် စိတ်ဆိုးတော့သည်။

"ဝီလျံ မင်းကိုယ်မင်း ဘာတွေလုပ်နေတယ်ဆိုတာတော့ သိလိမ့်မယ်လို့ ငါထင်တယ်"

"ဟုတ်ပါတယ် အလန်၊ ကျွန်တော်ဟာ ၁၄ နှစ်သားကတည်းက စတော့ဈေးကွက်ကို 'ထိန်း' လာတဲ့လူပါ၊ အခြေအနေမှန်ကို မသိဘဲနဲ့ ဘယ်တော့မှ အရမ်းမလုပ်ခဲ့ပါဘူး"

သို့သော် ၁၉၂၉ ခုနှစ် နွေရာသီရောက်လာသည်အထိ စတော့ဈေးကွက်၌ ဈေးနှုန်းတွေ ဆက်တက်မြဲ တက်နေသောအခါ တိုနီဆိုင်မွန်၏ ဆုံးဖြတ်ချက် တကယ်ပင် မှန်နေလေပြီလားဟူ၍ ဝီလျံ တွေးလာမိသည်။

ထိုအချိန်တွင် အလန်လွိုက်ကလည်း ပင်စင်ယူချိန် နီးကပ်လာခဲ့ပြီ။ သူ့နေရာတွင် တိုနီဆိုင်မွန်ဆက်ခံဖို့ အခြေအနေကလည်း ပေးနေသည်။ ဤတွင် ဝီလျံမှာ ဘေးကျပ်နံကျပ်တွေ့ရတော့သည်။ သူက တိုနီဆိုင်မွန် ဥက္ကဋ္ဌဖြစ်လာမည်ကို လုံးဝအလိုမရှိ။ ခေတ်မီအတွေးအခေါ် ခေါင်းပါးသူဟု သတ်မှတ်ထားသောကြောင့်ဖြစ်သည်။ တိုနီဆိုင်မွန်သည် ဈေးကွက်အမြဲတမ်း တစ်လံကမလောက် နောက်ကျကျန်ရစ်သည်။ ဘဏ်တိုက်အခြေအနေကောင်းချိန်တွင် မထောင်းသာသော်လည်း အားနည်းယိမ်းယိုင်လာချိန်တွင် အပြိုင်အဆိုင်တွေကြား၌ လဲရာဖိထောင်းသလို ဖြစ်သွားနိုင်သည်ဟု ဝီလျံက ယူဆသည်။

ကျွမ်းကျင်လိမ္မာသော ရင်းနှီးမြှုပ်နှံသူသည် အများမိုးခါးရေသောက်တိုင်း မိမိလည်း လိုက်မသောက်သင့်၊ အများတကာက နောက်တော့မှ လိုက်လာကြမည့် လမ်းကြောင်းကိုသာ မိမိက ကြိုတင်ဦးတည် လုပ်ဆောင်သင့်သည်ဟု ဝီလျံက ယုံကြည်သည်။

ယခုမူ တိုနီဆိုင်မွန်နှင့် သူတို့မှာ အမြင်ချင်း ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေကြသည်။ အမေရိကန်နိုင်ငံ စတော့ဈေးကွက်သည် 'ရွှေခေတ်'သို့ ဝင်ရောက်လာပြီဟု တိုနီက ယူဆသည်။ ဝီလျံကမူ 'ကြိုးတန်းပေါ် လျှောက်နေချိန်' ဟု ခံယူသည်။

ဤကား သူတို့နှစ်ယောက်၏ ကြီးမားသော ပဋိပက္ခတစ်ရပ်ဖြစ်သည်။

အခြား ပဋိပက္ခတစ်ရပ်ကတော့ ဘဏ်ဥက္ကဋ္ဌရာထူး ဆက်ခံရေးပြဿနာ။ တိုနီဆိုင်မွန်မှာ ယခုမှ အသက် ၃၉ နှစ်သာ ရှိသေးသည်။ သည်အတိုင်းဆိုလျှင် ဝီလျံအနေဖြင့် ကိန်းနှင့်ကဘော့ ဘဏ်တိုက် ဥက္ကဋ္ဌဖြစ်လာနိုင်ဖို့အတွက် နောက်ထပ် ၂၆ နှစ်ကြီးတောင်မှ စောင့်နေရဦးမည်ဖြစ်သည်။ သည်အချက်သည် ဝီလျံ၏ စိမ်ကိန်းနှင့် လုံးလုံးလျားလျားကြီး ဆန့်ကျင်နေသည်။ ဟားဗတ်တက္ကသိုလ်တွင် ခေတ်စားသော ဝေါဟာရဖြင့် ပြောရလျှင် လူတစ်ယောက်၏ ဘဝတက်လမ်း လုံးဝပိတ်နေသည်။

◇ ◇ ◇

သည်ကြားထဲ ကက်သရိန်းဘရွတ်၏ ရုပ်ပုံလွှာကလည်း ဝီလျံမျက်လုံးထဲက ဘယ်တော့မှ မထွက်။ သူက အချိန်ရတိုင်း သူမ၏ စတော့များနှင့် အာမခံစာချုပ်များကို ရောင်းရန်ကိစ္စနှင့် ပတ်သက်ပြီး သူမထံသို့ စာတွေရေးပို့သည်။ သူမက သူ့အား ကမ္ဘာပေါ်တွင် အတက်ကြွဆုံး၊ အသိအရှိဆုံး ဘဏ်လုပ်ငန်းရှင်ကြီးတစ်ယောက်ဟု တွေးမိကောင်း တွေးမိလိမ့်မည်။ ဝီလျံလက်ထဲမှ သူမ၏ အမှုဖိုင်တွဲတွင် စာရွက်တွေ ပိုများလာသည်နှင့်အမျှ သူ့အကြောင်းကိုလည်း သူမအနေဖြင့် တွေးမိကောင်း တွေးမိလိမ့်မည်။

နောက်ဆုံးတော့ ဖလော်ရီဒါရှိ သူမ၏ အိမ်နှင့်ခြံကို ဝယ်လိုသူတစ်ဦး တွေ့ထားပြီဖြစ်ကြောင်း သူမထံမှ စာရောက်လာသည်။ ဝီလျံက ဘဏ်တိုက်ကိုယ်စား ယင်းကိစ္စနှင့် ပတ်သက်၍ သူမနှင့် ဆွေးနွေးလိုကြောင်း မေတ္တာရပ်ခံစာ ပြန်ရေးလိုက်သည်။ သူမက သဘောတူသည်။

သို့ဖြင့် ၁၉၂၉ ခုနှစ်၊ စက်တင်ဘာလ အစောပိုင်းတွင် ဝီလျံ ခရီးထွက်လာခဲ့သည်။ ကက်သရိန်းဘရွတ်က သူ့အား ဘူတာတွင် လာကြိုနေသည်။ သူမသည် သူ့စိတ်ကူးထဲက ရုပ်ပုံလွှာထက် ပို၍ လှနေသည်ကို တွေ့ရတော့ ဝီလျံမှာ ဝမ်းသာမဆုံးဖြစ်မိသည်။ သူမသည် အနက်ရောင် ပိုးသားနှင့် ဝတ်စုံကိုဝတ်ကာ စကြံပေါ်တွင်ရပ်နေသည်။ လေနုအေးကလေး တစ်သွင်သွင်သုတ်ဖြူးနေတော့ သူမ၏ ကြော့ရှင်းမွတ်စင်သော ပင်ကိုရုပ်သွင်သည် ပကတိပေါ်လွင်နေသည်။ လူတိုင်းကပင် သူမကိုသာ စိုက်ကြည့်နေကြသည်။ ဝီလျံမှာလည်း သူမထံမှ မျက်လုံးကို ခွာ၍ပင် မရတော့။

သူမသည် ကွယ်လွန်သူ ခင်ပွန်းသည်အတွက် သောကမစင်သေးသည့်အတွက် ဝီလျံနှင့် ဆက်ဆံရာတွင် ဣန္ဒြေရရပင် ဆက်ဆံသည်။

သူမ၏ အိမ်သို့ရောက်တော့ အိမ်နှင့်ခြံဝယ်မည့်သူကို ခေါ်လိုက်သည်။ ဝီလျံက အကျိုးအကြောင်းရှင်းပြသည်။ ရောင်းရငွေ သုံးပုံတစ်ပုံကို ကက်သရိန်းဘရွတ်က ယူပြီး ကျန်နှစ်ပုံကို ဘဏ်တိုက်သို့ ပေးသွင်းရန် ဝီလျံက တိုက်တွန်းသည်။

နောက်ဆုံးတော့ တရားဝင်စာချုပ် ချုပ်ဆိုကြသည်။ စာချုပ် ချုပ်ပြီးသောအခါ ဝီလျံက သူမအား ဟိုတယ်တွင် ညစာ အတူသွားစားရန် ဖိတ်ခေါ်သည်။ သူမက လိုလိုချင်ချင်ပင် လက်ခံသည်။ ဝီလျံက အံ့အားသင့်နေသည်။

ဟိုတယ်ရောက်တော့ သူ့ရင်ထဲရှိတာတွေ ဖွင့်ပြောလိုက်မည်ဟု ဝီလျံက အားခဲထားသည်။ သို့သော် သူမပြောမိခင် သူမကအလျင်ပြော၍ အံ့ဩရပြန်သည်။ ရောက်ခိုက် ကြုံခိုက် သူမ၏ အိမ်တွင် သုံးလေးရက်ခန့် တည်းခိုနေထိုင်ပါဟု သူမက ဖိတ်ခေါ်သည်။

"နှစ်ယောက်စလုံးအတွက် အပန်းဖြေအနားယူတဲ့ သဘောလဲ ရောက်တာပေါ့" ဟု သူမက အကြောင်းပြသည်။

ဝီလျံက ဘာမျှပြန်မပြောဘဲ ငြိမ်နေသည်။ ကက်သရိန်းက အားတင်းပြီး ဆက်ပြောသည်။

"ကျွန်မက ဒီလိုဖိတ်တော့ ရှင်က တစ်မျိုးထင်ချင် ထင်လိမ့်မယ်၊ ဒါပေမယ့် ခုနေခါ ကျွန်မမှာ တစ်ယောက်တည်း အထီးကျန်ဖြစ်နေတာကိုဟော့ ရှင်လဲ သဘောပေါက်မှာပဲ၊ ရှင်နဲ့ နေရတာ ကျွန်မ စိတ်ချမ်းသာသလိုပဲ၊ ဒီလိုပြောလို့ ရှင်က အထင်သေးချင်လဲ သေးပါစေတော့"

ဝီလျံသည် ရင်တုန်ပန်းတုန် ဖြစ်သွားမိသည်။

"ကိတ်-အမှန်အတိုင်းပြောရရင် မင်းကို ကိုယ်ပြောချင်နေတဲ့ စကားတစ်ခွန်းကို ကိုယ့် ရင်ထဲမှာ မျိုသိပ်ထားခဲ့ရတာ ကိုးလတောင်ရှိပါပြီ"

"ဒါဆို ရှင် ကျွန်မဆီမှာ သုံးလေးရက်တော့ နေမယ်ဆိုပါတော့"

"နေမှာပေါ့-ကိတ်၊ နေပါ့မယ်"

ထိုညက ကက်သရိန်းက ဝီလျံအား သီးသန့်ဧည့်ခန်းတွင် အိပ်ရာပြင်ပေးသည်။ ကက်သရိန်း၏ အိမ်တွင် ပထမဆုံးအကြိမ် တည်းခိုနေထိုင်ခဲ့ရသော သည်ရက်များကို သူ့ဘဝတွင် ပျော်စရာ အကောင်းဆုံးရက်များအဖြစ် ဝီလျံက တစ်သက်လုံး မှတ်တမ်းတင်ထားခဲ့သည်။

ထိုရက်များအတွင်း သူသည် ကက်သရိန်းနှင့်အတူ မြင်းစီးသည်။ ရေကူးသည်။ လမ်း လျှောက်ထွက်သည်။ ပိုကာကစားသည်။ သူက သူမကို ဒေါ်လာသုံးသန်းခွဲနိုင်သည်။

"ရှင့်ကို ချက်လက်မှတ်ပဲ ပေးရမလား၊ ငွေသားပဲ ပေးရမလား ဝီလျံ" ကက်သရိန်းက ခပ်တည်တည်ပင် မေးသည်။

"ဒါကတော့ မစ္စက်ဘရွတ် အတွက်မှားပြီ၊ ခင်ဗျား တန်ဖိုး ဘယ်လောက်ရှိတယ်ဆိုတာ ကျွန်တော်သိပါတယ်၊ အဲဒါကို ခင်ဗျားကသာ မသိတာပါ၊ ခင်ဗျားနဲ့ ကျွန်တော် ဆက်ကစား ကြမယ်၊ ခင်ဗျား ပြန်နိုင်တဲ့အထိပေါ့"

"ဒါဆိုရင် အနည်းဆုံး နှစ်နှစ်လောက် ကြာသွားလိမ့်မယ်"

"အဲဒါဆို ပိုမကောင်းဘူးလားဗျာ၊ ကျွန်တော် စောင့်နိုင်ပါတယ်၊ ကျွန်တော် စောင့်နေပါ့ မယ်"

သည်လိုနှင့် နှစ်ယောက်သား ပို၍ ရင်းနှီးသွားကြသည်။ ဝီလျံက မက်သယူးကိုပင် မပြောဘူးသော သူ၏ အတိတ်ဘဝဖြစ်စဉ်များနှင့် ခံစားချက်များကို ပြန်လည်ပြောပြသည်။ သူ့ဖခင်ကို လေးစားပုံ၊ သူ့မိခင်ကို ချစ်မြတ်နိုးပုံ၊ ဟင်နရီအော့စဘွန်းကို အကြောင်းမဲ့သက်သက်

မုန်တီးပုံ၊ ကိန်းနှင့် ကဘောဘဏ်တိုက်ကို တွယ်တာပုံတွေကို ဇာတ်စုံခင်းပြသည်။

ကက်သရိန်းကလည်း ဘော့စတွန်တွင် သူမ ငယ်စဉ်က စာသင်ခဲ့ရပုံ၊ ထို့နောက် ဗာဂျီးနီးယား ပြည်နယ်သို့ပြောင်း၍ သင်ခဲ့ရပုံနှင့် ငယ်ငယ်ရွယ်ရွယ်နှင့် မက်ဘရွတ်ကို လက်ထပ်ခဲ့ရပုံတို့ကို ရင်ဖွင့်ပြောပြသည်။

နောက် ငါးရက်အကြာတွင် သူမက သူ့အား ဘူတာရုံသို့ လိုက်ပို့သည်။ သူက သူမအား ပထမဆုံးအကြိမ် နမ်းသည်။

"ကိတ်... ကိုယ်မပြန်ခင် ကြိုတင် နိမိတ်ဖတ်တဲ့ စကားတစ်ခွန်း ပြောခဲ့ချင်ပါတယ်၊ တခြားမဟုတ်ပါဘူး၊ မင်းဟာ တစ်နေ့ကျရင် မက်အတွက် ခံစားရတာထက် ကိုယ့်အတွက် ပိုပြီးခံစားရလိမ့်မယ်လို့ ကိုယ်ယုံကြည်မိတယ်"

"တစ်နေ့မဟုတ်ပါဘူး ဝီလျံ၊ အခုပဲ ကျွန်မ အဲဒီခံစားချက်ကို ခံစားနေရပါပြီ" သူမ၏ အသံရော၊ ဟန်ပါ တည်ငြိမ်အေးဆေးလှသည်။

သူက သူမကို မျက်လုံးကျွတ်ထွက်မတတ် ရွှန်းရွှန်းစားစား ကြည့်နေသည်။

"နောက်ဆိုရင် အလျင်လိုပဲ ကိုယ်နဲ့ ကိုးလကြီးများတောင် ခွဲခွာမနေပါနဲ့ကွယ်"

"နေပါဆိုလဲ ကျွန်မ မနေနိုင်တော့ပါဘူး၊ ရှင်က ကျွန်မအိမ်ကို ရောင်းပစ်လိုက်ပြီ မဟုတ်လား"

✧ ✧ ✧

အပြန်ခရီးတွင် ဝီလျံသည် အလွန်ပျော်ရွှင်နေသည်။ ကက်သရိန်းဘရွတ်နှင့် နေခဲ့ရသော ခဏတာရက်များသည် သူ့တစ်သက်တာတွင် ဘယ်တော့မှ မေ့မရနိုင်တော့သော အမှတ်တရရက်များ ဖြစ်သွားတော့သည်။

သူသည် ရထားစီးလာရင်းမှပင် ကက်သရိန်း၏ အိမ်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်သော အစီရင်ခံစာတစ်စောင်ကို အကြမ်းရေးသည်။ ပြီးတော့ သူ့စိတ်အာရုံသည် ကက်သရိန်းထံသို့ ပြန်ရောက်သွားသည်။

ရုတ်တရက် စိတ်ကူးပေါ်လာသဖြင့် ကက်သရိန်းထံသို့ စာတိုကလေးတစ်စောင် ကောက်ရေးသည်။ လက်ရေးကတော့ သိပ်မလှ။ သို့သော် သေတော့ သေသပ်သည်။

ကိတ်...

> မင်းကို ငါ သိပ်ပြီး အောက်မေ့နေပြီ။ ခွဲခွာလာတာ နာရီပိုင်းသာ ရှိသေးပေမယ့် ငါ့စိတ်ထဲမှာတော့ တစ်သက်လောက် ရှိသွားပြီလို့ပဲ ထင်နေမိတော့တယ်။ မင်း ဘော့စတွန်ကို ဘယ်တော့ လာမယ်ဆိုတာ ငါ့ဆီကို ကြိုပြီး စာရေးပါ။ ဒီကြားထဲ ဘဏ်တိုက်မှာ လုပ်စရာလုပ်ငန်းတွေကို ငါဖိပြီး လုပ်လိုက်ဦးမယ်။ ဒါပေမဲ့ စိတ်ကတော့ မင်းဆီကိုပဲ ရောက်နေမှာပါ။

ချစ်သော

ဝီလျံ

ဘော့စတွန်သို့ ရထားဆိုက်တော့ ရထားပေါ်မှ ကမန်းကတန်းဆင်းပြီး ချားလ်စ်လမ်းမှာ စာတိုက်သေတ္တာထဲသို့ စာအိတ်ကို ထည့်လိုက်သည်။ ထိုအချိန်တွင်...

"ဝေါလ်စထရီးဈေးကွက် ပျက်သွားပြီ" ဟူသော သတင်းစာရောင်းသမားကလေး၏ အော်သံကြောင့် ဝီလျံ၏ အတွေးအာရုံထဲမှ ကက်သရိန်းသည် ရုတ်တရက် ထွက်ပြေးသွားသည်။

ဝီလျံက သတင်းစာတစ်စောင်ဝယ်လိုက်သည်။ မျက်နှာဖုံး သတင်းခေါင်းစဉ်ကို ကမန်းကတန်း ဖတ်လိုက်သည်။ စတော့ဈေးကွက်သည် နေ့ချင်းညချင်း ထိုးကျသွားပြီ။ တချို့ စီးပွားရေးသမားများက သည်အချက်ကို ယာယီဈေးကွက်ညှိခြင်းမျှသာ ဖြစ်သည်ဟု ခပ်ပေါ့ပေါ့ပင်မြင်ကြသည်။ ဝီလျံကတော့ ကမ်းပါးပြိုကျသလို တဟုန်တည်း ထိုးကျခြင်းဟု မြင်သည်။ သည်အချက်ကို အတော်ကြာကြာကပင် သူက ကြိုတင်ဟာကိန်းထုတ်ခဲ့သည်။

သူသည် သတင်းစာကြီးကိုင်ပြီး ဘဏ်တိုက်သို့ သုတ်ခြေတင်သည်။ ဘဏ်ဥက္ကဋ္ဌ၏ ရုံးခန်းသို့ တန်းဝင်လာသည်။

"မပူပါနဲ့ ဝီလျံ၊ ရေရှည်ကျတော့ ဈေးကွက်အခြေအနေ ပုံမှန် အနေအထားအတိုင်း ငြိမ်သွားမှာပါ"

ဘဏ်ဥက္ကဋ္ဌ အလန်လွိုက်က ဝီလျံအား နှစ်သိမ့်စကားပြောသည်။ သို့သော် ဝီလျံကတော့ လက်မခံ။

"မထင်နဲ့ အလန်၊ ဈေးကွက်က မတန်တဆ ဖောင်းပွနေတာ၊ သူ့ဝန်ကို သူမထမ်းနိုင်တော့သလို ဖြစ်နေတာ၊ အဲဒီလို မတန်တဆ ဖြစ်နေတာကလဲ အချိန်တိုအတွင်း အမြတ်ကြီးကြီးလိုချင်တဲ့ အသေးစား စီးပွားရေးသမားတွေကြောင့် ဖြစ်ရတာပဲ၊ သူတို့က တစ်ချိတည်းနဲ့ အပွကြီးချင်ကြတာ၊ မီးပုံးကြီးက မှိုင်းဝနေပြီ၊ မကြာခင် ပေါက်ကွဲတော့မယ်၊ ကျွန်တော်တော့ ရှိသမျှအားလုံး ရောင်းပစ်လိုက်တော့မယ်၊ နှစ်ကုန်တဲ့အခါကျတော့ အောက်ခြေကလူတွေအားလုံး ဈေးကွက်က လွင့်ထွက်ကုန်ကြလိမ့်မယ်၊ ဒါကို ကျွန်တော် ဖေဖော်ဝါရီလကတည်းက အလန်ကို သတိပေးခဲ့တာပဲ"

"မင်းပြောတာကို ငါ အခုအချိန်ထိ လက်မခံနိုင်သေးဘူး ဝီလျံ၊ ဒါပေမယ့် မနက်ဖြန် ဘုတ်အဖွဲ့ အစည်းအဝေးလုပ်ဖို့ ငါခေါ်လိုက်မယ်၊ အဲဒီတော့မှ အသေးစိတ် ဆွေးနွေးကြတာပေါ့၊ ဟုတ်လား"

"ကောင်းပါတယ်၊ ကျေးဇူးတင်ပါတယ် အလန်"

ဝီလျံသည် သူ့ရုံးခန်းသို့ ပြန်လာပြီး အတွင်းတယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"အလန် ကျွန်တော် ပြောစရာတစ်ခု မေ့ကျန်ရစ်လို့ပါ၊ ကျွန်တော် လက်ထပ်မယ့် မိန်းကလေး တွေ့လာခဲ့ပြီ အလန်"

"အဲဒါကို သူကရော သိပြီးပလား"

"ဟင်အင့် မသိသေးပါဘူး"

"အင်း ဟုတ်ပါပြီ၊ ဒီလိုဆို မင်းအိမ်ထောင်ရေးကလဲ မင်းဘဏ်လုပ်ငန်းဝင်လာတာနဲ့ တူနေပါရောလား၊ မင်းက ဆုံးဖြတ်ချက်ချပြီးမှ မင်းရဲ့ ဇနီးလောင်းကို အသိပေးမယ် ဆိုပါ

ဘော့စတွန်သို့ ရထားဆိုက်တော့ ရထားပေါ်မှ ကမန်းကတန်းဆင်းပြီး ချားလ်စ်လမ်းမှာ စာတိုက်သေတ္တာထဲသို့ စာအိတ်ကို ထည့်လိုက်သည်။ ထိုအချိန်တွင်...

"ဝေါလ်စထရိဈေးကွက် ပျက်သွားပြီ" ဟူသော သတင်းစာရောင်းသမားကလေး၏ အော်သံကြောင့် ဝီလျံ၏ အတွေးအာရုံထဲမှ ကက်သရိန်းသည် ရုတ်တရက် ထွက်ပြေးသွားသည်။

ဝီလျံက သတင်းစာတစ်စောင်ဝယ်လိုက်သည်။ မျက်နှာဖုံး သတင်းခေါင်းစဉ်ကို ကမန်းကတန်း ဖတ်လိုက်သည်။ စတော့ဈေးကွက်သည် နေ့ချင်းညချင်း ထိုးကျသွားပြီ။ တချို့ စီးပွားရေးသမားများက သည်အချက်ကို ယာယီဈေးကွက်ညှိခြင်းမျှသာ ဖြစ်သည်ဟု ခပ်ပေါ့ပေါ့ပင်မြင်ကြသည်။ ဝီလျံကတော့ ကမ်းပါးပြိုကျသလို တဟုန်တည်း ထိုးကျခြင်းဟု မြင်သည်။ သည်အချက်ကို အတော်ကြာကြာကပင် သူက ကြိုတင်ဟာကိန်းထုတ်ခဲ့သည်။

သူသည် သတင်းစာကြီးကိုင်ပြီး ဘဏ်တိုက်သို့ သုတ်ခြေတင်သည်။ ဘဏ်ဥက္ကဋ္ဌ၏ ရုံးခန်းသို့ တန်းဝင်လာသည်။

"မပူပါနဲ့ ဝီလျံ၊ ရေရှည်ကျတော့ ဈေးကွက်အခြေအနေ ပုံမှန် အနေအထားအတိုင်း ငြိမ်သွားမှာပါ"

ဘဏ်ဥက္ကဋ္ဌ အလန်လွိုက်က ဝီလျံအား နှစ်သိမ့်စကားပြောသည်။ သို့သော် ဝီလျံကတော့ လက်မခံ။

"မထင်နဲ့ အလန်၊ ဈေးကွက်က မတန်တဆ ဖောင်းပွနေတာ၊ သူ့ဝန်ကို သူမထမ်းနိုင်တော့သလို ဖြစ်နေတာ၊ အဲဒီလို မတန်တဆ ဖြစ်နေတာကလဲ အချိန်တိုအတွင်း အမြတ်ကြီးကြီးလိုချင်တဲ့ အသေးစား စီးပွားရေးသမားတွေကြောင့် ဖြစ်ရတာပဲ၊ သူတို့က တစ်ချီတည်းနဲ့ အပွကြီးချင်ကြတာ၊ မီးပုံးကြီးက မှိုင်းဝနေပြီ၊ မကြာခင် ပေါက်ကွဲတော့မယ်၊ ကျွန်တော်တော့ ရှိသမျှအားလုံး ရောင်းပစ်လိုက်တော့မယ်၊ နှစ်ကုန်တဲ့အခါကျတော့ အောက်ခြေကလူတွေအားလုံး ဈေးကွက်က လွင့်ထွက်ကုန်ကြလိမ့်မယ်၊ ဒါကို ကျွန်တော် ဖေဖော်ဝါရီလကတည်းက အလန်ကို သတိပေးခဲ့တာပဲ"

"မင်းပြောတာကို ငါ အခုအချိန်ထိ လက်မခံနိုင်သေးဘူး ဝီလျံ၊ ဒါပေမယ့် မနက်ဖြန် ဘုတ်အဖွဲ့ အစည်းအဝေးလုပ်ဖို့ ငါခေါ်လိုက်မယ်၊ အဲဒီတော့မှ အသေးစိတ် ဆွေးနွေးကြတာပေါ့၊ ဟုတ်လား"

"ကောင်းပါတယ်၊ ကျေးဇူးတင်ပါတယ် အလန်"

ဝီလျံသည် သူ့ရုံးခန်းသို့ ပြန်လာပြီး အတွင်းတယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"အလန် ကျွန်တော် ပြောစရာတစ်ခု မေ့ကျန်ရစ်လို့ပါ၊ ကျွန်တော် လက်ထပ်မယ့် မိန်းကလေး တွေ့လာခဲ့ပြီ အလန်"

"အဲဒါကို သူကရော သိပြီးပလား"

"ဟင်အင့် မသိသေးပါဘူး"

"အင်း ဟုတ်ပါပြီ၊ ဒီလိုဆို မင်းအိမ်ထောင်ရေးကလဲ မင်းဘဏ်လုပ်ငန်းဝင်လာတာနဲ့ တူနေပါရောလား၊ မင်းက ဆုံးဖြတ်ချက်ချပြီးမှ မင်းရဲ့ ဇနီးလောင်းကို အသိပေးမယ် ဆိုပါ

သော့"

ဝီလျံက ရယ်သည်။ ပြီးတော့ ဖုန်းကို ပြန်ချလိုက်သည်။ ထို့နောက်တော့ သူပိုင် အဓိက သော့ရှယ်ယာများကို ဈေးကွက်တွင် ချက်ချင်း ချရောင်းပစ်လိုက်ပြီး ငွေသားအဖြစ် ပြောင်းလဲပင်လိုက်သည်။

မကြာမီတွင် သူ့ရုံးခန်းဝသို့ တိုနီဆိုင်မွန် ရောက်လာသည်။ တိုနီက ဝီလျံအား ရူးများနေပြီလားဟု တွေးနေမိသည်။

"ဒီလို အခြေအနေမျိုးမှာ ရှိသမျှ ရှယ်ယာတွေ လမ်းဘေးပုံရောင်းသလို ရောင်းပစ်တာ မိုက်မဲရာ မကျဘူးလား ဝီလျံ"

"ကျွန်တော်က ဈေးကွက်ကို ထိန်းထားနိုင်ရင် ရှုံးချင်သလောက် ရှုံးပါစေပေါ့"

သည်အတိုင်းဆိုလျှင် နောက်တစ်ပတ်အတွင်း သူ့အနေဖြင့်အရှုံးငွေမှာ အနည်းဆုံး ဒေါ်လာတစ်သန်းကျော်တော့ ရှိနိုင်သည်။

နောက်တစ်နေ့ အစည်းအဝေးတွင် ဘဏ်တိုက်ပိုင် စတော့များ ရောင်းချရေးအဆိုကို ဝီလျံက တင်သည်။ ဘုတ်အဖွဲ့က ရှစ်မဲ၊ ခြောက်မဲဖြင့် ပယ်ချလိုက်သည်။ တိုနီဆိုင်မွန်က အချိန်အနည်းငယ်စောင့်၍ ဆက်လက်ထိန်းထားရန် စိတ်မရှည်ခြင်းသည် တာဝန်မဲ့လွန်းရာ ရောက်ကြောင်းတင်ပြသည်။ ဝီလျံမှတစ်ပါး အခြားပုဂ္ဂိုလ်များက တိုနီ၏ အဆိုကို ထောက်ခံကြသည်။ အစည်းအဝေးတွင် ဝီလျံက သာမန်အမြတ်ကလေးတစ်ခုကိုတော့ ရလိုက်သည်။ ယင်းမှာ အခြားမဟုတ်၊ သူတို့ဘဏ်သည် နောင်အခါတွင် စတော့ရှယ်ယာဝင်သူ သက်သက်သာ မလုပ်တော့ဘဲ ရောင်းသူအဖြစ်လည်း လုပ်ကိုင်မည်ဟူသော သူ၏အဆိုကို အားလုံးက ထောက်ခံကြခြင်းပင် ဖြစ်သည်။

ထိုနေ့တွင် စတော့ဈေး အနည်းငယ် တက်လာသည်။ ဝီလျံက သူပိုင် စတော့ တော်တော်များများ ထပ်မံရောင်းပစ်လိုက်သည်။ တစ်ပတ်လောက်ကြာတော့ ဈေးကွက်အခြေအနေက တန်းသွားပြန်သည်။ ဝီလျံက သူ့လုပ်ရပ် မှန်မှ မှန်ပါရဲ့လားဟု သံသယဝင်လာသည်။ သို့သော် သူသင်လာခဲ့သော ပညာနှင့် ပင်ကို အသိဉာဏ်က သူလုပ်တာ မှန်သည်ဟု ထောက်ခံသည်။ အလန်လွိုက်ကတော့ ဘာမှမပြော။ သူ့ပိုက်ဆံနှင့် သူလုပ်တာ ငါနှင့်မဆိုင်ဟု ယူဆသောကြောင့် ဖြစ်သည်။ ပြီးတော့ သူက မကြာခင် ပင်စင်ယူရတော့မှာမို့ မည်သူနှင့်မျှ မဆန့်ကျင်ချင်သော ကြောင့်လည်း ဖြစ်သည်။

အောက်တိုဘာလ ၂၂ ရက်နေ့တွင် ဈေးကွက်အခြေအနေ အဆိုးဆုံးဖြစ်သည်။ လူတိုင်းလိုလို အရှုံးကြီး ရှုံးသွားကြသည်။ ဝီလျံက အလန်လွိုက်အား အခွင့်သာခိုက် တစ်ပွဲတစ်လမ်း စမ်းကြည့်ရန် တိုက်တွန်းသည်။ သည်တစ်ကြိမ်တော့ ဝီလျံ၏ စကားကို အလန်က နားထောင်သည်။ သူက ဘဏ်တိုက်ပိုင် အဓိက စတော့အချို့ကို ဝီလျံအား ရောင်းချခွင့်ပြုလိုက်သည်။ နောက်တစ်နေ့ကျတော့ ရောင်းသူတွေ အောတိုက်နေပြီး ဝယ်သူမရှိ၍ ဈေးက ပြန်ကျသွားပြန်သည်။ အမေရိကန်တစ်ပြည်လုံးမှ အသေးစားလုပ်ငန်းရှင်တွေ စုပြုံဝင်တိုးလာပြီး ဈေးကွက်တစ်ခုလုံး မတန်တဆ ဖောင်းပွကုန်သည်။ အရောင်းအဝယ်ဖြစ်ပေမယ့် စာရင်းချုပ်တော့ ကုန်သည်တွေ

ဝက်ဝက်ကွဲ ရှုံးကုန်ကြတော့သည်။

အလန်လွိုက်က အမေရိကန် စီးပွားရေးနှင့် ဘဏ်လုပ်ငန်း အဓိပတိကြီး ဂျေပီမော်ဂန်နှင့် တယ်လီဖုန်းဖြင့် စကားပြောသည်။ သူက အမေရိကန်တစ်ပြည်လုံးရှိ အရေးကြီးသော အဓိက စတော့တွေ ပြိုကွဲမသွားရေးအတွက် ကျားကန်ထားဖို့အတွက် ဘဏ်တိုက်များ စုပေါင်း၍ အုပ်စုဖွဲ့ရန် တင်ပြသည်။

ဤအစီအစဉ်ကို ဝီလျံက လုံးဝ သဘောမတူ။ အားလုံး စုပေါင်းလိုက်လျှင် ကိန်းနှင့် ကဘော့ဘဏ်ကလည်း မဆိုင်သော တာဝန်များ ယူလာရလိမ့်မည်ဟု သူက အကြောင်းပြသည်။

နောက်တစ်နေ့တွင် နယူးယောက်စတော့ဌာနမှ ဒုတိယဥက္ကဋ္ဌ ရစ်ချတ်ဝှစ်တနီနှင့် မော်ဂန်ဘဏ်အုပ်စုမှ ကိုယ်စားလှယ်တို့ အပေးအယူလုပ်ပြီး နယူးယောက် စတော့ဈေးကွက်တွင် ဒေါ်လာ သန်း ၃၀ ဖိုးအထိ အကြီးစားစတော့တွေ ဝယ်ယူလိုက်သည်။ ဈေးကွက်က တိုးလည်းမတိုး၊ ဆုတ်လည်းမဆုတ်၊ ငြိမ်သွားသည်။

ထိုနေ့ တစ်နေ့တည်းတွင် ရှယ်ယာစုစုပေါင်း ၁၂,၈၉၄,၆၅၀ အရောင်းအဝယ်ဖြစ်သည်။ နောက်နှစ်ရက်အတွင်း ဈေးကွက် ဆက်ငြိမ်နေပြန်သည်။ သမ္မတကြီး ဟူးဗားမှစ၍ စတော့ဈေးမှ စာပို့လုလင်အထိ လူတိုင်းကပင် အဆိုးရွားဆုံး အခြေအနေတွေကို ကျော်လွန်သွားခဲ့ပြီဟု ယုံကြည်နေကြသည်။

ဝီလျံက သူပိုင် စတော့ အားလုံးလိုလိုကို ရောင်းပစ်လိုက်သည်။ သူ၏ ပုဂ္ဂလိကပိုင်ငွေ အရှုံးထက် ဘဏ်အရှုံးက ပိုနည်းနေသေးသည်။ ဘဏ်က လေးရက်အတွင်း ဒေါ်လာ သုံးသန်း ကျော် ရှုံးသွားသည်။ တိုနီဆိုင်မွန်ကလည်း ဝီလျံ၏ အကြံပေးချက်ကို သဘောတူသည်။

အောက်တိုဘာလ ၂၉ ရက်နေ့ကတော့ အဆိုးတကာ့ အဆိုးရွားဆုံးနေ့ဖြစ်သည်။ ထိုနေ့ကို 'အမှောင်ဖုံးသော အင်္ဂါနေ့'ဟုပင် ခေါ်ကြသည်။ ထိုနေ့တွင် ဈေးကွက်ထိုးကျသွားသည်။ အစုရှယ်ယာပေါင်း ၁၆,၆၁၀,၀၃၀ တိတိ အရောင်းအဝယ်ဖြစ်သည်။ သို့သော် တစ်ပြည်လုံးမှ ဘဏ်တိုက်အားလုံးပင် ဒေဝါလီခံရတော့မည် အခြေအထိ ဆိုက်သွားသည်။

နိုဝင်ဘာလ ၉ ရက်နေ့တွင် ကိန်းနှင့် ကဘော့ ဘဏ်တိုက်၌ ဘုတ်အဖွဲ့ အစည်းအဝေး ကျင်းပသည်။ ခရိုင်ဘဏ္ဍာထိန်းအဖွဲ့ ဥက္ကဋ္ဌနှင့် ကိန်းနှင့် ကဘော့ဘဏ် ဒါရိုက်တာလူကြီးတစ်ဦး ဖြစ်သူ ဂျွန်၊ ဂျေ၊ ရှိုက်ယာဒန် ကွယ်လွန်သည့် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ဘုတ်အဖွဲ့ ဝင်တွေအားလုံး တစ်မိနစ်ခြင်း အထိမ်းအမှတ်အဖြစ် ဘုတ်အဖွဲ့ဝင်တွေအားလုံး တစ်မိနစ်ခန့် ငြိမ်သက်နေခြင်းဖြင့် အစည်းအဝေးကို စတင်ဖွင့်လှစ်သည်။ ရှိုက်ယာဒန်သည် သူ့အိမ်တွင် ကိုယ့်ကိုယ်ကိုယ် ပစ်သတ်ပြီးသေဆုံးသွားခြင်းဖြစ်သည်။ ဤသည်မှာ ဘော့စတွန်မြို့၌ နှစ်ပတ်အတွင်း ၁၁ ကြိမ်မြောက် သတ်သေမှုဖြစ်သည်။

သေဆုံးသူမှာ အလန်လွိုက်၏ အရင်းနှီးဆုံး မိတ်ဆွေဖြစ်သည်။ အလန်လွိုက်က မိမိတို့ ဘဏ်တိုက်အနေဖြင့် ဒေါ်လာလေးသန်း ဆုံးရှုံးသွားပြီဖြစ်ကြောင်း၊ မော်ဂန်အုပ်စုနှင့် ပူးပေါင်းရန်ကိစ္စလည်း ပျက်သွားကြောင်း၊ ထို့ကြောင့် ဘဏ်တိုက်များအနေဖြင့် ကိုယ့် ရပ်တည်မှုအတွက် အစွမ်းကုန် ကြိုးစားကြရမည်ဖြစ်ကြောင်း တင်ပြသည်။

ထို့ပြင် မိမိတို့ ဘဏ်တိုက်မှ ငွေထုတ်ချေးထားသော အသေးစားလုပ်ငန်းရှင်များမှာ ဒေဝါလီခံသွားကြရပြီဖြစ်ကြောင်း၊ အကြီးစားလုပ်ငန်းရှင်များမှာလည်း အကြီးအကျယ် အကျပ်ရိုက်နေကြပြီဖြစ်ကြောင်း ထို့ကြောင့် သည်အတိုင်းဆိုလျှင် ရက်အနည်းငယ်အတွင်းတွင် မိမိတို့အားလုံးလည်း ဘဏ်တိုက်မှ ထွက်သွားကြရတော့မည်ဖြစ်ကြောင်း အလန်က ဆက်လက်တင်ပြသည်။

တစ်ဆက်တည်းတွင် အလန်က နုတ်ထွက်စာကိုပါ တင်လိုက်သည်။ သို့သော် တခြားပုဂ္ဂိုလ်တွေက တစ်ယောက်မှ လက်မခံ။ တိုနီဆိုင်မွန်ကလည်း ထွက်စာတင်လာပြန်သည်။ အလားတူပင် ဝီလျံမှတစ်ပါး အားလုံးက ပယ်ချပြန်သည်။ ဝီလျံကတော့ ဘာမှ တုံ့ပြန်ခြင်းမပြုဘဲ လုံးဝနှုတ်ပိတ်နေသည်။

နောက်ဆုံးတော့ အားလုံး ပြေပြေလည်လည်ဖြစ်အောင် ပြန်ညှိကြသည်။ တိုနီဆိုင်မွန်အား ရင်းနှီးမြှုပ်နှံမှု ဒါရိုက်တာအဖြစ် လန်ဒန်ဘဏ်ခွဲသို့ ပြောင်းလဲ တာဝန်ပေးလိုက်သည်။ သို့ဖြင့် ဝီလျံမှာ ကိန်းနှင့် ကဘော့ ဘဏ်တိုက်၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာ ဒါရိုက်တာဘဝသို့ အလိုအလျောက် ရောက်ရှိလာခဲ့ရသည်။

ချက်ချင်းပင် သူက မက်သယူးအား သူ့လက်ထောက်အဖြစ် ဆုံးဖြတ်လိုက်သည်။ သည်တစ်ကြိမ်တွင်တော့ အလန်က ဘာမှ မပြောတော့။

မက်သယူးက နှစ်ဆန်းတွင် ဝင်ရောက်လုပ်ကိုင်ပါမည်ဟု ကတိပေးသည်။ လောလောဆယ်တွင် သူတို့ဘဏ်တိုက်၌ လုပ်ကိုင်နေရ၍ လုပ်ငန်းများ ပြီးပြတ်အောင် ဆောင်ရွက်ချင်သေးသောကြောင့်ဟု အကြောင်းပြသည်။

၁၉၂၉ ခုနှစ်၊ ဆောင်းရာသီတွင် ဝီလျံအနေဖြင့် အတော်ကြီးပင် အကျပ်အတည်းနှင့် ရင်ဆိုင်ရသည်။ သူနှင့် ရင်းနှီးသော မိတ်ဆွေ လုပ်ငန်းရှင်ကြီးများနှင့် လုပ်ငန်းရှင်ကလေးများအားလုံးပင် ဒေဝါလီခံသွားကြသည်။ သူတို့ဘဏ်တိုက်ကြီးလည်း သက်ဆိုးမှ ရှည်နိုင်ပါ့မလားဟူသော အတွေးသည် သူ့ခေါင်းထဲသို့ ပထမဦးဆုံးအကြိမ် ဝင်ရောက်လာခဲ့သည်။

ထိုနှစ် ခရစ်စမတ်ပွဲတော်ရာသီတွင် ဝီလျံသည် ဖလော်ရီဒါသို့သွား၍ ကက်သရိန်း(ကိတ်)နှင့်အတူ အပန်းဖြေအနားယူသည်။

ပွဲတော်ရာသီကုန်တော့ ကက်သရိန်းလည်း ဘော့စတွန်သို့ ပြောင်းရွှေ့ရန် စီစဉ်သည်။ ဝီလျံက သူမ၏ ပစ္စည်းများကို ကူညီထုပ်ပိုးပေးသည်။

"ဒါကလေးတွေကိုတော့ ကိန်းနဲ့ ကဘော့ဘဏ်က မသိမ်းပါနဲ့ရှင်၊ ကျွန်မ အမြတ်နိုးဆုံး ပစ္စည်းကလေးတွေမို့ ဆက်ပြီး သိမ်းထားပါရစေနော်"

ကက်သရိန်းက ဝီလျံအား နောက်လိုက်သည်။

ဝီလျံက ရယ်နေသည်။

ခရီးထွက်ခါနီးကျတော့ ဝီလျံက ကက်သရိန်းအတွက် လက်ဆောင်တွေ သေတ္တာတစ်လုံးအပြည့်ဝယ်ချလာသည်။ ကက်သရိန်းက အားနာလွန်း၍ လက်မခံရဲအောင်ပင် ဖြစ်နေသည်။

"ကျွန်မလို ဆင်းရဲသား မုဆိုးမတစ်ယောက်အနေနဲ့ ဒီကျေးဇူးကို ဘယ်လိုများ ပြန်ဆပ်

နိုင်ပါ့မလဲရှင်"

ဝိလျံက သူမအား အတင်းဖမ်းချုပ်ပြီး အခြားသေတ္တာလွတ်တစ်လုံးထဲသို့ အတင်းထည့်သည်။ ပြီးတော့ သေတ္တာဘေးတွင် 'ဝိလျံ၏ လက်ဆောင်' ဟူ၍ စာတန်းထိုးလိုက်သည်။

✧ ✧ ✧

ဝိလျံက ဘော့စတွန်သို့ အလျင်ပြန်လာခဲ့သည်။ သူ့စိတ်ဓာတ် အလွန်တက်ကြွနေသည်။ ကက်သရိန်းနှင့် နေခဲ့ရသောနေ့များကို သူ့စိတ်ထဲတွင် တသသဖြစ်နေမိသည်။

ဘော့စတွန်ရောက်တော့ နောက်တစ်နေ့တွင် ဘဏ်တိုက်သို့ ထွက်လာခဲ့သည်။

ယခင် တိုနီဆိုင်မွန်ထိုင်ခဲ့သော ကုလားထိုင်တွင် ဝင်ထိုင်ပြီး သတင်းစာကို ကောက်ဖတ်သည်။

ပြီးတော့ အတွင်းရေးမှူး စာရေးမကို မေးလိုက်သည်။

"ဒီနေ့ ဘယ်သူနဲ့ ပထမဆုံး တွေ့ရမလဲ"

"ချိန်းထားတာ တစ်ယောက်တော့ ရှိပါတယ် မစ္စတာကိန်း၊ ဒေဝါလီခံရတဲ့ကိစ္စပဲ ထင်ပါတယ်"

"ဟုတ်ပြီ၊ ကျွန်တော် မှတ်မိပြီ၊ ညတုန်းက သူ့အမှုတွဲဖိုင် ကျွန်တော် ဖတ်ခဲ့ပြီးပြီ၊ တော်တော်တော့ ကံဆိုးရှာတဲ့လူပဲ၊ ဒါနဲ့ သူက ဘယ်အချိန်ရောက်လာမှာလဲ"

"ဆယ်နာရီပါ၊ ဒါပေမယ့် အခု ဧည့်ခန်းမှာရောက်နေပါပြီ"

"ကဲ ဒါဖြင့်လဲ ခေါ်လိုက်ပါ၊ မြန်မြန်တွေ့လိုက်တာ ကောင်းပါတယ်"

ဝိလျံက အမှုတွဲကို ကမန်းကတန်းဖွင့်ပြီး စစ်ဆေးကြည့်သည်။ မူလ ရေးထားသော 'မစ္စတာဒေးဗစ်လီရှိုင်း'ဟူသော အမည်ကို လိုင်းသား၍ ဖျက်ထားပြီး၊ ယနေ့ နံနက်သူနှင့်လာတွေ့မည့် 'မစ္စတာ အေဘယ်ရိုစနော့စကီး' ဆိုသူ၏ အမည်ကို ပြန်လည်အစားထိုး ရေးသားထားသည်ကို တွေ့ရသည်။

ဝိလျံသည် မစ္စတာရိုစနော့စကီးနှင့် နောက်ဆုံးဆွေးနွေးခဲ့သည့် အချက်အလက်များကို အသေးစိတ် ပြန်လည်သတိရလာသည်။ ထိုစဉ်က မစ္စတာ ရိုစနော့စကီးနှင့် အခြေအတင်ပြောခဲ့မိသည့်အတွက် သူက အတော်ကလေး စိတ်မကောင်းဖြစ်သွားမိသည်။

✣

## (၁၆)

'ရစ်ချ်မွန့်ကွန်တီနင်တယ်' ဟိုတယ်တွင် ဖြစ်ပေါ်နေသော ပြဿနာများ အပြည့်အစုံသိရှိရန်အတွက် အောဘယ်သည် သုံးလတိတိ အချိန်ယူခဲ့ရသည်။ ယင်းကို တစ်ချက်ကလေးမျှ သတိလစ်မခံဘဲ မျက်စိကို ဒေါက်ထောက်ပြီး သီတင်းပတ် ၁၂ ပတ်မျှ အကဲခတ်ပြီးသောအခါ ဟိုတယ်အမှုထမ်းများက ပိုက်ဆံတွေ ခိုးယူနေခြင်းကြောင့် ယခုကဲ့သို့ အရှုံးပေါ်နေရသည်ဟူသော အဖြေသည် ဘူးပေါ်သလို ပေါ်လာတော့သည်။

သို့သော် သူယင်းအချက်ကို သိရှိထားပြီးဖြစ်ကြောင်း အမှုထမ်းများ လုံးဝမရိပ်မိစေဘဲ သူက ဆက်လက်စောင့်ကြည့်နေသည်။ ဌာနတိုင်း၏ အတွင်းရေးများကို ချေးခါးအူမသိရှိအောင် အချိန်ယူ၍ အကဲခတ်နေသည်။

စာရင်းလိမ်မှုသည် ဧည့်သည်လက်ခံဌာနမှ စတင်သည်။ ဟိုတယ်သို့ ဧည့်သည် ဆယ်ယောက်လာလျှင် မှတ်ပုံတင်စာရေးများက ရှစ်ယောက်သာ စာရင်းပြပြီး နှစ်ယောက်အတွက် ပိုက်ဆံကို သူတို့အိတ်ထဲ ထည့်လိုက်ကြသည်။

စားသောက်ခန်းတွင်မူ သူတို့လုပ်ပုံက ပို၍ ဇာစပ်သည်။ မှတ်ပုံတင်စာရေးနှင့် စားသောက်ခန်းအမှုထမ်းတို့ စည်းဝါးကိုက်ထားကြသည်။ မှတ်ပုံတင် စာရင်းမဝင်သော ဧည့်သည်များ စားသောက်ခ စာရင်းမသွင်းဘဲထားသည်။ စားသောက်ခန်းတွင် ပစ္စည်းတွေ မကြာခဏပျောက်သည်။ အစားအသောက်များကိုလည်း ခိုးကြသည်။ ပန်းကန်၊ ဇွန်း၊ ခက်ရင်း၊ စားပွဲခင်းမှစ၍ ပျောက်ရသည်။ ထို့ပြင် ပန်းကန် ခွက်ယောက်များ အမှတ်တမဲ့ ကွဲရသည်ဟု လိမ်ပြပြီး ခိုးယူကြသည်။ စားပွဲ၊ ကုလားထိုင်များ ပြန်ပြင်ရသည်ဆိုပြီး ပိုက်ဆံခိုးယူကြသည်။

ဤသို့ပြင့် ဟိုတယ်အမှုထမ်း ထက်ဝက်ခန့်မှာ သူခိုးတွေဖြစ်နေကြောင်း အောဘယ်က သိလာရသည်။

သူသည် ဟိုတယ်သို့ ရောက်ခါစက မန်နေဂျာ ဒက်စမွန်ပါစီအနေဖြင့် သည်ပြဿနာတွေကို ဘာကြောင့်များ မသိတာပါလိမ့်ဟု တွေးမိခဲ့သည်။ သူက ပါစီအား လူပျင်းတစ်ယောက်ဟု အစတုန်းက ထင်ခဲ့ခြင်းမှာလည်း လုံးဝမှားနေကြောင်း နောက်တော့မှ သိလာရသည်။

တကယ်တော့ ပါစီက လူပျင်းမဟုတ်၊ လူလည်တစ်ယောက် ဖြစ်နေသည်။ ဟိုတယ်အတွင်း ခိုးဝှက်မှုကြီးတစ်ခုလုံး၏ အဓိကတရားခံဖြစ်နေသည်။ မန်နေဂျာကိုယ်တိုင်က ကြံရာပါ ဖြစ်နေသာကြောင့်လည်း အားလုံး ပိပိရိရိနှင့် အလုပ်ဖြစ်နေကြခြင်းဖြစ်သည်။ ပါစီသည် ရစ်ချ်မွန့်ဟိုတယ် လုပ်ငန်းတွင် နှစ်ပေါင်းသုံးဆယ်မျှ လုပ်ကိုင်လာခဲ့ပြီ။ ထို့ကြောင့် သူမလုပ်ဖူးခဲ့သော ရစ်ချ်မွန့်ဟိုတယ်ဟူ၍ တစ်ခုမျှမရှိတော့။ ဤအချက်ကို တွေးပြီး တခြားဟိုတယ်တွေလည်း ကွန်တီနင်တယ်ဟိုတယ်ကဲ့သို့ပင် အတွင်းလှိုက်ပြီး လောက်စားနေလိမ့်မည်မှာ သေချာသည်ဟု အေဘယ်က ယုံကြည်သည်။ ပါစီသည် ဟိုတယ်ပိုင်ရှင် မစ္စတာလီရွိုင်း၏ ရင်းနှီးသော မိတ်ဆွေဖြစ်နေခြင်းက အေဘယ်အတွက် ပို၍ ဘေးကျပ်နံကျပ် ဖြစ်ရသည်။

ယခု ရှီကာဂိုမြို့မှ ကွန်တီနင်တယ်ဟိုတယ်သည် တစ်နှစ်လျှင် အနည်းဆုံး ဒေါ်လာသုံးသောင်းခန့်မျှ အရှုံးပေါ်နေသည်။

သည်အခြေအနေကို ပြောင်းလဲပစ်ရန် အဓိကလုပ်ငန်းမှာ မန်နေဂျာ ပါစီအပါအဝင် အမှုထမ်းတစ်ဝက်ခန့်ကို အလုပ်ထုတ်ပစ်မှဖြစ်မည်။ သို့သော် မစ္စတာလီရွိုင်းက ရှေးတုန်းကပင် မည်သည့်အမှုထမ်းကိုမျှ ထုတ်ပစ်ခြင်းမရှိခဲ့၍ အေဘယ်အနေဖြင့် အကျပ်တွေ့ရပြန်သည်။ မစ္စတာလီရွိုင်းက ပြဿနာကို သိသော်လည်း တစ်နေ့ ကောင်းလာပါလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် စောင့်၍သာ ကြည့်လာခဲ့သည်။ သည်အတိုင်းဆိုလျှင် အမှုထမ်းတွေက သူတို့ပင်စင်ယူချိန်အထိ ဆက်တိုက် ခိုးသွားကြမည်မှာ သေချာသည်။

ဘာပဲဖြစ်ဖြစ် လုပ်သင့်တာကိုတော့ လုပ်ရတော့မည်။ သည်ပြဿနာကို မစ္စတာလီရွိုင်းအား အိတ်သွန်ဖာမှောက် ရှင်းပြမှ ဖြစ်တော့မည်။

သို့ဖြင့် ၁၉၂၈ ခုနှစ်၊ နှစ်ဦးတွင် အေဘယ်သည် တပြည်လုံးရှိ ရစ်ချ်မွန့် ဟိုတယ်အားလုံးသို့ သွားရောက်ပြီး အခြေအနေများကို လေ့လာခဲ့သည်။ ထို့နောက် သုံးလတိတိ အချိန်ယူကာ စာမျက်နှာ ၂၀၀ ရှိ အစီရင်ခံစာရှည်ကြီးတစ်ခုကို ကြိုးစားပမ်းစားရေးသည်။

ယင်းအစီရင်ခံစာကို ဖတ်ရတော့ မစ္စတာလီရွိုင်းက စိတ်မချမ်းသာစွာဖြင့် အေဘယ်၏ မျက်နှာကိုသာ ငေးကြည့်နေသည်။

သူက အစီရင်ခံစာကို စားပွဲပေါ် ပြန်တင်လိုက်သည်။ ပြီးတော့

"ဒီလူတွေအားလုံးလိုလိုက ငါ့မိတ်ဆွေတွေဖြစ်နေတယ် အေဘယ်၊ တချို့ဆိုရင် ဟိုတယ် တည်ထောင်ချိန်စကပြီး ငါနဲ့အတူတူ တွဲလုပ်လာခဲ့ကြတာ၊ နှစ်ပေါင်း သုံးဆယ်တိတိ လုပ်လာခဲ့ကြပြီ။ ဒီလုပ်ငန်းမျိုးမှာ ဒီလုပ်ရပ်မျိုးတွေကတော့ အနည်းနဲ့အများရှိကြမှာပဲ၊ ဒါပေမယ့် အခုမင်းအစီရင်ခံစာအရဆိုရင် ဒီလူတွေက ငါ့မျက်နှာ လုံးဝမထောက်ဘဲ ငါ့နောက်ကျောကို ဓားနဲ့ထိုးနေသလို ဖြစ်နေပြီ"

"ဟုတ်ပါတယ်၊ တချို့ဆိုရင် အဲဒီလိုလုပ်နေတာ နှစ်ပေါင်း သုံးဆယ်တောင်ရှိနေကြပြီ"

"အဲဒီတော့ ငါ ဘယ်လိုလုပ်ရမှာလဲ"

"မန်နေဂျာ ပါစီကို အလုပ်က ထုတ်ပစ်လိုက်ပါ၊ အဲဒါဆိုရင် ဒီဟိုတယ် တိုးတက်လာအောင် ကျွန်တော် လုပ်နိုင်ပါတယ်၊ ပြီးတော့ မနက်ဖြန်ကစပြီး ကျွန်တော် ထုတ်ပစ်ချင်တဲ့လူကို ထုတ်ပစ်နိုင်ခွင့်ကိုလဲ ပေးပါ"

"ပြဿနာက ဒီလောက်တောင် ကြီးကျယ်နေလို့လား အောဘယ်၊ စဉ်းစဉ်းစားစားလဲ လုပ်ပါဦးလေ၊ ငါ့အထင်တော့ လွယ်လွယ်နဲ့ လုပ်လို့ရမယ်ထင်တာပဲ"

"ဟုတ်ပါတယ်၊ လွယ်လွယ်နဲ့ လုပ်လို့ရနိုင်ပါတယ်၊ ကျွန်တော်တောင်းဆိုတဲ့ အချက်တွေကိုသာပေးပါ၊ အဲဒီလိုမှ မဟုတ်ရင်တော့ ကျွန်တော်လဲ ခုချက်ချင်းပဲ ထွက်စာတင်သွားတော့မယ်၊ အမေရိကန်တစ်ပြည်လုံးမှာ အဆိုးရွားဆုံး ဟိုတယ်မှာ လုပ်နေလို့ ကျွန်တော့်အတွက် ဘာအကျိုးရှိတော့မှာလဲ"

"ပါစီကို လက်ထောက်မန်နေဂျာ ရာထူးကို ချပစ်ရုံနဲ့ မပြီးဘူးလား၊ မင်းက မန်နေဂျာလုပ်ပေါ့၊ အဲဒါဆိုရင် မင်းအနေနဲ့ ခြေနိုင်လက်နိုင် လုပ်သွားနိုင်မယ် ထင်တာပဲ"

"အဲဒီလို လုပ်နေလို့ ဘယ်တော့မှမဖြစ်ဘူး၊ ပါစီက ပင်စင်ယူဖို့ နောက်ထပ် နှစ်နှစ်တောင် ကျန်သေးတယ်၊ အဲဒီနှစ်နှစ်အတွင်း သူ့အနေနဲ့ အများကြီး လုပ်ချိန်ရသေးတယ်။ အဲဒီအချိန်ဆိုရင် မစ္စတာလီရှိုင်းဟာ သေရင်လဲသေပြီ၊ ဒါမှမဟုတ်ရင် ဒေဝါလီခံရင်လဲ ခံရပြီဖြစ်မှာပဲ၊ အဲဒီအဖြစ်မျိုးနဲ့ မကြုံရချင်ရင်တော့ ကျွန်တော်တင်ပြသလို လုပ်ကို လုပ်မှဖြစ်မယ်၊ မလုပ်ချင်ရင်တော့ ကိုယ်ထိုက်နဲ့ ကိုယ့်ကံပဲ၊ ကျွန်တော်လဲ မနေတော့ဘူး"

"တို့ တက္ကဆက်နယ်သားတွေကလဲ စိတ်ထဲရှိတာ ပြောင်ပြောင် ပြောတတ်ပါတယ် အောဘယ်၊ ဒါပေမယ့် တို့က မင်းအဆင့်ကိုတော့မမီသေးဘူး၊ ကဲ... ဟုတ်ပြီလေ၊ မင်းကို ငါခုအချိန်ကစပြီး အာဏာကုန် လွှဲအပ်လိုက်ပါတယ်၊ အောင်မြင်အောင်သာ ကြိုးစားပါတော့၊ အခု မင်းရစ်ချ်မွန့်ကွန်တီနင်တယ် ဟိုတယ်ရဲ့ မန်နေဂျာဖြစ်သွားပြီ၊ ဝမ်းသာပါတယ် အောဘယ်" မစ္စတာ လီရှိုင်းက ထိုင်ရာမှ ထလာပြီး အောဘယ်၏ ပခုံးကို လက်ဖြင့် ရင်းနှီးစွာ ပုတ်လိုက်ရင်း "ဒီအချိန်စကပြီး မင်းဟာ ငါ့ရဲ့ယုံကြည်စိတ် ချရဆုံး ညာလက်ရုံးဖြစ်သွားပြီ၊ အမှန်အတိုင်းပြောရရင် ငါကိုယ်တိုင်က ဟိုတယ်လုပ်ငန်း ဖိဖိစီးစီးမကိုင်ဘဲ စတော့ဈေးကွက်မှာသာ သွားပြီး အရောင်းအဝယ် လုပ်နေခဲ့မိတယ် အောဘယ်၊ အဲဒီအလုပ်ကြောင့် ဝက်ဝက်ကွဲအရှုံးထိခဲ့ရတယ်၊ အခု မင်းရောက်လာတော့ ငါ့အတွက် မိတ်ဆွေကောင်းတစ်ယောက်ရတာပဲ၊ ဒါနဲ့ ဒီည ဒီမှာပဲ အိပ်ပါလား၊ တို့နှစ်ယောက် ညစာ အတူသွားစားကြရအောင်"

"ကျေးဇူးတင်ပါတယ် ခင်ဗျား၊ ဒါပေမယ့် သည်းခံပါ၊ ကျွန်တော်က ဒီည ဒါးလက် ရစ်ချ်မွန့်ဟိုတယ်မှာ သွားတည်းဖို့ ဆုံးဖြတ်ထားလို့ပါ၊ အဲဒီမှာ လုပ်စရာကလေးတွေ ရှိလို့ပါ၊ ဒီမှာတော့ မအိပ်ပါရစေနဲ့တော့၊ ညစာတော့ လိုက်စားပါ့မယ်"

"ဒါဆို မင်းက တစ်ကောင်မှ မလွတ်နိုင်အောင် အကုန်လုံး ဖမ်းမလို့ ဆိုပါတော့"

"ဆိုပါတော့"

ထိုညနေ့တွင် မစ္စတာလီရှိုင်းက အောဘယ်အား ဟင်းခွက်ပေါင်းစုံသော ညစာစားပွဲဖြင့်

ညှော်ခဲ့သည်။ ဝိစကီလည်း အတန်အသင့်စီ သောက်ကြသည်။

မစ္စတာ လီရှိုင်းက သူ့အနေဖြင့် အေးအေးဆေးဆေး နေချင်ပြီဖြစ်ကြောင်း၊ ဖြစ်နိုင်လျှင် ရစ်ချ်မွန့် ဟိုတယ်လုပ်ငန်းတစ်ခုလုံးကို ခြေနိုင်လက်နိုင် လုပ်နိုင်မည့် လူတော်လူကောင်းတစ်ယောက် လိုချင်ကြောင်း အေဘယ်အား ပြောပြသည်။

"မစ္စတာလီရှိုင်းက ကျွန်တော့်ကို ရည်ရွယ်ပြီး ပြောနေတာပါလား"

"ဒါပေါ့၊ တခြားဘယ်သူ ရှိဦးမှာလဲ၊ အဲဒီတော့ မင်းပဲ ကြည့်လုပ်ပါတော့၊ ရစ်ချ်မွန့် ဟိုတယ်တွေအကြောင်း လူတိုင်းပါးစပ်ဖျားရောက်အောင် ကြိုးစားလိုက်စမ်းပါ မောင်ရာ"

အေဘယ်က အရက်ခွက်ကို မြှောက်လိုက်ပြီး

"အဲဒီအတွက် သောက်လိုက်ကြရအောင်၊ ပြီးတော့ အစွန့်ရှည်သော အောင်မြင်သော စပ်တူလုပ်ငန်းဖြစ်ဖို့အတွက်ဆိုပါတော့"

"ကဲ ဘသားကြီး၊ လုပ်လိုက်စမ်း၊ အောင်မြင်ပါစေ၊ တိုးတက်ပါစေ"

ထိုညတွင် အေဘယ်သည် ဒါးလက်မြို့မှ ရစ်ချ်မွန့်ဟိုတယ်တွင် အိပ်သည်။ သူက နာမည်အမှန်ကို စာရင်းမပေးဘဲ နာမည်လိမ်ဖြင့် တည်းခိုသည်။ တစ်ညသာ တည်းခိုမည်ဟု မှတ်ပုံတင်စာရေးကို ပြောလိုက်သည်။

နောက်ကျတော့ သူ၏ တစ်ခုတည်းသော ဟိုတယ် တည်းခိုခ ပြေစာစာရွက်မှာ အမှိုက်ခြင်းထဲ ရောက်နေသည်ကို တွေ့ရသည်။ ဤတွင် သူ၏ သံသယမှာ ခိုင်လုံသွားတော့သည်။ ပြဿနာသည် ရှီကာဂိုဟိုတယ်တစ်ခုတည်းတွင်သာ ရှိနေသည်မဟုတ် ဆိုသည်ကို အထင်အရှား တွက်ဆ၍ ရနေပြီဖြစ်သည်။ သူက ရှီကာဂိုဟိုတယ်ကို ပထမဆုံး ရှင်းပစ်ပြီးမှ ကျန်ဟိုတယ်များကို ရှင်းရန် ဆုံးဖြတ်လိုက်သည်။ မစ္စတာလီရှိုင်းထံသို့လည်း အခြေအနေအားလုံးကို ဖုန်းဆက်၍ ပြောလိုက်သည်။

ရှီကာဂိုဟိုတယ်သို့ ပြန်ရောက်လာချိန်တွင် တာဝန်ကျ ညစောင့်ကို လုံးဝမတွေ့ရ။ မှတ်ပုံတင်စာရေးတစ်ယောက်သာ စားပွဲတွင် ထိုင်နေသည်။ သူ့အအခန်းဘက်သို့ လှည့်လာတော့ ညှော်ကြို့လူငယ်တစ်ယောက်က တံခါးဖွင့်ပေးသည်။

"ခရီးတွက်တာ ပျော်ခဲ့ပါရဲ့လား မစ္စတာရိုစ်နော့စကီး"

"ပျော်ပါတယ်၊ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ဒီမှာ အခြေအနေ ဘယ်လိုရှိသလဲ"

"အို... ဘာမှ မဖြစ်ပါဘူး ခင်ဗျား၊ အားလုံး ငြိမ်ငြိမ်ဆိမ်ဆိမ်ပါပဲ"

"ကောင်းပြီ၊ မနက်ကျတော့ ပိုပြီး ငြိမ်ငြိမ်ဆိမ်ဆိမ်ဖြစ်သွားတာ မင်းတွေ့ရလိမ့်မယ်" ဟု အေဘယ်က စိတ်ထဲမှ ကျိတ်၍ ပြောလိုက်မိသည်။

ထို့နောက် အထုပ်အပိုးတွေ ဖြေပြီးနောက် သူ့အခန်းထဲသို့ ညနေစာ လာပို့ရန် မှာလိုက်သည်။ တစ်နာရီကြာမှ ညစာ ဇန်းရောက်လာသည်။

ကော်ဖီသောက်ပြီးတော့ အဝတ်လဲသည်။ ပြီးတော့ ရေအေးအေး တဝချိုးလိုက်သည်။ ထို့နောက် စားပွဲတွင်ထိုင်ကာ မနက်ဖြန် လုပ်ရမည့် အစီအစဉ်များကို ရေးဆွဲသည်။

ထိုအချိန်သည် ဖေဖော်ဝါရီလဆန်းရက်ဖြစ်သည်။ ဟိုတယ်တွင် လာရောက်တည်းခိုသူ

စုစုပေါင်းမှာ ၂၅ ရာခိုင်နှုန်းမျှသာ ရှိသည်။

အစီအစဉ် ရေးဆွဲပြီးတော့ အိပ်ရာထဲ ဝင်လှဲလိုက်သည်။

မန်နေဂျာ ဒက်စမွန်ပါစီကို ဟိုတယ်အမှုထမ်းတွေက 'ငပျင်းပါစီ' ဟု နောက်ပြောင်ခေါ်ကြသည်။ အသက်က ၆၂ နှစ်ရှိပြီ။ သူ့ ကိုယ်ခန္ဓာကြီးက အဆမတန်ဝသည်။ ခြေတွေ လက်တွေကလည်း အတိုကလေးတွေ၊ လမ်းလျှောက်လျှင် ဝက်ဝံတစ်ကောင်လို ကိုးရိုးကားရားကြီး လျှောက်သည်။

နောက်တစ်နေ့မနက်တွင် ပါစီသည် အေဘယ်၏ ရုံးခန်းသို့ ဝင်လာသည်။ ၁၀ နာရီတိတိတွင် တွေ့ရန်ချိန်းထားသော်လည်း ၁၀ မိနစ်နောက်ကျပြီးမှ ရောက်လာသည်။

"နောက်ကျတာ သည်းခံပါ အေဘယ်" ပါစီက တောင်းပန်စကားဆိုသည်း

အေဘယ်က ဘာမှ ပြန်မပြော။ ပါစီက ဆက်ပြောသည်။

"ဧည့်ခန်းမှာ နည်းနည်း အလုပ်များနေလို့ပါ"

သူ့ဘာအတွက် အလုပ်များနေခဲ့ကြောင်း အေဘယ်က အတပ်သိလိုက်ပြီးဖြစ်သည်။

အေဘယ်သည် စားပွဲအံဆွဲကို ဖြည်းဖြည်းကလေး ဖွင့်လိုက်သည်။ ဟိုတယ် ပြေစာအရွက် ၄၀ ကို စားပွဲပေါ်တင်လိုက်သည်။ အများစုမှာ သုံးလေးစစီ အပိုင်းပိုင်း စုတ်ပြတ်နေကြပြီ။ သူသည် ယင်းတို့ကို အမှိုက်ခြင်းထဲမှ ကောက်စုထားခြင်းဖြစ်သည်။

"မစ္စတာပါစီ၊ ဒီအချိန်ကစပြီး ခင်ဗျားကို အလုပ်က ထုတ်လိုက်ပြီ။ တစ်နာရီအတွင်း ဟိုတယ်ထဲက ထွက်သွားပါ"

ပါစီက သူ့နား သူမယုံကြည်နိုင်အောင် ဖြစ်သွားသည်။ သူနားကြားမှားသွားတာ ဖြစ်မည်ဟု ထင်ပြီး ပြန်မေးလိုက်သည်။

"မင်း ဘာပြောတာလဲ အေဘယ်၊ ငါသိပ်ပြီး နားမရှင်းလိုက်လို့ပါ"

"ခင်ဗျား နားရှင်းပါတယ်၊ ခင်ဗျားကို အလုပ်ဖြုတ်လိုက်ပြီ"

"ဟင် မင်းက ငါ့ကို အလုပ်ဖြုတ်နိုင်လို့လား၊ ငါက မန်နေဂျာပါကွ၊ ဒါဒီမှာ လုပ်လာတာ နှစ်ပေါင်း ၃၀ တိတိရှိပြီ သိရဲ့လား၊ ဖြုတ်စရာရှိ ငါကသာဖြုတ်မှာပါ၊ ဘယ့်နှယ်ခုတော့ မင်းလုပ်တာက ပြောင်းပြန်ကြီးပါလား"

"မပြောင်းပြန်ပါဘူး၊ အမှန်လုပ်တာပါ၊ အခု ခင်ဗျားက မန်နေဂျာ မဟုတ်တော့ဘူး၊ မစ္စတာ လီရွိုင်းက ကျွန်တော့်ကို မန်နေဂျာသစ် ခန့်လိုက်ပြီ"

"ဘာ ဘာပြောတယ်"

"ကျွန်တော့်ကို မန်နေဂျာခန့်လိုက်ပြီ" အေဘယ်က ကျယ်ကျယ်အော်ပြောလိုက်သည်။ 'မနေ့ကစပြီး မစ္စတာလီရွိုင်းက ခန့်လိုက်ပြီ၊ အဲဒါကြောင့် ခင်ဗျားကို အခုအချိန်ကစပြီး ကျွန်တော် အလုပ်ဖြုတ်လိုက်ပြီ"

"ဘာကြောင့် ဖြုတ်တာလဲ"

"ဟိုတယ် ပိုက်ဆံတွေကို လိမ်လည်ခိုးယူမှုကြောင့် ဖြုတ်တာ"

အေဘယ်က ပါစီရှေ့သို့ ပြေစာအပိုင်းအစများကို ဖြန့်ပြလိုက်သည်။

"ဒီညှော်သည်တွေဟာ အားလုံး ပိုက်ဆံပေးပြီး တည်းကြတာ၊ ဒါပေမယ့် ဟိုတယ်စာရင်းထဲ တစ်ပြားမှ မဝင်ဘူး၊ အဲဒီ ပြေစာတိုင်းမှာ ခင်ဗျားလက်မှတ် ထိုးထားပါတယ်"

"ဒီအထောက်အထားလောက်နဲ့ မင်းက ငါ့ကို အလုပ်ဖြုတ်နိုင်ရောလား"

"ကျွန်တော် အားလုံး သိထားပြီးပါပြီ၊ ခင်ဗျား လုပ်ပုံကလဲ တော်တော်ပိရိတာကိုး၊ ကဲလေ ဒါတွေ ပြောနေစရာ မလိုတော့ပါဘူး၊ ခင်ဗျား ဒီမှာတော့ ဒီလောက်ပဲ လုပ်လို့ရမယ်၊ ဆက်လုပ်ချင်သေးရင် တခြားမှာသာ သွားလုပ်ချေတော့၊ ပိုလန်စကားပုံတစ်ခုရှိတယ် မစ္စတာပါစီ၊ ဘယ်လိုလဲဆိုတော့ 'ရေပုံးမှာ လက်ကိုင်ရှိမှ ရေခပ်လို့ရတယ်' တဲ့၊ အဲဒီတော့ အခု ရေပုံးမှာ လက်ကိုင်ကျိုးသွားပြီ၊ ခင်ဗျားလဲ အလုပ်ပြုတ်ပြီ"

"ငါ့ကို ဖြုတ်နိုင်တဲ့ အာဏာ မင်းမှာ မရှိပါဘူး" ပြောသာ ပြောနေရသော်လည်း အဘိုးကြီးနဖူးပေါ်မှ ချွေးသီးချွေးပေါက်တွေ ကျနေပြီ။ "ဒေးဗစ်လီရှိုင်းဟာ ငါ့မိတ်ဆွေရင်းပါ၊ သူကလွဲပြီး ငါ့ကို ဘယ်သူမှ မဖြုတ်နိုင်ဘူး၊ မင်းက နယူးယောက်က ရောက်လာတာ သုံးလပဲ ရှိပါသေးတယ်၊ ငါ သူ့ဆီ ဖုန်းဆက်ပြီး မင်းကို ဒီဟိုတယ်ထဲက မောင်းထုတ်ပစ်လိုက်မယ် နားလည်ရဲ့လား"

"လုပ်ပါ၊ ခင်ဗျား ကြိုက်သလိုသာ လုပ်ပါ"

အေဘယ်က ဖုန်းကို ကောက်ကိုင်ပြီး ဒါးလက်မြို့ရှိ မစ္စတာလီရှိုင်းထံ တောင်းလိုက်သည်။ နှစ်ယောက်သား ရှေ့ဆိုင်ပေါက်ထိုင်ပြီး စောင့်ကြည့်နေကြသည်။

ပါစီ၏ နဖူးမှ ချွေးက နှာခေါင်းဖျားသို့ စီးကျလာသည်။

"ဂွတ်မောနင်း မစ္စတာ လီရှိုင်း၊ ကျွန်တော် အေဘယ်ရို့စ်နော်စကီးပါ၊ ရိုကာဟိုက လှမ်းပြောနေပါတယ်၊ ကျွန်တော်အခုပဲ မစ္စတာပါစီကို ဖြုတ်လိုက်ပြီးပါပြီ၊ အဲဒါ သူက မစ္စတာလီရှိုင်းနဲ့ စကားပြောချင်သေးလို့ပါတဲ့"

ပါစီက ကတုန်တယင်ဖြင့် တယ်လီဖုန်းကို လှမ်းယူလိုက်သည်။ သူက တစ်ဖက်မှ ပြောသံကို ခဏကလေးသာ နားထောင်လိုက်ရသည်။

"ဒါပေမယ့် ဒီလိုရှိပါတယ် ဒေးဗစ်၊ ကျွန်တော် ကျွန်တော် ဘာလုပ်ရတော့မှာလဲ၊ ကျွန်တော် မဟုတ်တာ မလုပ်ပါဘူး၊ ကျိန်ပြောရဲပါတယ်၊ ပြန်ပြီး စစ်ဆေးကြည့်ပါဦး၊ တစ်ခုခု လွဲမှားနေပြီထင်"

တစ်ဖက်မှ ဖုန်းချသွားသံကို အေဘယ်ကြားလိုက်ရသည်။

"တစ်နာရီအတွင်း ထွက်သွားပါ မစ္စတာပါစီ" သူက အသံမာမာဖြင့် ပြောလိုက်သည်။ "နို့မဟုတ်ရင် ဒီပြေစာတွေကို ကျွန်တော်က ရိုကာဂိုရဲအဖွဲ့ကို ပို့ရလိမ့်မယ်"

"ခဏကလေး သည်းခံပါဦး အေဘယ်" ပါစီက အသံပျော့နှင့် အသနားခံသည်။ "သိပ်လောဘမကြီးပါနဲ့ဦး၊ ငါ့အကြံကိုလဲ ပြောပြပါဦးမယ်၊ မင်းပါ ငါတို့နဲ့ ပေါင်းပြီးလုပ်ရင် မကြာခင်အတွင်း မင်းသူဌေးဖြစ်လာမှာ၊ လက်ထောက်မန်နေဂျာလခနဲ့ မင်း ဘယ်တော့ ချမ်းသာမှာလဲ"

"ကျွန်တော် အခု လက်ထောက်မဟုတ်တော့ဘူးဗျ၊ မန်နေဂျာဖြစ်နေပြီ၊ ကဲ… ဒီတော့

မြန်မြန်သာ ကြွပေတော့"

"ခွေးမသားကလေး၊ အေး မင်းတော့ တစ်နေ့သိရလိမ့်မပေါ့ကွာ၊ မင်း ပိုင်တုန်းတော့ လုပ်ပေါ့ လုပ်ပေါ့"

ပါစီ အခန်းထဲမှ ပြန်ထွက်သွားသည်။

◆ ◆ ◆

နေ့လယ်စာ စားချိန်တွင် ပါစီသည် စားပွဲထိုးမှူး၊ စားဖိုမှူး၊ သန့်ရှင်းရေးမှူး၊ မှတ်ပုံတင်စာရေးကြီး၊ အလုပ်သမားမှူးနှင့် အခြားအမှုထမ်း ၁၇ ယောက်တို့နှင့် လမ်းပေါ်တွင် တွေ့ဆုံပြီး မစ္စတာ လီရှိုင်းနှင့် အေဘယ်တို့အကြောင်းကို တစ်ယောက်တစ်ပေါက် အပုပ်ချ ပြောဆို ဝေဖန်ကြသည်။

◆ ◆ ◆

ထိုအချိန်တွင် အေဘယ်က ကျန်အမှုထမ်းတွေနှင့် မျက်နှာစုံညီ အစည်းအဝေးလုပ်နေသည်။

သူက သူ့လုပ်ရပ်သည် လိုအပ်ကြောင်းရှင်းပြသည်။ ရိုးရိုးသားသား၊ ကြိုးကြိုးစားစားလုပ်ကိုင်သူများအနေဖြင့် အနာဂတ် တက်လမ်းရှိကြောင်း အားပေးစကားပြောသည်။

"ဒါပေမယ့်ခုတော့ သတိထားကြစေချင်တယ်၊ တစ်ဒေါ်လာပဲဖြစ်ဖြစ် မရိုးသားတဲ့သဘောနဲ့ လုပ်ထားတာ တွေ့ရင်တော့ လုပ်တဲ့လူကို ချက်ချင်းဖြုတ်ပစ်မှာပဲ၊ ကျွန်တော် ပြောတာ နားလည်ကြတယ် မဟုတ်လား"

မည်သူမျှ ပြန်မပြောကြ။

သည်လိုနှင့် နောက်သီတင်းပတ် သုံးလေးပတ်အတွင်း ရောက်တော့ အမှုထမ်းတွေ တော်တော်များများ နုတ်ထွက်သွားကြသည်။ သို့သော် အေဘယ်က ဝမ်းမနည်း။ ပို၍တောင် ဝမ်းသာမိသေးသည်။ သူက လစ်လပ်သော နေရာများတွင် ချက်ချင်း လူစားခန့်ထားလိုက်သည်။

မတ်လကုန်တော့ အေဘယ်က ပလာဇာဟိုတယ်မှ သူ့မိတ်ဆွေဟောင်း လေးယောက်ကို ခေါ်ယူလိုက်သည်။ ၎င်းတို့မှာ တူညီသောအချက်သုံးချက်ရှိကြသည်။ ပထမအချက်က ငယ်ရွယ်နုပျိုသည်။ ဒုတိယအချက်က တိုးတက်ချင်စိတ်ရှိကြသည်။ တတိယအချက်က ရိုးသားကြိုးစားကြသည်။

နောက် ခြောက်လကြာလျှင် ရီကာဂိုရစ်ချ်မွန့်ဟိုတယ်၌ အမှုထမ်း တစ်ရာ့တစ်ဆယ်ရှိသည့်အနက် ၃၇ ယောက်သာ ကျန်တော့သည်။

ထိုနှစ်ကုန်တော့ အေဘယ်က အကောင်းစားရှမ်ပိန်အရက်တစ်လုံးဖောက်ကာ မစ္စတာ လီရှိုင်းနှင့် အောင်ပွဲကျင်းပသည်။ ထိုနှစ်အတွင်း စုစုပေါင်း အမြတ်ငွေ ၃,၄၈၆ ဒေါ်လာ ရရှိသည်။ ယင်းငွေမှာ နည်းသော်လည်း နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးရရှိသော အမြတ်ငွေဖြစ်၍ နှစ်ယောက်စလုံးပင် ဝမ်းသာကျေနပ်ကြသည်။

လာမည့် ၁၉၂၉ ခုနှစ်တွင် အမြတ်ငွေ ဒေါ်လာ ၂၅၀၀၀ ကျော် ရရှိရန် အေဘယ်က

ခန့်မှန်းထားသည်။

မစ္စတာလီရှိုင်းမှာတော့ ပျော်မဆုံးဖြစ်နေပြီ။ သူသည် တစ်လလျှင် တစ်ခေါက်ကျစီ ရှီကာဂိုသို့လာလည်သည်။ လုပ်ငန်းအားလုံးကို အေဘယ်ကိုပင် ကြီးကြပ်အုပ်ချုပ်ခွင့်ပေးထားသည်။

ရှီကာဂိုသို့ မစ္စတာလီရှိုင်း လာရောက်တိုင်းလိုလိုတွင် သမီးဖြစ်သူ မယ်လာနီလီရှိုင်းကို လည်း ခေါ်လာတတ်သည်။ သူမက မျက်နှာတည်သည်။ သို့သော် ကိုယ်လုံးကိုယ်ပေါက် သွယ် သွယ်နှောင်းနှောင်းနှင့် အတော်လည်းချောသည်။ သူမက အေဘယ်အပေါ်တွင် ခပ်တည်တည်ပင် ဆက်ဆံသည်။ အေဘယ်က သူမအား 'မစ္စလီရှိုင်း' ဟုပင် လေးလေးစားစားခေါ်သည်။

နောက်ပိုင်းတွင် အေဘယ်သည် ကိုလံဘီယာတက္ကသိုလ်မှ ဘောဂဗေဒဝိဇ္ဇာဘွဲ့ ရရှိထား သူဖြစ်ကြောင်း သိရတော့မှ ဆက်ဆံရေး တစ်မျိုးပြောင်းလာခဲ့သည်။ မကြာခဏဆိုသလို အေဘယ်နှင့်အတူ ဟိုတယ်တွင် အတူစားသောက်ခြင်း ပြုလာသည်။ သူမက ရှီကာဂိုတက္ကသိုလ်တွင် ရိုးရိုးဝိဇ္ဇာဘွဲ့အတွက် ပညာဆည်းပူးနေသောကြောင့် တချို့ဘာသာရပ်များတွင် မသိတာရှိလျှင်လည်း အေဘယ်အား လာ၍မေးလေ့ရှိလာသည်။ နောက်တော့ အေဘယ်က မယ်လာနီအား ကပွဲများ၊ ပြဇာတ်များ သွားပြတတ်သည်။

မယ်လာနီမှာ တွဲဖက်တော့ အတော်များများရှိသည်။ အပြင်တစ်ခါထွက်လျှင် တွဲဖက် အသစ်တစ်ယောက်စီ တွဲသွားတတ်သည်။ ဒါကိုမြင်ရတော့ အေဘယ်က ရင်ထဲတစ်မျိုးကြီး ခံစားရမိသည်။မနာလိုစိတ် ဖြစ်ချင်လာသလိုလို ခံစားလာရသည်။

ရှီကာဂိုဟိုတယ်သည် တစ်နေ့ထက် တစ်နေ့ နာမည်ထွက်လာသည်။ တည်းခိုသူများ၊ လာရောက်စားသောက်သူများလည်း တိုးတက်လာသည်။

အေဘယ်က ဟိုတယ်တစ်ခုလုံးကို ဆေးပြန်သုတ်သည်။ အသန့်ဆုံး၊ အလှဆုံးဖြစ်အောင် မွမ်းမံပြင်ဆင်သည်။ အမှုထမ်းတွေကိုလည်း အကောင်းစား တူညီဝတ်စုံတွေ ချုပ်ပေးသည်။ ကောင်းမည်ထင်လျှင် စိတ်ကူးရတိုင်း ဟိုတယ်အတွင်းအပြင် [illegible]ပြုပြင်ဆင်တတ်သည်။

ထို့ကြောင့်လည်း နှစ်စဉ် တစ်ပတ်တန်သည် နှ[illegible] လာရောက်တည်းခိုလေ့ ရှိသော ဧည့်သည်များသည် နောက် တစ်နှစ်လာရောက်သောအခါ ယခင်နှစ်က တည်းခဲ့သော ရစ်ချ်မွန်ဟိုတယ်မှ ဟုတ်ပါရဲ့လားဟု ထင်ယောင်ထင်မှားပင် ဖြစ်ကြရသည်။

သည်လိုနှင့် ဟိုတယ်လည်း နာမည်ထွက်လာသည်။ အေဘယ်လည်း လူသိများလာသည်။

✧ ✧ ✧

ထိုကာလအတွင်း စတော့ ဈေးကွက်အခြေအနေ ကောင်းလာသည်။ အေဘယ်၏ ပုဂ္ဂလိက စီးပွားဥစ္စာလည်း တိုးတက်လာသည်။ အေဘယ်သည် ငယ်ငယ်ရွယ်ရွယ်နှင့် သူဌေး ကလေးတစ်ယောက် ဖြစ်လာပြီ။ လွန်ခဲ့သော ၁၈ လခန့်က နယူးယောက်ပလာဇာဟိုတယ်မှ ထွက်ခွာလာခဲ့စဉ်က အေဘယ်တွင် ကိုယ်ပိုင်ပိုက်ဆံ ဒေါ်လာ ရှစ်ထောင် ပါလာခဲ့ရာမှ ယခု အချိန်တွင်မူ စတော့ဈေးကွက်တွင် အရောင်းအဝယ်လုပ်ရာမှ ဒေါ်လာ သုံးသောင်းအထိ တိုး တက်လာခဲ့သည်။

စတော့ဈေးကွက်သည် ဆက်လက်ကောင်းလာဦးမည်ဟု အေဘယ်က ယုံကြည်ထားသည်။ ထို့ကြောင့် အမြတ်ငွေများကို အမြဲတမ်း ပြန်လည်ရင်းနှီးမြှုပ်နှံသည်။ သူသည် လူချမ်းသာက လေးတစ်ယောက် ဖြစ်လာသော်လည်း ဘဝင်မမြင့်။ အသုံးအစွဲ လက်မဖွာ၊ သူ့မှာ ဝတ်စုံသစ်နှစ်စုံနှင့် ရှူးဖိနပ်အသစ် တစ်ရံသာရှိသည်။ နေတော့လည်း ဟိုတယ်မှပေးထားသော ယခင်အခန်းကျဉ်းကလေးတွင်ပင် နေသည်။ အစားကျတော့လည်း ဟိုတယ်က ကျွေးသည်။ ထို့ကြောင့် သူ့အဖို့ ထွေထွေထူးထူး ပိုက်ဆံကုန်စရာမရှိ။ သို့အတွက် သူ၏ အနာဂတ် ကြီးပွားချမ်းသာရေးလမ်းကြောင်းမှာ ဖြောင့်ဖြူးနေတော့သည်။

သူသည် ရှီကာဂိုသို့ ရောက်လာပြီးသည့်နောက် မကြာမီတွင်ပင် သူ့ပိုက်ဆံများကို 'ကွန်တီနင်တယ်ဘဏ္ဍာထိန်းအဖွဲ့' တွင် အပ်နှံထားလိုက်သည်။ ယင်းအဖွဲ့ကို ရစ်ချ်မွန့်အုပ်စုက ကြီးကြပ်ကွပ်ကဲ၍ သက်တမ်း ၃၀ ကျော်ပြီဖြစ်သည်။ သူသည် နေ့စဉ် ဘဏ်တိုက်သို့သွားပြီး ယခင်နေ့က ရရှိသော ဟိုတယ်ပိုင်ငွေများကို ဘဏ်သို့ပေးသွင်းသည်။

သောကြာနေ့ မနက်တွင် ဘဏ်မန်နေဂျာက သူ့ကို တွေ့ချင်ပါသည်ဆိုသော စာတစ်စောင်ရရှိသည်။ သူတော်တော် အံ့အားသင့်သွားသည်။ သူသည် သူပိုင်ငွေကို ဘဏ်မှပိုထုတ်ထားခြင်းလည်း လုံးဝမရှိ။ ထို့ကြောင့် မန်နေဂျာတွေ့ချသော ကိစ္စသည် ရစ်ချ်မွန့်ဟိုတယ်ကိစ္စသာ ဖြစ်ရမည်ဟု တွက်လိုက်မိသည်။

ဘဏ်တိုက်ရောက်တော့ ဘဏ်စာရေးက အေဘယ်အား စင်္ကြံလမ်းအတိုင်း ခေါ်လာခဲ့သည်။ ခမ်းနားလှပသော သစ်သားတံခါးကြီးရှေ့သို့ ရောက်လာသည်။ တံခါးကိုအသာခေါက်ပြီး အခန်းထဲသို့ ဝင်လိုက်သည်။ စားပွဲတွင် ဘဏ်မန်နေဂျာ ထိုင်နေသည်။

"ကျုပ်နာမည် ကာတစ်ဖင်တန်ပါ"

ဘဏ်မန်နေဂျာက ကုလားထိုင်မှထပြီး အေဘယ်ဆီသို့ လက်ကမ်းပေးသည်။ နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်ကြသည်။ ပြီးတော့ မန်နေဂျာက အစိမ်းရောင် သားရေဖုံး ကုလားထိုင်ကို ညွှန်ပြသည်။ မန်နေဂျာက မျက်နှာဝိုင်းဝိုင်းနှင့် လူချော လူခန့်တစ်ယောက်ဖြစ်သည်။ လခြမ်းမျက်မှန် တပ်ထားသည်။ အပြာရောင် ကော်လာ၊ အနက်ရောင်လည်စီးနှင့် ဝတ်စုံကလည်း သပ်ရပ်အချိုးကျသည်။

"ကျေးဇူးတင်ပါတယ်" အေဘယ်က ပြန်ပြောလိုက်သည်။

"ကျုပ်က ခင်ဗျားကို နေ့လယ်စာစား ဖိတ်မလို့ပါ၊ မစ္စတာ ရို့စ်နော့စကီး"

အေဘယ်က စိတ်ထဲ အတော်ကလေး နေသာထိုင်သာရှိသွားသည်။ ဘဏ်မန်နေဂျာများသည် ဖောက်သည်များအား မကောင်းသတင်းပြောရန်ရှိလျှင် ထမင်းကျွေးလေ့မရှိကြောင်း သူက သိထားသောကြောင့်ဖြစ်သည်။

"ဒါပေမယ့် ထမင်းမစားခင် အရေးပေါ်ကိစ္စတစ်ခု အလျင်ဆွေးနွေးကြရအောင်၊ ခရီးရောက်မဆိုက် ဒီကိစ္စ ဆွေးနွေးရတာကိုတော့ ခွင့်လွှတ်စေချင်တယ်၊ အဲဒီတော့ လိုရင်းကို ရှင်းရှင်းပဲ ပြောပါရစေ၊ ကျုပ်တို့ဘဏ်တိုက်ရဲ့ လေးစားအပ်တဲ့ ဖောက်သည်တစ်ယောက်ဖြစ်တဲ့ အမျိုးသမီးကြီးတစ်ယောက်ကိစ္စပါ၊ သူ့နာမည်က မစ္စအေမိလီရှိုင်း" နာမည်ကို ကြားလိုက်ရုံနှင့်

အေဘယ်က ထိုင်ရာမှ ဆတ်ကနဲ ထလိုက်မိသည်။ အေဘယ် ပြန်ထိုင်တော့မှ မန်နေဂျာက ဆက်ပြောသည်။ "ဒီအမျိုးသမီးက ရစ်ချ်မွန့်အုပ်စုပိုင် စတော့ထဲက ၂၅ ရာခိုင်နှုန်းကို ပိုင်ဆိုင်ခွင့် ရှိပါတယ်၊ သူက သူပိုင် စတော့တွေကို သူ့မောင် မစ္စတာ ဒေးဗစ်လီရှိုင်းကို ပြန်ရောင်းဖို့ အကြိမ်ကြိမ် ကမ်းလှမ်းခဲ့တယ်၊ ဒါပေမယ့် မစ္စတာလီရှိုင်းက အဘွားကြီးရဲ့ စတော့တွေကို ဝယ်ယူဖို့ လုံးဝစိတ်မဝင်စားခဲ့ဘူး၊ မစ္စတာလီရှိုင်းရဲ့ အကြောင်းပြချက်ကို ကျုပ် သဘောပေါက်ပါတယ်၊ သူက ဒီကုမ္ပဏီမှာ အစုရှယ်ယာ ၇၅ ရာခိုင်နှုန်းကို ပိုင်ထားတယ်၊ အဲဒါကြောင့်လဲ သူ့အနေနဲ့ ကျန်တဲ့ ၂၅ ရာခိုင်နှုန်းကို ထပ်ပိုင်ဖို့ စိတ်မဝင်စားတော့တာပေါ့၊ ဒီငွေတွေက ကွယ်လွန်သူ သူတို့ဖခင်ဆီက အမွေရလိုက်ကြတာဖြစ်တယ်၊ ဒါပေမယ့် အဘွားကြီးက အမြတ်ဝေစု တစ်ကြိမ်မှ မရဖူးတော့ သူပိုင် စတော့တွေကို အပြီးအပိုင် ရောင်းချင်နေတယ်"

အေဘယ်က ဘာမှမပြော ဆက်နားထောင်နေသည်။

"မစ္စတာလီရှိုင်းကလဲ အဘွားကြီး အဲဒီလိုရောင်းဖို့လုပ်တာကို ကန့်ကွက်လိုတဲ့ သဘောရှိပုံ မပေါ်ပါဘူး၊ အဘွားကြီးကတော့ သူ့မသေခင်ကိုယ်ပိုင်ငွေကလေး လက်ထဲမှာကိုင်ပြီး သုံးချင်တာတွေ သုံးသွားချင်တဲ့ သဘောပါ၊ အဲဒီတော့ ဒီကိစ္စမှာ မစ္စတာရိုစ်နော့စကီးရဲ့ အကူအညီ လိုနေပါတယ်၊ ဟိုတယ်လုပ်ငန်းထဲက တစ်ယောက်ယောက်ကများ အဲဒီ အဘွားကြီးပိုင် စတော့တွေကို ဝယ်ချင်နေတဲ့လူ ရှိမလားလို့ပါ၊ မစ္စတာ ရိုစ်နော့စကီးအနေနဲ့ သိနိုင်ကောင်းပါရဲ့ဆိုပြီး ကျုပ်က အခုလို ဖိတ်ခေါ်တိုင်ပင်ရတာပါ"

"အဘွားကြီးက ဘယ်လောက်နဲ့ ရောင်းချင်ပါသလဲ"

"သိပ်မများပါဘူး၊ ခြောက်သောင်းခွဲလောက်ရရင် တော်ပါပြီ"

"အမြတ်ဝေစု တစ်ကြိမ်မှ မရသေးတဲ့ စတော့တစ်ခုအတွက် ခြောက်သောင်းခွဲဆိုတာ တော်တော်ဈေးကြီးနေပါတယ်၊ ဒီအတိုင်းဆို တော်တော်နဲ့ စွံဖို့မလွယ်ပါဘူး"

"ဟုတ်သလောက်လဲ ဟုတ်ပါတယ်၊ ဒါပေမယ့် ဟိုတယ် ၁၁ ခုရဲ့ စုစုပေါင်း တန်ဖိုးကိုလဲ ထည့်တွက်ရလိမ့်မယ်"

"ကုမ္ပဏီတစ်ခုလုံးကို မစ္စတာ လီရှိုင်းက ချုပ်ကိုင်ထားတော့ အဲဒီ ၂၅ ရာခိုင်နှုန်းဆိုတာ ဘာမှ မပြောပလောက်ပါဘူး"

"ဟိုတယ် ၁၁ ခုရဲ့ ၂၅ ရာခိုင်နှုန်း တန်ဖိုးဆိုတာ မနည်းပါဘူး၊ မစ္စတာ ရိုစ်နော့စကီး၊ ခြောက်သောင်းခွဲဆိုတဲ့ ပိုက်ဆံကသာ အနည်းကလေးပါ"

"မစ္စတာ လီရှိုင်းက ကမ္ဘဏီကို ချုပ်ကိုင်ထားတဲ့အတွက် ၂၅ ရာခိုင်နှုန်းဟာ အလွန်နည်းပါတယ်၊ မစ္စတာ ဖင်တန်၊ အဲဒီတော့ ဒီလိုလုပ်ပါ၊ လေးသောင်းနဲ့ရောင်းဖို့ အဘွားကြီးကို ပြောပါ၊ ဝယ်မယ့်လူရအောင် ကျွန်တော် ရှာပေးပါ့မယ်"

"အဲဒီလူကို နည်းနည်းလောက် တိုးပေးဖို့ မပြောနိုင်ဘူးလား"

"အဲဒါတော့ မဖြစ်နိုင်ပါဘူး၊ မစ္စတာဖန်တန်"

ဘဏ်မန်နေဂျာက အေဘယ်အား သူအကဲခတ်မိသည့်အတိုင်း မှန်နေပြီဟု တွေးမိပြီး ကျေနပ်သွားသည်။

Quality Publishing House

"ကောင်းပြီလေ၊ မစ္စက် အေမီကို ကျုပ်ပြောကြည့်ပါ့မယ်၊ သူနဲ့ ဆွေးနွေးပြီးတော့ ခင်ဗျားကို ကျွန်တော် အကြောင်းကြားပါ့မယ်"

ဘဏ်တိုက်မှ ပြန်ထွက်လာတော့ အေဘယ်၏ရင်သည် တဒိတ်ဒိတ် ခုန်နေသည်။ သူသည် ဟိုတယ်သို့ အမြန်သုတ်ခြေတင်ခဲ့ပြီး သူပိုင် ငွေစာရင်းများကို ကမန်းကတန်း စစ်ဆေးကြည့်သည်။ စတော့ဈေးကွက်တွင် မြှုပ်နှံရင်းနှီးထားသော သူပိုင်ငွေမှာ ၃၃,၁၁၂ ဒေါ်လာရှိသည်။ ဘဏ်တွင် အပ်ထားသော သီးသန့်ငွေကတော့ ၃,၀၀၈ ဒေါ်လာရှိသည်။

ငွေစာရင်းကို စစ်ကြည့်ပြီးတော့ တစ်နေ့တာ လုပ်စရာရှိသည့်အလုပ်များကို ဆက်လုပ်သည်။ သို့သော် အလုပ်တွင် စိတ်မဝင်စား။ သူ့စိတ်က မစ္စက်အေမီလီရှိုင်းဆီသို့သာ ရောက်နေသည်။ ဒေါ်လာ လေးသောင်းပေးတာကို အဘွားကြီးက လက်မှခံပါ့မလား။ တကယ်လို့ လက်ခံရင်တော့ ရစ်ချ်မွန့် အုပ်စုထဲမှ အစုရှယ်ယာ ၂၅ ရာခိုင်နှုန်းပိုင်တဲ့ သူဌေးကလေးတစ်ယောက် ဖြစ်လာတော့မှာပဲ။ အဲဒါဆိုရင်တော့ ငါ့အဲတွက် အနာဂတ်ကြီးပွားရေးလမ်း ပွင့်သွားပြီ။ သူက အတွေးဖြင့် အူမြူးနေမိသည်။

ထို့နောက် စိုးရိမ်စိတ် ဝင်လာပြန်သည်။ သည်ကိစ္စကို မစ္စတာလီရှိုင်းအား မပြောဘဲ မဖြစ်။ တကယ်လို့ ပြောလိုက်လျှင် မစ္စတာလီရှိုင်းက သဘောတူပါ့မလား။ ဒီကောင် ငါ့ကို အန်တုချင်လာပြီထင်တယ်ဆိုပြီး ဒေါသများ ထွက်လေမလား။

သည်လိုနှင့် သုံးလေးရက် အချိန်ကုန်သွားသည်။ အပြန်ပြန်အလှန်လှန် စဉ်းစားပြီးနောက် နောက်ဆုံးတော့ ဆုံးဖြတ်ချက်ချလိုက်သည်။ မစ္စတာ လီရှိုင်းကို ပြောကို ပြောရမည်။

သို့နှင့် မစ္စတာလီရှိုင်းထံ ဖုန်းလှမ်းဆက်ပြီး အကြောင်းစုံရှင်းပြသည်။

"ကျွန်တော် ဒီလိုဘာကြောင့်လုပ်တယ်ဆိုတာ မစ္စတာလီရှိုင်းကို ပြောပြပါ့မယ်၊ ရစ်ချ်မွန့်အုပ်စုက တစ်နေ့မှာ သိပ်ပြီး ကြီးပွားတိုးတက်လာမှာ သေချာပါတယ်၊ အဲဒီတော့ ဒီလုပ်ငန်းထဲမှာ ကျွန်တော်လဲ အစုရှယ်ယာပိုင်တစ်ယောက်ဖြစ်လာရင် ကျွန်တော့်အနေနဲ့ အခုထက်ပိုပြီး ကြိုးစားလုပ်ကိုင်လာမှာ သေချာပါတယ် ခင်ဗျား" သူက ခေတ္တရပ်နေပြီးတော့မှ "ဒါပေမယ့် အဲဒီ ၂၅ ရာခိုင်နှုန်းကို မစ္စတာ လီရှိုင်းကလဲ ဝယ်မယ်ဆိုရင်တော့ အကောင်းဆုံးပါပဲ"

မစ္စတာလီရှိုင်း၏ စကားကြောင့် အေဘယ်က အံ့အားကြီးသင့်သွားမိသည်။

"ကောင်းပြီလေ၊ တို့ကုမ္ပဏီအပေါ်မှာ မင်းက ဒီလောက်တောင် ယုံကြည်မှုရှိနေရင်လဲ ဆက်သာလုပ်တော့ ငါ့သား၊ မင်းပဲ ဆက်လုပ်တော့၊ အဘွားကြီး စတော့ကို မင်းပဲ ဝယ်လိုက်တော့၊ တို့ကုမ္ပဏီမှာ မင်းလဲ အစုရှယ်ယာပိုင် ဖြစ်လာတယ်ဆိုရင် ငါက ပိုပြီးတောင် ဂုဏ်ယူဝမ်းသာရမှာပါ"

အေဘယ်ကကလည်း အတိုင်းထက်အလွန် ဝမ်းသာသွားမိသည်။

"ကျေးဇူးကြီးလှပါတယ် အန်ကယ်၊ အန်ကယ့်ဆုံးဖြတ်ချက်အတွက် ဘယ်တော့မှ စိတ်မချမ်းမသာ မဖြစ်စေရပါဘူးလို့ ကျွန်တော် ကတိပေးပါတယ်ခင်ဗျာ"

"ငါ... စိတ်မချမ်းမသာ မဖြစ်ရဘူးဆိုတာ ငါ ယုံကြည်ပါတယ် ပါတနာ"

◇ ◇ ◇

နောက်တစ်ပတ်အကြာတွင် အောဘယ်သည် ဘဏ်တိုက်သို့ ပြန်သွားသည်။ သည်တစ်ကြိမ်တွင်တော့ ဘဏ်မန်နေဂျာကို တွေ့ချင်သူမှာ သူဖြစ်နေသည်။ သူသည် ယခင်တစ်ခေါက်က ထိုင်ခဲ့သော အစိမ်းရောင် သားရေဖုံး ကုလားထိုင်တွင်ပင်ထိုင်ကာ မစ္စတာ ဖင်တန်ပြောမည့်စကားကို နားစွင့်နေသည်။

"ကျုပ်...တော်တော်အံ့ဩသွားမိတယ်" သို့သော် သူ့မျက်နှာတွင်တော့ အံ့ဩရိပ် လုံးဝ မမြင်ရ။ "မစ္စက် အေမီရှိုင်းက ခင်ဗျားပေးတဲ့ ဈေးကို ရှောရှောရှူရှူပဲ လက်ခံတယ်" သူက ခေတ္တစကားရပ်ပြီး အောဘယ်၏ မျက်နှာကို ကြည့်လိုက်သည်။ "အဲဒီတော့ ဝယ်မယ့်လူက ဘယ် သူများလဲ"

"ကျွန်တော်ပါပဲ ခင်ဗျား"

"ဟုတ်ကဲ့... နားလည်ပါပြီ" သူက အံ့ဩဟန်လုံးဝမပြ။ "ဒါနဲ့ ဒေါ်လာလေးသောင်းကို ခင်ဗျားက ဘယ်နည်းနဲ့ရမလဲ၊ သိပါရစေလား"

"ကျွန်တော်ပိုင်တဲ့ စတော့တွေ ရောင်းပစ်လိုက်မယ်၊ ပြီးတော့ ကိုယ်ပိုင်စုထားတဲ့ ပိုက်ဆံထုတ်ယူမယ်၊ ဒါပေမယ့် လေးသောင်းပြည့်ဖို့ လေးထောင်လောက်တော့ လိုနေပါသေးတယ်၊ ဖြစ်နိုင်ရင် အဲဒီငွေကို မစ္စတာ ဖင်တန်က ကျွန်တော့်ကို ချေးစေချင်ပါတယ်"

မစ္စတာ ဖင်တန်က မျက်မှောင်ကြုတ်လိုက်ပြီး

"ကျုပ်ကို အချိန်နည်းနည်းပေးပါဦး၊ ကျုပ် စဉ်းစားကြည့်ပါရစေ၊ ပြီးတော့ အကြောင်းကြားပါ့မယ်"

သို့ဖြင့် အောဘယ်က နောက်တစ်ပတ်လောက် စောင့်စားပြီးနောက် "ကွန်တီနင်တယ် ဘဏ္ဍာထိန်းအဖွဲ့' သို့ ချဉ်းကပ်ပြီး ဒေါ်လာလေးထောင်ချေးယူလိုက်သည်။

✧ ✧ ✧

၁၉၂၉ ခုနှစ်၊ မတ်လမှ ဩဂုတ်လအတွင်း အောဘယ်သည် စတော့များ ဝယ်လိုက်ပြန်ရောင်းလိုက်ဖြင့် အကြွေးငွေ လေးထောင်ကို အကျေအလည် ပေးဆပ်နိုင်လိုက်သည်။

စက်တင်ဘာလရောက်တော့ စတော့ဈေးပိုကောင်းလာသည်။ အောဘယ်သည် ကိုယ်ပိုင်ကားတစ်စီး ဝယ်လိုက်သည်။ ယခုအချိန်တွင် သူသည် ရစ်ချ်မွန့်ဟိုတယ်လုပ်ငန်းစု ကုမ္ပဏီ၏ အစုရှယ်ယာပိုင်တစ်ယောက် ဖြစ်လာခဲ့ပြီ မဟုတ်ပါလား။ မစ္စတာ လီရှိုင်း၏ စီးပွားရေးအင်ပိုင်ယာထဲသို့ ဝင်ရောက်လာနိုင်ခြင်းအတွက် သူက အလွန်ဝမ်းသာမိသည်။ ဤနည်းဖြင့် သူသည် မစ္စတာ လီရှိုင်း၏ သမီးချောကလေး၏ အထင်ကြီး ဦးစားပေးမှုကိုလည်း ရရှိလာနိုင်သည်။ ပြီးတော့ အစုရှယ်ယာ ၇၅ ရာခိုင်နှုန်းကိုလည်း မျှော်လင့်ချက် ထားနိုင်လာသည်။

အောက်တိုဘာလအတွင်းတွင် သူက မယ်လာနီအား ရှီကာဂိုကပွဲရုံကြီးတွင် မိုးဇက်ဂီတပွဲသို့ ခေါ်သွားသည်။ ဂီတပွဲပြီးတော့ သူက မယ်လာနီအား ရစ်ချ်မွန့်ဟိုတယ်သို့ မခေါ်ဘဲ 'လု(ပ်)' ဟိုတယ်သို့ ခေါ်လာခဲ့သည်။

ညစာစားရင်း အောဘယ်က တခြားအကြောင်းအရာတွေကို မပြောဘဲ စီးပွားရေးနှင့်

နိုင်ငံရေးအကြောင်းကိုသာ တမင်ရွေးပြောသည်။ သည်အကြောင်းတွေကို ပြောလျှင် မယ်လာနီက သူ့ကို ပိုပြီး အထင်ကြီးလိမ့်မည်ဟု ယုံကြည်သည်။ စားသောက်ပြီးတော့ သူ့အိပ်ခန်းသို့လိုက်၍ တစ်ခုခုသောက်ရန် သူက ဖိတ်ခေါ်သည်။ အခန်းတွေက ကျယ်ဝန်းပြီး လှပခမ်းနားလှသောကြောင့် မယ်လာနီက အံ့အားသင့်မိသည်။

အေဘယ်က ကိုကာကိုလာဖန်ခွက်ကို မယ်လာနီအား ကမ်းပေးသည်။ ပြီးတော့ မယ်လာနီ၏ သွယ်လျပြည့်ဖောင်းနေသော ခြေသလုံးသားကလေးကို ခိုးကြောင်ခိုးဝှက် တစ်ချက်စောင်းကြည့်လိုက်သည်။ အေဘယ်က သူ့အတွက် ဝီစကီတစ်ခွက်ထည့်သည်။

"ကျေးဇူးတင်ပါတယ် အေဘယ်၊ သိပ်ပြီး ပျော်စရာကောင်းတဲ့ ညတစ်ညပါပဲ"

အေဘယ်က မယ်လာနီဘေးတွင် ဝင်ထိုင်ပြီးနောက် ဟန်ပါပါဖြင့် ဖန်ခွက်ကို လှုပ်ကစားနေသည်။

"ငါဂီတကို နားမထောင်ခဲ့တာ တော်တော်ကြာပြီ၊ ဒီညနေ နားထောင်ကြည့်တော့ မိုးဇက်ရဲ့ ဂီတက ငါ့နှလုံးသားကို ဆွဲယူထားသလို ခံစားရတယ်"

"တစ်ခါတလေ ရှင်က ဥရောပအလယ်ပိုင်းသား သိပ်ဆံတာပဲ အေဘယ်" သူမက အေဘယ်ဖိထိုင်ထားသော ဂါဝန်စကို ပြန်ဆွဲလိုက်သည်။ "ဟိုတယ် မန်နေဂျာတစ်ယောက်နဲ့ ကမ္ဘာကျော် ဂီတပညာရှင်ကြီး မိုးဇက်က ဘယ်လိုများ ဆက်စပ်နေလို့လဲရှင်"

"ငါ့အဘိုးဖြစ်တဲ့ နယ်စားကြီး ဘေရွန်ရိုစနော့စကီးက မိုးဇက်မိသားစုနဲ့ အင်မတန် ရင်းနှီးခဲ့တယ်လေ၊ ဒါကြောင့် ငါလဲပဲ မိုးဇက်နဲ့ ရင်းနှီးနေသလို ထင်နေမိတယ်"

မယ်လာနီက ပြုံးနေသည်။ အေဘယ်က ကိုယ်ကိုကိုင်းပြီး မယ်လာနီ၏ နားသယ်စကို နမ်းလိုက်သည်။ မယ်လာနီက ဂရုမစိုက်ဘဲ စကားကိုသာ ဆက်ပြောသည်။

အေဘယ်က ထပ်၍နမ်းလိုက်သည်။ မယ်လာနီက မျက်နှာကိုလှည့်ပေးသည်။ အေဘယ်က နှုတ်ခမ်းကို စုပ်နမ်းလိုက်သည်။ ပြီးတော့ မယ်လာနီက မျက်နှာလွှဲလိုက်သည်။

"ကျွန်မ ကျောင်းပြန်တက်ရတော့မယ်"

"ဘယ့်နှယ်... ရောက်တာမှ မကြာသေးတာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျောင်းက မတက်လို့ မဖြစ်သေးဘူး၊ မနက်ကျတော့ အစောကြီးထရမယ်"

အေဘယ်က နောက်တစ်ကြိမ် ထပ်နမ်းပြန်သည်။ မယ်လာနီက ဆိုဖာကုလားထိုင်ရှည်ပေါ်သို့ လဲကျသွားသည်။ အေဘယ်က လက်သရမ်းမည်လုပ်သည်။ မယ်လာနီက သူ့ကို အသာတွန်းပစ်လိုက်သည်။

"ကျွန်မ ပြန်တော့မယ် အေဘယ်"

"နေပါဦး အချစ်ရယ်၊ ကိုယ် ချစ်လွန်းလို့ပါကွယ်"

သူက ထပ်နမ်းမည်လုပ်သည်။ သည်တစ်ကြိမ်တွင်တော့ မယ်လာနီက စောစောကထက်ပို၍ ခပ်ပြင်းပြင်း တွန်းပစ်လိုက်သည်။

"ဘာလဲ ရှင်က ကျွန်မကို ပွဲပြ ထမင်းကျွေးပြီး အခွင့်ကောင်းယူမယ် ကြံတာလား

အေဘယ်”

“အို မဟုတ်ပါဘူး၊ အဲဒီလို မဟုတ်ပါဘူး၊ တို့နှစ်ယောက်က အတူတူသွားလာနေကြတာ ကြာပြီပဲဟာ၊ မင်းက မငြင်းဘူးထင်လိုပါကွယ်”

“ရှင်ပြောသလောက် မကြာသေးပါဘူး အေဘယ်၊ ကျွန်မက ရှင်နဲ့အတူ ကျွန်မဖေဖေရဲ့ ထမင်းစားခန်းမှာ မကြာခဏ စားခဲ့ဖူးတာလောက်နဲ့ ကြာပြီလို့ ပြောလို့မရပါဘူး”

“ငါ တောင်းပန်ပါတယ် မယ်လာနီ၊ ငါက မင်းကို တကယ် ချစ်လို့ပါ”

“ကျွန်မက လက်ထပ်ယူမယ်လို့ မဆုံးဖြတ်ပဲနဲ့ ဘယ်ယောကျ်ားနဲ့မှ အထိအတွေ့မလုပ်ဘူးလို့ပါ”

“မင်းကို ငါ လက်ထပ်ယူပါ့မယ်”

မယ်လာနီက အသံထွက်အောင် ရယ်လိုက်သည်။

“ငါ့စကားက ရယ်စရာဖြစ်နေလို့လား”

“မမိုက်စမ်းပါနဲ့ အေဘယ်၊ ကျွန်မက ရှင့်ကို ဘယ်တော့မှ လက်မထပ်နိုင်ပါဘူး”

“ဘာဖြစ်လို့လဲ....ဟင်၊ ဘာဖြစ်လို့လဲ” သူ့အသံက အနည်းငယ် တုန်နေသည်။

“အမေရိကန် တောင်ပိုင်းသူတစ်ယောက်က ပိုလန်ပြည်က ဝင်လာတဲ့လူတစ်ယောက်ကို ဘယ်တော့မှ လက်မထပ်နိုင်လို့ပေါ့”

သူမက ထိုင်ရာမှထရပ်ပြီး ဂါဝန်ကို နေသားတကျ ပွတ်သပ်နေသည်။

“ငါက သာမန် ပိုလန်သားမှ မဟုတ်ဘဲ၊ နယ်စားတစ်ယောက်ပဲ”

မယ်လာနီက ထပ်၍ ရယ်ပြန်သည်။

“အဲဒီလို ရှင်ကပြောတိုင်း လူတွေက ယုံရမှာတဲ့လား၊ ရှင် အဲဒီလိုပြောလို့ ရှင့်နောက်ကွယ်မှာ လူတွေ ဟားနေကြတာ ရှင်ကမှ မသိတာကိုး”

အေဘယ် တော်တော်ရှက်သွားသည်။ မျက်နှာတစ်ပြင်လုံးလည်း နီရဲသွားသည်။

“သူတို့က ငါ့နောက်ကွယ်မှာ တကယ်ပဲ ဟားနေကြတယ်လား”

“ဟုတ်တယ်၊ ဟားနေကြတယ်၊ ရှင့်ကို သူတို့ခေါ်နေကြတဲ့ နာမည်ကို ရှင်သိမှာပါ၊ ‘ရှီကာဂိုနယ်စား’ တဲ့”

အေဘယ်မှာ အာစေးမိသလို ဘာတစ်ခွန်းမှ ပြန်မပြောနိုင်အောင် ဖြစ်သွားသည်။

“အဲဒီတော့ ကျွန်မ ပြောချင်တာက မဖြစ်နိုင်တာမမှန်းပါနဲ့ အေဘယ်၊ ရှင်က အလုပ်မှာတော်လို့ ဖေဖေက ရှင့်ကို သိပ်သဘောကျနေတယ်၊ ဒါပေမယ့် အဲဒါနဲ့ ရှင့်ကို ကျွန်မ လက်ထပ်ဖို့ဟာနဲ့ ဘာမှမဆိုင်ပါဘူး”

“မင်း ဘယ်တော့မှ လက်မထပ်နိုင်ဘူး မဟုတ်လား” အေဘယ်က မလိုဘဲနှင့် ထပ်မေးနေသည်။

“ဟုတ်တယ်၊ ဘယ်တော့မှ လက်မထပ်နိုင်ဘူး၊ ဖေဖေက ရှင့်ကို ခင်မင်လေးစားပေမယ့် သမက်အဖြစ်နဲ့တော့ ဘယ်တော့မှ သဘောတူနိုင်မှာ မဟုတ်ဘူး”

“မင်းကို စော်ကားသလို ပြောမိလုပ်မိတာ ငါ တောင်းပန်ပါတယ် မယ်လာနီ”

"တောင်းပန်စရာမလိုပါဘူး အေဘယ်၊ ကျွန်မအနေနဲ့ ဂုဏ်ယူစရာတောင် ကောင်းပါသေးတယ်၊ အဲဒီတော့ ဒီအကြောင်း နောက်ထပ် မပြောကြပါနဲ့စို့၊ မေ့ပစ်လိုက်ပါတော့၊ ကဲ ကျွန်မကို အိမ်ပြန်ပို့ချိန်တန်ပါပြီထင်တယ် အေဘယ်"

သူမက ထိုင်ရာမှထကာ တံခါးဝသို့ လျှောက်သွားသည်။ အေဘယ်က မင်သက်မိသလို ကုလားထိုင်တွင် ထိုင်မြဲထိုင်နေသည်။ ပြီးတော့ စိတ်ကိုတင်းပြီး ထိုင်ရာမှထလိုက်သည်။ အင်္ကျီချိတ်တွင် ချိတ်ထားသော မယ်လာနီ၏ ကုတ်အင်္ကျီကိုယူပြီး ပခုံးပေါ် တင်ပေးလိုက်သည်။

နှစ်ယောက်သား စကြံအတိုင်း လျှောက်လာစဉ် အေဘယ်၏ ခြေထောက်တစ်ဖက် ဆာတာတာဖြစ်နေကြောင်း မယ်လာနီက သတိထားလိုက်မိသည်။

အပြင်ရောက်တော့ တက္ကဆီကား ငှားပြီး လာခဲ့ကြသည်။ ကားပေါ်တွင် တစ်ယောက်နှင့် တစ်ယောက် စကားတစ်ခွန်းမှ မပြောကြ။ အိမ်ရှေ့ရောက်တော့ တက္ကစီကို စောင့်ခိုင်းထားခဲ့ပြီး အေဘယ်က မယ်လာနီအား ခြံဝအထိ လိုက်ပို့သည်။

"ကျွန်မတို့နှစ်ယောက်ဟာ မိတ်ဆွေအဖြစ်နဲ့တော့ တစ်သက်လုံး နေသွားကြမယ် အေဘယ်"

"ဟုတ်ကဲ့ ကောင်းပါတယ် မယ်လာနီ"

"ကျွန်မကို ဂီတပွဲပြပြီး ညစာကျွေးတာ အများကြီး ကျေးဇူးတင်ပါတယ်ရှင်၊ ရှင့်အနေနဲ့ ပိုလန်သူ ချောချောလှလှကလေးတစ်ယောက်ရဖို့တော့ မခဲယဉ်းပါဘူးလို့ ကျွန်မ ထင်ပါတယ်၊ ကဲ ခွင့်ပြုပါဦး၊ ဂွတ်နိုက်"

"ဂွတ်နိုက်..."

◆ ◆ ◆

အေဘယ်က နယူးယောက် စတော့ဈေးကွက်တွင် အခြေအနေ ရေရှည်ကောင်းနေလိမ့်မည်ဟု ယုံကြည်ထားသည်။ သို့သော် တစ်နေ့တွင် ဟိုတယ်၌ တည်းခိုနေသူတစ်ဦးက သူ၏ တည်းခိုခကို စတော့ဖြင့် ပေးချေ၍ ရနိုင်ပါမည်လားဟု မေးလာသောအခါမှသာ အခြေအနေ ဆိုးရွားနေကြောင်း သိရတော့သည်။ သူ၏ ရသမျှ ပိုက်ဆံအားလုံးနီးပါးမှာ ရစ်ချ်မွန့် ဟိုတယ်လုပ်ငန်း၌ ဝင်နေသဖြင့် စတော့ဈေးကွက်၌ ရင်းနှီးမြှုပ်နှံထားသော ငွေမှာ အနည်းငယ်မျှသာ ရှိသည်။ ထို့ကြောင့် သူ့အဖို့ လုံခြုံစိတ်ချမှုအပြည့်ရှိနေသည်။ သို့သော် စတော့ပွဲစား၏ အကြံပေးချက်အရ စတော့ဈေးကွက်၌ကျန်နေသော သူ၏ရှယ်ယာ အနည်းငယ်ကိုအရှုံးနှင့် ပြန်ရောင်းပစ်လိုက်သည်။

သူ၏ ဟိုတယ်လုပ်ငန်းမှာလည်း နှစ်ဦးပိုင်းတွင် အခြေအနေကောင်းနေသည်။ ၁၉၂၉ ခုနှစ်တွင် အမြတ်ငွေ နှစ်သောင်းခွဲကျော် မျှော်မှန်းချက်ကိုလည်း ကျိုန်းသေပေါက် တွက်ထားသည်။ မစ္စတာလီရှိုင်းကလည်း တော်တော် အားတက်နေသည်။

သို့သော် ထိုနှစ် အောက်တိုဘာလတွင် အဆိုးဆုံးအခြေအနေသို့ ရောက်လာသောအခါ ဟိုတယ်တွင် အမှုထမ်း တစ်ဝက်ခန့်သာ ကျွန်တော့်သည်။ 'အမှောင်ဖုံးသော အင်္ဂါနေ့' တွင်

အေဘယ်က မစ္စတာလီရှိုင်းထံ ဖုန်းလှမ်းဆက်သည်။ မစ္စတာလီရှိုင်းမှာ အကြီးအကျယ် စိတ်ဓာတ်ကျနေသည်။

“ခဏစောင့်ပါဦး အေဘယ်၊ နောက်အပတ်မှာ ငါလာခဲ့မယ်၊ အဲဒီတော့မှ အသေးစိတ် ဆွေးနွေးပြီး သင့်သလို ကြည့်လုပ်ကြတာပေါ့”

“အခြေအနေက တော်တော်ဆိုးနေသလား အန်ကယ်။ ကျွန်တော့်ကို ကြိုတင်ပြီး နည်းနည်းရှင်းပြထားရင် ပိုကောင်းမယ် ထင်ပါတယ်”

“တယ်လီဖုန်းနဲ့ ပြောတာထက် ငါလာတော့မှ ရှင်းပြတာ ပိုကောင်းလိမ့်မယ် အေဘယ်၊ အဖြစ်ကတော့ စတော့ဈေးကွက်မှာ ငါရှုံးတာကို အကြောင်းပြုပြီး ဘဏ်တိုက်က ငါ့ကို အကျပ်ကိုင်လာတယ်၊ သူတို့ဘဏ်တိုက်က ချေးထားတဲ့ ပိုက်ဆံ မဆပ်နိုင်ရင် ဟိုတယ်တွေရောင်းပြီးဆပ်ဖို့ ပြောလာတယ်”

အေဘယ်တစ်ကိုယ်လုံး အေးစက်သွားလို ထင်လိုက်ရသည်။

“ဒါပေမယ့် မင်းအနေနဲ့ ဘာမှ ပူစရာမရှိပါဘူး အေဘယ်၊ ငါလာတော့မှ အသေးစိတ် ပြောပြပါ့မယ်၊ အဲဒီအချိန်ကျတော့ တစ်နည်းတစ်လမ်းတော့ ရှာကြံနိုင်ပါလိမ့်မယ်”

တစ်ဖက်မှ တယ်လီဖုန်း ပြန်ချသွားသည်။ အေဘယ်တစ်ကိုယ်လုံး ချွေးပြန်လာသည်။ မစ္စတာလီရှိုင်း၏ ဒုက္ခကို သူ့အနေဖြင့် ဘယ်လို ကယ်နိုင်ပါ့မလဲဟု စဉ်းစားကြည့်သည်။ သူက မစ္စတာဖင်တန်ထံ ဖုန်းလှမ်းဆက်ပြီး ရစ်ချ်မွန့်ဟိုတယ်လုပ်ငန်းနှင့် ဆက်သွယ်နေသော ဘဏ်တိုက်ပိုင်ရှင်အမည်ကို မေးသည်။ ဘဏ်တိုက်ပိုင်ရှင်နှင့် သွားပြီး ဆွေးနွေးလျှင် မစ္စတာလီရှိုင်းအတွက် တစ်ဖက်တစ်လမ်းမှ ကူညီနိုင်မည်လားဟူ၍ တွေးမိသောကြောင့် ဖြစ်သည်။

အခြေအနေက တစ်နေ့ထက် တစ်နေ့ ပိုဆိုးရွားလာသည်။ သည်အတိုင်းကြည့်နေလျှင် ဆိုးသည်ထက် ဆိုးလာတော့မည်။ ထို့ကြောင့် အေဘယ်က မစ္စတာလီရှိုင်းထံ ဖုန်းဆက်ပြီး ဆုံးဖြတ်ချက်တစ်ခုခု အမြန်ဆုံးချရန် ပြောသည်။ သို့သော် မစ္စတာ လီရှိုင်းမှာ ဦးနှောက်ခြောက်ပြီး ဘယ်လိုမှ မဆုံးဖြတ်တတ်အောင် ဖြစ်နေသည်။

သည်လိုနှင့် ထိန်းမနိုင် သိမ်းမရ အခြေအနေမျိုးသို့ ဦးတည်လာသောအခါ အေဘယ်က ရစ်ချ်မွန့်ဟိုတယ်လုပ်ငန်းနှင့် ပတ်သက်သော ဘဏ်တိုက်ပိုင်ရှင်ထံသို့ ဖုန်းဆက်လိုက်သည်။

“ဝှတ်မောနင်း ကျွန်တော် ဘာအကူအညီ ပေးရပါ့မလဲ ခင်ဗျာ”

“ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော့်နာမည် အေဘယ်ရိုစ်နော့စကီးပါ၊ ရှီကာဂိုရစ်ချ်မွန့်ဟိုတယ်က မန်နေဂျာပါခင်ဗျာ၊ ရစ်ချ်မွန့်ဟိုတယ်လုပ်ငန်းနဲ့ပတ်သက်ပြီး ဆွေးနွေးချင်လို့ ဘယ်နေ့ လာတွေ့နိုင်ပါ့မလဲ ခင်ဗျာ”

“မစ္စတာ ဒေးဗစ်လီရှိုင်းကလွဲပြီး တခြား ဘယ်သူနဲ့မှ ဆွေးနွေးလို့ မဖြစ်ပါဘူးခင်ဗျာ”

“ဒါပေမယ့် ကျွန်တော်ကလဲ ရစ်ချ်မွန့်ဟိုတယ်လုပ်ငန်းရဲ့ ရှယ်ယာ ၂၅ ရာခိုင်နှုန်းကို ပိုင်ပါတယ်ခင်ဗျာ”

“ဩော်... ဟုတ်ကဲ့၊ ဒါပေမယ့် ရှယ်ယာ ၅၀ ရာခိုင်နှုန်းပိုင်တဲ့လူမှ ကျွန်တော်တို့ဘဏ်တိုက်နဲ့ ဆွေးနွေးပိုင်ခွင့် ရှိပါတယ် ခင်ဗျာ၊ တကယ့်လို့ လူကြီးမင်းပဲ ဆွေးနွေးချင်ရင်တော့ မစ္စတာ

လီရှိုင်းဆီက ကိုယ်စားလှယ်လွှဲစာ ယူလာရပါလိမ့်မယ်"

"မစ္စတာလီရှိုင်းက ကျွန်တော့်ရဲ့ မိတ်ဆွေရင်းပါ"

"ဟုတ်ကဲ့ ကျွန်တော်လဲ ယုံကြည်ပါတယ်ခင်ဗျာ"

"အဲဒီတော့ သူ့အတွက် ကျွန်တော် တတ်နိုင်တဲ့ဘက်က ဝင်ကူချင်ပါတယ်"

"သူ့ဆီက လွှဲစာရထားပြီးပြီလား"

"မရသေးပါဘူး ခင်ဗျာ"

"ဒါဆိုရင်တော့ ဝမ်းနည်းပါတယ် ခင်ဗျာ၊ အခုလို စကားပြောနေတာတောင် လွန်လွန်းနေပါပြီ၊ ဒါပါပဲခင်ဗျား"

တစ်ဖက်မှ တယ်လီဖုန်းပြန်ချသွားသည်။ အေဘယ်က တစ်ဖက်မှ ပုဂ္ဂိုလ်ကို အသံတိတ်ကျိန်ဆဲလိုက်ပြီး တယ်လီဖုန်းကို ခွမ်းကနဲ ပစ်ချလိုက်သည်။ သူက မစ္စတာလီရှိုင်းအတွက် အလွန်စိုးရိမ်မိသည်။ ကူညီနိုင်မည့်နည်းလမ်းကို အမြန်ဆုံး ရှာဖွေရမည်ဟုလည်း တွေးလိုက်မိသည်။

နောက်တစ်နေ့ညနေတွင် အေဘယ်က မယ်လာနီအား စားသောက်ခန်းထဲတွင် မြင်လိုက်မိသည်။ သူမသည် ခါတိုင်းလို ရွှင်ရွှင်ပျပျမရှိ။ မျက်နှာတွင် သောကရိပ်တွေ ပေါ်လွင်နေသည်။ သူက အကျိုးအကြောင်းသွားမေးရန် စိတ်ကူးမိသေးသည်။ သို့သော် စိတ်ပြောင်းသွားပြီး မသွားရန် ဆုံးဖြတ်လိုက်သည်။

သူသည် စားသောက်ခန်းအနီးမှဖြတ်ကာ သူ့ရုံးခန်းဆီသို့ လျှောက်လာခဲ့သည်။ တံခါးဝတွင် မစ္စတာလီရှိုင်းရပ်နေသည်ကို တွေ့ရသည်။ မစ္စတာလီရှိုင်းသည် အေဘယ်နှင့် ပလာဇာဟိုတယ်တွင် ပထမဆုံး တွေ့ခဲ့တုန်းက ဝတ်ခဲ့သော ဂျက်ကက်အင်္ကျီကို ဝတ်ထားသည်။

"စားသောက်ခန်းထဲမှာ မယ်လာနီရှိသလား" မစ္စတာလီရှိုင်းက မေးလိုက်သည်။

"ဟုတ်ကဲ့... ရှိပါတယ် ခင်ဗျား၊ အန်ကယ်ရောက်နေပြီဆိုတာ ကျွန်တော် လုံးဝမသိပါဘူး၊ ဒီလိုဆိုရင် ကျွန်တော် သီးသန့်ခန်း စီစဉ်ထားလိုက်ပါ့မယ် ခင်ဗျား"

"တစ်ညတွက်ပဲစီစဉ်ပါ အေဘယ်၊ ပြီးတော့ မင်းနဲ့ ငါနဲ့ နှစ်ယောက်ချင်း တွေ့ချင်တယ်"

"ကောင်းပါပြီခင်ဗျား"

အေဘယ်က 'နှစ်ယောက်ချင်း' ဆိုသော စကားကြောင့် တစ်မျိုးကြီး ခံစားလိုက်ရသည်။ မယ်လာနီကများ သူမ ဖခင်ကြီး သွားတိုင်လိုက်ပြီးပြီလား။ အဘိုးကြီး ဆုံးဖြတ်ချက် မချနိုင်ဘဲ ဖြစ်နေတာ ဒီကိစ္စကြောင့်ပဲလား။

မစ္စတာလီရှိုင်းက စားသောက်ခန်းထဲ ဝင်သွားသည်။ အေဘယ်က ၁၇ ထပ်မှ အထူးခန်း အား‚မအား စုံစမ်းရန် မှတ်ပုံတင်ဌာနသို့ လျှောက်လာခဲ့သည်။

ဟိုတယ်တွင် အခန်းစုစုပေါင်း၏ တစ်ဝက်ခန့်မှာ တည်းခိုသူမရှိ ဖြစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် အထူးခန်းတွင်လည်း လူမရှိသည်မှာ အံ့ဩစရာမဟုတ်။

အေဘယ် မှတ်ပုံတင်စားပွဲနားတွင် ရပ်နေတုန်း မယ်လာနီ အခန်းထဲမှ ပြန်ထွက်သွားသည်ကို မြင်လိုက်ရသည်။ သူမမျက်နှာ မို့အစ်နေသည်။ ငိုထားဟန်တူသည်။ ခဏအကြာတွင်

ဖခင်ဖြစ်သူလည်း စားသောက်ခန်းမှ ပြန်ထွက်လာပြန်သည်။

"အေဘယ် ဝီစကီပုလင်း ဆွဲလာခဲ့ပါ၊ တစ်ပုလင်း မကုန်ဘူးလို့ မပြောနဲ့၊ အရက်ပုလင်းယူပြီးသာ ငါ့အခန်းလာခဲ့ပါ"

အေဘယ်က သူ့ဗီရိုထဲမှ ဝီစကီနှစ်ပုလင်းယူပြီး အထူးခန်းသို့ တက်လာခဲ့သည်။ စိတ်ထဲတွင်တော့ မယ်လာနီက သူမ ဖခင်ကို တိုင်ပြောလိုက်တာပဲ ဖြစ်မည်ဟုပင် တွေးလာမိသည်။

"ပုလင်းဖွင့်ကွာ၊ ပြီးတော့ မင်းဖန်ခွက်ထဲ တော်တော်များများ လောင်းထည့်" မစ္စတာလီရှိုင်းက အမိန့်ပေးသည်။

အေဘယ်က ကြောက်စိတ်ဝင်လာပြီး လက်တုန်တုန်ရင်ရင်ဖြင့် ဖန်ခွက်ထဲ အရက်ထည့်သည်။ တကယ်တော့ သူ့သမီးကို ကြိုက်ပါတယ်ဆိုရုံနဲ့ သူက ငါ့ကို အလုပ်မထုတ်နိုင်ပါဘူး။

သူနှင့် မစ္စတာလီရှိုင်းတို့သည် ယခုအချိန်တွင် စီးပွားရေးစပ်တူ လုပ်ဖက်လည်း ဖြစ်ကြသည်။ ရင်းနှီးသော မိတ်ဆွေများလည်း ဖြစ်နေကြပြီ။

"ကဲ အားလုံး တကျိုက်တည်း မော့ချလိုက်ကွာ"

အေဘယ်က သူ့ဖန်ခွက်ကို မော့သောက်လိုက်သည်။ မစ္စတာ လီရှိုင်းကလည်း တစ်ကျိုက်တည်းပင် မော့ချလိုက်သည်။

"အေဘယ် ငါ့ဘဝတော့ စုပ်စုပ်မြုပ်ပါပြီကွာ" သူက အရက်ခွက်ကို ထပ်ကိုင်သည်။ အေဘယ်က နှစ်ခွက် ထပ်ထည့်သည်။ နှစ်ယောက်စလုံး မော့လိုက်ကြပြန်သည်။ "တပြည်လုံးက ငါ့အကြောင်း သိကုန်ကြပြီ"

အေဘယ်က ဘာမှ ပြန်မပြော။ ဘာပြန်ပြောရမှန်းလည်းမသိ။ နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် အကြာကြီး စိုက်ကြည့်နေကြသည်။ ပြီးတော့ အရက်ခွက် မော့လိုက်ကြပြန်သည်။ အေဘယ်က အားတင်းပြီး ပြောလိုက်သည်။

"ဒါပေမယ့် အန်ကယ်က ဟိုတယ် ၁၁ ခု ပိုင်ထားပါသေးတယ်၊ စိုးရိမ်စရာ မရှိပါဘူး"

"အဲဒါက ဟိုတုန်းက ပိုင်ခဲ့ဖူးတာ၊ အခု မပိုင်တော့ဘူး" ကြာသပတေးနေ့ကတည်းက ဘဏ်တိုက်က ဝရမ်းထုတ်လိုက်ပြီ။

"ဒါပေမယ့် အန်ကယ်ပိုင်ပါသေးတယ်၊ မိသားစုမျိုးဆက် နှစ်ဆက်တိတိ ပိုင်လာခဲ့တဲ့ လုပ်ငန်းကြီးပါ အန်ကယ်"

"မင်းပြောတာ မှန်သော့ မှန်ပါတယ် အေဘယ်၊ ဒါပေမယ့် အဲဒီဟိုတယ်တွေကို အခု ငါ လုံးဝမပိုင်တော့ဘူး၊ ဘဏ်တိုက်က ပိုင်သွားပြီ၊ အဖြစ်မှန်ကို မင်းလဲ သိပြီးသားပါ၊ အခု အချိန်မှာ အမေရိကန်တစ်ပြည်လုံးလိုလို ရင်ဆိုင်နေရတဲ့အဖြစ်ပါ၊ လုပ်ငန်းကလေးတွေရော၊ လုပ်ငန်းကြီးတွေရော အားလုံး ဒီအဖြစ်မျိုးနဲ့ ထွက်ပေါက်မရှိဖြစ်နေကြပြီ၊ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ဟိုတယ်တွေကို အပေါင်ခံထားပြီး ငါ ငွေနှစ်သန်း ချေးယူခဲ့တယ်၊ တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင်ဆိုပြီး အဲဒီငွေနဲ့ စတော့ဈေးကွက်မှာ မြုပ်နှံရင်းနှီးခဲ့တာ၊ ဒီလိုနဲ့ ငါးသန်းလောက်အထိ တိုးတက်လာခဲ့တယ်၊ ဒါကြောင့်မို့လဲ ဟိုတယ်လုပ်ငန်းက အရှုံးကို ငါခံလာနိုင်ခဲ့တာပေါ့။

"ဒီနေ့ကျတော့ ငါ့မှာ အကြွေးလည်ပင်းခိုက်ပြီး ဒေဝါလီခံရတော့မယ့်အခြေ ဆိုက်နေပြီ၊ လွန်ခဲ့တဲ့ သုံးပတ်လောက်ကတည်းက စတော့ဈေးကွက်မှာ ငါ့ရှယ်ယာတွေ အတတ်နိုင်ဆုံး ရောင်းကြည့်ပေမယ့် ဝယ်မယ့်လူ တစ်ယောက်မှ မရှိတော့ဘူး၊ ဘဏ်ကလဲ လွန်ခဲ့တဲ့ ကြာသပတေးနေ့ကစပြီး ငါ့အကြွေးတွေကို စာရင်းပိတ်လိုက်ပြီ၊ အဲဒီတော့ အခု သူတို့က ဟိုတယ်တွေ ရောင်းပစ်ပြီး သူတို့ငွေပြန်ရဖို့ အသေအလဲ ကြိုးစားနေကြပြီ"

"အဲဒါကတော့ သူတို့ မိုက်တာပဲ အန်ကယ်၊ သူတို့က ဒီလောက်ထိ လောဘကြီးစရာ မလိုပါဘူး၊ ကျွန်တော်တို့ကို အကူအညီ ဆက်ပေးသွားရင် နှစ်ဦး နှစ်ဝ အကျိုးရှိနိုင်တာပဲ"

"မင်းပြောတာ မှန်ပါတယ် အေဘယ်၊ ဒါပေမယ့် သူတို့က မင်းထင်သလို မလုပ်ကြဘူး၊ ငါ့ကို အလဲထိုးဖို့ပဲ စိတ်ဝင်စားနေကြတယ်၊ ဒီကိစ္စ သူတို့ဆီသွားပြီး ငါရှင်းပြခဲ့ပြီးပြီ၊ မင်းအကြောင်းလဲ ပြောပြပါတယ်၊ သူတို့က ဆက်ပြီးကူညီရင် တို့က အရှုံးမရှိအောင် အစွမ်းကုန် ကြိုးစားမယ်လို့လဲ ကတိပေးပါတယ်၊ ဒါပေမယ့် ဒီလူတွေက လုံးဝ စိတ်မဝင်စားဘူး၊ သူတို့က ငါ့ကို နိုရည်တောင် မစင်သေးတဲ့ ငချွတ်ကလေးတစ်ယောက်နဲ့ လွှဲအပ်ပေးတယ်၊ ဒီကောင်လေးက ဘာမှမသိပါဘူး၊ မနေ့ တစ်နေ့ကမှ တက္ကသိုလ်က ထွက်လာခဲ့တာ၊ ကျောင်းက သင်လိုက်တာတွေ နှုတ်တိုက်ရွတ်ပြပြီး ငါ့ကို အလဲထိုးတာပဲ၊ အဲလေ သူတို့အားရှိတုန်း လုပ်ကြပါစေ၊ လုပ်ကြပါစေ၊ တကယ်လို့ ငါပြန်ထောင်လာရင်တော့ အဲဒီကောင်လေးနဲ့ သူ့ဘဏ်တိုက်တော့ မလွယ်ဘူးသာမှတ်ပေတော့၊ ကဲ... လောလောဆယ် အဲဒါတွေ မေ့ထားလိုက်ကြရအောင်၊ အရက်သာ မူးအောင်ချပေတော့၊ မထူးတော့ပါဘူး၊ ငါက ငမွဲဖြစ်သွားပြီ၊ ငါမွဲသွားပြီ"

"ကျွန်တော်လဲ ဒီအတိုင်းပါပဲ"

"မဟုတ်ပါဘူး၊ မင်း မမွဲဘူး၊ မင်းအတွက် အနာဂတ်လမ်းပွင့်နေပါတယ် အေဘယ်၊ တို့ ဟိုတယ်တွေကို ဘယ်သူပဲ သိမ်းသိမ်း မင်းမပါပဲနဲ့ သူတို့ ဘာမှ မလုပ်နိုင်ပါဘူး"

"ကျွန်တော့်ရှယ်ယာ၂၅ ရာခိုင်နှုန်းပါဝင်နေတာ အန်ကယ် မေ့နေတယ်ထင်တယ်"

"ဟုတ်သားပဲ အေဘယ်၊ ငါက မင်းပိုက်ဆံ တချို့တစ်ဝက်သာ ရင်းနှီးမြှုပ်နှံတာလို့ ထင်ခဲ့တာ"

"မဟုတ်ပါဘူး၊ ကျွန်တော့်မှာ ရှိသမျှ အကုန်ထည့်လိုက်တာ၊ အခု လက်ထဲမှာ တစ်ပြားမှမရှိတော့ဘူး၊ ဒါပေမယ့် ကျွန်တော်ဘာမှမဖြစ်ပါဘူး အန်ကယ်၊ လူမိုက်တစ်ယောက်နဲ့ ပေါင်းပြီး ပိုက်ဆံမြတ်ရတာထက် လူလိမ္မာတစ်ယောက်နဲ့ပေါင်းလို့ ရှုံးရတာက ပိုပြီး မွန်မြတ်ပါတယ်"

အေဘယ်က ဝီစကီတစ်ခွက် ထပ်သောက်လိုက်သည်။

မစ္စတာ လီရိုင်း၏ မျက်နှာတွင် မျက်ရည်တွေ စီးကျလာသည်။

"အေဘယ် မင်းဟာ အင်မတန်တော်တဲ့ မိတ်ဆွေကောင်းတစ်ယောက်ပါ၊ မင်းကြောင့် ဟိုတယ်တွေ တိုးတက်လာခဲ့တယ်၊ ဒါကြောင့်လဲ မင်းမှာ ပိုက်ဆံအတန်အသင့် ချမ်းသာလာခဲ့တယ်၊ ခုတော့ ငါက မင်းကို ငမွဲဘဝ ရောက်အောင် လုပ်လိုက်ပြီ၊ အဲဒါကို မင်းက လုံးဝ စိတ်မဆိုးဘူး၊ ပြီးတော့ ငါ့သမီးက ငြင်းပယ်တာကိုလဲ မင်းက ဘယ်လိုမှ သဘောမထားဘူး"

"ဒါဖြင့် ကျွန်တော် မယ်လာနီကို လက်ထပ်ဖို့ ကမ်းလှမ်းတာ အန်ကယ် ဘယ်လိုမှ မထင်ဘူးပေါ့"

အေဘယ်က အရက်ရှိန်ကလေးဖြင့် အရဲစွန့်ပြီး မေးလိုက်သည်။

"ခွေးတိရစ္ဆာန်မ၊ လူကောင်းကို လူကောင်းမှန်း မသိတတ်ဘူး၊ သူက တောင်ပိုင်းသား ဟိုအကောင်ကိုပဲ အထင်ကြီးနေတာ၊ အဲဒီအကောင်က မြင်းမွေးစားတယ်၊ သူ့မျိုးဆက်မှာ ဗိုလ်ချုပ်ကြီးသုံးယောက်လောက် ရှိခဲ့ဖူးတယ်၊ ငါ့မှာ နောက်ထပ် သမီးတစ်ယောက်မရှိခဲ့တာ အလွန်ကံဆိုးတာပဲ အေဘယ်၊ မင်းဟာ ငါ့အပေါ်မှာ သစ္စာအရှိဆုံးမိတ်ဆွေ၊ မင်းကို သမက်တော်ရရင် ငါ့ဂုဏ်ယူလို့ မဆုံးဘူး၊ မင်းနဲ့ငါက အလုပ်ဖြစ်တယ်၊ ဒါပေမယ့် မင်းအတွက်တော့ မပူပါနဲ့ အေဘယ်၊ မင်းက အရွယ်လဲ ရှိပါသေးတယ်၊ ပညာလဲရှိတယ်၊ မင်းရဲ့ တက်လမ်းဖြောင့်တန်းနေပါတယ်"

အေဘယ်မှာ အသက် ၂၃ နှစ်ရှိပြီ၊ သို့သော် ယခုအချိန်တွင် သူ့ကိုယ်သူတော့ အများကြီး အိုစာသွားပြီဟု ထင်နေမိသည်။

"အန်ကယ်ရဲ့ စေတနာကို ကျေးဇူးတင်ပါတယ် အန်ကယ်၊ အန်ကယ်ဟာ ကျွန်တော်ရဲ့ အရင်းအနှီးဆုံး မိတ်ဆွေတစ်ယောက်ပါ၊ ကျေးဇူးရှင်တစ်ယောက်ဆိုရင်လဲ မမှားပါဘူး"

အေဘယ်က နောက်တစ်ခွက် ထပ်မော့လိုက်သည်။ မနက် ၂ နာရီလောက်ရောက်တော့ အရက် နှစ်ပုလင်း ပြောင်သွားပြီ။

မစ္စတာလီရှိုင်းက ကုလားထိုင်ပေါ်တွင်ပင် ခြေပစ်လက်ပစ်အိပ်ပျော်နေပြီ။ အေဘယ်က သူ့ကိုယ်သူထိန်းပြီး ၁၀ ထပ်မှ သူ့အခန်းသို့ ဒယီးဒယိုင် တက်လာခဲ့သည်။ ပြီးတော့ မနိုင့်တနိုင် အဝတ်လဲပြီး အိပ်ရာပေါ် လှဲချလိုက်သည်။

✧ ✧ ✧

တံခါးကို ခပ်ပြင်းပြင်းခေါက်သံကြောင့် အေဘယ် အိပ်ရာမှ လန့်နိုးလာသည်။ တစ်ခေါင်းလုံး မူးနောက်ပြီး ထူမရအောင် ခံစားနေရသည်။ တံခါးခေါက်သံ ဆက်တိုက်ပေါ်လာပြန်သည်။

သူ့ကိုယ်သူ အတင်းအားတင်ပြီး တံခါးဝသို့ ကြိုးစားလျှောက်လာခဲ့သည်။

ဧည့်ကြို လူငယ်ကလေးက တံခါးဝတွင် ရပ်နေသည်။

"ဆရာ ဆရာ၊ မြန်မြန်လာပါ၊ မြန်မြန်လာပါ"

လူငယ်က ယင်းသို့ ပြောပြီးနောက် ခန်းမဘက်သို့ ကမန်းကတန်း ပြန်ပြေးသွားသည်။

အေဘယ်က အပေါ်အင်္ကျီနှင့် ညှပ်ဖိနပ်ကို ကမန်းကတန်း ကောက်စွပ်ပြီး အခန်းထဲမှ ထွက်လိုက်သည်။

ဓာတ်လှေကားတွင် လူငယ်က အသင့်စောင့်နေသည်။

"မြန်မြန် ဆရာ၊ မြန်မြန်... မြန်မြန်"

"ဘာတွေများ ဖြစ်နေလို့လဲကွ၊ ဒီလောက်တောင် မြန်ရအောင်"

အေဘယ်၏ ခေါင်းထဲတွင် ခဲကျပ်နေတုန်းရှိသေးသည်။ သို့သော် ညနေက ကိစ္စကိုတော့ ပြန်သတိရမိသည်။ ကေန္တတော့ ဘဏ်တိုက်ကလူတွေ ရောက်လာကြတာဖြစ်မည်။

"လူတစ်ယောက် ပြတင်းပေါက်က ခုန်ချလို့ ဆရာ"

"ဌေ့်သည်လား"

"ဟုတ်မယ်ထင်တယ်ဆရာ၊ ဒါပေမယ့် အတိအကျတော့မသိရသေးဘူး"

ဓာတ်လှေကားသည် မြေညီထပ်တွင် ရပ်သွားသည်။ အေဘယ်က သံတံခါးကို အတင်းဖွင့်ပြီး လမ်းဘက်သို့ပြေးထွက်လာခဲ့သည်။

ရဲတွေ ရောက်နေကြပြီ။ သေဆုံးနေသူ၏ ကိုယ်ပေါ်တွင် ဂျက်ကက်အကျီသာ ဝတ်မထားလျှင် အေဘယ်က ဘယ်သူဘယ်ဝါမှန်း လုံးဝသိနိုင်မည်မဟုတ်။ တစ်ကိုယ်လုံးကျိုးပဲ့ စုတ်ပြတ်ပြီး မြင်မကောင်း ရှုမကောင်းအောင် ရုပ်ပျက်ဆင်းပျက်ဖြစ်နေပြီ။

ရဲသားတစ်ယောက်က အသေးစိတ် မှတ်တမ်းရေးမှတ်နေသည်။

အရပ်ဝတ် အရပ်စားနှင့် လူတစ်ယောက် အေဘယ်အနီးသို့ ကပ်လာသည်။

"ခင်ဗျားက မန်နေဂျာလား"

"ဟုတ်ပါတယ် ခင်ဗျား"

"ဒီလူ ဘယ်သူဆိုတာ သိသလား"

"သိပါတယ်၊ သူ့နာမည်က ဒေးဗစ်လီရှိုင်းပါ"

"သူက ဘယ်က လာတာလဲ၊ သူ့မှာ ဆွေမျိုးသားချင်းရှိသလား"

"ဒါးလက်မြို့က လာတာပါ၊ မစ္စမယ်လာနီလီရှိုင်းဆိုတာ သူ့သမီးပါပဲ၊ မစ္စမယ်လာနီက ရီကာဂိုတက္ကသိုလ်အပြင်ဘက်မှာ ဘော်ဒါငှားနေပါတယ်"

"ကောင်းပါပြီ၊ သူ့ဆီ ကျုပ်တို့လူတစ်ယောက် လွှတ်ပြီး အကြောင်းကြားလိုက်ပါ့မယ်"

"အဲဒီလို မလုပ်ပါနဲ့၊ ကျွန်တော်ကိုယ်တိုင်ပဲ သွားပြောပါရစေခင်ဗျား၊ အဲဒါ ပိုကောင်းမယ်ထင်လို့ပါ"

"ကျေးဇူးပါပဲ၊ အဲဒါ ပိုကောင်းပါတယ်၊ မကောင်းသတင်းဆိုတာ တစိမ်းတစ်ယောက်က သွားပို့လို့ မကောင်းပါဘူး၊ ဒါနဲ့ဆိုရင် ရီကာဂိုမှာ ဒီလိုဖြစ်ရပ်မျိုး ၁၁ ခုရှိသွားပြီ"

ရဲအရာရှိက မှတ်စုစာအုပ် ပြန်ပိတ်ပြီး အရေးပေါ် လူနာတင်ကားဆီသို့ လျှောက်သွားသည်။

ထို့နောက် အလောင်းကို လူနာတင်ကတ်နှင့် သယ်ပြီး ကားပေါ်သို့ တင်ကြသည်။

အေဘယ်က စိတ်မချမ်းသာစွာဖြင့် ကြောင်ကြောင်ကြီး စိုက်ကြည့်နေသည်။ သူ့တစ်ကိုယ်လုံး အေးစက်သွားသည်။ ဒူးဆစ်တွေ ခွေကျသွားတော့မတတ် ခံစားရသည်။ သူ၏ ကျေးဇူးရှင် မိတ်ဆွေကောင်းကြီးတစ်ယောက် အသေဆိုးနှင့် သေဆုံးသွားရှာပြီ။

ငါ မူးအောင် သောက်မိလို့ ဒီလိုဖြစ်ရတာ၊ နို့မဟုတ်ရင် သူ ဒီလိုဖြစ်ရမှာ မဟုတ်ဘူး။

အေဘယ်သည် နောင်တကြီးစွာရမိသည်။ သူ့ကိုယ်သူ မနည်းအားတင်းပြီး အခန်းသို့ ပြန်လာခဲ့သည်။

ပြီးတော့ အကြာကြီး ရေစိမ်ချိုးပစ်လိုက်သည်။ အဝတ်အစားလဲသည်။ ကော်ဖီကြမ်းတစ်

ခွက် မှာသောက်သည်။

ထို့နောက် အထူးခန်းသို့ တက်လာခဲ့ပြီး တံခါးကို ဖွင့်လိုက်သည်။

အိပ်ရာပေါ်တွင် လူအိပ်ထားဟန် လက္ခဏာမရှိ။ အိပ်ရာဘေး စားပွဲပေါ်မှ စာရွက်များကို လှမ်းမြင်လိုက်သည်။ စုစုပေါင်း စာသုံးစောင်။

ပထမစာကို မယ်လာနီသို့ လိပ်စာတပ်ထားသည်။ ဒုတိယစာက ဒါးလက်မြို့မှ ရှေ့နေအတွက်။ တတိယစာကတော့ သူ့အတွက်။

သူက သူ့ကျေးဇူးရှင်ကြီး နောက်ဆုံးရေးသွားခဲ့သော စာကို ကမန်းကတန်း ဖတ်ကြည့်သည်။

အေဘယ်

ဘဏ်တိုက်က ဆုံးဖြတ်ချက်ချပြီးတဲ့နောက် ငါ့အနေနဲ့ အတတ်နိုင်ဆုံးအလုပ်ကို နောက်ဆုံးလုပ်လိုက်ရတာပါ၊ ငါ့အနေနဲ့ လူ့ပြည်မှာ အသက်ရှင်နေလို့လဲ ဘာမှမထူးတော့ပါဘူး၊ အသက်လဲကြီးလှပါပြီ။ ဘာမှ ထွန်းထွန်းပေါက်ပေါက် မစွမ်းဆောင်နိုင်တော့ပါဘူး၊ ဒီအကျပ်အတည်းကြီးထဲက တတ်နိုင်သမျှ အကောင်းဆုံး အခြေအနေအထိ ရောက်လာအောင် ကြိုးစားပါ ငါ့သား၊ မင်းကို ငါယုံကြည်တယ်၊ မင်း လုပ်နိုင်ပါတယ်။

ငါသေတမ်းစာအသစ် ရေးထားခဲ့ပါတယ်၊ အဲဒီ အထဲမှာ ကျန်တဲ့ ရှယ်ယာ ၇၅ ရာခိုင်နှုန်းကို မင်းကိုပဲ အားလုံးလွှဲအပ်ထားခဲ့တယ်၊ အဲဒါတွေ ဘာမှ တန်ဖိုးမရှိတော့ဘူးဆိုတာတော့ ငါသိပါတယ်။ ဒါပေမယ့် စတော့တွေက မင်းဟာ ရစ်ချ်မွန့်ဟိုတယ်လုပ်ငန်းရဲ့ တရားဝင် ပိုင်ရှင်ဖြစ်တယ်ဆိုတာကို အခိုင်အမာသက်သေခံနိုင်ကြလိမ့်မယ်။ တခြား ငါပိုင်တဲ့ အိမ်အပါအဝင် ပစ္စည်းအားလုံးကိုတော့ မယ်လာနီကို ပေးခဲ့ပါတယ်၊ သူ့ကို နှစ်သိမ့်ပါ။ ရှင်းပြပါ။ မင်းကို ငါသမက်တော်ရရင် ငါဘယ်ဘဝရောက်ရောက် ဂုဏ်ယူနေမှာပါ အေဘယ်။

မင်းရဲ့အချစ်ဆုံးမိတ်ဆွေ
ဒေးဗစ်

အေဘယ်က စာကို အကြိမ်ကြိမ်ထပ်ဖတ်နေမိသည်။ ပြီးတော့ သေသေသပ်သပ်ခေါက်ပြီး အိတ်ထဲ ထည့်လိုက်သည်။

ထို့နောက် ရှိကာကို တက္ကသိုလ်ဘက်သို့ ထွက်လာခဲ့သည်။

မယ်လာနီထံရောက်တော့ တတ်နိုင်သမျှ ညင်သာအေးဆေးစွာဖြင့် သတင်းပို့သည်။

အေဘယ်က ကုလားထိုင်းပေါ်တွင်ထိုင်ကာ ဂနာမငြိမ်ဖြစ်နေသည်။ မယ်လာနီက အံ့ဩရိပ် လုံးဝမပြ။ မျက်ရည်လည်း တစ်စက်မျှမကျ၊ သို့သော် နောက်တော့မှ ချုံးပွဲချငိုလိမ့်မည်ဟု အေဘယ်က တွက်လိုက်မိသည်။ အေဘယ်သည် မယ်လာနီကို ကြည့်ပြီး အလွန်သနားသွားမိသည်။

အေဘယ် ဟိုတယ်သို့ ပြန်လာခဲ့သည်။ နေ့လယ်စာ မစားတော့ရန် ဆုံးဖြတ်လိုက်ပြီး စားပွဲထိုးအား ခရမ်းချဉ်သီးရည် ယူလာရန် မှာလိုက်သည်။ ထို့နောက် စားပွဲပေါ်မှ စာအိတ်တွေကို

ဖွင့်ဖတ်သည်။ "ကွန်တီနင်တယ် ဘဏ္ဍာထိန်းအဖွဲ့" ဒုတိယဥက္ကဋ္ဌ ကာတစ်ဖင်တန်ထံမှ စာတစ်စောင် ရောက်နေသည်။

ရစ်ချ်မွန့်ဟိုတယ်လုပ်ငန်းကို သိမ်းယူလိုက်သည့်ဘဏ်မှာ ဘော့စတွန်မြို့မှ ကိန်းနှင့် ကဘော့ဘဏ်ဖြစ်ကြောင်း၊ သို့သော် လောလောဆယ်တွင် မူလအတိုင်း လုပ်ငန်းအရှိန်မပျက် ဆက်လုပ်နေနိုင်ကြောင်း၊ တစ်နေ့တွင်မှ မစ္စတာလီရှိုင်းနှင့် အသေးစိတ် ဆွေးနွေးပြီး သင့်သလို စီစဉ်ရန် ဘဏ်တိုက်က ဆုံးဖြတ်ထားကြောင်း ရေးသားထားသည်။

အေဘယ်သည် ကုလားထိုင်တွင် ငုတ်တုတ်ကြီးထိုင်ကာ စာကိုစိုက်ကြည့်နေသည်။ ခရမ်းချဉ်ရည်တစ်ခွက် ထပ်မှာသောက်ပြီးနောက် ကိန်းနှင့် ကဘော့ဘဏ်မှ လုပ်ငန်းဖျက်သိမ်းရေးဆိုင်ရာ ဒါရိုက်တာနှင့် အသေးစိတ် ဆွေးနွေးရမည်ဖြစ်သည်။ မစ္စတာလီရှိုင်း၏ ကြေကွဲစရာ ရုတ်တရက် သေဆုံးရခြင်းအဓိကအကြောင်းရင်းကိုမူ ဘဏ်တိုက်က အဖြေရှာရဦးမည်ဟုလည်း ထိုစာတွင် ဖော်ပြထားသည်။

"ကြေကွဲစရာ ရုတ်တရက် သေဆုံးရခြင်းတဲ့၊ အဲဒါ သူ့ကြောင့်ဖြစ်ရတာလေ" အေဘယ်က ဒေါသစိတ်ဖြင့် အသံမထွက်အောင်ပင် တစ်ယောက်တည်း အော်ပြောလိုက်မိသည်။ တစ်ချိန်တည်းတွင် မစ္စတာ လီရှိုင်း နောက်ဆုံးပြောသွားသော စကားကိုလည်း သတိရမိသည်။ **"သူတို့က ငါ့ကို နို့ရည်တောင်မစင်သေးတဲ့ ငချွတ်ကလေးတစ်ယောက်နဲ့ လွှဲအပ်ပေးတယ်။ ဒီကောင်လေးက ကျောင်းက သင်လိုက်တာတွေ နှုတ်တိုက်ရွတ်ပြပြီး ငါ့ကို အလဲထိုးတော့တာပဲ။ တကယ်လို့ ငါပြန်ထောင်လာနိုင်ရင်တော့ အဲဒီကောင်လေးနဲ့ သူ့ဘဏ်တိုက်တော့ မလွယ်ဘူးသာ မှတ်ပေတော့"**

"မစိုးရိမ်ပါနဲ့အန်ကယ်၊ အန်ကယ်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်အောင် ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ်၊ စိတ်သာချနေပါတော့"

အေဘယ်က တစ်ယောက်တည်း အသံထွက်၍ သစ္စာဆိုလိုက်သည်။

ထိုရက်ပိုင်းအတွင်း အေဘယ်သည် ရစ်ချ်မွန့်ဟိုတယ်လုပ်ငန်းကြီးတစ်ခုလုံးကို အသေအလဲ ကုန်းရုန်းပြီး လုပ်ငန်းအရှိန်မပျက်အောင် ကြိုးစားလုပ်ကိုင်နေရသည်။ ရှီကာဂိုဟိုတယ်ကို ကြီးကြပ်နေစဉ်အတွင်း တခြားဟိုတယ်ဆယ်ခုတွင် ဘာတွေဖြစ်ပျက်နေကြပြီဟုလည်း ရင်တုထိတ်ထိတ်နှင့် တွေးပူနေရသည်။ သို့သော် ဘာတွေပင် ဖြစ်လာဖြစ်လာ သူ့အနေဖြင့်ပူစရာမလိုတော့။ ယခုအချိန်အတွင် ယင်း ဟိုတယ်အားလုံးကို ကိန်းနှင့်ကဘော့ ဘဏ်တိုက်က ပိုင်သွားပြီမဟုတ်ပါလား။

✣

(၁၇)

၁၉၃၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်...။

ထိုနေ့တွင် အေဘယ်ရိုစ်နော့စကီးသည် မီးရထားဖြင့် ဘော့စတွန်မြို့သို့ ရောက်ရှိလာခဲ့သည်။ ဘူတာမှ တက္ကဆီငှား၍ ကိန်းနှင့်ကဘော့ ဘဏ်တိုက်သို့ တန်းလာခဲ့သည်။ သူသည် စည်းဝေးပွဲ စတင်ချိန်မတိုင်မီ မိနစ်ပိုင်းမျှ စော၍ ရောက်ရှိလာသည်။

ကျယ်ဝန်းခမ်းနားသော ဧည့်ခန်းဆောင်တွင်ထိုင်ကာ စားပွဲပေါ်မှ 'ဝေါလ်စထရိဂျာနယ်' သတင်းစာကြီးကို လှန်ဖတ်နေလိုက်သည်။

၁၉၃၀ ပြည့်နှစ်တွင် စီးပွားရေး ကောင်းလာရန် အလားအလာရှိသည်ဟု သတင်းစာက သုံးသပ်ထားသည်။ သို့သော် သူကတော့ မယုံချင်။

ရုပ်ရည်ချောမောသော မိန်းမရွယ်တစ်ယောက် အခန်းထဲဝင်လာသည်။

"မစ္စတာကိန်း ရောက်နေပါပြီ မစ္စတာရိုစ်နော့စကီး"

အေဘယ်သည် ထိုင်ရာမှထကာ ထိုအမျိုးသမီးနောက်သို့ လိုက်လာခဲ့သည်။

ဝက်သစ်ချသားကာ ရုံးခန်းကျယ်ကြီးတစ်ခုထဲသို့ ဝင်လာခဲ့သည်။ သားရေဖုံး စားပွဲကျယ်ကြီးနောက်တွင် အရပ်ရှည်ရှည်၊ ရုပ်ရည်ခန့်ညားသော လူငယ်တစ်ယောက် ထိုင်နေသည်။ ထိုသူသည် မိမိနှင့် သက်တူရွယ်တူလောက်ပင် ရှိလိမ့်မည်ဟု အေဘယ်က ခန့်မှန်းလိုက်မိသည်။

ထိုလူငယ်၏ မျက်လုံးများမှာလည်း အေဘယ်၏ မျက်လုံးများလိုပင် အပြာရောင်ဖြစ်သည်။ သူ့နောက်မှ အခန်းနံရံတွင် လူလတ်ပိုင်းအရွယ် လူတစ်ယောက်၏ ဓာတ်ပုံကားချပ်ကြီးကို ချိတ်ဆွဲထားသည်။ ထိုပုံထဲမှ ပုဂ္ဂိုလ်နှင့် စာပွဲတွင် ထိုင်နေသော လူငယ်တို့သည် ရုပ်ရည်ချင်း အလွန်တူကြသည်။ သူ့အဖေဖြစ်လိမ့်မယ်ဟု အေဘယ်က ထင်လိုက်သည်။

"ကျွန်တော့်နာမည် ဝီလျံကိန်းပါ" ထိုလူငယ်က ထိုင်ရာမှထ၍ လက်ကို ကမ်းပေးသည်။

"ထိုင်ပါ မစ္စတာရို့စ်နော့စကီး"

"ကျေးဇူးတင်ပါတယ်"

ဝီလျံက သူ့ရှေ့မှ အဝတ်အစား မသေမသပ်နှင့် လူပုသေးသေးကလေးကို အကဲခတ်ကြည့်နေသည်။ ထူးခြားသော မျက်လုံးအမူအရာကို သတိထားလိုက်မိသည်။

"အဲဒီတော့... နောက်ဆုံး အခြေအနေတွေကို ကျွန်တော် ရှင်းပြပါ့မယ်" ဝီလျံက ပြောသည်။

"ဟုတ်ကဲ့... ကောင်းပါတယ်"

"မစ္စတာ လီရှိုင်းဟာ အချိန်မတန်သေးဘဲနဲ့ ဝမ်းနည်းစရာ ရုတ်တရက် သေဆုံးသွားတာကြောင့်"

"အဲဒီလို ဖြစ်ရတာ မင်းကြောင့်ပဲ မင်းကြောင့်ဘဲ" ဟု အေဘယ်က တွေးလိုက်မိသည်။

ဝီလျံက စကားပြန်ဆက်သည်။

"ဒီဟိုတယ်တွေကို လောလောဆယ် အုပ်ချုပ်နေတဲ့ ခင်ဗျားအပေါ်မှာ လုံးဝ တာဝန်ရောက်လာခဲ့ရတယ်၊ အဲဒီတော့ ဒီဟိုတယ်တွေကို ဝယ်မယ့်သူ အမြန်ဆုံးရအောင်ရှာဖို့ တာဝန်ဟာလဲ ခင်ဗျားအပေါ်မှာပဲ ရောက်ရှိလာတယ်၊ ခင်ဗျားက ဟိုတယ်အားလုံးရဲ့ ရာနှုန်းပြည့် ရှယ်ယာတွေကို ပိုင်ထားပေမယ့် မစ္စတာလီရှိုင်းက ကျွန်တော်တို့ဆီက ငွေချေးခဲ့တုန်းက ဒီဟိုတယ်တွေကို အပေါင်ပစ္စည်းအဖြစ် ထားပစ်ခဲ့တဲ့အတွက် အခုဆိုရင် ဒီဟိုတယ်အားလုံးဟာ ကျွန်တော်တို့လက်ထဲရောက်နေပါပြီ။

"သဘောကတော့ အဲဒီအတွက်ကြောင့် ခင်ဗျားမှာ ဘာတာဝန်မှမရှိတော့ဘူး၊ ခင်ဗျားနဲ့ ဘာမှမဆိုင်တော့ဘူး၊ အဲဒီတော့ ခင်ဗျားအနေနဲ့ ဒီလုပ်ငန်းက အပြီးအပိုင် ထွက်သွားချင်တယ်ဆိုရင်လဲ လွတ်လွတ်လပ်လပ် ထွက်သွားနိုင်ပါပြီ"

သည်စကားကို စော်ကားသည့် စကားဟု အေဘယ်က ယူဆလိုက်သည်။ သို့သော် သူက နားထောင်မြဲ နားထောင်နေသည်။

"ကျွန်တော်တို့ဆီက ချေးထားတဲ့ ငွေနှစ်သန်းကို မပေးဆပ်နိုင်သေးသမျှ ကာလပတ်လုံး မစ္စတာလီရှိုင်းပိုင်တဲ့ ပစ္စည်းတွေဟာ ကျွန်တော်တို့လက်ထဲမှာပဲ ရှိနေပါလိမ့်မယ်၊ ဒီလုပ်ငန်းမှာ ခင်ဗျားအနေနဲ့ ကြိုးစားလုပ်ကိုင်ခဲ့တာတွေကိုတော့ ကျွန်တော်တို့ကလဲ မမေ့ပါဘူး၊ လေးလေးစားစား အသိအမှတ်ပြုပါတယ်၊ အဲဒီတော့ လိုရင်းကို ပြောရရင် ကျွန်တော်တို့က မစ္စတာလီရှိုင်းရဲ့ လုပ်ငန်းနဲ့ ပစ္စည်းတွေကို မသိမ်းခင် ခင်ဗျားအနေနဲ့ အဲဒီပစ္စည်းတွေကို ဝယ်မည့်လူရအောင် အမြန်ဆုံး ရှာဖို့ပါပဲ"

"ဝယ်သူရအောင် ကျွန်တော်ရှာပါ့မယ်၊ အချိန်ဘယ်လောက် ပေးနိုင်ပါ့မလဲ"

ဝီလျံက အေဘယ်ကို စိုက်ကြည့်နေသည်။ အေဘယ်၏လက်မှ ငွေလက်ကောက်ကွင်းဆီသို့ ရုတ်တရက် မျက်လုံးရောက်သွားသည်။ ထိုလက်ကောက်ကို တစ်ချိန်တုန်းက တစ်နေရာတွင် သူမြင်ခဲ့ဖူးသည်။ သို့သော် ဘယ်နေရာမှာ မှန်းတော့ စဉ်းစား၍မရတော့။

"ရက် ၃၀ ပေးပါ့မယ်၊ အဲဒီတော့ ဒီရက်အတွင်း အမြန်ဆုံးရအောင် လုပ်စေချင်ပါတယ်၊

နို့မဟုတ်ရင် ဘဏ်တိုက်အနေနဲ့ ရှုံးသထက် ရှုံးနေလိမ့်မယ်၊ ရီကာဂိုဟိုတယ်တစ်ခုသာ အရှုံးမပေါ်တာ၊ တခြားဟိုတယ်ဆယ်ခုက နေ့တိုင်း အရှုံးပေါ်နေတယ်၊ ဒါကြောင့် အရှုံးနည်းအောင် မြန်နိုင်သမျှ မြန်စေချင်တဲ့ သဘောပါ"

"ခင်ဗျားအနေနဲ့ ကျွန်တော့်ကို အချိန်လဲပေးမယ်၊ အကူအညီလဲ ပေးမယ်ဆိုရင် ဒီဟိုတယ်တွေ အမြတ်ထွက်လာအောင် ကျွန်တော် လုပ်နိုင်ပါတယ် မစ္စတာကိန်း၊ အဲဒီတော့ ဖြစ်နိုင်ရင် ကျွန်တော့်ကို ကူညီစေချင်ပါတယ် ခင်ဗျား"

နောက်ဆုံးစကားကို သုံးလိုက်သည့်အတွက် အေဘယ်က သူ့ကိုယ်သူ လိပ်ပြာမလုံချင်သလို ဖြစ်သွားမိသည်။

"မနှစ်တုန်းက မစ္စတာလီရှိုင်း ကျွန်တော်တို့ဆီ ရောက်လာတုန်းကလဲ ဒီစကားမျိုးပဲ ပြောသွားခဲ့တယ်၊ ခင်ဗျား အသိပါပဲ မစ္စတာရို့စ်နော့စကီး၊ အခုအချိန်က စီးပွားရေးလုပ်ငန်းတိုင်း ဘေးကျပ်နံကျပ်တွေ့နေရတဲ့ ကာလပါ၊ အဲဒီတော့ ဟိုတယ်လုပ်ငန်းလဲ ကောင်းလာနိုင်စရာမရှိပါဘူး၊ ကျွန်တော်တို့ ဘဏ်သမားတွေလဲ ထိုနည်းဋင်းပါပဲ"

အေဘယ် စိတ်တိုချင်လာပြီ။ သို့သော် သူက စိတ်ကိုထိန်းပြီး ပြန်ပြောသည်။

"ဟိုတယ်လုပ်ငန်း ဖျက်ပစ်လိုက်ရင် အမှုထမ်းတွေအတွက် ပိုဆိုးသွားပါလိမ့်မယ်၊ သူ့ခမျာတွေ ဘယ်သွားပြီး ဘာလုပ်ကြရတော့မှာလဲ"

"အဲဒါတော့ ကျွန်တော်တို့နဲ့ မဆိုင်ပါဘူး၊ ကျွန်တော်တို့က ကိုယ်လုပ်ငန်းရဲ့ အကျိုးစီးပွားကိုပဲ အဓိကကြည့်ရမှာပဲ"

"ကိုယ်လုပ်ငန်းရဲ့ အကျိုးစီးပွားဆိုတာက ခင်ဗျားတစ်ယောက်တည်းရဲ့ အကျိုးစီးပွားကို ဆိုလိုတာပါလား မစ္စတာကိန်း"

ဝီလျံ မျက်နှာပျက်သွားသည်။

"ဒါကတော့ ခင်ဗျား မတရားပြောတဲ့ စကားပဲ၊ ခင်ဗျား လုပ်ရပ်ကို ကျွန်တော် နားမလည်ရင် ကျွန်တော်ကတော့ 'ဗရိုး ဆောရီးပဲ' မစ္စတာ ရို့စ်နော့စကီး"

"ခင်ဗျားက မစ္စတာ လီရှိုင်းကို နားမလည်ခဲ့တာမှ ပိုပြီးဆိုးတာပါ၊ ခင်ဗျား သူ့ကို နားလည်ဖို့ကောင်းတယ်၊ ခုတော့ ခင်ဗျားက သူ့ကို နားမလည်လို့ သူ့ကိုသတ်ပစ်လိုက်ပြီ၊ ပြတင်းပေါက်က ခင်ဗျားကိုယ်တိုင် တွန်းချလိုက်တာနဲ့ ဘာမှမထူးဘူး၊ ခင်ဗျားတို့က ဘယ်သူ သေသေ ငတေမာရင် ပြီးရော ဆိုတဲ့ ဝါဒကို အသေစွဲကိုင်ပြီး ကိုယ်ကျိုးပဲ ရှာနေကြတယ်"

ဝီလျံလည်း ဒေါသထွက်လာပြီ။ သို့သော် သူက အေဘယ်နှင့်မတူ။ သူ့ဒေါသကို အပြင်သို့ ထုတ်မပြ။

"ဒီအတိုင်းဆိုရင်တော့ ကျွန်တော်တို့ ဆွေးနွေးပွဲ ဘာမှ အဓိပ္ပာယ်ရှိမှာမဟုတ်ဘူးလား မစ္စတာ ရို့စ်နော့စကီး၊ အဲဒီတော့ ကျွန်တော် တိုတိုနဲ့ ရှင်းရှင်းပဲ ပြောပါရစေ၊ ရက် ၃၀ အတွင်း ဝယ်သူရအောင် ရှာပါ၊ မရရင်တော့ ဟိုတယ်အားလုံးကို လေလံတင်ပြီး ရောင်းပစ်ရပါလိမ့်မယ်"

"အဲဒီလို လုပ်မည့်အစား ကျွန်တော် ငွေချေးလို့ ရနိုင်မယ့် ဘဏ်တစ်ခုခုကို ခင်ဗျားက အကြံပေးရင်ပိုမကောင်းဘူးလား" အေဘယ်က သရော်စကားပြောလိုက်သည်။ "ကျွန်တော့်

အကြောင်း ခင်ဗျား အားလုံးသိပါတယ်၊ ဒါပေမယ့် ခင်ဗျားက ကျွန်တော့်ကို မကူညီဘူး၊ အဲဒီတော့ အခု ကျွန်တော် ဘာလုပ်ရတော့မှာလဲ၊ ဘယ်သူ့ဆီသွားပြီး ခြေထောက်ဖက်ရတော့မှာလဲ၊ ပေးပါဦးဗျ၊ အကြံကောင်း ဉာဏ်ကောင်းကလေး၊ ခင်ဗျားဟာ ဟားဗတ်တက္ကသိုလ်ထွက်ဆိုတော့ ဒီလောက်တော့ တော်မှာပေါ့"

"ကျွန်တော့်ကို သရော်နေစရာမလိုပါဘူး မစ္စတာ ရိုစ်နော့စကီး၊ ခင်ဗျားလဲ အစွမ်းအစရှိတဲ့ လူပဲ၊ ကိုလံဘီယာတက္ကသိုလ်ထွက် ဘောဂဗေဒပညာရှင်တစ်ယောက်ပဲ၊ ကိုယ့်အစွမ်းနဲ့ကိုယ်သာ လုပ်စမ်းပါ၊ ကျွန်တော် အကြံမပေးနိုင်တာ စိတ်မရှိပါနဲ့၊ ကျွန်တော် အခု ပြောနေတာက ဘဏ်အုပ်ချုပ်ရေး အဖွဲ့ကြီးရဲ့ အမိန့်အရပြောနေတာပါ၊ အဲဒီတော့ ဖေဖော်ဝါရီလ ၄ ရက်နေ့ထက် နောက်မကျစေဘဲ ခင်ဗျားက ကျွန်တော်နဲ့ ပြန်ဆက်သွယ်စေချင်တယ်၊ ကဲ ကံကောင်းနိုင်ပါစေ၊ မစ္စတာ ရို့စ်နော့စကီး"

ဝီလျံက ကုလားထိုင်မှ ထရပ်လိုက်သည်။ ပြီးတော့ လက်ကို ကမ်းပေးသည်။ အေဘယ်က ဝီလျံ၏ လက်ကို လှမ်းမကိုင်ဘဲ ထိုင်ရာမှ ဆတ်ကနဲ ထပြီး တံခါးဘက်သို့ လျှောက်လာခဲ့သည်။ ပြီးတော့ တံခါးရှေ့တွင်ရပ်ကာ ဝီလျံဘက်သို့ လှည့်၍ ပြောလိုက်သည်။

"ကျွန်တော်တို့ ဖုန်းဆက်စကားပြောပြီးတော့ ခင်ဗျားအနေနဲ့ ကျွန်တော့်ကို တစ်နည်းတစ်လမ်းက အကူအညီပေးလိမ့်မယ်လို့ ကျွန်တော်ထင်ခဲ့တယ် မစ္စတာကိန်း၊ ကျွန်တော့်အထင်မှားသွားတယ်၊ ခင်ဗျားက ကျွန်တော်ထင်ထားတာနဲ့ တခြားစီပဲ၊ အလကားလူတစ်ယောက်ပဲ၊ ဒီတော့ ဒီနေ့ည အိပ်ရာဝင်တော့ နဖူးပေါ်လက်တင်ပြီး ကျွန်တော် ပြောခဲ့တာတွေ ပြန်စဉ်းစားကြည့်ပါ၊ မနက်မိုးလင်းတော့လဲ ပြန်ပြီးစဉ်းစားပါဦး၊ ဒီစကား ဘာဖြစ်လို့ ပြောရသလဲဆိုတော့ ခင်ဗျားနဲ့ပတ်သက်ပြီး ဘယ်လိုလုပ်ရမလဲဆိုတာကို ကျွန်တော့်အနေနဲ့ တစ်သက်လုံး စဉ်းစားနေမှာမို့လို့ပဲ၊ ကဲ သွားပြီဗျာ၊ တစ်နေ့တော့ တွေ့ကြသေးတာပေါ့"

ဝီလျံက ပိတ်သွားသော တံခါးရှေ့တွင် မျက်မှောင်ကြီးကြုတ်ပြီး ရပ်နေမိသည်း

ဒီလူ့လက်က ငွေလက်ကောက် ငါမြင်ဖူးပါတယ်၊ ဘယ်မှာ မြင်ဖူးတာပါလိမ့်။

သူ၏ အတွင်းရေးမှူး စာရေးမ ဝင်လာသည်။

"လူပုံက သေးသေးညှက်ညှက်နဲ့ တော်တော်ကြောက်စရာကောင်းတဲ့လူနဲ့ပါလား မစ္စတာကိန်း"

"သူပြောတာလဲ မမှားပါဘူး၊ သူက မစ္စတာလီရှိုင်းဟာ ကျွန်တော်တို့ စနက်ကြောင့် သေရတာလို့ ယုံကြည်နေတယ်၊ ပြီးတော့ ကျွန်တော်တို့က အမှုထမ်းပြဿနာကို လုံးဝမကြည့်ဘဲ ဟိုတယ်တွေ ရောင်းပစ်မယ်ဆိုတာကိုလဲ သူက လုံးဝမကျေနပ်ဘူး၊ အမှန်ကတော့ မစ္စတာရို့စ်နော့စကီးဟာ လူတော်လူကောင်းတစ်ယောက်ပါ၊ အဲဒီအချက်ကို ကျွန်တော်တို့ ဘုတ်အဖွဲ့ဝင်တွေက ထည့်မတွက်ဘဲ အခုလို ရက်ရက်စက်စက်လုပ်လိုက်မိတာကိုတော့ ကျွန်တော့်အနေနဲ့ တော်တော်လဲ စိတ်မကောင်းပါဘူး" သူက အတွင်းရေးမှူး စာရေးမမျက်နှာကို မော့်ကြည့်လိုက်ပြီး "ကဲ ကျွန်တော့်ကို မစ္စတာကိုဟင်ဆီ ဆက်ပေးစမ်းဗျာ"

## (၁၈)

အေဘယ်သည် နောက်တစ်နေ့မနက်တွင် ရှီကာဂိုသို့ ပြန်ရောက်လာသည့်တိုင်အောင် သူ့အား ဝီလျံကိန်းက ဆက်ဆံလိုက်ပုံကို တွေးပြီး ဒေါသထွက်နေတုန်းပင်ဖြစ်သည်။ သူသည် တက္ကစီကားတစ်စီးကို လှမ်းခေါ်ပြီး နောက်ခန်းတွင် ဝင်ထိုင်လိုက်သည်။

"ရစ်ချ်မွန့်ဟိုတယ်ကိုမောင်း"

"ဒါနဲ့ခင်ဗျားက သတင်းစာတိုက်ကလား" ဒရိုင်ဘာက ကားကို စတိတ်လမ်းမကြီးဘက်သို့ မောင်းထွက်လာရင်း မေးသည်။

"မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဗျ"

"သြော်... ခင်ဗျားက 'ရစ်ချ်မွန့်ဟိုတယ်' သွားမယ်ဆိုလို့ပါ၊ အခုဆိုရင် အဲဒီမှာ ရှိသမျှ သတင်းထောက်တွေအားလုံး ရောက်နေကြပြီဗျ"

ရစ်ချ်မွန့်ဟိုတယ်သို့ သတင်းထောက်တွေ လာစရာအကြောင်းမရှိပါလားဟု အေဘယ်က တွေးလိုက်မိသည်။ ဒရိုင်ဘာက ဆက်ပြောသည်။

"ခင်ဗျား သတင်းထောက်မဟုတ်ရင် အဲဒီသွားမနေနဲ့တော့၊ တခြားဟိုတယ်တစ်ခုသာ သွားပါတော့"

"ဘာဖြစ်လို့လဲ" အေဘယ်က ကမန်းကတန်း ပြန်မေးလိုက်သည်။

"အဲဒီမှာ သွားတည်းရင် ခင်ဗျား တစ်ရေးမှ အိပ်ပျော်မှာ မဟုတ်ဘူး၊ ဟဲ...ဟဲ၊ ရစ်ချ်မွန့်ဟိုတယ်က မီးလောင်လို့ ပြာပုံဘဝရောက်သွားပြီဗျ"

တက္ကစီကားသည် လမ်းကွေ့ကို ပတ်ဝင်လိုက်သည်။ ရစ်ချ်မွန့်ဟိုတယ် မီးလောင်ပြင်ကို အေဘယ်မြင်ရပြီ။ လမ်းပေါ်တွင် ရဲကားများ၊ မီးသတ်ကားများ၊ မီးလောင်ထားသော သစ်တိုသစ်များ၊ ရေစီးကြောင်းများနှင့် ပြည့်နေသည်။

အေဘယ်က တက္ကစီပေါ်မှဆင်းပြီး မီးလောင်ပြင်ကြီးကို စိုက်ကြည့်နေသည်။ ဒေးဗစ် လီရှိုင်း၏ အကောင်းဆုံးဟိုတယ်ကြီး ပြာပုံဘဝ ရောက်သွားခဲ့ပြီ။ လီရှိုင်း ကိုယ်တိုင်လည်း အသေဆိုးနှင့် သေဆုံးသွားခဲ့ပြီ။

"နင်လားဟဲ့ လောကခံ၊ ပိုလန်သားတဲ့ကွ" သူသည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အားတင်းလိုက်သည်။ သူ့ရင်ထဲတွင် ဘယ်လိုမှ မခံစားရ၊ ခံစားချက်လည်း ဘာမှမရှိတော့။

လမ်းပေါ်တွင် ရပ်ကာ အံတကြိတ်ကြိတ်လုပ်နေသော အေဘယ်ကိုမြင်တော့ လက်ထောက်မန်နေဂျာက ပြေးလာသည်။ အေဘယ်က စိတ်ငြိမ်အောင် ထိန်းလိုက်သည်။

"အမှုထမ်းတွေနဲ့ ဧည့်သည်တွေအားလုံး အန္တရာယ်ကင်းကြရဲ့လား"

"ဟုတ်ကဲ့... ဘာမှ မဖြစ်သလောက်ပါပဲ၊ ဘုရားသခင် ကျေးဇူးပါပဲ၊ ဧည့်သည်ကလဲ မရှိသလောက်ဆိုတော့ ဘာမှ ပြဿနာမရှိပါဘူး၊ တစ်ယောက် နှစ်ယောက်လောက်ပဲ နည်းနည်းပါးပါး မီးဟပ်သွားတာရှိပါတယ်၊ အခု သူတို့ကို ဆေးရုံပို့လိုက်ပါပြီ၊ ဘာမှ စိုးရိမ်စရာမရှိပါဘူး"

"တော်ပါသေးရဲ့၊ တစ်မျိုးတော့ စိတ်အေးသွားရတာပေါ့၊ ဒါနဲ့ ဟိုတယ်က မီးအာမခံထားတာဗျ၊ ဟုတ်ပြီ၊ အနည်းဆုံး တစ်သန်းလောက်တော့ ရမှာပဲ၊ အရှုံးထဲက အမြတ်ပဲဆိုပါတော့"

"နောက်ဆုံး စက်ရပ်သတင်းအရဆိုရင်တော့ အာမခံငွေရဖို့ မလွယ်ပါဘူး"

"ဘာ ခင်ဗျား ဘာကို ဆိုလိုတာလဲ"

"သတင်းစာသာ ဖတ်ကြည့်ပါတော့"

အေဘယ်သည် သတင်းစာဆိုင်သို့ လျှောက်သွားပြီး 'ရှီကာဂိုထရီးဗျွန်း' တစ်စောင် ဝယ်ယူလိုက်သည်။

**ရစ်ချ်မွန့်ဟိုတယ် ပြာကျသွားပြီ၊ မီးရှို့မှုဖြစ်နိုင်သည်ဆိုခြင်း** ဟူသော ခေါင်းစီးစာလုံးများက သူ့ကို ပြူးကြည့်နှုတ်ဆက်နေကြသည်။

အေဘယ်က ဦးခေါင်းကို ခါယမ်းလိုက်သည်။ ပြီးတော့ သတင်းခေါင်းစီးစာတန်းကို ပြန်ဖတ်နေမိသည်။

လက်ထောက်မန်နေဂျာဆီသို့ ပြန်လျှောက်လာပြီး...

"ရဲဘက်က တာဝန်ခံက ဘယ်သူလဲ"

"ဟိုမှာ ကားနားမှာရပ်နေတဲ့ ရဲမှူးပဲ၊ သူ့နာမည်က အိုမာလီတဲ့"

လက်ထောက်မန်နေဂျာက အရပ်ရှည်ရှည် ထိပ်ပြောင်ပြောင်နှင့် ရဲအရာရှိတစ်ဦးကို လက်ညှိုးထိုးပြသည်။

"အဲဒီတော့ အမှုထမ်းတွေ အားလုံးကိုနောက်ဘက်က အဆောင်မှာပဲ စုထားပါ၊ မနက်ဖြန် ၁၀ နာရီကျတော့ သူတို့နဲ့ ကျွန်တော် တွေ့မယ်၊ ဒီကြားထဲ ကျွန်တော့်ကို တွေ့ချင်ရင် 'စတီဗင်' ဟိုတယ်ကို ဆက်သွယ်ပါ၊ ဒီကိစ္စတွေ ရှင်းသွားတဲ့အထိ ကျွန်တော် အဲဒီမှာပဲ တည်းနေမယ်"

"ကောင်းပါပြီ"

အေဘာယ်သည် ရဲအရာရှိထံသို့လျှောက်သွားပြီး သူ့ကိုယ်သူ မိတ်ဆက်သည်။ ရဲအရာရှိက အေဘာယ်နှင့် လက်ဆွဲနှုတ်ဆက်သည်။

"အား... မန်နေဂျာကြီး ဘယ်ပျောက်ချက်သားကောင်းနေတာပါလိမ့်၊ ပြန်လာတော့ ဟိုတယ်ကြီးကို ပြာပုံပဲ မြင်ရတော့တယ်မဟုတ်လား ဟဲဟဲ"

"ဒီကိစ္စက ရယ်စရာမဟုတ်ဘူး ခင်ဗျာ"

"အေးဗျာ၊ ဆောရီးပဲ၊ ရယ်စရာတော့ မဟုတ်ပါဘူး၊ ညတာကလဲ တော်တော်ရှည်တာကိုးဗျ၊ အဲဒါကြောင့် ဒီလောက်ထိ ပျက်စီးသွားရတာပေါ့၊ လာပါဗျာ တစ်ခုခု သွားသောက်ကြရအောင်"

ရဲအရာရှိက အေဘာယ်၏ လက်မောင်းကို ဆုပ်ကိုင်လျက် မီရှီဂန်ရိပ်သာလမ်းကို ဖြတ်လျှောက်ကာ လမ်းထောင့်မှ ကဖေးဆိုင်သို့ လာခဲ့ကြသည်။ ရဲအရာရှိ အိုမာလီက 'မစ်လ်ခ်ရှိတ်' နှစ်ခွက်မှာလိုက်သည်။

"ကိုင်း... ခင်ဗျားပြဿနာကို စဉ်းစားကြည့်ရအောင် မစ္စတာ ရို့စနော့စကီး၊ ကျုပ်အထင်တော့ ခင်ဗျားဟိုတယ် မီးအာမခံရဖို့ မလွယ်ဘူးထင်တယ်ဗျ၊ မီးလောင်မှုပါရဂူတွေက သေသေချာချာ စစ်ဆေးကြည့်တော့ ဓာတ်ဆီလောင်းထားတဲ့နေရာတွေ့ရတယ်၊ အောက်ခြေပတ်ပတ်လည်မှာ သဲလွန်စတွေ အများကြီးတွေ့ရတယ်၊ အဲဒါကြောင့်လဲ မီးခြစ်ဆံတစ်ချောင်း ညှိလိုက်ရုံနဲ့ အဆောက်အအုံကြီးတစ်ခုလုံး ပြာပုံဘဝ ရောက်သွားရတာပေါ့"

"ဒီအမှုအတွက် ဘယ်သူ့မှာ တာဝန်ရှိတယ်လို့ ထင်ပါသလဲ" အေဘာယ်က မေးသည်။

"အဲဒီမေးခွန်း ကျုပ်ကပဲ ပြန်မေးပါရစေ၊ ခင်ဗျားကို ပုဂ္ဂိုလ်ရေးအရဖြစ်ဖြစ်၊ ဟိုတယ်လုပ်ငန်းတစ်ခုလုံးကိုဖြစ်ဖြစ်၊ မနာလိုဖြစ်နေတဲ့လူ ရှိသလား"

"မနာလိုတဲ့လူကတော့ ၅၀ လောက်တောင် ရှိပါတယ် ခင်ဗျာ၊ ကျွန်တော် ဟိုတယ်ကို မရောက်စက မလိုအပ်လို့ ဖြုတ်ပစ်လိုက်တဲ့လူတွေပါ၊ လိုအပ်မယ်ဆိုရင် ကျွန်တော် နာမည်စာရင်း ရေးပေးပါ့မယ်"

"ကောင်းပါတယ်၊ လိုအပ်တဲ့အခါ တောင်းပါ့မယ်၊ ဒီကြားထဲ သတင်းတစ်စွန်းတစ်စ ရရင်လဲ ကျုပ်ကို အကြောင်းကြားပါ၊ ခင်ဗျားမှာက ရန်သူတွေရှိနေတယ် မစ္စတာ ရို့စနော့စကီး၊ အဲဒါတော့ သတိဝီရိယနဲ့နေပါ၊ စောစောက လူအုပ်ထဲက လူတစ်ယောက်အပြောကတော့ ဒါဟာ ခင်ဗျား လက်ချက်ပဲတဲ့၊ ခင်ဗျားက စီးပွားပျက်ပြီး မီးအာမခံငွေလိုချင်လို့ လုပ်တာလို့ ပြောနေတယ်"

အေဘာယ်က ကုလားထိုင်မှ ခုန်ထလိုက်မိသည်အထိ ဖြစ်သွားသည်။

"စိတ်ကို အေးအေးထားပါ၊ အေးအေးထားပါ၊ မနေ့က ခင်ဗျား ဘော့စတွန်ရောက်နေပြီး ဒီနေ့မနက်မှ ပြန်ရောက်လာတယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ဒီဟိုတယ်လုပ်ငန်းဟာ ခင်ဗျား

ကြောင့်ပဲ တိုးတက်လာကဲ့တာပါ၊ အဲဒါကို ခင်ဗျားက ဘယ့်နှယ်လုပ်ပြီး မိးရှိ့မှာလဲ၊ ဒါပေမယ့် တစ်ယောက်ယောက်ရှိတာတော့ အမှန်ပဲ၊ အဲဒီလူကို တွေ့အောင်ရှာရမယ်၊ မပူပါနဲ့ တွေ့မှာပါ၊ အဲဒီတော့… လောလောဆယ် ကျုပ်က အဲဒီကိစ္စကိုပဲ ဖိလိုက် လိုက်ပါ့မယ်"

ရဲအရာရှိက စားပွဲထိုးမကလေးအား ပိုက်ဆံရှင်းပေးသည်။

"အကြွေကို ယူလိုက်ပါ၊ ပြန်မပေးနဲ့တော့"

"ကျေးဇူးတင်ပါတယ်ရှင်"

ထို့နောက် နှစ်ယောက်သား ပြန်ထွက်လာကြသည်။ တံခါးဝအရောက်တွင် ရဲအရာရှိက ဆက်ပြောပြန်သည်။

"ဒါနဲ့ အာမခံကုမ္ပဏီကလူတွေ ခင်ဗျားကို လိုက်ရှာနေကြတယ်၊ အဆင်ပြေအောင် ကြည့်ပြောပေါ့ဗျာ၊ သူတို့ကတော့ ဒီကိစ္စမှာ ခင်ဗျားလဲ ပါတယ်ထင်မှာပဲ၊ ထင်ပါစေ၊ ဘာတတ်နိုင်မှာလဲ၊ ကဲ… နောက်မှ ပြန်တွေ့ကြတာပေါ့၊ အကြောင်းထူးရင် ကျုပ်ဆီ ဆက်သွယ်ဖို့ မမေ့ပါနဲ့"

"ဟုတ်ကဲ့ စိတ်ချပါ၊ ကျေးဇူးတင်ပါတယ်"

ရဲအရာရှိ လူအုပ်ထဲ ပြန်ဝင်သွားသည်။ အေဘယ်က စတီဖင်ဟိုတယ်သို့ လမ်းလျှောက်လာခဲ့ပြီး ထိုညအတွက် 'ဘွတ်ကင်' လုပ်လိုက်သည်။ မှတ်ပုံတင်စာရေးက အေဘယ်အား သရော်ပြုံးနှင့်ကြည့်သည်။

အခန်းထဲရောက်တော့ မစ္စတာဝီလျံကိန်းထံသို့ စာတစ်စောင်ရေးသည်။ ရှီကာဂိုဟိုတယ် ရုတ်တရက် မီးလောင်ခံရကြောင်းကို သူသိရသမျှ အချက်အလက်အပြည့်အစုံ ထည့်ရေးသည်။ ထို့ပြင် အခြား ရစ်ချ်မွန့်ဟိုတယ်များ၏ လုံခြုံရေးအတွက်လည်း သူ့အနေဖြင့် ခရီးထွက်၍ လှည့်လည်ကြည့်ချင်ကြောင်း ဖော်ပြလိုက်သည်။

နောက်တစ်နေ့မနက်ကျတော့ အေဘယ်သည် နံနက်စာစားပြီးနောက် မစ္စတာ ကာတစ်ဖင်တန်နှင့်တွေ့ရန် ကွန်တီနင်တယ်ဘဏ်တိုက်သို့ လမ်းလျှောက်လာခဲ့သည်။

မစ္စတာဖင်တန်ဆီရောက်တော့ ဝီလျံကိန်း၏ သဘောထားကို ပြောပြသည်။ ပြီးတော့ သူက သိပ်ပြီး မျှော်လင့်ချက်မရှိသော်လည်း ဖြစ်နိုင်လျှင် ရစ်ချ်မွန့်ဟိုတယ်လုပ်ငန်းအားလုံးကို ဒေါ်လာနှစ်သန်းနှင့် ရောင်းလိုကြောင်းကိုလည်း ပြောပြလိုက်သည်။

"မီးလောင်မှုဖြစ်သွားတာ တော်တော်ဆိုးသွားတယ်ဗျ၊ ဒါပေမယ့် ကျုပ်တို့ဘဏ်က ဘာလုပ်ပေးနိုင်မလဲဆိုတာ ကြည့်ပါဦးမယ်၊ မစ္စအေမီလီရှိုင်းဆီက ရှယ်ယာ ၂၅ ရာခိုင်နှုန်းကို ခင်ဗျား ဝယ်ယူခဲ့တုန်းက ဒီလုပ်ငန်းက တစ်နေ့ တိုးတက်လာနိုင်တယ်လို့ ကျုပ်ပြောခဲ့တာ ခင်ဗျား မှတ်မိဦးမှာပေါ့၊ အခုလို စီးပွားရေးကျလာပြီးတဲ့နောက်မှာလဲ ကျုပ်ခံယူချက်က မပြောင်းလဲသေးပါဘူး၊ ခင်ဗျား ဦးဆောင်ပြီး နှစ်,နှစ်တိတိ ကြိုးစားပမ်းစားလုပ်နေတာကို ကျုပ် စောင့်ကြည့်နေခဲ့တယ်၊ ဒီကိစ္စကို ကျုပ်ကို တာဝန်ပေးရင် ခင်ဗျားကို ကျုပ် ကူညီပါ့မယ်၊ ဒါပေမယ့် ကျုပ်တို့ဘဏ်ကတော့ ရစ်ချ်မွန့်ဟိုတယ် လုပ်ငန်းကို ဘယ်တော့မှ အကူအညီပေး

မှာ မဟုတ်ဘူး၊ သို့သော် မပူပါနဲ့၊ ကျုပ်မှာ တခြား အဆက်အသွယ်တွေ ရှိပါတယ်"

"အများကြီး ကျေးဇူးတင်ပါတယ် မစ္စတာ ဖင်တန်"

ထို့နောက် မစ္စတာဖင်တန်၏ ရုံးခန်းမှ ပြန်ထွက်လာခဲ့ပြီး ငွေထုတ်ကောင်တာသို့သွားကာ ဟိုတယ် စာရင်းမှ ဒေါ်လာ ငါးထောင်ထုတ်ယူသည်။

ထိုနေ့ နံနက်ပိုင်းတစ်ချိန်လုံးကို ရစ်ချ်မွန့်ဟိုတယ် နောက်ဆက်တွဲအဆောင်တွင်ပင် ကုန်လွန်စေသည်။ ဟိုတယ်အမှုထမ်းများအား နှစ်ပတ်အတွက် လုပ်ခထုတ်ပေးပြီး နောက်ဆက်တွဲ အဆောင်တွင် တစ်လ နေထိုင်ခွင့်ပြုသည်။ ထိုရက်အတွင်း အလုပ်ရှာကြရန်လည်း ပြောသည်။

ထို့နောက် စတီဖင်ဟိုတယ်သို့ပြန်လာပြီး တခြား ရစ်ချ်မွန့်ဟိုတယ်များအား စစ်ဆေးဖို့ ခရီးထွက်ရန် အဝတ်အစားများ ထုပ်ပိုးသည်။

ထို့နောက်တော့ သူ့ကားကလေးဖြင့် စိန့်လူးဝစ်မြို့ရှိ ရစ်ချ်မွန့်ဟိုတယ်သို့ စတင် ထွက်ခွာလာခဲ့သည်။

သူ၏ ဟိုတယ်များ စစ်ဆေးရေးခရီးသည် တစ်လနီးပါးကြာသည်။ ဟိုတယ်များမှာ အရှုံးနှင့် ရင်ဆိုင်နေရသော်လည်း အခြေအနေကတော့ အဆိုးကြီးဟု မဆိုသာ။ ဟိုတယ်အားလုံးသည် အချက်အချာနေရာကောင်းတွင် ရှိကြသည်။ တချို့ဟိုတယ်များမှာ တစ်မြို့လုံးတွင် အကောင်းဆုံး နေရာတွင်ရှိကြသည်။ ဟိုတယ်လုပ်ငန်းကို စတင်တည်ထောင်ခဲ့သော မစ္စတာ လီရှိုင်း၏ ဖခင်ကြီးသည် သားထက်တော်လိမ့်မည်ဟု အေဘာယ်က တွေးမိလေသည်။

အေဘာယ်သည် ဟိုတယ်တိုင်း၏ မီးအာမခံစာချုပ်များကို စစ်ဆေးကြည့်ရှုသည်။ အားလုံးပင် ပရီမီယံကြေး မှန်မှန်းသွင်းနေကြသည်ကို တွေ့ရသည်။

နောက်ဆုံး ဒါးလက်မြို့သို့ ရောက်လာသောအခါ သူက အချက်တစ်ချက်ကို တွေးမိသည်။ သည် ဟိုတယ်အားလုံးကို ဒေါ်လာနှစ်သန်းဖြင့် ဝယ်သူသည် အချောင်ပွဲသူပင်ဖြစ်ရမည်ဟု သူကတွေးမိသည်။ အကယ်၍ သူသာ ဝယ်လိုက်နိုင်လျှင်တော့ သိပ်ကောင်းမှာပဲဟုလည်း တွေးမိသည်။

ရှီကာဂိုသို့ ပြန်ရောက်တော့ စတီဖင်ဟိုတယ်မှာပင် တည်းသည်။ သူ့အတွက် စာတွေ တစ်ပုံကြီး ရောက်နေသည်။ ရဲမှူး အိုမာလီ၊ ဝီလျံကိန်း၊ ကာတစ်ဖင်တန်နှင့် မစ္စတာဟင်နရီအော့စဘွန်းဆိုသူ အားလုံးက သူ့ကို တွေ့ချင်နေကြသည်။

ပထမဆုံး ရဲမှူး အိုမာလီထံ ဖုန်းဆက်ပြီး မစ်ရှီဂန်ရိပ်သာလမ်းထဲမှ ကဖေးဆိုင်တွင် တွေ့ရန် ချိန်းလိုက်သည်။

သူသည် ကုလားထိုင်ပေါ်တွင် ထိုင်နေရင်းမှ ရစ်ချ်မွန့်ဟိုတယ် မီးလောင်ပြင်ကြီးကို ငေးကြည့်နေသည်။

ရဲမှူး အိုမာလီသည် အနည်းငယ် နောက်ကျပြီး ရောက်လာသည်။ သူက အေဘာယ်၏ဘေးမှ ကုလားထိုင်တွင် ဝင်ထိုင်သည်။

"ကျွန်တော့်ကို ဘာအတွက် တွေ့ချင်တာလဲ" အေဘယ်က စားပွဲထိုးမိန်းကလေးအား 'မစ်လ်ခ်ရှိတ်' နှစ်ခွက်လှမ်းမှာလိုက်ပြီးနောက် အိုမာလီအားမေးသည်။ 'ဘာတွေများ ထပ်တွေ့ရသေးသလဲ"

"မီးသတ်ဌာနကလူတွေ ပြောတာ မှန်သဗျ၊ မီးရှို့မှု အစစ်ပဲ၊ ကျုပ်တို့က ဒက်စမွန်ပါစီဆိုတဲ့ အဘိုးကြီးကို ဖမ်းထားပြီ၊ သူက ရစ်ချ်မွန့်က မန်နေဂျာဟောင်းဆိုပဲ"

"သူ့လက်ချက်ဖြစ်နိုင်ပါတယ်"

"ဘာကြောင့်လဲ"

"ဟိုတယ်ပိုင်ငွေတွေ လိမ်လည်မှုနဲ့ ကျွန်တော်က သူ့ကို အလုပ်ဖြုတ်ပစ်ခဲ့တယ်"

"အဲဒီတော့ ဒီကိစ္စဟာ ပါစီနဲ့ ခင်ဗျားတို့နှစ်ယောက် ပူးပေါင်းပြီး ကြံစည်မှုမဟုတ်ဘူးဆိုတာ "အတိအကျသိရမှ အာမခံကုမ္ပဏီက ငွေထုတ်ပေးမှာပဲ၊ ဒီအမှု တရားရုံးရောက်တော့ ကျုပ်တတ်နိုင်သလောက် ကူညီပါ့မယ်၊ ဒီကြားထဲလဲ ကျွန်တော်နဲ့ အမြဲဆက်သွယ်ပါ"

ရဲမှူး ပြန်ထွက်သွားသည်။ အေဘယ်က စားပွဲထိုးမိန်းကလေးအား တစ်ဒေါ်လာပေးလိုက်ပြီးနောက် အပြင်သို့ ထွက်လာခဲ့သည်။ အပြင်ရောက်တော့ မီးလေင်ပြင်ကို ခေတ္တမျှ ရပ်ကြည့်နေမိသည်။ ထို့နောက် စတီဗင် ဟိုတယ်ဘက်သို့ အတွေးနက်နက်ဖြင့် လျှောက်လာခဲ့သည်။

နောက်စာတစ်စောင် ကျန်နေသေးသည်။ မစ္စတာ ဟင်နရီအော့စဘွန်းထံမှ စာဖြစ်သည်။ အော့စဘွန်းဆိုသူသည် မည်သူမည်ဝါဖြစ်ကြောင်း သူလုံးဝစဉ်းစား၍မရ။

သို့ဖြင့် သူက ဖုန်းဆက်ကြည့်လိုက်သည်။ သည်တော့မှ မစ္စတာအော့စဘွန်းဆိုသူမှာ သူတို့ဟိုတယ် မီးအာမခံထားသော 'ဂရိတ်ဝက်စတန်' အသက်အာမခံကုမ္ပဏီမှ စစ်ဆေးရေးအရာရှိတစ်ဦးဖြစ်ကြောင်း သိရသည်။ အေဘယ်က ထိုပုဂ္ဂိုလ်နှင့် နေ့လယ်ပိုင်းတွင် တွေ့ဆုံရန် ချိန်းလိုက်သည်။

ထို့နောက် ဘော့စတွန်မှ ဝီလျံကိန်းထံ လှမ်းဆက်သည်။ သူသွားရောက် စစ်ဆေးခဲ့သော ဟိုတယ်များ၏ အခြေအနေကို ပြောပြလိုက်သည်။

"ခင်ဗျားတို့ဘဏ်က အချိန်နဲ့ငွေ အကူအညီပေးရင် ဒီဟိုတယ်တွေ အရှုံးမပေါ်အောင် ကျွန်တော် လုပ်နိုင်ပါတယ် မစ္စတာကိန်း၊ ရှီကာဂိုဟိုတယ်က ကျွန်တော် အတွေ့အကြုံအများကြီး ရထားပြီးသားပါ"

"ခင်ဗျားလုပ်နိုင်မယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ဘဏ်ကတော့ ပိုက်ဆံထပ်ချေးနိုင်မှာ မဟုတ်ဘူး၊ အခုဆိုရင် ခင်ဗျားမှာ ရက်ချိန်းစေ့ဖို့ ငါးရက်ပဲ ရှိတော့တယ်၊ ဒီရက်အတွင်း ငွေထုတ်ချေးမယ့်လူ ရအောင်ရှာပါ၊ ဒါပါပဲ မစ္စတာအေဘယ်၊ ကံကောင်းပါစေ"

"မအေပေး... ခွေးမသား" အေဘယ်က ဖုန်းထဲမှ လှမ်းဆဲလိုက်သည်။ သို့သော် တစ်ဖက်မှ ဖုန်းပြန်ချသွားနှင့်နေပြီ။

နောက်တစ်ယောက်ကတော့ အာမခံကုမ္ပဏီမှ ဟင်နရီအော့စဘွန်း။

အော့စဘွန်းသည် အရပ်ရှည်ရှည်နှင့် လူချောတစ်ယောက်ဖြစ်သည်ကို တွေ့ရသည်။ မျက်လုံးက နက်နက်။ ဆံပင်ကဖြူစပြုနေပြီ။ သူကလည်း ရဲအရာရှိပြောသွားသော စကားမျိုးကိုပင် ပြောသည်။

"ဒါနဲ့ ခင်ဗျားတို့မှာ ဟိုတယ်ပြန်ဆောက်နိုင်တဲ့ ပိုက်ဆံ လုံလုံလောက်လောက်ရှိရဲ့လား"

"မရှိပါဘူး၊ ဘဏ်တိုက်က ဟိုတယ်တွေရောင်းပြီး သူတို့ အကြွေးဆပ်ဖို့ ကျွန်တော့်ကို အကျပ်ကိုင်နေပါတယ်"

"ခင်ဗျားနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

အေဘယ်က သူ့အနေဖြင့် ဟိုတယ်တွေကို တကယ်မပိုင်ဘဲနှင့် အစုရှယ်ယာရှင်တစ်ယောက် ဖြစ်လာရပုံကို ရှင်းပြလိုက်သည်။ အော့စဘွန်းက အံ့သြသွားပုံရသည်။

"ခင်ဗျားအနေနဲ့ ဒီဟိုတယ်ကို ကောင်းကောင်းအုပ်ချုပ်နိုင်ခဲ့တာကို ဘဏ်တိုက်ကလူတွေ သိသင့်ပါတယ်၊ မစ္စတာလီရွိုင်းအတွက် ခင်ဗျား ဘယ်လောက်လုပ်ပေးခဲ့တယ်ဆိုတာကိုလဲ ရှီကာဂိုတစ်မြို့လုံး သိပါတယ်၊ ဘဏ်တိုက်တွေ စီးပွားရေးအကျပ်ရိုက်နေတယ်ဆိုတာ ကျုပ်နားလည်ပါတယ်၊ ဒါပေမယ့် ဒီကိစ္စမှာ သူတို့အကျိုးအတွက် ခြင်းချက်နဲ့ ခွင့်ပြုသင့်တယ်ဆိုတာကိုလဲ သူတို့ သိဖို့ကောင်းပါတယ်"

"ဒါပေမတ့် ဒီဘဏ်ကတော့ လုံးဝမသိပါဘူး"

"ကွန်တီနင်တယ်ဘဏ် မဟုတ်လား၊ ကာတစ်ဖင်တန်ဆိုတဲ့ အဘိုးကြီးက အမြဲတမ်း ခေါင်းမာတယ်၊ ဒါပေမယ့် ဆွေးနွေးလို့တော့ ရတဲ့လူပါ"

"ကွန်တီနင်တယ်ဘဏ် မဟုတ်ပါဘူး၊ ဘော့စတွန်က ကိန်းနှင့်ကဘော့ဘဏ်ပါ၊ အခုဆိုရင် ဟိုတယ်တွေကို အဲဒီဘဏ်က ပိုင်သွားပါပြီ"

ဟင်နရီအော့စဘွန်း၏ မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

"မစ္စတာ အော့စဘွန်းက အဲဒီဘဏ်နဲ့ ဆက်ဆံဖူးပါသလား"

"ဟုတ်တယ်၊ ဟိုတုန်းက တစ်ကြိမ်ဆက်ဆံဖူးခဲ့တယ်၊ ဒါပေမယ့် တစ်ကြိမ်တည်းနဲ့ တစ်ခါတည်း အော့ကြောလန်သွားတာပဲ၊ တရားရုံးရောက်ရတဲ့အထိ ဆိုပါတော့"

"ဘာကြောင့်ပါလဲ"

"အသေးစိတ်တော့ ပြောလို့မဖြစ်ဘူး၊ ညစ်ပတ်တဲ့ စီးပွားရေးကိစ္စတစ်ခုနဲ့ ပတ်သက်လို့ပါ၊ အဲဒီက ဒါရိုက်တာ တစ်ယောက် ကျုပ်တို့အပေါ် မရိုးသားဘူး"

"ဘယ်သူပါလိမ့်"

"ခင်ဗျားနဲ့ ဆက်ဆံတဲ့ လူက ဘယ်သူလဲ" အော့စဘွန်းက ပြန်မေးလိုက်သည်။

"ဝိလျံကိန်းတဲ့၊ လူငယ်တစ်ယောက်ပါ၊ ကျွန်တော့်အရွယ်လောက်ပဲ ရှိပါသေးတယ်"

"အဲဒီအကောင်ကို ကျပ်ကျပ်သတိထားပါ၊ ဒီကောင်က လောကမှာ အကောက်ကျစ်ဆုံး

လူတစ်ယောက်ပဲ၊ ခင်ဗျား သိချင်ရင် ဒီကောင့်အကြောင်း မကောင်းသတင်းတွေ ကျုပ်အများကြီး ပြောပြနိုင်တယ်၊ ဒါပေမယ့် တခြားလူတွေ မသိအောင်တော့ သတိပြုရလိမ့်မယ်"

"ဖြစ်ပါတယ် မစ္စတာအော့စဘွန်း၊ စိတ်ချပါ၊ ဒီကောင်ကို ကျွန်တော်က ဘာမှငဲ့စရာမရှိပါဘူး၊ သူက မစ္စတာ လီရှိုင်းအပေါ်မှာ ရက်စက်ထားတာတွေကို ကျွန်တော်ကပြန်ပြီး ကလဲ့စားချေရမှာပါ"

"ဒါဆို ဟုတ်ပြီ၊ ဒီကောင်နဲ့ ပတ်သက်လာရင် ခင်ဗျားအနေနဲ့ ကျုပ်ကို အားကိုးပါ" အော့စဘွန်းက ထိုင်ရာမှ ထရပ်လိုက်သည်။ "ဒါပေမယ့် ကျုပ်တို့နှစ်ယောက်ပဲ သိပါစေ၊ ဒီအချက်ကိုတော့ အထူးဂရုစိုက်ပြီး လိုက်နာရလိမ့်မယ်၊ တကယ်လို့ ဒက်စမွန်ပါစီက ဟိုတယ်ကို မီးတင်ရှို့တာ အမှန်လို့ တရားရုံးက ဆုံးဖြတ်ခဲ့ရင် အဲဒီနေ့မှာပဲ ကျုပ်တို့က အာမခံငွေ ထုတ်ပေးမယ်၊ အဲဒီတော့ အဲဒီနေ့အထိ စောင့်ကြည့်တာပေါ့ ဟုတ်လား"

"ကောင်းပါပြီခင်ဗျား၊ ကျေးဇူးတင်ပါတယ်"

◆ ◆ ◆

စတီဖင်ဟိုတယ်သို့ ပြန်ရောက်တော့ သူ့အခန်းထဲမှ စားပွဲပေါ်တွင် ဖိတ်စာတစ်စောင် တွေ့ရသည်၊ မစ္စတာ ဒေးဗစ်မက်တွန်ဆိုသူတစ်ယောက်က သူ့အား တစ်နာရီတွင် နေ့လယ်စာ အတူစားကြရန် ဖိတ်ထားသည်။

"ဒေး၊ဗစ်မက်တွန်ဆိုတာ ဘယ်သူလဲဗျ"

အေဘယ်က ဧည့်ကြိုစာရေးမကို သွားမေးသည်။

"ဒီဟိုတယ်ပိုင်ရှင်ပါ မစ္စတာ ရို့စနော့စကီး"

"အား ဟုတ်လား၊ ကျေးဇူးပြုပြီး သူ့ဆီအကြောင်းကြားပေးပါဗျာ၊ ကျွန်တော် ဝမ်းသာစွာ လက်ခံပါတယ်လို့" သူက လက်ပတ်နာရီကို စောင်းကြည့်လိုက်ပြီး "တစ်နာရီတောင် ထိုးခါနီးနေပြီပဲ၊ မကြာခင် ကျွန်တော် လာခဲ့မယ်လို့ ပြောလိုက်ပါဗျာ"

"ဟုတ်ကဲ့ စိတ်ချပါရှင်"

◆ ◆ ◆

အေဘယ် ရောက်သွားသောအချိန်တွင် စားသောက်ခန်းကြီးထဲ၌ လူတွေပြည့်နေပြီ။ စားပွဲထိုးမှူးက အေဘယ်အား သီးခြားအဆောင်ထဲမှ စားပွဲတစ်ခုသို့ ခေါ်လာခဲ့သည်။ ထိုစားပွဲတွင် စတီဖင် ဟိုတယ်ပိုင်ရှင်တစ်ယောက်တည်း ထိုင်နေသည်။ အေဘယ်ကိုမြင်တော့ သူက ထိုင်ရာမှထ၍ ကြိုဆိုသည်။

"ကျွန်တော် အေဘယ်ရို့စနော့စကီးပါခင်ဗျား" အေဘယ်ကပင် စတင် မိတ်ဆက်လိုက်သည်။

"ဟုတ်ပါပြီ၊ မောင်ရင့်ကို ကျုပ်သိပါတယ်၊ အတိအကျပြောရရင် မောင်ရင့်အကြောင်း ကျုပ်အသေးစိတ်နီးပါး သိထားပြီးပြီ၊ ထိုင်ပါ၊ ကြိုက်တာမှာပါ"

အေဘယ်က စတီဖင်ဟိုတယ်ကို အလွန်သဘောကျသည်။ အစားအသောက်နှင့် အပြုအစု အားလုံးပင် ပလာဇာဟိုတယ်လိုကောင်းသည်။ သူသာ ရှီကာဂိုမှာ ကိုယ်ပိုင်ဟိုတယ်ထောင်ရလျှင် သည်ထက်ကောင်းအောင် ကြိုးစားနိုင်ဦးမည်ဟု သူ့ကိုယ်သူ ယုံကြည်မိသည်။

စားပွဲထိုးမှူးက အစားအသောက် စာရင်းကို ယူလာသည်။ အေဘယ်က စာရင်းကို ဖတ်ကြည့်ပြီး အမဲသားကြော်တစ်ပွဲမှာလိုက်သည်။ မစ္စတာ မက်တွန်က စာရင်းကို မကြည့်တော့ဘဲ ငါးသလောက်တစ်ပွဲမှာသည်။ စားပွဲထိုးပြန်ထွက်သွားသည်။

"အခုလို ကျုပ်က နေ့လယ်စာ စားဖိတ်တာ အံ့သြနေသလား မစ္စတာ ရို့စနော့စကီး"

"ကျွန်တော့်ကို စတီဖင်ဟိုတယ်မှာ အလုပ်ခန့်ချင်လို့ ခေါ်တာ မဟုတ်ဘူးလား ခင်ဗျား"

"အဲဒါ အမှန်ပါပဲ"

စားပွဲထိုးက အစားအသောက်များကို လက်တွန်းလှည်းနှင့် သယ်ယူလာသည်။ မစ္စတာ မက်တွန်က ငါးသလောက်ကြော်ကို သံပရာရည်ဆမ်းပြီး ဆက်ပြောသည်။

"ကျုပ်ရဲ့ လက်ရှိမန်နေဂျာက လုပ်သက် ၂၂ နှစ် လုပ်ခဲ့ပြီးပြီ။ နောက် ငါးလဆိုရင် အငြိမ်းစားယူတော့မယ်၊ လက်ထောက်မန်နေဂျာကလဲ မကြာခင် ဆက်ယူတော့မှာပဲ၊ ဒါကြောင့် ကျုပ်က လူတော်လူကောင်း လိုက်ရှာနေတာ"

"ဒီဟိုတယ်က အလွန်သန့်ရှင်းတာပဲ"

ကျုပ်က ပိုကောင်းအောင် အမြဲတမ်း ကြိုးစားနေတာ၊ ဘယ်တော့မှ ကျေနပ်မနေဘူး။ မောင်ရင့်ကို ကျုပ်စောင့်ကြည့်နေတာ ကြာပြီ၊ ဒါပေမယ့် မောင်ရင်က ရစ်ချ်မွန့်မှာ ကိုယ်ဖိရင်ဖိလုပ်နေတော့ ကျုပ်အနေနဲ့ အတင်းဆွဲခေါ်လို့ ဘယ်ကောင်းပါ့မလဲ၊ မင်းဟိုတယ်ဟာ နောက်နှစ်နှစ်သုံးနှစ်ဆိုရင် စတီဖင်ဟိုတယ်ကို ကျော်တက်သွားနိုင်တယ်၊ ဒါပေမယ့် ဘယ်အရူးကလဲမသိ၊ ဟိုတယ်ကို မီးတင်ရှို့လိုက်တော့ မင်းအနေနဲ့ လမ်းခုလတ်မှာ ခါးကျိုးသွားတော့တာပေါ့"

"အားလူးကြော်ပါရှင့်"

ကြော့ရှင်းလှပသော ဟိုတယ်မယ်ကလေးကို အေဘယ်က မော့ကြည့်လိုက်သည်။ သူ ကလေးက အေဘယ်အား ပြုံးပြသည်။

"ကျေးဇူးတင်ပါတယ်" အေဘယ်က သူမအား ပြန်ပြောလိုက်သည်။ ပြီးတော့ မစ္စတာ မက်တွန်ဘက်သို့လှည့်ပြီး "အခုလို ကြားရတာ အများကြီး ဝမ်းသာပါတယ်ခင်ဗျား၊ ကျွန်တော့်ကို ချီးကျူးစကားပြောပြီး အလုပ်ပေးတာကိုလဲ အများကြီး ကျေးဇူးတင်ပါတယ်"

"မောင်ရင် ဒီမှာလုပ်ရင် ပျော်မှာပါ၊ စတီဖင်ဟိုတယ်က အားလုံးအဆင်ပြေနေတဲ့ ဟိုတယ်ပါ၊ မောင်ရင် လုပ်မယ်ဆိုရင် တစ်ပတ်ကို ဒေါ်လာ ၅၀ ပေးမယ်၊ ပြီးတော့ အမြတ်ငွေ

ရဲ့ နှစ်ရာခိုင်နှုန်းကိုလဲ ပေးဦးမယ်၊ မောင်ရင် အဆင်ပြေတဲ့နေ့မှာ အလုပ်စဝင်နိုင်တယ်"

"ကျွန်တော့်ကို အချိန်နည်းနည်းပေးပါဦးခင်ဗျာ၊ ကျွန်တော် နည်းနည်းစဉ်းစားကြည့်ပါရစေဦး၊ မစ္စတာ မက်တွန့်ရဲ့ ကမ်းလှမ်းချက်ကို ကျွန်တော်အများကြီး အားတက်မိပါတယ်ခင်ဗျား၊ ဒါပေမယ့် လောလောဆယ်မှာ ရစ်ချ်မွန့်ဟိုတယ်နဲ့ ပတ်သက်ပြီး ပြဿနာကလေးတွေ နည်းနည်းရှိနေသေးလို့ပါ"

"ပဲ့ကြော်ပါရှင်"

စားစားက ဟိုတယ်မယ်ကလေး ရောက်လာပြန်သည်။ သူမက ယခင်အတိုင်းပင် ပြုံးပြသည်။ သည်မျက်နှာကို အောဘယ် မြင်ဖူးသလိုရှိသည်။ သို့သော် ဘယ်နေရာတွင် မြင်ခဲ့မှန်း လုံးဝမမှတ်မိ။ ရစ်ချ်မွန့်ဟိုတယ်မှာ အလုပ် လုပ်ဖူးတာလည်း ဖြစ်နိုင်သည်။

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

ဟိုတယ်မယ်ကလေး ပြန်ထွက်သွားတာကို အောဘယ်က လိုက်ကြည့်နေလိုက်သည်။ ငါ သူ့ကို သိပါတယ်၊ ဘယ်မှာလဲ၊ ဘယ်တုန်းကလဲ။

"အဲဒီတော့… မောင်ရင်က ကျုပ်ဟိုတယ်မှာ လေးငါးရက်လောက် တည်းခိုနေပြီးတော့ အခြေအနေကို လေ့လာကြည့်စေချင်တယ်၊ ကျုပ်ရဲ့ အထူးဧည့်သည်အဖြစ်နဲ့ပေါ့၊ အဲဒီလိုဆိုရင် မောင်ရင့်အနေနဲ့ ဆုံးဖြတ်ချက်ချဖို့ ပိုလွယ်မှာပေါ့"

"ကျေးဇူးတင်ပါတယ်ခင်ဗျား၊ ဒါပေမယ့်နေပါစေခင်ဗျား၊ ဒီဟိုတယ်အကြောင်း ကျွန်တော်အများကြီးသိရပါပြီ၊ သိရသလောက်လဲ အများကြီးကျေနပ်ပါတယ်ခင်ဗျား၊ ဒါပေမယ့် ရစ်ချ်မွန့်ဟိုတယ်လုပ်ငန်းအတွက် နည်းနည်းအချိန်ပေးစရာ ရှိသေးလို့ပါ"

မစ္စတာမက်တွန်က အံ့အားသင့်သွားမိသည်။

"ကျုပ်တော့ မောင်ရင်ပြောမှပဲ သိရတော့တယ်၊ မောင်ရင်က ရိုးရိုးမန်နေဂျာပဲလို့ သိနေတာ၊ တကယ့်ပိုင်ရှင်က မစ္စတာ လီရှိုင်းရဲ့ သမီးလို့ပဲ မှတ်နေတာ"

"ဒီအကြောင်းကတော့ ပြောရမယ်ဆိုရင် အရှည်ကြီးပဲခင်ဗျ" အောဘယ်က ရစ်ချ်မွန့်ဟိုတယ်လုပ်ငန်း၏ ရှယ်ယာများ သူ့လက်ထဲ မည်သို့မည်ပုံ ရောက်ရှိလာသည်ကို အသေးစိတ်ပြောပြသည်။

"ပြဿနာကတော့ လွယ်လွယ်ကလေးပါ မစ္စတာမက်တွန်၊ ကျွန်တော့်အနေနဲ့ ဒေါ်လာနှစ်သန်းရရင် ဖြေရှင်းလို့ရပါတယ်၊ အဲဒီလိုဆိုရင် ဒီလုပ်ငန်းတစ်ခုလုံး ပြန်ပြီး တိုးတက်လာအောင် လုပ်လို့ဖြစ်ပါတယ်"

"ဟုတ်ပါတယ်၊ ကျုပ် သဘောပေါက်ပါတယ်"

မစ္စတာမက်တွန်က သူ့ ရှေ့မှ ဟင်းကုန်သွားသော ပန်းကန်ကို ကြည့်လိုက်သည်။ စားပွဲထိုးက အလိုက်သိစွာ ပြန်သိမ်းသွားသည်။

"ကျုပ်တို့ ကော်ဖီသောက်ကြရအောင်"

စောစောက ဟိုတယ်မယ်လေး အနီးသို့ ရောက်လာသည်။ ထုံးစံအတိုင်း အေဘယ်အား ပြုံးပြသည်။ အေဘယ်၏ စိတ်ထဲတွင် မရိုးမရွ ဖြစ်နေပြီ။

"ဒါနဲ့ ကွန်တီနင်တယ်ဘဏ်က မစ္စတာဖင်တန်က မောင်ရင့်ကိုယ်စား ဝယ်သူရှာနေတယ်လို့ မောင်ရင်ပြောခဲ့တယ်နော်"

"ဟုတ်ပါတယ် ခင်ဗျား၊ သူရှာနေတာ တစ်လနီးပါးရှိသွားပါပြီ၊ တကယ်တော့ ဒီညနေမှာ ဝယ်သူတစ်ယောက်ယောက်တော့ တွေ့လိမ့်မယ် ထင်ပါတယ်"

"အင်း ဒီကိစ္စက တော်တော်စိတ်ဝင်စားစရာကောင်းတာပဲ၊ ရစ်ချ်မွန့်အုပ်စုက ဒီလိုပြန်ရောင်းဖို့ စဉ်းစားလိမ့်မယ်လို့ ကျုပ် လုံးဝ မစဉ်းစားမိခဲ့ဘူး၊ ဘာပဲဖြစ်ဖြစ် အခြေအနေကိုတော့ ကျုပ်ကို မပြတ်အသိပေးစေချင်တယ်"

"ဟုတ်ကဲ့၊ ပေးပါ့မယ်ခင်ဗျား၊ စိတ်ချပါ"

"ဘော့စတွန်ဘဏ်က မောင်ရင့်ကို ငွေနှစ်သန်းရှာဖို့ အချိန်ဘယ်လောက် ပိုပေးထားသလဲ"

"လေးငါးရက်လောက်ပဲ ပိုပေးပါတယ်၊ အဲဒီတော့ အချိန်သိပ်မရှိတော့ပါဘူး"

"အခုလိုသိရတာ ကျေးဇူးတင်ပါတယ်၊ မောင်ရင်နဲ့ တွေ့ရတာကိုလဲ ဝမ်းသာပါယ်၊ မောင်ရင်နဲ့အတူ အလုပ်လုပ်ရရင် ကျုပ်အနေနဲ့ အများကြီး စိတ်ချမ်းသာမှာ သေချာတယ်"

သူက အေဘယ်၏ လက်ကို လှိုက်လှဲစွာ ဆွဲကိုင်နှုတ်ဆက်သည်။

"ကျေးဇူးတင်ပါတယ် ခင်ဗျား"

အေဘယ်က စားသောက်ခန်းရှေ့မှ ဖြတ်လျှောက်လာစဉ် စောစောက ဟိုတယ်မယ်ကလေးက အေဘယ်အား ပြုံး၍ပြပြန်သည်။

အေဘယ်က စားပွဲထိုးမှူးအနားသို့ လျှောက်သွားပြီး မေးကြည့်သည်။

"ဟိုတယ်မယ် နာမည်က ဘယ်သူတုံးဗျ"

"ဝမ်းနည်းပါတယ် ခင်ဗျား၊ ဒီဟိုတယ် အမှုထမ်းတွေ နာမည်ကို ဧည့်သည်တွေကို ပြောခွင့်မရှိပါဘူး၊ ဒါဟာ ဒီဟိုတယ်ရဲ့ သံမဏိစည်းကမ်းတစ်ရပ်ပါပဲ၊ ဒါပေမယ့် မကျေနပ်စရာ တစ်စုံတစ်ရာတွေ့ရင် ကျွန်တော့်ကို ပြောနိုင်ပါတယ်"

"မကျေနပ်တာ ဘာမှ မရှိပါဘူး၊ နေ့လယ်စာလဲ အလွန်ကောင်းပါ့ဗျာ"

◆ ◆ ◆

စတီဖင်ဟိုတယ်တွင် မန်နေဂျာလုပ်ရန် ကမ်းလှမ်းချက်ရလာခဲ့ပြီးနောက် အေဘယ်သည် ကွန်တီနင်တယ်ဘဏ်မှ မစ္စတာ ဖင်တန်နှင့် တွေ့ဆုံရမည်ကို အလွန်အားတက်မိသည်။ သူ့ကိုယ်သူလည်း ယုံကြည်ချက်မိုးမြဲ ရှိလာခဲ့သည်။ မစ္စတာဖင်တန်အနေဖြင့် ဝယ်သူမရရှိသေးကြောင်း သူသေချာပေါက်သိသည်။ သို့သော် သူက ဘာမှမစိုးရိမ်၊ သူ့အနေဖြင့် အနာဂတ်အတွက်

ပူစရာမရှိတော့ပြီ မဟုတ်လား။ သူက ရှီကာဂိုမြို့တွင် အကောင်းဆုံးဟိုတယ်တစ်ခု၏ မန်နေဂျာဖြစ်ရမည်ကို သဘောကျနေသည်။ ယင်းဟိုတယ်ကို အမေရိကန်တစ်ပြည်လုံးတွင် အကောင်းဆုံးဟိုတယ်ဖြစ်အောင် သူလုပ်နိုင်သည်ဟု ယုံကြည်ထားသည်။

ဘဏ်တိုက်ရောက်တော့ ဘဏ်စာရေးက သူ့အား မစ္စတာဖင်တန်၏ ရုံးခန်းသို့တန်းပြီး ခေါ်လာခဲ့သည်။

သူ့ကိုမြင်တော့ မစ္စတာဖင်တန်၏ တည်ငြိမ်သော မျက်နှာတွင် အပြုံးပန်း ပွင့်သွားသည်။

"အတော်ပဲ မစ္စတာ ရှီ့စနော့စကီး၊ ဒီအချိန် ခင်ဗျားရောက်လာတာ အလွန်ကောင်းတယ်၊ နံနက်အစောကြီးကသာ ခင်ဗျားလာရင် ဘာမှ အကြောင်းထူးမှာ မဟုတ်ဘူး၊ ဒါပေမယ့် ခုတင်ကလေးပဲ စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်တစ်ယောက်က ကျုပ်ဆီဖုန်းလှမ်းဆက်တယ်"

အေဘယ်က အံ့အားလည်း သင့်မိသည်။ ဝမ်းလည်းသာမိသည်။ သူက ခေတ္တငြိမ်နေပြီးတော့မှ...

"အဲဒီ ပုဂ္ဂိုလ်က ဘယ်သူပါလဲခင်ဗျား"

"အဲဒါတော့ ပြောလို့မဖြစ်ဘူး၊ သူ့အကြောင်း ဘယ်သူမှ မသိပါစေနဲ့လို့ ကျုပ်ကို လေးလေးနက်နက် တောင်းပန်ထားတယ်၊ ဒီလိုလုပ်ရတာကလဲ သူ့စီးပွားရေးလုပ်ငန်းမှာ အနှောင့်အယှက်မရှိစေဖို့အတွက် လုပ်ရတာပါလို့ ပြောတယ်"

"ဒေးဗစ်မက်တွန်ဆိုတာ ဟုတ်ပါသလား၊ သူဆိုရင် မဆိုးပါဘူး"

မစ္စတာ ဖင်တန်က ဘာမှမပြော၊ အတန်ကြာတော့မှ...

"ကျုပ် စောစောက ပြောခဲ့တဲ့အတိုင်းပါပဲ၊ ကျုပ်အနေနဲ့ ထုတ်ဖော်ပြောပိုင်ခွင့်မရှိလို့ပါ"

"ဟုတ်ကဲ့ ကျွန်တော်သဘောပေါက်ပါပြီခင်ဗျား၊ ဒီတော့ သူ့ဆုံးဖြတ်ချက်ကို ဘယ်တော့သိရမှာပါလဲ"

"အဲဒါလဲ အတိအကျပြောလို့ မရသေးဘူး၊ ဒါပေမယ့် တနင်္လာနေ့ကျတော့ တစ်ခုခုတော့ သိရပါလိမ့်မယ်၊ အဲဒီနေ့ကြတော့ ခင်ဗျား အချိန်ရရင် ဝင်လာခဲ့ပါဦး"

"အချိန်ရမှ ဝင်လာခဲ့ရမှာလား ခင်ဗျား၊ ကျွန်တော့်ကတော့ လူကြီးမင်းဟာ ကျွန်တော့်ဘဝပြဿနာတစ်ခုလုံးအတွက် ဆွေးနွေးနေတယ်လို့ ယုံကြည်ပါတယ်၊ အဲဒါကြောင့် အချိန်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျွန်တော့်အနေနဲ့ လာကို လာရမယ်လို့ ယူဆပါတယ်"

"ဟုတ်ပါပြီလေ၊ အဲဒီတော့ တနင်္လာနေ့ကို လာဖြစ်အောင်သာ လာခဲ့ပါလို့ ကျုပ်ဖိတ်ခေါ်ပါတယ်"

◇ ◇ ◇

အေဘယ်သည် မစ်ရှီဂန်ရိပ်သာလမ်းအတိုင်း စတီဖင်ဟိုတယ်သို့ ပြန်လျှောက်လာခဲ့သည်။ ထိုအချိန်တွင် မိုးဖွဲဖွဲကျလာသဖြင့် သူက "မိုးမိုး ရွာလိုက်ပါမိုး" သီချင်းကို ညည်းလာမိသည်။

ဟိုတယ်ရောက်တော့ သူ့အခန်းသို့ ဓာတ်လှေကားဖြင့် တက်လာခဲ့သည်။ ထို့နောက် ဝီလျံကိန်းထံသို့ ဖုန်းဆက်ပြီး တနင်္လာနေ့အထိ ရက်တိုးပေးရန် မေတ္တာရပ်ခံသည်။ ထိုနေ့တွင် ဝယ်သူရနိုင်စရာရှိသည်ဟု ပြောလိုက်သည်။ ဝီလျံကိန်းက ပထမတွင် ဆုတ်ဆိုင်းဆိုင်း ဖြစ်နေပြီးမှ နောက်ဆုံးတော့ သဘောတူလိုက်သည်။

"ခွေးမသား" အေဘယ်က တစ်ဖက်မှ တယ်လီဖုန်းပြန်ချသွားပြီးတော့မှ ကျိန်ဆဲလိုက်သည်။ "နေနှင့်ဦးပေါ့ကွာ၊ မစ္စတာလီရှိုင်းကို မင်းသတ်ခဲ့တဲ့အတွက် တစ်နေ့တော့ ကောင်းကောင်းကြီး နောင်တရစေရမှာပေါ့"

ထို့နောက် ခုတင်စွန်းတွင်ထိုင်ပြီး ခုတင်ဘောင်ကို လက်နှင့်ပုတ်ကာ ပုတ်ကာ စဉ်းစားခန်းထုတ်သည်။ တနင်္လာနေ့ရောက်အောင် ဘယ်လို အချိန်ဖြုန်းရပါ့မလဲဟု အကြံထုတ်သည်။

သူသည် ရည်မှန်းချက် ထွေထွေထူးထူးမရှိဘဲ ဟိုတယ်ဧည့်ခန်းသို့ ပြန်လာခဲ့သည်။

သူမကို တွေ့ပြန်ပြီ။ မစ္စတာမက်တွန်နှင့် နေ့လယ်စာ စားသည့်နေ့က သူတို့အား ပြုစုခဲ့သော ဟိုတယ်မယ်ကလေး။ သူမသည် လက်ဖက်ရည်ခန်းတွင် ဧည့်ခံနေသည်။ အေဘယ်က အခန်းအစွန်ရှိ စားပွဲလတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ သူ့ကိုမြင်တော့ သူမလျှောက်လာသည်။

"မင်္ဂလာနေ့လည်ခင်းပါရှင်၊ လက်ဖက်ရည် သုံးဆောင်မှာပါလားရှင်"

ဟိုတယ်မယ်ကလေးက ထုံးစံအတိုင်း ပြုံးပြီးမေးသည်။

"ခင်ဗျားနဲ့ ကျွန်တော်နဲ့ သိကြတယ်ထင်တယ်"

"ဟုတ်ကဲ့ သိကြတာပေါ့ ဝလာဒက်"

အေဘယ်က မသိမသာ မျက်နှာနီသွားပြီး ကမန်းကတန်း ပြန်စဉ်းစားလိုက်သည်။ ဟုတ်ပြီး သတိရပြီ။

"ဟင် နင် ဇာဖီယာမဟုတ်လား၊ အခု နင်ဒီမှာဘာလာလုပ်နေတာလဲဟင်"

"ရှင်မြင်တဲ့အတိုင်းပေါ့၊ ဟိုတယ်မယ် လာလုပ်နေတာလေ၊ ကျွန်မ လက်ဖက်ရည်ပွဲသွားယူလိုက်မယ်"

"နေပါဦး ဇာဖီယာ၊ မင်း ငါနဲ့ ညစာလိုက်စားပါလားဟင်"

"မဖြစ်ဘူး ဝလာဒက်၊ ကျွန်မတို့ကို ဧည့်သည်တွေနဲ့ အပြင်တွဲသွားခွင့်မပြုဘူး၊ တွဲသွားရင် ကျွန်မ အလုပ်ပြုတ်လိမ့်မယ်"

"ငါက ဧည့်သည်မှ မဟုတ်တာ၊ မိတ်ဆွေဟောင်းတစ်ယောက်ပဲ"

"ရှင်က ကျွန်မကိုမြင်တောင်မှ မှတ်မိတဲ့လူမှ မဟုတ်တာပဲ"

"ငါ တောင်းပန်ပါတယ် ဇာဖီယာ၊ ငါ့ကို ခွင့်လွှတ်ပါ၊ ငါတကယ် မမှတ်မိတာပါ၊ နင်ကလဲ ရုပ်တွေပြောင်းပြီး ပိုလှသွားတာကိုး၊ ဒီည ငါနဲ့ ညစာလိုက်စားပါနော်၊ ဒီတစ်ခါတည်းပါ"

"ကောင်းပြီလေ၊ ဒီတစ်ခါတည်းဆိုရင်တော့"

"ဒီည ခုနစ်နာရီတိတိမှာ 'ဘရန်ဒေ့ဂျ်' စားတော်ဆက်ကစောင့်ပါ၊ ဘယ့်နှယ်လဲ၊ ဖြစ်

ပါမလား"

ဇာဖီယာက နာမည်ကြားရရုံနှင့် လန့်သွားသည်။ ဘရန်ဒေ့ဂျ် စားတော်ဆက်က ရီကာကို တွင် ဈေးအကြီးဆုံး စားသောက်ဆိုင်ဖြစ်သည်။ ဖြစ်နိုင်လျှင် သူမသည် ယင်းစားတော်ဆက်တွင် စားပွဲထိုးလုပ်ချင်စိတ်ပင် ဖြစ်ပေါ်ခဲ့မိသည်။

"အဲဒီ မသွားပါနဲ့၊ ခမ်းနားလွန်းပါတယ်"

"အဲဒီတော့ ဘယ်သွားမလဲ"

"ရှင် ၄၃ လမ်းထောင့်က 'ဆော့ဆေ့ဂျ်' စားသောက်ဆိုင် သိသလား"

"ဟင့်အင်း မသိဘူး၊ ဒါပေမယ့် ဖြစ်ပါတယ်၊ ငါရှာပြီး လာခဲ့မယ်၊ ခုနစ်နာရီတိတိနော်"

"ခုနစ်နာရီတိတိ၊ အဲဒါ ကောင်းပါတယ်၊ ဒါနဲ့ အခု ရှင်လက်ဖက်ရည်သောက်မှာလား"

"ဟင့်အင်း ငါမသောက်ချင်တော့ဘူး၊ မင်းနဲ့အတူ တွေ့ရတော့မှ အတိုးချပြီး တဝကြီးစား လိုက်တော့မယ်"

ဇာဖီယာက ပြုံးပြီး ပြန်ထွက်သွားသည်။ တခြား ဧည့်သည်များအား ဇာဖီယာက လက် ဖက်ရည်ပွဲဖြင့် ဧည့်ခံနေသည်ကို အေဘယ်က စိမ်ပြေနပြေ ထိုင်ကြည့်နေမိသည်။ သူကလေးသည် 'မြားနက်' သင်္ဘောပေါ်တွင် တွေ့ခဲ့စဉ်ကထက် အများကြီး ချောလာသည်။ ယခင်က ဆံပင်တိုတို။ ယခုတော့ ရှည်လာသည်။ ဝိုင်းစက်သော မျက်လုံးများကလည်း တစ် လက်လက်နှင့် ညို့အားကောင်းလာသလို ထင်ရသည်။

"ဟုတ်ပြီ၊ တနင်္လာနေ့ ရောက်တဲ့အထိ သူကလေးနဲ့ အချိန်ဖြုန်းရတာ သိပ်ပျော်စရာ ကောင်းမှာပဲ"

✧ ✧ ✧

အေဘယ်သည် ဂျင်ဂျာဘီယာဖန်ခွက်ကို တစိမ့်စိမ့်စုပ်သောက်ယင်း ဇာဖီယာကို ထိုင်စောင့် နေသည်။

သူက စပ်စုတတ်သူပီပီ စားပွဲထိုးများ လုပ်ပုံကိုင်ပုံနှင့် အစားအသောက်များကို အကဲ ခတ်လေ့လာနေမိသည်။ သူက အစားအသောက်ကိုလည်း မကြိုက်။ စားပွဲထိုးများ ပြုစုပုံကိုလည်း အားမရ။

မိနစ်နှစ်ဆယ်လောက် လွန်သွားပြီးတော့မှ ဇာဖီယာပေါက်ချလာသည်။ သူမသည် နောက်ဆုံးပေါ်ပုံစံ အဝါရောင် ဝတ်စုံကို အချိုးကျကျ ဝတ်လာသည်။ စားသောက်ခန်းထဲရှိ မျက်လုံးတိုင်းက သူမဆီ စုပြုံရောက်နေသဖြင့် သူမ၏ ပန်းရောင်ပါးနှစ်ဖက်တွင် နှင်းဆီ သွေးရောင်များပင် ပေါ်သွားသည်။

"မင်္ဂလာညပါ... ဝလာဒက်" သူမက ပိုလန်စကားနှင့် နှုတ်ဆက်သည်။

အေဘယ်က ထိုင်ရာမှ ထ၍ သူ့ဘေးမှ ကုလားထိုင်ကို ထိုးပေးသည်။

Quality Publishing House

"မင်း ရောက်လာတာ ငါ သိပ်ပြီးဝမ်းသာသွားတာပဲ" အေဘယ်က အင်္ဂလိပ်လို ပြန်ပြော လိုက်သည်။

"ကျွန်မ နည်းနည်းနောက်ကျသွားတာ ခွင့်လွှတ်ပါ"

သူမကလည်း အင်္ဂလိပ်လိုပင် ပြန်၍ တောင်းပန်သည်။

"ရပါတယ်၊ ငါက သတိတောင် မရပါဘူး၊ ဒါနဲ့ မင်း ဘာသောက်မလဲ"

"နေပါစေ၊ ကျေးဇူးတင်ပါတယ်"

နှစ်ယောက်သား ခေတ္တမျှ စကားမပြောဖြစ်ကြ။ အတန်ကြာတော့မှ အေဘယ်က စပြောသည်။

"မင်း... အလျင်ကထက် ပိုလှနေတာ ငါခုမှပဲ သတိထားမိတော့တယ်"

"ရှင် မတွေ့ရတာ ကြာလို့ဖြစ်ပါလိမ့်မယ်"

မှန်ပါသည်။ သူတို့ချင်း မတွေ့ရတာ ရှစ်နှစ်ပင် ကျော်သွားခဲ့ပြီ။

"ဒါနဲ့ ဂျော့က ဘယ်ရောက်နေသလဲ"

"ငါလဲ သူနဲ့ မတွေ့တာ နှစ်,နှစ်လောက်ရှိပြီ၊ ငါက ဒီမြို့မှာ ဟိုတယ်အလုပ်နဲ့ မအားသလောက်ဘဲ"

"ဟုတ်ပါတယ် ကျွန်မ သိပါတယ်၊ ရှင်တို့ဟိုတယ်ကို မီးရှို့ခံရတယ် မဟုတ်လား"

"ဒါနဲ့ ငါ့ကိုတွေ့တော့ မင်းက ဘာဖြစ်လို့ ရင်းရင်းနှီးနှီး လာပြီး မနှုတ်ဆက်ရတာလဲ"

"ရှင်က မမှတ်မိရင် ရှက်စရာကြီးဖြစ်နေမှာစိုးလို့ပါ၊ ကျွန်မ ထင်တဲ့အတိုင်းလဲ ဟုတ်နေတာပါပဲ"

"မင်းက ငါ့ကို ဘယ်လိုလုပ် မှတ်မိတာလဲ၊ ငါက အလျင်ကထက် အများကြီး ဝသွားတာ"

"ကျွန်မက ငွေလက်ကောက်ကို အမြဲတမ်း မှတ်ထားတယ်လေ"

အေဘယ်က သူ့လက်ကို ငုံ့ကြည့်မိသည်။ ပြီးတော့ ရယ်လိုက်သည်။

"ဒီလိုဆို ငါ ဒီလောက်ကောက်ကိုပဲ ကျေးဇူးတင်ရဦးမှာပေါ့၊ သူ့ကြောင့် အခုလို ငါတို့ ပြန်တွေ့ကြရတာ မဟုတ်လား"

သူမက အေဘယ်၏ မျက်လုံးကို ရှောင်လိုက်ပြီး...

"အဲဒီတော့ လောလောဆယ် ရှင် ဘာလုပ်နေသလဲ၊ ရှင့် ဟိုတယ်က ပျက်စီးသွားပြီ မဟုတ်လား"

"ငါ... အလုပ်ရှာနေတယ်"

"ကျွန်မလုပ်နေတဲ့ စတီဖင်ဟိုတယ်မှာ အလုပ်တွေပေါ်လိမ့်မယ်၊ ကျွန်မ မိတ်ဆွေတစ်ယောက်ပြောလို့ သိရတယ်"

"မင်းမိတ်ဆွေက ဘယ်သူလဲ"

"စားပွဲထိုးလုလင်တစ်ယောက်ပါ" အေဘယ်၏ ရင်ထဲတွင် မနာလိုစိတ်ပင် ဖြစ်ပေါ်သွားမိသည်။ 'စတီဖင်မှာ လက်ထောက်မန်နေဂျာရာထူး လစ်လပ်မယ်တဲ့၊ သူပြောလို့ သိရတယ်၊ အဲဒီနေရာ ရှင် လျှောက်ပါလား၊ ရှင်... ရမှာ သေချာပါတယ်...၊ ရှင့်လို လူတစ်ယောက်အနေနဲ့ အမေရိကမှာ အောင်မြင်မှုရမှာပါ ဝလာဒက်၊ ကျွန်မ ရှင့် အရည်အချင်းကို ယုံကြည်ပါတယ်"

"အဲဒီရာထူးကို ငါ လျှောက်သင့်ရင် လျှောက်မှာပါ၊ ငါ့ကို သတိရတာ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ မင်းရဲ့ မိတ်ဆွေက ဘာကြောင့်မလျှောက်တာလဲ"

"သူက လုပ်သက်နုပါသေးတယ်၊ ပြီးတော့ အခုမှ စားသောက်ခန်းမှာ စားပွဲထိုး လုပ်နေတာပါ"

အေဘယ်က ထိုသူငယ်နှင့် နေရာချင်း လဲလိုက်ချင်စိတ်ပင် ပေါ်လာမိသည်။

"တို့ ညစာ စားကြတော့မှာလား"

"ကျွန်မက အခုလို အပြင်ထွက်စားလေ့ မရှိဘူး"

ဇာဖီယာက အစားအသောက်စာရင်းကို ကြောင်ကြည့်နေသည်။ သူမ အင်္ဂလိပ်လိုမဖတ်တတ်သေးကြောင်း အေဘယ်က အကဲခတ်လိုက်မိသည်။ ထို့ကြောင့် သူကပင် နှစ်ယောက်တွက် မှာလိုက်သည်။

ဇာဖီယာ ထမင်းစား၍ တော်တော်မြိန်သည်။ အထူးဆန်းမဟုတ်သော ဟင်းလျာများကိုပင် ချီးမွမ်းမဆုံးဖြစ်နေသည်။ ခေတ်မီပြီး ပညာတတ်သော မယ်လာနီနှင့် တွဲနေခဲ့ရသော အေဘယ်သည် ရိုးသားပြီး ပညာမတတ်သော ဇာဖီယာကို ပို၍ သဘောကျမိသည်။

နှစ်ယောက်သား အမေရိကန်ပြည် ရောက်ပြီးမှ ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများကို စားမြုံ့ပြန်ကြသည်။ ဇာဖီယာသည် အိမ်ဖော်အဖြစ် စတင်လုပ်ကိုင်ခဲ့ပြီးမှ လက်ရှိစတီဖင်ဟိုတယ်သို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ သည်ဟိုတယ်တွင် လုပ်ကိုင်ခဲ့သည်မှာ ခြောက်နှစ်ပင်ရှိပြီ။ အေဘယ်ကလည်း သူ့အကြောင်း ပြန်လည်ပြောပြသည်။

"နောက်ဆုံး ဇာဖီယာက အေဘယ်၏ လက်ပတ်နာရီကို တစ်ချက်စောင်းကြည့်ပြီး

"အချိန်လဲ ကြည့်ပါဦး ဝလာဒက်၊ ၁၁ နာရီတောင် ကျော်သွားပြီ၊ မနက်ကျတော့ ကျွန်မက ခြောက်နာရီမှာ အလုပ်ဝင်ရမယ်"

လေးနာရီတိတိ အချိန်ကုန်လွန်သွားခဲ့သည်ကို အေဘယ်က သတိပင်လုံးဝမပြုမိ။ ဆက်ပြောရဦးမည်ဆိုလျှင် မိုးအလင်း ထိုင်ပြောချင်သေးသည်။ သူက ဇာဖီယာ၏ ပင်ကို အလှတွင် ယစ်မူးနေမိပြီ မဟုတ်လား။

"တို့နှစ်ယောက် ဒီလိုပဲ ခဏခဏ တွေ့ကြရအောင် ဇာဖီယာ"

"ရှင် ဆန္ဒရှိရင် ရပါတယ် ဝလာဒက်"

စတီဖင်ဟိုတယ် နောက်ဘက်တံခါးဝတွင် ရပ်လိုက်ကြသည်။

"ဒီက ကျွန်မ ဝင်ရမယ်၊ ရှင် လက်ထောက်မန်နေဂျာ ဖြစ်လာရင်တော့ ရှေ့ပေါက်က

ဝင်ရမှာပဲ ဝလာဒက်”

“ငါ့ကို ဝလာဒက်လို့ မခေါ်ပါနဲ့တော့၊ အောဘယ်လို့ ခေါ်ပါ”

“ဘယ့်နှယ် အောဘယ်ဟုတ်လား၊ ဒါပေမယ့် ရှင့်နာမည်က ဝလာဒက်ပဲဟာ”

“အလျင်ကတော့ ဟုတ်ပါတယ်၊ အခု မဟုတ်တော့ဘူး၊ ငါ့နာမည်ကို အောဘယ်ရှီစနော့စကီး လို့ ပြောင်းလိုက်ပြီ”

“အောဘယ်ဆိုတဲ့ နာမည်က တစ်မျိုးကြီးပဲ၊ ဒါပေမယ့် ရှင်နဲ့တော့ လိုက်ပါတယ်၊ ညစာ ကျွေးတာ ကျေးဇူးတင်ပါတယ် အောဘယ်၊ နောက်မှ ပြန်တွေ့ကြသေးတာပေါ့၊ ကဲ သွားမယ်နော်၊ ဂွတ်နိုက်”

“ဂွတ်နိုက်... ဇာဖီယာ”

ဇာဖီယာ အမှုထမ်း တန်းလျားသို့ ဝင်သွားသည်အထိ အောဘယ်က ရပ်ကြည့်နေသည်။

ထို့နောက် ပြန်လျှောက်လာပြီး ဟိုတယ်ရှေ့ပေါက်မှ ဝင်လာခဲ့သည်။

ထိုအချိန်တွင် သူသည် သူ၏ အထီးကျန်ဘဝကို ပထမဆုံးအကြိမ် သဘောပေါက်လိုက် မိလေသည်။

◇ ◇ ◇

အောဘယ်သည် သီတင်းပတ် ရက်အားများတွင် ဇာဖီယာအကြောင်းကိုသာ တွေးနေမိသည်။ ဇာဖီယာနှင့်အတူ နေခဲ့ရပုံ၊ သင်္ဘောပေါ်တွင် ခရီးသည်အခန်းများ ပေရေညစ်ပတ်နေပုံ၊ အယ်လစ်အိုင်လင်းတွင် ခရီးသည်များ တန်းစီ၍ ဆေးစစ်ခံကြရပုံ စသည်တို့ကို မြင်ယောင်နေမိ သည်။ အထူးသဖြင့် သူတို့နှစ်ယောက် အသက်ကယ် လှေထဲတွင် တဒင်္ဂတွေ့ဆုံခဲ့ရပုံကိုပို၍ သတိရမိသည်။

သူသည် ထမင်းစားချိန်တွင် ဟိုတယ် စားသောက်ခန်း၌ အမြဲတမ်း သွားစားလေ့ရှိ သည်။ ရည်ရွယ်ချက်ကတော့ ဇာဖီယာနှင့် နီးကပ်မှုရှိရန်နှင့် သူမ၏ စားပွဲထိုးမိတ်ဆွေဆိုသူ အား အကဲခတ်ရန်ဖြစ်သည်။

တနင်္ဂနွေနေ့ တစ်နေ့တွင် ဇာဖီယာက အောဘယ်အား ဘုရားရှိခိုးကျောင်းသို့ခေါ်၍ လိုက်သွားရသည်။ ပိုလန်အမျိုးသား ဘုန်းကြီး၏ တရားသံကို ကြားရသောအခါ အောဘယ်မှာ ဇာတိရပ်ရွာကို လွမ်းချင်သလိုလို ခံစားရသည်။

ဘုရားရှိခိုးပွဲပြီးသောအခါ တစ်ယောက်လက် တစ်ယောက်ဆွဲပြီး ဟိုတယ်သို့ ပြန်လျှောက် လာခဲ့ကြသည်။

“ဒါနဲ့... စတီဖင်ဟိုတယ်က အလုပ်ကိစ္စက ဘယ်လိုလဲ အောဘယ်”

“မနက်ဖြန်မနက်မှာ သူတို့ ဆုံးဖြတ်ချက် ထုတ်ပြန်မယ်လို့ ပြောတာပဲ”

“ရှင်သာရရင်တော့ ကျွန်မ သိပ်ဝမ်းသာမှာပဲ၊ ရှင့်အနေနဲ့ လက်ထောက်မန်နေဂျာကောင်း တစ်ယောက် ဖြစ်လာမယ်ဆိုတာ ကျွန်မ သံသယမရှိ ယုံကြည်တယ်”

"ကျေးဇူးတင်ပါတယ် ဇာဖီယာ"

"ဒါနဲ့ ဒီညမှာ ကျွန်မ အစ်မဝမ်းကွဲတွေနဲ့အတူ ညစာ လိုက်စားပါလား၊ တနင်္ဂနွေနေ့ ညနေတိုင်း ကျွန်မက သူတို့ဆီကို အမြဲတမ်းသွားတယ်"

"ကောင်းပါတယ်၊ ငါ ဝမ်းသာပါတယ်"

ဇာဖီယာ၏ အစ်မဝမ်းကွဲများမှာ မြို့လယ် 'ဆော့ဆေ့ဂျ်' စားသောက်ဆိုင်အနီးတွင် နေထိုင်ကြသည်။ 'ဘစ်ခ်' ကားသစ်ကလေး မောင်းလာသော ပိုလန်မိတ်ဆွေတစ်ယောက်နှင့် ဇာဖီယာ ရောက်လာသောအခါ သူတို့က တော်တော်ကလေး အထင်ကြီးသွားကြသည်။

သူတို့မိသားစုသည် 'ကတ်ယာ' နှင့် 'ဂျနီနာ' ဆိုသော ညီအစ်မနှစ်ယောက်နှင့် ကတ်ယာ၏ ခင်ပွန်း ဂျနက်တို့ ဖြစ်ကြသည်။

အေဘာယ်က ကတ်ယာတို့ ညီအစ်မအား နှင်းဆီတစ်စည်း လက်ဆောင်ပေးသည်။ ကတ်ယာတို့ ညီအစ်မက သူ၏ အနာဂတ်တိုးတက်ရေး ရည်မှန်းချက်ကို မေးသောအခါ အေဘာယ်က ပိုလန်သံပီပီသသဖြင့် မေးခွန်းတိုင်းကို ဖြေသည်။

ညစာ စားပွဲတွင် ပိုလန် အစားအစာများ စုံနေသဖြင့် အေဘာယ်အဖို့ ၁၅ နှစ်ကာလအတွင်း အမြိန်ရှက်ဆုံး ထမင်းတစ်နပ်ပင်ဖြစ်သည်။

စတီဖင်ဟိုတယ်သို့ ကားမောင်းပြီး ပြန်လာကြစဉ် အေဘာယ်ကမေးသည်။

"မနက်ဖြန် ငါနဲ့တွေ့ဖို့ အချိန်ရပါ့မလား"

"ရနိုင်ပါတယ်၊ အဲဒီအချိန်ကျတော့ ရှင်က ကျွန်မတို့ရဲ့ လက်ထောက်မန်နေဂျာကြီး ဖြစ်နေပြီပေါ့"

အေဘာယ်က ဘာမှပြန်မပြော။ ပြုံးရုံသာ ပြုံးနေသည်။

ဇာဖီတာက ကားခါးကိုဖွင့်ပြီး ဟိုတယ်နောက်ဘက် တံခါးဆီသို့ လျှောက်သွားသည်။ အေဘာယ်က ကားပေါ်မှ ထိုင်ကြည့်ရင်း မနက်ဖြန် ဖြစ်ပေါ်လာမည့် အခြေအနေကို သိရရင် သူမ ဘယ်လိုများ ခံစားရလိမ့်မလဲဟု တွေးမိသည်။

◇ ◇ ◇

နောက်တစ်နေ့တွင် မနက်ငါးနာရီမထိုးခင် မိနစ်အနည်းငယ်အတွင်း အေဘာယ် အိပ်ရာမှ နိုးလာသည်။ အခန်းထဲတွင် မှောင်နေတုန်းရှိသေးသည်။ သို့သော် သူက မိုးလင်းအောင် မစောင့်နိုင်တော့ဘဲ 'ရှီကာဂိုထရီဗွန်း' သတင်းစာ လှမ်းမှာလိုက်ပြီး စီးပွားရေးကဏ္ဍကို ဟိုလှန် သည်လှန် ဖတ်လိုက်သည်။

ထို့နောက် အဝတ်အစားလဲပြီး ၇ နာရီတိတိတွင် စားသောက်ခန်းသို့ ဆင်းလာခဲ့သည်။ စားသောက်ခန်းတွင် ဇာဖီယာကို မတွေ့ရ။ သူ၏ မိတ်ဆွေဆိုသူ စားပွဲထိုး လူငယ်ကိုသာ တွေ့ရသည်။ အေဘာယ်က မကောင်းသောနိမိတ်ဟု ယူဆလိုက်သည်။

နံနက်စာစားပြီး သူ့အခန်းသို့ ပြန်လာခဲ့သည်။ ပြီးတော့ မှန်ရှေ့တွင်ရပ်ကာ အဝတ်အစားကို သေသေသပ်သပ် ပြန်ဝတ်ပြီးနောက် ဘဏ်တိုက်သို့ ထွက်လာခဲ့သည်။ ၉ နာရီ ၄ မိနစ်တွင် ဘဏ်တိုက်သို့ ရောက်သည်။

"လောလောဆယ် မစ္စတာဖင်တန် မအားသေးပါဘူးရှင်၊ နာရီဝက်လောက်တော့ ကြာပါလိမ့်မယ်၊ စောင့်ချင်ရင်လဲ စောင့်နေပါ၊ ဒါမှမဟုတ် နောက်တစ်ခေါက် ပြန်လှည့်လာရင်လဲ ရပါတယ်" အတွင်းရေးမှူး စာရေးမက ပြောသည်။

"ကျွန်တော် ပြန်လှည့်လာခဲ့ပါ့မယ်"

သူသည် ဘဏ်တိုက်မှ ပြန်ထွက်လာပြီး လာဆလီလမ်းထဲမှ ဈေးဆိုင် မှန်ပြတင်းပြခန်းများကို လျှောက်ကြည့်သည်။ မိန်းမဝတ် အထည်လှလှများကိုမြင်တော့ ဇာဖီယာကို သတိရလာမိသည်။

နာရီဝက်ခန့်ကြာတော့ ကွန်တီနင်တယ်ဘဏ်သို့ ပြန်လာခဲ့သည်။

"မစ္စတာ ဖင်တန် အားပါပြီရှင့်"

အောဘယ်သည် ဘဏ်မန်နေဂျာ၏ ရုံးခန်းသို့ ဝင်လာခဲ့သည်။ သူ့လက်တွေ ချွေးပြန်နေသလို ခံစားမိသည်။

"မင်္ဂလာနံနက်ပါ မစ္စတာရို့စနော့စကီး၊ ထိုင်ပါ"

မစ္စတာဖင်တန်က စားပွဲအံဆွဲထဲမှ ဖိုင်တွဲတစ်ခုကို ဆွဲထုတ်လိုက်သည်။ အပေါ်တွင် 'လျှို့ဝှက်'ဟူ၍ ရေးထားသည်။

"ကျုပ်ရတားတဲ့ သတင်းကို ကြားရတော့ ခင်ဗျားအနေနဲ့ ဝမ်းသာလိမ့်မယ် ထင်တာပဲ၊ ဟိုတယ်တွေ ဝယ်မယ့်ပုဂ္ဂိုလ်ကတော့ ဆက်လုပ်ဖို့ အသင့်ဖြစ်နေပြီ၊ ဒါပေမယ့် ခင်ဗျားနဲ့ အပေးအယူတစ်ခုတော့ လုပ်ရလိမ့်မယ်၊ နှစ်ဦးနှစ်ဖက် ကောင်းဖို့အတွက်ပါ"

"အလွန်ကောင်းပါတယ် ခင်ဗျား"

"သူက မစ္စတာလိုရှိုင်း ပေးဆပ်စရာရှိတဲ့ အကြွေးနှစ်သန်းကို ထုတ်ပေးမယ်၊ တစ်ချိန်တည်းမှာ ကုမ္ပဏီအသစ်တစ်ခုလဲ ထောင်မယ်၊ အဲဒီ ကုမ္ပဏီမှာ သူက အစုရှယ်ယာ ၆၀ ရာခိုင်နှုန်းပိုင်ပြီး ခင်ဗျားက ၄၀ ရာခိုင်နှုန်းပိုင်ရမယ်၊ ဒီတော့ ခင်ဗျားပိုင်မယ့် ၄၀ ရာခိုင်နှုန်းက ငွေတန်ဖိုးအားဖြင့် ဒေါ်လာ ရှစ်သိန်း တန်ဖိုးရှိတယ်၊ ဒါပေမယ့် ခင်ဗျားက အဲဒီငွေကို လက်ငင်းပေးသွင်းစရာမလိုဘူး၊ ကုမ္ပဏီကပဲ ချေးငွေသဘောထုတ်ပေးမယ်၊ ၁၀ နှစ်အတွင်း အကျေပြန်ဆပ်ရမယ်၊ အတိုးက ၄ ရာခိုင်နှုန်းတိုး၊ အမြတ်ငွေထဲက ခုနှိမ်ပြီး ပြန်ဆပ်သွားရမယ်၊ ဆိုလိုတာက ကုမ္ပဏီအနေနဲ့ အမြတ်ငွေ တစ်သိန်းရလာတဲ့နှစ်မှာ အဲဒီအမြတ်ထဲက လေးသောင်းကို အတိုးနဲ့တကွ မင်းရဲ့ ချေးငွေအတွက် ပြန်ဆပ်ပေးမယ်၊ မင်းရဲ့ ချေးငွေ ဒေါ်လာရှစ်သိန်းကို ၁၀ နှစ်အတွင်း ရှင်းနိုင်တဲ့အခါကျတော့ ကုမ္ပဏီရဲ့ ကျန်ရှယ်ယာ ၆၀ ရာခိုင်နှုန်းကို မင်းဝယ်ချင်ရင် ဝယ်ခွင့်ပြုမယ်၊ မင်းကနောက်ထပ် ဒေါ်လာသုံးသန်း ထပ်ပေးရုံပဲ၊ ဒီနည်းအားဖြင့် မူလဝယ်သူက သူ့ရဲ့ ရင်းနှီးမြှုပ်နှံငွေကို ပြန်ရသွားပြီး မင်းက ရစ်ချ်မွန့်ဟိုတယ်တစ်ခုလုံးရဲ့ ပိုင်ရှင်ဖြစ်လာမယ်။

"ပြီးတော့လဲ မင်းအနေနဲ့ တစ်နှစ်ကို လစာငွေ ဒေါ်လာသုံးထောင်ရဦးမယ်၊ မင်းက

ကုမ္ပဏီရဲ့ ဥက္ကဋ္ဌဖြစ်လာပြီး လုပ်ငန်းတစ်ခုလုံးကို ကြီးကြပ်အုပ်ချုပ်ရမယ်၊ ငွေရေးကြေးရေးကိစ္စနဲ့ ပတ်သက်လာရင် ငါနဲ့ အမြဲတမ်း တိုင်ပင်ရမယ်၊ ဘဏ္ဍာရေးအခြေအနေမှန်သမျှကို ငါက မင်းဆီ မှန်မှန် အစီရင်ခံစာတင်ပြဖို့ ငါ့ကို တာဝန်ပေးထားတယ်၊ မူလပိုင်ရှင်က လုပ်ငန်းကရလာတဲ့ အမြတ်မှန်သမျှကို လုံးဝထုတ်မယူဘူး၊ လုပ်ငန်းထဲမှာပဲ ပြန်လည်မြှုပ်နှံရင်းနှီးသွားမယ်၊ ပြီးတော့ သူ့ကိုယ်တိုင်လဲ ဒီလုပ်ငန်းမှာ ဘယ်လိုမှ ကိုယ်ထိလက်ရောက် ဝင်လုပ်မှာ မဟုတ်ဘူး၊ သူဘယ်သူဘယ်ဝါဆိုတာကို မင်းအနေနဲ့ စုံစမ်းနေစရာမလိုဘူး၊ စုံလဲ မစုံစမ်းစေချင်ဘူး။

"အဲဒီတော့ ဒီအစီအစဉ်ကို မင်းအနေနဲ့ စဉ်းစားချိန် ၁၄ ရက်ပေးတယ်၊ မင်းဆုံးဖြတ်ချက်ကိုသာ အဲဒီနေ့မှာ အပြီးအပိုင်သိချင်တယ်"

အောဘယ်က ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။

"ငြိမ်မနေပါနဲ့၊ စိတ်ထဲရှိတာသာ ပြောပါ"

"ဆုံးဖြတ်ချက်ချဖို့အတွက် ၁၄ ရက်တောင် မလိုပါဘူး ခင်ဗျား၊ ကျွန်တော် အခုချက်ချင်းပဲ လက်ခံပါတယ်၊ သူ့ကို ကျေးဇူးအထူးတင်ကြောင်း ပြောပြစေချင်ပါတယ်၊ သူ့အကြောင်းကိုလဲ ကျွန်တော် ဘယ်တော့မှ မစုံစမ်းပါဘူးဆိုတာ ကတိပေးပါတယ်"

"အဲဒါကောင်းတယ်" မစ္စတာ ဖင်တန်က ပြုံးပြီး ပြန်ပြောသည်။ "နောက်တစ်ခုကတော့ အသေးအဖွဲကိစ္စကလေးပါ၊ ဟိုတယ် ငွေစာရင်း အားလုံးကို ကွန်တီနင်တယ်ဘဏ်ကိုပဲ အပ်ရမယ်၊ အဓိကစာရင်းကို ငါ့လက်အောက်မှာ ထားမယ်၊ ငါက ကုမ္ပဏီသစ်ရဲ့ ဒါရိုက်တာတစ်ယောက်အဖြစ် တစ်နှစ်ကို ဒေါ်လာတစ်ထောင်ရမယ်"

"အခုလို လူကြီးမင်းကိုယ်တိုင် ပါဝင်တဲ့အတွက် ကျွန်တော် အများကြီး ဝမ်းသာပါတယ် ခင်ဗျား၊ လူကြီးမင်းနဲ့ အတူလုပ်ကိုင်ရတာကို ကျွန်တော် အများကြီး ဂုဏ်ယူမိပါတယ်"

"နောက်တစ်ခုက သူက လောလောဆယ် လုပ်ငန်းကိစ္စတွေအတွက် သုံးစွဲနိုင်အောင် ဒေါ်လာ ၂,၅၀,၀၀၀ လဲ ဘဏ်တိုက်မှာ ပေးသွင်းထားမယ်၊ အဲဒီအတွက် အတိုးနှုန်းကလဲ ၄ ရာခိုင်နှုန်းပဲ၊ တကယ်လို့ အဲဒီငွေနဲ့မလောက်ရင် ကျုပ်ဆီကို တင်ပြပါ"

"ညွှန်ကြားချက်အတိုင်း ကျွန်တော်လုပ်ပါ့မယ် ခင်ဗျာ"

မစ္စတာဖင်တန်က စားပွဲအံဆွဲဖွင့်ပြီး ကျူးဘားနိုင်ငံထွက် ဟားဗားနား ဆေးပြင်းလိပ်ကြီးတစ်လိပ် ထုတ်ပေးသည်။

"မင်း ဆေးလိပ်သောက်တတ်သလား"

"ဟုတ်ကဲ့ သောက်တတ်ပါတယ်ခင်ဗျာ"

အောဘယ်က သူ့တစ်သက်တွင် တစ်ခါမျှ မသောက်ဖူးသော ဆေးပြင်းလိပ်ကို လှမ်းယူလိုက်သည်။

◆ ◆ ◆

အေဘယ် ဘဏ်တိုက်မှ ပြန်လာခဲ့သည်။ ဆေးပြင်းလိပ်မသောက်ဖူးပဲ သောက်လာခဲ့မိ၍ တစ်လမ်းလုံး ချောင်းဆိုးလာခဲ့သည်။

စတီဖင်ဟိုတယ်ရောက်တော့ မစ္စတာမက်တွန် ဆင်ဝင်တွင် ရပ်နေသည်ကို တွေ့ရသည်။

အေဘယ်က တစ်ဝက်ခန့်ကျန်သေးသော ဆေးပြင်းလိပ်ကို မီးငြိမ်းလိုက်ပြီး မစ္စတာ မက်တွန်အနီးသို့ လျှောက်လာသည်။

"မစ္စတာ ရို့စနော့စကီး ကြည့်ရတာ ဒီနေ့မနက် တော်တော်ပျော်နေပုံပါပဲလား"

"ဟုတ်ပါတယ် ခင်ဗျား၊ ကျွန်တော်က ဒီဟိုတယ်မှာ မန်နေဂျာ မလုပ်ရတာတစ်ခုအတွက်ပဲ စိတ်မကောင်းဖြစ်နေမိပါတယ်"

"ကျုပ်လဲ အဲဒီလိုပဲ ခံစားရတယ်၊ ဒါပေမယ့် ကြားရတဲ့သတင်းအတွက် ကျုပ်က ပိုပြီးတောင် ဝမ်းသာပါသေးတယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျား"

◇ ◇ ◇

အေဘယ်သည် မစ္စတာ မက်တွန်ထံမှ ထွက်လာခဲ့ပြီး စားသောက်ခန်းထဲသို့ ဝင်လာခဲ့သည်။ ဇာဖီယာကို လိုက်ရှာသည်။ သူမ တာဝန်ပြီးသွားပြီ။

ဓာတ်လှေကားဖြင့် သူ့အခန်းသို့ တက်လာခဲ့သည်။ ဆေးပြင်းလိပ်တိုကို ပြန်ညှိပြီး အေးအေးဆေးဆေး ဖွာရှိုက်နေသည်။

ပြီးတော့ ကိန်းနှင့် ကဘော့ဘဏ်တိုက်သို့ ဖုန်းဆက်သည်။ အတွင်းရေးမှူး စာရေးမက ဝီလျံကိန်းဆီသို့ တန်း၍ဆက်ပေးသည်။

"မစ္စတာကိန်း၊ ရစ်ချ်မွန့် ဟိုတယ်လုပ်ငန်းက ပေးစရာရှိတဲ့ အကြွေးကို ပြန်ပေးဖို့ အဆင်သင့်ဖြစ်နေပါပြီ၊ ကွန်တီနင်တယ်ဘဏ်က မစ္စတာ ကာတစ်ဖင်တန်ဆိုတဲ့ ပုဂ္ဂိုလ်က ဒီနေ့ပဲ ခင်ဗျားနဲ့ဆက်သွယ်ပြီး အသေးစိတ် ပြောပြပါလိမ့်မယ်၊ ဒါကြောင့် ဟိုတယ်တွေကို ရောင်းပစ်ဖို့ မလိုတော့ပါဘူး"

တစ်ဖက်မှ ဘာသံမှ မကြားရ။ အေဘယ်က ကျိတ်ပြီး ဝမ်းသာနေသည်။ ခဏကြာတော့မှ တစ်ဖက်မှ အသံပေါ်လာသည်။

"ဒီလိုသိရတာ ကျေးဇူးတင်ပါတယ် မစ္စတာရို့စနော့စကီး၊ အခုလို ခင်ဗျားအနေနဲ့ အဆင်ပြေသွားတာ ကျွန်တော် ဝမ်းသာကြောင်း ပြောလိုပါတယ်၊ ခင်ဗျားရဲ့ အနာဂတ်စီမံကိန်း အောင်မြင်ပါစေလို့လဲ ဆုတောင်းလိုက်ပါတယ်"

"အဲဒီတော့ အနာဂတ်မှာ ခင်ဗျားနဲ့ကျွန်တော်နဲ့ တွေ့ကြသေးတာပေါ့ ဟုတ်လား"

အေဘယ် ဖုန်းကို ဆက်ကနဲ ပြန်ချပစ်လိုက်သည်။ ပြီးတော့ အိပ်ရာပေါ် လှဲချလိုက်ပြီး သူ၏ အနာဂတ် စီမံကိန်းကို တွေးနေမိသည်။

"အေး နေနှင့်ပေါ့ကွာ၊ တစ်နေကျတော့ မင်းဘဏ်တိုက်ကို ငါ၀ယ်ယူနိုင်အောင် ကြိုးစားပြပါ့မယ်၊ အဲဒီတော့မှ မစ္စတာလီရှိုင်းလိုပဲ မင်းလဲ ၁၂ ထပ်ပေါ်က ခုန်ချပြီးတော့ သေဆိုးနဲ့ သေရစေ့မယ်၊ စောင့်သာ ကြည့်နေပေတော့"

အေဘာယ်က အခန်းမျက်နှာကြက်ကို ကြည့်ကာ တစ်ကိုယ်တည်း ပြောနေသည်။

ထို့နောက် တယ်လီဖုန်းကို ပြန်ကောက်ပြီး 'ဂရိတ်ဝက်စတန်အာမခံကုမ္ပဏီ' မှ မစ္စတာ ဟင်နရီအော့စဘွန်းနှင့်ဆက်ပေးရန် အော်ပရေတာကို ပြောလိုက်သည်။

✣

(၁၉)

ဝိလျံသည် တယ်လီဖုန်းစကားပြောခွက်ကို ပခက်ပေါ် ပြန်တင်လိုက်သည်။

အေဘယ်က သူ့အားတိုက်တိုက်ခိုက်ခိုက် စကားပြောသွားသည့်အတွက် သူက စိတ်မဆိုးသည့်အပြင် ကျေနပ်နှစ်သိမ့်စိတ်ပင် ဖြစ်မိသည်။ ရစ်ချ်မွန့်ဟိုတယ်လုပ်ငန်းကြီး တိုးတက်လာအောင် လုပ်နိုင်ပါသည်ဟု ရဲရဲဝံ့ဝံ့ပြောလာသော ပိုလန်သားကလေးအား သူတို့ဘဏ်တိုက်က ဘယ်လိုမှ အကူအညီပေးရန် ဆန္ဒမရှိသည်ကိုတော့ ဝိလျံက တော်တော်ပင် စိတ်မကောင်းဖြစ်မိသည်။

အေဘယ်ရိုစနော့စကီးသည် အကြွေးငွေကို အပြေအလည် ပေးဆပ်ပြီး ဟိုတယ်အားလုံးကို ပြန်ယူမည်ဖြစ်ကြောင်း ဝိလျံက ဘဏ္ဍာရေးကော်မတီသို့ ပြန်လည် အစီရင်ခံလိုက်သည်။

နောက် တစ်ရက် နှစ်ရက်အတွင်းတွင် သူ့လက်အောက်၌ လုပ်ကိုင်ရန် မက်သယူးရောက်လာသည်။ ဝိလျံ တော်တော်ဝမ်းသာသွားသည်။ မက်သယူးရောက်လာ၍ ဝိလျံအဖို့ လုပ်ငန်းတစ်ဝက်လောက်ပေါ့သွားသည်။ အားလပ်ချိန်များတွင် ရေကူးခြင်း၊ တင်းနစ်ရိုက်ချင်း၊ စကိတ်စီးခြင်း စသော အားကစားလုပ်ငန်းများဘက်သို့လည်း အချိန်ပေးနိုင်လာသည်။

တစ်နေ့တွင် စကားစပ်မိ၍ ကက်သရိန်းအကြောင်းကို မက်သယူးအား ပြောပြလိုက်သည်။

"ဘဏ်တိုက်အနေနဲ့ ရွှေတွေ များများ ဝယ်သင့် မဝယ်သင့် ဘုတ်အစည်းအဝေးလုပ်နေချိန်မှာ ဝိလျံကိန်းဆိုတဲ့ လူတစ်ယောက်ကို သူ့ဆီစိတ်ရောက်နေလောက်အောင် ညှို့ထားနိုင်တဲ့ မိန်းမတစ်ယောက်ကိုတော့ ငါ တစ်ချက်လောက် ကြည့်ဖြစ်အောင် ကြည့်ချင်ပါတယ်ကွာ" ဟု မက်သယူးက ပြောင်သလို နောက်သလိုဖြင့် ပြန်ပြောသည်။

"ကြည့်ရပါလိမ့်မယ်ကွာ၊ ခဏစောင့်ပါဦး၊ သူ့ကိုမြင်ရတော့ သူဟာ ရွှေထက် တန်ဖိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုဆိုတာ မင်းသဘောပေါက်မှာ သေချာပါတယ်"

"မင်းပြောတာ ငါယုံကြည်ပါတယ်ကွာ၊ ငါက ဒီအကြောင်း ငါ့ညီမ ဆူဆန်ကိုလဲ ပြန်ပြီး ပြောမပြပါဘူး၊ သူက ဒီကမ္ဘာမှာ မင်းတစ်ယောက်ပဲရှိတယ်လို့ ထင်နေတုန်းပဲကွ"

ဝီလျံက သဘောကျစွာဖြင့် ရယ်လိုက်သည်။ တကယ်တော့ ဆူဆန်အကြောင်းကို သူက အိပ်မက်ပင် မမက်ခဲ့။

◇ ◇ ◇

ကက်သရင်းထံမှ စာတွေ တစ်နေ့ထက် တစ်နေ့ များလာသည်။ ဝီလျံက ယင်းစာတွေကို သေသေချာချာ ဖိုင်တွဲပြီး သူ့အိပ်ခန်းထဲမှ ဗီရိုအံဆွဲထဲတွင် အမြတ်တနိုး သိမ်းဆည်းထားသည်။

သူသည် ယင်းစာတွေကိုထုတ်ပြီး ခဏခဏ ပြန်ဖတ်သည်။ တချို့စာတွေကို နှုတ်တိုက်ပင် ရနေပြီ။

နောက်ဆုံးတော့ သူအမျှော်လင့်ဆုံးသော စာမျိုးရောက်လာတော့သည်။

**ဘတ်က်ဟတ်စ်ဥယျာဉ်**
**၁၉၃၀၊ ဖေဖော်ဝါရီ၊ ၂၀။**

ချစ်သောဝီလျံ...

တချို့ပစ္စည်းတွေ ရောင်းသင့်ရောင်း၊ ပေးသင့်ပေး၊ လွှင့်ပစ်သင့် လွှင့်ပစ်ပြီး ကျွန်မတော့ ဇာတိမြေက ထွက်ခွာလာခဲ့ပါပြီ၊ ၁၉ ရက်နေ့မှာ ကျွန်မ ဘော့စတွန်ကို ရောက်လာပါလိမ့်မယ်။

ရှင်နဲ့ ပြန်တွေ့ရမှာကိုတွေးပြီး ကျွန်မရင်ထဲမှာ စိုးထိတ်မိသလို ခံစားနေရပါတယ်။ ဒီခံစားချက်ကလေးဟာ ပင်လယ်ရေမျက်နှာပေါ် တက်လာတဲ့ ရေပွက်ပမာ တစ်ခဏတာများ ဖြစ်နေလိမ့်မလား။ အဲဒီလို မဖြစ်ပါစေနဲ့လို့ ဘုရားသခင်ထံတော်ပါးမှာ အကြိမ်ကြိမ် ဆုပန်ခြွေမိပါတယ်။

**အချစ်များစွာဖြင့်**
**ကိတ်**

ကက်သရိန်း ရောက်မလာခင်ညတွင် ဝီလျံက အပြန်အလှန် စဉ်းစားပြီး ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ တခြားမဟုတ်၊ ကက်သရိန်းနှင့်ပတ်သက်၍ ဘယ်အရာမျှ စိတ်လိုက်မာန်ပါ အလောသုံးဆယ်မလုပ်ဘဲ ခေါင်းအေးအေးဖြင့်သာ လုပ်ရန်ပင်ဖြစ်သည်။ မိမိ၏လုပ်ရပ်ကြောင့် နောင်အခါတွင် နှစ်ယောက်စလုံး စိတ်မချမ်းမသာဖြစ်ရမည့်လုပ်ငန်းမျိုး မဖြစ်စေချင်သောကြောင့်ပင်ဖြစ်သည်။ သူ့မိတ်ဆွေ မက်သယူးကလည်း ယင်းသို့ပင် အကြံပေးသည်။

"သိပ်ပြီး ဆန္ဒမစောပါနဲ့ ဝီလျံ၊ လူတစ်ယောက်ဟာ ဒိန်းဒလိန်းနတ်ပူးနေရင် သိပ်ပြီး သတိထားရတယ်၊ စိတ်ကူးယဉ်ထက် လက်တွေ့ကို ဦးစားပေးပြီး စဉ်းစားဆုံးဖြတ်ရမယ်"

ဘူတာတွင် သွားကြိုတော့ ကက်သရိန်း၏ စံပယ်တင်အပြုံးကလေးကို မြင်လိုက်ရသော

ခဏာ၌ပင် ဝီလျံ၏ ဆုံးဖြတ်ချက်တွေ အရည်ပျော်ကျသွားတော့သည်။

သူက လူအုပ်ထဲ တိုးဝင်သွားပြီး ကက်သရိန်း၏ လက်ကို တင်းတင်းဆွဲ၍ ခေါ်ထုတ်လာသည်။

"ဇာတိဌာနေက လှိုက်လှဲဝမ်းသာ ကြိုဆိုပါတယ် ကိတ်"

ကက်သရိန်းအား နမ်းမည်လုပ်တော့ သူမက လက်နှင့် တွန်းပစ်လိုက်သည်။ ဝီလျံက နည်းနည်းကလေးတော့ အံ့သြသွားမိသည်။

"ဒါနဲ့ ဝီလျံ၊ ရှင် ကျွန်မ မိဘတွေနဲ့ မတွေ့သေးဘူးလို့ ကျွန်မ ထင်ပါတယ်"

"ဟုတ်ပါတယ်၊ အလုပ်တွေ သိပ်များနေလို့ပါ၊ ခွင့်လွှတ်ပါ ကိတ်"

"ဒါဆို ဒီနေ့ ကျွန်မတို့အိမ်မှာပဲ ညစာစားကြတာပေါ့"

"ဟာ သိပ်ကောင်းတာပေါ့ဗျာ"

ထိုနေ့က ဝီလျံသည် ကက်သရိန်း၏ မိဘများနှင့်အတူ ညစာစားဖြစ်သည်။ သူသည် ထိုနေ့ကစပြီး ကက်သရိန်းတို့အိမ်သို့သာ နေတိုင်းသွားနေတော့သည်။

သည်လိုနှင့် လုပ်ငန်းတွေ ပျက်လာသည်။ မက်သယူးနှင့် တင်းနစ်ကစား ပျက်လာသည်။

မက်သယူးက ကက်သရိန်းကို မြင်ရတော့ သူပိုင် ရွှေရှယ်ယာတွေအားလုံးနှင့် ကက်သရိန်းနှင့် လဲရန် ဝီလျံကို ပြောသည်။

"အံမယ် ဘယ်ရမလဲကွ၊ ငါက တန်ဖိုးထက် ဘယ်တော့မှ လျှော့ရောင်းတဲ့လူမဟုတ်ဘူး" ဝီလျံက ခပ်ကြွားကြွားကလေး ပြန်ပြောလိုက်သည်။

"ဒါဖြင့် ကက်သရိန်းလောက် တန်ဖိုးရှိတဲ့ အမျိုးသမီးတစ်ယောက် ဘယ်မှာ ရနိုင်မလဲ၊ ငါ့ကို လမ်းညွှန်စမ်းပါဦးကွာ"

"မခက်ပါဘူးကွ၊ စာရင်းဖျက်သိမ်းရေးဌာန သွားလိုက်ရုံပဲပေါ့"

"ဒီလိုဆို မင်းပစ္စည်းကို မြန်မြန်သာ သိမ်းပေတော့ ဝီလျံ၊ မင်းမသိမ်းရင် ငါသိမ်းမိလိမ့်မယ်ကွ"

✧ ✧ ✧

၁၉၂၉ ခုနှစ် စီးပွားရေးပျက်ကပ်ကြောင့် ကိန်းနှင့်ကဘော့ ဘဏ်တိုက်တွင် အသားတင် အရှုံးငွေဒေါ်လာ ခုနစ်သန်းကျော်သည်။ သို့သော် ဤမျှ လုပ်ငန်းကြီးမားသော ဘဏ်တိုက်ကြီးတစ်ခု၏ ငွေလုံးငွေရင်း အတိုင်းအတာနှင့်စာလျှင် ဤမျှအရှုံးငွေမှာ သာမန်မျှသာဖြစ်သည်။ အခြားလုပ်ငန်းသေးသော ဘဏ်တိုက်ကြီးပေါင်း များစွာတို့မှာမူ ဒေဝါလီခံရပြီး စီးပွားရေးလောကမှ လုံးဝ လွင့်စဉ်ကွယ်ပျောက်သွားကြသည်။

ဝီလျံကတော့ အခက်အခဲတွေ မည်မျှပင် ကြုံရသော်လည်း ၁၉၃၀ ပြည့်နှစ်ဝန်းကျင်ကာလ တစ်လျှောက်တွင် မိမိတို့လုပ်ငန်းကြီး ပြိုကွဲပျက်စီးမသွားစေရန် အားနှင့်မာန်နှင့် ကြံ့ကြံ့ခံ၍

ရန်းကန်လှုပ်ရှားခဲ့ရလေသည်။

◇ ◇ ◇

ဖရန်ကလင်ရစဗဲ့ သမ္မတဖြစ်လာသောအခါ 'နယူးဒီးလ်' ခေါ် 'မူဝါဒသစ်' ကို ကျင့်သုံးသောကြောင့် အမေရိကန်စီးပွားရေးအသက်ရှူပေါက် ရလာခဲ့သည်။ သို့သော် ဝီလျံကတော့ 'မူဝါဒသစ်' ကြောင့် သူတို့ဘဏ်တိုက်အနေဖြင့် များစွာ အကျိုးကျေးဇူးရှိနိုင်လိမ့်မည်ဟု လုံးဝမထင်။ စီးပွားရေးလောကတစ်ခုလုံး တဖြည်းဖြည်း အခြေအနေကောင်းလာသည်။ သို့သော် ဝီလျံကိန်းကတော့ လုပ်ငန်းအရှိန်မပျက်ရုံမျှသာ ဆုတ်ဆုတ်ဆိုင်းဆိုင်းနှင့် လုပ်ကိုင်နေတော့သည်။

ထိုအချိန်တွင် လန်ဒန်ဘဏ်ခွဲကို အုပ်ချုပ်နေသူ တိုနီဆိုင်မွန်က လုပ်ငန်းများကို အလုံးအရင်းနှင့် ချဲ့ထွင်လုပ်ကိုင်သည်။ လုပ်သည့်အလျောက်လည်း နှစ်နှစ်တာကာလအတွင်း ဘဏ်တိုက်အတွက် အတော်ကလေး အကျိုးအမြတ်ခံစားရသည်။ သို့ဖြင့် တစ်ဖက်တွင် ဝီလျံက အရှုံးပြနေချိန်တွင် တိုနီဆိုင်မွန်က အမြတ်ပြနေသည်။

၁၉၃၂ ခုနှစ် ကုန်ခါနီးလောက်တွင် ဘဏ်ဥက္ကဋ္ဌ အလန်လွိုက်က တိုနီဆိုင်မွန်အား လန်ဒန်ဘဏ်ခွဲ၏ လုပ်ငန်းအခြေအနေကို ဘုတ်အဖွဲ့သို့ တင်ပြရန် ဘော့စတွန်သို့ လှမ်းခေါ်လိုက်သည်။ တိုနီဆိုင်မွန်က သူ၏အောင်မြင်မှုများကို ရင်ကော့ပြီး တင်ပြရုံမျှသာမက အလန်လွိုက် အငြိမ်းစားယူသောအခါ ဥက္ကဋ္ဌနေရာကိုပင် ဝင်ရောက်အရွေးခံမည့် ရည်ရွယ်ချက်ကိုပါ အရိပ်အမြွက် ထုတ်ဖော်ပြောကြားသောအခါ ဝီလျံမှာ အကြီးအကျယ် အံ့အားသင့်သွားမိလေသည်။

တိုနီဆိုင်မွန် လန်ဒန်သို့ ပြန်သွားပြီး နောက်တစ်နှစ်တွင်လည်း လုပ်ငန်းအောင်မြင်မှုရှိသည်။ ထိုနှစ်တွင် လန်ဒန်ဘဏ်ခွဲတစ်ခုတည်းကပင် အမြတ်ငွေ ဒေါ်လာတစ်သန်းကျော်ကြောင်း ဆိုင်မွန်က ဘုတ်အဖွဲ့၏ နှစ်ဦးပထမဆုံးအစည်းအဝေးတွင် ဂုဏ်ယူဝင့်ကြွားစွာဖြင့် တင်ပြနိုင်ခဲ့သည်။ သို့သော် ဝီလျံကတော့ ထိုနှစ်တွင် အမြတ်ငွေ မဖြစ်စလောက်သာ ရရှိခဲ့သည်။

ဤအချက်သည် ဝီလျံအနေဖြင့် ဘဏ်ဥက္ကဋ္ဌရာထူးရရှိရေးအတွက် အဟန့်အတားကြီးတစ်ရပ်ဖြစ်နိုင်သည်။

ဝီလျံက သူ့ပြဿနာကို ကက်သရိန်းအား ပြောပြသည်။ ကက်သရိန်းက နားလည်မှုအပြည့်အဝဖြင့် အချိုအချဉ်အလက်များကို ဝေဖန်ကန့်ကွက်သည်။

မက်သယူးနှင့် ဆွေးနွေးသောအခါတွင်မူ မက်သယူးက ဝီလျံအား မြှောက်ပေးသည်။

"ဒါက ဘာအရေးလဲကွာ၊ ဘာမှ မခက်ပါဘူး၊ လွယ်လွယ်ကလေးပါ၊ မင်းက ဘဏ်တိုက်အစုရှယ်ယာအများစုပိုင်ထားတဲ့ လူပဲ၊ မင်းမကြိုက်ရင် ဘုတ်အဖွဲ့ဝင်တွေအားလုံး ဖြုတ်ပစ်လိုက်ပြီး ကိုယ်ကြိုက်တဲ့လူတွေ ရွေးခန့်လိုက်ရုံပေါ့၊ ပြီးတော့ မင်းက ဘဏ်ဥက္ကဋ္ဌနေရာယူလိုက်ရင် အားလုံး အိုကေပေါ့"

သည်လိုလုပ်နည်း လုပ်ဟန်မျိုးကို ဝီလျံမသိမဟုတ်။ ကောင်းကောင်းကြီးသိသည်။ သို့သော် သူက သည်နည်းမျိုးကို မသုံးချင်။ မိမိစွမ်းရည်အလျောက် တက်လာသော ရာထူးမျိုးကို

သာ လိုချင်သည်။ သူ့ဖခင်သည်လည်း သည်နည်းအတိုင်းပင် တက်လာခဲ့သည်။ ပြီးတော့ ကက်သရိန်းသည်လည်း သည်နည်းကိုပင် ကြိုက်နှစ်သက်သည် မဟုတ်လား။

၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် အလန်လွိုက်အသက် ၆၅ နှစ်ပြည့်သည်။ ထိုနေ့တွင် အုပ်ချုပ်ရေးဘုတ်အဖွဲ့ အစည်းအဝေးကျင်းပရန် ဒါရိုက်တာလူကြီးအားလုံးကို ဖိတ်ခေအလိုက်သည်။ ရည်ရွယ်ချက်ကတော့ သူ့ရာထူးကို ဆက်ခံမည့်ပုဂ္ဂိုလ်အား ရွေးချယ်ရန်ဖြစ်သည်။

စုစုပေါင်း ဘုတ်အဖွဲ့ဝင် ဒါရိုက်တာလူကြီး ၁၇ ဦးရှိရာ အားလုံးပင် အစည်းအဝေးသို့ တက်ရောက်လာကြသည်။

အစည်းအဝေး စလျှင်စချင်း ဥက္ကဋ္ဌက ၁၃ မိနစ်ကြာမျှ နောက်ဆုံး နှုတ်ဆက်မိန့်ခွန်းပြောသည်။ ဘယ်တော့မှ ဆုံးပါ့မလဲဟု ဝီလျံကတွေးမိသည်။ တိုနီဆိုင်မွန်ကတော့ သူ့ရှေ့မှ စာရေးကတ်ကို ဖောင်တိန်နှင့် အဆက်မပြတ် ခေါက်နေသည်။ တစ်ခါတစ်ခါ ဝီလျံဘက်သို့ လှည့်ကြည့်သည်။ ဝီလျံရော၊ တိုနီဆိုင်မွန်ရော ဥက္ကဋ္ဌ၏မိန့်ခွန်းကို တစ်ယောက်မျှ စိတ်မဝင်စားကြ။

ဥက္ကဋ္ဌကုလားထိုင်ပေါ် ပြန်ထိုင်သောအခါ ကျန်ပုဂ္ဂိုလ် ၁၆ ဦးတို့က လက်ခုပ်တီးကြသည်။

လက်ခုပ်သံ စဲသွားသောအခါ ဥက္ကဋ္ဌက ထိုင်ရာမှ ပြန်ထလိုက်သည်။ ပြီးတော့ ကိန်းနှင့် ကဘော့ဘဏ်တိုက်၏ ဥက္ကဋ္ဌအနေဖြင့် နောက်ဆုံးစကား ပြောကြားသည်။

"ကိုင်း လူကြီးမင်းများ ခင်ဗျား၊ အခုအချိန်ကစပြီး ကျွန်တော့်နေရာမှာ ဆက်ခံမယ့် ဥက္ကဋ္ဌသစ်ကို ရွေးကြရအောင် ဥက္ကဋ္ဌရာထူးအတွက် သင့်လျော်တဲ့ ပုဂ္ဂိုလ်နှစ်ယောက်ကို ရွေးချယ်ထားပါတယ်၊ အဲဒီအထဲက တစ်ယောက်ကို မဲဆန္ဒနဲ့ ရွေးကောက်တင်မြှောက်ဖို့ဖြစ်ပါတယ်၊ အဲဒီ နှစ်ယောက်အနက် တစ်ယောက်သောပုဂ္ဂိုလ်က မစ္စတာ အန်တော်နီဆိုင်မွန်ဖြစ်ပါတယ်၊ သူဟာ ပင်လယ်ရပ်ခြားဘဏ်ခွဲရဲ့ ဒါရိုက်တာလူကြီးဖြစ်ပါတယ်၊ ကျန်ပုဂ္ဂိုလ်ကတော့ မစ္စတာ ဝီလျံကိန်းပါပဲ၊ သူက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဒါရိုက်တာ လူကြီးဖြစ်ပါတယ်။

"ဒီပုဂ္ဂိုလ် နှစ်ယောက်စလုံးကို လူကြီးမင်းများအနေနဲ့ ရင်းရင်းနှီးနှီး သိကြပါတယ်၊ ဒါကြောင့်မို့လို့ ကျွန်တော်က သူတို့ရဲ့ အရည်အချင်းကို အထူးပြောနေစရာမလိုတော့ဘူးလို့ ယုံကြည်ပါတယ်။

"အဲဒီတော့ ကျွန်တော် မေတ္တာရပ်လိုတာကတော့ မိမိဥက္ကဋ္ဌဖြစ်လာတဲ့အခါ ကိန်းနှင့် ကဘော့ဘဏ်တိုက်ရဲ့ အနာဂတ်လုပ်ငန်း တိုးတက်ရေးအတွက် ဘယ်စီမံကိန်းတွေနဲ့ ဆောင်ရွက်မယ်ဆိုတာကို သက်ဆိုင်ရာ ပုဂ္ဂိုလ်နှစ်ယောက်က တစ်လှည့်စီတင်ပြကြဖို့ပဲ ဖြစ်ပါတယ်"

ခေါင်းပန်းလှန်စနစ်အရ ဝီလျံက ဦးစွာပြောရသည်။

"ကျွန်တော့်ဆန္ဒကတော့ ကျွန်တော်တို့ ဘဏ်တိုက်အနေနဲ့ ဒီထက်တိုးတက်ချင်ရင် လက်ရှိအခြေအနေကို ကျေနပ်နေလို့ မဖြစ်ပါဘူး၊ အလျင်တုန်းက မလုပ်ခဲ့သေးတဲ့ လုပ်ငန်းသစ်တွေကို စွန့်စားပြီး လုပ်ရပါလိမ့်မယ်၊ အထူးသဖြင့် အခြေခံလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ဖို့ လိုအပ်ပါတယ်၊ ဆိုလိုတာက အင်္ဂလန်နိုင်ငံမှာ မဖြစ်စလောက် အလုပ်ဖြစ်တာကို ရောင့်ရဲနေရုံနဲ့ မပြီးပါဘူး၊ အဓိကကျတဲ့၊ ပင်ရင်းဖြစ်တဲ့ အမေရိကမှာ လုပ်ငန်းသစ်တွေ တိုးချဲ့ဖို့ လိုအပ်

ပါတယ်၊ စီးပွားရေး ဘဏ်လုပ်ငန်းကို ဦးစူးမဲ့ထားပြီး လုပ်ကိုင်မယ့် ဘဏ်သစ်တစ်ခုလဲ ဖွင့်သင့်ပါတယ်"

အသက်အရွယ်ကြီးသော ဒါရိုက်တာ လူကြီးများက ဤအချက်ကို သဘောမတူသဖြင့် ခေါင်းတခါခါ လုပ်ကြသည်။ သို့သော် ဝီလျံက ဂရုမစိုက်ဘဲ ဆက်ပြောသည်။

"လိုရင်းကတော့ ဘဏ်လုပ်ငန်းကို တိုးချဲ့ရမယ်၊ ကနေ့ အမေရိကန် စီးပွားရေးလောကကို ကြီးကိုင်နေတဲ့ မျိုးဆက်သစ် စီးပွားရေးသမားတွေကို စိန်ခေါ်ရမယ်၊ ဒါမှ ကျွန်တော်တို့ ဘဏ်တိုက်ဟာ နှစ်ဆယ်ရာစုနှစ်ရဲ့ နောက်ဆုံးတစ်ဝက် ကာလအတွင်းမှာ အမေရိကန်ပြည်ထောင်စုရဲ့ အကြီးဆုံးသော ငွေကြေးလည်ပတ်ရေး ဗဟိုမဏ္ဍိုင်ဌာနကြီး တစ်ခုအဖြစ်သို့ ရောက်လာနိုင်ပါလိမ့်မယ်"

ဝီလျံက ကုလားထိုင်တွင် ပြန်ထိုင်လိုက်သည်။ တစ်ယောက်တစ်ပေါက် တီးတိုးပြောသံများ ပေါ်လာသည်။ သူတို့၏ မျက်နှာအမူအရာကို ကြည့်ခြင်းအားဖြင့် သူ့ကိုထောက်ခံနေကြကြောင်း သိသာသည်။

တိုနီဆိုင်မွန် ထိုင်ရာမှထလိုက်သည်။ သူက ထိန်းထိန်းသိမ်းသိမ်းဖြင့် အစဉ်အလာမပျက် လုပ်ကိုင်သွားရန် တင်ပြသည်။

"ကျွန်တော့် အမြင်ကတော့ ဘဏ်လုပ်ငန်းအားလုံးကို တတ်နိုင်သမျှ စုစုစည်းစည်း ကျစ်ကျစ်လျစ်လျစ်ဖြစ်အောင် ပြန်လည်ဖွဲ့စည်းဖို့လိုတယ်၊ ယခင်လုပ်လာခဲ့တဲ့ အစဉ်အလာကို ထိန်းသိမ်းပြီး လုပ်ငန်းသစ်တွေကိုလဲ စဉ်းစဉ်းစားစားနဲ့ တိုးချဲ့လုပ်ကိုင်သင့်တယ်၊ စီးပွားရေးကပ်အတွင်းမှာ အရှုံးမပျက် ရပ်တည်နိုင်အောင် လုပ်လာခဲ့တဲ့ ဖြစ်ရပ်တွေကို သင်ခန်းစာယူရမယ်၊ ဦးဆောင်မှုအပိုင်းမှာလဲ နှိုင်းနှိုင်းချိန်ချိန် လုပ်နိုင်ရည်စွမ်းရှိတဲ့ အတွေ့အကြုံများတဲ့ လူကြီးတွေ များများပါဝင်သင့်တယ်"

တိုနီဆိုင်မွန် ပြန်ထိုင်သွားသည်။ ဝီလျံက အခြေအနေကို အကဲခတ်လိုက်သည်။ အများစုက ဘယ်သူ့ဘက် ယိမ်းနေသည်ဆိုသည်ကို လုံးဝအကဲခတ်၍မရ။ သို့သော် ဘဏ်လုပ်ငန်းကို လက်ရှိထက် ပိုမိုတိုးချဲ့သင့်သည်ဟူသော သူ၏ တင်ပြချက်ကိုတော့ အများစုက ထောက်ခံလိမ့်မည်ဟု သူက ယုံကြည်ထားသည်။

ဘဏ်ဥက္ကဋ္ဌ အလန်လွိုက်က သူနှင့်တကွ ဥက္ကဋ္ဌလောင်း နှစ်ဦးတို့မှတစ်ပါး ကျန်ပုဂ္ဂိုလ်များက မဲဆန္ဒပေးကြရန် ပြောသည်။

ထို့နောက် ကျန်ဘုတ်အဖွဲ့ဝင် ၁၄ ဦးတို့အား ဆန္ဒမဲကတ်ပြားကလေးတွေ ဖြန့်ဝေပေးလိုက်သည်။

၎င်းတို့က ဆန္ဒမဲကတ်ပြားတွင် ဆန္ဒပေးအမှတ်အသားရေးပြီးနောက် အလန်လွိုက်ထံသို့ ပြန်ပေးလိုက်ကြသည်။

အလန်လွိုက်က ဆန္ဒမဲကတ်ပြားများကို တစ်ခုချင်း ရေတွက်နေသည်။

ဝီလျံသည် သူ့ရှေ့မှ စာရေးကတ်ပေါ်တွင် လက်တင်ကာ ခေါင်းငုံ့နေသည်။ သူသည်

အလန်လွိုက် မျက်နှာကို လုံးဝ မော်မကြည့်ရဲ။

ဆန္ဒမဲ ရေတွက်ပြီးသောအခါ အခန်းထဲတွင် လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။

အလန်လွိုက်က မဲအရေအတွက်ကို ကြော်ငြာသည်။

"မစ္စတာကိန်းက ခြောက်မဲ၊ မစ္စတာ ဆိုင်မွန်က ခြောက်မဲ၊ ပယ်မဲက နှစ်မဲ"

အချင်းချင်း တီးတိုးပြောသံများ ပေါ်ထွက်လာသည်။ အလန်လွိုက်က စကားပြောရပ်ကြရန် အမိန့်ပေးလိုက်သည်။ အားလုံး ငြိမ်သွားကြသည်။ ဝီလျံက သက်မတစ်ချက် ချလိုက်သည်။

အလန်လွိုက်က ခေတ္တတုံ့ဆိုင်းနေပြီးမှ ပြောသည်။

"အခြေအနေအရ ဒုတိယအကြိမ် ထပ်ပြီး ဆန္ဒမဲပေးရပါလိမ့်မယ်၊ ပထမအကြိမ်တုန်းက ဆန္ဒမဲမပေးခဲ့တဲ့ ပုဂ္ဂိုလ်တွေအနေနဲ့လဲ ဒီအကြိမ်မှာတော့ တစ်ဖက်ဖက်ကို ပေးဖြစ်အောင် ပေးပါလို့ အလေးအနက် မေတ္တာရပ်ခံပါတယ်၊ အဲဒါဆိုရင် ဥက္ကဋ္ဌလောင်းနှစ်ယောက်အနက် တစ်ယောက်ယောက်က ဆန္ဒမဲအများစု ရနိုင်ပါလိမ့်မယ်"

ဆန္ဒမဲကတ်ပြားကလေးတွေကို ထပ်မံဖြန့်ဝေလိုက်သည်။ ဆန္ဒပေးသူများက မိမိတို့ဆန္ဒကို စာရွက်ပေါ်တွင် ရေးမှတ်ကြသည်။

ထို့နောက် ကတ်ပြားများကို အလန်လွိုက်ထံသို့ ပြန်ပေးလိုက်သည်။

အလန်လွိုက်က ဆန္ဒမဲများကို ဖြည်းဖြည်းချင်း ရေတွက်သည်။ ရေတွက်ပြီးတော့ ဆန္ဒမဲရရှိသူ၏အမည်ကို အသံကျယ်ဖြင့် အော်၍ ကြေငြာသည်။

"ဝီလျံကိန်း"

"အန်တိုနီဆိုင်မွန် ... အန်တိုနီဆိုင်မွန် ... အန်တိုနီဆိုင်မွန်"

ဝီလျံက တစ်မဲ၊ တိုနီဆိုင်မွန်က သုံးမဲရနေပြီ။

"ဝီလျံကိန်း ဝီလျံကိန်း"

"အန်တိုနီဆိုင်မွန်"

"ဝီလျံကိန်း... ဝီလျံကိန်း... ဝီလျံကိန်း"

ဝီလျံက ခြောက်မဲ၊ ဆိုင်မွန်က လေးမဲဖြစ်သွားပြီ။

"အန်တိုနီဆိုင်မွန်... အန်တိုနီဆိုင်မွန်"

"ဝီလျံကိန်း"

ဝီလျံက ခုနစ်မဲ၊ ဆိုင်မွန်က ခြောက်မဲ။ အဆုံးအဖြတ်က တစ်မဲပဲကျန်တော့သည်။

ဝီလျံက အလန်လွိုက်ကို ကြည့်ပြီး အသက်ပင်မရှူနိုင်အောင် ဖြစ်နေသည်။ ဆန္ဒမဲလိပ်ကို အလန်လွိုက် ဖြန့်ကြည့်နေချိန်သည် တစ်သက်တာလောက် ကြာနေသည်ဟု ထင်မိသည်။

နောက်ဆုံးတော့ အလန်လွိုက်က ကြော်ငြာလိုက်သည်။

"အန်တိုနီဆိုင်မွန်၊ လူကြီးမင်းများ ခင်ဗျား နှစ်ယောက်စလုံး ခုနစ်မဲစီနဲ့ ထိပ်တိုက်ဖြစ်နေပါတယ်"

အလန်လွိုက်က သဘာပတိ အဆုံးအဖြတ် မဲပေးရမည့် အခြေအနေသို့ ရောက်လာပြီ။ အလန်လွိုက်အနေဖြင့် မည်သူ့ကိုမျှ ကြိုပြောဆိုထားခြင်းမရှိသော်လည်း ယခု ထိပ်တိုက်ကြုံလာလျှင် ဆိုင်မွန်ကို ဆန့်ကျင်ပြီး သူ့ကိုသာ မဲပေးလိမ့်မည်ဟု ဝီလျံက ကျိန်းသေပေါက် တွက်ထားသည်။

"လူကြီးမင်းများ ခင်ဗျား၊ နှစ်ကြိမ်စလုံးမှာ တစ်ဖက်နှင့်တစ်ဖက် ဆန္ဒမဲတူညီနေတာကို လူကြီးမင်းများ မျက်မြင်ကိုယ်တွေ့ပဲဖြစ်ပါတယ်၊ တတိယအကြိမ် ထပ်မံပြီးဆန္ဒမဲပေးရင်လဲ ဒီလိုပဲ ထိပ်တိုက်ဖြစ်နေလိမ့်မယ်လို့ ကျုပ်ယုံကြည်ပါတယ်၊ ဒါကြောင့်မို့လို့ အချိန်တိုတိုနဲ့ မြန်မြန်ပြီးစီးသွားအောင် ကျုပ်အနေနဲ့ သဘာပတိမဲ ပေးရပါတော့မယ်၊ အခုအချိန်ကစပြီး ကျုပ်ရဲ့ ရာထူးကို ဆက်ခံမယ့်ပုဂ္ဂိုလ်ကို ကျုပ်ကိုယ်တိုင် ရွေးရတော့မှာဖြစ်ပါတယ်၊ အဲဒီတော့ အခု ဒီနေရာမှာရှိနေကြတဲ့ ပုဂ္ဂိုလ်အားလုံးက ကျုပ်အပေါ်မှာ ဘယ်လိုမှ မနာလိုစိတ် ရှိကြလိမ့်မယ်လို့ ကျုပ်လုံးဝမထင်ပါဘူး၊ ဒါကြောင့်မို့ ကိန်းနှင့်ကအော့ဘဏ်တိုက်ရဲ့ နောက်တက်လာမယ့် ဥက္ကဋ္ဌသစ်ရာထူးအတွက် ထိုက်တန်တဲ့ပုဂ္ဂိုလ်ကို ကျုပ်က အဂတိမလိုက်စားဘဲ ကျုပ်ရဲ့ နှလုံးသားဆန္ဒအတိုင်း ရွေးချယ်ပါမယ်။

"ကျုပ်ရဲ့ဆန္ဒမဲကို မစ္စတာ တိုနီဆိုင်မွန်အတွက် ပေးပါတယ်ခင်ဗျာ"

လက်ခုပ်သံများ တဖြောင်းဖြောင်း ပေါ်ထွက်လာသည်။

ဝီလျံသည် ကြားလိုက်ရသော စကားကို မယုံကြည်နိုင်အောင် ဖြစ်သွားသည်။ တိုနီဆိုင်မွန်ကလည်း အံ့အားကြီးသင့်သွားပုံရသည်။

တိုနီဆိုင်မွန်သည် ဝီလျံနှင့် မျက်နှာချင်းဆိုင် ထိုင်နေရာမှထကာ အလန်လွိုက်နှင့် နေရာချင်းလဲ ထိုင်လိုက်သည်။ ပြီးတော့ သူက ထိုင်ရာမှ ပြန်ထပြီး ဥက္ကဋ္ဌသစ်၏ မိတ်ဆက်မိန့်ခွန်းပြောသည်။

"အခုလို ကျွန်တော့်ကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်ကြောင်း ပဏာမပြောကြားလိုပါတယ် ခင်ဗျား၊

"ကျွန်တော် အထူးသဖြင့် ကျေးဇူးတင်လိုတဲ့ ပုဂ္ဂိုလ်ကတော့ ကျွန်တော်နဲ့ ယှဉ်ပြိုင်အရွေးခံတဲ့ မစ္စတာဝီလျံကိန်းကိုပဲ ဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ မဲနိုင်ဖို့အတွက် သူ့ရဲ့ ငွေကြေးချမ်းသာမှုနဲ့ မိသားစုအရှိန်အဝါကို လုံးဝမသုံးခဲ့ခြင်းအတွက်ပဲ ဖြစ်ပါတယ်၊ အဲဒီတော့ ကျွန်တော် နောက်ဆုံးပြောချင်တာကတော့ မစ္စတာကိန်းက ကျွန်တော့်ရဲ့ ဒုတိယဥက္ကဋ္ဌအဖြစ်နဲ့ စိတ်ချမ်းသာစွာ လုပ်ကိုင်ပါလို့ ကျွန်တော် လှိုက်လှဲဝမ်းသာ ဖိတ်ခေါ်ပါတယ်၊ ပြီးတော့ လစ်လပ်သွားတဲ့ မစ္စတာအလန်လွိုက်နေရာမှာ မစ္စတာ မက်သယူးလက်စတာက ဒါရိုက်တာလူကြီးအဖြစ် ဝင်ရောက်လုပ်ကိုင်ပါဆိုတာကိုလဲ ထပ်လောင်းပြီး ဝမ်းပန်းတသာ ဖိတ်ခေါ်ပါတယ်ခင်ဗျာ"

အဆိုနှစ်ခုစလုံးကို အားလုံးကပင် တညီတည်း ထောက်ခံအတည်ပြုလိုက်ကြသည်။

ဝီလျံက နံရံပေါ်မှ သူ့ဖခင်၏ ဓာတ်ပုံကားချပ်ကြီးကို စိုက်ကြည့်နေသည်။ ဖခင်ခြေရာကို မနင်းနိုင်ခဲ့သော သူ့အဖြစ်ကိုသူ အလေးလေးနက်နက် ပြန်လည်သုံးသပ်နေမိသည်။

✣

## (၂၀)

အောဘယ်သည် ဆေးပြင်းလိပ်တိုကို ဒုတိယအကြိမ် လွှင့်ပစ်လိုက်သည်။ ရစ်ချ်မွန့်ကုမ္ပဏီ တစ်ခုလုံးကို ပိုင်ရန်အတွက် လိုအပ်နေသော ဒေါ်လာနှစ်သန်းကို မပေးနိုင်မချင်း နောက်ထပ် ဆေးပြင်းလိပ် လုံးဝမသောက်တော့ဟုလည်း ဆုံးဖြတ်ချက်ချလိုက်သည်။

သူသည် အခန်းမျက်နှာကြက်ကို စိုက်ကြည့်ရင်း ဦးစားပေးလုပ်သင့်သည့် လုပ်ငန်းများကို စဉ်းစားနေမိသည်။ ပထမဆုံးလုပ်ရမည့်အလုပ်မှာ ရှီကာဂို ရစ်ချ်မွန့်ဟိုတယ်မှ အလုပ်ဖြုတ်ထားသော အမှုထမ်းဟောင်းများထဲမှ အကောင်းဆုံးအမှုထမ်းများကို ပြန်လည်ခန့်ထားရန်ဖြစ်သည်။

ထို့ကြောင့် ခုတင်ပေါ်မှဆင်းပြီး အပေါ်အင်္ကျီကို ကောက်ဝတ်လျက် ဟိုတယ်နောက်ဘက်မှ အမှုထမ်းတန်းလျားသို့ ထွက်လာခဲ့သည်။ ဟိုတယ် မီးလောင်ပြီးကတည်းက အလုပ်မရသေးသော အမှုထမ်းတော်တော်များများပင် တန်းလျားတွင် နေနေကြတုန်း ရှိသေးသည်။

အောဘယ်က ၎င်းတို့အနက် ယုံကြည်ရဆုံး အမှုထမ်းများကို အလုပ်ပြန်ပေးသည်။ ရှီကာဂိုဟိုတယ်တွင် မလုပ်ချင်သူများအားလည်း အခြားကြိုက်ရာ ဟိုတယ်များတွင် သွားလုပ်ခွင့်ပြုသည်။ ၎င်းတို့သည် ယင်းဟိုတယ်များ အရှုံးမပေါ်ဘဲ အမြတ်ထွက်မှသာ လုပ်သက်ရှည်နိုင်မည်ဖြစ်ကြောင်းကိုလည်း ပြတ်ပြတ်သားသား သတိပေးသည်။ အခြားဟိုတယ်များလည်း ရှီကာဂိုဟိုတယ်ကဲ့သို့ပင် ပစ္စလက္ခတ် စခန်းသွားနေကြသည်ကို သူကကောင်းကောင်းသိသည်။ ထို့ကြောင့် သူက အပြောင်းအလဲများ လုပ်ပစ်ချင်သည်။ လုပ်လျှင်လည်း အချိန်ဆွဲနေ၍မဖြစ်၊ မြန်နိုင်သမျှ မြန်မြန်လုပ်ရလိမ့်မည်။

သို့ဖြင့် လက်ထောက်မန်နေဂျာသုံးယောက်အား ဒါးလက်စ၊ စင်စင်နာတီနှင့် စိန့်လူးဝစ် ဟိုတယ်များကို ကြီးကြပ်ရန် တာဝန်ပေးလိုက်သည်။ အခြားသော ဟောက်စတန်၊ မိုဘိုင်းလ်၊ ချားလက်စတန်၊ အတ်လန်တာ၊ မင်းဖစ်၊ နယူးအော်လင်နှင့် လူးဝစ်ဗီးလ်မြို့များမှ ဟိုတယ်များအတွက်လည်း လက်ထောက်မန်နေဂျာများ ရွေးချယ်ခန့်ထားလိုက်သည်။ အဘိုးကြီးလီရှိုင်း

တည်ထောင်ခဲ့သော မူလဟိုတယ်အားလုံးမှာ တောင်ပိုင်းနှင့် ရှီကာဂိုဟိုတယ်အပါအဝင် အနောက်အလယ်ပိုင်းဒေသတွင် တည်ရှိကြသည်။ ရှီကာဂိုဟိုတယ်ကတော့ ကွယ်လွန်သူ ဒေးဗစ်လီရှိုင်းကိုယ်တိုင် တည်ဆောက်ခဲ့ပြီး သူ့အနှစ်သက်ဆုံး ဟိုတယ်လည်းဖြစ်သည်။ ရှီကာဂိုဟိုတယ် အမှုထမ်းဟောင်းများအား တခြားဟိုတယ်များတွင် နေရာချထားပေးခြင်း လုပ်ငန်းအတွက်ပင် အချိန်သုံးပတ်လောက် ကုန်လွန်သွားခဲ့သည်။

ထို့နောက် သူ၏ရုံးခန်းကို ရှီကာဂိုရစ်ချ်မွန့်ဟိုတယ်နောက်ဘက်မှ တိုက်တွင် ဖွင့်လှစ်၍ အောက်ထပ်တွင် စားသောက်ခန်းကလေးတစ်ခု ဖွင့်ရန် ဆုံးဖြတ်လိုက်သည်။ ဤနေရာတွင် ဌာနချုပ် ဖွင့်လှစ်ခြင်းသည် တောင်ပိုင်းဟိုတယ်တစ်ခုခုတွင် ဖွင့်လှစ်ခြင်းထက် ပို၍ကောင်းသည်။ သူ့အား ကူညီထောက်ပံ့သူနှင့်ရော၊ ဘဏ်တိုက်နှင့်ရော ပို၍နီးသောကြောင့်ဖြစ်သည်။ ထို့ပြင် ဇာဖီယာမှာလည်း ရှီကာဂိုတွင်ပင် ရှိနေရာ သူမအား အချိန်အနည်းငယ်ပေးလိုက်ရုံနှင့် သူမ၏ မိတ်ဆွေဆိုသူ စားပွဲထိုးကလေးအား အဆက်ဖြတ်ပြီး သူ့ဘက်သို့ လုံးလုံးလျားလျား ပါလာနိုင်သည်ဟုလည်း အေဘယ်က ယုံကြည်ထားသောကြောင့်ဖြစ်သည်။

သူ့အနေဖြင့် ကြိုက်သောမိန်းမကို ခေါင်းခေါက်ရွေးယူနိုင်သော အရှိန်အဝါနှင့် အခြေအနေ ရှိသော်လည်း သူက ဇာဖီယာကိုသာ အိမ်ထောင်ဘက်အဖြစ် ရွေးချင်သည်။ ဇာဖီယာနှင့် အတူနေရလျှင် သူ့ဘဝကိုသူ ယုံကြည်မှုအပြည့်အဝရှိနေသောကြောင့်ဖြစ်သည်။ ဇာဖီယာက ရိုးသားသည်၊ ဟန်ဆောင်မှုမရှိ။ တခြားမိန်းမတွေက အပေါ်ယံရွှေမှုန်ကြဲတွေသာ ဖြစ်ကြသည်ဟု သူက ယူဆသည်။

သို့ဖြင့် အေဘယ်သည် နယူးယောက်ဟိုတယ်အတွက် အမှုထမ်းများ ခန့်ထားရန် ခရီးမထွက်ခင်ကလေးတွင် ဇာဖီယာနှင့် တွေ့ဆုံပြီး ကတိတစ်ခုတောင်းသည်။

"အဲဒီလူနဲ့ နောက်ထပ်မလွဲပါနဲ့တော့၊ အဲဒါဆိုရင် မင်းကို ငါလက်ထပ်ယူဖို့ အဆင်သင့်ပဲ၊ ဘယ့်နှယ်လဲ၊ ကတိပေးမလား"

"ပေးပါတယ်၊ စိတ်ချပါ၊ လုံးဝ မတွဲတော့ပါဘူး"

ထိုနေ့ညက သူတို့နှစ်ယောက် အတူတူအိပ်ကြသည်။

"မြားနက် သင်္ဘောပေါ်က ဆင်းလာပြီးကတည်းက မိန်းကလေး ဘယ်နှစ်ယောက်လောက်တွေ့ပြီးပြီလဲဟင်"

ဇာဖီယာက အေဘယ်၏ ရင်ဘတ်ပေါ်တွင် ပါးကလေးအပ်ရင်း စ,လိုက်သည်။

"ငါက ဘယ်မိန်းကလေးမှ စိတ်မဝင်စားပါဘူး"

"ဒါနဲ့တောင်များ ကျွန်မကို သတိမရခဲ့ဘူးနော်"

"ငါ မင်းကို ဘယ်တော့မှ မမေ့ခဲ့ပါဘူး အချစ်ရယ်"

အေဘယ်က ညာပြောလိုက်သည်။ ပြီးတော့ ဇာဖီယာစကားပြော ရပ်သွားစေရန်အတွက် ကိုယ်ကိုကုန်းပြီး တရှိုက်မက်မက် နမ်းလိုက်လေသည်။

◆ ◆ ◆

အေဘယ်သည် နယူးယောက်သို့ ရောက်ရောက်ချင်း သူ့သူငယ်ချင်း ဂျော့ကို လိုက်ရှာသည်။ ဂျော့အား အရှေ့သုံးလမ်းထဲမှ အိမ်ခန်းကျဉ်းကလေးတစ်ခုတွင်တွေ့ရသည်။ ဂျော့မှာ အလုပ်မရှိတော့။ ဂျော့ ဦးလေး၏ ပေါင်မုန့်ဖိုကိုလည်း ပိတ်လိုက်ရပြီ။ သူ့ဦးလေးကိုယ်တိုင်ပင်လျှင် နယူးယောက်မြို့ပြင်မှ စက်ရုံတစ်ခုတွင်ဝင်လုပ်နေရ၍ ဂျော့အား ဘယ်လိုမှမကူညီနိုင်။ အေဘယ်က သူ့ဆီတွင် အလုပ်ပေးသောအခါ ဂျော့မှာ ထခုန်တော့မတတ် ဝမ်းသာမိလေသည်။

သူနှင့် ဂျော့တို့သည် ရှီကာဂိုသို့ပြန်၍ ရစ်ချ်မွန့်စားသောက်ဆိုင် မဖွင့်မီ အခြားမှုထမ်းသုံးဦးကိုလည်း ရှာဖွေရွေးချယ်ကြသေးသည်။ မုန့်ဖုတ်ခေါင်းဆောင်တစ်ယောက်၊ ကြီးကြပ်ရေးမှူးတစ်ယောက်နှင့် စားပွဲထိုးမှူးတစ်ယောက်။

အေဘယ်က သူ့ခရီးအောင်မြင်မှုအတွက် ကျေနပ်မိသည်။ အရှေ့ကမ်းခြေတစ်လျှောက်မှ ဟိုတယ်များမှာ စီးပွားရေးမကောင်း၍ အမှုထမ်းများအား လျှော့ပစ်နေကြရသည်။ သို့ဖြင့် အေဘယ်အဖို့ အတွေ့အကြုံရှိသောအမှုထမ်းများကို လွယ်လွယ်ကူကူရှာဖွေရရှိနိုင်ခဲ့သည်။ ၎င်းတို့အနက် သူ့ယခင်က လုပ်ခဲ့ဖူးသော ပလာဇာဟိုတယ်မှ အမှုထမ်းဟောင်းတစ်ယောက်လည်း ပါဝင်သည်။

အေဘယ်နှင့် ဂျော့တို့သည် မတ်လဆန်းတွင် အခြားရစ်ချ်မွန့်ဟိုတယ်များသို့ စစ်ဆေးရေးခရီးထွက်ကြသည်။ သူတို့နှင့်အတူ ဇာဖီယာကိုလည်းခေါ်လာခဲ့ကြသည်။ အေဘယ်က ဇာဖီယာအား ကြိုက်ရာဟိုတယ်တွင် ဝင်လုပ်ခွင့်ပြုသည်။ သို့သော် သူမက ရှီကာဂို ဟိုတယ်ကိုသာရွေးချယ်သည်။ ရှီကာဂိုမြို့မှာ သူမ၏ ရင်းနှီးကျွမ်းဝင်ဆုံးဌာနဖြစ်နေသည် မဟုတ်ပါလား။

ဇာဖီယာသည် အေဘယ် ခရီးထွက်နေသောအချိန်များတွင် ရစ်ချ်မွန့်စားသောက်ဆိုင် မှ အေဘယ်၏ အခန်းတွင် လာနေလေ့ရှိသည်။ ဂျော့ကလည်း အေဘယ်အား မိန်းမကိစ္စတွင် သိပ်ပြီး ကင်းကင်းရှင်းရှင်းမနေရန် အမြဲတမ်း သွေးထိုးပေးနေသည်။

အခြားဟိုတယ်အားလုံးလည်း အလားတူပင် အခြေအနေ ဆိုးရွားနေကြသည်ကို တွေ့ရသည်။ သို့သော် အေဘယ်က အံ့သြခြင်း မဖြစ်မိ။ တစ်နိုင်ငံလုံး၌ အလုပ်လက်မဲ့ ပြဿနာတက်နေစဉ် အေဘယ်ရောက်လာသဖြင့် ဟိုတယ်အမှုထမ်းများက အေဘယ်အား ကယ်တင်ရှင်သဖွယ် အားထားကြသည်။

သို့သော်လည်း အချို့ အမှုထမ်းများမှာ စည်းစနစ်ကြီးသော အေဘယ်အကြောင်းကို သိနေကြသဖြင့် အေဘယ်က မဖြုတ်ရမီမှာပင် သူတို့အလိုအလျောက် အလုပ်မှ နုတ်ထွက်သွားကြသည်။

ဤသို့ဖြင့် အေဘယ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရသည့် ပထမနှစ် ကုန်ဆုံးသွားသောအခါတွင် ရစ်ချ်မွန့်ဟိုတယ်များ၌ လုပ်ကိုင်နေသော အမှုထမ်းများမှာ ယခင်အမှုထမ်းအရေအတွက်၏ တစ်ဝက်ခန့်သာ ကျန်တော့သည်။ ထိုနှစ်တွင် အရှုံးငွေမှာလည်း စုစုပေါင်း ဒေါ်လာ တစ်သောင်းကျော်သည်။ ထွက်သွားသော အမှုထမ်းများနေရာတွင်လည်း လူစေ့အောင် ပြန်လည်ဖြည့်စွက်ခန့်ထားခြင်း မပြုနိုင်ခဲ့။ ထို့ကြောင့် အေဘယ်သည် ရစ်ချ်မွန့်ကုမ္ပဏီ၏ အနာဂတ်အတွက်

အတော်ကလေး ရင်လေးမိလေသည်။

သို့သော် သူက စိတ်ဓာတ်တော့မကျ။ လာမည့် ၁၉၃၂ ခုနှစ်တွင် အရင်းကျေအောင် အစွမ်းကုန် ကြိုးစားရန် အားခဲထားသည်။ လုပ်ငန်းတိုးတက်လာရေးအတွက် နည်းလမ်းမျိုးစုံကို စဉ်းစားကြည့်သောအခါ သူရှိကာဂိုရစ်ချ်မွန့်ဟိုတယ်တွင် စတင်လုပ်ကိုင်ခဲ့စဉ်က မစ္စတာလီရှိုင်း ပေးခဲ့သည့်အတိုင်း မန်နေဂျာတိုင်းအား အမြတ်ငွေထဲမှ အချိုးကျဝေစုခွဲပေးခြင်းသည်သာ အကောင်းဆုံးဖြစ်မည်ဟု ယူဆသည်။

အေဘယ်သည် ဟိုတယ်တစ်ခုတည်း၌ ဘယ်တော့မှအမြဲမနေ။ တစ်ခုပြီးတစ်ခု လျှောက်ကြည့်ပြီး လိုအပ်ချက်များကို အမြန်ဆုံးပြုပြင် ဖြည့်ဆည်းသည်။ သူသည် တစ်နေရာတွင် အများဆုံး သုံးပတ်သာနေသည်။ သူ ဘယ်ဟိုတယ်သွားပြီးနောက် ဘယ်ဟိုတယ် သွားမည်ဆိုသည်ကိုလည်း ရှိကာဂိုဟိုတယ်မှ သူ၏ ညာလက်ရုံးသဖွယ် အားကိုးရသော ဂျော့မှတစ်ပါးတခြား မည်သူမျှမသိကြ။ သူသည် 'ဆပ်ပရိုက်(စ်)အင်စပက်ရှင်း' ခေါ် လျှပ်တစ်ပြက် စစ်ဆေးခြင်းနည်းကို အသုံးပြုပြီး ဟိုတယ်လုပ်ငန်းတစ်ခုလုံး တိုးတက်အောင် နေ့မအား ညမအား ကြိုးစားဆောင်ရွက်သည်။ လပေါင်းအတော်ကြာမှ ဇာဖီယာထံ သို့မဟုတ် မစ္စတာ ကာတစ်ဖင်တန်ထံ တစ်ခေါက်ရောက်တတ်သည်။

ယင်းသို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်နေသည့်ကြားမှ သူ့ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေကို အမှန်အတိုင်း သိရှိထားသဖြင့် မလုပ်ချင်သော အလုပ်တစ်ခုကို စိတ်မချမ်းမသာဖြင့် လုပ်လိုက်ရသည်။ ယင်းမှာ အခြားမဟုတ်၊ မိုဘိုင်းလ်မြို့နှင့် ချားလက်စတန်မြို့ရှိ ဟိုတယ်နှစ်ခုကို ယာယီ ပိတ်ပစ်လိုက်ရခြင်းပင်ဖြစ်သည်။ ယင်းဟိုတယ်နှစ်ခုမှာ လစဉ်အရှုံးပေါ်နေပြီး တခြားဟိုတယ်များ၏ အမြတ်ကို စုပ်ယူနေသလိုဖြစ်နေကြသောကြောင့်ဖြစ်သည်။ သည်ဖြစ်ရပ်ကိုမြင်တော့ တခြား ဟိုတယ်အမှုထမ်းများက မိမိတို့ ဟိုတယ်များကိုလည်း အလားတူ ပိတ်ပစ်မည်စိုး၍ ယခင်ကထက် ဆတက်ထမ်းပိုး ပိုမို ကြိုးစားလာကြသည်။

နယ်လှည့် စစ်ဆေးရေးခရီးမှ ရှိကာဂိုမြို့သို့ ပြန်ရောက်လာတိုင်း သူ့စားပွဲပေါ်တွင် အရေးပေါ်ဆောင်ရွက်ရမည့် လုပ်ငန်းတွေ ပုံနေတတ်သည်။ ရေချိုးခန်းထဲတွင် ရေပိုက်ပေါက်နေခြင်း၊ ထမင်းချက်ခန်းတွင် ပိုးဟပ်များ သောင်းကျန်းနေခြင်း၊ စားသောက်ခန်းတွင် မီးချောင်းများ မကောင်းခြင်းနှင့် မကျေနပ်သော ဖောက်သည်များက တရားစွဲရန် ခြိမ်းခြောက်ခြင်းစသော ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ပြေလည်အောင် ဖြေရှင်းရသည်မှာ သူ့အဖို့ စိတ်ရောကိုယ်ပါ ဖတ်ဖတ်မော။

သည်ကြားထဲ ဝမ်းသာစရာတစ်ခုကတော့ ရှိကာဂိုရစ်ချ်မွန့်ဟိုတယ် မီးလောင်သွားခြင်းအတွက် အာမခံငွေ ဒေါ်လာ ၇,၅၀,၀၀၀ ကို လာရောက်ထုတ်ယူရန် 'ဂရိတ်ဝတ်စတန် အာမခံကုမ္ပဏီ'မှ ဟင်နရီအော့စဘွန်းက အကြောင်းကြားခြင်းပင်ဖြစ်သည်။ မီးအားမခံငွေရအောင် ကူညီသူများတွင် ရဲမှူးအိုမာလီက ထိပ်ဆုံးမှပါဝင်သည်။ မီးရှို့မှုတွင် မန်နေဂျာဟောင်း ဒက်စမွန်ပါစီနှင့် အေဘယ်တို့ လုံးပတ်သက်ခြင်းမရှိဘဲ ပါစီတစ်ဦးတည်း၏ လက်ချက်သာဖြစ်ကြောင်း

ကို ရဲမှူးအိုမာလီက အသေအချာ ထောက်လှန်းပြီး ခိုင်လုံစွာ အထောက်အထားပြနိုင်ခဲ့သည်။

အေဘာယ်က မီးအာမခံကုမ္ပဏီမှ ပေးသောငွေကို ကျေကျေနပ်နပ် လက်ခံလိုသည်။ သို့သော် အော့စဘွန်းက သူ့အား ကော်မရှင် ထိုက်ထိုက်တန်တန်ပေးလျှင် ထို့ထက်ပိုရအောင် သူလုပ်ပေးမည်ဟုဆိုလာသည်။ ဤတွင် အေဘာယ်က စိုးရိမ်မကင်း ဖြစ်လာမိသည်။ အော့စဘွန်းသည် သူ့အား လခမှန်မှန်ပေးနေသော ကုမ္ပဏီကိုပင် သစ္စာဖောက်ခဲ့လျှင် တစ်နေ့သောအခါတွင် မိမိအပေါ်တွင်လည်း မရိုးမသား လုပ်လာနိုင်သည်ဟူ၍ သူက ယူဆသောကြောင့်ဖြစ်သည်။

✧ ✧ ✧

၁၉၃၂ ခုနှစ်၊ နွေဦးပေါက်ရာသီထွင် မယ်လာနီလီရှိုင်းထံမှ တစ်ရင်းတနှီးရေးလိုက်သော စာတစ်စောင်ကို ရရှိသောအခါ အေဘာယ်သည် အံ့အားပင် သင့်သွားမိသည်။

မယ်လာနီ၏ စာကိုရ၍ သူသည် အလွန်ဝမ်းသာမိသည်။ စိတ်လည်း အတော်ကလေး လှုပ်ရှားမိသည်။ ထို့ကြောင့် သူက မယ်လာနီအား စတီဖင်ဟိုတယ်တွင် ညစာအတူစားရန် ဖိတ်ခေါ်လိုက်သည်။ မယ်လာနီကလည်း လွယ်လွယ်ကူကူပင် လက်ခံသည်။

သို့သော် ဟိုတယ်ရောက်သွားသောအခါတွင်မူကား အေဘာယ်က သူ့လုပ်ရပ်အတွက် အတော်ကလေး စိတ်မကောင်းဖြစ်မိလေသည်။ အဘယ်ကြောင့်ဆိုသော် ဟိုတယ်တွင် စားပွဲထိုးမယ် လုပ်နေသော ဇာဖီယာနှင့် ပက်ပင်းသွားတိုးရသောကြောင့်ပင်တည်း။

ဇာဖီယာက ခေတ်မဆန် ရိုးသားသည်။ အလုပ်ပန်း၍ ညှိုးနွမ်းနေသော ရုပ်သွင်မျိုး။

မယ်လာနီကတော့ ခေတ်ဆန်သည်။ အသားနှင့်ဟပ်နေသော အစိမ်းရောင် ပိုးသားနုဝတ်စုံကို မြင်ရသူငေးကြည့်ရလောက်အောင် ခေတ်မီမီဝတ်ဆင်ထားသည်။ သူမ၏ မျက်လုံးတွေကလည်း ဝတ်စုံအရောင်အတိုင်းပင် ညို့ဓာတ်အပြည့်ဖြင့် ရွှန်းစိုစိမ်းမြနေကြသည်။

"ရှင့်ကြည့်ရတာ ဟိုတုန်းကထက် ကျက်သရေရှိလာသလိုပဲ အေဘာယ်" မယ်လာနီက စားသောက်ဆောင်အလယ်စားပွဲတွင် ဝင်ထိုင်ရင်း ပြောသည်။ "ရစ်ချ်မွန့်ကုမ္ပဏီကို ရှင်က အောင်အောင်မြင်မြင် စီမံခန့်ခွဲနိုင်တယ်ဆိုတာကိုလဲ လူတိုင်းက သိပါတယ်"

"ရစ်ချ်မွန့်ကုမ္ပဏီ မဟုတ်တော့ဘူး၊ 'နယ်စားကုမ္ပဏီ' ဖြစ်နေပြီ"

"ဟင်… တကယ်လား၊ နာမည်ပြောင်းတာ ကျွန်မ လုံးဝ မသိသေးဘူး"

"တကယ်ပါ၊ ငါ မနှစ်ကတည်းက ပြောင်းလိုက်တယ်"

အေဘာယ်က ညာပြောလိုက်သည်။ တကယ်တော့ ယင်းနာမည်သစ်ကို ယခုကလေးတွင်မှ ရုတ်တရက် သတိရမိခြင်းဖြစ်သည်။ ယခင်ကတည်းက နာမည်သစ် မပြောင်းခဲ့မိခြင်းအတွက် သူက နှောင်တရမိသည်။

"နာမည်က တော်တော်ကောင်းပါတယ်" မယ်လာနီက ပြုံးပြီးပြောသည်။

ဇာဖီယာက မှိုဟင်းစွပ်ပြုတ် ပန်းကန်ကို မယ်လာနီ၏ရှေ့တွင် ခပ်ဆောင့်ဆောင့်ကလေး လာချသည်။ သည်အပြုအမူသည် အေဘာယ်အတွက် အဓိပ္ပာယ်အများကြီးရှိသည်။ ဟင်းပန်းကန်

စောင်းသွား၍ မယ်လာနီ၏ ဂါဝန်ပေါ်သို့ပင် ဟင်းရည်တွေ စဉ်ကုန်ကြသည်။

"ဒါနဲ့ မင်း ဘာအလုပ်မှ မလုပ်သေးဘူးနော်"

အေဘယ်က အစားအသောက်စာရင်းစာရွက်ပေါ်တွင် 'နယ်စားကုမ္ပဏီ' ဟူသောအမည်ကို အမှတ်မထင် ရေးခြစ်နေရင်းမှ မေးလိုက်သည်။

"မလုပ်သေးဘူး၊ လောလောဆယ် ဘာမှမလုပ်သေးပါဘူး၊ ဒါပေမယ့် အခြေအနေကတော့ ကောင်းပါလိမ့်မယ်၊ ဒီမြို့မှာ ဝိဇ္ဇာဘွဲ့ရထားတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ အလုပ်ရဖို့ မခက်ပါဘူး၊ အချိန်ကို ထိုင်စောင့်ရုံပါပဲ"

"နယ်စားကုမ္ပဏီမှာ လုပ်ချင်တဲ့ဆန္ဒရှိရင် ပြောပါ"

အေဘယ်က 'နယ်စားကုမ္ပဏီ' ဟူသော နာမည်ကို ပို၍ အလေးအနက်ထားပြီး ပြောလိုက်သည်။

"နေပါစေ၊ ကိစ္စမရှိပါဘူး၊ ကျွန်မအတွက် အဆင်ပြေပါလိမ့်မယ်"

ထို့နောက် မယ်လာနီက ပြဇာတ်နှင့် ဂီတဘက်သို့ ကမန်းကတန်း ခေါင်းစဉ်ပြောင်းပစ်လိုက်သည်။

သည်တစ်ကြိမ် မယ်လာနီနှင့် စကားပြောရသည်မှာ ယခင်ကထက်ပို၍ အဆင်ပြေပြေရှိသည်ဟု အေဘယ်က ထင်မိသည်။

သူတို့နှစ်ယောက်သည် ည ၁၁ နာရီအထိ စားရင်းသောက်ရင်း စကားကောင်းနေကြသည်။

စားသောက်ဆောင်တွင် သူတို့နှစ်ယောက်မှတစ်ပါး ဘယ်သူမှမရှိတော့။ ဇာဖီယာလည်း ပြန်သွားပြီ။ သူမ မျက်စိမျက်နှာမကောင်းသည်ကို အေဘယ် သတိထားလိုက်မိသည်။

ဟိုတယ်မှအပြန်တွင် အေဘယ်က မယ်လာနီအား သူမ၏ အခန်းသို့ ကားနှင့် လိုက်ပို့သည်။

သည်တစ်ကြိမ်တွင်တော့ မယ်လာနီက သူ့အား သူမအခန်းသို့လိုက်ပြီး တစ်ခုခုသောက်ရန် ဖိတ်ခေါ်သည်။

အေဘယ်က ဆိုဖာစွန်းပေါ် ဝင်ထိုင်လိုက်သည်။ မယ်လာနီက ဖန်ခွက်ထဲသို့ ဝီစကီထည့်ပေးသည်။ ပြီးတော့ ဓာတ်ပြားသီချင်းဖွင့်သည်။

"ငါ ကြာကြာနေလို့မဖြစ်ဘူးထင်တယ် မယ်လာနီ၊ မနက်ဖြန် လုပ်စရာတွေ တစ်ပုံကြီးရှိနေလို့ဟ"

"ကျွန်မလဲ အဲဒါပြောမလို့ဘဲ အေဘယ်၊ သိပ် မလောပါနဲ့လေ၊ ဒီလိုပျော်ရတဲ့နေ့မျိုးမှာ ပျော်ပျော်ပဲ နေလိုက်ကြတာပေါ့... ဟုတ်လား"

မယ်လာနီက အေဘယ်၏ ဘေးတွင် ဝင်ထိုင်သည်။ သူမ၏ ဂါဝန်ကို ဒူးဆစ်ပေါ်အထိ တင်ထားသည်။ အလွန်လှတဲ့ ခြေထောက်ပိုင်ရှင်ပါပဲလားဟု အေဘယ်က တွေးလိုက်မိသည်။

မယ်လာနီက အေဘယ်နှင့် ပူးပူးကပ်ကပ် ရွှေ့ထိုင်လိုက်သည်။ အေဘယ်ကတော့

မတုန် မလှုပ်ပင် ငြိမ်နေသည်။

ခဏအကြာတွင် နှစ်ယောက်သား နမ်းမိလျက်သား ဖြစ်သွားကြသည်။ အေဘယ်က စတင်နမ်းတာလား၊ မယ်လာနီက စတင်နမ်းတာလားဆိုတာတော့ မသိတော့။

ထို့နောက် အေဘယ်က သူမ၏တစ်ကိုယ်လုံးကို သိမ်းကျုံးပွေ့ဖက်လိုက်သည်။ မယ်လာနီက ထိုင်ရာမှထကာ အေဘယ်၏လက်ကိုဆွဲလျက် အိပ်ခန်းဆီသို့ ခေါ်လာခဲ့သည်။

✧ ✧ ✧

မနက်အိပ်ရာမှထသောအခါ မယ်လာနီက အေဘယ်အား နံနက်စာ ပြင်ဆင်ကျွေးမွေးသည်။ သူမသည် အေဘယ်အား ခါတိုင်းနှင့် လုံးဝမတူ၊ တမူထူးခြားစွာဖြင့် အလွန် ဂရုစိုက်နေသလို ထင်ရသည်။

"နယ်စားကုမ္ပဏီ ကြီးပွားတိုးတက်ပါစေလို့ ကျွန်မ အမြဲတမ်းဆုတောင်းနေပါ့မယ်၊ တကယ့်ကို ကြီးပွားလာလိမ့်မယ်လို့လဲ ကျွန်မ လေးလေးနက်နက် ယုံကြည်ပါတယ် အေဘယ်"

"ကျေးဇူးတင်ပါတယ် မယ်လာနီ၊ အခုလို မနက်စာကျွေးတာနဲ့ မမေ့နိုင်သော ညအတွက် ဆိုပါတော့"

"ကျွန်မတို့နှစ်ယောက် ဒီလိုပဲ ခဏခဏ တွေ့ကြမယ်နော်"

"အများကြီး ကောင်းပါတယ် မယ်လာနီ"

မယ်လာနီက အလုပ်သွားခါနီး ခင်ပွန်းသည်အား ဇနီးမယားက နှုတ်ဆက်နမ်း နမ်းသလို အေဘယ်၏ ပါးနှစ်ဖက်ကို နမ်းလိုက်သည်။ ထို့နောက် သူမက အေဘယ်အား ကုတ်အင်္ကျီ ဝတ်ပေးရင်း

"ရှင် ဘယ်လိုမိန်းမမျိုးနဲ့ ညားမလဲဆိုတာ ကျွန်မ စဉ်းစားနေမိတယ်"

အေဘယ်က သူမအား ပြန်ကြည့်ပြီး ပြုံးလိုက်သည်။

"အဲဒီကိစ္စအတွက် ဆုံးဖြတ်ချက်ချတဲ့အခါ မင်းရဲ့ထင်မြင်ချက်ကိုလဲ အလေးအနက် ထားပါ့မယ် မယ်လာနီ"

"ရှင် ဘာကို ဆိုလိုတာလဲ... ဟင်"

"လွယ်လွယ်ကလေးပါ၊ မင်းရဲ့ အကြံဉာဏ်ကို ယူပါ့မယ်လို့ ပြောတာပါ" သူက တံခါးဝသို့ လျှောက်လာရင်း "အခု ငါ့ကို လက်ထပ်ချင်နေတဲ့ ပိုလန်သူချောချောလေးတစ်ယောက် တွေ့ထားပြီ မယ်လာနီ"

✧ ✧ ✧

နောက်တစ်လအကြာတွင် အေဘယ်နှင့် ဇာဖီယာတို့ လက်ထပ်လိုက်ကြသည်။ မင်္ဂလာအခမ်းအနားတွင် ဇာဖီယာ၏ အစ်မဝမ်းကွဲ ဂျနက်က အပျိုရံလုပ်ပြီး ဂျော့က လူပျိုရံလုပ်သည်။

ညနေကျတော့ စတီဖင်ဟိုတယ်တွင် မင်္ဂလာဧည့်ခံပွဲကျင်းပသည်။ ကပွဲ၊ သောက်ပွဲ စုံလင်သည်။ ပိုလန် အမျိုးသားရိုးရာ ထုံးစံအရ ကြွရောက်လာသော ယောကျာ်းဧည့်သည်တိုင်း သတို့သမီးနှင့် ့တွဲကကြရသည်။

ဂျော့တစ်ယောက်မှာတော့ ခန်းမဆောင်ထဲတွင် ခြေရာချင်းထပ်မျှ လှည့်ပတ်လျှောက်သွားပြီး ခတ်ပုံတွေ တဖျပ်ဖျပ်ရိုက်ရင်း ချွေးတွေ ပြန်နေသည်။

သန်းခေါင်လောက်တွင် ယမကာမျိုးစုံဖြင့် ညစာစားသောက်ကြပြီးသောအခါ သတို့သား နှင့် သတို့သမီးတို့အား မင်္ဂလာအိပ်ခန်းဆောင်သို့ ဝင်ခွင့်ပြုလိုက်ပြီး မင်္ဂလာဧည့်ခံပွဲကို ရုပ်သိမ်းလိုက်ကြသည်။

◇ ◇ ◇

နောက်တစ်နေ့ မနက်တွင် မစ္စတာကာတစ်ဖင်တန်၏ စကားကြောင့် အေဘာယ်မှာ အံ့သြဝမ်းသာ ဖြစ်သွားရသည်။

အကြောင်းကတော့ မနေ့ညက စတီဖင်ဟိုတယ်တွင် ကျင်းပခဲ့သော အေဘာယ်နှင့် ဇာဖီယာတို့၏ မင်္ဂလာဧည့်ခံပွဲ ကုန်ကျစရိတ်အားလုံးကို ဟိုတယ်ပိုင်ရှင် မစ္စတာမက်တွန်က မင်္ဂလာလက်ဆောင်အဖြစ် ကျခံသောကြောင့်ပင်ဖြစ်သည်။

သို့ဖြင့် အေဘာယ်က ဧည့်ခံပွဲအတွက် သုံးရန် သူရည်မှန်းထားသောငွေဖြင့် ရစ်ဂ်လမ်းတွင် အိမ်ကလေးတစ်ဆောင် လက်ငင်းပေး၍ ဝယ်ယူလိုက်သည်။

အေဘာယ်သည် တစ်သက်တာတွင် ပထမဆုံး အိမ်ပိုင်ရာပိုင် ဖြစ်လာခဲ့လေသည်။

✣

(၂၁)

ဝိလျံသည် သူ၏ အနာဂတ်ရည်မှန်းချက်အတွက် ခိုင်မာတိကျသော ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မချမိ အင်္ဂလန်နိုင်ငံသို့ တစ်လတာမျှ စိတ်ပြေလက်ပြောက် ခရီးထွက်ရန် ၁၉၃၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဆုံးဖြတ်လိုက်သည်။

သူသည် ဘဏ်အုပ်ချုပ်ရေးအဖွဲ့မှ လုံးဝ နုတ်ထွက်ရန်ကိုပင် စဉ်းစားခဲ့သေးသည်။ သို့သော် မက်သယူးက တားသည်။ သည်လို အခြေအနေမျိုး ကြုံလာလျှင် ဝိလျံ၏ ဖခင်သည် သည်လို လုပ်ရပ်မျိုးကို ဘယ်တော့မှ လုပ်လိမ့်မည်မဟုတ်ဟု မက်သယူးကဆိုသည်။ မက်သယူး၏ အကြောင်းပြချက် မှန်နေသဖြင့် ဝိလျံမှာ အသာနောက်ဆုတ်နေလိုက်ရတော့သည်။

တကယ်တော့ ဘဏ်ဥက္ကဋ္ဌရာထူး ရွေးချယ်ပွဲတွင် ဝိလျံရှုံးနိမ့်သွားရခြင်းအတွက် ဝိလျံကိုယ်တိုင် ခံစားရသည်ထက် မက်သယူးက ပို၍ ခံစားရသေးသည်။

သူသည် သူ၏ ချစ်လှစွာသော မိတ်ဆွေအတွက် စိတ်မကောင်းဖြစ်လှသပြင့် အရက်ကိုပင် အလွန်အကျွံ သောက်မိသည်။ နှစ်ကြိမ်တိုင်တိုင် အရက်နာကျပြီး အလုပ်သို့ ရောက်လာသည်။ သို့သော် ဘာမှ မလုပ်နိုင်ဘဲ စားပွဲပေါ်တွင်သာ အလုပ်တွေ ပုံကျန်ရစ်ခဲ့သည်။

မက်သယူး၏ လုပ်ရပ်များအတွက် ဝိလျံက ဘာမှမပြော။ မသိလိုက် မသိဘာသာပင် နေနေလိုက်သည်။ သူက မက်သယူးနှင့် ကိတ်တို့အား ညစာစားရန် ဖိတ်လိုက်သည်။ သို့သော် မက်သယူးက လက်မခံ လုပ်စရာ အလုပ်တွေ ပုံနေသောကြောင့်ဟု အကြောင်းပြသည်။

သို့သော် ထိုနေ့က ရစ်ဇ်ကာလတန်ဟိုတယ် ညစာစားပွဲသို့ မက်သယူးတစ်ယောက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့သည်။ သူသည် တစ်နေ့သောအခါ ကိန်းနှင့် ကဘော့ဘဏ်တိုက်၏ အုပ်ချုပ်ရေး ဘုတ်အဖွဲ့ဝင် ဒါရိုက်တာလူကြီးတစ်ယောက်၏ ဇနီးမယားဖြစ်လာမည့် မိန်းမချောကလေး တစ်ယောက်နှင့်အတူ ပထမဆုံးအကြိမ် ညစာစားရသည်။ သို့သော် ညစာ

စားပွဲသည် ထင်သလောက် ပျော်စရာတော့ မကောင်းလှ။ အဘယ်ကြောင့်ဆိုသော် မက်သယူးသည် အရက်သောက်လွန်၍ ကျန်းမာရေးအတော်ကလေး ကျဆင်းနေပြီဆိုသည်ကို ဝီလျံနှင့် ကိတ်တို့ နှစ်ယောက်စလုံးက သတိပြုမိပြီး စိတ်မချမ်းမသာ ဖြစ်မိကြသောကြောင့် ဖြစ်သည်။ မက်သယူး ကလည်း သူ့အခြေအနေကို သူသိနေသည်။

ခရီးထွက်ရက်နီးတော့ ဝီလျံက ကိတ်အား သူနှင့်အတူလိုက်ခဲ့ရန်ခေါ်သည်။ ကိတ်က အံ့သြစွာနှင့်ပင် ရှောရှောရှူရှူ သဘောတူသည်။

နောက်ဆုံးတွင် ဝီလျံနှင့်ကိတ်တို့သည် 'မောရစ်တန်နီးယား' သင်္ဘောကြီးဖြင့် အင်္ဂလန်နိုင်ငံသို့ ထွက်ခွာလာခဲ့ကြသည်။ သို့သော် သူတို့နှစ်ယောက်သည် တစ်ခန်းတည်းမငှားဘဲ တစ်ယောက်တစ်ခန်းစီ စီး၍ လိုက်ပါလာခဲ့ကြသည်။

လန်ဒန်မြို့သို့ရောက်သောအခါ 'ရစ်ဇ်' ဟိုတယ်တွင် တည်းကြသည်။ ဟိုတယ်တွင်လည်း တစ်ထပ်စီ၊ တစ်ခန်းစီပင် သီးသန့် အခန်းငှား၍ နေကြသည်။

ဝီလျံက သူလန်ဒန်မြို့သို့ ရောက်ရှိနေကြောင်းကို လွမ်းဘတ်လမ်းရှိ ကိန်းနှင့်ကဘော့ ဘဏ်တိုက်ခွဲသို့ အကြောင်းကြားလိုက်သည်။ သို့ဖြင့် သူသည် လန်ဒန်ဘဏ်ခွဲ၏ လုပ်ငန်းများကို လည်း လက်တွေ့လေ့လာခွင့်ရသည်။ လန်ဒန်ဘဏ်အခြေအနေသည် ပြုပြင်စရာမရှိအောင် ကောင်းနေသဖြင့် ဝီလျံအနေဖြင့် ဘာမှ ထွေထွေထူးထူး ဝင်စွက်စရာမတွေ့ရ။

သူနှင့် ကိတ်တို့သည် လန်ဒန် ဟမ်ရှိုင်းယားနှင့် လင်ကွန်းရှိုင်းယားဝန်းကျင်သို့ အနှံ့သွားရောက်ကာ မကြာမီလအနည်းငယ်ခန့်က ဝီလျံဝယ်ထားခဲ့သော ဧကတစ်သောင်းနှစ်ထောင်ရှိ စိုက်ပျိုးခြံကြီးကို သွားကြည့်ကြသည်။ အင်္ဂလန်တွင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အမြတ်အစွန်းများများ မရနိုင်သော်လည်း "အမေရိကမှာ အခြေအနေဆိုးလာတဲ့အခါ တန်ဖိုးရှိလာမှာပါ" ဟု ဝီလျံက ကိတ်အား ပြောပြသည်။

သူတို့ အမေရိကသို့မပြန်မီ ရက်အနည်းငယ်အတွင်းတွင် ကိတ်က အောက်စဖို့တက္ကသိုလ်သို့ သွားကြည့်ချင်သည်ဟု ပြောသည်။

နောက်နေ့မနက်တွင် ဝီလျံက ကိတ်အား ကားမောင်း၍ လိုက်ပို့သည်။ သူက 'မောရစ်' အမျိုးအစား တက္ကစီကားသစ်ကလေးတစ်စီးကို ငှားသည်။ သည်ကားမျိုးကို ယခင်က တစ်ခါမျှ မမောင်းဖူးခဲ့။ သူတို့နှစ်ယောက်သည် ကမ္ဘာကျော် တက္ကသိုလ်မြို့တော်တွင် လျှောက်လည်ပြီး ကောလိပ်ကျောင်းများသို့ သွားရောက်လည်ပတ်ကြသည်။ မာတန်ကောလိပ်မြက်ခင်းပြင်တွင် ထိုင်ပြီး စိတ်ကူးယဉ်နေကြစဉ် 'မြက်ခင်းပေါ် မတက်ရဘူးဗျ' ဟု ကျောင်းစောင့်က လာပြောတော့ နှစ်ယောက်သား ရယ်ပြီး မောင်မယ်သစ်လွင်များပမာ လက်ချင်းယှက်ကာ ထွက်ခွာလာခဲ့ကြသည်။

ထိုနောက်တွင် ချားဝဲမြစ်ကမ်းပါးတစ်လျှောက် လမ်းလျှောက်ကြသည်။ ဝီလျံမှာ ကိတ်နှင့်အတူ ယခုလိုနေရသည်ကို ပျော်မဆုံးဖြစ်နေပြီး ကိတ်မရှိလျှင် လူ့ဘဝတွင်နေ၍မှ ပျော်နိုင်ပါ့မလားဟုပင် စဉ်းစားမိသည်။

ညနေစောင်းတော့ လံန်ဒန်အပြန်တွင် ဟင်လီမြို့ရောက်တော့ သိမ်းမြစ်ပေါ်စီးမိုးနေသော 'ဘဲလ်အင်' စားသောက်ဆိုင်တွင် ဝင်နားကြသည်။ မုန့်ညက်နှင့် နာမည်ကျော် အင်္ဂလိပ် လက်ဖက်ရည်တစ်အိုး မှာယူစားသောက်ပြီးတော့ ကိတ်က တောရွာရှုခင်းတွေ ကြည့်ချိန်ရအောင် မမှောင်ခင်ပြန်ကြဖို့ ပြောသည်။ သို့နှင့်ပြန်တော့မလို့ ကားကို စက်နှိုးသောအခါ စက်နှိုး၍ လုံးဝမရတော့။ ဝီလျံက နည်းမျိုးမျိုးဖြင့် အကြိမ်ကြိမ် ကြိုးစားသော်လည်း အချည်းနှီးပင်။

သည်လိုနှင့် ထိုညတွင် ဟင်လီမြို့၌ပင်အိပ်ရန် နှစ်ယောက်သဘောတူ ဆုံးဖြတ်လိုက်ရတော့သည်။

ထို့နောက် 'ဘဲလ်အင်' စားသောက်ဆိုင်သို့ ပြန်သွားပြီး တစ်ညတာ တည်းခိုရန်အတွက် အခန်းနှစ်ခန်းငှားသည်။

"ဝမ်းနည်းပါတယ်ရှင်၊ လက်ဝဲဘက်မှာ နှစ်ယောက်အိပ် တစ်ခန်းပဲ ကျန်ပါတော့တယ်" ဧည့်ကြိုစားရေးမက ပြောသည်။

ဝီလျံက ခေတ္တစဉ်းစားနေပြီးတော့မှ

"ကောင်းပါပြီ၊ အဲဒီအခန်း ကျွန်တော်တို့ယူပါ့မယ်"

ကိတ်က အံ့အားသင့်သွားသော်လည်း ဘာမှတော့ ပြန်မပြော။ စာရေးမက သူမအား အကဲကတ်သော မျက်လုံးနှင့်ကြည့်သည်။

"ဒါနဲ့... မစ္စတာနှင့် မစ္စက်..."

"မစ္စတာနဲ့ မစ္စက်ဝီလျံကိန်းပါ" ဝီလျံက ခပ်တည်တည်ပင် ပြန်ပြောလိုက်သည်။ "ကျွန်တော်တို့ နောက်မှ ပြန်လာခဲ့ပါ့မယ်"

"ပစ္စည်းတွေကို အခန်းထဲပို့ပေးရမှာလား ခင်ဗျာ" ပစ္စည်းသယ်လုပ်သားတစ်ယောက်က ဝီလျံအား လှမ်းပေးသည်။

ဝီလျံက ပြုံးပြီး ပြန်ပြောလိုက်သည်။

"မလိုပါဘူး၊ ကျွန်တော်တို့မှာ ဘာပစ္စည်းမှ မပါပါဘူး"

"ဩော် ဟုတ်ကဲ့... ဟုတ်ကဲ့"

ထို့နောက် ဝီလျံက ဟင်လီလမ်းမကြီးအတိုင်း လျှောက်ခဲ့ရာ ကိတ်ကလည်း ဘာမသိညာမသိဖြင့် သူ့နောက်မှ လိုက်ပါလာခဲ့သည်။ နောက်ဆုံး ဘုရားရှိခိုးကျောင်းခြံဝတွင် ရပ်လိုက်ကြသည်။

"ဝီလျံ... ရှင်ဘာလုပ်မလို့လဲဟင်၊ ကျွန်မ သိခွင့်ရှိသလား"

ကိတ်က မအောင့်နိုင်တော့၍ မေးလိုက်သည်။

"သိရပါတယ် အချစ်ရယ်၊ ငါ အစောကြီးကတည်းက လုပ်ချင်နေတဲ့ အလုပ်တစ်ခုကို လုပ်မလို့ပါ"

ကိတ်က ဘာမှပြန်မပေးတော့။

ဘုရားရှိခိုးကျောင်းထဲ ဝင်သွားတော့ ဘုရားရှိခိုးစာအုပ်တွေ စီနေသော ကျောင်းစောင့် တစ်ယောက်ကို တွေ့ကြရသည်၊

"သင်းအုပ်ခင်ကြီး ရှိသလားဗျ" ဝီလျံက မေးလိုက်သည်။

"သူ့အိမ်မှာ ရှိပါလိမ့်မယ်"

"သူ့အိမ်က ဘယ်မှာလဲ"

"ဒါနဲ့ မောင်ရင်က အမေရိကန်လူမျိုးလား"

"ဟုတ်ပါတယ်"

"သင်းအုပ်အိမ်က ဘုရားရှိခိုးကျောင်းနောက်မှာ ကပ်လျက်ပဲ"

"ဒါနဲ့ ခင်ဗျား ဒီနေရာမှာ ၁၀ မိနစ်လောက် စောင့်နေနိုင်မှာလား"

"ဘာကိစ္စရှိလို့လဲ"

ဝီလျံက အင်္ကျီအိတ်ထဲမှ ပိုက်ဆံအိတ်ထုတ်ပြီး ငါးပေါင်တန် ငွေစက္ကူတစ်ရွက်ယူကာ နှစ်ခေါက်နှစ်ခေါက်လိုက်သည်။

"၁၅ မိနစ်လောက် စောင့်နိုင်ပါ့မလား"

ကျောင်းစောင့်က ဝီလျံလက်ထဲမှ ငွေစက္ကူကို စေ့စေ့ကြည့်နေသည်။ ပြီးတော့မှ

"ဟုတ်ကဲ့… ဟုတ်ကဲ့… ရပါတယ်၊ ရပါတယ်"

ဝီလျံက ငွေစက္ကူကို ကျောင်းစောင့်လက်ထဲ ထည့်ပေးလိုက်ပြီးနောက် ကိတ်ကို လက် ဆွဲပြီး ခပ်မြန်မြန်ကလေး ပြန်ထွက်လာခဲ့သည်။

ဆင်ဝင်ဆောင်နားမှ ဖြတ်လာစဉ် ဆိုင်းဘုတ်တစ်ခုကို တွေ့ရ၍ ဖတ်ကြည့်လိုက်သည်။

"သင်းအုပ်ခင်ကြီး ဆိုင်းမွန်တပ်ခ်ဘာရီ၊ မဟာဝိဇ္ဇာ (ကိန်းဘရစ်ချ်)"

ယင်းဆိုင်းဘုတ်အောက်တွင် သံမှိုနှင့်ကပ်ရိုက်ထားသော စာရွက်တစ်ခုတော့ ဘုရားရှိခိုးကျောင်း အမိုးအတွက် အနည်းဆုံး တစ်ပဲနိမှ (အမိုးအတွက် လိုအပ်သော) ပေါင် ၅၀၀ အထိ နည်းများ မဆို လှူဒါန်းကြရန် နှိုးဆော်လွှာဖြစ်သည်။ ဝီလျံက ယင်းစာရွက်ဖတ်ကြည့်ပြီး ပြုံးလိုက် မိသည်။

သင်းအုပ်အိမ် တံခါးဝရောက်တော့ ပန်းရောင် ပါးပြင်နှင့် ဝဝဖိုင့်ဖိုင့် အမျိုးသမီးကြီးတစ် ယောက်က ပြုံးပြီး တံခါးလာဖွင့်ပေးသည်။

'မစ္စက်တပ်ခ် ဘာရီပါလား ခင်ဗျား" ဝီလျံက မေးလိုက်သည်။

"ဟုတ်ပါတယ်" သူမက ပြုံးပြီးပြောသည်။

"သင်းအုပ်ကြီးနဲ့ တွေ့ချင်လို့ပါခင်ဗျာ"

"သင်းအုပ်ကြီး လက်ဖက်ရည်သုံးဆောင်နေပါတယ်၊ တော်တော်ကြာမှ တစ်ပတ် ပြန် လှည့်လာခဲ့ပါလား"

"ကိစ္စက နည်းနည်း အရေးကြီးနေလို့ပါ"

ကိတ်က ဝီလျံအနီးသို့ ကပ်လာသည်။ သို့သော် ဘာမှတော့မပြော။

"ကောင်းပြီလေ... ဒီလိုဆိုလဲအထဲဝင်ကြပါ"

သင်းအုပ်ကြီးအိမ်မှာ ၁၆ ရာစုကတည်းက ဆောက်လုပ်ခဲ့သော ကျောက်တုံးအိမ်ဟောင်းကလေး ဖြစ်သည်။ ဧည့်ခန်းကို သစ်တုံးမီးဖိုဖြင့် အနွေးဓာတ်ပေးထားသည်။

သင်းအုပ်ကြီးမှာ အရပ်ရှည်ရှည်၊ ပိန်ပိန်သွယ်သွယ်ဖြစ်သည်။ သူသည် နံနက်စာ သုံးဆောင်နေရာမှ ထရပ်လိုက်ပြီး...

"မင်္ဂလာ ညနေခင်းပါ မစ္စတာ"

"ကိန်းပါခင်ဗျာ၊ ဝီလျံကိန်း"

"ကျုပ် ဘာလုပ်ပေးရမလဲ မစ္စတာကိန်း"

"ဒီက ကိတ်နဲ့ ကျွန်တော်တို့ လက်ထပ်ချင်လို့ပါ ခင်ဗျာ"

"သြော်... ဟုတ်လား၊ သိပ်ကောင်းတာပေါ့" သင်းအုပ်ကြီးကတော်က ဝင်ပြောသည်။

"ရပါတယ် ရပါတယ်၊ ဒါနဲ့ မစ္စတာကိန်းက ဒီသာသနာ့နယ်မြေကလား၊ ကျုပ်မမှတ်မိသလိုရှိလို့ မေးကြည့်တာပါ"

"မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်က အမေရိကန်လူမျိုးပါ၊ ကျွန်တော်က ဘော့စတွန်က စိန်ပေါ့ကျောင်းကို ကိုးကွယ်တယ်"

"ဒါဆို လင်ကွန်းရှိုင်းယားကတော့ မဖြစ်နိုင်ဘူး၊ မက်ဆားချူးဆက်ပြည်နယ်က ဖြစ်ပါလိမ့်မယ်"

"ဟုတ်ပါတယ် ခင်ဗျာ"

အင်္ဂလန်တွင် ဘော့စတွန်မြို့ရှိကြောင်း ဝီလျံအမှတ်တမဲ့ ဖြစ်သွားသည်။

သင်းအုပ်ကြီးက ဆုတောင်းမေတ္တာပို့သတော့မလို လက်နှစ်ဖက်ကို အပေါ်သို့မြှောက်လိုက်ပြီး

"ကောင်းတယ်... ကောင်းတယ်... အလွန်မင်္ဂလာရှိပါတယ်... ဒီတော့ မစ္စတာကိန်းတို့နှစ်ယောက် ဝိညာဉ်ချင်း ဆက်ပြီး ပေါင်းဖက်ကြမှာက ဘယ်နေ့လို့ ရည်မှန်းထားသလဲ"

"ဒီနေ့ အခုချက်ချင်းပါ ခင်ဗျာ"

"အခုချက်ချင်း ဟုတ်စ" သင်းအုပ်ကြီးက အံ့အားသင့်သွားသည်။

"ကျုပ်က အမေရိကန်ပြည်ထောင်စုရဲ့ မင်္ဂလာလက်ထပ်ခြင်းဆိုင်ရာ ထုံးစံကိုတော့ ကောင်းကောင်းမကျွမ်းကျင်ပါဘူး၊ ဒါပေမယ့် ကာလီဖိုးနီးယားပြည်နယ်က လူတွေ လုပ်ပုံကိုင်ပုံတွေကို သတင်းစာထဲမှာ ဖတ်လိုက်ရတာကတော့ အလွန်ထူးဆန်းတာပဲ၊ ကျုပ်တို့ နယ်မြေမှာတော့ အဲဒီလို ထုံးစံတွေကို လက်မခံကြသေးပါဘူး၊ ကျုပ်တို့နိုင်ငံမှာ လက်ထပ်ချင်ရင်တော့ လက်မထပ်ခင် အင်္ဂလန်နိုင်ငံမှာ အနည်းဆုံး တစ်နှစ်ပြည့်အောင်နေပြီးဖြစ်ရမယ်၊ အဲဒီလိုမှမဟုတ်ရင်တော့ အင်မတန်ထူးခြားတဲ့ အခြေအနေမျိုးဖြစ်နေမှသာ လက်ထပ်ခွင့် ပြုလေ့ရှိတယ်၊

အထူးကိစ္စမျိုးဖြစ်နေတာတောင်မှ ကျုပ်အနေနဲ့ ဂိုဏ်းချုပ်ကြီးဆီမှာ ခွင့်တောင်းရဦးမယ်၊ အဲဒီ အတွက် အနည်းဆုံး သုံးရက်လောက်ကြာမယ်"

ကိတ်က ဖြတ်မေးလိုက်သည်။

"ဒါနဲ့ ဘုရားရှိခိုးကျောင်းအမိုးအတွက် ပိုက်ဆံဘယ်လောက် လိုပါသေးသလဲ"

"အား... ဟုတ်တယ်... အမိုးကိစ္စ... အမိုးကိစ္စ၊ အဲဒါ တော်တော်အရေးကြီးတယ်၊ ပြောရရင်တော့ အရှည်ကြီးပဲ၊ လွန်ခဲ့တဲ့ ၁၁ ရာစု"

"ပိုက်ဆံ ဘယ်လောက်လိုပါသေးသလဲ"

ဝီလျံက ကိတ်၏လက်ကို ကျစ်ကျစ်ပါအောင်ဆုပ်၍ မေးလိုက်သည်။

"စုစုပေါင်းတော့ ပေါင် ၅၀၀ လောက် လိုပါလိမ့်မယ်၊ အခုအထိတော့ အလွန်နည်းနေပါသေးတယ်၊ ခုနစ်ပတ်လုံးလုံး အလှူခံတာမှ ၂၇ ပေါင်၊ ၄ ရှီလင်နဲ့ ၄. ပဲနိပဲရသေးတယ်"

ဝီလျံက အင်္ကျီအိတ်ထဲမှ ပိုက်ဆံအိတ်ကို နှိုက်လိုက်သည်။ ထို့နောက် ချက်စာအုပ်ထုတ်ပြီး ပေါင် ၅၀၀ တန် ချက်တစ်စောင်ရေးကာ သင်းအုပ်ကြီးအား ကမ်းပေးလိုက်သည်။

"အား... အေး...ဒီကိစ္စက အထူးကိစ္စလို့ပဲ ပြောရတော့မှာပဲ၊ မစ္စတာကိန်း" သင်းအုပ်ကြီးက အံ့အားသင့်စွာဖြင့် ပြောသည်။

"ဒါနဲ့ အလျင်က အိမ်ထောင်ရှိခဲ့ဖူးကြသလား"

"ဟုတ်ကဲ့" ကိတ်က ပြောသည်။ "ကျွန်မ ခင်ပွန်းက လေယာဉ်ပျံ ပျက်ကျပြီး ဆုံးသွားတာ လေးနှစ်တောင်ရှိပါပြီ"

"အို... ကြောက်စရာကြီးပါပဲလား၊ စိတ်မကောင်းပါဘူး တူမရယ်" သင်းအုပ်ကြီးကတော်က ပြောသည်။

"ငါ ပြောပါရစေဦး ရှင်မရဲ့" သင်းအုပ်ကြီးက သူ့ဇနီးကို ဟန့်တားလိုက်သည်။ သူက သူ့ဇနီး၏ ကရုဏာတရားထက် ကျောင်းအမိုးကိစ္စကို ပို၍ စိတ်ဝင်စားနေသည်။ "ပြီးတော့ မစ္စတာကိန်းကရော"

"ကျွန်တော် အိမ်ထောင်မပြုဖူးသေးပါဘူး"

"ကျုပ် ဂိုဏ်းအုပ်ကြီးဆီ ဖုန်းဆက်လိုက်ပါ့မယ်"

ထို့နောက် သူသည် ကပ်လျက်အခန်းထဲသို့ ဝင်သွားသည်။

သင်းအုပ်ကြီးကတော်က ဝီလျံနှင့် ကိတ်တို့အား မုန့်နှင့်လက်ဖက်ရည်ဖြင့် ဧည့်ခံသည်။ စကားတွေလည်း တတွတ်တွတ်ပြောသည်။ သို့သော် ဝီလျံနှင့် ကိတ်တို့က သူမ၏ စကားကို လုံးဝစိတ်မဝင်စားကြ။ တစ်ယောက်မျက်နှာကိုသာ တစ်ယောက်စိုက်ကြည့်နေမိကြသည်။

သင်းအုပ်ကြီး ပြန်ထွက်လာသည်။

"အင်း... ဒါကတော့ အထူးကိစ္စပဲ၊ အထူးကိစ္စဖြစ်လို့ ဂိုဏ်းအုပ်ကြီးက ခွင့်ပြုတယ်၊ ဒါပေမယ့် ခြွင်းချက်တော့ ရှိတယ်၊ မစ္စတာကိန်းက မနက်ဖြန်မနက်မှာ အမေရိကန်သံရုံးသွား

ပြီး အကြောင်းစုံကို သတင်းပို့ရမယ်၊ ပြီးတော့ အမေရိကန်ပြည်ရောက်တဲ့အခါမှာလဲ...စိန့်ပေါ ဘုရားရှိခိုးကျောင်းက ဂိုဏ်းအုပ်ကြီးဆီသွားပြီး လျှောက်ထားရမယ်"

သူက လက်ထဲတွင် ချက်လက်မှတ်ကို ကိုင်ထားတုန်းရှိသေးသည်။ သူက ဆက်ပြောသည်။

"အဲဒီတော့ သက်သေနှစ်ယောက် လိုလိမ့်မယ်၊ ကျုပ်ဇနီးတစ်ယောက်တော့ရပြီ၊ ကျောင်းစောင့် မစ္စတာစပရိုဂက် ရှိလိမ့်ဦးမယ် ထင်တယ်၊ သူနဲ့ဆိုရင် အလုပ်ဖြစ်ပါပြီ"

"သူရှိပါတယ်၊ သူရှိပါတယ်"

"ဘယ်လိုလုပ် သိသလဲ"

"သူ့ကိုလဲ တစ်ရာခိုင်နှုန်း ပေးခဲ့ရလို့ပါ"

"တစ်ရာခိုင်နှုန်းဟုတ်လား၊ ဘာကို ဆိုလိုတာပါလိမ့်"

"ကျောင်းအမိုးရဲ့ တစ်ရာခိုင်နှုန်းကို ပြောတာပါ"

"သြော်... သြော်... ဟုတ်ပြီ... ဟုတ်ပြီ"

သင်းအုပ်ကြီးသည် ဝီလျံ၊ ကိတ်နှင့် သူ့ဇနီးတို့အား ဘုရားရှိခိုးကျောင်းသို့ ဦးဆောင်ခေါ်လာခဲ့သည်။ ကျောင်းခန်းမထဲသို့ ရောက်သောအခါ သင်းအုပ်ကြီးက တရားဟော ဝတ်ရုံဖြူကြီးကိုဝတ်သည်။ ပြီးတော့ အသင့်စောင့်နေသော ကျောင်းစောင့်ကို မျက်စပစ်ပြလိုက်ပြီး

"အင်း စမ္မတာ စပရိုဂတ်ကတော့ တာဝန်ကျေပါပေ့ဗျား၊ ဟိုတုန်းက ဒီလိုတစ်ခါမှ မရှိဖူးပါဘူး၊ မစ္စတာကိန်းနဲ့ တော်တော်ပြေလည်မှုရှိကြတယ်ထင်ပါ့"

ကျောင်းစောင့်ကြီးက ဘာမှ ပြန်မပြောဘဲ ဧည့်သည်များကိုသာ အံ့သြသောအမူအရာဖြင့် ကြည့်နေသည်။

ဝီလျံက ကိတ်ဘက်သို့လှည့်ကာ ရွှရွှကလေး နမ်းလိုက်သည်။

"မေးနေဖို့ အချိန်တော့မဟုတ်ပါဘူး ကိတ်၊ ဒါပေမယ့် ဝတ္တရားအတိုင်းတော့ မေးရတော့မယ်၊ ကိုယ့်ကို လက်ထပ်နိုင်ပါ့မလား"

"ဘုရားရေ" သင်းအုပ်ကြီးက သူ၏ ၅၇ နှစ် သက်တမ်းတွင် ပထမဆုံးအကြိမ် အံ့အားသင့်ရသောအမူအရာဖြင့် ဘုရားတလိုက်သည်။

"ဒီလိုဆို မောင်ရင်က သူ့ကို လက်ထပ်ခွင့်တောင်မတောင်းရသေးဘူးဆိုပါတော့ ဟုတ်စ"

◇ ◇ ◇

နောက် ၁၅ မိနစ်အကြာတွင် ဝီလျံနှင့် ကိတ်တို့သည် လက်ချင်းယှက်ကာ ဘုရားရှိခိုးကျောင်းထဲမှ အပြုံးကိုယ်စီဖြင့် ပြန်လည်ထွက်ခွာလာခဲ့ကြသည်။

ခန်းမဆောင်ထဲမှ မထွက်မီကလေးတွင် သင်းအုပ်ကြီးကတော်က ခန်းဆီးလိုက်ကာတွင် တပ်ထားသော ကြေးကွင်းတစ်ကွင်းကို ဖြုတ်ပြီး မင်္ဂလာလက်စွပ်အဖြစ် ကိတ်၏ လက်တွင် စွပ်ပေးလိုက်သည်။ လက်နှင့်တိုင်းလုပ်ထားသလို စေ့သားကိုက်ဖြစ်နေသည်။

ဘုရားရှိခိုးကျောင်းအပြင်ဘက်ရောက်တော့ သင်းအုပ်ကြီးက ဝီလျံအား စာရွက်တစ်ရွက် ပေးသည်။

"ဒါက ဘာလဲ" ဝီလျံက မေးလိုက်သည်။

"လက်ထပ်စာချုပ်"

"ဘုရားရေ ဒီအတိုင်းဆိုရင်တော့ ဘဏ်တိုက် တစ်တိုက်လုံး ကုန်တော့မှာပဲ"

ဝီလျံက ယင်းသို့ပြန်ပြောရင်း သင်းအုပ်ကြီးအား နောက်ထပ် ပိုက်ဆံပေါင်ဝက် ကမ်း ပေးလိုက်သည်။

ထို့နောက်တော့ သူသည် သတို့သမီးလက်ကိုဆွဲကာ ဟင်လီလမ်းမကြီးအတိုင်း စား သောက်ဆိုင်သို့ ပြန်လျှောက်လာခဲ့ကြသည်။

စားသောက်ဆိုင်ရောက်တော့ ၁၅ ရာစုနှစ် ဝက်သစ်ချ စားသောက်ဆောင်တွင် ညစာ စားကြသည်။ ၉ နာရီကျော်တော့ အိပ်ရာဝင်ကြသည်။

✧ ✧ ✧

နောက်တစ်နေ့ နံနက်တွင် ကားကို မက္ကင်းနစ်က ပြင်နေစဉ် သူတို့နှစ်ယောက် မနက် စာ စားကြသည်။ စားပွဲထိုးကလေးတစ်ယောက်က ကော်ဖီလာထည့်ပေးသည်။

"ကိတ်... ကော်ဖီကြမ်းပဲ သောက်မလား၊ နို့ထည့်ပေးရမလား" ဝီလျံက မေးသည်။

"နို့ထည့်ပါ"

သူမက ဝီလျံ၏ လက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

အနီးစားပွဲမှ အသက် ခပ်ကြီးကြီး လင်မယားနှစ်ယောက်က တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ကာ ပြုံးလိုက်ကြသည်။ တစ်ခန်းလုံးက ဝီလျံတို့စုံတွဲဆီသို့သာ မျက်လုံးရောက် နေကြသည်။

စားသောက်ပြီးသောအခါ အပြန်ခရီးကို ဆက်လက် ထွက်ခွာလာခဲ့ကြသည်။ ဟင်လီမြို့ကို ဖြတ်ကျော်ပြီး သိမ်းမြစ်ပေါ်မှ မောင်းလာစဉ် နွေဦး လေနုအေးကလေးသည် တဖြူးဖြူးတိုက် ခတ်နေသည်။

ကားကလေးသည် ဘာ့ခ်ရှိုင်းယား မစ်ဒဲလ်ဆက်ကွ်စ်နယ်မြေများကို ဖြတ်ကျော်ကာ လန်ဒန်မြို့တွင်းသို့ ဝင်လာခဲ့သည်။

"ဒါနဲ့ ဒီနေ့မနက်က စားသောက်ဆိုင် ပစ္စည်းသယ်သမားက ကိုယ်တို့ကိုကြည့်တဲ့ အမူ အရာ သတိထားမိသလား ကိတ်" ဝီလျံက အမှတ်မထင် မေးလိုက်သည်။

"သတိထားမိပါတယ်၊ သူက ကျွန်မတို့ဆီက လက်ထပ်စာချုပ် တောင်းကြည့်ချင်ပုံ ရပါတယ်"

"မဟုတ်ဘူး မဟုတ်ဘူး၊ အဲဒီလို မဟုတ်ဘူး၊ သူက သတို့သမီးကလေးက ချောလိုက် တာ၊ ညနေ အိမ်ပြန်ရောက်ရင်တော့ မိန်းမကို ပြောပြရဦးမှာပဲဆိုပြီး တွေးနေတာ"

ကိတ်က သဘောကျစွာဖြင့် ရယ်နေသည်။

သူတို့သည် နေ့လယ်စာအမီ 'ရစ်ဇ်' ဟိုတယ်သို့ ရောက်လာကြသည်။ ရောက်ရောက်ချင်း ဝီလျံက ယခင်ငှားထားသော ကိတ်၏ သီးသန့်ခန်းကို ပြန်အပ်လိုက်သောအခါ မန်နေဂျာက အံ့အားသင့်နေသည်။ နောင်အခါတွင် မန်နေဂျာက 'မစ္စတာကိန်းက တော်တော်ထူးဆန်းတဲ့ လူငယ်တစ်ယောက်ပဲ၊ ကွယ်လွန်သူ သူ့အဖေဆိုရင် ဒီလုပ်ငန်းမျိုး ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး" ဟူ၍ တခြားလူတွေကို ပြောပြကြောင်း သိရှိရသည်။

ဝီလျံနှင့် ကိတ်တို့သည် ဂရိုစဗီနားဥယျာဉ်မှ အမေရိကန်သံရုံးသို့ သွားရောက်ပြီး သူတို့လက်ထပ် ခြင်းကို အကြောင်းကြားသည်။

ကောင်စစ်ဝန်က သူတို့အား ဖြည့်စွက်ရန် ပုံစံစာရွက်ကြီးတစ်ရွက် ထုတ်ပေးပြီး မှတ်ပုံတင်ခအဖြစ် ပိုက်ဆံတစ်ပေါင်တောင်းသည်။

ထို့နောက် တစ်နာရီလောက်အထိ ထိုင်စောင့်နေကြရသည်။ အင်္ဂလန်က အမေရိကန်သံရုံးလဲ အမိုးမိုးဖို့ စရိတ်လိုချင်ပြန်ပြီနဲ့တူတယ်ဟု ဝီလျံကတွေးပြီး ပြုံးလိုက်မိသည်။

သံရုံးတွင် ကိစ္စပြီးတော့ ဘွန်းလမ်းမှ ကာတီးယားတိုက်တွင် မင်္ဂလာလက်စွပ်တစ်ကွင်း သွားဝယ်ရန်ပြောသည်။ သို့သော် ကိတ်က လုံးဝလက်မခံ။ သူမအတွက် နောက်ထပ်မင်္ဂလာလက်စွပ် ဝယ်စရာမလိုတော့။ ဘုရားရှိခိုးကျောင်းတွင် သင်းအုပ်ကြီးကတော် ဝတ်ပေးလိုက်သော လက်စွပ်ထက် တန်ဖိုးရှိတာမရှိတော့ဟု သူမက ပြန်ပြောသည်။

ဝီလျံနှင့် ကိတ်တို့သည် 'အကွီးတန်နီးယား' သင်္ဘောကြီးဖြင့် နယူးယောက်မြို့သို့ ပြန်ခဲ့ကြသည်။

✧ ✧ ✧

ဘော့စတွန်ရောက်တော့ ဥက္ကဋ္ဌသစ်လက်အောက်တွင် အလုပ်လုပ်ရသည်မှာ ဝီလျံအတွက် ပြဿနာတစ်ရပ်လို ဖြစ်နေသည်။

သမ္မတရစဗဲ့၏ 'နယူးဒီးလ်' မူဝါဒသစ်ကလည်း စီးပွားရေးနယ်ပတ်တွင် ဥပဒေသစ်တစ်ခုဖြစ်လာသည်။ ဝီလျံနှင့် တိုနီဆိုင်မွန်တို့သည် ရင်းနှီးမြှုပ်နှံရေးကိစ္စများတွင် သဘောချင်းမတိုက်ဆိုင်အောင် ဖြစ်လာကြသည်။

သို့သော်လည်း သူတို့နှစ်ယောက်သည် ကိုယ့်အယူအဆကိုယ် ရင်ဝယ်ပိုက်ထားကြပြီး မြွေမသေတုတ်မကျိုးပင် စခန်းသွားနေကြသည်။

အင်္ဂလန်မှပြန်ရောက်ပြီး မကြာမီတွင် ကိတ်မှာ ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း သိရသောအခါ သူမ၏ မိဘများနှင့် ဝီလျံတို့သည် အလွန်ဝမ်းသာကြသည်။

ဝီလျံသည် အိမ်ထောင်သည် ဖြစ်လာသည့်အလျောက် အလုပ်ချိန်ကို ယခင်ကထက် လျှော့၍လုပ်ရန် ရည်ရွယ်သော်လည်း သူစားပွဲပေါ်တွင် အလုပ်တွေက တစ်နေ့ထက်တစ်နေ့ ပုံလာကြသည်။ သို့ဖြင့် သူသည် ညနေတိုင်း အချိန်မှန် အိမ်သို့မပြန်နိုင်အောင် ဖြစ်နေသည်။

သို့သော်... ကိတ်ကတော့ သည်အတွက် ဘယ်လိုမှ သဘောမထား။ ခင်ပွန်းသည်၏ လုပ်ငန်းသဘောကို နားလည်သည်။ သူမသည် ကလေးအတွက် သီးသန့်ဆောင်ကို တခမ်းတနား မွမ်းမံပြင်ဆင်ရင်း လက်မလည်နိုင်အောင် အလုပ်များနေသည်။

လာမည့် ဒီဇင်ဘာလတွင် ကလေးမွေးဖွားတော့မည်။ ဝီလျံက လုပ်စရာအလုပ်တွေကို အိမ်မှာပင်ယူလုပ်သည်။ သူသည် ကလေးဖခင်ဖြစ်လာရတော့မည့်အတွက် အလွန်ပျော်ရွှင်နေသည်။

သို့သော် တစ်ဖက်တွင်တော့ မက်သယူးအတွက် တစ်နေ့ထက် တစ်နေ့ စိတ်မချမ်းမသာ ဖြစ်လာရသည်။

မက်သယူးသည် အရက်မူးပြီး ရုံးတက်သည်။ ဘာအလုပ်မှ မလုပ်နိုင်ဘဲ အိမ်ပြန်သွားသည်။

သည်လိုနှင့်ကြာတော့ မက်သယူးကို အားကိုး၍မရတော့ကြောင်း ဝီလျံသိလာရသည်။

ပထမတော့ သူက ဘာမှမပြော။ တစ်နေ့တော့ ပြန်ကောင်းလာလိမ့်မည်ဟု စောင့်ကြည့်နေသည်။

သို့သော် မက်သယူးက ပြန်ကောင်းမလာ။ ဆိုးသည်ထက်သာ ဆိုးလာသည်။

နိုဝင်ဘာလတစ်နေ့တွင် မက်သယူးသည် နှစ်နာရီနောက်ကျပြီး အလုပ်ခွင်သို့ ရောက်လာသည်။ ညက အသောက်လွန်ခဲ့သဖြင့် ကိုယ့်ကိုယ်ကိုယ် မသယ်နိုင်အောင်ဖြစ်နေသည်။ သည်ကြားထဲက မမှားသင့်သော အမှားတစ်ခုကို ကျူးလွန်သည်။ အမြတ်အစွန်း တော်တော်များများ ရသင့်သော ရင်းနှီးမြှုပ်နှံမှုတစ်ခုကို သူ့သဘောနှင့်သူ လုပ်လိုက်သဖြင့် အရှုံးပင်ထွက်ရသည့်အဖြစ်သို့ ရောက်သွားသည်။

ဝီလျံက သူ၏ အချစ်ဆုံးမိတ်ဆွေနှင့် ထိပ်တိုက်တွေ့ရန် အချိန်ရောက်ပြီဟု ဆုံးဖြတ်လိုက်သည်။

မက်သယူးက သူ့အမှားကိုဝန်ခံသည်။ နောင်ကို သည်လိုမဖြစ်စေရပါဟုလည်း ကတိပေးသည်။ ဝီလျံက သူငယ်ချင်းနှစ်ယောက် ပြေလည်မှုအတွက် အထိန်းအမှတ်အဖြစ် နေ့လယ်စာသွားစားရန် အကြံပေးသည်။

ထိုအချိန်တွင် အတွင်းရေးမှူးစာရေးမ သုတ်သီးသုတ်ပျာ ဝင်လာပြီး သတင်းပေးသည်။

"မစ္စက်ကိန်းကို ဆေးရုံတင်လိုက်ရလို့တဲ့ မစ္စတာကိန်း"

"ဘာဖြစ်လို့လဲ"

"ကလေးမွေးတော့မလို"

"ဘယ့်နှယ် အချိန်မှ မဟုတ်သေးတာ၊ တစ်လခွဲလောက်လိုသေးတာပဲ"

"ဟုတ်ပါတယ် မစ္စတာကိန်း၊ ဒါပေမယ့် ဒေါက်တာမက္ကင်ဇီက တော်တော် စိုးရိမ်နေရပါတယ်၊ မစ္စတာကိန်းကို ဆေးရုံကို ချက်ချင်းလိုက်လာဖို့ပြောပါတယ်"

ဝီလျံနှင့် မက်သယူးတို့သည် ဆေးရုံသို့ ကားဖြင့် လိုက်လာကြသည်။ ကလေးမွေးရင်း ကွယ်လွန်သွားခဲ့သော ဝီလျံ၏ မိခင်အကြောင်းကို နှစ်ယောက်စလုံး သတိရမိကြသည်။

"ကိတ်ကို ဘုရားသခင် စောင့်ရှောက်ပါလိမ့်မယ်"

မက်သယူးက ကားကို ဆေးရုံရှေ့တွင် ထိုးရပ်ရင်း ပြောလိုက်သည်။

ဝိလျံအား 'အယ်နီကိန်း သားဖွားဆောင်' သို့ မည်သူမျှ လိုက်ပြရန်မလို။ သူ့မိခင်အား အမှတ်တရ ဆောက်လုပ်ခဲ့သော အဆောင်ဖြစ်ပြီး လွန်ခဲ့သော ခြောက်လခန့်ကမှ ကိတ်ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သည်။

သားဖွားခန်းအပြင်ဘက်တွင် သူနာပြုဆရာမတစ်ယောက် ရပ်နေသည်။

ဒေါက်တာမက္ကင်ဇီသည် ကိတ်နှင့်အတူရှိနေကြောင်း၊ ကိတ်မှာ အလွန်သွေးလွန်နေကြောင်း ဆရာမက ဝိလျံအား ပြောပြသည်။

ဝိလျံက စင်္ကြံလမ်းပေါ်တွင် ဂနာမငြိမ် ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည်။ မက်သယူးကလည်း ဘာတစ်ခွန်းမျှမပြော။ ဝိလျံ လမ်းလျှောက်လျှင် သူလည်းလိုက်လျှောက်သည်။ ဝိလျံ ထိုင်လျှင် သူလည်း လိုက်ထိုင်သည်။

သားဖွားခန်းထဲမှ သူနာပြုဆရာမတစ်ယောက် ထွက်လာတိုင်း၊ သားဖွားခန်းထဲသို့ ပြန်ဝင်လာတိုင်း ဝိလျံက လက်ပတ်နာရီကိုသာ တကြည့်ကြည့်လုပ်နေသည်။

စက္ကန့်မှ မိနစ်၊ မိနစ်မှ နာရီသို့ ရောက်လာသည်။

နောက်ဆုံး ဒေါက်တာ မက္ကင်ဇီထွက်လာသည်။ သူ့နဖူးပေါ်တွင် ချွေးတွေသီးနေသည်။ ခွဲစိတ်ခန်းသုံး မျက်နှာဖုံးကို စွပ်ထားသည်။ ထို့ကြောင့် သူ့မျက်နှာအမူအရာကို မမြင်ရ။

ဝိလျံအနီးသို့ရောက်တော့မှ မျက်နှာဖုံးချွတ်လိုက်သည်။ ဒေါက်တာ၏ မျက်နှာတွင် အပြုံးလွှမ်းသွားသည်။

"ကွန်ဂရက်ကျူလေးရှင်း... ဝိလျံ၊ မင်းမှာ သားဦးကလေးတစ်ယောက်ရပြီ၊ ကိတ်လဲ ကျန်းကျန်းမာမာပါ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ" ဝိလျံက သက်မချလိုက်ပြီး မက်သယူး၏လက်ကို ဖျစ်ညှစ်ထားလိုက်သည်။

"ဘုရားသခင် ကျေးဇူးတော်ပါပဲ" ဒေါက်တာက ဆက်ပြောသည်။ "ကျုပ်အစွမ်းကြောင့် ဆိုတာထက် ဘုရားသခင် ကျေးဇူးတော်ကြောင့်ဆိုမှ ပိုမှန်လိမ့်မယ် ဝိလျံ"

"ကျွန်တော် ဝင်ကြည့်လို့ ရပါသလား ဒေါက်တာ"

"နေပါဦး နေပါဦး ခဏစောင့်လိုက်ပါဦး၊ ကျုပ်က ကိတ်ကို စိတ်ငြိမ်ဆေးထိုးထားတယ်၊ အခု သူအိပ်ပျော်နေတယ်၊ သူက သွေးတွေ တော်တော်များများ သွန်ပစ်လိုက်လို့ အတော်ကလေး အားနည်းနေတယ်၊ ဒါပေမယ့် မနက်ကျတော့ အားလုံးကောင်းသွားပါလိမ့်မယ်၊ ကဲ လာလာ လာလာ၊ မောင်ရင့်သားကလေး သွားကြည့်ရအောင်၊ ဒါပေမယ့် သူ့ပုံပန်းမြင်ရလို့ ဘယ်လိုမှတော့ မဖြစ်ပါနဲ့၊ လမစေ့ဘဲ မွေးတဲ့ကလေးတိုင်း ဒီလိုပဲ နေမှာပဲ"

ဒေါက်တာမက္ကင်ဇီက ဝိလျံနှင့် မက်သယူးတို့အား စင်္ကြံလမ်းအတိုင်း ခေါ်သွားသည်။ အခန်းတစ်ခန်းရှေ့ရောက်တော့ ရပ်လိုက်ကြသည်။ တစ်ခန်းလုံးကို လေးဘက်လေးတန်မှန်ကာ ထားသည်။ အပြင်ဘက်မှ လှမ်းကြည့်လိုက်တော့ အခန်းထဲတွင် ပုခက်ကလေးတွေ အတွင်း၌

မွေးကင်းစ ကလေးငယ်ခြောက်ယောက်ကို မြင်ရသည်။

"ဟို လက်ယာဘက် တတိယကလေးပဲ" ဒေါက်တာက လက်ညှိုးညွှန်ပြသည်။

ဝီလျံက အရုပ်ဆိုးဆိုး မျက်နှာကလေးကို လှမ်းကြည့်ပြီး မျက်နှာပျက်သွားသည်။

"ကလေးက ကြီးလာရင် သူ့အဖေထက် ချောမှာပါ"

ဒေါက်တာက ရယ်ပြီး ပြောသည်။

ဝီလျံကလည်း ရယ်လိုက်သည်။

"ဒါနဲ့ ကလေးကို ဘယ်လိုနာမည်ပေးမလဲ"

"ရစ်ချတ်ဟစ်ဂင်ဆန်ကိန်း"

ဒေါက်တာက ကလေးဖခင်အား ရင်းနှီးစွာဖြင့် ပခုံးကို လက်နှင့် ပုတ်လိုက်သည်။

"အင်း ကံကောင်းရင် ရစ်ချတ်ရဲ့ သားဦးကလေးကို ကျုပ် မွေးဖွားပေးရဦးမှာပဲ"

◆ ◆ ◆

ဝီလျံက စိန့်ပေါ ကျောင်းအုပ်ကြီးထံသို့ ချက်ချင်း သံကြိုးရိုက်ပြီး ၁၉၄၃ ခုနှစ်တွင် ကလေးကို ကျောင်းလာအပ်မည်ဖြစ်ကြောင်း ကြိုတင်စာရင်းသွင်းလိုက်သည်။ ကျောင်းအုပ်ကြီးကလည်း မှတ်ပုံတင်စာရင်းတွင် ချက်ချင်း ရေးမှတ်ထားလိုက်သည်။

ထိုနေ့က သူငယ်ချင်းနှစ်ယောက် ဝမ်းသာခြင်းအထိမ်းအမှတ်အဖြစ် အရက်မူးအောင် သောက်ကြသည်။

နောက်တစ်နေ့တွင် နေမြင့်မှ သူတို့နှစ်ယောက် ဆေးရုံသို့ ရောက်လာကြသည်။

"တော်တော် အကျည်းတန်တဲ့ ဘဲကလေးပဲ၊ သူ့အမေနဲ့လဲ တစ်စက်မှ မတူဘူး" ကလေးကိုကြည့်၍ မက်သယူးက မှတ်ချက်ချသည်။

"ဟုတ်တယ်ကွ၊ ငါလဲ အဲဒီလိုပဲ စဉ်းစားနေတာ"

"ဒါပေမယ့် မင်းနဲ့တော့ တူပါတယ်ကွ"

ထို့နောက် ကိတ်၏ အခန်းထဲသို့ လာခဲ့ကြသည်။ အခန်းထဲတွင် ပန်းမျိုးစုံ ဝေဆာပွင့်လန်းနေကြသည်။

"သားလေးကို ချစ်ရဲ့လား... မောင်၊ သားလေးက မောင်နဲ့ သိပ်တူတာပဲနော်" ကိတ်က လင်တော်မောင်အား မေးလိုက်သည်။

"နောက်ထပ် အဲဒီလိုပြောတဲ့လူကို ငါရိုက်မိလိမ့်မယ်၊ ချွတ်လေးက ငါတွေ့ဖူးသမျှ ကလေးတွေထဲမှာ အရုပ်ဆိုးဆုံးဆိုးပဲ"

"မဆိုးပါဘူး မောင်ရယ်၊ မောင့်သားလေးက လူချောကလေးပါ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ သူ့မျက်နှာက အမေချစ်မယ့် မျက်နှာမျိုးပါ"

ဝီလျံက ဇနီးသည်အား ပွေ့ဖက်ထားလိုက်သည်။

ကိတ်ကလည်း ဝမ်းသာစွာဖြင့် ပြန်ဖက်ထားလိုက်သည်။

"အင်း... အဘွားကိန်းသာ ဒီကလေးကိုမြင်ရရင် ဘယ်လိုများ ပြောလိမ့်မလဲမသိဘူး၊ လက်ထပ်တာတောင် ရှစ်လမပြည့်သေးဘဲနဲ့ မွေးတဲ့ကလေးဆိုပြီး နှာခေါင်းရှုံ့မှာတော့ ကျိန်းသေပဲ၊ ဒါနဲ့ စကားမစပ် ကိတ်၊ မင်းကို ဆေးရုံကို မပို့ခင် ငါပြောချင်တာ တစ်ခုကို ငါမေ့နေခဲ့တယ်"

"ဘာများလဲ မောင်"

"မင်းကို ငါ သိပ်ချစ်တယ်ဆိုတာလေ"

"အို... မောင်ကလဲ၊ ရှက်စရာကြီး၊ မက်သယူးရှေ့မှာ"

"အမလေးဗျာ၊ မရှက်ပါနဲ့ မရှက်ပါနဲ့၊ ခင်ဗျားတို့ပဲ ချစ်ကြပါ၊ တစ်ဝကြီးချစ်ကြပါ"

✧ ✧ ✧

ကိတ်နှင့် သားကလေးတို့သည် ဆေးရုံတွင် တစ်လခွဲကျော်ကျော်နေကြရသည်။ ဒီဇင်ဘာလကုန်မှ ကိတ်သည် ပြည့်ပြည့်ဝဝ ကျန်းမာရွှင်လန်းလာသည်။

ရစ်ချတ်ကလေးမှာလည်း နေ့ချင်းရက်ချင်းဆိုသလို သန်စွမ်းကြီးထွားလာခဲ့သည်။ ဝီလျံသည် ကလေးအနားမှ မခွာနိုင်သဖြင့် ကိန်းမိသားစုတွင် ပထမဆုံး အိပ်ငိုက်တတ်သူနှင့် ပုခက်လွှဲတတ်သူ ဖြစ်လာသည်။

ကိတ်က သားကလေးအတွက် အလွန်ဂုဏ်ယူနေမိသည်။

ဝီလျံက မက်သယူးအား မိန်းမယူသင့်ပြီဟု အကြံပေးသည်။

မက်သယူးကရယ်ပြီး ပြန်ပြောလိုက်သည်။

"ဒီအရွယ်ရောက်မှ မိန်းမယူရင် ဆံဖြူသွားကျိုး အဘွားကြီးပဲ ရတော့မပေါ့ကွာ"

✧ ✧ ✧

သူနှင့် တိုနီဆိုင်မွန်တို့၏ တင်းမာနေသော ဆက်ဆံရေးသည် ဘယ်နေ့တွင် အဆိုးရွားဆုံးအခြေအနေသို့ ရောက်လာလိမ့်မည်ဆိုသည်ကို ဝီလျံက မခန့်မှန်းနိုင်အောင် ဖြစ်နေသည်။

တိုနီက ဝီလျံတင်ပြသမျှ အဆိုပြုချက်များကို ဗီတိုအာဏာဖြင့် ပယ်ချမြဲပယ်ချနေသည်။ တိုနီ၏ တစ်စိမ်းပြင်ပြင်ဆံသော အပြုအမူကြောင့် ဝီလျံက နုတ်ထွက်ဖို့ကိစ္စကို စဉ်းစားလာပြန်သည်။ မက်သယူးမှာလည်း ပုလင်းဘက် ပြန်လှည့်လာပြန်သဖြင့် မည်သို့မျှ အကူအညီမရ။ အရက်ကို လုံးဝဖြတ်တော့မည်ဟု ကတိခံခဲ့သော်လည်း သုံးလေးလသာ ဖြတ်သည်။ ယခု ပြန်သောက်တော့ ယခင်ကထက် မောင်းပြန်တိုး၍ သောက်လာသည်။ အရက်သောက်တာက ကိစ္စမရှိသေး။ မနက်တိုင်းအလုပ်ခွင်သို့ နောက်ကျမှ ရောက်လာတတ်သည်က ပိုဆိုးသည်။ အလုပ်ခွင်ရောက်လာပြန်တော့လည်း ခဏသာထိုင်ပြီး ပြန်ထွက်သွားတတ်သည်။ သူ့အလုပ်တွေကို ဝီလျံက ညနေတိုင်းလုပ်ပေးနေရသည်။

၁၉၃၆ ခုနှစ် နွေဦးပေါက်တော့ စီးပွားရေးပြန်ကောင်းစပြုလာသည်။ ရင်းနှီးမြှုပ်နှံသူ

တွေ ယုံကြည်မှုရှိလာပြီး ဘဏ်တိုက်တွင် ငွေလုံးငွေရင်း အမြောက်အမြား အပ်နှံသူတွေ များလာသည်။ သို့ဖြင့် ဝီလျံက စတော့ဈေးကွက်သို့ ပြန်ဝင်ရန် ဆုံးဖြတ်ပြီး ဘုတ်အဖွဲ့သို့ အဆိုပြုလိုက်သည်။ သို့သော် တိုနီက ဘဏ္ဍာရေးကော်မီတီဝင်များသို့ အတွင်းစာရေးပြီး ဗီတိုအာဏာပြင့် ပယ်ချလိုက်ပြန်သည်။

ဝီလျံမှာ သည်းမခံနိုင်တော့ပဲ တိုနီ၏ ရုံးခန်းသို့ ချက်ချင်းသွားရောက်ပြီး နုတ်ထွက်စာတင်ခွင့်ပြုရန် ပြောသည်။

"မလုပ်စမ်းပါနဲ့ ဝီလျံ၊ ငါက တို့ဘဏ်ကို ရှေးရိုးအတိုင်း မှန်မှန်ပဲလုပ်သွားဖို့ ရည်ရွယ်ထားတာကို မောင်ရင်က သိပြီးသားပါ၊ အဲဒါကြောင့် ဖောက်သည်တွေရဲ့ငွေကို ခုတုန်းလုပ်ပြီး စတော့ဈေးကွက်ကို မဝင်ချင်ဘူး"

"အဲဒီလိုလုပ်နေလို့ အပြိုင်ဘဏ်တွေက ကျွန်တော်တို့ကို ကျော်တက်သွားကြပြီ၊ ဟိုတုန်းက ဘယ်သူမှ လူမသိတဲ့ ဘဏ်ကလေးတွေတောင် ကျွန်တော်တို့ထက် ရှေ့တစ်လှမ်းရောက်သွားကြပြီ"

"ဘယ်နေရာမှာ ကျော်တက်လို့လဲ၊ ဘယ်နေရာမှာ ရှေ့တစ်လှမ်းရောက်နေလို့လဲ ဝီလျံ၊ ဂုဏ်သိက္ခာမှာတော့ တို့ကို သူတို့မကျော်နိုင်ပါဘူး၊ အဲ အမြတ်အစွန်းမှာတော့ တို့ထက်သာချင် သာမယ်၊ ဂုဏ်သိက္ခာမှာတော့ လုံးဝမသာပါဘူး"

"ကျွန်တော်က ဂုဏ်သိက္ခာမလိုချင်ဘူး၊ အမြတ်အစွန်းပဲလိုချင်တယ်၊ ဘဏ်တိုက် တစ်တိုက် တည်ထောင်တယ်ဆိုတာ ဂုဏ်ရှိအောင်လုပ်တဲ့ အလုပ်မှမဟုတ်တာ၊ အမြတ်အစွန်းလိုချင်လို့ လုပ်တာပဲ"

"ဒါပေမယ့် ငါကတော့ ဒီအတိုင်းပဲ ပိုနေမြဲကျားနေမြဲ လုပ်သွားပြီး ဂုဏ်သိက္ခာကို ထိန်းထားချင်တယ်၊ မောင်ရင့်အဘိုးနဲ့ အဖေတို့လဲ ရာစုနှစ်တစ်ဝက်တိုင်တိုင် ဒီအတိုင်းပဲ လုပ်သွားခဲ့တာပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် သူတို့က ဘဏ်လုပ်ငန်း တိုးချဲ့နိုင်ရေးအတွက် အခွင့်အလမ်းသစ်တွေကို အမြဲတမ်းစောင့်ကြည့်နေခဲ့ကြတယ်၊ ဘယ်တော့မှ မျက်ခြည်မပြတ်ခဲ့ကြဘူး"

"အဲဒါက ခေတ်ကောင်းတုန်းကပါ"

"ခေတ်ဆိုးမှာလဲ လုပ်ခဲ့ပါတယ်"

"မောင်ရင်က ဒီလောက်တောင် ဘာကြောင့် တွေးပူနေစရာရှိလို့လဲ ဝီလျံ၊ မောင်ရင့်အနေနဲ့ ဌာနတစ်ခုကိုကိုင်ပြီး ကိုယ်လုပ်ချင်သလို လုပ်နိုင်တဲ့အခွင့်အရေး ရှိနေပြီပဲဥစ္စာ"

"အလကားပဲ၊ ကျွန်တော် တင်ပြသမျှ မစ္စတာဆိုင်မွန်က ပယ်ချနေတာပဲ မဟုတ်လား"

"ကဲ... ပွင့်ပွင့်လင်းလင်းပဲ ပြောကြတာပေါ့ ဝီလျံ၊ ငါက ဒီလောက်ထိ နှိုင်းနှိုင်းချိန့်ချိန့် လုပ်နေတာဟာ တခြားကြောင့်မဟုတ်ဘူး၊ မက်သယူးကို ကြောက်လို့ပဲ၊ သူက အသောက်သမားကြီးဖြစ်နေတော့ သူ့ဆုံးဖြတ်ချက် ဘယ်လိုလုပ်အားကိုးလို့ရတော့မှာလဲ"

"မက်သယူးကိစ္စ ဘေးချိတ်ထားလိုက်ပါ၊ မစ္စတာဆိုင်မွန်က နေရာတကာမှာ ကျွန်တော့်ကို

ပဲ ကာဆီးကာဆီး လုပ်နေတယ်၊ တကယ်တော့ ကျွန်တော်က ဌာနအကြီးအကဲတစ်ယောက်ပါ"

"မက်သယူးကို ဘေးချိတ်ထားလို့ မရဘူး ဝီလျံ၊ ဖြစ်နိုင်ရင်တော့ ဘေးချိတ်ထားချင်ပါရဲ့၊ ဒါပေမယ့် မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘုတ်အဖွဲ့ဝင်တစ်ဦး တာဝန်ပျက်ကွက်ရင် ငါ့အပေါ်ပဲ တာဝန်ကျတာပဲ၊ ငါ့မှာ တာဝန်ရှိလာတာပဲ၊ ပြီးတော့လဲ သူက ဘဏ်ရဲ့ အရေးကြီးဆုံးဌာနမှာ ဒုတိယအရေးအကြီးဆုံး နံပါတ် (၂) ပုဂ္ဂိုလ်ဖြစ်နေတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါကြောင့်မို့ သူ့အတွက် ကျွန်တော့်မှာပဲ တာဝန်ရှိတယ်၊ ကျွန်တော်က အဲဒီဌာနမှာ အရေးကြီးဆုံး နံပါတ် (၁) ပုဂ္ဂိုလ်"

"မင်းပြောတာ မဟုတ်သေးဘူး ဝီလျံ၊ မက်သယူးက နေ့တိုင်း နေ့တိုင်း အရက်မူးပြီး ၁၁ နာရီလောက်မှ အလုပ်ရောက်လာတာ၊ ဘဏ်ဥက္ကဋ္ဌဖြစ်တဲ့ ငါ့မှာ ပိုပြီးတာဝန်ရှိတယ်၊ မင်းတို့နှစ်ယောက် ဘယ်လောက်ပဲ ရင်းနှီးနှီး၊ ချစ်ခင်ချစ်ခင် ငါက လျစ်လျူရှုထားလို့ မဖြစ်နိုင်ဘူး"

"တစ်စိတ် တစ်အိတ် လုပ်မနေပါနဲ့ မစ္စတာဆိုင်မွန်"

"ငါက တစ်စိတ် တစ်အိတ်လုပ်နေတာ မဟုတ်ဘူး၊ အဖြစ်မှန်ကို အမှန်အတိုင်းပြောပြနေတာ၊ ငါက မင်းတို့ရဲ့ ဆက်ဆံရေးအနေအထားကို ငဲ့ညှာပြီး စောင့်ကြည့်နေခဲ့တာ၊ တိုတိုပြောရရင် သူ့ကို အချိန်မနှောင်းမီ နုတ်ထွက်စာတင်ခိုင်းတာ အကောင်းဆုံးဖြစ်လိမ့်မယ်"

"ဘယ်တော့မှ မထွက်ခိုင်းဘူး၊ တကယ်လို့ သူထွက်ရင်လဲ ကျွန်တော်ပါ ထွက်မှာပဲ"

"လုပ်ပါ၊ လုပ်ပါ၊ မောင်ရင် ကြိုက်သလိုသာ လုပ်ပါ၊ ငါ့အနေနဲ့တော့ မောင်ရင့်ကျောင်းနေဘက်သူငယ်ချင်းအကျိုးထက် ဘဏ်အကျိုးကိုပဲ ဦးစားပေးရမှာပဲ"

"ကောင်းပါပြီ၊ ဒီစကားအတွက် မစ္စတာဆိုင်မွန် နောင်တရ,ရပါစေမယ်"

ဝီလျံက တိုင်ရာမှငေါက်ကနဲထပြီး ရုံးခန်းတဲမှ ဒေါသတကြီး ပြန်ထွက်လာခဲ့သည်။ သူ့ရုံးခန်းထဲရောက်တော့ အတွင်းရေးမှူး စာရေးမအား မေးလိုက်သည်။

"မစ္စတာ လက်စတာ ရောက်ပြီလား"

"မရောက်သေးပါဘူးရှင်"

ဝီလျံက လက်ပတ်နာရီ ကြည့်လိုက်သည်။ သူတော်တော် စိတ်ပျက်သွားသည်။

"သူရောက်ရင် ပြောလိုက်၊ ကျွန်တော် တွေ့ချင်တယ်လို့"

"ကောင်းပါပြီရှင်"

ဝီလျံသည် ရုံးခန်းထဲ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း မက်သယူးအား ကျိန်ဆဲနေမိသည်။ တိုနီဆိုင်မွန် ပြောတာတွေ အားလုံးမှန်နေပြီ။ ပြုပြင်၍ မရနိုင်သော အခြေအနေဆိုးထိ မရောက်မီ ဘယ်လိုလုပ်ရမည်နည်းဟု နည်းလမ်းရှာကြည့်သည်။

အတွင်းရေးမှူးစာရေးမ၏ အသံကြောင့် သူ့အတွေး ပြတ်သွားသည်။

"မစ္စတာလက်စတာ အခုပဲ ရောက်လာပါပြီ"

◆ ◆ ◆

Quality Publishing House

မက်သယူးသည် အိပ်ချင်မူးတူး အမူအရာဖြင့် ဝင်လာသည်။ အရက်မူးလွန်ပြီး သူ့ကိုယ်သူ မသယ်နိုင်အောင် ဒယီးဒယိုင်ဖြစ်နေသည်။ သူသည် တစ်နှစ်အတွင်း အများကြီး အိုစာသွားသည်။ အသားအရေကလည်း ယခင်ကလို အားကစားသမား ရုပ်သွင်နှင့် စိုစိုပြည်ပြည် မရှိတော့။ ပိန်ညှော် ခန်းခြောက်ပြီး လူ့ရုပ်မပေါ်အောင် ဖြစ်နေပြီ။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က တွေ့ဆုံရင်းနှီးခဲ့ရသော သူ့မိတ်ဆွေ မက်သယူး လက်စတာမှ ဟုတ်ပါရဲ့လားဟု ဝီလျံက တွေးနေမိသည်။

"မက်သယူး မင်းဘယ်သွားနေတာလဲ"

"ငါ နည်းနည်း အိပ်ပျော်သွားလို့ပါ" သူက ဘာမှမဖြစ်သလို မျက်နှာကို လက်ဝါးနှင့် ပွတ်လိုက်သည်။ "ညက အိပ်ရာဝင် နောက်ကျသွားတယ်"

"အရက်တွေ အလွန်အကျွံသောက်လို့ ဆိုပါတော့"

"မဟုတ်ပါဘူး၊ သိပ်မသောက်ပါဘူး၊ ဟိုကောင်မ အသစ်ကလေးတစ်ယောက်ကြောင့်ပါ၊ သူက တော်တော်ဆွဲဆောင်မှုရှိတယ်ကွ"

"ဒီအကျင့် မင်း ဘယ်တော့ရပ်မလဲ မက်သယူး၊ မင်းဟာ...အားအားရှိတိုင်း ဘော့စတွန်မြို့က မိန်းမတိုင်းနဲ့ လိုက်အိပ်နေတာ မဟုတ်လား"

"တစ်စိတ် တစ်အိတ်မလုပ်ပါနဲ့ ဝီလျံ၊ ငါက မိန်းမတိုင်းနဲ့ မအိပ်ရသေးပါဘူး၊ အနည်းဆုံး တစ်ယောက် နှစ်ယောက်တော့ ကျန်နေဦးမှာပါ"

"ငါ ရယ်စရာပြောနေတာ မဟုတ်ဘူး မက်သယူး"

"တော်ပါတော့ ဝီလျံ၊ မင်း လုပ်ချင်သလိုသာ လုပ်ပါတော့"

"အိုး...လုပ်ချင်သလို လုပ်ပါတော့ ဟုတ်လား၊ အခုပဲ ငါ မင်းကိစ္စနဲ့ပတ်သက်ပြီး တိုနီနဲ့ စကားများခဲ့ရသေးတယ် မက်သယူး၊ သူပြောတာတွ အားလုံးမှန်နေတယ်၊ မင်းက ဂါဝန်ဝတ်ထားတဲ့ဟာတိုင်းနဲ့ လိုက်အိပ်နေတယ်၊ အဆိုးဆုံးက မင်းကိုယ်မင်း အရက်သောက်ပြီး သေအောင် သတ်နေတယ်၊ မင်းဆုံးဖြတ်ချက်တွေလဲ တစ်ခုမှ မမှန်တော့ဘူး၊ ကဲ ပြောစမ်းပါ မက်သယူး၊ မင်း ဘယ်လိုဖြစ်နေတာလဲ သူငယ်ချင်း၊ ငါ့ကို အမှန်အတိုင်း ပြောပြစမ်းပါ၊ မင်းဘာတွေ ခံစားနေရလို့လဲဟင်၊ မင်းဒီလိုလုပ်နေတာ အကြောင်းတော့ တစ်ခုခုရှိမှာပါ၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကအထိ မင်းဟာ ငါ့ရဲ့ စိတ်အချရဆုံး မိတ်ဆွေကောင်းတစ်ယောက်ဖြစ်ခဲ့တယ်၊ အခုတော့ မင်း ဘယ်လိုဖြစ်နေပြီလဲ၊ ပြောစမ်းပါ သူငယ်ချင်း၊ တိုနီကို ငါ ဘယ်လိုပြောရမလဲ၊ ဘယ်လိုပြောရမလဲ"

"ဟဲ...ဟဲ တိုနီကို ပြောရမှာလား၊ မခက်ပါဘူးကွ၊ ခင်ဗျားအလုပ် ခင်ဗျားလုပ်စမ်းပါလို့ ပြန်ပြောလိုက်ပေါ့"

"မက်သယူး... ဒီလို ကလေးဆန်ဆန်မပြောစမ်းပါနဲ့၊ တကယ်တော့ အခုကိစ္စဟာ သူ့အလုပ်ပါသူငယ်ချင်း၊ မင်းတို့ငါတို့ဟာ ကြီးကျယ်တဲ့ဘဏ်လုပ်ငန်းကြီးကို လုပ်နေကြတာပါ၊ ပြီးတော့ မင်းက ငါ့ထောက်ခံချက်နဲ့ ဒါရိုက်တာလူကြီးတစ်ယောက်အဖြစ် ဒီကိုရောက်လာတာ

ပါ”

“အဲဒီတော့ မင်းက ငါ့ကို ရာထူးနဲ့မတန်ဘူးလို့ ပြောလိုတာလား၊ အဲဒီလို ပြောတာလား”

“မဟုတ်ပါဘူး၊ ငါ အဲဒီလို မပြောပါဘူး”

“ဒါဖြင့် မင်းက ဘာပြောချင်တာလဲ”

“မင်းကိုယ်မင်း ပြန်ထိန်းပြီး အလုပ်ကို နဂိုအတိုင်းပုံမှန်လုပ်စမ်းပါ၊ အဲဒီလိုဆိုရင် မင်းကို လူတိုင်းက ကျေနပ်သွားကြမှာပါ”

“ဒါ မင်းပြောချင်တာ အားလုံးပဲလား”

“ဟုတ်တယ်”

“ကောင်းပြီလေ၊ ဆရာ အမိန့်ရှိတဲ့အတိုင်း ကျွန်တော် ကြိုးစားပြီး ထမ်းရွက်ပါ့မယ် ဆရာရယ်”

မက်သယူးသည် ထိုင်ရာမှ ဆောင့်ကနဲထပြီး ပြန်ထွက်သွားသည်။

“ဩော်... ဘုရား ဘုရား”

ဝီလျံက စိတ်ပျက်စွာဖြင့် ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။

◇ ◇ ◇

ထိုနေ့ နေ့လယ်ပိုင်းတွင် ဝီလျံသည် မက်သယူးနှင့်အတူ ဖောက်သည်တစ်ယောက်၏ အမှုတွဲဖိုင်ကို စစ်ဆေးကြည့်ရှုရန် စိတ်ကူးထားသည်။

သို့သော်... မက်သယူး ပေါ်မလာ။ ရုံးမှာလည်းမရှိ။ ဘယ်သွားမှန်းလည်း ဘယ်သူမှမသိ။ နေ့လယ်စာ စားပြီးချိန်အထိလည်း ပေါ်မလာ။ တစ်နေ့လုံး သူပြန်မလာတော့။

အိမ်ရောက်တော့လည်း ဝီလျံက မက်သယူးအကြောင်းကိုသာ စဉ်းစားနေသည်။ သူက စိတ်ပြေလက်ပျောက်သဘောဖြင့် သားငယ်ရစ်ချက်ကို ချော့မြှူကစားသည်။ ကလေးက တစ်၊ နှစ် ဆိုတတ်နေပြီ။ သို့သော် သုံးကျတော့ မပီ၊ ‘တုံး’ ဟုသာ အမြဲတမ်း ပြောနေသည်။

“ဒီအတိုင်းသာ ‘တုံး’ ချည့်ပဲလုပ်နေရင်တော့ ကြီးလာရင် ဘဏ်လုပ်ငန်းရှင်တစ်ယောက် ဖြစ်လာဖို့ မလွယ်ပါဘူး သားရယ်”

“ဒါပေမယ့် တခြား တန်ဖိုးရှိတဲ့ အလုပ်တစ်ခုခုမှာတော့ ထူးချွန်ပါလိမ့်မယ် မောင်ရယ်” ကိတ်က သူမသားကလေးဘက်က ရှေ့နေလိုက်သည်။

“ဘဏ်လုပ်ငန်းထက် တန်ဖိုးရှိတဲ့အလုပ် ဘယ်မှာ ရှိဦးမလဲကိတ်”

“ဘာပဲဖြစ်ဖြစ် ကျွန်မသားလေးက နာမည်ကျော် အဆိုတော်ဖြစ်ဖြစ်၊ ဘောလုံးသမား ဖြစ်ဖြစ်၊ ဒါမှမဟုတ် အမေရိကန်နိုင်ငံရဲ့ သမ္မတကြီးဖြစ်ဖြစ် တစ်ခုခုတော့ ဖြစ်လာနိုင်ပါတယ်”

“ခင်ဗျားသားကြီးက ဖြစ်ခြင်းဖြစ်ရင် ဘောလုံးသမားပဲ ဖြစ်မှာပါ”

ဝီလျံက သားကလေးကို ပုခက်ထဲသို့ ထည့်လိုက်သည်။

ကလေးက 'ဒက်ဒီ... တုံး... တုံး' ဟု နှုတ်ဆက်သည်။ ဝီလျံက လက်လျှော့လိုက်ပြီ။ သူ့အရွယ်နှင့် သူပဲဟု တွေးပြီးသာ ဖြေလိုက်ရတော့သည်။

"မောင်ကြည့်ရတာ ပင်ပန်းနေသလိုပဲ မောင်၊ ဒါနဲ့... ဒီနေ့ ဒေါက်တာမက္ကဇင်ဇီအိမ်က ဖိတ်ထားတာ မေ့နေပြီထင်တယ်"

"ဟုတ်ပါရဲ့၊ ကိုယ် သတိတောင်မရဘူး၊ သူ့ပါတီပွဲက ဘယ်အချိန်တဲ့လဲ"

"ခုနစ်နာရီ၊ နောက်တစ်နာရီပဲ လိုတော့တယ်"

"ကဲ... ဒါဖြင့် ကိုယ် ရေပူပူကလေးနဲ့ တဝချိုးလိုက်ဦးမယ်"

"ဘယ့်နှယ်... အမျိုးသမီးက အလျှင်ချိုးရမှာပေါ့"

"ခွင့်လွှတ်ပါ အချစ်ရာ၊ ဒီနေ့ ကိုယ် တော်တော်စိတ်မောၤ လူမောဖြစ်နေလို့ပါ"

"တိုနီနဲ့ ပြဿနာပေါ်ပြန်ပြီ မဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ သူ့ဘက်က အားလုံးမှန်နေတယ်၊ သူက မက်သယူး တစ်ချိန်လုံး အရက်မူးနေတာကို လုံးဝမကြိုက်ဘူး၊ အပျော်ကျူး၊ အလေလိုက်နေတာကို ထည့်မပြောတာဘဲ ကျေးဇူးတင်ရသေးတယ်၊ မက်သယူးဆိုတဲ့ ကောင်ကလဲ ကဲကို ကဲလွန်းပါတယ်၊ မိန်းမမြင်ရင် ငမ်းငမ်းစွဲလိုက်တာပဲ၊ သူပါတဲ့ ပါတီပွဲဆိုရင် ယောကျာ်းတွေက သူ့တို့မိန်းမဖြစ်ဖြစ်၊ သမီးဖြစ်ဖြစ် မခေါ်သွားဝံ့အောင်တောင် ဖြစ်နေပြီ၊ ကဲ... ကိုယ့်အတွက် ရေပိုက်သွားဖွင့်လိုက်စမ်းပါဦး"

ဝီလျံသည် ရေချိုးကန်ထဲတွင် နာရီဝက်ခန့်အထိစိမ်ပြီး ချိုးနေသည်။ သူအိပ်ပျော်သွားမည်စိုး၍ ကိတ်က ရေချိုးခန်းထဲဝင်ပြီး ကန်ထဲမှ ဆွဲထုတ်လာခဲ့ရသည်။

အဝတ်အစားလဲ၊ ဖီးလိမ်းပြင်ဆင်နှင့် သူတို့လင်မယား ပါတီပွဲသို့ ၂၅ မိနစ်ခန့် နောက်ကျပြီးမှ ရောက်လာသည်။

မက်သယူးက သူတို့ထက်စောစော ရောက်နှင့်နေပြီ။ ထုံးစံအတိုင်း ရေချိန်လွန်ပြီး'ငမ်း' နေပြီ။ သူက အမတ်ကတော်တစ်ယောက်ကို အပြင်သို့ ခေါ်ထုတ်သွားရန် စည်းရုံးနေသည်။ ဝီလျံက ဝင်တားဖို့ကြံသည်။ သို့သော် ကိတ်က သူ၏လက်ကို အသာဆွဲထားလိုက်သည်။

"မလုပ်ပါနဲ့ သူ့ဟာသူနေပါစေ" သူမက လေသံဖြင့်ပြောသည်။

"ငါ ဒီအတိုင်း ထိုင်ကြည့်နေလို့ မဖြစ်ဘူး၊ ငါက သူ့ရဲ့ အရင်းနှီးဆုံးသူငယ်ချင်း၊ ငါ ကမတားရင် ဒီလူ လူလုံးမလှအောင် အရှက်တကွဲ အကျိုးနည်း ဖြစ်သွားလိမ့်မယ်"

သို့ပေမယ့် ဝီလျံက 'ဘာမှမလုပ်။ သူ့မိန်းမစကားကိုပင် နားထောင်နေလိုက်သည်။

မက်သယူးသည် တဖြည်းဖြည်းနှင့် မူးသည်ထက် မူးလာသည်။ အခန်းတစ်ဖက်ရှိ တိုနီဆိုင်မွန်က ဝီလျံအား အဓိပ္ပာယ်ပါသော မျက်လုံးဖြင့် လှမ်းကြည့်သည်။

မက်သယူးက ပါတီပွဲမပြီးခင် စောစောပြန်ထွက်သွားသည်။ သည်တော့မှ ဝီလျံမှာ ရင်ထဲအေးသွားမိတော့သည်။

"ရစ်ချတ်ကလေး ဘယ်နှယ့်လဲ၊ တော်တော် စကားတတ်နေရောပေါ့"

ဒေါက်တာ မက္ကင်ဇီက ဝီလျံအနားသို့ လျှောက်လာပြီးမေးသည်။

"စကားပြောနေပြီ ဒေါက်တာ၊ ဒါပေမယ့် သုံးကို မပီဘူး၊ တုံး... တုံးနဲ့ လုပ်နေလို့ ခက်နေတယ်"

"မစိုးရိမ်ပါနဲ့၊ အချိန်တန်တော့ ပီလာမှာပါ"

"ကျွန်မလဲ အဲဒီလိုပဲ စဉ်းစားမိတယ် ဒေါက်တာ၊ ဒါနဲ့ ဝီလျံသားလေးက ဆရာဝန်ကြီးဖြစ်လာရင် သိပ်ကောင်းမှာပဲနော်"

"ဖြစ်နိုင်ပါတယ်၊ ဆရာဝန်တွေ တော်တော်များများလဲ ငယ်ငယ်က ဒီအတိုင်းပါပဲ"

"ဒါပေမယ့် သူတို့က ဆေးထိုးခတော့ များများယူတတ်ကြပါတယ်" ဝီလျံက နောက်လိုက်သည်။

ဒေါက်တာက ရယ်လိုက်ပြီး

"ကဲ ကိတ်၊ တစ်ခွက်လောက် ထပ်ထည့်ပါဦး"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ တော်ပါပြီ၊ ကျွန်မတို့ ပြန်ပါတော့မယ်၊ နို့မဟုတ်ရင် ဒီပွဲမှာ တိုနီနဲ့ ဝီလျံနှစ်ယောက်သာ ကျန်နေရစ်ပြီး တစ်ချိန်လုံး ဘဏ်လုပ်ငန်းအကြောင်းချည်း ပြောနေကြမှာ စိုးရိမ်ရတယ်"

"ဟုတ်တယ်... ဒေါက်တာ၊ ကိတ်ပြောတာ မှန်တယ်၊ ကဲ အခုလို ညှော်ခံကျွေးမွေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ဒါနဲ့ မက်သယူးရဲ့ အပြုအမူအတွက် ခွင့်လွှတ်ဖို့ ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျား"

"ဘာဖြစ်လို့လဲ"

"အိုး... ဒေါက်တာက မသိသေးဘူးကိုး၊ သူက အရက်ကျွန်ဖြစ်နေပြီ ဒေါက်တာ၊ ပြီးတော့ မိန်းမဆိုလဲ တွေ့မရှောင်ပဲ"

"သူ့အခြေအနေမျိုး ရောက်နေရင် ကျုပ်လဲ အဲဒီလိုပဲ လုပ်မှာပဲ ဝီလျံ"

"ဘာကြောင့်လဲ ဒေါက်တာ၊ သူက မိန်းမ မရှိတဲ့ လူမို့လို့ ဒေါက်တာက ထောက်ခံနေတာလား"

"မဟုတ်ပါဘူး၊ အဲဒီလို မဟုတ်ပါဘူး၊ ကျုပ်က သူ့ကိစ္စ အများကြီး စေတနာထားပြီး ကြိုးစားကြည့်ခဲ့ပါတယ်၊ ဒါပေမယ့် ဘယ်လိုမှ မကူညီနိုင်လို့ ကျုပ်က တာဝန်မဲ့သလို ဖြစ်သွားရတာတော့ စိတ်မကောင်းပါဘူး"

"ဒေါက်တာ ဘာတွေပြောနေသလဲဟင်၊ ကျွန်မတို့ ဘာမှ နားမလည်ဘူး ဒေါက်တာ" ကိတ်က ဖြတ်ပြောလိုက်သည်။

"ဘုရားရေ... သူက မောင်တို့ မယ်တို့ရဲ့ အရင်းနှီးဆုံးမိတ်ဆွေဆို၊ သူက ဘာမှ ပြောမပြဘူးလား"

"သူက ဘာကို ပြောပြရမှာလဲ ဒေါက်တာ"

ဝီလျံနှင့် ကိတ်တို့က သံပြိုင် ပြန်မေးလိုက်မိကြသည်။

ဒေါက်တာ မက္ကင်ဇီက သူတို့နှစ်ယောက်ကို တစ်လှည့်စီ ကြည့်နေသည်။ သူ့မျက်နှာတွင် သံသယရိပ် လွှမ်းနေသည်။

"ကိုင်း ကျုပ် စာကြည့်ဆောင်ထဲ လာကြပါ"

ဝီလျံနှင့် ကိတ်တို့က ဒေါက်တာနောက်မှ လိုက်လာကြသည်။ စာကြည့်ဆောင်က ခပ်သေးသေးပင်။ အခန်းနံရံတွင် ဆေးစာအုပ်တွေ ပြည့်နေသည်။ ကော်နဲတက္ကသိုလ် ကျောင်းသားဘဝ ဓာတ်ပုံများလည်း ချိတ်ဆွဲထားသည်။

"တိုင်ပါ ကိတ်၊ အခု ကျုပ်ပြောမယ့် စကားအတွက် ခွင့်လွှတ်ပါလို့တော့ မတောင်းပန်တော့ဘူး ဝီလျံ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ ရောဂါကျွမ်းနေပြီဆိုတာ မောင်တို့ သိလိမ့်မယ်လို့ ကျုပ်က ယူဆထားတာ၊ သူ့ရောဂါက ဟော့ချကင်းရောဂါလို့ ခေါ်တယ်၊ ဘယ်နည်းနဲ့မှ ရှင်လမ်းမရှိတော့ဘူး၊ သူ့အခြေအနေကိုလဲ သူသိထားပြီးပြီ၊ တစ်နှစ်ကျော်ကျော်ကတည်းက ကြိုသိထားပြီးပြီ"

ဝီလျံက ကုလားထိုင်တွင် အရုပ်ကြိုးပြတ်ထိုင်ချလိုက်သည်။ သူသည် တော်တော်နှင့် စကားမပြောနိုင်။ ပြီးတော့မှ...

"ဟော့ချကင်း ရောဂါဆိုတာ..."

"ဟော့ချကင်း ရောဂါဆိုတာ သွေးဖြူအဖုတွေ ကြီးထွားပြီး ရောင်ရမ်းတဲ့ ရောဂါပဲ၊ ဒီရောဂါဖြစ်လာရင် တစ်ရာမှာ ၉၉ ယောက် သေတာပဲ"

ဝီလျံက မယုံကြည်နိုင်စွာဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။

"ဒါနဲ့တောင်မှ သူက ကျွန်တော့်ကို ဘာကြောင့် မပြောတာလဲ မသိဘူး"

"မောင်တို့နှစ်ယောက်က ကျောင်းသားဘဝကတည်းက ချစ်ခင်ရင်းနှီးလာခဲ့ကြတာပဲ၊ သူက မပြောတာကတော့ သူ့ကြောင့် မောင့်မှာ တာဝန်ရောက်နေမှာကို စိုးရိမ်လို့ဖြစ်လိမ့်မယ်လို့ ကျုပ်တွေးမိတယ်၊ ဒါကြောင့် သူများကို ဒုက္ခပေးမနေတော့ပဲ သေချင်တဲ့နေ့ သေပါစေဆိုပြီး သူ့ကိုယ်သူ ဖက်လွှတ်ပေးထားတာဖြစ်မယ်၊ လွန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက သူ့အဖေကို ပြောပြဖို့ သူ့ကို ကျုပ် တိုက်တွန်းခဲ့တယ်၊ ဒါပေမယ့် သူက သူ့အခြေအနေကို ဘယ်သူမှ မသိစေချင်ဘူး၊ ကျုပ်ကိုလဲ ဘယ်သူ့မှ မပြောပါနဲ့လို့ ကတိတောင်းတယ်၊ အခု မောင်ရင်တို့ကို ကျုပ်ပြောပြတာ ကတိစကား ဖောက်ဖျက်ရာ ရောက်နေပြီ၊ ကျုပ်က သူ့အတွက် စေတနာနဲ့ ပြောရတာပါ၊ အဲဒီတော့ အကောင်းဆုံးက သူဘာပဲလုပ်လုပ် အပြစ်မတင်ပါနဲ့တော့၊ မသေခင် လုပ်ချင်ရာ လုပ်သွားပါစေလို့သာ လွှတ်ပေးလိုက်တော့"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ တကယ်တော့ သူ့အပြစ်မဟုတ်ပါဘူး၊ ကျွန်တော်ကိုယ်တိုင်က အ,လွန်းလို့ ဒီလိုဖြစ်ခဲ့ရတာပါ၊ စောစောက ကျွန်တော် သိခဲ့ရရင် ဒီလိုဖြစ်ချင်မှ ဖြစ်မယ်"

"မောင်ရင့်မှာလဲ အပြစ်မရှိပါဘူး၊ မောင်ရင် ကြိုသိရင်လဲ ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး"

"လုံးဝ မျှော်လင့်ချက်မရှိတော့ဘူးလား ဒေါက်တာ၊ ဒီရောဂါကုနိုင်တဲ့ ဆေးရုံမရှိတော့ဘူးလား၊ အထူးကု ပါရဂူမရှိတော့ဘူးလား၊ ပိုက်ဆံက အကြောင်းမဟုတ်ပါဘူး"

"ပိုက်ဆံရှိတိုင်း လုပ်ချင်တာလုပ်လို့ မရနိုင်ပါဘူး ဝီလျံ၊ ဒီရောဂါနဲ့ပတ်သက်ပြီး ကမ္ဘာကျော် သမားတော်ကြီး လေးယောက်နဲ့ ကျုပ်ဆွေးနွေးခဲ့ပြီးပြီ၊ အမေရိက,က သုံးယောက် ဆွစ်ဇာလန်က တစ်ယောက်၊ ကျုပ် စစ်တမ်းထုတ်ချက်အတိုင်းပဲ သူတို့အားလုံးကလဲ သဘောတူကြတယ်၊ ဆေးသိပ္ပံလောကမှာ ဒီဟော့ချကင်းရောဂါကို ကုနိုင်တဲ့ဆေး ရှာမတွေ့သေးပါဘူး"

"ဒါဖြင့် သူ ဘယ်လောက်နေရဦးမဟာလဲ ဒေါက်တာ"

ကိတ်က တိုးတိုးကကလေး မေးလိုက်သည်။

"အများဆုံး ခြောက်လ၊ အနည်းဆုံး သုံးလ"

"ဒါနဲ့ ကျွန်တော့်မှာ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေလို့ပါ ဒေါက်တာ" ဝီလျံက ကိတ်၏လက်ကို ဆုပ်ကိုင်လိုက်သည်။ "ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး၊ အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ် ခင်ဗျား"

"ကောင်းပါပြီ၊ သူ့ကိုတော့ တတ်နိုင်သလောက်သာ ကူညီပါတော့၊ သူ့ဘဝကို သနားပါ၊ သူလုပ်ချင်ရာ လုပ်ပါစေတော့၊ သူ့အသက်က လပိုင်းလောက်ပဲ ကျန်တော့တယ်၊ ဒီအကြောင်း ကျုပ် ပြောပြတယ်လို့ သူမသိပါစေနဲ့ ဝီလျံ"

"စိတ်ချပါ ဒေါက်တာ"

"သူတို့လင်မယား တစ်ယောက်မျှ စကားမပြောဘဲ ကားပေါ်တွင် ငြိမ်၍ လိုက်လာကြသည်။

အိမ်ရောက်တော့ ပါတီပွဲတွင် မက်သယူးခေါ်ထုတ်သွားသော မိန်းကလေးဆီ ဝီလျံက ဖုန်းကောက်ဆက်သည်။

"မက်သယူးလက်စတာနဲ့ စကားပြောလို့ ဖြစ်မလား"

"သူ ဒီမှာမရှိပါဘူး"သူမအသံက စိတ်တိုသံပါနေသည်။ "သူက ကျွန်မကို 'အဝင်အထွက် ကလပ်' ကို တရွတ်တိုက် ခေါ်လာခဲ့တယ်၊ သူက သူ့ကိုယ်သူတောင် မသယ်နိုင်တော့ဘူး၊ ဒါနဲ့ ကျွန်မက သူ့ကို အဲဒီမှာထားပစ်ခဲ့ပြီး ပြန်လှည့်လာခဲ့တယ်"

သူမက တယ်လီဖုန်းကို ပြန်ချသွားသည်။

"အဝင်အထွက်ကလပ်" ဝီလျံက သွားရင်းလာရင်း သည်ကလပ်ကို မြင်ဖူးသလိုလို အောက်မေ့မိနေသည်။ သို့သော် ဘယ်နေရာမှာရှိမှန်း အတိအကျမမှတ်မိ။

သို့ဖြင့် တယ်လီဖုန်းလမ်းညွှန်စာအုပ်ကို ကမန်းကတန်း လှန်ကြည့်သည်။

ပြီးတော့ ဘော့စတွန်မြို့ မြောက်ဘက်ဆီ ကားမောင်းပြီး ထွက်လာမိသည်။

အနီးအနားရောက်တော့ လမ်းသွားလမ်းလာ တစ်ယောက်ထံ စုံစမ်းကြည့်သည်။

ကလပ်ကို တွေ့ပြီ။

သူက တံခါးခေါက်လိုက်သည်။

"အသင်းဝင်ပါလား"

"မဟုတ်ပါဘူး"

ဝီလျံက တံခါးကြားမှ ၁၀ ဒေါ်လာတန်တစ်ရွက် ကမ်းပေးလိုက်သည်။

တံခါးနှစ်ရွက်စလုံး ပွင့်သွားသည်။

ခန်းမအလယ်ရှိ ဇာတ်ခုံအနီးသို့ လျှောက်လာခဲ့သည်။ တစ်ခန်းလုံးတွင် ဆေးလိပ်မီးခိုးတွေ မွှန်နေသည်။ ဝီလျံသည် စုံတွဲကနေသူများကြားမှ တိုးဝင်ပြီး မက်သယူးကို ကြီးကန်းတောင်းမှောက် လိုက်ကြည့်သည်။ မက်သယူးမရှိ။

နောက်ဆုံးတွင် မက်သယူး မကြာခဏတွဲတတ်သော မိန်းကလေးတစ်ယောက်ကို လှမ်းမြင်လိုက်သည်။ သူမသည် အခန်းထောင့်စားပွဲတွင် သဘော်သား တစ်ယောက်နှင့်ထိုင်နေသည်။ ဝီလျံက သူတို့အနီးသို့ လျှောက်လာခဲ့သည်။

"ခွင့်ပြုပါ... မစ္စစ်"

ကောင်မလေးက မျက်နှာမော့ကြည့်သည်။ ဝီလျံကို သိပုံမရ။

"ဒီအမျိုးသမီးက ကျုပ်ခေါ်ထားတာဗျ" သဘော်သားက ပြောသည်။

ဝီလျံက လုံးဝဂရုမစိုက်ဘဲ

"မက်သယူးလက်စတာကိုများ တွေ့မိသလား"

"ဘယ်သူ မက်သယူး ဟုတ်လား၊ ဘယ်က မက်သယူးလဲ"

"ခင်ဗျား မြန်မြန်ထွက်သွားရင် ကောင်းလိမ့်မယ်"

သဘော်သားက ထိုင်ရာမှ ထရပ်လိုက်သည်။

"မင်းပါးစပ်နောက်ထပ်မဖွင့်နဲ့၊ ဖွင့်ရင် မင်းသွားတွေ အကုန်ရိုက်ချိုးပစ်လိုက်မယ်"

ဝီလျံက ခပ်တည်တည်နှင့် ပြန်ပြောလိုက်သည်။ သဘော်သားက ဝီလျံ၏ မျက်နှာကို စိုက်ကြည့်သည်။ ဝီလျံ၏ ဒေါသအတိုင်းအတာကို မျက်လုံးများတွင် မြင်ရသည်။ သဘော်သား ပြန်ထိုင်သွားသည်။

"မက်သယူး ဘယ်မှာရှိသလဲ" ဝီလျံက ထပ်မေးသည်။

"မက်သယူးဆိုတဲ့လူကို ကျွန်မ မသိပါဘူး ဒါလင်"

သူမ မျက်နှာတွင်လည်း ကြောက်လန့်ရိပ် ပေါ်လာသည်။

"အရပ် ခြောက်ပေနှစ်လက်မ၊ ရွှေရောင်ဆံပင်နဲ့၊ ငါ့လိုပဲ ဝတ်ထားတယ်၊ အရက်မူးနေရင် မူးနေမယ်"

"သြော်... ရှင်က မာတင်ကို ပြောနေတာကိုး၊ သူ့ကို ဒီမှာ မက်သယူးလို့ မခေါ်ဘူး၊ မာတင်လို့ပဲ သိကြတယ်၊ နေပါဦး ကျွန်မ စဉ်းစားကြည့်ပါဦးမယ်၊ ဒီည သူဘယ်သူနဲ့ ထွက်

သွားပါလိမ့်" သူမက နောက်သို့လှည့်ပြီး ကောင်တာမှ အရက်စပ်သမားကို လှမ်းမေးလိုက်သည်။ "တယ်ရီ... မာတင် ဘယ်သူနဲ့ ထွက်သွားသလဲ...ဟင်"

အရက်စပ်သမားက ပါးစပ်ထောင့်မှ မီးသေနေသော စီးကရက်တိုကို ချွတ်လိုက်ပြီး 'ဂျင်မီ...' ဟု လှမ်းပြောသည်။ ထို့နောက် စီးကရက်တိုကို ပါးစပ်တွင် ပြန်တပ်လိုက်သည်။

"ဂျင်မီတဲ့၊ အဲဒါ ဟုတ်ပါတယ်" မိန်းကလေးက ပြောသည်။ "နေပါဦး... သူတို့ ဘယ်များသွားကြသလဲ၊ ဒါပေမယ့် မကြာပါဘူး၊ ဒီကောင်မက အချိန်ပိုင်းလုပ်တာပါ၊ နာရီဝက်ထက် ပိုမကြာပါဘူး၊ မကြာခင် သူတို့ ပြန်လာကြပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ်"

ဝီလျံသည် စားပွဲတစ်လုံးတွင် ဝင်ထိုင်ပြီး ဝီစကီတစ်ပက်ကို ရေများများရောကာ တစိမ့်စိမ့်စုပ်ရင်း စောင့်နေသည်။

နာရီဝက်ခန့်ကြာတော့ အရက်စပ်သမားက သူ့ပါးစပ်တွင် မီးမရှိသော စီးကရက်တိုကို ကိုက်ထားရင်းမှ တံခါးဝဘက်သို့ မေးငေါ့ပြလိုက်သည်။

"ဟိုမှာ... ဂျင်မီပြန်လာပြီ"

သို့သော် မက်သယူးတော့ ပါမလာ။

အရက်စပ်သမားက ဂျင်မီအား ဝီလျံစားပွဲသို့ လက်ညှိုးထိုးပြသည်။

အရပ်ပုပုနှင့် ဂရုံ့ကိုယ်လုံးလေး။ ရုပ်ရည်က သိပ်မဆိုးလှ။ သူမက ဝီလျံအား မျက်စတစ်ချက်ပစ်ပြီး ကိုယ်အောက်ပိုင်းကို လှုပ်ခါရင်း ဟန်ပါပါ လျှောက်လာသည်။

"ကျွန်မကို စောင့်နေတာလား ဒါလင်၊ ရပါမယ်၊ ဒါပေမယ့် ကြေးကတော့ နည်းနည်းကြီးမယ်၊ နာရီဝက် ဆယ်ဒေါ်လာပါရှင်"

"နေပါစေ၊ ငါ မင်းကို မလိုချင်ပါဘူး"

"ဘုရားရေ"

"ငါက မင်းနဲ့တွဲသွားတဲ့ မက်သယူးကို ရှာနေတာ၊ အဲ... မာတင် မာတင်ကိုရှာနေတာ"

"အိုး... မာတင်လား၊ မာတင်က အမူးလွန်ပြီး စန့်နေပါပြီ ဒါလင်၊ ကရိန်းကြီးနဲ့မတောင်ထနိုင်တော့မှာ မဟုတ်ဘူး၊ ဒါမေပယ့် သူက ပိုက်ဆံတော့ အကျေပေးပါတယ်၊ ခါတိုင်းလဲ အမြဲတမ်းပေးပါတယ်၊ တကယ့် လူကြီးလူကောင်းတစ်ယောက်ပါ"

"အခု သူဘယ်မှာရှိသလဲ"

ဝီလျံက စိတ်မရှည်သံနှင့် မေးလိုက်သည်။

"အဲဒါတော့ ကျွန်မ မသိဘူး၊ သူက ဒီအလုပ်မကောင်းဘူးဆိုပြီး အိမ်ကို ကယိုင်ကပါးနဲ့ လျှောက်ပြန်သွားလေရဲ့"

ဝီလျံက လမ်းပေါ်သို့ ပြေးထွက်လာခဲ့သည်။ အေးစက်နေသော လေက သူ့ကို ဟပ်သည်။

သူသည် မက်သယူး၏ အိမ်ခန်းသို့ သွားသောလမ်းအတိုင်း ကားကိုဖြည်းဖြည်းမောင်းလာခဲ့သည်။ လမ်းတွင် တွေ့သမျှလူတွေကိုလည်း သတိနှင့်ကြည့်လာသည်။ သူက ကားကို ဘီးလိမ့်ရင်း စိုက်ကြည့်နေတာမြင်တော့ တချို့လူတွေက သုတ်ခြေတင် လျှောက်သွားကြသည်။ တချို့ကတော့ လျှောက်နေရာမှ ရပ်ပြီး ဝီလျံမေးသည်ကို ပြန်ဖြေကြသည်။

ညလုံးပေါက်ဖွင့်သော ကဖေးဆိုင်တစ်ဆိုင်ရှေ့ ရောက်တော့ မှန်ပြတင်းမှဖောက်ပြီး မက်သယူးကို ရုတ်တရက် လှမ်းမြင်လိုက်ရသည်။ သူသည် လက်ထဲတွင် ကော်ဖီပန်းကန်ကိုင်ပြီး စားပွဲတွေကြား ဒယီးဒယိုင် လျှောက်သွားနေသည်။

ဝီလျံက ကားကို ရပ်လိုက်ပြီး ဆိုင်ထဲသို့ ဝင်လာခဲ့သည်။

မက်သယူးက စားပွဲလွတ်တစ်လုံးတွင် ထိုင်ချလိုက်ရာ စားပွဲပေါ်တွင် ကော်ဖီတွေ ဖိတ်စဉ်သွားသည်။

ဝီလျံက သူ့ဘေးတွင် ဝင်ထိုင်လိုက်သည်။

သူအလွန်မူးနေပြီ၊ ဝီလျံအား လုံးဝမမှတ်မိ။

"ငါပါ မက်သယူး"

အရုပ်ကြိုးပြတ် အမူးလွန်နေသော သူ့မိတ်ဆွေကိုကြည့်ရင်း ဝီလျံက ပြောလိုက်သည်။ သူ့ပါးပြင်ပေါ်သို့ မျက်ရည်တွေ စီးဆင်းလာကြသည်။

မက်သယူးက ခေါင်းမော့ကြည့်သည်။ ကော်ဖီပန်းကန် နည်းနည်းဖိတ်သွားပြန်သည်။

"အံမယ် ကိုယ့်လူက ငိုနေတယ်ပေါ့လေ၊ ဘာလဲ ရည်းစားပျောက်သွားလို့လား ဟုတ်လားဗျ"

"ရည်းစား မဟုတ်ပါဘူး၊ အချစ်ဆုံး သူငယ်ချင်းပါ"

"အား ဟုတ်တယ်၊ ရည်းစားနဲ့ အချစ်ဆုံး သူငယ်ချင်း အတူတူပါပဲ၊ သိပ် အခံရခက်တာဗျ ဟုတ်လား"

"ဟုတ်ပါတယ်"

"ကျုပ်မှာလဲ အချစ်ဆုံး သူငယ်ချင်းတစ်ယောက်ရှိတယ်ဗျ" မက်သယူးက လျှာလေးအာလေးကြီးနှင့် ပြောနေသည်။ "သူကလဲ ကျုပ်ကို သိပ်ချစ်တာ၊ ဒီနေ့တော့ ကျုပ်တို့သူငယ်ချင်းနှစ်ယောက် ရန်ဖြစ်တော့တာပါပဲဗျ၊ တကယ်တော့ ကျုပ်အပြစ်ပါဗျာ၊ သူ့အပေါ်မှာ ကျုပ်အမှားတွေ အများကြီးလုပ်ခဲ့မိတာ သိပ်ပြီး စိတ်မကောင်းဘူးဗျာ"

"သူ့အပေါ်မှာ ခင်ဗျား ဘာမှမလုပ်ခဲ့ပါဘူး"

"ခင်ဗျားက ဘယ်လိုလုပ်သိတာလဲ" မက်သယူးက စိတ်ဆိုးသွားသည်။ "ခင်ဗျားလိုလူက သူနဲ့သိဖို့ မလွယ်ပါဘူး"

"တို့ အိမ်ပြန်ကြစို့ မက်သယူး"

"ကျုပ်နာမည် မက်သယူးမဟုတ်ဘူးဗျ၊ မာတင်ပါ၊ မာတင်… မာတင်…"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကျွန်တော်မှားသွားလို့ပါ၊ ကဲ လာပါ မာတင်ရာ အိမ်ပြန်ကြတော့မယ် လေ"

"မပြန်ဘူး… မပြန်ဘူး၊ ဒီမှာပဲ တစ်သက်လုံးနေမယ်၊ ဒါနဲ့… ဟိုသူငယ်မ ဘယ်သွားနေတာလဲ…၊ ဘယ်သွားနေတာလဲ… သူငယ်မ… ငါ အဆင်သင့်ဖြစ်နေပြီကွ…၊ လာပါကွ… အချစ်ကလေးရဲ့ အသက်ကလေးရဲ့…"

"လာစမ်းပါ မာတင်ရာ၊ ဒါတွေက အလကားပါ၊ ကျွန်တော့်မှာ အိမ်မှာ အကောင်းစား ဝီစကီတွေ ရှိပါတယ်၊ လာစမ်းပါ. သွားသောက်ကြရအောင်"

"ခင်ဗျားအိမ်မှာ မိန်းမကော မရှိဘူးလားဗျ"

"ဘယ့်နှယ် မေးပါလိမ့်၊ တစ်ပုံကြီးပေါ့ဗျာ၊ အချောအနိပ်ကလေးတွေချည့်ပဲဗျ"

"အား… ဟုတ်လား၊ ကောင်း… ကောင်း… သိပ်ကောင်း… လွန်ကောင်း… လာ… လာဗျာ… သွားမယ်… သွားမယ် မြန်မြန်သွားမယ်…"

ဝီလျံက မက်သယူး၏ ချိုင်းနှစ်ဖက်ကြား လက်သွင်းပြီး ကုလားထိုင်ပေါ်မှ ချီချကာ တံခါးဝသို့ ဖြည်းဖြည်းကလေး တွဲခေါ်လာခဲ့သည်။

ထို့နောက် ကားဆီသို့ လျှောက်လာကြပြီး မက်သယူးအား ကားပေါ် ပွေ့တင်လိုက်သည်။ ပြီးတော့ ဘီကွန်တောင်ကုန်းရိပ်သာဆီသို့ မောင်းထွက်လာခဲ့သည်။

ကိတ်က မအိပ်သေးဘဲ သူတို့ကို ထိုင်စောင့်နေသည်။

"ဘယ့်နှယ် ဒီအချိန်ကြီးအထိ စောင့်နေရသလား ကိတ်ရယ်၊ အိပ်လိုက်ရောပေါ့" ဝီလျံက ပြောလိုက်သည်။

"ကျွန်မ အိပ်လို့ မရလို့ပါ"

"သူ တော်တော်မူးနေတယ်"

"ဒါ ခင်ဗျား ကျုပ်ကို ပြောတဲ့ မိန်းကလေးလား"

မက်သယူးက မျက်လုံးမပွင့်တပွင့်နှင့် ကြည့်ပြီး မေးသည်။

"ဟုတ်တယ်၊ သူက ခင်ဗျားကို ပြုစုလိမ့်မယ်"

ဝီလျံနှင့် ကိတ်တို့က မက်သယူးအား ဧည့်သည်ဆောင်သို့ တွဲခေါ်လာပြီး ခုတင်ပေါ် တင်ပေးလိုက်ကြသည်။ ထို့နောက် ကိတ်က မက်သယူးအား အဝတ်အစားများကို လဲပေးသည်။

"ကောင်းကောင်းကလေးလုပ်ပါ ဒါလင်ရယ်၊ မင်းကို ငါ ၁၀ ဒေါ်လာတောင် ပေးထားပြီးပြီနော်"

"ဟုတ်ပါတယ် အိပ်ပါတော့လားကွယ်"

ကိတ်က တိုးတိုးကလေး ပြောလိုက်သည်။

"မင်းက သိပ်လှတာပဲ အချစ်ရယ်၊ ဒါနဲ့တောင်မှား မင်းမျက်နှာက ဘာဖြစ်လို့ ညှိုးနေရတာလဲဟင်"

"ရှင့်ကို ချစ်လို့ပေါ့"

ကိတ်၏ မျက်လုံးအစုံမှ မျက်ရည်တွေ စီးကျလာသည်။

"မငိုပါနဲ့… ကလေးမရယ်၊ ဘာမှ ငိုစရာမရှိပါဘူး၊ ဒီတစ်ချီတော့ တို့နှစ်ယောက် သိပ်ပြီး ပျော်ကြရမှာပါ နော် ဟုတ်လား"

မက်သယူးအား အဝတ်အစားလဲပေးပြီးနောက် ဝီလျံက စောင်ခြုံပေးလိုက်သည်။

ကိတ်က အိပ်ခန်းမီးကို ဖိတ်လိုက်သည်။ ပြီးတော့ အခန်းတံခါးကိုဖြည်းဖြည်းကလေး ပြန်ပိတ်လိုက်သည်။

ညအချိန်မတော် မက်သယူးနိုးလာပြီး ထွက်ပြေးသွားမည်စိုး၍ ဝီလျံက အခန်းအပြင်ဘက်တွင် ကုလားထိုင်တစ်လုံး ချပြီး စောင့်အိပ်သည်။

မနက်မိုးလင်းတော့ ကိတ်က မက်သယူးအတွက် နံနက်စာယူလာပြီး သူ့ကို အိပ်ရာမှ နိုးသည်။

"ငါ ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ ကိတ်"

သူက မျက်လုံးနှစ်ဖက်ကို လက်နှင့်ပွတ်သပ်ရင်းမေးသည်။

"မနေ့ညက ဒေါက်တာမက္ကင်ဇီအိမ်က ပါတီပွဲက အပြန်မှာ ရှင် ကျွန်မတို့နဲ့ လိုက်လာခဲ့တယ်လေ"

"မဟုတ်ဘူး၊ ငါ ဒီကို မလိုက်လာပါဘူး၊ ငါမှတ်မိသလောက်ဆိုရင် 'အဝင်အထွက်ကလပ်' ကို သွားသေးတယ်၊ ပက်ထရီရှာဆိုတဲ့ ကောင်မလေးနဲ့လား၊ ဘယ်သူနဲ့လားတော့ မပြောတတ်တော့ဘူး၊ သူက ကလပ်ထဲမဝင်ချင်ဘူးဆိုပြီး ငြင်းတယ်၊ ဘုရားရေ ငါ့ခေါင်းထဲ ခဲဆွဲထားသလို လေးနေပါကလား၊ ခရမ်းချဉ် ဖျော်ရည်ကလေးများ ရနိုင်မလား၊ ငါ တမင် ဒုက္ခလာပေးသလိုဖြစ်နေပြီ၊ ခွင့်လွှတ်ပါ ကိတ်"

"အို… ဒုက္ခမပေးပါဘူး မက်သယူး၊ ဘာ အားနာစရာရှိလို့လဲ၊ ဒီထက် ရင်းနှီးတဲ့ မိတ်ဆွေရှိပါဦးမလား"

ဝီလျံ ဝင်လာသည်။ မက်သယူးက ခေါင်းမော်ကြည့်သည်။ သူတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် အကြာကြီး ကြည့်နေကြသည်။ နောက်ဆုံး မက်သယူးက မေးလိုက်သည်။

"မင်း သိပြီးပြီပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ သိပြီးပြီ၊ ငါ့အပြစ်ပါ မက်သယူး၊ ငါ့ကို ခွင့်လွှတ်ပါ"

"မငိုပါနဲ့ ဝီလျံ၊ လူကြီးဖြစ်မယ့် ပုဂ္ဂိုလ်တွေဟာ မငိုကြပါဘူး၊ ဒီအချိန်ကျတော့မှ ဘာမှလဲ မတတ်နိုင်တော့ပါဘူး၊ ငါလဲ ပါရဂူတွေနဲ့ အစွမ်းကုန် ကုသခဲ့ပြီးပါပြီ၊ နယူးယောက်၊ လော့အိန်ဂျယ်လိ(စ်)၊ ဇူးရစ်နဲ့နေပြီ။ သူတို့လဲ ဘာမှမတတ်နိုင်တော့ပါဘူး၊ ငါ ဘယ်လိုဖြစ်နေမှန်း မသိဘူး ဝီလျံ၊ ဘယ်လို ခံစားနေရမှန်း မပြောတတ်တော့ပါဘူး၊ ဘယ်လိုမှ နေလို့ထိုင်လို့ မကောင်းဘူး ဆိုတာလောက်ပဲ သိတော့တယ်၊ အခု ငါမနက်စာစားပြီးရင် အိပ်ပျော်အောင် အိပ်

လိုက်ချင်သေးတယ်၊ သိပ်ကြာနေရင်လဲ ငါ့ကိုနှိုးပါ၊ အိပ်ရာကနိုးတော့ ငါ အိမ်ပြန်သွားမယ်”

“ဘယ်အိမ်ပြန်ရမှာလဲ ငါလဲ မင်းအိမ်ပဲပေါ့”

မက်သယူး၏ အမူအရာ ပြောင်းလဲသွားသည်။

“ဝီလျံ ဖေဖေ့ကို မင်းပဲသွားပြောပေးစမ်းပါ သူငယ်ချင်း၊ ငါ့သူနဲ့ရင်မဆိုင်ဝံ့တော့လို့ပါ၊ မင်းလဲ တစ်ဦးတည်းသောသားပါ ဝီလျံ၊ ငါ့ပြဿနာကို မင်းအားလုံး နားလည်ပါတယ်”

“စိတ်ချပါ သူငယ်ချင်း၊ ငါ မနက်ဖြန် နယူးယောက်သွားပြီး ပြောပြလိုက်ပါ့မယ်၊ မင်းက ဒီမှာပဲ တို့နဲ့အတူ နေမယ်ဆိုတဲ့ ကတိကိုတော့ ပေးရလိမ့်မယ်၊ မင်း ဘယ်မှမသွားရဘူး၊ မင်းဆန္ဒအတိုင်း လုပ်ချင်တာ လုပ်နိုင်ပါတယ်၊ အရက်သောက်ချင်လဲ သောက်ပါ၊ မိန်းမတွေခေါ်ချင်ရင်လဲ ခေါ်ပါ၊ ဒါပေမယ့် ဘယ်မှတော့ ထွက်မသွားရဘူး၊ ဒီမှာပဲ နေရမယ်”

“အကောင်းဆုံးစကားပါပဲ သူငယ်ချင်း၊ စိတ်ချပါ၊ မင်းစကား ငါနားထောင်ပါ့မယ်၊ ငါ အိပ်ချင်လာပြီကွာ၊ ငါ သိပ်ပင်ပန်းနေသလိုပဲ”

“ကဲ… အိပ်ပါ၊ အိပ်ပါ၊ အေးအေးဆေးဆေးသာ အိပ်ပစ်လိုက်ပါ”

မကြာမီတွင်ပင် မက်သယူး အိပ်ပျော်သွားသည်၊ အိပ်ရာခင်းပေါ်တွင် ခရမ်းချဉ်ရည်တွေ ဖိတ်ကျနေသည်။ ဝီလျံက သူ့လက်ထဲမှ တစ်ဝက်သာသောက်ထားသော ဖန်ခွက်ကို ဖြုတ်ယူလိုက်ပြီး တိုးတိုးကလေး ရေရွတ်လိုက်မိသည်။

“မသေပါနဲ့ဦး သူငယ်ချင်း၊ မသေပါနဲ့ဦး၊ မင်းနဲ့ ငါနဲ့က တစ်နေ့ကျရင် အမေရိကန်နိုင်ငံမှာ အကြီးဆုံး ဘဏ်လုပ်ငန်းကို တည်ထောင်မယ်ဆိုပြီး သစ္စာပြုလာခဲ့ကြတဲ့ အချစ်ဆုံး သူငယ်ချင်းနှစ်ယောက် မဟုတ်လား မက်သယူး”

◆ ◆ ◆

ဝီလျံသည် နောက်တစ်နေ့နံနက်တွင် မက်သယူး၏ဖခင်နှင့် တွေ့ဆုံရန် နယူးယောက်သို့ ထွက်ခွာလာခဲ့သည်။

သားဖြစ်သူ၏ သတင်းကို ကြားလိုက်ရသောအခါ အဘိုးကြီးသည် အသက်ထက် ပိုအိုစာသွားပြီး ကုလားထိုင်ပေါ်တွင် ခွေယိုင်နွမ်းကျသွားလေသည်။

“အခုလို လာပြောတာ ကျေးဇူးတင်ပါတယ် ဝီလျံ၊ သူက တစ်လတစ်ခေါက် လာနေကျဟာ နောက်တော့ မလာတော့ဘူး၊ အဲဒီကတည်းက ဒီကောင် တစ်ခုခုတော့လုပ်နေပြီလို့ ငါထင်ခဲ့မိတယ်၊ ငါ စနေ တနင်္ဂနွေနေ့တိုင်း လာကြည့်ပါ့မယ်၊ သူကတော့ မင်းနဲ့ ကိတ်တို့နဲ့ပဲ နေချင်မှာပဲ၊ သူ့အကြောင်းသိရလို့ ငါအကြီးအကျယ် စိတ်မချမ်းသာ ဖြစ်ရတယ်ဆိုတာတော့ သူသိလို့မဖြစ်ဘူး၊ တကယ်တော့ သူ့ကုသိုလ်ပါပဲ၊ ဒါကို ဘုရားသခင် သိပါတယ်၊ သူ့အမေဆုံးကတည်းက ငါက အားလုံးကို သူ့အတွက်ပဲ ရည်ရွယ်ပြီး ကြိုးစားလုပ်ကိုင်ခဲ့တယ်၊ အခုတော့ ငါ့လုပ်ငန်းကို ဆက်ခံနိုင်မယ့် လူတစ်ယောက်မှ မရှိတော့ဘူး၊ သမီးဆူဆန်ဆိုတာလဲ ဘဏ်လုပ်ငန်းကို တစ်စက်ကလေးမှ စိတ်ဝင်စားတာ မဟုတ်ဘူး”

"ဘော့စတွန်ကို လာဖြစ်အောင်လာခဲ့ပါ ခင်ဗျား၊ ကျွန်တော်တို့က အမြဲတမ်း ကြိုဆိုနေပါတယ်"

"မက်သယူးအတွက် အစစအရာရာ ကူညီနေတာကို အများကြီး ကျေးဇူးတင်ပါတယ် ဝီလျံ" အဘိုးကြီးက ဝီလျံ၏ မျက်နှာကို မော့၍ကြည့်လိုက်ပြီး "ဒီအချိန်မှာ မင်းဖေဖေသာရှိလိုက်ရင် တန်ဖိုးရှိတဲ့သားအတွက် အလွန်ဂုဏ်ယူမှာပဲ၊ မက်သယူးသာ အဲဒီလို သားမျိုးဖြစ်ခဲ့ရင် ဘယ်လောက် ကောင်းလိမ့်မလဲ၊ ခုတော့... ခုတော့..." အဘိုးကြီးအသံ တိမ်ဝင်သွားသည်။

"ကျွန်တော် ဒီနေ့ပဲ ပြန်သွားရပါ့မယ် အန်ကယ်"

"ကောင်းပါပြီကွယ်၊ ကောင်းပါပြီ၊ သူ့သတင်းကြားရလို့ ငါ ဘယ်လိုမှ မခံစားရဘူးဆိုတာသာ ပြောလိုက်ပါ၊ တခြား ဘာမှ မပြောပါနဲ့"

"စိတ်ချပါ ခင်ဗျာ"

✧ ✧ ✧

ဝီလျံသည် ထိုနေ့ညတွင် ဘော့စတွန်သို့ ပြန်ရောက်သည်။ မက်သယူးကို ကိတ်နှင့်အတူ တွေ့ရသည်။ သူသည် ဝရန်တာသို့ထွက်ပြီး အမေရိကန်နိုင်ငံ၏ နောက်ဆုံးပေါ် အရောင်းရဆုံး ဝတ္ထုကြီးဖြစ်သော 'လေရှူးသုန်သုန်' ကို ထိုင်ဖတ်နေသည်။

ဝီလျံက သူ့အနီးသို့ လျှောက်လာသည်။ သူက ဝီလျံအား မော့ကြည့်ပြီး

"အဘိုးကြီးက ဘယ်လိုပြောလိုက်သလဲ" ,

"သူငိုတယ်"

"လက်စတာ ဘဏ်တိုက် ဥက္ကဋ္ဌကြီးက ငိုရသေးသတဲ့လား၊ အဲဒီအကြောင်း တခြား အစုရှယ်ယာပိုင်တွေ မသိပါစေနဲ့ သူငယ်ချင်းရာ"

✧ ✧ ✧

မက်သယူးသည် အရက်ကို လုံးဝဖြတ်ပစ်လိုက်ပြီး အလုပ်ကို ကြိုးစားလုပ်လာသည်။ သူ၏ ခိုင်မာသော ဆုံးဖြတ်ချက်အတွက် ဝီလျံပင် အံ့သြနေမိသည်။

သူသည် ခါတိုင်းထက် ထူးထူးခြားခြား အလုပ်မြန်လာသည်။ ညနေပိုင်းကျတော့ သူ့အလုပ်တွေ အကုန်ပြီး၍ ဝီလျံ၏ အလုပ်တွေကိုပင် ကူလုပ်ပေးနိုင်လာသည်။

အလုပ်ပြီးတော့ ညနေစာ မစားခင် သူငယ်ချင်းနှစ်ယောက် တင်းနစ်ကစားကြသည်။ တစ်ခါတစ်ရံ လှေလှော်ကြသည်။

"မင်းကို ငါမနိုင်တဲ့ နေ့မှာတော့ ငါသေပြီသာ မှတ်ပေတော့ သူငယ်ချင်း" ဟု မက်သယူးက နောက်သလိုလိုနှင့် ပြောတတ်သည်။

ဘယ်လိုပင်ပြောပြော၊ သူ့အနေဖြင့် ဆေးရုံပြန်မတက်ရတာကတော့ အမှန်ပင်။ သူက ဝီလျံတို့လင်မယားနှင့် နေရသည်ကို ပျော်နေသည်။

နေ့ရက်တွေ တရွေ့ရွေ့ ညောင်းလာခဲ့သော်လည်း ဝီလျံကတော့ အချိန်တွေ အကုန်မြန်လွန်းလှသည်ဟု ထင်မိသည်။ သူသည် မက်သယူး အသက်နှင့်မှ ရှိပါသေးရဲ့လားဟူသော စိုးရိမ်စိတ်ဖြင့်သာ မနက်တိုင်း မနက်တိုင်း အိပ်ရာမှ နိုးလာတတ်သည်။

မက်သယူးသည် တစ်ခုသော အင်္ဂါနေ့တွင် သေဆုံးသွားခဲ့သည်။ ဖတ်လက်စ 'လေရူးသုန်သုန်' ဝတ္ထုမှာလည်း စာမျက်နှာ ၄၀ တိတိ မဖတ်ရသေးဘဲ ကျန်နေရစ်ခဲ့သည်။

◇ ◇ ◇

မက်သယူး၏ အသုဘအခမ်းအနားကို နယူးယောက်တွင် ပြုလုပ်သည်။ ဝီလျံနှင့် ကိတ်တို့က မစ္စတာလက်စတာနှင့်အတူ သွားနေကြသည်။

အဘိုးကြီးသည် ခြောက်လတာကာလအတွင်း ဆွဲချလိုက်သလို အလွန်ကျသွားသည်။

သူသည် မယားနှင့်သားတို့၏ သင်္ချိုင်းဂူဘေးတွင် ရပ်နေသည်။ သူ့ဘဝတွင် ဘာရည်မှန်းချက်မှ မရှိတော့ဟု ဝီလျံအား ပြောသည်။ ဝီလျံက ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။ သူ ဘာပဲပြောပြော တစ်ဦးတည်းသော သားအတွက် အပူမီးတောက်နေသော ဖခင်ကြီးအား နှစ်သိမ့်စေနိုင်မည်မဟုတ်။

ဝီလျံနှင့် ကိတ်တို့သည် မက်သယူးကို သင်္ဂြိုဟ်ပြီးနောက် တစ်နေ့တွင် ဘော့စတွန်သို့ ပြန်ကဲ့ကြသည်။

မက်သယူးမရှိတော့ သူတို့အိမ်ကြီးမှာ ဟာလာဟင်းလင်းကြီး ဖြစ်နေသလို ထင်ရသည်။

ဝီလျံအဖို့ လွန်ခဲ့သော လေးငါးခြောက်လအတွင်း ဝမ်းသာခြင်းနှင့်လည်း ကြုံခဲ့ရသည်။ ဝမ်းနည်းခြင်းနှင့်လည်း ကြုံခဲ့ရသည်။ သေခြင်းတရားသည် သူ့အား သံယောဇဉ်စိတ်ကို ပို၍တိုးပွားစေခဲ့သည်။ ကွယ်လွန်သူ အချစ်ဆုံးသူငယ်ချင်း မက်သယူးကိုလည်း ပို၍ တမ်းတမိသည်။ ချစ်ဇနီး ကိတ်ကိုလည်း ပို၍ ချစ်ကြင်မြတ်နိုးလာမိသည်။

သူသည် အလုပ်ခွင်သို့ ပြန်ဝင်လာအခါ အလုပ်ထဲတွင် စိတ်မဝင်စားနိုင်အောင် ဖြစ်နေအောင် ဖြစ်နေမိသည်။

သူ့ရုံးခန်းထဲတွင် ထိုင်နေရာမှ ဝေါက်ကနဲ ထပြီးမက်သယူး၏ ရုံးခန်းထဲသို့ ဝင်ကြည့်မိသည်။ အခန်းထဲတွင် မက်သယူးမရှိတော့။

သူသည် ရက်အတော်ကြာသည်အထိ သည်အတိုင်းပင် လူရောစိတ်ပါ ဂနာမငြိမ်ဖြစ်နေခဲ့သည်။

တိုနီဆိုင်မွန်က ဝီလျံ၏ အဖြစ်ကို သဘောပေါက်သည်။ သို့သော် သူလည်း ဘယ်လိုမှ မကူညီနိုင်။

ဝီလျံသည် ဘဏ်လုပ်ငန်းကို လုံးဝ စိတ်ကုန်လာသည်။ သူ့စိတ်သည် မက်သယူးဆီသို့သာ အချိန်တိုင်းရောက်နေတော့သည်။ သူနှင့် မက်သယူးတို့သည် သေတပန်သက်တဆုံး အတူတကွ

နေထိုင်သွားကြရလိမ့်မည်ဟု သူက အမြဲတမ်းစွဲမှတ်ထားခဲ့သည်။ ယခုတော့ သူ၏ အချစ်ဆုံး သူငယ်ချင်းမှာ အရှယ်မတိုင်မီပင် ရေတိမ်နစ်ခဲ့ရရှာပြီကော။

သည်လိုနှင့် ဝိလျံသည် အလုပ်ကို ပုံမှန်အနေအထားသို့ ရောက်အောင်မလုပ်နိုင်ဘဲ ဖြစ်လာသည်။ အလုပ်ကြွေးတွေ ပုံလာသည်။ သို့သော် သူ့ကို ဘယ်သူကမှလည်း ဘာမှမပြောကြ။

အားအားရှိလျှင် တစ်ယောက်တည်း ထိုင်ပြီး ငိုင်နေတတ်သော သူမ၏ ယောက်ျားအတွက် ကိတ်က စိုးရိမ်လာမိသည်။

တစ်နေ့မနက်တွင် ကိတ် အိပ်ရာမှနိုးလာတော့ ဝိလျံက ခုတင်စွန်းမှာထိုင်ပြီး သူမကို စိုက်ကြည့်နေတာ တွေ့ရသည်။ ကိတ်က စိုးရိမ်တကြီးနှင့် မေးလိုက်သည်။

"ဟင် ဘာဖြစ်တာလဲမောင်၊ ဘာဖြစ်လို့လဲဟင်"

"ဘာမှ မဖြစ်ပါဘူး၊ ကိုယ်က ကိုယ့်ရဲ့ အချစ်ဆုံးဇနီးကလေးကို ချစ်လွန်းလို့ တစိမ့်စိမ့် ကြည့်နေမိတာပါ"

✣

(၂၂)

၁၉၃၂ ခုနှစ် ကုန်ဆုံးသောအခါ အေဘယ်သည် 'နယ်စားကုမ္ပဏီ' ၏ အနာဂတ်လမ်းကြောင်းကို မှန်းဆ၍ ရလာသည်။ ထိုအချိန်အထိ အမေရိကန်နိုင်ငံသည် စီးပွားရေးအကျပ်အတည်းထဲတွင် အလူးအလွန့်ခံနေရဆဲဖြစ်သည်။ လွန်ခဲ့သော ၅နှစ်တာ ကာလအတွင်း ဘဏ်တိုက်ပေါင်းနှစ်ထောင်တိတိ ပိတ်ပစ်လိုက်ရသည်။ နောက်ပိုင်းတွင်လည်း နေ့စဉ်လိုလို တစ်တိုက်ပြီး တစ်တိုက် အပြီးအပိုင် 'တံခါးပိတ်' နေကြရသည်။ အေဘယ်က သူ့ဟိုတယ်များမှ အတွေ့အကြုံရင့်အမှုထမ်းများအား တစ်ယောက်မျှ အလုပ်ဖြုတ်မပစ်ဘဲ တောင့်ခံပြီး ထိန်းထားချိန်တွင် တစ်ပြည်လုံး အလုပ်လက်မဲ့ဦးရေ ကိုးသန်းအထိ တိုးတက်လာသည်။

သို့သော် အေဘယ်က ဟိုတယ် အားလုံးအတွက် တစ်နှစ်အတွင်း အရင်းကျေရမည်ဟု မျှော်မှန်းထားခဲ့သော်လည်း လုံးဝအရင်းမပေါ်သည့်အပြင် ဒေါ်လာ ၇၂၀၀၀ ပင် အရှုံးပေါ်နေသေးသည်။

သို့ဖြင့် မိမိအား ငွေကြေးအထောက်အကူ ပေးနေသော ပုဂ္ဂိုလ်ကြီးသည် လုပ်ငန်းတစ်ပတ်ပြန်လည်လာချိန်အထိမှ သည်းခံနိုင်ပါမည်လားဟု အေဘယ်က စိုးရိမ်မကင်းဖြစ်လာမိသည်။

ထိုအချိန်တွင် အေဘယ်၏ စိတ်အာရုံသည် စီးပွားရေးနယ်ပယ်မှ ကျော်လွန်ကာ နိုင်ငံရေးနယ်ပယ်ဘက်သို့လည်း ကိုင်းညွတ်ချင်ချင် ဖြစ်လာသည်။ အထူးသဖြင့် အင်တန်ကားမက် ရှိကာဂိုမြို့တော်ဝန်ဖြစ်လာခြင်းသည် အေဘယ်အား နိုင်ငံရေးနယ်ပယ်ဘက်သို့ ဦးလှည့်ပေးလိုက်သလို ဖြစ်သွားသည်။

ကားမက်က အေဘယ်အား ဒီမိုကရက်တစ်ပါတီသို့ ဝင်၍ နိုင်ငံရေးလုပ်ရန် တိုက်တွန်းသည်။ ထိုအချိန်က ဒီမိုကရက်တစ်ပါတီသည် အရက်သေစာသောက်စားမှု ပိတ်ပင်ခြင်းဥပဒေကို အပြင်းအထန် ဆန့်ကျင်တိုက်ခိုက်နေသည်။ ယင်းဥပဒေကြောင့် ဟိုတယ်လုပ်ငန်းများ အကြီးအကျယ်

ထိခိုက်နစ်နာကြရသည်။ ထို့ကြောင့် အေဘယ်သည် ဒီမိုကရက်တစ်ပါတီဝင် မြို့တော်ဝန် ကားမက်ဘက်မှ သည်းလှိုက်အူလှိုက်ထောက်ခံ အားပေးသည်။ အေဘယ်က ပိုလန်သား၊ ကားမက်က ချက်ကိုစလိုဗားလကီးယားသား။ ထို့ကြောင့် သူတို့နှစ်ယောက် တစ်နယ်သားချင်း အကျိုးတူပူးပေါင်းမိကြခြင်းဖြစ်သည်။ ကားမက်၏ အားပေးကူညီမှုဖြင့် ထိုနှစ်တွင် အေဘယ်သည် ဒီမိုကရက်တစ်ပါတီဝင် လွှတ်တော်အမတ်လောင်းအဖြစ် အရွေးခံရသောအခါ အလွန်ဝမ်းသာမိသည်။

ဒီမိုကရက်တစ်ပါတီညီလာခံတွင် ကားမက်က အေဘယ်အား ဖရန်ကလင်ရုစဗဲ့နှင့် မိတ်ဆက်ပေးသည်။ ရုစဗဲ့က အေဘယ်အား မြင်လျှင်မြင်ချင်း သဘောကျသွားသည်။ သို့ဖြင့် သူသမ္မတအဖြစ် အရွေးခံရသောအခါ ရုစဗဲ့သည် ဒီမိုကရက်တစ်ပါတီဝင်အားလုံးကို အုပ်ချုပ်ရေးအဖွဲ့အသီးသီးတွင် ခန့်ထားလိုက်သည်။ ရှီကာဂိုမြို့တော် အုပ်ချုပ်ရေးအဖွဲ့တွင် ဟင်နရီအော့စဘွန်းလည်း အရေးပါသော အုပ်ချုပ်ရေး အဖွဲ့ဝင်တစ်ဦး ဖြစ်လာခဲ့သည်။

ရက်များမကြာမီတွင် ကားမက်သည် ဖလော်ရီဒါပြည်နယ်၊ မီယာမီမြို့၌ လုပ်ကြံသတ်ဖြစ်ခြင်းခံရသည်။ ရုစဗဲ့အား ပစ်လိုက်သော ကျည်ဆန်က သူ့ကို ထိမှန်သွားသောကြောင့် ဖြစ်သည်။

သူ့မိတ်ဆွေကြီး ကားမက် သေဆုံးသွားရခြင်းကြောင့် အေဘယ်သည် အလွန်စိတ်မကောင်းဖြစ်ရသည်။ သို့သော် နိုင်ငံရေးကိုကား စိတ်ကုန်၍ မသွား။ စိတ်မကုန်ရုံတွင်မက ရှီကာဂိုမြို့ရှိ ဒီမိုကရက်တစ်ပါတီဝင် ပိုလန်အမျိုးသားများ နိုင်ငံရေးနယ်ပယ်ထဲသို့ ဝင်ရောက်လာနိုင်ရေးအတွက် ပင် ငွေအားရော လူအားပါ ဖိသွန်၍ ကူညီအားပေးလာခဲ့သည်။

✧ ✧ ✧

နယ်စားကုမ္ပဏီသည် ၁၉၃၃ ခုနှစ်တွင်လည်း ဒေါ်လာ ၂၃,၀၀၀ အရှုံးပေါ်သည်။ သို့သော် စိန့်လူးဝစ်မြို့ရှိ ဟိုတယ်တစ်ခုကတော့ အမြတ်ပြသည်။

သမ္မတ ရုစဗဲ့က မတ်လ ၁၂ ရက်နေ့တွင် သမိုင်းဝင် မိန့်ခွန်းပြော၍ 'အမေရိကကို ယုံကြည်နိုင်အောင် ကြိုးစားကြပါ'ဟု တိုင်းပြည်သို့ မေတ္တာရပ်ခံသောအခါ အေဘယ်လည်း သူ့ကိုယ်သူ ယုံကြည်မှုရှိလာသည်။ ထို့ကြောင့် သူသည် လွန်ခဲ့သောနှစ်က ပိတ်ထားခဲ့ရသော ချားလက်စတန်ဟိုတယ်နှင့် မိဘိုင်းလ်ဟိုတယ်တို့ကို ပြန်ဖွင့်ရန် ဆုံးဖြတ်လိုက်သည်။

အေဘယ်သည် ပြန်လည်ဖွင့်လှစ်သော ဟိုတယ်နှစ်ခုအတွက် အိမ်မပြန်နိုင်သည်အထိ အလုပ်များနေသောအခါ ဇနီးသည် ဇာဖီယာက နှုတ်ခမ်းစူချင်လာသည်။ သူမက အေဘယ်အား စတီဖင်ဟိုတယ်တွင် လက်ထောက်မန်နေဂျာအဆင့်လောက်ကိုသာ လုပ်ကိုင်စေချင်သည်။ ယင်းအဆင့်ဆိုလျှင် အလုပ်လည်း သိပ်မများ။ သူမ၏ အဆင့်အတန်းနှင့် သိပ်ပြီး အလှမ်းမကွာဟု သူမကယူဆသည်။

သို့သော် သူမနှင့် အေဘယ်တို့က ရည်မှန်းချက် ကွာဟလွန်းသောကြောင့် ဘယ်လိုမှ အဆင့်ချင်းညှိ၍ မရ။ သူမက တစ်မိုင်လောက် နောက်ကျကျန်ရစ်သည်။ အေဘယ်က တစ်မိုက်

လောက် ကျော်လွန်သွားသည်။ ထို့ကြောင့် သူ ငါ့ကို မယားတစ်ယောက်လို့မှ အောက်မေ့သေးရဲ့လား မသိဟုပင် ဇာဖီယာက တွေးပူလာမိလေသည်။

သားသမီး မရသေးသည့်အတွက်လည်း ဇာဖီယာက အလွန်တွေးပူနေမိသည်။ ထို့ကြောင့် သူမသည် ဆရာဝန်ဆီသွားပြီး အစမ်းသပ်ခံရသည်။ သူမအနေဖြင့် အချိန်မရွေး သားသမီးရနိုင်သည်ဟု ဆရာဝန်က အာမခံသည်။ ယောကျာ်းကိုသာ မြန်မြန် စစ်ဆေးကြည့်ပါဟုလည်း တိုက်တွန်းသည်။ သို့သော် ဇာဖီယာက သူမ၏ယောကျာ်းကိုမပြောရဲ။ သူ့သိက္ခာချသည်ဟု အေဘယ်က ထင်မည်ကြောက်သည်။

သည်လိုနှင့် သူမက အချိန်အခါကို စောင့်ကြည့်နေသည်။ နောက်ဆုံး ကံကောင်းချင်တော့ သူမ ဓမ္မတာမလာတော့။ နောက်တစ်လ စောင့်နေသော်လည်း မလာ။ သည်တော့မှ အေဘယ်ကိုဖွင့်ပြောပြီး ဆရာဝန်ဆီသွားသည်။ ဆရာဝန်က သူမမှာ ကိုယ်ဝန်ရှိနေပြီဟု ပြောသည်။

လင်မယားနှစ်ယောက်စလုံး ပျော်လိုက်ကြသည့်ဖြစ်ခြင်း။

သို့ဖြင့် ၁၉၃၄ ခုနှစ်၊ နှစ်သစ်ကူးနေ့တွင် ဇာဖီယာသည် သမီးဦးကို မွေးဖွားသည်။ သမီးလေးအား အေဘယ်၏ မွေးစားအစ်မကြီး နာမည်ကိုယူပြီး 'ဖလော်ရင်တီနာ'ဟု နာမည်ပေးသည်။ အေဘယ်က သမီးလေးအား ငံ့ထားမတတ် ချစ်သည်။ ငါတော့ သူ့အချစ်ဦး မဖြစ်နိုင်တော့ဟု ဇာဖီယာက တွေးလိုက်မိသည်။

ဂျော့နှင့် ဇာဖီယာ၏ အစ်မဝမ်းကွဲတို့က ကလေး၏ ခေါင်းကိုင် မိခင် ဖခင်များလုပ်ကြသည်။

ကင်ပွန်းတပ်မင်္ဂလာညစာစားပွဲတွင် ပိုလန်ရှီးရာအတိုင်း ဟင်းခွက်ဆယ်ခွက်နှင့် ခမ်းခမ်းနားနား ညှော်ခံကျွေးမွေးသည်။ ကလေးအတွက် လက်ဆောင်ပစ္စည်းတွေ တစ်ပုံကြီးပေးကြသည်။ အေဘယ်အား ငွေကြေးထောက်ပံ့နေသူ ပုဂ္ဂိုလ်ကြီးကလည်း လှပသော ရှေးဟောင်း လက်စွပ်ကလေးတစ်ကွင်း လက်ဆောင်ပေးသည်။ ယင်း လက်ဆောင်အတွက် ကျေးဇူးတုံ့ပြန်သောအားဖြင့် ထိုနှစ်အတွက် အမြတ်ငွေ ဒေါ်လာ ၆၃,၀၀၀ ရအောင် အေဘယ်က အားကြိုးမာန်တက်လုပ်ကိုင်ပေးလိုက်သည်။ 'မိဘိုင်းလ်နယ်စား' ဟိုတယ်တစ်ခုသာ အရှုံးပေါ်နေဆဲဖြစ်သည်။

ဖလော်ရင်တီနာကို မွေးပြီးနောက် အေဘယ်သည် ရှီကာဂိုတွင်ပင် များသောအားဖြင့် အနေများလာသည်။ ထို့ကြောင့် 'ရှီကာဂိုနယ်စား' ဟိုတယ်ကို တည်ဆောက်ချိန်တန်ပြီဟု သူက ဆုံးဖြတ်လိုက်သည်။ 'ကမ္ဘာ့ ကုန်စည်ပြပွဲကြီး' ကျင်းပပြီးသည့်နောက်ပိုင်း ရှီကာဂိုမြို့တွင် ဟိုတယ်တွေ မှိုပေါက်သလို ပေါက်လာကြသည်၊

ကွယ်လွန်သူ မစ္စတာဒေးဗစ်လီရှိုင်းအား ဂုဏ်ပြုသောအားဖြင့် အသစ်ဆောက်မည့် ဟိုတယ်သည် နယ်စားဟိုတယ်အားလုံးအနက် စံပြဖြစ်ရမည်ဟု အေဘယ်က ရည်ရွယ်ထားသည်။

ဟိုတယ်သစ်ကို မီးလောင်သွားသော ရစ်ချ်မွန်နှ့်ဟိုတယ်နေရာတွင်ပင် ပြန်ဆောက်မည်။ ထိုမြေကွက်ကို လာဝယ်သူတွေ ခဏခဏ ရောက်သော်လည်း သူက မရောင်းခဲ့။ ငွေကြေးတောင့်

တင်းလာသော တစ်နေ့တွင် ဟိုတယ်သစ်ကြီး ပြန်ဆောက်မည်ဟု အားခဲထားခဲ့သောကြောင့်ဖြစ်သည်။

မီးအာမခံရခဲ့သော ဒေါ်လာ ၇၅၀,၀၀၀ (ခုနစ်သိန်းခွဲ) ကို မတည်ပြီး ကျန်ငွေကို သူ၏ ကျေးဇူးရှင်ကြီး ဒေးဗစ်မက်တွန်ထံမှ အကူအညီတောင်းရန် စိတ်ကူးထားသည်။

အသေးစိတ် စီမံကိန်းဆွဲပြီးသောအခါ အေဘယ်က မစ္စတာ ကာတစ်ဖင်တန်ထံသွားပြီး သူ့အကြံကိုတင်ပြသည်။ အကယ်၍ စတီဖင်ဟိုတယ်လုပ်ငန်းနှင့် အပြိုင်ဖြစ်နေမည်ဟု ဒေးဗစ်မက်တွန်က ပြောမည်ဆိုလျှင်လည်း သူ့စီမံကိန်းကို ပြန်လည်ရုပ်သိမ်းလိုက်မည်ဟု အေဘယ်က ပြောပြလိုက်သည်။

နောက်သုံးလေးရက်ကြာတော့ ဒေးဗစ်မက်တွန်က 'ရှီကာဂို နယ်စား' ဟိုတယ် တည်ဆောက်ရန် စီမံကိန်းကို လှိုက်လှဲဝမ်းသာ လက်ခံပါသည်ဟု အေဘယ်အား ကာတစ်ဖစ်တန်က အကြောင်းကြားသည်။

◇ ◇ ◇

၄၂ ထပ် ဟိုတယ်သစ်ကြီးကို တစ်နှစ်တိတိ အချိန်ယူဆောက်လုပ်ရသည်။ ဟိုတယ်ဆောက်ခွင့်ပါမစ်ကို အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးသူမှာ မြူနီစီပယ် အုပ်ချုပ်ရေးအရာရှိ ဟင်နရီအော့စဘွန်းဖြစ်သည်။ ထို့ကြောင့် အေဘယ်က အော့စဘွန်းကို အလွန်ကျေးဇူးတင်သည်။

ဟိုတယ်သစ်ကြီးကို ၁၉၃၆ ခုနှစ်တွင် မြို့တော်ဝန်သစ် အက်ဒွပ်ဂျေကယ်လီက ဖွင့်လှစ်ပေးသည်။ အက်ဒွပ်ကယ်လီသည် ဒီမိုကရက်တစ်ပါတီ ယန္တရားကြီးအတွက် အဓိကမောင်းအားကြီးဖြစ်သည်။

ဟိုတယ်သစ်ဖွင့်ပွဲသို့ ဧည့်ပရိသတ် နှစ်ထောင် တက်ရောက်သည်။ အီလီနွိုက် ပြည်နယ်မှ အထက်လွှတ်တော်အမတ်နှစ်ယောက်လည်း မိန့်ခွန်းပြောကြသည်။

'ရှီကာဂိုနယ်စား' ဟိုတယ်ကြီးသည် ဒီဇိုင်းပုံစံမှာရော၊ ဆောက်လုပ်ရာမှာပါ စံတင်လောက်သည်။ ဆောက်လုပ်ခစရိတ် ဒေါ်လာ တစ်သန်းကုန်ကျသည်။ ကုန်ကျသလောက်လည်း ခမ်းနားလှပသည်။

ဝါရင့် အထက်လွှတ်တော်အမတ်ဂျေ၊ ဟာလ်မီတန်လူးဝစ်က မိန့်ခွန်းပြောကြားရာတွင် 'ဒီဟိုတယ်ကြီးဟာ အောင်မြင်မှုရဲ့ အထိမ်းအမှတ်ဆိုရင် မမှားပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဟိုတယ်ကြီးကို ဆောက်လုပ်ခဲ့တဲ့ပုဂ္ဂိုလ်ဟာ စီးပွားရေးလုပ်ငန်းမှာ ထူးချွန်အောင်မြင်သူတစ်ယောက်ဖြစ်လို့ပါပဲ' ဟု ထည့်သွင်း ပြောကြားသွားသည်။

အေဘယ်က ပြုံးနေသည်။ ပရိသတ်များကလည်း ခေါင်းတညိတ်ညိတ်နှင့် ယောက်ခံကြသည်။

ဇာဖီယာကတော့ ဘာမှနားမလည်သလို ပရိသတ်အလယ်တွင် ငူငူကြီးထိုင်နေသည်။ ဤမျှ ပိုက်ဆံအကုန်အကျခံပြီး ကျေးမွေးသည်ကို သူမက သဘောမပေါက်။ သူမသည် သူ့ငွေး

ကတော်လည်း မဖြစ်ချင်၊ အောင်မြင်မှုကိုလည်း မလိုချင်။

ညှော်ခံပွဲပြီးသောအခါ ဟင်နရီအော့စဘွန်းက အေဘယ်အနီးသို့ လျှောက်လာပြီး စကားပြောသည်။

"အများကြီး ဂုဏ်ယူပါတယ် အေဘယ်၊ ဒါဟာ မောင်ရင့်အနေနဲ့ ကြီးကျယ်တဲ့ အောင်မြင်မှုတစ်ရပ်ပါပဲ"

"ကျွန်တော့်ရဲ့ အသက်သုံးဆယ်ပြည့် မွေးနေ့လက်ဆောင်လို့လဲ ဆိုနိုင်ပါတယ်" ကင်မရာမီး ဖျပ်ကနဲ ပွင့်သွားသည်။ နိုင်ငံသိပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာရသည့်အဖြစ်ကို အေဘယ်က ကျိတ်ပြီး ဝမ်းသာနေမိသည်။ "နိုင်ငံတိုင်းမှာ 'နယ်စားဟိုတယ်' တွေ ဖွင့်လှစ်နိုင်အောင် ကြိုးစားဖို့ ရည်ရွယ်ထားပါတယ်၊ ကျွန်တော်နဲ့ ပေါင်းပါ မစ္စတာအော့စဘွန်း၊ အောင်မြင်မှုရဲ့အရသာကို ခံစားရပါလိမ့်မယ်"

✣

## (၂၃)

နောက်တစ်နေ့မနက် နံနက်စာ စားနေချိန်တွင် ကိတ်က 'ဘော့စတွန်ဂလုပ်' သတင်းစာ စာမျက်နှာ ၁၇ မှ မျက်နှာဖုံးသတင်းတိုကလေးတစ်ပုဒ်ကို လက်ညှိုးထိုးပြသည်။

ဝီလျံက သတင်းကို ဖတ်ကြည့်ပြီး ပြုံးမိသည်။ သူက ရစ်ချ်မွန်ကုမ္ပဏီကို ငွေထုတ်ချေးရန် အကြံပေးသည်ကို အုပ်ချုပ်ရေးအဖွဲ့က လက်မခံ။ အလွန်မိုက်မဲသော လုပ်ရပ်ဖြစ်သည်။ သူက အေဘယ်ရို့နော့စကီး၏ အစွမ်းအစကို အကဲခတ်မိခဲ့သည်။ ယခု သူထင်သည့်အတိုင်းပင် အေဘယ်က ဟိုတယ်ကြီးတစ်ခုကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပြီ။ 'ရှီကာဂိုနယ်စား' ဟူသော နာမည်ကို ဖတ်မိသောအခါ သူက ပို၍ ပြုံးမိသည်။ ပြီးတော့ ရုတ်တရက် စိတ်မကောင်းဖြစ်မိသည်။ သူသည် သတင်းဓာတ်ပုံကို စေ့စေ့စပ်စပ်ကြည့်နေသည်။ ဟုတ်ပါတယ်။ သူမှသူအစစ်ပါ။ ဓာတ်ပုံအောက်မှပုံစာတွင် 'နယ်စားကုမ္ပဏီဥက္ကဋ္ဌ အေဘယ်ရို့စနော့စကီးကို ပြည်ထောင်စုဘဏ်အုပ်ချုပ်ရေးအဖွဲ့ဝင် ဒိုင်မာဇက်နှင့် မြူနီစီပယ်အရာရှိ ဟင်နရီအော့စဘွန်းတို့နှင့်အတူ တွေ့ရစဥ်'ဟူ၍ ရေးထားသည်။

ဝီလျံက သတင်းစာကို ပြန်ချထားလိုက်ပြီး အတန်ကြာမျှ စဉ်းစားနေမိသည်။

သူ့ရုံးခန်းသို့ ရောက်လျှင်ရောက်ချင်း တယ်လီဖုန်းကောက်ကိုင်လိုက်ပြီး 'ကိုဟင်နှင့် ယာဘလွန်းရှေ့လုပ်ငန်းဌာန' သို့ ဆက်သည်။

"အား... မစ္စတာကိန်းလား၊ မတွေ့ရတာ တော်တော်ကြာသွားပြီနော်" တစ်ဖက်မှ မစ္စတာသောမတ်ကိုဟင်က ပြောသည်။ "ခင်ဗျားရဲ့ မိတ်ဆွေကြီး မက်သယူးလက်စတာ ဆုံးသွားကြောင်း သိရလို့ ကျုပ်အများကြီး စိတ်မကောင်း ဖြစ်မိပါတယ်ဗျာ၊ ဒါနဲ့ ခင်ဗျားဇနီးနဲ့ သားကလေးတို့ နေကောင်းကြပါတယ်နော်၊ သားကလေး နာမည်က ရစ်ချတ် မဟုတ်လား"

ဝီလျံက သောမက်ကိုဟင်၏ လှိုက်လှိုက်လှဲလှဲ ဆက်ဆံတတ်ပုံကို အလွန်သဘောကျ

မိသည်။

"ဟုတ်ပါတယ်၊ ရစ်ချတ်ပါ၊ အားလုံး နေကောင်းကြပါတယ်၊ ကျေးဇူးတင်ပါတယ် မစ္စတာကိုဟင်"

"ကိုင်း... အဲဒီတော့ လိုရင်းပြောပါဦး၊ ကျုပ် ဘာအကူအညီပေးရမလဲ"

"ယုံကြည် စိတ်ချရတဲ့ ထောက်လှမ်းရေးသမားတစ်ယောက် ကျွန်တော့်ကို ရှာပေးစေချင်တယ်၊ ဟင်နရီအော့စဘွန်း အကြောင်း အသေးစိတ် သိချင်လို့ပါ၊ ဒီအကြောင်း ဘယ်သူမှ မသိစေချင်ဘူး၊ သူဘော့စတွန်က ထွက်သွားပြီးကတည်းက ဘာတွေလုပ်ခဲ့တယ်၊ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ တစ်ခုမကျန် သိချင်တယ်၊ အထူးသဖြင့် အေဘယ်ရိုဲ့စနော့စကီးနဲ့ သူနဲ့ ဘယ်လို ဆက်စပ်နေသလဲဆိုတာ သိချင်ပါတယ်"

မစ္စတာကိုဟင်က အတန်ကြာမျှ တိတ်ဆိတ်နေသည်။ ပြီးတော့မှ...

"ရပါတယ်"

"တစ်ပတ်အတွင်း သိရပါ့မလား"

"နှစ်ပတ်လောက် လုပ်ပါ၊ နှစ်ပတ်လောက်"

"ကောင်းပြီလေ၊ နှစ်ပတ်အတွင်း အသေးစိတ်စုံစမ်းလွှာ ကျွန်တော့် စားပွဲပေါ် အရောက် ပို့ပါ"

"ကောင်းပါပြီ"

◇ ◇ ◇

၁၅ ရက်မြောက်နေ့ နံနက်တွင် ဝီလျံ၏ စားပွဲပေါ်သို့ ထောက်လှမ်းရေး အစီရင်ခံစာ ရောက်လာသည်။ သူသည် အစီရင်ခံစာကို စေ့စေ့စပ်စပ်ဖတ်သည်။

အေဘယ်ရိုစနော့စကီးနှင့် ဟင်နရီအော့စဘွန်းတို့ကြားတွင် စီးပွားရေးဆက်စပ်မှု လုံးဝမရှိ။ အေဘယ်က အော့စဘွန်းအား နိုင်ငံရေး ကျောထောက်နောက်ခံအဖြစ် အသုံးချရန် ပေါင်းထားခြင်းသာဖြစ်သည်။ ဘော့စတွန်မြို့မှ အော့စဘွန်းထွက်သွားပြီးကတည်းက အလုပ်တွေ တစ်ခုပြီး တစ်ခု လုပ်ကိုင်ခဲ့သည်။ နောက်ဆုံးတွင် 'ဂရိတ်ဝတ်စတန်' အသက်အာမခံကုမ္ပဏီတွင် ဝင်လုပ်သည်။ ယခင် ရှီကာဂိုရစ်ချစ်မွန့်ဟိုတယ်ကို 'ဂရိတ်ဝက်စတန်' အသက်အာမခံကုမ္ပဏီတွင် မီးအာမခံထားခဲ့ရာမှ အော့စဘွန်းနှင့် အေဘယ်တို့ဆက်သွယ်မိကြခြင်းဖြစ်သည်။ ဟိုတယ် မီးလောင်သွားသောအခါ အာမခံကုမ္ပဏီက လျော်ကြေးပေးရန် ငြင်းဆိုသည်။

မန်နေဂျာဟောင်း ဒက်စမွန်ပါစီဆိုသူအား ဟိုတယ် မီးရှို့မှုဖြင့် ထောင်ဒဏ်ခုနစ်နှစ် ချလိုက်သည်။ မီးရှို့မှုတွင် အေဘယ် ရိုစနော့စကီးလည်း ပါဝင်ပတ်သက်နိုင်သည်ဟု သင်္ကာမကင်းဖြစ်ကြသေးသည်။ သို့သော် ယင်းသို့ ပါဝင်ပတ်သက်ကြောင်း တစ်စုံတစ်ရာ အထောက်အထား မတွေ့ရ။ ထို့ကြောင့် အာမခံကုမ္ပဏီက လျော်ကြေးငွေ ခုနစ်သိန်းခွဲထုတ်ပေးသည်။ ယခုအခါ အော့စဘွန်းသည် အာမခံကုမ္ပဏီမှထွက်၍ မြူနီစပယ်အဖွဲ့တွင် အချိန်ပြည့် နိုင်ငံရေး.

သမားအဖြစ် လုပ်ကိုင်နေပြီဖြစ်သည်။ သူသည် ယင်းမှတစ်ဆင့် ရှီကာဂိုမဲဆန္ဒနယ်မြေမှ လွှတ်တော်အမတ်ဖြစ်လာရန် ရည်မှန်းထားသည်။ သူသည် ပိုက်ဆံချမ်းသာသော ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်တစ်ဦး၏ သမီးဖြစ်သူ မစ္စစ်မာရီအက်စတန်ဆိုသူ အမျိုးသမီးတစ်ဦးနှင့် မကြာမီက လက်ထပ်ခဲ့သည်။ သူတို့တွင် သားသမီးတစ်ယောက်မှ မရှိ။

အေဘယ်ရို့စနော့စကီးနှင့် ဟင်နရီအော့စဘွန်းတို့သည် လုပ်ငန်းသဘောအရ ဆက်သွယ်မှုမရှိသော်လည်း သူတို့နှစ်ယောက်ပူးပေါင်းမှုသည် ဝီလျံအတွက် အန္တရာယ်ရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ယောက်စလုံးပင် ဝီလျံအား အကြီးအကျယ် မုန်းတီးနေကြသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဝီလျံက သောမတ်ကိုဟင်ထံ ချက်တစ်စောင်ပို့လိုက်ပြီးနောက် နောက်လေးလကြာလျှင် တစ်ကြိမ်ထပ်မံ၍ စုံစမ်းပေးရန်လည်း မေတ္တာရပ်ခံလိုက်သည်။

နောက်လေးလပြည့်တော့ အစီရင်ခံစာ ရောက်လာသည်။ သို့သော် ဘာမှမထူး။ ယခင်အတိုင်းပင်ဖြစ်သည်။ ထို့ကြောင့် ဝီလျံမှာ စိုးရိမ်စိတ်ပျောက်သွားသည်။

၁၉၃၇ ခုနှစ်၊ နွေဦးပေါက်တွင် ကိတ်သည် သမီးကလေးတစ်ယောက် မွေးဖွားသည်။ သမီးကလေးကို ဗာဂျင်နီယာဟု နာမည်မှည့်သည်။

သားကြီး ရစ်ချတ်မှာ နှစ်နှစ်ခွဲသားအရွယ်ရှိနေပြီ။ သူက အသစ်ရောက်လာသော ညီမလေးအား သိပ်ပြီး ဂရုမစိုက်။ မနာလိုလည်း မဖြစ်။ သူ့ကစားစရာ စစ်သားရုပ်ကလေးနှင့် အလုပ်ရှုပ်နေသည်။

နှစ်ကုန်သောအခါ ဝီလျံ၏ ဌာနကဘဏ်အတွက် အမြတ်တော်တော် ရှာပေးနိုင်ခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့် မက်သယူးသေပြီးကတည်းက ကျနေခဲ့သော သူ့သိက္ခာလည်း ပြန်တက်လာခဲ့ရသည်။ သူသည် စတော့ဈေးကွက်တွင် လာဘ်မြင်သာ စီးပွားရေးသမားတစ်ယောက်အဖြစ် နာမည်ထွက်လာသည်။

သို့သော် သူက ဝမ်းသာခြင်းမဖြစ်မိ။ သူ့အနာဂတ်အတွက် စိုးရိမ်စိတ်သာ ပို၍ တိုးပွားလာမိသည်။ အကြောင်းကတော့ ဆိုင်မွန်သည် နောက်ထပ် ၁၇ နှစ်တိတိ လုပ်ကိုင်ပြီးမှ အငြိမ်းစားယူမည်ဖြစ်သောကြောင့်တည်း။

သည်အတိုင်းဆိုလျှင် သူ့အနေဖြင့် ဘဏ်ဥက္ကဋ္ဌဖြစ်ရန်အတွက် ၁၇ နှစ်တိတိ စောင့်ရဦးမည်။ မဖြစ်၊ မဖြစ်၊ လုံးဝ မဖြစ်။

ထို့ကြောင့် သူသည် အခြားဘဏ်တစ်ခုတွင် ပြောင်း၍ လုပ်ကိုင်ရန်ကိုပင် စိတ်ကူးလာမိလေသည်။

✧ ✧ ✧

ဝီလျံနှင့် ကိတ်တို့သည် နယူးယောက်မြို့မှ မစ္စတာချားလ်စ်လက်စတာထံသို့ တစ်လတစ်ခါက် မှန်မှန်သွားလည်ကြသည်။ လွန်ခဲ့သော သုံးနှစ်လောက်က မက်သယူး သေဆုံးသွား

ပြီးကတည်းက အဘိုးကြီးသည် အလွန် အံရှုံးကျသွားခဲ့သည်။ သူသည် အလုပ်တွင် လုံးဝ စိတ်မဝင်စားမှုမရှိတော့ကြောင်း၊ ဘဏ်တိုက်သို့လည်း အချိန်မှန် မသွားတော့ကြောင်း စီးပွားရေးရပ်ကွက်တွင် သတင်းဖြစ်နေသည်။

ဒီအတိုင်းဆို အဘိုးကြီး အသက်မှရှည်နိုင်ပါ့မလားဟု တွေးပြီး ဝီလျံက စိုးရိမ်မိသည်။

သူစိုးရိမ်မိသည့်အတိုင်းပင် နောက်တစ်လခန့်အကြာတွင် အဘိုးကြီးသည် ရုတ်တရက် ကွယ်လွန်သွားခဲ့သည်။

ဝီလျံက နယူးယောက်သို့ဆင်းလာပြီး အသုဘအခမ်းအနားသို့ တက်သည်။ အခမ်းအနားသို့ အမေရိကန်ပြည်ထောင်စု ဒုတိယသမ္မတ ဂျွန်နန့်စ်ဂါနား အပါအဝင် အရေးကြီးသောပုဂ္ဂိုလ်တော်တော်များများ တက်ရောက်ကြသည်။

အသုဘ အခမ်းအနားပြီးတော့ ဝီလျံနှင့် ကိတ်တို့သည် စိတ်မကောင်းစွာဖြင့် ဘော့စတွန်သို့ ပြန်လာခဲ့ကြသည်။ သူတို့အတွက် လက်စတာ မိသားစုနှင့် ဘယ်လိုမှ အဆက်အသွယ်မရှိတော့သည့်အဖြစ်ကို တွေးပြီး နှစ်ယောက်စလုံးပင် စိတ်မကောင်းဖြစ်မိကြသည်။

နောက် ခြောက်လခန့်ကြာသောအခါ ဝီလျံထံသို့ လုံးဝမမျှော်လင့်သော စာတစ်စောင် ရောက်လာသည်။ ယင်းစာမှာ နယူးယောက်မြို့မှ နာမည်ကျော် ဆူလီဗန်နှင့် ကရွမ်းဝဲရှေ့နေ လုပ်ငန်းဌာနမှ ပေးလိုက်သောစာဖြစ်သည်။ ဝေါလ်စထရီရပ်ကွက်ရှိ သူတို့၏ အလုပ်ဌာနတွင် ကွယ်လွန်သူ ချားလ်စ်လက်စတာ၏ သေတမ်းစာဖတ်ပွဲ ပြုလုပ်မည်ဖြစ်၍ ဝီလျံအားလည်းတက်ရောက်ရန် ဖိတ်ကြားလိုက်ခြင်းဖြစ်သည်။

သေတမ်းစာဖတ်ပွဲသို့ ဝီလျံလာခဲ့သည်။ သို့သော် မက်သယူး၏ဖခင်ကြီးက သူ့အတွက် ဘာပစ္စည်းတွေများ ပေးထားခဲ့ပါလိမ့်ဆိုတာထက် လက်စတာမိသားစုအပေါ် ခင်မင်လေးစားမှုစိတ်က ပို၍ အလေးသာနေသည်။

သူသည် မကြာမီကမှ ဝယ်ထားသော ဒိန်းမလား ကားသစ်ကလေးဖြင့် နယူးယောက်သို့ တစ်ရက်ကြို၍ ဆင်းလာခဲ့သည်။ ဟားဗတ်ကလပ်တွင် ညအိပ်သည်။ နောက်တစ်နေ့ နံနက် ၁၀ နာရီတွင် သေတမ်းစာဖတ်ပွဲသို့ တက်ရောက်သည်။

ဆူလီဗန်နှင့် ကရွမ်းဝဲရှေ့နေလုပ်ငန်းဌာန ရုံးခန်းထဲတွင် လူပေါင်း ငါးဆယ်ခန့်ရောက်နေကြသည်။

ရုံးခန်းထဲသို့ ဝီလျံဝင်လာတော့ အားလုံးကပင် သူ့ကို စောင်းကြည့်ကြသည်။ သူက မက်သယူး၏ ဝမ်းကွဲ ညီအစ်ကို၊ မောင်နှမများနှင့် အဒေါ်များအား နှုတ်ဆက်သည်။

သူ့မျက်လုံးများက မက်သယူး၏ ညီမငယ် ဆူဆန်ကို လိုက်ရှာနေသည်။ ဆူဆန်ကို မတွေ့ရ။

၁၀ နာရီတိတိတွင် ရှေ့နေကြီး မစ္စတာအာသာကရွမ်းဝဲ ရောက်လာသည်။ သူ့နောက်မှ လက်ထောက်တစ်ယောက်လည်း ပါလာသည်။ လက်ထောက်၏ လက်ထဲတွင် အညိုရောင် သားရေဖုံး ဖိုင်တွဲကြီးတစ်ခု ကိုင်ထားသည်။

မျှော်လင့်ချက် ကိုယ်စီဖြင့် တစ်ခန်းလုံး ငြိမ်သက်နေကြသည်။

ရှေ့နေကြီးက စတင်ရှင်းပြသည်။

"မစ္စတာ လက်စတာရဲ့ သေတမ်းစာကို ယခုလို ခြောက်လကြာမှ ဖတ်ရတာကတော့ သူမသေခင်က ညွှန်ကြားထားခဲ့တဲ့အတွက်ပဲ ဖြစ်ပါတယ်"

ဝီလျံက ပရိသတ်များ၏ မျက်နှာကို လှည့်ကြည့်လိုက်သည်။ အားလုံးပင် အသက်မရှူနိုင်အောင် အာရုံစိုက်နေကြသည်။

ရှေ့နေကြီးက သေတမ်းစာကို တစ်နာရီနီးပါးမျှ ဖတ်ပြသည်။

ထုံးစံအတိုင်း မစ္စတာလက်စတာက သူပိုင်ငွေအချို့ကို စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များနှင့် ဟားဗတ်တက္ကသိုလ်တို့သို့ လှူဒါန်းပြီးနောက် သမီးဖြစ်သူနှင့် သူ၏ ဆွေမျိုးသားချင်းများအတွက် အမွေခွဲတမ်း ချထားခဲ့ကြသည်။

ယင်းခွဲတမ်းအရ အိမ်ရာခြံမြေ ဝေစုတော်တော်များများကို သမီးဖြစ်သူ ဆူဆန်ကရရှိပြီး အကျန်ကို တူငါးယောက်နှင့် တူမသုံးယောက်တို့အား အညီအမျှစီ ခွဲဝေပေးခဲ့သည်။ သူတို့ရရှိသော ငွေကြေးနှင့် ပစ္စည်းအားလုံးကို သူတို့အသက် ၃၀ ပြည့်သည်အထိ ဘဏ်တိုက်က ခန့်ထားပေးသော ဘဏ္ဍာထိန်းအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်ထားရမည် ဖြစ်သည်။ တခြား ညီအစ်ကိုမောင်နှမဝမ်းကွဲများ၊ အဒေါ်များနှင့် ဆွေမျိုးသားချင်းများကိုမူ ခြံမြေပစ္စည်းများမပေးဘဲ ငွေကြေးများသာ အချိုးကျ ခွဲဝေပေးခဲ့သည်။

"ကွယ်လွန်သူ မစ္စတာလက်စတာရဲ့ သေတမ်းစာက မဆုံးသေးပါဘူး၊ ဆက်ဖတ်စရာ ကျန်ပါသေးတယ်"

မစ္စတာအာသာကရွမ်းဝဲက ယင်းသို့ပြောလိုက်သောအခါ အခန်းထဲရှိ ပရိသတ်အားလုံးပင် လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ ရှေ့နေကြီးက ဆက်ပြောသည်။

"အခု ကျန်နေသေးတဲ့အပိုင်းကို ကျွန်တော် ဆက်ဖတ်ပါမယ်၊ ဘဏ်တိုက်တစ်ခု၏ တိုးတက်ရာတိုးတက်ကြောင်းသည် ငွေကြေးအပေါ်တွင် မတည်ဘဲ ယင်းဘဏ်တိုက်ကို ကြီးကြပ်အုပ်ချုပ်သူနှင့် အမှုထမ်းများအပေါ်တွင် တည်နေသည်" ဟု ကျွန်ုပ်အမြဲတမ်း ခံယူထားသည်။ လက်စတာဘဏ်၏ ဥက္ကဋ္ဌရာထူးကို ကျွန်ုပ်၏သားဖြစ်သူ မက်သယူးလက်စတာက ဆက်ခံရလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ထားခဲ့သည်။ သို့သော်လည်း သူသည် ကံဆိုးစွာဖြင့် အချိန်မတန်ဘဲနှင့် အသေစောသွားသောကြောင့် ကျွန်ုပ်၏ မျှော်လင့်ချက်မှာ အချည်းနှီးဖြစ်သွားခဲ့ရသည်။ ထို့ကြောင့် ကျွန်ုပ်၏ အရင်းနှီးဆုံး မိတ်ဆွေတစ်ဦးဖြစ်သော ကွယ်လွန်သူ ရစ်ချတ်လိုဝယ်ကိန်း၏သား၊ လက်ရှိ ကိန်းနှင့် ကဘော့ဘဏ်တိုက်၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဝီလျံလိုဝယ်ကိန်းအား လာမည့် အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးတွင် လက်စတာဘဏ်နှင့် ဘဏ္ဍာထိန်းကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခန့်ထားရန် ကျွန်ုပ်က အလေးအနက် အဆိုပြုခဲ့ပါကြောင်း..."

ပရိသတ်အားလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ အားလုံးပင် ဝီလျံအပေါ်သို့ မျက်စိရောက်သွားကြသည်။

"သေတမ်းစာက မဆုံးသေးပါဘူး" မစ္စတာကရွမ်းဝဲက ထပ်မံပြောလိုက်သည်။

ပရိသတ်များ ငြိမ်သက်သွားကြသည်။ သူတို့၏ မျက်နှာတွင် အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ မနာလိုခြင်း အရိပ်လက္ခဏာများ ပေါ်လွင်နေကြသည်။

ရှေ့နေကြီးက သေတမ်းစာကို ဆက်ဖတ်သည်။

"ဤသေတမ်းစာအရ အမွေရရှိသည့် ပုဂ္ဂိုလ်အားလုံးသည် မစ္စတာဝီလျံကိန်းအား ထောက်ခံကြမှသာလျှင် အမွေကို ခံစားနိုင်ခွင့်ရှိသည်။ မစ္စတာကိန်းအနေဖြင့် ဖော်ပြပါရာထူးတွင် လုပ်ကိုင်လိုသော ဆန္ဒမရှိပါက သူ့သဘောအတိုင်း ငြင်းပယ်နိုင်ခွင့်ရှိသည်။ သို့မဟုတ်ပါက အဆိုပါရာထူးတွင် အနည်းဆုံး ငါးနှစ်တိတိ ဆက်လက်လုပ်ကိုင်သွားရမည် ဖြစ်သည်"

ပရိသတ်များထဲတဝင် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြန်သည်။ ဝီလျံက ဖြစ်နိုင်လျှင် သည်အခန်းထဲမှ ပြေးထွက်သွားလိုက်ချင်သည်။ အားလုံးက သူ့ကို မလိုလားသော မျက်လုံးများဖြင့် ဝိုင်းကြည့်နေကြသည်။

"ကွယ်လွန်သူ မစ္စတာလက်စတာရဲ့ သေတမ်းစာကို အပြည့်အစုံဖတ်လို့ ပြီးသွားပါပြီ ခင်ဗျာ"

ရှေ့နေကြီးက မစ္စတာကရွမ်းဝဲ၏အသံကို ရှေ့တန်းမှ ပုဂ္ဂိုလ်အချို့သာ ကြားလိုက်ကြရသည်။

ဝီလျံက တစ်နေရာကို လှမ်းကြည့်လိုက်သည်။ ဆူဆန်သည် သူ့ဆီသို့ လျှောက်လာနေသည်။ ဝီလျံက ပြုံးပြလိုက်သည်။ သူမက မျက်နှာလွှဲပစ်လိုက်ပြီး ဝီလျံအနားက ဖြတ်လျှောက်သွားသည်။ ဝီလျံက တော်တော်စိတ်မချမ်းမသာ ဖြစ်သွားသည်။

ပရိသတ်တွေ ရုတ်ရုတ်ရုတ်ရုတ် ဖြစ်နေသည့်ကြားမှ အရပ်ရှည်ရှည် ဆံပင်ဖြူဖြူနှင့် လူကြီးတစ်ယောက်က ဝီလျံဆီသို့ လျှောက်လာသည်။ သူသည် စင်းဖောက်ဝတ်စုံနှင့် ငွေရောင်လည်စည်းကို ဝတ်ထားသည်။

"ဝီလျံကိန်းဆိုတာ မောင်ရင်လား" သူက မေးသည်။

"ဟုတ် ဟုတ်ပါတယ်ခင်ဗျား" ဝီလျံက ကမန်းကတန်း ပြန်ဖြေလိုက်သည်။

"ကျုပ်နာမည် ပီတာပါဖစ်ပါ"

"လက်စတာဘဏ် ဒုတိယဥက္ကဋ္ဌ"

"ဟုတ်ပါတယ်၊ မောင်ရင့်ကို ကျုပ်မသိဘူး၊ ဒါပေမယ့် မောင်ရင့်အကြောင်းကိုတော့ ကြားဖူးတယ်၊ ကျုပ်က မောင်ရင့်အဖေနဲ့တော့ ရင်းနှီးတယ်၊ မစ္စတာလက်စတာက မောင်ရင့်ကို လက်စတာဘဏ်ဥက္ကဋ္ဌရွေးဖို့ အဆိုပြုခဲ့တာ လူမှန်နေရာမှန်ပါပဲ"

ခုတော့မှ ဝီလျံမှာ အတော်ကလေး နေသာထိုင်သာဖြစ်သွားသည်။

"ဒါနဲ့ အခု မောင်ရင်ဘယ်မှာ တည်းနေသလဲ"

"ဟားဗတ်ကလပ်မှာပါ"

"ကောင်းတယ်၊ ဒီတော့ ဒီနေ့ညနေစာအတွက် ကျုပ် ဖိတ်ပါရစေလား"

"ပထမတော့ ကျွန်တော် ဒီနေ့ညနေပဲ ဘော့စတွန်ပြန်မလို့ ရည်ရွယ်ထားခဲ့ပါတယ်၊ ဒါပေမယ့် ခုတော့ နောက်ထပ် နှစ်ရက် သုံးရက်လောက် ဆက်နေဦးမယ်လို့ ဆုံးဖြတ်လိုက်ပါပြီ"

"ကောင်းပါတယ်၊ ဒီည ၈ နာရီမှာ ကျုပ်အိမ်ကို ဆက်ဆက်ကြွဖြစ်အောင် ကြွပါ"

မစ္စတာပါဖစ်က ဝီလျံအား လိပ်စာကတ်ပြား ထုတ်ပေးသည်။

"ညစာစားရင်း အေးအေးဆေးဆေး စကားပြောကြတာပေါ့"

"ကောင်းပါတယ် ခင်ဗျား၊ ကျေးဇူးတင်ပါတယ်"

တခြားပုဂ္ဂိုလ်တွေက ဝီလျံအနားသို့ ဝိုင်းလာကြသည်။ အချို့က ဝမ်းသာကြောင်း ပြောကြသည်။ တချို့ကတော့ သူ့ကို မလိုတမာမျက်နှာဖြင့် ခပ်စိမ်းစိမ်း ကြည့်ကြသည်။

ကလပ်သို့ ပြန်ရောက်တော့ ဝီလျံက ကိတ်ဆီသို့ ချက်ချင်းဖုန်းဆက်သည်။

"မက်သယူးက မောင့်အတွက် သိပ်ပြီး ဝမ်းသာမှာပဲမောင်"

"ဟုတ်တယ်၊ ကိုယ်လဲ အဲဒီအတိုင်းပဲ တွေးမိတယ်"

"ဒီတော့ မောင်ဘယ်တော့ ပြန်လာမလဲ"

"ဒီနေ့ည ဒုတိယဥက္ကဋ္ဌ မစ္စတာပီတာပါဖစ်အိမ်က ညစာစား ဖိတ်ထားတယ်၊ သူက ကိုယ့်အပေါ် စေတနာထားပုံရပါတယ်၊ အဲဒီတော့ ဒီည ကလပ်မှာပဲ ပြန်အိပ်မယ်၊ မနက်ကျတော့မှ ကိုယ် ဖုန်းပြန်ဆက်ဦးမယ်"

"ကောင်းပါပြီ မောင်"

"အိမ်မှာ အားလုံးအဆင်ပြေပါတယ်နော်"

"ပြေပါတယ် မောင်၊ သမီးလေးက ဖေဖေကြီးကို သိပ်အောက်မေ့နေပြီ"

ဝီလျံက ရယ်လိုက်သည်။

"ဟုတ်ပြီလေ၊ မနက်ဖြန် ပြန်ဆက်ဦးမယ်၊ အဲဒီတော့မှ ဘယ်နေ့ပြန်ဖြစ်မယ်ဆိုတာ ပြောမယ်"

"ဂုဏ်ယူပါတယ် မောင်၊ နယူးယောက်မှာ သွားနေရမှာကိုတော့ ကျွန်မ သဘောမကျဘူး၊ ဒါပေမယ့် မစ္စတာလက်စတာရဲ့ လုပ်ဆောင်ချက်ကို ကျွန်မ သဘောတူပါတယ်"

✧ ✧ ✧

ဝီလျံသည် ညရှစ်နာရီတိတိတွင် အရှေ့ ၆၄ လမ်းမှ မစ္စတာပီတာပါဖစ်၏အိမ်သို့ ရောက်လာသည်။ အိမ်ရှင်က ထမင်းစားပွဲအတွက် ပွဲနေပွဲထိုင်ဝတ်စုံကို အကျအန ဝတ်ထားတာ တွေ့ရတော့ သူက အံ့သြနေမိသည်။ သူ့မှာတော့ အနက်ရောင် သာမန်ဝတ်စုံသာဖြစ်နေ၍ စိတ်ထဲမသိုးမသန့်ဖြစ်မိရသည်။

သူက အိမ်ရှင်မနှင့် စကားလက်ဆုံကျသွား၍ အတော်ကလေး နေသာထိုင်သာရှိသွားသည်။ ဒိုင်ယာနာပါဖစ်မှာ မစ္စတာပါဖစ်၏ ဒုတိယအိမ်ထောင်ဖြစ်ကြောင်း သိရသည်။ သူမက

ဝီလျံအတွက် ဂုဏ်ယူဝမ်းသာမိကြောင်း ပြောသည်။

ဝီလျံက ထမင်းစားနေရင်းမှ မအောင့်နိုင်တော့သဖြင့် မစ္စတာပါဖစ်အား စကားတစ်ခွန်း မေးလိုက်မိသည်။

"ဒါနဲ့ မစ္စတာလက်စတာရဲ့ အစီအစဉ်နဲ့ပတ်သက်ပြီး တခြားဘုတ်အဖွဲ့ဝင်တွေက ဘယ်လိုသဘောထားရှိကြပါသလဲ ခင်ဗျား"

"သူတို့အားလုံးက တစ်ကျိတ်တည်း တစ်ဉာဏ်တည်းတွေချည်းပါပဲ၊ ဒါပေမယ့် ကျုပ်က သူတို့အားလုံးနဲ့ စကားပြောပြီးပါပြီ၊ တနင်္လာနေ့မနက်မှာ ဘုတ်အဖွဲ့အစည်းအဝေးရှိတယ်၊ အဲဒီမှာ ခင်ဗျားရဲ့ ရာထူးကို အတည်ပြုကြလိမ့်မယ်၊ ပြဿနာကလေးတော့ နည်းနည်းရှိလိမ့်မယ် ထင်တာပဲ"

"ဘယ်လို ပြဿနာပါလဲ" ဝီလျံက သာမန်လေသံမျိုးဖြင့်ပင် မေးလိုက်သည်။

"ပြဿနာက တခြားမဟုတ်ပါဘူး၊ တခြား ဒုတိယဉက္ကဋ္ဌတစ်ယောက်ဖြစ်တဲ့ အက်ဒွပ်လီချ်ကိစ္စပါ၊ သူက မစ္စတာလက်စတာပြီးရင် သူပဲဉက္ကဋ္ဌရာထူး ဆက်ခံရလိမ့်မယ်လို့ မျှော်လင့်ထားတယ်၊ ဒါပေမယ့် အခုလို အခြေအနေကတစ်မျိုးပြောင်းသွားတော့ သူ့အနေနဲ့ အကြီးအကျယ် မခံချိ မခံသာ ဖြစ်သွားတော့တာပေါ့"

"ဒီတော့ သူက တိုက်ပွဲဆင်မယ်ဆိုပါတော့"

"ဆင်လိမ့်မယ် ထင်တာပဲ၊ ဒါပေမယ့် စိုးရိမ်စရာ မရှိပါဘူး"

"ကျွန်မတော့ ဒီလူ့ကို ကြည့်လို့မရပါဘူး" မစ္စက်ပါဖစ်က ဝင်ပြောသည်း

"သူ့နောက်ကွယ်မှာ ဒီလိုမပြောပါနဲ့ရှင်မရာ၊ မစ္စတာကိန်းက သူ့ကိစ္စသူဆုံးဖြတ်ပါလိမ့်မယ်၊ တနင်္လာနေ့ အစည်းအဝေးကတော့ မစ္စတာကိန်းကို ရွေးချယ်မှာ သေချာပါတယ်။ ဖြစ်နိုင်တာကတော့ မစ္စတာလီချ်က နုတ်ထွက်ချင် နုတ်ထွက်သွားနိုင်တယ်"

"ကျွန်တော့်ကြောင့် နုတ်ထွက်သွားရတယ်ဆိုတာမျိုးတော့ မဖြစ်စေချင်ပါဘူး"

"ဒီလိုစိတ်ထားမျိုးရှိတာ ချီးကျူးစရာပဲ၊ သို့ပေမယ့် ဘာမှ မစိုးရိမ်ပါနဲ့၊ အားလုံးအဆင်ပြေသွားမှာပါ။ အဲဒီတော့ မနက်ဖြန်မှာ ဘော့စတွန်ကို စိတ်အေးအေးထားပြီးသာ ပြန်သွားပါ၊ အခြေအနေကို ကျုပ်က ဖုန်းဆက်ပြီး အကြောင်းကြားပါ့မယ်"

"မနက်ဖြန်မနက်မှာ ကျွန်တော် ဘဏ်တိုက်ကိုလာပြီး ဘုတ်အဖွဲ့ဝင်တွေကို နှုတ်ဆက်ရင် မကောင်းဘူးလား၊ နို့မဟုတ်ရင် ကျွန်တော့်အပေါ်မှာ တစ်မျိုးမြင်သွားမှာ စိုးလို့ပါ"

"အခြေအနေအရ မလိုအပ်ဘူးထင်တယ်၊ တနင်္လာနေ့ အစည်းအဝေးပြီးသွားတဲ့အထိ ကိုယ့်ဘာသာကိုယ် ခပ်ရှင်းရှင်းပဲ နေနေပေါ့၊ ကျုပ်ပြောသလိုသာလုပ်ပါ ဝီလျံ၊ ဘော့စတွန်ကိုသာ ပြန်သွားပါ၊ တနင်္လာနေ့ နေ့လယ်ပိုင်းကျတော့ ကျုပ်က သတင်းကောင်းပို့ပါ့မယ်"

ဝီလျံက မစ္စတာပါဖစ်၏ အကြံပေးချက်ကို စိတ်မပါတပါနှင့် လက်ခံလိုက်ရသည်။

ထို့နောက်တွင် ဝီလျံနှင့်ကိတ်တို့ နယူးယောက်သို့ပြောင်းလာလျှင် အမြဲတမ်းနေမည့်

သင့်တော်သော အိမ်ခန်းတစ်ခန်း ရှာဖွေရေးကိစ္စကို ဆွေးနွေးကြသည်။ မစ္စတာပါဖစ်အနေဖြင့် ဘဏ်ကိစ္စကို တစ်ခွန်းမှမပြောသည်ကို ဝီလျံက အံ့ဩမိသည်။ သူ့ဇနီးရှိနေ၍ မပြောတာဖြစ်မည်ဟု တွေးမိသည်။

ထိုညက ဘရန်ဒီကလေး တမြမြနှင့် စကားပြောကောင်းနေကြသဖြင့် ဝီလျံမှာ ဟား ဗတ်ကလပ်သို့ သန်းခေါင်ကျော် နာရီပြန်တစ်ချက်ထိုးပြီးမှ ပြန်ရောက်သည်။

✧ ✧ ✧

ဝီလျံသည် ဘော့စတွန်သို့ ပြန်ရောက်ရောက်ချင်း နယူးယောက်မှသတင်းကို တိုနီဆိုင်မွန် အားပြောပြသည်။ တိုနီဆိုင်မွန်က မယုံကြည်နိုင်လောက်အောင် အံ့အားသင့်နေသည်။ ပြီးတော့ သူကပြောသည်။

"အခုလို မင်းက တို့နဲ့ခွဲပြီး ထွက်သွားမယ်ဆိုရင် တို့အနေနဲ့ အများကြီး စိတ်မကောင်း ဖြစ်ကြရမှာပဲ၊ လက်စတာဘဏ်ဟာ ကိန်းနှင့် ကဘော့ဘဏ်ထက် နှစ်ဆသုံးဆလောက်ကြီး တာတော့ မှန်ပါတယ်၊ ဒါပေမယ့် အဲဒီရာထူး လက်မခံခင် သေသေချာချာ ပြန်ပြီးစဉ်းစားပါဦး ဝီလျံ"

ဝီလျံကလည်း တိုနီ၏ စကားကြားရ၍ အံ့အားသင့်မိသည်။

"အမှန်အတိုင်းပြောရရင် အန်ကယ်အနေဖြင့် ဒီစကားမျိုး ပြောလိမ့်မယ်လို့ ကျွန်တော် လုံးဝမမျှော်လင့်ခဲ့ပါဘူး၊ ကျွန်တော် ဒီကထွက်သွားတာကို အကြီးအကျယ် ဝမ်းသာလိမ့်မယ်လို့ပဲ ယူဆခဲ့မိပါတယ်"

"ငါ့အနေနဲ့ ဒီဘဏ်တိုက် တိုးတက်ရာ တိုးတက်ကြောင်းကိုပဲ အမြဲတမ်း အာရုံပြုနေတယ် ဆိုတာ မင်းအသိပါပဲဝီလျံ၊ ကနေ့ အမေရိကန် စီးပွားရေးလောကမှာ မင်းဟာ အတော်ဆုံး လူငယ်တစ်ယောက်ဆိုတာ ငါသံသယမရှိ လက်ခံထားတယ်၊ အဲဒီတော့ မင်းက ဒီဘဏ်တိုက်က ထွက်သွားမယ်ဆိုရင် တို့ဘဏ်ရဲ့ အရေးပါတဲ့ ဖောက်သည်တွေလဲ မင်းနောက်ကို ကောက် ကောက်ပါအောင် လိုက်သွားကြမှာ သေချာတယ်"

"ဒါပေမယ့် ကျွန်တော့် ပိုက်ဆံတွေကိုတော့ လက်စတာဘဏ်မှာ ပြောင်းပြီး ဘယ် တော့မှ မအပ်ပါဘူး၊ ဖောက်သည်တွေလဲ ကျွန်တော့်နောက် လိုက်လာစရာ အကြောင်းမရှိပါဘူး"

"လိုက်ကြမှာပါ၊ ဒါကိုတော့ ငါ သေချာပေါက် ယုံကြည်တယ်၊ သူတို့က သူတို့စာရင်းတွေ ကို မင်းဆက်ကိုင်တာကိုပဲ သဘောကျကြလိမ့်မယ်၊ သူတို့လဲ မစ္စတာလက်စတာနဲ့ မင်းအဖေ တို့လိုဘဲ ဘဏ်လုပ်ငန်းဆိုတာ ငွေအပေါ်မှာ မတည်ဘူး၊ လူအပေါ်မှာတည်တယ်၊ ယုံကြည်မှု အပေါ်မှာ တည်တယ်ဆိုတဲ့ မူဝါဒကို လက်ကိုင်ထားကြမှာပါ"

ဝီလျံနှင့် ကိတ်တို့သည် တနင်္လာနေ့ မနက်ကို ရင်တဖိုဖိုနှင့် စောင့်မျှော်နေခဲ့ကြရသည်။ နယူးယောက်တွင် ကျင်းပနေသော လက်စတာဘဏ် အုပ်ချုပ်ရေးအဖွဲ့အစည်းအဝေး ဆုံးဖြတ် ချက်သည် သူ၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် ဆုံးဖြတ်ချက်ဖြစ်သည်။

သူသည် ထိုနေ့ နံနက်က သူ့ရုံးခန်းစားပွဲတွင် စိတ်လှုပ်ရှားစွာဖြင့် ထိုင်နေသည်။ ဟိုမှ သည်မှ တယ်လီဖုန်းတွေ ခဏခဏ လှမ်းဆက်ကြသည်။ သို့ပေမယ့် နယူးယောက်မှ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ဘာသတင်းမှ မသိရသေး။

သူသည် နေ့လယ်စာစားရန်ပင် အပြင်သို့မထွက်ဘဲ တစ်မနက်လုံး ရုံးခန်းစားပွဲတွင် ထိုင်စောင့်နေသည်။

ညနေ ခြောက်နာရီကျော်မှ မစ္စတာပါဖစ်ဆီက ဖုန်းလာသည်။

"မမျှော်လင့်တဲ့ ပြဿနာကလေးတော့ ဖြစ်ရသေးတာပဲ ဝီလျံ"

မစ္စတာပါဖစ်က အမေရိကန်လာစကားနှင့် နိဒါန်းချီလာသည်။

ဝီလျံ၏ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။

"ဒါပေမယ့် မောင်ရင့်အနေနဲ့ ဘာမှ စိုးရိမ်စရာမရှိပါဘူး၊ ကျုပ်က အခြေအနေကို ငြိမ်အောင်ထိန်းနိုင်မှာပါ၊ ဘုတ်အဖွဲ့က မောင်ရင်နဲ့အပြိုင် သူတို့စိတ်ကြိုက် ပုဂ္ဂိုလ်ကို စင်ပြိုင်တင်ပြီး အရွေးခံစေချင်တယ်၊ သူတို့က သေတမ်းစာပါ ညွှန်ကြားချက်အတိုင်း မလုပ်ပေမယ့် ဘာမှမဖြစ်နိုင်ဘူးဆိုပြီး ဥပဒေအချက်အလက်တွေနဲ့ ကိုးကားတင်ပြကြတယ်၊ အဲဒီတော့ မောင်ရင့်အနေနဲ့ ဘုတ်အဖွဲ့က တင်မယ့်ပုဂ္ဂိုလ်နဲ့ ယှဉ်ပြိုင်အရွေးခံရပါ့မလား"

"အဲဒီပုဂ္ဂိုလ်က ဘယ်သူပါလဲ ခင်ဗျား"

"အခုအထိတော့ ဘယ်သူ့ကိုမှ မရွေးရသေးဘူး၊ ဒါပေမယ့် အက်ဒွပ်လီချ်ပဲ ဖြစ်မှာ သေချာတယ်၊ တခြားလူတွေက မောင်ရင်နဲ့ အပြိုင်အရွေးခံဖို့ စိတ်ဝင်စားပုံ မပြကြပါဘူး"

"ဒီလိုဆို ကျွန်တော် နည်းနည်းပြန်စဉ်းစားချင်ပါသေးတယ်၊ ဒါနဲ့ နောက်လာမယ့် ဘုတ်အဖွဲ့အစည်းအဝေးက ဘယ်နေ့ပါလဲ ခင်ဗျာ့"

"ဒီနေ့ကစပြီး တစ်ပတ်အကြာမှာလုပ်မယ်၊ ဒါပေမယ့် မောင်ရင် ဘာမှမကြောက်ပါနဲ့၊ မောင်ရင်ပဲ အရွေးခံရမှာပါ၊ နောက်ထပ် သတင်းထူးရင် ကျုပ်ပြန်ဆက်ပါမယ်၊ စိတ်ချ လက်ချသာ စောင့်နေပါ"

"ကျွန်တော် နယူးယောက်ကို လိုက်လာဖို့ လိုပါသေးသလား"

"မလိုဘူးထင်တယ်၊ လောလောဆယ် လာစရာ အကြောင်းမရှိသေးပါဘူး၊ လာလို့လဲ အကြောင်းထူးစရာမရှိပါဘူး"

"ကျေးဇူးတင်ပါတယ် မစ္စတာပါဖစ်"

ဝီလျံက ဖုန်းကို ပြန်ချလိုက်သည်။

ထို့နောက် စာရွက်စာတမ်းများကို လက်ဆွဲသားရေအိတ်တွင်ထည့်ပြီး ရုံးခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ စိတ်ထဲတွင်လည်း များစွာ ကြည်ကြည်လင်လင်မရှိလှ။

ကားရပ်ထားသော ကွက်လပ်ရောက်တော့ တိုနီဆိုင်မွန်နှင့် ဆုံမိသည်။

"ဘယ်သွားမလို့လဲ အန်ကယ်"

"နယူးယောက်သွားမလို့၊ ဒီည ဘဏ်လုပ်ငန်းရှင်များ လစဉ် ညစာစားပွဲရှိတယ်၊ မနက်ဖြန် နေ့လယ်ပိုင်းမှ ပြန်ရောက်လိမ့်မယ်၊ အဲဒီတော့ ကိန်းနှင့် ကဘော့ ဘဏ်တိုက်ကို လက်စတာဘဏ်ဥက္ကဋ္ဌလောင်း လက်ထဲမှာ ၂၄ နာရီလောက် လွှဲအပ်ထားခဲ့ပါရစေ"

ဝီလျံက ရယ်လိုက်သည်။

"ကျွန်တော်က ဥက္ကဋ္ဌလောင်း မဟုတ်တော့ပါဘူး၊ ဥက္ကဋ္ဌဟောင်း ဖြစ်သွားပါပြီ"

ထို့နောက် နယူးယောက်မှ နောက်ဆုံးအခြေအနေကို တိုနီအား ပြောပြလိုက်သည်။ တိုနီ၏ စကားကြောင့် ဝီလျံမှာ ဒုတိယအကြိမ် အံ့အားသင့်ရပြန်သည်။

အက်ဒွပ်လိချ်အနေနဲ့ ဥက္ကဋ္ဌရာထူးမှန်းထားတာ သဘာဝကျပါတယ်၊ ဒါက စီးပွားရေးလောကရဲ့ ဖြစ်လေ့ဖြစ်ထ အစဉ်အလာတစ်ခုပါ။ သူက ဘဏ်အပေါ်မှာလဲ သစ္စာရှိတယ်၊ အဲဒီတော့ လက်စတာရဲ့ သေတမ်းစာ ညွှန်ကြားချက်ကို သူ့အနေနဲ့ တိုက်ကို တိုက်လိမ့်မယ်"

"အန်ကယ်နဲ့ သူနဲ့ တော်တော်ရင်းနှီးပါသလား"

"သိပ်မရင်းနှီးပါဘူး၊ ယေးလ်တက္ကသိုလ်တုန်းက သူက ငါ့ထက် တစ်တန်းကြီးတယ်၊ နောက်ပိုင်းတော့ ဘဏ်လုပ်ငန်းရှင်များ ညစာစားပွဲမှာ သူနဲ့ ခဏခဏတွေ့တယ်၊ မင်း ဥက္ကဋ္ဌဖြစ်လာရင်လဲ အဲဒီ ညစာစားပွဲ တက်ရလိမ့်မယ်၊ သူလဲ ဒီည ညစာစားပွဲလာလိမ့်မယ်၊ မင်းဆန္ဒရှိရင် သူ့ကို ငါစကားတစ်ခွန်း နှစ်ခွန်း တောက်ကြည့်လိုက်မယ်"

"ဟုတ်ကဲ့... တောက်ကြည့်ပါခင်ဗျာ၊ ဒါပေမယ့် အခြေအနေတော့ ကြည့်ပြီးလုပ်ပါ"

"ဒီမှာ ဝီလျံ၊ မင်းက ငါ့ကို အရာရာမှာ သတိလက်လွတ်လုပ်တတ်တယ်လို့ ပြောလာတာ ၁၀ နှစ်တောင် ပြည့်တော့မယ်"

"ခွင့်လွှတ်ပါ အန်ကယ်၊ တစ်ယောက်ရဲ့ ပြဿနာကို တစ်ယောက်က ဆုံးဖြတ်ချက်ပေးတာ ရယ်စရာတော့ တော်တော်ကောင်းတာပဲ၊ ဒါပေမယ့်... ကျွန်တော့် ပြဿနာကိုတော့ အန်ကယ်လက်ထဲပဲ ပုံအပ်ပါရစေ၊ အန်ကယ်ပြောသလို ကျွန်တော် လုပ်ပါ့မယ်"

"ကောင်းပြီ ဝီလျံ၊ ငါ ကြည့်လုပ်ပါ့မယ်၊ လီချ်က မင်းအပေါ် ဘယ်လိုမြင်သလဲဆိုတာ ငါ နှိုက်ကြည့်လိုက်မယ်၊ ပြီးတော့ မနက် ဖုန်းဆက်ပြီးပြောမယ်"

✧ ✧ ✧

ထိုနေ့ည သန်းခေါင်ကျော်ကျော်တွင် တယ်လီဖုန်းမြည်သံကြောင့် ဝီလျံ လန့်နိုးလာသည်။ သူက တယ်လီဖုန်းကောက်ကိုင်ပြီး နားထောင်လိုက်သည်။

"ငါ့ကြောင့် အိပ်ရေးပျက်သွားပြီပေါ့ ဝီလျံ"

"ဟုတ်ကဲ့... ဘယ်သူပါ့လိမ့်"

"ငါပါ၊ တိုနီဆိုင်မွန်ပါ"

ဝီလျံက ခုတင်ဘေးမှ မီးခလုတ်ဖွင့်လိုက်ပြီး စားပွဲတင်နာရီကို ကြည့်လိုက်သည်။ ၁၂ နာရီနှင့် ၁၀ မိနစ်။

"ဒါနဲ့ အန်ကယ်က မနက်ကျတော့မှ ဆက်မယ်ဆို၊ ဒါကြောင့် ကျွန်တော်လဲ စိတ်ချ လက်ချ အိပ်ပျော်နေတာ"

တိုနီက ရယ်လိုက်သည်။

"ငါပြောရမယ့် စကားကတော့ ရယ်စရာ မဟုတ်ပါဘူး၊ မင်းကို လက်စတာ ဘဏ် ဥက္ကဋ္ဌမဖြစ်အောင် ကျိတ်ပြီး စက်ပုန်းခုတ်နေတဲ့လူက အက်ဒွပ်လီချ်မဟုတ်ဘူး၊ ပီတာပါဖစ်ကိုယ် တိုင်ဖြစ်နေတယ်"

"ဘာ... ဘယ်လို... ဘယ်လို" ဝီလျံ၏ အိပ်ချင်မူးတူး မျက်လုံးတွေ ပြူးကျယ်သွားကြ သည်။

"သူက ဘုတ်အဖွဲ့ဝင်တွေကို သူ့ကို ထောက်ခံဖို့ လိုက်ပြီး စည်းရုံးနေတယ်၊ အက်ဒွပ် လီချ်ကတော့ မင်းကိုပဲ လိုလားနေတယ်၊ ဒါပေမယ့် အခုအချိန်မှာ ဘုတ်အဖွဲ့ဝင်တွေက နှစ် စိတ်ကွဲသွားကြပြီ"

"အဲဒါမှ ဒုက္ခပဲ၊ ဒါနဲ့ ပထမအချက် အန်ကယ့်ကို အများကြီး ကျေးဇူးတင်ပါတယ်၊ ဒုတိယအချက်ကတော့ ကျွန်တော် ဘာဆက်လုပ်ရမှာလဲ"

"မင်းက လက်စတာဘဏ်ရဲ့ ဥက္ကဋ္ဌဖြစ်ချင်ရင်တော့ ဘုတ်အဖွဲ့ဝင်တွေက မင်းကို ဒီလူ ဘာကြောင့် ပုန်းနေရသလဲလို့ မတွေးမိခင် သူတို့နဲ့ မျက်နှာစုံညီဆုံလိုက်တာ အကောင်းဆုံးပဲ"

"ကျွန်တော် ပုန်းနေတယ်တဲ့လား"

"ပါဖစ်က ဘုတ်အဖွဲ့ဝင်တွေကို အဲဒီအတိုင်းပဲ သတင်းလွှင့်ထားတယ်"

"သေချင်းဆိုးကြီး"

"ကိုင်း ဒီတော့ ယေးလ်ကလပ်ကိုသာ အမြန်လာခဲ့ပေတော့။ မနက်ကျတော့ မင်းနဲ့ငါနဲ့ အသေးစိတ် ဆွေးနွေးကြတာပေါ့ ဟုတ်လား"

"ကောင်းပြီ... အန်ကယ်၊ ကျွန်တော် ခုချက်ချင်း လာခဲ့ပါ့မယ်"

"မင်း ရောက်လာချိန်မှာ ငါတော့ အိပ်ပျော်နေမှာပဲ၊ ဒီတစ်ချီကျတော့ မင်းက ငါ့ကို တစ်လှည့် ပြန်နှိုးတာပေါ့ ဟုတ်လား"

ဝီလျံသည် ဖုန်းကို နေရာတွင် ပြန်ချထားလိုက်ပြီးနောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျ နေသော ကိတ်ကို ကြည့်လိုက်သည်။ သူမကတော့ လင်တော်မောင်၏ ပြဿနာသစ်တွေကို ဘာမှမသိရှာ။ သူမကို ဘယ်လိုလုပ် ပြောရပါလိမ့်။

ရုတ်တရက် အကြံရသဖြင့် ဝီလျံက စာရွက်တစ်ရွက်တွင် အကျိုးအကြောင်း ကမန်းကတန်း ကောက်ရေးပြီးတော့ အိပ်ရာဘေးမှ စားပွဲပေါ် တင်ထားလိုက်သည်။

ပြီးလျှင် အဝတ်အစားလဲ၍ လက်ဆွဲသားရေအိတ်ထဲ ထည့်စရာရှိတာတွေ ထည့်သည်။ သည်တစ်ကြိမ်တွင်တော့ ညစာစားပွဲ ဝတ်စုံကိုပါ ထည့်ဖြစ်အောင် ထည့်သည်။

ထို့နောက် နယူးယောက်သို့ ကားမောင်းပြီး ထွက်လာခဲ့သည်။

ကားလမ်းတွေက ရှင်းနေသည်။ ဒိန်းမလားကားသစ်ကလေးကလည်း ဂျက်လေယာဉ်ကျ နေသည်။ ငါးနာရီနှင့် နယူးယောက်သို့ ရောက်လာခဲ့သည်။

သူသည် သန့်ရှင်းရေး လုပ်သားများ၊ စာပို့သမားများ၊ သတင်းစာရောင်းသူများနှင့်အတူ နေထွက်ချိန်တွင် နယူးယောက်မြို့ထဲသို့ ဝင်လာခဲ့သည်။

ယေးလ်တက္ကသိုလ် ကလပ်ရောက်တော့ ခြောက်နာရီ ၁၅ မိနစ်ရှိပြီ။ သူက ပစ္စည်းတွေ နေရာချထားပြီးတော့ တိုနီဆိုင်မွန်အား မနှိုးသေးဘဲ တစ်နာရီခန့် စောင့်နေရန် ဆုံးဖြတ်လိုက်သည်။

တအောင့်လောက်ကြတော့ သူ့အခန်းတံခါးကို တစ်စုံတစ်ယောက်က တဒေါက်ဒေါက်နှင့် အဆက်မပြတ် လာခေါက်သည်။ သူက အိပ်ချင်မူးတူးဖြင့် တံခါးဆီသို့ ထသွားပြီး ဖွင့်ပေးလိုက်သည်။ တံခါးပြင်ဘက်တွင် ရပ်နေသူက တိုနီဆိုင်မွန်။

"ဂွတ်မောနင်း ဝီလျံ"

တိုနီဆိုင်မွန်သည် ဝတ်စုံကို သေသေသပ်သပ် ဝတ်ထားပြီးဖြစ်သည်။

"ကျွန်တော် မေ့ကနဲ အိပ်ပျော်သွားတယ် အန်ကယ်၊ ခဏလေး စောင့်ပါဦး၊ သိပ်မကြာပါဘူး"

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါက ဘော့စတွန်ကို ရထားအမီ အမြန်သွားရမှာ၊ မင်းက ရေချိုးပြီး အမြန်အဝတ်အစားလဲတော့၊ မင်း ရေချိုးနေတုန်း တို့ စကားပြောကြတာပေါ့"

ဝီလျံသည် ရေချိုးခန်းထဲ ဝင်လာသည်။ တံခါးကို မပိတ်ဘဲ ထားခဲ့သည်။

"ဒီတော့ မင်းရဲ့ အဓိကပြဿနာ" တိုနီ စကားစလိုက်သည်။

ဝီလျံက တံခါးမှ ခေါင်းပြူကြည့်ရင်း

"ရေသံကြောင့် အန်ကယ်ပြောတာ ဘာမှ မကြားရဘူး"

တိုနီက ရေသံရပ်သွားတော့မှ ဆက်ပြောသည်။

"အဓိကပြဿနာက ပီတာပါဖစ်ပဲ၊ သူက ဥက္ကဋ္ဌဖြစ်ချင်နေတယ်၊ လက်စတားရဲ့ သေတမ်းစာမှာ သူ့ကို ရွေးချယ်ဖို့ အဆိုပြုထားလိမ့်မယ်လို့တောင် မျှော်လင့်ထားခဲ့တာ၊ အခု သူ မျှော်လင့်သလို ဖြစ်မလာတော့ ဖြစ်သလိုလုပ်ဖို့ အကြံထုတ်တော့တယ်၊ တခြား ဘုတ်အဖွဲ့ဝင်တွေကို စည်းရုံးသိမ်းသွင်းတယ်၊ မင်းအကြောင်း မကောင်းသတင်းလွှင့်တယ်၊ အက်ဒွပ်လီချ်က အသေးစိတ် ပြောပြပါလိမ့်မယ်၊ ဒီနေ့ နေ့လယ်စာ စားချိန်မှာ အက်ဒွပ်လီချ်ကို မက်ထရိုပိုလီတန်ကလပ်မှာ သွားတွေ့ပါ၊ သူနဲ့အတူ တခြားဘုတ်အဖွဲ့ဝင် နှစ်ယောက် သုံးယောက်လဲ ပါလာလိမ့်မယ်၊ သူတို့က မင်းဘက်က လူတွေပါ၊ ဒီအတိုင်းဆို ဘုတ်အဖွဲ့ကတော့ နှစ်ခြမ်းကွဲမှာ သေချာတယ်"

"ခုနက အန်ကယ်ပြောတာ ဘာကလပ်"

"မက်ထရိုပိုလီတန်ကလပ်၊ အရှေ့ပိုင်း လမ်း ၃၀ ထဲက..."

"အဲဒီမှာ ဘာလို့ချိန်းရတာလဲ၊ ဝေါလ်စထရီလမ်းမှာဆို ပိုမကောင်းဘူးလား"

"ဝီလျံ၊ ပီတာပါ့ဖစ်နဲ့ ဆက်ဆံတဲ့အခါမှာ ပေါ့ပေါ့မယူဆပါနဲ့၊ ဒီလူက အင်မတန် လျင်တာ၊ ရင်ထဲမှာရှိတာတွေအားလုံး ဖွင့်မပြောနဲ့၊ ခေါင်းအေးအေးထားပြီးလုပ်ပါ၊ လိမ်ချိုသာ ယုံယုံကြည်ကြည်နဲ့ ဆက်ခံပါ၊ မင်း အောင်မြင်ပါလိမ့်မယ်"

ဝီလျံက ခါးမှာ ကိုယ်သုတ်ပဝါပတ်၍ ရေချိုးခန်းမှ ပြန်ထွက်လာသည်။

"စိတ်ချပါ အန်ကယ်၊ ကျွန်တော် ခေါင်းအေးအေးထားပြီး လုပ်ပါ့မယ်"

တိုနီက ပြုံးလိုက်ပြီး...

"ကဲ... ငါဘော့စတွန်ပြန်တော့မယ်၊ ဂရင်းဘူတာကြီးက ၁၀ မိနစ်အတွင်း ရထားထွက် တော့မယ်" သူက လက်ပတ်နာရီကြည့်လိုက်ပြီး "ဟာ... ခြောက်မိနစ်ပဲလိုတော့တယ်"

ထို့နောက် အိပ်ခန်းဘက်ကြည့်လိုက်ပြီး ခေတ္တစဉ်းစားနေပြီးတော့မှ

"မင်း သိထားစေချင်တာက မင်းအဖေက ပီတာပါ့ဖစ်ကို ဘယ်တော့မှ စိတ်ချခဲ့တာ မဟုတ်ဘူး၊ ဒီလူက ညက်ညက်လေးနဲ့ ကောက်ကျစ်တယ်၊ အဲဒါ ကြပ်ကြပ်သတိထားပါ" သူ က လက်ဆွဲအိတ်ကောက်ကိုင်လိုက်သည်။ ကိုင်း... ငါသွားတော့မယ် ကံကောင်းပါစေ ဝီလျံ"

"ကျွန်တော် ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူး အန်ကယ်"

"ကျေးဇူးတင်စရာ မလိုတော့ပါဘူး၊ မက်သယူးအပေါ်မှာ ငါ ဆက်ဆံခဲ့တာနဲ့ချေလိုက် ပါတော့"

အခန်းတံခါး ပြန်ပိတ်သွားသည်။

ဝီလျံက အင်္ကျီလည်စည်းတပ်ရင်း တွေးနေမိသည်။

ယခင်က သူနှင့် ပြဒါးတစ်လမ်း သံတလမ်း အမြဲတမ်းတိုက်ခိုက်နေခဲ့သော တိုနီဆိုင်မွန်။ ယခုတော့ သူ့အတွက် စိတ်ရောကိုယ်ပါ ကူညီလာသော တိုနီဆိုင်မွန်။ အင်း စိန်ကဲ ကျောက်ကဲ ထက် လူကဲခတ်ရတာ မလွယ်ပါလား။

ထို့နောက် စားသောက်ခန်းထဲသို့ ဆင်းလာခဲ့ပြီး နံနက်စာ မှာစားသည်။ စားပွဲထိုးက သူ့အား 'ဝေါလ်စထရိဂျာနယ်' သတင်းစာတစ်စောင် လာပေးသည်။

အလယ်စာမျက်နှာ တစ်နေရာတွင် သူတို့သတင်း ပါလာသည်။ ကွယ်လွန်သူ လက်စတာ၏ သေတမ်းစာကြောင့် ဘဏ်တိုက်တစ်ခုလုံး ဂယက်ရိုက်နေကြောင်း...၊ ဥက္ကဋ္ဌရွေးချယ်ရေးကိစ္စနှင့် ပတ်သက်၍ ဘုတ်အဖွဲ့ဝင်များအတွင်း သဘောထားကွဲလွဲလျက်ရှိကြောင်း။

ဝီလျံသည် သူ့အခန်းသို့ ပြန်လာခဲ့ပြီးနောက် ဘော့စတွန်သို့ ဖုန်းလှမ်းဆက်သည်။ မိနစ်အနည်းငယ် စောင့်နေပြီးတော့ တစ်ဖက်မှ အသံကြားရသည်။

"မစ္စတာကိန်း နယူးယောက် ရောက်နေမယ်ဆိုတာ ကျုပ် လုံးဝမသိဘူး၊ လက်စတာဘဏ် ဥက္ကဋ္ဌ ရာထူးအတွက် ဂုဏ်ယူပါတယ် မစ္စတာကိန်း၊ ဒီအတိုင်းဆိုရင် ကျုပ်တို့ဌာနအနေနဲ့ ရှေ့အဖို့ အများကြီး အလုပ်ဖြစ်လာနိုင်စရာ ရှိတယ်"

"ဒါကတော့ လူကြီးမင်းတို့အပေါ် တည်နေပါတယ် မစ္စတာကိုဟင်"

ထို့နောက် ဝီလျံက ဥက္ကဋ္ဌရာထူးကိစ္စနှင့် ပတ်သက်သော နောက်ဆုံးအခြေအနေကို ပြောပြလိုက်သည်။

မစ္စတာကိုဟင်က အရေးကြီးသော အချက်များကို လိုက်၍ရေးမှတ်သည်။

"မစ္စတာ လက်စတာရဲ့ သေတမ်းစာက တရားရုံးရောက်ရင် ခိုင်လုံပါဦးမလား" ဝီလျံက မေးလိုက်သည်။

"ဒါတော့ ဘယ်သူပြောနိုင်မလဲ၊ ဒါမျိုးက ကြိုပြောလို့မရဘူး၊ ၁၉ ရာစုက ပါလီမန် အမတ်တစ်ယောက်ဆိုရင် သူ့အရွေးခံခဲ့ရတဲ့ မဲဆန္ဒနယ်မြေတစ်ခုလုံးကို သေတမ်းစာနဲ့ အမွေလွှဲပေးခဲ့တယ်၊ နောက်ဆုံးတော့ အမွေဆက်ခံတဲ့လူက ဝန်ကြီးချုပ်တောင် ဖြစ်လာခဲ့တယ်၊ ဒါပေမယ့် အဲဒါက နှစ်ပေါင်းတစ်ရာကျော်က အဖြစ်ပါ၊ အင်္ဂလန်မှာ ဖြစ်ခဲ့တာ၊ အခုကိစ္စကတော့ မစ္စတာ လက်စတာရဲ့ သေတမ်းစာကို ဘုတ်အဖွဲ့က ဆန့်ကျင်ရင် ခင်ဗျားက တရားစွဲဆိုနိုင်တယ်၊ ဒါပေမယ့် တရားသူကြီးက ဘယ်လို စီရင်ချက်ချမယ်ဆိုတာတော့ ကျုပ် မပြောတတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စက အလွန်စိတ်ဝင်စားစရာကောင်းတဲ့ တရားဥပဒေဆိုင်ရာ ပဟေဠိအမှုတစ်ခု ဖြစ်လာမှာပဲ မစ္စတာကိန်း"

"အဲဒီတော့ မစ္စတာကိုဟင်က အကြံပေးပါဦး"

"ကျုပ်က ဂျူးတစ်ယောက်ပါ မစ္စတာကိန်း၊ ကျုပ်ဟာ ၂၀ ရာစုအစလောက်မှာ ဂျာမနီက သင်္ဘောစီးပြီး ဒီနိုင်ငံကို ရောက်လာခဲ့တယ်၊ အဲဒီအချိန်ကစပြီး တစ်လျှောက်လုံး ရုန်းကန်လှုပ်ရှားလာခဲ့ရတယ်၊ ဒါနဲ့ ခင်ဗျားက လက်စတာဘဏ်ရဲ့ ဥက္ကဋ္ဌ တကယ်လုပ်ချင်လို့လား"

"ဟုတ်ပါတယ်၊ တကယ်လုပ်ချင်ပါတယ်"

"ဒါဆို ဆက်လုပ်ပါ၊ **လိုချင်တာကို ရအောင်လုပ်တာဟာ လူတစ်ယောက်ရဲ့ ဘဝပါပဲ**"

✧ ✧ ✧

ဝီလျံသည် နောက် တစ်နာရီခန့်အကြာတွင် အချိန်တော်တော် ရသေးသဖြင့် ပတ်ခ်အဲဗင်းနယူးဘက်သို့ လျှောက်လာခဲ့သည်။ တစ်နေရာရောက်တော့ အဆောက်အအုံကြီးတစ်ခု ဆောက်လုပ်နေသည်ကို တွေ့ရသည်။ မြေစိုက် ဆိုင်းဘုတ်ကြီးကို ဖတ်ကြည့်လိုက်သည်။

**နယူးယောက်မြို့တော်အတွက် နယ်စားဟိုတယ်သစ်ကြီး ဆောက်လုပ်နေပါသည်။ နယ်စားဟိုတယ်များတွင် တည်းခိုဖူးသူတိုင်း ကျေနပ်နှစ်သက်ကြပါသည်။**

ဝီလျံက ပြုံးလိုက်မိသည်။ ပြီးတော့ မက်ထရိုပိုလီတန်ကလပ်ဘက်သို့ ဆက်လျှောက်လာခဲ့သည်။

အက်ဒ်ပင်ဂ ဝီလျံအား ဆင်ဝင်တွင်ရပ်၍ အသင့်စောင့်နေသည်။ သူက အရပ်ပြတ်ပြတ်နှင့် ဆံပင်က အညိုရင့်ရောင်၊ မုတ်ဆိတ်မွေးက ခပ်ရေးရေးနှင့်။

သူနှင့် ဝီလျံတို့ ဘေးချင်းယှဉ်ကာ အရက်ခန်းထဲသို့ ဝင်လာကြသည်။ ၁၈၉၄ ခုနှစ်မှစ၍ အိုတိုခန်းနှင့် စတန်ဖို့ဒ်ဝှိုက်တို့၏ 'ရီနေဆန်း' ခေတ်လက်ရာ ပုံစံကလပ်ကြီးကို ဝီလျံက တော်တော် သဘောကျမိသည်။

"ဘာ သောက်မလဲ မစ္စတာကိန်း" အက်ဒွပ်လီချ်က မေးလိုက်သည်။

"ရှယ်ရီဆိုရင် ကောင်းပါတယ်"

မကြာမီတွင် အပြာရောင်ဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ထားသော လူငယ်ကလေးတစ်ယောက်က ရှယ်ရီတစ်ခွက်နှင့် စကော့ဝီစကီတစ်ခွက် ယူလာသည်။ လူငယ်က အက်ဒွပ်လီချ် ကြိုက်တတ်သော ယမကာကို ကြိုတင်သိထားပြီးဖြစ်သည်။

"ကဲ... လက်စတာဘဏ်ဥက္ကဋ္ဌသစ်အတွက် ကံကောင်းပါစေ"

အက်ဒွပ်လီချ်က ဖန်ခွက်မြှောက်ရင်း ဆုတောင်းလိုက်သည်။

ဝီလျံက အင်တင်တင်ဖြစ်နေမိသည်။

"မသောက်တတ်ရင်လဲ မသောက်ပါနဲ့ မစ္စတာကိန်း"

ဝီလျံက ရယ်လိုက်သည်။ ပြီးတော့ ဖန်ခွက်ကို မြှောက်ပြီး တကျိုက်သောက်လိုက်သည်။

နောက် မိနစ်အနည်းငယ်ခန့်အကြာတွင် အသက်ကြီးကြီး ပုဂ္ဂိုလ်နှစ်ယောက် သူတို့စားပွဲသို့ လျှောက်လာကြသည်။ နှစ်ယောက်စလုံးပင် အရပ်ရှည်ရှည်နှင့် အနက်ရောင်ဝတ်စုံသစ်ကို အကျိုးကျကျ ဝတ်ဆားကြသည်။

"မစ္စတာ အယ်လ်ဖရက်ရောဂျားနဲ့ မစ္စတာဝင်းသရော့ဒေးဗီးပါ"

အက်ဒွပ်လီချ်က ဝီလျံအား အသစ်ရောက်လာသူများနှင့် မိတ်ဆက်ပေးသည်။

ဝီလျံက ခပ်တည်တည် အပြုံးဖြင့် နှုတ်ဆက်သည်။ သူတို့ နှစ်ယောက်က ဝီလျံအား အကဲခတ်နေကြသည်။ တော်တော်ကြာသည်အထိ စကားမပြောဖြစ်ကြ။

"ကဲ ကျုပ်တို့ ဘယ်မှာထိုင်ကြမလဲ"

မစ္စတာရောဂျားက စတင်မေးလိုက်သည်။

"နေ့လယ်စာ စားပွဲသွားကြတာပေါ့" အက်ဒွပ်လီချ်က ပြန်ပြောသည်။

ထို့နောက် သူတို့သုံးယောက်စလုံး ထိုင်ရာမှ ထလိုက်ကြသည်။ ဝီလျံကလည်း သူတို့နောက်မှ လိုက်လာခဲ့သည်။

ဒုတိယထပ်မှ စားသောက်ခန်းမှာ တော်တော်ကျယ်သည်။ ခမ်းလည်း ခမ်းနားသည်။ စားပွဲထိုးမှူးက သူတို့အား လူရှင်းသော ပြတင်းနားမှ စားပွဲတွင်နေရာချပေးသည်။ အပြင်ဘက် လှမ်းကြည့်လိုက်လျှင် စင်ထရယ်ပတ် ပန်းခြံကြီးကို စီးမိုးမြင်နေရသည်။

"ကျုပ်တို့ အစားအသောက်တွေမှာပြီးတော့ ပြောစရာရှိတာ ပြောကြတာပေါ့" မစ္စတာ အက်ဒွပ်လီချ်ကပြောသည်။

ဝီလျံက ပြတင်းပေါက်ဘက်လှည့်ကြည့်လိုက်တော့ ပလာဇာ ဟိုတယ်ကြီးကို လှမ်းမြင်ရသည်။ သူနှင့် မက်သယူး အထက်တန်းစာမေးပွဲအောင်တုန်းက သည်ဟိုတယ်ကြီးတွင် မစ္စတာလက်စတာက လက်ဖက်ရည်ပွဲဖြင့် ဂုဏ်ပြုခဲ့သည်ကို ပြန်လည်၍ သတိရမိသည်။

"ဒီတော့ ကျုပ်ကပဲ စပြောပါ့မယ်၊ မစ္စတာကိန်း သိပြီးတဲ့အတိုင်း မစ္စတာလက်စတာရဲ့

သေတမ်းစာပါ ညွှန်ကြားချက်ကြောင့် ဘုတ်အဖွဲ့ဝင်တွေထဲမှာ အတော်ကလေး ဂယက်ရိုက်သွားခဲ့တယ်၊ ဒါပေမယ့် တကယ်လို့ ဘုတ်အဖွဲ့က သူ့ဆန္ဒကို ဆန့်ကျင်ရင်လဲ ကျုပ်တို့ဘဏ်တိုက်အနေနဲ့ တော်တော့်ကို အခြေအနေ ယိုင်သွားနိုင်တယ်၊ အဲဒီလို အခြေအနေမျိုးကို ကျုပ်တို့က လုံးဝမလိုလားပါဘူး၊ မစ္စတာလက်စတာက အလွန်အမြော်အမြင်ကြီးတဲ့ ပုဂ္ဂိုလ်၊ မစ္စတာကိန်းကို ဥက္ကဋ္ဌရွေးဖို့ သူစီစဉ်သွားတာဟာ အကြောင်းရှိလို့ ဖြစ်မှာပဲ၊ ကျုပ်အနေနဲ့တော့ သူ့လုပ်ရပ်ကို သဘောတူပါတယ်"

ဝီလျံသည် သည်လိုစကားမျိုးကို မစ္စတာပီတာပါဖစ်ထံမှလည်း ကြားခဲ့ရပြီးဖြစ်သည်။

"ကျုပ်တို့ သုံးယောက်စလုံးဟာ..." မစ္စတာဝင်းရောဒေးဗီးက ဝင်ပြောသည်။ "ကျုပ်တို့ သုံးယောက်စလုံးအပေါ်မှာ မစ္စတာလက်စတာရဲ့ ကျေးဇူးတွေ အများကြီးရှိပါတယ်၊ အဲဒါကြောင့်မို့ သူ့ဆန္ဒအတိုင်း ဖြစ်မြောက်အောင်လုပ်ဖို့ ကျုပ်တို့မှာ တာဝန်ရှိပါတယ်၊ နောက်ဆုံးအလုပ်က နုတ်ထွက်သွားရချင် သွားရပါစေ၊ သူ့ဆန္ဒကိုတော့ မဆန့်ကျင်နိုင်ဘူး"

"တကယ်လို့ ပီတာပါဖစ်သာ ဥက္ကဋ္ဌဖြစ်လာမယ်ဆိုရင်တော့ အဲဒီအတိုင်းပဲ ဖြစ်ရမှာပါပဲ" မစ္စတာလီချ်က ပြောသည်။

"အခုလို ပြဿနာတွေ ပေါ်လာရတာကို ကျွန်တော် အများကြီး စိတ်မကောင်းပါဘူးခင်ဗျား၊ ကျွန်တော်လဲ အခုလို ဘဏ်တိုက်ကြီးတစ်ခုလုံးအတွက် တာဝန်ပေးအပ်ခြင်း ခံရလိမ့်မယ်လို့ လုံးဝမထင်ခဲ့ပါဘူး"

"မစ္စတာကိန်းရဲ့ အခြေအနေကို ကျုပ်တို့ နားလည်သဘောပေါက်ပါတယ်" မစ္စတာလီချ်က ပြောသည်။ "ဒါပေမယ့် စိုးရိမ်စရာ မရှိပါဘူး၊ ကျုပ်တို့ ကူညီဖို့ အဆင်သင့်ရှိပါတယ်၊ မစ္စတာကိန်းအနေနဲ့ နောက်မဆုတ်ပါနဲ့၊ လုပ်စရာရှိတာသာ ဆက်လုပ်ပါ"

"လူကြီးမင်းတို့ကို ကျွန်တော် ယုံကြည်ပါတယ်ခင်ဗျား၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာ တခြားရွေးစရာလမ်းမရှိတော့ပါဘူး၊ ဒါကြောင့်မို့ ကျွန်တော့ကိုယ် ကျွန်တော် လူကြီးမင်းများ လက်ထဲ ပုံအပ်ပါတယ်၊ ဒီပြဿနာကို ဘယ်လိုဖြေရှင်းသင့်တယ်ဆိုတာသာ ကျွန်တော့်ကို အကြံပေးကြစေချင်ပါတယ်"

"အခြေအနေက ဒီလိုရှိပါတယ်" မစ္စတာလီချ်က ဆက်ပြောသည်။ "ပီတာပါဖစ်က ကျိတ်ကြံနေတာကြာပြီ၊ သူက သူပဲနိုင်ရမယ်လို့ ကျိန်းသေပေါက် တွက်ထားတယ်၊ ဒါကြောင့်မို့ သူ့ကိုလဲထိုးမယ်ဆိုရင် ကျုပ်တို့အချင်းချင်း စည်းလုံးရမယ်၊ ပွင့်လင်းရမယ်၊ ရဲရဲရင့်ရင့် ရင်ဆိုင်ရဲရမယ်၊ မစ္စတာကိန်းအနေနဲ့ ဒီသတ္တိမျိုးရှိတယ်ဆိုတာ ကျုပ်တို့ ယုံကြည်ပါတယ်"

"ဟုတ်ပါတယ် မစ္စတာလီချ်၊ ဒါကြောင့်မို့လို့လဲ ကျွန်တော်ဒီကိုလာခဲ့တာပါ၊ အဲဒီတော့ လူကြီးမင်းများ ခွင့်ပြုမယ်ဆိုရင် သူ့ကို ဘယ်လိုအလဲထိုးမယ်ဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော့်ဆန္ဒ တင်ပြချင်ပါတယ်"

"တင်ပြပါ တင်ပြပါ" မစ္စတာလီချ်က အားတက်သရော ပြောသည်။

သုံးယောက်သား စိတ်ဝင်စားစွာ နားစွင့်နေကြသည်။

"မစ္စတာပါဖစ်က တိုက်စစ်အနေအထားရောက်နေတာကြောင့် သူ့ကိုယ်သူ အောင်ပွဲခံရမယ်လို့ ယူဆထားတာမှန်ပါတယ်၊ ပြီးတော့ သူကဘာတွေဖြစ်ပေါ်လာမယ်ဆိုတာကိုလဲ အမြဲတမ်းသိနေတယ်၊ အဲဒီတော့ အခြေအနေကို ပြောင်းပြန်လုပ်ပစ်လိုက်ပြီး ကျွန်တော်တို့က တိုက်စစ်အနေအထားရောက်လာအောင် ဖန်တီးဖို့လိုပါတယ်"

"ဘာကိုဆိုလိုတာလဲ မစ္စတာကိန်း၊ ကျုပ် သဘောမပေါက်သေးဘူး" မစ္စတာ ဝင်းသရော့ဒေးဗီးက ဖြတ်မေးလိုက်သည်။

"သဘောပေါက်လာပါလိမ့်မယ် ခင်ဗျား၊ ဒါနဲ့ ဘုတ်အဖွဲ့မှာ မဲဆန္ဒပေးနိုင်တဲ့ တင်းပြည့်အဖွဲ့ဝင် ဘယ်နှစ်ယောက် ရှိပါသလဲ"

"၁၆ ယောက်ရှိတယ်" မစ္စတာလီချ်က ဖြေသည်။

"အဲဒီ ၁၆ ယောက်အနက်က ဘယ်သူတွေက ဘယ်ဘက်ပါမယ် ထင်ပါသလဲ"

"ဒါက ဖြေဖို့မလွယ်တဲ့ မေးခွန်းပဲ" မစ္စတာဝင်းသရော့ဒေးဗီးက ပြောသည်။ သူက အင်္ကျီအိတ်ထဲမှ စာအိတ်တစ်အိတ် ထုတ်ယူလိုက်ပြီး စားပွဲပေါ်တွင် ဖြန့်ကြည့်သည်။ ပြီးတော့ ဆက်ပြောသည်။ "ကျုပ်အထင်တော့ ကျုပ်တို့ဘက်မှာ ခြောက်မဲ ကျိန်းသေပေါက်ရှိနေတယ်၊ ပီတာပါဖစ်က ငါးမဲ သေချာပေါက်ရှိတယ်၊ မစ္စတာ လက်စတာရဲ့ အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်ဖြစ်တဲ့ ရုပတ်ကော့ခ်-စမစ်ကတော့ ဒီနေ့မနက်ကျတော့မှ စိတ်တစ်မျိုးပြောင်းသွားတယ်၊ သူက မစ္စတာကိန်းကို မလိုလားဘူး၊ ပြီးတော့ ပါဖစ်ကိုလဲ မထောက်ခံချင်ဘူး၊ ဒီတော့ သူ့အနေနဲ့ ကြားနေမဲလဲ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် ပါဖစ်ကိုပဲ ထောက်ခံချင် ထောက်ခံမယ်၊ အဲဒီတော့ အခြေအနေကတော့ ခြောက်မဲ ခြောက်မဲ ပြိုင်နေဖို့ အလားအလာရှိနေတယ်"

"အဲဒီတော့ ဥက္ကဋ္ဌလောင်းနှစ်ယောက် ပယ်ပြီး နောက်ထပ်လေးမဲ ကျန်နေသေးတယ်၊ အဲဒီလူတွေရဲ့ ဆန္ဒကိုတော့ ကြာသပတေးနေ့ကျမှ ပြတ်ပြတ်သားသား သိရမှာပဲ" မစ္စတာလီချ်က ပြောသည်။

"ကြာသပတေးနေ့ ဘာဖြစ်လို့ သိရမှာလဲ" ဝီလျံက မရှင်း၍ မေးလိုက်သည်။

"အဲဒီနေ့က နောက်တစ်ကြိမ် ဘုတ်အဖွဲ့အစည်းအဝေး ကျင်းပမယ့်နေ့လေ" လီချ်က မှတ်ဆိတ်မွေး လက်နှင့်ပွတ်ရင်းမှ ပြန်ဖြေသည်။ "အဲဒီနေ့မှာ ပထမဆုံး အစည်းအဝေး အစီအစဉ်အရ ဥက္ကဋ္ဌသစ် ရွေးချယ်ရမယ်"

"ကျွန်တော့်ကို ပြောတော့ နောက်အစည်းအဝေးကလာမယ့် တနင်္လာနေ့မှ လုပ်မယ်ဆို" ဝီလျံက ပြန်မေးလိုက်သည်။

"ဘယ်သူပြောသလဲ" ဒေးဗီးက ပြန်မေးပြန်သည်။

"ပါဖစ်ကပြောတာ"

"တော်တော်ဆိုးတဲ့လူပဲ၊ အဲဒါသာကြည့်တော့...၊ ဘယ်လောက်ထိ လူကြီးလူကောင်း မပီသလိုက်သလဲလို့" လီချ်က မကျေမနပ်သံဖြင့် ပြောသည်။

"သူ့အကြောင်း ကျွန်တော် ပြည့်ပြည့်စုံစုံ သိထားပြီးပါပြီ" ဝီလျံက ပြောသည်။ "သူ

လုပ်ချင်သလို လုပ်ပါစေ၊ သူ့ကို ကျွန်တော် အပြတ်တိုက်နိုင်မှာ သေချာပါတယ်"

"အပြောလွယ်ပေမယ့် အလုပ်က မလွယ်ဘူး မစ္စတာကင်န်း၊ ဒီလူက လူလည်၊ သိပ်ပြီး ခြေပုန်းခုတ်တဲ့လူ၊ ကျုပ်တော့ ဒီလူ့ခြေလှမ်းကို အထင်မသေးဘူး" ဝင်းသရော့ဒေးဗီးက သတိပေးသည်။

"မပူပါနဲ့၊ မီးနီသာ ပြလိုက်ပါတော့၊ ဒါနဲ့ စည်းအဝေး ခေါ်နိုင်တဲ့ အာဏာက ဘယ်သူ့မှာ ရှိသလဲ" ဝီလျံက မေးသည်။

"ဥက္ကဋ္ဌမရှိတဲ့အချိန်မှာ ဒုတိယဥက္ကဋ္ဌနှစ်ယောက်စလုံးမှာ အာဏာရှိတယ်၊ ပီတာဖြစ်ဖြစ်၊ ကျုပ်ဖြစ်ဖြစ် ခေါ်နိုင်တယ်" လီချ်က ပြောသည်။

"ဒါဖြင့် ဘယ်နှစ်ယောက်တက်ရင် အစည်းအဝေး ထမြောက်သလဲ"

"ကိုးယောက်"

"ပြီးတော့ ကုမ္ပဏီအတွင်းရေးမှူးက ဘယ်သူလဲ"

"အတွင်းရေးမှူးကကျုပ်ပါ" တစ်ချိန်လုံး စကားမပြောဘဲ နားထောင်နေသော အယ်လ်ဖရက်ရောဂျားက ပြန်ပြောသည်။

ဒါ အတွင်းရေးမှူးကောင်းတစ်ယောက်၏ အရည်အချင်းပဲ ဟု ဝီလျံက တွေးလိုက်သည်။

"အစည်းအဝေး ဖိတ်စာကို ဘယ်နှစ်ရက်ကြိုတင်ပြီး ပို့ရပါသလဲ မစ္စတာရောဂျား"

"အနည်းဆုံး ၂၄ နာရီ ကြိုတင်ပြီး ပို့ရပါတယ်၊ ဒါပေမယ့် ဒီအဖြစ်မျိုးက ၁၉၂၉ ခုနှစ် စီးပွားရေးအကျပ်အတည်းကာလမှာသာ ကြုံခဲ့ရတာပါ၊ မစ္စတာလက်စတာ လက်ထက်ကတော့ အနည်းဆုံး သုံးရက်ကြိုပြီး ပို့လေ့ရှိပါတယ်"

"ဒါပေမယ့် အရေးပေါ် အစည်းအဝေးပြုလုပ်ဖို့ လိုအပ်လာရင် ၂၄ နာရီ ကြိုတင်ပြီး အကြောင်းကြားရမယ်လို့ ဘဏ်စည်းမျဉ်းဥပဒေမှာ ခွင့်ပြုထားပါတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ခွင့်ပြုထားပါတယ်"

မစ္စတာ ရောဂျားက ဝီလျံ၏ မျက်နှာကို စိုက်ကြည့်နေသည်။

"ဒါဆို အတော်ပဲပေါ့၊ ဒါဖြင့် ကျွန်တော်တို့ ဘုတ်အဖွဲ့ အစည်းအဝေးကိုလဲ အဲဒီစည်းကမ်းအတိုင်းပဲ လုပ်ကြတာပေါ့"

ဘဏ်လူကြီးသုံးယောက်စလုံး ဝီလျံ၏စကားကို မကြားလိုက်သလို ကြောင်ပြီး ကြည့်နေကြသည်။

"လူကြီးမင်းများ ခင်ဗျား၊ ဒီကိစ္စဖြစ်အောင် လုပ်ကြပါ" ဝီလျံက ဆက်ပြောသည်။ "မစ္စတာလီချ်က ဒုတိယဥက္ကဋ္ဌအနေနဲ့ ဘုတ်အဖွဲ့အစည်းအဝေးခေါ်ပါ၊ မစ္စတာရောဂျားက ကုမ္ပဏီအတွင်းရေးမှူးအနေနဲ့ အဖွဲ့ဝင်အားလုံးဆီကို စည်းကမ်းအတိုင်း ဖိတ်စာတွေ ပို့ပါ"

"အစည်းအဝေးကို ဘယ်နေ့လုပ်မယ် ရည်ရွယ်သလဲ"

မစ္စတာအက်ဒွပ်လီ(ချ်)က မေးသည်။

"မနက်ဖြန် နေ့လယ်ပိုင်းလုပ်မယ်" ဝီလျံက လက်ပတ်နာရီကို ငုံ့ကြည့်လိုက်ပြီး "သုံးနာရီတိတိလုပ်ပါ"

"ဘုရားရေ ဒါဆိုရင် အားလုံး ကမန်းကတန်း ဖြစ်ကုန်တော့မှာပဲ" မစ္စတာရောဂျားက ညည်းလိုက်သည်။

"မစ္စတာပါဖစ်အတွက် ကမန်းကတန်းဖြစ်မှာကို ပြောတာလား"

"ဟုတ်ပါတယ်၊ ကျုပ်တို့က ဘာအစီအစဉ်ကမှ မဆွဲရသေးတာ"

အက်ဒွပ်လီချ်က တွေးပူနေသည်။

"ကိစ္စမရှိပါဘူး၊ အဲဒီကိစ္စ ကျွန်တော့်တာဝန်ထားပါ၊ လူကြီးမင်းတို့က သက်ဆိုင်သူ ပုဂ္ဂိုလ်အားလုံးဆီကို စည်းကမ်းအတိုင်း ဖိတ်စာရောက်အောင်သာ ပို့လိုက်ပါ"

"အဲဒါဆိုရင် ပီတာပါ့ဖစ်က ဘယ်လို တန်ပြန်ထိုးနှက်လာမလဲ မသိဘူး"

"သူ့အတွက် မစိုးရိမ်ပါနဲ့၊ ဒါပေမယ့် ဖိတ်စာကိုတော့ သူ့ဆီကို နောက်ဆုံးမှပို့ပါ၊ ကျွန်တော်တို့က သူ့ကို ဘာမှ ကြောက်နေစရာမလိုပါဘူး၊ သူ့အနေနဲ့ တန်ပြန်တိုက်ခိုက်ဖို့ အချိန်မပေးလေ ကောင်းလေပါပဲ၊ ကျွန်တော် တစ်ခု တောင်းပန်ချင်တာကတော့ မနက်ဖြန် အစည်းအဝေးမှာ ကျွန်တော် ဘာစကားပဲပြောပြော ဘယ်လိုမှ မအံ့သြကြစေချင်ပါဘူး၊ ကျွန်တော့် ဆုံးဖြတ်ချက်ကို စိတ်ချပါ၊ ကျွန်တော့်ဘက်က ထောက်ခံကြပါ"

"မစ္စတာကိန်း ဘာပြောမယ်ဆိုတာ ကျုပ်တို့ ကြိုသိထားရရင် ပိုကောင်းလိမ့်မယ် ထင်တယ်"

"မလိုပါဘူး မစ္စတာလီချ်၊ ဒီအတွက် ဘာမှ ပူမနေပါနဲ့၊ လူကြီးမင်းအနေနဲ့ ကိုယ့်တာဝန်ကိုယ် လုပ်ကိုင်သွားဖို့ကိုသာ ဂရုစိုက်ပါ"

ကွယ်လွန်သူ မစ္စတာလက်စတာက ဝီလျံကိန်းအား လက်စတာဘဏ်ဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်ရန် ဘာကြောင့် သေတမ်းစာဖြင့် အဆိုပြုသွားကြောင်းကို သည်ဆွေးနွေးပွဲတွင်ပင် အက်ဒွပ်လီချ်နှင့် သူ၏လုပ်ဖော်ကိုင်ဖက်နှစ်ယောက်တို့က ကောင်းစွာ သဘောပေါက်သွားကြလေသည်။

သူတို့အနေဖြင့် မနက်ဖြန် ဘုတ်အဖွဲ့ အစည်းအဝေးတွင် ဘာတွေဖြစ်ပျက်လာဦးမည်ကို အတိအကျ မသိနိုင်သေးသော်လည်း ယခင်ထက်တော့ ယုံကြည်ချက်ပိုရှိလာကြသည်။

သို့ဖြင့် သူတို့လေးယောက်သည် ပြုံးပြုံးရွှင်ရွှင်နှင့် လူစုခွဲလိုက်ကြသည်။

ဝီလျံအဖို့တော့ ရှေ့နေကြီး သောမတ်ကိုဟင်၏ သြဝါဒကိုလိုက်နာပြီး ပြဿနာ၏ ပထမပိုင်းကို အောင်မြင်စွာဖြေရှင်းလိုက်ပြီးဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမိသည်။ တစ်ချိန်တည်းတွင် အခက်ဆုံးဖြစ်သော နောက်ဆုံးပိုင်းကို ဖြေရှင်းရန်အတွက်လည်း လေးလေးနက်နက် အကြံထုတ်လျက်ရှိသည်။

သူသည် ထိုနေ့ညနေပိုင်းကို ယေးလ်ကလပ်တွင်ပင် ကုန်လွန်စေပြီး အိပ်ရာဝင်ခါနီးကျတော့ ကိတ်ထံသို့ ဖုန်းလှမ်းဆက်သည်။

"အခု မောင်ဘယ်ကဆက်နေတာလဲဟင်၊ ကျွန်မ မသိဘဲ ညဥ့်နက်သန်းခေါင်ကြီးတောင် ထွက်သွားရတဲ့လား မောင်ရယ်"

"မပူပါနဲ့... အချစ်ရယ်၊ ကိုယ် အခု နယူးယောက်က ချစ်သူကလေးဆီကို လှမ်းဆက်တာလေ"

"အင်း တော်တော် သနားစရာကောင်းတဲ့ အဖြစ်ပါလား၊ ဒါနဲ့ မစ္စတာပါဖစ်အကြောင်း သူတို့က ဘယ်လိုပြောသလဲ မောင်"

"အဲဒီအကြောင်း ဘာမှ မပြောဖြစ်သေးဘူး၊ တခြားအရေးပေါ်ကိစ္စတွေ လုပ်နေရလို့၊ ကဲ ဒီတော့ အချစ်ကကော ဘယ်လိုအကြံပေးမလဲ"

"အလားတူ အခြေအနေမျိုးမှာ ချားလ်လက်စတာနဲ့ မောင့်ဖေဖေတို့ မလုပ်ခဲ့တဲ့ အလုပ်မျိုးကို ဘယ်တော့မှ မလုပ်ပါနဲ့"

"အခုအချိန်မှာ သူတို့နှစ်ယောက်က နတ်ပြည်မှာ ဂေါက်သီးရိုက်နေကြရင်းက ကိုယ့်အခြေအနေကို မျက်ချည်မပြတ် စောင့်ကြည့်နေကြမှာပါ"

"ဟုတ်ပါတယ်... မောင်၊ မောင့်ကို သူတို့နှစ်ယောက်က မြဲတမ်း စောင့်ရှောက်နေပါတယ်ဆိုတာ မောင် သတိရနေမယ်ဆိုရင် ဘာပဲလုပ်လုပ် မောင့်အနေနဲ့ မမှားနိုင်ပါဘူး"

"ကျေးဇူးပဲ... ဒါလင်၊ ဂွတ်နိုက်"

✧ ✧ ✧

နောက်တစ်နေ့နံနက် အရုဏ်တက်တွင် ဝီလျံအိပ်ရာမှ နိုးလာသည်။ ခြောက်နာရီကျော်ကျော်ကလေးတွင် အိပ်ရာမှထပြီး ရေအေးအေးကို တစ်ဝကြီး ချိုးပစ်လိုက်သည်။ ပြီးတော့ ဦးနှောက်ကြည်လင်သွားရန်အတွက် စင်ထရယ်ပတ် ပန်းခြံဘက်သို့ လမ်းလျှောက်ထွက်သည်။ နံနက်စာစားချိန်တွင် ယေးကလပ်သို့ ပြန်ရောက်လာသည်။

ကလပ်ထဲဝင်လာတော့ ဧည့်ခန်းစာရေးမက တယ်လီဖုန်းမက်ဆိတ်ချ်တစ်ခု ပေးသည်။ သူ့ဇနီးထံမှဖြစ်သည်။ "သားကြီးနဲ့ သမီးငယ်တို့က ဖေဖေကြီးကိုပဲ တမျှော်တည်း မျှော်နေကြတယ် မောင်၊ ဒါနဲ့ သားကြီးက သူ့အတွက် ဘေ့စ်ဘောလက်အိတ်တစ်စုံ ဖြစ်အောင် ဝယ်လာခဲ့ပါတဲ့၊ မမေ့ပါနဲ့နော်" ဟူသော စာကြောင်းကိုဖတ်ပြီး ဝီလျံက ရယ်လိုက်မိသည်။

ထို့နောက် 'ဝေါလ်စထရိဂျာနယ်' သတင်းစာကို ကောက်ဖတ်သည်။ ဥက္ကဋ္ဌနေရာအတွက် လက်စတာဘဏ်တိုက် ဘုတ်အဖွဲ့ဝင်များ မှအိပ်မနေ စက်ပုန်းခုတ်နေကြကြောင်း ပုံကြီးချဲ့ပြီး သတင်းရေးထားသည်။ သို့သော် ကြာသပတေးနေ့ အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌမစ္စတာ ဖီတာပါဖစ်က ဥက္ကဋ္ဌဖြစ်လာဖို့ အလားအလာ အများကြီး ရှိနေသည်ဟုလည်း ဆိုသည်။

ကြည့်ကြသေးတာပေါ့၊ မနက်ဖြန် သတင်းစာတွေမှာ အဖြေပေါ်လာပါလိမ့်မယ်ဟု ဝီလျံက ကြိမ်းဝါးလိုက်မိသည်။

သူသည် မနက်ပိုင်းတွင် လက်စတာဘဏ်တိုက်၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများကို အသေးစိတ် လေ့လာမှတ်သားသည်။ ပြီးတော့ နေ့လယ်စာပင် မစားတော့ဘဲ ကုန်တိုက်သို့ သွားပြီး သားကြီး ရစ်ချတ်အတွက် ဘော့စ်ဘောလက်အိတ်တစ်စုံ သွားဝယ်သည်။

မွန်းလွဲ ၂း၃၀ နာရီကျတော့ တက္ကစီတစ်စီးငှားပြီး ဝေါလ်စထရီလမ်းမှ ဘဏ်တိုက်သို့ ထွက်လာခဲ့သည်။ ၃ နာရီမထိုးခင်ကလေးတွင် ရောက်လာသည်။

တံခါးစောင့်လူငယ်က "ဘယ်သူနဲ့ ချိန်းထားပါသလဲခင်ဗျား" ဟု ဆီးမေးသည်။

"ကျွန်တော် ဝီလျံကိန်းပါ"

"အို... ဟုတ်ကဲ့ခင်ဗျား။ အစည်းအဝေးခန်း ကြွပါခင်ဗျား"

ဘုရားရေ... အစည်းအဝေးခန်း ဘယ်မှာနေမှန်းတောင် မသိပါလားဟု ဝီလျံကတွေးမိပြီး ခပ်ကြောင်ကြောင်ဖြစ်နေမိသည်။

တံခါးစောင့်လူငယ်က သူ့အခြေအနေကို အကဲခတ်မိပြီး

"ဘယ်ဘက်က စင်္ကြံအတိုင်းသွားပါခင်ဗျား၊ ပြီးတော့ လက်ယာဘက်ချိုးပြီး ဒုတိယ ထပ် တက်သွားပါ"

"ကျေးဇူးတင်ပါတယ်"

ဝီလျံက စင်္ကြံဆောင်အတိုင်း ခပ်တည်တည်ဖြင့် လျှောက်လာခဲ့သည်။ သို့သော် သူ့ ရင်ထဲတွင်တော့ တဒိတ်ဒိတ်ခုန်နေသည်။ စည်းဝေးခန်း တံခါးဝရောက်တော့ တိုင်ကပ်နာရီကြီး၏ ၃ နာရီတိတိထိုးသည်။

အခန်းဝတွင် မစ္စတာအက်ဒ်ပ်လီချ်က ရပ်စောင့်နေသည်။

"ပြဿနာတော့ တက်လိမ့်မယ် မစ္စတာကိန်း"၊ သူက တိုးတိုးပြောသည်။

"ကောင်းပါတယ်၊ အဲဒီလိုဖြစ်မှ မစ္စတာလက်စတာက သဘောကျတာ၊ ကျွန်တော်တို့ က အခြေအနေအရ ဆက်လုပ်ကြတာပေါ့" ဝီလျံကလည်း တိုးတိုးပြန်ပြောလိုက်သည်။

ဝီလျံသည် ခမ်းနားသပ်ရပ်သော ဝက်သစ်ချသားကာ ခန်းမကျယ်ကြီးထဲသို့ လျှောက်ဝင် လာသည်။ အစည်းအဝေးသို့ လူစုံတက်ရောက်မရောက် အထူးတလည် ရေတွက်နေစရာမလို။ သည်လို အစည်းအဝေးမျိုးကို ဘယ်ဘုတ်အဖွဲ့ဝင်မှ မပျက်ကွက်ရဲဆိုသည်ကို သူက ကြိုတွက် ထားပြီးဖြစ်သည်။

ဝီလျံ ဝင်လာတော့ စကားပြောရပ်သွားကြသည်။ အားလုံးပင် မတ်တတ်ရပ်ပြီး ငြိမ် သက်စွာဖြင့် ဝီလျံကို အကဲခတ်နေကြသည်။ ဝီလျံက ရည်လျားသော မဟော်ဂနီစားပွဲထိပ်မှဥက္ကဋ္ဌ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီးနောက်

"ကဲ... လူကြီးမင်းများ ခင်ဗျား... အားလုံး ထိုင်ကြပါ"

အက်ဒ်ပ်လီချ်နှင့် အချို့လူကြီးများ ချက်ချင်းပင် ဝင်ထိုင်ကြသည်။ တချို့ကတော့ ဇဝေ ဇဝါနှင့် မတ်တတ်ရပ်နေဆဲပင်။ အခန်းထဲတွင် တီးတိုးစကားသံများ ပေါ်ထွက်လာသည်။

ဝီလျံမသိသော ဘုတ်အဖွဲ့ဝင် လူကြီးနှစ်ယောက်က စကားပြောရန် မတ်တတ်ရပ်လိုက်ကြသည်။ ဝီလျံက သူတို့ပါးစပ်မဟနိုင်မီ ဖြတ်ပြောလိုက်သည်။

"လူကြီးမင်းများ သဘောတူမယ်ဆိုရင် ဘယ်သူမှ မပြောခင် ကျွန်တော်ကပဲ အဖွင့်မိန့်ခွန်း ပြောပါရစေ၊ ပြီးတော့မှ ရှေ့ဆက်ပြီး လုပ်သင့်တာ လုပ်နိုင်ကြပါတယ်၊ ဒီအစီအစဉ်ဟာ ကွယ်လွန်သူ မစ္စတာလက်စတာရဲ့ ဆန္ဒအတိုင်း ကျင့်သုံးရာလဲ ရောက်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"

စောစောက ထရပ်သော ပုဂ္ဂိုလ်နှစ်ယောက် ပြန်ထိုင်သွားကြသည်။

"ကျေးဇူးတင်ပါတယ်' လူကြီးမင်းများခင်ဗျား၊ ခုအချိန်ကစပြီး အစည်းအဝေး စတင်ဖွင့်လှစ်ပါပြီ၊ အခု ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်တွေအားလုံးကို ကျွန်တော် ပဏာမအနေနဲ့ အစီရင်ခံချင်တာကတော့ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာလူကြီးအများစု သဘောမတူဘူးဆိုရင်" သူက စကားကို ခဏရပ်ထားလိုက်ပြီးတော့မှ "ကျွန်တော့်အနေနဲ့ လက်စတာဘဏ်ရဲ့ ဥက္ကဋ္ဌရာထူးမှာ လုံးဝမလုပ်ချင်ပါဘူးဆိုတဲ့ အချက်ပါပဲ"

တစ်ခန်းလုံး ဝီလျံဆီကို မျက်စိရောက်သွားကြသည်။

"လူကြီးမင်းများခင်ဗျား၊ ကျွန်တော်ဟာ လက်ရှိရာထူးအားဖြင့် ကိန်းနှင့် ကဘော့ဘဏ်ရဲ့ ဒုတိယဥက္ကဋ္ဌဖြစ်တယ်ဆိုတာ လူကြီးမင်းများလဲ အားလုံး သိကြပါတယ်၊ ကျွန်တော့်အနေနဲ့ အစုရှယ်ယာ ၅၁ ရာခိုင်နှုန်းကိုလဲ ပိုင်ဆိုင်ထားပါတယ်၊ ကိန်းနှင့် ကဘော့ဘဏ်တိုက်ကို လက်မွန်မဆွ စတင်တည်ထောင်ခဲ့သူဟာ ကျွန်တော့်ဖေဖေရဲ့ဖခင်၊ ကျွန်တော့်အဘိုးဖြစ်ပါတယ်၊ လက်စတာဘဏ်နဲ့ လုပ်ငန်း ပမာဏချင်း မယှဉ်သာပေမယ့် ဂုဏ်သိက္ခာမှာတော့ သူမသာ ကိုယ်မသာ ရှိလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်၊ ဒါကြောင့်မို့ မစ္စတာလက်စတာရဲ့ ဆန္ဒကို လိုက်လျောပြီး လက်စတာဘဏ်ရဲ့ ဥက္ကဋ္ဌသစ်အဖြစ်နဲ့ ကျွန်တော် ဘော့စတွန်ကို စွန့်ခွာပြီး နယူးယောက်ကို ပြောင်းလာရမယ်ဆိုရင်ဖြင့် ကျွန်တော့်အနေနဲ့ရော၊ ကျွန်တော့် မိသားစုအနေနဲ့ရော သိပ်ပြီး ဝမ်းသာစရာအဖြစ်မျိုးတော့ မဟုတ်ပါဘူးဆိုတာ ကျွန်တော် ဟန်မဆောင်ဘဲ အမှန်အတိုင်းပဲ ပြောလိုပါတယ်။

"ဒါပေမယ့် မစ္စတာလက်စတာလို နာမည်ကျော်ပုဂ္ဂိုလ်ကြီးတစ်ယောက်က ဆုံးဖြတ်ချက် တစ်ခုကို ပေါ့ပေါ့တန်တန် ဘယ်တော့မှ မချရဘူးလို့ ခံယူမိတဲ့အတွက် သူ့ဆန္ဒကို မလွှဲမရှောင်သာပဲ ကျွန်တော့်အနေနဲ့ သဘောတူလိုက်ရခြင်းဖြစ်ပါတယ်။ တစ်ဆက်တည်းပဲ ကျွန်တော်ပြောချင်တာတစ်ခုကတော့ မစ္စတာလက်စတာရဲ့ တစ်ဦးတည်းသောသားဖြစ်တဲ့ ကွယ်လွယ်သွားရှာသူ မက်သယူးလက်စတာဟာ ကျွန်တော့်ရဲ့ အရင်းနှီးဆုံး ကျောင်းနေဘက် မိတ်ဆွေတစ်ယောက်ဖြစ်ခဲ့ပါတယ်၊ ကျွန်တော်တို့ဟာ ၁၅ နှစ်တိုင်တိုင် ပေါင်းသင်းလာခဲ့ကြတဲ့ မိတ်ဆွေရင်းတွေ ဖြစ်ကြပါတယ်၊ ဒါကြောင့်မို့လို့ ဒီနေ့ ဒီအစည်းအဝေးမှာ မက်သယူးသာလျှင် လူကြီးမင်းတို့ရဲ့ ဥက္ကဋ္ဌလောင်းအဖြစ်နဲ့ အဖွင့်စကားပြောရမယ့်အစား ကျွန်တော်က ပြောနေရတာကိုတော့ ကျွန်တော့်အနေနဲ့ ဝမ်းနည်းလို့ မဆုံးဖြစ်မိရပါတယ် ခင်ဗျား"

အချို့ ဒါရိုက်တာလူကြီးများက ခေါင်းညိတ်ကြသည်။

"လူကြီးမင်းများခင်ဗျား၊ ဒီနေ့ အစည်းအဝေးပွဲမှာ လူကြီးမင်းများကသာ ကျွန်တော့်ကို ထောက်ခံကြမယ်ဆိုရင်... ကျွန်တော့်အနေနဲ့ ဘော့စတွန်မှာ ရှိတာတွေအားလုံးကို စွန့်လွှတ်ပြီး လူကြီးမင်းများကို အလုပ်အကျွေးပြုဖို့အတွက် နယူးယောက်ကို ပြောင်းလာပါ့မယ်ဆိုတာ အလေးအနက် ကတိပြုပါတယ်ခင်ဗျား...။

"ဒီနေရာမှာ ကျွန်တော့်ရဲ့ ဘဏ်လုပ်ငန်း အတွေ့အကြုံ ဘယ်လောက်ရှိခဲ့ပါတယ်ဆိုတာ လူကြီးမင်းများကို ပြောပြနေစရာ မလိုပါဘူး၊ ဒါပေမယ့် မစ္စတာလက်စတာက ကျွန်တော့်ကိုမှ ရွေးပြီး ဘာကြောင့် ဆန္ဒပေးခဲ့ရသလဲဆိုတဲ့ မေးခွန်းရဲ့အဖြေကို မစ္စတာလက်စတာရဲ့ သေတမ်းစာကို ဖတ်ကြည့်ပြီးတဲ့ လူကြီးမင်းတို့အားလုံးပဲ ရှာကြည့်ပြီးဖြစ်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ အမှန်အတိုင်း ပြောရရင် ကျွန်တော်တို့ရဲ့ ဘဏ်ဥက္ကဋ္ဌကြီး တိုနီဆိုင်မွန်က ကျွန်တော် ဒီကိုလာမှာကို လုံးဝသဘောမတူပါဘူး၊ သူက ကျွန်တော့်ကို ကိန်းနှင့် ကဲဘော့ဘဏ်မှာပဲ ဆက်နေစေချင်ပါတယ်။

"မနေ့ကသာ မစ္စတာပီတာပါဖစ်က ကျွန်တော့်ဆီကို ဖုန်းဆက်ခဲ့ရင် ကျွန်တော့် သဘောထားကို သူ့ကိုပြောပြဖို့ ရည်ရွယ်ခဲ့ပါတယ်၊ မစ္စတာပါဖစ်နဲ့ ဇနီးတို့က လွန်ခဲ့တဲ့ သောကြာနေ့ ညနေက ကျွန်တော့်ကို သူတို့အိမ် ဖိတ်ခေါ်ပြီး ညစာ ကျွေးခဲ့ပါတယ်၊ အဲဒီအတွက် ကျွန်တော် အများကြီး ကျေးဇူးတင်ကြောင်း ဒီနေရာမှာ ထပ်မံပြောကြားလိုပါတယ်၊ အဲဒီ ထမင်းစားပွဲမှာ သူ အနေနဲ့ ဘဏ်ဥက္ကဋ္ဌရာထူးကို လုံးဝစိတ်မဝင်စားပါဘူးလို့ မစ္စတာပါဖစ်က ကျွန်တော့်ကို ပြောခဲ့ပါတယ်၊ ကျွန်တော်နဲ့အပြိုင် အရွေးခံရမယ်လူက သူ့အထင်ကိုပြောရရင် တခြားဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်တဲ့ မစ္စတာအက်ဒွပ်လီချ် ဖြစ်နိုင်တယ်လို့ သူကပြောခဲ့ပါတယ်။

"မစ္စတာလီချ်နဲ့ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးပါပြီ၊ မစ္စတာလီချ်က ဥက္ကဋ္ဌရာထူးကို စိတ်မဝင်စားပါဘူး၊ သူ့အနေနဲ့ ကျွန်တော့်ကို ထောက်ခံဖို့ အဆင်သင့်ပါလို့ ဖွင့်ဟပြောဆိုခဲ့ပါတယ်၊ ဒါကြောင့်မို့ ဒုတိယဥက္ကဋ္ဌနှစ်ယောက်စလုံးက ကျွန်တော့်ကို ထောက်ခံဖို့အဆင်သင့်ရှိနေကြတယ်လို့ ကျွန်တော် သဘောပေါက်ခဲ့ပါတယ်၊ ဒါပေမယ့် ဒီနေ့မနက် 'ဝေါလ်စထရီဂျာနယ်' ရဲ့ ကြိုတင်ခန့်မှန်းချက်အတိုင်း မမှန်ပါဘူးဆိုတာကို သက်သေပြရမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်၊ အမှန်က 'ဝေါစထရီဂျာနယ်' ကို ကျွန်တော် ရှစ်နှစ်သားအရွယ်ကတည်းက ဖတ်လာခဲ့ပါတယ်၊ အဲဒီကတည်းက သူတို့ ခန့်မှန်းချက်ကို ကျွန်တော် လုံးဝ အယုံအကြည်မရှိခဲ့ပါဘူး" (အချို့ ပုဂ္ဂိုလ်များ မပွင့်တပွင့် ရယ်ကြသည်။) "ဒီအစည်းအဝေးကို မစ္စတာလီချ်က ခေါ်ယူတာဖြစ်ပါတယ်၊ အဲဒီတော့ မစ္စတာလီချ် ခင်ဗျား၊ ကွယ်လွန်သူ မစ္စတာလက်စတာရဲ့ဆန္ဒအတိုင်း လက်စတာဘဏ်ဥက္ကဋ္ဌသစ် ရာထူးအတွက် မစ္စလီချ်အနေနဲ့ ကျွန်တော့်ကိုပဲ ထောက်ခံမှာပါလားခင်ဗျား"

ခေါင်းငုံ့နေသော မစ္စတာလီချ်ဘက်သို့ ဝီလျံက လှမ်းကြည့်လိုက်သည်။ မစ္စတာလီချ်ဆီသို့ မျက်လုံးတွေအားလုံး ရောက်သွားကြသည်။

မစ္စတာလီချ်က ခေါင်းကို ဖြည်းဖြည်းပြန်မော့ပြီး ပြောလိုက်သည်။

"မစ္စတာကိန်းကို ကျုပ် ထောက်ခံပါတယ်"

ထို့နောက် ဝီလျံက မစ္စတာပါဖစ်ဘက်သို့ လှည့်လိုက်သည်။ ယခုအကြိမ်သည် သူ့မျက်နှာကို ပထမဆုံးအကြိမ် စေ့စေ့ကြည့်ခြင်းဖြစ်သည်။ မစ္စတာပါဖစ်သည် ဇောချွေးပြန်နေပြီ။ သူက စားပွဲပေါ်မှ အဝါရောင် စာရေးစက္ကူကတ်ကို စိုက်ကြည့်ပြီး ပြန်ပြောလိုက်သည်။

"အခြေအနေက ဒီလိုပါ၊ ဒါရိုက်တာလူကြီးတချို့က ကျုပ်ကို ယှဉ်ပြိုင်အရွေးခံဖို့"

သူ့စကားမဆုံးမီ ဝီလျံက ဖြတ်ပြီး

"ဒီတော့ လူကြီးမင်းက ကျွန်တော့်ကို ထောက်ခံမယ်လို့ ပြောခဲ့တဲ့ စကားကို ဖျက်ပြီး မစ္စတာ လက်စတာရဲ့ ဆန္ဒကို ဆန့်ကျင်လိုက်ပြီဆိုပါတော့"

မစ္စတာပါဖစ်က ခေါင်းကို နည်းနည်းမော့လိုက်ပြီးတော့...

"ပြဿနာက ထင်သလောက် မလွယ်ပါဘူး မစ္စတာကိန်း..."

"ဟုတ်တယ်၊ မဟုတ်ဘူး ပြတ်ပြတ်ပဲပြောပါ၊ မစ္စတာပါဖစ်"

"ဟုတ်ပါတယ်၊ ကျုပ်က မစ္စတာကိန်းကို မထောက်ခံနိုင်ပါဘူး"

"ဒီလိုဆို လွန်ခဲ့တဲ့ သောကြာနေ့က ကျွန်တော့်ကို ထောက်ခံပါ့မယ်လို့ ပြောခဲ့တာ ဘယ်လိုလုပ်မလဲ"

"ကျုပ်အခြေအနေကို ကျုပ် ပြည့်ပြည့်စုံစုံ တင်ပြပါ့မယ်... မစ္စတာကိန်းကချည်း လုပြောမနေပါနဲ့။ ကျုပ်တို့ ဘုတ်အဖွဲ့မှာ မစ္စတာကိန်း လုံးဝ မပါဝင်သေးဘူးဆိုတာ သတိရစမ်းပါ"

"ဟုတ်ပါတယ်ခင်ဗျာ၊ အမိန့်ရှိပါ"

အခြေအနေကတော့ ဝီလျံ ကြိုတင် စိမ်ကိန်းချထားသည့်အတိုင်း 'ခွင်' ဝင်သွားပြီး၊ သူ့စကားကို အဖွဲ့ဝင်တော်တော်များများ နားဝင်သွားကြပြီ။ ပီတာပါဖစ်မှာတော့ တိုက်ပွဲအစကတည်းက တစ်ပန်းရှုံးနေပြီ။

"လူကြီးမင်းများ ခင်ဗျာ" သူက စကားလုံးရှာရင်း တုံ့ဆိုင်းနေသည်။ "အဲဒီတော့ ကျုပ်ပြောချင်တာက..."

လူတိုင်းက သူ့မျက်နှာကို စိုက်ကြည့်နေကြသည်။ သည်အချိန်တွင် ဝီလျံအနေဖြင့် တခြားဒါရိုက်တာများ၏ မျက်နှာထားကို ကောင်းစွာ အကဲခတ်ချိန် ရသွားသည်။

မစ္စတာပါဖစ်က ဆက်ပြောသည်။

"အခုလို ကျုပ်အနေနဲ့ အခြေအနေပြောင်းလဲသွားရတာက မစ္စတာကိန်းနဲ့ ညစာစားပြီးတဲ့နောက်ပိုင်းမှာ တခြားဒါရိုက်တာလူကြီးတွေက ကျုပ်ဆီလာပြီး တိုက်တွန်းကြတဲ့အတွက် မစ္စတာလက်စတာရဲ့ဆန္ဒကို မလွဲမရှောင်သာဆန့်ကျင်ပြီး အခုလို ယှဉ်ပြိုင်အရွေးခံဖို့ ဆုံးဖြတ်လိုက်ရတာဖြစ်ပါတယ်၊ အမှန်အတိုင်းပြောရရင် ကျုပ်အနေနဲ့ မစ္စတာလက်စတာရဲ့ ဆန္ဒကို ဆန့်ကျင်

ဖို့ ဘယ်တော့မှ မရည်ရွယ်ခဲ့ပါဘူး၊ သူ့ကို ကျုပ် အင်မတန်မှ လေးစားခဲ့ပါတယ်၊ ဒါပေမယ့် အခြေအနေအရ မလုပ်မဖြစ်လို့ လုပ်ခဲ့ရတယ်ဆိုတာ လူကြီးမင်းများအားလုံး သဘောပေါက်ကြပါလိမ့်မယ်"

သူက အသက်ကို ဝအောင်ရှူလိုက်ပြီး ဆက်ပြောသည်။

"ကျုပ်ဟာ လက်စတာဘဏ်မှာ အမှုထမ်းလာခဲ့တာ ၂၂ နှစ်တိတိရှိခဲ့ပါပြီ၊ ဒုတိယဥက္ကဋ္ဌအဖြစ်နဲ့က ခြောက်နှစ် အမှုထမ်းခဲ့ပြီးပါပြီ၊ ဒါကြောင့်မို့ ဥက္ကဋ္ဌရာထူးအတွက် ယှဉ်ပြိုင်အရွေးခံပိုင်ခွင့်ရှိတယ်လို့ ကျုပ်ယုံကြည်ပါတယ်၊ မစ္စတာကိန်းအနေနဲ့ ကျုပ်တို့ဘဏ်အုပ်ချုပ်ရေးအဖွဲ့ထဲ ဝင်လာတာကို ကျုပ်က ဝမ်းသာပါတယ်၊ သို့သော်လည်း ဥက္ကဋ္ဌရာထူးအတွက်တော့ ကျုပ်က သူ့ကို လုံးဝမထောက်ခံနိုင်ပါဘူး၊ အလားတူပဲ ကျုပ်ရဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်ကြတဲ့ ကျန်အဖွဲ့ဝင်တွေကလဲ ဘယ်သူမှမသိသေးတဲ့ သူစိမ်းတရံဆံတစ်ယောက်ကို ထောက်ခံမယ့်အစား လုပ်သက် ၂၂ နှစ်ရှိတဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက်ကိုသာ ထောက်ခံကြလိမ့်မယ်လို့ ကျုပ် လုံးဝယုံကြည်ပါတယ်၊ အမှန်ကလဲ တစ်ဦးတည်းသောသား သေဆုံးသွားလို့ သောကပရိဒေဝ ရောက်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ သွေးရူးသွေးတန်း ဆုံးဖြတ်သွားချက်အရ သူစိမ်းပုဂ္ဂိုလ်တစ်ယောက်ကို ဥက္ကဋ္ဌတင်မြှောက်ရမယ်ဆိုတာ ဘယ်လိုမှ သဘာဝမကျနိုင်ဘူးလို့ ကျုပ်အလေးအနက် ယုံကြည်ပါတယ်၊ ဒါပါပဲ၊ အားလုံးကို ကျေးဇူးတင်ပါတယ်"

သူက ကုလားထိုင်တွင် ပြန်ထိုင်လိုက်သည်။

ဝီလျံက ပြန်ထလိုက်သည်။

"လူကြီးမင်းများ ခင်ဗျား၊ အားလုံး ကြားကြတဲ့အတိုင်း မစ္စတာပါဖစ်က ကျွန်တော်ဟာ လူကြီးမင်းများ လုံးဝမသိတဲ့ လူတစ်ယောက်ဆိုပြီး ပြောသွားပါတယ်၊ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကိုယ့်အကြောင်း ကိုယ် တင်ပြရတော့မယ့် အခြေအနေမျိုး ရောက်လာခဲ့ရတယ်။

"ကျွန်တော် အစီရင်ခံပြီးတဲ့အတိုင်း ကျွန်တော်ဟာ အများသိတဲ့ ဘဏ်လုပ်ငန်းရှင်ကြီးနှစ်ယောက်ရဲ့ မြေးနဲ့သားဖြစ်ပါတယ်၊ ကျွန်တော်ကိုယ်တိုင်လဲ တစ်သက်လုံး ဘဏ်လုပ်ငန်းထဲမှာပဲ ကျင်လည်ခဲ့ပါတယ်၊ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ လက်စတာဘဏ်ရဲ့ ဥက္ကဋ္ဌရာထူးကိုမလုပ်ချင်ပါဘူးလို့ ကျွန်တော် ဟန်ဆောင်ပြီး မပြောလိုပါဘူး၊ ဒါပေမယ့်... လူကြီးမင်းတို့ အများစုက မစ္စတာပါဖစ်ကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်မယ်ဆိုရင်လဲ မိမိတို့ စိတ်ကြိုက်ရွေးချယ်နိုင်ပါတယ်၊ ကျွန်တော်အနေနဲ့ ဘယ်လိုမှမဖြစ်ပါဘူး၊ ဘော့စတွန်ပြန်ပြီး ကိုယ့်ဘဏ်မှာကိုယ် ပြန်လုပ်ရုံပါပဲ။

"အကယ်၍ မစ္စတာပါဖစ်ရဲ့ လက်အောက်မှာ ဒုတိယဥက္ကဋ္ဌအဖြစ်နဲ့ လုပ်ပါလို့ လူကြီးမင်းတို့က တိုက်တွန်းရင်လဲ ကျွန်တော်က မလုပ်လိုပါဘူး၊ ကျွန်တော်ဟာ မစ္စတာပါဖစ်ပြောသွားသလို ဘယ်သူမှမသိတဲ့ သူစိမ်းတစ်ရံဆံတစ်ယောက်ဆိုတာ မှန်သင့်သလောက်မှန်ပါလိမ့်မယ်၊ သို့သော်လည်း မစ္စတာလက်စတာလို ပုဂ္ဂိုလ်ကြီးတစ်ယောက်ရဲ့ ထောက်ခံချက်အရ ဒီနေရာကို ရောက်လာရတယ်ဆိုတာကိုတော့ မစ္စတာပါဖစ်အနေနဲ့ စဉ်းစားကြည့်စေချင်ပါတယ်၊

မစ္စတာလက်စတာဟာ ဆန္ဒစောတတ်တဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူး၊ ဆုံးဖြတ်ချက်တစ်ရပ်ကို သွေးရူးသွေးတန်းချတတ်တဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူး၊ ဒီအချက်ကို အားလုံးပဲ သိကြပါတယ်။

"အဲဒီတော့… အချိန်မဖြုန်းတော့ဘဲ လုပ်သင့်တာ ဆက်လုပ်ကြဖို့ပဲရှိပါတော့တယ်၊ ကျွန်တော့်ကိုမကြိုက်ရင် မထောက်ခံကြပါနဲ့၊ မစ္စတာပါဖစ်သာ အသင့်တော်ဆုံးလို့ထင်ရင် သူ့ကိုပဲ မဲပေးကြပါ၊ ကျွန်တော်ကတော့ ဒီရွေးကောက်ပွဲမှာ မဲမပေးပါဘူး၊ မစ္စတာပါဖစ်လဲ မပေးသင့်ဘူးလို့ ကျွန်တော် ထင်ပါတယ်"

"မောင်ရင်က ဘယ်လိုပေးလို့ ရမှာလဲ၊ ဘုတ်အဖွဲ့ဝင်တောင်မှ မဖြစ်သေးတာပဲ၊ ကျုပ်က အဖွဲ့ဝင်၊ ကျုပ် မဲပေးမယ်"

မစ္စတာပါဖစ်က ဒေါသဖြင့် ပြန်ပြောသည်။

"ဟုတ်ကဲ့ မစ္စတာပါဖစ် သဘောကျသလို လုပ်နိုင်ပါတယ်၊ လူကြီးမင်း ရသင့်တဲ့ မဲဆန္ဒအရေအတွက်ကို မရပါနဲ့လို့ ဘယ်သူကမှ တားပိုင်ခွင့်မရှိပါဘူး"

ဝီလျံက စကားကိုရပ်ပြီး အခြေအနေကို အကဲခတ်လိုက်သည်။ ထိုအခိုက် ဒါရိုက်တာလူကြီးတစ်ယောက်က စကားပြောရန် အားယူလိုက်စဉ် ဝီလျံက ဖြတ်ပြောလိုက်သည်။

"အဲဒီတော့ မစ္စတာရောဂျားက ကုမ္ပဏီအတွင်းရေးမှူးအနေနဲ့ ရွေးကောက်ပွဲအစီအစဉ်ကို စပါတော့၊ လူကြီးမင်းများက ဆန္ဒပေးစာရွက်ပေါ်မှာ ဖြည့်စွက်ပြီးတဲ့အခါ ဆန္ဒပေးစာရွက်ကို အတွင်းရေးမှူးဆီ ပြန်ပေးကြဖို့ဖြစ်ပါတယ်"

မစ္စတာရောဂျားက ဆန္ဒပေးစာရွက်များကို တစ်ယောက်စီဝေပေးလိုက်သည်။ ဒါရိုက်တာအဖွဲ့ဝင်များက မဲပြားပေါ်တွင် မိမိတို့ သဘောကျ ပုဂ္ဂိုလ်အမည်ကို အသီးသီးရေးဖြည့်ကြပြီးနောက် ဆန္ဒပေးစာရွက်များကို အတွင်းရေးမှူး မစ္စတာရောဂျားထံသို့ ပြန်ပေးလိုက်ကြသည်။

"မစ္စတာရောဂျား ခင်ဗျား၊ မဲဆန္ဒတစ်ခုစီကို အသံထွက်ပြီး ဖတ်ပြစေလိုပါတယ်၊ ဒါမှ အားလုံးအတွက် ပြတ်ပြတ်သားသား ဖြစ်သွားလိမ့်မယ်" ဝီလျံက ပြောလိုက်သည်။

"ကောင်းပါတယ် မစ္စတာကိန်း"

"ဒီအစီအစဉ်ကို သဘောတူပါသလား မစ္စတာပါဖစ်"

မစ္စတာပါဖစ်က ဝီလျံအား လှည့်မကြည့်ဘဲ ခေါင်းကိုသာ တစ်ချက်ညိတ်ပြလိုက်သည်။

"ကျေးဇူးတင်ပါတယ် ခင်ဗျား၊ ကိုင်း မစ္စတာရောဂျား၊ မဲဆန္ဒတွေကို တစ်ခုစီ ဖတ်ပြပါတော့"

မစ္စတာရောဂျားက ထိုင်ရာမှ ထရပ်ပြီး ပဌမဆုံး မဲဆန္ဒစာရွက်ကို ပွင့်ဖတ်လိုက်သည်။

"ပါဖစ်…"

ထို့နောက် ဒုတိယစာရွက်ကို ဆက်ဖတ်သည်။

"ပါဖစ်…"

ဝီလျံ၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ ခ်လေသမျှ သဲရေကျပြီထင်ပါရဲ့။ အတွင်း

ရေးမှူး၏ အသံ ပေါ်ထွက်လာပြန်သည်။

"ကိန်း... ပါဖစ်... ကိန်း..."

ဝီလျံက သုံးမဲ၊ နှစ်မဲဖြင့် ရှုံးနေသေးသည်။ တိုနီဆိုင်မွန်နှင့် ယှဉ်ပြိုင်ခဲ့စဉ်ကလိုပင် အရှုံးနှင့် နိဂုံးချုပ်လေမလား၊ သူ့ရင်တွေ လှပ်လှပ်ခုန်လာသည်။ စိတ်ကို ထိန်း၍ ဣန္ဒြေမပျက်အောင် ထိန်းထားရသည်။

"ကိန်း... ကိန်း... ပါဖစ်..."

ဝီလျံက လေးမဲ၊ မစ္စတာပါဖစ်က လေးမဲ ပြိုင်နေကြပြီ။ မစ္စတာပါဖစ်က စားပွဲတစ်ဖက်မှာ ထိုင်ကာ ချွေးပြန်သည်။

"ပါဖစ်..."

မစ္စတာပါဖစ် ပြုံးလာသည်။ ဝီလျံက နှားစွင့်နေလိုက်သည်။

"ကိန်း... ကိန်း... ကိန်း..."

မစ္စတာပါဖစ် မျက်နှာညှိုးကျသွားပြီ။

"ပါဖစ်... ပါဖစ်..."

ခုနစ်မဲချင်း ပြိုင်သွားပြန်ပြီ။ နောက် နှစ်မဲသာ ကျန်တော့သည်။

မစ္စတာရောဂျားက မဲလိပ်ကို အကြာကြီးဖွင့်နေရသည်။ တစ်ယောက်ယောက်က တွန့်လိမ်ပြီး ခေါက်ထားသောကြောင့် ဖြစ်သည်။

အတွင်းရေးမှူးက အသံကျယ်ကျယ်ဖြင့် ကြေငြာလိုက်သည်။

"ကိန်း"

ရှစ်မဲ၊ ခုနစ်မဲဖြင့် ဝီလျံဘက်က တစ်မဲသာသွားပြီ။

အဆုံးအဖြတ်မဲ တစ်မဲသာကျန်တော့သည်။ ဝီလျံက အတွင်းရေးမှူးမျက်နှာကိုသာ စိုက်ကြည့်နေသည်။

အတွင်းရေးမှူးက မဲလိပ်ကို ဖွင့်လိုက်သည်။

"ကိန်း..."

မစ္စတာပါဖစ် ခေါင်းငိုက်စိုက် ကျသွားသည်။

"လူကြီးမင်းများခင်ဗျား" အတွင်းရေးမှူး၏အသံ ဟိန်း၍ထွက်ပေါ်လာသည်။ "ရွေးချယ်ပွဲ ပြီးဆုံးသွားပါပြီ ခင်ဗျား၊ အဲဒီတော့ စာရင်းပိတ် မဲရေတွက်လိုက်တဲ့အခါမှာ မစ္စတာကိန်းက ကိုးမဲရရှိပြီး၊ မစ္စတာပါဖစ်က ခုနစ်မဲသာရှိပါတယ် ခင်ဗျား၊ ဒါကြောင့်မို့လို့... ဒီအချိန်ကစပြီး မစ္စတာဝီလျံကိန်းအား လက်စတာဘဏ်ရဲ့ ဥက္ကဋ္ဌသစ်အဖြစ် အများသဘောတူ ရွေးချယ်တင်မြှောက်လိုက်ကြောင်း ကြေငြာအပ်ပါတယ် ခင်ဗျား"

တစ်ခန်းလုံး ငြိမ်ကျသွားသည်။ မစ္စတာပါဖစ်မှတစ်ပါး ကျန်ပုဂ္ဂိုလ်များက ခေါင်းမော့ပြီး ဝီလျံကိုသာ စိုက်ကြည့်နေကြသည်။ သူတို့က ဥက္ကဋ္ဌသစ်၏ ပထမဆုံးလုပ်ရပ်ကို စိတ်ဝင်

စားစွာဖြင့် စောင့်ကြည့်နေကြခြင်း ဖြစ်သည်။

ဝီလျံက အသက်ကို တစ်ဝ ရှိုက်လိုက်ပြီးနောက် ထိုင်ရာမှ ထရပ်လိုက်သည်။ ပြီးတော့ တစ်ခန်းလုံးကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။

"ကျွန်တော့်ကို ယုံကြည်ကြောင်း သက်သေပြတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

"ကျွန်တော်ဟာ မစ္စတာလက်စတာရဲ့ ဆန္ဒကို လေးစားကြတဲ့အတွက် လူကြီးမင်းများကို ကျေးဇူးတင်ပါကြောင်း ထပ်လောင်းပြောပါရစေခင်ဗျား၊ ကျွန်တော့်အနေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ဘဏ်တိုက်အကျိုးအတွက် ကြိုးစားထမ်းဆောင်ပါ့မယ်ဆိုတာကိုလဲ လေးလေးနက်နက် ကတိပေးပါတယ် ခင်ဗျား၊ ဘယ်လုပ်ရပ်မျိုးကိုမဆို ဘုတ်အဖွဲ့ရဲ့သဘောတူညီချက်မရဘဲနဲ့ ကျွန်တော် မလုပ်ဘူးဆိုတာကိုလဲ ကတိပေးပါတယ်ခင်ဗျား၊ အဲဒီတော့ မစ္စတာပါဖစ်ကို ကျွန်တော် တောင်းပန်ချင်တာကတော့..."

မစ္စတာပါဖစ်က ခေါင်းထောင်ပြီး ကြည့်လိုက်သည်။

"အခု အစည်းအဝေးပြီးသွားပြီးတဲ့နောက် မိနစ်ပိုင်းအတွင်းမှာ ဥက္ကဋ္ဌရုံးခန်းကို ကျေးဇူးပြု၍ ကြွရောက်ဖို့ ဖိတ်ခေါ်ပါတယ် ခင်ဗျား၊ မစ္စတာပါဖစ်နဲ့တွေ့ပြီးနောက် မစ္စတာလီချ်ကို ဆက်လက်တွေ့လိုပါတယ်၊ ကျန်တဲ့ အဖွဲ့ဝင်လူကြီးတွေနဲ့တော့ မနက်ဖြန်မှဘဲ တစ်ယောက်စီ တွေ့ဆုံပါ့မယ် ခင်ဗျား၊ နောက် အစည်းအဝေးကတော့ ထုံးစံအတိုင်း လစဉ် အစည်းအဝေးပဲ ဖြစ်ပါလိမ့်မယ်၊ အခုအချိန်ကစပြီး ဒီအစည်းအဝေး ပြီးဆုံးပါပြီ ခင်ဗျား"

အသီးသီး နေရာမှ ပြန်ထကြပြီး တစ်ယောက်တစ်ပေါက် စကားပြောနေသည်။ ဝီလျံက လူအုပ်ထဲမှဖြတ်ပြီး စကြံဘက်သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။ မစ္စတာလီချ်က သူ့နောက်မှ လိုက်လာပြီး ဥက္ကဋ္ဌရုံးခန်းဘက်သို့ ခေါ်လာခဲ့သည်။

"တကယ့် စွန့်စားခန်းကြီးပါပဲ မစ္စတာကိန်း၊ ကျုပ်ဖြင့် ရင်တဖိုဖိုနဲ့ဖြစ်နေတာ မပြောပါနဲ့တော့၊ တကယ်လို့များ မဲရှုံးသွားခဲ့ရင် မစ္စတာကိန်းအနေနဲ့ ဘယ်လိုလုပ်မလဲ"

"ဘာလုပ်စရာ လိုသေးသလဲ၊ ဘော့စတွန် တန်းပြန်ရုံပဲပေါ့ ခင်ဗျာ"

မစ္စတာလီချ်က ဥက္ကဋ္ဌရုံးခန်းတံခါးကို ဖွင့်ပေးသည်။ ရုံးခန်းမှာ ဝီလျံမှတ်မိသည့်အတိုင်း ပင် ကျယ်ဝန်းပြီး ခမ်းနားသေသပ်လှသည်။ သူ့အထက်တန်းကျောင်းသားဘဝက တစ်နေ့ကျ ရင် ဒီဘဏ်ကြီးကို ကျွန်တော် အုပ်ချုပ်ရမှာပါဟု မစ္စတာလက်စတာအား သူပြောခဲ့သော စကားကို ပြန်လည် သတိရမိသည်။

သူသည် စားပွဲနောက်မှ နံရံပေါ်တွင် ချိတ်ဆွဲထားသော မစ္စတာလက်စတာ၏ ပုံတူကားချပ် ကြီးကို စိုက်ကြည့်ပြီး မျက်စိမှိတ်ကာ အရိုအသေပြုလိုက်သည်။

ထို့နောက် အနီရောင်သားရေဖုံး ကုလားထိုင်ကြီးတွင် ဝင်ထိုင်လိုက်ကာ မဟော်ဂနီစားပွဲ ကြီးပေါ်တွင် တံတောင်နှစ်ဖက်ကို တင်လိုက်သည်။

ပြီးတော့ အပေါ်အင်္ကျီအိတ်ထဲမှ သားရေဖုံးစာအုပ်သေးသေးကလေးကို ထုတ်ယူပြီး

သူ့ရှေ့စားပွဲပေါ်တွင် တင်ထားလိုက်သည်။

ထိုအခိုက် တံခါးခေါက်သံ ပေါ်ထွက်လာသည်။

"ဝင်ခဲ့ပါ"

ငွေလက်ကိုင်တပ် အနက်ရောင်တုတ်ကောက်ကို ထောက်ကာ အဘိုးကြီးတစ်ယောက် ဝင်လာသည်။ မစ္စတာလိချ်က ရုံးခန်းထဲမှ ပြန်ထွက်သွားသည်။

"ကျုပ်နာမည် ရူပတ်ကော့ခ်စမစ်ပါ"

အဘိုးကြီးက အင်္ဂလိပ်သံ ခပ်ဝဲဝဲဖြင့် ပြောသည်။

ဝီလျံက ထိုင်ရာမှ ထရပ်လိုက်သည်။ အဘိုးကြီးသည် လက်စတာဘဏ် အုပ်ချုပ်ရေးအဖွဲ့တွင် အသက်အကြီးဆုံး ဒါရိုက်တာလူကြီးဖြစ်သည်။ သူ့ဆံပင်တွေက တစ်ခေါင်းလုံး ဖွေးဖွေးဖြူနေကြပြီ။ နားသယ်တစ်ဖက်တစ်ချက်ကလည်း အရှည်ကြီး။ သူသည် ရွှေရောင် ရှေးဟောင်းလက်ပတ်နာရီကြီးကို ဝတ်ထားသည်။

ဘဏ်လုပ်ငန်းတွင် တိကျမှန်ကန်သူအဖြစ် နာမည်ကြီးကြောင်း ဝီလျံက သိထားသည်။ ရူပတ်ကော့ခ်စမစ်နှင့် ဆက်ဆံလျှင် ဘယ်သူမှ စာချုပ် ချုပ်နေရန်ပင်မလို။ သူ့စကားက စာချုပ်ထက် တိကျသည်။

သူက ဝီလျံ၏ မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောသည်။

"ကျုပ်က မောင်ရင့်ကို ဆန့်ကျင့်မဲပေးခဲ့တယ်၊ ဒါကြောင့် မောင်ရင်က ကျုပ်ရဲ့ နုတ်ထွက်စာကို တစ်နာရီအတွင်း လိုချင်မှာ သေချာပါတယ်"

"နေပါဦး ခင်ဗျား၊ ကျေးဇူးပြုပြီး ထိုင်ပါဦးခင်ဗျား"

ဝီလျံက လေးစားစွာဖြင့် ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

"လူကြီးမင်းအနေနဲ့ ကျွန်တော့် အဘိုးနဲ့ ကျွန်တော့် ဖေဖေကို သိလိမ့်မယ်လို့ ထင်ပါတယ်"

"ဟုတ်ကဲ့... သိပါတယ်၊ မောင့်အဘိုးနဲ့ ကျုပ်နဲ့က ဟားဗတ်တက္ကသိုလ်တုန်းက ကျောင်းနေဖက်တွေပါ၊ မောင့်အဖေရဲ့ သတင်းကြားရတာ ကျုပ်စိတ်မကောင်းပါဘူး"

"ဒါနဲ့ မစ္စတာ လက်စတာနဲ့ကော တော်တော်ရင်းနှီးသလား ခင်ဗျား"

"သူက ကျုပ်ရဲ့မိတ်ဆွေရင်းချာတစ်ယောက်ပဲ၊ သူ့သေတမ်းစာပါ ညွှန်ကြားချက်ကြောင့် ကျုပ်အနေနဲ့ တော်တော်အကျပ်တွေ့ခဲ့ရတယ်၊ ကျုပ်က ပီတာပါဖစ်ကို ဘယ်တော့မှ မထောက်ခံဘူးဆိုတာ အလျှင်ကတည်းက ဆုံးဖြတ်ထားပြီးသားပါ၊ ဒါပေမယ့် မစ္စတာလိချ်ကိုတော့ ဘယ်အခြေအနေပဲရောက်ရောက် ထောက်ခံမယ်ဆိုပြီး အားခဲထားခဲ့တယ်၊ အခြေအနေက ကျုပ် ထင်သလိုဖြစ်မလာတော့ မောင်ရင်နဲ့ အပြိုင်ဆိုရင် ဘယ်သူပဲဖြစ်ဖြစ် ထောက်ခံရမယ့်အခြေအနေကို ရောက်လာခဲ့တယ်၊ ကျုပ်က ကျုပ်နဲ့ စကားတောင်တစ်ခွန်းမပြောဘူးသေးတဲ့ လူတစ်ယောက်ကိုတော့ အရမ်းကာရော မထောက်ခံနိုင်ဘူး"

"လူကြီးမင်းရဲ့ စိတ်ထားကို ကျွန်တော် လေးစားပါတယ်... မစ္စတာကော့ခ်စမစ်၊ အဲဒီတော့ ကျွန်တော်ဟာ အခုအချိန်ကစပြီး ဘဏ်လုပ်ငန်းကြီးတစ်ခုကို အုပ်ချုပ်ရပါတော့မယ်၊ ဒါကြောင့်မို့လို ကျွန်တော့်အနေနဲ့ လူကြီးမင်းရဲ့ အတွေ့အကြုံကို အများကြီးလိုအပ်နေပါတယ်၊ ကျေးဇူးပြုပြီး မနုတ်ထွက်ဖို့ တောင်းပန်ပါတယ် ခင်ဗျာ"

အဘိုးကြီးက ဝီလျံ၏ မျက်နှာကို စိုက်ကြည့်နေသည်။ ခဏကြာတော့မှ တုတ်ကောက်ကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်လိုက်ပြီး...

"အလုပ်ဖြစ်မယ် မထင်ပါဘူး မောင်ရင်၊ ကျုပ်က ဆုံးဖြတ်ပြီးသားကို တစ်ထိုင်တည်းနဲ့တော့ ပြန်မပြင်နိုင်ဘူး"

"ဒီလိုဆို ကျွန်တော့်ကို ခြောက်လလောက် အချိန်ပေးပါခင်ဗျာ၊ အဲဒီအတွင်းမှာမှ မစ္စတာကော့ခ်စမစ် မလုပ်ချင်တော့ဘူးဆိုရင်လဲ ကျွန်တော်က မတားတော့ပါဘူး"

နှစ်ယောက်စလုံး ငြိမ်နေကြသည်။ မစ္စတာကော့ခ်စမစ်က ဆက်ပြောသည်။

"အင်း... ချားလ်စစ်လက်စတာ လုပ်တာ မှန်ပါတယ်၊ မောင်ရင်ဟာ ရစ်ချတ်ကိန်းရဲ့ သား စစ်ပါပေတယ်"

"ဒီတော့ လူကြီးမင်း ဆက်ပြီး လုပ်မှာပါလားခင်ဗျာ"

"လုပ်ပါ့မယ် မောင်ရာ လုပ်ပါ့မယ်၊ ဒီလောက် ဖိတ်ခေါ်နေလို့မှ မလုပ်ရင် ကျုပ်အနေနဲ့ သက်ကြားအို အရူးကြီးလို့ အပြောခံရတော့မှာပေါ့"

အဘိုးကြီးက တုတ်ကောက်ထောက်ပြီး ထိုင်ရာမှ ပြန်ထလိုက်သည်။ ဝီလျံက ဖေးမရန် လုပ်တော့ အဘိုးကြီးက အသာတွန်းဖယ်ပစ်သည်။

"ကံကောင်းပါစေ ငါ့မြေး၊ မင်းကို ကျုပ် အစွမ်းကုန် ကူညီသွားမယ်၊ စိတ်ချပါ"

"ကျေးဇူးအများကြီးတင်ပါတယ် အဘ"

ဝီလျံက တံခါးကို ဖွင့်ပေးသည်။ အပြင်ဘက် စကြံတွင် မစ္စတာပါဖစ်ရပ်နေသည်။ မစ္စတာ ရူပတ်ကော့ခ်စမစ်က ဘာစကားမှ မပြောဘဲ သူ့ရှေ့မှ တဒေါက်ဒေါက် ဖြတ်လျှောက်သွားသည်။

◆ ◆ ◆

မစ္စတာပါဖစ်က ဝီလျံအား ပြုံးပြီး ပြောသည်။

"ကျုပ် ကြိုးစားခဲ့တယ် ရှုံးသွားတယ်၊ ဘယ်လိုမှ မတတ်နိုင်ဘူး၊ ကျုပ်ကို စိတ်ဆိုးမိသလား မစ္စတာကိန်း"

"မဆိုးပါဘူးခင်ဗျာ... စိတ်ဆိုးစရာမရှိပါဘူး၊ မစ္စတာပါဖစ် ပြောတဲ့အတိုင်းပဲ ကြိုးစားခဲ့တယ် ရှုံးသွားတယ်၊ ပြီးတော့ နုတ်ထွက်တယ်ပေါ့၊ အဲဒီတော့ ခုချိန်ကစပြီး နုတ်ထွက်စာ တင်ပါတော့"

"ဘယ့်နှယ် ကျုပ် ဘာလုပ်ရမယ်"

"နုတ်ထွက်စာတင်ရမယ်"

"မရိုင်းဘူးလား မစ္စတာကိန်း၊ တကယ်တော့ ကျုပ်လုပ်တာက ပုဂ္ဂိုလ်ရေးလဲ မဟုတ်ဘူး၊ ပြီးတော့..."

"ရှင်းရှင်းပဲပြောမယ် မစ္စတာပါဖစ်၊ လူကြီးမင်းကို ကျွန်တော် ဘဏ်မှာမရှိစေချင်တော့ဘူး၊ အဲဒီတော့ ဒီနေ့ညကစပြီး ထွက်သွားပါတော့၊ ဘယ်တော့မှ ပြန်လာဖို့မလိုတော့ပါဘူး"

"ကျုပ်က မသွားဘူးဆိုရင် ဘယ့်နှယ်လုပ်မလဲ၊ ကျုပ်က ဒီဘဏ်မှာ ရှယ်ယာတော်တော်များများ ပိုင်ထားတဲ့လူပါ၊ ပြီးတော့ ကျုပ်ကိုထောက်ခံတဲ့ ပုဂ္ဂိုလ်တွေလဲ မနည်းဘူးရှိတယ်၊ မောင်ရင်က ဒီလိုလုပ်မယ်ဆိုရင် ကျုပ်က တရားစွဲမှာပေါ့"

"အဲဒီတော့ လူကြီးမင်းကို ဘဏ်တိုက်ရဲ့ နည်းဥပဒေပြန်ဖတ်ဖို့ ကျွန်တော်က တိုက်တွန်းပါတယ်၊ ကျွန်တော်က အဲဒီဥပဒေကို မနက်ကတည်းက ကျေကျေလည်လည် ဖတ်ထားပြီးပြီ"

ဝီလျံက စောစောတုန်းက စားပွဲပေါ် သူတင်ထားခဲ့သော သားရေဖုံး စာအုပ်နီနီကလေးကို ကောက်ယူလိုက်သည်။ ပြီးတော့ သူမှတ်ထားသော စာမျက်နှာကို လှန်ပြီး ဖတ်ပြသည်။ 'ဘဏ်ဥက္ကဋ္ဌသည် မိမိ ယုံကြည်မှုမရှိသော မည်သည့်ဘဏ်အမှုထမ်းကိုမဆို အချိန်မရွေး ထုတ်ပယ်နိုင်ခွင့်ရှိသည်' သူက မစ္စတာပါဖစ်အား မော့ကြည့်လိုက်ပြီးတော့...

"မစ္စတာပါဖစ်အပေါ်မှာ ကျွန်တော် ယုံကြည်မှုမရှိတော့ဘူး၊ ဒါကြောင့် နှစ်,နှစ်အတွက် လစာပြည့်နဲ့ နုတ်ထွက်သွားပါ၊ ဒီလိုမှမဟုတ်ဘဲ ကျွန်တော်က ဖြုတ်ပစ်ရရင်တော့ လူကြီးမင်းရဲ့ အစုရှယ်ယာကလွဲပြီး ဘာမှမရဘဲနဲ့ ထွက်သွားရပါလိမ့်မယ်...၊ အဲဒါ ကြိုက်ရာရွေးပါ"

"မောင်ရင် ကျုပ်ကို နည်းနည်းမှ မသက်ညှာနိုင်တော့ဘူးလား"

"ကျွန်တော် သောကြာနေ့ညက သက်ညှာခဲ့ပါတယ်၊ ဒါပေမယ့် လူကြီးမင်းက ကျွန်တော့်ကို လိမ်တယ်၊ ညာတယ်၊ လိမ်တဲ့ ညာတဲ့ ဒုတိယဥက္ကဋ္ဌမျိုးကို ကျွန်တော် အလိုမရှိဘူး၊ အဲဒီတော့ ကိုယ့်ဘာသာကိုယ် နုတ်ထွက်စာ တင်မှာလား၊ ဒါမှမဟုတ် ကျွန်တော်ကပဲ ထုတ်ပစ်ရမှာလား"

"ကောင်းပြီလေ၊ ကျုပ် နုတ်ထွက်ပါ့မယ်"

"ဒါဖြင့် ထိုင်ပါ၊ ဟောဒီမှာ တစ်ခါတည်း နုတ်ထွက်စာရေးသွားပါ"

"မဖြစ်ဘူး၊ ကျုပ် မနက်ကျတော့မှ ရေးတင်လိမ့်မယ်"

သူက ထွက်သွားရန် ခြေလှမ်း လှမ်းလိုက်သည်။

"အခုချက်ချင်း ရေးသွားပါ၊ နို့မဟုတ်ရင် ကျွန်တော် ထုတ်ပစ်လိုက်ရလိမ့်မယ်"

မစ္စတာပါဖစ်က ခြေလှမ်းတုံ့သွားသည်။ ပြီးတော့မှ ပြန်လှည့်လာပြီး ကုလားထိုင်တွင် ထိုင်ချလိုက်သည်။

ဝီလျံက သူ့အား ဘဏ်တိုက်တံဆိပ်ပါသော စာရေးစက္ကူ စာရွက်နှင့် ဖောင်တိန်ကို ကမ်းပေးသည်။

မစ္စတာပါဖစ်က ကမန်းကတန်း ရေးချလိုက်သည်။

ဝီလျံက စာရွက်ကို လှမ်းယူပြီး ဖတ်ကြည့်သည်။

"မင်္ဂလာနေ့ပါ မစ္စတာပါဖစ်"

မစ္စတာပါဖစ်က ဘာမှ ပြန်မပြောဘဲ အခန်းထဲမှ ပြန်ထွက်သွားတော့သည်။

မကြာမီတွင် အက်ဒ္ဒပ်လိချ် ဝင်လာသည်။

"ကျုပ်ကို တွေ့ချင်တယ်ဆို မစ္စတာကိန်း"

"ဟုတ်ပါတယ်ခင်ဗျာ၊ မစ္စတာလိချ်ကို အာဏာပြည့် ဒုတိယဥက္ကဋ္ဌအဖြစ် ကျွန်တော် ခန့်ချင်ပါတယ်၊ မစ္စတာပါဖစ်ကတော့ နုတ်ထွက်သွားပါပြီ"

ဝီလျံက နုတ်ထွက်စာကမ်းပေးလိုက်သည်။ မစ္စတာလိချ်က စာကိုဖတ်ကြည့်သည်။ ပြီးတော့ ဝီလျံကို ကြည့်လိုက်ပြီး

"ကျုပ်အပေါ်မှာ ယုံကြည်မှုရှိတဲ့အတွက် ဝမ်းသာပါတယ် မစ္စတာကိန်း"

"ကောင်းပါတယ်၊ အဲဒီတော့ နောက် နှစ်ရက်အတွင်းမှာ တခြား ဒါရိုက်တာတွေ အားလုံးနဲ့ ကျွန်တော် တွေ့ချင်တယ် မစ္စတာလိချ်၊ အဲဒါကြည့်ပြီး စီစဉ်ပါ၊ ကျွန်တော် မနက်ဖြန်မနက် ရှစ်နာရီကစပြီး အလုပ်စ,ဝင်ပါ့မယ်"

"ကောင်းပါပြီ မစ္စတာကိန်း"

"ဒါနဲ့ မစ္စတာပါဖစ်ရဲ့ နုတ်ထွက်စာကို ကုမ္ပဏီအတွင်းရေးမှူးကို ပေးလိုက်ပါ"

"ကောင်းပါပြီခင်ဗျား"

"ကျွန်တော့်ကို ရင်းရင်းနှီးနှီးနဲ့ ဝီလျံလို့ပဲ ခေါ်ပါခင်ဗျား"

"ကောင်းပါပြီ ဝီလျံ"

မစ္စတာလိချ်က ပြုံးပြီး ပြန်ထွက်သွားသည်။

◆ ◆ ◆

ဝီလျံသည် မစ္စတာလက်စတာထိုင်ခဲ့သော ဆုံလည်ကုလားထိုင်ကြီးတွင် ထိုင်ကာ စိတ်ဓာတ် ရွှင်လန်းစွာဖြင့် ကလေးငယ်တစ်ယောက်ပမာ ကိုယ်ကိုလှည့်၍ ကစားနေမိသည်။

ထို့နောက် ပြတင်းပေါက်ကိုကျော်ကာ ဝေါလ်စထရိလမ်းမကြီးဘက်သို့ လှည့်ကြည့်လိုက်သည်။ လမ်းမကြီးပေါ်တွင် လူသွားလူလာ ကြိတ်ကြိတ်တိုး စည်ကားနေသည်။ အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးအချက်အချာဖြစ်သော ဘဏ်တိုက်ကြီးများနှင့် စတော့ပွဲစားလုပ်ငန်း ကုမ္ပဏီကြီးများသည် အထပ်ပေါင်းများစွာ ပါဝင်ကာ မိုးယံသို့ ထိုးနေကြသည်။ မိမိသည်လည်း ဤအရပ်၊ ဤဌာန၊ ဤလောက၏ အစိတ်အပိုင်းတစ်ခု ဖြစ်သွားခဲ့ပြီ။

သူ့ဘဝ ကသိုလ်ကောင်းပုံကို တွေးပြီး အလွန်ပျော်ရွှင် အားတက်ခြင်း ဖြစ်မိသည်။

"ဟင်... ရှင် ဘယ်သူလဲ၊ ဒီမှာ ဘာလာလုပ်နေတာလဲ"

အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသလို သူ့နောက်ဘက်မှ မိန်းမတစ်ယောက်အသံကို ရုတ်တရက် ကြားလိုက်ရသဖြင့် ဝီလျံသည် လန့်၍ပင်သွားမိသည်။

သူက ဆုံလည်ကုလားထိုင်ကို ပြန်လှည့်ပြီး အသံရှင်ကို ကြည့်လိုက်သည်။

ခေတ်မီ ရှိုးကျစွာ ဝတ်ဆင်ထားသော အသက် ၄၀ ကျော်အရွယ် အမျိုးသမီးတစ်ယောက်။ သူမသည် မျက်နှာကြောတင်းတင်းဖြင့် ဝီလျံအား စိုက်ကြည့်နေသည်။

ဝီလျံက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"တကယ်တော့ ခင်ဗျားမေးတဲ့ မေးခွန်းကို ကျွန်တော်ကလဲ ပြန်မေးရမှာပဲ"

သူမကလည်း ခပ်တည်တည်ဖြင့်ပင် ပြန်ပြောသည်။

"ကျွန်မက ဘဏ်ဥက္ကဋ္ဌရဲ့ အတွင်းရေးမှူး စာရေးမ"

"ဒါဆိုရင်… ကျွန်တော်က ဘဏ်ဥက္ကဋ္ဌပဲ"

✧ ✧ ✧

သီတင်းသုံးပတ်ခန့် ကုန်လွန်သွားခဲ့ပြီ။

ထိုကာလအတွင်း ဝီလျံနှင့် ဇနီးသားသမီးများသည် နယူးယောက်မြို့သို့ ပြောင်းရွှေ့လာခဲ့ကြသည်။ အရှေ့ ၆၈ လမ်းတွင် အိမ်တစ်လုံး ရသည်။ မိသားစုအရွှေ့အပြောင်းနှင့် လုပ်ငန်းအပြောင်းအလွဲ လုပ်နေရသည်မှာပင် တော်တော်အချိန်ကုန်သွားသည်။ လုပ်ငန်းအဆင်ပြေအောင် တိုနီဆိုင်မွန်က အစစအရာရာ လိုလေသေးမရှိ စေတနာဖြင့် ကူညီသဖြင့် အလွန်ကျေးဇူးတင်မိသည်။ ကိန်းနှင့် ကဘော့ ဘဏ်ဥက္ကဋ္ဌရာထူးအတွက် တိုနီဆိုင်မွန်အား အဆိုတင်ခဲ့သော အလန်လွိုက်၏ အမြော်အမြင်ကိုလည်း ချီးကျူးမိသည်။

ကိတ်မှာလည်း နယူးယောက် ရောက်လာပေမယ့် တစ်နေ့မှ အားသည်မရှိ။ သူ့အလုပ်နှင့်သူ ရှုပ်နေသည်။ ကလေးနှစ်ယောက်ကို ထိန်းသိမ်းစောင့်ရှောက်သည့် အလုပ်အပြင် နယူးယောက်ဘဏ်တိုက်ကြီးတစ်ခု၏ ဥက္ကဋ္ဌကြီးကတော်အဖြစ်ဖြင့် ကော့တေးပါတီပွဲများနှင့် ညစာစားပွဲများကိုလည်း မှန်မှန်စီစဉ်ပေးနေရသည်။ ယင်းပွဲများသို့ ဘဏ်တိုက်ဒါရိုက်တာလူကြီးများနှင့် လုပ်ငန်းရှင်ကြီးများ မပြတ်တက်ရောက်ကြသည်။

ယင်းပွဲများတွင် ကိတ်က အဆင်ပြေပြေဖြစ်အောင် ကျွမ်းကျွမ်းကျင်ကျင်ဖြင့် စီမံခန့်ခွဲနိုင်စွမ်းအပြည့်ရှိသည်။ ဝီလျံမှာတော့ လင်တော်မောင်၏ လုပ်ငန်းတွင် ပါရမီဖြည့်ဖက်ဖြစ်လာသော ဇနီးချောအတွက် ဂုဏ်ယူမဆုံး ဖြစ်နေမိသည်။

သည်လိုနှင့် မကြာမီတွင်ပင် ကိတ်မှာ ကိုယ်ဝန်ရှိလာပြန်သည်။ ဝီလျံက ဝမ်းမြောက်ဝမ်းသာဖြင့် 'ဒီအတိုင်းဆို ကျုပ်တော့ အားလပ်ချိန်ကို ရှိတော့မှာ မဟုတ်ဘူး" ဟူ၍ပင် ဇနီးသည်အား နောက်ပြောင်မိသည်။ သမီးငယ် ဗာဂျင်နီယာက မေမေ့တွင် နောက်ထပ် ကလေးတစ်ယောက် ရတော့မည်ဆိုတော့ အတိအကျ နားမလည်သော်လည်း ပျော်နေသည်။ သားကြီး

ရစ်ချတ်ကတော့, သည်အကြောင်းကို လုံးဝစိတ်မဝင်စား။

ဝီလျံတို့မိသားစု နယူးယောက်သို့ ပြောင်းလာခဲ့သည်မှာ ခြောက်လတာမျှ ရှိခဲ့ပြီ။ ယခု အချိန်တွင် မစ္စတာပီတာပါဖစ်နှင့် ဖြစ်ခဲ့ရသော ပဋိပက္ခလည်း လုံးဝအေးငြိမ်းသွားခဲ့ပြီးဖြစ်သည်။ နယူးယောက် စီးပွားရေးလောကတွင်လည်း ဝီလျံ၏ နာမည်ကို တစ်နေ့တခြား လူသိများလာခဲ့ပြီ။

သူသည် အသက် ၃၃ နှစ် အရွယ်တွင် သူမျှော်မှန်းသော ပန်းတိုင်သို့ ရောက်ရှိလာခဲ့သည်။ သို့သော် သူ့ဘဝကိုသူ မကျေနပ် မရောင့်ရဲနိုင်သေး။ လူတစ်ယောက်အနေဖြင့် လူ့လောကတွင် လုပ်စရာတွေ အများကြီး ကျန်သေးသည်ဟု သူကယူဆသည်။

နယူးယောက်သို့ ပြောင်းလာပြီးနောက် တစ်နှစ်ခန့်အကြာတွင် ကိတ်မှာ တတိယမြောက် သမီးကလေးတစ်ယောက် ထပ်မံဖွားမြင်သည်။ သမီးကလေးအား လူစီဟူ၍ နာမည်ပေးသည်။ သမီးအကြီးကလေး ဗာဂျင်နီယာမှာ လမ်းလျှောက်တတ်နေပြီ။ ဝီလျံက ဗာဂျင်နီယာအား ညီမလေးလူစီ၏ ပုခက်ကို လွှဲပေးရန် သင်ပေးသည်။ သားကြီး ရစ်ချတ်ကတော့ ငါးနှစ်သားအရွယ် ရှိနေပြီဖြစ်၍ ဘာကလေကျောင်းတွင် မူကြိုတန်းတက်နေပြီ။

ဝီလျံ လက်စတာဘဏ်ဥက္ကဋ္ဌဖြစ်လာသော ပထမနှစ်တွင် ဘဏ်တိုက်အနေဖြင့် အမြတ်ငွေအနည်းငယ်တိုးတက်လာသည်။ ဒုတိယနှစ်တွင် ပို၍တိုးတက်အောင် ဆောင်ရွက်ရန် ဝီလျံက အားခဲထားသည်။

ထို့နောက်တွင် ၁၉၃၉ ခုနှစ် စက်တင်ဘာလတစ်ရက်နေ့တွင် ဂျာမန်တပ်များ ပိုလန်နိုင်ငံသို့ ဝင်ရောက်လာကြသည်။

ဝီလျံက ပတ်ခ်အဲဗင်နယူးလမ်းမှ အေဘယ်ရို့စနော့စကီး၏ 'နယ်စားဟိုတယ်' အကြောင်းကို စဉ်းစားမိသည်။ နယ်စားဟိုတယ်သည် နယူးယောက်မြို့တော်တွင် တစ်နေ့ထက် တစ်နေ့ လူသိများပြီး နာမည်ကြီးလာသည်။ မစ္စတာ သောမတ်ကိုဟင်၏ လေးလတစ်ကြိမ် ထောက်လှမ်းရေး အစီရင်ခံစာအရ အေဘယ်ရို့စနော့စကီး၏ စီးပွားရေးမှာလည်း တော်တော် အင်အားကောင်းလာကြောင်းသိရှိရသည်။ သို့သော် ဥရောပတိုက်သို့ လုပ်ငန်းတိုးချဲ့ရေးမှာမူ လောလောဆယ် ဘာမှ အကောင်အထည်မပေါ်သေးကြောင်း တွေ့ရှိရသည်။ ထို့ပြင် ဟင်နရီအော့စဘွန်းနှင့် အေဘယ်ရို့စနော့စကီးတို့မှာလည်း မည်သို့မျှ တိုက်ရိုက် ဆက်ဆံရေးမရှိသေးကြောင်း တွေ့ရှိရသည်။

အမေရိကန်နိုင်ငံသည် ဥရောပစစ်ပွဲတွင် ဘယ်နည်းနှင့်မျှ ဝင်ရောက်လိမ့်မည်မဟုတ်ဟု ဝီလျံက ယူဆထားသည်။ သို့သော် သူက လန်ဒန်မြို့ရှိ လက်စတာဘဏ်ခွဲကို ဖွင့်မြဲဖွင့်ထားပြီး ဟမ်းပ်ရှိုင်းယားနှင့် လင်ကွန်းရှိုင်းယားနယ်များရှိ သူပိုင် ခြံမြေဧကတစ်သောင်းကျော်ကိုလည်း ရောင်းပစ်ရန် လောလောဆယ် လုံးဝမစဉ်းစားသေးချေ။

ဘော့စတွန်မြို့မှ တိုနီဆိုင်မွန်ကမူ လန်ဒန်မြို့ရှိ ကိန်းနှင့် ကဘော့ဘဏ်ခွဲကို ပိတ်ပစ်လိုက်တော့မည်ဟု အကြောင်းကြားသည်။ ထို့ကြောင့် ဝီလျံက ဘော့စတွန်သို့ လိုက်သွားပြီး တိုနီနှင့် တွေ့ဆုံဆွေးနွေးသည်။

သူတို့နှစ်ယောက်သည် လောက်ခ်ိအိုဘားဟိုတယ်တွင် နေ့လယ်စာစားရင်း ဒူးတိုက် ဆွေးနွေးကြသည်။

မူလက တိုနီကြိုတင်နိမိတ်ဖတ်ခဲ့သည့်အတိုင်း ဝီလျံ လက်စတာဘဏ်ဥက္ကဋ္ဌ ဖြစ်သွား သောအခါ ကိန်းနှင့် ကဘောဘဏ်တိုက်မှ အဓိကဖောက်သည်အချို့ ဆုံးရှုံးသွားခဲ့သည်။

"ပထမအကြောင်းကတော့ ရှင်းနေတယ်" တိုနီဆိုင်မွန်က တင်ပြသည်။ "ဒီအတိုင်း ဆက်လုပ်နေရင် ဒီထက်အရှုံးပေါ်လာမှာ သေချာတယ်"

"ပိုက်ဆံ နည်းနည်းရှုံးပေမယ့် စစ်အတွင်းမှာ ဗြိတိသျှအစိုးရကို ကူညီရာရောက်တော့မှာပါ" ဝီလျံက ထင်မြင်ချက်ပေးသည်။

"ဘာကြောင့်လဲ၊ ဘာကိုကူညီရမှာလဲ၊ တို့လုပ်ငန်းက ကူညီတောက်ပံ့ရေးကလပ် မဟုတ်ဘူး ဝီလျံ၊ တို့လုပ်နေတာက ဘဏ်လုပ်ငန်း ဘဏ်လုပ်ငန်း"

"အင်္ဂလန်နိုင်ငံဟာ ဘော့စ်ဘောအဖွဲ့တစ်ခု မဟုတ်ပါဘူး၊ ပြည်သူတွေပါဝင်တဲ့ နိုင်ငံ တစ်နိုင်ငံပါ၊ ကျွန်တော်တို့ ဘိုးဘွားဘီဘင်အဆက်ဆက် သမိုင်းကြွေးရှိခဲ့တဲ့ နိုင်ငံပါ အန်ကယ်"

"ဒီလိုဆို မင်းက နိုင်ငံရေးပဲ လုပ်ဖို့ကောင်းတော့တယ်၊ ဘဏ်လုပ်ငန်းမှာတော့ အချိန် ဖြုန်းမနေသင့်တော့ဘူး၊ ဒီလို ပိတ်ပစ်ဖို့ ရည်ရွယ်တာမှာ အဓိကအကြောင်းတစ်ချက်ရှိသေးတယ်၊ ဟစ်တလာဟာ ပိုလန်နဲ့ ပြင်သစ်ကို ကျူးကျော်ဝင်ရောက်သလို အင်္ဂလန်ကိုလည်း ဝင်လာမယ်ဆိုရင် သူက ဘဏ်တိုက်တွေ သိမ်းယူမှာ ကျိန်းသေပဲ၊ အဲဒါဆိုရင် တို့အနေနဲ့ တစ်ပဲနီတောင် ပြန်ရ နိုင်တော့မှာ မဟုတ်ဘူး"

"အဲဒီလို လုပ်လို့ ဘယ်ရမလဲ၊ ကျွန်တော်တော့ အသက်ပေးပြီး တိုက်မှာပဲ၊ ဟစ်တလာ က အင်္ဂလန်မြေပေါ် ခြေချတဲ့နေ့မှာ အမေရိကန်က ဒီအတိုင်းလက်ပိုက်ကြည့်မနေပါဘူး၊ စစ် ထဲဝင်လာပြီး ဂျာမနီကို အပြုတ်တိုက်မှာပဲ"

တိုနီက ရယ်လိုက်ပြီး...

"ဒါနဲ့... မင်း ဘယ်တော့ အထက်လွှတ်တော်အမတ် ရွေးကောက်ပွဲ ဝင်မလဲ... ဝီလျံ"

"ဘယ်တော့မှ မဝင်ပါဘူး"

"အဲလေ ဘာပဲဖြစ်ဖြစ် မင်းရဲ့ အယူအဆကိုတော့ ငါလေးစားပါတယ်၊ ဒါပေမယ့် ငါ တော့ ပိတ်ပစ်လိုက်ချင်တာပဲ"

"အန်ကယ်က ဥက္ကဋ္ဌပဲ၊ ဘုတ်အဖွဲ့က သဘောတူရင် လန်ဒန်ဘဏ်ခွဲကို မနက်ဖြန်ကစ ပြီး ပိတ်ပစ်လိုက်လဲ ရတာပဲ၊ ကျွန်တော်ကတော့ အများစု သဘောတူရင် ဘယ်တော့မှ မဆန့် ကျင်ပါဘူး"

"ဒါပေမယ့် လက်စတာဘဏ်နဲ့ တို့ဘဏ်နှစ်ခု ပေါင်းစပ်မယ်ဆိုရင်တော့ မင်းက ခေါင်းညိတ်မယ် မဟုတ်လား"

"အန်ကယ် ဥက္ကဋ္ဌဖြစ်နေသမျှတော့ အဲဒီလုပ်ရပ်မျိုး ကျွန်တော့်တစ်သက် မလုပ်ပါဘူး၊ ဒါ တကယ်ပြောတာပါ၊ အန်ကယ့်ကို ကျွန်တော် လေးစားပါတယ်"

"ဒါပေမယ့် ငါတကယ်ပြောနေတာ ဝီလျံ၊ တို့ဘဏ်တိုက်နှစ်တိုက် ပေါင်းသင့်တယ်လို့ ငါတကယ် ယုံကြည်နေတယ်"

"ဒီစကားမျိုး အန်ကယ်ပြောလာလိမ့်မယ်လို့ ကျွန်တော် လုံးဝမထင်ခဲ့ဘူး၊ ဘယ်တော့မှလဲ ထင်မှာမဟုတ်ဘူး အန်ကယ်"

"ငါပြောမယ် ဝီလျံ၊ မင်းသိတဲ့အတိုင်း ငါဟာ ဘဏ်လုပ်ငန်းကို အသည်းထဲက စွဲချစ်လာခဲ့တဲ့လူပါ၊ အဲဒီတော့ လက်ရှိအခြေအနေကို ခဏပြန်ကြည့်စမ်းပါ၊ အခုအချိန်မှာ နယူးယောက်မြို့ဟာ အလျင်ကထက်ပိုပြီး အမေရိကန်ငွေကြေးလောကရဲ့ ဗဟိုဌာနကြီးဖြစ်လာပြီ၊ အင်္ဂလန်နိုင်ငံ ဟစ်တလာလက်အောက် ရောက်သွားတဲ့အချိန်ကျတော့ ကမ္ဘာ့ငွေကြေးဗဟိုဌာနကြီးဖြစ်လာလိမ့်မယ်၊ ဒါကြောင့်မို့ ကိန်းနှင့် ကဘော့ဘဏ်ကို အမေရိကန်နိုင်ငံမှာပဲ ရှိနေစေရမယ်၊ ပြီးတော့ အကယ်၍ တို့ဘဏ်နှစ်ခုကို ပေါင်းပစ်လိုက်လို့ရှိရင် လုပ်ငန်းအတိုင်းအတာအားဖြင့် အများကြီးကြီးကျယ်လာနိုင်တယ်၊ လုပ်ငန်းချင်းတူပြီး ပွရောင်းရောင်းဖြစ်နေတာကိုလဲ ကျုံ့ပစ်လိုက်နိုင်မယ်"

"အန်ကယ်ပြောတာ ကျွန်တော်လက်ခံပါတယ်၊ ဒါပေမယ့် အင်္ဂလန်ဘဏ်ခွဲကိုတော့ လုံးဝမပိတ်စေချင်ဘူး"

"ငါ ပြောလိုတာက ဒီလိုပါ၊ အင်္ဂလန်က ကိန်းနဲ့ကဘော့ဘဏ်ခွဲကိုပဲ ပိတ်ပစ်မယ်၊ လက်စတာဘဏ်ခွဲကို ဆက်ဖွင့်ထားမယ်၊ ဒီကြားထဲ ပြဿနာပေါ်လာရင်လဲ သိပ်အရှုံးမရှိနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် တို့က ဘဏ်နှစ်ခု ပေါင်းထားတဲ့အတွက် အားရှိနေတော့ သိပ်ပြီး အထိမနာနိုင်တဲ့ သဘောပေါ့"

✧ ✧ ✧

ထိုနေ့ညနေတွင် ဝီလျံနယူးယောက်သို့ ပြန်ရောက်တော့ တိုနီဆိုင်မွန်၏ အဆိုပြုချက်ကို ဆွေးနွေးရန် လက်စတာဘဏ်ဘုတ်အဖွဲ့ အစည်းအဝေးကို ခေါ်ယူလိုက်သည်။

ဘဏ်တိုက်နှစ်ခု ပူးပေါင်းရန် ကိစ္စကို ဘုတ်အဖွဲ့ဝင်အားလုံးကပင် မူအားဖြင့် သဘောတူကြသည်။ သို့သော် အသေးစိတ် ဆွေးနွေးလိုသေးသဖြင့် ဝီလျံက ဒါရိုက်တာလူကြီးအသီးသီးအား ပြည့်ပြည့်စုံစုံလေ့လာပြီးမှ အစီရင်ခံစာ တင်သွင်းကြရန် အချိန်ပေးလိုက်သည်။

ဌာနဆိုင်ရာ အကြီးအကဲများက သုံးလတိုင်တိုင် အသေးစိတ်လေ့လာပြီးတော့မှ ဘုတ်အဖွဲ့ အစည်းအဝေးသို့ အစီရင်ခံစာ တင်သွင်းကြသည်။ အစီရင်ခံစာအားလုံးကို ခြုံ၍ သုံးသပ်လိုက်သောအခါ အားလုံးကပင် ပူးပေါင်းရေးကို သဘောတူကြောင်း အဖြေထွက်လာသည်။

သို့ဖြင့် နာမည်ကျော် ဘဏ်တိုက်ကြီးနှစ်ခု ပူးပေါင်းရေးလုပ်ငန်းအတွက် ရှေ့နေများ ငှားရမ်း၍ စာချုပ်စာတမ်းများ ပြင်ဆင်ရေးဆွဲခြင်းတို့ဖြင့် တစ်နှစ်တာမျှ အချိန်ကုန်သွားခဲ့သည်။

ပူးပေါင်းမှုပြင်ဆင်ရေးလုပ်ငန်း အားလုံးပြီးစီးသွားသောအခါ ဝီလျံက စီးပွားရေးလောက တစ်ခုလုံး သိရှိသွားစေရန်အတွက် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲကြီး ပြုလုပ်ရန် ဆုံးဖြတ်လိုက်သည်။

သို့ရာတွင် သတင်းစာ ရှင်းလင်းပွဲ မတိုင်မီ တစ်ရက်အလို (ဒီဇင်ဘာ ၇ ရက်နေ့နံနက်) တွင် ဂျပန်က ပုလဲဆိပ်ကမ်းကို ဝင်တိုက်သောကြောင့် သတင်းစာရှင်းလင်းပွဲကြီးလည်း ပျက်သွားခဲ့ရတော့သည်။

ထိုအချိန်တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည့်အကြောင်းကို စာနယ်ဇင်းအသီးသီးသို့ ကြိုတင်ပေးပို့ထားပြီးဖြစ်သောကြောင့် အင်္ဂါနေ့မနက်ထုတ် သတင်းစာများက ဘဏ်တိုက်နှစ်ခု ပူးပေါင်းခြင်း သတင်းကို သာမန် သတင်းတိုကလေးအဖြစ်တော့ ဖော်ပြကြသည်။

ယင်းသို့ ဂျပန်တို့၏ စစ်ဆင်ရေး ကျူးကျော်မှုကြောင့် သူ၏ အလွန့်အလွန် အားခဲထားသော အဓိက ရည်မှန်းချက်ကြီးတစ်ခု သဲထဲရေသွန်ပျက်စီးသွားရသောအခါ ဝီလျံသည် ဂျပန်ကျူးကျော်ရေးသမားများအား အကြီးအကျယ် နာကျည်းသွားမိလေသည်။

သို့ဖြင့် သူသည် စစ်ထဲဝင်ချင်စိတ် ပြင်းပြစွာ ဖြစ်ပေါ်လာသည်။ သို့သော် သူ့ဆန္ဒကို ကိတ်အား ဖွင့်ပြောရမည့်အရေးကို တွေးပြီး ရင်လေးနေမိသည်။

အောင့်အည်းမထားနိုင်တော့သည့်အဆုံးတွင် သူက ဇနီးသည်အား ဖွင့်ပြောလိုက်သည်။ ဤတွင် ကိတ်မှာ မျက်လုံးပြူး မျက်ဆံပြူးဖြစ်သွားပြီး လင်တော်မောင်အား အကျောက်အကန် တားမြစ်တော့သည်။

"စိတ်ကူးမယဉ်စမ်းပါနဲ့ မောင်ရယ်၊ တခြား လူတစ်သန်းလောက်တောင်မှ မလုပ်နိုင်တဲ့ အလုပ်တစ်ခုကို မောင်တစ်ယောက်တည်း လုပ်လို့ဖြစ်မှာတဲ့လား"

"ဖြစ်မယ် မဖြစ်မယ်တော့ ကိုယ်အသေအချာမသိဘူး ကိတ်၊ ဒါပေမယ့် ကိုယ့်အနေနဲ့ သေချာပေါက် ပြောနိုင်တာကတော့ ဒီလို အခြေအနေမျိုး ကြုံလာရင် ကိုယ့်အဘိုးနဲ့ ကိုယ့်ဖေဖေ တို့လဲ ကိုယ်လိုပဲ လုပ်ကြမှာပါပဲ"

"ဒါပေမယ့် သူတို့က မောင့်လို တဖောက်ကန်းဒေါသနဲ့ သွေးရူးသွေးတန်း လုပ်တာမဟုတ်ဘဲ ဘဏ်တိုက်ရဲ့ အကျိုးစီးပွားကိုသာ အဓိကရှေးရှုပြီး လုပ်ကြမှာပါ"

"မဟုတ်ဘူး ကိတ်၊ အဲဒီလို လုံးဝမဟုတ်ဘူး၊ သူတို့က ဘဏ်တိုက်ရဲ့ အကျိုးစီးပွား တစ်ခုတည်းကိုသာ ကြည့်ပြီး လုပ်ကြမှာမဟုတ်ဘူး၊ သူတို့ရဲ့ အမိနိုင်ငံတစ်ခုလုံးရဲ့ အကျိုးစီးပွားကို အဓိကထားပြီး လုပ်ကြမှာပါ"

✣

(၂၄)

အဘယ်သည် 'ရှီကာဂိုထရီဗျွန်း' သတင်းစာ စီးပွားရေးကဏ္ဍတွင် ဖော်ပြထားသော 'လက်စတာ ကိန်းအင်ကုမ္ပဏီ' အကြောင်းသတင်းကို ဖတ်ရှုနေသည်။

သတင်းစာမျက်နှာဖုံးတွင် ပုလဲဆိပ်ကမ်းကို ဂျပန်တို့ ဗုံးကြဲတိုက်ခိုက်သော သတင်းကိုသာ ဝေဝေဆာဆာ အသားပေး ဖော်ပြထားသည်။ အကယ်၍သာ ဝီလျံကိန်း၏ ခေတ်မမီသော ဓာတ်ပုံသေးသေးကိုသာ မကြည့်မိပါက အထက်ဖော်ပြပါ သတင်းတိုကလေးကို အဘယ် လုံးဝဖတ်မိမည်မဟုတ်။ ယခုတော့ လွန်ခဲ့သော ၁၀ နှစ်ကျော်ကျော်က ဘော့စတွန်မြို့တွင် ဝီလျံထံသို့ အဘယ် သွားရောက်ခဲ့စဉ်က မြင်တွေ့ခဲ့ရသည့်အတိုင်း ဝီလျံ၏ဓာတ်ပုံကို ရုတ် တရက် သွားမြင်မိသောကြောင့်သာ အဆိုပါ သတင်းတိုကလေးကို အဘယ်က အမှတ်မထင် ဖတ်မိခြင်းဖြစ်သည်။

ဝီလျံအား အသစ်ပူးပေါင်းဖွဲ့စည်းလိုက်သော 'လက်စတာကိန်းအင်ကုမ္ပဏီ' ၏ အလွန် တော်သော ဥက္ကဋ္ဌသစ်ဟူ၍ သတင်းစာက အမွှမ်းတင် ချီးကျူးထားသည်။ ထို့ပြင် 'နယူးယောက်မှ လက်စတာဘဏ်နှင့် ဘော့စတွန်မှ ကိန်းနှင့် ကဘော့ဘဏ်တို့ကို တစ်ပေါင်းတည်း ဖွဲ့စည်းတည် ထောင်လိုက်သော လက်စတာကိန်းအင်ကုမ္ပဏီသည် တစ်နေ့သောအခါ အမေရိကန်နိုင်ငံ၏ အရေးအပါဆုံးသော ဘဏ်လုပ်ငန်းကြီးတစ်ရပ် ဖြစ်လာနိုင်စရာရှိသည်။ "ကျုပ်တို့ သတင်း ထောက်က စုံစမ်းသိရှိရသည့်အတိုင်းဆိုလျှင် အဆိုပါဘဏ်၏ အစုရှယ်ယာများကို စီးပွားချင်း စဆက်စပ်နေသော ပုဂ္ဂိုလ် ၂၀ ခန့်က၊ သို့မဟုတ် လက်စတာနှင့် ကိန်းမိသားစုကြီးနှစ်ခု၏ ဆွေမျိုးသားချင်းများက ပိုင်ဆိုင်ထားသည်ဟုဆို၏" ဟူ၍ သတင်းစာက ဆက်လက်ဖော်ပြ ထားသည်။

အဘယ်က အထက်ပါသတင်းတိုကလေးကိုဖတ်ပြီး ဝမ်းသာမိသည်။ အဘယ်ကြောင့်

ဆိုသော် ဝီလျံကိန်းအနေဖြင့် အဆိုပါဘဏ်လုပ်ငန်းကြီးတစ်ခုလုံးကို ဘယ်နည်းနှင့်မျှ နိုင်နိုင်နင်းနင်း ချုပ်ကိုင်နိုင်မည်မဟုတ်ဟု သူက ယုံကြည်သောကြောင့်ဖြစ်သည်။

ဝီလျံသည် သူနှင့် ပဋိပက္ခဖြစ်ခဲ့ပြီးသည့်အချိန်မှစ၍ ဘဏ်လုပ်ငန်းတွင် တစ်ရှိန်ထိုးထင်ရှားလာခဲ့သည်။ သူလည်း ဝီလျံကဲ့သို့ပင် ဟိုတယ်လုပ်ငန်းတွင် နာမည်ကျော်လာခဲ့သည်။

သို့သော် ဝီလျံနှင့် သူတို့၏ ဇာတ်လမ်းက ဤမျှနှင့် မဆုံးသေး။ ရှေ့ကိုဆက်ရန်ကျန်နေသေးသည်။ ဝီလျံက သူ့အပေါ်တွင် တင်နေသော ရာဇဝင်ကြွေးကို ဖြစ်သည့်နည်းဖြင့် ဆပ်ခိုင်းရဦးမည်ဖြစ်သည်။

အေဘယ်နေဖြင့် လွန်ခဲ့သော ၁၀ နှစ်ကျော်ကာလအတွင်းတွင် စီးပွားရေးတိုးတက်လာခဲ့သောကြောင့် သူ့အား ကျောထောက်နောက်ခံ အကူအညီပေးခဲ့သော ပုဂ္ဂိုလ်ကြီးထံမှ ချေးယူခဲ့သည့်ငွေအားလုံးကို အကျေအလည် ပေးဆပ်နိုင်ရုံမျှမက ဟိုတယ်လုပ်ငန်းတစ်ခုလုံး၏ အစုရှယ်ယာအားလုံးကိုပင် ပိုင်ဆိုင်သူဖြစ်လာနိုင်ခဲ့သည်။

သူသည် ၁၉၃၉ ခုနှစ်အကုန်တွင် အကြွေးအားလုံးကို ပေးဆပ်နိုင်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် အသားတင် အမြတ်ငွေ ဒေါ်လာ ငါးသိန်းရရှိခဲ့သည်။ ထိုနှစ်အတွင်း ဝါရှင်တန်နှင့် ဆန်ဖရန်စစ္စကိုမြို့များတွင် 'နယ်စားဟိုတယ်' နှစ်ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

ယင်းကာလများတွင် သူသည် ဇနီးသည် ဇာဖီယာအား ယုယမှုနည်းပါးလာခဲ့သော်လည်း သမီးဖြစ်သူ ဖလော်ရင်တီနာကိုကား အထူးတလည် ဂရုစိုက်ခဲ့သည်။

ဇာဖီယာကား သမီးတစ်ယောက်တည်းနှင့် မကျေနပ်၍ နောက်ထပ် ကလေးလိုချင်လာသည်။ ဖြစ်နိုင်လျှင် သားယောကျ်ားကလေးလိုချင်သည်။ ထို့ကြောင့် အေဘယ်အား ဆရာဝန်ထံ သွားရောက်စစ်ဆေးရန် မကြာခဏ နားပူနားဆာလုပ်လာသည်။ နောက်ဆုံးမနေသာတော့ အေဘယ်သည် ဆရာဝန်နှင့် သွားရောက်စစ်ဆေးသည်။ သို့သော် ပထမ ကမ္ဘာစစ်အတွင်းက ခံစားခဲ့ရသော နာမကျန်းဖြစ်ခြင်း၊ အာဟာရချို့တဲ့ခြင်းတို့ကို အကြောင်းပြု၍ သုတ်ပိုးအားနည်းမှုကြောင့် သူ့အနေဖြင့် ဘယ်နည်းနှင့်မျှ သန္ဓေသားမျိုးစေ့ မအောင်မြင်နိုင်တော့ဟု ဆရာဝန်က ပြောသည်။

သို့ဖြင့် သူသည် သားယောကျ်ားကလေးရရှိရေး မျှော်လင့်ချက်ကို လုံးဝစွန့်လွှတ်လိုက်ပြီးလျှင် တစ်ဦးတည်းသော သမီးငယ်အပေါ်တွင်သာ ရှိသမျှ အချစ်ကို စုပုံထားလိုက်တော့သည်။

ယခုအချိန်တွင် အေဘယ်၏ ဂုဏ်သတင်းသည် အမေရိကန်တစ်ပြည်လုံးတွင် ပျံ့နှံ့နေပြီ။ သူ့အား စာနယ်ဇင်းများက 'ရှီကာဂိုနယ်စား' ဟူ၍ တင်စားခေါ်ဝေါ်နေကြပြီ။ သူက သူ့နောက်ကွယ်တွင် ပြောင်နောက်ပြောဆိုနေကြသည်ကိုလည်း လုံးဝဂရုမစိုက်တော့။

၁၉၄၁ ခုနှစ်တွင် သူ၏ ဟိုတယ် ၁၃ ခုမှ အသားတင် အမြတ်ငွေ ဒေါ်လာတစ်သန်းနီးပါးရသည်။ ထို့ကြောင့် သူက အားရှိလာပြီး ရင်းနှီးငွေ ထပ်ဖြည့်လျက် လုပ်ငန်းများ ပိုမိုတိုးချဲ့ရန် ဆုံးဖြတ်လိုက်သည်။

ကံဆိုးကျင်တော့ ထိုအချိန်တွင်ပင် ဂျပန်က ပုလဲဆိပ်ကမ်းကို ဝင်ရောက်တိုက်ခိုက်

တော့သည်။

အေဘယ်သည် ပိုလန်အမျိုးသား စစ်ပြေးဒုက္ခသည်များအား ထောက်ပံ့နိုင်ရေးအတွက် ဗြိတိသျှ ကြက်ခြေနီအသင်းသို့ ငွေကြေးအမြောက်အမြား ပေးလှူလိုက်သည်။ တစ်ချိန်တည်းတွင် အမေရိကန်နိုင်ငံအနေဖြင့် စစ်ထဲဝင်ရန်ကိစ္စအတွက်လည်း သူက ဒီမိုကရက်တစ်ပါတီအတွင်း၌လည်းကောင်း၊ စာနယ်ဇင်းများမှတစ်ဆင့်လည်းကောင်း သဲကြီးမဲကြီး လှုံ့ဆော်စည်းရုံးသည်။ သည်လုပ်ရပ်အတွက် သူ့အနေဖြင့် အတိုက်အခံတွေ အများကြီးနှင့် ပြင်းပြင်းထန်ထန် ရင်ဆိုင်ခဲ့ရသည်။

သို့သော် သူ၏ ကြိုးပမ်းမှုမှာ ဘာမှ အရာမထင်ခဲ့။

ဒီဇင်ဘာလ ၁၁ ရက် တနင်္ဂနွေနေ့တွင်မူ ဂျာမနီနှင့် အီတလီနိုင်ငံတို့က အမေရိကန်အား စစ်ကြေငြာကြောင်း သတင်းပေါ်ထွက်လာတော့သည်။ ဤတွင် အမေရိကန်နိုင်ငံသည် စစ်ကို ဘယ်နည်းနှင့်မျှ ရှောင်လွှဲ၍မရနိုင်တော့ကြောင့် အေဘယ်က သဘောပေါက်မိတော့သည်။

မိမိကိုယ်တိုင် စစ်ထဲဝင်လိုသော ဆန္ဒလည်း တဖွားဖွား ဖြစ်ပေါ်လာမိသည်။ သို့သော် သူ့အနေဖြင့် အမျိုးသားရေးစစ်ပွဲကို မစတင်မီ ပုဂ္ဂိုလ်ရေးစစ်ပွဲကို အလျင်စတင်ရန် ရှိသေးသည်။

ထို့ကြောင့်သူသည် ကွန်တီနင်တယ်ဘဏ္ဍာထိန်းဘဏ်တိုက်မှ မစ္စတာကာတစ်ဖင်တန်ထံသို့ တယ်လီဖုန်းလှမ်းဆက်သည်။ မစ္စတာဖင်တန်သည် အေဘယ်အတွက် နှစ်ပေါင်းတော်တော်ကြာကြာကတည်းကပင် သစ္စာရှိစွာဖြင့် အကျိုးဆောင်လာခဲ့သူတစ်ဦးဖြစ်သည်။ ထို့ကြောင့် အေဘယ်က သူ့အား 'နယ်စားကုမ္ပဏီ' အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင် ဒါရိုက်တာလူကြီးအဖြစ် ခန့်ထားခဲ့သည်။ မစ္စတာဖင်တန်သည် နယ်စားကုမ္ပဏီနှင့် ကွန်တီနင်တယ်ဘဏ်တို့အား စီးပွားဖက်အဖြစ်သို့ရောက်အောင် ဆောင်ကြဉ်းပေးခဲ့သဖြင့် အေဘယ်အတွက် ငွေရေးကြေးရေးကိစ္စများတွင် အလွန်အားထားခဲ့ရသူလည်းဖြစ်သည်။

တစ်ဖက်မှ လိုင်းဝင်လာသည်။ မစ္စတာဖင်တန်၏ ယဉ်ကျေးပျူငှာသော ကြားနေကျအသံကို ကြားရသည်။

"ဟလို... ဖင်တန်စကားပြောနေပါတယ်"

"ကျွန်တော်ပါ...မစ္စတာဖင်တန်၊ အေဘယ်ပါ၊ လောလောဆယ် ဘဏ်တိုက်မှာ ကျွန်တော့်စုငွေ ဘယ်လောက်များ ရှိပါသေးသလဲ မစ္စတာဖင်တန်"

မစ္စတာဖင်တန်က စားပွဲပေါ်တွင် အသင့်ရှိနေသော ဖိုင်တွဲတစ်ခုကို ကမန်းကတန်း ကောက်လှန်လိုက်သည်။

"စုစုပေါင်း နှစ်သန်းမပြည့်တပြည့်လောက် ရှိပါသေးတယ်"

"ကောင်းတယ် အတော်ပဲ၊ အဲဒီတော့ နောက်တစ်ခု ဆက်လုပ်ပေးပါဦး၊ လက်စတာကိန်းအင်ကုမ္ပဏီ နာမည်နဲ့ အသစ်ဖွင့်တဲ့ ဘဏ်တိုက်ကို မစ္စတာဖင်တန်သိမှာပေါ့၊ အဲဒီဘဏ်ကို စုံစမ်းကြည့်ပါ၊ အဲဒီဘဏ်မှာ ရှယ်ယာဝင်ထားတဲ့လူတွေနဲ့ နာမည်ရယ်၊ သူတို့ ပိုင်ဆိုင်တဲ့ အစုရှယ်ယာရာခိုင်နှုန်းရယ်၊ ပြီးတော့ အဲဒီရှယ်ယာတွေကို တစ်ယောက်ယောက်က ဝယ်မယ်

ဆိုရင် ဘယ်လို စည်းကမ်းသတ်မှတ်ချက်နဲ့ ရောင်းမယ်ဆိုတာတွေကို အသေးစိတ် သိချင်တယ်၊ ဒီလိုလုပ်တာကို အဲဒီဘဏ်ဥက္ကဋ္ဌ မစ္စတာဝီလျံကိန်း လုံးဝမသိစေချင်ဘူး၊ ကျွန်တော့် နာမည်ကိုလဲ လုံးဝမသိပါစေနဲ့"

မစ္စတာဖင်တန်က ဟင်းကနဲ သက်မတစ်ချက် ချလိုက်သည်၊ သူက ဘာမှပြန်မပြော။ သူ၏ အံ့အားသင့်သွားသော မျက်နှာကို အေဘယ်မမြင်နိုင်သည်ကိုပင် သူကတွေးပြီး ဝမ်းသာမိသည်။ အေဘယ်က ဝီလျံကိန်းပိုင်တဲ့ ဘဏ်မှာ ဘာ့ကြောင့်များ အရင်းအနှီး မြှုပ်နှံချင်ရတာပါလိမ့်။

နာမည်ကျော် ဘဏ်တိုက်ကြီး နှစ်ခု ပူးပေါင်းလိုက်သည့်သတင်းကို 'ဝေါလ်စထရိဂျာနယ်' တွင် သူလည်း ဖတ်လိုက်ရသည်။ တစ်ချိန်တည်းတွင် ပုလဲဆိပ်ကမ်းကို ဂျပန်ဝင်ရောက်ဗုံးကြဲသည့် သတင်းကိုလည်း ဖတ်လိုက်ရသည်။ ယင်းသတင်းနှစ်ပုဒ်မှာ ဆင်နှင့်ဆိတ်လို ပမာဏချင်း ကွာခြားလွန်းသောကြောင့် ဘဏ်တိုက်နှစ်ခု ပူးပေါင်းသည့်သတင်းကို သူ့အနေဖြင့် မျက်စိပင်ရှန်းသွားမိသေးသည်။ အင်း သူဖုန်းဆက်တာ အတော်ပဲ၊ ဝီလျံကိန်းဆီ သံကြိုးရိုက်ပြီး ဝမ်းသာကြောင်း သဝဏ်လွှာပို့လိုက်ဦးမှာပဲ။

သူက ယင်းသို့တွေးမိပြီး ဖိုင်တွဲအောက်နားတွင် ခဲတံနှင့် တေးမှတ်ထားလိုက်သည်။

အေဘယ်၏ အသံ ပြန်ပေါ်လာသည်။

"အားလုံး အပြည့်အစုံသိရတဲ့အခါ ကျွန်တော့်ကို လူကိုယ်တိုင်လာပြီးတင်ပြပါ၊ အစီရင်ခံစာတွေ ဘာတွေနဲ့ လုပ်မနေပါနဲ့"

"ကောင်းပါပြီ မစ္စတာရို့စနော့စကီး"

အင်း… ဒီလူတော့ ဟစ်မျိုးထွင်ပြန်ပြီ၊ သူတို့နှစ်ယောက် ဘာတွေဖြစ်ကြဦးမလဲ မသိဘူး။

အေဘယ်က ဆက်ပြောသည်။

"ပြီးတော့ ကျွန်တော့်ဆီ သုံးလပတ် အစီရင်ခံစာတင်တဲ့အခါ လက်စတာဘဏ်ရဲ့ လှုပ်ရှားမှုအားလုံးကိုလဲ အခန်းသပ်သပ် ထည့်ပေးပါ၊ အဲဒီဘဏ်တိုက်နဲ့ ဆက်သွယ်နေတဲ့ ကုမ္ပဏီတွေအကြောင်းလဲ ပါပါစေ"

"စိတ်ချပါ မစ္စတာရို့စနော့စကီး"

"ကျေးဇူးတင်ပါတယ် မစ္စတာဖင်တန်၊ ဒါနဲ့ စကားမစပ် သတင်းကောင်းတစ်ခု ပေးရဦးမယ်၊ ဈေးကွက်သုတေသနအဖွဲ့ရဲ့ အကြံပေးချက်အရ ကနေဒါက မွန်ထရီရယ်မြို့မှာ နယ်စားဟိုတယ်သစ်ဖွင့်ဖို့ ဆုံးဖြတ်လိုက်ပြီခင်ဗျ"

"ဟင်…ဘယ်နှယ့် ဒီလောက် စစ်ကြီးဖြစ်နေတာ မစ္စတာ ရို့စနော့စကီးက ထည့်မတွက်တော့ဘူးလား"

"ဟင့်အင်း၊ မတွက်ပါဘူး၊ ဂျာမန်တွေ မွန်ထရီရယ်မြို့ကို ဝင်လာရင် ပိတ်ပစ်လိုက်ရုံပဲပေါ့၊ ကွန်တီနင်ပယ် ဘဏ်လဲ ဒီအတိုင်းနေမှာပေါ့၊ ဘာပဲပြစ်ဖြစ် ကျွန်တော်တို့က ဒီကောင်တွေကို အလျင်တစ်ကြိမ်ကလဲ အပြတ်ဆော်ခဲ့ပြီးပြီ၊ ဒီတစ်ကြိမ်လဲ အပြတ်ဆော်ရဦးမှာပဲ၊ ဒါပေမယ့်

ကျွန်တော်တော့ ဒီကောင်တွေကို ဒီတစ်ချိမှာ ကိုယ်ထိလက်ရောက် ဝင်ဆော်နိုင်လိမ့်မယ်ထင်တာပဲ၊ ကဲ ဒါပါပဲ၊ မင်္ဂလာနေ့ပါ မစ္စတာပင်တန်"

ဒီလူ ဦးနှောက်ထဲ ဘာတွေများဝင်နေသလဲ မသိပါဘူးဟု မစ္စတာပင်တန်က တွေးလိုက်ပြီး တယ်လီဖုန်းကို ပြန်ချလိုက်သည်။

ထို့နောက် သူက ဆက်တွေးနေမိသည်။

ဒီလူက လက်စတာဘဏ်က အစုရှယ်ယာတွေအကြောင်း ဘာလို့သိချင်နေရတာလဲ၊ အဲဒီဘဏ်မှာ အစုရှယ်ယာဝင်ချင်လို့လား၊ ဝီလျံကိန်းနဲ့ သူနဲ့က အလျင်တုန်းကလည်း ဘာမှ အဆက်အဆံမရှိခဲ့ဖူးပါဘူး၊ သူတို့နှစ်ယောက်ဆက်မိသွားရင် နှစ်ယောက်စလုံးအတွက် အကျိုးထက် အပြစ်သာများလာဖို့ရှိတယ်...

ပင်တန်က ယင်းသို့စဉ်းစားမိပြီး လောလောဆယ်တွင် သူတို့နှစ်ယောက်၏ ခြေလှမ်းကိုသာ အကဲခတ် စောင့်ကြည့်နေရန် ဆုံးဖြတ်လိုက်သည်။

တစ်ချိန်တည်းတွင် အေဘယ်ကလည်း ချီတုံချတုံ ဖြစ်နေမိသည်။

လက်စတာဘဏ်မှာ ငါဘာ့ကြောင့် ရှယ်ယာပါချင်တဲ့အကြောင်း ပင်တန်ကို ဖွင့်ပြောလိုက်ရကောင်းမလား၊ အင်း... မဖြစ်သေးပါဘူးလေ၊ ငါလုပ်ရပ်က လူမသိလေ ကောင်းပါပဲ။

သူသည် ဝီလျံကိန်းအကြောင်း ခေါင်းထဲမှ ခဏဖယ်ထုတ်ထားလိုက်ပြီးနောက် ဂျော့အား သူ့ရုံးခန်းထဲသို့ လွှတ်လိုက်ရန် အတွင်းရေးမှူး စာရေးမအား ဖုန်းနှင့် လှမ်းပြောလိုက်သည်။

ဂျော့မှာ ယခုအခါ နယ်စားကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌဖြစ်နေပြီ။ ရေမြင့် ကြာတင့်ဆိုသလို အေဘယ် ကြီးပွားလာခဲ့သည်နှင့်အမျှ ဂျော့မှာလည်း အလုပ်လက်မဲ့ဘဝမှ လူတစ်လုံး သူတစ်လုံး ဖြစ်လာခဲ့ရသည်။ ယခုဆိုလျှင် ဂျော့သည် အေဘယ်၏ အားအကိုးရဆုံး ညာလက်ရုံးပုဂ္ဂိုလ်တစ်ယောက်ပင် ဖြစ်နေပြီ။

အေဘယ်သည် ရိုကာဂိုနယ်စားဟိုတယ်၏ လေးဆယ့်နှစ်ထပ်ရှိ သူ၏ ရုံးခန်းတွင်ထိုင်ကာ မိချိဂန်ရေအိုင်ကြီးကို အပေါ်စီးမှ လှမ်းကြည့်လျက်ရှိသည်။ မျက်လုံးများက ရေအိုင်ကြီးကို ကြည့်နေသော်လည်း စိတ်ကတော့ ပိုလန်နိုင်ငံသို့ လွင့်မြောပါသွားသည်။ ငါ့တစ်သက်မှာ ရဲတိုက်ကြီးကိုများ တစ်ခါတစ်ခေါက် ပြန်ရောက်နိုင်ပါဦးမလား။

ယခုအခါ ရဲတိုက်ကြီးမှာ ရုရှနယ်မြေထဲသို့ ရောက်ရှိသွားခဲ့ပြီ။ သူသည် ပိုလန်နိုင်ငံတွင် ဘယ်တော့မှ အခြေမချနိုင်တော့ဆိုသည်ကို အေဘယ်က ကောင်းစွာသဘောပေါက်မိသည်။ သို့သော် တစ်ချိန်က သူပိုင်ခဲ့သော ခမ်းနားကြီးကျယ်သည့် သမိုင်းဝင်ရဲတိုက်ကြီးကိုတော့ ဖြစ်နိုင်လျှင် ပြန်လိုချင်ပါသေးသည်။ ယခုဆိုလျှင် သူ၏ ရဲတိုက်ကြီးထဲတွင် ရုရှတွေက ဝင်ရောက်တပ်စွဲပြီး ထင်သလို ကြီးနေကြပေရော့မည်။

အေဘယ်သည် ယင်းသို့တွေးမိရင်း မိမိတို့ မျိုးဆက်ပိုင် ရဲတိုက်ကြီးကို မျိုးခြားနယ်ချဲ့တို့လက်မှ ပြန်လည်ရယူလိုသည့်ဆန္ဒ တဖွားဖွား ဖြစ်ပေါ်လာမိသည်။

ထိုအခိုက် အခန်းထဲသို့ ဂျော့ဝင်လာသဖြင့် သူ့အတွေးများ ပြတ်သွားရသည်။

"ကျွန်တော့်ကို တွေ့ချင်တယ်ဆို အေဘယ်"

အေဘယ်အား ငယ်နာမည်နှင့် ခေါ်လေ့ရှိသော လူမှာ နယ်စားကုမ္ပဏီတစ်ခုလုံးတွင် ဂျော့တစ်ယောက်သာရှိသည်။ သူတို့နှစ်ယောက်က ငယ်ပေါင်း မိတ်ဆွေများမို့ တစ်ယောက်ကို တစ်ယောက် ငယ်နာမည်ဖြင့်ပင် ရင်းရင်းနှီးနှီး ခေါ်ကြခြင်းဖြစ်သည်။

"ဟုတ်တယ် ဂျော့၊ ကျွန်တော် သုံးလေးလလောက် ခွင့်ယူရကောင်းမလားလို့ စိတ်ကူး မိတယ်၊ အဲဒီတော့ ကျွန်တော်မရှိတုန်းမှာ ခင်ဗျားအနေနဲ့ ဟိုတယ်ဘွေကို နိုင်နိုင်နင်းနင်း အုပ် ချုပ်နိုင်ပါ့မလား"

"ရပါတယ် အေဘယ် ကျွန်တော် အုပ်ချုပ်နိုင်ပါတယ်၊ ဒါနဲ့ ဘာလဲ ခင်ဗျားက ခွင့်ရက် ရှည်ယူပြီး အပန်းဖြေခရီးထွက်မလို့လား"

"မဟုတ်ဘူး၊ စစ်ထဲဝင်မလို့"

"ဘာ... ဘာ... ဘယ်လို၊ စစ်ထဲဝင်မလို့ ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော် တကယ် ပြောနေတာပါ၊ ကျွန်တော် မနက်ဖြန်မနက် နယူးယောက်သွားပြီး စစ်တပ်ထဲ ဝင်လိုက်တော့မယ်"

"ဘယ့်နှယ် ခင်ဗျား ရူးများရူးနေပြီလား အေဘယ်၊ စစ်ထဲဝင်ရင် ခင်ဗျား သေသွား သွားမှာပေါ့"

"ကျွန်တော် မသေပါဘူး၊ သေမှာက ဂျာမန်နယ်ချဲ့တွေပါ၊ သူတို့ကို ကျွန်တော် သွား သတ်မယ်၊ ပထမအကြိမ်တုန်းက သူတို့ကို ကျွန်တော် သတ်ခွင့်မရလိုက်ဘူး၊ ဒီတစ်ချီတော့ တော်တွေကို အပြတ်ဆော်ရတော့မယ်"

ဂျော့က အေဘယ်၏ မျက်နှာကိုတည့်တည့်ကြည့်လိုက်သည်။ သူ တကယ်ပင် လုပ်တော့မည်ဆိုသည်ကို သူ့မျက်နှာအမူအရာက ထင်ထင်ရှားရှား ဖော်ပြနေသည်။

သို့သော် ဂျော့က သူ့ကို ဆက်၍တားသည်။ အမေရိကန်နိုင်ငံသည် အေဘယ်မပါဘဲနှင့်လည်း ဤစစ်ပွဲကြီးကို အောင်ပွဲခံနိုင်ပါသည်ဟု ဂျော့က အကြောင်းပြပြီး သူ၏ အချစ်ဆုံးသူငယ်ချင်း ကို အတန်တန်တားသည်။

တစ်ချိန်တည်းတွင် ဇနီးသည် ဇာဖီယာကလည်း မျက်ရည်စက်လက်နှင့် တောင်းပန်ရှာသည်။ သူမက စစ်ဆိုလျှင် အန်ချင်အောင် အလွန်မုန်းသည်။ ဖြစ်နိုင်လျှင် နားမှာပင် ထပ်၍မကြားချင်။ ထို့ပြင် ရှစ်နှစ်အရွယ် သမီးငယ် ဖလော်ရင်တီနာကလည်း ဘုမသိ ဘမသိနှင့် အဖေမျက်နှာ တစ်လှည့်၊ အမေ့မျက်နှာတစ်လှည့်ကြည့်ပြီး တစ်ငိုတည်း ငိုနေတော့သည်။ သို့သော် သူမ၏ အချစ်ဆုံးဖေဖေသည် သူမနှင့် သူမ၏ မေမေတို့အား ပစ်ထားခဲ့ပြီး ဘာကြောင့်များ အကြာကြီး ခရီးထွက်ချင်ရပါလိမ့် ဆိုသည်ကိုတော့ သူမအနေဖြင့် လုံးဝ နားမလည်နိုင်ပါချေ။

✧ ✧ ✧

ဂျော့နှင့် ဇာဖီယာတို့က အတန်တန် တားနေကြသည့်ကြားထဲမှပင် အေဘယ်သည်

ဖွတ်မိုတ်ပြီး နောက်တစ်နေ့နံနက်တွင် လေယာဉ်ဖြင့် နယူးယောက်မြို့သို့ ထွက်ခွာလာခဲ့လေသည်။

အမေရိကန်တစ်ပြည်လုံးသည် အရပ်လေးမျက်နှာသို့ ဦးဇာည်လျှောက်လှမ်းလျက်ရှိသည်။ နယူးယော်က်မြို့ထဲတွင် ကာကီယူနီဖောင်းဝတ် လူငယ်များဖြင့် ပြည့်နှက်နေသည်။ သူတို့သည် မိဘများ၊ ဇနီးမယားများနှင့် ချစ်သူများအား နှုတ်ဆက်နေကြသည်။ မကြာမီ စစ်ကြီးပြီးဆုံးသွားမှာပါဟု သူတို့ ပါးစပ်ကပြောနေကြသော်လည်း နှလုံးသားကတော့ လုံးဝမယုံကြ။

အေဘာယ်သည် ညနေစာအမီ နယူးယောက် နယ်စားဟိုတယ်သို့ ရောက်ရှိလာသည်။ စားသောက်ခန်းကျယ်ကြီးထဲတွင် လူငယ်တွေ ခြေချင်းလိမ်နေကြသည်။ ကြည်းတပ်သား၊ ရေတပ်သား၊ လေတပ်သား အစုံပါဝင်သည်။ မိန်းကလေးတွေက သူတို့၏ ချစ်သူစစ်သည်မောင်များအား သွေးရူးသွေးတန်း ဖက်ထားကြသည်။ တွမ်မီဒေါ်ဆေ၏ တီးဝိုင်းကြီးကလည်း မြိုင်လှသည်။ အဆိုကျော်မင်းသား ဖရန့်ဆင်နာထရာ၏ အသံကလည်း လှိုင်လှသည်။

အေဘာယ်သည် ဇာတ်ခုံပေါ်တွင် မိမိတို့၏ ချစ်သူများနှင့် တပျော်တပါး တွဲကနေကြသော စစ်သည်လူငယ်များကို စိတ်ဝင်စားစွာဖြင့် ရပ်ကြည့်နေမိသည်။ သူတို့အနက် ဘယ်နှစ်ယောက်များ သည်လိုပျော်စရာပွဲမျိုးကို နောက်တစ်ကြိမ်ပြန်လည်ဆင်နွှဲနိုင်ကြပါဦးမလဲဟု သူက တွေးနေမိသည်။ သူအလုပ်လုပ်ခဲ့ဖူးသော ပလာဇာဟိုတယ်မှ စားပွဲထိုးသုံးယောက် မကြာမီကလေးကမှ အနောက်ဘက် စစ်မျက်နှာက ပြန်ရောက်လာခဲ့ကြသည်။ သူတို့တွင် ခြေထောက်တစ်ဖက်စီသာ ပြန်ပါလာခဲ့ကြတော့သည်။ ယခု ပျော်ပျော်ရွှင်ရွှင် ကခုန်နေကြသော လူငယ်များသည် စစ်ဆိုတာ ဘာဟူ၍ အတိအကျ သိကြသူများမဟုတ်။

သူက ကပွဲတွင် ဝင်မကဘဲ သူ့အခန်းသို့သာ လှည့်ပြန်လာသည်။

✧ ✧ ✧

အေဘာယ်သည် နောက်နေ့နံနက်တွင် အနက်ရောင် ဝတ်စုံကိုဝတ်လျက် တိုင်းစကွဲယားရင်ပြင်ရှိ စစ်သားစုဆောင်းရေးရုံးသို့ လာခဲ့သည်။ သူသည် ရှီကာဂိုတွင် မဝင်ဘဲ နယူးယောက်သို့ လာဝင်ခြင်းမှာ သူ့ကို အသိတစ်ယောက်ယောက်က မြင်သွားမည် ကြောက်သောကြောင့် ဖြစ်သည်။

စစ်သား စုဆောင်းရေးရုံးတွင် မနေ့ညက ကပွဲခန်းမမှာထက်ပင် ပို၍ လူတွေ စည်ကားနေသေးသည်။ သို့သော် သည်နေရာမှာတော့ ဘယ်သူ့ကိုမှ ဘယ်သူတစ်ယောက်က ဆွဲထားခြင်း၊ ဖက်ထားခြင်း လုံးဝမရှိ။

သူသည် ပုံစံတစ်ခုဖြည့်ရဖို့အတွက် တစ်မနက်လုံး ရပ်စောင့်ရသည်။ ယခုမြင်ရသော စစ်သားလောင်း အားလုံးလိုလိုပင် သူ့ထက် အရပ်အမောင်းကောင်းကြသည်ကို တွေ့ရသည်။

ပုံစံဖြည့်ပြီးတော့ လူတွေ့စစ်ဆေးရန်အတွက် နှစ်နာရီကျော်ကျော်မျှ တန်းစီကြရသည်။ နောက်ဆုံး သူ့အလှည့်ရောက်လာသည်။ တပ်ကြပ်ကြီးတစ်ယောက်က သူ့ကို မေးမြန်းသည်။

"ဘာလုပ်သလဲ"

"ဟိုတယ်လုပ်ငန်း"

ပြီးတော့ သူက ပထမကမ္ဘာစစ်အတွင်းက အတွေ့အကြုံများကို တစ်ဆက်တည်း ပြောပြလိုက်သည်။

တပ်ကြပ်ကြီးက အရပ်ငါးပေခုနစ်လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၉၀ ရှိသော သူ့ကို သေသေချာချာ စူးစိုက်ကြည့်နေသည်။

တကယ်လို့ သူသည် 'ရှီကာဂိုနယ်စား' ဖြစ်ကြောင်း ပြောပြလိုက်လျှင် သူစောစောက ပြောခဲ့သော အကျဉ်းကျခံခဲ့ရပုံများ၊ ထွက်ပြေးလွတ်မြောက်လာပုံများကိုလည်း တပ်ကြပ်ကြီးက သံသယမရှိဘဲ ယုံကြည်သွားနိုင်စရာရှိသည်။ သို့သော် သူက ယင်းအကြောင်းကိုမပြောရန် ဆုံးဖြတ်လိုက်သည်။ သူ့ကိုလည်း အခြားသူတွေလိုပင် သာမန်နိုင်ငံသားတစ်ယောက်အဖြစ် ဆက်ဆံစေချင်သည်။

"မနက်ဖြန်မနက်မှာ ကျန်းမာရေးစစ်ဆေးခံရမယ်၊ အခုလို စေတနာအလျောက် တပ်မတော်ထဲဝင်လာတာ ဂုဏ်ယူပါတယ်"

တပ်ကြပ်ကြီးက ဤမျှသာပြောပြီး နောက်နေ့နံနက်တွင် ထပ်လာရန် ချိန်းလိုက်သည်။

နောက်တစ်နေ့ မနက်တွင်လည်း အကြာကြီး တန်းစီစောင့်နေရပြီးမှ ကျန်းမာရေး စစ်ဆေးခံရသည်။

သူ၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍ ဆရာဝန်က ပြောင်ပြောင်ပင် ပြောသည်။

"ခင်ဗျားက ကိုယ်အလေးချိန်လဲ များနေတယ်၊ မျက်စိလဲ မကောင်းဘူး၊ နှလုံးကလည်း အားနည်းနေတယ်၊ ပြီးတော့ ခြေတစ်ဖက်ကလဲ ဆာနေသေးတယ်၊ ဖြောင်ဖြောင်ပြောရရင် ခင်ဗျားဟာ စစ်သားဝင်လုပ်ဖို့ အရည်အချင်း မပြည့်စုံဘူး၊ ရှိ့စနော့စကီး၊ ဒီလိုလူစားမျိုးကို တို့က စစ်မြေပြင်မပို့နိုင်ဘူး၊ ရန်သူမမြင်ခင် အသက်ပျောက်သွားမှာ စိုးရတယ်၊ သို့ပေမယ့် ဒီအတွက်ကြောင့် စစ်တပ်ထဲမဝင်ရဘူးလို့တော့ ပြောတာမဟုတ်ဘူး၊ ခင်ဗျားရဲ့ အခြားအရည်အချင်းတွေကို တပ်မတော်မှာ အသုံးချလို့ရပါတယ်၊ ခင်ဗျား စိတ်ဝင်စားမယ်ဆိုရင် ရုံးလုပ်ငန်းမှာ လုပ်နိုင်တာတွေ အများကြီးရှိပါတယ်"

အေဘယ်က ဆရာဝန်ကို လက်သီးနှင့်သာ ပိတ်ထိုးလိုက်ချင်သည်။ သို့သော် ထိုး၍မဖြစ်။ ထိုးလျှင် သူ့အနေဖြင့် ယူနီဖောင်းမဝတ်ရတော့ရုံသာမက အချုပ်ထဲပင် တန်းဝင်သွားရလိမ့်မည်။

"ကျေးဇူးတင်ပါတယ်၊ ဒေါက်တာ၊ ဒါပေမယ့် ဒေါက်တာပြောတာတော့ ကျွန်တော် မလုပ်ချင်ပါဘူး၊ ကျွန်တော်က ဂျာမန်တွေကို တိုက်ပဲတိုက်ချင်ပါတယ်၊ သူတို့ဆီ စာတော့ သွားမပေးချင်ပါဘူး"

ထိုနေ့ညနေက အေဘယ်သည် စိတ်ပျက်လက်ပျက်ဖြင့် ဟိုတယ်သို့ ပြန်လာခဲ့သည်။ သို့သော် လက်တော့မလျှော့သေး။ မရရအောင် ကြိုးစားမည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။ သို့ဖြင့် နောက်တစ်နေ့တွင် စစ်သားစုဆောင်းရေးတပ်တစ်ခုသို့ ထပ်သွားသည်။ သို့သော်

ယခင်အတိုင်းပင် ဟိုတယ်သို့ ပြန်လာခဲ့ရပြန်သည်။

နောက် ဆရာဝန်က ယခင် ဆရာဝန်လောက်တော့ မဆိုး။ သို့သော် တိုက်ပွဲကိုတော့ ဘယ်နည်းနှင့်မှ သွား၍မဖြစ်ဟု သူကပြောသည်။ သို့ဖြင့် အေဘယ်မှာ ပထမအကြိမ်တုန်းကလို ပင် ၄ (အက်ဖ်) ကျန်းမာရေးအမျိုးအစားဖြင့် အပယ်ခံခဲ့ရပြန်သည်။

သူ့ကိုသူ ပြန်တွေးပြီး ရှက်လည်းရှက်မိသည်။ ဒေါသလည်း ထွက်မိသည်။ အရပ်ထဲ တွင် သူ့ကို ယခုလို ချိုးချိုးနှိမ်နှိမ် ပြောရဲသူတစ်ယောက်မျှမရှိ။ ဒါကလည်း သူ့အဆင့်အတန်း နှင့် သူ့အောင်မြင်မှုကြောင့်ပင် ဖြစ်လိမ့်မည်။

ဘာပဲဖြစ်ဖြစ် စစ်တပ်ထဲတော့ ဝင်ဖြစ်အောင် ဝင်ရမည်။ သို့သော် ဒီအခြေအနေမျိုးနှင့်တော့ လုံးဝမဖြစ်နိုင်တော့။ ကိုယ်အလေးချိန်လျှော့ကျပြီး ကျန်းမာရေးကောင်းလာအောင် ဘာလုပ်ရမလဲ။ သူက အကြံထုတ်သည်။ ဟုတ်ပြီ... အကြံရပြီ။

နောက်တစ်နေ့ မနက်တွင် အနောက် ၅၇ လမ်းမှ ကျန်းမာရေးအားကစားရုံသို့ လာခဲ့ သည်။ ပြင်ပ အားကာနည်းပြဆရာ တစ်ယောက်ကို ပိုက်ဆံပေးပြီး ငှားသည်။ သူ၏ ပြင်ပ ကိုယ်ခန္ဓာအနေအထားကို အချိုးကျအောင် ပြုပြင်ပေးရန် ပြောသည်။

သို့ဖြင့် သူသည် ကိုယ်အလေးချိန် လျှော့သွားရန်နှင့် အထွေထွေကျန်းမာရေးကောင်းလာ ရန်အတွက် သုံးလလုံးလုံး အားသွန်ခွန်စိုက် ကြိုးစားပြီး လေ့ကျင့်ခန်းများလုပ်သည်။

သူသည် ဘောက်ဆင်ထိုးသည်။ နပန်းသတ်သည်။ ပြေးသည်။ တန်းခုန်သည်။ အလေး မသည်။ အစာငတ်ခံသည်။ သည်လိုနှင့် ကိုယ်အလေးချိန် ၁၅၅ ပေါင်သို့ ရောက်လာသောအခါ နည်းပြဆရာက သည်ထက်ပို၍ မကျနိုင်တော့ဟူ၍ ပြောသည်။

သို့ပြင့် သူသည် ပထမဆုံးသွားခဲ့သော စစ်သားစုဆောင်းရေးတပ်သို့ ပြန်လာခဲ့သည်။ ဝလာဒက်ကော်စကေဝစ်ဟု နာမည်ပြောင်းပြီး ပုံစံဖြည့်လိုက်သည်။ သည်တစ်ကြိမ်တွင်တော့ တခြား တပ်ကြပ်ကြီးတစ်ယောက်က စစ်ဆေးသည်။ တပ်ကြပ်ကြီးက တော်တော်သက်သက်ညှာညှာ စစ်သည်။ ဆရာဝန်က သူ့အား အပြည့်အစုံ သေသေချာချာစစ်ဆေးပြီးတော့ အရန်တပ်သား အဖြစ် ရွေးချယ်လိုက်သည်။ လိုအပ်သောအခါ ခေါ်မည်ဟုလည်း ပြောသည်။

"ဒါပေမယ့် ကျွန်တော်က တိုက်ပွဲပဲသွားချင်တယ် ဆာဂျင်၊ ကျွန်တော်က ဂျာမန်တွေ ကို တိုက်ချင်လို့ အခုလိုဝင်လာတာပါ"

"ကျွန်တော်တို့က ခင်ဗျားနဲ့ အမြဲတမ်း အဆက်အသွယ်ရှိနေမှာပါ မစ္စတာကော်စကေ ဝစ်" တပ်ကြပ်ကြီးက ပြောသည်။

"ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်သာနေပါ၊ လိုအပ်တဲ့အခါ ချက်ချင်းလိုက်နိုင်အောင် သာ ပြင်ဆင်ထားပါ။ ဒါပေမယ့် ဘယ်နေ့ခေါ်မယ်ဆိုတာတော့ အတိအကျ ပြောလို့မရပါဘူး"

အေဘယ်က တော်တော်ကလေး ဒေါသထွက်သွားသည်။ သူ့ထက်အသက်ငယ်ပြီး သူ့ ထက်ပိန်သော အမေရိကန်လူငယ်များကိုတော့ တစ်ထိုင်တည်းနှင့် တိုက်ပွဲသို့သွားရန် ချက်ချင်း ရွေးလိုက်သည်ကို မြင်ရ၍ ပို၍ပင် ဒေါသဖြစ်မိသေးသည်။

သူသည် တံခါးကိုဆောင့်ဖွင့်ပြီး အပြင်သို့ထွက်လာခဲ့ရသည်။ လောလောဆယ် ဘယ်သွား၍ ဘာလုပ်ရမမှန်းမသိ။

သူက ဒေါသတကြီးနှင့် ခပ်သုတ်သုတ် လျှောက်လာစဉ် အပြင်ဘက်တွင် ပိန်ပိန်ရှည်ရှည်နှင့် ယူနီဖောင်းဝတ် ပုဂ္ဂိုလ်တစ်ယောက်ကို အမှတ်မထင် ဝင်တိုက်မိသည်။

"မတော်လို့ပါခင်ဗျာ"

အေဘယ်က မော်ကြည့်ပြီး တောင်းပန်လိုက်သည်။ ထိုပုဂ္ဂိုလ်၏ ပခုံးတွင်လည်း ကြယ်ပွင့်တွေ တပ်ဆင်ထားသည်။ ကေနွတော့ ဗိုလ်ချုပ်ကြီးတစ်ယောက် ဖြစ်နိုင်သည်။ အေဘယ်က လှည့်မကြည့်တော့ဘဲ ရှေ့သို့သာ ဆက်လျှောက်လာခဲ့သည်။

"ဟေ့ သူငယ်" ဗိုလ်ချုပ်က လှမ်းခေါ်လိုက်သည်။

အေဘယ်က သူ့ကိုခေါ်သည်ဟုမထင်၍ ဆက်လျှောက်မြဲလျှောက်သည်။ အသက် ၃၅ နှစ်ရှိပြီဖြစ်သော သူ့အား ဘယ်သူကမှလည်း 'သူငယ်'ဟု ခေါ်မည်မထင်။

ဗိုလ်ချုပ်က ထပ်ခေါ်ပြန်သည်။

"ဟေ့... သူငယ်" သည်တစ်ခါတော့ အသံပိုကျယ်သည်။

အေဘယ်က လှည့်ကြည့်လိုက်ပြီး

"ကျွန်တော့်ကို ခေါ်သလားခင်ဗျာ"

"ဟုတ်ပါတယ်"

အေဘယ်က ဗိုလ်ချုပ်ထံသို့ ပြန်လျှောက်လာခဲ့သည်။

"ကျုပ်ရုံးခန်းထဲ ခဏကြွပါ မစ္စတာ ရှိစနော့စကီး"

"ဟာ အဲဒါမှ ဒုက္ခပဲ၊ ဒီပုဂ္ဂိုလ် ငါ့သိတယ်ထင်တယ်၊ ဒါဆိုရင်တော့ ငါ ဘယ်တော့မှ တိုက်ပွဲသွားရမှာ မဟုတ်ဘူး"

အေဘယ်က ယင်းသို့ စဉ်းစားရင်း ဗိုလ်ချုပ်နောက်မှ လိုက်လာခဲ့သည်။ ဗိုလ်ချုပ်၏ ရုံးခန်းမှာ ပင်မအဆောက်အအုံကြီး၏ နောက်ဘက်ရှိ အခန်းကျဉ်းကလေးဖြစ်သည်။

စားပွဲတစ်လုံးနှင့် သစ်သားကုလားထိုင်နှစ်လုံးသာ ရှိသည်။ တစ်ခန်းလုံးကို အစိမ်းရောင်သုတ်ထားပြီး တံခါးတစ်ပေါက်သာရှိသည်။ ဗိုလ်ချုပ်၏ ရုံးခန်းမှာ အေဘယ်၏ နယ်စားဟိုတယ်မှ သာမန်အမှုထမ်းတစ်ယောက်၏ အခန်းလောက်ပင် မသားနား။

"ကျုပ်က ဗိုလ်ချုပ်ကြီး မတ်ကလပ်ပါ မစ္စတာရှိ့စနော့စကီး" ဗိုလ်ချုပ်က စားပွဲတွင် ဝင်ထိုင်ရင်းပြောသည်။ အေဘယ်ကလည်း ကုလားထိုင်လွတ်တွင် ဝင်ထိုင်လိုက်သည်။ "ကျုပ်က အမှတ် (၅) အမေရိကန်တပ်မတော်၊ တပ်မဟာမှူးပါ။ ဒီကို စစ်ဆေးရေးထွက်လာ ရင်း ခင်ဗျားနဲ့ မမျှော်လင့်ဘဲ တွေ့ရတာ ဝမ်းသာပါတယ်၊ ခင်ဗျားက ကျုပ်ကို မသိပေမယ့် ကျုပ်ကတော့ ခင်ဗျားကို သိနေတာ ကြာပါပြီ။ ခင်ဗျားကို သိနေတာဆိုတာထက် လေးစားနေတာ ကြာပြီလို့ပြောရင် ပိုမှန်လိမ့်မယ်။ ခင်ဗျားရဲ့ ဘဝဇာတ်လမ်းက ဒီနေ့ အမေရိကန်လူငယ်တွေ အားကျစရာ အလွန်ကောင်းတာပဲ၊ ဒါနဲ့ ပြောစမ်းပါဦး၊ ခင်ဗျား ဒီမှာ ဘာလာလုပ်တာလဲ"

"ဗိုလ်ချုပ်က ဘာ့လာလုပ်မယ်ထင်လို့လဲ၊ ခွင့်လွှတ်ပါ ခင်ဗျာ၊ ကျွန်တော့်စကား နည်းနည်းနည်း ရိုင်းသွားသလား မသိဘူး၊ ကျွန်တော့်ကို ဘယ်သူကမှ စစ်ထဲဝင်ခွင့်မပြုတာနဲ့ စိတ်ဆိုးပြီး ပြောမိတာပါ"

"ခင်ဗျားက စစ်ထဲဝင်ပြီး ဘာလုပ်မလို့လဲ"

"ဂျာမန်တွေကို တိုက်မှာပေါ့"

"ခြေလျင် စစ်သားအနေနဲ့လား"

"ဟုတ်ပါတယ်၊ ဝင်ချင်တဲ့လူတိုင်း ဝင်လို့မရဘူးလား"

"ရပါတယ်၊ ဒါပေမယ့် ခင်ဗျားအရည်အချင်းကို ခြေလျင်စစ်သားထက် အသုံးဝင်တဲ့နေရာမှာ သုံးမှ ပိုကောင်းမှာပေါ့"

"ဘာပဲ လုပ်ရ လုပ်ရ၊ ကျွန်တော်ဝင်ချင်ပါတယ်"

"အခု ဝင်မှာလား၊ ဒါနဲ့ ခင်ဗျားရဲ့ နယူးယောက်ဟိုတယ်ကို ယာယီစစ်ဌာနချုပ် ဖွင့်ရင် သဘောတူနိုင်ပါ့မလား၊ အမှန်အတိုင်းပြောရရင်တော့ ခင်ဗျားကိုယ်တိုင် စစ်မြေပြင်ထွက်ပြီး ဂျာမန်စစ်သား တစ်ဒါဇင်သတ်တာထက် အဲဒီအလုပ်က ပိုပြီး တန်ဖိုးရှိပါတယ် မစ္စတာရို့စနော့စကီး"

"ကောင်းပါပြီ၊ နယ်စားဟိုတယ်ကို ဗိုလ်ချုပ် ကြိုက်သလို အသုံးပြုပါ၊ ဒါနဲ့ ကျွန်တော့်ကိုရော စစ်ထဲဝင်ခွင့်ပြုမလား"

"ခင်ဗျား ရူးနေသလား မစ္စတာရို့စနော့စကီး"

"ကျွန်တော် မရူးပါဘူး၊ ကျွန်တော် ပိုလန်သားပါ ဗိုလ်ချုပ်" နှစ်ယောက်စလုံး ရယ်လိုက်ကြသည်။ "ဒါဆို ဗိုလ်ချုပ် နားလည်ပါလိမ့်မယ်၊ ကျွန်တော့်ကို စလိုနင်မြို့ပြင်မှာ မွေးခဲ့ပါတယ်၊ ကျွန်တော့်အိမ်ကို ဂျာမန်တွေ သိမ်းသွားတယ်၊ ကျွန်တော့်အစ်မကို ရုရှတွေ သတ်သွားတယ်၊ နောက်ပိုင်း ဆိုက်ဘေးရီးယား အကျဉ်းစခန်းက ကျွန်တော် ထွက်ပြေးလွတ်မြောက်လာခဲ့တယ်၊ အခု ဒီကောင်တွေထပ်ပြီး ကျူးကျော်လာပြန်ပြီ၊ ကျွန်တော် မရူးပါဘူး ဗိုလ်ချုပ်၊ ကျွန်တော် လူကောင်းတစ်ယောက်ပါ"

"ဒါဆိုလဲ ကောင်းပြီလေ၊ ခင်ဗျားက ဒီလောက်တောင်မှ စိတ်အားထက်သန်နေရင်လဲ တစ်နေရာရာမှာ တာဝန်ပေးရတာပေါ့၊ ဒါပေမယ့် ခင်ဗျားစိတ်ကူးထားသလိုတော့ ဖြစ်မှာမဟုတ်ဘူး၊ ဗိုလ်ချုပ်ကြီး ဒင်းဗားက သူတို့ရှေ့တန်းမှာ တိုက်နေတုန်း နောက်တန်းမှာ တပ်ထောက်တစ်ယောက်လိုနေတယ်လို့ ပြောတယ်၊ စစ်တပ် တစ်တပ်ဟာ လက်နက်နဲ့ တိုက်ခိုက်တာမဟုတ်ဘူး၊ ဝမ်းဗိုက်နဲ့ တိုက်ခိုက်တာဖြစ်တယ်လို့ နပိုလီယံပြောတာကို ခင်ဗျား ယုံမယ်ဆိုရင် ဒီတာဝန်က အလွန်အရေးပါတဲ့ တာဝန်ပဲ၊ အဆင့်ကတော့ ဗိုလ်မှူးအဆင့်ရမယ်၊ ဒါဟာ စစ်အောင်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းက ကူညီခြင်းပါပဲ၊ ဘယ်လိုသဘောရသလဲ"

"ကျွန်တော်လုပ်မယ် ဗိုလ်ချုပ်"

"ကျေးဇူးတင်ပါတယ် မစ္စတာရို့စနော့စကီး"

ဗိုလ်ချုပ်ကြီးက စားပွဲပေါ်မှ ခလုတ်ကို နှိပ်လိုက်သည်။ ဗိုလ်ကလေးတစ်ယောက်ဝင်လာသည်။ ဗိုလ်ချုပ်ကြီးကို အလေးပြုသည်။

"လက်ဖတင်နင်... ဒီက ဗိုလ်မှူး ရှိစနော့စကီးကို မှတ်တမ်းဌာနကို ခေါ်သွားပါ၊ ပြီးတော့ ငါ့ဆီပြန်ခေါ်လာခဲ့"

"ဟုတ်ကဲ့ ဗိုလ်ချုပ်" လက်ဖတင်နင်က အေဘယ်ဘက်သို့ လှည့်လိုက်ပြီး "ဒီဘက်ကိုကြွပါ ဗိုလ်မှူး"

အေဘယ်က ထိုင်ရာမှထ၍ လိုက်သွားသည်။ တံခါးဝရောက်တော့မှ နောက်ပြန်လှည့်ပြီး...

"ကျေးဇူးတင်ပါတယ် ဗိုလ်ချုပ်"

✧ ✧ ✧

အေဘယ်သည် စနေနှင့် တနင်္ဂနွေရက်အားတွင် ရှီကာဂိုသို့ပြန်ပြီး ဇနီးနှင့် သမီးငယ်တို့နှင့် အချိန်ဖြုန်းသည်။

"ဒါနဲ့ ရှင့်ဝတ်စုံ ၁၅ စုံရှိနေတာ ဘယ်လိုလုပ်ရမလဲ အေဘယ်"

ဇာဖီယာက မေးသည်။

"ဘာလုပ်ရမှာလဲ၊ သိမ်းထားပေါ့ကွ" အေဘယ်က ဇာဖီယာ ဘာပြောမှန်း နားမလည်သဖြင့် ပြန်ဟောက်လိုက်သည်။ "မင်းတို့က စစ်တပ်ထဲဝင်ရင်ပဲ သေဖို့ဝင်တယ်လို့ ထင်နေကြသလား၊ ငါ မသေနိုင်ပါဘူးကွ"

"ဟုတ်ပါတယ်... ရှင် မသေနိုင်ပါဘူး၊ ကျွန်မက အဲဒါပြောတာ မဟုတ်ဘူး အေဘယ်၊ ရှင်က ကိုယ်ပေါင်ချိန်လျော့သွားလို့ အခု ရှင့်ဝတ်စုံတွေက ရှင်နဲ့ မတော်တော့ဘူး၊ ရှင့်ကိုယ်ထက် သုံးဆလောက် ကျယ်သွားကြပြီ၊ အဲဒါ ဘာလုပ်ရမလဲလို့ ကျွန်မက မေးတာပါ"

အေဘယ်က ရယ်သည်။ ပြီးတော့ သူက ဝတ်စုံအားလုံးကို ပိုလန်စစ်ပြေးဒုက္ခသည်များစခန်းသို့ သွား၍ လှူပစ်လိုက်သည်။

ထို့နောက် နယူးယောက် နယ်စားဟိုတယ်သို့ ပြန်လာခဲ့သည်။ ကြိုတင်ဧည့်သည်စာရင်းကို လုံးဝလက်မခံတော့ရန် ပိတ်ပစ်လိုက်သည်။

နောက် ၁၂ ရက်ကြာသောအခါ ဟိုတယ်တစ်ခုလုံးကို အမှတ် (၅) အမေရိကန်တပ်မဟာသို့ လွှဲပြောင်းပေးလိုက်သည်။ အေဘယ်၏ လုပ်ရပ်ကို စာနယ်ဇင်းများက "ကိုယ်ကျိုးစွန့်သော လုပ်ရပ်၊ ပထမကမ္ဘာစစ်အတွင်းက ကိုယ်တိုင် စစ်ဘေးဒုက္ခသည်တစ်ယောက်ဖြစ်ခဲ့ဖူးသော ပုဂ္ဂိုလ်တစ်ယောက်၏ ဂုဏ်ပြုထိုက်သည့် မြင့်မြတ်သောလုပ်ရပ်" ဟူ၍ ချီးကျူးကြသည်။

အေဘယ်သည် ဟိုတယ်၌ပင် ဆက်လက်နေထိုင်ပြီး ဗိုလ်ချုပ်ကြီးကလပ်၏ လုပ်ငန်းအောင်မြင်ရေးအတွက် အစစအရာရာ စီမံခန့်ခွဲပေးရင်း သုံးလခန့်အချိန်ကုန်လွန်သွားခဲ့သည်။ ထို့နောက်တွင် ဗိုလ်သင်တန်းတက်ရန် 'ဖို့ထ်တင်းနင်း' စစ်စခန်းသို့ လာခဲ့ရသည်။ သင်တန်းပြီးဆုံးသောအခါ

အမှတ် (၅) တပ်မဟာဌာနချုပ်တွင် ဗိုလ်ချုပ်ကြီး ဒင်းဗားလက်အောက်၌ အမှုထမ်းရသည်။ မကြာမီတွင် အာဖရိကမြောက်ပိုင်းတစ်နေရာသို့ တပ်ထွက်ရသည်။ သူက ဂျာမနီကိုမှ ရောက်နိုင်ပါတော့မှာလားဟု တွေးပူမိသည်။

သူသည် အာဖရိကသို့ မထွက်မီ သေတမ်းစာတစ်စောင် ရေးထားခဲ့သည်။ သေတမ်းစာတွင် နယ်စားကုမ္ပဏီကို ဒေးဗဒ်မက်တွန်အား စည်းကမ်းချက်များ သတ်မှတ်၍ပေးထားသည်။ ကျန်သော သူ၏ အိုးအိမ်ခြံမြေပစ္စည်းများကိုမူ ဇနီး ဓာဗီယာနှင့် သမီး ဖလော်ရင်တီနာတို့အား ခွဲဝေပေးထားသည်။ ဤအကြိမ်သည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်အတွင်း အေဘယ်အနေဖြင့် သေခြင်းတရားကို ပထမဆုံးအကြိမ် စဉ်းစားမိသောအချိန်ဖြစ်သည်။

သူတို့တပ်သည် နယူးယောက်ဆိပ်ကမ်းမှ သင်္ဘောဖြင့် ထွက်ခွာသည်။ အေဘယ်က လောဘာတီ အထိမ်းအမှတ် ကျောက်ရုပ်ကြီးကို သင်္ဘောကုန်းပတ်ပေါ်မှ ရပ်ကြည့်နေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်က သူအမေရိကသို့ ထွက်ခွာလာစဉ်က ဤအထိမ်းအမှတ်ကျောက်ရုပ်ကြီးကို ပထမဆုံးအကြိမ် စတင်မြင်ခဲ့ရသည်ကို ပြန်လည် သတိရမိသည်။

မီးရှူးတိုင် ကိုင်မြှောက်ထားသော အမျိုးသမီးကျောက်ရုပ်ကြီးကို သင်္ဘောကျော်သွားတော့ သူက နောက်တစ်ကြိမ် ပြန်လှည့်၍ မကြည့်တော့။ သို့သော် ပါးစပ်ကတော့ အသံထွက်၍ ပြောလိုက်မိသည်။

"သွားလိုက်ပါဦးမယ် အမေရေ၊ နောက်တစ်ကြိမ် ကျွန်တော်တို့ ပြန်လာတဲ့အခါတော့ အောင်ပွဲခံလို့ ပြန်လာပြီလို့သာ မှတ်ပေတော့ အမေရေ"

အေဘယ်သည် သူနှင့်အတူ စားဖိုမှူးနှစ်ယောက်နှင့် မီးဖိုခန်းလုပ်သား ငါးယောက်လောက်ကိုလည်း ခေါ်လာခဲ့သည်။

သူတို့ သင်္ဘောသည် အတ္တလန္တိတ်သမုဒ္ဒရာကြီးကို ဖြတ်ကျော်ခုတ်မောင်းလာခဲ့သည်။

နောက်ဆုံး ၁၉၄၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အယ်လ်ဂျီးရီးယားသို့ ရောက်ရှိသည်။

သူသည် ဖုန်ထူသော၊ နေပူရှိန်းပြင်းသော သဲကန္တာရထဲတွင် တပ်သားအားလုံး ဝဝလင်လင် အဆင်ပြေပြေ စားသောက်ရအောင် စီမံခန့်ခွဲရင်း တစ်နှစ်တာတိတိ နေခဲ့ရသည်။

"ကျုပ်တို့တပ်မှာ ဖုတ်ပူမီးတိုက် စားကြရပေမယ့် အစားအသောက်ကတော့ ဟိုတယ်လောက် ကောင်းတယ်ဗျို့" ဟု ဗိုလ်ချုပ်ကြီးကလပ်က ချီးကျူးစကားဆိုသည်။

အေဘယ်သည် အယ်လ်ဂျီးယားရှိ တစ်ခုတည်းသော ဟိုတယ်ကို အုပ်ချုပ်ရသည်။ ထိုဟိုတယ်ကို ဗိုလ်ချုပ်ကလပ်၏ ဌာနချုပ်အဖြစ် ပြောင်းလဲလိုက်သည်။ သူ့အနေဖြင့် အရေးကြီးသော တာဝန်ကို ထမ်းဆောင်နေရသည် မှန်သော်လည်း အေဘယ်က တိုက်ပွဲထွက်ဖို့ကိုသာ အမြဲတမ်း တောင့်တနေသည်။ သို့သော် အစားအသောက်တာဝန်ယူရသော ဗိုလ်မှူးများအား ရှေ့တန်းသို့ ပို့ခဲ့သဖြင့် သူ့အဖို့ အခက်အကြုံနေရလေသည်။

သူသည် ဓာဗီယာနှင့် ဂျော့တို့ထံသို့ မကြာခဏ စာရေးသည်။ သမီးငယ်ကိုလည်း

တတ်ပုံတွင် မြင်ရသည်။ ပလော်ရင်တီနာကလေးသည် တစ်နေ့ထက်တစ်နေ့ ချောလာသည်ဟု ထင်မိသည်။ မစ္စတာကာတစ်ဖင်တန်ထံမှလည်း ကြို့ကြားကြိုးကြား စာလာသည်။ နယ်စားကုမ္ပဏီ စီးပွားရေး အလွန်ကောင်းနေသည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန်ရှိ ဟိုတယ်တိုင်းလိုလို တွင် စစ်သားများနှင့် အရပ်သားများ ပြွတ်ခဲနေသောကြောင်း ဖြစ်သည်ဟု မစ္စတာပင်တန်က သတင်းပို့သည်။

မွန်ထရီယယ်မြို့တွင် နယ်စားဟိုတယ်သစ်ဖွင့်ပွဲသို့ မတက်ရောက်နိုင်ခြင်းအတွက် အဘယ် က အတော်ကလေး စိတ်မကောင်းဖြစ်မိသည်။ သူ့ကိုယ်စား ဂျော့ကတက်ရောက်ရ သည်။ ဤ အကြိမ်သည် နယ်စားဟိုတယ်သစ်တစ်ခုဖွင့်ပွဲသို့ အဘယ်ကိုယ်တိုင် မတက်ရောက်နိုင်ဖြစ်ရသည့် ပထမဆုံးအကြိမ်ပင် ဖြစ်သည်။ သို့သော် ဟိုတယ်သစ်များလည်း စီးပွားရေးကောင်းမွန်နေကြောင်း ဂျော့က စာရေးသောကြောင့် အဘယ်က ဝမ်းသာမိသည်။ တစ်ချိန်တည်းတွင် အမေရိကန်၌ သူ့အနေဖြင့် ဘယ်အတိုင်းအတာအထိ စီးပွားဖြစ်ထွန်းခဲ့ပြီးပြီ။ အမေရိကကို ဘယ်အတိုင်းအတာ အထိ ကျေးဇူးပြန်ဆပ်ရမှာလဲဟူသော မေးခွန်းကိုလည်း သူ့ကိုယ်သူ မေးမိလာသည်။

တပြည်းပြည်းနှင့် အာဖရိကတွင် နေရသည်ကို အဘယ် ငြီးငွေ့လာသည်။ တစ်နေ့လာ လဲ ဒါ၊ တစ်နေ့လာလဲ ဒါဖြင့် အပြောင်းအလဲမရှိသော ဘဝတွင် နေနေရသည်ကို ပျင်းလာ သည်။

သူသည် တကယ့် ရင်ဆိုင်တိုက်ပွဲတစ်ခုကိုလည်း တစ်ခါမျှ မမြင်ရသေး။ ရှေတန်းသို့ ရိက္ခာသွားပို့ရင်း သေနတ်သံများကိုတော့ ကြားခဲ့ရပါ၏။ သို့သော် ယင်းအချက်ကပင် သူ့အား ပို၍ ရိုးတိုးရွတဖြစ်စေခဲ့သည်။ ပို၍ ဒေါသထွက်အောင် လှုံ့ဆော်ပေးခဲ့သည်။ သူသည် တကယ့်တိုက်ပွဲတွင် ရင်ဆိုင်တိုက်ချင်၍ စစ်ထဲဝင်လာခဲ့သူ မဟုတ်ပါလား။

တစ်နေ့တော့ ဗိုလ်ချုပ်ကြီးကလပ်၏ အမှတ် (၅) တပ်မဟာကို ဥရောပတောင်ပိုင်းသို့ ချီတက်ရမည်ဟု အမိန့်ကျလာသည်။ အဘယ်မှာ စိတ်ကူးဖြင့် အူမြူးနေရတော့သည်။

အမှတ် (၅) တပ်မဟာသည် ကုန်းရေသွား တင့်ကားများဖြင့် အီတာလျံ ကမ်းခြေသို့ တက်ရောက်တိုက်ခိုက်သည်။ လေတပ်မတော် တိုက်လေယာဉ်များက အပေါ်မှ ကူတိုက်ပေးသည်။

အန်ဇီယိုတွင် တစ်ကြိမ်၊ မွန်တီကက်စီနိုတွင် တစ်ကြိမ် ရန်သူတပ်နှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ပွား သည်။ သို့သော် ယင်းတိုက်ပွဲနှစ်ပွဲစလုံးတွင် အဘယ်မပါ။ သို့ဖြင့် သူသေနတ်တစ်ချက်မျှ မဖောက်လိုက်ရဘဲလျက် စစ်ပွဲကြီး ပြီးဆုံးသွားမည့်အရေးကို တွေးပြီး စိတ်မချမ်းမသာပင် ဖြစ်မိသည်။ သို့သော် သူ့အား ရှေ့တန်းသို့ပို့စေနိုင်မည့် နည်းလမ်းကိုလည်း သူက ကြံဆ၍မရ။ သည်လိုနှင့် သူ့အား ဒုဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ပေးပြီးနောက် နောက်ထပ်အမိန့်ကို စောင့် ရန် လန်ဒန်သို့ ပို့လိုက်တော့သည်။

◇ ◇ ◇

၁၉၄၄ ခုနှစ်၊ ဇွန်လ (၆) ရက်နေ့တွင် ဥရောပ စစ်မျက်နှာများသို့ မဟာမိတ်တပ်များ

အလုံးအရင်းနှင့် ချီတက်၍ ထိုးစစ်ဆင်သည်။ ဩဂုတ်လ (၂၅) ရက်နေ့တွင် ပြင်သစ်နိုင်ငံသို့ ချီတက်၍ ပါရီမြို့တော်ကို ပြန်လည် သိမ်းပိုက်လိုက်သည်။

အေဘာယ်သည် အမေရိကန်နှင့် လွတ်လပ်သော ပြင်သစ်စစ်သည်တော်များနှင့်အတူ ပြင်သစ်ဗိုလ်ချုပ်ကြီး ဒီဂေါ၏နောက်မှ ချီတက်လာစဉ် စစ်ဒဏ်ကို အလူးအလဲ ခံခဲ့ရသော်လည်း လှပခမ်းနားလျက်ပင် ရှိသေးသော ပါရီမြို့တော်ကို အလွန်သဘောကျသွားသည်။ သို့ဖြင့် စစ်ကြီးပြီးသောအခါ ပြင်သစ်နိုင်ငံတွင်လည်း နယ်စားဟိုတယ် ဖွင့်လှစ်ရန် ဆုံးဖြတ်ချက် ချလိုက်သည်။

မဟာမိတ်တပ်များသည် ပြင်သစ်နိုင်ငံမြောက်ပိုင်းသို့ ဆက်လက်ချီတက်ကာ ဂျာမနီ နယ်စပ်ကို ဖြတ်ကျော်ပြီး ဘာလင်မြို့တော်သို့ဝင်ရောက်လာသည်။ အေဘာယ်သည် အမှတ် (၁) တပ်မဟာသို့ ပြောင်းရွှေပြီး ဗိုလ်ချုပ်ကြီး ဘရက်ဒလေလက်အောက်၌ အမှုထမ်းရသည်။ တပ်သားများအတွက် စားနပ်ရိက္ခာကို အများအားဖြင့် အင်္ဂလန်မှ ပို့ပေးနေရသည်။ တပ်ဆုတ်သွားသော ဂျာမန်တပ်များက ရောက်လေရာမြို့တိုင်း၌ ရိက္ခာများကို မြေလှန်စနစ်ဖြင့် ဖျက်ဆီးပစ်ခဲ့သောကြောင့်ဖြစ်သည်။

မြို့တစ်မြို့သို့ရောက်လာလျှင် အခြားတပ်ထောက်တာဝန်ခံ အရာရှိများက လိုနေသော စားနပ်ရိက္ခာကို ဘယ်နေရာတွင် သွားရှာရမှန်းမသိကြသေးခင် အေဘာယ်က အချိန်အနည်းငယ် အတွင်း ရှာဖွေရရှိပြီး ဖြစ်နေတတ်သည်။ အမေရိကန်နှင့် ဗြိတိသျှစစ်သားများသည် အေဘာယ် တို့တပ်တွင် စားသောက်ရသည်ကို အလွန်ကျေနပ်ကြသည်။ ရိက္ခာတာဝန်ခံဖြစ်သော အေဘာယ်၏ စွမ်းရည်ကိုလည်း ချီးမွမ်းမဆုံး ဖြစ်ကြသည်။

တစ်နေ့တွင် ဗိုလ်ချုပ်ကြီးပေတန်သည် ဗိုလ်ချုပ်ကြီး ဘရက်ဒလေနှင့်အတူ ညစာလာ စားသည်။ သူ့တပ်သားများအား ဆင်စွယ်ရိုးတပ် ခြောက်လုံးပြူး သေနတ်များ တဝင့်ဝင့်ဖြင့် အမြဲတမ်း ချီတက်ခိုင်းလေ့ရှိသော ကမ္ဘာကျော် စစ်ဗိုလ်ချုပ်ကြီးနှင့် အေဘာယ်တို့ ပထမဦးဆုံး အကြိမ် တွေ့ဆုံသိကျွမ်းကြရသည်။

ညစာစားပြီးသောအခါ ဗိုလ်ချုပ်ကြီးပေတန်က

"စစ်ကာလတစ်လျှောက်လုံး စားခဲ့ရသမျှထဲမှာ ဒီနေ့ညစာ အမြိန်ဆုံးပဲဗျ" ဟူ၍ ချီးကျူး သွားသည်။

✧ ✧ ✧

၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလတွင် အေဘာယ်သည် စစ်မှုထမ်းသက် သုံးနှစ်နီးပါးရှိခဲ့ပြီ။ စစ်ကြီးသည် လပိုင်းအတွင်း ပြီးဆုံးတော့မည်ဆိုသည်ကို သူက ခန့်မှန်းမိသည်။ ဗိုလ်ချုပ်ကြီး ဘရက်ဒလေက သူ့ထံသို့ ချီးကျူးစာတွေနှင့် အဓိပ္ပာယ်မရှိသော ဂုဏ်ပြုတံဆိပ်တွေကိုသာ အမြဲတမ်းပို့နေသည်။ သူ၏ စစ်အင်္ကျီအဟောင်းကြီးတွင် တံဆိပ်တွေ တစ်ပြုံကြီးတပ်ထားရ သော်လည်း သူက လုံးဝ ဝမ်းမသာ။ ရှေ့တန်းသို့ ထွက်ချင်သော ဆန္ဒသာ မီးလိုပြင်းပြနေမိ

သည်။ သူက တစ်ချိတစ်ပွဲလောက်ဖြစ်ဖြစ် တိုက်ပါစေဟု ဗိုလ်ချုပ်ကြီးထံတွင် ခွင့်တောင်းသော်လည်း ဗိုလ်ချုပ်ကြီးက မကြားချင်ယောင်သာ ဆောင်နေသည်။

အစဉ်အလာအရ ရှေ့တန်းစစ်မျက်နှာသို့ ရိက္ခာကားများ သွားပို့ခြင်းနှင့် ရှေ့တန်းရောက် စစ်သားများအတွက် အစားအသောက် ချက်ပြုတ်စီစဉ်ခြင်းများကို အငယ်တန်းအရာရှိများကသာ ကြီးကြပ်ရသည်။ သို့သော် အေဘယ်သည် မကြာခဏဆိုသလို ယင်းတာဝန်ကို သူကိုယ်တိုင် ဆောင်ရွက်တတ်သည်။ ထို့ပြင် သူ့ဟိုတယ်များကို စီမံအုပ်ချုပ်သကဲ့သို့ပင် သူဘယ်အချိန်တွင် ဘယ်နေရာ၌ ဘာအလုပ်ကို လုပ်မည်ဆိုသည်ကိုလည်း သူ့လက်အောက် အမှုထမ်းများအား ဘယ်တော့မှ ကြိုတင်ပြောထားလေ့မရှိ။

'စိန့်ပက်ထရစ်နေ့' တွင် သူတို့စခန်းသို့ အပေါ်မှ စောင်ဖုံးထားသော လူနာထမ်းစင်တွေ တစ်ခုပြီးတစ်ခု အဆက်မပြတ်ရောက်လာသောအခါ အေဘယ်သည် ရှေ့တန်းသို့ ကိုယ်တိုင်သွားရောက်ချင်စိတ် ပြင်းပြစွာ ဖြစ်ပေါ်လာမိသည်။ နောက်ဆုံး သည်းမခံနိုင်လောက်တော့သည့် အဆင့်အထိ ရောက်လာသောအခါ သူ့လူများကိုစုပြီး ရိက္ခာတင်ကား ၁၄ စီးဖြင့် စိတ်ကူးနှင့် သူ ရှေ့တန်းသို့ ထွက်လာခဲ့ကြသည်။ သူနှင့်အတူ ဗိုလ်တစ်ယောက်၊ တပ်ကြပ်ကြီးတစ်ယောက်၊ တပ်ကြပ်နှစ်ယောက်နှင့် ရဲဘော် ၂၈ ယောက် ပါလာသည်။

ရှေ့တန်းသို့ ခရီးတာမှာ မိုင် ၂၀ မျှသာရှိသော်လည်း ထိုနေ့ နံနက်ခရီးသည် နှေးကွေးပြီး ပင်ပန်းလှသည်။ အေဘယ်သည် ရှေ့ဆုံးထရပ်ကားကို ကိုယ်တိုင်မောင်းလာခဲ့သည်။ မိုးကလည်း အလွန်သည်းသည်။ လမ်းကလည်း ရွံ့ဗွက်ထူသောလမ်း။ သည်ကြားထဲ သူတို့ကားများကို လမ်းဘေးသို့ထိုးချကာ ရှေ့တန်းပြန်လူနာတင်ကားများအား မကြာခဏ လမ်းပေးနေရသေးသည်။ လူနာတင်ကားများပေါ်တွင် ဒဏ်ရာရစစ်သားတွေ တစ်ယောက်အပေါ် တစ်ယောက်ထပ်နေကြသည်။ ဒဏ်ရာရရုံလောက်ပဲဖြစ်ကြပါစေဟု အေဘယ်က ကျိတ်ပြီးဆုတောင်းမိသည်။

ရိမာဂျင်ရှိ ရှေ့တန်းကွပ်ကဲစခန်းသို့ ရောက်သောအခါ ခပ်လှမ်းလှမ်းမှ သေနတ်သံများကြားလာရသည်။ သည်တစ်ကြိမ်တော့ နဖူးတွေ့ ဒူးတွေ့ကြုံရတော့မှာပဲဟု အေဘယ်ကတွေးလိုက်သည်။ ရင်တွေလည်း ခုန်လာမိသည်။ အလောင်းတွေနှင့် လူနာတွေ ပို၍ ပို၍ ရောက်လာသောအခါ အေဘယ်မှာ ခြေတစ်ဆောင့်ဆောင့်ဖြင့် အလွန် ဒေါသဖြစ်မိသည်။ သူသည် သမိုင်းဝင် စစ်ပွဲကြီးတစ်ပွဲတွင် ပါဝင်နေရသော်လည်း တကယ့်တိုက်ပွဲကို တစ်ကြိမ်မျှ မကြုံဖူးသေး၍ သူ့ကိုယ်သူ ဘယ်လိုမှ မကျေနပ်နိုင်အောင် ဖြစ်နေရသည်။ တကယ့် စစ်ပွဲတစ်ပွဲအကြောင်းကို နယူးယောက်တိုင်းသတင်းစာဖတ် ပရိသတ်ကပင် သူ့ထက်ပိုသိနေလိမ့်ဦးမည်ဟု တွေးပြီးလည်း မချင့်မရဲဖြစ်နေမိသည်။

အေဘယ်သည် သူ၏ ရိက္ခာကား အုပ်စုကို ရှေ့တန်းထမင်းချက်စခန်းဘေးတွင် ရပ်ရန် အမိန့်ပေးလိုက်သည်။ မိုးကလည်း သည်းလိုက်သည့်ဖြစ်ခြင်း။ သူတို့တပ်စုက မိုးကိုရှောင်နေကြစဉ် တခြားတပ်များက ကျည်ဆန်ကို ရှောင်နေကြရသည်ဟု တွေးမိပြီး အေဘယ်က အလွန်ရှက်မိသည်။

ထို့နောက် သူက ရိက္ခာများကို ကားပေါ်မှချကြရန် အမိန့်ပေးလိုက်သည်။ ရိက္ခာများမှာ စွပ်ပြုတ်ဂါလန်တစ်ရာ၊ အမဲသားတစ်တန်၊ ကြက်ကောင် ၂၀၀၊ ထောပတ်တန်ဝက်၊ အာလူးသုံးတန်၊ စည်သွတ်ပဲဘူးပေါင်း ၁၁၀ ပါဝင်ပြီး ရှေ့တန်းထွက် ရှေ့တန်းပြန် တပ်များအတွက် အဆင်သင့် ယူလာခဲ့ခြင်းဖြစ်သည်။

ရှေ့တန်းထမင်းစားဆောင်သို့ အေဘယ်ဝင်သွားသောအခါ စားပွဲရှည်ကြီးများနှင့် ခုံရှည်များကိုသာ တွေ့ရသည်။ ဘာစားစရာမျှမရှိ။ သို့ဖြင့် စားဖိုမှူးနှစ်ယောက်အား ချက်ချင်းထမင်းဟင်းချက်ပြုတ်ရန် အမိန့်ပေးသည်။ ရဲဘော်များအားလည်း အာလူးအလုံးတစ်ထောင် အခွံနွှာခိုင်းသည်။ ထို့နောက် သူက တာဝန်ကျအရာရှိကိုရှာရန် ထွက်လာခဲ့သည်။

သူသည် အခြေအနေကို လေ့လာရန် ဗိုလ်မှူးချုပ် ဂျွန်လီယိုနတ်၏ ရွက်ဖျင်တဲဘက်သို့ လျှောက်လာစဉ် လူနာထမ်းစင်များ ဆက်တိုက်ဝင်လာနေကြသည်။ သေသူများနှင့် ဒဏ်ရာရသူများ။ သာမန် လူတစ်ယောက်အနေဖြင့် ကြည့်ပင် ကြည့်ရဲမည်မဟုတ်။ သို့သော် သည်နေရာမှာတော့ ရိုးနေပြီ။ ဖြစ်ရိုးဖြစ်စဉ်လိုပင် သဘောထားကြတော့သည်။

အေဘယ်က ရွက်ဖျင်တဲထဲသို့ ဝင်မည်လုပ်တုန်း ဗိုလ်မှူးချုပ် လီယိုနတ်နှင့် သူ့လက်ထောက်တို့ ထွက်အလာနှင့် သွားဆုံသည်။ သို့ဖြင့် ဗိုလ်မှူးချုပ်က ဆက်လျှောက်ရင်း အေဘယ်နှင့်စကားပြောလာခဲ့သည်။

"ဘာလုပ်ပေးရမလဲ ဗိုလ်မှူးကြီး"

"ဗိုလ်မှူးချုပ် တပ်မအတွက် ကျွန်တော် ထမင်းချက်ဖို့ စိစဉ်နေပါတယ် ဗိုလ်ချုပ်"

"လောလောဆယ် ထမင်းက အရေးမဟုတ်ဘူးဗျ၊ ဒီနေ့မနက် တိုက်ပွဲတုန်းက ရီမာဂျင်နောက်ဘက်မှာ ရထားလမ်းတံတားတစ်ခု မပျက်မစီးဘဲရှိနေတာကို တပ်ရင်း (၉) က ဗိုလ်ဘာရီးက တွေ့လာခဲ့တယ်၊ ကျုပ်က အဲဒီတံတားကို ချက်ချင်း ဖြတ်ကျော်ပြီး မြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ လိုအပ်တဲ့ တံတားတွေ အမြန်ဆုံးဆောက်လုပ်သွားဖို့ အမိန့်ပေးလိုက်တယ်၊ အခုအချိန်အထိတော့ ဂျာမန်တွေက ရိုင်းနယ်မြေတစ်လျှောက်မှာ တွေ့သမျှ တံတားတွေကို ဖောက်ခွဲဖျက်ဆီးတာ အလုပ်ဖြစ်နေတာပဲ၊ အဲဒါ ဒီတံတားမပျက်နိုင်အောင် အချိန်မီတားဖို့ အရေးကြီးနေတယ်၊ ဒါကြောင့် နေ့လယ်စာ စားဖို့ အချိန်မရှိတော့ဘူး"

"တပ်ရင်း (၉) က တံတားကို အောင်အောင်မြင်မြင် ဖြတ်နိုင်ခဲ့ရဲ့လား"

"ဖြတ်နိုင်ခဲ့တယ်၊ ဒါပေမယ့် မြစ်တစ်ဖက်က တောထဲရောက်တော့ ပြင်းပြင်းထန်ထန်တိုက်ပွဲတော့ဖြစ်သေးတယ်၊ ပထမတပ်စုကို ချုံခိုတိုက်ခိုက်ခံရတယ်၊ ဘယ်နှစ်ယောက်ကျတယ်ဆိုတာ ဘုရားသခင်ပဲ သိလိမ့်မယ်၊ အဲဒီတော့ ခင်ဗျား ထမင်း ခင်ဗျားပဲ စားတော့၊ ကျုပ်ကတော့ ကျုပ်လူတွေ အသေအပျောက်နည်းနိုင်သမျှ နည်းအောင်လုပ်ဖို့ပဲ အရေးကြီးနေတယ်"

"ကျွန်တော် လုပ်နိုင်မယ့်အလုပ်ရှိရင်လည်း ခိုင်းပါ ဗိုလ်ချုပ်"

ဗိုလ်မှူးချုပ်က ခြေလှမ်းတုံ့သွားပြီး အေဘယ်၏မျက်နှာကို စိုက်ကြည့်လိုက်သည်။

"ခင်ဗျားလက်အောက်မှာ လူဘယ်နှစ်ယောက် ရှိသလဲ"

"ဗိုလ်တစ်ယောက်၊ တပ်ကြပ်ကြီးတစ်ယောက်၊ တပ်ကြပ်နှစ်ယောက်၊ ရဲဘော် နှစ်ဆယ့်ရှစ်ယောက်၊ ကျွန်တော်ပါဆိုရင် စုစုပေါင်း ၃၃ ယောက် ရှိပါတယ်ခင်ဗျား"

"ဒါဆို ဟုတ်ပြီ၊ စစ်မြေပြင်ဆေးရုံကို အမြန်ဆုံးသတင်းပို့၊ ပြီးတော့ သေဆုံးသူနဲ့ ဒဏ်ရာရသူတွေကို ခင်ဗျားလူတွေ အားလုံးနဲ့ အမြန်ဆုံး သယ်ယူဖို့ လုပ်ပေတော့"

"ကောင်းပါပြီ… ဗိုလ်ချုပ်"

အေဘယ်သည် စားသောက်ဆောင်သို့ အမြန်ပြန်ပြေးလာခဲ့သည်။

"ကဲ… ဟေ့လူတွေ၊ မြန်မြန်လုပ်ကြ၊ ရှေ့တန်းထွက်ဖို့အသင့်ပြင်"

အေဘယ်က အမိန့်ပေးလိုက်သည်။

သူ့ရဲဘော် ၃၂ ယောက်စလုံး သတိအနေအထားဖြင့် ကမန်းကတန်း ထရပ်လိုက်ကြသည်။

"ကဲ… အားလုံး ငါ့နောက်လိုက်ခဲ့ကြ၊ နှစ်ဆတိုးပြီး မြန်မြန်လျှောက်ကြ"

အေဘယ်က သူ့ရဲဘော်များအား စစ်မြေပြင်ဆေးရုံသို့ ခေါ်လာခဲ့သည်။

သူတို့ ရောက်သွားချိန်တွင် လူငယ်ဆရာဝန်တစ်ယောက်က ဆေးတပ်ဖွဲ့ဝင် ၁၆ ယောက်ကို ညွှန်ကြားချက်များ ပေးနေသည်။

"ကျွန်တော် ဘာကူညီရမှာလဲခင်ဗျား" ဒေါက်တာက မေးသည်။

"ခင်ဗျား ကူညီစရာမလိုဘူး၊ ကျုပ်တို့က ခင်ဗျားကို ကူညီဖို့လာတာ၊ ကျုပ်မှာ လူ ၃၂ ယောက် ပါလာတယ်၊ ဗိုလ်မှူးချုပ် လီယိုနတ်က ခင်ဗျားတပ်ဖွဲ့နဲ့ ပူးတွဲလုပ်ဖို့ ညွှန်ကြားလိုက်တယ်"

ဆရာဝန်က အေဘယ်အား စေ့စေ့စပ်စပ်ကြည့်ပြီး

"ဟုတ်ကဲ့… ခင်ဗျား"

"ခင်ဗျားတွေ ဘာတွေ လုပ်မနေပါနဲ့၊ ကျုပ်တို့လုပ်စရာတွေကိုသာ မြန်မြန်ပြောပါ"

"ဟုတ်ကဲ့… ခင်ဗျား"

ထို့နောက် ဆရာဝန်က အေဘယ်အား ဆေးတပ်ဖွဲ့လက်ပတ်များ ထုတ်ပေးပြီး လူဒင်ဒေါ့ တံတားတစ်ဖက်ရှိ တောထဲတွင် သွားရောက်လုပ်ကိုင်ရမည့် လုပ်ငန်းစဉ်ကို အသေးစိတ်ရှင်းပြသည်။

ပြီးတော့ သူက ဆက်ပြောသည်။

"တပ်ရင်း (၉) က တော်တော်အထိနာသွားတယ်၊ အဲဒီတော့ ဆေးဘက်ကျွမ်းကျင်တဲ့ ရဲဘော်တွေက စစ်မြေပြင်မှာ နေရစ်ပြီး ကျန်တဲ့ ရဲဘော်တွေက ထိခိုက်ဒဏ်ရာ ရသူတွေကို အမြန်ဆုံး ဆေးရုံးကို သယ်ယူလာဖို့ပဲ"

အရေးပါသော လုပ်ငန်းတစ်ခုကို လုပ်ရတော့မည်ဖြစ်၍ အေဘယ်က အလွန်ဝမ်းသာမိသည်။

ထို့နောက် ဆရာဝန်က လူပေါင်း ၄၉ ယောက်ကို ဦးဆောင်ပြီး အရေးပေါ်ဆေးတပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့လိုက်သည်။ တပ်ဖွဲ့ဝင်များအား လူနာထမ်းစင် ၁၈ ခုနှင့် လူစေ့ ဆေးသေတ္တာတစ်လုံးစီ ထုတ်ပေးသည်။

ဆရာဝန် ဦးဆောင်ပြီး လှုဒင်ဒေါ့တံတားသို့ ချီတက်လာခဲ့ကြသည်။ အေဘယ်က ဆရာဝန် နောက်မှ လိုက်ပါလာသည်။

မိုးရေကြောင့် လမ်းတွေ ဗွက်ပေါက်နေသည်။ သို့သော် ရဲဘော်တွေက သီချင်းတကျော် ကျော်ဖြင့် ဟန်မပျက် ချီလာခဲ့ကြသည်။ တံတားသို့ရောက်တော့မှ သီချင်းဆိုရပ်သွားကြသည်။

သူတို့အား လူနာထမ်းစင်တွေက အသင့်ကြိုဆိုနေကြသည်။ ထမ်းစင်ပေါ်တွင် အဝတ်ဖြူ များ ဖုံးထားကြသည်။

သူတို့သည် ရထားလမ်းကြောင်းအတိုင်း တံတားကိုဖြတ်ကျော်ပြီး ဆက်လက်ချီတက်လာခဲ့ ကြသည်။ တစ်ယောက်မှ စကားမပြောကြ။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်၍ လိုက်လာကြသည်။

ရထားလမ်း တံတားကို ဂျာမန်တပ်များက မိုင်းခွဲဖျက်ဆီးခဲ့ကြသေးသည်။ သို့သော် အုတ်မြစ်ခိုင်ခဲ့၍ တံတားမပျက်ခဲ့။

တောစပ်သို့ရောက်တော့ သေနတ်သံများ ကြားလာရသည်။ ရန်သူနှင့် နီးလာပြီဟူသော အတွေးကြောင့် အေဘယ်သည် ရင်ခုန်ပြီး စိတ်ဓာတ်တက်ကြွလာသည်။ တစ်ချိန်တည်းတွင် ရန်သူ့လက်ချက်ကြောင့် မိမိတို့ဘက်မှ ရဲဘော်တွေ အမြောက်အမြားသေကြေကြရသည်ကို မြင် ရ၍ အကြီးအကျယ် တုန်လှုပ်ချောက်ချားခြင်းဖြစ်မိသည်။ ဘယ်ဘက်ကိုပင် ကြည့်လိုက် ကြည့် လိုက် ပြန့်ကြဲနေသော အလောင်းများနှင့် အော်ညည်းနေသော လူနာများကိုသာ မြင်နေရသည်။

သူတို့သည် စစ်ကြီးပြီးဆုံးတော့မည်ဟူသော အသိဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။ သို့သော် စစ်ကြီးကား မပြီးဆုံးသေး။ သူတို့၏ ဘဝသာ ပြီးဆုံးသွားခဲ့ကြရသည်။

ဆရာဝန်ကလေးသည် တစ်နေရာပြီး တစ်နေရာရပ်ကာ ဒဏ်ရာရသူများအား တတ်နိုင်သ မျှ လိုက်လံပြုစုနေသည်။ အေဘယ်မှာလည်း ဒဏ်ရာရသူများအား လူနာထမ်းစင်များပေါ်သို့ တင်ရင်း မနားတမ်း အလုပ်များနေသည်။ ထမ်းစင်သယ် ရဲဘော်များ ထွက်ခွာသွားကြသည်။ ဆရာဝန်ရယ်၊ သူရယ်၊ တခြားရဲဘော်လေးယောက်ရယ်သာ တောစပ်တွင် ကျန်နေရစ်တော့သည်။

သူတို့သုံးယောက် တောထဲသို့ ဝင်လာခဲ့ကြသည်။ ရန်သူ့သေနတ်သံများ နီးကပ်စွာ ကြားလာရသည်။ အေဘယ်သည် တံတားဘက်သို့ ပြောင်းဝလှည့်ထားသော သေနတ်ကြီးတစ်လက် ကို ခတ်လှမ်းလှမ်းတွင် ရုတ်တရက် မြင်လိုက်ရသည်။ ထို့နောက် သေနတ်သံများ နားကွဲမတတ် ပေါ်ထွက်လာကြသည်။ ရန်သူသည် သူနှင့် ကိုက် ၁၀၀ ကျော်မျှသာ ဝေးကြောင်း သတိပြုမိ လိုက်သည်။

အေဘယ်က ဒူးတစ်ဖက်ကို မြေကြီးတွင် ထောက်ကာ ထိုင်ချလိုက်သည်။ မျက်လုံးကိုဖွင့် နားကိုစွင့်ထားသည်။ အော်ညည်းသံများ ကြားနေရသည်။

ထိုအခိုက် သူ့ရှေ့တွင် သေနတ်သံ တစ်ချက် ရုတ်တရက် ပေါက်ကွဲပေါ်ထွက်လာသည်။

သူက ရုတ်တရက် ထခုန်ပြီး ရှေ့သို့ ပြေးတက်လာခဲ့သည်။ သူ့နောက်မှ ဆရာဝန်နှင့် ရဲဘော်ကလေးတို့ လိုက်ပါလာသည်။

သုံးယောက်သား ရှေ့ဆီသို့ တအားစွတ်ပြေးလာခဲ့ကြသည်။ ကိုက် ၁၀၀ ခန့်မျှ ရောက်

လာသည်။

မြက်ခင်းပြင်တစ်ခုပေါ်တွင် အမေရိကန် စစ်သားလောင်းတွေ ပြန့်ကြဲနေသည်ကို တွေ့ရတော့သည်။ အောဘယ်နှင့်ဆရာဝန်တို့က တစ်လောင်းပြီးတစ်လောင်းလိုက်ကြည့်သည်။ "အုပ်စုလိုက် သတ်ပစ်ထားတာနဲ့ ဘာထူးသေးသလဲ" အောဘယ်က နာကျည်းစွာဖြင့် ညည်းပြောလိုက်သည်။ ရန်သူတပ်များ ဆုတ်ပစ်ပစ်သွားသံများ အဆက်မပြတ် ကြားနေရသည်။ ဆရာဝန်ကလေးကတော့ ဘာစကားမှမပြော။ ညည်းလည်း လုံးဝမညည်း။ သူက သုံးနှစ်လုံးလုံး ညည်းခဲ့ရပြီမဟုတ်လား။

"သေတဲ့လူတွေ ဂရုစိုက်မနေနဲ့" ဆရာဝန်က ပြောသည်။

"မသေသေးတဲ့လူတွေပဲ အမြန်သယ်ယူဖို့လုပ်ပါ"

"ဟိုမှာတစ်ယောက်"

အောဘယ်က ခပ်လှမ်းလှမ်း ဗွက်တောထဲလဲနေသော တပ်ကြပ်ကြီးတစ်ယောက်ဆီ ပြေသွားသည်။

"သူက သေနေပါပြီ ဗိုလ်မှူးကြီး"

ဆရာဝန်က လှမ်းပြောလိုက်ပြီး နောက်ထပ် လှည့်၍ပင် မကြည့်တော့။

အောဘယ်သည် လဲနေသော လူတိုင်းဆီသို့ ပြေးလိုက်ကြည့်သည်။ တစ်ယောက်ပြီး တစ်ယောက် လိုက်ကြည့်သည်။ အတူတူချည်းပင်။

ဗွက်ထဲမှ ခေါင်းထောင်ကြည့်သော ရဲဘော်တစ်ယောက်ဆီ အပြေးကလေး လိုက်သွားသည်။ ခေါင်းသာ ထောင်နိုင်တော့သည်။ ကိုယ်က လုံးဝလှုပ်၍ပင်မရတော့။

"ဘာမှမထူးဘူး၊ အတူတူချည်းပါပဲ"

သူက ညည်းလိုက်သည်။

"စစ်မြေပြင်ပါ ဗိုလ်မှူးကြီး"

ဆရာဝန်က ပြန်ပြောသည်။

အောဘယ်က ဆက်လက်ပြီး တစ်ယောက်ပြီးတစ်ယောက် လိုက်ကြည့်နေသည်။ သုံးဆယ်ကျော် လေးဆယ်နီးပါးရှိမည်။ အားလုံး အတူတူချည်းပင်။

ထို့နောက် ဆရာဝန်ဆီသို့ လိုက်သွားသည်။ ဆရာဝန်က မသေသေးသော ဗိုလ်ကြီးတစ်ယောက်ကို ပြုစုနေသည်။ ဗိုလ်ကြီးက မျက်လုံးကို စုံမှိတ်ထားသည်။ ပါးစပ်မှ သွေးတွေစီးကျနေသည်။

အောဘယ်က ဆရာဝန်အပေါ်မှ စီး၍ ရပ်ကြည့်နေသည်။ ဗိုလ်ကြီး၏ပခုံးမှ တပ်ရင်းတံဆိပ်ကို ကြည့်လိုက်သည်။ အမှတ် (၉) တပ်ရင်းမှဖြစ်သည်။

တပ်ရင်းဦးစီးမှူး ဗိုလ်မှူးချုပ် လီယိုနက် ပြောခဲ့သောစကားကို ရုတ်တရက် သတိရလိုက်မိသည်။

"ဘယ်နှစ်ယောက် ကျဆုံးတယ်ဆိုတာ ဘုရားသခင်ပဲ သိပါလိမ့်မယ်"

"ခွေးမသား...တွေ" အောင်ဘယ်က ဒေါသဖြင့် ကျိန်ဆဲလိုက်သည်။

"ဟုတ်တယ် ဗိုလ်မှူးကြီး"

"သူ အသက်ရှိသေးသလား"

"ရှိသေးတယ်၊ ဒါပေမယ့် သွေးက အရမ်းထွက်နေတယ်၊ အချိန်ပိုင်းပဲ ကျန်တော့တယ်၊ ဗိုလ်မှူးကြီး ဒီမှာရပ်နေလို့ အလကားပဲ၊ ဒဏ်ရာရသူ သယ်ယူပြီး တပ်ရင်း မြန်မြန်ပြန်ရရင် ကောင်းလိမ့်မယ်၊ ပြီးတော့ ကျွန်တော်က ရှေ့ဆက်ချီတက်ချင်တယ်၊ တပ်ရင်းကရှိတဲ့လူ ထပ်ပို့ဖို့လဲ ပြောပေးပါ"

"ကောင်းပြီ... ဒေါက်တာ"

ထို့နောက် ဗိုလ်ကြီးအား လူနာထမ်းစင်ပေါ် ချီတင်ပြီး အောင်ဘယ်နှင့် ရဲဘော်ကလေးတို့က ထမ်းစင်ထို စစ်မြေပြင်ဆေးရုံသို့ သယ်ယူလာခဲ့ကြသည်။ သူတို့သည် နှစ်မိုင်တိတိ မနားစတမ်း လျှောက်လာခဲ့ကြသည်။ သူက လူနာဗိုလ်ကြီးအား အတတ်နိုင်ဆုံး ကူညီလိုက်ချင်သည်။ မသေ ထိုက်က မသေစေချင်။ ပြီးတော့ ဆရာဝန်ကိုလည်း စစ်မြေပြင်သို့ မြန်မြန်ပြန်သွားစေချင် သေးသည်။

တစ်နာရီကျော်ကျော်အထိ မိုးထဲရွှံ့ထဲတွင် ထမ်းစင်ကို သယ်လာခဲ့ကြသည်။ လူနာဗိုလ်ကြီးမှာ ထမ်းစင်ပေါ်တွင် မလှုပ်မယှက် ငြိမ်သက်နေသည်။ အောင်ဘယ်ကတော့ အသက်ပျောက်သွားပြီဟု ထင်သည်။

ဆေးရုံရောက်တော့ အောင်ဘယ်နှင့် ရဲဘော်ကလေးတို့မှာ လျှာထွက်နေကြသည်။ ထမ်းစင်ကို အခုရေးပေါ် ဆေးတပ်ဖွဲ့သို့ လက်ဆင့်ကမ်းလိုက်ကြသည်။

ဗိုလ်ကြီးက မျက်လုံးကို အားယူဖွင့်ပြီး အောင်ဘယ်ကို စိုက်ကြည့်နေသည်။ သူက လက်ကိုမြှောက်ရန် ကြိုးစားသည်။ အောင်ဘယ်က ဆလုရိုက်၍ အလေးပြုလိုက်သည်။ ဗိုလ်ကြီးမသေသေး၍ သူက အလွန်ဝမ်းသာသွားသည်။ သူအမြန်ဆုံး ကျန်းမာလာပါစေဟု ကျိတ်ပြီး ဆုတောင်းလိုက်သည်။

ထို့နောက် စစ်မြေပြင်သို့သွားရန် အောင်ဘယ်က ဆေးရုံအပြင်ဘက်သို့ ပြေးထွက်လာခဲ့သည်။ တာဝန်ကျ အရာရှိက သူ့ကိုကမန်းကတန်း လိုက်ခေါ်သည်။

"ဗိုလ်မှူးကြီး... ဗိုလ်မှူးကြီး ခဏနေပါဦး၊ ကျွန်တော် တစ်ချိန်လုံး ဗိုလ်မှူးကြီးကို လိုက်ရှာနေတာ၊ ဒီမှာ လူသုံးရာကျော် ထမင်း မစားရသေးဘူး၊ ဒုက္ခပါပဲ၊ ဒါနဲ့... ဗိုလ်မှူးကြီး ဘယ်သွားနေတာလဲ"

"တန်ဖိုးရှိတဲ့ အလုပ်တစ်ခု သွားလုပ်နေတာဗျ"

အောင်ဘယ်သည် ပြန်လှည့်ပြီး စားသောက်ဆောင်ဆီသို့ လျှောက်လာရင်း စောစောက ဗိုလ်ကြီးအကြောင်းကို တွေးလာခဲ့သည်။

သူနဲ့ ငါနဲ့ အတူတူပါပဲ။ တို့နှစ်ယောက်စလုံးအတွက် စစ်ကြီးပြီးသွားပြီ။ သူလဲ မတိုက်ရတော့ဘူး။ ငါလဲ မတိုက်ရတော့ဘူး။

✣

## (၂၅)

ဗိုလ်ကြီးကို ရှက်ဖျင်တဲထဲ သယ်ယူလာကြသည်။ ခွဲစိတ်စားပွဲပေါ်တွင် ညင်ညင်သာသာ တင်လိုက်ကြသည်။

သူနာပြုဆရာမက ဗိုလ်ကြီးဝီလျံကိန်းအား ညှိုးငယ်သော မျက်နှာဖြင့် တွေတွေကြီး ကြည့်နေသည်။ ဆရာမ ဘာစကားတွေ ပြောနေမှန်း ဗိုလ်ကြီးက လုံးဝမသိ။ လုံးဝမကြား။

သူမကြားရခြင်းသည် ခေါင်းတွင် ပတ်တီးစည်းထား၍လား၊ သူ့နားတွေ ပင်းကုန်ပြီဖြစ်၍လား ဆိုသည်ကိုလည်း လုံးဝမသိ။

ဆရာမ နှုတ်ခမ်းတွေ လှုပ်နေတာကိုပဲ သူက စိုက်ကြည့်နေသည်။ သို့သော် ဘာသံမှတော့ မကြားရ။

သူက မျက်လုံးကို ပြန်မှိတ်လိုက်သည်။

ပြီးတော့ တွေးကြည့်နေသည်။

သူက အတိတ်ကိုသာ အများကြီးတွေးသည်။ အနာဂတ်ကို နည်းနည်းသာ တွေးသည်။

ငါသေသွားရင် ဘာတွေဖြစ်လာမလဲ။

သေသွားရင် တွေးပူစရာတွေက တစ်ပုံကြီးပဲ။

သူ့အတွေးသည် နယူးယောက်သို့ ရောက်သွားသည်။ ကိတ်၏ မျက်နှာကို မြင်ယောင်လာသည်။

သူမက သူ့အား စစ်ထဲမဝင်ရန် အတန်တန်တားခဲ့သည်။

ကိတ်က ငါ့ရည်ရွယ်ချက် နားမလည်ပါဘူး။ ရှင်းပြတော့လည်း သဘောပေါက်မှာ မဟုတ်ပါဘူး။

ထို့ကြောင့် သူက ရှင်းပြမနေတော့ဘဲ သူထင်ရာ စွတ်လုပ်လာခဲ့ခြင်းဖြစ်သည်။

ကိတ်၏ စိုးရိမ်မကင်းဖြစ်နေသော မျက်နှာက သူ့ကို ခြောက်လှန့်လာပြန်သည်။

သူက သေဖို့ကို ဘယ်တော့မှ မစဉ်းစားခဲ့။ သူ မသေချင်သေး။ သူ ကိုယ့်အိမ်ကိုယ့်ရာသို့ ပြန်သွားချင်သေးသည်။

◇ ◇ ◇

ဝီလျံသည် ဘဏ်တိုက်ကို သူပြန်ရောက်သည်အထိ စောင့်ရှောက်ထားရန် အက်ဒွပ်လီချ်နှင့် တိုနီဆိုင်မွန်တို့ နှစ်ယောက်အား ပူးတွဲလွှဲအပ်ထားခဲ့သည်။

သို့သော် အကယ်၍ သူပြန်မလာတော့လျှင် ဘယ်လိုလုပ်ကြပါတော့ဟု ဘာညွှန်ကြားချက်မှ ပေးမထားခဲ့။

လီချ်နှင့် ဆိုင်မွန်တို့က သူ့ကို မသွားရန် တားကြသည်။ သူတို့လည်း သူ့ကို သဘောမပေါက်ကြပါလား။

နောက် နှစ်ရက်သုံးရက်အကြာတွင် သူတပ်ထဲဝင်လိုက်သည်။

ကလေးတွေ၏ မျက်နှာကို ရင်မဆိုင်ရဲအောင် ခံစားရသည်။

၁၀ နှစ်သား ရစ်ချတ်က သူ့ဘာသာသူ ဘူတာသို့ လိုက်ချလာသည်။ မျက်နှာတွင်လည်း မျက်ရည်အသွယ်သွယ် စီးကျလျက်...။

"ဖေဖေ မသွားရင် မဖြစ်လို့ပါ သားရယ်။ ဖေဖေ မသွားရင်း နာဇီတွေကို ဘယ်တိုက်နိုင်တော့မလဲ"

သူက သားကြီးသဘောပေါက်အောင် ကြိုးစား၍ ရှင်းပြသည်။ သည်တော့မှ သားကြီး မျက်ရည်တိတ်သွားသည်။

ထို့နောက် သူသည် ဗားမွန့်မှ ဗိုလ်သင်တန်းကျောင်းသို့ ရောက်လာခဲ့သည်။ မက်သယူးနှင့် စကိတ်စီးထွက်တုန်းက ဗားမွန့်သို့ သူနောက်ဆုံးရောက်ခဲ့ဖူးသည်။ ရေခဲတောင်ပေါ်သို့ အတက်တွင်တော့ ဖြည်းဖြည်းကလေး၊ အဆင်းကျတော့ ရှိုက်ခနဲ လျှောဆင်းလာခဲ့သည်။

အခုတော့ သူ့ဘဝခရီးက အတက်လည်း ဖြည်းလွန်းလှသည်။ အဆင်းလည်း နှေးလွန်းလှသည်။

ဗိုလ်သင်တန်း သုံးလတက်ရသည်။ သူတော်တော်ကျန်းမာလာသည်။ ဟားဗတ်တက္ကသိုလ်တုန်းက အခြေအနေမျိုးအထိ သန်မာထွားကျိုင်းလာခဲ့သည်။

ဗိုလ်သင်တန်းပြီးတော့ လန်ဒန်မြို့သို့ရောက်လာသည်။ လန်ဒန်မြို့တွင် အမေရိကန်စစ်သားတွေ အများအပြား တွေ့ရသည်။ သူက အမေရိကန်တပ်နှင့် ဗြိတိသျှတပ်အတွက် ဆက်ဆံရေးအရာရှိလုပ်ရသည်။

သူသည် ဒေါ်ချက်စတာဟိုတယ်တွင် စခန်းချရသည်။ ပထမတုန်းက ဒေါ်ချက်စတာဟိုတယ်

ကို ဗြိတိသျှတပ်များအတွက် စစ်ရုံးဖွင့်ခဲ့သည်။ နောက်တော့ အမေရိကန်တပ်များအတွက် ဌာနချုပ်အဖြစ် လွှဲပြောင်းပေးခဲ့သည်။

အေဘယ်ရို့စနော့စကီးလည်း နယူးယောက်မှ သူ၏ နယ်စားဟိုတယ်ကို အမေရိကန်တပ်အတွက် ဌာနချုပ်ဖွင့်ခွင့်ပြုကြောင်း သတင်းစာတွင် ဝီလျံဖတ်လိုက်ရသည်။ သူက အေဘယ်၏ စေတနာကို ချီးကျူးခဲ့မိသည်။

တစ်ချိန်လုံးတွင် အရေးပေါ် အချက်ပေး ဥသြဆွဲသံများ၊ ဗုံးကြိသံများ၊ စက်သေနတ်သံများနှင့် တစ်မြို့လုံး မီးမှောင်ကျခြင်းများသာ ကြုံနေရသည်။ ဤအချက်က သူသည် တကယ့်ကြီးကျယ်သော စစ်ပွဲကြီးတစ်ပွဲတွင် ပါဝင်ပတ်သက်နေရပြီဆိုသည်ကို သတိရစေသည်။

သူသည် ဘဝတစ်လျှောက်လုံးတွင် ပွဲကြည့်ပရိသတ်ဘယ်တော့မှ မဖြစ်ခဲ့။ ဇာတ်ခုံပေါ်မှ ဦးဆောင်လှုပ်ရှားနေသူသာ အမြဲတမ်းဖြစ်ကဲ့သည်။

ယခုတော့ သူ့မှာ ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါ၏ စစ်ဌာနချုပ်နှင့် ချာချီ၏ စစ်ရုံးနှစ်ခုကြားတွင် စကားပြန်အဆင့်လောက် တာဝန်မျိုးဖြင့်သာ စခန်းသွားနေရသည်။ ကိုယ်စွမ်းကိုစဖြင့် တီထွင်လုပ်ကိုင်ရသော အလုပ်ဟူ၍ ဘာမှမရှိ။ သည်အတိုင်းဆိုလျှင် ဟစ်တလာက ထရာဖာလဂါစကွဲယား ရင်ပြင်ကြီးကို လာတိုက်မှသာ သူ့အနေဖြင့် တကယ့် နဖူးတွေ့ ဒူးတွေ့ စစ်ပွဲကို ဝင်နွှဲခွင့်ရတော့မည့်ကိန်းမျိုး ဆိုက်နေရပြီ။

ထို့နောက် အမှတ် (၁) တပ်ရင်းကို စကော့တလန်သို့ အထူးစစ်လေ့ကျင့်မှုအတွက် ပို့သောအခါ ဝီလျံက လေ့လာသူအဖြစ် လိုက်ပါလာခဲ့ရသည်။ သူက တိုးတက်မှုများကို ဌာနချုပ်သို့ အစီရင်ခံရမည်ဖြစ်သည်။

သည်တာဝန်ကို ဝီလျံက စိတ်မဝင်စား။ သေသေကြေကြေ တိုက်ပွဲသာ ဝင်တိုက်လိုက်ချင်သည်။

ထို့ကြောင့် လန်ဒန်သို့ပြန်ရောက်လျှင် သူ့အထက်အရာရှိ ဗိုလ်မှူးကြီးကို တောင်းပန်ပြီး တိုက်ခိုက်ရေးတာဝန်ပြောင်းပေးရန် ပြောသည်။ ဗိုလ်မှူးကြီးက ရှောရှောရှူရှူပင် ခွင့်ပြုလိုက်သည်။

ထို့နောက် စကော့တလန်သို့ပြန်ပြီး သုံးလတိတိ စစ်သင်တန်းပြန်တက်ရသည်။ သင်တန်းက ယခင်သင်တန်းများထက် ကြမ်းသည်။ တော ' တောင်အထပ်ထပ်ကို ကျော်ဖြတ်လေ့ကျင့်ရသည်။ သူက စိတ်မပျက်။

စစ်ထဲဝင်လာတာ တိုက်ဖို့ဝင်လာတာ။ ပင်ပန်းခံနိုင်မှ တိုက်နိုင်မယ်ဆိုပြီး ဝမ်းပင်သာနေသေးသည်။

သုံးလကြာတော့ ဝီလျံတို့တပ်သည် ဥရောပစစ်မျက်နှာသို့ ဝင်ရောက်လာသော ဗိုလ်ချုပ်ကြီး ဘရက်ဒလေ၏ တပ်နှင့်ပူးပေါင်းရန် ပြင်သစ်ပြည်မြောက်ပိုင်းသို့ လေထီးဖြင့် ဆင်းကြရသည်။

ထိုအချိန်တွင် မဟာမိတ်တပ်များအောင်ပွဲခံစပြုနေပြီ။ ဝီလျံက ဘာလင်မြို့သို့ ဝင်ရောက်သော ပထမဆုံးစစ်သားဖြစ်ချင်လှပြီ။

အမှတ် (၁) တပ်မဟာသည် ရိုင်းနယ်သို့ ချီတက်သည်။ လမ်းတစ်လျှောက်တွင် တွေ့သမျှ တံတားများကို ဖြတ်ကျော်သည်။

ထိုနေ့တွင် ဗိုလ်ကြီးဝီလျံကိန်းအား သူ့တပ်မကို လူဒင်ဒေါ့ တံတားဖြတ်၍ ရီမာဂျင်အရှေ့မြောက်ဘက် တစ်မိုင်အကွာရှိ ရန်သူတပ်ကို ရှေ့ပြေးသွားရောက်တိုက်ခိုက်ရန် အထက်မှတာဝန်ပေးသည်။

သူသည် တောင်ကုန်းတစ်ခုပေါ်တွင်ရပ်ပြီး တံတားကိုကျော်ဖြတ်နေသော အမှတ် (၉) တပ်မကို လှမ်းကြည့်နေသည်။ ရန်သူမိုင်းများ ရုတ်တရက် ဝုန်းကနဲ ပေါက်ကွဲပြီး တံတားကြီးတစ်ခုလုံး မိုးပေါ်သို့ တက်သွားတော့မှာလားဟု တွေးကာ သူက အသည်းတထိတ်ထိတ် ဖြစ်နေမိသည်။

ဝီလျံ၏ အထက်အရာရှိ ဗိုလ်မှူးကြီးကလည်း သူ့တပ်နှင့်အတူ နောက်မှ ကပ်လိုက်လာသည်။ ဝီလျံ၏ တပ်တွင် လူပေါင်း ၁၂၀ ပါလာသည်။ သို့သော် အားလုံးလိုလိုမှာ သူ့လိုပင်သည်တစ်ကြိမ်သာ စစ်မျက်နှာသို့ ထွက်ဖူးကြသူများချည်းဖြစ်သည်။

သူတို့တပ် တောစပ်ရောက်လာသည်။ ရန်သူဘက်မှ ခုခံမှုတစ်စုံတစ်ရာမရှိ။ သို့ဖြင့်သူတို့က တောနင်းချီတက်ကြသည်။ ပိတ်ဆီးနေသော တောနက်ကြီးကို ထိုးဖောက်ရသောကြောင့် ခရီးက အလွန်နှေးသည်။ ရဲဘော်တွေလည်း အင်မတန်ပင်ပန်းကြသည်။ အမှန်ကသည်လမ်းကို ဗိုလ်မှူးကြီး၏ တပ်မကသာ အလျင်ထိုးဖောက်ချီတက်သင့်သည်။ ဝီလျံကယင်းသို့ တွေးလိုက်မိသည်။

အတွေးပင် မဆုံးလိုက်ပါချေ။

သူတို့တပ်သားများပေါ်သို့ ကျည်ဆန်တွေ မိုးရွာသလို ရွာကျပါလေတော့သည်။ သူတို့ကား ရန်သူ၏ ချုံခိုတိုက်ခိုက်ခြင်းကို အမှတ်မထင် ခံလိုက်ကြရပြီ။ မော်တာထုသံတွေ နားကွဲမတတ် တရစပ်ပေါ်ထွက်နေကြသည်။ လက်ပစ်ဗုံးတွေ တဝုန်းဝုန်းပေါက်ကွဲကြသည်။ ကျည်ဆန်တွေ တဝီဝီဖြတ်သွားကြသည်။

အဖြစ်အပျက်သည် မြန်ဆန်လွန်းလှသည်။ ဝီလျံ၏ တပ်သားတွေ အတုံးအရုံး လဲကျသွားကြသည်။ အချို့က သစ်ပင်များဆီ ပြေးကပ်ကြသည်။ ချုံပုတ်ကို ကာဘာယူကြသည်။ မြေနိမ့်ချိုင့်ဝှမ်းတွင် ပြေးဝပ်ကြသည်။

မြင်ကွင်းသည် ရုတ်တရက်အားဖြင့် ကမ္ဘာတစ်ခု ဖရိုဖရဲ ပြိုကွဲပျက်စီးသွားသည်နှင့်တူလှတော့သည်။

စက္ကန့်ပိုင်းအတွင်းတွင် သူ့ရဲဘော်တွေ တစ်ဝက်ခန့် ကျဆုံးသွားကြသည်။

သည်တိုက်ပွဲသည် စုစုပေါင်း တစ်မိနစ်ပင် မကြာ။ ဒါကိုပင် တိုက်ပွဲဟု ခေါ်နိုင်ပါမည်လား။ တစ်ဖက်နှင့် တစ်ဖက် သူနိုင်ကိုယ်နိုင် အစွမ်းပြ၍ ရင်ဆိုင်မတိုက်ရသောတိုက်ပွဲကို တိုက်ပွဲဟုခေါ်နိုင်ပါမည်လား။ ဘယ်တော့မှ မခေါ်နိုင်။ တကယ်တော့ တိုက်ပွဲမဟုတ်။ လူသတ်ပွဲသာဖြစ်သည်။

ဝီလျံက မကျေမချမ်းစွာဖြင့် ယင်းသို့တွေးမိပြီး တင်းတင်းပါအောင် အံကြိတ်လိုက်မိသည်။

သူသည် နာဇီစစ်သားတစ်ယောက်၏ အရိပ်အရောင်ကိုမျှပင် မမြင်လိုက်ရ။

ဝီလျံက ရွှံ့ဗွက်ထဲတွင် မှောက်လျက်ကြီး ဝပ်နေရာမှ ဗိုလ်မှူးကြီး၏ တပ်က နောက်မှ ချီတက်လာသည်ကို လှမ်းမြင်လိုက်ရသည်။

သူ့ရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။

ရန်သူ၏ ချုံခိုတိုက်ခိုက်မှုအန္တရာယ်ရှိကြောင်း နောက်တပ်ကို သတင်းပို့ရန် သူက ဝပ်နေရာမှ ကမန်းကတန်းထပြီး သစ်ပင်တစ်ပင်ဆီသို့ စွတ်ပြေးသည်။

သူ့ဦးခေါင်းကို ကျည်ဆန်တစ်တောင့် ထိမှန်သွားသည်။ သူဗွက်ထဲ လဲကျသွားသည်။

သူက အားယူပြီးနောက် တပ်ဆီသို့ လက်ကို ဝှေ့ယမ်းပြလိုက်သည်။

ဒုတိယကျည်ဆန်က သူ့လည်ပင်းကို လာမှန်သည်။ နောက်တစ်တောင့်က ရင်ဘတ်ကို ထိသည်။

သူသည် ရွှံ့ဗွက်ထဲတွင် မလှုပ်မယှက် ဆန့်နေသည်။ သေမည့်အချိန်ကို စောင့်နေသည်။ ရန်သူ့မျက်နှာကိုပင် မမြင်လိုက်ရဘဲ သေရတော့မည်။ ဂုဏ်မရှိသော သူရဲကောင်းမဆန်သော သေခြင်းမျိုး။

နောက်တစ်ခု သူမှတ်မိတာကတော့ သူ့ကိုထမ်းစင်နှင့် သယ်ယူသွားကြသည်။ သူဘာကိုမျှ မကြားရ၊ ဘာကိုမျှ မမြင်ရ။ ညအချိန်လား၊ သူ့မျက်စိကန်းသွားပြီလား သူမသိ။

ခရီးတော်တော်ရှည်သည်။

သူမျက်လုံးဖွင့်ကြည့်သည်။

အရပ်ပုပုဝဝတုတ်တုတ် ဗိုလ်မှူးကြီးတစ်ယောက် ရွက်ဖျင်တဲထဲမှ ထွက်လာသည်။ သူက တစ်ခုခုကို မှတ်မိသလိုလို ထင်မိသည်။ သို့သော် အသေအချာ စဉ်းစား၍မရ။

ထို့နောက် သူ့ကို ခွဲစိတ်စားပွဲပေါ် တင်လိုက်ကြသည်။ သူက သေခြင်းကို မတွေးချင်။ အိပ်ပျော်သွားချင်သည်။ မျက်လုံးတွေ ပြန်မှိတ်လိုက်သည်။ မကြာမီ အိပ်ပျော်သွားသည်။

◆ ◆ ◆

သူပြန်နိုးလာသည်။ သူ့ဘေးတွင် လူနှစ်ယောက်ရပ်နေသည်။ သူတို့က သူ့ကို ညင်ညင်သာသာဖေးမ၍ တစ်ဖက်သို့ စောင်းလိုက်ကြသည်။ ထို့နောက် သူ့ကို ဆေးထိုးကြသည်။

သူ အိပ်မက် မက်သည်။ အိပ်မက်ထဲတွင် ကိတ်ကိုလည်း တွေ့ရသည်။ သူ့မေမေကိုလည်း တွေ့ရသည်။ မက်သယူးက သူ့သားကြီး ရစ်ချတ်နှင့် ကစားနေသည်။

ပြီးတော့ သူ အိပ်ပျော်သွားသည်။

◆ ◆ ◆

သူပြန်နိုးလာသည်။

သူ့ကို ခုတင်တစ်လုံးသို့ ပြန်ပြောင်းကြသည်။ သူမသေနိုင်တော့ဘူးဟု ယုံကြည်ချင်လာသည်။ သူမလှုပ်မယှက်ပက်လက်ကြီး လှဲနေသည်။ ရွက်ဖျင်တဲခေါင်မိုးကို တွေတွေကြီး စိုက်ကြည့်နေသည်။ ခေါင်းကို လှုပ်၍ လုံးဝမရ။ သူနာပြုဆရာမတစ်ယောက် ဝင်လာသည်။ လူနာရောဂါ မှတ်တမ်းကတ်ပြားကို ယူကြည့်သည်။ ထို့နောက် သူ့ကိုကြည့်သည်။

သူ အိပ်ပျော်သွားပြန်သည်။

✧ ✧ ✧

သူပြန်နိုးလာသည်။

အချိန်ဘယ်လောက်များ ကြာသွားပြီလဲ။ နောက်ထပ် ဆရာမတစ်ယောက် ဝင်လာပြန်သည်။ သူ့မျက်လုံးတွေ စောစောကထက် ပို၍မြင်လာသည်။ သူအလွန်ပျော်သွားသည်။ အများကြီး ပျော်သွားသည်။ ခေါင်းကိုလှုပ်ကြည့်သည်။ လှုပ်လို့ရလာပြီ နာတော့ အလွန်နာသည်။ မအိပ်ဘဲနှင့် မှိန်းနေချင်သည်။ သူမသေချင်။

သူအိပ်ပျော်သွားပြန်သည်။

✧ ✧ ✧

သူပြန်နိုးလာသည်။

ဆရာဝန်လေးယောက်ရောက်နေသည်။ သူတို့ဘာတွေလုပ်နေကြပါလိမ့်။ သူဘာမှ မကြားရ။ ထို့ကြောင့် ဘာမှ မသိ။

သူတို့က သူ့ကို နေရာရွှေ့ကြပြန်သည်။ သူ့ကို တပ်မတော် လူနာတင်ကားပေါ်သို့ ဝင်ကြသည်။ ကားတံခါးတွေ ပြန်ပိတ်သွားသည်။ ကား စထွက်ပြီ။ လမ်းက တော်တော်ကြမ်းသည်။ သူနာပြုဆရာမ အသစ်တစ်ယောက် သူ့ဘေးတွင် ထိုင်ကာ… ညင်ညင်သာသာ ဖေးမပြီး လိုက်လာသည်။ တစ်နာရီလောက် ကြာခဲ့ပြီထင်သည်။ သို့သော် အတိအကျတော့ မပြောနိုင်။

လူနာတင်ကားသည် လမ်းကောင်းပေါ်သို့ ရောက်လာပြီ။ ထို့နောက် ကားရပ်သွားသည်။

သူ့ကို နေရာရွှေ့ပြန်သည်။ သည်တစ်ကြိမ်မှာတော့ သူတို့က မြေညီပြင်ကို လျှောက်လာကြသည်။ ထို့နောက် လေယာဉ်ကားကို တက်သည်။ မှောင်နေသော အခန်းထဲရောက်လာကြသည်။ သူ့တို့ ခဏ ရပ်စောင့်နေကြသည်။ ထို့နောက် အခန်းသည် ရွေ့လျားလာသည်။ နောက်ကားတစ်စီးဖြစ်မည်ထင်သည်။ အခန်းသည် အပေါ်သို့ မြင့်တက်သွားသည်။ ဆရာမက သူ့ကို ဆေးတစ်လုံး ထိုးပေးသည်။

သည်ကြားထဲတွင် သူ ဘာကိုမျှသတိမရ။ သူတို့ကား တုံ့ကနဲရပ်သွားတော့မှ မျက်စိများ ပွင့်လာသည်။ သည်တော့မှ လေယာဉ်ပျံ မြေပြင်တွင်ဆိုက်ကြောင်း သိရတော့သည်။

သူ့ကို ထပ်ပြီး နေရာပြောင်းကြပြန်သည်။ နောက်ထပ် ဆရာမအသစ်တစ်ယောက် နောက်ထပ် အနံ့တစ်မျိုး။ နောက်ထပ် မြို့တစ်မြို့။

နယူးယောက်မြို့ဖြစ်မည်။ ဒါမှမဟုတ် အမေရိကန်နိုင်ငံ တခြားမြို့တစ်မြို့ဖြစ်မည်။

လှူနာတင်ကား ဆက်ထွက်လာခဲ့သည်။ မြေညီပြင်တွင် မောင်းလာသည်။ ရပ်လိုက်၊ ဆက်မောင်းလိုက်ဖြင့် နောက်ဆုံး တစ်နေရာတွင် အမြန်ရပ်လိုက်ကြသည်။

သူ့ကို သယ်ယူလာကြပြန်သည်။ လှေကားအတိုင်း တက်လာကြသည်။ ဆေးဖြူသုတ် အခန်းကလေးတစ်ခန်းထဲ ရောက်လာသည်။

သူ့ကို ခုတင်ပေါ်သို့ချသည်။ ခုတင်က အိစက်နေသည်။ သူ့ဦးခေါင်းသည် ခေါင်းအုံးပေါ် ရောက်လာသည်။

သူအိပ်ပျော်သွားသည်။

✧ ✧ ✧

သူပြန်နိုးလာသည်။

မျက်လုံးများကို အားတင်း၍ ဖွင့်ကြည့်သည်။ ကိတ်က သူ့အနီးတွင် ရပ်ကြည့်နေသည်။ သူက လက်ကို မြှောက်ကြည့်သည်။ မြှောက်၍မရ။ ပါးစပ်ဖွင့်ကြည့်သည်။ ဖွင့်၍မရ။

ကိတ်က ပြုံးပြသည်။ သူကလည်း ပြန်၍ ပြုံးပြသည်။ သို့သော် သူ့အပြုံးကို ကိတ် မြင်မည်မထင်။

သူအိပ်ပျော်သွားပြန်သည်။

✧ ✧ ✧

သူပြန်နိုးလာသည်။

ကိတ်ကို တွေ့ရပြန်သည်။ အဝတ်အစား တစ်မျိုးဖြစ်နေသည်။

ကိတ် ခဏခဏလာလိုက် ပြန်သွားလိုက် လုပ်နေတာ ဖြစ်မည်။

ကိတ်က ပြုံးပြပြန်သည်။

သူက ခေါင်းကို နည်းနည်း စောင်းကြည့်သည်။

သားကြီး ရစ်ချတ်ကို တွေ့ရသည်။ အရပ်တော်တော်ရှည်နေပြီ။ ချောလည်း ချောလာသည်။

သူက သမီးငယ်နှစ်ယောက်ကိုလည်း မြင်ချင်သည်။ ဒါပေမယ့် ခေါင်းကို လှည့်မရ။ နောက်မှ သူမြင်ရမည့်နေရာတွင် လာရပ်ကြသည်။

ဗာဂျင်နီယာ... ဟုတ်မှ... ဟုတ်ပါရဲ့လား။ အကြီးမြန်လှချည်လား။

ပြီးတော့... သမီးထွေး လူစီ။

ဟာ... တကယ်ပါပဲလား၊ သူကလေးလဲ တော်တော်ကြီးနေပါရောလား၊ ဟုတ်မှ ဟုတ်ပါရဲ့လား။

အချိန်တွေ တော်တော်ကြာခဲ့ပါပကော။

သူအိပ်ပျော်သွားပြန်သည်။

✧ ✧ ✧

သူပြန်နိုးလာသည်။

အခန်းထဲတွင် တစ်ယောက်မှ မမြင်ရ။ သို့သော် ခေါင်းကိုတော့ ဘယ်ညာ စောင်း၍ရလာပြီ။ တချို့ ပတ်တီးတွေ ပြန်ခွာထားပြီးပြီ။ အလျင်ထက် ပို၍မြင်လာပြီ။ စကားပြောကြည့်သည်။ သို့သော် ဘာသံမှ ထွက်မလာ။

သူအိပ်ပျော်သွားပြန်သည်။

◇ ◇ ◇

သူပြန်နိုးလာသည်။

ပတ်တီးတွေ ယခင်လောက် မရှိတော့။ ကိတ်ကို တွေ့ရပြန်သည်။

သူမ၏ အိစက်ရှည်လျားသော ဆံပင်များကို ပခုံးနှစ်ဖက်ပေါ် ဖြန့်ချထားသည်။ အပြာရောင် မျက်လုံး၊ အပြုံးမျက်နှာနှင့် ယခင်ထက် ပိုလှနေသလို ထင်ရသည်။ သူက သူမကို ခေါ်ကြည့်သည်။ သူမက ပြုံးပြသည်။

သူအိပ်ပျော်သွားပြန်ပြီ။

◇ ◇ ◇

သူပြန်နိုးလာသည်။

ပတ်တီးတွေ နည်းနည်းသာ ကျန်တော့သည်။ သည်... တစ်ကြိမ်တွင် သူ့သားကြီးက စကားပြောသည်။

"ဖေဖေ... ဖေဖေ... နေကောင်းတယ်နော်..."

"ကောင်း... ကောင်းပါတယ်... သားရယ်"

သူက မနည်းအားယူပြီး ပြောလိုက်ရသည်။ သို့သော် သူ့အသံကို သူမမှတ်မိ။

သူနာပြုဆရာမက သူ့ကို ခုတင်ပေါ်တွင် မ,ထူပေးသည်။ သူထိုင်နိုင်ပြီ။ ဆရာမကို ကျေးဇူးတင်သည်။ ဆရာဝန်က သူ့ပခုံးပေါ် လက်လာတင်သည်။

"မစ္စတာကိန်း အဆိုးဆုံးအခြေအနေ ကျော်လွန်သွားပါပြီ၊ မကြာခင် နေကောင်းသွားပါလိမ့်မယ်၊ အဲဒီတော့မှ အိမ်ပြန်တာပေါ့ ဟုတ်လား"

အခန်းထဲသို့ ကိတ်ဝင်လာသည်။ ဗာဂျင်နီယာနှင့် လူစီတို့လည်း ပါလာသည်။ သူက ပြုံးပြသည်။ သူက မေးခွန်းတွေ မဆုံးနိုင်အောင် မေးလိုက်ချင်သည်။ သို့သော် ဘယ်ကစမေးရမှန်း မသိ။

သူသေရွာက ပြန်လာတာဟု ကိတ်က ပြောသည်။ သူလည်းသိသည်။ သို့သော် သူရီမာဂျင် တိုက်ပွဲတွင် ဒဏ်ရာရခဲ့တာ တစ်နှစ်ပင်ကျော်လာခဲ့ပြီဆိုတာကိုတော့ လုံးဝမမှတ်မိ။

ရစ်ချတ်က ၁၂ နှစ်သားအရွယ်တောင် ရှိသွားပြီ။ အထက်တန်းအောင်လျှင် ဟားဗတ်

တက္ကသိုလ်တက်မည်ဟုပင် ပြောနေပြီ။

ဗာဂျင်နီယာက ကိုးနှစ်သမီး။ လူစီက ခုနစ်ပြည့်တော့မည်။ သူတို့ အဝတ်အစားတွေက တိုလွန်းလှချည့်လား၊ သူတို့ကို နားလည်အောင် မနည်းကြိုးစားရဦးမည်။

ကိတ်က တကယ်လည်းလှနေသည်။ ယခင်ကထက် အများကြီးလှနေသည်။

ရစ်ချတ်က ဘတ်ကလေ အတက်တန်းကျောင်းမှာ တက်နေကြောင်း၊ အလွန်စာတော်ကြောင်း၊ ဗာဂျင်နီယာနှင့် လူစီတို့က ဖေဖေ့ကိုပဲ တစ်မေတည်း မေးနေကြကြောင်း ကိတ်က ပြောပြသည်။ ပြီးတော့ သူ့မျက်နှာနှင့်ရင်ဘတ်ပေါ်မှ အမာရွတ်တွေက တစ်သက်လုံး မပျောက်တော့ကြောင်း၊ သို့သော်... ဦးနှောက်ကို ဘာမှမထိခိုက်ကြောင်း ဆရာဝန်တွေက ပြောပြ၍ ကံကောင်းကြောင်း၊ မျက်လုံးများလည်း နဂိုအတိုင်း ပြန်မြင်လာမည်ဖြစ်ကြောင်း ကိတ်က ဆက်လက်ပြောပြသည်။

"မောင် နဂိုအတိုင်း ပြန်ကောင်းလာအောင် ကျွန်မ အစွမ်းကုန် ပြုစုပါ့မယ် မောင်ရယ်"

ချစ်ဇနီး၏ စေတနာကို သိရ၍ သူအလွန်ဝမ်းသာမိသည်။

သို့သော် သူနှင့်ကိတ်နှင့်က ရည်မှန်းချက်ချင်းမတူကြ။

ကိတ်က တဖြည်းဖြည်းသာ ပျောက်ကင်းစေချင်သည်၊ သူက နေ့ချင်းရက်ချင်း ပြန်ကောင်းသွားစေချင်သည်။

သူ့အတွက် ဇနီးမယားနှင့် သားသမီးများက တတ်နိုင်သည့်ဘက်မှ အစွမ်းကုန်ပြုစုကြသည်။

သူတော်တော် ကျန်းမာလာပြီ။

ပထမ အသံထွက်လာသည်၊ ထို့နောက် မျက်စိမြင်လာသည်။ ထို့နောက် စကားပြောနိုင်လာသည်။

ရစ်ချတ်က သူ့ဖေဖေကို လမ်းလျှောက်သင်ပေးသည်။ နောက်တော့ တဖြည်းဖြည်းနှင့် ချိုင်းထောက်လွတ်သွားသည်။ လူစီက ထမင်းခွံ့သည်။ နောက်တော့ ကိုယ်တိုင် ယူစားနိုင်လာသည်။ ဗာဂျင်နီယာက စာရေးဆရာကြီး မတ်ခ်တွိန်း၏ ဝတ္ထုတွေကို ဖတ်ပြသည်။ သားအဖ နှစ်ယောက် အလွန်ပျော်ကြသည်။

သည်လိုနှင့် ခရစ်စမတ်ပွဲတော်ပြီးတော့ ဝီလျံအိမ်သို့ပြန်ရောက်လာခဲ့တော့သည်။

သူသည် လျင်မြန်စွာပင် ကျန်းမာလာခဲ့သည်။ နောက် ခြောက်လဆိုလျှင် ဘဏ်တိုက်လုပ်ငန်းများကို လုပ်နိုင်ပြီဟု ဆရာဝန်များက ပြောသည်။

ယခုတော့ သူ့ဆီကို ဧည့်သည်တွေလည်း သဘောရှိလာနိုင်ကြပြီ။

ပထမဆုံးရောက်လာသူမှာ အက်ဒွပ်လီချ်ဖြစ်သည်။ ဝီလျံ၏ ရုပ်ကိုမြင်တော့ လီချ်က မသိမသာ မျက်လုံးပြူးသွားမိသည်။

လီချ်က သူ့လုပ်ငန်းအခြေအနေတွေကို အသေးစိတ်ပြောပြသည်။ သူမရှိချိန်တွင် လက်စတာ ဘဏ်လုပ်ငန်းသည် အရှိန်မပျက် တိုးတက်နေကြောင်း၊ သူအလုပ်ပြန်ဝင်လာလျှင်လည်း

ဥက္ကဋ္ဌအဖြစ်ပင် ပြန်ခန့်ရန် အားလုံးက သဘောတူကြကြောင်း...။

သို့သော် တိုနီဆိုင်မွန် ယူလာသော သတင်းကတော့ ဝီလျံအား ထူးပင် စိတ်မချမ်းမသာဖြစ်စေသည်။

အလန်လွှိုက်နှင့် ရုပတ်ကော့ခ်စမစ်တို့ နှစ်ယောက်စလုံး ကွယ်လွန်သွားရှာကြပြီ။ သည်ပုဂ္ဂိုလ်ကြီးနှစ်ယောက်၏ အသိပညာကို သူကအလွန်ပင် နှမြောမိသည်။ ထို့နောက် ရှေ့နေကြီး သောမတ်ကိုဟင်ထံမှ တယ်လီဖုန်းဆက်သည်။

ဝီလျံ နေကောင်းလာ၍ သူအလွန်ဝမ်းသာကြောင်း ပြောပြီးနောက် မကြာမီတွင် သူအငြိမ်းစားယူတော့မည်ဖြစ်၍ သူ့လုပ်ငန်းကို သားဖြစ်သူ သာဒီယပ်က ဆက်ခံလုပ်ကိုင်သွားမည်ဖြစ်ကြောင်း မစ္စတာကိုဟင်က ပြောပြသည်။

သူတို့ သားအဖနှစ်ယောက်စလုံးသည် ခရစ်ယာန် သာသနာပြု ပုဂ္ဂိုလ်ကြီးများ၏ နာမည်များကို ယူထား၍ ဂုဏ်ယူမိကြောင်း ဝီလျံက ပြန်ပြောလိုက်သည်။

ဤတွင် မစ္စတာကိုဟင်က သဘောကျ၍ ရယ်လိုက်ပြီး သူအငြိမ်းစားယူပြီးနောက်တွင်လည်း သူ့သားနှင့် ယုံကြည်စိတ်ချစွာ ဆက်ဆံသွားစေချင်ကြောင်း ပြောသည်။

ဝီလျံကလည်း ဆက်ဆံသွားပါမည်ဟု ကတိပေးလိုက်သည်။

နောက်ဆုံး မစ္စတာကိုဟင်က ပြောသည်။

"ဒါနဲ့ ခင်ဗျားသိသင့်တဲ့ သတင်းတစ်ခု ကျန်သေးတယ်ဗျ"

"ဘာ သတင်းပါလိမ့် မစ္စတာကိုဟင်"

ဝီလျံက တစ်ဖက်မှ စကားပြောသံကို စိတ်ဝင်စားစွာဖြင့် နားစွင့်လိုက်သည်။

မစ္စတာကိုဟင်၏ စကားကို ကြားရပြီးသောအခါတွင်ကား ဝီလျံမှာ ယမ်းပုံမီးကျသလို ဒေါသအိုးကြီး ဝုန်းကနဲ ပေါက်ကွဲသွားတော့သည်။

✣

(၂၆)

၁၉၄၅ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ပြင်သစ်နိုင်ငံ၊ အရှေ့မြောက်ပိုင်းရှိ 'ရိမ်းစ်' မြို့၌ ဂျာမန်ဗိုလ်ချုပ်ကြီး အက်လ်ဖရက် ဂျိုဒယ်က အကန့်အသတ်မရှိ လက်နက်ချ စာချုပ်ကို တရားဝင်လက်မှတ်ရေးထိုးသည်။

စစ်အောင်ပွဲနှင့် စစ်ကြီးပြီးဆုံးသည့် အထိမ်းအမှတ်ပွဲသို့ တက်ရောက်ရန် အေဘယ်သည် နယူးယောက်မြို့သို့ ပြန်ရောက်လာခဲ့သည်။ သည်လိုနှင့် နယူးယောက်မြို့တော် လမ်းမများပေါ်တွင် ယူနီဖောင်းဝတ် လူငယ်တွေ ပျားပန်းခတ်မျှ ကြိတ်ကြိတ်တိုး စည်ကားလာပြန်သည်။ သို့သော် သည်အကြိမ်တွင်ကား သူတို့၏ မျက်နှာပေါ်တွင် စိုးရိမ်ကြောက်လန့်ခြင်း အရိပ်အရောင် လုံးဝမရှိတော့ဘဲ ပျော်ရွှင်ဝမ်းမြောက်ခြင်း အရိပ်အရောင်များသာ ဖုံးလွှမ်းလျက်ရှိကြသည်။

သူတို့တစ်တွေ ဝမ်းသာရွှင်မြူးနေကြသော်လည်း အေဘယ်ကတော့ ဝမ်းသာနိုင်။ ခြေတစ်ဖက် လက်တစ်ဖက် ပြတ်နေသူများ၊ မျက်စိ စုံလုံးကန်းနေသူများနှင့် အမာရွတ်ကြီးတွေနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသူများကို မြင်ရသောအခါ အေဘယ်မှာ အထူးပင် မချိတင်ကဲဝမ်းနည်းခြင်းဖြစ်မိလေသည်။ မိုင်ပေါင်း လေးထောင်ကျော်မျှ ဝေးလံသော တစ်နေရာတွင် စာရွက်ပေါ်၌ သက်ဆိုင်သူများက လက်မှတ်တစ်ချက် ထိုးလိုက်ခြင်းဖြင့် ဒုတိယအကြိမ် ကမ္ဘာ့လူသတ်ပွဲကြီးပြီးဆုံးသွားခဲ့သော်လည်း အဆိုပါ လူငယ်များအဖို့ရာတွင်ကား စစ်ကြီးသည် ဘယ်နံ့ရောအခါမျှ ပြီးဆုံးနိုင်စရာမရှိတော့။ စစ်ကြီးက သူတို့တစ်တွေအား သေရာပါတံဆိပ် အမှတ်အသားများကို ရာသက်ပန် ခတ်နှိပ်နှင်းအပ်လိုက်ပြီ မဟုတ်ပါလား။

အေဘယ်သည် ဗိုလ်မှူးကြီး ဝတ်စုံဖြင့် 'နယူးယောက်နယ်စား' ဟိုတယ်ထဲသို့ ဝင်လာသောအခါ သူ့ကို တစ်ယောက်မျှ မမှတ်မိကြ။

သူတို့က ဘာကြောင့်များ သူ့ကို မမှတ်မိကြတာပါလိမ့်။

လွန်ခဲ့သော သုံးနှစ်တုန်းက သူတို့က သူ့ကို အရပ်ဝတ် အရပ်စားဖြင့် နောက်ဆုံးအကြိမ် မြင်လိုက်ကြရစဉ်က သူ့မျက်နှာတွင် ယခုလို ဇရာ၏ အရေးအကြောင်းများ လုံးဝမရှိသေး။ အားမာန်အပြည့်နှင့် နုပျိုလန်းဆန်းနေဆဲပင် ရှိသေးသည်။

ယခုတော့ သူသည် အသက် ၃၉ နှစ်ထက် ရင့်ရော်အိုစာခဲ့ပြီ။ ကမ္ဘာစစ်ကြီးက သူ့နဖူးတွင် ပေါ်လွင်သော အရေးအကြောင်းများကို မှတ်သားပေးလိုက်ပြီ။

သူသည် ဓာတ်လှေကားဖြင့် ၄၂ ထပ်ရှိ သူ့ရုံးခန်းသို့ တက်လာခဲ့သည်။ လုံခြုံရေးအစောင့်က သူ့အား အခန်းမှားလာပြီထင်တယ်ဟု ဆီးပြောသည်။

"ဂျော့နော်ဗက် ဘယ်မှာလဲ" သူက ခပ်တည်တည်ဖြင့် ပြန်မေးလိုက်သည်။

"သူရှီကာဂိုရောက်နေပါတယ် ဗိုလ်မှူးကြီး"

"ဒါဖြင့် သူနဲ့ စကားပြောချင်တယ်၊ ခဏ ဖုန်းဆက်ပေးစမ်းပါ"

"ဘယ်သူဆက်တာလို့ ပြောလိုက်ရပါ့မလဲ"

"အေဘယ်ရို့စနော့စကီးလို့ ပြောလိုက်"

ဤတွင် လုံခြုံရေးအစောင့်က လှည့်ပင် မကြည့်တော့ဘဲ တစ်ကြိုးတည်း သုတ်ခြေတင် ထွက်ခွာသွားတော့သည်။

✧ ✧ ✧

အကြောင်းစုံသိရ၍ အေဘယ်က တော်တော် ဝမ်းသာမိသည်။ ထို့ကြောင့် နယူးယောက်တွင် ညမအိပ်တော့ဘဲ မိုင် ၈၀၀ ကျော်ဝေးသော ရှီကာဂိုသို့ လေယာဉ်ဖြင့် ညတွင်းချင်းလိုက်သွားရန် ဆုံးဖြတ်လိုက်သည်။

သူသည် ဂျော့၏ လုပ်ငန်းဆိုင်ရာ အစီရင်ခံစာများကို အပြည့်အစုံယူလာပြီး လေယာဉ်ပေါ်တွင် ဖတ်လာခဲ့သည်။

စစ်အတွင်း နယ်စားကုမ္ပဏီသည် စီးပွားရေးဖြစ်ထွန်းခဲ့ကြောင်း တွေ့ရသည်။ အေဘယ် မရှိတုန်းတွင် ဂျော့က လုပ်ငန်းအဝဝကို နိုင်နိုင်နင်းနင်း စီမံအုပ်ချုပ်ထားနိုင်ခဲ့သည်။ ဟိုတယ် အမှုထမ်းတွေ တော်တော်များများ စစ်ထဲလိုက်ပါသွားကြရသည့်တိုင်အောင် လုပ်ငန်းကို လုံးဝ မထိခိုက်။ နှစ်စဉ် အမြတ်ငွေတွေက မြင့်မြဲမြင့်နေသည်။ သည်လိုဖြစ်ရသည်မှာလည်း အမေရိကန် တစ်ပြည်လုံးတွင် စစ်သားတွေနှင့် ပြည်သူတွေ အပြောင်းအရွှေ့များပြီး ဟိုတယ်များတွင် လူ တွေပြည့်နေခဲ့သောကြောင့်ပင် ဖြစ်သည်။ အေဘယ်က စစ်ပြန်ဟိုတယ် အမှုထမ်းများအနက် မှ အတော်ဆုံးလူများကို တခြားဟိုတယ်တွေထက်ဦးအောင် သူ့ဟိုတယ်များတွင် ပြန်လည်ခန့်ထား ရန် ဆုံးဖြတ်လိုက်သည်။

မက်ဒ်ဝေး လေဆိပ်ရောက်သောအခါ ဂျော့က လေယာဉ်ကွင်းဂိတ်ဝတွင် အသင့် ကြိုနေ သည်ကို တွေ့ရသည်။ ဂျော့က ရုပ်ရည်များစွာ ပြောင်းလဲမသွား။ နည်းနည်းဝပြီး ဆံပင်နည်းနည်း

ပါးသွားတာပဲရှိသည်။

သူငယ်ချင်းနှစ်ယောက် မျက်နှာချင်းဆိုင်ကာ တစ်ယောက်အကြောင်း တစ်ယောက် တစ်နာရီခန့်မျှ အပြန်အလှန် ဖောက်သည်ချကြပြီးသောအခါ သုံးနှစ်တာမျှ ကွာဟနေခဲ့ကြသော ကြားကာလသည် တစ်စပ်တည်းဖြစ်သွားသည်။ အောဘယ်သည် ဘယ်ကိုမျှ မသွားခဲ့ပဲ အလုပ်ခွင်တွင် ပင် အမြဲတမ်း ရှိနေခဲ့သလို ဖြစ်သွားသည်။ သစ္စာရှိ၍ တာဝန်ကျေပွန်သော သူငယ်ချင်းအတွက် အောဘယ်က ဂုဏ်ယူဝမ်းသာမိသည်။ သူတို့နှစ်ယောက်အား ဖူးစာဆုံအောင် ဖန်တီးပေးခဲ့သော 'မြားနက်' သင်္ဘောကြီးကိုလည်း ကျေးဇူးတင်မိသည်။

အောဘယ်သည် အိမ်သို့ တန်းမပြန်သေးဘဲ ရှိကာဂိုနယ်စားပိုတယ်ကို လှည့်လည်စစ်ဆေး ကြည့်သည်။ စစ်အတွင်း အစစအရာရာ ရှားပါးမှုကြောင့် အဆောက်အအုံအတွင်းအပြင်နှင့် ပရိဘောဂများ၏ အရောင်အဆင်းများ တော်တော်ပျက်ပြယ်ယိုယွင်းနေသည်ကို တွေ့ရသည်။ ဒါတွေအားလုံး အမြန်ဆုံးပြန်ပြီး ပြုပြင်မွမ်းမံရဦးမည်ဟု အောဘယ်က စိတ်ထဲတွင် တေးမှတ် ထားလိုက်သည်။

လောလောဆယ် ကိစ္စကတော့ ဇနီးနှင့် သမီးတို့အား သွားတွေ့ရန်ဖြစ်သည်။

သမီးဖြစ်သူ ဖလော်ရင်တိုနာကို မြင်လိုက်ရသောအခါ အောဘယ်က ဝမ်းသာအံ့သြ ဖြစ်နေမိသည်။ ဖလော်ရင်တီနာက ၁၁ နှစ်တောင်ရှိသွားပြီ။ ချောကလည်း အလွန်ချောသည်။

သို့သော် ဇနီးသည် ဇာဖီယာနှင့် ပြန်တွေ့ရသောအခါတွင်ကား အောဘယ်မှာ ဝမ်းမသာ ရဘဲ စိတ်ဆင်းရဲမှုနှင့်သာ ကြုံရသည်။ လွန်ခဲ့သော သုံးနှစ်အတွင်း ဂျော့အနေဖြင့် ဘာမှပြောင်းလဲမှု မရှိသော်လည်း ဇာဖီယာကတော့ တော်တော်ကြီးကို ပြောင်းလဲနေသည်ကို တွေ့ရသည်။

ဇာဖီယာမှာ အသက် ၃၈ နှစ်သာရှိသေးသော်လည်း အရွယ်နှင့်မလိုက်အောင် အိုစာနေသည်။ ကိုယ်ခန္ဓာကလည်း ယခင်ကထက် နှစ်ဆလောက် ဝသွားသည်။

အဆိုးဆုံးကတော့ သူတို့လင်မယားနှစ်ယောက် တစ်ယောက်နှင့် တစ်ယောက် အတွေ့အမြင် ချင်း မတူကြခြင်းပင်ဖြစ်သည်။ သူတို့ နှစ်ယောက်၏ ဆက်ဆံရေးသည် ယခင်အတိုင်း ပြန်ဖြစ်မလာနိုင်တော့ကြောင်း မကြာခင်မှာပင် အောဘယ်က သဘောပေါက်မိတော့သည်။

ဇာဖီယာသည် လင်ဖြစ်သူအား ယုယမှုလည်းမရှိ၊ လင်ဖြစ်သူ၏ လုပ်ငန်းအောင်မြင်မှု အတွက် ဂုဏ်ယူရကောင်းမှန်းလည်း လုံးဝမသိ။

ဤသို့ဖြစ်ရသည့်အတွက် အောဘယ်အနေဖြင့် တော်တော်ပင် ဝမ်းနည်းမိသည်။ သို့သော် သူက တတ်နိုင်သမျှတော့ ကြိုးစားကြည့်သည်။ သူ့လုပ်ငန်း၊ သူ့ဘဝတွင် ဇာဖီယာလည်း ထပ် ကြပ်မကွာ ပါဝင်လာရန် စည်းရုံးတွဲခေါ်ကြည့်သည်။ သို့သော် ဇာဖီယာက ဘယ်လိုမှ တုံ့ပြန်မှု မပြု။

သည်အတိုင်းဆိုလျှင် သူတို့အိမ်ထောင်ရေး အဆင်မှ ပြေပါတော့မလားဟု အောဘယ်က စိုးရိမ်မကင်း ဖြစ်မိသည်။ သို့ဖြင့် သူတို့လင်မယားသည် တစ်နေ့ထက် တစ်နေ့ နီးလျက်နှင့် ဝေးဝေးလာသည်။ အောဘယ်သည် ဇာဖီယာ၏ ရုပ်ရည်ကိုလည်း စိတ်မဝင်စားတော့။ စိတ်ဓာတ်

ကိုလည်း မလေးစားတော့။

ကြာတော့ သူက အကြောင်းအမျိုးမျိုးပြကာ ရှီကာဂိုမှ ဝေးရာသို့သာ မကြာခဏ သွားနေတော့သည်။

သူသည် ကျောင်းပိတ်ရက်တွင် သမီးငယ် ဖလော်ရင်တီနာကိုခေါ်ပြီး တခြားမြို့များရှိ နယ်စားဟိုတယ်များသို့ ခရီးရှည်သွားရောက်လည်ပတ်သည်။ စစ်မြေပြင်မှ ပြန်လာပြီးနောက် ပထမခြောက်လအတွင်းတွင် ယင်းသို့ပင် အမြဲလိုလို ခရီးတွက်နေခဲ့သည်။

သို့ဖြင့် တစ်နှစ်အတွင်းတွင် သူ့ဟိုတယ်အားလုံးသည် သူမျှော်လင့်ထားသည့်အတိုင်းပင် ကျေနပ်လောက်အောင် စံချိန်မီလာခဲ့ကြသည်။ သည်ထက်သည် ပိုမိုတိုးချဲ့ရေးကိုသာ အမြဲတမ်း အကြံထုတ်လျက်ရှိသည်။

နောက်သုံးလပတ် ကုမ္ပဏီအစည်းအဝေးတွင် အေဘယ်က မစ္စတာ ကာတစ်ဖင်တန်အား သူ့အကြံကို ထုတ်ဖော်ပြောပြလိုက်သည်။

"မက္ကစီကိုနိုင်ငံနဲ့ ဘရားဇီးနိုင်ငံတွေမှာလဲ ဟိုတယ်သစ်ဖွင့်ဖို့ အချိန်တော်ပြီလို့ ဈေးကွက်သုတေသနအဖွဲ့က အကြံပေးပါတယ်၊ သူတို့က တခြား သင့်တော်မယ့် နေရာတွေကိုလဲ ဆက်လက်လေ့လာနေကြတယ်၊ အင်း 'မက္ကစီကိုစီးတီးနယ်စား' ပြီးတော့ 'ရီယိုဒီဂျာနီရိုနယ်စား' မဆိုးဘူး၊ အလုပ်ဖြစ်မှာပဲ"

အေဘယ်က သူ့စိတ်ကူးနှင့်သူ တော်တော် သဘောကျနေသည်။

"ကောင်းပါတယ်" မစ္စတာဖင်တန်က ထောက်ခံသည်။ "လုပ်ချင်ရင် လုပ်နိုင်ပါတယ်၊ အဆောက်အအုံလုပ်ဖို့အတွက်,သီးသန့် ရန်ပုံငွေကလဲ အလုံအလောက်ရှိတာပဲ၊ ခင်ဗျားမရှိတုန်း ပိုက်ဆံတွေ တော်တော်စုမိထားတယ်၊ ကြိုက်တဲ့နေရာမှာ ဆောက်လို့ရပါတယ်၊ ဒါနဲ့ ဒီအတိုင်းဆို ခင်ဗျားတော့ တစ်ကမ္ဘာလုံးအနှံ့ ဟိုတယ်တွေ လိုက်ဆောက်တော့မယ်ထင်တယ် မစ္စတာရိုစနော့စကီး၊ ဒီအလုပ်ကို ခင်ဗျား ဘယ်တော့မှ ရပ်မယ်ဆိုတာ ဘုရားသခင်မှပဲ သိတော့မယ်ထင်ပါရဲ့"

"တစ်နေ့တော့ ပိုလန်နိုင်ငံ ဝါဆောမြို့မှာလဲ နယ်စားဟိုတယ်တစ်ခု ဖွင့်ရဦးမယ်မစ္စတာဖင်တန်၊ အဲဒါပြီးမှပဲ ဘယ်တော့ရပ်မလဲဆိုတာ စဉ်းစားရမှာပဲ၊ ကျွန်တော်က ဂျာမန်တွေကိုတော့ အောင်ပွဲခံပြီးပြီ၊ ရုရှတွေကိုလဲ အောင်ပွဲခံရဦးမှာပဲ"

မစ္စတာဖင်တန်က ရယ်သည်။ (တကယ်ပင် ထိုနေ့ညနေပိုင်းတွင် သူ့မိန်းမနှင့်တွေ့တော့ ဝါဆောတွင် နယ်စားဟိုတယ်ဆောက်ဖို့ ဆုံးဖြတ်ပြီးကြောင်း သူက ထုတ်ဖော်ပြောခဲ့သည်။)

"ဒါနဲ့ လက်စတာဘဏ်ကိစ္စ ဘယ်လိုလဲ၊ ကျွန်တော် ဘယ်လိုဝင်လို့ရမှာလဲ"

အေဘယ်က ရုတ်တရက် ခေါင်းစဉ်ပြောင်းသွားသဖြင့် မစ္စတာဖင်တန်မှာ စိုးရိမ်မကင်းဖြစ်သွားမိသည်။ အေဘယ်သည် မစ္စတာလီရှိုင်း သေဆုံးရခြင်းမှာ ဝီလျံကိန်း၏ ပယောဂကြောင့်ဖြစ်သည်ဟု စွဲမြဲစွာခံယူထားပြီး ဝီလျံကိန်းအပေါ်တွင် လက်စားချေရန် ကြံနေပြီဟု တွေးမိ၍ မစ္စတာဖင်တန်က စိုးရိမ်မိခြင်းဖြစ်သည်။

သူက စပါယ်ရှယ်ဖိုင်တွဲကို ဖွင့်လိုက်ပြီး ဖတ်ပြသည်။

"လက်စတာ၊ ကိန်း၊ အင် ကုမ္ပဏီရဲ့ ရှယ်ယာတွေကို လက်စတာမိသားစုဝင် ၁၄ ဦး၊ ယခင်အမှုထမ်းဟောင်းနှင့် လက်ရှိအမှုထမ်းခြောက်ဦး၊ ပြီးတော့ မစ္စတာကိန်းတို့က ပိုင်ကြတယ်၊ မစ္စတာကိန်းက ရှစ်ရာခိုင်နှုန်းပါဝင်တယ်"

"အဲဒီတော့ လက်စတာ မိသားစုဝင် တစ်ယောက်ကများ ရှယ်ယာပြန်ရောင်းဖို့ အခြေအနေမရှိဘူးလား"

"သင့်တော်တဲ့ ဈေးပေးရင်တော့ ရောင်းမှာပဲ၊ မစ္စတာ လက်စတာရဲ့ သမီးမစ္စဆူဆန် လက်စတာက သူ့ရှယ်ယာကို ပြန်ရောင်းချင်တယ်လို့ ပြောတယ်၊ ပြီးတော့ ဒုတိယဥက္ကဋ္ဌဟောင်း မစ္စတာပီတာပါဖစ်ကလဲ သူ့ရှယ်ယာကို ပြန်ရောင်းချင်နေတယ်"

"သူတို့နှစ်ယောက်က ဘယ်နှစ်ရာခိုင်နှုန်းစီ ပိုင်ကြသလဲ"

"ဆူဆန်က ခြောက်ရာကိုင်နှုန်း၊ ပါဖစ်က နှစ်ရာခိုင်နှုန်း"

"သူတို့က ဘယ်လောက်ဈေးခေါ်သလဲ"

မစ္စတာဖင်တန်က ဖိုင်တွဲကိုပြန်လှန်နေသည်။ အေဘယ်က လက်စတာဘဏ်၏ နောက်ဆုံး နှစ်ပတ်လည် အစီရင်ခံစာကို လှန်ကြည့်လိုက်သည်။ သူ့မျက်လုံးများက အခန်း (၇)ကို အာရုံ သွားစိုက်မိသည်။

မစ္စတာဖင်တန်က ပြောသည်။

"မစ္စဆူဆန်လက်စတာက သူပိုင်တဲ့ ခြောက်ရာခိုင်နှုန်းရှယ်ယာအတွက် ဒေါ်လာနှစ် သန်းတောင်းတယ်၊ မစ္စတာပါဖစ်ကတော့ နှစ်ရာခိုင်နှုန်းအတွက် ဒေါ်လာတစ်သန်းတောင်း တယ်"

"မစ္စတာပါဖစ်က တော်တော်လောဘကြီးတာပဲ၊ အဲဒီတော့ ကျွန်တော်တို့က သူမရောင်း မဖြစ်တဲ့ အခြေအနေမျိုး ရောက်လာတဲ့အထိ စောင့်ကြည့်နေရမယ်၊ မစ္စဆူဆန်လက်စတာရဲ့ ရှယ်ယာကို အမြန်ဆုံး ဝယ်ယူလိုက်ပါ၊ ဒါပေမယ့် ဘယ်သူဝယ်တယ်ဆိုတာ မသိပါစေနဲ့၊ မစ္စတာပါဖစ်ရဲ့ အခြေအနေကို စောင့်ကြည့်ပြီး သူစိတ်ပြောင်းလာတဲ့အခါ ကျွန်တော့်ကို ပြောပါ"

မစ္စတာဖင်တန်က တဟွတ်ဟွတ်နှင့် ချောင်းဆိုးနေသည်။

"ဘယ်လိုဖြစ်တာလဲ မစ္စတာဖင်တန်၊ တစ်ခုခုများ အနှောင့်အယှက်ဖြစ်သွားလို့လား"

မစ္စတာဖင်တန်က ခေတ္တတုံ့ဆိုင်းနေပြီးတော့မှ

"အို... မဖြစ်ပါဘူး၊ ကျုပ် ဘာမှမဖြစ်ပါဘူး"

"အဲဒီတော့ အဲဒီစာရင်းကို ကြီးကြပ်ဖို့အတွက် ကျွန်တော် လူတစ်ယောက် တွေ့ထားတယ် သူ့ကို မစ္စတာဖင်တန်လဲ သိချင်သိမှာပါ၊ နာမည်က ဟင်နရီအောစဘွန်း... တဲ့"

"လွှတ်တော်အမတ် ဟင်နရီအောစဘွန်းလား"

"ဟုတ်ပါတယ်၊ မစ္စတာဖင်တန်နဲ့ ရင်းနှီးလို့လား"

"မရင်းနှီးပါဘူး၊ နာမည်ကြီးလို့ သိနေတာပါ"

မစ္စတာဖင်တန်၏ စကားတွင် အော့စဘွန်းအား မလိုလားသည့် အရိပ်အရောင်ပါနေသည်။

သို့သော် အေဘာယ်က ယင်းအချက်ကို မသိချင်ယောင်ဆောင်နေလိုက်သည်။ တကယ်တော့ ဟင်နရီအော့စဘွန်းအကြောင်းကို သူလည်း ချေးခါးအူမသိထားပြီးဖြစ်သည်။ သို့သော် အော့စဘွန်းတွင် အခြားကောင်းသော အရည်အချင်းများလည်း ရှိသေးသဖြင့် အေဘာယ်က သူ့ရည်ရွယ်ချက်နှင့်သူ အသုံးချလို၍ အလုပ်တာဝန်ပေးခြင်းဖြစ်သည်။ ပြီးတော့လည်း တစ်ယောက်နှင့်တစ်ယောက်သာ ဖော်၍မပြောကြသော်လည်း သူတို့နှစ်ယောက်စလုံးတွင် ဝီလျံကိန်းနှင့်ပတ်သက်၍ တူညီသော ခံစားချက်များ ရှိထားကြသည် မဟုတ်ပါလား။

"ကျွန်တော်က မစ္စတာအော့စဘွန်းကို နယ်စားကုမ္ပဏီမှာ ဒါရိုက်တာလူကြီးတစ်ယောက်အဖြစ် ဝင်လုပ်ဖို့ ကမ်းလှမ်းထားတယ်၊ သူ့ကို လက်စတာဘဏ်စာရင်းအတွက် အထူးတာဝန်ပေးမယ်၊ ဒီကိစ္စကိုလဲ ဘယ်သူမှ မသိစေရဘူး၊ ထိပ်တန်း လျှို့ဝှက်ချက်တစ်ရပ်အဖြစ် လျှို့ဝှက်ထားရမယ်"

"ကောင်းပါတယ်၊ ခင်ဗျားကြိုက်သလိုလုပ်ပါ"

မစ္စတာဖင်တန်က စိတ်မချမ်းသာစွာဖြင့် ပြန်ပြောသည်။ သူ့စကားကြောင့် အေဘာယ်က တစ်မျိုးတစ်မည်များ ထင်သွားလေမည်လားဟုလည်း တွေးလိုက်မိသည်။

"အဲဒီတော့ မစ္စဆူဆန်လက်စတာနဲ့ ကိစ္စပြတ်ပြီးတဲ့အခါ ကျွန်တော့်ကို ပြန်ပြောပါ"

"ကောင်းပါပြီ မစ္စတာရှိုစနော့စကီး"

ဖင်တန်က ခေါင်းမဖော်ဘဲ ပြန်ပြောလိုက်သည်။

အေဘာယ်သည် နေ့လယ်စာ စားရန် နယ်စားဟိုတယ်သို့ ပြန်လာခဲ့သည်။ ဟင်နရီအော့စဘွန်းက သူ့ကို အသင့်စောင့်နေသည်။

"ဟလို… လွှတ်တော်အမတ်မင်း"

ဆင်ဝင်အောက်တွင် ရပ်နေသော အော့စဘွန်းအား အေဘာယ်က နှုတ်ဆက်လိုက်သည်။

"ဟလို… နယ်စားကြီး"

နှစ်ယောက်သား သဘောကျစွာ ရယ်လိုက်ကြသည်။ ထို့နောက် လက်ချင်းဆွဲကာ စားသောက်ခန်းထဲဝင်လာကဲ့ကြပြီး အခန်းထောင့်စားပွဲတွင် ထိုင်ကြသည်။

စားပွဲထိုးတစ်ယောက်အား ဝတ်စုံတွင် ကြယ်သီးတစ်လုံး ပြုတ်နေသဖြင့် အေဘာယ်က အနားခေါ်ပြီး သတိပေးဆုံးမလိုက်သည်။

"ခင်ဗျားမိန်းမ နေကောင်းရဲ့လား အေဘာယ်"

"နေကောင်းလိုက်သမှ ဝပြိနေတာပဲ၊ မစ္စတာအော့စဘွန်းရဲ့ ဇနီးကတော ဘယ့်နယ်လဲ"

"သူလဲ သိပ်ကောင်းပေါ့"

"ဒါနဲ့ ဘာသတင်းထူးသလဲ"

"အတ္တလန္တာမြို့အတွက် ခွင့်ပြုချက်ကျတော့မယ်၊ နောက်...သုံးလေးရက်ဆိုရင် လိုအပ်တဲ့ စာရွက်စာတမ်းတွေ ထုတ်ပေးတော့မယ်၊ လဆန်းရင် အတ္တလန္တာနယ်စားဟိုတယ် ဆောက်လုပ်ရေးစနိုင်ပြီ"

"ဒါပေမယ့် ကျွန်တော်တို့က တရားမဝင်တဲ့ သဘောနဲ့ရတဲ့ ခွင့်ပြုချက်မျိုးတော့ မလိုချင်ဘူး မစ္စတာအော့စဘွန်း"

"ဟုတ်ပါတယ်၊ အဲဒီလို မဖြစ်စေရပါဘူး၊ ခင်ဗျားနဲ့အပြိုင်တင်တဲ့ လူတွေက လန့်သွားကြပါပြီ"

အော့စဘွန်းက ရယ်လိုက်သည်။

"ဒီလိုကြားရတာ ဝမ်းသာပါတယ် မစ္စတာ အော့စဘွန်း၊ ကျွန်တော်က ဥပဒေနဲ့ ဆန့်ကျင်တာဆိုရင် လုံးဝ မလုပ်ချင်လို့ပါ"

"ဘာမှမဖြစ်ပါဘူး၊ ဒီအတွက် လုံးဝမပူပါနဲ့၊ တကယ်တော့ အဖြစ်မှန်ကို ခင်ဗျားနဲ့ ကျွန်တော်တို့ပဲ သိတာပါ"

"ကောင်းပါတယ်ခင်ဗျား၊ ဒီတော့ မစ္စတာအော့စဘွန်းဟာ ကျွန်တော့်အတွက် အကျိုးဆောင်ပေးလာတာ တော်တော်ကြာပါပြီ၊ အဲဒီအတွက် ကျွန်တော်က လက်ဆောင်ကလေးတစ်ခု ပြန်ပေးနေချင်တယ်၊ နယ်စားကုမ္ပဏီမှာ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာလူကြီးအဖြစ် လုပ်နိုင်ပါ့မလား"

"ဘယ့်နယ်မေးပါလိမ့် အေဘယ်၊ တကယ်သာ မှန်ရင်တော့ ဝမ်းသာမဆုံး ဖြစ်စရာပေါ့"

"မစ္စတာအော့စဘွန်းဟာ ဒီပြည်နယ်နဲ့ မြို့နယ်ပါမစ်တွေကို အမြန်ဆုံးရရှိနိုင်အောင် အကူအညီပေးခဲ့တယ်၊ ကျွန်တော်က အဲဒီ ဗျူရိုကရက် အရာရှိတွေ၊ နိုင်ငံရေးသမားတွေနဲ့သွားပြီး ဆက်ခံနေဖို့ အချိန်မရဘူး"

"ခင်ဗျားရဲ့ လက်ဆောင်က တော်တော် ရက်ရောတာပဲ အေဘယ်"

"မစ္စတာ အော့စဘွန်း ရသင့်တာထက် နည်းတောင် နည်းနေပါသေးတယ်၊ အဲဒီတော့ မစ္စတာ အော့စဘွန်းအနေနဲ့ အရေးကြီးတဲ့တာဝန်ကို ယူစေချင်တယ်၊ ဒီကိစ္စကို ထိပ်တန်းလျှို့ဝှက်အဖြစ် လျှို့ဝှက်ထားဖို့တော့ လိုအပ်တယ်၊ မစ္စတာ အော့စဘွန်းအနေနဲ့ အချိန်တော့ သိပ်မကုန်ပါဘူး၊ ကိစ္စကတော့ ဘော့စတွန်းက ကျွန်တော်တို့နှစ်ယောက်ရဲ့ ဘုံရန်သူဖြစ်တဲ့ မစ္စတာ ဝီလျံကိန်းကို နည်းနည်းပါးပါး လက်စားချေဖို့ကိစ္စပါပဲ..."

စားပွဲထိုးမှူးက အမဲကြော်နှင့် ယုန်သားကြော်များ လာချပေးပြီး ပြန်ထွက်သွားသည်။

ဝီလျံကိန်းအား လက်စားချေရေးစီမံကိန်းကို အေဘယ်က အသေးစိတ်ပြောပြရာ အော့စဘွန်းက အလွန်စိတ်ဝင်စားစွာဖြင့် နားထောင်နေသည်။

◇ ◇ ◇

၁၉၄၆ ခုနှစ်၊ မေလ ၈ ရက်နေ့မှ နောက်ဆုံး လေးရက်အကြာတွင် အေဘယ်သည်

'ဥရောပအောင်ပွဲ' တစ်နှစ်မြောက် အထိမ်းအမှတ်ကို တက်ရောက်ရန် နယူးယောက်သို့ ပြန်လာခဲ့သည်။ သမီးငယ် ဖလော်ရင်တီနာကိုလည်း သူနှင့်အတူ ခေါ်လာခဲ့သည်။

အေဘာယ်က ပိုလန်အမျိုးသား စစ်ပြန်စစ်မှုထမ်းဟောင်း တစ်ထောင်ကျော်တို့အား နယ်စားဟိုတယ်တွင် ညစာစားပွဲဖြင့် ဂုဏ်ပြုဧည့်ခံသည်။

၁၉၄၃ ခုနှစ် နောက်ပိုင်း ပြင်သစ်နိုင်ငံရှိ ပိုလန်တပ်များ၏ စစ်ဦးချုပ် ဗိုလ်ချုပ်ကြီး ကာဇင်မားစ်ဆိုစကော့စကီးလည်း အထူးဧည့်သည်တော်အဖြစ် တက်ရောက်သည်။

ဧည့်ခံပွဲညတွင် နယူးယောက်နယ်စား ဟိုတယ်စားသောက်ခန်းတစ်ခုလုံး ထိန်ထိန်လင်းလျက် ဧည့်ပရိသတ်တွေ ကြိတ်ကြိတ်တိုး စည်ကားနေသည်။ စားပွဲအလုံးပေါင်း ၁၂၀ ပေါ်တွင် အမေရိကန်အလံနှင့် ပိုလန်အမျိုးသား အလံများကို ခင်းထားသည်။ ဒုတိယကမ္ဘာစစ်အတွင်းက အောင်ပွဲရဗိုလ်ချုပ်ကြီးများဖြစ်ခဲ့ကြသော အိုက်ဆင်ဟောင်းဝါး၊ ပေတန်၊ ဘရက်ဒလေ၊ ဟော့ဂျက်စ်၊ ပါဒါရှုစကီးနှင့် ဆိကော့စကီးစသော ဗိုလ်ချုပ်ကြီးများ၏ ဓာတ်ပုံကားချပ်ကြီးများကို နံရံပြည့် ချိတ်ဆွဲထားသည်။

အေဘာယ်က အလယ်စားပွဲတွင်ထိုင်သည်။ သူ့လက်ယာဘက်တွင် ဗိုလ်ချုပ်ကြီး ဆိုစကော့စကီးထိုင်ပြီး လက်ဝဲဘက်တွင် ဖလော်ရင်တီနာထိုင်သည်။

ဗိုလ်ချုပ်ကြီးက မိန့်ခွန်းပြောရန် ထိုင်ရာမှ ထရပ်လိုက်သည်။

"လေးစားအပ်သော ဧည့်သည်တော်များခင်ဗျား အားလုံးသိကြပြီးတဲ့အတိုင်း ဒုတိယဗိုလ်မှူးကြီး အေဘာယ်ရို့စနော့စကီးဟာ ပိုလန်၊ အမေရိကန် ချစ်ကြည်ရေးအတွက် ကိုယ်ကျိုးကို အများကြီး စွန့်ခဲ့သူဖြစ်ပါတယ်၊ စစ်အတွင်းက ဒီဟိုတယ်ကြီးကို စစ်ဌာနချုပ်အဖြစ် ဖွင့်လှစ်ခွင့်ပြုခဲ့တာဟာ ထင်ရှားတဲ့ သာဓကပါပဲ၊ ဒါကြောင့်မို့ သူ့ကို ပိုလန် စစ်ပြန်စစ်မှုထမ်းဟောင်းများအဖွဲ့ရဲ့ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ဖို့ ကျုပ်က အလေးအနက် ထောက်ခံပါတယ်ကင်ဗျား"

လက်ခုပ်သံများ သဲသဲညံသွားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးက အေဘာယ်၏ စစ်အတွင်း စွမ်းဆောင်မှုများကို ဆက်လက်ပြောကြားသည်။ အထူးသဖြင့် ရီမာဂျင်တိုက်ပွဲတွင် ကျဆုံးသူနှင့် ဒဏ်ရာရသူများအား သက်စွန့်ဆံဖျား သွားရောက် သယ်ယူခဲ့ပုံကို ချီးကျူးပြောကြားသည်။

ဗိုလ်ချုပ်ကြီးက နေရာတွင် ပြန်ထိုင်သောအခါ ပရိသတ်များက ထိုင်ရာမှထ၍ လက်ခုပ်တီးကြသည်။ အေဘာယ်က ဒန်းဇစ်ဘော်ဒကာ အရက်ခွက်ကို မြှောက်လျက် တုံ့ပြန်လိုက်သည်။ ဖလော်ရင်တီနာမှာ သူမ၏ ဖခင်အတွက် ဂုဏ်ယူမဆုံးဖြစ်နေသည်။

နောက်တစ်နေ့တွင် သတင်းစာတွေက အေဘာယ်အကြောင်းကို ဓာတ်ပုံများ ဝေဝေဆာဆာဖြင့် တစ်ခမ်းတစ်နား ဖော်ပြကြသည်။ ထိုနေ့ တစ်မနက်လုံး အေဘာယ်သည် ဓာတ်ပုံဆရာတွေ၊ သတင်းထောက်တွေနှင့် အလုပ်ရှုပ်နေတော့သည်။

ညနေပိုင်းကျတော့ အေဘာယ်မှာ တစ်ယောက်တည်းဖြစ်ကျန်ရစ်တော့သည်။ ဗိုလ်ချုပ်

ကြီးက တခြားပွဲတစ်ပွဲသို့ တက်ရောက်ရန် လော့စ်အိန်ဂျယ်လိစ်မြို့သို့ ထွက်ခွာသွားသည်။ ဖလော်ရင်တီနာက လိတ်ခ်ဖောရစ်သို့ ကျောင်းတက်ရန် ပြန်သွားသည်။ ဂျော့က ရှီကာဂိုသို့ ပြန်သွားသည်။ အော့စဘွန်းက ဝါရှင်တန်သို့ ပြန်သည်။

အေဘယ်မှာ ဟိုတယ်ကြီးတွင် တစ်ယောက်တည်းပင် ကျန်ရစ်တော့သည်။ သူက ရှီကာဂိုရှိ ဇနီးသည်ထံသို့လည်း ပြန်ချင်စိတ် လုံးဝမရှိ။

သို့ဖြင့် သူသည် ညစာ စောစောစားပြီးနောက် ဟိုတယ်လုပ်ငန်းအပတ်စဉ် အစီရင်ခံစာများကို အေးအေးလူလူ လေ့လာဖတ်ရှုရန် ဆုံးဖြတ်လိုက်သည်။

သူသည် သူ၏ သီးသန့်ခန်းသို့သွားရန် ဓာတ်လှေကားဖြင့် အောက်ထပ်သို့ ဆင်းလာခဲ့သည်၊ အောက်ထပ်သို့ရောက်သောအခါ ဧည့်လက်ခံဌာနသို့သွားပြီး ထိုညနေတွင် ဧည့်သည်ဘယ်နှစ်ယောက် စာရင်းဝင်ကြောင်း ကြည့်ရှုစစ်ဆေးသည်။

ဧည့်ခန်းတစ်နေရာတွင် ရုပ်ရည်ချောမောသော အမျိုးသမီးတစ်ယောက် တည်းခိုရေးပုံစံ ဖြည့်နေသည်ကို ရုတ်တရက် မြင်လိုက်သည်။ သူက အမျိုးသမီးကို မှတ်မိသလိုလို ထင်မိသည်။ ဘေးတိုက်ဖြစ်နေ၍ ရုတ်တရက် မမှတ်မိ။ အမျိုးသမီးက အသက် ၃၀ ကျော်အရွယ်။

ထိုအမျိုးသမီးက ပုံစံဖြည့်ပြီးသောအခါ အေဘယ်ဘက်သို့ လှည့်ကြည့်ပြီး…

"ဟင်… အေဘယ်၊ တွေ့ရတာ ဝမ်းသာလိုက်တာ"

"ဘုရားရေ… မယ်လာနီ၊ မင်းကို ငါမှတ်တောင် မမှတ်မိချင်သလိုပဲ"

"ရှင့်ကိုတော့ လူတိုင်းမှတ်မိပါတယ် အေဘယ်"

"တကယ်ပြောတာပါ၊ မင်း နယူးယောက်မှာ ရှိနေတာ ငါ လုံးဝမသိဘူး"

"ကျွန်မ ဒီညပဲ ရောက်လာတာပါ၊ ကျွန်မတို့ မဂ္ဂဇင်းအတွက် အလုပ်ကိစ္စကလေး ရှိနေတာနဲ့"

"ဒါဖြင့် မင်းက အခု သတင်းစာ ဆရာမကြီး လုပ်နေပြီပေါ့ ဟုတ်လား" အေဘယ်က မယုံနိုင်သလိုဖြင့် မေးလိုက်သည်။

"မဟုတ်ပါဘူး၊ ကျွန်မ မဂ္ဂဇင်းထုတ်ဝေရေးကုမ္ပဏီတစ်ခုမှာ စီးပွားရေးအတိုင်ပင်ခံဝင်လုပ်နေတာပါ၊ ကုမ္ပဏီက ဒါးလက်မြို့မှာ ဌာနချုပ်ဖွင့်ထားတယ်၊ အခု နယူးယောက်ကို ဈေးကွက်သုတေသနပြုဖို့ ရောက်လာတာ"

"သိပ် စိတ်ဝင်စားစရာကောင်းတာပဲ မယ်လာနီ"

"ထင်သလောက်မဟုတ်ပါဘူး အေဘယ်၊ ကျွန်မက အလကားနေ အလကားဆိုပြီး အပျင်းပြေ ဝင်လုပ်နေတာပါ"

"ဒါတွေထားပါဦးလေ၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ဒီညနေ ငါနဲ့အတူ ညစာစားပါလား"

"ကောင်းပါတယ်၊ ဒါပေမယ့် ကျွန်မ ရေမိုးချိုးပြီး အဝတ်အစားလဲချင်သေးတယ်၊ ရှင်စောင့်နိုင်ပါ့မလား၊ အားနာစရာကြီး"

"အိုး ဘာလို့ အားနာရမှာလဲ၊ တခြားလူတွေမှတ်လို့...၊ ရပါတယ်၊ ငါစောင့်နေပါ့မယ်၊ အဲဒီတော့ မင်းကိစ္စပြီးရင်သာ စားသောက်ခန်း လျှောက်လာခဲ့ပါ၊ နောက် တစ်နာရီလောက်အတွင်းပေါ့"

သူမက ပြုံးပြပြီး ဓာတ်လှေကားဆီသို့ လျှောက်သွားသည်။ အေဘယ်၏ နှာခေါင်းတွင် ရေမွှေးနံ့လှိုင်သွားသည်။

အေဘယ်သည် စားသောက်ခန်းသွားပြီး သူ့စားပွဲတွင် ပန်းတွေ လတ်လတ်ဆတ်ဆတ်ရှိမရှိ ကြည့်သည်။ မီးဖိုခန်းသွားပြီး မယ်လာနီအတွက် အထူးဟင်းလျာတွေ ကိုယ်တိုင်မှာသည်။

ထို့နောက် ပြန်လာခဲ့ပြီး စားပွဲတွင် ထိုင်သည်။ သူက နာရီတကြည့်ကြည့်နှင့် မယ်လာနီအလာကို မျှော်နေသည်။ အခန်းတံခါးဆီသို့ ခဏခဏ လှမ်းကြည့်နေမိသည်။

မယ်လာနီက မိနစ်အနည်းငယ် နောက်ကျပြီးမှ ပေါ်လာသည်။ သို့သော် နောက်ကျရကျိုးနပ်သည်။

သူမသည် အကောင်းစားဝတ်စုံကို ကြော့နေအောင် ဝတ်လာခဲ့သည်။ တစ်ခန်းလုံး ပြိုးပြိုးပြက်ပြက် လင်းလက်သွားသလို ထင်ရသည်။

စားပွဲထိုးမှူးက သူမအား အေဘယ်ထိုင်နေသော စားပွဲသို့ ခေါ်လာခဲ့သည်။ အေဘယ်က ထိုင်ရာမှထ၍ကြိုဆိုသည်။ စားပွဲထိုးတစ်ယောက်က အကောင်းစား 'ကရပ်ဝိုင်'ပုလင်းကို ဖောက်ပြီး ဖန်ခွက်နှစ်ခွက်ထဲ လောင်းထည့်သည်။

"လှိုက်လှဲ ဝမ်းသာကြိုဆိုပါတယ် မယ်လာနီ" အေဘယ်က ဖန်ခွက်ကို မြှောက်လိုက်သည်။ "အခုလို မင်းကို နယ်စားဟိုတယ်မှာ တွေ့ရတာ ဂုဏ်ယူပါတယ်"

"ကျွန်မလဲ'နယ်စား'နဲ့ တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ အထူးသဖြင့် သူ့ရဲ့ အောင်ပွဲနေ့မျိုးမှာ တွေ့ရလို့ပေါ့"

"ဘာပြောတာလဲ မယ်လာနီ"

"သြော် ကျွန်မက ရှင့်ရဲ့ ညစာစားပွဲကြီးအကြောင်း 'နယူးယောက်ပို့စ်ထ်' သတင်းစာထဲမှာ ဖတ်ရလေတယ်၊ ရီမာဂျင်တိုက်ပွဲမှာ ရှင့်ရဲ့ စွန့်စားခန်းကတော့ အသည်းယားစရာကြီးပဲနော်၊ သူတို့က ရှင့်ကို သိပ်ပြီး အသားပေးရေးထားကြတာပဲနော်..."

"အလကားပါ၊ ပုံကြီးချဲ့ရေးထားကြတာ"

"ရှင်က နေရာတကာမှာ သိပ်ပြီး လူသိမှာ ကြောက်တာပဲ၊ ကျွန်မကတော့ သတင်းစာထဲ ရေးထားတာတွေအားလုံး မှန်တယ်လို့ ယုံပါတယ်"

အေဘယ်က သူမဖန်ခွက်ထဲသို့ ဝိုင်အရက် လောင်းထည့်ပေးလိုက်သည်။

"တကယ်တော့ မင်းနဲ့တွေ့ရတာ ငါနည်းနည်း ကြောက်နေသလိုပဲ ဆိုတာသာ အမှန်ပါ မယ်လာနီ"

"အိုး မဟုတ်တာပဲရှင်၊ နယ်စားကြီးက တခြားတစ်ယောက်ယောက်ကိုများ ကြောက်နေရသေးသတဲ့လား၊ ကျွန်မတော့ ယုံနိုင်ပေါင် တော်"

"ဟုတ်ပါတယ်၊ ငါက မင်းတစ်ခါကပြောသလို တောင်ပိုင်းသား လူကြီးလူကောင်းတစ်ယောက်မှ မဟုတ်တာဘဲ"

"အင်း… ရှင်ကတော့ ကျွန်မအပေါ် အမြဲတမ်း အငြိုးထားနေတာပဲနော်" သူမက ရယ်လိုက်သည်။

"ဒါနဲ့… ရှင်… ဟို… ပိုလန်သူ ချောချောကလေးနဲ့ လက်ထပ်ဖြစ်သလား"

"ဟုတ်တယ် ဖြစ်တယ်"

"အဆင်ပြေရဲ့လား"

"မပြေပါဘူး၊ အသက်က ၄၀၊ လူပုံက ပုတ်လှောက်၊ ငါတော့ ဘယ်လိုမှ ကြည့်လို့မရတော့ဘူး"

"ပြီးတော့ သူက ရှင့်ကို သဘောမပေါက်ဘူးလို့ ပြောဦးမယ် မဟုတ်လား"

"ဒါနဲ့ မင်းကော အိမ်ထောင်ရှင်တွေ့ပြီလား"

"သြော်… ဟုတ်ကဲ့၊ ကျွန်မ ခုနက ရှင်ပြောတဲ့ တောင်ပိုင်းသား လူကြီးလူကောင်းနဲ့ လက်ထပ်လိုက်တယ်လေ"

"ဂုဏ်ယူဝမ်းသာပါတယ် မယ်လာနီ"

"ဒါပေမယ့် မနှစ်က သူ့ကို ကျွန်မ ကွာရှင်းလိုက်ပြီလေ၊ ရသင့်တာတွေလဲ တော်တော် ရလိုက်ပါတယ်"

"အို… ငါစိတ်မကောင်းပါဘူး မယ်လာနီ၊ ကဲ… တစ်ခွက်လုပ်လိုက်ပါဦး"

"ရှင်က ကျွန်မကို စည်းရုံးနေတာလား အောဘယ်"

"ထမင်းစားပြီးမှပေါ့ မယ်လာနီ"

"ဒါဆို ရှင့်ကို သတိပေးရလိမ့်မယ်၊ ကျွန်မယောကျ်ားနဲ့ ကွာရှင်းပြီးကတည်းက ဘယ်ယောကျ်ားမှ အနားအကပ်မခံခဲ့ဘူး"

"သြော်…ဟုတ်လား၊ ဟုတ်ကဲ့…ငါသတိထားပါ့မယ်၊ ဒါနဲ့ ငါ့အခန်းသွားပြီး အေးအေးဆေးဆေး ကော်ဖီသောက်ကြရအောင်လား"

"ကျွန်မက အဲဒီလို ဖိတ်ပါစေလို့ ကျိတ်ပြီး ဆုတောင်းနေတာရှင့်"

နှစ်ယောက်သား ရယ်လိုက်ကြသည်။

✧ ✧ ✧

"ကျွန်မ တစ်ညလုံးမနေနိုင်ဘူး အောဘယ်၊ မနက်အစောကြီး ချိန်းထားတာ ရှိနေတယ်၊ ကျွန်မ နည်းနည်းအိပ်လိုက်ပြီး မိုးမလင်းခင် ပြန်မှဖြစ်မယ်"

"တကယ် ပြောနေတာလား"

"တကယ်ပါ၊ ကျွန်မဝမ်းနည်းပါတယ် ဒါလင်"

သူမက အိပ်ရာထဲမှ လူးလဲထပြီး ရေချိုးခန်းထဲ ဝင်သွားသည်။ မကြာမီ ပြန်ဝင်လာပြီး အဝတ်အစားလဲနေသည်။

"တို့နှစ်ယောက် ဒီလိုပဲ ခဏခဏ တွေ့ကြရအောင် နော် မယ်လာနီ" အေဘယ်က အိပ်ရာထဲမှ လှမ်းပြောလိုက်သည်။

"တွေ့နိုင်ပါစေလို့ ကျွန်မလဲ ဆုတောင်းပါတယ်"

အေဘယ်က အိပ်ရာမှထပြီး မယ်လာနီအတွက် တံခါးဖွင့်ပေးသည်။ ပြီးတော့ တံခါးပြန်ပိတ်လိုက်ပြီး ခုတင်ဘေးမှ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"မစ္စမယ်လာနီလီရှိုင်းက ဘယ်အခန်း ယူထားသလဲ" တစ်ဖက်မှ ခေတ္တငြိမ်နေသည်။ စာရွက်လှန်သံများ ကြားနေရသည်။ အေဘယ်က ဂနာမငြိမ်စွာဖြင့် စားပွဲကို လက်နှင့်ပုတ်ကစားနေသည်။

"အဲဒီနာမည်နဲ့ တစ်ယောက်မှ မရှိပါဘူး ဆရာ" တစ်ဖက်မှ ပြန်ပြောသည်။ "ဒီမှာ ကျွန်တော်တို့ လက်ခံထားတာက မစ္စ မယ်လာနီဆီတန်၊ ဒါးလက်မြို့၊ တက်ဆက်ပြည်နယ်လို့ပဲ တွေ့ရပါတယ်၊ မနက်ဖြန်မနက် ပြန်ထွက်ဖို့ ပြောထားပါတယ် ဆရာ"

"ဟုတ်ပါတယ်၊ အဲဒီအမျိုးသမီးပါပဲ၊ သူ့စာရင်းကို ငါ့စာရင်းထဲ လွှဲထည့်လိုက်ပါ"

"ကောင်းပါပြီ ဆရာ"

အေဘယ်က တယ်လီဖုန်းကို ပြန်ချလိုက်သည်။ ထို့နောက် ရေအေးနှင့် တစ်ဝချိုးပစ်လိုက်သည်။ ပြီးတော့ အဝတ်အစားလဲသည်။ မီးဖိုမီး ပြန်ပိတ်လိုက်သည်။ အိပ်ရာပေါ် လှဲချလိုက်သည်။ အခန်းမီး လှမ်းပိတ်လိုက်သည်။ ပြီးတော့ အသံထွက်ပြီး ကျိန်ဆဲလိုက်သည်။

"ခွေးသူတောင်းစားမ"

✧ ✧ ✧

ထိုမှ နောက်ပိုင်းတွင်တော့ အေဘယ်နှင့် ဇာဖီယာတို့၏ အိမ်ထောင်ရေးသည် တစ်နေ့ထက်တစ်နေ့ အခြေအနေ ဆိုးရွားလာခဲ့တော့သည်။

အေဘယ်သည် ဇာဖီယာဆီသို့ လုံးဝမသွားတော့ဘဲ စားပွဲထိုးမယ်ကလေးများ၊ တခြားဧည့်သည်အမျိုးသမီးများနှင့်သာ ပျော်ပါးနေတော့သည်။

သည်လိုနှင့် ဇာဖီယာက အလွတ်စုံထောက်ငှားပြီး သူ၏ ခြေပုန်းခုတ်လုပ်ရပ်များကို ထောက်လှန်းနေကြောင်း သိရှိရသောအခါ အေဘယ်က လုံးဝ အံ့သြခြင်းမဖြစ်မိ။

နောက်ဆုံး ဇာဖီယာက အေဘယ်နှင့် ကွာရှင်းပြတ်စဲရန် တရားရုံးတွင် လျှောက်ထားလိုက်သည်။

အေဘယ်က သမီးကလေး၏ မျက်နှာကိုထောက်ထားပြီး သည်လိုပဲ ပိုနေမြဲ၊ ကျားနေမြဲ နေသွားကြရန် ဇာဖီယာအား အတန်တန် ဖျောင်းဖျပြောဆိုသည်။ သို့သော် ဇာဖီယာက လုံးဝလက်မခံ။ ငြင်းဆန်မြဲ ငြင်းဆန်နေသည်။

သို့ဖြင့် အေဘယ်က လက်လျှော့လိုက်ရပြီး သမီးကလေးအား သူနှင့်အတူ နေထိုင်ခွင့်ပြုရန် ပြန်လည်တောင်းဆိုသည်။ ပထမတွင် ဇာဗီယာက သဘောမတူ။ နောက်ဆုံး သူမအား ရှီကာဂိုမှ အိမ်အပြင်၊ ဒေါ်လာငါးသိန်းပေးမည်ဟု ပြောတော့မှ သမီးငယ်အား လစဉ် နောက်ဆုံးပတ်စနေ၊ တနင်္ဂနွေနေ့များတွင် သူမဆီသို့ ပို့ပေးရန် ချွင်းချက်ဖြင့် သဘောတူလိုက်လေသည်။

သည်နောက်တော့ အေဘယ်သည် နယူးယောက်သို့ အမြဲတမ်းပြောင်းလာခဲ့တော့သည်။ သို့သော် သူက တစ်နေရာတွင် အမြဲမနေ။ စိတ်ကူးပေါ်တိုင်း တောင်ပိုင်း၊ မြောက်ပိုင်းတစ်ခွင်သို့ ခရီးထွက်ကာ သူ၏ ဟိုတယ်များကိုသာ လှည့်လည်စစ်ဆေးရင်း အချိန်ကုန်လွန်စေသည်။ ထို့ကြောင့် ဂျော့က သူ့အား ပြည်ပြေး "ရှီကာဂိုနယ်စားကြီး" ဟူ၍ပင် နောက်ပြောင်ခေါ်ဝေါ်လေ့သည်။

✣

(၂၇)

ဝီလျံ၏ စားပွဲပေါ်တွင် စာကို ဖြန့်တင်ထားသည်။ သူက ကောက်ယူပြီး တတိယအကြိမ် ထပ်ဖတ်သည်။

"အေဘယ်ရို့စနော့စကီးက လက်စတာဘဏ်မှာ ဘာကြောင့် ရှယ်ယာဝင်ချင်ရတာလဲ။ သူက အော့စဘွန်းကို သူ့ကုမ္ပဏီမှာ ဘာဖြစ်လို့ ဒါရိုက်တာခန့်တာလဲ"

ဝီလျံက အကြောင်းရင်းကို ဘယ်လိုတွေးလို့မှ မရ။ ထို့ကြောင့် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

မစ္စတာကိုဟင် အသစ်မှာ သူ့ဖခင်နှင့် တစ်ပုံတည်းဖြစ်သည်။ ထို့ကြောင့် အရှေ့ ၆၈ လမ်းမှ ဝီလျံ၏ အိမ်သို့ရောက်သောအခါ သူ့ကိုယ်သူ မိတ်ဆက်နေစရာမလိုတော့။ သူ့ခေါင်းတွင် ဆံပင်ပါးပါးနှင့် အနည်းငယ် ဖြူစပြုနေပြီ။

ဝီလျံက မစ္စတာသာဒီယပ်ကိုဟင်အား စိုက်ကြည့်နေသည်။

"ကျွန်တော့ကို မမှတ်မိဘူးလား မစ္စတာကိန်း" မစ္စတာကိုဟင်က မေးလိုက်သည်။

"ဟာ ဘယ့်နှယ် မမှတ်မိပဲနေပါ့မလဲ၊ ကျွန်တော်နဲ့ ခင်ဗျားတို့က ဟားဗတ်တုန်းက စကားရည်လုပွဲကြီးတောင် အကြီးအကျယ် လုပ်ခဲ့ကြသေးတာပဲ၊ ၁၉၂၀ ခုနှစ်တုန်းကပေါ့"

"၁၉၂၈ ကပါ၊ အဲဒီတုန်းက ခင်ဗျားတို့ဘက်က နိုင်သွားတယ်လေ"

"ဟုတ်တာပေါ့၊ ကျွန်တော်တို့က အရင်းရှင်စနစ်ဘက်က၊ ခင်ဗျားတို့က ဆိုရှယ်လစ်စနစ်ဘက်က စကားရည်လုခဲ့ကြတာ၊ အခု ခင်ဗျားက အရင်းရှင်တစ်ယောက်အတွက် ရှေ့နေလိုက်ပေးရမယ်ဆိုတော့ ဖြစ်ပါ့မလား"

ဝီလျံက ပြောပြီးရယ်လိုက်သည်။ ထို့နောက် ထိုင်ရာမှထပြီး မစ္စတာကိုဟင်နှင့် လက်

ဆွဲနှုတ်သည်။ သူတို့နှစ်ယောက်သည် တစ်ခဏအတွင်းတွင် တက္ကသိုလ် ကျောင်းသားများ ပြန် ဖြစ်သွားကြသည်။

ဝီလျံက ပြုံးလိုက်ပြီး…

"ကျောင်းတုန်းက ခင်ဗျားက လုံးဝ အရက်မသောက်ခဲ့ဘူးနော်၊ ခုကော ဘာသောက်မလဲ"

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော် အခုလဲ အရက်မသောက်ပါဘူး၊ ကျွန်တော်လဲ အရင်းရှင်ဖြစ်နေပြီဗျ"

ထို့နောက် သူက သူ့ဖခင်ထံမှ ပခုံးလွဲယူထားလိုက်ရသော "ရို့စနော့စကီး အော့စဘွန်း အမှုတွဲ" ဖိုင်ကိုလှန်ကာ စုံစမ်းသိရှိထားပြီးသမျှကို ရှင်းပြသည်။

ဝီလျံက သူသိချင်သောအချက်များ ပြောပြသည်။

"အခု ဆက်လုပ်စေချင်တာက သူတို့နှစ်ယောက်ရဲ့ လှုပ်ရှားမှု အသေးစိတ်ကို အမြန်ဆုံး အစီရင်ခံစာ တင်စေချင်တယ်၊ နောက်ကိုလဲ အလျင်ကလိုပဲ သုံးလတစ်ကြိမ် မှန်မှန်အစီရင်ခံစာ တင်ပါ၊ အားလုံးကို အတတ်နိုင်ဆုံး လျှို့လျှို့ဝှက်ဝှက် လုပ်ဖို့ကိုတော့ အထူးသတိပြုပါ၊ ဒီကိစ္စ ကို ခင်ဗျားကပဲ အားလုံးတာဝန်ယူစေချင်တယ်၊ အေဘယ်ရို့စနော့စကီးက လက်စတာဘဏ် မှာ ဘာကြောင့် ရှယ်ယာဝင်ရတာလဲ၊ ဒေးဗစ်လီရှိုင်း သေဆုံးရတာ ကျွန်တော့်ကြောင့်လို့ သူက အခုအထိ ထင်နေတုန်းပဲလား၊ အော့စဘွန်းက ဒီကိစ္စမှာ ဘယ်လိုပတ်သက်နေတာလဲ၊ ရို့စနော့ စကီးနဲ့ ကျွန်တော်နဲ့ တွေ့ဆုံဆွေးနွေးရင် အကျိုးရှိပါ့မလား၊ အထူးသဖြင့် ဟိုအချိန်က ရစ်ချ် မွန့်ကုမ္ပဏီကို ပိုက်ဆံထုတ်မချေးဖို့ ဆုံးဖြတ်တာ ကျွန်တော်မဟုတ်ပါဘူး၊ တခြားဘုတ်အဖွဲ့ဝင် တွေက ဆုံးဖြတ်တာပါလို့ ထုတ်ပြောလိုက်ရကောင်းမှာလား၊ ဒီမေးခွန်းအားလုံးရဲ့ အဖြေကို ကျွန်တော် မြန်နိုင်သမျှ မြန်မြန်သိချင်တယ်၊ ဒါမှ ကျွန်တော့်ဘဏ်ဒါရိုက်တာအဖွဲ့ကို အမြန် ဆုံး တင်ပြပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်မယ်"

သာဒီယပ်ကိုဟင်က လက်ဆွဲသားရေအိတ်ကို ပြန်ပိတ်လိုက်ပြီး

"အခုလို ခင်ဗျား နာလန်ထခါစရှိသေးတဲ့အချိန်မှာ ဒီလို ပြဿနာနဲ့လာပြီး ရင်ဆိုင်ရ တာ ကျွန်တော် စိတ်မကောင်းပါဘူး၊ ကျွန်တော် အမြန်ဆုံးဖြစ်နိုင်အောင် ကြိုးစားပြီး လုပ် လိုက်ပါ့မယ်၊ ပြီးတော့ ခင်ဗျားဆီလာပြီး တင်ပြပါ့မယ်" သူက တံခါးဝသို့ လျှောက်သွားရာမှ နောက်ပြန်လှည့်လျက်…

"ဒါနဲ့ ရီမာဂျင်တိုက်ပွဲမှာ ခင်ဗျား စွမ်းဆောင်ခဲ့တာတွေအတွက် ကျွန်တော် အများကြီး ဂုဏ်ယူပါတယ် မစ္စတာကိန်း"

✧ ✧ ✧

ဝီလျံသည် နောက်တစ်လနှစ်လအတွင်းတွင် လုံးဝ ကျန်းမာလာခဲ့သည်။ မျက်နှာနှင့် ရင်ဘတ်မှ အမာရွတ်များမှာလည်း သာမန် ခြစ်ရာလေးလောက်သာ ထင်တော့သည်။

ရက်များမကြာမီတွင် သူတို့မိသားစုသည် အနောက်အင်ဒီးစ်ကျွန်စုသို့ အပန်းဖြေခရီးထွက်

ကြသည်။ လန်ဒန်မြို့သို့လည်း နှစ်ပတ်တာမျှ ဝင်ရောက်၍ လည်ပတ်ခဲ့ကြသည်။

နယူးယောက်သို့ ပြန်ရောက်သောအခါ ကိတ်က လင်တော်မောင်အား အိမ်တွင် ဆက်လက်အနားယူနေသေးရန် တိုက်တွန်းသည်။ သို့သော် ဝီလျံက အနားမယူတော့ဘဲ အလုပ်ခွင့်သို့တန်းဝင်လာသည်။

သို့ဖြင့် သူသည် ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့် ဝင်တိုးမိလျက်သား ဖြစ်ရတော့သည်။

သူပြန်ဝင်လာသောအခါ စီးပွားရေးလောကသည် ယခင်ကနှင့်မတူတော့ဘဲ အတော်ကြီးကို ပြောင်းလဲနေပြီဖြစ်ကြောင်း တွေ့ရသည်။ အမေရိကန်ဘဏ်လုပ်ငန်းကို ဒုတိယကမ္ဘာစစ်ကြီးကြောင့် အတွေ့အကြုံ အများကြီးရလိုက်သော လူငယ်မျိုးဆက်သစ်က ဦးဆောင်ကြိုးကိုင်လျက် ရှိနေပြီ။

ဒုတိယအကြိမ် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရလိုက်သော ဟယ်ရီထရူးမင်းကလည်း စီးပွားရေးကို မူသစ်၊ ပေါ်လစီသစ်များဖြင့် အထူးထိန်းကြပ်ကွပ်ကဲလျက်ရှိသည်။

ရှေ့နေ သာဒီယပ်ကိုဟင်ထံမှ ပထမဆုံးအကြိမ် အစီရင်ခံစာရောက်လာသည်။

ဝီလျံက စိတ်ဝင်စားစွာဖြင့် ကမန်းကတန်း လှန်လှောဖတ်ရှုသည်။

အေဘယ်ရို့စနော့စကီးသည် လက်စတာဘဏ်တွင် နောက်ထပ် အစုရှယ်ယာများဝယ်ယူရန် ဆက်လက်ကြိုးစားနေဆဲဖြစ်သည်။ သူသည် မစ္စတာလက်စတာ၏ သေတမ်းစာအရ အမွေရလိုက်သူအားလုံးနီးပါးသို့ ချဉ်းကပ်ခဲ့သည်။ သို့သော်… မစ္စတာဆူဆန်လက်စတာ့တစ်ဦးတည်းထံမှသာ ရှယ်ယာများ ဝယ်ယူရရှိခဲ့သည်။ ဆူဆန်က ဝီလျံ၏ ရှေ့နေနှင့် လုံးဝအတွေ့မခံ။ သူမအနေဖြင့် ရှယ်ယာတွေ ရောင်းပစ်ရလောက်အောင် ငွေရေးကြေးရေး အခက်အခဲမရှိသေးကြောင်း ဝီလျံသိသည်။

ဒါနဲ့များ ဒီလိုလူမျိုးကို ရောင်းပစ်လိုက်တာ မိုက်လိုက်လေခြင်း ဆူဆန်ရယ်…။

ဟင်နရီအော့စဘွန်းအား ၁၉၄၇ ခုနှစ် မေလထဲတွင် နယ်စားကုမ္ပဏီ၏ ဘုတ်အဖွဲ့ဝင်လူကြီးတစ်ဦးအဖြစ် ခန့်ထားခဲ့သည်မှာ မှန်သည်။ သူ၏ အထူးတာဝန်က လက်စတာဘဏ်မှ ရှယ်ယာများကို ကြီးကြပ်ရန်ဖြစ်သည်။ အရေးကြီးသောအချက်မှာ အေဘယ်သည် ဆူဆန်၏ ရှယ်ယာများကို သူ့နာမည်ကိုသော်လည်းကောင်း၊ အော့စဘွန်းနာမည်ကိုသော်လည်းကောင်း လုံးဝမသုံးဘဲ ဝယ်ယူခြင်းပင်ဖြစ်သည်။

ဘယ်လိုပင်ဖြစ်ဖြစ် ယခုအချိန်တွင် အေဘယ်သည် လက်စတာဘဏ်တွင် ရှယ်ယာခြောက်ရာခိုင်နှုန်း ပိုင်သွားပြီ။ ပီတာပါဖစ်၏ ရှယ်ယာနှစ်ရာခိုင်နှုန်းကိုလည်း ဒေါ်လာခုနစ်သိန်းခွဲဖြင့် ဝယ်ယူရန် ကမ်းလှမ်းလျက်ရှိသည်။ သည်အတိုင်းဆိုလျှင် အေဘယ်သည် ဝီလျံကဲ့သို့ပင် ရှယ်ယာရှစ်ရာခိုင်နှုန်းကို မကြာမီ ပိုင်ဆိုင်လာနိုင်စရာရှိသည်။

ဝီလျံက ပို၍ စိုးရိမ်မိသည်မှာ အေဘယ်၏ ဟိုတယ်လုပ်ငန်းသည် လက်စတာဘဏ် တိုက်ထက် နှစ်စဉ်အမြတ်ငွေ ပိုမိုရရှိနေခြင်းပင် ဖြစ်သည်။ အေဘယ်၏ နယ်စားဟိုတယ် လုပ်ငန်းသည် နာမည်ကျော် ဟီလတန်နှင့် ရှယ်ရာတန် ဟိုတယ်လုပ်ငန်းကြီးများနှင့်

အပြိုင်လိုက်လျက်ရှိနေပြီ။

ဝီလျံက အေဘယ်ရို့စနော့စကီးနှင့် ပထမဆုံးတွေ့ဆုံမဆွေးနွေးရသေးပဲနှင့် သည်ကိစ္စကို ဘုတ်အဖွဲ့သို့ တင်ပြသင့်မသင့် စဉ်းစားကြည့်သည်။ ဘာမှ ဆုံးဖြတ်ချက်မချဖြစ်။

သို့ဖြင့် အိပ်မပျော်သော ညပေါင်းများစွာကို ကုန်လွန်စေပြီး နောက်မှာ သူက ဇနီးသည် ကိတ်ကို ပြောပြပြီး ထင်မြင်ချက် တောင်းခံမိသည်။

"ဘာမှ မလုပ်ပါနဲ့ဦး" ကိတ်က အကြံပေးသည်။ "မောင်စိုးရိမ်သလို သူက အဲဖျက် သဘောနဲ့ ဝင်လာတာလားဆိုတာ အတိအကျသိရအောင် စောင့်ကြည့်နေပါဦး၊ အမှန်က ဒီကိစ္စ ဟာ မောင်ထင်သလောက် မကြီးကျယ်ဘဲ လက်ဖက်ရည်ခွက်ထဲ မုန်တိုင်းထတာလောက်ပဲ ဖြစ် ချင်ဖြစ်မှာပါ"

"ဟင်နရီအော့စဘွန်းကို သူ့ရဲ့ လက်ပါးစေအဖြစ် ခန့်ထားတာထောက်ရင် မုန်တိုင်းက လက်ဖက်ရည်ခွက်ထဲက လျှံတက်ပြီး အပြင်ကိုပါ တိုက်ခတ်နိုင်တယ်၊ ဒီကိစ္စ ပေါ့ပေါ့တွက်လို့ မဖြစ်ဘူး ကိတ်၊ ဒါကြောင့်မို့ သူ့ရည်ရွယ်ချက် အမြန်ဆုံးသိအောင်လုပ်ရမယ်၊ လက်ပိုက်ပြီး ထိုင်ကြည့်နေလို့ မဖြစ်ဘူး"

"စောင့်ကြည့်ပါဦးလေ၊ သူစိတ်ပြောင်းသွားပြီး ဖြစ်ချင်လဲ ဖြစ်နိုင်ပါတယ်၊ ရှင်တို့နှစ် ယောက် အဆက်အသွယ် လုံးဝမရှိခဲ့တာကလဲ နှစ်ပေါင်း နှစ်ဆယ်လောက်တောင် ရှိသွားပြီပဲ"

"အဲ လူဆိုးကြီး အယ်လ်ကပုန်းက သူထောင်ကလွတ်တဲ့နေ့ကျမှ စိတ်ပြောင်းသွားချင် ပြောင်းသွားလိမ့်မယ်၊ တို့က အတိအကျပြောလို့ ဘယ်လိုမှ မရနိုင်ဘူး ကိတ်၊ ဒါပေမယ့် သတိ ရှိထားတာကတော့ မမှားနိုင်ဘူးပေါ့"

ကိတ်က ဘာမှ ဆက်မပြောတော့။ သို့သော် ဝီလျံက ကိတ်၏ စကားကို နားထောင် ပြီး ခပ်အေးအေးပင် စောင့်ကြည့်နေသည်။ သည်ကြားထဲ ရှေ့နေ သာဒီယပ်ကိုဟင်၏ အစီရင် ခံစာကိုလည်း မှန်မှန် ဖတ်နေသည်။ ထွေထွေထူးထူး ထူးခြားချက်တော့ ဘာမှမရှိ။

ကိတ်၏ ထင်မြင်ချက်အတိုင်းပဲ ဖြစ်ပါစေဟုသာ သူက ဆုတောင်းနေမိတော့သည်။

✣

(၂၈)

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးသည့်နောက်ပိုင်းကာလများတွင် စက်မှုလုပ်ငန်းများ တရှိန်ထိုးတိုးတက်လာသည်နှင့်အမျှ ဘဏ်လုပ်ငန်းလည်း အလွန်တိုးတက်လာခဲ့သည်။

ဘဏ်လုပ်ငန်း တိုးတက်လာသည်နှင့်အမျှ ဝီလျံမှာလည်း စားချိန် အိပ်ချိန်ပင် မမှန်နိုင်အောင် အလုပ်များလျက်ရှိသည်။

သည်ကြားထဲ အေဘယ်ရီ့စနော့စကီး၏ ပြဿနာက တစ်မှောင့်ဖြစ်နေပြန်သည်။

ရှေ့နေ သာဒီယပ်ကိုဟင်ထံမှ မှန်မှန်ရောက်ရှိလာသော အစီရင်ခံစာများအရဆိုသော် ရီ့စနော့စကီးသည် သူ၏ လျှို့ဝှက်စီမံကိန်းကို ရပ်တန့်က ရပ်ရန် လုံးဝမရည်ရွယ်ကြောင်း သိရှိရသည်။ သည်အတိုင်းဆိုလျှင် သူနှင့် ရီ့စနော့စကီးတို့သည် မကြာမီ ကာလအတွင်း ထိပ်တိုက်တွေ့ကြရတော့မည်မှာ သေချာသည်ဟု ဝီလျံက စဉ်းစားမိသည်။ သည်ကိစ္စကို ဘဏ်အုပ်ချုပ်ရေးဘုတ်အဖွဲ့သို့ သူက တင်ပြလိုက်လျှင် သူ့အနေဖြင့် အလုပ်မှနုတ်ထွက်ရတော့မည်မှာ ကျိန်းသေနေသည်။ ယင်းသို့ ဆိုပါက ရီ့စနော့စကီးအနေဖြင့် မလွဲမသွေ အောင်ပွဲခံပေတော့မည်။ သည်အကြောင်းကြောင့်လည်း ဝီလျံက သည်ကိစ္စကို အရေးတကြီးကိစ္စအဖြစ် ထုတ်ဖော်တင်ပြခြင်းမရှိဘဲ အချိန်ဆွဲပြီး အကြံထုတ်နေခဲ့ခြင်းဖြစ်သည်။

သို့သော် နောက်ဆုံးတော့ ဝီလျံအနေဖြင့် ပြဿနာကို ရှောင်လွှဲနေ၍မရတော့ဘဲ နဖူးတွေ့ ဒူးတွေ့ရင်ဆိုင်ရန်အကြောင်း ပေါ်ပေါက်လာခဲ့တော့သည်။

၁၉၅၁ ခုနှစ်၊ နှစ်ဦးပိုင်းတွင် အသစ်တည်ထောင်သော 'အင်တာစတိတ်' လေကြောင်းကုမ္ပဏီက အစိုးရ ဥပဒေအရ လိုအပ်သော ဒေါ်လာသန်း ၃၀ ကို မတည်ပေးရန် လက်စတာဘဏ်သို့ အကူအညီတောင်းလာသည်။

ဝီလျံက အခြေအနေကို လေ့လာသုံးသပ်ကြည့်ပြီးနောက် အင်တာစတိတ်လေကြောင်းကုမ္ပဏီအား ကူညီရန်ဆုံးဖြတ်လိုက်သည်။ သို့ဖြင့် သူသည် လိုအပ်သော ငွေသန်း ၃၀ ရရှိရေးအတွက် ရှယ်ယာများ ခေါ်ယူလိုက်သည်။

လက်စတာဘဏ်လည်း အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ပေးသူအဖြစ် ရှိသမျှအရင်းအနှီးများကို ပုံအောရှမြှုပ်နှံလိုက်သည်။ ဤစီမံကိန်းမှာ လက်စတာဘဏ်တိုက်သို့ ဝီလျံပြန်လည်ဝင်ရောက်လုပ်ကိုင်သည့် နောက်ပိုင်းတွင် အကြီးဆုံး စီမံကိန်းဖြစ်၍ စတော့ဈေးကွက်ဖွင့်လိုက်သောအခါ သူ့အနေဖြင့် အနိုင်နှင့်အရှုံး စွန့်စားမှုကြီးတစ်ရပ်ကို လုပ်လိုက်ခြင်းပင်ဖြစ်သည်။

သို့ဖြင့် ဇူလိုင်လထဲတွင် ရှယ်ယာဈေးကွက် ဖွင့်လိုက်သောအခါ နေ့ပိုင်း ရက်ပိုင်းအတွင်း ရှယ်ယာတွေ စုပုံလိမ့်ဝင်လာကြသည်။ ဝီလျံက မိမိ၏အောင်မြင်မှုအတွက် ဝမ်းသာမဆုံး ဖြစ်နေစဉ်တွင်ပင် အေဘယ်ရို့စနော့စကီး၏ နာမည်မခံသော ကုမ္ပဏီတစ်ခုက လေကြောင်းကုမ္ပဏီ၌ ရှယ်ယာ ၁၀ ရာခိုင်နှုန်းရရှိသွားကြောင်း ရှေ့နေ သာဒီးယပ်ကိုဟင်ထံမှ အစီရင်ခံစာဝင်လာလေတော့သည်။

ဤတွင် ဝီလျံ၏ မူလစိုးရိမ်မှုမှာ ပိုမိုကြီးထွားလာပြီး သည်ပြဿနာကို အက်ဒွပ်လီချ်နှင့် တိုနီဆိုင်မွန်တို့အား မပြောပြလျှင် မဖြစ်တော့သည့် အခြေအနေသို့ ရောက်လာသဖြင့် အဆိုပါပုဂ္ဂိုလ်နှစ်ဦးအား သူ့ရုံးခန်းသို့ ဖိတ်ခေါ်ပြီး အကြောင်းစုံ ရှင်းပြရတော့သည်။

"ဒီအကြောင်း မင်းက ငါ့ကို အစကတည်းက ဘာလို့ မပြောခဲ့ရတာလဲ"

တိုနီက အပြစ်တင်သံနှင့် ပြောသည်။

"ကျွန်တော် 'ကိန်းနှင့်ကဘော့' ဘဏ်မှာ လုပ်ခဲ့တုန်းက ရစ်ချ်မွန့်ကုမ္ပဏီလိုပဲ တခြားကုမ္ပဏီတစ်ရာလောက်ဆို ဆက်ခံခဲ့ပါတယ် အန်ကယ်၊ အဲဒီတုန်းက ဒီအထိ အန္တရာယ်များလိမ့်မယ်လို့ ကျွန်တော် မတွေးခဲ့မိဘူး၊ အခု အင်တာစတိတ် ကုမ္ပဏီမှာ ရှယ်ယာ ၁၀ ရာခိုင်နှုန်းဝယ်လိုက်တော့မှ သူက ကျွန်တော့်ကို အလဲထိုးဖို့ တမင်ကျိတ်ကြံနေမှန်း အတိအကျသိရတော့တယ်"

"မစ္စတာကိန်းက သိပ်ပြီး စိတ်စောနေတာလဲ ဖြစ်ချင်ဖြစ်နိုင်တယ်" အက်ဒွပ်လီချ်က ပြောသည်။ "ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို ဘုတ်အဖွဲ့အသိပေးလို့တော့ လုံးဝမဖြစ်ဘူး"

"အဲဒါ ဟုတ်ပါတယ်" တိုနီဆိုင်မွန်က ထောက်ခံသည်။ "မင်းက အစောကြီးကတည်းက ရို့စနော့စကီးနဲ့ ဆွေးနွေးခဲ့ဖို့ကောင်းတယ်"

"ဟုတ်ပါတယ်၊ သူကလဲ ကျွန်တော့်ကို အဲဒီလိုပဲ မျှော်လင့်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်၊ အဲဒီလိုလုပ်ရင် သူက ဘဏ်တိုက်တော့ အရှုံးမီးဝိုင်းဖြစ်နေပြီလို့ ထင်မှာသေချာတယ်"

"ရစ်ချ်မွန့်ကုမ္ပဏီကို ကူညီဖို့အတွက် မင်းက အများကြီး ကြိုးစားခဲ့ပေမယ့် ဘဏ်အုပ်ချုပ်ရေးအဖွဲ့က မဲအများစုနဲ့ ပယ်ချခဲ့လို့ ဒီလိုဖြစ်ခဲ့ရကြောင်း သူ့ကို ပြောပြရင် သူစိတ်ပြောင်းသွားလိမ့်

မယ် ထင်တာပဲ"

"အဲဒီအကြောင်း သူလဲမသိဘဲနေမှာ မဟုတ်ပါဘူး၊ သူအားလုံးသိမှာပါ၊ သူက ကျွန်တော့် အပေါ် တမင်ရန်ငြိုးထားလို့ ဒီလိုလုပ်နေတာပဲ ဖြစ်လိမ့်မယ်"

"အဲဒီတော့ ကျွန်တော်တို့ဘဏ်အနေနဲ့ သူ့ကို ဘယ်လိုလုပ်သင့်တယ်ထင်သလဲ" အက်ဒွပ်လီချ်က မေးလိုက်သည်။ "တကယ့်တော့ ရောင်းတဲ့လူရှိလို့ ရှယ်ယာဝယ်ယူတာကို ဘဏ်အနေနဲ့ သူ့ကို တားလို့မရဘူး၊ သူဝယ်ထားတဲ့ ရှယ်ယာကို ကျွန်တော်တို့က ပြန်ဝယ်မယ်ဆိုရင်လဲ မတန်တဆ ဈေးကြီးတောင်းပြီး အကျပ်ကိုင်မှာပဲ၊ အဲဒီလိုဆိုရင် ဘဏ်တိုက်အနေနဲ့ ဘဏ္ဍာရေးကို အများကြီး ထိခိုက်သွားနိုင်တယ်။ သူက ကျွန်တော်တို့ အဲဒီလိုဖြစ်တာကို မြင်ချင်ပုံရတယ်"

"ကျွန်တော် စဉ်းစားမိသလောက်တော့ ကျွန်တော်တို့ဘက်က လုပ်နိုင်မယ့်အကွက် မမြင်သလောက်ပဲ" ဝီလျံက ပြောသည်။ "သူက ဒီလောက်နဲ့ ကျေနပ်နေဦးမှာ မဟုတ်သေးဘူး၊ အကွက်သာရင် ကျွန်တော်တို့ကို အလဲထိုးလာလိမ့်ဦးမယ်"

"တစ်နည်းအားဖြင့် ငါတွက်ကြည့်တာကတော့" မစ္စတာ ဆိုင်မွန်က ပြောသည်။ "မင်းရဲ့ အစွမ်းအစကို ယုံကြည်လို့ သူက အခုလို ရင်းနှီးမြှုပ်နှံတာလဲ ဖြစ်နိုင်တယ်"

"ကျွန်တော့် ပထွေးကိုယ်တိုင် ပါဝင်နေတယ် အန်ကယ်၊ အဲဒီလိုတွက်လို့ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်ပါ့မလဲ၊ ရို့စနော့ကီးက ကျွန်တော် ဘဏ်လုပ်ငန်းအတွေ့အကြုံပိုရှိလာအောင်လို့ အော့စဘွန်းကို အလုပ်ပေးတယ်လို့ အန်ကယ်က ယူဆသလား၊ ရို့စနော့စကီးအကြောင်းကို အန်ကယ် ကျွန်တော့်လောက် မသိသေးပါဘူး၊ သူ့ကို ကျွန်တော် စောင့်ကြည့်ခဲ့တာ နှစ်ပေါင်း ၂၀ ကျော်ပြီ၊ သူက ဘယ်တော့မှ အရှုံးဘက်က ကြည့်တဲ့လူ မဟုတ်ဘူး၊ မနိုင်မချင်း သွန်ထိုးတဲ့လူစားမျိုး၊ သူဟာ"

"တစ်ဖက်သတ် စိုးရိမ်မှုနဲ့ ထင်ရာတွေ လျှောက်ပြောမနေပါနဲ့ ဝီလျံ"

"ကျွန်တော် ထင်ရာတွေ လျှောက်ပြောနေတာ မဟုတ်ဘူး အန်ကယ်၊ တကယ်ဖြစ်နေတာတွေ ပြောနေတာပါ၊ ရှယ်ယာ ၁၀ ရာခိုင်နှုန်းပိုင်တဲ့ လူတစ်ယောက်ရဲ့ အခွင့်အာဏာနဲ့ ပတ်သက်ပြီး ဖွဲ့စည်းပုံဥပဒေမှာ ဘယ်လိုရေးထားသလဲဆိုတာ ပြန်စဉ်းစားကြည့်ပါ၊ ရို့စနော့စကီးက အခုဆိုရင် ခြောက်ရာခိုင်နှုန်း ပိုင်ထားပြီ။ နောက်ပိုင်းအခြေအနေ ကောင်းလာမယ်ဆိုရင် သူက ရှယ်ယာတွေအားလုံး ဈေးကွက်ချရောင်းပြီး 'အင်တာစတိတ်' ကုမ္ပဏီကို နေ့တွင်းချင်း ဖျက်ဆီးပစ်လိမ့်မယ်"

"အဲဒီလိုလုပ်တော့ သူ့မှာကော ဘာအကျိုးရှိမလဲ" မစ္စတာလီချ်က မေးလိုက်သည်။ "သူ့ပိုက်ဆံတွေ သဲထဲရေသွန်ဖြစ်တာပဲ အဖတ်တင်တော့မှာပေါ့"

"မစ္စတာလီချ်က ဒီလူ့အကြောင်း မသိသေးပါဘူး၊ သူက တော်တော်ဉာဏ်များတာ၊ ခြင်္သေ့လို သတ္တိရှိတဲ့လူ၊ အရှုံးကို လုံးဝမကြောက်ဘူး၊ သူ့မှာ ကျောထောက်နောက်ခံ ဟိုတယ်တွေ ရှိတယ်"

ဒုတိယဥက္ကဋ္ဌနှစ်ယောက် ပြန်သွားကြပြီးနောက် ဝီလျံသည် စားပွဲတွင် တစ်ယောက်တည်း

ထိုင်ကျန်ရစ်ခဲ့ပြီး သူဆောင်ရွက်ရန် ကတိပေးလိုက်သော လုပ်ငန်းကိုပြန်လည် စဉ်းစားနေမိသည်။

ဟင်နရီ အော့စဘွန်းပါ ပါဝင်ပတ်သက်နေသော လုပ်ငန်းတွင် အေဘယ်ရို့စနော့စကီးနှင့် ဆွေးနွေးလျှင်လည်း အောင်မြင်ရန်လမ်းက မရှိသလောက် ဖြစ်လိမ့်မည်ဟု သူက ယူဆမိသည်။

✧ ✧ ✧

နောက်လေးရက်အကြာတွင် ဝီလျံသည် သူ၏ရုံးခန်းတွင် တစ်ယောက်တည်း ထိုင်နေသည်။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ သူ့ရုံးခန်းထဲသို့ မည်သူမျှ မလာရန်လည်း အမှုထမ်းများအား ညွှန်ကြားထားသည်။

အေဘယ်ရို့စနော့စကီးလည်း နယူးယောက် နယ်စားဟိုတယ်ရှိ သူ့ရုံးခန်းထဲတွင်ရောက်ရှိနေပြီဖြစ်လိမ့်မည်ဟု ဝီလျံက ယူဆသည်။ သူသည် အမှုထမ်းတစ်ယောက်အား မနက်အစောကြီး ဟိုတယ်သို့ လွှတ်ထားခဲ့သည်။ ယင်းအမှုထမ်း၏ တာဝန်မှာ အေဘယ်ရို့စနော့စကီးဟိုတယ် ရောက်လျှင် ရောက်ချင်း ဝီလျံထံအကြောင်းကြားရန်ဖြစ်သည်။

မကြာမီတွင်ပင် ဟိုတယ်သို့ စေလွှတ်ထားသော အမှုထမ်းက တယ်လီဖုန်းဆက်သည်။

အေဘယ်ရို့စနော့စကီးသည် ရှစ်နာရီ ၂၇ မိနစ်တွင် ရောက်လာပြီး ၄၂ ထပ်ရှိ သူ့ရုံးခန်းသို့ တက်သွားရာ ထိုအချိန်မှစ၍ သူ့ကို မတွေ့ရတော့ကြောင်း။

ဝီလျံက သူ့တယ်လီဖုန်းကို ကောက်ကိုင်ပြီး အော်ပရေတာအား နယ်စားဟိုတယ်သို့ ဆက်ပေးရန် ပြောလိုက်သည်။

"နယူးယောက်နယ်စား ဟိုတယ်ကပါရှင်"

"မစ္စတာ ရို့စနော့စကီးကို ကျေးဇူးပြုပါ" ဝီလျံက စိတ်လှုပ်ရှားနေသည်။ "မစ္စတာ ရို့စနော့စကီးကို ကျေးဇူးပြုပါ" သူက ထပ်ပြောလိုက်သည်။ သည်တစ်ကြိမ်တော့ သူ့အသံက နည်းနည်းငြိမ်နေသည်။

"ဘယ်သူလို့ ပြောရပါမလဲရှင်"

"ကျွန်တော့်နာမည် ဝီလျံကိန်းပါ"

တစ်ဖက်မှ အကြာကြီး အသံတိတ်နေသည်။ နောက်မှ အသံပြန်ပေါ်လာသည်။

"သူရှိသလား မရှိလား မသိဘူး မစ္စတာကိန်း၊ ကျွန်မ ကြည့်လိုက်ပါဦးမယ်"

အကြာကြီး စောင့်နေရပြန်သည်။

"မစ္စတာကိန်းလား"

"မစ္စတာ ရို့စနော့စကီးပါလား"

"ကျွန်တော် ဘာလုပ်ပေးရမလဲ မစ္စတာကိန်း" သူ့အသံက တည်ငြိမ်လှသည်။

ဝီလျံက စပြောမည့်စကားကို ကြိုတင်စဉ်းစားထားသော်လည်း တကယ်ပြောသောအခါ တုန်ချင်သလိုလို ဖြစ်နေသည်။

"လက်စတာဘဏ်မှာ ခင်ဗျားဝယ်ယူထားတဲ့ ရှယ်ယာကိစ္စနဲ့ နည်းနည်းဆွေးနွေးချင်လို့ပါ မစ္စတာ ရို့စနော့စကီး၊ ပြီးတော့ ကျွန်တော်တို့က ကျောထောက်နောက်ခံ ပေးထားတဲ့ ကုမ္ပဏီတစ်ခုမှာ ခင်ဗျားက ရှယ်ယာ တော်တော်များများ ဝင်ထားတာကိုလဲ ဆွေးနွေးချင်လို့ပါ၊ ဒီအချိန်မှာ ခင်ဗျားရဲ့ သဘောထားမှန်ကို သိသင့်ပြီလို့ ကျွန်တော် ယူဆပါတယ်၊ နောက်ပြီး တခြားပုဂ္ဂိုလ်ရေးကိစ္စကလေး တစ်ခုကိုလဲ ဆွေးနွေးချင်ပါတယ်"

ဝီလျံက တစ်ဖက်မှ တုံ့ပြန်သံကို နားစွင့်နေသည်။ တယ်လီဖုန်းများ ပြန်ချသွားပြီလား။ နောက်တော့မှ အသံကြားရသည်။

"ခင်ဗျားနဲ့ ကျွန်တော်နဲ့ တွေ့ဆုံဆွေးနွေးဖို့ ဘယ်လိုအကြောင်းမှ မရှိပါဘူး မစ္စတာကိန်း၊ ခင်ဗျားအကြောင်း ကျွန်တော် တစ်ခုမကျန် သိထားပြီးပါပြီ၊ အဲဒီတော့ ပြီးခဲ့တဲ့ကိစ္စအတွက်လဲ ခွင့်လွှတ်ဖို့ တောင်းပန်နေစရာမလိုပါဘူး၊ ခင်ဗျားက အမြဲတမ်း မျက်လုံးဒေါက်တောက်ပြီး ကျွန်တော့်ကို ကြည့်နေတာပဲဥစ္စာ၊ ကျွန်တော် ဘယ်လိုရည်ရွယ်ချက်နဲ့ လုပ်တယ်ဆိုတာ မေးနေစရာ လိုသေးသလား၊ ကျွန်တော့် ရည်ရွယ်ချက်က 'ကမ္ဘာဦးကျမ်း' မှာ ခင်ဗျား ဖတ်ရမယ့် သဘောထားတွေနဲ့တော့ အကြီးအကျယ် ကွာဝေးပါတယ် မစ္စတာကိန်း၊ ခင်ဗျားဟာ လက်စတာ ဘဏ်မှာ ဝင်ထားတဲ့ ခင်ဗျားရဲ့ အစုရှယ်ယာကိစ္စနဲ့ ပတ်သက်ပြီး အကြီးအကျယ် စိတ်ညစ်ရ လိမ့်ဦးမယ်၊ အဲဒီတော့မှ ကျွန်တော့် ဟိုတယ်တစ်ခုရဲ့ ၁၂ ထပ်ပေါ်က ခင်ဗျား ခုန်ချပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေရလိမ့်မယ်၊ ကျွန်တော်က ဘဏ်ဥပဒေပုဒ်မ ၇ နဲ့ အကျုံးဝင်ဖို့အတွက် ရှယ်ယာနှစ်ရာခိုင်နှုန်းပဲ လိုတော့တယ်၊ အဲဒါဆိုရင် ဘယ်လိုဖြစ်လာမယ်ဆိုတာ ခင်ဗျားရော ကျွန်တော်ကော သိပါတယ်၊ ကျွန်တော်ပြောတာ မဟုတ်ဘူးလား၊ အဲဒီတော့မှ ဒေးဗစ်လီရှိုင်းအနေနဲ့ ဘယ်လိုခံစားရလိမ့်မယ်ဆိုတာကို ခင်ဗျားလဲ ကိုယ်တွေ့ခံစားလာရပါလိမ့်မယ်၊ သူ့ခမျာမှာ ဘဏ်တိုက်က သူ့ဘဝအတွက် ဘယ်လို စီရင်ချက် ချပါ့မလဲဆိုပြီး တမျှော်မျှော်နဲ့ လပေါင်းများစွာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ရရှာတယ်၊ အဲဒီတော့ ခင်ဗျားလဲ နှစ်ပေါင်းများစွာ ထိုင်ပြီးသာ စောင့်နေပေတော့၊ ရှယ်ယာ ရှစ်ရာခိုင်နှုန်း ကျွန်တော်ပိုင်လာတဲ့နေ့မှာ ကျွန်တော် ဘာလုပ်မယ်ဆိုတာ စောင့်သာ ကြည့်ပေတော့"

အေဘယ်ရို့စနော့စကီး၏ စကားကြောင့် ဝီလျံ ကျောပင်စိမ့်သွားမိသည်။ သို့သော်လည်း သူက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး စားပွဲကို ထုလိုက်ရင်း တတ်နိုင်သမျှ စိတ်ကို ထိန်းပြီး ပြောလိုက်သည်။

"ခင်ဗျား ဘယ်လိုခံစားရမယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ် မစ္စတာရို့စနော့စကီး၊ ဒါကြောင့်မို့လဲ နှစ်ယောက်ချင်း တွေ့ဆုံပြီး ပြေပြေလည်လည်ဖြစ်အောင် ဆွေးနွေးဖို့ စိတ်ကူးမိတာပါ၊ ခင်ဗျား မသိရသေးတဲ့ အချက်တစ်ချက် နှစ်ချက်လောက်တော့ ရှိ..."

"ဟင်နရီအော့စဘွန်းကို ဒေါ်လာ ငါးသိန်းကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားက ချောက်ချလိုက်တဲ့ နည်းမျိုးတွေလား မစ္စတာကိန်း"

ဝီလျံက ရုတ်တရက် ပါးစပ်ပိတ်သွားသည်။ ဒေါသကလည်း ပေါက်ကွဲလုမတတ်

ထွက်သွားသည်။ သို့သော်လည်း သူ့ကိုယ်သူ ပြန်ထိန်းလိုက်ပြန်သည်။

"အဲဒီလို မဟုတ်ပါဘူး မစ္စတာရို့စနော့စကီး၊ ကျွန်တော် ခင်ဗျားနဲ့ ဆွေးနွေးမယ့်ကိစ္စက မစ္စတာအော့စဘွန်းနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး၊ ခင်ဗျားနဲ့သာဆိုင်တဲ့ ပုဂ္ဂိုလ်ရေးကိစ္စသက်သက်ပါ၊ ဒါပေမယ့် ဟင်နရီအော့စဘွန်းအပေါ်မှာ ကျွန်တော့်အနေနဲ့ တစ်ဒေါ်လာတောင်မှ ချောက်မချဖူးဘူးဆိုတာတော့ ကျွန်တော်အလေးအနက် ပြောချင်ပါတယ်"

"မစ္စတာ အော့စဘွန်းကတော့ အဲဒီလိုမပြောဘူး၊ ခင်ဗျား အမေသေရတာ ခင်ဗျားမှာ တာဝန်ရှိတယ်လို့ သူကပြောတယ်၊ ခင်ဗျားက သူ့အကြွေးကို ဆပ်မပေးတော့ ခင်ဗျားအမေက သူ့လင်အတွက် သောကရောက်ပြီး သေရတယ်လို့ဆိုတယ်၊ ဒေးဗစ်လီရှိုင်းအပေါ်မှာ ခင်ဗျား ဆက်ဆံခဲ့ပုံကြည့်လို့ ခင်ဗျား အဲဒီလို တကယ်လုပ်ခဲ့လိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်"

ဝိလျံသည် သူ့တစ်သက် ဒေါသစိတ်ကို သည်တစ်ကြိမ်လောက် ဘယ်တုန်းကမှ ချိုးနှိမ်ထားခဲ့ခြင်း မရှိခဲ့စဖူး။ သူသည် အချိန်တော်တော်ကြာမှ စကားပြန်ပြောနိုင်သည်။

"အဲဒီတော့... ကျွန်တော် တစ်ခုတောင်းပန်ပါရစေ မစ္စတာ ရို့စနော့စကီး၊ အခုလို ကျွန်တော်တို့အချင်းချင်း အထင်လွဲနေတာတွေကို ရှင်းသွားအောင် ကျွန်တော်တို့နှစ်ယောက် လူချင်းဆုံပြီး ဆွေးနွေးကြရအောင်၊ ခင်ဗျား ကြိုက်တဲ့ နေရာရွေးပါ၊ ကျွန်တော်တို့ကို လူတွေ မမှတ်မိတဲ့ နေရာမျိုးပေါ့"

"ခင်ဗျားကို လူတွေ မမှတ်မိတဲ့ နေရာက တစ်နေရာပဲရှိတယ်... မစ္စတာကိန်း"

"ဘယ်နေရာလဲ"

"သင်္ချိုင်း..."

အေဘယ်က တယ်လီဖုန်းကို ပြန်ချသွားသည်။

✧ ✧ ✧

"မစ္စတာအော့စဘွန်းဆီ ချက်ချင်းဆက်ပေးစမ်း"

သူက... သူ့အတွင်းအရေးမှူးစာရေးမကို ပြောလိုက်သည်။ စာရေးမက တယ်လီဖုန်းဆက်နေစဉ် သူက သူ့စားပွဲကို လက်နှင့် တဖုတ်ဖုတ် အဆက်မပြတ် ဗုံတီးနေသည်။ မစ္စတာအော့စဘွန်းက သူ၏ မဲဆန္ဒရှင်များအား ကက်ပီတယ်အဆောက်အအုံကို လိုက်လံပြသနေသဖြင့် ၁၅ မိနစ်ခန့်ကြာမှ ဆက်၍ရသည်။

"အေဘယ်လား..."

"ဟုတ်ပါတယ်... မစ္စတာအော့စဘွန်း၊ ဝိလျံကိန်းတော့ အားလုံးသိသွားပြီ၊ အဲဒါ မစ္စတာအော့စဘွန်း ပထမဆုံး သိသင့်တယ်ထင်လို့ ကျွန်တော်လှမ်းဆက်တာ၊ တိုက်ပွဲတော့ စပြီထင်တယ် မစ္စတာအော့စဘွန်း"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ၊ သူသိကုန်ပြီ ဟုတ်လား၊ ခင်ဗျားနဲ့ ကျုပ်နဲ့ ပေါင်းနေတယ်

ဆိုတာ သူသိသွားပြီလို့ ပြောတာလား”

အော့စဘွန်းက စိုးရိမ်သံဖြင့် ကမန်းကတန်း မေးသည်။

“ဟုတ်ပါတယ်... သူသိသွားပြီ၊ မစ္စတာ အော့စဘွန်းကို ကျွန်တော် အလုပ်တာဝန်ပေးတာရော၊ လက်စတာဘဏ်နဲ့ အင်တာစတိတ်ကုမ္ပဏီမှာ ကျွန်တော် ရှယ်ယာတွေ ရှိတာရော အကုန်သိသွားပြီ”

“ဟာ... ဒီလောက် အသေးစိတ်ကြီးတောင်မှ သူက ဘယ်လိုလုပ်သိနိုင်ရတာလဲ၊ အထူးစာရင်းကိစ္စက ခင်ဗျားနဲ့ ကျွန်တော်နဲ့ နှစ်ယောက်ပဲ သိတာပဲဥစ္စာ”

“ကာတစ်ဖင်တန်က ပြောလိုက်လို့ သိတာ”

“ဟုတ်ပါရဲ့လား၊ ဒီလူ ဒီလိုလုပ်မယ် မထင်ပါဘူး”

“မထင်ဘူး မလုပ်နဲ့၊ တကယ် လုပ်လိုက်ပြီ၊ သူကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ဘူး၊ ကျွန်တော် ကိန်းနှင့်ကဘော့ဒဏ်ကို အကြွေးဆပ်ပြီး ရစ်ချ်မွန့်ကုမ္ပဏီကို ပြန်ယူတော့ ကိန်းက ဖင်တန်နဲ့ တိုက်ရိုက်ဆက်သွယ်ပြီး လုပ်ခဲ့ကြတယ်မဟုတ်လား၊ အဲဒီကတည်းက သူတို့နှစ်ယောက် ကတိကဝတ် တစ်ခုခုရှိခဲ့ကြတာ ဖြစ်လိမ့်မယ်”

“ဘုရားရေ အဲဒါမှ ဒုက္ခပါပဲ”

“မစ္စတာ အော့စဘွန်းက တော်တော်စိုးရိမ်မိသလား”

“စိုးရိမ်တာပေါ့ အေဘယ်၊ ဝီလျံကိန်းက ဘယ်တော့မှ အရှုံးပေးတဲ့လူ မဟုတ်ဘူးဗျ၊ အဲဒါတော့ သတိကြပ်ကြပ်ထားရလိမ့်မယ်”

“ကျွန်တော်လဲ ဘယ်တော့မှ အရှုံးပေးတဲ့ လူစားမျိုးမဟုတ်ပါဘူး၊ သူ့ကို ကြောက်စရာ မလိုပါဘူး၊ ဒါနဲ့ ကျွန်တော်တို့ရဲ့ နောက်ဆုံးအခြေအနေက ဘယ်လိုရှိသလဲ”

“ခင်ဗျားက လက်စတာဘဏ်မှာ ခြောက်ရာခိုင်နှုန်းရှယ်ယာပိုင်ထားတယ်၊ အင်တာစတိတ်ကုမ္ပဏီမှာက ၁၀ ရာခိုင်နှုန်း၊ ပြီးတော့ သူတို့နဲ့ ပတ်သက်နေတဲ့ တခြားကုမ္ပဏီတွေမှာလည်း အနည်းအကျဉ်း ပိုင်ထားတာတွေ ရှိသေးတယ်၊ စည်းမျဉ်းဥပဒေပုဒ်မ ၇ နဲ့ အကျုံးဝင်ဖို့က နှစ်ရာခိုင်နှုန်းပဲ လိုတော့တယ်၊ ပီတာပါဖစ်ကလဲ ဈေးတည့်ရင် ရောင်းဖို့ အဆင်သင့်ပဲ”

“ကောင်းပါတယ်၊ အခြေအနေကောင်းပါတယ်၊ အဲဒီတော့ ပါဖစ်နဲ့ ဆက်ဆွေးနွေးပါဦး၊ ဒါပေမယ့် ကိန်းက သူ့ဆီ မချဉ်းကပ်ခင်တောင်မှ ကျွန်တော်တို့က သိပ်ပြီး အငမ်းမရဖြစ်နေပြီလို့ မထင်နိုင်အောင်တော့ သတိနဲ့ လုပ်ရလိမ့်မယ်၊ လောလောဆယ်တော့ ကိန်းကို ဒီအတိုင်းပဲ လွှတ်ထားလိုက်ဦးမယ်၊ ကျွန်တော်တို့ ဘာတွေများ လုပ်နေကြပါလိမ့်ဆိုပြီး သူ့ဟာသူ တွေးချင်သလို တွေးနေပါစေ၊ ဒါပေမယ့် ကျွန်တော် ဥပရောပက ပြန်မရောက်မချင်းတော့ မစ္စတာအော့စဘွန်း ဘာမှမလုပ်ပါနဲ့ဦး၊ ဒီနေ့မနက် ကိန်းက ကျွန်တော့်ဆီ ဖုန်းဆက်နေတုန်း သူ့ဓာချွေးတွေ ပြန်နေလိမ့်မယ်ဆိုတာ ကျွန်တော် မှန်းကြည့်လို့ရပါတယ်၊ ကျွန်တော့်ဘက်က အဆင်သင့်မဖြစ်သေးခင်မှာတော့ သူ့အနေနဲ့ အဲဒီလိုပဲ နေပါစေဦး”

“ကောင်းတယ်... အေဘယ်၊ ကျုပ်သတိနဲ့ စောင့်ကြည့်ထားပါ့မယ်၊ အခြေအနေ

ထူးခြားရင် ခင်ဗျားကို ချက်ချင်းအကြောင်းကြားပါ့မယ်"

"ဒါပေမယ့် ဘာမှတော့ မစိုးရိမ်ပါနဲ့ မစ္စတာအော့စဘွန်း၊ ဒီလူကို ကျွန်တော်က ချက်ချင်းမသတ်ဘဲ တဖြည်းဖြည်းနဲ့မှ သေအောင်ညှဉ်းသတ်ပြပါ့မယ်"

"ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ကျုပ် စောင့်ကြည့်နေပါ့မယ်"

"မစ္စတာအော့စဘွန်းက ကိန်းကို ကျွန်တော် မုန်းတာထက် ပိုမုန်းတယ် မဟုတ်လား"

အော့စဘွန်းက ကမန်းကတန်း ရယ်လိုက်သည်။

"ကဲ ဥရောပခရီး အောင်မြင်ပါစေ အေဘယ်"

အေဘယ်က တယ်လီဖုန်းကို ပြန်ချလိုက်သည်။ နောက် လုပ်ရမည့်အလုပ်ကို စဉ်းစားရင်း စားပွဲကို လက်နှင့် ခေါက်နေသည်။ သူ၏ အတွင်းရေးမှူးစာရေးမ ဝင်လာသည်။

"ကွန်တီနင်တယ်ဘဏ်က မစ္စတာကာတစ်ဖင်တန်ဆီ ဆက်စမ်းပါ"

သူက သူမအား မကြည့်ဘဲနှင့် ပြောလိုက်သည်။ စားပွဲကို လက်နှင့်ဆက်ခေါက်နေသည်။ မျက်စိများက ရှေ့တည့်တည့်ကို ငေးကြည့်နေသည်။ ခဏကြာတော့ စားပွဲပေါ်မှ တယ်လီဖုန်း မြည်လာသည်။

"မစ္စတာဖင်တန်လား"

"ဝွတ်မောနင်း မစ္စတာရို့စနော့စကီး၊ နေကောင်းတယ်နော်"

"ခင်ဗျား ဘဏ်မှာရှိတဲ့ ကျွန်တော့်ပိုက်ဆံတွေ အားလုံးစာရင်းပိတ်လိုက်ပါတော့"

တစ်ဖက်မှ တိတ်ဆိတ်နေသည်။

"ကျွန်တော်ပြောတာ ကြားရဲ့လား မစ္စတာဖင်တန်"

"ဟုတ်ကဲ့... ကြား... ကြားပါတယ်" မစ္စတာဖင်တန်က အံ့အားကြီးသင့်နေသည်။ "ဘယ်လို အကြောင်းများ ရှိလို့လဲ မစ္စတာရို့စနော့စကီး"

"ကျွန်တော်က ဂျူးဒါစ်* လို လူမျိုးကို တစ်သက်လုံး မကြိုက်ဘူးဗျ၊ အကြောင်းက အဲဒါပဲ၊ အဲဒီတော့ ဒီအချိန်ကစပြီး ခင်ဗျားကို နယ်စားကုမ္ပဏီဘုတ်အဖွဲ့ဝင် အဖြစ်က ထုတ်ပစ်လိုက်ပြီ၊ အခု ပြောတာတွေနဲ့ပတ်သက်ပြီး တရားဝင်စာ မကြာခင် ရောက်လာလိမ့်မယ်၊ ငွေစာရင်းကို ဘယ်ဘဏ်သို့လွှဲပြောင်းပေးဖို့ ကိစ္စလဲ တစ်ပါတည်း ပါလာလိမ့်မယ်"

"ကျုပ်တော့ ဘာမှ နားမလည်သေးဘူး မစ္စတာရို့စနော့စကီး၊ ကျုပ် ဘာတွေလုပ်..."

အေဘယ်က ဖုန်းပြန်ချလိုက်သည်။ သူ့သမီး ဖလော်ရင်တီနာ ရုံးခန်းထဲဝင်လာသည်။

"ဖေဖေ ဘာတွေဖြစ်နေတာလဲ...ဟင်၊ ကြားရတာကလဲ ဝမ်းသာစရာမဟုတ်ပါလား ဖေဖေ"

---

* မိတ်ဆွေယောင်ဆောင်သော ရန်သူ။ သို့မဟုတ် ခရစ်တော်အပေါ်တွင် သစ္စာဖောက်သော သာဝကတပည့်ကြီးတစ်ဦး။

"ဟုတ်တယ် သမီး၊ ဝမ်းသာစရာတော့ မဟုတ်ဘူး၊ ဒါပေမယ့် သမီးနဲ့ ဘာမှမဆိုင်ပါဘူး၊ သမီး ဘာမှမပူပါနဲ့၊ ဒါနဲ့ ဥရောပခရီးထွက်ဖို့အတွက် အဝတ်အစားတွေအားလုံး အဆင်သင့် ချုပ်ပြီးပြီလား သမီး"

"ဟုတ်ကဲ့ပါ ဖေဖေ၊ အားလုံ ချုပ်ပြီးပါပြီ၊ ဒါပေမယ့် လန်ဒန်နဲ့ ပါရီမှာ သူတို့ ဘယ်လို ပုံစံတွေ ဝတ်နေကြသလဲဆိုတာတော့ သမီး မသိဘူး ဖေဖေ၊ သမီးကတော့ သူတို့က ခေတ်မီ ပုံစံသစ်တွေ ဝတ်ကြမယ် ထင်တာပဲ၊ ဒါဆိုရင်တော့ သမီးအဝတ်တွေက အလကားဖြစ်ကုန် တော့မှာပဲ"

"မပူပါနဲ့ သမီးရယ်၊ သမီးဝတ်စုံတွေက အကောင်းဆုံး အလှဆုံးဖြစ်နေမှာပါ၊ အဲဒီက လူငယ်တွေနဲ့ မိန်းကလေးတွေက သမီးနောက်ကိုပဲ တမ်းတမ်းစွဲ လိုက်နေမှာတောင် ကြောက်ရ သေးတယ်၊ ဒါပေမယ့် အဲဒီအတွက် မစိုးရိမ်ပါနဲ့၊ ဖေဖေက သူတို့ကို မောင်းထုတ်ပစ်မှာပေါ့ ဟဲ...ဟဲ၊ ကိုင်း... ဒီတော့ တို့သားအဖနှစ်ယောက် နေ့လယ်စာသွားစားကြစို့၊ ထမင်းစားရင်း လန်ဒန် မှာ ဘယ်နေရာတွေ သွားကြမယ်ဆိုတာ ဆွေးနွေးကြတာပေါ့၊ ဟုတ်လား"

✧ ✧ ✧

နောက် ၁၀ ရက်ကြာသောအခါ အေဘယ်တို့ သားအဖနှစ်ယောက်တို့သည် ဘိုးအင်း ၃၇၇ ဂျက်လေယာဉ်ပျံကြီးဖြင့် နယူးယောက်မြို့၊ အိုင်ဒယ်လ်ဝိုင်းလ် လေဆိပ်မှ လန်ဒန်မြို့ ဟီသသရောလေဆိပ်သို့ ထွက်ခွာလာခဲ့ကြသည်။ လေယာဉ်ခရီးက စုစုပေါင်း ၁၄ နာရီခန့်ကြာသည်။ လေယာဉ်ပေါ်တွင် သီးသန့်အိပ်စင်များ ပါရှိသော်လည်း ဘရွတ်လမ်းမှ ကလာရိုက်ဂျ်ဟိုတယ်သို့ ရောက်သောအခါ သားအဖနှစ်ယောက်စလုံး အိပ်ရေးဝအောင် အိပ်ပစ်လိုက်ကြသည်။

ယခုကဲ့သို့ ခရီးထွက်လာခဲ့ကြခြင်းတွင် ရည်ရွယ်ချက် သုံးခုရှိသည်။ လန်ဒန်၊ ပါရီနှင့် ဖြစ်နိုင်လျှင် ရောမမြို့တွင်ပါ နယ်စားဟိုတယ်သစ် အဆောက်အအုံသစ် ကန်ထရိုက်ကိစ္စကို သေချာအောင် လုပ်ရန်ဖြစ်သည်။ ဒုတိယအချက်မှာ ဖလော်ရင်တီနာသည် ခေတ်သစ်ဘာသာ ဗေဒပညာကို လေ့လာရန် ရက်ကလစ်တက္ကသိုလ်သို့ မသွားခင် ဥရောပနိုင်ငံများအကြောင်းကို ပထမဆုံး ကြိုတင်မြင်ဖူးထားစေချင်သောကြောင့် ဖြစ်သည်။ နောက်ဆုံးနှင့် တတိယအချက်က အေဘယ်အတွက် ပို၍ အရေးကြီးသည်။ သူက မွေးရပ်မြေရှိ သူ၏ ရဲတိုက်ကြီးသို့သွားရောက် ပြီး အခြေအနေကို သိချင်သောကြောင့်ဖြစ်သည်။

လန်ဒန်မြို့တွင် သားအဖ နှစ်ယောက်စလုံးအတွက် အဆင်ပြေသည်။ အေဘယ်၏ အကြံပေးပုဂ္ဂိုလ်များက "ဟိုက်ပတ်ခ်" ပန်းခြံလမ်းထောင့်တွင် ဟိုတယ်အတွက် နေရာတွေ့ထား ကြပြီ။ ထို့ကြောင့် အေဘယ်က အခန်း ၅၀၀ ပါ နယ်စားဟိုတယ်သစ်ကြီး အမြန်ဆုံး တည် ဆောက်နိုင်ရေးအတွက် လိုအပ်သော ညွှန်ကြားချက်များ ပေးလိုက်သည်။

ဖလော်ရင်တီနာ လန်ဒန်မြို့တွင် ပျော်သည်။ သူမသည် နေ့လယ်စာပွဲများ၊ ညစာ စားပွဲများနှင့် ကပွဲများသို့ တက်ရောက်သည်။ သူမ၏ ဖခင်ပြောခဲ့သည့်အတိုင်းပင် လန်ဒန်သူ

လန်ဒန်သားတွေက သူမ၏ လုပခေတ်မီသော အဖိုးတန်ဝတ်စုံများကို အထူးပင် စိတ်ဝင်စားကြသည်။ ထူးခြားချက်ကတော့ အင်္ဂလိပ်လူမျိုးများသည် စစ်ဒဏ်ကို မချိအောင်ခံလိုက်ကြရသော်လည်း စိတ်ဓာတ်ကျမနေကြ။ သူတို့နိုင်ငံကို အင်အားကြီးနိုင်ငံတစ်ခုဟူ၍ပင် ယုံကြည်ထားဆဲဖြစ်သည်။

ပါရီမြို့တော်ရောက်တော့လည်း အစစအရာရာ အဆင်ပြေသည်။ အေဘယ်နှင့် ဖလော်ရင်တီနာတို့မှာ နှစ်ယောက်စလုံး ပြင်သစ်စကားကို ကျွမ်းကျင်စွာ ပြောတတ်ကြသောကြောင့် အင်္ဂလိပ်တွေနှင့် ပေါင်းရသလိုပင် အဆင်ပြေသည်။

အေဘယ်သည် ရာစပယ်လမ်းမကြီးပေါ်မှ ဟိုတယ်ဟောင်းတစ်ခုကို ဝယ်ယူပြီး အသစ်ပြန်ဆောက်ရန် စီစဉ်ညွှန်ကြားခဲ့သည်။

ထို့နောက် ရောမမြို့သို့ ဆက်လက် ထွက်ခွာခဲ့ကြသည်။ အီတလီတွင် စီးပွားရေးတည်ငြိမ်မှုမရှိသေးသောကြောင့် ဟိုတယ်ဆောက်လုပ်ရေးလုပ်ငန်းကို ဆိုင်းငံ့ထားရန် အေဘယ်က ဆုံးဖြတ်လိုက်သည်။

ထိုမှတစ်ဆင့် ပိုလန်နိုင်ငံသို့ ခရီးဆက်ခဲ့ကြသည်။ ဝါဆောမြို့သို့ရောက်သောအခါ တက္ကစီကားငှား၍ ဆလိုနင်မြို့ကလေးသို့ ထွက်ခွာလာခဲ့ကြသည်။

"ဖေဖေ့ကြည့်ရတာ သိပ်ပြီး စိတ်လှုပ်ရှားနေသလိုပဲ"

ဖလော်ရင်တီနာက ဖခင်ဖြစ်သူ၏ အမူအရာကိုကြည့်ပြီး ပြောလိုက်သည်။

"ဟုတ်တယ် သမီး၊ ဖေဖေ့စိတ်ထဲ ဝမ်းသာဝမ်းနည်း ခံစားနေရတယ်၊ ဒါဟာ ဖေဖေရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေပဲ၊ အမေရိကမှာ အကြာကြီး နေပြီးမှ ပြန်ရောက်လာတော့ စိတ်ထဲ တစ်မျိုးကြီးဖြစ်နေမိတယ်၊ ဖေဖေကတော့ အခုတွေ့နေရတာတွေ အားလုံးဟာ ဖေဖေ ငယ်ငယ်တုန်းက မြင်ခဲ့ရတာတွေအတိုင်းပဲလို့ ထင်နေမိတယ်"

ဆလိုနင်မြို့နားသို့ နီးလာလေလေ အေဘယ်၏ စိတ်သည် ပို၍ လှုပ်ရှားလာလေဖြစ်သည်။ တစ်ချိန်တုန်းက သပ်သပ်ရပ်ရပ်နှင့် သာသာယာယာရှိခဲ့သော အိမ်ကလေးများမှာ စစ်ဒဏ်ကြောင့် ပြိုပျက်နေကြပြီ။ အေဘယ်သည် ဒေါသလည်း ထွက်မိသည်။ ဝမ်းလည်းနည်းမိသည်။

မကြာမီတွင်ပင် သူတို့သည် ရဲတိုက်ကြီးရှေ့သို့ ရောက်လာခဲ့ကြသည်။ ရဲတိုက်ကြီး၏ သံတံခါးကြီးများရှေ့တွင် ကားကို ရပ်လိုက်သည်။ အေဘယ်က ကားပေါ်မှ ကမန်းကတန်း ခုန်ဆင်းပြီး ရဲတိုက်ကြီးကိုကြည့်ကာ ပြောလိုက်သည်။

"ဖေဖေငယ်ငယ်တုန်းက အတိုင်းပဲ သမီး၊ ဘာမှ ပြောင်းလဲမှုမရှိသလိုဘဲ၊ ကဲ... လာ၊ တဲအိမ်ကလေးကို အလျင် သွားကြည့်ကြမယ်၊ အဲဒီမှာ ဖေဖေ ငါးနှစ်သားအထိ နေခဲ့တာ၊ ခုဆိုရင် တစ်ယောက်မှ ရှိတော့မယ် မထင်တော့ပါဘူး၊ ပြီးတော့မှ ရဲတိုက်ကြီးထဲဝင်ကြည့်ရတာပေါ့..."

ဖလော်ရင်တီနာက သူမဖေဖေနောက်မှ လိုက်လာခဲ့သည်။ သူတို့သည် ခြေသွားလမ်းကလေးအတိုင်း ဝက်သစ်ချတောထဲသို့ ဝင်လာခဲ့ကြသည်။ သစ်တောကြီးကတော့ ဘာမှပြောင်းလဲ

မှုမရှိ။ မိနစ် ၂၀ လောက် လျှောက်လာခဲ့ပြီးသောအခါ ကွက်လပ်ကလေးတစ်ခုသို့ ရောက်လာကြသည်။ သူတို့သည် တောလိုက်မုဆိုး၏ တဲအိမ်ကလေးကို တွေ့ကြရပြီ။

အဘယ်သည် အိမ်ရှေ့တွင်ရပ်ကာ အိမ်ကလေးကို ငေးစိုက်ကြည့်နေမိသည်။ အိမ်ကလေးမှာ သက်ကယ်အမိုးတွေ ဖရိုဖရဲဖြစ်နေကြပြီ။ ပြတင်းပေါက်တွေလည်း ပျက်စီးနေကြပြီ။ တစ်ချိန်က သီးနှံစိုက်ခင်းကလေးမှာ ယခုအခါ မြက်ပင်ပေါင်းပင်ပင်များသာ ဖုံးလွှမ်းလျက်ရှိခဲ့ပြီ။

သည်အိမ်ကလေးကို စွန့်ပစ်သွားခဲ့ကြပြီလား။

ဖလော်ရင်တီနာက ဖခင်လက်ကိုဆွဲကာ အိမ်ရှေ့သို့လျှောက်လာခဲ့သည်။

အဘယ်က မလှုပ်မယှက် ရပ်ကြည့်နေသည်။ ဖလော်ရင်တီနာက တံခါးကိုဖြည်းဖြည်းခေါက်လိုက်သည်။ ပြီးတော့ တိတ်ဆိတ်စွာ ရပ်စောင့်နေကြသည်။ ဖလော်ရင်တီနာက နောက်တစ်ကြိမ် ထပ်ခေါက်လိုက်ပြန်သည်၊ အတွင်းက တစ်စုံတစ်ယောက် လှုပ်ရှားသံကို ကြားရသည်။

"အေး... အေး... လာပါပြီ... လာပါပြီ"

ပိုလန်စကားနှင့် ပြန်ပြောသည်။ ခဏအကြာတွင် တံခါးဟလာသည်။ ပိန်လှီခါးကုန်းပြီး ဝတ်စုံနက် ဝတ်ထားသော အဘွားကြီးတစ်ယောက် သူတို့ကို ရပ်ကြည့်နေသည်။ သူမ၏ ခေါင်းတွင် ဆံပင်တွေ ဆွတ်ဆွတ်ဖြူနေကြပြီ။ လက်နှီးရောင်ပဝါစုတ်ကို ခေါင်းတွင် မသေမသပ်စည်းပတ်ထားသည်။ သူမသည် မျက်လုံးများကိုမှေးကာ ဧည့်သည်များကို ကြောင်ကြည့်နေသည်။

"ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

အဘယ်က အင်္ဂလိပ်လို ခပ်တိုးတိုးပြောလိုက်သည်။

"မင်းတို့ ဘာလိုချင်ကြတာလဲ"

အဘွားအိုက မသင်္ကာသံဖြင့် ပြန်မေးလိုက်သည်။

သူမမှာ သွားတစ်ချောင်းမှ မရှိတော့၊ ပါးရေ နားရေတွေကလည်း တွန့်ရှုံ့နေကြပြီ။

အဘယ်က ပိုလန်စကားဖြင့် ပြန်ပြောလိုက်သည်။

"ကျွန်တော်တို့ အထဲခဏဝင်ပြီး စကားပြောလို့ရမလား အမေ"

အဘွားအိုက စိုးရိမ်မကင်းသည့် အမူအရာဖြင့် ဧည့်သည်နှစ်ယောက်၏ မျက်နှာကို အပြန်အလှန် ကြည့်နေသည်။

"ဟယ်လင်နာဟာ ဘယ်သူ့ကိုမှ မကောင်းမလုပ်ခဲ့ပါဘူးကွယ်" အဘွားအိုက ညည်းသံဖြင့် ပြောသည်။

"ဟုတ်ပါတယ် အမေ၊ အမေ့မှာ စိတ်ကောင်း စေတနာကောင်းရှိတာ ကျွန်တော် သိပါတယ်၊ အမေ့အတွက် ကျွန်တော် သတင်းကောင်းယူလာပါတယ် အမေ"

ခဏနေပြီးမှ အဘွားအိုက တံခါးဖွင့်ပေးသည်။ အခန်းထဲတွင် အေးစိမ့်နေသည်။ အဘွားအိုက သူတို့အား နေရာမပေး။

အခန်းက ပြောင်းလဲမှုမရှိသေး၊ ယခင်အတိုင်းပင် စားပွဲတစ်လုံး၊ ကုလားထိုင်နှစ်လုံး

ရှိမြဲရှိနေသေးသည်။ ခင်းစရာဟူ၍ ဘာမှမရှိ။ ဖလော်ရင်တီနာက ကြက်သီးပင် ထသွားမိသည်။ အေဘယ်၏ စိတ်အာရုံသည် အတိတ်ဆီသို့ ပြန်ရောက်သွားသည်။

"မီးဖိုက ထင်းလည်းမရှိတော့ဘူး" အဘွားအိုက မီးဖိုကို တုတ်နှင့် လှမ်းထိုးရင်း ပြောသည်။ ထင်းတစ်စတွင် မီးငွေ့ငွေ့လောင်နေသေးသည်။ အဘွားကြီးက အင်္ကျီအိတ်ကို လက်နှိုက်ပြီး ပြောပြန်သည်။ "ငါ့ကို စက္ကူပေးကြပါ" သူမက အေဘယ်၏ မျက်နှာကို စိုက်ကြည့်သည်။ "မင်းတို့မှာ စက္ကူများ မပါလာဘူးလား"

"ကျွန်တော့်ကို မမှတ်မိတော့ဘူးလား အမေ"

"ဟင့်အင်း... မမှတ်မိဘူး"

"ကျွန်တော် ဝလာဒက်လေ... အမေ"

"ဩော်... ဝလာဒက်... ဝလာဒက်... ငါ့သားလေးကို မင်းသိသလား"

"ဝလာဒက်ဟာ ကျွန်တော်ပါ အမေ"

"မဟုတ်နိုင်ဘူး၊ မဟုတ်နိုင်ဘူး၊ သူက သိပ်ကောင်းတာ၊ သူ့မှာ ဘုရားသခင်ပေးတဲ့ အမှတ်ပါတယ်၊ သခင်ကြီးက သူ့ကို ခေါ်သွားတယ်၊ ဟုတ်ပါတယ်၊ အမေ့သားလေးကို သခင်ကြီး ခေါ်သွားတာ"

အဘွားအို၏ အသံက အက်သံပါလာသည်။ သူမသည် ကြမ်းပြင်တွင်ထိုင်ချလိုက်သည်။ အကြောပြိုင်းပြိုင်းနှင့် အရေတွန့်နေသော လက်နှစ်ဖက်က ပေါင်ပေါ်တွင် ဂနာမငြိမ် လှုပ်ရှားနေကြသည်။

"ကျွန်တော် ပြန်လာပြီ အမေ၊ ဝလာဒက် ပြန်လာပြီလေ"

သို့သော် အဘွားအိုက မကြားတော့၊ သူမအနီးတွင် ဘယ်သူမှ မရှိသလို ငုတ်တုတ်ကြီး ငြိမ်၍သာ ထိုင်နေတော့သည်။ အတန်ကြာမှ အဘွားအိုက စကားပြောသည်။

"သူတို့က ငါ့လင် 'ဂျာစီယို' ကို သတ်လိုက်ကြတယ်၊ ငါ့သားသမီးအားလုံးကိုလဲ ခေါ်သွားကြတယ်၊ ဆိုဖီယာလေး တစ်ယောက်ပဲ ကျန်ခဲ့တာ၊ ငါက ဆိုဖီယာကို ဖွက်ထားတာ၊ ဒါနဲ့ သူတို့ ပြန်ထွက်သွားကြတယ်"

"ဆိုဖီယာ အခု ဘယ်မှာရှိသလဲ အမေ"

"မရှိတော့ဘူး၊ နောက်တစ်ကြိမ်စစ်ဖြစ်တော့ သူ့ကိုလဲ သူတို့ခေါ်သွားကြတယ်"

အေဘယ်တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားမိသည်။

အဘွားအိုက ဆက်ပြောသည်။

"မင်းတို့က ဘာလိုချင်လို့လဲ၊ ဒါတွေကို ဘာဖြစ်လို့ မေးနေကြတာလဲ"

"အမေ့ကို ကျွန်တော့်သမီး ဖလော်ရင်တီနာကို ပြချင်လို့ပါ"

"ငါ့မှာလဲ ဖလော်ရင်တီနာဆိုတဲ့ သမီးတစ်ယောက်ရှိခဲ့ပါတယ်၊ ခုတော့ မရှိတော့ဘူး၊ ငါတစ်ယောက်တည်းပဲ ကျန်တော့တယ်"

"အဲဒါကို ကျွန်မတို့လဲ သိပါတယ်... ဘွားဘွား"

ဖလော်ရင်တီနာက ဝင်ပြောလိုက်သည်။

"ညည်းက ဘယ်လိုလုပ်လို့ သိတာလဲ၊ အဲဒီတုန်းက ညည်းမှမမွေးသေးတာ"

"ရွာထဲက လူတွေပြောပြပါတယ်... ဘွားဘွား"

"ညည်းမှာ စက္ကူကလေး ဘာကလေးများ မပါဘူးလား၊ ငါမီးထိုးဖို့ စက္ကူလိုချင်တယ်"

အေဘယ်က စိတ်ပျက်လက်ပျက် အမူအရာဖြင့် ဖလော်ရင်တီနာအား လှည့်ကြည့်လိုက်သည်။

"စက္ကူတော့မပါဘူး အမေ၊ ကျွန်တော်တို့ စက္ကူယူမလာခဲ့မိဘူး"

"အဲဒီတော့ မင်းတို့က ဘာလိုချင်လို့လဲ"

အဘွားကြီးအသံက မာလာသည်။

"ဘာမှမလိုချင်ပါဘူး အမေ၊ အခု ကျွန်တော်တို့ ပြန်ပါတော့မယ်"

အေဘယ်က ပိုက်ဆံအိတ်ထဲတွင် ပါလာသမျှသော ပိုလန်ငွေစက္ကူအားလုံးကို အဘွားကြီးအား လှမ်းပေးလိုက်သည်။

"ကျေးဇူးပဲ ကျေးဇူးပဲ"

အဘွားကြီးက ဝမ်းမြောက်ဝမ်းသာလှမ်းယူသည်။

ထို့နောက် အေဘယ်က သူ၏ မွေးစားမိခင်အိုကြီးအား နမ်းရှုပ်နှုတ်ဆက်ရန် ကိုယ်ကို ကုန်းလိုက်သည်။ သို့သော် အဘွားအိုက အနမ်းမခံ၊ နောက်သို့ ဆုတ်သွားသည်။

ဖလော်ရင်တီနာက ဖခင်၏လက်ကိုဆွဲကာ တဲအိမ်ကလေးထဲမှ ပြန်ထွက်လာခဲ့ကြပြီး သစ်တောလမ်းအတိုင်း ကားရပ်ထားသောနေရာသို့ လျှောက်လာခဲ့ကြသည်။

✧ ✧ ✧

အဘွားအိုသည် အေဘယ်တို့ သားအဖ မြင်ကွင်းမှပျောက်ကွယ်သွားသည်အထိ ပြတင်းပေါက်မှ ရပ်ကြည့်နေသည်။ ထို့နောက် အေဘယ်ပေးခဲ့သော ငွေစက္ကူများကို တစ်ရွက်စီလုံးခြေကာ မီးဖိုထဲသို့ ပစ်ထည့်သည်။ ချက်ချင်းပင် စက္ကူကို မီးစွဲလောင်တော့သည်။ အဘွားအိုသည် သစ်စဝါးစများကို မီးလောင်နေသော ငွေစက္ကူများပေါ်တွင် တင်လိုက်သည်။

ပြီးတော့၊ မီးဖိုဘေးတွင် ကျကျနန ထိုင်ချလိုက်သည်။ သူမ၏ လက်နှစ်ဖက်ကို မီးကင်ရင်း အကျေနပ်ကြီး ကျေနပ်နေမိတော့သည်။

✧ ✧ ✧

ကားဆီသို့ ပြန်လျှောက်လာစဉ်တွင် အေဘယ်သည် တစ်လမ်းလုံး ဘာစကားမျှမပြောဘဲ ခေါင်းငိုက်စိုက်ဖြင့်သာ လျှောက်လာခဲ့သည်။

မကြာမီတွင်ပင် ရဲတိုက်ကြီး၏ သံဂိတ်တံခါးကြီးများကို ပြန်လည်မြင်ကြရသည်။ အေဘယ်က အဘွားအိုနှင့် တဲအိမ်ငယ်အကြောင်းကို မေ့ပစ်ရန် ကြိုးစားပါမည်ဟု သမီးဖြစ်သူအား ကတိပေးသည်။ ထို့နောက် "ကမ္ဘာပေါ်မှာ အလှဆုံး ရဲတိုက်ကြီးကို မြင်ရတော့မယ် သမီး"ဟု ပြောလိုက်သည်။

"ဒါလောက်တောင်မှလား... ဖေဖေ"

"ဖေဖေ ပိုမပြောပါဘူး သမီး"

ထို့နောက် သားအဖနှစ်ယောက် ကားပေါ်တက်ကြသည်။ ကားကလေးသည် ရဲတိုက်ကြီးဆီသို့ အရှိန်နှင့် မောင်းလာခဲ့သည်။

အေဘယ်၏ စိတ်သည် အတိတ်ဆီသို့ ပြန်ရောက်သွားသည်။ ရဲတိုက်ကြီးတွင် နယ်စားကြီး လီယွန်၊ ဖလော်ရင်တီနာတို့နှင့် ပျော်ရွှင်စွာနေခဲ့ရသောဘဝကို သတိရမိသည်။ စစ်အတွင်း အကျဉ်းသားဘဝဖြင့် နယ်စားကြီး သေဆုံးသွားရသည်ကို ပြန်လည်သတိရသည်။ လီယွန်၊ ဖလော်ရင်တီနာနှင့် ရဲတိုက်အမှုထမ်းများ အသတ်ခံရသည်ကို မြင်ယောင်လာသည်။

သူတို့သည် ကားပေါ်မှ ဆင်းလိုက်ကြသည်။ တစ်ယောက်မျှ စကားမပြောကြ။ ဖလော်ရင်တီနာက ဖခင်၏ လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ သူမ ဖခင်၏ မျက်နှာတွင် မျက်ရည်တွေ စီးကျနေကြသည်။

ရဲတိုက်ကြီးကား စစ်ဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားခဲ့လေပြီ။ လေးဘက်လေးတန် အုတ်တံတိုင်းကြီးများလည်း ပြိုပျက်ခဲ့ပြီ။ ခမ်းနားလှပသော အိပ်ခန်းဆောင်များ၊ ဧည့်ခန်းဆောင်များလည်း ပင်ကိုအလှ မရှိကြတော့။

အေဘယ်သည် ဘုရားကျောင်းအနီးမှ မြေစာပုံ သုံးပုံဆီသို့ လျှောက်လာခဲ့သည်။ ဖလော်ရင်တီနာက ဖခင်နောက်မှ ကပ်လိုက်လာသည်။

မြေပုံစာများတွင် မြက်ပင်ပေါင်းပင်များ ဖုံးလွှမ်းနေကြပြီ။ တစ်ချိန်သောအခါက ရဲတိုက်ရှင် နယ်စားကြီး၊ သူ၏သားဖြစ်သူ လီယွန်နှင့် အေဘယ်၏ မွေးစားအစ်မကြီး ဖလော်ရင်တီနာတို့၏ သင်္ချိုင်းမြေပါဟု ကျိန်ပြောသော်မှ ယုံနိုင်စရာ မရှိတော့။

အေဘယ်က မြေစာပုံများကို ဦးညွှတ်၍ အရိုအသေပြုလိုက်သည်။ သူ့မျက်နှာတွင် မျက်ရည်တွေ စီးကျလာကြသည်။

"ပြန်ကြပါစို့... ဖေဖေရယ်၊ ဒီမှာ ကြာကြာနေရင် ဖေဖေအတွက် ပိုဆိုးပါလိမ့်မယ်"

ဖလော်ရင်တီနာက ဖခင်၏ လက်ကိုဆွဲကာ ကားဆီသို့ ပြန်လျှောက်လာခဲ့ကြသည်။

✧ ✧ ✧

နောက်တစ်နေ့တွင် သူတို့သည် လန်ဒန်သို့ လေယာဉ်ဖြင့် ထွက်ခွာလာခဲ့ကြသည်။ ကလာရိုက်ဂျ်ဟိုတယ်တွင်ပင် တည်းခိုကြသည်။ ဖလော်ရင်တီနာက မိတ်ဆွေဟောင်းများနှင့် ပြန်တွေ့ရ၍ ဝမ်းသာနေသည်။

အေဘယ်ကတော့ အားအားရှိတိုင်း သတင်းစာများကိုသာ သဲကြီးမဲကြီး ဖတ်ရှုနေသည်။ သူ့ခရီးထွက်နေစဉ်အတွင်း အမေရိကတွင် ဘာတွေဖြစ်ပျက်နေကြသလဲဆိုသည်ကို သူက အလွန်သိချင်နေသည်။

သူသည် စနေနေ့ထုတ် 'လန်ဒန်တိုင်း' သတင်းစာကြီးမှ အတွင်းစာမျက်နှာပါ သတင်းတစ်ပုဒ်ကို မျက်စိရောက်သွားမိသည်။

လေယာဉ်ပျက်သော သတင်း။

"အင်တာစတိတ်" လေကြောင်း ကုမ္ပဏီမှ ဗိုင်းကောင့်လေယာဉ်ပျံတစ်စီးသည် ယမန်နေ့ နံနက်က မက္ကစီကိုစီးတီး လေဆိပ်မှ ပျံအထွက်တွင် ရုတ်တရက် ပေါက်ကွဲပျက်စီးသွားခဲ့သည်။ ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ အပါအဝင် စုစုပေါင်း ၁၇ ယောက် သေဆုံးသည်။ အင်တာစတိတ် ကုမ္ပဏီ၏ လေယာဉ်ထိန်းသိမ်းပြုပြင်မှု ညံ့ကြောင်း မက္ကစီကို အစိုးရအာဏာပိုင်များက ဝေဖန်ပြစ်တင်သည်။

အေဘယ်က တယ်လီဖုန်းကို ချက်ချင်းကောက်ကိုင်ပြီး ပင်လယ်ရပ်ခြား ဖုန်းအော်ပရေတာကို လှမ်းတောင်းလိုက်သည်။

ဒီနေ့ စနေနေ့ပဲ၊ သူ့အိမ်မှာ ရှိလိမ့်မယ်လို့ တွေးလိုက်ပြီး အေဘယ်က တယ်လီဖုန်းနံပါတ်မှတ်တမ်းစာအုပ်ကလေးတွင် အိမ်ဖုန်းနံပါတ်ကို ရှာကြည့်သည်။

"နာရီဝက်လောက်တော့ စောင့်ရပါလိမ့်မယ် ရှင်"

အော်ပရေတာက စကားပြန်သည်။

"ကျေးဇူးတင်ပါတယ် အော်ပရေတာ"

အေဘယ်က တယ်လီဖုန်းကို ပြန်ချထားလိုက်ပြီး ထိုင်စောင့်ရင်း စဉ်းစားနေသည်။ မိနစ် ၂၀အကြာတွင် တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာသည်။

"ပင်လယ်ရပ်ခြားလိုင်း ဝင်လာပါပြီရှင်"

"အေဘယ်လား၊ ကျုပ် ဟင်နရီပါ၊ ခင်ဗျား ဘယ်ကပြောနေတာလဲ"

"ကျွန်တော် လန်ဒန်က ပြောနေတာ မစ္စတာအော့စဘွန်း"

"ပြီးပါပြီလားရှင်"

အော်ပရေတာအသံ ပြန်ပေါ်လာသည်။

"ဘုရားရေ ကျုပ်ပြောတောင် မပြောရသေးပါဘူးဗျာ" အေဘယ်က ပြန်ပြောလိုက်သည်။

"အို... ဆောရီးပါရှင်၊ ကျွန်မက အမေရိကကို ပြောလို့ရပြီလားလို့ မေးတာပါရှင်"

"ဩော်... ဟုတ်ကဲ့၊ ရပါပြီ ရပါပြီ၊ ဘုရားရေ... သူတို့ စကားက တစ်မျိုးပါလား မစ္စတာအော့စဘွန်း"

အော့စဘွန်းက ရယ်လိုက်သည်။

"မက္ကစီကိုစီးတီးလေဆိပ်မှာ အင်တာစတိတ် လေယာဉ်ပျက်ကျသွားတာ မစ္စတာအော့စဘွန်း.

ဖတ်ပြီးပြီလား"

"ဟုတ်ကဲ့ ဖတ်ပြီးပါပြီ၊ ဒါပေမယ့် ပူစရာ မရှိပါဘူး၊ လေယာဉ်ပျံက အာမခံလုပ်ထားပြီးသား၊ ဒါကြောင့် ငွေကြေးဆုံးရှုံးမှုမရှိပါဘူး၊ ရှယ်ယာတွေအတွက်လဲ ထိခိုက်မှုမရှိနိုင်ပါဘူး"

"ကျွန်တော်က အာမခံကိစ္စကို သိပ်ပြီး စိတ်မဝင်စားဘူး၊ မစ္စတာကိန်းအနေနဲ့ ဘယ်လောက်အား ရှိတယ်ဆိုတာ တစ်ပွဲတစ်လမ်း စမ်းကြည့်ဖို့ အခွင့်ကောင်းဖြစ်မလားလို့ ကျွန်တော်က စဉ်းစားမိလို့ပါ"

"ခင်ဗျား ပြောတာ ကျုပ် သဘောမပေါက်သေးဘူး အေဘယ်၊ ခင်ဗျား ဘာပြောချင်တာလဲ"

"သေသေချာချာနားထောင်ပါ၊ တနင်္လာနေ့ မနက် စတော့အရောင်းအဝယ်ဖွင့်တဲ့အခါ မစ္စတာအော့စဘွန်း ဘာလုပ်ရမယ်ဆိုတာ ကျွန်တော်ပြောပြမယ်၊ အင်္ဂါနေ့ကျတော့ ကျွန်တော် နယူးယောက်ကို ရောက်လာလိမ့်မယ်"

ဟင်နရီအော့စဘွန်းက အေဘယ်၏ ညွှန်ကြားချက်များကို စိတ်ဝင်စားစွာ နားထောင်နေသည်။

နောက် မိနစ် ၂၀ အကြာတွင် အေဘယ်က တယ်လီဖုန်းကို ပြန်ချလိုက်သည်။

သူ့လုပ်ငန်းပြီးသွားပြီ။

✣

(၂၉)

ကွန်တီနင်တယ်ထရပ်ဘဏ် ဒုတိယဥက္ကဋ္ဌ ကာတစ်ဖင်တန်ထံမှ ဝီလျံထံသို့ တယ်လီဖုန်းဆက်သည်။

အေဘယ်ရို့စနော့စကီးက ကွန်တီနင်တယ်ဘဏ်တွင် အပ်နှံထားသော သူ့ပိုက်ဆံအားလုံးကို ပြန်လည်ထုတ်ယူပြီး တခြားဘဏ်တိုက်သို့ ပြောင်းလဲအပ်နှံသည့်အပြင် မစ္စတာဖင်တန်အားလည်း သစ္စာဖောက်အဖြစ် စွပ်စွဲလိုက်ကြောင်း သိရသောအခါ အခြေအနေတော့ ပိုမိုဆိုးရွားလာခဲ့ပြီဆိုသည်ကို ဝီလျံက ချက်ချင်းတွက်ဆလိုက်မိသည်။

"လက်စတာဘဏ်မှာ အေဘယ်ရို့စနော့စကီးက ရှယ်ယာတွေ ဝယ်တာကို ကျုပ်က အမှန်အတိုင်း ခင်ဗျားဆီကို စာရေးပြီး အကြောင်းကြားခဲ့တယ်၊ အဲဒါဟာ ဘာမှားသလဲ၊ ကျုပ်ကတော့ ကျုပ်လုပ်ရပ်မှန်တယ်လို့ပဲ ယူဆတယ်၊ ဒါပေမယ့် ကျုပ်ရဲ့ အရေးအပါဆုံး ဖောက်သည်တစ်ယောက် ဆုံးရှုံးရတာကိုတော့ ကျုပ်အနေနဲ့ ဝမ်းနည်းလို့ မဆုံးဘူး၊ ကျုပ်တို့ဘဏ်အုပ်ချုပ်ရေးအဖွဲ့က ကျုပ်ကို ဘယ်လိုပြောကြမလဲဆိုတာတော့ ကျုပ်မပြောတတ်တော့ဘူး မစ္စတာကိန်း"

မစ္စတာဖင်တန်က တကယ်လည်း စိတ်မချမ်းသာသည့် အသံဖြင့် ပြောသည်။

ဝီလျံက ရုတ်တရက် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်နေမိသည်။ နောက်တော့မှ မစ္စတာဖင်တန်အား စိတ်မချမ်းမသာ မဖြစ်စေရန် ဖျောင်းဖျပြောဆိုပြီး သူ၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ကြီးများနှင့် တိုင်ပင်ကြည့်ပါဦးမည်ဟု ဝီလျံက ပြန်ပြောလိုက်သည်။

သူက မစ္စတာဖင်တန်အား ယင်းသို့ ဖျောင်းဖျနှစ်သိမ့်လိုက်ရသည့်တိုင်အောင် သူကိုယ်တိုင်မှာလည်း မစ္စတာဖင်တန်လိုပင် အတွင်းကျိတ်ပြီး စိုးရိမ်ကြောင့်ကြ ဖြစ်နေရသည်။ အေဘယ်ရို့စနော့စကီးက ဘယ်လိုများ အန္တရာယ်ပေးလာဦးမှာလဲ...ဟူသော စိုးရိမ်စိတ်တို့က သူ့ဦးနှောက်ထဲတွင် တဒိန်းဒိန်း လာဆောင့်နေသည် မဟုတ်ပါလား။

Quality Publishing House

နောက် တစ်လခန့်ကြာသောအခါမှာတော့ အဖြေပေါ်လာတော့သည်။

ဝီလျံသည် တနင်္လာနေ့ နံနက်တွင် ရောက်လာသော စာများကို ဖတ်ရှုနေစဉ် သူ၏ စတော့ပွဲစားထံမှ သူ့ထံသို့ တယ်လီဖုန်း လှမ်းဆက်သည်။

အင်တာစတိတ် ကုမ္ပဏီ၏ ဒေါ်လာတစ်သန်းတန် စတော့များကို တစ်စုံတစ်ယောက်က ဈေးကွက်တွင် ချရောင်းနေကြောင်း ပွဲစားက သတင်းပို့သည်။

သို့ဖြင့် ဝီလျံက သူ့ကိုယ်ပိုင်စုငွေဖြင့် ယင်းရှယ်ယာများကို ဝယ်ယူရန် ဆုံးဖြတ်ပြီး ချက်ချင်းပင် ဝယ်ယူမိန့်ထုတ်လိုက်သည်။

ထိုနေ့ နေ့ခင်းနှစ်နာရီတွင် နောက်ထပ် ဒေါ်လာတစ်သန်းတန် ရှယ်ယာများ ဈေးကွက်သို့ ရောက်လာခဲ့ပြန်သည်။ ဝီလျံက ယင်းရှယ်ယာများကို မဝယ်ယူလိုက်နိုင်မီမှာပင် စတော့ဈေးက ချက်ချင်းထိုးကျသွားခဲ့သည်။ ၃ နာရီတိတိတွင် နယူးယောက် စတော့အရောင်းအဝယ်ဌာန ပိတ်သွားချိန်တွင် အင်တာစတိတ်ကုမ္ပဏီ၏ ရှယ်ယာဈေးမှာ သုံးဆအထိ ထိုးကျသွားတော့သည်။

နောက်တစ်နေ့မနက် ၁၀ နာရီ ၁၀ မိနစ်တွင် အဆိုပါ စတော့ပွဲစားက ဝီလျံထံ ဖုန်း ထပ်ဆက်ပြန်သည်။

နောက်ထပ် ဒေါ်လာတစ်သန်းတန် ရှယ်ယာများ ဈေးကွက်သို့ ထပ်မံရောက်ရှိနေပြန်ပြီဟု ပွဲစားက သတင်းပို့သည်။ ဤသို့ ဈေးကွက်တွင် ရှယ်ယာ အရောင်းအဝယ် အလျံပယ်ဖြစ်နေခြင်းကြောင့် ရှယ်ယာဈေးမှာ ပဲနီအနည်းငယ်မျှသာ တန်ဖိုးရှိတော့ကြောင်း ပွဲစားက ပြောပြသည်။

နောက်တစ်နေ့ တနင်္လာနေ့ နံနက်တွင် အရေးပေါ်ဘုတ်အဖွဲ့ အစည်းအဝေးခေါ်ရန် ဝီလျံက ကုမ္ပဏီအတွင်းရေးမှူး အယ်လ်ဖရက်ရောဂျားကို ညွှန်ကြားလိုက်သည်။ ယခုကဲ့သို့ ဈေးကွက်ပျက်အောင် ဘုံးဘောလအောလုပ်သည့် တရားခံ ဘယ်သူ ဘယ်ဝါဆိုသည်ကို အမြန် ဆုံးသိရန် လိုသည်။ သူက အင်တာစတိတ်ရှယ်ယာတွေကိုလည်း ဆက်မဝယ်တော့ဘဲ ရပ်ထား လိုက်သည်။

ထိုနေ့ညနေရတွင်ပင် အာမခံစာချုပ်စာတမ်းနှင့် စတော့ရောင်းဝယ်ရေးကော်မရှင်က အင်တာစတိတ် ကုမ္ပဏီ၏ လုပ်ရပ်များကို စုံစမ်းစစ်ဆေးရေးလုပ်မည်ဟု ထုတ်ပြန်ကြေငြာလိုက် သည်။

ဤတွင် ကော်မရှင်က အနည်းဆုံး သုံးလမှ အများဆုံးခြောက်လအထိ စုံစမ်းစစ်ဆေးမှု ပြုလုပ်နေသည့်ကာလအတွင်း အင်တာစတိတ်ကုမ္ပဏီကို လက်စတာဘဏ်က ဆက်လက်ကူညီ နေဦးမည်လား၊ ဒါမှမဟုတ် ကုမ္ပဏီကိုပင် ဖျက်သိမ်းပစ်မည်လားဆိုသည်ကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရမည့် အခြေအနေသို့ ရောက်လာသည်။ ဘယ်လိုပင် လုပ်လုပ် ဝီလျံအနေဖြင့် ပိုက်ဆံ ဆုံးရှုံး၍ ဘဏ်အနေဖြင့် သိက္ခာကျမည်မှာတော့ သေချာနေသည်။

အင်တာစတိတ် ကုမ္ပဏီ၏ သုံးသန်းတန် ရှယ်ယာများကို ရောင်းချသော ကုမ္ပဏီမှာ 'ကျိန်းသေပေါက် ရင်းနှီးမြှုပ်နှံရေးကော်ပိုရေးရှင်း' အမည်ရှိ ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ ယင်းကုမ္ပဏီ မှာလည်း အေဘယ်ရို့စနော့စကီးပိုင် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း ရှေ့နေ သာဒီးယပ်ကိုဟင်ထံမှ

သိရှိရသောအခါ ဝီလျံအနေဖြင့် လုံးဝအံ့သြခြင်း မဖြစ်မိတော့။

တစ်ချိန်တည်းတွင် ယင်းကုမ္ပဏီမှ ကြော်ငြာတစ်ခုလည်း ထွက်ပေါ်လာခဲ့သည်။

ယင်းကြော်ငြာချက်တွင် အင်တာစတိတ်ကုမ္ပဏီ၏ လေယာဉ်ထိန်းသိမ်းပြုပြင်ရေး ညံ့ဖျင်းမှုကြောင့် မက္ကစီကိုအစိုးရ၏ တာဝန်ရှိသော ကြေငြာချက်တစ်ရပ် ပေါ်ထွက်လာပြီးသည့်နောက်တွင် မိမိတို့အနေဖြင့် အဆိုပါကုမ္ပဏီ၏ အနာဂတ်အလားအလာအတွက် စိုးရိမ်မိသည့်အတွက် ယခုကဲ့သို့ ရှယ်ယာများ ရောင်းချခဲ့ရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

သတင်းစာများကလည်း အဆိုပါကြေငြာချက်ကို အသားပေး၍ဖော်ပြကြသည်။ သောကြာနေ့ ရောက်သောအခါ အင်တာစတိတ် ကုမ္ပဏီ၏ လေယာဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အသေးစိတ် စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန်အတွက်ဟုဆိုကာ ပြည်ထောင်စုမြို့ပြလေကြောင်းဌာနက ကုမ္ပဏီကို လုံးဝပိတ်လိုက်တော့သည်။

အင်တာစတိတ် ကုမ္ပဏီအား စုံစမ်းစစ်ဆေးရေးလုပ်ခြင်းကို ဝီလျံက လုံးဝမစိုးရိမ်။ သို့သော်လည်း ကုမ္ပဏီကို ပိတ်ထားရသည့်အတွက် ငွေကြေးအရ အများကြီး ထိခိုက်သည်ကိုတော့ သူက အလွန်စိုးရိမ်မိသည်။

ဝီလျံအတွက် တစ်ပူပေါ် နှစ်ပူဆင့်သလို ဖြစ်ရသောအချက်ကတော့ လက်စတာဘဏ်တိုက်မှ ငွေကြေးအကူအညီပေးထားသည့် အခြား အရေးပါသော ကုမ္ပဏီများကပါ ၎င်းတို့၏ အနာဂတ်ရပ်တည်မှုအတွက် စိုးရိမ်မကင်းဖြစ်ကာ လှုပ်လှုပ်ရှားရှား ဖြစ်လာကြခြင်းပင်ဖြစ်သည်။ သတင်းစာများကလည်း ဘဏ်တိုက်သည် အင်တာစတိတ်ကုမ္ပဏီ၏ ကျောထောက်နောက်ခံ ဘဏ်တိုက်ဖြစ်ကြောင်း အတည့်အလင်း ထုတ်ဖော်ရေးသားကြသည်။

အခြေအနေ ယင်းသို့ရှိနေစဉ် အင်တာစတိတ် ကုမ္ပဏီ၏ ရှယ်ယာများသည် ဈေးကွက်သို့ ရောက်လာခဲ့ပြန်သည်။ ရှယ်ယာများ ဝယ်ယူသူမှာ အေဘယ်ရို့စနော့စကီးဖြစ်ကြောင်း ရှေ့နေသာဒီးယပ်ကိုဟင်က ဝီလျံအား သတင်းပို့သည်။ အေဘယ်သည် သူ၏အင်တာစတိတ် ကုမ္ပဏီရှယ်ယာများကို ဈေးကောင်းကောင်းနှင့်ရောင်းပြီး ဈေးတွေ ထိုးကျနေတုန်းတွင် ပြန်ဝယ်သည်။ ဝီလျံက အေဘယ်အပေါ် မနာလိုစိတ် ရောစွက်သော လေးစားစိတ်ဖြင့်ခေါင်းကို ခါယမ်းနေမိသည်။ ဝီလျံက ဂုဏ်သိက္ခာအရေးရော၊ ငွေရေးကြေးရေးအရာရော၊ ဒေဝါလီခံရတော့မည့်ကိန်းမျိုး ကြုံနေရစဉ် အေဘယ်ကတော့ ရှယ်ယာအရောင်းအဝယ်ဖြင့် အမြတ်ငွေတွေ တော်တော်များများ ရရှိသွားခဲ့ပြီ။

တနင်္လာနေ့ ဘုတ်အဖွဲ့အစည်းအဝေးတွင် ဝီလျံက သူနှင့် အေဘယ်ရို့စနော့စကီးတို့၏ ပဋိပက္ခကို အစမှအဆုံးရှင်းလင်းတင်ပြပြီးနောက် သူ့အား နုတ်ထွက်ခွင့်ပြုရန် တောင်းဆိုလိုက်သည်။ သို့သော် ဘုတ်အဖွဲ့က လက်မခံ။ သူ့နုတ်ထွက်စာကို လက်မခံသော်လည်း တီးတိုးဝေဖန်မှုများတော့ ခံရသည်။ သို့ဖြင့် နောက်တစ်ကြိမ် အေဘယ်ရို့စနော့စကီးက ထပ်မံထိုးနက်လာခဲ့သော် သူ၏လုပ်ဖော်ကိုင်ဖက်များက ဘယ်နည်းနှင့်မျှ ခွင့်လွှတ်နိုင်မည်မဟုတ်တော့ကြောင်း ဝီလျံက သဘောပေါက်မိသည်။

အင်တာစတိတ် ကုမ္ပဏီအား ဆက်လက်၍ ကူညီသင့်မသင့် ဘုတ်အဖွဲ့ဝင်များက စဉ်းစားကြသည်။ တိုနီဆိုင်မွန်က ပြည်ထောင်စု မြို့ပြလေကြောင်းဌာန၏ စုံစမ်းစစ်ဆေးမှုကို စိုးရိမ်စရာမရှိကြောင်း၊ မိမိတို့ဘဏ်ကို မျက်နှာသာပေးမည် သေချာကြောင်း၊ ထို့ကြောင့် အင်တာစတိတ်ကုမ္ပဏီသည် မကြာမီအတွင်း ဘဏ်မှ ထုတ်ချေးငွေများကို ပြန်လည်ပေးဆပ်နိုင်မည် ဖြစ်ကြောင်း တင်ပြသည်။ ထို့ပြင် အစည်းအဝေးပြီးသောအခါ တိုနီက ဝီလျံအား မိမိတို့၏ ဆုံးဖြတ်ချက်သည် ရေရှည်တွင် အေဘယ်ရို့စနော့စကီးအား ကျားကန်ပေးသလို ဖြစ်နေသော်လည်း ဘဏ်အနေဖြင့် ဂုဏ်သိက္ခာကို ပြန်ဆယ်လိုလျှင် တခြား ရွေးစရာလမ်းမရှိတော့ကြောင်း ပြောပြသည်။

တိုနီဆိုင်မွန် ပြောသည့်အတိုင်းပင် တကယ်မှန်နေသည်။ အာမခံစာချုပ်စာတမ်းနှင့် စတော့ရောင်းဝယ်ရေးကော်မရှင်က စုံစမ်းစစ်ဆေးချက် ထုတ်ပြန်သောအခါ 'ကျိန်းသေပေါက် ရင်းနှီးမြှုပ်နှံရေး' ကော်ပိုရေးရှင်းအား ဈေးကွက်ဖျက်မှုအတွက် တော်တော်ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်ထားသော်လည်း လက်စတာဘဏ်ကိုမူ အပြစ်မရှိကြောင်း ဖော်ပြထားသည်။

ထိုနေ့မနက်တွင် အင်တာစတိတ်ကုမ္ပဏီအတွက် ရှယ်ယာများ ဈေးကွက်တွင် ခေါ်သောအခါ ရှယ်ယာဈေး တဖြည်းဖြည်း မြင့်တက်လာသည်ကို ဝီလျံက အံ့သြစွာတွေ့ရသည်။

သည်တစ်ကြိမ်တွင်လည်း အဓိက ရှယ်ယာဝယ်ယူသူမှာ အေဘယ်ရို့စနော့စကီးပင်ဖြစ်ကြောင်း ရှေ့နေ သာဒီးယပ်ကိုဟင်က ဝီလျံအား တင်ပြလာပြန်သည်။

"ဒီအချက်ကိုပဲ ကျွန်တော်က စောင့်ကြည့်နေတာ" ဝီလျံက ပြန်ပြောသည်။ "သူက ပထမအကြိမ်တုန်းကလဲ တော်တော်ပွသွားပြီ၊ အခုတစ်ကြိမ်လဲ အပွကြံပြန်ပြီ"

"မစ္စတာရို့စနော့စကီးက ပထမတစ်ကြိမ်တုန်းက လုပ်ရပ်မှားသွားတယ်၊ သူက ဥပဒေကို ချိုးဖောက်ပြီးလုပ်တာ၊ ဒီတစ်ကြိမ်တော့ ခင်ဗျားအလှည့်ပဲ မစ္စတာကိန်း၊ သူလုပ်နေတာ တရားဝင်အလုပ်မဟုတ်ဘူးဆိုတာတောင် သူက သိချင်မှ သိလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက မကောင်းတဲ့ ရည်ရွယ်ချက်နဲ့ လုပ်နေတဲ့အတွက်ကြောင့်ပဲ"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ မစ္စတာကိုဖင်"

"ရှင်းရှင်းကလေးပါ၊ ခင်ဗျားတို့နှစ်ယောက်က ပုဂ္ဂိုလ်ရေးပဋိပက္ခကြောင့် အဖြစ်မှန်ကို မမြင်နိုင်ဘဲ ဖြစ်နေကြတယ်၊ ခင်ဗျားက ရှယ်ယာ အရောင်းအဝယ်လုပ်တဲ့အခါ ကိုယ်အမြတ်ရရေး သက်သက်အတွက် ဈေးကွက်ကို ကမောက်ကမဖြစ်အောင် လုပ်ခဲ့ရင် စတော့အရောင်းအဝယ် ကော်မရှင်ရဲ့ စဉ်းမျဉ်းဥပဒေပုဒ်မ ၁၀ ဘီ၊ ပုဒ်မခွဲ ၅ အရ ငွေကြေးလိမ်လည်မှုကို ကျူးလွန်ရာ ရောက်တယ်၊ ရို့စနော့စကီးကတော့ အမြတ်ရဖို့ကို လုံးဝမရည်ရွယ်ဘူး၊ ခင်ဗျားကို အနှောင့်အယှက် လုပ်ရရင် ပြီးရောဆိုတဲ့ သဘောလောက်ပဲ ရည်ရွယ်တယ်၊ ဒါပေမယ့် သူက ကုမ္ပဏီရဲ့ နောင်ရေးကို စိတ်မချလို့ စတော့တွေ ပုံရောင်းရပါတယ်လို့ အကြောင်းပြတော့ကော ဘယ်သူက ယုံနိုင်မှာလဲ၊ အဲဒီရှယ်ယာတွေပဲ ဈေးကျသွားတဲ့အခါမှာတော့ သူက အလုအယက်ပြန်ဝယ်တာက ဘာသဘောလဲ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဥပဒေကြောင်း အချက်အလက် အပြည့်အစုံပါတဲ့

အစီရင်ခံစာတစ်စောင် ခင်ဗျားဆီ ကျွန်တော် မနက်ဖြန် ထပ်ပြီး တင်ပြပါ့မယ်"

"ကျေးဇူးပါပဲ မစ္စတာကိုဟင်"

ဝီလျံက သတင်းကောင်းအတွက် တော်တော်ဝမ်းသာသွားမိသည်။

နောက်တစ်နေ့မနက်ကျတော့ သူ့စားပွဲတွင် မစ္စတာကိုဟင်၏ အစီရင်ခံစာ အဆင်သင့် ရောက်နေသည်။

ဝီလျံက အစီရင်ခံစာကို စေ့စေ့စပ်စပ် ဖတ်ပြီးတော့ အရေးပေါ် ဘုတ်အဖွဲ့အစည်းအဝေး ခေါ်လိုက် သည်။

ဘုတ်အဖွဲ့ဝင်အားလုံးကပင် ဝီလျံတင်ပြသော အဆိုကို သဘောတူကြသည်။

သို့ဖြစ်၍ ရှေ့နေမစ္စတာကိုဟင်အား ကြေငြာချက်တစ်စောင် အရေးခိုင်းပြီး ညနေဘက် တွင် စာနယ်ဇင်းများသို့ ထုတ်ပြန်လိုက်သည်။

နောက်တစ်နေ့မနက်တွင် 'ဝေါစထရိဂျာနယ်' သတင်းစာကြီးက အဆိုပါ ကြေငြာချက်ကို မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြသည်။

လက်စတာဘဏ်၏ အထောက်အပံ့ခံ ကုမ္ပဏီတစ်ခုဖြစ်သော 'အင်တာစတိတ်' လေကြောင်းကုမ္ပဏီ၏ ရှယ်ယာအချို့ကို ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလအတွင်း 'ကျိန်း သေပေါက် ရင်းနှီးမြှုပ်နှံရေး ကော်ပိုရေးရှင်း' က စတော့ဈေးကွက်သို့ ချရောင်းခြင်းမှာ တရားမဝင်သော နည်းလမ်းဖြင့် အမြတ်ရလိုသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်သည် ဟု လက်စတာဘဏ်၏ ဥက္ကဋ္ဌဖြစ်သူ မစ္စတာဝီလျံကိန်းက လေးနက်စွာ ယုံကြည်ပါသည်။

"ကျိန်းသေပေါက် ကော်ပိုရေးရှင်း' သည် ၁၉၅၂ ခုနှစ်၊ မေလ ၁၂ ရက်နေ့နှင့် ၁၃ ရက်နေ့များတွင် သုံးကြိမ်တိတိ ဒေါ်လာသုံးသန်းတန် ရှယ်ယာများကို ရောင်းချခဲ့ပါ သည်။ ယင်းလုပ်ရပ်ကြောင့် စတော့ဈေးကွက်တွင် ရှယ်ယာဈေးများ ကျဆင်းခဲ့ရပါ သည်။

စတော့ရောင်းဝယ်ရေး ကော်မရှင်က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် လက်စတာဘဏ်နှင့် အင်တာစတိတ် ကုမ္ပဏီများသည် မတရားသောနည်းလမ်းဖြင့် စီးပွားရေးလုပ်ဆောင်ခြင်း လုံးဝမရှိကြောင်း ကြေငြာချက်အတိအလင်း ထုတ်ပြန်ခဲ့ပါ သည်။

ယင်းနောက်ပိုင်းတွင် စတော့ဈေးကွက်၌ ဈေးနှုန်းများ အဆမတန် လျော့ကျခဲ့ ပါသည်။ ဤသည်ကို အခွင့်ကောင်းယူကာ 'ကျိန်းသေပေါက် ကော်ပိုရေးရှင်း'က ရှယ် ယာများကို အနိမ့်ဆုံးဈေးဖြင့် အငမ်းမရ လိုက်လံဝယ်ယူခဲ့ပါသည်။

ထို့ကြောင့် 'ကျိန်းသေပေါက် ကော်ပိုရေးရှင်း' အား တရားမဝင်သောနည်းဖြင့် ငွေကြေးလိမ်လည်မှုအတွက် အရေးယူနိုင်ရန် စတော့ ရောင်းဝယ်ရေး ကော်မရှင်၏ ငွေကြေးလိမ်လည်မှုဌာနသို့ လက်စတာဘဏ်အုပ်ချုပ်ရေးအဖွဲ့က တိုင်ကြားလိုက်ပြီဖြစ် ပါသည်

◇ ◇ ◇

အထက်ပါ ကြေငြာချက်နှင့်အတူ သတင်းအချက်အလက်အပြည့်အစုံကိုလည်း သတင်းစာက ဆက်လက်ဖော်ပြသည်။ ဤအမှုသည် သမ္မတထရူးမင်းအတွက် အစမ်းသပ်ခံမှု တစ်ခုဖြစ်သည်ဟုလည်း သတင်းစာက ရေးသားလိုက်သည်။ အဆိုပါသတင်းနှင့်အတူ ကာတွန်းပုံတစ်ခုလည်းပါလာသည်။ ကာတွန်းမှာ စီးပွားရေးသမားတစ်ဦးအား သမ္မတထရူးမင်းက သကြားလုံးပုလင်းထဲတွင် လက်နှင့် လိုက်ဖမ်းနေပုံဖြစ်သည်။

ကာတွန်းကိုကြည့်ပြီး ဝီလျံက ကျေနပ်စွာပြုံးလိုက်သည်။ သည်တစ်ကြိမ်တော့ အေဘယ်ရို့စနော့စကီးအတွက် ထွက်ပေါက်ပိတ်ပြီဟုလည်း တွေးလိုက်မိသည်။

✧ ✧ ✧

ဟင်နရီအော့စဘွန်းက သတင်းစာကို ဖတ်ပြနေစဉ် အေဘယ်ရို့စနော့စကီးက မျက်မှောင်ကြုတ်လိုက်သည်။

သူက စားပွဲကို လက်ချောင်းများဖြင့် ပုတ်နေရာမှ မျက်နှာ မော်ကြည့်လိုက်သည်။

"ဝါရှင်တန်က အစိုးရအရာရှိတွေကတော့ ဒီကိစ္စကို အပြတ်ကိုင်ဖို့ လုပ်နေကြပြီ" အော့စဘွန်းကပြောသည်။

"ဒါပေမယ့် ကျွန်တော်က ဈေးကွက်ပျက်အောင်လို့ အင်တာစတိတ် ရှယ်ယာတွေရောင်းတာမဟုတ်ပါဘူး၊ အဲဒီကရတဲ့ အမြတ်ကိုလဲ ကျွန်တော်က လုံးဝ စိတ်မဝင်စားပါဘူး" အေဘယ်က ပြန်ပြောသည်။

"အဲဒါကို ကျုပ် သိပါတယ်၊ ဒါပေမယ့် ခင်ဗျားက အမြတ်လိုချင်လို့လုပ်တာ မဟုတ်ပါဘူး၊ ဝီလျံကိန်းဆိုတဲ့လူကို ပုဂ္ဂိုလ်ရေးအရ တိုက်ချင်လို့ လုပ်တာပါဆိုတာကို အထက်လွှတ်တော်ဘဏ္ဍာရေးကော်မတီက လက်ခံလာအောင် အကြောင်းပြရလိမ့်မယ်၊ အဲဒါဆိုရင် သူတို့က ရယ်ပစ်လိုက်ပြီး ခင်ဗျားအမှုကို ပလပ်ပစ်လိုက်ကြမှာပဲ"

"အဲဒီတော့ အခု ကျွန်တော် ဘာကိုဆက်လုပ်ရမလဲ"

"လောလောဆယ်မှာ ခင်ဗျားက လက်စတာဘဏ်နဲ့ ပတ်သက်သမျှ ရှယ်ယာတွေကို လုံးဝမဝယ်ပါနဲ့တော့၊ သူတို့က ခင်ဗျားကို အလွန်ဆုံးဒဏ်ငွေခပ်များများ တပ်ရုံအပြင် မရှိပါဘူး၊ ကံကောင်းရင် အမှုကို လုံးဝပလပ်ပစ်ချင် ပစ်နိုင်သေးတယ်၊ နိုင်ငံရေးသမားတွေက ရွေးကောက်ပွဲကိစ္စနဲ့ သိပ်ပြီးအလုပ်ရှုပ်နေကြတယ်၊ ကျုပ်လဲ ဒီမိုကရက်တစ်ပါတီဝင်တွေကို ချဉ်းကပ်ကြည့်ပါဦးမယ်"

"အဲဒီတော့ သမ္မတထရူးမင်းရဲ့ ရုံးအဖွဲ့ကို ပြောလိုက်ပါ၊ သူရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ကျုပ်က ဒေါ်လာ ငါးသောင်းပေးခဲ့တယ်လို့၊ ကျွန်တော်က အက်ဒလိုင်စတီဗင်ဆင်အတွက်လဲ ကူညီဖို့ ရည်ရွယ်ထားသေးတယ်"

"အဲဒါကောင်းတယ်၊ ရီပတ်ပလီကန်ပါတီကိုလဲ ငါးသောင်းလောက်လှူလိုက်ပါဦး"

✣

(၃၀)

အေဘယ်ရို့စနော့စကီးသည် လက်စတာဘာဏ်နှင့် ပတ်သက်သော မည်သည့်ကုမ္ပဏီများ၏ ရှယ်ယာများကိုမျှ လုံးဝ အရောင်းအဝယ်မလုပ်တော့ကြောင်း ရှေ့နေ သာဒီးယပ်ကိုဟင်၏ အစီရင်ခံစာက ဖော်ပြသည်။

အေဘယ်သည် ယခုအချိန်တွင် ဥရောပနိုင်ငံများ၌ ဟိုတယ်များ တိုးချဲ့ဖွင့်လှစ်ရေးကိုသာ သဲသဲမဲမဲ အာရုံစိုက်လျက်ရှိသည်။ သူသည် စတော့ ရောင်းဝယ်ရေးကော်မရှင်က ဆုံးဖြတ်ချက် တစ်စုံတရာမချမီအထိ အခြေအနေကို စောင့်ကြည့်နေခြင်းဖြစ်သည်ဟု ကိုဟင်က တင်ပြသည်။

စတော့ ရောင်းဝယ်ရေးကော်မရှင်မှ ကိုယ်စားလှယ်များသည် ဝီလျံ၏ ရုံးသို့ အကြိမ်များစွာ လာရောက်စစ်ဆေးကြသည်။ ဝီလျံကလည်း အမှန်အတိုင်းပင် ပြောပြသည်။ သို့သော် သူတို့၏ စုံစမ်းမှုအခြေအနေ ဘယ်အတိုင်းအတာအထိ ခရီးရောက်နေပြီဆိုသည်ကိုမူ ဝီလျံအား လုံးဝမပြောပြကြ။

နောက်ဆုံး စုံစမ်းစစ်ဆေးမှုလုပ်ငန်း ပြီးသွားသည်။ သူတို့က ဝီလျံ၏ ပူးပေါင်းကူညီမှုအတွက် အထူးကျေးဇူးတင်ကြောင်း ပြောသွားကြသည်။ သို့သော် နောက်ထပ် ဘာသတင်းမျှ တော့မကြားရတော့။

သမ္မတ ရွေးကောက်ပွဲလည်း တစ်နေ့ထက် တစ်နေ့ နီးကပ်လာခဲ့ပြီ။ သည်လိုနှင့် အေဘယ်ရို့စနော့စကီးသည် မြားချိတ်မှ လွတ်ထွက်သွားမည်ကို ဝီလျံက စိုးရိမ်မိသည်။ အော့စဘွန်းက လွှတ်တော်တွင် အဆက်အသွယ်ရှိသည်။ နိုင်ငံရေးသမားတွေနှင့် ပေါင်းပြီး အမှုမှလွတ်အောင် ကြိုးစားနိုင်သည်။

ထရူးမင်း ရွေးကောက်ပွဲရန်ပုံငွေအတွက် နယ်စားကုမ္ပဏီက ငွေငါးသောင်း ထည့်ဝင်ခဲ့ ကြောင်းကိုလည်း ကိုဟင်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့ပြင် အေဘယ်ရို့စနော့စကီး

သည် အက်ဒလိုင်စတီဗင်ဆင်နှင့် အိုက်ဆင်ဟောင်ဝါတို့အတွက်လည်း ငါးသောင်းစီထည့်ဝင်ခဲ့ကြောင်း တွေ့ရပြန်သည်။ သူက လေ့နန့်နှစ်ဖက်နင်းနေခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် ဘယ်သူနိုင်နိုင် သူ့အတွက်တော့ အကျိုးရှိသည်ချည်းပင် ဖြစ်သည်။

ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါသည် ၁၉၅၂ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ၃၄ ဆက်မြောက် အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံရသည်။

သည်အတိုင်းဆိုလျှင် အေဘယ်ရီ့စနော့စကီးတော့ အမှုက ကွင်းလုံးကျွတ်လွတ်ပြီဟု ဝီလျံက တွက်ထားသည်။ သို့သော် ဟင်နရီအော့စဘွန်းက သည်အပတ်တွင် လွှတ်တော်အမတ်ရာထူးမှ ပြုတ်သွားသဖြင့် တော်သေးသည်။ ထို့ကြောင့် အော့စဘွန်းသည် ယခင်ကလို အေဘယ်ရီ့စနော့စကီးအပေါ်တွင် လွှမ်းမိုး၍ ရနိုင်မည်မဟုတ်တော့ဟု ယူဆသည်။ အော့စဘွန်းသည် သူ၏ ချမ်းသာသော ဇနီးကို ကွာရှင်းပြီးနောက် သဲသဲမဲမဲ လောင်းကစားနေသဖြင့် အေဘယ်ရီ့စနော့စကီးထံတွင် အကြွေးတွေ အများကြီးတင်နေသည်ဟုလည်း သတင်းထွက်နေသည်။

ဝီလျံအနေဖြင့် မျှော်လင့်ချက်ရောင်ခြည်များ သန်းလာခဲ့ပြီ။ အနာဂတ်ကာလသည် အတိတ်ကာလထက် ကောင်းလာလိမ့်မည်ဟု သူက ယုံကြည်ထားသည်။ သမ္မတသစ် အိုက်ဆင်ဟောင်ဝါသည် သူ၏သမ္မတရာထူး လက်ခံသည့်နေ့က မိန့်ကြားသော မိန့်ခွန်းပါ ကတိအတိုင်း တိုင်းပြည်၏ အနာဂတ်စီးပွားရေးကို သည်ထက်သည် ကောင်းလာအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်မိသည်။

သည်လိုနှင့် အချိန်တွေကုန်သွားခဲ့သည်။ ဝီလျံက အေဘယ်ရီ့စနော့စကီးအကြောင်းကို တွေးပင်မတွေးမိတော့။ သူသည် လက်စတာဘဏ်၏ စီးပွားရေးနှင့် ဂုဏ်သိက္ခာ တိုးတက်ရေးအတွက်သာ ဖိသွန်ကြိုးစားလျက်ရှိသည်။ ယင်းသို့ ကြိုးစားနေခြင်းမှာ တစ်နည်းအားဖြင့် မျိုးဆက်တာဝန်ကိုဆက်ခံမည့် သားတော်မောင် ရစ်ချတ်ကိန်းအတွက် အခြေခိုင်ခိုင် အုတ်မြစ်ချနေခြင်းလည်း ဖြစ်သည်။

ရစ်ချတ်သည် မကြာမီတွင် အသက် ၂၁ နှစ်တင်းတင်းပြည့်တော့မည်။

ဝီလျံက သူ၏ သေတမ်းစာကို ပြန်လည် ဖြည့်စွက်သည်။ ဇနီးသည် ကိတ်အတွက် ဒေါ်လာ ငါးသန်း၊ သမီးနှစ်ယောက်အတွက် ဒေါ်လာနှစ်သန်းစီနှင့် ကျန်မိသားစုပိုင် ငွေကြေးအားလုံးကို သားကြီးရစ်ချတ်အား ပေးထားသည်။ ဟားဗတ်တက္ကသိုလ်အတွက်လည်း ဒေါ်လာတစ်သန်းလှူဒါန်းထားသည်။

ယခုအခါ ရစ်ချတ်သည် ဟားဗတ်တက္ကသိုလ်တွင် နောက်ဆုံးနှစ်ရောက်နေပြီ၊ ရစ်ချတ်က စာမှာလည်း တော်သည်။ စကောလားရှစ် မရတောင်မှ အဆင့်မြင့်မြင့်နှင့်အောင်ရန် သေချာသည်။ ပြီးတော့ သူက တက္ကသိုလ်တီးဝိုင်းတွင် တယောထိုးလည်း နာမည်ကြီးသည်။ တက္ကသိုလ်အားကစားအသင်းတွင် ဘော့စ်ဘော ချန်ပီယံတစ်ယောက်လည်း ဖြစ်သည်။

နောက်ဆုံးနှစ်သည် မကြာမီ ကုန်လွန်သွားခဲ့သည်။ ရစ်ချတ်သည် ဟားဗတ်တက္ကသိုလ်မှ သင်္ချာအဓိက ဝိဇ္ဇာဘွဲ့ဖြင့် ကျောင်းပြီးခဲ့သည်။

ထို့နောက် သူသည် မေရီဘစ်ချလိုး ဆိုသူ မိန်းကလေးနှင့်အတူ ဘာဘာဒိုးစ်သို့ အပန်းဖြေခရီး ထွက်သွားသည်။ သူတို့နှစ်ယောက်တွဲနေတာ တော်တော်ကြာပြီ။ မိန်းကလေးက ကျောင်းမပြီးသေး၊ ဂီတပညာကို အဓိကယူထားသည်။ ဝီလျံက သူမကို သဘောကျသည်။ တစ်မိုးလူလည်းမဟုတ်၊ အလန်လွိုက်၏ မြေးဖြစ်နေသည်။

ရစ်ချတ်သည် ၁၉၅၅ ခုနှစ် အောက်တိုဘာလတွင် ဟားဗတ်တက္ကသိုလ် စီးပွားကုန်သွယ်ရေး ကျောင်းသို့ပြန်တက်သည်။ သူက ကျောင်းအိပ်ကျောင်းစားမနေဘဲ အိမ်မှပင် တက်သည်။ အိမ်ကိုလည်း သူ့စိတ်ကြိုက် အလှဆင်သည်။

ယခင် သူ့ဖေဖေ ဝယ်ထားသော ကြိမ်ကုလားထိုင်နှင့် စားပွဲများကို ထုတ်ပစ်လိုက်ပြီး ဝက်သစ်ချသား စားပွဲကုလားထိုင်များ ဝယ်ယူထားရှိသည်။ အိမ်ခန်းများတွင်လည်း ခန်းလုံးပြည့် ကော်ဇော်ကြီးများ ဖြန့်ခင်းသည်။ စားသောက်ခန်းကို လိုလေသေးမရှိ ပြင်ဆင်သည်။ မီးဖိုခန်းတွင် ပန်းကန်ဆေးစက် တပ်ဆင်သည်။

ကျောင်းအားရက်များတွင် မစ္စဘစ်ချလိုးကို အိမ်ခေါ်လာတတ်သည်။

မိဘနှစ်ပါးကလည်း သူတို့သားကြီးကို ပျော်သလိုသာ နေပါစေဆိုပြီး အဆီးအတားမရှိ လွှတ်ပေးထားတော့သည်။

✣

(၃၁)

အေဘယ်သည် ၁၉၅၂ ခုနှစ်၊ အောက်တိုဘာဘာလတွင် အီစတန်ဘူးမြို့သို့ ခရီးထွက်ခဲ့ရာမှ ပြန်ရောက်လာသည်။ ဒေးဗစ်မက်တွန် နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း ခရီးရောက်မဆိုက်ပင် သိရှိရတော့သည်။ ကျေးဇူးရှင်ကြီး ရုတ်တရက် ကွယ်လွန်သွားခြင်းအတွက် အေဘယ်သည် အထူးပင် စိတ်မကောင်းဖြစ်မိရလေသည်။

သူသည် ရှီကာဂိုမြို့တွင် ပြုလုပ်သော အသုဘအခမ်းအနားသို့ ဂျော့၊ ဖလော်ရင်တီနာတို့နှင့် အတူ တက်ရောက်သည်။ မစ္စက်မက်တွန်အား မည်သည့် နိုင်ငံရှိ နယ်စားဟိုတယ်တွင်မဆို အထူးဧည့်သည်တော်အဖြစ်ဖြင့် တစ်သက်လုံးနေလိုပါက နေနိုင်ကြောင်း အေဘယ်က ပြောသည်။ အေဘယ်အနေဖြင့် ဤမျှရက်ရောလှသော ကူညီမှုမျိုး အဘယ်ကြောင့် ပေးလိုကြောင်း မစ္စမက်တွန်က နားမလည်နိုင်အောင်ပင် ဖြစ်ရသည်။

အေဘယ်သည် နောက်တစ်နေ့တွင် နယူးယောက်သို့ ပြန်လာခဲ့သည်။ သူ၏ ၄၂ ထပ်မှ ရုံးခန်းစားပွဲပေါ်တွင် ဟင်နရီအော့စဘွန်းထံမှ အစီရင်ခံစာတစ်စောင် အဆင်သင့် ရောက်ရှိနေသည်ကို တွေ့ရသည်။ ယခုအချိန်တွင် စတော့ဈေးကွက် အခြေအနေတည်ငြိမ်မှုရှိလာခဲ့သည်မှာ တစ်နှစ်ကျော်ခန့် ကြာလာခဲ့ပြီဖြစ်၍ အိုက်ဆင်ဟောင်ဝါအစိုးရအဖွဲ့က အင်တာစတိတ်ကုမ္ပဏီ၏ ဓာတ်ရှုပ်ကို အရေးယူစုံစမ်းစစ်ဆေးမှုပြုလုပ်ရန် စိတ်ဝင်စားမှုရှိပုံမပေါ်တော့ကြောင်း၊ ထို့ကြောင့် ယင်းပြဿနာမှာ ဤမျှနှင့်ပင် ပြီးပြတ်သွားပြီဟု ယူဆရကြောင်း အော့စဘွန်းက အစီရင်ခံစာတွင် တင်ပြထားသည်။ အိုက်ဆင်ဟောင်ဝါ၏ ဒုတိယသမ္မတ ရစ်ချတ်နစ်ကဆင်မှာလည်း ဂျိုးဇက်မက္ကာသီ မကိုင်နိုင်ခဲ့သော ကွန်မြူနစ်ပြဿနာကို လိုက်ရင်းနှင့်ပင် အလုပ်ရှုပ်နေဟန်တူသည်။

အေဘယ်သည် နောက်နှစ်နှစ်အတွင်း ဥရောပတစ်ခွင့်သို့ လှည့်လည်ကာ နယ်စားဟိုတယ်

များ တည်ဆောက်ရင်းဖြင့်သာ မအားလပ်နိုင်အောင် ရှိနေခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ပါရီ နယ်စား ဟိုတယ်ကိုလည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် လန်ဒန်နယ်စား ဟိုတယ်ကိုလည်းကောင်း အသီးသီးဖွင့်လှစ်ခဲ့သည်။ ဘရပ်ဆဲ(ဘယ်လဂျီယံ)၊ ရောမ (အီတလီ)၊ အမ်စတာဒမ် (နယ်သာလန်)၊ ဂျီနီဗာ (ဆွစ်ဇာလန်)၊ ဘွန်း (ဂျာမနီ)၊ အီဒင်ဘာရာ (အင်္ဂလန်)၊ ကိန်း (ပြင်သစ်) နှင့် စတော့ဟုမ်း (ဆွီဒင်) စသော မြို့များတွင်လည်း ၁၀ နှစ်တာ တိုးချဲ့ရေးစီမံကိန်းအရ နယ်စားဟိုတယ်များ ဖွင့်လှစ်နိုင်ရေးအတွက် ဆောက်လုပ်ဆဲ၊ ဆောက်လုပ်လတ္တံ့ အခြေအနေတွင် ရှိနေကြသည်။

ထို့ကြောင့်လည်း သူသည် ဝီလျံကိန်းအကြောင်းကို မစဉ်းစားနိုင်လောက်အောင် အလုပ်များ လျက်ရှိသည်။ လက်စတာဘဏ်နှင့် ယင်း၏ လက်အောက်ခံကုမ္ပဏီများတွင် နောက်ထပ် ရှယ်ယာများ ဝယ်ယူရန်လည်း လုံးဝမကြိုးစား၊ သို့သော် တစ်နေ့တွင် ဝီလျံကိန်းအား နာလန် မထူနိုင်အောင် အလဲထိုးနိုင်မည့် အခွင့်အရေးရရှိရေးအတွက် ယခင် ဝယ်ယူပြီး ရှယ်ယာများကို တော့ဆက်လက်ထိန်းထားဆဲပင်ဖြစ်သည်။ နောက်တစ်ကြိမ်ဆိုလျှင်တော့ ဥပဒေနှင့် မလွတ်မကင်း မဖြစ်အောင် ပိပိရိရိ လုပ်ရမည်ဟု အေဘယ်က ဆုံးဖြတ်ထားသည်။

အေဘယ်သည် နိုင်ငံခြားသို့ ခရီးထွက်နေသော အချိန်များတွင် နယ်စားကုမ္ပဏီ၏ လုပ်ငန်းအရပ်ရပ်ကို ဂျော့ကပင် တာဝန်ယူကြီးကြပ်အုပ်ချုပ်သည်။ ၁၉၅၅ ခုနှစ် ဇူလိုင်လတွင် ဖလော်ရင်တီနာ တက္ကသိုလ်မှ ပြန်ရောက်လာသောအခါ အုပ်ချုပ်ရေးအဖွဲ့တွင် ခန့်ထားရန် အေဘယ်က ရည်ရွယ်ထားသည်။ နယ်စားဟိုတယ်များ၌ ဖွင့်လှစ်ထားသော အရောင်းဆိုင်များကို ဖလော်ရင်တီနာအား တာဝန်ယူကြီးကြပ်စေပြီး လုပ်ငန်းစုကြီးတစ်ရပ်ဖြစ်လာအောင် လုပ်ရမည်ဟု ရည်မှန်းထားသည်။

ဖလော်ရင်တီနာက သူမ၏ အနာဂတ် တိုးတက်လမ်းကို တွေးမိပြီး အလွန်ဝမ်းသာလာ သည်။ သို့ပေမယ့် သူမသည် ဖခင်ကြီး၏ ကုမ္ပဏီတွင် ဝင်ရောက်မလုပ်ကိုင်မီ အပြင်လုပ်ငန်း တစ်ခုခုတွင် ခေတ္တဝင်ရောက်၍ အတွေ့အကြုံယူချင်သေးသည်ဟု ဖခင်ကြီးကို ပြောပြသည်။

အေဘယ်က ဆွစ်ဇာလန်နိုင်ငံ၊ လိုစန်းမြို့မှ နာမည်ကျော် ဟိုတယ်လုပ်ငန်း အတတ် သင် သိပ္ပံကျောင်းသို့ သွားပြီး မူစီယာမောရစ်လက်အောက်တွင် သင်တန်းသွားတက်ရန် အကြံ ပေးသည်။ သို့သော် ဖလော်ရင်တီနာက ဖခင်ကြီး၏အကြံကို လက်မခံ။ သူမဆန္ဒက နယူး ယောက်မြို့မှ ကုန်ပဒေသာတိုက်တစ်ခုခုတွင် နှစ်နှစ်ခန့် ဝင်ရောက်လုပ်ကိုင်ပြီး အတွေ့အကြုံ ယူချင်သည်။

"နယူးယောက်မြို့ထဲက ကုန်တိုက်တစ်ခုခုမှာ လုပ်ချင်တယ်ဟုတ်လား၊ ဒါကလွယ်ပါတယ်၊ တီဖန်နီကုန်ပဒေသာတိုက်မှာ လုပ်ရင် ရတာပေါ့၊ ဖေဖေ ဝေါလတာဟိုးဗင်းဆီ ဖုန်းလှမ်းဆက်လိုက် မယ်၊ အဲဒီမှာ လက်ထောက်မန်နေဂျာ အဆင့်လောက်က ဝင်လုပ်ရင် ဖြစ်ပါတယ်"

"ဟင့်အင်း အဲဒီအဆင့်အထိ သမီးတက်မလုပ်ချင်ဘူး ဖေဖေ၊ အောက်ဆုံးကပဲ စလုပ် ချင်တယ်၊ ပလာဇာဟိုတယ်က လက်ထောက်စားပွဲထိုးအဆင့်လောက် ဆိုပါတော့"

"ကုန်ပဒေသာတိုက်က အရောင်းစာရေးမ အဆင့်လား"

အေဘယ်က ပြောပြီး ရယ်နေသည်။

"ဟုတ်ပါတယ်၊ သမီးက အဲဒီအဆင့်လောက်ကပဲ စပြီးလုပ်ချင်ပါတယ်"

"သမီး တကယ်ပြောနေတာလား၊ ရက်ကလစ်တက္ကသိုလ်ကလဲ ဘွဲ့ရထာပြီ၊ ဥရောပတစ်ခွင် ခရီးထွက်ပြီး လေ့လာမှုအတွေ့အကြုံတွေကလဲ ရှိနေပြီ၊ အဲဒီလို မိန်းကလေးတစ်ယောက်က အညတရ အရောင်းစာရေးမကလေးပဲ ဝင်လုပ်ချင်တယ်ပေါ့ ဟုတ်လား"

"ဖေဖေလဲပဲ ပလာဇာဟိုတယ်မှာ အညတရ စားပွဲထိုးကလေးဝင်လုပ်ခဲ့တယ် မဟုတ်လား၊ အဲဒီလိုလုပ်ခဲ့တာဟာ တစ်နေ့မှာ ကမ္ဘာကျော်ဟိုတယ်လုပ်ငန်းကြီးတစ်ခုကို အောင်အောင်မြင်မြင် ထူထောင်တဲ့နေရာမှာ အဟန့်အတားမဖြစ်ခဲ့ပါဘူး ဖေဖေ"

"အင်း ငါကတော့ ခံလိုက်ရပြီ" ဟု အေဘယ်က တွေးလိုက်မိသည်။ သူက သမီး ဖြစ်သူ၏မျက်နှာကို စိုက်ကြည့်နေသည်။ သူမကို ဘယ်လိုပြောလို့မှ ရတော့မည်မဟုတ်ဆိုသည် ကို သူ၏ မျက်နှာအမူအရာက ဖော်ပြနေသည်။

ဖလော်ရင်တီနာ ရက်ကလစ်တက္ကသိုလ်မှ ဘွဲ့ယူပြီးသောအခါ ဖခင်ကြီးနှင့်အတူ ဥရောပ သို့ ဒုတိယအကြိမ် လေ့လာရေးခရီးတွက်ရပြန်သည်။ အသစ်ဖွင့်စ နယ်စားဟိုတယ်များ၏ လုပ်ငန်းတိုးတက်မှုကို လေ့လာကြသည်။ ဘယ်လ်ဂျီယံနိုင်ငံတွင် 'ဘရပ်ဆဲနယ်စားဟိုတယ်" ကို ဖလော်ရင်တီနာကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သည်။ ယင်းဟိုတယ်မှ ပြင်သစ်စကားပြောသော လူငယ်အုပ်ချုပ်ရေးမှူးကလေး မြင်တော့ ဖလော်ရင်တီနာက စွဲချစ်မိသည်။ အေဘယ် သိသွား သောအခါ 'ကြက်သွန်ဖြူစော်နံပါတယ် သမီးရယ်' ဟု ပြောပြီး ဟန့်တားသည်။ နောက်သုံးရက် ကြာတော့ ချစ်သူနှစ်ယောက် ပွေ့ဖက်နမ်းရှုပ်သည့် အဆင့်သို့ ရောက်သည်။ ထိုနေ့တွင်ပင် ဖလော်ရင်တီနာက အဆိုပါလူငယ်ကို လုံးဝကျောခိုင်းလိုက်သည်။ သို့သော် အဓိကအကြောင်းရင်း သည် ကြက်သွန်ဖြူစော်နံသောကြောင့် ဖြစ်သည်ဆိုတာကိုတော့ သူမဖခင်ကြီးအား ဘယ်တော့မှ ဖွင့်ဟဝန်ခံခြင်းမပြုခဲ့။

နယူးယောက်သို့ ပြန်ရောက်ပြီး ရက်ပိုင်းအတွင်းမှာပင် ဖလော်ရင်တီနာက ဘလူမင် ကုန်ပဒေသာတိုက်တွင် အကူအရောင်းစာရေးမတစ်နေရာ လျှောက်ထားလိုက်သည်။ လျှောက် လွှာတွင် သူမ၏အမည်ကို ဂျက်စီကိုဗက်ဟု ရေးထည့်လိုက်သည်။ သူမသည် နယ်စားဟိုတယ် လုပ်ငန်းပိုင်ရှင်ကြီး၏ သမီးဖြစ်ကြောင်း ကုန်တိုက်မှလူတွေ သိကုန်လျှင် အလုပ်ကို ပယ်ပယ်နယ်နယ် ခိုင်းရဲကြတော့မည်မဟုတ်ဟု ယူဆသောကြောင့်ဖြစ်သည်။

ထို့နောက်တွင် သူမသည် နယ်စားဟိုတယ်မှ အခန်းကြီးတွင်မနေဘဲ အပြင်တွင် သီးသန့် အခန်းတစ်ခန်း ငှားနေလိုကြောင်း ဖခင်ကြီးအား ပြောပြသည်။ ဖခင်ကြီးက အတန်တန် တားသော်လည်း သမီးဖြစ်သူက လုံးဝလက်မလျှော့။ သည်တစ်ကြိမ်တွင်လည်း အေဘယ်က သမီးဖြစ်သူအား အရှုံးပေးရပြန်သည်။ သို့ဖြင့် ၅၇ လမ်းပေါ်မှ ခပ်ငယ်ငယ် အကောင်းစားအခန်း တစ်ခန်းကို ဖလော်ရင်တီနာ ၂၂ နှစ်မြောက် မွေးနေ့လက်ဆောင်အဖြစ် ငှားပေးရပြန်သည်။

လျှောက်လွှာတင်ပြီး နှစ်ပတ်ခန့်အကြာတွင် အလုပ်ခန့်စာရသည်။ သို့သော် သူမ၏ အသိမိတ်ဆွေများအား လုံးဝအသိမပေး။ သူတို့သိသွားလျှင် သူမ အလုပ်တိုက်သို့ လာကြမည်။ ယင်းသို့ဆိုလျှင် ကုန်တိုက်မှလူတွေ သိကုန်တော့မည်။ သူမအား ကုန်တိုက်မှ လူတွေက သာမန် အရောင်းစာရေးမကလေးတစ်ယောက်လို ဆက်ဆံတာကိုသာ သူမလိုချင်သည်။

သူမ နေ့စဉ် အပြင်ထွက်သွားတာမြင်တော့ အသိမိတ်ဆွေတွေက မေးကြမြန်းကြသည်။ နယ်စားပုံတယ်က အရောင်းဆိုင်ကို သွားကြီးကြပ်နေတာပါဟု သူမက ခပ်ပေါ့ပေါ့ပင် ပြန်ဖြေလိုက်သည်။ သူတို့က ဘာမှ ပြန်မမေးကြတော့။

သူမသည် ဂျက်စီကိုဗက်ဟူသော နာမည်သစ်ကို မနည်းကြီး သတိနှင့်ပြောနေရသည်၊ သတိလွတ်သွားပြီး နာမည်ရင်းကို ပြောမိ၊ ရေးမိတော့မလို မကြာခဏ ကြုံရသည်။

သူမသည် ကုန်တိုက်တွင် အလှကုန်ကောင်တာတွင် တာဝန်ကျသည်။ နောက် နှစ်နှစ်ဆိုလျှင် သူမကိုယ်တိုင် အလှကုန်ဆိုင်တွေကို ကြီးကြပ်အုပ်ချုပ်ရတော့မည်။

ဘလူမင်ဒယ် ကုန်တိုက်တွင် အရောင်းစာရေးမများကို နှစ်ယောက်တစ်တွဲစီ တာဝန်ချပေးထားသည်။ ဖလော်ရင်တီနာနှင့်တွဲ၍ တာဝန်ကျသော မိန်းကလေးနာမည်က မယ်စီ၊ မယ်စီက ရုပ်ရည်ချောမောသော်လည်း ထက်ထက်မြက်မြက်တော့ မရှိ။ အပျင်းကလည်း အလွန်ထူသည်။ လောကတွင် သူမစိတ်ဝင်စားတာ နှစ်ခုသာရှိသည်။ ပထမတစ်ခုက ညနေ ခြောက်နာရီထိုးသံ။ နောက်တစ်ခုကတော့ ဆန့်ကျင်ဘက် လိင်ပိုင်ရှင်ဖို သတ္တဝါ။ ပထမအချက်က တစ်နေ့တွင် တစ်ကြိမ်သာ ကြုံရသည်။ နောက်တစ်ချက်ကတော့ တစ်ချိန်လုံးမှာ ကြုံရသည်။

ဖလော်ရင်တီနာနှင့် မယ်စီတို့သည် မကြာခင်မှာပင် ရင်းနှီးခင်မင်သွားကြသည်။ မယ်စီက လုပ်သက်ရင့်နေသူဖြစ်၍ အတွေ့အကြုံရှိသည်။ ဖလော်ရင်တီနာသည် မယ်စီထံမှ ပညာတွေ တော်တော်ရသည်။ မန်နေဂျာမသိအောင် အလုပ်ခိုနည်းနှင့် ယောကျ်ားကလေး တွဲဖော်ရှာနည်းကိုလည်း မယ်စီကပင် သင်ပေးသည်။

အလှကုန်ကောင်တာတွင် ဖလော်ရင်တီနာက အရောင်းတာဝန်ယူပြီး မယ်စီက ပစ္စည်းအခင်းအကျင်းတာဝန်ယူသည်။ ပထမခြောက်လ ကုန်ဆုံး၍ စာရင်းပိတ်သောအခါ အမြတ်ငွေတော်တော်ရသည်။ မယ်စီက လက်လည်း ခြေသည်းဆိုးရာတွင်ပင် အနည်းဆုံး နှစ်နာရီလောက် ကြာတတ်သည်။ သို့သော် ဖလော်ရင်တီနာက မတွက်မကပ်ပဲ ခွင့်လွှတ်သည်။ ဖလော်ရင်တီနာမှာ ပင်ကိုယ်ကပင် ဈေးရောင်းဝါသနာပါလာသူဖြစ်၍ ဝယ်သူများ၏ ကျေနပ်မှုကို အမြဲတမ်းရသည်။ ထို့ကြောင့် အရာင်းတွင်ကျယ်ပြီး အထက်လူကြီးများက သူမကို အလွန်သဘောကျသည်။

နောက်ပိုင်းတွင် ဖလော်ရင်တီနာနှင့် မယ်စီတို့ သည် အဝတ်အစားကောင်တာ၊ စာရေးကိရိယာကောင်တာ စသည်တို့တွင် ရွှေ့ပြောင်းတာဝန်ထမ်းကြရသည်။ သူတို့နှစ်ယောက်သည် စရိုက်ချင်း တခြားစီဖြစ်သော်လည်း တစ်ယောက်အပေါ် တစ်ယောက်နားလည်ခွင့်လွှတ်ကြသည်။ ခြောက်လပတ် စာရင်းချုပ်သောအခါ သူတို့ကောင်တာမှ အမြတ်ငွေသည် တစ်ကြိမ်ထက် တစ်ကြိမ် တိုးတက်လာသည်ချည်းပင် ဖြစ်သည်။

အေဘာယ်က ဂျော့အား ကုန်တိုက်သို့ လွှတ်ပြီး သမီးဖြစ်သူ၏ အခြေအနေကို လေ့လာခိုင်းသည်။ အခြေအနေအလွန်ကောင်းကြောင်း သိရသောအခါ အေဘာယ်က သမီးဖြစ်သူအတွက် အလွန်ဂုဏ်ယူမိသည်။ ကုန်တိုက်တွင် နှစ်နှစ် သင်တန်းပြီးဆုံးသောအခါ မိမိတို့ကုမ္ပဏီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်ပြီး နယ်စားဟိုတယ်များမှ စတိုးဆိုင်များကို ကြီးကြပ်အုပ်ချုပ်စေရန် ရည်ရွယ်ထားသည်။

✧ ✧ ✧

ဒုတိယနှစ် ခြောက်လပတ်တွင် ဖလော်ရင်တီနာသည် လက်ထောက်ကြီးကြပ်ရေးမှူးအဖြစ်ဖြင့် ကောင်တာခြောက်ခုကို တာဝန်ယူနေရပြီ။ သူမသည် လက်ကျန်ပစ္စည်းစစ်ဆေးခြင်း၊ ငွေစာရင်းစစ်ဆေးခြင်း၊ ငွေစာရင်းစစ်ဆေးခြင်းနှင့် အရောင်းစာရေး ၁၈ ယောက်တို့အား ကြီးကြပ်ခြင်း တာဝန်များကို ယူရသည်။

ထိုညနေတွင် မယ်စီနှင့် ဖလော်ရင်တီနာတို့သည် ကောင်တာတွင်ထိုင်ရင်း ဝယ်သူကို မျှော်နေကြသည်။ ကောင်တာများရှေ့တွင် ဟိုဟိုသည်သည် လျှောက်ကြည့်နေသော လူငယ်တစ်ယောက်ကို မယ်စီက ဖလော်ရင်တီနာအား လက်တို့ပြီး ညွှန်ပြသည်။

"သူ့ကို ဘယ်လို သဘောရသလဲ" မယ်စီက ခစ်ကနဲတစ်ချက်ရယ်ပြီး မေးသည်။

ဖလော်ရင်တီနာက လူငယ်ဆီသို့ လှမ်းကြည့်လိုက်သည်။ တော်တော့်ကို ချောမောခန့်ညားသော လူရည်သန့်တစ်ယောက်။ မယ်စီ၏ အဆက်များလားဆိုပြီး မနာလိုစိတ်ပင် ဖြစ်သွားမိသည်။

"သူ လိုချင်တာက တစ်ခုပဲရှိပါတယ် မယ်စီ"

"ဟုတ်ပါတယ်၊ ငါလဲ သိပါတယ်၊ သူလိုချင်ရင် ရနိုင်တဲ့ အရည်အချင်းလဲ ရှိပါတယ်"

"ဒါဖြင့် ညည်းက သူ့ကို သွားပြောပါလား၊ ညည်းကို ကျေးဇူးတင်မှာပဲ"

ဖလော်ရင်တီနာက ရယ်လိုက်ပြီး တခြားအမျိုးသမီး ဈေးဝယ်သူတစ်ယောက်ဆီသို့ လျှောက်ထွက်သွားသည်။ မယ်စီက ဝမ်းသာသွားပြီး စောစောက လူချော လူငယ်ဆီသို့လျှောက်လာခဲ့သည်။ ဖလော်ရင်တီနာက သူတို့ကို မျက်လုံးထောင့်ကပ်ပြီး မသိမသာ အကဲခတ်ကြည့်နေသည်။ လူငယ်က မယ်စီနှင့် စကားပြောနေရင်းမှ ဖလော်ရင်တီနာဆီသို့ ဂနာမငြိမ်စွာဖြင့် လှမ်းလှမ်းကြည့်သည်။ ခဏကြာတော့ လူငယ်က အပြာရင့်ရောင် သားရေလက်အိတ်တစ်စုံ ဝယ်ပြီး ပြန်ထွက်သွားသည်။

"ကဲ ဘယ့်နယ်လဲ အခြေအနေ ကောင်းရဲ့လား မယ်စီ"

ဖလော်ရင်တီနာက သူမအနီးရောက်လာသော မယ်စီအား မေးလိုက်သည်။ စိတ်ထဲကလည်း မယ်စီအပေါ် မသိမသာ မနာလိုစိတ်ဖြစ်မိသည်။

"မကောင်းပါဘူး၊ သူက အဲဒီအကြောင်း ဘာမှ မပြောမသွားဘူး၊ ဒါပေမယ့် သူ မကြာခင် ပြန်လာဦးမှာပါ၊ ငါ့ သေချာပေါက် ပြောရဲပါတယ်"

မယ်စီ၏ ကြိုတင်ခန့်မှန်းချက် တကယ်ပင် မှန်နေသည်။ တကယ်ပင် နောက်တစ်နေ့တွင် အဆိုပါလူငယ် ပေါက်ချလာသည်။

"ကဲ သွားလိုက်ပါဦး ညည်းလူဆီကို"

ဖလော်ရင်တီနာက ပြောလိုက်သည်။

မယ်စီက အပြေးကလေး လိုက်သွားသည်။ လူငယ်က ယမန်နေ့ကလိုပင် လက်အိတ်တစ်စုံ ဝယ်ပြီး ပြန်ထွက်သွားပြန်သည်။ ဖလော်ရင်တီနာက သဘောကျစွာဖြင့် တခစ်ခစ်နှင့် ရယ်ကျန်ရစ်သည်။

"သူဝယ်တာ လက်အိတ် နှစ်စုံတောင်ရှိသွားပြီ မယ်စီ။ တို့ကုန်တိုက်က သူ့ကို ကျေးဇူးတင်ရမှာပဲ၊ အဲဒီတော့ ညည်းက ဆက်ကြိုးစားပေတော့"

"ဒါပေမယ့် သူက အဲဒီအကြောင်းတစ်ခွန်းမှ မဟတာ ခက်တယ်ဂျက်စီရဲ့"

"သူ့ကြည့်ရတာ လက်အိတ်ရှူးနဲ့ တူပါတယ်... အေး၊ လက်အိတ်လှလှကလေးတွေ ဝယ်ဝယ်ပြီး စုထားတယ်ထင်ပါရဲ့"

"အဲဒါ ခွကျတာပေါ့ ဂျက်စီ၊ သူ့ကြည့်တော့လဲ လည်ပုံလည်လက်နဲ့"

"စိတ်မပျက်ပါနဲ့ဦးလေ၊ ဆက်ကြိုးစားကြည့်ပါဦး"

နောက်တစ်နေ့တွင်လည်း အဆိုပါလူငယ်ရောက်လာပြန်သည်။ မယ်စီသည် ထခုန်တော့မတတ် ဝမ်းသာသွားမိသည်။ သူမသည် ဝယ်သူမိန်းမကြီးတစ်ယောက်နှင့် စကားပြောတန်းလန်းမှ လူငယ်ဆီသို့ အပြေးကလေး လျှောက်ထွက်သွားသည်။ ဖလော်ရင်တီနာက သူမနေရာဝင်လိုက်ပြီး မသိမသာ အကဲခတ်ကြည့်နေသည်။ သည်တစ်ကြိမ်တွင်တော့ သူတို့နှစ်ယောက်တော်တော်ကြာကြာ စကားပြောနေကြသည်။ အတော်ကလေးကြာတော့ လူငယ်သည် လက်အိတ်တစ်စုံဝယ်ပြီး ငေါက်ကနဲ ပြန်ထွက်သွားပြန်သည်။

"သူ့ပုံကြည့်ရတာတော့ မရိုးတော့ဘူးထင်တာပဲ မယ်စီ"

"ဟုတ်တယ်၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဒါပေမယ့် သူက အပြင်ထွက်ဖို့ လုံးဝမခေါ်တာတော့ တော်တော် အခံရခက်တာပဲ ဂျက်စီရဲ့၊ အဲဒီတော့ ဒီလိုလုပ်ကြရအောင်လား၊ မနက်ဖြန် သူလာရင် ညည်းက သွားတွေ့လိုက်၊ သူက ငါ့ကို ဒါရိုက်ပြောရမှာ ရှက်နေတာ ဖြစ်မယ်"

"အမယ်လေး ကြည့်လဲလုပ်ပါဦး မယ်စီရယ်၊ သူက လက်အိတ်မဝယ်ဘဲနဲ့ ငါ့ကို ဆွဲခေါ်သွားရင် ခက်နေပါဦးမယ်"

မယ်စီက ဖလော်ရင်တီနာ၏ နံရိုးကို လက်ညှိုးနှင့်ထိုးပြီး ကျီစယ်လိုက်သည်။ ဖလော်ရင်တီနာကလည်း အနည်းဆုံးတော့ ပျော်ရတာပေါ့ဆိုပြီး မယ်စီ၏ အကြံကို လက်ခံလိုက်သည်။

နောက်တစ်နေ့ ဆိုင်ထဲသို့ လူငယ်ဝင်လာပြန်သည်။

"မင်္ဂလာညနေခင်းပါရှင်" ဖလော်ရင်တီနာက ကြိုဆိုနှုတ်ဆက်လိုက်သည်။

"အို... ဟုတ်ကဲ့၊ မင်္ဂလာညနေခင်းပါ"

လူငယ်က ဖလော်ရင်တီနာနှင့် နဖူးတွေ့ ဒူးတွေ့ ဆုံရ၍ အနည်းငယ် ရှက်သွားပုံရသည်။

"ကျွန်မ ဘာကူညီရပါမလဲရှင့်"

"အို... ဟုတ်ကဲ့... ဟိုဒင်း ကျွန်တော် လက်အိတ်တစ်စုံ ဝယ်ချင်လို့ပါ"

"ဟုတ်ကဲ့ ရပါတယ်ရှင်၊ အပြာရင့်ရင့် သားရေလက်အိတ်ပဲနော်၊ ရှင့်နဲ့တော်တဲ့အရွယ် ရှိပါလိမ့်"

ဖလော်ရင်တီနာက လက်အိတ်ကို ကမ်းပေးလိုက်သည်။ လူငယ်က လက်အိတ်ကို မကြည့်ဘဲ သူမ၏ မျက်နှာကိုသာ ရွှန်းရွှန်းစားစားကြည့်နေသည်။ ပြီးတော့မှ လက်အိတ်ကို သူ့လက်တွင်စွပ်ကြည့်သည်။ နည်းနည်းပွနေသည်။ ဖလော်ရင်တီနာက နောက်ထပ်တစ်စုံ ပေးသည်။ နည်းနည်းကျပ်နေပြန်သည်။ လူငယ်က မယ်စီဆီသို့ မသိမသာ လှမ်းကြည့်လိုက်သည်။ မယ်စီက တခြားဝယ်သူတွေကြားထဲ လက်မလည်အောင် အလုပ်များနေသည်။ သို့ပေမယ့် သူမက ကြည့်ဖြစ်အောင် လှမ်းကြည့်ပြီး ပြုံးပြလိုက်သေးသည်။ လူငယ်ကလည်း ပြန်၍ ပြုံးပြလိုက်သည်။

ဖလော်ရင်တီနာက နောက်ထပ် တစ်စုံထုတ်ပြသည်။ သည်တစ်စုံကတော့ လက်နှင့် အတော်ပင် ဖြစ်နေသည်။

"ဒါဆို ရှင်လိုချင်တာ ရပြီပေါ့"

"အို... မဟုတ်ဘူး၊ ကျွန်တော်လိုချင်တာက လက်အိတ် မဟုတ်ပါဘူး"

"ဒါဖြင့် ခဏနေပါဦး၊ ကျွန်မ မယ်စီကို သွားကူလိုက်ပါဦးမယ်၊ ရှင်က သူ့ကို ဒါရိုက် ဘာလို့ မပြောတာလဲ၊ ရှင်ခေါ်ရင် သူက လွယ်လွယ်နဲ့ လိုက်မှာပါ"

"အို... အဲဒါ မဟုတ်ဘူး၊ အဲဒါလဲ မဟုတ်ဘူး၊ ကျွန်တော်ခေါ်ချင်တာက ခင်ဗျားကိုပါ"

ဖလော်ရင်တီနာက ပါးစပ်ဟောင်းလောင်းဖြစ်သွားမိသည်။

"စိတ်တော့ မရှိပါနဲ့၊ ခင်မင်မိလို့ပါ၊ ဒီညနေ ကျွန်တော်နဲ့အတူ လိုက်စားပါလား"

"ဟုတ်ကဲ့"

ဖလော်ရင်တီနာ၏ ပါးစပ်မှ အလိုလိုထွက်သွားသည်။

"ခင်ဗျားအိမ်မှာ ကျွန်တော် ကားနဲ့လာခေါ်ရမှာလား"

"ဟင့်အင်း အဲဒီလိုမလုပ်ပါနဲ့၊ စားသောက်ဆိုင်တစ်ဆိုင် ချိန်းလိုက်ကြတာပေါ့"

"အဲဒီတော့ ဘယ်နေရာကောင်းမလဲ၊ ခင်ဗျားသဘောကျတဲ့ဆိုင် ပြောပါ"

ဖလော်ရင်တီနာက လူရှင်းသော ဆိုင်တစ်ဆိုင်ကို ကမန်းကတန်း စဉ်းစားကြည့်လိုက်သည်။

"၇၃ လမ်းက အလန် စားတော်ဆက်ဆိုရင် မကောင်းဘူးလား"

"ကောင်းပါတယ်၊ ကောင်းပါတယ်"

"ဒါပြင့် ရှစ်နာရီလောက်မှာ ဆုံကြရအောင်"

"ရှစ်နာရီ ကောင်းပါတယ်"

လှူငယ်သည် မျက်နှာတွင် အပြုံးပန်းဝေဝေဖြင့် ဆိုင်ထဲမှပြန်ထွက်သွားသည်။ ဖလော်ရင်တီနာက မျက်စိတစ်ဆုံး ရပ်ကြည့်ကျန်ရစ်သည်။ အတန်ကြာတော့မှ လှူငယ်သည် လက်အိတ်မဝယ်ဘဲ ပြန်ထွက်သွားမှန်း သတိရမိတော့သည်။

◇ ◇ ◇

ဖလော်ရင်တီနာသည် ညနေစာစားပွဲအတွက် အဝတ်အစားများကို အကြာကြီး ရွေးနေမိသည်။ သူမသည် ဘလူမင်ဒယ် ကုန်ပဒေသာတိုက်မှ အရောင်းစာရေးမကလေးတစ်ယောက်ဖြစ်သော်လည်း အဝတ်အစားကိုတော့ ဖြစ်သလိုဝတ်မသွားချင်။

စိတ်ကြိုက် အဝတ်အစားများကို ရွေးချယ်ဝတ်ဆင်ပြီးတော့မှ ရှစ်နာရီမထိုးမီ ဆယ်မိနစ်လောက်တွင် အခန်းမှထွက်လာခဲ့သည်။ လမ်းပေါ်တွင် တော်တော်ကြာကြာ ရပ်စောင့်နေရပြီးတော့မှ တက္ကစီကားငှား၍ ရသည်။

"အလန်စားတော်ဆက် သွားမယ်"

"၇၃ လမ်းကလား"

"ဟုတ်ကဲ့"

"စိတ်ချပါမစ္စတာ"

စားတော်ဆက်ရောက်တော့ ၁၀ မိနစ်လောက် နောက်ကျသွားကြောင်း တွေ့ရသည်။ သူမက စားသောက်ခန်းထဲ မျက်လုံးကစားကြည့်လိုက်သည်။ လှူငယ်သည် အရက်ကောင်တာရှေ့တွင် ရပ်နေသည်။ သူမကိုမြင်တော့ လက်ကိုဝှေ့ယမ်းပြသည်။ သူသည် မီးခိုးရောင် ဘောင်းဘီနှင့် အပြာရောင် ဘလေဇာကုတ်ကို ဝတ်လာသည်။ ယခင်ကထက်ပို၍ ခန့်ညားနေသလို ထင်ရသည်။

"ကျွန်မ နည်းနည်း နောက်ကျသွားတယ်"

"ကိစ္စမရှိပါဘူး၊ ရောက်လာတာပဲ ဝမ်းသာလှပါပြီ"

"ရှင်က ကျွန်မ မလာချင် မလာဘူးလို့ ထင်နေလို့လား"

"အမှန်ပြောရရင် ကျွန်တော်က သိပ်ပြီး စိတ်မချမိဘူး၊ ရင်ထဲမှာ တထိတ်ထိတ်ပဲ၊ ဒါနဲ့ ခင်ဗျားနာမည် ကျွန်တော် မသိရသေးဘူး"

"ဂျက်စီကိုဗက်ပါ၊ ရှင့်နာမည်က"

"ရစ်ချတ်ကိန်း"

သူက လက်ကို ကမ်းပေးလိုက်သည်။

သူမက လှမ်းဆွဲနှုတ်ဆက်လိုက်သည်။ သူက လိုအပ်သည်ထက် ပိုပြီး ခပ်ကြာကြာကလေး ဆုပ်ကိုင်ထားသည်ဟု ထင်မိသည်။

"ဒါနဲ့ ရှင်က ဘလူမင်ဒယ်တိုက်မှာ လက်အိတ်လာမဝယ်တဲ့ အချိန်မှာ ဘာတွေလုပ်နေသလဲ"

"ဟားဗတ်တက္ကသိုလ် စီးပွားကုန်သွယ်ရေးကျောင်းမှာ တက်နေတယ်"

"လူတိုင်းလိုလိုမှာ လက်နှစ်ဖက်သာရှိတယ်ဆိုတာ သူတို့က ရှင့်ကို မသင်ပေးတာ ကျွန်မ အံ့သြမိတယ်"

သူက သဘောကျပြီး ရယ်လိုက်သည်။

"ကဲ ဘာစားမလဲ၊ ထိုင်ကြရအောင်"

သူက သူမ၏ လက်ကိုဆွဲပြီး စားပွဲသို့ လျှောက်လာသည်။

ရစ်ချတ်က သူမအား နယူးယောက်မြို့အကြောင်း၊ ပြဇာတ်အကြောင်း၊ ဂီတအကြောင်း ဝေဝေဆာဆာ ပြောပြသည်။ သူမက တော်တော်ပျော်နေမိသည်။

သူကတော့ သူမအား အရာင်းစာရေးမကလေးတစ်ယောက်ဟုပင် ထင်ကောင်းထင်လိမ့်မည်။ သို့ပေမယ့် သူမအား မျိုးကြီးဆွေကြီး ဂုဏ်သရေရှိ အမျိုးသမီးတစ်ယောက်လို သူက ဆက်ဆံပြောဆိုနေသည်။ သူပြောနေသမျှကို သူမက နားလည်မှုအပြည့်ဖြင့် လိုက်၍ နားထောင်နိုင်သည်ကို သူက တစ်စုံတစ်ရာ အံ့သြမိပုံမပြ။ သူမ မိသားစုအကြောင်းကို မေးတော့လည်း ပိုလန်သူဖြစ်ပြီး နယူးယောက်တွင် မိဘများနှင့်အတူနေကြောင်းလောက်သာ ပြောသည်။ ရစ်ချတ်ဖက်မှ ပွင့်လင်းမှုရှိသော်လည်း ဖလော်ရင်တီနာဘက်မှ ဟန်ဆောင်မှုတွေရှိနေသည်။ သူမအဖြစ်ကို ပြန်တွေးမိပြီး သူမက စိတ်မကောင်းဖြစ်မိသည်။ သို့ပေမယ့် တို့နှစ်ယောက်က ဒီတစ်ကြိမ်တွေ့ပြီး နောက်ထပ် ဘယ်တော့မှ တွေ့နိုင်တော့မှာ မဟုတ်တော့ပါဘူးဟု တွေးပြီး ဖြေသိမ့်ရသည်။

စားသောက်ပြီးသွားတော့ ရစ်ချတ်က တက္ကစီတစ်စီး လိုက်ရှာသည်။ လာသမျှကားတွေ လူပြည့်နေ၍ တစ်စီးမှ ငှား၍မရ။

"ဘယ်မှာနေသလဲ" ရစ်ချတ်က မေးသည်။

"၇၅ လမ်းမှာ"

"ဒါဖြင့် လမ်းလျှောက်ကြတာပဲ ကောင်းပါတယ်"

ရစ်ချတ်က ဖလော်ရင်တီနာ၏ လက်ကို လှမ်းကိုင်သည်။ ဖလော်ရင်တီနာက ပြုံးပြီး သဘောတူလိုက်သည်။

နှစ်ယောက်သား လက်ချင်းယှက်ကာ စကားတပြောပြောနှင့် လျှောက်ရင်း ကုန်တိုက်မှန်ပြတင်းများကို ကြည့်လာကြသည်။ လူမပါသောတက္ကစီများ သူတို့ဘေးမှ ဖြတ်မောင်းသွားကြသည်။ တစ်ယောက်မျှ သတိမရကြ။ တစ်နာရီနီးပါးမျှ လျှောက်လာခဲ့ကြသည်။ ဖလော်ရင်တီနာက အမှန်အတိုင်း ဖွင့်ပြောလိုက်ရ ကောင်းမည်လားဟု အကြိမ်ကြိမ် စိတ်ကူးမိသေးသည်။

၅၇ လမ်းရောက်တော့ ဖလော်ရင်တီနာက သူမ၏ တိုက်ခန်းနှင့် ကိုက် ၁၀၀ လောက်ဝေးသော တိုက်ဟောင်းတစ်ခုရှေ့တွင် ရပ်လိုက်သည်။

"ကျွန်မ မိဘတွေ ဒီတိုက်မှာပဲ နေကြတယ်"

ရစ်ချတ်က တစ်စုံတစ်ခုကို ပြောချင်သလိုလိုဖြင့် တုံ့ဆိုင်းဆိုင်းလုပ်နေသည်။ နောက်တော့မှ သူမ၏ လက်ကိုလွှတ်လိုက်သည်။

"နောက်လဲ ပြန်တွေ့ကြဦးမယ်နော်"

"ကောင်းပါတယ်"

"ဒါဖြင့် မနက်ဖြန် မကောင်းဘူးလား"

"မနက်ဖြန် ဟုတ်လား"

"ဟုတ်တယ်၊ 'မိုးပြာနတ်မယ်' ကို သွားကြရအောင်၊ ပြီးတော့ ဘော်ဘီရှော့သီချင်းလဲ နားထောင်ကြမယ်" သူက သူမလက်ကို လှမ်းဆုပ်လိုက်ပြန်သည်။ "အဲဒီမှာက အလန်စားတော် ဆက်ထက် စိတ်ကူးယဉ်စရာကောင်းတယ်"

ဖလော်ရင်တီနာက ရင်ထဲ နည်းနည်းထိတ်သွားသည်။ သူမက မနက်ဖြန် သူနှင့် ပြန်ထွက်ရန် ကြိုတင်စိတ်ကူးထားခြင်းလုံးဝမရှိ။

"ခင်ဗျား စိတ်မပါရင်လဲ..."

"အို... ရပါတယ်၊ ကျွန်မ စိတ်ပါပါတယ်"

ပါးစပ်က လွှတ်ကနဲ ထွက်သွားသည်။

"ဒါပေမယ့်... နည်းနည်းတော့ စောင့်ပါ၊ ကျွန်တော်က ဖေဖေနဲ့ ညစာ စားရဦးမယ်၊ အဲဒီတော့ ဆယ်နာရီလောက်မှာ ကျွန်တော်လာခေါ်ပါ့မယ်"

"မလုပ်ပါနဲ့၊ ကျွန်မ အဲဒီကို လာခဲ့ပါ့မယ်၊ နှစ်လမ်းကျော်လောက်ပဲ ဝေးတာပဲဥစ္စာ"

"ဒါဖြင့် ကောင်းပြီ၊ ဆယ်နာရီတိတိနော်" သူက ကိုယ်ကို ကုန်းက သူမ၏ပါးကိုနမ်းသည်။ "ဂွတ်နိုက် ဂျက်စီ"

ထို့နောက် သူသည် အမှောင်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

ဖလော်ရင်တီနာသည် သူမ၏တိုက်ခန်းသို့ ပြန်လျှောက်လာခဲ့သည်။ သူမအကြောင်း များများစားစား ညာ၍ မပြောမိခဲ့သည်ကို ပြန်တွေးပြီး ဝမ်းသာနေမိသည်။

အရေးတော့ သိပ်မကြီးပါဘူးလေ၊ သူနဲ့ ငါနဲ့က လေးငါးရက်အတွင်း အဆက်ပြတ်သွားကြမှာပါ။

သူမ၏ စိတ်ထဲကတော့ ယင်းသို့မဖြစ်ပါစေနဲ့ဟု ကျိတ်ပြီးဆုတောင်းနေမိသည်။

✧ ✧ ✧

နောက်တစ်နေ့တွင် မယ်စီက ရစ်ချတ်အကြောင်းကိုသာ တစ်ချိန်လုံးလိုလို တစ်မေးတည်း မေးနေသဖြင့် ဖလော်ရင်တီနာမှာ ဟိုအကြောင်း သည်အကြောင်း ခေါင်းစဉ်ပြောင်းပြီး မနည်း ကြီး ကြိုးစားဖြေနေရသည်။

ထိုနေ့က သူမသည် ကုန်တိုက်မှ မယ်စီမပြန်ခင် အလျင်ပြန်လာခဲ့သည်။ နှစ်နှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ် အိမ်ပြန်စောခြင်းပင် ဖြစ်သည်။

အိမ်ရောက်တော့ ရေချိုးသည်၊ အကောင်းဆုံး၊ အလှဆုံး အဝတ်အစားများကို စိတ်တိုင်းကျ ရွေးဝတ်သည်။ ထို့နောက် 'မိုးပြာနတ်မယ်' ကလပ်သို့ လျှောက်လာခဲ့သည်။

ရစ်ချတ်က သူမကို အဆင်သင့်စောင့်နေသည်။ သူက သူမ၏ လက်ကိုဆွဲပြီး ခန်းမဆောင်ထဲသို့ ဝင်လာသည်။ ဘော်ဘီရှော့၏ တေးသံက ခန်းလုံးပြည့် ဝဲပျံလွှင့်မျောနေသည်။

"အမှန်ကို ပြောပြစမ်းပါ အချစ်ရယ်၊ ကိုယ့်ကို လှည့်စားမနေပါနဲ့တော့လားကွယ်"

ဖလော်ရင်တီနာ လျှောက်ဝင်လာစဉ် ဘော်ဘီရှော့က လက်မြှောက်၍ လှမ်းနှုတ်ဆက်သည်။ ဖလော်ရင်တီနာက မမြင်ယောင်ဆောင်နေလိုက်သည်။ ဘော်ဘီရှော့သည် နယ်စားဟိုတယ်ခန်းသို့ ဧည့်သည်တော် အဆိုကျော်အနေဖြင့် လာရောက်ပြီး နှစ်ကြိမ်မျှ ဧည့်ခံဖြေဖျော်ခဲ့ဖူးသည်။ ဘော်ဘီရှော့က မိမိအား မှတ်မိလိမ့်မည်ဟု ဖလော်ရင်တီနာက လုံးဝမထင်မိခဲ့။ ဖလော်ရင်တီနာအား ဘော်ဘီရှော့က လှမ်းနှုတ်ဆက်သည်ကိုမြင်တော့ ရစ်ချတ်က ဇဝေဇဝါဖြစ်သွားသည်။ ဘော်ဘီရှော့က တခြားတစ်ယောက်ယောက်ကို နှုတ်ဆက်တာဖြစ်မည်ဟု သူက တွေးလိုက်မိသည်။

နှစ်ယောက်သား စားပွဲတွင် ဝင်ထိုင်ကြသည်။ ဖလော်ရင်တီနာက စန္ဒရားဘက်သို့ ကျောပေးပြီးထိုင်သည်။ နောက်တစ်ကြိမ် ယခင်လိုမဖြစ်စေချင်သောကြောင့် ဖြစ်သည်။

ရစ်ချတ်က ဝိုင်အရက်တစ်လုံး မှာလိုက်သည်။ သူက ဖလော်ရင်တီနာ၏လက်ကို မလွှတ်ဘဲ ဆုပ်ကိုင်မြဲ ဆုပ်ကိုင်ထားသည်။

"ဟိုင်း... ရစ်ချက်"

အရပ်ရှည်ရှည် လူငယ်တစ်ယောက် ရစ်ချတ်ဘေးသို့ ရောက်လာပြီး နှုတ်ဆက်သည်။

"ဟေး... စတီးဗ်၊ သူက... ဂျက်စီကိုဗက်တဲ့၊ ဟောဒါ ငါ့သူငယ်ချင်း စတီဖင်မယ်လွန်ပဲ ဂျက်စီ၊ တို့နှစ်ယောက်က ဟားဗတ်တက္ကသိုလ်မှာ အတူတက်ခဲ့ကြတာ"

သူငယ်ချင်းနှစ်ယောက် ဘောလုံးပွဲအကြောင်း၊ ဂေါက်သီးကစားပွဲအကြောင်း ဆက်လက်ပြောနေကြသည်။ ဖလော်ရင်တီနာက ငြိမ်၍ နားထောင်နေသည်။

အတန်ကြာတော့မှ စတီးဗ်က 'တွေ့ရတာ ဝမ်းသာပါတယ် ဂျက်စီ" ဟု နှုတ်ဆက်ပြီး ပြန်ထွက်သွားသည်။

နှစ်ယောက်သား စကားတပြောပြောနှင့် အချိန်တဖြည်းဖြည်း ကုန်သွားသည်။

ရစ်ချတ်က သူစီးပွားကုန်သွယ်ရေး ကျောင်းမှထွက်လျှင် သူ့ဖခင်၏ လက်စတာဘဏ်တွင် ဝင်ရောက် လုပ်ကိုင်မည့်အကြောင်း ပြောပြသည်။ ယင်းဘဏ်နာမည်ကို ဖလော်ရင်တီနာ ကြားဖူးသလိုလိုရှိသည်။ ဘယ်လိုပတ်သက်ပြီး ကြားဖူးမှန်းတော့ အမှတ်မရ။ သို့သော် ထိုနာမည်ကို ကြားရတော့ သူမစိတ်ထဲ တစ်မျိုးတစ်မည် ခံစားရသလိုလို ဖြစ်မိသည်။

နှစ်ယောက်သား စကားပြောလိုက်၊ ရယ်လိုက်ဖြင့် ဘော်ဘီရှော့၏ တေးသီချင်းများကို နားထောင်ကြသည်။

အချိန်တန်တော့ အိမ်သို့ပြန်ကြသည်။ ရစ်ချတ်က ၇၅ လမ်းထောင့်တွင်ရပ်ပြီး ဖလော်ရင်တီနာကို နမ်း၍ နှုတ်ဆက်သည်။

နောက်တစ်နေ့တွင် ရစ်ချတ်က ဘလူမင်ဒယ်ကုန်တိုက်သို့ ဖုန်းလှမ်းဆက်ပြီး သောကြာနေ့ညနေတွင် အပြင်ထပ်ထွက်ကြရန် ဖလော်ရင်တီနာအား ပြောသည်။

ဖလော်ရင်တီနာက ဝမ်းသာစွာဖြင့် လက်ခံလိုက်သည်။

✧ ✧ ✧

နောက်အပတ် စနေ၊ တနင်္ဂနွေရက်အားများတွင်လည်း နှစ်ယောက် ချိန်းတွေ့ကြပြန်သည်။ ရုပ်ရှင်ကြည့်ကြသည်။ ကပွဲသွားကြသည်။ ညစာစားရင်း စကားပြောကြသည်။

ဖလော်ရင်တီနာက သူမ၏ နောက်ကြောင်းရာဇဝင်နှင့် ပတ်သက်ပြီး တစ်နေ့တစ်မျိုး တစ်နေရာတစ်မျိုး ပြောနေသည်။ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုမရှိသဖြင့် ရစ်ချတ်ကလည်း ဇဝေဇဝါဖြစ်လာမိသည်။

တနင်္ဂနွေနေ့ညတွင် ရစ်ချတ်ဟားဗတ်တက္ကသိုလ်သို့ ပြန်သွားတော့ သူတို့၏ ဇာတ်လမ်းဤမျှနှင့် အဆုံးသတ်ပြီဟု ဖလော်ရင်တီနာက သဘောပိုက်ထားလိုက်တော့သည်။ သို့သော် သူမထင်သလိုမဟုတ်၊ ရစ်ချတ်က နေ့တိုင်းလိုလို ဖုန်းဆက်သည်။ အားလပ်ရက်တိုင်း ဆုံကြရန် ချိန်းဆိုသည်။ သည်တော့မှ သူတို့ဇာတ်လမ်း လွယ်လွယ်နှင့် ဆုံးနိုင်ဦးမည်မဟုတ်ဟု ဖလော်ရင်တီနာက သဘောပေါက်မိတော့သည်။

တကယ်တော့ သူမက ရစ်ချတ်ကို ချစ်နေမိပြီ မဟုတ်ပါလား၊ နောက်တစ်ကြိမ်ဆုံလျှင် ရစ်ချတ်အား သူမ၏ ဘဝမှန်ကို ဖွင့်ပြောလိုက်တော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။

✣

## (၃၂)

ရစ်ချတ်သည် လက်ချာတွင် လုံးဝစိတ်မဝင်စား၊ မှတ်စုစာအုပ်ကို ရှေ့မှာချပြီး၊ စိတ်က တခြားရောက်နေသည်။

သူဖလော်ရင်တီနာကို စွဲချစ်နေမိပြီ၊ သူသည် ပါမောက္ခပို့ချနေသော '၂၆ ခုနှစ် စီးပွားရေးပျက်ကပ်' အကြောင်းကိုပင် လုံးဝ အာရုံမစိုက်နိုင်အောင် ဖြစ်နေသည်။ ဘလူမင်ဒယ်ကုန်ပဒေသာတိုက်မှ အရောင်းစာရေးမကလေးအား သူလက်ထပ်လိုကြောင်း သူ့ဖခင်ကြီးအား ဘယ်လိုဖွင့်ပြောရပါ့မလဲဟူသော မေးခွန်းက သူ့ဦးနှောက်ကို မနားတမ်း အလုပ်ပေးနေသည်။ တခြားတစ်ဖက်ကလည်း သူသည် ဖလော်ရင်တီနာကို သံသယဝင်နေမိသည်။ သည်လောက် သွက်လက်ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ အနာဂတ် ဘဝခရီးအတွက် ဘာမှကြီးကျယ်တဲ့ မျှော်မှန်းချက်မရှိတာ အံ့ပါရဲ့ဟူ၍လည်း အားမလို အားမရဖြစ်မိသည်။

သို့ပေမယ့် သည်မိန်းကလေးအနေနဲ့ အခွင့်အလမ်းသာရမည်ဆိုပါက သည်အဆင့်အတန်းထက် ကောန်မှုချ တိုးတက် ကြီးပွားနိုင်သည်ဟုလည်း သူက ယုံကြည်နေမိသည်။ ဘာပဲဖြစ်ဖြစ် သည်အပတ်တွင်တော့ သူ့မိဘများကို ဖွင့်ပြောလိုက်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

ရစ်ချတ်သည် သောကြာနေ့ညနေတိုင်း နယူးယောက်မှ မိဘများအိမ်သို့ ပြန်ရောက်လာတိုင်း ဘလူမင်ဒယ်ကုန်တိုက်သို့သွားပြီး တစ်ခုခု ဝယ်လေ့ရှိသည်။ ဘာရယ်လို့ မည်မည်ရရ မဟုတ်ဘဲ ကြုံရာပစ္စည်းတစ်ခုခု ဝယ်ယူလာပြီး မိဘဆွေမျိုး အပေါင်းအသင်းများအား လက်ဆောင်ပေးတတ်သည်။

ထိုနေ့ သောကြာနေ့ကလည်း သူသည် ဘလူမင်ဒယ်ကုန်တိုက်သို့ မှတ်ဆိတ်ရိတ်ဓား ဝယ်ရန်သွားမည်ဟု မိခင်ဖြစ်သူကို ပြောသည်။

"သွားနေစရာ လိုသေးလို့လား သားရယ်၊ ဖေဖေ့မှတ်ဆိတ်ရိတ်ဓား ယူသုံးလိုက်ရင် ရတာပဲ"

"မဟုတ်ဘူး မေမေ၊ ဖေဖေနဲ့ ကျွန်တော်နဲ့က တံဆိပ်ချင်းမတူကြဘူး၊ ကျွန်တော့်ကိုယ်တိုင်သွားဝယ်မှ ဖြစ်မှာ ၊ သိပ်မကြာဘူး၊ ခဏလေးပါ မေမေ"

သို့ဖြင့် သူသည် ရှစ်လမ်းတိုတိဝေးသော ကုန်တိုက်သို့ ကမန်းကတန်း သုတ်ခြေတင်လာခဲ့သည်။ သူရောက်သွားသောအချိန်တွင် ဆိုင်ပိတ်ခါစရှိသေးသည်။

ဂျက်စီ၏ ကောင်တာဆီသို့ လှမ်းကြည့်လိုက်တော့ ဂျက်စီကိုမတွေ့ရ။ မယ်စီက အခန်းထောင့်တစ်နေရာတွင် ထိုင်ပြီး လက်သည်းဆိုးနေသည်။ သူက ဂျက်စီ ရှိသေးသလားဟု မယ်စီကို မေးကြည့်သည်။

"သူ အိမ်ပြန်သွားပြီ ရစ်ချတ်၊ ခုကလေးတွင်ပဲ ပြန်သွားတာ၊ စက္ကန့်ပိုင်းလောက်ပဲ ရှိသေးတယ်၊ သိပ်ဝေးဝေးကြီးမရောက်သေးပါဘူး၊ ဒီနားတွင်ပဲ ရှိဦးမှာပါ"

ရစ်ချတ်က ဘာမှပြန်မပြောခဲ့တော့ဘဲ လက်ဇင်တန်အဲဗင်းနယူး လမ်းပေါ်သို့ တစ်ကြိုးတည်း ပြေးထွက်လာခဲ့သည်။ သူက လမ်းသွားလမ်းလာများကို ကျီးကန်းတောင်းမှောက်လိုက်ကြည့်သည်။ လမ်းတစ်ဖက်တွင် ဂျက်စီကို လှမ်းမြင်လိုက်ရသည်။

သူမသည် အိမ်သို့သွားနေပုံမပေါ်။ ထို့ကြောင့် သူမ၏အရိပ်အခြည်ကို နောက်မှ တိတ်တိတ်ကလေးလိုက်ပြီး စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

သူမသည် ၄၈ လမ်းထဲမှ စကရစ်ဘနားစာအုပ်တိုက်တဲသို့ ဝင်သွားသည်။ ရစ်ချတ်က တစ်နေရာမှ ရပ်ကြည့်နေသည်။

သူမ စာအုပ်ဝယ်ချင်ရင် ဘလူမင်ဒယ်တိုက်မှာ ဝယ်လည်း ရတာပဲ။

ရစ်ချတ်က ဘာသဘောပါလိမ့်ဆိုပြီး မဝေခွဲတတ်အောင်ဖြစ်သွားသည်။ သူက မှန်ပြတင်းပေါက်မှကျော်ကာ အထဲသို့လှမ်းကြည့်လိုက်သည်။

ဂျက်စီသည် အရောင်းစာရေးနှင့် စကားပြောသည်။ အရောင်းစာရေးထွက်သွားပြီး ခဏအကြာတွင် စာအုပ်နှစ်အုပ်ယူ၍ ပြန်ရောက်လာသည်။ ရစ်ချတ်က စာအုပ်များကို ဂရုတစိုက်လှမ်းကြည့်လိုက်သည်။

တစ်အုပ်က ပါမောက္ခဂျွန်ကက်နက်ဂါးလ်ဘရိတ် ရေးသားသော 'ကြွယ်ဝကုံလုံ ဤလူ့ဘုံ' စာအုပ်၊ နောက်တစ်အုပ်က သတင်းစာဆရာကြီး ဂျွန်ဂန်သာ၏ 'ယနေ့ရုရှ ပြည်အတွင်းရေး' စာအုပ်။

ဂျက်စီက စာအုပ်များကိုယူပြီး အကြွေးစာရင်းစာအုပ်တွင် လက်မှတ်ထိုးပေးလိုက်သည်။ ပြီးတော့ စာအုပ်တိုက်ထဲမှ ပြန်ထွက်လာခဲ့သည်။ ရစ်ချတ်က သူမ မမြင်အောင် ဆိုင်ထောင့်ကပ်ပြီး ပုန်းနေလိုက်သည်။

သူ ဘယ်သူလဲ၊ ဒီစာအုပ်မျိုးတွေ ဝယ်ဖတ်တာ သာမန်မိန်းကလေးတစ်ယောက်တော့ မဟုတ်နိုင်ဘူး။

ရစ်ချတ်က ဂျက်စီ၏ အရိပ်အခြည်ကို စောင့်ကြည့်နေရင်းမှ တွေးလိုက်မိသည်။

သူမသည် ဘယ်ဒင်ကုန်တိုက်သို့ ဝင်သွားပြန်သည်။ တံခါးစောင့်က သူမအား တလေး

တစား အရှိအသေပြု၍ နှုတ်ဆက်သည်။ ရစ်ချတ်က မှန်ပြတင်းနားကပ်သွားပြီး ချောင်းကြည့်လိုက်ပြန်သည်။ အရောင်းစာရေးမကလေးများက ဂျက်စီဆီသို့ ပျာပျာလဲ ဝိုင်းအုံလာကြသည်။ သာမန်ဝယ်သူတစ်ယောက်ထက် ထူးထူးခြားခြား ကြိုဆိုဆက်ဆံနေကြသည်။

ကြည့်နေရင်းတွင်ပင် ခပ်ကြီးကြီး အမျိုးသမီးတစ်ယောက်က စက္ကူသေတ္တာတစ်ခုယူပြီး ဂျက်စီဆီသို့ လျှောက်လာသည်။ ထိုအမျိုးသမီးက အထုပ်ကို ဖွင့်ပြသည်။ လှပသော ညနေဝတ်စုံတစ်စုံ။

အမျိုးသမီးက ဝတ်စုံကို စက္ကူသေတ္တာထဲ ပြန်ထည့်သည်။ ဂျက်စီက စက္ကူသေတ္တာကို လှမ်းယူကာ ခေါင်းညိတ်ပြုံးပြပြီး "ကျေးဇူးတင်ပါတယ်" ဟူ၍ ပြန်ပြောလိုက်သည်။ ပြီးတော့ အကြွေးလက်မှတ်ပင်မထိုးတော့ဘဲ တံခါးဝသို့ ပြန်ထွက်လာခဲ့သည်။

ရစ်ချတ်က မြင်ကွင်းတစ်ခုလုံးကို မျက်လုံးအဝိုင်းသားနှင့် ငေးကြည့်နေမိသည်။ အခိုက်အတန့်အားဖြင့် ကြောင်နေမိသဖြင့် ဂျက်စီနှင့် တံခါးဝတွင် ဝင်တိုးမလို့ သီသီကလေး လွဲသွားသည်။ သူက ရုတ်တရက် သတိဝင်လာပြီး တံခါးထောင့်တွင် ဝင်ကွယ်နေလိုက်သောကြောင့်သာ တော်ပေသေးသည်။

ဂျက်စီသည် လမ်းမပေါ်ရောက်တော့ တက္ကစီတစ်စီးပေါ် တက်လိုက်သွားသည်။ ရစ်ချတ်ကလည်း တစ်စီးငှားပြီး ဒရိုင်ဘာအား ရှေ့ကားနောက်သို့ မသိမသာ ကပ်လိုက်ရန် ပြောလိုက်သည်။

ဂျက်စီ စီးသွားသော တက္ကစီကားသည် သူတို့နှစ်ယောက် လမ်းခွဲနေကျ တိုက်တန်းမှကျော်ပြီး မောင်းသွားသောအခါ ရစ်ချတ်မှာ နားမလည်နိုင်အောင်ဖြစ်ရပြန်သည်။ နောက် ကိုက်တစ်ရာခန့်အရောက်တွင် ရှေ့ကားထိုးရပ်သွားသည်။

တိုက်တန်းသစ်တစ်ခု၏ တံခါးဝမှ အစောင့်လုပ်သား ပြေးထွက်လာပြီး ဂျက်စီအား တံခါးဖွင့်ပေးသည်။

ရစ်ချတ်က ဒေါသလည်းထွက်၊ အံ့လည်းအံ့သြလျက် ကားပေါ်မှ ခုန်ဆင်းပြီး တိုက်တန်းတံခါးသို့ ပြေးလိုက်သွားသည်။

"ဟိုး... ဆရာလေး... ၉၅ ဆင့် ပေးခဲ့ပါဦးဗျ"

ကားဆရာက လှမ်းအော်လိုက်တော့မှ ရစ်ချတ်က ပြန်လှည့်လာပြီး ဒရိုင်ဘာလက်ထဲသို့ ငါးဒေါ်လာတန်တစ်ရွက် တိုးပေးလိုက်သည်။ ပြီးတော့ ပိုငွေကို လုံးဝ ဂရုမစိုက်တော့ဘဲ တိုက်တန်းတံခါးဝဆီသို့ ပြန်ပြေးသွားပြန်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီနေ့တော့ တစ်ယောက်ယောက် အကြီးအကျယ် ဝမ်းသာရမှာကျိန်းသေပဲ" ဒရိုင်ဘာက ရစ်ချတ်အား လှမ်းပြောလိုက်သည်။

ရစ်ချတ်က ဂျက်စီကို ဓာတ်လှေကားတွင် သွားမိသည်။ ရစ်ချတ်ကို ရုတ်တရက်မြင်လိုက်ရတော့ ဂျက်စီက ပါးစပ်အဟောင်းသားနှင့် ကြောင်ကြည့်နေမိသည်။

"မင်း ငါ့ကို ညာတယ်၊ မင်း ဘယ်သူလဲ၊ မှန်မှန်ပြော"

ရစ်ချတ်က အသံမာကြီးနှင့် မေးလိုက်သည်။

"ရစ်ချတ်" သူမက တိုးတိုးပြန်ပြောသည်။ "ဒီညနေပဲ ရှင့်ကို အကြောင်းစုံ ကျွန်မ ဖွင့်ပြောတော့မလို့ပါ၊ ဟိုတုန်းက အကြောင်းမတိုက်ဆိုင်လို့ မပြောဖြစ်ခဲ့တာပါ"

"အင်း… မင်းတော့ တော်တော့်ကိုတော်တဲ့ မိန်းကလေးပဲ၊ ငါ့ကို သုံးလလုံးလုံး လိမ်ညာပြီး လှည့်ပတ်နေခဲ့တယ်၊ အမှန်အတိုင်း ဒီနေ့ဖွင့်မပြောရင်တော့လား"

ရစ်ချတ်က တော်တော် ဒေါသဖြစ်နေပုံရသည်။ သည်လိုအဖြစ်မျိုးကို ဖလော်ရင်တီနာက သည်တစ်ကြိမ်သာ ကြုံရဖူးသေးသည်။

ရစ်ချတ်က သူမရှေ့မှ ကျော်တက်ပြီး တစ်ခန်းလုံးကို ကျီးကန်းတောင်းမှောက် လိုက်ကြည့်နေသည်။ တစ်ခန်းလုံးတွင် အကောင်းစား ကော်ဇောအပြည့် ခင်းထားသည်။ ပရိဘောဂ အသုံးအဆောင်တွေကလည်း ခေတ်မီအကောင်းစားတွေချည်း ဖြစ်သည်။ ရစ်ချတ်တို့အိမ်က ဧည့်ခန်းထက်ပင် လှနေသေးသည်။

"အင်း… အခန်းကတော့ ပျံနေတာပါပဲလား၊ ဒါ အရောင်းစာရေးမတစ်ယောက်ရဲ့ အခန်းတဲ့လားဟင်၊ ကေန္တတော့ မင်းရဲ့ ချစ်သူတွေဆီက ရထားတဲ့ ပိုက်ဆံနဲ့ အလှဆင်ထားတဲ့ အခန်းမဟုတ်လား"

ဖလော်ရင်တီနာက ရစ်ချတ်၏ ပါးကို တအားလွှဲရိုက်လိုက်သည်။

"ဟင်… ရှင် ဒီလိုမပြောနဲ့၊ ကျွန်မ အခန်းက ခုချက်ချင်းထွက်သွား"

သူမက ရိုက်လိုက်ပြီးမှ လွန်သွားမှန်းသတိရပြီး ငိုပါလေတော့သည်။ တကယ်တော့ သူမက ရစ်ချတ်အား ထွက်မသွားစေချင်ပါ။ ဘယ်တော့မှ ထွက်မသွားစေချင်ပါ၊ ရစ်ချတ်က သူမကအား သိုင်းဖက်လိုက်ပြီး

"အို မငိုနဲ့ ဂျက်စီရယ်၊ ကိုယ်တောင်းပန်ပါတယ်ကွယ်၊ ကိုယ်က မင်းကိုချစ်လွန်းလို့ ပြောမိတာပါ၊ ကိုယ့်ကို ခွင့်လွှတ်ပါနော်၊ ကိုယ့်စကားကို ဗွေမယူပါနဲ့နော်"

"ရှင့်ကိုလဲ ကျွန်မ အသက်တမျှ ချစ်ပါတယ် ရစ်ချတ်၊ ကျွန်မ ရှင့်ကို ရိုက်မိတာ ခွင့်လွှတ်ပါ၊ ရှင်ကို ကျွန်မ မညာတော့ပါဘူး၊ ကျွန်မမှာ ရှင်ကလွဲပြီး ဘယ်ချစ်သူမှ မရှိတာ အမှန်ပါ၊ ကျွန်မ သစ္စာဆိုရဲပါတယ်" သူမ အသံက အက်ကွဲလာသည်။

"ကိုယ် ယုံပါတယ် အချစ်ရယ်၊ ကဲ တိတ်ပါ တိတ်ပါ၊ ငိုမနေပါနဲ့တော့" ပြောရင်းဆိုရင်း သူက နမ်းလိုက်သည်။

ထို့နောက်တော့ နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ကျစ်ကျစ်ပါအောင် ပွေ့ဖက်ပြီး စကားလုံးဝမပြောဘဲ ဆိုဖာပေါ်တွင် ထိုင်ရင်း အတန်ကြာမျှ ငြိမ်နေကြသည်။ရစ်ချတ်က ဖလော်ရင်တီနာ၏ နဖူးဆံစကို တယုတယ ညင်ညင်သာသာ ပွတ်ပေးနေသည်။ ဖလော်ရင်တီနာက ရစ်ချတ်၏ ရုပ်အင်္ကျီအပေါ်ကြယ်သီးနှစ်ခုကြားသို့ လက်ချောင်းကလေးများထိုးကာ ကစားနေသည်။

◇ ◇ ◇

"မင်းကို ကိုယ်သိပ်ပြီး ချစ်နေမိ ဂျက်စီ၊ တကယ်တော့ မင်းကို စတွေ့တဲ့နေ့ကစပြီး ချစ်ခဲ့မိတာပါ၊ ကိုယ့်ကို လက်ထပ်နိုင်မှာလား အချစ်ရယ်၊ ကိုယ့်ကို ပြန်ချစ်နိုင်မယ်ဆိုရင် ရာသက်ပန် ရိုးမြေကျ ပေါင်းသင်းသွားဖို့ ကိုယ်ဆုံးဖြတ်ထားပြီးပါပြီကွယ်"

"ရှင့်ကိုလဲ ကျွန်မ အသည်းစွဲအောင် ချစ်မိပါပြီ ရစ်ချတ်၊ ဒါပေမယ့် ကျွန်မရဲ့ ဘဝမှန်ကို အလျင်ပြောပြပါရစေဦးလား"

ထို့ဂနောက်တွင် ဖလော်ရင်တီနာက သူမ၏ ဖြစ်ကြောင်းကုန်စင်ကို အစမှအဆုံး စီကာပတ်ကုံး ပြောပြလိုက်သည်။ သူမစကားဆုံးသွားသောအခါ ရစ်ချတ်က ဘာမှ ပြန်မပြောဘဲ တွေတွေကြီး ငိုင်နေသည်။

"ဘယ်လိုလဲ ကျွန်မအကြောင်း သိသွားတော့ ကျွန်မကို မချစ်နိုင်တော့ဘူးလားဟင်"

"အဲဒီလိုမဟုတ်ပါဘူး အချစ်ရယ်၊ ဒါပေမယ့် ကိုယ့်ဖေဖေနဲ့ မင်းဖေဖေတို့က တစ်ယောက်မျက်နှာ တစ်ယောက် လုံးဝမကြည့်နိုင်ကြတဲ့ ကမ္ဘာရန်တွေ ဖြစ်နေကြတယ်ကွယ်"

"ဟင် ရှင် ဘာပြောတာလဲ ဟင်၊ ကျွန်မတော့ ဘာမှ နားမလည်ဘူး"

"မင်းဖေဖေက ငါတို့မိသားစုတစ်ခုလုံး ပျက်စီးအောင် ကျိတ်ကြံနေတယ်ဆိုတာ တစ်ခါက ဖေဖေပြောနေသံ ကိုယ်ကြားဖူးလို့ပါ အချစ်ရယ်"

"ဘာဖြစ်လို့လဲဟင်၊ ဖေဖေက အဲဒီလိုဘာဖြစ်လို့ ကြံစည်နေရတာလဲ မောင်၊ ကျွန်မတော့ ဖေဖေပြောတာ တစ်ခါမှ မကြားဖူးပါဘူး၊ သူတို့နှစ်ယောက်ချင်းတောင်မှ မသိကြတာ၊ အဲဒီလို ဘာဖြစ်လို့ ရန်သူကြီးတွေ ဖြစ်နေကြရတာလဲဟင်"

သည်တစ်ကြိမ်တွင်တော့ ဇာတ်ကြောင်းပြန်ရန် တာဝန်မှာ ရစ်ချတ်၏ အလှည့်သို့ ရောက်လာသည်။ ရစ်ချတ်က သူ့မေမေထံမှ တစ်ဆင့်သိရသမျှ အကြောင်းစုံကို ပြန်လည်ပြောပြလိုက်သည်။

"အို... ဘုရား...ဘုရား၊ ဖေဖေ တစ်ခါက ဘဏ်စာရင်းပြောင်းတော့ 'ဒါဟာ သစ္စာဖောက်မှုကြီးပဲ' လို့ ပြောတာ ကျွန်မ နားစွန်နားဖျားကြားလိုက်မိတာ ဒီကိစ္စပဲထင်ပါရဲ့၊ ဒီလိုဆိုရင် ကျွန်မတို့ ဘယ်လိုလုပ်ကြမှာလဲ မောင်ရယ်"

"ဘယ်လိုလုပ်ရမှာလဲ အမှန်အတိုင်း ပြောပြလိုက်ရုံပဲပေါ့၊ တို့က တစ်ယောက်အပေါ် တစ်ယောက် မေတ္တာသက်ဝင်ပြီး ဖြူဖြူစင်စင် ချစ်မိကြတာ၊ အဲဒါကြောင့် တို့နှစ်ယောက် လက်ထပ်ကို လက်ထပ်ကြတော့မယ်လို့ ပြောပြလိုက်ရုံပဲပေါ့၊ တို့က သူတို့နှစ်ယောက် ကမ္ဘာရန်ဖြစ်နေကြောင်း ဘာမှ သိကြတာမှ မဟုတ်ဘဲ၊ သူတို့က ဘယ်လိုပဲတားတား တို့နှစ်ယောက်ကတော့ နောက်မဆုတ်စတမ်းပဲ"

"ဆန္ဒမစောပါနဲ့ဦးလား မောင်ရယ်၊ တစ်ပတ် နှစ်ပတ်လောက် စောင့်ကြည့်ကြပါဦးစို့လား နော်"

"ဘာဖြစ်လို့လဲ၊ ငါနဲ့ လက်မထပ်ရဘူးလို့ မင်းဖေဖေက တားမယ်ထင်လို့လား"

"အဲဒီလို မဟုတ်ပါဘူး ရစ်ချတ်" သူမက သူမ၏ခေါင်းကို ရစ်ချတ်၏ ပခုံးပေါ်မှာ

အသာမှီလိုက်ပြီးနောက် "ဒါပေမယ့် ကျွန်မတို့ဘက်က ပိုင်ပိုင်နိုင်နိုင်ဖြစ်ပြီးမှ ပြောပြတာက ပိုမကောင်းဘူးလား မောင်ရယ်၊ တကယ်တော့ သူတို့က မောင်ထင်သလို တင်းချင်မှတင်းမှာပါ၊ ပြီးတော့ မောင်ပြောတဲ့ လေယာဉ်ကုမ္ပဏီကိစ္စကလဲ ငါးနှစ်တောင်မှ ရှိသွားပြီပဲ"

"သူတို့က ပြင်းပြင်းထန်ထန် ကန့်ကွက်ကြမှာကတော့ သေချာပါတယ်ကွယ်၊ ဒါကိုတော့ ကိုယ်သေချာပေါက် ပြောရဲပါတယ်၊ ကိုယ်တို့နှစ်ယောက် လက်ထပ်မှာကို မဆိုထားနဲ့ အတူတူ တွဲသွားတာမြင်တောင်မှ ကိုယ့်ဖေဖေကတော့ အကြီးအကျယ် ဒေါသူပုန်ထမှာပဲ"

"ဒါဆိုရင်လဲ ဒီကိစ္စ ခဏမေ့ထားလိုက်ကြပါစို့ မောင်ရယ်၊ ဒီကြားထဲမှာ ကျွန်မတို့ နှစ်ယောက် ခေါင်းအေးအေးနဲ့စဉ်းစားပြီး အဖြေရှာကြတာပေါ့ ဟုတ်လား"

သူက သူမအား နမ်းလိုက်ပြန်သည်။

"မင်းကို ကိုယ်သိပ်ပြီး ချစ်တယ် ဂျက်စီ"

"ဖလော်ရင်တီနာပါ"

"ပါးစပ် အကျင့်ပါနေလို့ပါ အချစ်ရယ်၊ တကယ်ပြောတာပါ၊ မင်းကို ကိုယ်မခွဲနိုင်တော့ဘူး ဖလော်ရင်တီနာ"

◇ ◇ ◇

နောက်တစ်လအတွင်းတွင် ဖလော်ရင်တီနာက မိခင်ကြီးနှင့် ဂျော့တို့အား မသိမသာ လိမ္မာပါးနပ်စွာ မေးကြည့်ခြင်းဖြင့်လည်းကောင်း၊ ရစ်ချတ်က ဖခင်ကြီး၏ လျှို့ဝှက်ဖိုင်တွဲကို တိတ်တဆိတ် ခိုးကြည့်ခြင်းဖြင့်လည်းကောင်း သူတို့ ဖခင်နှစ်ယောက်၏ ကမ္ဘာမကြေ မုန်းတီးမှုကြီးအကြောင်းရင်းကို ပြည့်ပြည့်စုံစုံ သိရှိခဲ့ကြရသည်။

သည်တော့မှ ဖခင်နှစ်ယောက်တို့၏ မုန်းတီးမှု အတိုင်းအတာ မည်မျှကြီးမားကြောင်းကို ခန့်မှန်းမိကြတော့သည်။ တစ်ချိန်တည်းတွင် ဖခင်နှစ်ယောက်တို့အား မည်သည့်နည်းဖြင့် ပြောပြပြောပြ ပြော၍ရနိုင်စရာ လုံးဝမရှိဆိုသည်ကိုလည်း နှစ်ယောက်စလုံးပင် လက်ခံမိကြသည်။

သည်လိုနှင့် နောက်တစ်လအတွင်းတွင် သူတို့နှစ်ယောက် ယခင်အတိုင်းပင် အားလပ်ရက်တိုင်း ချိန်းတွေ့မြဲ တွေ့နေကြသည်။ ရစ်ချတ်က လုံးဝအပြုံးမပျက်။ ယခင်အတိုင်းပင် အမြဲတမ်း ပျော်ရွှင်တက်ကြွနေသည်။ နှစ်ယောက်သား စကိတ်စီးထွက်ကြသည်။ ပြဇာတ်သွားကြည့်ကြသည်။ စင့်ထရယ်ပတ်ခ်ပန်းခြံထဲတွင် လမ်းလျှောက်ကြသည်။ ဖလော်ရင်တီနာ၏ တိုက်ခန်းတွင် သီချင်းနားထောင်ကြသည်။ ရစ်ချတ် တယောထိုးကောင်းသည်ဆိုသည်ကို ဖလော်ရင်တီနာက သိပ်ပြီး မယုံချင်။ ရစ်ချတ်က ဂျာမန်ဂီတစာဆိုကြီး ဘရမ်း၏ တေးသွားအလိုက် လက်သံပြောင်ပြောင်နှင့် ထိုးပြလိုက်တော့မှ ဖလော်ရင်တီနာက လက်ခုပ်လက်ဝါးတီးပြီး ချီးကျူးရတော့သည်။

ရစ်ချတ်က တယောကို ရင်ခွင်ပိုက်ကာ ဖလော်ရင်တီနာ၏ ရှုမဝနိုင်သော မျက်နှာလေးကို ရွှန်းရွှန်းစားစား စိုက်ကြည့်နေပြီး အတန်ကြာတော့မှ သတိဝင်လာသည့်အလား

"ဒါနဲ့ ကိုယ်တို့ကိစ္စ ဖွင့်ပြောလိုက်ကြတော့မယ် အချစ်ရယ်"

သူက တယောကို တင်ခုံတွင် ပြန်ချထားလိုက်ပြီး ဖလော်ရင်တီနာအား ပွေ့ဖက်ထားလိုက်သည်။

"ဟုတ်တယ် ဖွင့်ကို ဖွင့်ပြောရတော့မှာပဲ မောင်၊ ဒါပေမယ့် ဖေဖေ စိတ်မချမ်းမသာဖြစ်မှာကိုတော့ ကျွန်မ သိပ်ပြီး စိုးရိမ်မိတယ် မောင်ရယ်"

"ဟုတ်ပါတယ်၊ ကိုယ်သိပါတယ်၊ အချစ်ရယ်"

"လာမယ့် သောကြာနေ့မှာ ဖေဖေ ဝါရှင်တန်က ပြန်လာတော့မယ်"

"ဒါဖြင့် အဲဒီနေ့မှာ ပြောဖြစ်အောင် ပြောကြတာပေါ့ ဟုတ်လား"

သူက သူမအား အသက်ရှူကျပ်မတတ် ကျစ်ကျစ်ပါအောင် ပွေ့ဖက်ထားလိုက်သည်။

✧ ✧ ✧

ရစ်ချတ်သည် တနင်္လာနေ့တွင် ဟားဗတ်တက္ကသိုလ်သို့ ပြန်ရောက်လာသည်။ ဖလော်ရင်တီနာက အလုပ်မှ နေ့ဝက် ခွင့်ယူလိုက်သည်။ နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာကြစဉ် ၇၅ လမ်းနှင့် ပတ်ခ်အဲဗင်းနယူးလမ်းထောင့်ရောက်တော့ "ခေတ္တရပ်နေပါ" ဟူသော မီးနီဆိုင်းဘုတ်ကြောင့် နှစ်ယောက်သား ရပ်လိုက်ကြသည်။ ရစ်ချတ်က ဖလော်ရင်တီနာ၏ မျက်နှာကို ရွှန်းရွှန်းစားစား စိုက်ကြည့်ပြီး သူ့ကို လက်ထပ်ရန် ခွင့်တောင်းပြန်သည်။ သူက အင်္ကျီအိတ်ထဲမှ အနီရောင် သားရေကြွတ်ကလေးတစ်ခုကို ထုတ်ယူပြီး ကြွတ်ကို ဖွင့်လိုက်သည်။ ပြီးတော့ ကြွတ်ထဲမှ စိန်ရံထားသော ဥဿဖယားလက်စွပ်ကလေးတစ်ကွင်းကို ထုတ်ယူပြီး ဖလော်ရင်တီနာ၏ ဘယ်ဘက် လက်ခလယ်တွင် ဝတ်ပေးလိုက်သည်။ လက်စွပ်ကလေးက လှလွန်းသဖြင့် ဖလော်ရင်တီနာမှာ ဝမ်းသာလွန်း၍ မျက်ရည်ပင် လည်လာမိသည်။ လက်စွပ်ကလေးမှာ သူမ၏လက်နှင့် အနေတော်ပင်ဖြစ်သည်။ တစ်ယောက်ကို တစ်ယောက်ဖက်ကာ လမ်းထောင့်တွင် ရပ်ရင်း ချစ်ကြည်နူးနေကြသော သူတို့နှစ်ယောက်အား လမ်းသွားလမ်းလာများက စောင့်ကြည့်သွားကြသည်။ 'ဆက်လျှောက်နိုင်ပြီ'ဟူသော ဆိုင်းဘုတ်ပေါ်လာတော့မှ နှစ်ယောက်သား အနမ်းဖြင့် ခွဲခွာလိုက် ကြသည်။ ဖလော်ရင်တီနာက မျက်ရည်ရွဲရွဲနှင့်ပင် ပြုံးပြရှာသည်။

ချစ်သူနှစ်ယောက်တို့သည် ဖခင်များနှင့် ရင်ဆိုင်ရန် ဆန့်ကျင်ဘက်အရပ်သို့ အသီးသီး ဦးတည်၍ထွက်ခွာသွားကြသည်။ ကိစ္စပြီးပြတ်သောအခါ ဖလော်ရင်တီနာ၏ တိုက်ခန်းတွင် ပြန်လည်တွေ့ဆုံကြရန် ဖြစ်သည်။

✧ ✧ ✧

ဖလော်ရင်တီနာသည် လက်စွပ်ကလေးကို ကြည့်ကာ ကြည့်ကာဖြင့် နယ်စားဟိုတယ်ဆီသို့ လျှောက်လာခဲ့သည်။ လက်စွပ်ကလေးက သူမ၏လက်ပေါ်တွင် အသစ်အဆန်းလိုဖြစ်နေသည်။ လမ်းသွားလမ်းလာများက တောက်ပသော ဥဿဖယား ကျောက်ကလေးကို စောင်းငဲ့၍များ

ကြည့်သွားကြသလားဟု သူမက ထင်မိသည်။ ရစ်ချတ်က သူမ၏လက်တွင် ယင်းလက်စွပ်ကလေးကို ဝတ်ပေးသော အချိန်တွင် သူမ၏ရင်သည် တထိတ်ထိတ်ခုန်မိခဲ့သည်။ သူမသည် ပတ်ပတ်လည် စိန်စီထားသော ဥသဖယားကျောက်ကလေးကို အသာအယာ ပွတ်ကြည့်လိုက်သည်။

ဟိုတယ်နှင့်နီးလာလေလေ ခြေလှမ်းနှေးလာလေလေ ဖြစ်သော်လည်း စိတ်ထဲကတော့ လက်စွပ်ကလေးကြောင့် အားတက်နေမိသည်။

ဟိုတယ်ဧည့်ခန်းစားပွဲသို့ ရောက်သောအခါ သူမ၏ ဖခင်နှင့် ဂျော့နီဗက်တို့နှစ်ယောက် သီးသန့်ခန်းတွင်ရှိနေကြောင်း ဧည့်လက်ခံစာရေးက ပြောသည်။

၄၂ ထပ်သို့ ဓာတ်လှေကားရောက်သောအခါ သူမသည် ဓာတ်လှေကားထဲမှထွက်ရန် တုံ့နှေးနေမိသည်။ သူမသည် စိတ်ကိုတင်းကာ အစိမ်းရောင် ကော်ဇောခင်း ကြမ်းပြင်ပေါ်သို့ လှမ်းထွက်လိုက်သည်။ နောက်ဘက်တွင် ဓာတ်လှေကားတံခါး ပိတ်သွားသံ ကြားလိုက်ရသည်။

စင်္ကြံလမ်းပေါ်တွင် အတန်ကြာမျှ ရပ်နေမိသည်။ ပြီးတော့မှ ရှေ့သို့ ဆက်လျှောက်လာပြီး အခန်းတံခါးကို ခပ်ဖော့ဖော့ခေါက်လိုက်သည်။ အေဘယ်ကိုယ်တိုင် တံခါးလာဖွင့်သည်။

"ဟာလို သမီးပါလား၊ ကဲ... လာ၊ ဖေဖေက သမီး ဒီနေ့လာလိမ့်မယ်လို့ လုံးဝမထင်ဘူး"

ဂျော့က ပြတင်းပေါက်နားတွင်ရပ်ကာ၊ ပတ်ခ်အဲဗင်းနယူးလမ်းမကြီးကို လှမ်းကြည့်နေသည်။ သူက သူ၏ခေါင်းကိုင်သမီးကို နှုတ်ဆက်ရန် လှမ်းကြည့်လိုက်သည်။

ဖလော်ရင်တီနာက ဂျော့အား အခန်းထဲမှ ထွက်သွားစေလိုသော မျက်လုံးများနှင့် လှမ်းကြည့်နေသည်။ သွားပါ၊ ကျေးဇူးပြုပြီး ထွက်သွားပါ သူမရင်ထဲက အသံတိတ် တောင်းပန်နေမိသည်။ ဂျော့က သူမ၏ ညှိုးငယ်သော မျက်နှာအမူအရာကို အကဲခတ်မိပြီး...

"ကဲ... အေဘယ်၊ ကျွန်တော် အလုပ်ထဲသွားလိုက်ဦးမယ်၊ ဒီနေ့ညနေ အန္တိုယက မဟာရာဇာတစ်ယောက် လာတည်းဖို့ရှိတယ်၊ ခင်ဗျားတို့ သားအဖနှစ်ယောက် အေးအေးဆေးဆေး စကားပြောကျန်ရစ်ကြပေတော့"

"မဟာရာဇာကို ပြောလိုက်ပါဗျာ၊ သူ့ဆင်တွေကို ဒီကိုယူမလာပါနဲ့၊ ပလာဇာဟိုတယ်မှာပဲ အပ်ထားခဲ့ပါလို့" အေဘယ်က ရယ်ပြီးပြောသည်။ "ထိုင်ပါဦးလေဗျာ၊ ဒီမှာ ဖလော်ရင်တီနာ ရောက်လာတုန်း တစ်ခွက်လောက်သောက်လိုက်ပါဦးလား"

ဂျော့က ဖလော်ရင်တီနာဘက်သို့ လှမ်းကြည့်လိုက်သည်။

"နေပါစေ အေဘယ်၊ ကျွန်တော် သွားလိုက်ဦးမယ်၊ မဟာရာဇာက တစ်ခန်းတည်းငှားတာမဟုတ်ဘူးဗျ၊ ၃၃ ထပ် တစ်ထပ်လုံး ငှားထားတာ၊ အဲဒါ အစီအစဉ်တွေ သွားလုပ်ရဦးမယ်၊ ပြီးတော့ သူက သူ့ကို အနည်းဆုံး ဟိုတယ် ဒုဥက္ကဋ္ဌလောက်က ကြိုဆိုစေချင်တာ၊ ကဲ... သွားဦးမယ် ဖလော်ရင်တီနာက ဝွတ်နိုက်"

ဂျော့က ဖလော်ရင်တီနာ၏ လက်ကလေးကိုကိုင်ကာ ပါးပြင်ကိုနမ်း၍ နှုတ်ဆက်လိုက်သည်။ ဖလော်ရင်တီနာသည် အားအင်လျော့နေသလို ဖြစ်နေကြောင်း ဂျော့က အမူအရာကြည့်

၍ အကဲခတ်မိလိုက်သည်။

ထိုနောက် သူ အခန်းထဲမှ ပြန်ထွက်သွားသည်။

ဂျော့ထွက်သွားပြီးတော့ သူရှိနေရင် သိပ်ကောင်းမှာပဲဟု ဖလော်ရင်တီနာက တွေးလိုက်မိသည်။

အေဘယ်က သမီးငယ်၏ ဆံပင်ကို တယုတယ ပွတ်သပ်လိုက်ပြီး…

"ဘလူမင်ဒယ်မှာ လုပ်ရတာ ဘယ်လိုနေသလဲ သမီး၊ မကြာခင် သမီးအလုပ်ကထွက်ရတော့မယ်ဆိုတာ သူတို့ကို ပြောပြပြီးပြီလား၊ ဂျက်စီကိုဗက်ဆိုတဲ့ မိန်းကလေးက သူတို့ကုန်တိုက်ကထွက်ပြီး မကြာခင်မှာ ပြင်သစ်က 'ကိန်းနယ်စားဟိုတယ်' သစ်ကြီးကို ဖွင့်ပေးရတော့မယ်ဆိုတာ သူတို့သိသွားရင် သိပ်ပြီးအံ့သြကြမှာပဲ သမီး"သူက သူ့စကားသူ သဘောကျစွာဖြင့် တဟားဟားရယ်နေသည်။

"သမီး လက်ထပ်တော့မယ် ဖေဖေ"

သူမက လက်စွပ်ဝတ်ထားသော လက်ကို မဝံ့မရဲ ကမ်းပေးလိုက်သည်။ သူမသည် ရှေ့ကို ဘာမှ ဆက်မပြောတတ်အောင် ဖြစ်နေသည်။ ဖေဖေ့စကားကိုသာ ရင်တထိတ်ထိတ်နှင့် နားစွင့်လျက်ရှိသည်။

"ဆိုင်းမဆင့် ဗုံမဆင့်ကြီးပါလား သမီးရယ်"

အေဘယ်က အနည်းငယ် အံ့သြသွားသံဖြင့် ပြန်ပြောသည်။

"ကျွန်မ သူနဲ့သိနေတာတော့ တော်တော်ကြာပါပြီ ဖေဖေ"

"သူငယ်က ဘယ်ကလဲ၊ ဖေဖေ သိတဲ့လူများလား၊ ဖေဖေ တွေ့ဖူးသလား"

"ဖေဖေနဲ့ မတွေ့ ဖူးသေးပါဘူး"

"သူက ဘယ်ကလဲ၊ မိသားစု အခြေအနေက ဘယ်လိုလဲ…၊ ပိုလန်လူမျိုးပဲလား၊ ဖေဖေ့ကို စောစောကတည်းက ဘာလို့ မပြောရတာလဲ သမီးရယ်"

"သူက ပိုလန်လူမျိုးမဟုတ်ဘူဖေဖေ၊ ဘဏ်လုပ်ငန်းရှင်တစ်ဦးရဲ့သားပါ"

အေဘယ်၏ မျက်နှာတွင် သွေးဆုတ်သွားသည်။ အရက်ခွက်ကို ကောက်ကိုင်ပြီး တစ်ကျိုက်တည်း မော့ချလိုက်သည်။ နောက်တစ်ခွက် ထပ်ထည့်ပြီး မော့ကျလိုက်ပြန်သည်။ ဖလော်ရင်တီနာက ဖခင်ဖြစ်သူ၏ ရင်ထဲ ဘယ်လို ခံစားနေရမည်ကို မှန်းဆပြီး သိလိုက်သည်။ ပေါက်တဲ့နဖူး မထူးတော့ဘူးဆိုကာ သူမက ပြောင်ပြောင်ပင် ပြောလိုက်တော့သည်။

"သူ့နာမည်က ရစ်ချတ်ကိန်းလို့ ခေါ်ပါတယ် ဖေဖေ"

အေဘယ်က သမီးဘက်သို့ ဆတ်ကနဲ လှည့်လိုက်ပြီး…

"သူက ဝီလျံကိန်းရဲ့သားလား… ဟင်… ဟုတ်လား"

"ဟုတ်ပါတယ် ဖေဖေ"

"အေး ကောင်းကြရောပေါ့ကွာ၊ မင်းက ဝီလျံကိန်းရဲ့ သားကိုမှ လက်ထပ်မယ်တဲ့လား၊ ဒီလူဟာ ငါ့အပေါ်မှာ ဘယ်လောက်ထိ ရက်စက်ထားတယ်၊ဆိုတာ မင်းသိရဲ့လား ဟင်၊ ဒီလူက ငါ့ရဲ့ကျေးဇူးရှင်ကို သေအောင်လုပ်ခဲ့တဲ့လူ၊ ဟုတ်တယ် မစ္စတာလီရွိုင်းကို ကိုယ့်ကိုကိုယ်

သတ်သေအောင် ဒုက္ခပေးခဲ့တဲ့လူ၊ အဲဒါနဲ့ မကျေနပ်သေးလို့ ငါ့ကို စီးပွားပျက်အောင် လုပ်ဖို့ ကြိုးစားခဲ့တဲ့လူ၊ မစ္စတာမက်တွန်ကသာ ငါ့ကို မကယ်လိုက်ရင် သူ့ကြောင့် ငါ့ဘဝတစ်ခါတည်း ရေစုံမျောပြီး သူက ငါ့ပိုင်တယ်တွေကို အကုန်သိမ်းပြီး တခြားရောင်းပစ်လိုက်မှာ ကျိန်းသေပဲ၊ ဒါတွေကို မင်းက လုံးဝထည့်မတွက်တော့ဘူးလား ဖလော်ရင်တီနာ"

"သမီး ထည့်တွက်ပါတယ် ဖေဖေ၊ ရက်တော်တော်ကြာအောင် သမီး စဉ်းစားခဲ့ပါတယ်၊ ဖေဖေနဲ့ မစ္စတာဝီလျံကိန်းတို့ အချင်းချင်း အခုလို ကမ္ဘာရန်တွေ ဖြစ်နေကြတာ သိရတော့ ကျွန်မနဲ့ ရစ်ချတ်တို့ဟာ အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်ခဲ့ကြရပါတယ် ဖေဖေ၊ သူလဲ ဒီအချိန်မှာ သူ့ဖေဖေကို ပြောပြနေတုန်း ရှိပါလိမ့်မယ်"

"အေး... ဒီလူက ဘာပြန်ပြောမယ်ဆိုတာ ငါအားလုံးသိတယ်၊ သူက ယမ်းပုံမီးကျ ဒေါသအိုး ပေါက်ကွဲမှာ သေချာတယ်၊ သူက သူ့သားကို ရွှေပေါ်မြတင် တန်ဖိုးထားတဲ့လူ၊ ငါ့သမီးနဲ့ ဘယ်တော့မှ လက်ထပ်ခွင့်ပြုမှာ မဟုတ်ဘူး"

အေဘယ် အသံက ဒေါသကြောင့် ပို၍ ကျယ်လောင်လာသည်။

"သမီးတို့နှစ်ယောက်ဟာ ရိုးသားစွာ ချစ်ခင်မိကြတာပါ... ဖေဖေ၊ သမီးကို ခွင့်လွှတ်ပါ ဖေဖေ၊ သမီးအနေနဲ့ ဖေဖေရဲ့ မေတ္တာကိုပဲ တောင်းခံချင်ပါတယ်၊ ဖေဖေရဲ့ ဒေါသကို မလိုချင်ပါဘူး"

အေဘယ်၏ မျက်နှာတစ်ပြင်လုံး နီရဲလာသည်။

"ဒီမှာ ဖလော်ရင်တီနာ၊ ငါပြောတာကို သေသေချာချာနားထောင်၊ မင်း ဒီနေ့ကစပြီး အဲဒီအကောင်နဲ့ လုံးဝမတွေ့ရတော့ဘူး၊ ငါပြောတာ နားလည်ရဲ့လား"

"ဟုတ်ကဲ့... နားလည်ပါတယ် ဖေဖေ၊ ဒါပေမယ့် သမီး သူ့ကို မတွေ့ဘဲ မနေနိုင်ဘူး ဖေဖေ၊ ဖေဖေက သူ့အဖေကို မုန်းတာကြောင့်တော့ ရစ်ချတ်ကို သမီး မခွဲနိုင်ဘူး ဖေဖေ"

သူမက လက်စွပ်ဝတ်ထားသောလက်ကို တခြားလက်တစ်ဖက်နှင့် ဆုပ်ကိုင်ထားသည်။ သူမတစ်ကိုယ်လုံး တုန်ချင်သလိုလို ခံစားရသည်။

"လုံးဝ မဖြစ်နိုင်ဘူး ဘယ်တော့မှ မဖြစ်နိုင်ဘူး၊ ငါ လုံးဝသဘောမတူဘူး၊ ဘယ့်နှယ် မဟုတ်တာပဲ၊ ငါ့သမီးက ဝီလျံကိန်းသားနဲ့ လက်ထပ်မယ်ဆိုရင် ရာဇဝင်ရိုင်းတော့မှာပေါ့၊ ငါ သဘောမတူဘူး၊ လုံးဝ သဘောမတူဘူး၊ ဒါပဲ"

"သမီးဟာ ဖေဖေ့ကို စွန့်ခွာသွားတာမဟုတ်ပါဘူး ဖေဖေ၊ အဲဒီလိုလုပ်ချင်ရင် ဖေဖေ့ကို မပြောဘဲ ဆင်းလိုက်သွားမှာပေါ့၊ ဒါပေမယ့် သမီး အဲဒီလိုဘယ်တော့မှ မလုပ်ပါဘူး၊ သမီးက အခု ၂၁ နှစ်ရှိပါပြီ ဖေဖေ၊ သမီး ရစ်ချတ်ကို လက်ထပ်မယ် ဖေဖေ၊ သူ့ကို သားလင် အမှတ်နဲ့ သမီးရာသက်ပန် ပေါင်းသွားတော့မယ်၊ သမီးကို ကူညီပါ ဖေဖေ၊ ဖေဖေ သူနဲ့ ခဏ ဖြစ်ဖြစ် တွေ့ကြည့်ပါလား ဖေဖေ၊ သူနဲ့ စကားပြောကြည့်ရင် ဖေဖေလဲ သူ့ကို သဘောကျသွားမှာပါ၊ သမီး ဘာလို့ သူ့ကို ရွေးချယ်ရတာကိုလဲ သဘောပေါက်သွားမှာပါ"

"ဒီကောင် ငါ့အိမ်ရိပ်ကို ဘယ်တော့မှ မနင်းရဘူး၊ ဝီလျံကိန်းရဲ့သားနဲ့ ငါမတွေ့နိုင်ဘူး၊ တစ်သက် မတွေ့နိုင်ဘူး၊ ဒါပဲ၊ ငါပြောတာ နားလည်ရဲ့လား"

"အဲဒီလိုဆိုရင်လဲ သမီး အိမ်က ထွက်သွားရလိမ့်မယ် ဖေဖေ"

"အိုး… မင်းက ဒီလိုလား၊ ဒီလိုဆိုရင်… ငါ့ဆီက ကြေးပြားတစ်ပြားတောင် မရဘူး မှတ်၊ တစ်ပြားဆို တစ်ပြားမှ မရဘူး" သူက လေသံပျော့သွားပြီး "ဒီမှာ သမီး ဖေဖေ့ စကားကို နားထောင်စမ်းပါ၊ သမီးက အသိဉာဏ်ရှိတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ နည်းနည်းကလေးပြန်ပြီး စဉ်းစားကြည့်စမ်းပါဦး သမီးရယ်၊ သမီးလို မိန်းကလေးတစ်ယောက်အတွက် သူ့ထက်သာတဲ့ ယောကျ်ားတွေ ခေါင်းခေါက်ယူလို့ ရနိုင်ပါတယ်ကွယ်"

"အဲဒီလူတွေကို သမီး မလိုချင်ပါဘူး ဖေဖေ၊ သမီးဟာ သမီးလက်ထပ်မယ့်လူကို တွေ့ထားပြီးပါပြီ၊ သူ့အဖေရဲ့သားဖြစ်ရတာ သူ့အပြစ်မဟုတ်ပါဘူး ဖေဖေ၊ သမီးတို့နှစ်ယောက်စလုံး ဘယ်သူမှ ကိုယ့်ဖေဖေကို ကိုယ်ရွေးခဲ့ကြတာ မဟုတ်ပါဘူး"

"အိုး… မင်းက ဒီအထိတောင် အဖြစ်သည်းနေမှုကိုး၊ ဒီလိုဆို မင်းလုပ်ချင်သလို လုပ်၊ မင်း ငါ့အိမ်မှာ မနေနဲ့တော့၊ ငါ့သမီးအဖြစ်နဲ့ မင်း မထိုက်တန်တော့ဘူး" သူက တစ်ဖက်လှည့်သွားပြီး ပြတင်းပေါက်ကိုကျော်ကာ အပြင်သို့ ငေးကြည့်နေလိုက်သည်။ ခဏကြာတော့မှ ပြန်လှည့်လာပြီး "ကဲ… ဒီမှာ ငါ နောက်ဆုံးစကား ပြောလိုက်မယ်၊ မင်း အဲဒီအကောင်နဲ့ ဘယ်တော့မှ လက်မထပ်ရဘူး ဒါပဲ"

"သမီးတို့နှစ်ယောက် ဆုံးဖြတ်ပြီးသားပါ… ဖေဖေ၊ သမီးက ဝတ္ထုရားအတိုင်း ဖေဖေရဲ့ သဘောတူညီချက်ကို တောင်းရတာပါ"

အေဘယ်က သမီးဖြစ်သူအနီးသို့ လျှောက်လာပြီး…

"ဘာလဲ မင်းက ကိုယ်ဝန်ရှိနေပြီမို့လား၊ အဲဒါကြောင့် သူ့ကို လက်ထပ်ရမှာတဲ့လား"

"အဲဒီလို လုံးဝမဟုတ်ပါဘူး ဖေဖေ"

"ဒါဖြင့် မင်းသူနဲ့…"

ဖခင်၏ မေးခွန်းကြောင့် ဖလော်ရင်တီနာ လန့်သွားမိသည်။ သို့သော် မဆုတ်မနစ်ပင် ပြန်ဖြေလိုက်သည်။

"ဟုတ်… ဟုတ်ပါတယ်… ဖေဖေ"

အေဘယ်က စကားပြောမနေတော့ဘဲ လက်ကိုမြှောက်ပြီး သမီးဖြစ်သူ၏ ပါးပြင်ကို တအားရိုက်လိုက်သည်။ သူ့လက်မှ ငွေလက်ကောက်ကွင်းက ဖလော်ရင်တီနာ၏ နှုတ်ခမ်းထောင့်ကို ရှသွားသည်။ သူမ ကြမ်းပြင်ပေါ်သို့ ပုံလျက်သား လဲကျသွားသည်။

သူမ၏ မေးစေ့ပေါ်သို့ သွေးတွေ စီးကျလာကြသည်။

သူမသည် ဖခင်၏မျက်နှာကို တစ်ချက်လှည့်ကြည့်ပြီး လဲနေရာမှ ရုတ်တရက် ကုန်းထကာ အခန်းထဲမှ ဒိုယိုရင်း ပြေးထွက်လာခဲ့သည်။

ဓာတ်လှေကားကို မှီရပ်ရင်း သွေးစွန်းသောပါးပြင်ကို ပွတ်ကြည့်နေမိသည်။ ဓာတ်လှေကား တံခါး ပွင့်လာပြီး ဓာတ်လှေကားထဲမှ ဂျော့ထွက်လာသည်။

သူမက ဂျော့ရှေ့မှ ဖြတ်ပြီး ဓာတ်လှေကားထဲသို့ ကမန်းကတန်း ပြေးဝင်လိုက်သည်။

ဂျော့က ကြက်သေသေပြီး ရပ်ကြည့်နေစဉ်မှာပင် ဓာတ်လှေကား ပြန်ပိတ်သွားသည်။

✧ ✧ ✧

လမ်းမပေါ်ရောက်တော့ ဖလော်ရင်တီနာသည် တက္ကစီငှားပြီး သူမ၏ တိုက်ခန်းသို့ တန်းပြန်လာခဲ့သည်။ လမ်းတွင် ကားကို ခဏရပ်ခိုင်းပြီး ပါးစပ်မှဒဏ်ရာကို ဆေးပလာစတာ ဝယ်ကပ်လိုက်သည်။

ရစ်ချတ်သည် တိုက်ခန်းဆင်ဝင်အောက်တွင် ခေါင်းငိုက်စိုက်နှင့် ရပ်နေသည်။

ဖလော်ရင်တီက ကားပေါ်မှ ခုန်ဆင်းပြီး ရစ်ချတ်ဆီသို့ ပြေးလာခဲ့သည်။ နှစ်ယောက်သား အပေါ်ထပ်သို့ ပြေးတက်လာခဲ့ကြသည်။ အခန်းတံခါးကို ကမန်းကတန်း ဖွင့်သည်။ တံခါးကို ပြန်ပိတ်ပြီး ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"မောင့်ကို ကျွန်မအများကြီး ချစ်ပါတယ် မောင်ရယ်"

"ကိုယ်လဲ မင်းကို အများကြီးချစ်ပါတယ် ကွယ်"

ရစ်ချတ်က သူမတစ်ကိုယ်လုံး သိုင်းကျုံး ပွေ့ဖက်ထားလိုက်သည်။

"မောင့်ဖေဖေက ဘယ်လို ပြန်ပြောတယ်ဆိုတာ ကျွန်မ မေးနေစရာမလိုတော့ပါဘူးကွယ်"

သူမက ရစ်ချတ်၏ ရင်ခွင်ထဲ ဆောက်တည်ရာမရ တိုးဝင်ရင်း ပြောလိုက်သည်။

"သူ ဒီလောက် ဒေါသထွက်တာ ဒီတစ်ခါပဲ မြင်ဖူးပါတယ် အချစ်ရယ်၊ သူက မင်း ဖေဖေကို လူလိမ်၊ လူညာဆိုပြီး အော်ဟစ်ပြီး စွပ်စွဲပြောဆိုတယ်၊ ကိုယ့်ကိုလဲ တခြားတစ် ယောက်ယောက်နဲ့ယူဖို့ အတင်းတိုက်တွန်းတယ်"

"အဲဒီတော့ မောင်က ဘယ်လို ပြန်ပြောခဲ့သလဲ... ဟင်"

"နောက်တစ်ယောက်ဆိုရင် သိကြားမင်းသမီးတော်လဲ မယူနိုင်ဘူးလို့ ပြန်ပြောလိုက်တယ်၊ အဲဒီမှာ သူအကြီးအကျယ် ဒေါကန်တော့တာပဲ"

ဖလော်ရင်တီနာက ရစ်ချတ်ကို အတင်းပြန်ဖက်ထားသည်။

"ပြီးတော့ မင်းကို ကိုယ်လက်ထပ်ရင် ပိုက်ဆံတစ်ပြားမှ မပေးဘူးလို့လဲ ပြောသေးတယ်၊ ကိုယ်တို့နှစ်ယောက်က ပိုက်ဆံကို လုံးဝဂရုမစိုက်ဘူးဆိုတာ သူတို့မသိကြတာ ကိုယ်ဝမ်းနည်း မိပါတယ်၊ ကိုယ်က မေမေ့ဘက်လှည့်ပြီး အကူအညီတောင်းပါသေးတယ်၊ မေမေက ကိုယ့်ဘက် ကဝင်ပြီး ဖေဖေ့ကို ဖျောင်းဖျပေမယ့် လုံးဝမရပါဘူး၊ ဖေဖေက မေမေ့ကို အခန်းထဲက မောင်း ထုတ်တယ်၊ ဖေဖေဟာ မေမေ့ကို ဒီလို တစ်ခါမှ မဆက်ဆံခဲ့ဖူးပါဘူး၊ မေမေကတော့ ငိုရုံအပြင် ဘာတတ်နိုင်တော့မှာလဲ၊ မေမေ ငိုနေတာမြင်တော့ ကိုယ်က ပိုပြီး ဆုံးဖြတ်ချက်အတိုင်းလုပ်ဖို့ အားတက်လာမိတယ်၊ အဲဒါနဲ့ သူ့စကားတောင် ဆုံးအောင် နားမထောင်ခဲ့တော့ပဲ ကိုယ်အခန်း ထဲက ပြေးထွက်လာခဲ့တယ်၊ မင်းကရော ဘာတွေ ဖြစ်လာခဲ့သေးသလဲ"

"ဖေဖေက ကျွန်မပါးကို ရိုက်လွှတ်လိုက်တယ်၊ ကျွန်မ တစ်သက်မှာ ပထမဆုံးအကြိမ်ပဲ၊ ကျွန်မတို့နှစ်ယောက် တွဲနေတာမြင်ရင် ဖေဖေဟာ မောင့်ကို တွေ့တဲ့နေရာမှာ ပစ်သတ်လိမ့် မလားလို့တောင် ထင်ရတယ်၊ အဲဒီတော့ မထူးတော့ပါဘူး မောင်ရယ်၊ ကျွန်မတို့ ဒီနေရာက

အမြန်ဆုံး ထွက်ပြေးကြပါစို့၊ ဖေဖေက ဒီအတိုင်း ကြည့်နေမှာ မဟုတ်ဘူး၊ ကျွန်မကို လိုက်ရှာမှာ သေချာတယ်၊ ရှာရင်လဲ ဒီနေရာ အလျင်ဆုံးရောက်လာမှာပဲ၊ ကျွန်မ ကြောက်လှပါပြီ မောင်ရယ်"

"ဒီလောက်လဲ ကြောက်မနေပါနဲ့ အချစ်ရယ်၊ ကိုယ်တို့ နှစ်ယောက် ဒီညပဲ ထွက်ပြေးကြမှာပါ၊ ပြေးရင်လဲ သူတို့နှစ်ယောက် လုံးဝ ရှာမတွေ့နိုင်တဲ့ နေရာကို ပြေးကြမှာပဲ"

"အဲဒီတော့ မောင့် အဝတ်အစားတွေ ဘယ်လို လုပ်မလဲဟင်"

"မလိုပါဘူး၊ ကိုယ်ဘယ်တော့မှ အိမ်ကို ပြန်မသွားတော့ဘူး၊ မင်းသာ ကိုယ့်ပစ္စည်းတွေ မြန်မြန်ထုပ်ပိုးပြင်ဆင်ပေတော့၊ ပြီးရင် ချက်ချင်း ထွက်သွားကြမယ်၊ ကိုယ်မှာ ဒေါ်လာ ၁၀၀ လောက်တော့ ပါပါတယ်၊ ဒေါ်လာတစ်ရာ ချမ်းသာတဲ့လူကို လက်ထပ်ရတာ ဘယ်လို သဘောရသလဲဟင်"

"အရောင်းစာရေးမကလေးတစ်ယောက်အနေနဲ့ အဲဒီလောက်ပဲ မှန်းနိုင်မှာပေါ့မောင်ရယ်၊ ဒါပေမယ့် မပူပါနဲ့ မောင်၊ ကျွန်မမှာလဲ ခြေစောင့်လက်စောင့် ၂၁၂ ဒေါ်လာနဲ့ အမေရိကန် အိက်စ်ပရက်စ်ကတ် တစ်စောင်တော့ ရှိပါသေးတယ်၊ အဲဒီတော့ ကျွန်မက မောင့်အပေါ် အကြွေး ၅၆ ဒေါ်လာတင်လိမ့်မယ်၊ အဲဒါကို တစ်နှစ်တစ်ဒေါ်လာနှုန်းနဲ့ပဲ ပြန်ဆပ်ပါတော့မစ္စတာ ရစ်ချတ်ကိန်းရယ်"

✧ ✧ ✧

ဖလော်ရင်တီနာသည် နာရီဝက်အတွင်း အဝတ်အစားများ ထုပ်ပိုးပြီးသွားသည်။

ထို့နောက် စာရေးစားပွဲတွင်ထိုင်ကာ စာတစ်စောင် ကမန်းကတန်းရေးသည်။ ရေးပြီးတော့ စာအိတ်ထဲထည့်ပြီး စာအိတ်ကို အိပ်ရာဘေးမှ စားပွဲပေါ်တွင် တင်ထားလိုက်သည်။

ရစ်ချတ်က ကားတစ်စီးသွားငှားသည်။ အရေးအကြောင်းကြုံလာလျှင် ဖျတ်လတ်လျင်မြန်စွာ ဆောင်ရွက်နိုင်စွမ်းရှိသော သူမ၏ ချစ်လင်အတွက် စိတ်ထဲမှ ကျိတ်ပြီး ဂုဏ်ယူဝမ်းသာမိသည်။

လေယာဉ်ကွင်းရောက်တော့ ရစ်ချတ်သည် ဆန်ဖရန်စစ္စကိုမြို့သို့ လက်မှတ်နှစ်စောင် ဝယ်လိုက်သည်။ အမေရိကန်ပြည်ထောင်စု မြေပုံပေါ်တွင် အစွန်အဖျား အကျဆုံး ဒေသဖြစ်သောကြောင့် သည်မြို့ကို တွေးချယ်လိုက်ခြင်းဖြစ်သည်။

ည ၇း၃၀ နာရီတွင် အမေရိကန်လေကြောင်းဌာနမှ ဂျက်လေယာဉ်ပျံကြီးသည် ခုနစ်နာရီကြာ ခရီးကို ပျံသန်းရန် လေယာဉ်ပြေးလမ်းပေါ်တွင် စတင်ရွေ့လျားနေလေပြီ။

ရစ်ချတ်က ဖလော်ရင်တီနာအား ကုလားထိုင်ခါးပတ် ပတ်ပေးသည်။

ဖလော်ရင်တီနာက ပြုံးကြည့်နေရင်းမှ မေးလိုက်သည်။

"ရှင့်ကို ကျွန်မ ဘယ်လောက်အထိ ချစ်တယ်ဆိုတာ သိပါရဲ့လား မစ္စတာကိန်း"

"ဟုတ်ကဲ့ မစ္စက်ကိန်း၊ သိတယ်လို့ ကျွန်တော် အကြွင်းမဲ့ ယုံကြည်ပါတယ် ခင်ဗျား"

## (၃၃)

အေဘယ်နှင့် ဂျော့တို့သည် ဖလော်ရင်တီနာနှင့် ရစ်ချတ်တို့ လေဆိပ်သို့ ထွက်သွားပြီးနောက် မိနစ်ပိုင်းအတွင်း အရှေ့ ၅၇ လမ်းမှ ဖလော်ရင်တီနာ၏ တိုက်ခန်းသို့ ရောက်လာကြသည်။ လက်ဖျားနှင့်ပင် တစ်ခါမျှ မထိဖူးသော သမီးဖြစ်သူအား ပါးကို ရိုက်လိုက်မိသည့်အတွက် အေဘယ်သည် အလွန်ပင် နောင်တရမိသည်။ သူ၏ တစ်ဦးတည်းသော သမီးကလေး ထွက်သွားလျှင် သူ့ဘဝ ဘယ်လိုနေလိမ့်မည်ဆိုသည်ကို တွေး၍လည်း အထူးပင် စိတ်မချမ်းမသာ ဖြစ်မိရသည်။

သမီးဖြစ်သူအား တွေ့လျှင် ချော့မော့ဖျောင်းဖျပြီး ဝီလျံကိန်း၏သားနှင့် လက်မထပ်နိုင်ရန် အချိန်မနှောင်းမီ တားဆီးရတော့မည်။ မိမိစကားကို နားထောင်လျှင် သမီးဖြစ်သူလိုချင်တာကို ဘာမဆို လုပ်ပေးမည်ဆိုသည်ကိုလည်း ဆုံးဖြတ်လိုက်သည်။

ဂျော့က အခန်းတံခါးကို ခေါက်လိုက်သည်။ အတွင်းမှ ဘာသံမှမကြားရ။ နောက်ထပ် တစ်ကြိမ် ခေါက်လိုက်ပြန်သည်။ နှစ်ယောက်သား နားစွင့်နေကြသည်။ သည်တစ်ကြိမ်တွင်လည်း ဘာသံမှ မကြားရ။

နောက်ဆုံးတော့ အေဘယ်က ဖလော်ရင်တီနာ ပေးထားသော အပိုသော့ဖြင့် တံခါးကို ဖွင့်လိုက်သည်။

နှစ်ယောက်သား အခန်းထဲ အနှံ့အပြား လိုက်ရှာကြသည်။ မျှော်လင့်ချက်တော့ လုံးဝ မထားကြ။

"သူထွက်သွားပြီးပြီ"

ဂျော့က အိပ်ခန်းထဲ လိုက်ရှာနေသော အေဘယ်ထံသို့ ရောက်လာသည်။

"ဟုတ်တယ်၊ ဘယ်များ ထွက်သွားပါလိမ့်"

အေဘယ်သည် စားပွဲပေါ်မှစာအိတ်ကို ရုတ်တရက် မြင်လိုက်ရသည်။ သူက စာအိတ်ကို ကမန်းကတန်း ဖောက်ဖွင့်လိုက်သည်။

**"လေးစားပါသော ဖေဖေ...**

အခုလို သမီးထွက်ပြေးသွားခြင်းအတွက် သမီးကို ခွင့်လွှတ်ပါရန် အနူးအညွတ် တောင်းပန်ခဲ့ပါတယ် ဖေဖေ၊ သမီး ရစ်ချတ်နဲ့ ဘယ်လိုမှ မခွဲနိုင်တော့ပါဘူး ဖေဖေ၊ သူ့ဖေဖေကို ဖေဖေ မုန်းတဲ့အကြောင်းကြောင့် သူ့ကို သမီး မစွန့်လွှတ်နိုင်ပါ ဖေဖေ၊ ဘယ်နည်းနဲ့မဆို သမီးတို့နှစ်ယောက် လက်ထပ်ကြရမှာ ဖြစ်ပါတယ်။ ဖေဖေ ဘယ်လို တားတား တားလို မရနိုင်တော့ပါ။

ကိန်းမိသားစုအပေါ် ဖေဖေရဲ့ အဓိပ္ပာယ်မရှိသော အကျိုးမဲ့သော ရန်ငြိုးဖွဲ့မှုကို ရပ်တန်းက မရပ်မခြင်း သမီးတို့နှစ်ယောက်ဟာ နယူးယောက်မြို့ကို ဘယ်တော့မှ ပြန်လာကြတော့မည် မဟုတ်ပါ၊ သမီးဟာ ဖေဖေ့ကို အလွန်ချစ်ပါတယ် ဖေဖေ၊ ဖေဖေ ထင်တာထက် ပိုချစ်ပါတယ် ဖေဖေ၊ သမီးကို လူလားမြောက်အောင် ပြုစုကျွေးမွေး ပညာသင်ပေးခဲ့သော ဖေဖေ့ကျေးဇူးတွေကို သမီးတစ်သက်မမေ့နိုင်ပါ။

ဖေဖေနဲ့ သမီးတို့ရဲ့ ဆက်ဆံရေးဟာ သည်မျှနဲ့ပဲ အဆုံးမသတ်ပါစေနဲ့ဟု သမီး ဆုတောင်းမိပါသည်။ သို့ပေမယ့် ဖေဖေ့ဘက်က စိတ်ထားမပြောင်းရင်တော့ သည်ဘဝ သည်မျှနဲ့ပဲ အဆုံးသတ်ရတော့မှာ ဖြစ်ပါတယ်၊ လယ်ကွင်းပြင်တွင် လေကို လိုက်ဖမ်းမနေပါနဲ့ ဖေဖေ။ **မရှိသောအရာကို လိုက်ရှာရင် အချိန်သာ ကုန်ပါလိမ့်မယ်... ဖေဖေ"**

**ဖေဖေရဲ့ ချစ်သမီး**

**ဖလော်ရင်တီနာ**

အေဘယ်သည် ခုတင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး စာကို ဂျော့အား ကမ်းပေးလိုက်သည်။ ဂျော့က စာကို ဖတ်ကြည့်ပြီးနောက် အားလျော့ညှိုးငယ်စွာဖြင့် မေးလိုက်သည်။

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ဒီလိုလုပ်ပါ ဂျော့၊ သမီးလေးကို ကျွန်တော် မခွဲနိုင်ဘူး၊ သူ့ကို ဖြစ်တဲ့နည်းနဲ့ ပြန်ခေါ်ရမယ်၊ မလွဲသာရင် ဝီလျံကိန်းနဲ့ တိုက်ရိုက်ဆွေးနွေးသင့် ဆွေးနွေးရမှာပဲ၊ ငါ သေချာတာ တစ်ခုတော့ ရှိတယ်၊ သူကလဲ ဒီကိစ္စ ဘယ်နည်းနဲ့မှ သဘောတူမှာ မဟုတ်ဘူး၊ အဲဒီတော့ သူ့ဆီ ဖုန်းဆက်စမ်းပါ ဂျော့"

ဂျော့သည် ဝီလျံကိန်း၏ စာရင်းသွင်းမထားသော ဖုန်းနံပါတ်ကို တော်တော်ကြာကြာ ရှာယူရသည်။

လက်စတာဘဏ်တိုက်မှ ညစောင့်လုံခြုံရေးအမှုထမ်းနှင့် အဆက်အသွယ်ရသည်။ အရေးပေါ် မိသားစုပြဿနာဖြစ်ကြောင်း ဂျော့က ပြောလိုက်သည်။

အေဘယ်က ခုတင်ပေါ်တွင် မတုန်မလှုပ် ထိုင်နေသည်။ ဖလော်ရင်တီနာ၏ စာကို

လက်ထဲတွင်ကိုင်ထားသည်။ ဖလော်ရင်တီနာ ငယ်ငယ်တုန်းက ပိုလန်စကားပုံတွေကို အေဘယ်က သင်ပေးခဲ့သည်။ ယခု သူ့သမီးက သူ့ကို ပြန်ပြီး စကားပုံနှင့် ဆုံးမနေပြီ။

ဂျော့အား ဘဏ်တိုက်မှတစ်ဆင့် ဝီလျံကိန်း၏အိမ်သို့ ဆက်ပေးသည်။

"မစ္စတာဝီလျံကိန်းနှင့် စကားပြောချင်လို့ပါ ခင်ဗျား"

"ဘယ်သူလို့ ပြောရမလဲ" တစ်ဖက်မှ ယောကျ်ားသံ ပြန်မေးသည်။

"မစ္စတာ အေဘယ်ရို့စနော့စကီးလို့ ပြောလိုက်ပါ"

"ခဏစောင့်ပါဦး၊ ကျွန်တော် ကြည့်လိုက်ပါဦးမယ်"

ဂျော့က အေဘယ်အား ဖုန်းကို လှမ်းပေးရင်း

"သူ့အိမ်ဖော်မှူးနဲ့တူတယ်၊ သူ့ကို သွားရှာနေတယ်"

အေဘယ်က ဖုန်ကိုကိုင်ပြီး စောင့်နေသည်။ သူ့လက်ချောင်းတွေက စားပွဲကို တစ်ဒေါက်ဒေါက် ခေါက်နေသည်။

"ဟုတ်ကဲ့... ဝီလျံကိန်း ပြောနေပါတယ်"

"ကျွန်တော် အေဘယ်ရို့စနော့စကီးပါ"

"အို... ဟုတ်လား" ဝီလျံ၏အသံက အေးစက်နေသည်။ "ဒါနဲ့ ကျွန်တော့် သားနဲ့ ခင်ဗျားသမီးနဲ့ ဘယ်တော့ မင်္ဂလာဆောင်မလဲဗျ၊ ကျွန်တော့်ဘဏ်ကို ပျက်စီးအောင်လုပ်လို့ မရတဲ့နေ့မှာ ဆောင်မှာ မဟုတ်လား"

"စကားကောင်း ပြောကြရအောင် မစ္စတာကိန်း" အေဘယ်က စိတ်ကိုထိန်း၍ ပြောသည်။ "ခင်ဗျားလိုပဲ ကျွန်တော်ကလဲ ဒီကိစ္စ အမြန်ဆုံးဖျက်သိမ်းချင်လို့ပါ၊ ခင်ဗျားသားကို ကျွန်တော် ဘယ်တော့မှ အပိုင်သိမ်းဖို့ စိတ်မကူးပါဘူး၊ ခင်ဗျားမှာ သားရှိမှန်းတောင် ကျွန်တော် ဒီနေ့မှ သိရတာပါ၊ ခင်ဗျားကို ကျွန်တော် မုန်းတာထက် ကျွန်တော့်သမီးကို ကျွန်တော် ပိုချစ်တယ်၊ ကျွန်တော့်သမီးကို လက်လွှတ်မခံနိုင်ဘူး၊ အဲဒီတော့ နှစ်ဖက်စလုံး ပြေလည်သွားအောင် ကျွန်တော်တို့ချင်း အဖြေရှာကြရင် ကောင်းလိမ့်မယ်"

"မဖြစ်နိုင်ဘူးဗျ၊ ဒီမေးခွန်းမျိုးကို ဟိုတုန်းက ခင်ဗျားကို ကျွန်တော် တစ်ခါမေးခဲ့ဖူးပြီး မစ္စတာရို့စနော့စကီး၊ ခင်ဗျား ကောင်းကောင်း မှတ်မိဦးမှာပဲ"

"ဖြစ်ခဲ့ပြီးတာတွေ ပြန်ဖော်နေလို့ အကြောင်းမထူးပါဘူး မစ္စတာကိန်း၊ သူတို့နှစ်ယောက် ဘယ်မှာရှိတယ်ဆိုတာသိရင် တားလို့ရပါသေးတယ်၊ ခင်ဗျားကလဲ ဒါပဲ လိုချင်တယ် မဟုတ်လား"

တစ်ဖက်မှ တယ်လီဖုန်း ပြန်ချသွားသည်။ အေဘယ်က မျက်နှာကို လက်ဝါးအုပ်ပြီး ယောကျ်ားကြီးတန်မဲ့ အသံတွက်၍ ငိုလေတော့သည်။

ဂျော့က သူ့မိတ်ဆွေကို နယ်စားဟိုတယ်သို့ ပြန်ခေါ်သွားခဲ့သည်။

အေဘယ်သည် ဖလော်ရင်တီနာရှိနိုင်မည့် နေရာများကို ထိုည တစ်ညလုံးနှင့် နောက်နေ့ တစ်နေ့လုံး မနားမနေ စုံစမ်းနေခဲ့သည်။ သူက ဇာဖီယာထံသို့ပင် ဖုန်းဆက်သေးသည်။ ဖလော်

တင်ရီနာက ရစ်ချတ်အကြောင်းကို သူမအား အားလုံး ပြောပြခဲ့ပြီးပြီဟု ဇာဖီယာက ပြန်ပြောသည်။

"ကောင်လေးက မဆိုးပါဘူး၊ လူတော်ကလေးပါ"

ဇာဖီယာက အေဘယ်အား ရိသဲ့သဲ့လေသံဖြင့် ပြောသည်။

"သူတို့ ဘယ်မှာရှိတယ်ဆိုတာ မင်းသိသလား" အေဘယ်က စိတ်မရှည်စွာဖြင့် ပြန်မေးလိုက်သည်။

"သိတာပေါ့"

"ဘယ်မှာလဲ"

"ရှင့်ဘာသာ လိုက်ရှာပေါ့"

ဇာဖီယာက တယ်လီဖုန်းကို ပြန်ချသွားသည်။

နောက်ဆုံး မကြံတတ်သော အေဘယ်က သတင်းစာများတွင် ကြော်ငြာထည့်၍ သမီးကို ပြန်ခေါ်သည်။ ရေဒီယိုမှလည်း ကြော်ငြာသည်။ ရဲကိုသွားတိုင်တော့ မိန်းကလေးက ၂၁ နှစ်တောင် ကျော်နေပြီဆိုကာ အမှုမဖွင့်ဘဲ ပယ်ချလိုက်သည်။

အေဘယ်က သမီးဖြစ်သူ၏ စာကို ခဏခဏ ပြန်ဖတ်နေမိသည်။ နောက်ဆုံးတော့ ရစ်ချတ်ကိန်းအား သူ့အနေဖြင့် ဘယ်လိုမှ အန္တရာယ်မပြုရန် ဆုံးဖြတ်လိုက်သည်။ သို့သော် အဖေ့ကိစ္စကတော့ တခြားဖြစ်သည်။ အဖေဖြစ်သူကိုတော့ ဘယ်တော့မှ ခွင့်လွှတ်နိုင်မည်မဟုတ်။ သူက ဒူးထောက်တောင်းပန်တာကိုတောင်မှ ရက်ရက်စက်စက် ငြင်းပယ်ခဲ့သည်။ ထို့ကြောင့် အခွင့်သာလျှင် ဝီလျံကိန်းအား အလဲထိုးရမည်ဟု သန္နိဋ္ဌာန်ချလိုက်သည်။ ဂျော့က သူ့မိတ်ဆွေ၏ ပြင်းထန်သော အာဃာတစိတ်ကို တွေးကြောက်မိသည်။

"ခင်ဗျား ဥရောပသွားမယ့် ခရီးစဉ်ကို ပြန်ဖျက်လိုက်ရမှာလား"

ဂျော့က မေးလိုက်သည်။

ဟုတ်ပါရဲ့။ အေဘယ်က သည်ကိစ္စလုံးဝ သတိမေ့နေခဲ့သည်။ လကုန်လျှင် ဖလော်ရင်တီနာသည် ဘလူမင်ဒယ်ကုန်တိုက်မှ (နှစ်နှစ်စေ့၍) ထွက်ရတော့မည်။ နယ်စားကုမ္ပဏီတွင် တာဝန်မပေးမီ သမီးဖြစ်သူအား ဥရောပသို့ ထစ်ခနဲခေါက်ထပ်၍ ခေါ်သွားရန် အေဘယ်က အစီအစဉ်အားလုံး လုပ်ထားပြီးပြီ။ သူမသည် အင်္ဂလန်နိုင်ငံ၊ အီဒင်ဘာရာမြို့မှ နယ်စားဟိုတယ်နှင့် ပြင်သစ်နိုင်ငံ ကိန်းမြို့မှ နယ်စားဟိုတယ်များကို ဖွင့်ပေးရမည်ဖြစ်သည်။

"မဖျက်ပါဘူး၊ ကျွန်တော်တစ်ယောက်တည်း သွားမယ်၊ ဟိုတယ်သစ်တွေကိုလဲ ကျွန်တော်ပဲ ဖွင့်မယ်၊ ဒါပေမယ့် ကျွန်တော်မရှိတုန်း ဖလော်ရင်တီနာကြောင်းတော့ တတ်နိုင်သမျှ စုံစမ်းထားပါဦး ဂျော့၊ အဲဒီလို စုံစမ်းတာကိုလဲ သူမသိပါစေနဲ့၊ သူ သိသွားရင် ကျွန်တော်က သူ့ကို ခြေရာခံပြီး အမြဲတမ်းထောက်လှမ်းနေတယ်လို့ သူမထင်စေချင်ဘူး၊ အဲဒီလိုဆိုရင် သူက ကျွန်တော့်ကို ဘယ်တော့မှ ခွင့်လွှတ်တော့မှာ မဟုတ်ဘူး၊ ဇာဖီယာဆီက မသိမသာနှိုက်ယူရင် အားလုံး သိနိုင်မယ်ထင်တာပဲ၊ ဒါပေမယ့် ဒါကို အကြောင်းပြုပြီး သူက အခွင့်အရေးတောင်း

လာမှာကိုလဲ သတိထားပါ၊ သူက သူ့သမီးနဲ့ အဆက်အသွယ်ရှိနေတာကတော့ သေချာပါတယ်"

"ဒါနဲ့ လက်စတာဘာဏ်က ရှယ်ယာကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားက အော့စဘွန်းကို တစ်ခုခု လုပ်စေချင်သလား"

"မလုပ်ပါနဲ့၊ လောလောဆယ် ဘာမှမလုပ်ပါနဲ့၊ ဒီအချိန်ဟာ ဝီလျံကိန်းကို အပြတ်ရှင်းဖို့ သင့်တော်တဲ့အချိန် မဟုတ်သေးဘူး၊ ကျွန်တော်က ပိုင်တဲ့အချိန်ကျမှ တစ်ခါတည်းနဲ့ အလဲထိုးချင်တယ်၊ ဒီတော့ လေလောဆယ် ဝီလျံကိန်းကိစ္စ မေ့ထားလိုက်ပါဦး၊ ဖလော်ရင်တီနာကို တွေ့အောင်ရှာဖို့သာ ကြိုးစားပါ"

◆ ◆ ◆

နောက် ရက်သတ္တသုံးပတ်အကြာတွင် အီဒင်ဘာရာနယ်စားဟိုတယ်ကို အောဘယ်ကိုယ်တိုင် ဖွင့်လှစ်သည်။ ဟိုတယ်မှာ တောင်ကုန်းပေါ်တွင် တည်ရှိသဖြင့် ရှုခင်းရှုကွက် ကောင်းသလောက် အဆောက်အအုံပုံစံကလည်း အလွန်ပင် ခေတ်မီလှပသည်။ ပထမတွင် ဟိုတယ်ပိုင်ရှင်၏ သမီးချောကလေး ဖလော်ရင်တီနာကိုယ်တိုင် ဖွင့်လှစ်မည်ဟု သတင်းစာများက ရေးခဲ့ကြသော်လည်း နောက်တစ်နေ့တွင်မူ အောဘယ်ကိုယ်တိုင် ဖွင့်လှစ်ကြောင်း သတင်းသာ ပါလာသည်။ သည်အကြောင်းနှင့် ပတ်သက်၍ ထွေထွေထူးထူး မရေးကြသော်လည်း အောဘယ်သည် ခါတိုင်းကဲ့သို့ မျက်နှာကြည်လင်ရွှင်လန်းမှုမရှိကြောင်း၊ အသက် ၅၀ ကျော်သော်လည်း အရွယ်တင်၍ အမြဲတမ်းရွှင်ရွှင်ပျပျ ရှိခဲ့သူတစ်ယောက်တည်း ဟိုတယ်သစ်ဖွင့်ပွဲတွင် တစ်မူပြောင်းလဲနေကြောင်း လောက်ကိုသာ 'ဆန်းဒေးအိက္ကစ်ပရက်' သတင်းစာက အရိပ်အမြွက် ရေးသားဖော်ပြသည်။

သို့သော် 'ဒေးလီးမေလ် သတင်းစာကမူ

"ဒီဒင်ဘာရာနယ်စားဟိုတယ်

၁၉၇၅ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်တွင်

ဖလော်ရင်တီနာ ရို့စနော့စကီးက ဖွင့်လှစ်သည်"ဟူသော ကြေးထွင်းဆိုင်းဘုတ်ကို အမိုက်ပုံထဲတွင် တွေ့ရှိရကြောင်း ဓာတ်ပုံနှင့်တကွ ဖော်ပြထားသည်။

အောဘယ်သည် ကိန်းမြို့သို့ ဆက်လက်ထွက်ခွာလာခဲ့သည်။ ကိန်းနယ်စားဟိုတယ်မှာလည်း မြေထဲပင်လယ်ကို လှမ်းမြင်နေရသဖြင့် အလွန်ရှုခင်းလှသည်။ ဖွင့်ပွဲနေ့တွင် အောဘယ်က သမီးဖြစ်သူကို သတိရမိသည်။ သည်တစ်ကြိမ်တွင်လည်း ပြင်သစ်လို ရေးထားသော ကြေးဆိုင်းဘုတ်ကို လွှင့်ပစ်လိုက်ရပြန်သည်။

တစ်ဦးတည်းသော သမီးချစ်ကလေးနှင့် တစ်သက်လုံး ခွဲခွာနေသွားလို့ ဖြစ်ပါ့မလားဟူသော အတွေးသည် အောဘယ်၏ ဦးနှောက်ထဲသို့ ဝင်ရောက်လာသည်။ သူ့ကိုယ်သူလည်း အဖော်မဲ့ အထီးကျန်တစ်ယောက်လို ခံစားလာရသည်။

သူသည် ပိုက်ဆံကို ရေလိုသုံးကာ အပျော်မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် တွဲသည်။ သို့သော်လည်း ခဏတာမျှသာ ဖြစ်သည်။ သူ့စိတ်ကို ရေရှည် ဖြေဖျော်နိုင်စွမ်းမရှိကြ။

တစ်လောကလုံးတွင် သူ့အဖို့ တစ်ယောက်တည်းသော အချစ်ဆုံးသမီးဖြစ်သူကို သူမပိုင်တော့။ သူ၏ ကမ္ဘာ့ရန်ဖြစ်သူ ဝီလျံကိုက်န်း၏ သားတော်မောင်က အပိုင်ယူသွားလေပြီ။

လောကနတ်ဘုံအဖြစ် နာမည်ကြီးလှသော ပြင်သစ်နိုင်ငံသည်လည်း သူ့အား ပျော်အောင် မလုပ်နိုင်တော့။

ထို့ကြောင့် ပြင်သစ်တွင် အလုပ်ကိစ္စများ ပြီးပြတ်သောအခါ ဂျာမနီနိုင်ငံသို့ ဆက်လက်ထွက်ခွာလာခဲ့ပြန်သည်။ ဘွန်းမြို့တွင် နယ်စားဟိုတယ် တည်ဆောက်ရေးအတွက် နေရာရှာဖွေသည်။

သူသည် ဥရောပသို့ ခရီးထွက်နေသော်လည်း ဂျော့နှင့် တစ်နေ့မှ အဆက်အသွယ်မပြတ်။ အမြဲတမ်း ဖုန်းဆက်နေသည်။

ယနေ့အထိ ဖလော်ရင်တီနာ ဘယ်မှာ ရောက်နေကြောင်း လုံးဝ သတင်းမရသေး။ သို့သော် ဟင်နရီအော့စဘွန်းအကြောင်းနှင့် ပတ်သက်၍တော့ အလွန်စိတ်မကောင်းစရာ သတင်းများ ကြားရလေသည်။

"ဒီလူက အကြွေး လည်ပင်းခိုက်နေပြီဗျ" ဂျော့က ပြောသည်။

"ကျွန်တော်က သူ့ကို နောက်ဆုံးအကြိမ် သတိပေးထားခဲ့ဖူးတယ်၊ အလျင်အခါကလဲ ကျွန်တော်ပဲ သူ့အကြွေးတွေ စိုက်ဆပ်လိုက်ရတယ်၊ လွှတ်တော်အမတ် ရာထူးလဲ မရှိတော့ဘူးဆိုတော့ သူ့ကို ဘယ်သူမှ အထင်မကြီးကြတော့ဘူးပေါ့၊ အေးလေ ကျွန်တော် ပြန်ရောက်မှ ကြည့်လုပ်ကြတာပေါ့"

"သူက ဒီအတိုင်းနေတာ မဟုတ်ဘူးဗျ၊ ကျွန်တော်တို့ကို ခြိမ်းခြောက်လာတယ်"

"ဒါက မဆန်းပါဘူး၊ ဒီအတွက်တော့ ကျွန်တော် ဘာမှ မပူတော့ပါဘူး၊ ကျွန်တော်ရောက်တဲ့ အထိသာ စောင့်ပါလို့ သူ့ကို ပြောတားပါ"

"ခင်ဗျားက ဘယ်တော့ ပြန်လာမှာလဲ"

"သုံးပတ်၊ လေးပတ်လောက်တော့ ကြာဦးမယ် ထင်တယ်၊ ကျွန်တော်က တူရကီနဲ့ အီဂျစ် ဆက်သွားပြီး နေရာလိုက်ကြည့်ချင်သေးတယ်၊ အဲဒီမှာ ဟစ်လ်တန် ကုမ္ပဏီက ဟိုတယ်တွေ ဆောက်နေကြပြီ၊ အဲဒီတော့ ခင်ဗျားသာ အဆင်ပြေအောင် ကြည့်လုပ်ပါတော့ ဂျော့"

✧ ✧ ✧

အေဘယ်သည် အာရပ်နိုင်ငံများတွင် ဟိုတယ် နေရာရှာရင်း သုံးပတ်ကျော်ကျော် ကြာသွားပြီ။ သူ၏ အကြံပေးအရာရှိများက သူတို့ကိုယ် သူတို့ ဆွေတော် မျိုးတော်၊ မင်းညီမင်းသားများဟု ပြောပြီး အချို့က ဟိုတယ်နေရာကောင်းရရေးအတွက် ချဉ်းကပ်ရမည့် ဝန်ကြီးနှင့် ရင်းနှီးသော မိတ်ဆွေများဖြစ်ကြပြီး တချို့မှာ ဆွေမကင်း မျိုးမကင်း ဖြစ်ကြကြောင်း ပြောကြသည်။

သို့သော် နောက်ဆုံးကျတော့ ဘာတစ်ခုမျှ မမှန်။ ချဉ်းကပ်သည့် ဝန်ကြီးလည်း မမှန်။

ဆွေမကောင်း မျိုးမကောင်းဆိုတာလည်း မဟုတ်။

သို့ဖြင့် နေပူရှိန်ပြင်းလှသည့် သဲဖုန်များအကြားတွင် ရက်ပေါင်း ၂၃ ရက်နေထိုင်ပြီးသောအခါ အေဘယ်က တစ်ခုကိုတော့ သေချာပေါက် ဆုံးဖြတ်လိုက်သည်။ ယင်းမှာ တခြားမဟုတ်။ သူ၏ အကြံပေးအရာရှိများ ခန့်မှန်းသည့်အတိုင်း သည်ဒေသတွင် မကြာမီအတွင်း ရေနံအမြောက်အမြား ထွက်လာရုံးသာမှန်ခဲ့လျှင် ဟိုတယ်သစ်များ ဆောက်လုပ်ရန် တကယ်ပင် လိုအပ်လာလိမ့်မည်ဟူသော အချက်ပင်ဖြစ်သည်။ ထို့ကြောင့် တခြားလူတွေ လက်မဦးခင် နယ်စားကုမ္ပဏီက ခြေမြန်လက်မြန်လုပ်မှဖြစ်တော့မည်။

အေဘယ်က ဟိုတယ်ဆောက်ရန် နေရာကောင်း တွေ့တော့ တွေ့ပါ၏။ သို့သော် ဆောက်လုပ်ခွင့်ရရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ချဉ်းကပ်ရာတွင် သူ၏ အကြံပေးပုဂ္ဂိုလ်တွေက မကျွမ်းကျင်သောကြောင့် မကြာသင့်ဘဲ ကြာနေရသည်။ တချို့ဌာနများအား တံစိုးလက်ဆောင်ပေးပြီးမှ ဌာနမှားနေကြောင်း သိရသည့်အဖြစ်မျိုးတွေလည်း ကြုံနေရသည်။ အမေရိကမှာဆိုလျှင် သည်တာဝန်ကို ဟင်နရီအော့စဘွန်းအား လွှဲအပ်လိုက်လျှင် အချိန်တိုအတွင်း ပြီးပြတ်နိုင်သည်။

နောက်ဆုံးတွင် အေဘယ်က ဘာရိန်းနိုင်ငံတွင် ယာယီရုံးခန်းကလေးတစ်ခု ဖွင့်လိုက်သည်။ ဒေသခံ ကိုယ်စားလှယ်များ ခန့်ထားပြီး စရိတ်စက သက်သာစွာဖြင့် ဟိုတယ်နေရာကောင်းများ ရရှိရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် တာဝန်ပေးခဲ့သည်။

ထို့နောက် အီစတန်ဘူမြို့သို့ ထွက်ခွာလာခဲ့သည်။ အီစတန်ဘူတွင် လွယ်ကူစွာပင် နေရာကောင်းတစ်ခု တွေ့သည်။ ထိုနေရာမှာ ဗြိတိသျှ သံရုံးဟောင်းနှင့် ကိုက်တစ်ရာခန့်သာကွာဝေးပြီး ဘော့စ်ဖိုးရပ်စ် ပင်လယ်ကို စီးမိုး၍ မြင်နေရသည်။ သူသ ည် မြေနေရာကွက်လပ်တွင် ရပ်နေရင်းမှ သည်မြို့သို့ သူနောက်ဆုံးရောက်ခဲ့သည့်အဖြစ်ကို သွား၍ သတိရမိသည်။ သူက ညာလက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ သူ့နားထဲတွင် လူအုပ်ကြီး၏ တခဲနက်အော်သံကို ကြားယောင်လာသည်။ မျက်စိထဲတွင် ပါးကွက်အာဏာသား၏ ဓားရှည်ကြီးကို မြင်ယောင်လာသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကဖြစ်ရပ်ကို ပြန်တွေးမိတော့ သူသည် ကြက်သီးများပင် ထလာမိသည်။

အီစတန်ဘူမြို့တွင် လုပ်ငန်းအစီအစဉ်များ အသေအချာရခဲ့ပြီးနောက် နယူးယောက်သို့ ပြန်လာခဲ့သည်။

ဂျော့သည် ထုံးစံအတိုင်း လေဆိပ်ဂိတ်ဝတွင် ရပ်စောင့်နေသည်ကို တွေ့ရသည်။ ဂျော့၏မျက်နှာတွင် ထူးခြားသော အရိပ်အရောင် ဘာမျှ မမြင်ရ။

"ဘာထူးသေးသလဲ"

အေဘယ်က ကာဒီလက် ဇိမ်ခံကားကြီးထဲသို့ ဝင်ထိုင်ရင်း မေးလိုက်သည်။ ဒရိုင်ဘာက ပစ္စည်းများကို ကားနောက်ခန်းတွင် ထည့်နေသည်။

"သတင်းတော့ထူးတယ်၊ အဆိုးအကောင်း စုံလို့ပဲ" ဂျော့က ကားမှန်ပြတင်းဘောမှ

ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ ဒရိုင်ဘာခန်းနှင့် လူစီးခန်းကြားမှ အသံလုံ မှန်တစ်ချပ် မြင့်တက်လာသည်။ သူက ဆက်ပြောသည်။ "ဖလော်ရင်တီနာက သူ့အမေနဲ့ အဆက်အသွယ်မပြတ်ရှိနေတယ်၊ နေတာကတော့ ဆန်ဖရန်စစ္စကိုမြို့ထဲက အခန်းကလေးတစ်ခန်းမှာ"

"လက်ထပ်ပြီးပြီလား"

"ထပ်ပြီးပြီ"

နှစ်ယောက်သား စကားမပြောဘဲ အတန်ကြာမျှ ငြိမ်နေကြသည်။

"ဟိုကောင်လေးက ဘာလုပ်သလဲ"

"ဘဏ်တိုက်တစ်တိုက်မှာ ဝင်လုပ်နေတယ်၊ အလုပ်တွေ အတော်တော်များများ ဝင်လျှောက်တယ်၊ ဒါပေမယ့် ဟားဗတ်စီးပွားကုန်သွယ်ရေးကျောင်းက သင်တန်းမပြီးခဲ့လို့ တချို့ဌာနတွေက လက်မခံကြဘူး၊ တချို့ကလဲ သူ့အဖေနဲ့ စီးပွားရေး ဆက်စပ်နေလို့ လက်မခံရဲကြဘူး၊ နောက်ဆုံးတော့ အမေရိကဘဏ်မှာ ငွေကိုင်စာရေး ရတယ်၊ သူ့အရည်အချင်းနဲ့တော့ တခြားစီပဲ"

"ဖလော်ရင်တီနာကရော ဘာလုပ်နေသလဲ"

"သူက ဖက်ရှင်တိုက်တစ်ခုမှာ လက်ထောက်မန်နေဂျာ ဝင်လုပ်နေတယ်၊ ဂိုးလ်ဒင်ဂိတ်ပန်းခြံနားက 'ကိုလံဘတ် ဖက်ရှင်တိုက်' မှာ သူက ဘဏ်တိုက်တွေကလဲ ငွေလိုက်ချေးနေတယ်"

"ဘာလုပ်ဖို့လဲ၊ တော်တော်ကျပ်တည်းနေလို့လား"

အေဘယ်က စိုးရိမ်သံဖြင့် မေးလိုက်သည်။

"မကျပ်တည်းပါဘူး၊ သူက ကိုယ်ပိုင်ဖက်ရှင်တိုက်ဖွင့်ဖို့ အရင်းအနှီးရှာနေတာ"

"သူက ဘယ်လောက်လိုချင်လို့လဲ"

"သိပ်မများပါဘူး၊ ဒေါ်လာ ၃၄၀၀၀ တည်းပါ၊ နော့သ်ဟစ်လ် ရပ်ကွက်က တိုက်ကလေးတစ်လုံးကို ငှားမလို့တဲ့"

အေဘယ်က ဘာမှ ပြန်မပြောဘဲ ဂျော့ ပြောတာတွေကို ပြန်လည်စဉ်းစားနေသည်။ သူ့လက်ကလည်း ကားမှန်ပြတင်းကို တဖုတ်ဖုတ်နှင့် ပုတ်ကစားနေသည်။

"အဲဒီငွေရအောင် လုပ်ပေးလိုက်ပါဂျော့၊ ဒါပေမယ့် သာမန် ဘဏ်ချေးငွေလို့ပဲ ထင်ပါစေ၊ ကျွန်တော်တို့က ထုတ်ပေးတယ်ဆိုတာ လုံးဝမရိပ်မိပါစေနဲ့" သူက လက်ကို ဆက်လက်ပုတ်ကစားနေပြန်သည်။ "နောက်လဲ လိုအပ်ရင် ဒီလိုပဲကူညီသွားကြတာပေါ့..."

"ခင်ဗျား ဘာပြောတာလဲ အေဘယ်၊ ကျွန်တော် သိပ်ပြီး နားမရှင်းလိုက်လို့ပါ"

ဂျော့က မယုံကြည်နိုင်စွာဖြင့် တမင်ပြန်မေးလိုက်သည်။

"ဩော်... သူဘာပဲလုပ်လုပ် မျက်ခြည်မပြတ်စောင့်ကြည့်နေဖို့ပြောတာပါ၊ ပြီးတော့ ကျွန်တော့်ကို အမြဲတမ်း အသိပေးပါ"

"ဒါနဲ့ ကောင်လေးအတွက်ရော ဘယ်လိုစီစဉ်ပေးမလဲ"

"ဘာမှ မစီစဉ်ပါဘူး၊ သူ့ကို ကျွန်တော် စိတ်မဝင်စားဘူး၊ ကဲ မကောင်းတဲ့ သတင်း

ဆိုတာက ဘာလဲ၊ ပြောပါဦး"

"ဟင်နရီအော့စဘွန်း သတင်းပဲပေါ့၊ သူက လူတိုင်းဆီမှာ အကြွေးတင်နေပြီ၊ သူ့မှာ ဝင် ငွေဆိုလို ဘယ်နေရာကမှ ရစရာမရှိတော့ဘူး၊ ခင်ဗျားတစ်ယောက်တည်းဆီကပဲ ရစရာရှိတယ်၊ ကျွန်တော်တို့ ကုမ္ပဏီလုပ်ငန်းစတုန်းက ဌာနဆိုင်ရာတွေကို လာဘ်ထိုးခဲ့တာနဲ့ပတ်သက်ပြီး သူက ကျွန်တော်တို့အပေါ်မှာ မသိမသာ ငွေညှစ်ဖို့ ကြိုးစားလာတယ်၊ သူ့မှာ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထား အပြည့်အစုံရှိတယ်လို့ ပြောတယ်၊ ရှီကာဂိုရစ်ချ်မွန့်ဟိုတယ် မီးလောင်တုန်းက မီးအာမခံငွေအပိုရအောင် လုပ်ခဲ့တာကိုလဲ သူက အခွင့်ကောင်းယူလိမ့်မယ်"

"ကျွန်တော် သူနဲ့ မနက်ဖြန် တွေ့လိုက်မယ်"

သူတို့ကားသည် မင်ဟတ်တန် နယ်မြေသို့ ဝင်လာသည်။ တစ်လျှောက်လုံးတွင် ဂျော့က ဟိုတယ်လုပ်ငန်းများကို ပြောပြလာသည်။ ဟိုတယ်လုပ်ငန်းမှာ အားလုံးလိုလို ချောမော စွာ လည်ပတ်နေသည်။ လာဂိုစ်နယ်စားဟိုတယ်တစ်ခုသာ အရှုံးပြနေသည်။ သည်လောက်ကိုတော့ အေဘယ်က ထည့်၍ပင်မတွက်။

◇ ◇ ◇

နောက်တစ်နေ့မနက်တွင် ဟင်နရီအော့စဘွန်းနှင့်တွေ့သည်။ သူဝတ်တော် အိုစာသွားပြီ။ ဟိုတုန်းက လူချောလူခန့်တစ်ယောက်။ ယခုတော့ မျက်နှာတွင် ဇရာကြောင်းများပင် ထင်နေကြပြီ။

သူက လိုအပ်ချက်ကို တဲ့တိုးပင် ပြောသည်။

"ကျုပ် ပိုက်ဆံနည်းနည်းလိုနေတယ်၊ ခုတလော သိပ်ကံမကောင်းချင်ဘူး"

"အသက်အရွယ်ကိုလဲ ပြန်ကြည့်ပါဦး ဟင်နရီ၊ ခင်ဗျားက တစ်သက်လုံး အရှုံးသမားချည်း ဖြစ်နေပြီ၊ မြင်းလောင်းလဲ ရှုံး၊ မိန်းမလိုက်လဲ ရှုံး၊ ဘာကောင်းစားဦးမှာလဲ၊ ပိုက်ဆံက ဘယ်လောက်လိုလို့လဲ"

"ဒေါ်လာ တစ်သောင်းလောက်ပါ၊ အဲဒါဆိုရင် အဆင်ပြေပါပြီ"

"ဒေါ်လာ တစ်သောင်းဟုတ်လား၊ ဘာလဲ ခင်ဗျားက ကျွန်တော့်ကို ငွေတွင်းအောက် မေ့နေလို့လား၊ ကျွန်တော် တိုတိုပဲ ပြောလိုက်မယ်၊ ငါးထောင်ယူသွားပါ၊ ဒါနောက်ဆုံးအကြိမ်ပဲ"

"ငွေတန်ဖိုးကျနေတာလဲ တွက်ပါဦး"

သူက ပြောပြီး ရယ်နေသည်။

"ဒါ နောက်ဆုံးအကြိမ်ပဲ၊ ကျွန်တော်ပြောတာ သေသေချာချာ မှတ်ထားပါ" အေဘယ် က စားပွဲအံဆွဲထဲမှ ချက်စာအုပ်ထုတ်ယူလိုက်သည်။ "နောက်တစ်ကြိမ် ဒီလိုလာတောင်းရင်တော့ ခင်ဗျားကို ဒါရိုက်တာအဖွဲ့က ထုတ်ပစ်ရမှာပဲ ဟင်နရီ၊ အဲဒီလိုဆိုရင်တော့ ပိုက်ဆံတစ်ပြားမှမရဘဲ လက်ချင်းပွတ်ပြီး ပြန်ရပြီလို့သာ မှတ်ပေတော့"

"ခင်ဗျားဟာ တကယ်တော်တဲ့ မိတ်ဆွေကောင်းပါ အေဘယ်၊ စိတ်ချပါ၊ ကျုပ် ဘယ် တော့မှ ဒီလို လာမတောင်းတော့ပါဘူး၊ ကျွန်တော် ကတိပေးပါတယ်" သူက စားပွဲပေါ်ရှိ ဆေး

လိပ်သေတ္တာထဲမှ ဟားဗားနား ဆေးပြင်းလိပ်တစ်လိပ်ထုတ်ယူပြီး မီးညှိလိုက်သည်။ "အများကြီး ကျေးဇူးတင်ပါတယ် အေဘယ်၊ ခင်ဗျား စေတနာ အလကားမဖြစ်စေရပါဘူး၊ စိတ်ချပါ"

ဟင်နရီသည် ဆေးလိပ်ဖွာရင်း ပြန်ထွက်သွားသည်။ ဂျော့ ဝင်လာသည်။

"ဟင်နရီကိစ္စ ဘယ်လိုလဲ"

"ကျွန်တော်က နောက်ဆုံးအကြိမ်အဖြစ် ထပ်ပေးလိုက်တယ်၊ ဘာကြောင့် ပေးလိုက်မိတယ်ဆိုတာလဲ ကျွန်တော့ကိုယ် ကျွန်တော် မစဉ်းစားတတ်တော့ဘူး၊ ဒါပေမယ့် တစ်သောင်းတော့ ထွက်သွားပြန်ပြီ"

"ဘုရားရေ၊ တစ်သောင်းတောင်မှ ဟုတ်လား၊ ခင်ဗျားတော့ တော်တော်ခက်တဲ့ လူပါလား အေဘယ်၊ မယားတောင်းတောင်မှ ပေးပစ်မယ့် လူစားမျိုးပါလား၊ ခင်ဗျား မယုံရင် စောင့်သာကြည့်ပါ၊ ဒီလူ နောက်ထပ် လာဦးမှာ သေချာတယ်"

"မလာတော့ပါဘူး၊ ကျွန်တော်ကလဲ နောက်ဆုံးအကြိမ်ပဲဆိုတာ တင်းတင်းကပ်ကျပ် ပြောလိုက်တယ်၊ သူကလဲ လေးလေးနက်နက် ကတိပေးသွားပါတယ်၊ တစ်ချိန်တုန်းက သူ အကျိုးဆောင်ပေးခဲ့တဲ့ ကျေးဇူးတွေထောက်ရင် ဒီလောက်တော့ တန်ပါတယ်၊ ဒါနောက်ဆုံးပါပဲ၊ ဒါနဲ့ ဖလော်ရင်တီနာသတင်း ဘာကြားသေးသလဲ"

"သူ့အခြေအနေက ကောင်းပါတယ်၊ ဇာဖီယာကို ခင်ဗျားထင်တာ မမှားဘူး၊ သူက သူ့သမီးဆီ လစဉ်မှန်မှန် သွားလည်နေတာဗျ"

"ခွေးတိရစ္ဆာန်မ"

"ပြီးတော့ မစ္စကိန်းကလဲ သွားလည်တာ နှစ်ခေါက်တောင်ရှိပြီ"

"သူ့ယောကျ်ားကရော"

"သူတော့ သွားတာ မတွေ့ဘူး"

"ဒီအချက်မှာတော့ ကျွန်တော်နဲ့ အတူတူပဲဗျ"

"ကျွန်တော်က ခင်ဗျားပြောတဲ့အတိုင်း ဆန်ဖရန်စစ္စကိုက ကရော့ကား အမျိုးသားဘဏ်နဲ့ တိုင်းပင်ပြီး အစီအစဉ်တစ်ခု လုပ်ပေးလိုက်တယ်၊ ဖလော်ရင်တီနာက အဲဒီဘဏ်မှာ လွှန်ခဲ့တဲ့ တစ်ပတ်လောက်က ငွေလာချေးသေးတာကိုး၊ ကျွန်တော်တို့က သာမန် ဘဏ်ချေးငွေပုံစံမျိုးနဲ့ ထုတ်ချေးလိုက်တယ်၊ ဘာအခွင့်အရေးမှ အထူးမပေးဘူး၊ အဲဒီတော့ သူ့အနေနဲ့ ဘာမှ သံသယ ဖြစ်စရာ မရှိနိုင်ပါဘူး"

"ကျေးဇူးပါပဲ ဂျော့၊ သိပ်ကောင်းပါတယ်၊ ဒီငွေကို သူ့အနေနဲ့ နှစ်နှစ်အတွင်း အပြေအလည် ပေးဆပ်နိုင်မယ်ဆိုတာ ကျွန်တော် ပြောရဲပါတယ်၊ နောက်ထပ် ကျွန်တော်တို့က ကူညီစရာမလိုတော့ပါဘူး၊ ခင်ဗျားမယုံရင် ကျွန်တော်နဲ့ အလောင်းအစား လုပ်မှာလား၊ ၁၀ ဒေါ်လာ ကြေးလေ"

"လောင်းရင်လဲ ငါးဆ တစ်ဆကြေးလောက် လောင်းမှပေါ့ဗျ၊ ကျွန်တော်က ဖလော်ရင်တီနာနဲ့ ပတ်သက်လို့တော့ မလောင်းရဲဘူးဗျ၊ ဟင်နရီနဲ့ ပတ်သက်လို့သာ လောင်းချင်တာ၊

ဒီလူက တကယ့် ငါးမန်းပဲဗျ”

အောဘယ်က ရယ်နေသည်။

“အေးဗျာ သမီးကိစ္စနဲ့ပတ်သက်လိုတော့ ဒီလိုပဲ မကြာခဏ ကျွန်တော့်ကို အသိပေးစမ်းပါ၊ သူ ဘာတွေလုပ်လို့ ဘာတွေဖြစ်နေတယ်ဆိုတာ အမြဲတမ်းသိနေပါရစေဗျာ”

✣

(၃၄)

ဝီလျံသည် ရှေ့နေ သာဒီးယပ်ကိုဟင်၏ သုံးလပတ် အစီရင်ခံစာကို စေ့စေ့စပ်စပ် ဖတ်ကြည့်သည်။ အစီရင်ခံစာသည် တော်တော်ပြည့်စုံသည်ဟု သူက ယူဆသည်။ သို့သော် သူ က အချက်တစ်ချက်ကိုတော့ စိုးရိမ်မကင်း ဖြစ်မိသည်။

အေဘယ်ရို့စနော့စကီးသည် လက်စတာဘဏ်တိုက်တွင် အစုရှယ်ယာတွေ တော်တော်များများ ပိုင်ထားပါလျက် ဘာမှ လှုပ်လှုပ်ရှားရှားမလုပ်ဘဲ ယခုလို ဘာကြောင့် ငြိမ်နေရသနည်း။

သူက အာမခံစာချုပ်စာတမ်းနှင့် စတော့အိတ်ချိန်း ကော်မရှင်၏ စုံစမ်းစစ်ဆေးမှုကိုလည်း ကြောက်နေစရာလိုတော့မည်မထင်။ ယခုအခါ ဒိုက်ဆင်ဟောင်ဝါကလည်း သမ္မတအဖြစ် ဒုတိယအကြိမ် အရွေးခံရပြန်သဖြင့် သည်ကိစ္စကလေးလောက်ကို စိတ်ဝင်စားတော့မည်မဟုတ်။

ဟင်နရီအော့စဘွန်းသည် အကြွေးလည်ပင်းခိုက်၍ အကျပ်ရိုက်နေကြောင်း သိရသောအခါ ဝီလျံက သဘောကျမိသည်။ မစ္စတာရို့စနော့စကီးက လိုက်ပြီးကယ်နေသဖြင့် သူက လောလောဆယ်တွင် အခြေအနေမပျက် ရပ်တည်လျက်ရှိနေသေးသည်။ သို့သော် အေဘယ်ရို့စနော့စကီးက သူ့ကို တစ်သက်လုံး သည်လိုပဲ ကြည့်ထားနိုင်မည်လား၊ အော့စဘွန်းအပေါ် သည်လောက် ကူညီနေတာ ဘာကြောင့်ပါလိမ့်၊ အော့စဘွန်းက အေဘယ်ရို့စနော့စကီးအပေါ် ဘာတွေများ လုပ်ပေးထားလို့လဲ၊ အေဘယ်ရို့စနော့စကီးက သည်လောက်တောင် ဣန္ဒြေမပျက်နေနိုင်တာ သူမှာ ဘာပြဿနာမှမရှိလို့လား။

ကိုဟင်၏ အစီရင်ခံစာအရတော့ အေဘယ်ရို့စနော့စကီးသည် လောလောဆယ်တွင် ဟိုတယ်သစ်ရှစ်လုံးပင် ဆောက်လုပ်လျက်ရှိသည်ဟု ဆိုသည်။ လန်ဒန်နယ်စား ဟိုတယ်နှင့် လာဂို့စ်နယ်စားဟိုတယ်များ အရှုံးပေါ်နေသည်။ သို့သော် အားလုံးခြုံလိုက်လျှင် အမြတ်ကတော့ တော်တော်များများဝင်နေသည်။

ဝီလျံက အစီရင်ခံစာနှင့် ပူးတွဲတင်ပြထားသော 'ဆန်းဒေးအိတ္တစ်ပရက်စ်' သတင်းစာဖြတ်ပိုင်းကို ပြန်လည်ဖတ်ကြည့်သည်။ အိဒင်ဘာရာဟိုတယ်ကို ဖလော်ရင်တီနာက ဖွင့်ရန်စီစဉ်ထားသော်လည်း မဖွင့်ဖြစ်ကြောင်း သိရသည်။ တစ်ဆက်တည်းတွင် သူ့သားအကြောင်း သွားတွေးမိသည်။

ထို့နောက် သူသည် ဖိုင်တွဲကို ပြန်ပိတ်ပြီး မီးခံသေတ္တာထဲ ပြန်ထည့်လိုက်သည်။

ဒီကိစ္စတွေ ငါနဲ့ မဆိုင်ပါဘူး၊ ဆိုင်ရင်လဲ အရေးကြီးတဲ့ ကိစ္စမဟုတ်ပါဘူး။

သူသည် အိမ်သို့ ကားနှင့် ပြန်လာရင်း ရစ်ချတ်အကြောင်းကို ပြန်တွေးမိပြန်သည်။

ရစ်ချတ်ကို ဒေါသနှင့် ပြောလိုက်မိတာ မှားသည်။ ရို့စနော့စကီး၏ သမီးကို သဘောမတူသည့်တိုင်အောင် သားအပေါ်မှာတော့ ထောက်ထားညာတာသင့်သည်။ တစ်ယောက်တည်းသော ဧကပုတ္တသြရသ သားကြီးမဟုတ်လား။ ကိတ်က သားဘက်ကဝင်၍ အများကြီး ဖာဖာထေးထေး လုပ်ခဲ့သည်။ ထို့ကြောင့် ကိတ်နှင့်သူနှင့် အကျယ်အကျယ် စကားများခဲ့ကြသည်။ ယခင်က တစ်ယောက်နှင့်တစ်ယောက် သည်လို တစ်ခါမျှ မဖြစ်ခဲ့စဖူး၊ ကိတ်က မျက်ရည်စက်လက်နှင့် တောင်းတောင်းပန်ပန် ပြောရှာသော်လည်း သူက လုံးဝအလျှော့မပေးခဲ့။

သမီးကြီး ဗာဂျင်နီယာနှင့် သမီးငယ် လူစီတို့ကလည်း သူတို့အစ်ကိုကြီးကို အောက်မေ့နေကြသည်။ "အစ်ကိုကြီးမရှိတော့ ကျွန်မဆွဲတဲ့ ပန်းချီကားတွေ ဝေဖန်ဖို့ လူမရှိတော့ဘူး"ဟု ဗာဂျင်နီယာက ပြောရှာသည်။

လူစီကတော့ အခန်းထဲတွင် ကျိတ်ပြီး သူမအစ်ကိုကြီးထံ စာတွေ တိတ်တဆိတ် ရေးပို့နေသည်။

ဝီလျံရှေ့တွင် ရစ်ချတ်အကြောင်း ဘယ်သူမှ တစ်ခွန်းမဟရဲကြ။ အခြေအနေကတော့ တစ်အိမ်သားလုံး မီးခဲပြာဖုံးခံစားနေကြရသည်ပင်။

ဝီလျံက စိတ်ဆင်းရဲသက်သာအောင် အလုပ်ကိုသာ ဖိလုပ်နေသည်။ ဘဏ်တိုက်တွင်သာ အချိန်ကုန်သည်။ သို့သော် မကြာခဏဆိုသလို စိတ်က သားဆီ ရောက်ရောက်သွားသည်ချည်းပင်ဖြစ်သည်။

ဘဏ်တိုက်တွင် အလုပ်တွေကလည်း တစ်နေ့ထက်တစ်နေ့ ပို၍ ပို၍ များလာသည်။ လွန်ခဲ့သော နှစ်နှစ်ကျော်ကတည်းက ဒုတိယဥက္ကဋ္ဌခြောက်ယောက်အထိ တိုးချဲ့ခန့်ထားခဲ့သော်လည်း သူ့အနေနှင့် အလုပ်က ပေါ့မသွား။ လုပ်ငန်းက ကြီးကျယ်လာသလောက် ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်ကလည်း ပို၍ပို၍ လိုအပ်လာသည်။

ဒုတိယဥက္ကဋ္ဌခြောက်ယောက်ထဲတွင် ဂျိတ်ခ်သော့မတ်က အတော်ဆုံး၊ ရို့စနော့စကီး၏ သမီးကို ရစ်ချတ်က မစွန့်လွှတ်ခဲ့လျှင် ဝီလျံ၏နေရာကို ဆက်ခံနိုင်မည့် ပုဂ္ဂိုလ်မှာ သူသာရှိသည်။

ဘဏ်တိုက်က နှစ်စဉ် အမြတ်ပေါ်နေသော်လည်း ဝီလျံက ပိုက်ဆံကို စိတ်မဝင်စားတော့။ တကယ်တော့ သူသည် တစ်ချိန်က ချားလ်စ်လက်စတာ ကြုံခဲ့ရသော ပြဿနာမျိုးနှင့် ကြုံနေရခြင်းဖြစ်သည်။ တစ်ဦးတည်းသော သားကြီးသြရသအတွက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေ

ရပြီ။

သူ့မှာ အမွေဆက်ခံမည့်သားမရှိတော့။ သူ့ရာထူးကို ဆက်ခံမည့် မျိုးဆက်သွေးမရှိတော့။

ရစ်ချတ်သည် သူ့ဘဝထဲက ထွက်ပြေးသွားပြီ။ သေတမ်းစာကို ပြန်ရေးရတော့မည်။ အမွေပစ္စည်း ဘဏ္ဍာထိန်းအဖွဲ့ကို ဖျက်ပစ်လိုက်ရတော့မည်။

◇ ◇ ◇

သူတို့၏ အိမ်ထောင်သက် ၂၅ နှစ် ပြည့်သော အထိမ်းအမှတ်အဖြစ် ဝီလျံက ဇနီးနှင့် သမီးနှစ်ယောက်တို့ကိုခေါ်ကာ ဥရောပသို့ အပန်းဖြေခရီးထွက်ခဲ့သည်။ တကယ်တော့ အပန်းဖြေခရီးဆိုသည်ထက် အလွမ်းဖြေခရီးဆိုလျှင် ပို၍ မှန်လိမ့်မည်။ တစ်အိမ်လုံးက ရစ်ချတ်ကိုချည်း သတိရနေကြ၍ အခိုက်အတန့်အားဖြင့် မေ့မေ့ပျောက်ပျောက် ရှိပါစေတော့ဟူသော သဘောဖြင့် ဝီလျံက စီစဉ်ခဲ့ခြင်းပင် ဖြစ်သည်။

သူတို့သည် ရစ်ဇ်ဟိုတယ်တွင် တည်းကြသည်။ ဝီလျံက ပထမဆုံးအကြိမ် ကိတ်နှင့် ပျားရည်ဆမ်းခရီး ထွက်ခဲ့စဉ်က အဖြစ်အပျက်များကို လွမ်းတသသ ဖြစ်မိသည်။

သူတို့သည် ကမ္ဘာကျော် အောက်စဖို့ တက္ကသိုလ်သို့လည်း သွားလည်ကြသည်။ ပြီးတော့ ကမ္ဘာကျော် စာရေးဆရာကြီး ရှိတ်စပီးယား မွေးဖွားရာ စထရက်ဖို့ အဗွန်မြို့သို့လည်း သွားရောက်လည်ပတ်ကြသည်။ မင်းသားကြီး လောရင့်အော်လီဗာ ပါဝင်သော 'တတိယမြောက် ရစ်ချတ်ဘုရင်' ပြဇာတ်ကို ကြည့်ရသောအခါ သည်ဘုရင်နှယ် သည်နာမည်ကိုမှ မှည့်တတ်ပလေဟု အားလုံးက တွေးမိကြသည်။

စထရက်ဖို့အဗွန်မှ အပြန်တွင် ဝီလျံနှင့် ကိတ်တို့လက်ထပ်ခဲ့ကြသော သိမ်းမြစ်နားမှ ဘုရားရှိခိုးကျောင်းကလေးရှေ့တွင် ခေတ္တရပ်ကြသည်။ ယခင်က သူတို့တည်းခဲ့သော 'ဘဲလ်အင်' တည်းခိုရိပ်သာတွင် တစ်ညတာညတည်းခိုရန် စိတ်ကူးခဲ့သော်လည်း အခန်းမအား၍ လန်ဒန်သို့ပင် တန်းပြန်လာခဲ့ကြရသည်။

အပြန်ခရီးတွင် ဝီလျံနှင့် ကိတ်တို့က သူတို့ငွေ ၅၀၀ လှူခဲ့သော ဘုရားကျောင်းမှ ဘုန်းကြီးကျောင်းမှ ဘုန်းကြီးဘွဲ့အမည်ကို တပ်ခ်ဖျူရီလား၊ ဒါမှမဟုတ် ဂျူးခ်ဖျူရီလား မသိတော့၍ တစ်ယောက်နှင့် တစ်ယောက် ကားပေါ်တွင် ငြင်းလာခဲ့ကြသည်။ နောက်ဆုံး ရစ်ဇ်ဟိုတယ်ရောက်တော့မှ အငြင်းရပ်သွားကြတော့သည်။ သို့သော် သူတို့နှစ်ယောက် သဘောတူညီမှုရသော အချက်တစ်ချက်ကတော့ ဘုရားရှိခိုးကျောင်းတွင် အမိုးနှင့် ဘာနှင့် သပ်သပ်ရပ်ရပ်ရှိနေသည်ကို မြင်ခဲ့ကြရခြင်းပင် ဖြစ်သည်။

ထိုညတွင် အိပ်ရာဝင်တော့ ဝီလျံက ကိတ်အား ညင်သာစွာနမ်းပြီး ပြောလိုက်သည်။

"ကိုယ့်အတွက် အကောင်းဆုံး ရင်းနှီးမြှုပ်နှံခဲ့ရတဲ့ ပေါင် ၅၀၀ ပေါ့ အချစ်ရယ်"

နောက်တစ်ပတ်အကြာတွင် အီတလီသို့ ခရီးဆက်ခဲ့ကြသည်။ ရောမမြို့တွင် ဗာဂျင်နီယာ၏ မွေးနေ့ကျင်းပသည်။ ရစ်ချတ်မရှိ၍ တစ်ခုခု မပြည့်စုံသလို ဖြစ်နေသည်။ ညကျတော့

ဗာဂျင်နီယာက အစ်ကိုကြီးကို သတိရပြီး ငိုသည်။ ကိတ်က ချော့မော့နှစ်သိမ့်တော့မှ အငိုတိတ်သွားသည်။

"လောကမှာ မာနထက် တန်ဖိုးရှိတာတွေ ရှိသေးတယ်ဆိုတာ တစ်ယောက်ယောက်ကများ အဖေ့ကို ဘာလို့ မပြောပြတာလဲနော်" ဗာဂျင်နီယာက စိတ်မကောင်းစွာဖြင့် ညည်းရှာသည်။

မိခင်ဖြစ်သူက ဘာမှမပြောဘဲ ငိုင်နေသည်။

နယူးယောက်သို့ ပြန်ရောက်တော့ ဝီလျံမှာ လန်းဆန်းတက်ကြွစွာဖြင့် အလုပ်ခွင့်သို့ ပြန်ဝင်နိုင်ခဲ့သည်။ အလုပ်တွေက တောင်ပုံရာပုံဖြစ်နေ၍ နေ့မအား ညမအား ဖိလုပ်နေရတော့သည်။ သည်လိုနှင့် ခုနစ်ရက်အတွင်း ကိုယ်အလေးချိန် ခုနစ်ပေါင်အထိ ကျဆင်းသွားသည်။

တစ်လပြီးတစ်လ ကုန်လွန်သွားခဲ့သည်။ အစစအရာရာတွင် ပုံမှန်အနေအထားသို့ ရောက်ခဲ့သည်။ သို့သော် တက္ကသိုလ်မှ ပူပူနွေးနွေးထွက်ခါစ ဗာဂျင်နီယာက လက်ထပ်တော့မည်ဟု ပြောလာသောအခါ အခြေအနေသည် ပုံမှန်အနေအထားမရှိတော့ဘဲ ပြန်ပျက်သွားခဲ့ပြန်သည်။ သတို့သားလောင်းမှာ ဗာဂျီနီယာ တက္ကသိုလ်၊ ဥပဒေကောလိပ်မှ ကျောင်းသားတစ်ယောက်ဖြစ်သည်။ ဤသတင်းကြောင့် ဝီလျံမှာ ခေါင်းမီးတောက်ရပြန်သည်။

"ဗာဂျင်နီယာက အရွယ်မှ မရောက်သေးတာ၊ ဘယ့်နှယ်လက်ထပ်လို့ ဖြစ်ပါ့မလဲ" ဝီလျံက စိတ်ဆိုးဆိုးနှင့် ပြောလိုက်သည်။

"ဘာလို့ အသက်မပြည့်ရမှာလဲ၊ သမီးက ၂၂ နှစ်တောင်ရှိနေမှပဲ၊ သူကလေးမဟုတ်တော့ပါဘူး မောင်၊ မောင်က အဘိုးဖြစ်လာရမှာကို သဘောမကျလို့လား ဟင်"

ဝီလျံက မျက်လုံးပြူးသွားပြီ

"မင်း ဘာပြောတာလဲဟင်၊ ဗာဂျင်နီယာက ကိုယ်ဝန်ရှိနေပြီမို့လား... ဟုတ်လား"

"အို ကျားသားမိုးကြိုး၊ ကြံကြီးစည်ရာ၊ မဟုတ်ရပါဘူး မောင်၊ ကျွန်မက ရစ်ချတ်နဲ့ ဖလော်ရင်တီနာတို့ကို ရည်ရွယ်ပြီး ပြောလိုက်မိတာပါ၊ အခု သူတို့မှာ ကလေးတစ်ယောက်ရနေပြီ မောင်ရဲ့"

"မင်းက ဘယ်လိုလုပ်ပြီး သိတာလဲ"

"ရစ်ချတ်က ကျွန်မဆီ စာနဲ့ရေးပြီး မင်္ဂလာသတင်းကောင်း ပါးလိုက်တယ်လေ၊ မြေးကလေးတောင် ရနေမှတော့ ခွင့်လွှတ်လိုက်ပါတော့လား မောင်ရယ်"

"တစ်သက်လုံး မလွှတ်ဘူးကွ၊ တစ်သက်လုံး မလွှတ်ဘူး"

ဝီလျံက ဒေါသနှင့် အော်ပြောပြီး အခန်းထဲမှ ထွက်သွားသည်။

ကိတ်က စိတ်ပျက်လက်ပျက်နှင့် သက်မကြီး ချလိုက်မိသည်။

သူက မြေးကလေးကို ယောက်ျားလေးလား၊ မိန်းမလေးလားလို့တောင် မေးမသွားပါလား။

✧ ✧ ✧

နောက်နှစ် မတ်လ၊ နွေဦးပေါက်ရာသီ၏ သာယာသောနေ့ တစ်နေ့တွင် ဘော့စတွန်မြို့၊ ထရီနီတီ ဘုရားရှိခိုးကျောင်းတော်၌ ဥပဒေပညာရှင်ကလေး ဒေးဗစ်တယ်လ်ဖို့နှင့် ဗာဂျင်နီယာတို့၏ လက်ထပ်မင်္ဂလာပွဲ ကျင်းပသည်။

သူ၏ သမီးဖြစ်သူက ရာသက်ပန်ဘဝကြင်ဖော် ခင်ပွန်းအဖြစ် ရွေးချယ်လိုက်သော သမက်လောင်းကလေးကို ဝီလျံက ခြွင်းချက်မရှိ သဘောကျနှစ်သက်မိသည်။

ဗာဂျင်နီယာက သူမ၏ အစ်ကိုကြီး ရစ်ချတ်အား သတို့သားဘက်မှ လူပျိုရံအဖြစ် ဆောင်ရွက်စေရန် ဆန္ဒရှိခဲ့သည်။ မိခင်ဖြစ်သူက ရစ်ချတ်အား မင်္ဂလာပွဲသို့ ဖိတ်ခွင့်တောင်းသော်လည်း ဖခင်ဖြစ်သူက လုံးဝသဘောမတူခဲ့။ အမှန်က သူက သဘောတူလိုက်ချင်သော်လည်း ရစ်ချတ်အနေဖြင့် ဖလော်ရင်တီနာမပါဘဲနှင့် ဘယ်တော့မှ လာမည်မဟုတ်ဆိုသည်ကို ဝီလျံက အတတ်သိထားပြီးဖြစ်သည်။

မင်္ဂလာဆောင်ပွဲ ကျင်းပသည့်နေ့တွင် ရစ်ချစ်ထံမှ ညီမဖြစ်သူထံသို့ လက်ဆောင်ပစ္စည်းနှင့် သံကြိုးစာတစ်စောင် ပို့လိုက်သည်။ သို့သော် ဝီလျံက သံကြိုးစာကို ဧည့်ခံပွဲတွင် လုံးဝဖတ်ပြခွင့် မပြုခဲ့ပါချေ။

✣

## (၃၅)

အောဘယ်သည် နယူးယောက်နယ်စားဟိုတယ် ၄၂ ထပ်ရှိ သူ့ရုံးခန်းထဲတွင် တစ်ယောက်တည်းထိုင်ကာ ကနေဒီသမ္မတ အရွေးခံရရေး ရန်ပုံငွေရှာဖွေရေးကော်မတီမှ ပုဂ္ဂိုလ်တစ်ဦးအား စောင့်နေသည်။

သူသည် စိတ်မရှည်ဟန်ဖြင့် စားပွဲကို လက်ချောင်းများနှင့် တစ်ဒေါက်ဒေါက် ခေါက်ကစားလျက်ရှိသည်။ ထိုအခိုက် အတွင်းရေးမှူး စာရေးမဝင်လာသည်။

"မစ္စတာဗင်းစင့်ဟိုဂန် ရောက်လာပါပြီ ရှင့်"

အောဘယ်က ကုလားထိုင်မှထရပ်လိုက်ပြီး...

"ကြွပါ... မစ္စတာဟိုဂန်" သူက ရုပ်ရည်ချောမောသော လူငယ်အား ပခုံးကို တစ်ချက်ပုတ်လိုက်ပြီး "နေကောင်းတယ်နော်"

"ဟုတ်ကဲ့ ကောင်းပါတယ် မစ္စတာ ရို့စနော့စကီး၊ ကျွန်တော် နည်းနည်း နောက်ကျသွားတာ ခွင့်လွှတ်ပါခင်ဗျား"

လူငယ်က ဘော့စတွန်သား လေသံဖြင့် တောင်းပန်စကားဆိုသည်။

"ကျုပ်က သတိတောင် မထားမိပါဘူးဗျာ၊ ကိစ္စမရှိပါဘူး၊ ဒါနဲ့ တစ်ခုခုသောက်ပါလား မစ္စတာဟိုဂန်"

"ကျေးဇူးတင်ပါတယ် မစ္စတာ ရို့စနော့စကီး၊ ကျွန်တော် မသောက်တော့ပါဘူး၊ ကျွန်တော်က တစ်နေ့တည်းမှာ လူတွေအများကြီးနဲ့ တွေ့ဆုံစရာရှိတဲ့အခါမျိုးမှာ လုံးဝ အရက်မသောက်ပါဘူး"

"သိပ်ကောင်းတာပေါ့၊ ကျုပ်တော့ တစ်ခွက်လောက် သောက်ပါရစေဗျာ၊ ကျုပ်က ဒီနေ့ လူတွေအများကြီးနဲ့ တွေ့ဖို့ အစီအစဉ်မရှိပါဘူး"

ဟိုဂန်က ရယ်နေသည်။ အေဘယ်က ဖန်ခွက်ထဲ အရက်ငှဲ့ထည့်သည်။

"ကဲ… ဆိုပါဦး၊ ကျုပ်ဘာကူညီရမှာလဲ"

"ဟုတ်ကဲ့ မစ္စတာရှိုစနော့စကီး၊ ကျွန်တော်တို့ ပါတီက မစ္စတာ ရှိုစနော့စကီးရဲ့ အကူအညီကို လိုအပ်နေလို့ပါ၊ ကျွန်တော်တို့ကို အလျင်လိုပဲ ထောက်ပံ့ကူညီလိမ့်မယ်လို့ မျှော်လင့်ပါတယ်ခင်ဗျား"

"ခင်ဗျားသိတဲ့အတိုင်း ကျုပ်က အမြဲတမ်း ဒီမိုကရက်တစ် ပါတီဝင်တစ်ယောက်ပဲဗျ၊ ကျုပ်က ဖရန်ကလင်ရုစဗဲ့၊ ဟယ်ရီထရူးမင်းနဲ့ အက်ဒလေစတီဗင်ဆင်တို့တုန်းကလဲ ထောက်ပံ့ခဲ့တယ်၊ ဒါပေမယ့် စတီဗင်ဆင် ဘာတွေပြောနေတယ်ဆိုတာ လုံးဝ နားမလည်ပါဘူးဗျာ"

နှစ်ယောက်စလုံး ရယ်လိုက်ကြသည်။

"ပြီးတော့ ကျုပ်က ကျုပ်ရဲ့မိတ်ဆွေကြီး ရှီကာဂိုမြို့တော်ဝန် ဒစ်ခ်ဒါလီကိုရော ပိုလန်အမျိုးသားကလေး အက်ဒမမ်မတ်စကီးကိုရော ကူညီခဲ့တယ်၊ မစ်စကီးက ၁၉၅၄ ခုနှစ်တုန်းက မိန်းပြည်နယ် အုပ်ချုပ်ရေးမှူး အရွေးခံရတုန်းကပေါ့"

"ဟုတ်ပါတယ် ခင်ဗျာ၊ လူကြီးမင်းက ကျွန်တော်တို့ ပါတီအပေါ် သစ္စာရှိစွာ ကူညီခဲ့တယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး ခင်ဗျာ၊ အဲဒီလို ကူညီခဲ့တဲ့အတွက် အရွေးခံရတဲ့ ပုဂ္ဂိုလ်တွေကလဲ လူကြီးမင်းကို ပြန်ပြီး ကျေးဇူးဆပ်ခဲ့ကြတယ်ဆိုတာ အားလုံးအသိပါပဲ၊ အဆုံးစွန်ပြောရရင် လွှတ်တော်အမတ်ဟောင်း အော့စဘွန်းတောင်မှ လူကြီးမင်းကို ပြန်ပြီးအထိုက်အလျောက် ကူညီခဲ့ပါတယ်၊ သူ့အကြောင်းတော့ အသေးစိတ် ဆက်ပြောနေစရာ မလိုတော့ပါဘူး"

"ဒီကိစ္စက ပြီးခဲ့ပြီးပါပြီ၊ ဘာမှ ပြောနေစရာ မလိုတော့ပါဘူး"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်လဲ လူကြီးမင်းနဲ့ တသဘောတည်းပါပဲ"

"အဲဒီတော့ ကျုပ်က ဘယ်လောက်ကူညီရမလဲ"

"ကျွန်တော်တို့အဖို့တော့ ရသမျှ အမြတ်ချည်းပါပဲခင်ဗျာ၊ နစ်ကဆင်ဆိုရင် တစ်နိုင်ငံလုံးလှည့်ပြီး ထောက်ပံ့ကြေးတွေ လိုက်ကောက်ခံနေပါပြီ၊ ကျွန်တော်တို့လူ သမ္မတအိမ်တော်ရောက်ရေးအတွက် ပိုက်ဆံကတော့ အများကြီး လိုပါလိမ့်မယ်ခင်ဗျာ"

"ဟုတ်ပါပြီ၊ ကျုပ်က ကနေဒီကိုပဲ ထောက်ခံမှာပါ၊ သူကလဲ ကျုပ်ကို မမေ့ဘူးဆိုရင်ပေါ့လေ၊ ဒါကတော့ ရှင်းရှင်းကလေးပါ"

"ဟုတ်ပါတယ် ခင်ဗျာ၊ သူကလဲ လူကြီးမင်းကို အပြန်အလှန်သဘောနဲ့ ဝမ်းမြောက်ဝမ်းသာ ကူညီမှာပါခင်ဗျာ၊ လူကြီးမင်းဟာ ပိုလန်အမျိုးသား မဲဆန္ဒနယ်မှာ အဓိကပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်တယ်ဆိုတာ ကျွန်တော်တို့အားလုံးအသိပါပဲခင်ဗျာ၊ ဆီနေတာကနေဒီကလဲ လူကြီးမင်းအနေနဲ့ အမျိုးသားရေးဘက်က တစ်ချိန်လုံးရပ်လာခဲ့တာကို အသတ်အမှတ်ပြုပါတယ်ခင်ဗျာ၊ ပြီးတော့ စစ်အတွင်းက လူကြီးမင်းရဲ့ စွမ်းဆောင်မှုတွေကိုလဲ ဂုဏ်ယူပါတယ်ခင်ဗျာ၊ ကြုံကြိုက်တုန်း ဝမ်းသာစရာပြောရဦးမယ်၊ ဆီနေတာကနေဒီက ရွေးကောက်ပွဲ မဲဆွယ်ခရီးလှည့်ရင်း လော့စ်အိန်ဂျယ်လိစ်မြို့က နယ်စားဟိုတယ်သစ်ကို သူကကိုယ်တိုင် ဖွင့်ပေးဖို့လဲ သဘောတူပါ

တယ် မစ္စတာ ရို့စနော့စကီး”

“ဒါ မင်္ဂလာရှိတဲ့ သတင်းကောင်းပဲပေါ့”

“အမေရိကန်နိုင်ငံနဲ့ ကုန်သွယ်ရေးမှာ ပိုလန်နိုင်ငံကို အထူးအခွင့်အရေးရ နိုင်ငံအနေနဲ့ ခွင့်ပြုဖို့ လူကြီးမင်းက ဆန္ဒရှိနေတာကိုလဲ သမ္မတလောင်းက အထူးအလေးအနက်ထားပါတယ် ခင်ဗျား၊ သူက ပိုလန်အမေရိကန်ပြည်သူတွေရဲ့ ဆန္ဒကို လိုက်ပြီးကောက်ခံနေပါတယ်၊ အခု ထိတော့ ဆန့်ကျင်သူ တစ်ယောက်မှ မတွေ့ရပါဘူး၊ ဒါပေမယ့် သူသမ္မတအဖြစ် အရွေးခံရပြီး မှသာ နောက်ဆုံး ဆုံးဖြတ်ချက်ချနိုင်မှာ ဖြစ်ပါတယ်”

“ဒါပေါ့… ဒါပေါ့၊ အဲဒီ ဆုံးဖြတ်ချက်ချနိုင်ဖို့အတွက် ကျုပ်က ဒေါ်လာ နှစ်သိန်းခွဲ ထောက်ပံ့ရင် အလုပ်ဖြစ်ပါ့မလား”

ဗင်းစင့်ဟိုဂန်က ဘာမှပြန်မပြော။

“ဒေါ်လာ နှစ်သိန်းခွဲပဲ ထားလိုက်ပါတော့၊ နောက်အပတ်အတွင်းမှာ ခင်ဗျားတို့ ရန်ပုံ ငွေဌာနချုပ်ကို ပိုက်ဆံရောက်လာလိမ့်မယ်၊ ဒါ ခင်ဗျားကို ကျုပ်က ပြတ်ပြတ်သားသား ကတိ ပေးတာပဲ”

ဤတွင် အလုပ်ကိစ္စ ပြီးပြတ်သွားပြီ။ အေဘယ်က ထိုင်ရာမှ ထရပ်လိုက်သည်။

“ဆီနေတာကနေဒီကို ပြောပြလိုက်ပါဗျာ၊ ကျုပ်က သူ့အတွက် မေတ္တာပို့လိုက်ပါတယ်လို့၊ ဒီအပတ်ရွေးကောက်ပွဲမှာ သူ သမ္မတအဖြစ် အရွေးခံရလိမ့်မယ်လို့ ကျုပ် မျှော်လင့်ပါတယ်၊ ဟယ်လင်ဂဟာဂန်ဒေါက်ကလပ်အပေါ်မှာ အလွန်အထင်သေးစရာ ဆက်ဆံခဲ့တာကို မြင်ခဲ့ရပြီး ကတည်းက နစ်ကဆင်ကိုတော့ ကျုပ်က လုံးဝ အထင်မကြီးတော့ဘူးဗျ၊ ပြီးတော့ ဟင်နရီကက် ဘော့လော့ဂျ်ကိုလဲ ဒုတိယသမ္မတ မဖြစ်စေချင်ဘူး၊ ဒါကတော့ ကိုယ်ရေးကိုယ်တာအရ ပြောရ တာပါ”

“စိတ်ချပါ မစ္စတာရို့စနော့စကီး၊ လူကြီးမင်းမှာတဲ့အတိုင်း ဆီနေတာကို ကျွန်တော် ဆက်ဆက်ပြောပြလိုက်ပါ့မယ်၊ ယခုလို ဒီမိုကရက်တစ်ပါတီကို ဆက်လက်ပြီး ကူညီထောက်ပံ့ တာကိုလဲ ကျေးဇူးတင်ပါတယ် ခင်ဗျား၊ အထူးသဖြင့် သမ္မတလောင်းကို ထောက်ပံ့တဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ် မစ္စတာ ရို့စနော့စကီး”

ဟိုဂန်က လက်ကို ကမ်းပေးသည်။ အေဘယ်က လှမ်းဆုပ်လိုက်သည်။

“ကျုပ်ကို မပြတ်အဆက်အသွယ်လုပ်ပါ မစ္စတာဟိုဂန်၊ ကျုပ်က အခုလို ကူညီလိုက်တာ အကြောင်းမဲ့ သက်သက်တော့ မဟုတ်ဘူးဆိုတာ မစ္စတာဟိုဂန် သဘောပေါက်ပါလိမ့်မယ်”

“ဟုတ်ပါတယ် ခင်ဗျား၊ ကျွန်တော် ကောင်းကောင်းသဘောပေါက်ပါတယ် ခင်ဗျား”

အေဘယ်က ဧည့်သည်အား ဓာတ်လှေကားအထိ လိုက်ပို့ပြီးနောက် ရုံးခန်းသို့ ပြန်လာ ခဲ့သည်။ သူ့မျက်နှာ ပြုံးရွှင်နေသည်။ သူက စားပွဲကို လက်ချောင်းကလေးများနှင့် တဒေါက်ဒေါက် ခေါက်နေသည်။ အတွင်းရေးမှူးစာရေးမ ပြန်ဝင်လာသည်။

“မစ္စတာနိုဗက်ကို ခဏလာပါလို့ ပြောလိုက်ပါ”

ခဏကြာတော့ ဂျော့ဝင်လာသည်။

"ကျွန်တော်တော့ ခလုတ်တစ်ချက် နှပ်လိုက်ပြန်ပြီ ဂျော့"

"ဝမ်းသာပါတယ် အေဘယ်၊ ကနေဒီသာ သမ္မတအရွေးခံရရင်တော့ ခင်ဗျားရဲ့ အကြီးအကျယ်ဆုံး ရည်ရွယ်ချက်ကြီးတစ်ခုတော့ အောင်မြင်သွားတော့မှာ ကျိန်းသေပဲ၊ ဖလော်ရင်တီနာက ခင်ဗျားအတွက် ဘယ်လောက်ဂုဏ်ယူလိမ့်မလဲ"

သမီးနာမည်ကိုကြားရတော့ အေဘယ်က ပြုံးလိုက်သည်။

"ဒီသူငယ်မ ဘာတွေ လုပ်နေတယ်ဆိုတာ ခင်ဗျား သိပြီးပြီလား၊ ပြီးခဲ့တဲ့အပတ်က ထုတ်တဲ့ လော့စ်အိန်ဂျယ်လိစ်တိုင်းသတင်းစာကို ခင်ဗျားကြည့်ပြီးပြီလား"

ဂျော့က ခေါင်းခါပြသည်။ အေဘယ်က သူ့အား သတင်းစာကို လှမ်းပေးလိုက်သည်။

သတင်းတစ်ပုဒ်ကို မင်နီဖြင့် ဝိုင်းထားသည်။ ဂျော့က အသံထွက်၍ ဖတ်သည်။

*"ဖလော်ရင်တီနာကိန်းသည် လော့စ်အိန်ဂျယ်လိစ်တွင် သူမ၏ တတိယမြောက် ဖက်ရှင်တိုက်ကို ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ သူမသည် ဆန်ဖရန်စစ္စကိုမြို့တွင်လည်း ဖက်ရှင်တိုက်နှစ်ခု ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ စတုတ္ထမြောက် ဖက်ရှင်တိုက်ကို ယခုနှစ်မကုန်မီ ဆန်ဒီဂိုမြို့တွင် ဖွင့်လှစ်ရန် ရည်ရွယ်ထားသည်။ သူမ၏ ဖက်ရှင်တိုက်များကို 'ဖလော်ရင်တီနာဖက်ရှင်တိုက်' ဟူ၍ အမည်တူများ ပေးထားသည်။ ပါရီမြို့တွင် ဘာလင်ရှာဂါဖက်ရှင်တိုက်နာမည်ကျော်ကြားနေသလို ကာလီဖိုးနီးယားပြည်နယ်တွင်လည်း ဖလော်ရင်တီနာဖက်ရှင်တိုက်များ လျှင်မြန်စွာကျော်ကြားလာမည်မှာ မြေကြီးလက်ခတ်မလွဲပင်"*

ဂျော့က ရယ်ပြီး သတင်းစာကို စားပွဲပေါ် ပြန်ချလိုက်သည်။

"ကေန့တော့ ဒီသတင်းကို သူကိုယ်တိုင် ရေးပေးတာဖြစ်မယ်ဗျ၊ နယူးယောက်မှာလဲ ခပ်မြန်မြန် ဖွင့်စေချင်တယ်ဗျာ၊ နောက် ငါးနှစ်အတွင်းမှာ ဖွင့်ကို ဖွင့်နိုင်လိမ့်မယ်ဗျာ၊ မယုံရင် ခင်ဗျားနဲ့ ကျွန်တော်နဲ့ လောင်းကြမလား"

"မလုပ်ပါနဲ့ဗျာ၊ ပထမအကြိမ်တုန်းကလဲ ကျွန်တော် မလောင်းခဲ့ပါဘူး၊ အဲဒီတုန်းကသာ လောင်းခဲ့ရင် ကျွန်တော့်အိတ်ထဲက ၁၀ ဒေါ်လာ ထွက်သွားပြီပေါ့ဗျာ"

နှစ်ယောက်သား သဘောကျစွာ ရယ်လိုက်ကြသည်။

ထို့နောက် အေဘယ်က မျက်နှာတည်သွားပြီး

"ဒါနဲ့ လော့စ်အိန်ဂျယ်လိစ်က နယ်စားဟိုတယ်ကို သမ္မတလောင်း ကနေဒီ လာဖွင့်တဲ့အခါ ဖလော်ရင်တီနာ လာကြည့်ပါ့မလားဗျ၊ သူလာမယ်လို့ ခင်ဗျားထင်သလား"

"သူ့ယောက်ျားကိုပါ မဖိတ်ရင်တော့ သူလဲလာမှာမဟုတ်ဘူးဗျ"

"ဒီကောင်ကိုတော့ ဘယ်တော့မှ မဖိတ်နိုင်ဘူး ဂျော့၊ သူ့ကို ဖိတ်စရာလဲ မလိုပါဘူး၊ ခင်ဗျားရဲ့ နောက်ဆုံး အစီရင်ခံစာထဲမှာ သူ့အကြောင်း ကျွန်တော် အားလုံးဖတ်ကြည့်ပြီးပြီ၊ သူက အခု ဘဏ်တိုက်က နုတ်ထွက်ပြီး ဖလော်ရင်တီနာနဲ့ တွဲလုပ်နေတယ်၊ ကိုယ်စွမ်းကိုယ်စ တော်တော်နည်းတဲ့ ကောင်ပဲ၊ မိန်းမထဘီနား သွားခိုနေရတာ သူမို့ မရှက်တာ"

"ဒီလောက်လဲ ချိုးချိုးဖွဲဖွဲ မပြောပါနဲ့လေ အောဘယ်။ ခင်ဗျား ပြောတာတွေ တစ်ခုမှ မဟုတ်သေးပါဘူး၊ အမှန်က ရစ်ချတ်က မိန်းမထဘီနား သွားခိုနေတာမဟုတ်ဘူးဗျ၊ သူက မိန်းမလုပ်ငန်းကို တာဝန်ယူပြီး ကြီးကြပ်နေတာပါ၊ ဖလော်ရင်တီနာက ဖက်ရှင်တိုက်တွေကို စီမံအုပ်ချုပ်ရေးလုပ်ငန်း တာဝန်ယူထားတယ်၊ ရစ်ချတ်က ဘဏ္ဍာရေးလုပ်ငန်း တာဝန်ယူတယ်၊ သူ့ကို ဘဏ်တိုက်ကြီးတစ်တိုက်က ဥရောပဘဏ်ခွဲကို တာဝန်ယူအုပ်ချုပ်ဖို့တောင် အလုပ်ကမ်းလှမ်းသေးတာပဲ၊ ဒါပေမယ့် ဖလော်ရင်တီနာက သူ့အနေနဲ့ ငွေရေးကြေးရေးကိစ္စ မကျွမ်းကျင်လို့ သူ့လုပ်ငန်းမှာပဲ ဝင်လုပ်ပါဆိုပြီး တောင်းပန်တာနဲ့ ရစ်ချတ်က ဝင်လုပ်ရတာ၊ တကယ်တော့ သူတို့ လင်မယားက တကယ့် ဘက်ညီတဲ့ စံပြလင်မယားပါ အောဘယ်၊ မယုံရင် ခင်ဗျား စောင့်ကြည့်ပါ၊ သူတို့နှစ်ယောက် တစ်နှစ်ထက် တစ်နှစ် အောင်မြင်ကျော်ကြားလာမှာ ကျိန်းသေပဲ၊ ကျွန်တော်ကတော့ ခင်ဗျားအနေနဲ့ တစ်ထစ်လျှော့သင့်ပြီလို့ ထင်တယ်၊ အောဘယ် ဒီ သူငယ်အပေါ် ဒီလောက်အထိ တင်းမထားသင့်တော့ပါဘူး....။ ဒီအချိန်မှာ သူ့ကို ခင်ဗျားက လက်ကမ်းကြိုဆိုဖို့ ကောင်းပါပြီ"

"ဂျော့... ခင်ဗျားဟာ ကျွန်တော့်ရဲ့ အရင်းအနှီးဆုံး မိတ်ဆွေပါ၊ ခင်ဗျားကလွဲပြီး ကျွန်တော့်ကို ဒီစကားမျိုး ဘယ်သူမှ မပြောရဲပါဘူး၊ အဲဒီတော့ ကျွန်တော် ဒီအထိ ဘာကြောင့် တောင့်ခံနေရတယ်ဆိုတာကိုလဲ ခင်ဗျားသာ အသိဆုံးပါ၊ ဒီခွေးမသား ကိန်းဆိုတဲ့ အကောင်က လိုလိုချင်ချင် လက်ကမ်းလာတောင်မှ ကျွန်တော့် ဘက်က ခွင့်လွှတ်နိုင်စရာ အကြောင်းမရှိပါဘူး"

"ခင်ဗျားတို့ နှစ်ယောက်က အသက် အတူတူလောက် ရှိကြတာပဲ၊ တကယ်လို့ ခင်ဗျား အလျင်သေသွားရင် ဘယ်လိုလုပ်မလဲ"

"အဲဒီလိုဆိုရင်တော့ ကျွန်တော်ကရှုံးပြီး ဖလော်ရင်တီနာက အမြတ်ထွက်မှာပေါ့"

"ဒါနဲ့ ခင်ဗျားပြောတော့ သူ့ကို တစ်ပဲနိတောင် မပေးဘူးဆို၊ ဒီလိုဆိုရင် ခင်ဗျားက ခင်ဗျားရဲ့ မြေးကလေးကို ငဲ့ပြီး သေတမ်းစာ ပြန်ပြင်ရေးရတော့မှာပေါ့"

"အဲဒါကိုတော့ ကျွန်တော် ဘယ်လိုမှ မလုပ်နိုင်ဘူး ဂျော့၊ ကျွန်တော် တစ်သက်လုံး ကုန်းရုန်းပြီး ရှာဖွေစုဆောင်းခဲ့တာတွေ အားလုံးကို အဲဒီခွေးမသား မြေးကလေးက အကုန် သုံးဖြုန်းပစ်ရင် ဘယ့်နယ်လုပ်ပါ့မလဲ"

အောဘယ်က အင်္ကျီအိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်ယူပြီး အိတ်ကိုဖွင့်ကာ ဖလော်ရင်တီနာ၏ ဓာတ်ပုံဟောင်းများထဲမှ ဓာတ်ပုံတစ်ပုံကို ထုတ်ယူလိုက်သည်။ သူ့မြေးကလေး၏ ဓာတ်ပုံဖြစ်သည်။ သူက ဓာတ်ပုံကို ဂျော့ရှေ့သို့ ထိုးပြလိုက်သည်။

"တော်တော်ချောတဲ့ ကောင်လေးပဲ"

"တကယ်ပဲ၊ သူ့အမေနဲ့ တထေရာတည်းပဲဗျ"

ဂျော့က ရယ်လိုက်ပြီး

"ခင်ဗျားက မြေးကလေးမျက်နှာလဲ ထောက်သင့်တာပေါ့ အောဘယ်"

အောဘယ်က စကားကြောလွှဲလိုက်ပြီး

"ဒီကလေးနာမည် သူတို့ ဘယ်လိုခေါ်သလဲ၊ ခင်ဗျားသိသလားဗျ"

"ခင်ဗျား ဘာဆိုလိုတာလဲ၊ ကလေးနာမည် ခင်ဗျားသိပြီးသားပဲ မဟုတ်လား"

"ဩော် ကျွန်တော်က ကလေးကို သူတို့က ချစ်စနိုးခေါ်တဲ့နာမည်ကို ပြောတာပါ"

"အဲဒါကတော့ ကျွန်တော် ဘယ်သိပါ့မလဲ"

"သိအောင် လုပ်ပေးပါဗျာ၊ ကျွန်တော် သိချင်လို့ပါ"

"အင်း ကျွန်တော် ဘယ်လိုလုပ်ရပါ့မလဲ၊ ဂိုးလ်ဒင်းဂိတ် ပန်းခြံထဲမှာ ကလေးကို တွန်းပုခက်နဲ့ လျှောက်တွန်းသွားတုန်း နောက်က လူတစ်ယောက် လွှတ်ထားမှ ဖြစ်လိမ့်မယ် ထင်ပါရဲ့၊ ဒါပေမယ့် သူတို့အပေါ်မှာ ခင်ဗျားက အမြဲတစေ စောင့်ကြည့်နေတယ်ဆိုတာမသိပါ စေနဲ့လို့ ခင်ဗျားကပဲ အမိန့်ထုတ်ထားတော့ ဘယ်လို လုပ်ရမှာလဲ"

"သူတို့ အရိပ်မဖမ်းမိအောင် ကြည့်လုပ်ပေါ့ဗျာ"

"ဒါနဲ့ လက်စတာဘာဏ်က ရှယ်ယာတွေ ကိစ္စကော ခင်ဗျား ဘယ်လို စိတ်ကူးထားသလဲ၊ ပီတာပါဖစ်က သူပိုင်တဲ့ ရှယ်ယာ နှစ်ရာခိုင်နှုန်းကို သိပ်ပြီးရောင်းချနေပြီဗျ၊ ဒါပေမယ့် ဟင်နရီ အော့စဘွန်းကိုတော့ ကျေးဇူးပြုပြီး မလွှတ်လိုက်ပါနဲ့ဗျာ၊ သူတို့နှစ်ယောက် ပေါင်းမိရင် ခင်ဗျား အတွက် နှစ်ဆနာဖြစ်သွားပါလိမ့်မယ်"

"ကျွန်တော် ဘာမှ မလုပ်ပါဘူး၊ ရွေးကောက်ပွဲပြီးတဲ့အထိ စောင့်ကြည့်နေသေးတာပေါ့၊ ကနေဒီ အရွေးမခံရရင် ပါဖစ်ရဲ့ ရှယ်ယာ နှစ်ရာခိုင်နှုန်းကို ဝယ်ယူလိုက်မယ်၊ ပြီးတော့ အလျင် ချမှတ်ထားတဲ့ စီမံကိန်းအတိုင်း ဆက်လုပ်မယ်၊ ဟင်နရီကိစ္စကိုတော့ ဘာမှ မစိုးရိမ်ပါနဲ့၊ သူ့ဆီ က လက်စတာဘာဏ်စာရင်းတွေ ကျွန်တော် ပြန်ယူထားလိုက်ပြီးပါပြီ၊ ဒီအချိန်ကစပြီး အဲဒီ စာရင်းတွေကို ကျွန်တော်ကိုယ်တိုင်ပဲ ကိုင်တော့မယ်"

"ခင်ဗျားက မစိုးရိမ်ပါနဲ့ဆိုပေမယ့် ကျွန်တော်ကတော့ စိုးရိမ်မိတယ် အဘေယ်၊ ဒီ လူက ရှိကာဂိုမြို့က အတိုးကြီးစား ငွေချေးသူတွေ တစ်ဝက်လောက်ဆီမှာ အကြွေးတွေ အကြီး အကျယ်တင်နေတာ၊ မယုံရင် ခင်ဗျား စောင့်ကြည့်နေပါ၊ တစ်နေ့နေ့မှာ ဒီလူပြန်ရောက်လာပါ လိမ့်မယ်"

"ဒီလူမလာရဲတော့ပါဘူး၊ ကျွန်တော်က နောက်ဆုံးအကြိမ် အပြတ်ပြောလွှတ်လိုက်ပြီးပါပြီ၊ နောက်တစ်ကြိမ် လာတောင်းရင်တော့ တစ်ပြားမှ မရတဲ့အပြင် အလုပ်ပါ ဖြုတ်ပစ်မယ်သာ မှတ်တော့ဆိုပြီး သတိပေးလိုက်တယ်"

"အဲဒါကြောင့်မို့လို့ ကျွန်တော်က ပိုပြီးစိုးရိမ်မိတာ၊ သူက ဝီလျံကိန်းဆီသွားပြီး ခင်ဗျား အကြောင်း ဖွင့်မချဘူးလို့ ပြောနိုင်မလား၊ ဒါ သူ့အတွက် ငွေရဖို့ အသေချာဆုံးအကွက်ပဲ မဟုတ်လား"

"အဲဒီလို ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး ဂျော့၊ ဘာဖြစ်လို့လဲဆိုတော့ ဟင်နရီက ဝီလျံ ကိန်းကို ကျွန်တော့်ထက်တောင်မှ ပိုပြီး မုန်းတဲ့လူတစ်ယောက်ပါ"

"ခင်ဗျားက ဘယ်လိုလုပ်ပြီး ဒီလောက်တောင် သေချာပေါက် ပြောနိုင်ရသလဲ"

"ဝီလျံကိန်းရဲ့ မအေက ဟင်နရီရဲ့ ဒုတိယ အိမ်ထောင်ဗျ၊ အဲဒီတုန်းက ဝီလျံကိန်းက ၁၆ နှစ်သားပဲ ရှိသေးတယ်၊ ကိန်းရဲ့ မအေ ဆုံးသွားတဲ့အခါ ကိန်းက ဟင်နရီကို မောင်းထုတ်လိုက်တယ်"

"ဟာ...အံ့သြစရာပါပဲလားဗျာ၊ ခင်ဗျားက ဒီလောက်တောင်မှ အတွင်းကျကျ သိထားတာကိုး"

"ဝီလျံကိန်းအကြောင်း ကျွန်တော်က ချေးခါးအူမသိထားပြီးပြီဗျ၊ သူ့အကြောင်းသိရင် ဟင်နရီအကြောင်းလဲ သိရတာပဲ၊ ကျွန်တော်နဲ့ ကိန်းနဲ့က တစ်နေ့တည်း တစ်ချိန်တည်း မွေးလာခဲ့ကြတာ၊ သူလဲ ကျွန်တော့်အကြောင်း အစအဆုံး သိမယ်ဆိုတာ ကျွန်တော် သံသယမဖြစ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ဟင်နရီအတွက်တော့ ခင်ဗျား မစိုးရိမ်ပါနဲ့၊ သူ့နာမည်ရင်း 'ဗစ်တိုရီယိုတိုစနာ' ပါဆိုတာ သူကိုယ်တိုင် ထုတ်မပြောနိုင်ခင် ဒီလူသေသွားမှာပါ၊ သူက ထောင်လဲ ကျခဲ့ဖူးတာဗျ"

"ဘုရားရေ ဒီလိုဆို သူ့အကြောင်းတွေ ခင်ဗျား အကုန်သိထားပြီဆိုတာ သူက သိသလား"

"မသိပါဘူး၊ သူမသိပါဘူး၊ ကျွန်တော်က လူတစ်ယောက်ကို အရမ်းမပေါင်းပါဘူးဗျ၊ မိးအာမခံကိစ္စမှာ သူလုပ်နေတဲ့ ကုမ္ပဏီကို သစ္စာဖောက်ကတည်းက ဒီလူ့အကျင့်ကို ကျွန်တော် သိခဲ့ပါပြီ၊ ဒါပေမယ့် ကျွန်တော့်အပေါ် အလျင်က ကောင်းခဲ့တာကလေးထောက်ပြီး သူ့ကို အထိုက်အလျောက်တော့ ကြည့်ရှုထားရတာပါ၊ နောက်ထပ် ဒီလူ ဒုက္ခမပေးရဲတော့ပါဘူး၊ သူ ဒါရိုက်တာအဖွဲ့က ပြုတ်သွားရင် သူတောင်းစားဖြစ်သွားမှာပေါ့၊ အဲဒီတော့ ဒီအကြောင်း မေ့ထားလိုက်ပါတော့၊ ဒါနဲ့ လော့စ်အိန်ဂျယ်လိစ် နယ်စားဟိုတယ် ဘယ်တော့လောက် ပြီးမလဲ"

"စက်တင်ဘာလလယ်ဆိုရင် ပြီးပါပြီ"

"အတော်ပါပဲ၊ အဲဒါဆိုရင် ရွေးကောက်ပွဲမတိုင်ခင် ခြောက်လနီးပါးအလိုပဲ ဆိုပါတော့၊ ဟိုတယ်ကို သမ္မတလောင်း ကနေဒီကိုယ်တိုင် ဖွင့်ပေးတဲ့ သတင်းကတော့ တစ်ပြည်လုံး အုတ်အော်သောင်းတင်း ဖြစ်သွားမှာ ကျိန်းသေပဲဗျ"

✣

## (၃၆)

ဝီလျံသည် ဝါရှင်တန်တွင် ကျင်းပသော ဘဏ်လုပ်ငန်းရှင်များ ညီလာခံမှ ပြန်ရောက်သောအခါ "ရှေ့နေ သား ဒီယပ်ကိုဟာင်နှင့် အမြန်ဆက်သွယ်ပါဟူသော တယ်လီဖုန်းသတင်း မှတ်စုစာရွက်ကို စားပွဲပေါ်တွင် တွေ့ရသည်။

သူသည် မစ္စတာကိုဟာင်နှင့် ဟုတ္တိပတ္တိ စကားမပြောခဲ့ရသည်မှာ အချိန်တော်တော်ကြာခဲ့ပြီဖြစ်သည်။ ကိုဟာင်ထံမှ မှန်မှန်ပို့ပေးနေသော အစီရင်ခံစာများတွင်လည်း အေဘယ်ရို့စနော့စကီးနှင့်ပတ်သက်၍ လောလောဆယ်တွင် တစ်စုံတစ်ရာ စိုးရိမ်စရာမရှိကြောင်းကိုသာ အဆက်မပြတ် ဖော်ပြနေကြသည်။

သို့သော် အကြောင်းထူးတစ်ခုခုတော့ ရှိလို့ဖြစ်ပါလိမ့်မယ်ဟု တွေးမိပြီး ချက်ချင်းပင် မစ္စတာကိုဟာင်ထံသို့ ဖုန်းဆက်လိုက်သည်။ မစ္စတာကိုဟာင်က သူ သတင်းထူးတစ်ခု ရထားကြောင်း၊ သို့သော် တယ်လီဖုန်းနှင့် ပြော၍မဖြစ်ကြောင်း ပြောသည်။ ထို့ကြောင့် ဝီလျံက သူ့အား ဘဏ်တိုက်သို့ ချက်ချင်းလာခဲ့ရန် လှမ်းခေါ်လိုက်သည်။

နောက် မိနစ် ၄၀ အကြာတွင် မစ္စတာကိုဟာင် ရောက်လာသည်။ ဝီလျံက မစ္စတာကိုဟာင် ပြောသမျှကို စိတ်ဝင်စားစွာဖြင့် နားထောင်သည်။

မစ္စတာကိုဟာင် ပြောပြီးသောအခါ ဝီလျံက ပြန်ပြောလိုက်သည်။

"ခင်ဗျားအဖေသာဆိုရင်တော့ ဒီလို ကောက်ကျစ်တဲ့ နည်းလမ်းမျိုးကို ဘယ်တော့မှ သုံးလိမ့်မယ် မဟုတ်ဘူး"

"ဒါတော့ အခြေအနေအရပေါ့ဗျာ၊ သူက စားဆိုရင် ကိုယ်ကလဲ သူ့ထက်မသာတောင်မှ တူညီတဲ့ လက်နက်တော့ အတတ်နိုင်ဆုံး သုံးရမှာပေါ့"

"ခင်ဗျား စီမံကိန်း ဘာကြောင့် အောင်မြင်မယ်လို့ ထင်ရတာလဲ"

"ဘားနဒ်ဟိုးလ်ဖိန်းနဲ့ ရှာမင်အဒမ်တို့ အမှုကို ပြန်ကြည့်ပါလား၊ ပိုက်ဆံက ဟိုတယ်စရိတ် ၁၆၄၂ ဒေါ်လာ ကလေးနဲ့ သားမွေးကုတ်အင်္ကျီတစ်ထည်တည်းပါ၊ ဒါပေမယ့် အဒမ်က သမ္မတရဲ့ လက်ထောက်အရာရှိဖြစ်နေတော့ သမ္မတလဲ တစ်ခါတည်း ပြုတ်ထွက်သွားတာပဲ မဟုတ်လား၊ အခု ရိုစနော့စကီးလုပ်တာက အဲဒီထက်ကြီးကျယ်တယ်ဗျ၊ အဲဒီတော့ ဒီတစ်ချက်တည်းနဲ့ သူ့ကို အလဲထိုးနိုင်မှာ သေချာပေါက်ပဲ"

"အဲဒီအတွက် ကျွန်တော်က ပိုက်ဆံဘယ်လောက် ရင်းနှီးရမှာလဲ"

"အများဆုံး ဒေါ်လာနှစ်သောင်းခွဲလောက်ပါ၊ ဒါပေမယ့် ဒီထက်သက်သာအောင် ကျွန်တော် ကြည့်ပြီးလုပ်ပါ့မယ်"

"ဒီကိစ္စမှာ ကျွန်တော် ပါဝင်နေတယ်ဆိုတာ ရိုစနော့စကီးမသိအောင် ခင်ဗျား ဘယ်လို ကာကွယ်နိုင်မှာလဲ"

"ကျွန်တော်က ခင်ဗျားနာမည်ကိုတောင် မသိတဲ့ တတိယလူတစ်ယောက်ကို ကိုယ်စားလှယ်အဖြစ် အသုံးပြုမှာပေါ့"

"အဲဒါပြီးသွားရင် ကျွန်တော်တို့က ဘာဆက်လုပ်မလဲ"

"ခင်ဗျားက အသေးစိတ် အထောက်အထားတွေကို ဆီနေတာ ကနေဒီရဲ့ ရုံးကို ပို့လိုက်ရုံပေါ့၊ အဲဒါဆိုရင် ရိုစနော့စကီးရဲ့ လုပ်ငန်းတွေ တစ်ချီတည်းနဲ့ အားလုံးပြိုလဲကုန်မှာ သေချာပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အနေနဲ့ လက်စတာဘဏ်ရဲ့ ရှယ်ယာရှစ်ရာခိုင်နှုန်းကို ပိုင်ထားသည့်တိုင်အောင် သူ့ရဲ့ ဂုဏ်သိက္ခာ ကျဆင်းသွားတဲ့အချိန်မှာ ဘဏ်ဥပဒေစည်းမျဉ်းပုဒ်မ (၇) ကိုလဲ ဆုပ်ကိုင်လို့ လုံးဝမရနိုင်တော့တဲ့အတွက်ပဲ"

"ဆိုပါတော့၊ တကယ်လို့ ကနေဒီသာ သမ္မတဖြစ်လာမယ်ဆိုရင်တော့ ခင်ဗျားစီမံကိန်း ဟန်ကျတာပေါ့၊ ဒါပေမယ့် ကနေဒီမဖြစ်ဘဲ နစ်ကဆင်ဖြစ်လာရင် ဘယ်လိုလုပ်မလဲ၊ သူက လောလောဆယ်မှာ တစ်ပြေးနေတဲ့လူ၊ ကျွန်တော်ကလဲ သူပဲ အရွေးခံရလိမ့်မယ်တင်တာပဲ၊ ကနေဒီလို ရိုမန်ကက်သလစ်ဘာသာဝင်တစ်ယောက်ကို အမေရိကန်ပြည်သူတွေက သမ္မတအဖြစ် ရွေးပါ့မလားဗျ၊ ကျွန်တော်တော့ လုံးဝမထင်ဘူး၊ သို့သော်လဲ ရိုစနော့စကီးကိုသာ အလဲထိုးနိုင်မယ်ဆိုရင်တော့ ကျွန်တော်အနေနဲ့ အဲဒီငွေ နှစ်သောင်းခွဲလောက်ကို ဘာမှ တွက်နေစရာ မလိုပါဘူး"

"ကနေဒီသမ္မတဖြစ်လာရင်ပေါ့ဗျာ"

ဝီလျံက စားပွဲအံဆွဲဖွင့်ပြီး 'ကိုယ်ပိုင်စာရင်း' ဟု တံဆိပ်ရိုက်ထားသော ချက်လက်မှတ်စာအုပ် ဆွဲထုတ်လိုက်သည်။ ထို့နောက် ငွေအရေအတွက်ကို တစ်လုံးချင်း ရေးချလိုက်သည်။

"နှစ်၊ ငါး၊ သုည၊ သုည၊ သုည။"

✣

(၃၇)

သမ္မတလောင်း ဂျွန်၊ အက်ဖ်၊ ကနေဒီက လော့စ်အိန်ဂျယ်လိစ် နယ်စားဟိုတယ်ကို ဖွင့်လှစ်ပေးခြင်း သတင်းသည် စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားများမှတစ်ဆင့် တစ်ပြည်လုံးသို့ အုတ်အော်သောင်းတင်း ပျံ့နှံ့သွားလိမ့်မည်ဟူ၍ အေဘယ်၏ ကြိုတင်ဟောကိန်းမှာ အလုံးစုံတော့ မမှန်ခဲ့။

ကနေဒီက ဟိုတယ်သစ်ကြီးကို ဖွင့်လှစ်ပေးခဲ့သော်လည်း ထိုနေ့ တစ်နေ့တည်းတွင်ပင် သူ့အနေဖြင့် တစ်ဒါဇင်မျှသော အရေးကြီးသည့် အခမ်းအနားများသို့လည်း ဆက်တိုက် တက်ရောက်ခဲ့ရသည်။ ထို့ပြင် ထိုနေ့ညပိုင်းတွင်လည်း အပြိုင်သမ္မတလောင်း နစ်ကဆင်နှင့် ရုပ်မြင်သံကြားမှတစ်ဆင့် စကားစစ်ထိုးပွဲပြုလုပ်ရသေးသည်။ ထို့ကြောင့် ဟိုတယ်ဖွင့်လှစ်ခြင်းသတင်းမှာ တခြားအရေးကြီးသည့် သတင်းများနှင့် ရောသွားခဲ့ရသည်။

သို့သော်လည်း ဟိုတယ်ဖွင့်လှစ်ခြင်းသတင်းကို စာနယ်ဇင်းပေါင်းစုံက လျစ်လျူရှုမထားဘဲ အရေးတယူ အသားပေး၍တော့ အထိုက်အလျောက် ဖော်ပြခဲ့ကြသည်။

ဗင်းစင့်ဟိုဂန်ကလည်း အေဘယ်ပြောထားသော တခြားကိစ္စကို သမ္မတလောင်း ကနေဒီ အနေဖြင့် မမေ့ကြောင်း၊ တစ်ချိန်သောအခါတွင် ပြတ်ပြတ်သားသား သိရှိရလိမ့်မည်ဖြစ်ကြောင်း အလေးအနက် ကတိပြုသည်။

ဖလော်ရင်တီနာ၏ ဖက်ရှင်တိုက်မှာ နယ်စားဟိုတယ်သစ်နှင့် ကိုက် ၁၀၀ ခန့်မျှသာ ဝေးသည်။ သို့သော် သားအဖနှစ်ယောက်မှာ နီးလျက်နှင့် ဝေးနေခဲ့ကြရလေသည်။ တစ်ယောက်နှင့် တစ်ယောက် တွေ့ဆုံခြင်းလုံးဝမရှိ။

✧ ✧ ✧

အီလီနို့ုက်ပြည်နယ်မှ ဆန္ဒမဲများ ဝင်လာသောအခါ ကနေဒီအနေဖြင့် အမေရိကန်ပြည်ထောင်စု၏ ၃၅ နှစ်မြောက် သမ္မတဖြစ်လာရန်မှာ သေချာပေါက်တွက်၍ ရနေပြီဖြစ်သည်။

အေဘယ်က အရက်ခွက်ကို မြှောက်ကာ မြို့တော်ဝန် ဒါလီ အသက်ရာကျော်ရှည်ပါစေဟု ဆုမွန်တောင်းသည်။ တိုင်းစကွဲယားရှိ ဒီမိုကရက်တစ်ပါတီဌာနချုပ်တွင် အောင်ပွဲသဘင်ကျင်းပသည်။ အေဘယ်သည် မနက် ၅ နာရီထိုးမှ အိမ်သို့ပြန်ရောက်သည်။

"ဟေး ပျော်မယ်ဗျ၊ အများကြီး ပျော်မယ်၊ နောက်တစ်ကြိမ်ဆိုရင် နောက်တစ်ကြိမ်ဆိုရင်" သူသည် အမူးလွန်ကာ စကားကိုပင် အဆုံးမသတ်နိုင်တော့ပဲ ခွေယိုင်လဲကျသွားသည်။

ဇျော့က သူ့ကိုတွဲထူကာ အိပ်ရာပေါ် တင်ပေးလိုက်ရလေသည်။

◆ ◆ ◆

ဝီလျံသည် အရှေ့ ၆၈ လမ်းထဲမှ သူ၏ စာကြည့်ဆောင်ထဲတွင် စိမ်ပြေ နပြေထိုင်ကာ ရွေးကောက်ပွဲသတင်းကို ရုပ်မြင်သံကြားတွင် စောင့်ကြည့်နေသည်။

အီလီနွိုက်ပြည်နယ်မှ ဝင်လာသော ဆန္ဒမဲများမှာ နောက်နေ့ မနက် ၁၀ နာရီတွင်မှ အပြည့်အစုံ ရေတွက်ပြီးမည်ဖြစ်သော်လည်း ယခုအချိန်မှာပင် အခြေအနေမှန်ကို အကဲခတ်၍ ရနေပြီဖြစ်သည်။

သူက တယ်လီဖုန်းကို ကောက်ကိုင်ပြီး ရေ့နေကိုဟင်၏ အိမ်ဖုန်းနံပါတ်ကို လှည့်လိုက်သည်။

"ဒေါ်လာ နှစ်သောင်းခွဲရင်းလိုက်တာ ကွက်တိမှန်သွားပြီဗျ၊ ဒီအတိုင်းဆို ရိုစနော့စကီးတော့ ဥရောပခရီးထွက်တာ ပျားရည်ဆမ်းခရီး မဖြစ်နိုင်တော့တာ သေချာနေပြီဗျ၊ ဒါပေမယ့် လောလောဆယ် ဘာမှမလုပ်ဘဲ စောင့်ကြည့်နေပါဦး၊ သူ တူရကီသွားတော့မှ လုပ်ငန်းစကြတာပေါ့ ဟုတ်လား"

"ဝီလျံက ဖုန်းကို ပြန်ချလိုက်သည်။ ပြီးတော့ အိပ်ရာဝင်သည်။ သူက ရစ်ချတ်နစ်ကဆင်နှင့် သူ၏ဆွေမျိုးနီးစပ်ညီအစ်ကိုတော်သူ ဟင်နရီကက်ဘော့လော့ဂျ်တို့ မဲရှုံး၍ စိတ်မကောင်းတော့ဖြစ်မိသည်။ ကက်ဘော့လော့ဂျ်က ဒုတိယသမ္မတလောင်းအဖြစ် အရွေးခံခြင်းဖြစ်သည်။ သို့သော် ဘယ်လိုပင်ဖြစ်ဖြစ် သူ့အတွက်တော့ အရှုံးမရှိပါချေ။

◆ ◆ ◆

ဝါရှင်တန်မြို့တော်တွင် သမ္မတသစ် ဂျွန်အက်ဖ်ကနေဒီ၏ ကျမ်းသစ္စာ ကျိန်ဆိုပွဲသို့ အေဘယ်ကိုလည်း ဧည့်သည်တော်အဖြစ် ဖိတ်ကြားခြင်းခံရသည်။ အေဘယ်က သည်လို ဂုဏ်ကျက်သရေအပေါင်းနှင့် ပြည့်စုံသော ပွဲသဘင်ကြီးသို့ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကိုလည်း ခေါ်သွားချင်သည်။

သူက ဇျော့နှင့်တိုင်ပင်ကြည့်သည်။

"ဝီလျံကိန်းနဲ့ ခင်ဗျားတို့ရဲ့ ကမ္ဘာ့ရန်ပွဲကြီး အဆုံးမသတ်မချင်း ဖလော်ရင်တီနာက

ခင်ဗျားဆီ လုံးဝလာမှာမဟုတ်ဘူးဗျ" ဟု ဂျော့က အပြတ်ပြောသည်။

ထို့ကြောင့် အေဘယ်က သမ္မတသစ် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ သူတစ်ယောက်တည်းသာ သွားရောက်ရန် ဆုံးဖြတ်လိုက်တော့သည်။

ဝါရှင်တန်တွင် ဧည့်ခံပွဲတွေ အများကြီး တက်ရလိမ့်မည်။ ထို့ကြောင့် အေဘယ်အနေဖြင့် ဥရောပနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ ခရီးထွက်မည့် အစီအစဉ်ကို ရက်အနည်းငယ်ခန့်တော့ ရွှေ့ဆိုင်းရလိမ့်မည်။ ကြိုတောင့်ကြိုခဲသော သည်ပွဲကြီးကို သူက လက်လွှတ်မခံနိုင်။

✧ ✧ ✧

လူလတ်ပိုင်း အရွယ်မျှသာရှိသေးသော သမ္မတသစ်သည် သမ္မတသစ်ရာထူး လက်ခံပွဲ မိန့်ခွန်းကို အားမာန်အပြည့်ဖြင့် မြွက်ကြားနေသည်။ သူက တိုင်းပြည်အတွက် အနာဂတ်မျှော်လင့်ချက်များကို အားရပါးရ ပြောကြားနေသည်။

"ကမ္ဘာစစ်ကြီးရဲ့ ကပ်ဒုက္ခကို ရင်စည်းပြီး ခံခဲ့ကြရပြီးတဲ့နောက်၊ ချွေးနဲ့သွေးနဲ့ရင်းပြီး ရရှိလာခဲ့တဲ့ ငြိမ်းချမ်းရေးအရသာကို ခံစားလာခဲ့ကြရပြီးတဲ့နောက် အမေရိကန်နိုင်ငံမှာ မျိုးဆက်သစ်တစ်ရပ် ရှင်သန်ပေါက်ဖွားလာခဲ့ပါပြီ။

"ငါ့အတွက် တိုင်းပြည်က ဘာလုပ်ပေးနိုင်မှာလဲလို့ မမေးကြပါနဲ့၊ တိုင်းပြည်အတွက် ငါက ဘာလုပ်ပေးနိုင်မှာလဲလို့သာ ကိုယ့်ကိုယ်ကိုယ် မေးကြည့်ကြပါ"

သန်းပေါင်းများစွာသော ပြည်သူလူထုကြီးသည် သွေးခဲလုမတတ် ဆီးနှင်းဒဏ်ကို လုံးဝဂရုမစိုက်ဘဲ ထိုင်ရာမှ တစ်ပြိုင်နက်ထရပ်ပြီး လူငယ်သမ္မတသစ်၏ အားမာန်ပြည့်ရွှန်းသော မိန့်ခွန်းကို တခဲနက် ကြိုဆိုလိုက်ကြလေသည်။

✧ ✧ ✧

အေဘယ်သည် အလွန်ဝမ်းသာကြည်နူးစွာဖြင့် ဝါရှင်တန်နယ်စားဟိုတယ်သို့ ပြန်လာခဲ့သည်။

ဟိုတယ်သို့ရောက်လျှင်ရောက်ချင်း ရေချိုးသည်။ ပွဲထိုင်ဝတ်စုံအကောင်းစားကို ဝတ်သည်။ ပြီးတော့ ဘွဲ့တံဆိပ်တွေကို တပ်ဆင်သည်။ ပိုလန် စစ်မှုထမ်းဟောင်းများ အဖွဲ့ချုပ်၏ ရွှေတံဆိပ်၊ စစ်မှုထမ်းကောင်း တံဆိပ်များနှင့် ဟိုတယ်လုပ်ငန်းအတွက် ချီးမြှင့်ခြင်းခံရသော ဂုဏ်ထူးဆောင်တံဆိပ်များ။

ထိုညတွင် ဝါရှင်တန်မြို့၌ သမ္မတသစ်ရာထူးလက်ခံပွဲ အထိမ်းအမှတ် ဂုဏ်ပြုပွဲပေါင်း ခုနစ်ပွဲတိတိ ကျင်းပရန်ရှိသည်။ အေဘယ်၏ ဖိတ်စာတွင် စစ်ဌာနချုပ် ဂုဏ်ပြုပွဲသို့ ကြွရောက်ရန် ဖိတ်ကြားထားသည်။

အေဘယ်အား ရှီကာဂိုမှ ဒီမိုကရက်တစ်ပါတီဝင် ပိုလန်အမျိုးသားများ၏ စားပွဲတွင် နေရာချပေးသည်။ လူငယ်အထက်လွှတ်တော်အမတ် အက်ဒမမ်မတ်စကီးနှင့် အခြားအောက်

လွှတ်တော်အမတ် ဆယ်ယောက်တို့ကို တွေ့ရသည်။ အခြား ရီပတ်ပလီကန်ပါတီဝင် ပိုလန်အမျိုးသား နှစ်ယောက်အကြောင်းကို စကားပင်မဟကြ။ အေဘယ်က ထိုပုဂ္ဂိုလ်နှစ်ယောက်နှင့် ရင်းရင်းနှီးနှီးစကားပြောသည်။ သူတို့ နှစ်ယောက်သည် အေဘယ်နှင့်အတူ ပိုလန်–အမေရိကန် အောက်လွှတ်တော်အမတ်များ ကော်မတီဖွဲ့စည်းရေးကို ဦးဆောင်ခဲ့ကြသူများ ဖြစ်ကြသည်။

ဧည့်ပရိသတ်များ စားလိုသောက်လို့ကောင်းနေတုန်း သမ္မတသစ် ဂျွန်အက်ဖ်ကနေဒီနှင့် ရုပ်ရည်ချောမောသော သူ၏ဇနီး ဂျက်ကလင်းတို့ ရောက်လာကြသည်။ သမ္မတသစ် ဇနီးမောင်နှံသည် လက်ရွေးစင်ပုဂ္ဂိုလ်များနှင့် ၁၅ မိနစ်ခန့် ရင်းရင်းနှီးနှီးပြောဆိုနှုတ်ဆက်ပြီးနောက် ပြန်လည် ထွက်ခွာရန် ပြင်ကြသည်။

အေဘယ်သည် သမ္မတသစ်နှင့် ကိုယ်တိုင်ကိုယ်ကြပ် စကားမပြောလိုက်ရသော်လည်း သမ္မတသစ်၏ အဖွဲ့တွင် ပါလာသော ဗင်းစင့်ဟိုဂန်နှင့်တော့ ပြောဖြစ်လိုက်သည်။

"အခုလို မမျှော်လင့်ဘဲ ပြန်တွေ့ရတာ ဝမ်းသာပါတယ် မစ္စတာရို့စနော့စကီး"

အေဘယ်က ဘာမျှ ပြန်မပြောဘဲ အလိုက်သင့်ပင် နားထောင်နေလိုက်သည်။ ဟိုဂန်က အေဘယ်၏ လက်ကို လှမ်းဆုပ်ပြီး ကျောက်စလင်းတိုင်ကြီးနောက်ကွယ်တစ်နေရာသို့ ကမန်းကတန်း ဆွဲခေါ်လာခဲ့သည်။

"ဒီအချိန်မှာ ကြာကြာပြောနေဖို့ အချိန်တော့မရဘူး မစ္စတာ ရို့စနော့စကီး၊ ကျွန်တော်က သမ္မတအဖွဲ့နဲ့ လိုက်ပါလာရတော့ အဖွဲ့ဝင်တွေနဲ့ ထပ်ကြပ်မကွာ လိုက်နေရတယ်၊ ဒါပေမယ့် မကြာခင်မှာ လူကြီးမင်းဆီ ဖုန်းဆက်လိမ့်မယ်ဆိုတာတော့ ကျွန်တော် ပြောနိုင်ပါတယ်၊ လူကြီးမင်းသိတဲ့အတိုင်း သမ္မတက ဒီအချိန်မှာ အင်မတန် အလုပ်များနေပါတယ်"

"ဟုတ်ကဲ့ သိပါတယ်"

"ဒါပေမယ့် ကျွန်တော် ထင်ပါတယ်" ဟိုဂန်က ဆက်ပြောသည်။ "လူကြီးမင်းကိစ္စကတော့ မတ်လကုန်လောက်မှာ အသေအချာ သိရလိမ့်မယ်လို့ ထင်ပါတယ်၊ ကျွန်တော်ကပဲ ပထမဆုံး ဂုဏ်ပြုနှုတ်ဆက်ပါရစေ ခင်ဗျား၊ လူကြီးမင်းအနေနဲ့ သမ္မတကြီး ကျေနပ်အောင် တာဝန်ထမ်းဆောင်နိုင်မယ်ဆိုတာ ကျွန်တော် အလေးအနက် ယုံကြည်ပါတယ်"

ထို့နောက် ဟိုဂန်သည် သမ္မတနှင့် အဖွဲ့ဝင်များနောက်သို့ အပြေးကလေး လိုက်သွားသည်။ သမ္မတနှင့် ဇနီးတို့သည် တံခါးဖွင့်ထားသော ဓိမ်ခံကားကြီးပေါ်သို့ ပြန်တက်သွားကြပြီ။

◇ ◇ ◇

"ခင်ဗျားကြည့်ရတာ တော်တော် စိတ်ချမ်းသာနေပုံရတယ်။ ဧကန္တ တော့ သမ္မတကြီးက ခင်ဗျားကို နိုင်ငံခြားရေးဝန်ကြီး ခန့်သွားပြီထင်တယ်"

အေဘယ် စားပွဲတွင် ပြန်ထိုင်တော့ ပိုလန်အမျိုးသားမိတ်ဆွေတစ်ယောက်က နောက်လိုက်သည်။

အားလုံးပင် ရယ်ကြသည်။

အဘေယ်က ပြန်နှောက်လိုက်သည်။

"ခန့်တော့ မခန့်သေးဘူးဗျ၊ ဒါပေမယ့် သမ္မတကြီးက တစ်ခုတော့ ပြောသွားတယ်၊ သမ္မတအိမ်တော်က ကျွန်တော့်အတွက် လျာထားတဲ့ ရုံးခန်းက ကျွန်တော့် နယ်စားဟိုတယ်က အခန်းလောက်တော့ မသားနားဘူးတဲ့"

အားလုံးပင် ဝါးကနဲ ရယ်လိုက်ကြပြန်သည်။

✧ ✧ ✧

အဘေယ်သည် နောက်တစ်နေ့မနက်တွင် နယူးယောက်သို့ လေယာဉ်ဖြင့် ပြန်လာခဲ့သည်။ ညနေစာကို ဂျော့နှင့်အတူ စားကြသည်။

"ဒီနေ့ ကျွန်တော်တို့နှစ်ယောက် အောင်ပွဲခံရမယ်ဗျ၊ ကျွန်တော် ညှော်ခဲ့ပွဲမှာ ဟိုဂန်နဲ့ တွေ့လာခဲ့တယ်၊ ကျွန်တော့်ကို ရာထူးခန့်ဖို့ကိစ္စ နောက်သုံးလေးပတ်အတွင်း အတိအကျဆုံးဖြတ်တော့မယ်တဲ့၊ ဒီအတိုင်းဆိုရင် ကျွန်တော် အရှေ့အလယ်ပိုင်းက ပြန်ရောက်ပြီး မကြာခင်မှာ ကြေငြာချက်ထွက်လာမှာ သေချာတယ်"

"ဂုဏ်ယူပါတယ် အဘေယ်၊ ထိုက်တန်တဲ့ ရာထူးကို ထိုက်တန်တဲ့ ပုဂ္ဂိုလ်ရခြင်းပါပဲ"

"ကျေးဇူးတင်ပါတယ် ဂျော့၊ ကျွန်တော် ကောင်းစားတော့ ခင်ဗျားလဲ ကောင်းစားရမှာပေါ့ဗျာ၊ အားလုံး သေချာပြီးသွားတဲ့အခါ ကျွန်တော်က ခင်ဗျားကို နယ်စားကုမ္ပဏီရဲ့ ယာယီဥက္ကဋ္ဌအဖြစ် ခန့်မယ်ဗျာ"

ဂျော့က ရှမ်ပိန်အရက်တစ်ခွက် ထပ်မော့လိုက်သည်။

ပုလင်းတစ်ဝက် ပြတ်သွားပြီ။

"ဒါနဲ့ ခင်ဗျား ခရီးထွက်တာ ဘယ်လောက် ကြာမယ်ထင်သလဲ"

"အလွန်ဆုံး သုံးပတ်ပါပဲ၊ ကျွန်တော့်ကို အာရပ်တွေ ပြောင်လိမ်ညာနေသလားဆိုတာ သွားကြည့်ချင်တယ်၊ ပြီးတော့ တူရကီဆက်သွားပြီး အီစတန်ဘူနယ်စားဟိုတယ်ကိုလဲ ဖွင့်မယ်၊ လန်ဒန်နဲ့ ပါရီကိုလဲ လမ်းကြုံဝင်မယ်လို့ စိတ်ကူးထားတယ်"

ဂျော့က ဖန်ခွက်နှစ်လုံးထဲသို့ ရှမ်ပိန်အရက် ထပ်၍ လောင်းထည့်လိုက်သည်။

✧ ✧ ✧

အဘေယ် လန်ဒန်တွင် မူလအစီအစဉ်ထက် သုံးရက်ပိုကြာသွားသည်။ လန်ဒန်နယ်စားဟိုတယ်မှာ ပြဿနာအချို့ကို ရှင်းပေးနေရသောကြောင့်ဖြစ်သည်။ လန်ဒန်ဟိုတယ်သည် အရှုံးပြနေသည်။ သို့သော်လည်း သူက ဘာကြောင့် ရှုံးနေရကြောင်း တစ်ကြိမ်မျှ စစ်စစ်ဆေးဆေး မလုပ်ခဲ့သေး။ သူက လန်ဒန်ဟိုတယ်ကို ပိတ်ပစ်ရန်ပင် စိတ်ကူးခဲ့မိသည်။ သို့သော် အင်္ဂလန်နိုင်ငံ၏ မြို့တော်တွင် သူ၏ ဟိုတယ်ကြီးတစ်ခုဖြစ်သည့်နည်းဖြင့် ဆက်လက်ရှိစေချင်သည်။ ထို့ကြောင့် လက်ရှိ မန်နေဂျာကို ဖြုတ်ပစ်လိုက်ပြီး မန်နေဂျာသစ်တစ်ယောက် ခန့်ထားလိုက်သည်။

ပါရီဟိုတယ်ကတော့ အားတက်စရာ ကောင်းသည်။ နှစ်စဉ် အမြတ်တွေ ပြနေသည်။ ဥရောပတိုက်တွင် အအောင်မြင်ဆုံး ဟိုတယ်တစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် ပါရီတွင် နှစ်ရက်သာ နေခဲ့ပြီး အရှေ့အလယ်ပိုင်းသို့ ဆက်လက်ထွက်ခွာလာခဲ့သည်။

ပါရှန်းပင်လယ်ကွေ့ ငါးနိုင်ငံတွင် ဟိုတယ်ဆောက်ရန် နေရာကောင်းများ တွေ့ထားပြီ။ ဆော်ဒီအာရေဗျနိုင်ငံ ရိယတ်မြို့တွင်ဆိုလျှင် စတင်ဆောက်လုပ်သည့် အဆင့်သို့ပင် ရောက်နေပြီ။ သူသည် ရက်တော်တော်ကြာနေ၍ ကိုယ်တိုင်ကိုယ်ကြပ် စီမံလုပ်ကိုင်ချင်သော်လည်း အပူဒဏ်ကို မခံနိုင်၍ သုံးလေးရက်နှင့် တူရကီသို့ ခရီးဆက်ခဲ့ပြန်သည်။

ဟိုတယ် ဆောက်လုပ်ရေးအတွက် ကြီးကြပ်ရန်တာဝန်ကိုမူ လူငယ် ဒုတိယဥက္ကဋ္ဌ တစ်ယောက် ခန့်၍ လွှဲအပ်ထားခဲ့သည်။

◆ ◆ ◆

အေဘယ်သည် အလုပ်ကိစ္စနှင့် ပတ်သက်၍ အီစတန်ဘူမြို့ (ယခင်အခေါ် ကွန်စတင်တီနိုပယ်မြို့) သို့ တော်တော်များများ ရောက်ဖူးသည်။ သို့သော် သူ့အဖို့တော့ သည်မြို့သည် အကြိမ်တိုင်း ထူးခြားနေသည်။ ဘယ်တော့မှ ရိုးသွားသည်ဟူ၍မရှိ။ သူသည် အမေရိကန်တွင် ဘဝသစ်ထူထောင်ရန် ဤမြို့မှစတင်၍ ခရီးစထွက်ခဲ့သည် မဟုတ်ပါလား။ ထို့ကြောင့် သည်မြို့တွင် အမှတ်တရအဖြစ် နယ်စားဟိုတယ်ကြီးတစ်ခု တည်ဆောက်လိုသော သူ့ဆန္ဒသည် အလွန် သဘာဝကျသည်ဟု ဆိုရမည်သာဖြစ်သည်။

အီစတန်ဘူမြို့ရောက်တော့ သူ့အား ဖိတ်စာ ၁၅ စောင်က အသင့်စောင့်ကြိုနေသည်ကို တွေ့ရသည်။ ယင်းတို့အနက် အမေရိကန် သံအမတ်ကြီးနှင့် အင်္ဂလန်သံအမတ်ကြီးတို့၏ "ဖိတ်စာများကိုတွေ့ရတော့ အေဘယ်က အံ့အားသင့်နေမိသည်။ သူသည် ဗြိတိသျှသံရုံးသို့ မရောက်ခဲ့သည်မှာ နှစ်ပေါင်း ၄၀ နီးပါးပင် ရှိခဲ့ပြီ။

◆ ◆ ◆

ထိုညနေတွင် အေဘယ်သည် တူရကီနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး ဆာဘားနဒ်ဘာရီး၏ ညစာစားပွဲသို့ တက်ရောက်သည်။ သူ့အား သံအမတ်ကြီးကတော်၏ လက်ယာဘက်တွင် နေရာချပေးသောအခါ အေဘယ်က အံ့သြမိသည်။ သည်အခွင့်အရေးမျိုးကို သူသည် အခြားသံရုံးများ တွင် ဘယ်တော့မှ မရခဲ့ဖူးသောကြောင့် ဖြစ်သည်။

ညစာ စားပြီးသွားသောအခါ အမျိုးသမီးတွေ ထွက်သွားကြပြီး အမျိုးသားများသာ ဆေးလိပ်သောက်ရင်း အရက်သောက်ရင်း စကားပြောကျန်ရစ်ကြသည်။ အေဘယ်အား ဆာဘားနဒ် ၏ စာကြည့်ဆောင်တွင် အမေရိကန်သံအမတ်ကြီး ဖလက်ချားဝါရင်နှင့် တွေ့ဆုံမိတ်ဆက်ပေးသည်။ "ရှီကာဂိုနယ်စား" အား သူက ပထမဆုံး ညေ်ခံဂုဏ်ပြုပါရစေဟု ဆာဘားနဒ်က အမေရိကန် သံအမတ်ထံတွင် ခွင့်တောင်းခဲ့ခြင်းဖြစ်သည်။

"အင်္ဂလိပ်တွေကတော့ အမြဲတမ်း အခွင့်ကောင်း ယူတတ်ကြတာပဲဗျ"

အမေရိကန်သံအမတ်ကြီးက ကျူးဘား ဆေးပြင်းလိပ်ကို မီးညှိရင်း စလိုက်သည်။

အင်္ဂလိပ် သံအမတ်ကြီးကလည်း အားကျမခံ။

"အမေရိကန်တွေနဲ့ ပတ်သက်ပြီး ကျုပ် သေချာပေါက်ပြောနိုင်တာ တစ်ခုတော့ရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ သူတို့ကို ကျောချခံရတော့မှ သူတို့က စားပြမှန်း သိကြတယ်ဗျ"

အေဘယ်က သံအမတ်ကြီးနှစ်ယောက် အခြေအတင် စကားစစ်ထိုးကြတာကို စိတ်ဝင်စားစွာပြင့် နားထောင်နေသည်။ သည်လို သီးသန့် ညှော်ခံပွဲဖြင့် သူ့အား ဘာကြောင့်များ ဂုဏ်ပြုညှော်ခံပါသလဲဟု တွေးနေမိသည်။

ဆားဘားနဒ်က ရယ်လိုက်ပြီး

"ဒါကတော့ ပင်ရင်းကမှ မလုံတာကိုးဗျ၊ ဟုတ်တယ်ဗျ၊ ရာထူးခန့် ကြေငြာချက်က ရက်ပိုင်းလပိုင်းအတွင်း ထွက်လာတော့မယ်ဆိုပဲ"

နှစ်ယောက်စလုံး အေဘယ်ဘက်သို့ လှည့်ကြည့်လိုက်ကြသည်။ အေဘယ်က ဘာမှမပြောဘဲ ငြိမ်နေသည်။

ဆာဘားနဒ်က ဆက်ပြောသည်။

"ကဲ ဒီတော့ ကျုပ်ကပဲ ပထမဆုံး ဂုဏ်ပြုနှုတ်ဆက်ပါရစေ သံအမတ်ကြီးခင်ဗျား၊ ရာထူးသစ်မှာ ပျော်ရွှင်အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေလို့ ဆုတောင်းပါတယ်ဗျာ"

အေဘယ်သည် လွန်ခဲ့သော ကာလအနည်းငယ်ခန့်ကပင် မုတ်ဆိတ်ရိတ်ရင်း သူ့ကိုယ်သူ တိုးတိုးကလေး ရေရွတ်မိခဲ့သော အာလုပ်စကားကို ပထမဆုံးအကြိမ် ကြားလိုက်ရပေပြီ။ သူသည် ဘယ်လို ပြန်ပြောရမှန်းမသိအောင် ကျိတ်ပြီး ဝမ်းသာနေမိသည်။

အင်္ဂလိပ်သံအမတ်ကြီးက ဆက်ပြောပြန်သည်။

"ခင်ဗျား သိပြီးတဲ့အတိုင်းပါပဲ၊ မကြာခင်မှာ လူတွေက ခင်ဗျားကို သံအမတ်ကြီး ခင်ဗျား၊ သံအမတ်ကြီး ခင်ဗျား၊ သံအမတ်ကြီး ခင်ဗျားနဲ့ တစ်ခေါ်တည်း ခေါ်ကြတော့မယ်၊ အဲဒါထက် ဆိုးတာကတော့ ညှော်ခံပွဲတွေ၊ ပါတီပွဲတွေကို မတက်ချင်အဆုံး မနားတမ်း တက်ရတော့မယ့်အဖြစ်ပါပဲ၊ ပြီးတော့ နောက်ဆုံး အလုပ်တာဝန်ပြီးဆုံးလို့ ကိုယ့်အိမ်ကိုယ် ပြန်ရတော့မယ့်အချိန်ကျတော့လဲ အမျိုးအမည် မဖော်ပြနိုင်တဲ့ ဝေဒနာတစ်ခုကို ရင်နင့်အောင် ခံစားရပါလိမ့်ဦးမယ်၊ ဒါပေမယ့် ခင်ဗျားက စစ်အေးတိုက်ပွဲကာလမှာ တာဝန်ထမ်းဆောင်ရလို့ ကံကောင်းပါသေးတယ်၊ တကယ်တော့ ဒီတာဝန်ဟာ ခင်ဗျားကို လူမှုဆက်ဆံရေးလောကမှာ ဘောင်ခတ်လိုက်တာ တစ်မျိုးပါပဲ"

အမေရိကန်သံအမတ်ကြီးက ပြုံးပြီး ပြောသည်။

"အောင်မြင်ပါစေ အေဘယ်၊ ခင်ဗျားရဲ့ဘဝမှာ အောင်ပန်းတွေ ဆက်တိုက် ပန်ဆင်နိုင်ပါစေလို့ ကျုပ် ဆုတောင်းလိုက်ပါတယ်၊ ဒါနဲ့ ခင်ဗျား ပိုလန်မရောက်တာ ဘယ်လောက်ကြာပြီလဲ"

"လွန်ခဲ့တဲ့ သုံးလေးနှစ်အတွင်းက ခဏရောက်ခဲ့တာ တစ်ခေါက်ပါပဲ၊ အဲဒီကတည်းက ကျွန်တော် ပြန်သွားချင်တဲ့ဆန္ဒ အမြဲတမ်း ဖြစ်ပေါ်နေခဲ့တယ်"

"အတော်ပါပဲ၊ အခုတစ်ခေါက် ပြန်သွားရမှာကတော့ မင်္ဂလာရှိသော သွားခြင်းလို့ ဆိုရမှာပေါ့၊ ဝါဆောမြို့က ကျုပ်တို့သံရုံးမှာ အသိတွေ ဘာတွေများရှိသလား"

"မရှိပါဘူး"

"သံရုံးက သိပ်မဆိုးပါဘူး"၊ ဆာဘားနဒ်က ဖြတ်ပြောသည်။ "အစားအသောက်ကလဲ တော်တော်ကောင်းတယ်၊ ခင်ဗျား အဲဒီ ပြန်ရောက်သွားရင် နယ်စားဟိုတယ်ကြီးတော့ ဆောက်ကို ဆောက်ဖြစ်တော့မှာပဲ၊ ပိုလန်ပြည်သူတွေကလဲ ခင်ဗျားအတွက် ဂုဏ်ယူဝမ်းသာကြမှာ သေချာပါတယ်"

ထိုညနေက အေဘယ်သည် ဆာဘားနဒ်၏ အပြောင်အရွှတ်စကားများနှင့် ဟာသများကို နားထောင်ရင်း အလွန်ပျော်ရွှင်နေမိသည်။ သူသည် အရက်ကိုလည်း ခါတိုင်းထက် များများ ပိုသောက်မိသည်။ အမေရိကသို့ ချက်ချင်းပြန်သွားပြီး မင်္ဂလာသတင်းကို သမီးဖြစ်သူအား အားရဝမ်းသာ ပြောပြလိုက်ချင်စိတ်လည်း တဖွားဖွားဖြစ်ပေါ်မိသည်။ သည်သတင်းကို ကြား လိုက်ရလျှင် ဖလော်ရင်တီနာက သူ့ဖခင်အတွက် ဘယ်လောက်များ ဂုဏ်ယူလိမ့်မည် မသိ။

နယူးယောက်သို့ ပြန်ရောက်လျှင် ရောက်ချင်း ဆန်ဖရန်စစ္စကိုသို့ တန်းသွားပြီး ဖြစ်ခဲ့ သမျှ အားလုံးကို ဖလော်ရင်တီနာနှင့် သင်ပုန်းချေ ပြေအေးပစ်လိုက်တော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။ သမက်ဖြစ်သူ ရစ်ချတ်ကိန်း အပေါ်တွင်လည်း အစစအရာရာ ခွင့်လိုက်တော့မည်။

အေဘယ်သည် ရင်ထဲမှာ ရှင်းသွားသလို ခံစားရသည်။

သုံးယောက်သား စားသောက်ခန်းမသို့ ပြန်ထွက်လာကြသည်။ အေဘယ်က ဗြိတိသျှ သံအမတ်ကြီးအနီးသို့ လျှောက်လာပြီး ပခုံးပေါ် လက်တင်ကာ ပြောလိုက်သည်။

"ကဲ ကျွန်တော့်ကို ခွင့်ပြုပါဦး သံအမတ်ကြီး"

"ခင်ဗျား ဘယ်ပြန်မှာလဲ၊ ဟိုတယ် ပြန်မှာလား၊ ခင်ဗျားကို ကျုပ် လိုက်ပို့ပါရစေလား၊ ခင်ဗျား ကားနောက်က ကျုပ်ကား လိုက်မယ်လေ"

တံခါးဝရောက်တော့ သံအမတ်ကြီးကတော် . လေဒီဘာရီးက အေဘယ်အား ဆီးကြို နှုတ်ဆက်သည်။

"ဂွတ်နိုက် မစ္စတာ ရို့စနော့စကီး"

"ဂွတ်နိုက် လေဒီဘာရီး၊ အခုလို ညှော်ခံကျွေးမွေးတာ ကျေးဇူးအများကြီး တင်ပါတယ် ခင်ဗျား"

လေဒီဘာရီးက ပြုံး၍ ပြန်ပြောသည်။

"ကျွန်မတော့ အခုမှပဲ သိရတာပါ မစ္စတာရို့စနော့စကီး၊ ဒါပေမယ့် ကျွန်မက ခုက တည်းကပဲ ကြိုတင်ပြီး ကွန်ဂရက်ကျူးလေးရှင်း လုပ်ပါရစေ၊ နိုင်ငံတော်ရဲ့ သံတမန်တစ်ယောက်

အဖြစ် ဇာတိနိုင်ငံကို ပြန်သွားရတာ ရှင့်အတွက် ဂုဏ်ယူစရာကောင်းလှပါတယ်ရှင်”

“ကျေးဇူးတင်ပါတယ် ခင်ဗျား”

ဆာဘားနဒ်က ဗြိတိသျှသံရုံး၏ ကျောက်စလင်းလှေကားအတိုင်း ကားရပ်ထားရာနေရာသို့ အေဘယ်အား ခေါ်လာခဲ့သည်။

“ဂွတ်နိုက် ရို့စနော့စကီး၊ ဝါဆောမှာ ကံကောင်းပါစေ၊ ဒါနဲ့ စကားမစပ် ဗြိတိသျှသံရုံးမှာ ပထမဆုံးအကြိမ် ညစာစားရတာ စိတ်ချမ်းသာပါရဲ့လား”

“တကယ်တော့ ဒီအကြိမ်ဟာ ကျွန်တော့်အတွက် ဒုတိယအကြိမ်ပါ ဆာဘားနဒ်”

“အို… ဟုတ်လား၊ ဒါဖြင့် ခင်ဗျား ဒီကို ဟိုတုန်းကလဲ ရောက်ဖူးခဲ့တာပေါ့၊ ဒါနဲ့ ဧည့်သည်မှတ်တမ်းစာအုပ်မှာ ခင်ဗျားနာမည်လဲ မတွေ့ရပါလား”

“တွေ့နိုင်မှာမဟုတ်ဘူး ခင်ဗျား၊ ဘာဖြစ်လို့လဲဆိုတော့ ပထမအကြိမ် ဗြိတိသျှသံရုံးမှာ ကျွန်တော်စားခဲ့တာက မီးဖိုခန်းထဲမှာပါ၊ မီးဖိုခန်းမှာစားတဲ့ ဧည့်သည်တစ်ယောက်ကို သူတို့က ဧည့်မှတ်တမ်းစာအုပ်ထဲ မသွင်းမှာကတော့ သေချာပါတယ်၊ ဒါပေမယ့် စားရတာကတော့ ကျွန်တော့်အတွက် တစ်သက်မှာ အမြိန်ဆုံး ထမင်းတစ်နပ်ပါပဲခင်ဗျား”

အေဘယ်က ကားတံခါးကို ဖွင့်ပြီး ဝင်ထိုင်လိုက်သည်။ ဆာဗားနဒ်က သူ့စကားကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေကြောင်း အေဘယ်က အကဲကတ်မိသည်။

နယ်စားဟိုတယ်သို့ ကားမောင်းထွက်လာခဲ့သည်၊ အေဘယ်က ကားမှန်ပြတင်းကို လက်ချောင်းများဖြင့် မသိမသာ ခေါက်ကစားလာခဲ့သည်။

သူက မနက်ဖြန်မနက်တွင် အမေရိကသို့ပြန်ချင်လှပြီ။ သို့သော် အမေရိကန် သံအမတ်ကြီး ဖလက်ချားဝါရင်၏ ညစာစားပွဲကို ဖျက်ပစ်၍ သင့်တော်မည်မဟုတ်။ “သံအမတ်ကြီး တစ်ယောက်အနေနဲ့ ဒီလိုကိစ္စမျိုးတွေကတော့ မရှောင်မလွှဲသာ တွေ့ကို တွေ့ရမှာပဲဗျ” ဟု ဆာဘားနဒ် ပြောခဲ့သော စကားကို သတိရမိပါသည်။

✧ ✧ ✧

အမေရိကန် သံအမတ်ကြီး၏ ညစာစားပွဲလည်း တော်တော် စိတ်ချမ်းသာစရာ ကောင်းသည်။

ပရိသတ်က တောင်းဆိုသဖြင့် ဗြိတိသျှသံရုံး၊ မီးဖိုခန်းတွင် ပထမဆုံးအကြိမ် သူ ညစာစားခဲ့ရပုံကို အေဘယ်က ပြန်လည်ပြောပြရသည်။

သူပြောပြပြီးသောအခါ ပရိသတ်အားလုံး အံ့သြဝမ်းသာ ဖြစ်နေကြသည်။

သူသည် လက်ဖြတ်ခံရတော့မည့် ဆဲဆဲတွင် ကံကောင်းထောက်မ၍ လွတ်မြောက်လာခဲ့ခြင်းနှင့် ပတ်သက်၍ ဧည့်သည်တော် တော်တော်များများက မယုံချင် ယုံချင်ဖြစ်နေကြသည်ကို သူတို့အမူအရာကြည့်၍ အေဘယ်က အကဲခတ်မိသည်။ သို့သော် သူ၏ ငွေလက်ကောက်ကွင်းကိုတော့ အားလုံးကပင် စိတ်ဝင်စားကြသည်။

ထိုညက သူ့အား လူတိုင်းကပင် 'သံအမတ်ကြီး' ဟူ၍ သုံးနှုန်းခေါ်ဝေါ်ကြသည်။

✧ ✧ ✧

နောက်တစ်နေ့မနက်တွင် အေဘယ်သည် ဒီစီ (၈) ဂျက်လေယာဉ်ကြီးဖြင့် အမေရိကသို့ ပြန်ခဲ့သည်။ လေယာဉ်စက်ချွတ်ယွင်းသွား၍ ယူဂိုဆလပ်နိုင်ငံ၊ ဘဲလ်ဂရိတ်မြို့တွင် ၁၆ နာရီ တိတိ ရပ်နားနေခဲ့ရသည်။

နောက်ဆုံး လေယာဉ်ပြန်ထွက်သည်။ ပိုလန်နိုင်ငံ၊ အမ်စတာဒမ်မြို့ရောက်တော့ တစ်ထောက်နားရပြန်သည်။

သည်တစ်ကြိမ်တွင်မူ ခရီးသည်များအား လေယာဉ်ပြောင်းပေးသည်။

၃၆ နာရီတိတိ ကြာသောအခါတွင်မှ နယူးယောက်မြို့သို့ လေယာဉ် ဆိုက်သည်။

အေဘယ်သည် လမ်းမလျှောက်ချင်လောက်အောင်ပင် မောပန်းနွမ်းနယ်နေသည်။ အကောက်ဌာနမှ ထွက်ခွာလာသောအခါ သူ့ထံသို့ သတင်းစာဆရာတွေ ဝိုင်းအုံလာကြသည်ကို ရုတ်တရက် ရင်ဆိုင်တိုးရတော့သည်။ ဓာတ်ပုံတွေ တဖျပ်ဖျပ်နှင့် အဆက်မပြတ် ရိုက်ကြသည်။

အေဘယ်က ပြုံးလိုက်သည်။

ကြေငြာချက် ထွက်သွားပြီနဲ့တူတယ်ဟု တွေးလိုက်မိသည်။ သည်အတိုင်းဆိုလျှင် တရားဝင်ဖြစ်သွားပြီ။

သူက ကိုယ်ကိုမတ်မတ်ရပ်လိုက်သည်။ ပြီးတော့ ဣန္ဒြေအပြည့်ဖြင့် ခပ်ဖြည်းဖြည်း ဆက်လျှောက်လာခဲ့သည်။

ဂျော့အား အရိပ်အရောင်ပင် မမြင်ရ၊ ဓာတ်ပုံဆရာတွေကလည်း ပတ်ပတ်လည်တွင် ထွက်ပေါက်မရအောင် ဝိုင်းရိုက်နေကြသည်။

ပရိသတ်အစွန်တွင် ဂျော့ကို လှမ်းမြင်လိုက်ရသည်။ သူ့မျက်နှာက လူသေမျက်နှာကြီးနှင့် တူနေသည်။ အေဘယ်၏ ရင်ထဲတွင် ထိတ်ကနဲဖြစ်သွားသည်။ သု က သတင်းစာဆရာတွေကြားမှ တိုးထွက်ရန် ကြိုးစားသည်။ သတင်းစာဆရာတစ်ယောက် သူ့ရှေ့မှ ဝင်ရပ်လာသည်။

ပိုလန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် စိတ်ထဲတွင် ဘယ်လိုများ ခံစားရပါသလဲဟု မေးမည့်အစား သတင်းထောက်က အသံကျယ်ကြီးဖြင့်...

"စွဲချက်တွေနဲ့ ပတ်သက်ပြီး ဘယ်လိုဖြေကြားဖို့ စိတ်ကူးထားပါသလဲ ခင်ဗျာ"

ကင်မရာ မီးလုံးတွေ တဖျပ်ဖျပ် လက်လင်းသွားသည်။ မေးခွန်းတွေလည်း တရစပ်ဝင်လာသည်။

"စွဲချက်တွေဟာ အမှန်ပဲလား မစ္စတာရို့စနော့စကီး"

"လူကြီးမင်း လွှတ်တော်အမတ် အော့စဘွန်းကို ပိုက်ဆံ ဘယ်လောက်ပေးခဲ့ပါသလဲ ခင်ဗျာ"

"စွဲချက်တွေကို ငြင်းဆန်ဖို့ ရည်ရွယ်ပါသလား ခင်ဗျား"

"တရားခွင်ကို ရင်ဆိုင်ဖို့အတွက် အမေရိကကို ပြန်လာတာပါလား"

အေဘာယ်က တစ်ခွန်းမှ ပြန်မပြောဘဲနှင့် သတင်းထောက်တွေက သူတို့ မှတ်စုစာအုပ်တွင် ကမန်းကတန်း လျှောက်ရေးနေကြသည်။

"ဖယ်ကြပါဗျာ၊ ကျုပ် ထွက်ပါရစေ"

အေဘာယ်က အော်ပြောလိုက်သည်။

ဂျော့က ရှေ့သို့ အတင်းတိုးလာပြီး အေဘာယ်အား လူအုပ်ကြီးထဲမှ ဆွဲထုတ်လာခဲ့သည်။ ပြီးတော့ အသင့်စောင့်နေသော ကာဒီလက် ဇိမ်ခံကားကြီးထဲသို့ ထိုးသွင်းလိုက်သည်။

အေဘာယ်က ခေါင်းငုံ့ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်ထားလိုက်သည်။ ကင်မရာ မီးလုံးတွေ တဖျပ်ဖျပ်လက်သွားကြပြန်သည်။ ဂျော့က ဒရိုင်ဘာကို အော်ငေါက်ပြီး ချက်ချင်း မောင်းထွက်ခိုင်းသည်။

"နယ်စားဟိုတယ်ကိုလား... ဆရာ"

"မဟုတ်ဘူး၊ ၅၇ လမ်းက မစ္စတာရို့စနော့စကီး တိုက်ခန်းကိုမောင်း"

"ဘာဖြစ်လို့လဲ" အေဘာယ်က ဖြတ်ကနဲ မေးလိုက်သည်။

"နယ်စားဟိုတယ်ကို သတင်းထောက်တွေ ဝိုင်းထားလို့"

"ကျွန်တော်တော့ ဘယ်လိုမှ မစဉ်းစားတတ်တော့ဘူး ဂျော့၊ အီစတန်ဘူမှာတုန်းက သူတို့က ကျွန်တော့်ကို အရွေးခံရပြီး သံအမတ်ကြီးတစ်ယောက်အဖြစ် ဆက်ဆံခဲ့ကြတယ်။ အခု အိမ်ပြန်လာတော့ ကျွန်တော်က ရာဇဝတ်ကောင် ဖြစ်နေပြီ။ ဘယ်လို စွဲချက်တွေများ တင်ထားလို့လဲ ဂျော့၊ ဘယ်သူက စွဲတာလဲဟင်"

"ကျွန်တော်ပဲ ပြောရမှာလား၊ ဒါမှမဟုတ် ရှေ့နေနဲ့တွေ့မှ မေးမှာလား"

"ခင်ဗျားက ဘယ်သူ့ကို ငှားထားသလဲ"

"အိပ်ချ်၊ ထရက်ဖို့ဂျစ်ခ်၊ အမေရိကန်တစ်ပြည်လုံးမှာ အတော်ဆုံး ရှေ့နေတစ်ယောက်ပဲ"

"ရှေ့နေခတော့ နင့်နေမှာပေါ့"

"ဒီလို အခြေအနေမျိုးမှာ ပိုက်ဆံ မြင်မနေသင့်တော့ဘူး အေဘာယ်"

"ဟုတ်ပါတယ် ဂျော့၊ ခင်ဗျားပြောတာ မှန်ပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ ဒါနဲ့ ရှေ့နေက ဘယ်မှာလဲ"

"တရားရုံးမှာ ကျန်ရစ်တယ်၊ အဲဒီကိစ္စပြီးရင် တိုက်ခန်းကို ချက်ချင်းလိုက်လာလိမ့်မယ်"

"ကျွန်တော် အဲဒီအထိ မစောင့်နိုင်တော့ဘူးဗျာ၊ ခင်ဗျားပဲ အခုပြောပါတော့၊ အဆိုးဆုံးကိုသာ ပြောပြဗျာ"

ဂျော့က သက်မတစ်ချက်ချလိုက်ပြီး

"ခင်ဗျားကို ဖမ်းဝရမ်း ထုတ်လိုက်တယ်"

"ဘယ်လိုစွဲချက်နဲ့လဲ"

"အစိုးရဌာနဆိုင်ရာ အကြီးအကဲတွေကို လာဘ်ထိုးမှုနဲ့"

"ကျွန်တော်က ဘယ်ဌာနအကြီးအကဲကိုမှ ကျွန်တော်ကိုယ်တိုင် လာဘ်မထိုးဖူးပါဘူး"

"အဲဒါ ကျွန်တော် သိပါတယ်၊ ဒါပေမယ့် ပြဿနာက ဟင်နရီအော့စဘွန်းကြောင့် ပေါ်လာရတာပဲ၊ သူ ဘာပဲလုပ်လုပ် လုပ်သမျှအားလုံး ခင်ဗျားနာမည်နဲ့ ဖြစ်နေပုံရတယ်၊ ဒါမှမဟုတ် ခင်ဗျားကိုယ်စား သူလုပ်နေပုံရတယ်"

"ဘုရားရေ ဒီလူကို ယုံမိတာ သောက်ကျိုးနည်းတော့တာပဲ၊ ကျွန်တော်က သူနဲ့ကျွန်တော်တို့ နှစ်ယောက်လုံး ဝီလျံကိန်းကို မုန်းနေကြတယ်ဆိုပြီး ယုံခဲ့မိတာ၊ ဒါပေမယ့် ဒီလူ ကျွန်တော့်အပေါ်မှာ ဒီအထိတော့ ညစ်ပတ်လိမ့်မယ် မထင်ဘူးဗျာ၊ ဘာဖြစ်လို့လဲဆိုရင် ဒီလို လုပ်ရင် သူ့လည်ပင်းသူ ကြိုးကွင်းစွပ်တာနဲ့ ဘာမှမထူးဘူး"

"ဒါပေမယ့် သူက ထွက်ပြေးသွားပြီဗျ၊ သူ့ အကြွေးတွေလဲ အားလုံးရှင်းသွားတယ် တော်တော် အံ့ဩစရာကောင်းတာပဲ"

"ဝီလျံကိန်းနဲ့ သွားပေါင်းတာ ဖြစ်မှာပေါ့"

"ကျွန်တော် ထောက်လှမ်းကြည့်သမျှတော့ ဘာသဲလွန်စမှ မတွေ့ရသေးဘူး၊ ဝီလျံကိန်းပါဝင်ကြောင်း ဘာအထောက်အထားမှ မတွေ့ရသေးဘူး"

"အထောက်အထား လိုသေးသလားဗျ၊ အာဏာပိုင်တွေ လက်ထဲ စာရွက်စာတမ်းတွေ ဘယ်လိုရောက်သွားသလဲ၊ ဒီအချက် အရေးကြီးဆုံးပဲ၊ ခင်ဗျား ဘာတွေသိထားပြီးပြီလဲ"

"သိပ်တော့ မသိရသေးဘူးဗျ၊ စာရွက်စာတမ်းတွေ အပြည့်အစုံပါတဲ့ ဖိုင်တွဲကို ပစ်စာသဘောလုပ်ပြီး ဝါရှင်တန်က တရားရုံးချုပ်ကို တင်ပို့လိုက်တယ်ဆိုတာလောက်ပဲ သိရသေးတယ်"

"စာတိုက်တံဆိပ်က ဘယ်ကလဲ၊ နယူးယောက်ကပဲ ဖြစ်မှာပေါ့"

"မဟုတ်ဘူး၊ ရှီကာဂိုက"

အေဘယ်က ဘာမှမပြောဘဲ အတန်ကြာငြိမ်နေသည်။ ပြီးတော့မှ

"အဲဒီဖိုင်တွဲပို့တာ ဟင်နရီတော့ မဖြစ်နိုင်ဘူးဗျာ၊ သူ ဒီလိုမလုပ်နိုင်ပါဘူး"

"ခင်ဗျားက ဘာကြောင့် ဒီလောက်တောင် သေချာပေါက် ပြောနိုင်ရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားကပဲ ပြောတယ်မဟုတ်လား၊ သူ့အကြွေးတွေ အားလုံး ဆပ်ပစ်လိုက်ပြီလို့၊ တရားခံကို မသိဘဲနဲ့ တရားရေးဌာနက သူ့ကို အဲဒီလောက်များတဲ့ ပိုက်ဆံကို ထုတ်မပေးနိုင်ပါဘူး၊ အဲ ဖြစ်နိုင်တာတစ်ခုတော့ ရှိတယ်၊ ဟင်နရီက အဲဒီဖိုင်ကို တစ်ယောက်ယောက်ကို ရောင်းလိုက်တာ ဖြစ်နိုင်တယ်၊ ဒါဆို ဘယ်သူ့ကို ရောင်းသလဲ၊ တစ်ခု သေချာတာကတော့ သူ့အနေနဲ့ ဝီလျံကိန်းနဲ့ တိုက်ရိုက်မဆက်သွယ်နိုင်ဘူးဆိုတာပဲ"

"တိုက်ရိုက် မဆက်သွယ်နိုင်ဘူး ဟုတ်လား"

"ဟုတ်တယ်၊ တိုက်ရိုက် မဆက်သွယ်နိုင်ဘူး၊ ဟင်နရီမှာ အကြွေး လည်ပင်းခိုက်နေ

တယ်၊ ပိုက်ဆံသိပ်လိုနေတယ်၊ ပြီးတော့ အဲဒီဖိုင်တွဲတွေလဲ ရောင်းချင်နေတယ်ဆိုတာ ဝီလျံကိန်း သိခဲ့လို့ရှိရင် ကြားခံ ကိုယ်စားလှယ်ထားပြီး ဝယ်ယူနိုင်တယ်၊ ဒါဖြစ်နိုင်တဲ့ အချက်ပဲ"

"ဟုတ်တယ်၊ အဲဒါ ဖြစ်နိုင်တယ် အဘေယ်၊ ဟင်နရီမှာ အကြွေးတွေ ခွေးသန်းတက်သလို တက်နေတယ်ဆိုတာ သိရဖို့အတွက် အကောင်းဆုံး စုံထောက်ငှားနေစရာမလိုပါဘူး၊ ရှီကာကို အရက်ဆိုင်နေတဲ့လူတိုင်း သိနေတဲ့ကိစ္စပဲ၊ ဒါပေမယ့် အရမ်းတော့ မဆုံးဖြတ်ပါနဲ့ဦး၊ ရှေ့နေက ဘယ်လိုပြောမလဲဆိုတာ ကြည့်ကြသေးတာပေါ့"

သူတို့ကားသည် ယခင် ဖလော်ရင်တီနာ နေခဲ့သော တိုက်ခန်းအပြင်ဘက်တွင် ရပ်သွားသည်။ တစ်နေ့တွင် သူ့သမီး ပြန်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် အဘေယ်က တိုက်ခန်းကို လက်ရာမပျက် မူလအတိုင်း စောင့်ရှောက်ထိန်းသိမ်းထားခဲ့ခြင်း ဖြစ်သည်။

ဂျော့က အခန်းတံခါးကို တွန်းဖွင့်လိုက်သည်။ ရှေ့နေ ထရက်ဖို့ဂျစ်ခ်က ကြိုတင်ရောက်နှင့်နေပြီ။

သုံးယောက်သား စားပွဲတွင် ဝင်ထိုင်ကြသည်။ ဂျော့က အဘေယ်အတွက် ဝီစကီတစ်ခွက် အပြည့် ထည့်ပေးလိုက်သည်။ အဘေယ်က တစ်ကျိုက်တည်းနှင့် မော့သောက်လိုက်သည်။ ပြီးလျှင် ထပ်ထည့်ရန် ဖန်ခွက်ကို ဂျော့ဆီသို့ ထိုးပေးလိုက်သည်။

"ကဲ... မစ္စတာဂျစ်ခ်၊ ကျွန်တော်တို့ စပြီး ဆွေးနွေးကြရအောင်၊ အဆိုးဆုံး အခြေအနေကိုသာ ပြောပြပါတော့"

"ကျွန်တော် စိတ်မကောင်းပါဘူး မစ္စတာ ရို့စနော့စကီး၊ မစ္စတာနိုဗက်က ဝါဆောရာထူး ကိစ္စပြောပြလို့ ကျွန်တော် သိရပါတယ်"

"အဲဒီကိစ္စက ပြီးသွားပါပြီ၊ မေ့ပစ်လိုက်ပါတော့၊ ခုနေခါ ဗင်းစင့်ဟိုဂန်ကို သွားမေးကြည့်ရင် ကျွန်တော့်နာမည်တောင် မမှတ်မိပါဘူးလို့ ပြောမှာသေချာပါတယ်၊ ကဲ...ဒီတော့ ကျွန်တော် အခြေအနေ ပြောပြပါဦး မစ္စတာဂျစ်ခ်"

"ခင်ဗျားကို ပြည်နယ် ၁၄ ခုမှာ အစိုးရ အရာရှိတွေကို လာဘ်ထိုးမှု ၁၇ မှုနဲ့ စွဲချက်တင်ထားကြတယ်၊ အဲဒါ မနက်ဖြန် မနက်မှာ ခင်ဗျားကို ဖမ်းဆီးဖို့ တရားရေးဌာနက အားလုံး အဆင်သင့် လုပ်ထားပြီးပြီ၊ ဒါပေမယ့် အာမခံတော့ ရပါလိမ့်မယ်"

"အာမခံကြေးတော့ နှင့်နေမှာပဲ၊ ဒါနဲ့ သူတို့က ဘယ်အထောက်အထားနဲ့ စွဲချက်တင်တာတဲ့လဲ"

"စွဲချက်တချို့အတွက်တော့ သူတို့မှာ အထောက်အထားရှိပါတယ်၊ ဒါပေမယ့် ဟင်နရီ အော့စဘွန်းက ထွက်ပြေးသွားလို့ ဘယ်ရောက်နေမှန်း မသိတဲ့အတွက် စွဲချက်အများစုအတွက်တော့ ခင်ဗျားကို ချုပ်ကိုင်ဖို့ အခက်တွေ့နေကြတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားအနေနဲ့ နစ်နာပြီးသားဆိုတာကတော့ အထူးပြောစရာ မလိုပါဘူး မစ္စတာရို့စနော့စကီး"

"အဲဒါကို ကျွန်တော် သဘောပေါက်ပါတယ်" သူက "ဒေးလီးနယူးစ်" သတင်းစာ မျက်နှာဖုံးမှ သူ့ဓာတ်ပုံကို တစ်ချက် စောင်းကြည့်လိုက်ပြီးနောက် "ကဲ ဒီတော့ အဲဒီဖိုင်တွဲကို

ဟင်နရီအော့စဘွန်းဆီက ဘယ်သူဝယ်ယူသလဲဆိုတာသာ အတိအကျ သိရအောင် လုပ်ပါတော့ မစ္စတာ ဂျစ်ခ်၊ လူလိုရင် လိုသလောက် ငှားရမ်းပြီး တာဝန်ပေးပါ၊ စရိတ် ဘယ်လောက်ပဲ ကုန်ကုန် ကိစ္စမရှိပါဘူး၊ ဒါပေမယ့် မြန်နိုင်သမျှ မြန်အောင်တော့ ကြိုးစားပါ၊ တကယ်လို့ လက်သည်ဟာ ဝီလျံကိန်းသာဖြစ်နေတယ်ဆိုရင်တော့ သူ့ကို ဒီတစ်ချီမှာ အပြတ်ရှင်းရမှာပဲ"

"ကျွန်တော် တစ်ခုတော့ သတိပေးချင်တယ် မစ္စတာ ရို့စနော့စကီး၊ ပြဿနာကို တစ်ခုပြီးတစ်ခု တိုးလာအောင်တော့ မလုပ်ပါနဲ့၊ အခုပဲ ခင်ဗျားအခြေအနေက ဒူးဆစ်အထိ နစ်နေပြီ"

"ဒီအတွက် မစိုးရိမ်ပါနဲ့၊ ဝီလျံကိန်းကို ကျွန်တော်လုပ်ရင် တရားဥပဒေဘောင်အတွင်းက ပိပိရိရိ လုပ်မှာပါ"

"အခုအချိန်မှာ ဝီလျံကိန်းကိစ္စ မေ့ထားလိုက်ပြီး အမှုကို ဘယ်လိုရင်ဆိုင်မလဲဆိုတာသာ အဓိက အာရုံစိုက်စေချင်တယ် မစ္စတာ ရို့စနော့စကီး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီပြဿနာကို မဖြေရှင်းနိုင်ရင် ခင်ဗျား အနေနဲ့ အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်လောက် ကျခံနိုင်စရာ အကြောင်းရှိရင်၊ ဒီနေ့ညတော့ ဘာမှ မလုပ်နိုင်တော့ပါဘူး၊ လန်းလန်းဆန်းဆန်းရှိသွားအောင် အိပ်သာ အိပ်လိုက်ပါတော့၊ ဒီကြားထဲ ကျွန်တော်က သတင်းစာရှင်းလင်းချက်တစ်စောင် ထုတ်ပြန်လိမ့်မယ်၊ ခင်ဗျားအနေနဲ့ လုံးဝအပြစ်မရှိကြောင်း ထုချေလျှောက်လဲဖို့ အဆင်သင့်ရှိကြောင်း ထုတ်ပြန်လိမ့်မယ်"

"အဲဒီလိုလုပ်လို့ တကယ် ဖြစ်နိုင်မလား" ဂျော့က မျှော်လင့်တကြီး ဝင်မေးလိုက်သည်။

"မဖြစ်နိုင်ပါဘူး၊ သို့ပေမယ့် ဒီကြားထဲ ကျွန်တော်တို့အတွက် စဉ်းစားဖို့အချိန် အများကြီးရသွားမယ်၊ အဲဒီဖိုင်ထဲမှာ နာမည်စာရင်းပါတဲ့ ပုဂ္ဂိုလ်တွေကို မစ္စတာရို့စနော့စကီးအနေနဲ့ တိုက်ရိုက်ဆက်သွယ်မှု လုံးဝမရှိခဲ့ဘူး၊ ဟင်နရီအော့စဘွန်းကသာ ကုမ္ပဏီဒါရိုက်တာ လူကြီးတစ်ယောက်အနေနဲ့ အခွင့်အာဏာကို အလွဲသုံးစားပြီး သူ့ဆန္ဒအတိုင်း ထင့်ရာလျှောက်လုပ်ခဲ့ကြောင်း ကျွန်တော်က ထုချေရမှာပဲ၊ အဲဒီတော့ အဲဒီစာရင်းပါ ပုဂ္ဂိုလ်ထဲက တစ်ယောက်ယောက်နဲ့များ ဆက်သွယ်တွေ့ဆုံခဲ့တာရှိရင် ကျွန်တော့်ကို အမှန်အတိုင်း ပြောပြပါ မစ္စတာ ရို့စနော့စကီး၊ ဘာဖြစ်လို့လဲဆိုတော့ တရားရေးဌာနက အဲဒီလူတွေကို သက်သေအဖြစ် ခေါ်ယူစစ်ဆေးမှာမို့လို့ပဲ၊ ကဲ ဒီအကြောင်းတွေ မနက်ဖြန်မှဆက်ပြီး ဆွေးနွေးကြတာပေါ့၊ လောလောဆယ်တော့ အိပ်ရေးဝအောင်သာ အိပ်ပစ်လိုက်စမ်းပါ၊ ခင်ဗျားက တော်တော် ခရီးပန်းလာတာ၊ မနက်ကျမှ ထပ်တွေ့ကြတာပေါ့"

✧ ✧ ✧

အေဘယ်အား နောက်နေ့နံနက် ၈ နာရီခွဲတွင် ဖလော်ရင်တီနာ၏ တိုက်ခန်း၌ လာရောက်ဖမ်းဆီးသည်။ ထို့နောက် နယူးယောက်တောင်ပိုင်း ခရိုင်တရားရုံးသို့ ခေါ်လာခဲ့ကြသည်။ တရားရုံးရောက်တော့ သတင်းထောက်တွေ ဝိုင်းအုံလာကြပြန်သည်။ သူသည် ဂျော့နှင့် ရှေ့နေ

ဂျစ်ခ်တို့ကြားမှ လျှောက်ကာ တရားရုံးထဲ ဝင်လာခဲ့သည်။ ထို့နောက် ဧည့်ခန်းတွင် ငြိမ်သက်စွာ ထိုင်၍ စောင့်နေကြသည်။

မကြာမီတွင် တရားခွင်သို့ လာရောက်ရန် ဆင့်ခေါ်သည်။

စွဲချက်ကို ဖတ်ကြားရာတွင် မိနစ်အနည်းငယ်သာ ကြာသည်။ တရားခံအကျိုးဆောင် ထရက်ဖို့ဂျစ်ခ်က စွဲချက်တိုင်းတွင် လုံးဝအပြစ်မရှိဟု ဖြေကြားပြီး တရားခံအား အာမခံပေးရန် လျှောက်ထားသည်။ ကြိုတင် သဘောတူပြီးသည့်အတိုင်း တရားရုံးမှ အာမခံပေးရန် သဘောတူသည်။ ထို့ပြင် မိမိ၏ အမှုသည်အတွက် လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ပြင်ဆင်နိုင်ရန် အနည်းဆုံး အချိန် သုံးလပေးဖို့ တရားခံရှေ့နေက တရားသူကြီးထံတွင် လျှောက်ထားလိုက်သည်။ တရားသူကြီးက မေလ ၁၇ ရက်နေ့တွင် ထပ်မံစစ်ဆေးရန် ရုံးချိန်းပေးလိုက်သည်။

အေဘယ်သည် အာမခံဖြင့် ပြန်လွတ်လာခဲ့ပြီ။ တရားရုံး အပြင်ဘက်တွင် သတင်းထောက်တွေ ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။ ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်ကြပြန်သည်။

ဂျော့က ရုံးရှေ့တွင် အသင့်ရပ်ထားသော ကားဆီသို့ အေဘယ်ကို ကမန်းကတန်း ခေါ်လာခဲ့သည်။ ဒရိုင်ဘာကလည်း လျင်သည်။ ကားကို ချက်ချင်း မောင်းထွက်လာခဲ့သည်။

အေဘယ်က တစ်လမ်းလုံးတွင် စကားတစ်ခွန်းမျှမပြော။

ဒရိုင်ဘာက ကားကို ဦးတည်ရာ ကွေ့ပတ်မောင်းလာပြီး နောက်မှ လိုက်လာသော သတင်းစာဆရာတွေကို မျက်ခြည်ပြတ်ပစ်လိုက်သည်။

ကားသည် အရှေ့ ၅၇ လမ်းမှ တိုက်ခန်းရှေ့တွင် ရပ်သွားသည်။

အေဘယ်က ဂျော့၏ ပခုံးပေါ် လက်တင်ကာ ပြောလိုက်သည်။

"ဂျော့ ဟိုတယ်လုပ်ငန်းအားလုံးကို အနည်းဆုံး သုံးလလောက်တော့ ခင်ဗျားပဲ ကြည့်လုပ်ပါဦး၊ ဒီကြားထဲ ကျွန်တော်က အမှုအတွက် မစ္စတာဂျစ်ခ်နဲ့ အေးအေးဆေးဆေး တိုင်ပင်ပြီး အကြံထုတ်လိုက်ဦးမယ်၊ အဲဒီနောက်တော့ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် အလျင်လိုပဲ ပျော်ပျော်ပါးပါး ဆက်ပြီး ပူးတွဲလုပ်ကိုင်ကြတာပေါ့" အေဘယ်က ပြောပြီး ရယ်နေသည်။

"အလုပ်အတွက် ဘာမှမပူပါနဲ့ အေဘယ်၊ အမှုကိစ္စကိုသာ အာရုံစိုက်ပါ၊ မစ္စတာဂျစ်ခ်က ခင်ဗျားကို ကွင်းလုံးကျွတ် ကူညီနိုင်မှာ သေချာပါတယ်" ဂျော့က လက်ဆွဲသားရေအိတ်ကို ကောက်ကိုင်ပြီး ကားပေါ်မှဆင်းလိုက်သည်။ ပြီးတော့ အေဘယ်ဘက်သို့ ပြန်လှည့်ပြီး…
"မျက်နှာကို တတ်နိုင်သမျှ ပြုံးပြုံးကလေး ထားစမ်းပါ သူငယ်ချင်း"

ထို့နောက် ဂျော့ လျှောက်ထွက်သွားသည်။

"ဂျော့သာမရှိရင် ကျွန်တော်တော့ တော်တော့်ကို ဒုက္ခရောက်မှာ သေချာတယ် မစ္စတာဂျစ်ခ်" ဧည့်ခန်းထဲတွင် ထိုင်ကြပြီးသောအခါ အေဘယ်က ရှေ့နေကြီးအား ပြောပြလိုက်သည်။
"ကျွန်တော်တို့နှစ်ယောက်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ လောက်က သင်္ဘောပေါ်မှာ စတွေ့ကြပြီး မိတ်ဆွေဖြစ်ခဲ့ကြတယ်၊ အဲဒီအချိန်ကစပြီး နှစ်ယောက်စလုံး အကြီးအကျယ် ရုန်းကန်လှုပ်ရှားခဲ့ကြပြီးမှ အခုအခြေအနေကို ရောက်လာခဲ့ကြတာပဲ၊ နောင်လဲ ကျွန်တော်တို့နှစ်ယောက် ရုန်း

ကန်စရာတွေ တစ်ပုံကြီး ရှိနေဦးမှာပဲ၊ ကဲ ဒီတော့ အလုပ်စကား ပြောကြရအောင်၊ ဟင်နရီ အော့စဘွန်းအကြောင်း ဘာတွေသိရပြီလဲ"

"ဘာမှ မသိရသေးဘူး၊ ကျုပ်က စုံထောက်ခြောက်ယောက်ငှားပြီး သူ့နောက် လိုက်ခိုင်းထားတယ်၊ တရားရေးဌာနကလည်း အနည်းဆုံး ခြောက်ယောက်လောက်တော့ လွှတ်ထားလိမ့်မယ်၊ အဲဒီတော့ ကျုပ်တို့လူတွေက အရင်မတွေ့တောင်မှ တရားရေးကလူတွေ တွေ့မှာပဲ"

"အော့စဘွန်းဆီက ဖိုင်တွဲဝယ်တဲ့လူအကြောင်းကရော ဘာထူးသေးသလဲ"

"အဲဒီအတွက်လဲ ရီကာဂိုမှာ လူတွေ လွှတ်ထားတယ်၊ လောလောဆယ်တော့ ဘာမှမထူးခြားသေးဘူး"

"ကောင်းပြီလေ၊ ဒီတော့ မနေ့ညက ခင်ဗျား ကျွန်တော့်ကို ပေးထားခဲ့တဲ့ စာရင်း ပြန်ကြည့်ရအောင်"

ရှေ့နေ ထရက်ဖို့ဂျစ်ခ်က စွဲချက်ကို တစ်ပိုဒ်ချင်း ဖတ်ပြသည်။ ထို့နောက် သူသိလိုသော အချက်များကို အေဘယ်အား အသေးစိတ် မေးမြန်းမှတ်သားသည်။ ဤနည်းဖြင့် နှစ်ယောက်သား ခေါင်းချင်းဆိုင်ကာ ရက်သတ္တသုံးပတ်တိတိ အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြပြီးသော်အခါမှသာ ရှေ့နေကြီးအဖို့ လိုအပ်သော အချက်အလက်များကို အပြည့်အစုံရရှိ၍ အေဘယ်မှာ အေးအေးဆေးဆေး နားခွင့်ရတော့သည်။ ထိုကာလအတွင်း အော့စဘွန်းအကြောင်းနှင့်ပတ်သက်၍ကား မည်သည့် သဲလွန်စမှ စုံစမ်းထောက်လှမ်း၍ မရနိုင်သေး။ ထို့ပြင် အောစဘွန်းထံမှ ဖိုင်တွဲဝယ်ယူသော ပုဂ္ဂိုလ်ကိုလည်း မည်သူမည်ဝါဟူ၍ မသိကြရသေးသဖြင့် အေဘယ် ယုံကြည်သည့်အတိုင်းပင် မှန်နေပြီလားဟူ၍ စိတ်ကူးမိကြသည်။

အမှုချိန်းရက်သည် တစ်နေ့ထက် တစ်နေ့ နီးကပ်လာပြီ။ အေဘယ်မှာ ထောင်နန်းစံရဖို့ ကိန်းနှင့် ပက်ပင်းတိုးနေရပြီ။ ယခုအခါ သူသည် အသက် ၅၅ နှစ်ရှိခဲ့ပြီ။ အသက်ကြီးတော့မှ ထောင်ထဲဝင်ရပြီး အရှက်တကွဲဖြစ်ရမည်ကို တွေးကာ အထူးပင် စိုးရိမ်တော့သည်။ ရှေ့နေ မစ္စတာဂျစ်ခ်၏ ထင်မြင်ချက်အရဆိုသော် အစိုးရက အော့စဘွန်းကို သက်သေအဖြစ် အသုံးချနိုင်ခဲ့လျှင် အေဘယ်အနေဖြင့် ဘယ်နည်းနှင့်မျှ ထွက်ပေါက်မရှိတော့...။ အော့စဘွန်းက အေဘယ်၏ နာမည်ကို အလွဲသုံးစားပြု၍ သူ့ကိုယ်ကျိုးအတွက် လုပ်သွားသည်မှာ ထင်ရှားသည်။ ယင်းအတွက်ကြောင့် အေဘယ်အဖို့ ချမ်းသာရာမမြင်။

အေဘယ်က ဇီလျံကိန်း၏ မျက်နှာကို မြင်ယောင်လာသည်။ လွန်ခဲ့သော နှစ်ပေါင်းတော်တော်ကြာကြာတုန်းက ဘော့စတန်မြို့တွင် သူပထမဆုံး စတင်တွေ့ခဲ့ရသော မျက်နှာချိုချိုနှင့် လူချောလူလှကလေး ဇီလျံကိန်းကို မြင်ယောင်လာသည်။ တစ်ချိန်တည်းတွင် ဒေါသလည်း အလွန်ဖြစ်မိသည်။

သည်ကြားထဲတွင် ဖလော်ရင်တီနာ့ဆီက စာတစ်စောင်ရောက်လာသည်။ စာနှင့်အတူ သားကလေး၏ ဓာတ်ပုံတွေလည်းပါလာသည်။ ဖလော်ရင်တီနာက သူ့ဖခင်ကို ထာဝစဉ် ချစ်ခင်လေးစားလျက်ပင်ရှိနေကြောင်း၊ ယခုအမှုတွင်လည်း ဖေဖေ့အနေဖြင့် လုံးဝပြစ်ကင်းစင်လိမ့်မည်ဟု

သူမ ယုံကြည်လျက်ရှိကြောင်း ရေးသားလိုက်သည်။

ကံအားလျော်စွာဖြင့် အမှုမစစ်မီ သုံးရက်အလိုတွင် တရားရေးဌာနမှ စုံထောက်များက အော့စဘွန်းကို နယူးအော်လင်းမြို့တွင် ဖမ်းဆီးရမိသည်။ အကယ်၍သာ သူသည် ခြေနှစ်ဖက်ကျိုး၍ ဆေးရုံမတက်ခဲ့လျှင် သူ့ကို လုံးဝ ဖမ်းမိနိုင်စရာ အကြောင်းမရှိ။ စုံထောက်များက ဆက်လက် စုံစမ်းသောအခါ အော့စဘွန်းသည် အကြွေးမဆပ်နိုင်၍ အရိုက်ခံရသဖြင့် ခြေထောက်နှစ်ချောင်း ကျိုးသွားကြောင်း သိရှိကြရသည်။

အော့စဘွန်း၏ ခြေထောက်နှစ်ချောင်းကို ပလာစတာ ကိုင်ပြီးသောအခါ နယူးယောက်သို့ လေယာဉ်ဖြင့် ခေါ်ဆောင်လာခဲ့ကြသည်။

နောက်တစ်နေ့တွင် အော့စဘွန်းအား လိမ်လည်မှု၊ အလွဲသုံးစားမှုတို့ဖြင့် တရားစွဲဆိုသည်။ သူက အာမခံတောင်းသော်လည်း ရုံးတော်က ခွင့်မပြု။ ရုံးတော်၏ ခွင့်ပြုချက်အရ ရှေ့နေ ဂျစ်ခ်က အော့စဘွန်းအား အချုပ်ထဲတွင် သွားတွေ့ပြီး မေးခွန်းများမေးသည်။ သို့သော် အော့စဘွန်းက ဝေ့လည်ချောင်ပတ်လုပ်ကာ မဟုတ်မဟတ်တွေကို လျှောက်ဖြေနေသည်။ အော့စဘွန်းသည် မိမိအမှု သက်သာရေးအတွက် အစိုးရသက်သေအဖြစ် ထွက်ဆိုရန် ဆုံးဖြတ်ထားသောကြောင့် ဤကဲ့သို့ ဘူးကွယ်နေခြင်းဖြစ်မည်ဟု ရှေ့နေဂျစ်ခ်က မှတ်ချက်ချလိုက်သည်။

"ဧကန္တတော့ ကျုပ်ထင်တဲ့အတိုင်း ဟုတ်နေပါပြီ၊ ဒီလူက သူအပြစ်လွတ်အောင် အစိုးရနဲ့ အပေးအယူလုပ်ထားတာ ဖြစ်လိမ့်မယ်"

ရှေ့နေ ဂျစ်ခ်က အေဘယ်အား ပြန်လည်ပြောပြသည်။

"ဒါကတော့ သူလုပ်နေကျလုပ်ရပ်ပဲ၊ ဒီအတိုင်းဆို သူ့ဖိုင်တွဲကို ဘယ်သူ့ကို ရောင်းလိုက်တယ်ဆိုတာ သိဖို့မလွယ်တော့ဘူးပေါ့"

"အဲဒီလိုလဲ မဟုတ်သေးဘူး မစ္စတာရို့စနော့စကီး၊ သူ့ဆီက ဖိုင်တွဲကို ဝယ်သွားတဲ့လူဟာ ဝီလျံကိန်း မဟုတ်ဘူး၊ ရှီကာဂိုက ဟယ်ရီမစ်ဆိုတဲ့ လူတစ်ယောက်က ပိုက်ဆံလက်ငင်းပေးပြီး ဝယ်သွားတာ၊ ဟယ်ရီမစ်ဆိုသူကို လိုက်စုံစမ်းတော့လဲ နာမည်လိမ် ဖြစ်နေတာ တွေ့ရပြန်တယ်၊ ရှီကာဂိုမှာက ဟယ်ရီမစ်ဆိုတဲ့ နာမည်နဲ့ လူပေါင်း တစ်ဒါဇင်လောက်ရှိနေတယ်၊ အဲဒီလူတွေ အားလုံး သူပြောတဲ့လူနဲ့ ဘာမှမဆိုင်ဘူး"

"ဒီလိုဆိုရင် အဲဒီလူကို အမြန်ဆုံး တွေ့အောင် ရှာပါ၊ အမှုမစစ်ခင် တွေ့မှဖြစ်မယ်"

"ရှာနေပါပြီ၊ အဲဒီလူသာ ရှီကာဂိုမှာ ရှိနေမယ်ဆိုရင်တော့ ဒီအပတ်အတွင်း တွေ့မှာသေချာတယ်၊ အဲဒီလူက ဖိုင်တွဲကို ကိုယ်ပိုင်သုံးဖို့အတွက် ဝယ်ရတာပါလို့ ပြောသွားတယ်လို့ အော့စဘွန်းက ပြောတယ်။ သူက အစိုးရဆီတိုင်ဖို့ လုံးဝမရည်ရွယ်ဘူးလို့လဲ ပြောသွားတယ်ဆိုတာပဲ"

"ဒါဖြင့် သူက ဒီဖိုင်ကို ဘာကြောင့် လိုချင်ရတာလဲ"

"သဘောကတော့ ငွေညှစ်ပို့ ရည်ရွယ်ချက်နဲ့ လုပ်တာလဲဖြစ်နိုင်တယ်၊ ဒါကြောင့်မို့ အော့စဘွန်းက ထွက်ပြေးသွားတာပဲ၊ အဲဒီဖိုင်တွဲ အစိုးရကလက်ထဲရောက်သွားတော့ သူ့အတွက်လဲ မသက်သာဘူးဆိုပြီး ထွက်ပြေးတော့တာပေါ့၊ နောက်ဆုံး သူ့ကိုဖမ်းမိတော့မှ သူ့အပြစ်သက်သာ

အောင်ဆိုပြီး အစိုးရသက်သေအဖြစ် ထွက်ဆိုဖို့ဆုံးဖြတ်လိုက်တာ ဖြစ်နိုင်တယ်"

"သူ့ကို ကျွန်တော် အသုံးချခဲ့တာက သူလဲပဲ ကျွန်တော်လိုပဲ ဝီလျံကိန်းကို မုန်းတီးနေတဲ့အတွက်ပဲ၊ အခုတော့ ဝီလျံကိန်းက ကျွန်တော်တို့နှစ်ယောက်စလုံးကို ပြန်သတ်နေပြီ"

"ဒီကိစ္စမှာ ဝီလျံကိန်းပါဝင်နေတယ်ဆိုတာ ဘာအထောက်အထားမှ မတွေ့ရသေးဘူး"

"ဘာ အထောက်အထား လိုသေးလို့လဲ၊ မှန်းကြည့်ရုံနဲ့ ရှင်းရှင်းကြီး ပေါ်နေပြီ"

ရုံးချိန်းနေ့တွင် အမှုကို မစစ်ဆေးဖြစ်။ အော့စဘွန်းအား စစ်ဆေး၍ မပြီးသေးဟု အကြောင်းပြကာ အစိုးရက ရက်သတ္တလေးပတ်တိတိ ရွှေ့ဆိုင်းလိုက်သည်။ တရားခံရှေ့နေ ထရက်ဖို့ဂျစ်ခ်က မိမိ၏အမှုသည် အသက်အရွယ်ကြီး၍ ကျန်းမာရေးမကောင်းသဖြင့် အမြန်ဆုံး စစ်ဆေးရန် လျှောက်ထားသော်လည်း တရားသူကြီး ပရက်စကော့က ပယ်ချလိုက်သည်။

သို့ဖြင့် အေဘယ်မှာ အမှုစစ်ရက်ကိုသာ စိတ်ပျက်လက်ပျက်ဖြင့် စောင့်ဆိုင်းနေရတော့သည်။

အမှုကို ရုံးတင်စစ်ဆေးရန် နှစ်ရက်အလိုတွင် ရှေ့နေထရက်ဖို့ဂျစ်ခ် လွှတ်ထားသော ရှီကာဂိုမြို့မှ ထောက်လှမ်းရေးသမားက ဟယ်ရီစမစ်သူကို ထောက်လှမ်းသိရှိခဲ့ရသည်။ ထိုသူမှာ အလွတ်စုံထောက်တစ်ယောက်ဖြစ်နေပြီး နယူးယောက်မြို့မှ ရှေ့နေလုပ်ငန်းဌာနတစ်ခု၏ တာဝန်ပေးချက်အရ နာမည်လိမ်ကို အသုံးပြုထားကြောင်း သိရှိရသည်။ ဆက်လက်ထောက်လှမ်းသောအခါ အဆိုပါရှေ့နေလုပ်ငန်းဌာနမှာ ကိုဟင်နှင့် ယက်ဘလွန်းကုမ္ပဏီဖြစ်ကြောင်း သိရှိရပြန်သည်။ ဤအချက်များကို သိရှိနိုင်ရေးအတွက် မစ္စတာဂျစ်ခ်သည် ဒေါ်လာ တစ်ထောင်တိတိ သုံးစွဲခဲ့ရသည်။

"အဲဒါ ဝီလျံကိန်းရဲ့ လက်စွဲရှေ့နေ ဌာနပေါ့"

အေဘယ်က ပြောလိုက်သည်။

"ခင်ဗျား သေချာရဲ့လား" မစ္စတာ ဂျစ်ခ်က မယုံသလို ပြန်မေးသည်။ "ကျုပ်အထင်တော့ ဝီလျံကိန်းအနေနဲ့ အခုလို ဂျူးလူမျိုးရှေ့နေဌာန ငှားမယ် မထင်ဘူး"

"အဲဒါတော့ ကျွန်တော် မသိဘူး၊ ကျွန်တော် သိတာကတော့ ဟိုတယ်တွေကို ဝီလျံကိန်းရဲ့ ဘဏ်က ကျွန်တော်ပြန်ဝယ်ခဲ့တုန်းက စာချုပ်စာတမ်းတွေမှာ လက်မှတ်ထိုးတဲ့ ရှေ့နေနာမည်ဟာ သောမတ်ကိုဟင်ပဲ"

"ဒီလိုဆို ကျွန်တော် ဘာလုပ်ပေးရမလဲ အေဘယ်"

ဂျော့က ကမန်းကတန်းနှင့် ဝင်မေးလိုက်သည်။

"ဘာမှ လုပ်စရာမရှိပါဘူး" ရှေ့နေကြီး ဂျစ်ခ်က ပြန်ပြောသည်။ "အမှုမစစ်ခင် ဘာမှ မလုပ်ပါနဲ့၊ ကျုပ်ပြောတာ သဘောပေါက်တယ် မဟုတ်လား မစ္စတာရို့စနော့စကီး"

"ဟုတ်ကဲ့ ပေါက်ပါတယ် ခင်ဗျား၊ အမှုစစ်ပြီးတော့မှ ကျွန်တော်က ဝီလျံကိန်းကို ဆက်ကိုင်မှာပါ၊ ဒါနဲ့ ကျွန်တော် တစ်ခုပြောပါရစေ မစ္စတာဂျစ်ခ်၊ သေသေချာချာ နားထောင်ပါ၊ ခင်ဗျားက အော့စဘွန်းဆီသွားပြီး ပြောပြပါ၊ ဟယ်ရီစမစ်ဆီက ဖိုင်တွဲကို ဝယ်သွားတဲ့လူဟာ ဝီလျံကိန်းဖြစ်နေတယ်၊ အဲဒါ ဝီလျံကိန်းက အဲဒီဖိုင်တွဲကိုအသုံးချပြီး ကျွန်တော်တို့ နှစ်ယောက်ကို

ကလဲ့စားချေတာပဲဆိုတာ သေသေချာချာပြောပြပါ၊ အဲဒီလိုသာဆိုရင် အမှုစစ်တဲ့နေ့မှာ အော့စဘွန်းက အစိုးရသက်သေအဖြစ် တစ်ခွန်းမှ မထွက်ဆိုတော့ဘဲနဲ့ လုံးဝနှုတ်ပိတ်နေမှာ သေချာပါတယ်။ တရားရေးဌာနက ဘယ်လောက်ပဲ အကျပ်ကိုင်ကိုင် သူက လုံးဝထွက်ဆိုမှာ မဟုတ်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလောကမှာ ဝီလျံကိန်းကို အမုန်းဆုံးလူဟာ ဟင်နရီအော့စဘွန်းဖြစ်လို့ပါပဲ"

"ခင်ဗျား ပြောတာလဲ ယုတ္တိတော့ ရှိပါတယ် မစ္စတာ ရို့စနော့စကီး၊ ဒါပေမယ့် အော့စဘွန်းက အပြစ်အားလုံးကို ခင်ဗျားကိုပဲ ပုံချလိမ့်မယ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုရင် သူ့အနေနဲ့ ခင်ဗျားကို အားကိုးလို့မှ မရတော့တာကိုး"

"ကျွန်တော် ပြောတာကိုသာ သွားလုပ်စမ်းပါ မစ္စတာဂျစ်ခ်၊ ဒီကိစ္စဟာ ဝီလျံကိန်းရဲ့ လက်ချက်ဆိုတာကို သိတာနဲ့ တစ်ပြိုင်နက် ဒီလူ ချက်ချင်း စိတ်ပြောင်းသွားမှာ သေချာပါတယ်၊ ဒါတော့ ကျွန်တော် အတတ်ပြောရဲပါတယ်"

သို့ဖြင့် ရှေ့နေ ထရက်ဖို့ဂျစ်ခ်သည် ထိုညတွင် အချုပ်ခန်းသို့ သွားရောက်ပြီး အော့စဘွန်းနှင့် ဆယ်မိနစ်ခန့် စကားပြောသည်။

အော့စဘွန်းက ဘာမှ ပြန်မပြောဘဲ နားထောင်၍သာနေသည်။ ထင်မြင်ချက်နှင့် လက်တွေ့ဖြစ်ရပ် တခြားစီဖြစ်နေ၍ မစ္စတာဂျစ်ခ်က တော်တော်စိတ်ဓာတ်ကျသွားသည်။ သူပြောပြသမျှကိုတော့ အော့စဘွန်းက ဘယ်လိုမှ စိတ်မဝင်စားကြောင်း ထင်ရှားနေပြီ။

သို့ဖြင့် ထိုညတွင် အေဘယ်ရို့စနော့စကီးအား အကျိုးအကြောင်း ပြန်မပြောတော့ဘဲ အိမ်သို့သာ တန်းပြန်လာခဲ့တော့သည်။ သူက သူ၏ အမှုသည်အား စိတ်ချမ်းချမ်းသာသာနှင့် အိမ်ရေးဝအောင် အိပ်စေချင်သည်။ မနက်ဖြန် အမှုမစစ်မီ ကိုယ်အား စိတ်အား ပြည့်ပြည့်ဝဝ ရှိနေစေချင်သည်။

✧ ✧ ✧

အမှုမစစ်မီ ၄ နာရီအလိုတွင် အစောင့်ရဲက နံနက်စာကျွေးရန်လာသောအခါ ဟင်နရီအော့စဘွန်းမှာ အချုပ်ခန်းထဲတွင် ကြိုးဆွဲချပြီး တွဲလောင်းကြီးသေဆုံးနေသည်ကို တွေ့ရတော့သည်။ သူသည် လည်စည်းကို ကြိုးလုပ်ပြီး သတ်သေသွားခြင်းဖြစ်သည်။

✧ ✧ ✧

အစိုးရသက်သေမရှိဘဲနှင့်ပင် အမှုကို ရုံးတင်သည်။ အစိုးရရှေ့နေက ရက်ချိန်းထပ်ရွှေ့ပေးရန် တောင်းဆိုသည်။ အေဘယ်၏ ရှေ့နေကလည်း မိမိအမှုသည်၏ ကျန်းမာရေးအခြေအနေကို အကြောင်းပြ၍ အမြန်ဆုံးဆက်လက်စစ်ဆေးရန် လျှောက်ထားသည်။ တရားသူကြီးက ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

သတင်းစာ ရေဒီယိုနှင့် ရုပ်မြင်သံကြားများက သည်အမှုကို 'ရှီကာဂိုနယ်စားအမှု' ဟူ၍ နာမည်ပေးကာ ဝေဝေဆာဆာ ဖော်ပြထုတ်လွှင့်ကြသည်။

သို့ဖြင့် တရားခွင်တွင် ကိုးရက်လုံးလုံး အကြိတ်အနယ် ဥပဒေစစ်ပွဲ ဆင်နွှဲကြပြီးသောအခါ အစိုးရရှေ့နေက တရားခံရှေ့နေနှင့် အပေးအယူလုပ်ရန် ကမ်းလှမ်းလာသည်။

တရားရုံး ခေတ္တရပ်နားသောအခါ ရှေ့နေ ထရက်ဖို့ဂျစ်ခ်က ၎င်းတို့၏ ကမ်းလှမ်းချက်ကို အေဘယ်အား ပြန်လည်ပြောပြသည်။

"ခင်ဗျားက အစိုးရအရာရှိတစ်ယောက်ကို မသင့်လျော်သောနည်းနဲ့ ဩဇာသက်ရောက်ခိုင်းစေမှု ပြုလုပ်ဖို့ ကြံစည်အားထုတ်မှုနှစ်မှုအတွက် အပြစ်ရှိကြောင်း ဖြောင့်ချက်ပေးမယ်ဆိုရင် တခြားလာဘ်ထိုးမှုနဲ့ စွဲဆိုချက်အားလုံးကို လုံးဝပလပ်ပေးမယ်လို့ သူတို့က ကတိပေးတယ်"

"ငြင်းလိုက်ရင် ဘယ်လိုဖြစ်နိုင်သလဲ"

"တရားသူကြီး ပရက်စကော့က တော်တော်ခေါင်းမာတယ်ဗျ၊ ထောင်ဒဏ်က ခြောက်နှစ်အောက် တစ်ရက်မှ လျော့မှာမဟုတ်ဘူး"

"လက်ခံလိုက်ရင်ကော"

"ဒဏ်ငွေပဲ ဆောင်ရမှာပဲ၊ ဒါပေမယ့် များတော့ များလိမ့်မယ်"

အေဘယ်က အတန်ကြာ စဉ်းစားနေပြီးတော့မှ...

"ကဲ...ဗျာ၊ ဒီလိုဆိုလဲ လုပ်လိုက်တော့၊ အပြစ်ရှိကြောင်းပဲ ဝန်ခံလိုက်ပါတော့မယ်"

✧ ✧ ✧

အမှု ဆက်လက်စစ်ဆေးသည်။

အစိုးရရှေ့နေက အေဘယ်ရို့စနော့စကီးအပေါ် စွဲချက်တင်ထားသော ၁၇ မှုအနက် ၁၅ မှုကို သက်သေခံ အထောက်အထားမခိုင်လုံ၍ ပလပ်ခွင့်ပြုရန် တောင်းဆို လျှောက်လဲလိုက်သည်။

ထို့နောက် အေဘယ်၏ ရှေ့နေ မစ္စတာ ထရက်ဖို့ဂျစ်ခ်က ထိုင်ရာမှ ထရပ်လိုက်ပြီး မိမိ၏အမှုသည်သည် အစိုးရအရာရှိတစ်ဦးအား မိမိကိုယ်ကျိုးအတွက် မသင့်လျော်သော နည်းလမ်းဖြင့် ဩဇာသက်ရောက်မှုရှိစေရန် ကြံစည်အားထုတ်မှု နှစ်မှုကို အမှန်ပင် ကျူးလွန်မိကြောင်း ရုံးတော်တွင် ဖြောင့်ချက်ပေးပါသည်ဟု လျှောက်လဲတင်ပြလိုက်သည်။

ဤတွင် တရားသူကြီးက ခုံသမာဓိအဖွဲ့ကို ပြန်လည် ရုပ်သိမ်းလိုက်သည်။

ထို့နောက် တရားသူကြီးက စီးပွားရေးလုပ်ငန်းကို တရားသောနည်းလမ်းဖြင့် မည်သူမဆို လုပ်ကိုင်နိုင်ကြောင်း၊ သို့သော် ယင်းသို့ လုပ်ကိုင်ရာတွင် မိမိကိုယ်ကျိုးအတွက် အစိုးရအမှုထမ်းများအား သွေးဆောင်ဖြားယောင်းမှုပြုလုပ်ရန် တာဝန်မပါဝင်ကြောင်း၊ လာဘ်ပေးလာဘ်ယူလုပ်ခြင်းသည် ကြီးလေးသော ပြစ်မှုတစ်ခုဖြစ်ကြောင်း၊ အထူးသဖြင့် ယင်းလုပ်ငန်းကို အသိဉာဏ်ပို၍ရှိသော ပုဂ္ဂိုလ်များကလုပ်လျှင် ပို၍ပင် ပြစ်မှုကြီးလေးကြောင်း၊ တချို့နိုင်ငံများတွင် လာဘ်ပေးလာဘယ်ယူကိစ္စသည် မထူးဆန်းသော အစဉ်အလာ ထုံးတမ်းဓလေ့တစ်ခုပမာ ဖြစ်

နေပြီဖြစ်ကြောင်း၊ သို့သော် အမေရိကန်နိုင်ငံတွင်မူ ယင်းသို့မဟုတ်ကြောင်း စသည်ဖြင့် အောဘယ်အား ခပ်ပြင်းပြင်းကလေး 'ပညာပေး' ဩဝါဒစကား ပြောကြားပြီးနောက် ကျူးလွန်ခဲ့ကြောင်း ဝန်ခံသော ပြစ်မှုနှစ်ခုအတွက် ဆိုင်းငံ့ထောင်ဒဏ် ခြောက်လနှင့် တရားရုံးစရိတ်ပါ ဖြည့်စွက်လျက် ဒဏ်ငွေ ဒေါ်လာ ၂၅,၀၀၀ ပေးဆောင်စေဟူ၍ စီရင်ချက်ချမှတ်လိုက်သည်။

✧ ✧ ✧

ဂျော့က အောဘယ်အား နယ်စားဟိုတယ်သို့ ပြန်ခေါ်လာခဲ့သည်။ သူငယ်ချင်းနှစ်ယောက် သီးသန့်ဆောင်တွင် ထိုင်ကာ ဝီစကီသောက်ရင်း စကားမပြောဘဲ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။

တော်တော်ကြာတော့မှ အောဘယ်က စတင်ပြောလိုက်သည်။

"ဒီမယ် ဂျော့၊ ပီတာပါဖစ်နဲ့ ဆက်သွယ်ပြီး လက်စတာဘဏ်က သူ့ရှယ်ယာနှစ်ရာခိုင်နှုန်းကို ဒေါ်လာတစ်သန်းနဲ့ အမြန်သွားဝယ်လိုက်စမ်းပါ၊ အဲဒါဆိုရင် ဝီလျံကိန်းကို သူ့ရုံးခန်းထဲမှာပဲ အသက်ထွက်အောင် ကျုပ်တော် လုပ်နိုင်ပြီဗျ"

✧ ✧ ✧

နောက်နှစ်ရက်အကြာတွင် ပိုလန်နိုင်ငံအား အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် အထူးအခွင့်အရေးရ နိုင်ငံအဖြစ် သတ်မှတ်လိုက်ကြောင်း၊ ထို့ပြင် ပိုလန်နိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီးအဖြစ်လည်း ဂျွန်မိုးစ်ကဘောအား ခန့်အပ်လိုက်ကြောင်း နိုင်ငံခြားရေးဌာန ကြေငြာချက် ထုတ်ပြန်လိုက်လေသည်။

✣

(၃၈)

ဆီးနှင်းလွန်ကဲသော ဖေဖော်ဝါရီလ တစ်ညနေတွင် ဝီလျံကိန်းသည် ကုလားထိုင်တွင် စိမ်ပြေနပြေထိုင်ကာ ရှေ့နေ သာဒီးယပ်၏ အစီရင်ခံစာကို ပြန်လည်ဖတ်ရှုလျက်ရှိသည်။

အေဘယ်ရီ့စနော့စကီးအား အလဲထိုးရန် သူလိုအပ်နေသော စာရွက်စာတမ်းများကို ယခုအချိန်တွင် ဟင်နရီအော့စဘွန်းသည် ယင်းစာရွက်စာတမ်းများအတွက် သူ့ထံမှ ဒေါ်လာ ၂၅,၀၀၀ ယူကာ တစ်နေရာသို့ တိမ်းရှောင်ထွက်ပြေးသွားခဲ့ပြီ။ အင်း ဒီလူ့စရိုက်ကတော့ ဒီအတိုင်းပါပဲ၊ သူက ယင်းသို့တွေးလိုက်ပြီး ရို့စနော့စကီး၏ အမှုတွဲဖိုင်ကို မီးခံသေတ္တာထဲသို့ ပြန်ထည့်ထားလိုက်သည်။ ယခု သူ့လက်ထဲတွင်ရှိသော စာရွက်စာတမ်းများမှာ ဓာတ်ပုံမိတ္တူများဖြစ်ပြီး မူရင်းများကိုမူ လွန်ခဲ့သော သုံးလေးရက်ခန့်ကပင် ရှေ့နေ သာဒီးယပ်ကိုဟင်က တရားရေးဌာနသို့ ပေးပို့လိုက်ပြီးဖြစ်သည်။

အေဘယ် ရို့စနော့စကီးအား တူရကီမှ ပြန်ရောက်ရောက်ချင်း ဖမ်းကြတော့မည်။ သည်တော့မှ အင်တာစတိတ်လေကြောင်းကုမ္ပဏီရှိ သူပိုင်စတော့တွေကို မထာန်တဆ ဈေးဖြင့် ဈေးကွက်တွင် ချရောင်းရတော့မည်။ ဝီလျံက ကလဲ့စားချေခွင့် ရမည့်အရေးကို တွေးပြီး အကြီးအကျယ် ဝမ်းသာနေမိသည်။ သည်တစ်ကြိမ်တွင်တော့ သူက အစစအရာရာ ကြိုတင်ပြင်ဆင်ထားသည်။

သူက အင်တာစတိတ်စတော့တွေ ဈေးကွက်သို့ ရောက်လာလျှင် ရောက်လာချင်း အမြန်ဝယ်ယူရန် သူ၏ စတော့ပွဲစားအား ညွှန်ကြားထားပြီးဖြစ်သည်။ ယင်းအတွက် လိုအပ်သောငွေကို ဘဏ်တိုက်မှထုတ်မယူဘဲ သူပိုင်ငွေဖြင့်ဝယ်ရန် စီစဉ်ထားသည်။ ထို့ပြင် လက်စတာဘဏ်၏ စတော့ပိုင်ရှင်တွေ အားလုံးထံသို့လည်း အင်တာစတိတ် စတော့များကို သူ့အားမတိုင်ပင်ဘဲ မည်သူ့မျှ ရောင်းချခြင်းမပြုကြရန် ညွှန်ကြားလွှာ ပေးပို့ထားလိုက်သည်။

ရက်သတ္တပတ်တွေ ကုန်လွန်သွားသော်လည်း အေဘယ်ရို့စနော့စကီး၏ လှုပ်ရှားမှုတစ်စုံ တစ်ရာကို လုံးဝမတွေ့ရ။ ကေန္တတော့ သူသည် ဖြစ်ပေါ်လာသော ပြဿနာအားလုံးအတွက် အော့စဘွန်းအပေါ်တွင် ပုံချပြီး သွေးရူးသွေးတန်းဖြစ်နေပြီမှာ သေချာသည်။

အော့စဘွန်းက အစိုးရသက်သေအဖြစ် ထွက်ဆိုလျှင် အေဘယ်ရို့စနော့စကီးသည် နှစ် ပေါင်းများစွာ ထောင်ဒဏ်ခံရတော့မည်မှာ မြေကြီးလက်ခတ်မလွဲဟု ဝီလျံ၏ ရှေ့နေ သားဒီး ယပ်ကိုဟင်ကလည်း ကျိန်းသေပေါက် တွက်ထားသည်။ ယင်းသို့ဆိုလျှင် သူ့အနေဖြင့် ဘဏ် တိုက်ကိုသော်လည်းကောင်း၊ ဝီလျံကိုသော်လည်းကောင်း ဘယ်လိုမှ ဒုက္ခပေးနိုင်တော့မည် မဟုတ်။

အေဘယ်ရို့စနော့စကီး ထောင်ကျသွားလျှင် ရစ်ချတ်လည်း မလွဲမသွေ အိမ်ပြန်လာရ မည်ဟု ဝီလျံက မျှော်လင့်ထားသည်၊ သည်တော့မှ ရစ်ချတ်အား အေဘယ်ရို့စနော့စကီး၏ သမီးကို စွန့်ခိုင်းပြီး မိသားစုဘဏ်လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်စေမည်။

ရှေ့နေ သားဒီးယပ်ကိုဟင်၏ အစီရင်ခံစာ အရဆိုသော် ရစ်ချတ်သည် သူ့ဇနီးဆန္ဒအတိုင်း ဖက်ရှင်တိုက်တွေ တစ်တိုက်ပြီး တစ်တိုက်ဖွင့်နေသည်၊ သို့သော် လက်စတာ ဘဏ်လုပ်ငန်း၏ ဥက္ကဋ္ဌရာထူးနှင့် ရို့စနော့စကီး သမီး၏ ဖက်ရှင်လုပ်ငန်းမှာ ငွေကြေးပမာဏအရသော်လည်းကောင်း၊ ဂုဏ်သိက္ခာအရသော်လည်းကောင်း ဘယ်လိုမှ ယှဉ်၍ရနိုင်မည်မဟုတ်။

ဝီလျံအနေဖြင့် အစိုးရိမ်ဆုံး အချက်မှာ ဥက္ကဋ္ဌရာထူး ဆက်ခံနိုင်မည့်သူ မမြင်သေးခြင်း ပင်ဖြစ်သည်။ လက်ရှိ ရည်မှန်းထားသူ ဒုတိယဥက္ကဋ္ဌဂျိခ်သောမတ်မှာ ပရက်စတန် တက္ကသိုလ် ထွက်ဖြစ်သော်လည်း ဥက္ကဋ္ဌရာထူးနှင့် ထိုက်တန်သော အားမာန်မျိုးမရှိဟု ထင်သည်။ ထို့ကြောင့် သူသည် အသက် ၆၅ နှစ်ပြည့်သည်အထိ ဥက္ကဋ္ဌရာထူးတွင် ဆက်လက်လုပ်ကိုင်နေပြီး သည် ကြားထဲတွင် ရစ်ချတ်ကို တဖြည်းဖြည်းနှင့် စည်းရုံးသိမ်းသွင်းရမည် ဖြစ်သည်။

သည်ကိစ္စအတွက် အားကိုးရတော့မည်။ ကိတ်အနေဖြင့် သူမ၏သားကြီးကို နားဝင်အောင် ပြောပြပြီး ပြန်ခေါ်လျှင် ရနိုင်စရာ ရှိသည်။

သို့သော် ရက်တွေသာ တဖြည်းဖြည်း ကြာညောင်းလာခဲ့သည်။ ရစ်ချတ်အနေဖြင့် မိဘ ထံသို့ ပြန်လာရန် အခြေအနေကား အရိပ်အရောင်မျှပင် မမြင်ရ။ သူ့မှာ မိဘရှိသေးသည်ဟု သတိပင် ရမှ ရပါသေးရဲ့လား။

သို့သော် သည်ကြားထဲ သမီးကြီး ဗာဂျင်နီယာကို အိမ်ထောင်ချလိုက်ရ၍ တော်သေးသည်။ ယခုအခါ ဗာဂျင်နီယာမှာ ကိုယ်ဝန်ရှိနေပြီ။ ရစ်ချတ်က ရို့စနော့စကီး၏ သမီးကို စွန့်ပြီး ပြန်မလာလျှင်၊ အကယ်၍များ ဗာဂျင်နီယာတွင် သားယောကျ်ားကလေး မွေးလာမည်ဆိုပါက ရှိသမျှ အမွေအားလုံးကို ဗာဂျင်နီယာကိုပင် ပေးခဲ့တော့မည်။

သည်ရက်များအတွင်း ဝီလျံသည် စိတ်မအား လူမအားဖြစ်နေသည်။ ဘဏ်လုပ်ငန်းကလည်း အားလပ်ချိန်မရအောင် ပိနေသည်။ ရစ်ချတ်အတွက်လည်း နေ့စဉ်နှင့်အမျှ တွေးပူနေရသည်။ မရှင်းလင်းသေးသော အေဘယ်ရို့စနော့စကီး ပြဿနာကြောင့်လည်း ခေါင်းမီးတောက်နေသည်။

တစ်နေ့တွင် ဝီလျံသည် ဘဏ်တိုက် ရုံးခန်းထဲ၌ အလုပ်လုပ်နေစဉ် နှလုံးရောဂါကြောင့် မူးမေ့ လဲကျသွားသည်။ သို့သော် အခြေအနေက ပြန်ကောင်းလာသည်။ ရက်နည်းငယ်ခန့် အနားယူလိုက်လျှင် နောက်ထပ် နှစ်ပေါင်း ၂၀ အထိ နေနိုင်သေးသည်ဟု ဆရာဝန်က ပြောသည်။

ဝီလျံက ဘဏ်ဥက္ကဋ္ဌအဖြစ် သက်တမ်းကုန်ဆုံးမည့် နောက်ထပ် ၁၀ နှစ်အထိသာ အသက်ရှင် နေထိုင်လိုတော့သည်ဟု ပြန်ပြောလိုက်သည်။

သူသည် အခြေအနေအရ အိမ်တွင် သုံးလေးပတ်မျှ အနားယူနေရသည်။ ဥက္ကဋ္ဌတာဝန်ကို ဂျိတ်ခ်သောမယ်အား မပေးချင် ပေးချင်နှင့် ခေတ္တလွှဲပြောင်းပေးရသည်။ စိတ်ထဲကတော့ လုံးဝ မကောင်း။

မကြာမီတွင် အလုပ်ခွင်သို့ ပြန်ဝင်လာခဲ့သည်။ ဥက္ကဋ္ဌတာဝန်ကို ပြန်လည်လက်ခံ ဆောင်ရွက်သည်။ အလုပ်တွေကို နေ့မအား ညမအား ဖိ၍ လုပ်သည်။

အော့စဘွန်း ကိုယ့်ကိုယ်ကိုယ် သတ်သေသောနေ့တွင် နှလုံးရောဂါကြောင့် ဝီလျံမူးမေ့သွား ပြန်သည်။ ကိတ်က တစ်ညလုံး ခင်ပွန်းသည် အနားမှ လုံးဝမခွာ။ သည်တစ်ကြိမ်တွင်တော့ သည်တောင်က ကျော်နိုင်တော့မည် မဟုတ်ဟု သူမက တွက်ထားသည်။ သို့သော် အေဘယ် ရို့စနော့စကီးအား ရုံးတင်စစ်ဆေးသော သတင်းကြောင့် သူပြန်ပြီး လန်းလာသည်။

သူက အမှုစစ်ဆေးခြင်းသတင်းကို နေ့တိုင်း စိတ်ဝင်စားစွာဖြင့် လေ့လာဖတ်ရှုနေသည်။ အော့စဘွန်း သတ်သေသွားခြင်းကြောင့် အေဘယ်ရို့စနော့စကီးအနေဖြင့် ရပ်တည်ချက် ပို၍ ခိုင်မာသွားနိုင်ကြောင်း သူက သဘောပေါက်သည်။

နောက်ဆုံးတွင် ရို့စနော့စကီးအား ဆိုင်းငံ့ထောင်ဒဏ် ခြောက်လနှင့် ဒေါ်လာ ၂၅,၀၀၀ ဒဏ်ငွေ တပ်လိုက်သောအခါ သူက လုံးဝအံ့သြခြင်းမဖြစ်မိတော့။ ဤသို့ဖြစ်ရသည်မှာ အစိုးရ ရှေ့နေက ရို့စနော့စကီး၏ နာမည်ကျော် ရှေ့နေကြီးနှင့် အပေးအယူ လုပ်လိုက်ခြင်းဖြစ်ကြောင်း ဝီလျံက ကောင်းကောင်းကြီး နားလည်လိုက်သည်။

အမှုပြီးသောနောက်တွင် ဝီလျံက အေဘယ်ရို့စနော့စကီးကိစ္စအတွက် ဘာမှ မပူတော့။ သူ့အနေဖြင့် အင်တာစတိတ်ကုမ္ပဏီ၏ စတော့များကို ရောင်းသည်ဖြစ်စေ၊ မရောင်းသည်ဖြစ်စေ ဝီလျံက လုံးဝမကြောက်တော့။ အေဘယ်၏ ခြေလှမ်းကိုသာ အကဲခတ် စောင့်ကြည့်နေမိ တော့သည်။

သို့သော် အချိန်တွေ တဖြည်းဖြည်း ကုန်လွန်လာခဲ့သော်လည်း အေဘယ်၏ လှုပ်ရှားမှုကို ဘာမှမတွေ့ရ။ သို့ဖြင့် သူသည် အေဘယ်အကြောင်းကို လုံးဝ မစဉ်းစားတော့ဘဲ သားကြီး ရစ်ချတ်ကိုသာ နေ့ရှိတိုင်း သတိရလာမိတော့သည်။ သားကြီးအား တွေ့ချင် မြင်ချင်စိတ်သည် တားမရ ဆီးမနိုင်အောင် တဖွားဖွား ပေါ်ပေါက်လာမိသည်။

"အသက်အရွယ် ကြီးရင့်လာခြင်းနှင့် သေရမည်ကို ကြောက်လန့်လာခြင်းတို့ကြောင့် လူသားတို့၏ စိတ်ဆန္ဒသည် ရက်တရက် ပြောင်းလဲလာတတ်သည်"ဟူ၍ တစ်ကြိမ်က စာအုပ်

တစ်အုပ်ထဲတွင် သူဖတ်ခဲ့ရဖူးသည်။

ယခု သူ့အခြေအနေမှာလည်း ယင်းအတိုင်းပင် ဖြစ်ခဲ့ပြီ။

စက်တင်ဘာလ တစ်မနက်တွင် သူက သူ့ဆန္ဒကို ကိတ်အား ဖွင့်ပြောလိုက်သည်။ ကိတ်က ထွေထွေထူးထူး မေးမနေတော့။ အိမ်မှထွက်ပြေးသွားသော သားကို ဖခင်က ပြန်တွေ့လိုသည် ဆိုလျှင်ပင် အကြောင်းလုံလောက်နေပြီ မဟုတ်ပါလား။

"ဒီလိုဆိုရင် ကျွန်မ ဆန်ဖရန်စစ္စကို ကို ဖုန်းဆက်ပြီး သူတို့နှစ်ယောက်စလုံးကို လှမ်းခေါ်လိုက်မယ်လေ"

"သူတို့ နှစ်ယောက်စလုံး" ဟူသော စကားကြောင့် ဝီလျံအနေဖြင့် ဘယ်လိုမှ မျက်နှာအမူအရာ မပြောင်းသည်ကို မြင်ရသည်နှင့်ပင် ကိတ်က ဝမ်းသာမဆုံးဖြစ်မိရသည်။

"အဲဒါ ကောင်းပါတယ်ကွာ" သူက တိုးတိုးကလေး ပြန်ပြောသည်။ "ရစ်ချတ်ကို ပြောပြပါ၊ ငါမသေခင် ခဏဖြစ်ဖြစ် မြင်သွားပါရစေလို့"

"မောင်ကလဲ ဘာတွေ လျှောက်ပြောနေတာလဲ၊ မောင်ဟာ နောင်နှစ်ပေါင်း ၂၀ အထိ တောင် နေနိုင်ပါသေးတယ်လို့ ဒေါက်တာ ပြောသွားတယ် မဟုတ်လား"

"ကိုယ် အဲဒီလောက် ကြာကြာမနေချင်တော့ပါဘူး ကိတ်၊ ဘဏ်ဥက္ကဋ္ဌရာထူး သက်တမ်းစေ့နေ့သွားရရင်ပဲ တော်ပါပြီ၊ ငါ့နေရာမှာ ရစ်ချတ် ဝင်လာတာကို မြင်သွားရင်ပဲ သေပျော်ပါပြီကွယ်၊ ဒါနဲ့ မင်းက ဆန်ဖရန်စစ္စကိုကို ပြန်သွားပြီး ရစ်ချတ်ကို အမြန်ဆုံး ဘာလို့ သွားမခေါ်တာလဲ"

"မောင်ပြောတာ ဘယ်လို၊ ဆန်ဖရန်စစ္စကို ကို ပြန်သွားပြီး ဆိုတာက ဘာသဘောလဲဟင်"

ဝီလျံက ပြုံးလိုက်ပြီး...

"ကိုယ်သိပါတယ် ကိတ်၊ ဟန်ဆောင်မနေစမ်းပါနဲ့၊ မင်းက အဲဒီလို ခဏခဏ သွားနေတယ်ဆိုတာ ငါအားလုံးသိပြီးသားပါ၊ မင်းက ငါ ခရီးထွက်နေတဲ့ ရက်တွေမှာ မင်းသားဆီ သွားနေတယ် မဟုတ်လား"

"ဟုတ်ပါတယ် မောင်၊ မောင်စိတ်ဆိုးရင်လဲ ကျွန်မ တောင်းပန်ရတော့မှာပဲ၊ ဒါနဲ့ အဲဒီကတည်းက မောင်က ဘာလို့ မပြောတာလဲဟင်"

"ကိုယ်က အပြင်က စိတ်ဆိုးနေပေမယ့် အတွင်းက ကျိတ်ပြီး ဝမ်းသာနေလို့ပေါ့ကွယ်၊ ငါ့သားကြီးနဲ့ အခုလို အဆက်ပြတ်နေတာကို ငါလုံးဝမလိုလာဘူး၊ ဒါနဲ့ သူနေကောင်းရဲ့လား"

"နှစ်ယောက်စလုံး နေကောင်းကြပါတယ် မောင်၊ အခုဆိုရင် မောင့်မှာ မြေးယောက်ျားကလေးနဲ့ မြေးမကလေးတစ်ယောက် ရနေပြီ သိရဲ့လား၊ မောင် ဝမ်းမသာဘူးလား ဟင်"

"မြေးမလေး ဟုတ်လား"

"ဟုတ်တယ်၊ မကြာခင်က ထပ်မွေးတာလေ၊ နာမည်က အန်နာဘယ်လ် တဲ့"

"ဒါနဲ့ မြေးယောက်ျားကလေး နာမည်ကရော"

ကိတ်က ကလေးနာမည်ကို ပြောပြလိုက်သောအခါ ဝီလျံက ကျေနပ်စွာဖြင့် ပြုံးမိသည်။

"ကောင်းတယ် ကောင်းတယ်၊ မင်း သူတို့ဆီကိုသာ မြန်မြန်လိုက်သွားပေတော့"

ထိုနေ့သည် ကိတ်အတွက် အပျော်ဆုံးနေ့ပင် ဖြစ်တော့သည်။ သို့ဖြင့် သူက သားဖြစ်သူထံ ချက်ချင်း ဖုန်းကောက်ဆက်သည်။ နောက်အပတ်တွင် သူမ လာလည်မည်ဖြစ်ကြောင်း၊ သူမနှင့်အတူ စိတ်ချမ်းသာစရာ မင်္ဂလာသတင်းကောင်းလည်း ပါလာမည်ဖြစ်ကြောင်း...။

✧ ✧ ✧

နောက် ရက်သတ္တသုံးပတ်အကြာတွင် ကိတ် နယူးယောက်သို့ ပြန်ရောက်လာသည်။ ရစ်ချတ်တို့ မိသားစုလည်း နို၀င်ဘာလကုန်လျှင် မိဘများ ကန်တော့ရန် လာမည်ဖြစ်ကြောင်း သိရှိရသည်။

ကိတ်က ရစ်ချတ်တို့ လင်မယား လုပ်ငန်းအောင်မြင်နေကြောင်း၊ ရစ်ချတ်မှာ အဘိုးဖြစ်သူ၏ ခြေရာကိုနင်းကြောင်း လင်တော်မောင်အား ဝမ်းမြောက်ဝမ်းသာ စကားလက်ဆောင်ပါးသည်။

ဝီလျံက စိတ်ဝင်စားစွာ နားထောင်ပြီး ဝမ်းသာမဆုံးဖြစ်မိသည်။

တစ်ချိန်တည်းတွင် အကယ်၍ နယူးယောက်သို့ ရစ်ချတ်မလာရောက်ခဲ့သော် ဘဏ်ဥက္ကဋ္ဌရာထူးကို ဂျိတ်ခ်သောမတ်သာလျှင် မလွဲမသွေ ရရှိသွားတော့မည်ကိုလည်း သူက အလွန်ပင် စိုးရိမ်မိသည်။ သို့သော် သူက သည်အကြောင်းကို ဆက်မတွေးတော့ဘဲ ဦးနှောက်ထဲမှ ဖယ်ထုတ်ထားလိုက်လေသည်။

✧ ✧ ✧

ဝီလျံသည် နောက်တစ်နေ့တွင် အလုပ်ခွင်သို့ ပြန်ဝင်လာသည်။ သူသည် ကိုယ်ရော စိတ်ရော အထူးပင် လန်းဆန်းတက်ကြွနေသည်။ သူ့ကိုယ်သူ တော်တော်နှင့် မသေနိုင်သေးဟုလည်း ယုံကြည်ချင်စိတ် အပြည့်ရှိလာသည်။

"အလုပ်ကိုတော့ သိပ်ပြီး ဖိဖိစီးစီး မလုပ်ပါနဲ့ဦး မစ္စတာကိန်း၊ နှလုံးရောဂါက အချိန်မရွေး ပြန်ပေါ်လာနိုင်ပါတယ်" ဟု ဆရာဝန်က သတိပေးထားသည်။

သို့သော် သူကတော့ ဂရုမစိုက်တော့၊ သူမသေမီ ဘဏ်ဥက္ကဋ္ဌရာထူးကို သားဖြစ်သူအား ပခုံးပြောင်းပေးခဲ့နိုင်ရေးအတွက် အစစအရာရာ အဆင်ပြေပြေဖြစ်အောင် ကြိုးစားလုပ်ကိုင်ရဦးမည် မဟုတ်ပါလား။

ဝီလျံ ဘဏ်တိုက်သို့ ရောက်လာသောအခါ တံခါးစောင့်က ဆီးကြိုနှုတ်ဆက်ပြီး ဂျိတ်ခ်သောမတ်က သူ့ကို တွေ့ချင်နေကြောင်း စောစောကလည်း အိမ်သို့ ဖုန်းလှမ်းဆက်ခဲ့သေးကြောင်း ပြောပြသည်။

ဝီလျံက တံခါးစောင့်အား ကျေးဇူးတင်စကား ပြောပြီး သူ့ရုံးခန်းဆီသို့ လျှောက်လာခဲ့သည်။ ရုံးခန်းတံခါးကို ဖွင့်လိုက်သောအခါ ဥက္ကဋ္ဌကုလားထိုင်တွင် ဂျိတ်ခ်သောမတ်ထိုင်နေပြီး သူ့ရှေ့တွင်လည်း ဘုတ်အဖွဲ့ဝင် လူကြီးသုံးယောက် ထိုင်နေကြသည်ကို တွေ့လိုက်ရသည်။

"ကျုပ်က တော်တော်များ ကြာသွားသလားဗျ၊ ဒါနဲ့ ဘဏ်ဥက္ကဋ္ဌ ဘယ်သူလဲ၊ ကျုပ်မဟုတ်တော့ဘူးလား"

ဝီလျံက ရယ်ပြီး မေးလိုက်သည်။

"အို... ဟုတ်ပါတယ် ဝီလျံ၊ ဘဏ်ဥက္ကဋ္ဌက ခင်ဗျားပါပဲ၊ ကြွပါ ...ကြွပါ ကြိုဆိုပါတယ်"

ဂျိတ်ခ်သောမတ်က ဥက္ကဋ္ဌကကုလားထိုင်မှ ဖယ်ပေးလိုက်သည်။

ဝီလျံသည် စိတ်တဲတစ်မျိုးကြီး ခံစားလိုက်ရသည်။ သူ့အား ဂျိတ်ခ်သောမတ်က ဝီလျံဟူ၍လည်းကောင်း၊ ခင်ဗျား၊ ကျွန်တော် သုံး၍သော်လည်းကောင်း ယခင်တုန်းက တစ်ခါမျှ မဆက်ဆံခဲ့စဖူး၊ တကယ်တော့ သူ့အသက်မှာ ၄၀ က တစ်ရက်ပင် မစွန်းသေး။ သို့သော် သူက စိတ်ကိုထိန်းပြီး မေးလိုက်သည်။

"ပြဿနာက ဘာလဲ"

"အေဘယ်ရို့စနော့စကီး ပြဿနာ"

သောမတ်က မျက်နှာထားတင်းတင်းနှင့် ပြန်ဖြေလိုက်သည်။

ဝီလျံ၏ ရင်ထဲ ထိတ်ကနဲ ခံစားလိုက်ရသည်။

"သူက ဘာလိုချင်ပြန်ပြီလဲ၊ ကျုပ်ကို အေးအေးဆေးဆေး သေတာ မမြင်ချင်ဘူးနဲ့ တူတယ်"

သောမတ်က ဝီလျံအနီးသို့ လျှောက်လာသည်။

"သူက စည်းမျဉ်းဥပဒေပုဒ်မ (၇) အရ အရေးပေါ် အစည်းအဝေးခေါ်ပြီး ခင်ဗျားကို ဘဏ်ဥက္ကဋ္ဌရာထူးက ဖြုတ်ချဖို့ တောင်းဆိုလာတယ်"

"သူ့အဲဒီလိုလုပ်လို့ ဘယ်ရမလဲ၊ သူက အစုရှယ်ယာ ရှစ်ရာခိုင်နှုန်းမှ မပိုင်သေးတာပဲ၊ ပြီးတော့ အပြင်လူတစ်ယောက်က ရှယ်ယာရှစ်ရာခိုင်နှုန်းပိုင်ဆိုင်လာရင်လဲ ဘဏ်ဥက္ကဋ္ဌကို ချက်ချင်း အသိပေးရမယ်လို့ စည်းမျဉ်းဥပဒေက ဆိုထားတာပဲ"

"သူက မနက်ဖြန်မနက်ဆိုရင် ရှယ်ယာ ရှစ်ရာခိုင်နှုန်း ပိုင်ပြီလို့ အကြောင်းကြားတယ်"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ကျုပ်က စတော့တွေအားလုံး သေသေချာချာ စစ်ဆေးပြီး ညွှန်ကြားချက် ထုတ်ထားတာပဲ၊ သူ့ကို ဘယ်သူမှ မရောင်းနိုင်ဘူး၊ ဘယ်သူမှ မရောင်းနိုင်ဘူး"

"ပီတာပါဖစ်က ရောင်းလိုက်ပြီးပြီ"

"မဟုတ်ဘူး၊ သူ့ရှယ်ယာကို ကျုပ်က ဝယ်လိုက်တာ တစ်နှစ်တောင် ရှိသွားပြီ၊ ကျုပ်က ကိုယ်စားလှယ်တစ်ယောက်သုံးပြီး ဝယ်ယူလိုက်တာ"

ဂျိတ်ခ်သောမတ် မျက်လုံးပြူးသွားသည်။ အချိန်အတော်ကြာသည်အထိ ဘယ်သူမှ စကားမပြောကြ။ ဂျိတ်ခ်သောမတ်သည် ဥက္ကဋ္ဌရာထူးကို ရရှိရေးအတွက် အသေအလဲ ကျိတ်ကြိုးစားနေကြောင်း ဝီလျံက ပထမဆုံးအကြိမ် သိလိုက်ရသည်။

"အဲဒီတော့ လိုရင်းကို ပြောရမယ်ဆိုရင်" ဂျိတ်ခ်သောမတ်က ပြောသည်။ "မနက်ဖြန်ဆိုရင် သူက ရှယ်ယာ ရှစ်ရာခိုင်နှုန်းပိုင်သွားပြီ၊ သူ့အနေနဲ့ ဒါရိုက်တာလူကြီးတစ်ယောက် ဖြစ်နိုင်တဲ့အဆင့် ရောက်သွားပြီ၊ ပြီးတော့ ဘုတ်အဖွဲ့ရဲ့ ဘယ်ဆုံးဖြတ်ချက်ကိုမဆို သုံးလအထိ ရွှေ့ဆိုင်းထားနိုင်တဲ့ အာဏာကိုလဲ ရသွားပြီ၊ သူက သူ့တောင်းဆိုချက်တွေကို တစ်ပြည်လုံးက စာနယ်ဇင်းတွေမှာ ကြော်ငြာထည့်ဖို့လဲ ရည်ရွယ်ထားတယ်၊ သူ့ကို ဆန့်ကျင်လို့ရှိခဲ့ရင် နယ်စားကုမ္ပဏီတစ်ခုလုံး ပြုတ်တဲ့အထိ ပြန်လည်တိုက်ခိုက်သွားဖို့လဲ ဆုံးဖြတ်ထားပြီးပြီ၊ သို့သော်လဲ အချက်တစ်ချက်ကို လိုက်လျောရင်တော့ သူ့အနေနဲ့ တောင်းဆိုချက်အားလုံးကို ပြန်လည်ရုပ်သိမ်းသွားပါမယ်လို့တော့ ကတိပေးတယ်"

"ဘာအချက်လဲ"

"ခင်ဗျားအနေနဲ့ ဥက္ကဋ္ဌရာထူးက နုတ်ထွက်ပေးရမယ်ဆိုတဲ့ အချက်ပဲ"

"ဟာ ဒါကတော့ တမင် ညစ်ပတ်တာပဲ"

ဝီလျံက ဒေါသဖြင့် အော်ပြောလိုက်မိသည်။

"ညစ်ပတ်တာလဲ ဟုတ်ချင် ဟုတ်နိုင်ပါတယ်၊ သို့သော် လာမယ့် တနင်္လာနေ့မှာ ခင်ဗျားက နုတ်ထွက်စာမတင်ဘူးဆိုရင်တော့ သူက ရှယ်ယာပိုင်ရှင်တွေ အားလုံးကို အကြောင်းကြားဖို့ ဆုံးဖြတ်ထားပြီးပြီ။ တစ်ပြည်လုံးက သတင်းစာနဲ့ မဂ္ဂဇင်းအစောင် ၄၀ မှာလဲ ကြော်ငြာထည့်ဖို့ ကြိုတင်စာရင်းသွင်းထားပြီးပြီ"

"ဒီလူ ရူးနေပြီထင်တယ်" ဝီလျံက လွှတ်ကနဲ ပြောလိုက်သည်။ ပြီးတော့ လက်ကိုင်ပုဝါထုတ်ပြီး နဖူးကို သုတ်နေသည်။

"အဲဒါတွင် မကသေးပါဘူး" ဂျိတ်ခ်သောမတ်က စကားဆက်ပြန်သည်။ "နောက် ၁၀ နှစ်အတွင်းမှာ ကိန်း မိသားစုမျိုးဆက်ဝင် တစ်စုံတစ်ယောက်ကိုမှ ဘုတ်အဖွဲ့မှာ မသွင်းရဘူးလို့လဲ သူကတောင်းဆိုသေးတယ်၊ ပြီးတော့ ကျန်းမာရေးကြောင့်သော်လည်းကောင်း၊ တခြား အကြောင်းကြောင့်သော်လည်းကောင်း ခင်ဗျား နုတ်ထွက်သွားရပါတယ်လို့ လုံးဝ အကြောင်းမပြရဘူးလို့လဲ တောင်းဆိုလိုက်သေးတယ်"

သူက 'နယ်စားဟိုတယ်' တံဆိပ်ပါသော စာရွက်ကို ဝီလျံထံသို့ ကမ်းပေးလိုက်သည်။

ဝီလျံက စာရွက်ကို ကမန်းကတန်း ဖတ်ကြည့်လိုက်ပြီး

"ဒီလူ တကယ် ရူးနေပြီဗျ၊ တကယ်ရူးနေပြီ"

ဂျိတ်ခ်သောမတ်က ဆက်ပြောသည်။

"ဘယ်လိုပဲပြောပြော ကျွန်တော်ကတော့ မနက်ဖြန် ဘုတ်အဖွဲ့အစည်းအဝေး ခေါ်ထားလိုက်ပြီ၊ ၁၀ နာရီ တိတိမှာ လုပ်မှာ၊ အဲဒီတော့ မနက်ဖြန်မှပဲ အသေးစိတ် ဆက်ဆွေးနွေးကြတာပေါ့ ဝီလျံ"

◆ ◆ ◆

ရုံးခန်းထဲတွင် ဝီလျံတစ်ယောက်တည်းသာ ထိုင် ကျန်ရစ်တော့သည်။ ထိုနေ့ တစ်နေ့လုံး သူ့ထံသို့ မည်သူမျှမလာ။ သူက တခြား ဘုတ်အဖွဲ့ဝင် လူကြီးများထံ ဖုန်းလှမ်းဆက်သည်။ သို့သော် သူတို့က စကားတစ်ခွန်းနှစ်ခွန်းလောက်သာပြောပြီး ဖုန်းပြန်ချသွားကြသည်။ သူတို့တော့ သူ့ကို ပ,ထုတ်ဖို့ ကြိုးစားနေကြပြီ။ အစည်းအဝေးကိုလည်း အချိန်ကပ်ပြီး တမင်ခေါ်ထားကြသည်။ သို့သော် ရှယ်ယာ ရှစ်ရာခိုင်နှုန်း ပိုင်သူမရှိသေးသမျှ သူ့အနေဖြင့် ကြောက်စရာမရှိ။ သူက ရှယ်ယာပိုင်ရှင် စာရင်းကို စစ်ဆေးကြည့်သည်။ မည်သူမျှ ရောင်းထားတာ မတွေ့ရ။ သူက တစ်ကိုယ်တည်း အသံထွက်အောင် ရယ်လိုက်မိသည်။ အေဘယ်ရို့စနော့စကီးက မပိုင်ဘဲနှင့် သူ့ကို လာတိုက်၍ ရမည်တဲ့လား။

ထိုနေ့က သူအိမ်သို့ စောစောပြန်လာခဲ့သည်။ အိမ်သို့ ရောက်ရောက်ချင်း ရစ်ချတ်တို့ မိသားစုအား လောလောဆယ်မလာကြနှင့်ဦးဟု အကြောင်းပြန်လိုက်ရန် ကိတ်အား ပြောလိုက်သည်။ ထို့နောက် စာကြည့်ခန်းထဲ ဝင်လာခဲ့သည်။ သူ၏ ကမ္ဘာရန် အေဘယ်ရို့စနော့စကီးအား နောက်ဆုံးအကြိမ် အလဲထိုးရန် တိုက်ကွက်များကို အပြန်အလှန်စဉ်းစားသည်။ မနက် သုံးနာရီထိုးမှ အိပ်ရာဝင်သည်။ ထိုချိန်တွင် သူလုပ်ရမည့် အလုပ်ကို အပြတ်အသတ် ဆုံးဖြတ်ချက်ချလိုက်ပြီ။

ဂျတ်ခ်သောမတ်ကို ဘုတ်အဖွဲ့မှ ထုတ်ပစ်မည်။

ရစ်ချတ်ကို အစားထိုးမည်။

✧ ✧ ✧

သူသည် နောက်တစ်နေ့တွင် အလုပ်ခွင့်သို့ အစောကြီး ရောက်နေသည်။ စားပွဲတွင်ထိုင်ကာ မှတ်စုများကို ပြန်ကြည့်နေသည်။

သူအောင်ပွဲခံရမည်ဟု ယုံကြည်နေသည်။ သူ့စီမံကိန်းတွေ အားလုံး အကွက်ဝင်နေသည်။

၁၀ နာရီထိုးရန် ငါးမိနစ်အလိုတွင် စားပွဲပေါ်မှ ဖုန်းမြည်လာသည်။ အတွင်းရေးမှူး စာရေးမ၏ အသံ ပေါ်ထွက်လာသည်။

"မစ္စတာရို့စနော့စကီးဆီက ဖုန်းဆက်ပါတယ်"

"ဘယ်သူ"

"မစ္စတာ ရို့စနော့စကီးပါ"

"မစ္စတာ ရို့စနော့စကီး ဟုတ်လား" သူက မယုံကြည်နိုင်စွာဖြင့် ပြန်မေးလိုက်သည်။ 'ဆက်ပေးလိုက်ပါ' သူ့အသံ တုန်နေသည်။

"ဟုတ်ကဲ့ ပြောပါ"

"မစ္စတာကိန်းလား"

"ဟုတ်ပါတယ် ခင်ဗျား ဘာလုပ်ချင်ပြန်ပြီလဲ"

"ဒီအချိန်ကစပြီး ကျွန်တော့်အနေနဲ့ လက်စတာဘဏ်ရဲ့ ရှယ်ယာ ရှစ်ရာခိုင်နှုန်းကို

ပိုင်သွားပါပြီဆိုတာ စည်းကမ်းအရ ခင်ဗျားကို အကြောင်းကြားချင်လို့ပါ၊ တစ်ဆက်တည်းနဲ့ ပြောချင်တာကတော့ ကျွန်တော့် တောင်းဆိုချက်တွေကို တနင်္လာနေ့ နေ့လယ်မှာ မလိုက်လျော ခဲ့လို့ရှိရင် ဘဏ်စည်းမျဉ်းဥပဒေပုဒ်မ (၇) အရ လိုအပ်သလို ဆက်လက် ဆောင်ရွက်သွားရလိမ့် မယ်ဆိုတာကိုလဲ အကြောင်းကြားပါတယ်"

"နောက်ဆုံး ရှယ်ယာ နှစ်ရာခိုင်နှုန်းကို ခင်ဗျားက ဘယ်လိုရတာလဲ" ဝီလျံက ကမန်းကတန်း ပြန်မေးလိုက်သည်။

သို့သော် အဖြေကို မရလိုက်တော့။ တစ်ဖက်မှ ဖုန်းပြန်ချသွားပြီ။

သူက ရှယ်ယာပိုင်စာရင်းကို ကမန်းကတန်း ပြန်လှန်ကြည့်သည်။ သူ့ကို သစ္စာဖောက် သွားတာ ဘယ်သူပါလိမ့်။

တယ်လီဖုန်းမြည်သံ ပေါ်လာပြန်သည်။ သူလန့်ပင် လန့်သွားမိသည်။

"ဘုတ်အဖွဲ့အစည်းအဝေး စပါတော့မယ်ရှင်"

၁၀ နာရီတိတိတွင် စည်းဝေးခန်းမထဲသို့ ဝီလျံဝင်လာသည်။ ဥက္ကဋ္ဌ ကုလားထိုင်တွင် ဝင်ထိုင်ပြီး တစ်ခန်းလုံးကို မျက်လုံးကစားကြည့်လိုက်သည်။ ဘုတ်အဖွဲ့ဝင်တွေ အားလုံးလိုလို မျက်နှာကြောတင်းမာနေကြသည်။ သို့သော် ကိစ္စမရှိ၊ သူ့ဘက်က နိုင်ကွက်ရှိနေသည်။

သူက ပြုံးပြီး ထိုင်ရာမှ ထလိုက်သည်။

"လူကြီးမင်းများခင်ဗျား...၊ လူကြီးမင်းများသိပြီးတဲ့အတိုင်း မစ္စတာရို့စနော့စကီးရဲ့ အကျပ်ကိုင် တောင်းဆိုချက်ကြောင့် ဒီအစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ပါတယ်၊ ဒီပုဂ္ဂိုလ်ဟာ ကျွန်တော်နဲ့တကွ ကျွန်တော်တို့ဘဏ်လုပ်ငန်းကို ဖျက်လိုဖျက်ဆီးအကြံနဲ့ တမင်တိုက်ခိုက်လာတဲ့ ရာဇဝတ်ကောင် တစ်ယောက်ဖြစ်ပါတယ်၊ သူက ကျွန်တော့်ကို ဘဏ်ဥက္ကဋ္ဌရာထူးက နုတ်ထွက်ပေးဖို့ အကျပ်ကိုင်တောင်းဆိုလာပါတယ်၊ လူကြီးမင်းများအားလုံး သိပြီးတဲ့အတိုင်း ကျွန်တော့်အနေနဲ့ ဒီရာထူးမှာ ဆက်လက်အမှုထမ်းဖို့ နောက်ထပ် ကိုးနှစ်သာ ကျန်ပါတော့တယ်၊ တကယ်လို့သာ ဘာအကြောင်းမှ လုံလောက်ပဲနဲ့ ဒီရာထူးက ကျွန်တော် နုတ်ထွက်သွားရလို့ရှိရင် စီးပွားရေး လောကတစ်ခုလုံးက အထင်အမြင် လွဲမှားမှုတွေ ပေါ်ပေါက်လာမှာ သေချာနေပါတယ်"

သူက မှတ်စုစာရွက်ကို ပြန်ကြည့်ပြီး ဆက်ပြောသည်။

"လူကြီးမင်းများ ခင်ဗျား၊ မစ္စတာရို့စနော့စကီးက အခုလို ယုတ်မာတဲ့အကြံနဲ့ မတရား တိုက်ခိုက်လာတာကို အားလုံးက ဝိုင်းဝန်းကာကွယ်ကြဖို့ ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်၊ အဲဒီလို ဝိုင်းဝန်းကာကွယ်ဖို့အတွက်လဲ ကျွန်တော်ပိုင်တဲ့ ရှယ်ယာအားလုံးနဲ့ ကျွန်တော်ပိုင်တဲ့ သီးသန့်ငွေ ဒေါ်လာ ၁၀ သန်းကို လူကြီးမင်းများသဘောကျ လိုအပ်သလို အသုံးပြုဖို့အတွက် ကျွန်တော်က စွန့်လွှတ်ကြောင်း ပြောလိုပါတယ်၊ လူကြီးမင်းများအားလုံးက ကျွန်တော့်ကို ထောက်ခံကြလိမ့်မယ်လို့ လေးလေးနက်နက် ယုံကြည်ပါတယ် ခင်ဗျား"

တစ်ခန်းလုံး တိတ်ဆိတ်သွားသည်။ ဝီလျံက အားလုံးပင် သူ့ဘက်က ထောက်ခံကြ လိမ့်မည်ဟု စိတ်ချလက်ချ ယုံကြည်သည်။

ဂျိတ်ခ်က ထိုင်ရာမှ ထရပ်လိုက်သည်။

"မစ္စတာ ရို့စနော့စကီးနဲ့ မစ္စတာကိန်းတို့ရဲ့ ပုဂ္ဂလိက ဆက်ဆံရေးကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် မေးချင်တာ ရှိနေပါတယ် မေးခွင့်ရှိပါသလား ခင်ဗျာ"

ဝီလျံက အံ့အားသင့်သွားသည်။ သို့သော် သူက သဘောတူလိုက်သည်။ ဂျိတ်ခ်သောမတ်လောက်တော့ ကြောက်စရာမရှိပါဘူး။

"ကျွန်တော်တို့ သိရသလောက်ဆိုရင် မစ္စတာကိန်းနဲ့ မစ္စတာရို့စနော့စကီးတို့ရဲ့ ကလဲ့စားတိုက်ပွဲဟာ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပါပြီ၊ အဲဒီလို လူနှစ်ယောက်ရဲ့ ပုဂ္ဂလိကတိုက်ပွဲမှာ ကျွန်တော်တို့အားလုံး ပါဝင်ရမယ်လို့ မစ္စတာကိန်းက ယုံကြည်ပါသလား"

"အဲဒီလူက ကျုပ်တို့ကို ဘယ်လိုလုပ်မယ်ဆိုတာ ခင်ဗျားသိသလား" ဝီလျံက ဒေါသဖြင့် ပြန်မေးလိုက်သည်။

ကုမ္ပဏီအတွင်းရေးမှူးက ထရပ်ပြီး ပြောသည်။

"သူ ဘာမှမလုပ်သေးသမျှတော့ သူဘာလုပ်လိမ့်မယ်ဆိုတာ ကျွန်တော်တို့ မသိနိုင်ပါဘူး၊ ဒါပေမယ့် သူကလဲ မစ္စတာကိန်းလိုပဲ ရှစ်ရာခိုင်နှုန်းရှယ်ယာ ပိုင်ထားတဲ့ ပုဂ္ဂိုလ်ဆိုတော့ လုပ်ပိုင်ခွင့်တွေကတော့ အများကြီးရှိပါတယ်၊ ပြီးတော့ ဒီကိစ္စက သက်ဆိုင်သူနှစ်ယောက်ရဲ့ ပုဂ္ဂလိက တိုက်ပွဲဖြစ်နေပါတယ်၊ မစ္စတာ ကိန်းက မိမိပိုင်တဲ့ ဒေါ်လာ ၁၀ သန်းကို ရက်ရောစွာနဲ့ စွန့်လွှတ်ပေမယ့် မစ္စတာရို့စနော့စကီးက ဗိတိုအာဏာနဲ့ လုပ်ချင်တာ လုပ်လာရင် ကျွန်တော်တို့ လုပ်ရပ်အားလုံး အကျိုးမဲ့ဖြစ်သွားနိုင်ပါတယ်၊ အထူးသဖြင့် ကျွန်တော်တို့ ကိုယ်စားပြုနေတဲ့ ဘဏ်တိုက်နဲ့ ကျွန်တော်တို့ကို အမှီသဟဲပြုနေရတဲ့ ကုမ္ပဏီတွေအနေနဲ့ အဆိုးရွားဆုံး အခြေအနေကို ရောက်သွားနိုင်ပါတယ်"

"မဟုတ်ဘူး မဟုတ်ဘူး၊ ကျုပ်တို့က မစ္စတာ ရို့စနော့စကီးကို အပတ်တိုက်ထုတ်လို့ ရနိုင် မရနိုင်ဆိုတဲ့အချက်ကိုပဲ ဆုံးဖြတ်ကြရမှာပါ၊ ကျွန်တော် စဉ်းစားမိသလောက်တော့ ရေရှည်တိုက်ပွဲမှာ ကျွန်တော်တို့ဘက်က အရှုံးနဲ့ ရင်ဆိုင်ရဖို့ ကျိန်းသေနေပါတယ်"

"ကျုပ်ရဲ့ ပိုက်ဆံတွေကို လိုအပ်သလို အသုံးပြုသွားရင် ကျုပ်တို့ဘက်က ဘယ်တော့မှ မရှုံးနိုင်ပါဘူး"

ဂျိခ်သောမတ်က ဝင်ပြောသည်။

"အဲဒါက ဟုတ်ချင် ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် အခု ဆွေးနွေးနေတာက ပိုက်ဆံပြဿနာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ဘဏ်လုပ်ငန်းအတွက် အလွန်အရေးကြီးတဲ့ ပြဿနာကို ဆွေးနွေးနေကြတာပါ၊ အခုဆိုရင် မစ္စတာရို့စနော့စကီးအနေနဲ့ ပုဒ်မ(၇)ကို လုံးဝပိုင်သွားပါပြီ၊ ကျွန်တော်တို့ကို သူလုပ်ချင်သလို လုပ်နိုင်တဲ့ အာဏာရရှိသွားပါပြီ"

သောမတ်က ပရိသတ်ကို လှည့်ကြည့်လိုက်သည်။ အားလုံး ငြိမ်သက်နေကြသည်။ ထို့နောက် သူက ဆက်ပြောသည်။

"ဥက္ကဋ္ဌကြီးခင်ဗျား၊ ဆက်လက်ပြီး အင်မတန်အရေးကြီးတဲ့ မေးခွန်းတစ်ခုကို ကျွန်တော်

မေးလိုပါတယ်၊ ဒီကိစ္စအတွက် အခု ရောက်ရှိနေကြတဲ့ ကျွန်တော်တို့အားလုံး အကြီးအကျယ် ခေါင်းမီးတောက်နေကြရပါတယ်၊ ဥက္ကဋ္ဌကြီးအနေနဲ့ စိတ်မချမ်းသာစရာ ဖြစ်ပေမယ့် ဘဏ် အကျိုးအတွက် ရှေးရှုပြီး ပွင့်လင်းရိုးသားစွာ ဖြေကြားလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

ဝီလျံက မျက်နှာမော့ကြည့်လိုက်သည်။ ဘယ်လို မေးခွန်းများပါလိမ့်မလဲဟု တွေးလိုက်မိသည်။ သူ့နောက်ကွယ်မှာ သူတို့ဘာတွေ ကျိတ်ကြံနေကြပါလိမ့်၊ သူတော်တော် စိတ်ဓာတ်ကျသွားသည်။ ငါ့ကိုတော့ သူတို့ ဝိုင်းသတ်နေကြပြီ။

သူက ဣန္ဒြေဆယ်ပြီး ပြန်ပြောလိုက်သည်။

"မေးစရာရှိရင် မေးနိုင်ပါတယ်၊ ကျုပ် ရိုးသားစွာ ပြန်ဖြေဖို့ အသင့်ပါပဲ၊ ကျုပ်က ဘယ်သူ့မှ ကြောက်စရာမရှိပါဘူး" သူက ဂျတ်ခ်သောမတ်၏ မျက်နှာကို စိုက်ကြည့်နေသည်။

"ကျေးဇူးတင်ပါတယ်"

ဂျိတ်ခ်သေမတ်က ပြန်ပြောလိုက်သည်။

"ဥက္ကဋ္ဌကြီးခင်ဗျား၊ မစ္စတာရို့စနော့စကီးဟာ ကျွန်တော်တို့ဘဏ်ရဲ့ အရေးပါတဲ့ ရှယ်ယာပိုင်ရှင်တစ်ဦးဖြစ်ကြောင်း ဥက္ကဋ္ဌကြီးအသိဖြစ်ပါတယ်၊ အဲဒီလိုသိပါလျက်နဲ့ မစ္စတာရို့စနော့စကီးကို လိမ်လည်မှုနဲ့ ဖမ်းဆီးခံရအောင် လျှို့ဝှက်စာရွက်စာတမ်းတွေကို တရားရေးဌာနကို ပေးပို့တာမှာ ဥက္ကဋ္ဌကြီးကိုယ်တိုင် ပါဝင်ပါသလားခင်ဗျား"

"ခင်ဗျားကို သူက အဲဒီလိုပဲ ပြောသလား"

"ဟုတ်ပါတယ်၊ သူ့ကို အဖမ်းခံရအောင်လုပ်တဲ့လူဟာ ဥက္ကဋ္ဌကြီးပါပဲလို့ သူက ပြောပါတယ်"

ဝီလျံက အတော်ကြာကြာ ပြန်မပြောနိုင်ဘဲ နှုတ်ဆွံ့အ,နေမိသည်။ သူက အဖြေရှာရင်း စားပွဲပေါ်မှ မှတ်စုကို ငုံ့ကြည့်နေသည်။ မှတ်စုလည်း ဘယ်လိုမှ မကယ်နိုင်တော့။ သည်မေးခွန်းကို မေးလာလိမ့်မည်ဟု သူက လုံးဝမထင်မိခဲ့။ သို့သော် သူသည် လုပ်သက် ၂၃ နှစ်ကာလတစ်လျှောက်တွင် ဘုတ်အဖွဲ့ကို တစ်ကြိမ်တစ်ခါမျှ လိမ်ညာ၍ မပြောခဲ့စဖူး။ ထို့ကြောင့် ယခုအချိန်တွင်မှ လိမ်ပြောနေ၍ မဖြစ်တော့။ သူက တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ် လုပ်ခဲ့ပါတယ်၊ အဲဒီ လျှို့ဝှက်စာရွက်စာတမ်းတွေ ကျုပ်လက်ထဲ ရောက်လာပါတယ်၊ ကျုပ်က တာဝန်သိတဲ့ လူတစ်ယောက်အနေနဲ့ တရားရေးဌာနကို ပို့သင့်တယ် ထင်လို့ ပို့လိုက်တာဖြစ်ပါတယ်"

"အဲဒီ စာရွက်စာတမ်းတွေ လူကြီးမင်းလက်ထဲကို ဘယ်လို ရောက်လာပါသလဲ ခင်ဗျား"

ဝီလျံက ပြန်မဖြေ။

ဂျိတ်ခ်သောမတ်က ဆက်ပြောသည်။

"ဥက္ကဋ္ဌကြီးခင်ဗျား၊ ဥက္ကဋ္ဌကြီးကမဖြေပေမယ့် ကျွန်တော့် မေးခွန်းရဲ့အဖြေကို ကျွန်တော်တို့အားလုံး သိကြတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်၊ ဥက္ကဋ္ဌကြီးအနေနဲ့ အဲဒီလို ပြုမူခြင်းဟာ

ဘုတ်အဖွဲ့ရဲ့ စည်းကမ်းကိုလဲ ဖောက်ဖျက်ရာ ရောက်နေပါတယ်၊ တကယ်ဆိုရင် အဲဒီလို မလုပ်ခင် ဘုတ်အဖွဲ့ဝင်အားလုံးကို အသိပေးခဲ့ဖို့ သင့်ပါတယ်၊ ပုဂ္ဂလိက အာဃာတကို အကြောင်းပြုပြီး မိမိထင်သလို ပြုမူကျင့်ကြံခြင်းအားဖြင့် ဘဏ်ရဲ့ ဂုဏ်သိက္ခာ၊ ကျွန်တော်တို့အားလုံးရဲ့ ဂုဏ်သိက္ခာနဲ့ အသက်မွေးမှုလုပ်ငန်းကိုပါ အဖတ်ဆယ်မရအောင် အန္တရာယ်ပြုနိုင်တယ်ဆိုတာ ဥက္ကဋ္ဌ ကြီး ကြိုတင်မတွေးမိခဲ့တာ ကျွန်တော်တို့အားလုံး အံ့သြလို့မဆုံး ဖြစ်ကြရပါတယ်ခင်ဗျား"

"ဒါပေမယ့် ရို့စနော့စကီးက ကျုပ်ကို ပျက်စီးရာ ပျက်စီးကြောင်း လုပ်နေတာ မြင်နေလျက်နဲ့ ကျုပ်က ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလား"

ဝီလျံက စိတ်ကို မထိန်းနိုင်တော့ဘဲ ဒေါသဖြင့် အော်ပြောလိုက်သည်။

"ဒီလိုဆိုရင် သူ့ကို ပြန်ပြီး ကလဲ့စားချေဖို့အတွက် ဥက္ကဋ္ဌကြီးက ဘဏ်ရဲ့ ရပ်တည်မှုနဲ့ ဘဏ်ရဲ့ ဂုဏ်သိက္ခာကို ဖနောင့်နဲ့ နင်းခြေပစ်သင့်တယ်လို့ ဆိုလိုပါသလား"

"ဒါ... ကျုပ် ဘဏ်ပါဗျ" ဝီလျံက ရမ်းလာချေပြီ။

"ကျုပ်ဘဏ် မဟုတ်ပါဘူး၊ အများပိုင်ဘဏ်ဆိုတာ လူတိုင်းအသိပါ၊ ဥက္ကဋ္ဌကြီးက ရှယ်ယာ ရှစ်ရာခိုင်နှုန်းပဲ ပိုင်ပါတယ်ခင်ဗျား၊ မစ္စတာရို့စနော့စကီးလဲ ရှစ်ရာခိုင်နှုန်း ပိုင်ပါတယ်ခင်ဗျား၊ လူကြီးမင်းအနေနဲ့ ဘဏ်ဥက္ကဋ္ဌဖြစ်ပေမယ့် တခြားဘုတ်အဖွဲ့ဝင်တွေရဲ့ သဘောထားကို မလေးစားပဲနဲ့ ပုဂ္ဂလိက ဒေါသကို အကြောင်းပြုပြီး ဘဏ်အကျိုး ပျက်စီးရာ ပျက်စီးကြောင်းကို ပြုလုပ်ထိုက်ပါသလား"

"ဒီလိုဆိုရင် ကျုပ်လုပ်ရပ်အတွက် ဘုတ်အဖွဲ့ရဲ့ ဆန္ဒကို တောင်းခံမယ်"

ဤတွင် ကုမ္ပဏီအတွင်းရေးမှူးက ကြားဖြတ်ပြီး

"ဒီအစည်းအဝေးဟာ ဥက္ကဋ္ဌကြီးရဲ့ လုပ်ရပ်အတွက် ဆန္ဒတောင်းခံဖို့ ပြုလုပ်တဲ့ အစည်းအဝေး မဟုတ်ပါဘူးခင်ဗျား၊ တကယ် ဆန္ဒတောင်းခံရမှာက လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေရ ဥက္ကဋ္ဌကြီးဟာ ဥက္ကဋ္ဌရာထူးနဲ့ ထိုက်တန်ပါသေးသလားဆိုတာကိုသာ ဆန္ဒမဲနဲ့ ဆုံးဖြတ်ရမယ့် အချိန်ရောက်နေပါပြီခင်ဗျား၊ ဒီအချက်ကို ဥက္ကဋ္ဌကြီး သဘောတူပါသလား ခင်ဗျား"

"လုပ်ပါ လုပ်ပါ၊ ခင်ဗျားတို့ သဘောရှိလုပ်ကြပါ၊ နှစ်ပေါင်း အစိတ်နီးပါး ဘဏ်အကျိုးအတွက် အမှုထမ်းလာတဲ့ လူတစ်ယောက်ကို သိက္ခာမဲ့ ဖြုတ်ပစ်ပြီး ဘာမှ မဟုတ်တဲ့ အညတရ ရာဇဝတ်ကောင် တစ်ယောက်ကို သိက္ခာတင်ရေးအတွက် အခုအစည်းအဝေးက ဆုံးဖြတ်ချက်ချမှတ်ပါလိမ့်မယ်"

ဂျတ်ခ်သောမတ်က အတွင်းရေးမှူးအား ခေါင်းညိတ်ပြလိုက်သည်။

အတွင်းရေးမှူးက ဆန္ဒမဲစာရွက်များ လိုက်ဝေသည်။

ဝီလျံက ပရိသတ်များဘက်သို့ ဝေ့ကြည့်လိုက်သည်။ စုစုပေါင်း ၂၉ ယောက်။အများစုမှာ သူကိုယ်တိုင် ရွေးချယ်ခန့်ထားခဲ့သူများ ဖြစ်သည်။ သို့သော် တချို့ကိုတော့ သူလုံးဝမသိ။ တချို့က သူ့မျက်နှာ ကြည့်နေကြသည်။ တချို့ကတော့ မကြည့်။ တချို့က သူ့ကို ကန့်ကွက်ကြလိမ့်မည်။ မျှော်လင့်ချက်ကတော့ ကျန်ပါသေးသည်။

ဘုတ်အဖွဲ့ဝင် အသီးသီးက ဆန္ဒမဲစာရွက်တွေ ဖြည့်စွက်ပြီးနောက် အတွင်းရေးမှူးထံ ကမ်းပေးလိုက်ကြသည်။

အတွင်းရေးမှူးက ဆန္ဒမဲစာရွက်များကို ဖြည်းဖြည်းချင်းဖွင့်၍ စာရင်းရေးသွင်းနေသည်။ တစ်ခန်းလုံး နားရွက်မခတ် တိတ်ဆိတ်နေသည်။

အတွင်းရေးမှူးက တစ်စုံတစ်ရာ ပြောလိုက်သည်။ သို့သော် ဝီလျံက သူ့နားကိုပင် မယုံနိုင်အောင် ဖြစ်သွားသည်။

ထောက်ခံမဲ ၁၂ မဲ။

ကန့်ကွက်မဲ ၁၇ မဲ။

ဝီလျံ ရှုံးနိမ့်သွားခဲ့ပြီ။ သူက ကုလားထိုင်မှ ထရပ်လိုက်သည်။ ပြီးတော့ စည်းဝေးခန်းထဲမှ ထွက်လာခဲ့သည်။ သူ့ရုံးခန်းထဲသို့ဝင်လာခဲ့သည်။ ချိတ်ထားသော ကုတ်အင်္ကျီကိုယူသည်။ သူ့စားပွဲနောက်မှ ချားလ်စ်လက်စတာ၏ ဓာတ်ပုံကားချပ်ကြီးကို ခေတ္တရပ်ကြည့်နေမိသည်။

ထို့နောက် ချာကနဲ လှည့်ကာ စင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့သည်။ တံခါးဝသို့ ရောက်လာသည်။

တံခါးစောင့်ကြီးက ဆီး၍ နှုတ်ဆက်သည်။

"ကျန်းကျန်းမာမာနဲ့ ပြန်ရောက်လာတာ ဝမ်းသာပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား၊ မနက် ဖြန်မှ ထပ်တွေ့ကြတာပေါ့"

မနက်ဖြန် သူ့ကိုမတွေ့နိုင်တော့ပါ။ တစ်သက်လုံးလည်း မတွေ့နိုင်တော့ပါ။

သူက နောက်သို့ ပြန်လှည့်ပြီး တံခါးစောင့်ကြီးနှင့် လက်ဆွဲနှုတ်ဆက်လိုက်သည်။ သည်ပုဂ္ဂိုလ်ကြီးသည် ဝီလျံမှလွဲလျှင် သည်ဘဏ်တိုက်တစ်ခုလုံးတွင် လုပ်သက်အရင့်ဆုံး အမှုထမ်းကြီးဖြစ်သည်။ သည်ပုဂ္ဂိုလ်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၂၃ နှစ်ခန့်က ဝီလျံအား ပထမဆုံးအကြိမ် အစည်းဝေးခန်းမထဲသို့ လမ်းညွှန်လိုက်ပို့ခဲ့သည့် ပုဂ္ဂိုလ်ကြီးပင်ဖြစ်သည်။

မရယ်မပြုံးဖြင့် မိမိလက်ကို ဆုပ်ကိုင်ထားသော ဝီလျံအား တံခါးစောင့်ကြီးက တအံ့တသြ ကြည့်နေမိသည်။ နောက်ဆုံးတွင် သူက 'မင်္ဂလာညပါ ဥက္ကဋ္ဌကြီး' ဟူ၍ နှုတ်ဆက်လိုက်သည်။

ဝီလျံ ကားပေါ်တက်သွားသည်ကို တံခါးစောင့်ကြီးက ရပ်ကြည့်နေမိသည်။ သူသည် ဘဏ်ဥက္ကဋ္ဌကြီးအား နောက်ဆုံးအကြိမ် ကြည့်နေခြင်းဖြစ်ကြောင်း တံခါးစောင့်ကြီးက လုံးဝမသိ။

ဒရိုင်ဘာက ကားကို မောင်းထွက်လာခဲ့သည်။ အရှေ့ ၆၈ လမ်းမှ အိမ်သို့ ပြန်ရောက်တော့ ဝီလျံသည် အိမ်ရှေ့လှေကားဦးတွင် အရုပ်ကြိုးပြတ် လဲကျသွားသည်။

ဒရိုင်ဘာနှင့် ကိတ်တို့က သူ့ကို အိမ်ထဲသို့ တွဲခေါ်လာခဲ့ကြသည်။

ဝီလျံ ငိုနေသည်။ မျက်ရည်တွေ သွယ်သွယ်စီးကျပြီး ကလေးငယ်တစ်ယောက်ပမာ ငိုနေသည်။

ကိတ်က သူ့ကို ပွေ့ဖက်ထားလိုက်သည်။

"ဟင် မောင်၊ ဘာဖြစ်လို့လဲ မောင်၊ ဘာဖြစ်လို့လဲဟင်"

"မောင့်ကို ဘဏ်တိုက်က ကန်ထုတ်လိုက်ကြပြီ ကိတ်" သူက ရှိုက်ရင်း ပြောသည်။ "မောင့်ကို ဘုတ်အဖွဲ့ဝင်တွေက မယုံကြတော့ဘူး၊ သူတို့က ရို့စနော့စကီးနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားကြပြီ"

သူက တဟီးဟီးဖြင့် ဆက်၍ ငိုနေသည်။

ကိတ်က အိပ်ရာထဲ တွဲခေါ်လာခဲ့သည်။

သူသည် အိပ်ရာပေါ်တွင် ငုတ်တုတ်ထိုင်နေသည်။ အိပ်လည်း မအိပ်၊ စကားလည်း တစ်ခွန်းမှ မပြော။

✧ ✧ ✧

နောက် တစ်နေ့ထုတ် 'ဝေါလ်စထရိဂျာနယ်' သတင်းစာတွင် သတင်းတိုကလေး တစ်ပုဒ်ပါလာသည်။

*"လက်စ်တာဘဏ်၏ ဥက္ကဋ္ဌနှင့် အုပ်ချုပ်ရေးအဖွဲ့ နာယကဖြစ်သူ မစ္စတာ ဝီလျံလိုဝယ်ကိန်းသည် ယမန်နေ့ ကျင်းပသော ဘုတ်အဖွဲ့အစည်းအဝေးတွင် ရာထူးမှ နုတ်ထွက်သွားသည်ဟု သိရှိရ၏။*

*ကျန်းမာရေးကြောင့်သော်လည်းကောင်း၊ အခြားအကြောင်း တစ်ခုခုကြောင့်သော်လည်းကောင်း ယခုကဲ့သို့ နုတ်ထွက်သွားရခြင်းဖြစ်ကြောင်း တစ်စုံတစ်ရာ ဖော်ပြခြင်း အလျှင်းမရှိ။ ထို့ပြင် သူ၏ရာထူးတွင် သားဖြစ်သူက ဆက်လက်တာဝန်ယူ ဆောင်ရွက်မည်၊ မဆောင်ရွက်မည်ဆိုသည့် အချက်ကိုလည်း သတင်းအစအနပင် ဖော်ပြထားခြင်းမရှိ"*

ဤသတင်းသည် ဝေါလ်စထရိ စီးပွားရေးရပ်ကွက်တွင် တောမီးပမာ ပျံ့နှံ့သွားပြီး အမြင်အမျိုးမျိုးဖြင့် တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြလိမ့်မည် ဆိုသည်ကို ဝီလျံ တွေးမိသည်။

သူသည် အိပ်ရာပေါ်တွင် ငုတ်တုတ်ကြီးထိုင်လျက်ပင် ရှိသေးသည်။

သူသည် ဤလောကတွင် ဘယ်အရာမျှ ဂရုမစိုက်တော့။

✧ ✧ ✧

ဝီလျံကိန်း နုတ်ထွက်သွားခြင်းသတင်းကို အေဘယ်သည် ထိုနေ့တွင်ပင် 'ဝေါလ်စထရိဂျာနယ်' သတင်းစာ၌ ဖတ်ရှုရသည်။

သူက စားပွဲပေါ်မှ တယ်လီဖုန်းကို ကောက်ကိုင်ပြီး၊ လက်စ်တာဘဏ် ဖုန်းနံပါတ်ကို လှည့်လိုက်သည်။

"ဥက္ကဋ္ဌသစ်နဲ့ စကားပြောချင်လို့ပါ"

"မင်္ဂလာနံနက်ခင်းပါ မစ္စတာသောမတ်၊ ကျွန်တော် အခု ဆက်တာက တခြားမဟုတ်

ပါဘူး၊ အင်တာစတိတ်လေကြောင်း ကုမ္ပဏီမှာ ကျွန်တော်ပိုင်တဲ့ ရှယ်ယာတွေအားလုံးကို ဒီနေ့ မနက် စတော့ဈေးကွက် ပေါက်ဈေးနဲ့ လက်စတာဘဏ်က ဝယ်ယူဖို့နဲ့ လက်စတာဘဏ်မှာ ကျွန်တော့် ရှယ်ယာ ရှစ်ရာခိုင်နှုန်းကို လူကြီးမင်းကို ဒေါ်လာနှစ်သန်းနဲ့ ရောင်းဖို့အကြောင်း ပြောချင်လို့ ဆက်တာပါ"

"အများကြီး ကျေးဇူးတင်ပါတယ် မစ္စတာ ရို့စနော့စကီး၊ အခုလို ရက်ရက်ရောရော စွန့်လွှတ်နိုင်တာကို ကျွန်တော်တို့အနေနဲ့ တစ်သက်မမေ့နိုင်တော့ပါဘူး"

"ကျွန်တော့်ကို ကျေးဇူးတင်စရာမလိုပါဘူး ဥက္ကဋ္ဌကြီး ခင်ဗျား၊ ကျေးဇူးတင်ကြစတမ်း သာဆိုရင် ကျွန်တော် လိုအပ်နေတဲ့ ရှယ်ယာ နှစ်ရာခိုင်နှုန်းကို စေတနာအပြည့်နဲ့ ရောင်းခဲ့တဲ့ ဥက္ကဋ္ဌကြီးကိုသာ ကျွန်တော်က ပြန်တင်ရမှာပါခင်ဗျား"

(၃၉)

သူ၏ နောက်ဆုံးအောင်ပွဲကြောင့် ဝမ်းသာကြည်နူးခြင်း မဖြစ်မိသလောက် ခံစားရသောအခါ အောဘယ်သည် အံ့သြနေမိသည်။

ဂျော့က စိတ်ပြေလက်ပျောက်လည်း ဖြစ်သွားအောင်၊ ဟိုတယ်နေရာလည်း ကြည့်ရအောင် ဝါဆောသို့ ခရီးထွက်ရန် တိုက်တွန်းသော်လည်း သူက မသွားချင်။ အသက်အရွယ် ကြီးလာပြီဖြစ်၍ မမျှော်လင့်ဘဲ နိုင်ငံရပ်ခြားတွင် ရုတ်တရက် သေသွားမည်ကို ကြောက်မိသည်။ အထူးသဖြင့် သမီးဖြစ်သူ ဖလော်ရင်တီနာနှင့် ပြန်လည် မတွေ့ဆုံလိုက်ရပဲ သေသွားမည်ကို ပို၍ ကြောက်မိသည်။

သူသည် ဟိုတယ်လုပ်ငန်းတွင်လည်း စိတ်ဝင်စားခြင်း လုံးဝမရှိတော့။ လပေါင်းများစွာ သူ၏ သီးသန့်ခန်းထဲမှာပင် တစ်ကိုယ်တည်းနေနေတော့သည်။

၁၉၆၃ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် အမေရိကန်သမ္မတ ကနေဒီ လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည်။ အောဘယ်သည် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားမိသည်။ အမေရိကတွင် နေရသည်ကိုလည်း အလွန်ကြောက်လန့်ခြင်း ဖြစ်မိသည်။

ဤတွင် အခွင့်အရေး ပေါ်လာသဖြင့် ဂျော့က နိုင်ငံခြားခရီးထွက်ရန် တိုက်တွန်းပြန်သည်။ ခရီးထွက်ခြင်းဖြင့် စိတ်ရော ကိုယ်ပါ လန်းဆန်းမှု ရှိလာပြီး ပြန်လာသောအခါ လူသစ်စိတ်သစ် ဖြစ်လာနိုင်သည်ဟု ဂျော့က ပြောပြသည်။

သို့ဖြင့် အောဘယ်သည် ဝါဆောသို့ ထွက်ခွာလာခဲ့သည်။ ဝါဆောသို့ ရောက်သောအခါ ဟိုတယ်ဆောက်လုပ်ရန် နေရာကို လွယ်ကူစွာဖြင့် ရရှိနိုင်ခဲ့သည်။ ယခင် ရှိနှင့်ပြီးသော 'ဟောလီးဒေးအင်း'နှင့် 'အင်တာကွန်တီနင်တယ်' ဟိုတယ်လုပ်ငန်းများနှင့် ပြိုင်ဆိုင်ရမည်ကို တွေးပြီး သူက ဝမ်းသာခြင်းပင် ဖြစ်မိသည်။

သို့သော် သူ၏ဝမ်းသာခြင်းက တာရှည်တော့ မခံ။ သူ့နှလုံးသားထဲတွင် စိတ်မကောင်းခြင်း ဓာတ်ခံရှိနေသောကြောင့်ပင် ဖြစ်သည်။

သူသည် ဝီလျံကိန်းကို အောင်နိုင်ခဲ့သော်လည်း ဖလော်ရင်တီနာကို ဆုံးရှုံးခဲ့ရသည်။ ဝီလျံကိန်းကလည်း သူ့သားအတွက် သူ့လိုပင် ခံစားရလိမ့်မည်ဟု သူက ကိုယ်ချင်းစာမိသည်။

ဝါဆောမြို့မှ ထွက်ခွာလာပြီးနောက် ကမ္ဘာအရပ်ရပ်ကို ပတ်သည်။ ဆောက်လုပ်ဆဲ ဟိုတယ်များကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ညွှန်ကြားသည်။ တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့၌ နယ်စားဟိုတယ်သစ်ဖွင့်သည်။ ထို့နောက် ဂျာမနီသို့ ရောက်လာပြီး ဒပ် ဆယ်ဒေါ့ နယ်စားဟိုတယ်ကို ဖွင့်ပေးသည်။

သူသည် သူအကြိုက်ဆုံး ပါရီနယ်စားဟိုတယ်တွင် ခြောက်လတိတိ နေခဲ့သည်။ နေ့စဉ် အလုပ်ကတော့ နေ့ဘက်တွင် လမ်းတကာ လျှောက်သည်။ ညဘက်တွင် အော်ပရာကြည့်သည်။ ဖလော်ရင်တီနာနှင့် အလည်လာခဲ့စဉ်က သားအဖနှစ်ယောက် တစ်ပျော်တစ်ပါး သွားလာခဲ့ကြ သည်များကို ပြန်လည်သတိရမိသည်။

နိုင်ငံရပ်ခြားတွင် အကြာကြီး နေခဲ့ပြီးနောက်မှ အမေရိကသို့ပြန်လာခဲ့သည်။

သူသည် ကနေဒီနိုင်ငံတကာ လေဆိပ်တွင် ပြင်သစ်လေကြောင်း၌ာနပိုင် ၇၀၇ ဘိုးအင်း ဂျက်လေယာဉ်ပျံကြီး၏ သံလှေကားပေါ်မှ ဆင်းလာသည်။ သူ့ခါးက ကုန်းနေပြီ၊ ပြောင်နေသော ခေါင်းပေါ်တွင် ဦးထုပ်နက်ကို ဆောင်းထားသည်။ သူ့ကို ဘယ်သူမှ ရုတ်တရက် မမှတ်မိကြ။

ဂျော့က ထုံးစံအတိုင်းပင် သူ့အား သစ္စာရှိစွာ၊ ရိုးသားစွာဖြင့် ဝတ္တရားမပျက် လာကြို နေသည်။ ဂျော့လည်း တော်တော်ပင် အိုသွားပါရော့လား။

နယူးယောက် နယ်စားဟိုတယ်သို့ ကားဖြင့် ထွက်လာကြစဉ်တွင် ဂျော့က ထုံးစံအတိုင်းပင် လုပ်ငန်းအကြောင်းကို နောက်ဆုံး အခြေအနေအထိ အသေးစိတ် ပြောပြလာခဲ့သည်။ ဟိုတယ် လုပ်ငန်းမှာ တစ်နေ့တခြား တိုးတက်လျက် ရှိသည်။ ကမ္ဘာအရပ်ရပ်ရှိ နယ်စားဟိုတယ်များ၌ အရည်အချင်းရှိသော လူငယ် အုပ်ချုပ်ရေးမှူးများကို ခန့်ထားပြီး လုပ်ပိုင်ခွင့်အပြည့်ပေးကာ စနစ်တကျ စီမံအုပ်ချုပ်စေခဲ့သည်။

ယခုအချိန်တွင် တစ်ကမ္ဘာလုံး၌ နယ်စားဟိုတယ် ၇၂ ခု အထိရှိခဲ့ပြီ။ အမှုထမ်း စုစု ပေါင်း ၇၂,၀၀၀။

အေဘယ်က ဆက်၍ နားမထောင်ချင်တော့။ စိတ်မဝင်စားတော့။ သူစိတ်ဝင်စားသည်မှာ ဖလော်ရင်တီနာ။ သူက ဖလော်ရင်တီနာ အကြောင်းကိုသာ အလွန်သိချင်နေသည်။

"သူနေကောင်းပါတယ်၊ လာမယ့် နှစ်ဆန်းမှာ နယူးယောက်ကို လာပါလိမ့်မယ်" ဂျော့က ပြောပြသည်။

"ဘာလုပ်မလို့လဲ" အေဘယ်က ကမန်းကတန်း မေးလိုက်သည်။

"ပဥ္စမအဲဗင်းနယူးလမ်းမှာ ဖက်ရှင်တိုက်ဖွင့်မလို့"

"ဖက်ရှင်တိုက် ဖွင့်မလို့ ဟုတ်လား"

"ဟုတ်တယ်၊ ၁၁ ခုမြောက် ဖလော်ရင်တီနာ ဖက်ရှင်တိုက် ဖွင့်မလို့"

"ခင်ဗျား သူနဲ့ သွားတွေ့လို့လား"

"ဟုတ်တယ်"

"သူ့နေကောင်းရဲ့လား၊ စိတ်ချမ်းသာရဲ့လား"

"နေလို့လဲကောင်းတယ်၊ စိတ်လဲချမ်းသာတယ်၊ ပြီးတော့ အောင်မြင်လဲ အောင်မြင်နေပြီ၊ ခင်ဗျားအနေနဲ့ သမီးအတွက် ဂုဏ်ယူသင့်ပါတယ် အေဘယ်၊ ခင်ဗျားမြေးကလဲ တကယ့်လူရည်သန့်ကလေးပဲ၊ မြေးမကလေးကလဲ ချောပါ့ဗျာ၊ ကြီးလာရင်တော့ သူ့အမေနဲ့ ချွတ်စွပ်ပဲ"

"သူ ကျွန်တော့်ကို တွေ့ချင်စိတ် ရှိသလား ဂျော့"

"ခင်ဗျားက သူ့ယောက်ျားကို တွေ့ချင်တဲ့စိတ် ရှိရဲ့လား... အေဘယ်"

"မရှိဘူး ဂျော့၊ ကျွန်တော် အဲဒီသူငယ်ကို မတွေ့ချင်ဘူး၊ သူ့အဖေ အသက်ရှင်နေသမျှ တွေ့လို့ မဖြစ်ဘူး"

"ခင်ဗျား အလျင်သေသွားရင် ဘယ့်နှယ်လုပ်မလဲ"

"ခင်ဗျားကလဲ သမ္မာကျမ်းထဲမှာပါသမျှ ယုံကြည်နေတော့တာပဲလား ဂျော့"

နှစ်ယောက်စလုံး ပါးစပ်ပိတ်သွားကြသည်။ နှစ်ယောက်သား အတွေးကိုယ်စီနှင့် လိုက်ပါလာကြသည်။

ဟိုတယ်ရောက်တော့ အေဘယ်က သူ့အခန်းထဲတွင် တစ်ယောက်တည်း ညစာစားသည်။ သူသည် ထိုနေ့မှစ၍ ခြောက်လတိုင်တိုင် သူ့အခန်းထဲမှ မထွက်တော့။

✣

## (၄၀)

ဖလော်ရင်တီနာကိန်းသည် ၁၉၆၇ ခုနှစ် မတ်လထဲတွင် ပဋ္ဌမအဲဗင်းနယူးလမ်းထဲ၌ ဖက်ရှင်တိုက်သစ် ဖွင့်လှစ်သည်။

ဖက်ရှင်တိုက်သစ်ဖွင့်ပွဲသို့ အေဘယ်ရို့စနော့စကီးနှင့် ဝီလျံကိန်းတို့မှတစ်ပါး နယူးယောက်တစ်မြို့လုံးလိုလို တက်ရောက်ကြသည်။

ကိတ်နှင့် လူစီတို့က ဝီလျံအား အိပ်ရာထဲတွင်ထားခဲ့ပြီး ဖလော်ရင်တီနာ၏ ဖက်ရှင်တိုက်ဖွင့်ပွဲသို့ လာခဲ့ကြသည်။ ဝီလျံမှာ အိပ်ရာထဲတွင် တစ်ယောက်တည်း ညည်းတွားကျန်ရစ်ခဲ့သည်။

ဂျော့ကလည်း အေဘယ်အား သူ့အခန်းထဲတွင်ထားပစ်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားသို့ထွက်လာခဲ့သည်။ ဂျော့က အေဘယ်အား သူနှင့်အတူလိုက်ခဲ့ရန် ဖျောင်းဖျခေါ်ပါသေးသည်။ "နေပါစေတော့ဗျာ၊ ဖလော်ရင်တီနာက ကျွန်တော်မပါဘဲနဲ့ ဖက်ရှင်တိုက် ၁၀ တိုက်တောင်မှ ဖွင့်ခဲ့ပြီးပြီပဲ၊ အခုလဲ သူ့ဟာသူပဲ ဖွင့်ပါစေတော့" ဟု အေဘယ်က ပြန်ပြောသည်။ ဂျော့က "ခင်ဗျားတော်တော် ခေါင်းမာတဲ့ အဘိုးကြီးပဲ" ဟု ပြောပြီး တစ်ယောက်တည်း ထွက်လာခဲ့သည်။

အခမ်းအနားသို့ ရောက်သွားတော့ တိုက်သစ်ကြီးကို အားရစရာတွေ့ရသည်။ အဆောက်အအုံ ပုံစံကလည်း ခေတ်မီလှပသည်။ တစ်ခန်းလုံး အကောင်းစား ကော်ဇောကြီးတွေ အပြည့်ခင်းထားသည်။ ပရိဘောဂတွေကလည်း နောက်ဆုံးပေါ် ဆီွဒင်လုပ် အကောင်းစားတွေချည်း ဖြစ်သည်။

ဖက်ရှင်တိုက်ကြီးရှင် အမျိုးသမီးကလည်း ရှုမဝအောင် ကြော့ရှင်းလှပနေသည်။ သူမသည် နောက်ဆုံးပေါ် ကော်လံမြင့်နှင့် မိုးပြာရောင် အကောင်းစား ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားသည်။ သူမက ဂျော့အား ရှမ်ပိန်အရက်ခွက်ကို ကမ်းပေးသည်။ ပြီးလျှင် ဓာဖီယာနှင့် စကားဝိုင်းကျနေသော ကိတ်နှင့် လူစီတို့နှင့် မိတ်ဆက်ပေးသည်။ ကိတ်နှင့် လူစီတို့မှာ အလွန်ပျော်ရွှင်နေကြပုံရသည်။ သူတို့က အေဘယ်အကြောင်းကို သတင်းမေးသောအခါ ဂျော့က အံ့သြသွားမိသည်။

"ဒီလိုပွဲမျိုး အလွဲခံတာ ခင်ဗျား တော်တော်ခေါင်းမာတဲ့ အဘိုးကြီးပဲလို့ ပြောပြီး ကျွန်တော် တစ်ယောက်တည်း ထွက်လာခဲ့တာဗျ" ဟု ဂျော့က ပြန်ပြောလိုက်သည်။ "ဒါနဲ့ မစ္စတာကိန်းကရော ဒီကို ရောက်နေသလား"

ကိတ်က ခပ်မြုံးမြုံ ပြန်ပြောလိုက်သောစကားကို ဂျော့က တော်တော် သဘောကျသွားမိသည်။

✧ ✧ ✧

ဝီလျံသည် အိပ်ရာပေါ်တွင်လှဲရင်း 'နယူးယောက်တိုင်း' သတင်းစာကိုဖတ်ကာ ဒေါသဖြစ်နေမိသည်။ ပါးစပ်ကလည်း တတွတ်တွတ်ဖြင့် ကျိန်ဆဲနေမိသည်။ သမ္မတ ဂျွန်ဆင်က အမေရိကန်စစ်သားများကို ဗီယက်နမ်နိုင်ငံမှ ပြန်လည်ထွက်ခွာလာကြရန် အမိန့်ပေးလိုက်သည်ကို သူက မကျေနပ်နပ် ဖြစ်နေခြင်းဖြစ်သည်။

သတင်းစာကို ပြန်ပိတ်လိုက်ပြီး ခုတင်ပေါ်မှ ဆင်းလိုက်သည်။

ပြီးတော့ ဖြည်းဖြည်းချင်း အဝတ်အစားလဲသည်။ အဝတ်အစားလဲပြီးတော့ မှန်ရှေ့မှာ လာရပ်သည်။ "မဆိုးပါဘူး။ ဘဏ်လုပ်ငန်းရှင်ကြီး ရုပ်တော့ ပေါက်သေးတာပဲ"

အနက်ရောင် ကုတ်အင်္ကျီကြီးကို ကောက်ဝတ်သည်။ ဟမ်းဘတ်ဦးထုပ်ဟောင်းကြီးကို ဆောင်းသည်။ ငွေလက်ကိုင်ပါသော အနက်ရောင် တုတ်ကောက်ကြီးကိုယူသည်။ ကွယ်လွန်သူ မစ္စတာရူပတ်ကော့ခ်စမစ် ပေးခဲ့သော တုတ်ကောက်ကြီးဖြစ်သည်။

ထို့နောက် လမ်းပေါ်ရောက်အောင် ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။ နောက်ဆုံးအကြိမ် နှလုံးရောဂါ ပြန်ဖောက်၍ အိပ်ရာထဲ ပြန်လဲပြီးကတည်းက သုံးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် အပြင်သို့ထွက်ခြင်းပင်ဖြစ်သည်။ ထူးထူးခြားခြား တစ်ယောက်တည်း အိမ်ပြင်ထွက်သွားသည်ကို အိမ်ဖော်မကလေးက တအံ့တဩ ကြည့်ကျန်ရစ်သည်။

နွေဦးပေါက်ညချမ်းကာလသည် ထူးထူးဆန်းဆန်း နွေးထွေးသာယာနေသည်။ သို့သော် အိမ်ထဲတွင် အနေကြာခဲ့သောကြောင့် ဝီလျံအဖို့တော့ တော်တော်ကလေး ချမ်းအေးသလို ထင်မိသည်။

သူသည် ပဉ္စမ အဲဗင်းနယူးလမ်းနှင့် ၅၆ လမ်းထောင့်သို့ရောက်ရန် တော်တော်ကြာကြာ လျှောက်လာခဲ့ရသည်။

ဖလော်ရင်တီနာ ဖက်ရှင်တိုက်သစ်ကြီးရှေ့တွင် လူအုပ်ကြီးသည် ကြိတ်ကြိတ်တိုးကာ ဖွေးဖွေးလှုပ်နေသည်။ သည်လူအုပ်ကြီးကို ထိုးဖောက်ပြီး အထဲသို့ဝင်ရန် သူ့မှာ စွမ်းအားမရှိ။

သူသည် လမ်းထိပ် အုတ်ခုံနားမှ ရပ်ကြည့်နေသည်။

အမျိုးသမီး အမျိုးသားလူငယ်တွေ ပျော်ရွှင်မြူးထူးကာ ဆိုင်ထဲသို့ တိုးဝှေ့ဝင်သွားကြသည်။ အချို့ မိန်းကလေးတွေက လန်ဒန်မှလာသော နောက်ဆုံးပေါ် မီနီစကတ်များကို ဝတ်ဆင်လာကြသည်။ နောက်ဆိုရင် ဖလော်ရင်တီနာ စကတ်များကိုပဲ ဝတ်ကြတော့မည်ဟု

ဝီလျံက တွေးလိုက်သည်။

ဟော... ဟိုမှာ... ဟိုမှာ... သူ...သူ...သူ ထွက်လာပြီ။ သား... သား... သား... ငါ့သားကြီး... ငါ့သားကြီး... ရစ်ချတ်... ရစ်ချတ်ကိန်း...။

သူက သူ့မေမေနှင့် စကားရပ်ပြောနေသည်။

အရပ်ကလည်း အလျင်ကထက် ရှည်သွားသည်။ ရုပ်ကလည်း အလျင်ကထက် ချောလာသည်။ သူ့မျက်နှာတွင် အပြုံးပန်းတွေ ဝေနေသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု၊ အားကိုးမှု အရိပ်အရောင်တွေ ဖြာထွက်နေသည်။ လူကြီးလူကောင်းပီသသော ဣန္ဒြေအပြည့်ဖြင့် စကားပြောနေသည်။ ရှက်ရွံ့နေခြင်း၊ စိတ်လှုပ်ရှားနေခြင်း စိုးစဉ်းမျှမရှိ။ ပင်ကိုဟန်အတိုင်းပင် ရွှင်လန်းနေသည်။ အေးဆေးသက်သာရှိနေသည်။

သားကြီးကို အကြာကြီးနေပြီးမှ ပြန်မြင်ရတော့ ဝီလျံက သူ၏ ဖခင်ကြီးကို သွား၍ သတိရလိုက်မိသည်။

ဒါနဲ့ ဖလော်ရင်တီနာက ဘယ်သူလဲ။ သူဘယ်မှာလဲ...

ပရိသတ်တွေ အုတ်အုတ်သဲသဲ လှုပ်ရှားနေကြသည်။ ဘယ်သူဘယ်ဝါမှန်း ခွဲခြားရန် မလွယ်အောင် ဖြစ်နေသည်။ သူ့ထက် ငါစကားလုပြောနေကြသည်။ တစ်ယောက်ကိုတစ်ယောက် လက်ဆွဲနှုတ်ဆက်နေကြသည်။ အချင်းချင်း အုပ်ဖွဲ့ကာ ရယ်မောပျော်မြူးနေကြသည်။

ဝင်သူတွေ ဝင်သွားကြသည်။ ပြန်ထွက်လာသူတွေ ပြန်ထွက်လာကြသည်။ မျက်စိအောက်တွင် ပျားပန်းခပ်သလို ရှုပ်ထွေး လှုပ်ရှားနေကြသည်။

သူသည် တစ်နာရီခန့်မျှ ရပ်ကြည့်နေမိသည်။ အကျိုးမဲ့ ကုန်လွန်ခဲ့သော နေ့ရက်များအတွက် နောင်တကြီးစွာရမိသည်။

ပဌမအဲဗင်းနယူးလမ်းထဲသို့ လေပြင်းဝင်စပြုလာသည်။ မတ်လလေသည် တော်တော် ချမ်းအေးကြောင်း ယခုမှ သတိပြုမိလာသည်။

သူက ကုတ်အင်္ကျီ ကော်လာကို ဆန့်တင်လိုက်သည်။

အိမ်သို့ပြန်မှဖြစ်တော့မည်။ ကိတ်တို့ သားအမိ အိမ်ပြန်ရောက်မှ ညစာ စားကြမည်။

သူသည် မကြာမီတွင် ချွေးမချော အလိမ္မာကလေးတွေ၊ မြေးကလေးများကို မြင်ရတော့မည်။ နှစ်ရှည်လများကွဲနေသော သားကြီးကိုလည်း ပြန်တွေ့ရတော့မည်။

သူမှားခဲ့ကြောင်း၊ နောင်တရပြီဖြစ်ကြောင်း၊ ဖလော်ရင်တီနာက သူ့အပေါ် ခွင့်လွှတ်ဖို့ အကြောင်း တောင်းပန်ပေးရန် ကိတ်ကို မကြာခင်က ပြောပြခဲ့ပြီးပြီ။ မကြာခင်တွင်ပင် ဖလော်ရင်တီနာထံမှ စာရောက်လာခဲ့သည်။ "ဖေဖေ့ကို လူကိုယ်တိုင် ကျွန်မ မမြင်ဖူးပေမယ့် စိတ်ကူးနဲ့ အမြဲတမ်း ချစ်ခင်လေးစားလျက်ပါ ဖေဖေ" ဟူသော စာကြောင်းကိုသာ သူက မှတ်မိတော့သည်။ တော်တော် သဘောထားကြီးတဲ့ မိန်းကလေး၊ နားလည်မှုရှိတဲ့ မိန်းကလေး။ ခွင့်လွှတ်တတ်တဲ့ မိန်းကလေး။ အင်း ဘာတဲ့ မှတ်မိပါသေးတယ်။ သူ့စာမှာ နိဂုံးချုပ်ထားတာက "ဖေဖေနဲ့ တွေ့ရဖို့ကိုပဲ အမြဲတမ်း မျှော်လင့်လျက်ရှိပါတယ် ဖေဖေ" တဲ့။

အချိန်မရှိတော့ဘူး။ အိမ်ပြန်မှ ဖြစ်တော့မည်။ သည်လို ချမ်းချမ်းအေးအေးကြီးထဲ တစ်ယောက်တည်း အပြင်ထွက်ခဲ့မှန်း ကိတ်သိသွားရင် အရမ်းကို ဒေါသထွက်နေတော့မယ်။

သူ့အခြေအနေအရ သည်အချိန်၊ သည်ရာသီတွင် သည်နေရာသို့ မလာသင့်သော်လည်း လာချင်လွန်း၍ကို လာခဲ့သည်။ သားကိုလည်း မြင်ချင်သည်။ ချွေးမကိုလည်း မြင်ချင်သည်။ မြေးကလေးကိုလည်း မြင်ချင်သည်။ သူတို့တစ်တွေ၏ ကြိုးစားမှုကြောင့် ပေါ်ပေါက်လာသော ဖက်ရှင်တိုက်ဖွင့်ပွဲ အခမ်းအနားကိုလည်း မြင်ချင်သည်။

ယခုတော့ သူကျေနပ်သွားပြီ။ အလွန်ဝမ်းသာမိသည်။ သူတို့နှင့်အတူ အခမ်းအနားတွင် ကိုယ်တိုင်ကိုယ်ကြပ် ရှိနေခဲ့ရသလို အောက်မေ့မိသည်။

ပြန်ရတော့မည်။ ပျော်ကြပါစေ။ သူတို့လေးတွေ ပျော်ချင်တိုင်း ပျော်ကြပါစေ။ အောင်မြင်၍ ပျော်ခြင်း။

ကိတ်တို့ သားအမိ ပြန်လာလျှင် အခမ်းအနားကြီး ဘယ်လောက်များ စည်ကားလိုက်သလဲ ဆိုပြီး ညစာစားရင်း မနားတမ်း ပြောပြကြလိမ့်မည်။ သူကတော့ သူကိုယ်တိုင်သွားရောက်ခဲ့ကြောင်း လုံးဝ ပြောလိမ့်မည်မဟုတ်။ သူတို့ပြောတာကိုပဲ ပြုံးပြုံးတည်တည်နှင့် နားထောင်နေလိုက်မည်။ ဒါက သူ့ဝသီ။ သူ့အကျင့်။ အမြဲတမ်း လျှို့ဝှက်တတ်သော သူ့စရိုက်။

သူသည် အိမ်ပြန်ရန် နောက်သို့ ခြေဦးလှည့်လိုက်သည်။ သူ့အရွယ် အဘိုးအိုတစ်ယောက်ကို ရုတ်တရက် လှမ်းမြင်လိုက်မိသည်။ ကိုက် အစိတ်ခန့်ကွာမှ သူ့ဘက်သို့ တူရူလျှောက်လာနေသည်။ ထိုအဘိုးအိုသည်လည်း သူ့လိုပင် ကုတ်အင်္ကျီရှည်ကြီးကို ဝတ်ထားသည်။ ဦးထုပ်ကို ရှေ့သို့ ငိုက်၍ ဆောင်းထားသည်။ မာဖလာကို လည်ပင်းတွင် ပတ်ထားသည်။

ထိုပုဂ္ဂိုလ်လည်း တော်တော် ချမ်းနေပုံရသည်။ သည်လိုညမျိုးတွင် လူအိုများ လမ်း မထွက်သင့်။

ယင်းသို့တွေးရင်း ဝီလျံသည် ရှေ့သို့ ဆက်လျှောက်လာသည်။ စောစောက အဘိုးအိုလည်း သူ့ဘက်သို့ ဆက်လျှောက်လာသည်။

ထိုအခိုက် အဆိုပါအဘိုးအို၏ လက်ကောက်ဝတ်မှ ငွေလက်ကောက်ကွင်းကို ဝီလျံက ရုတ်တရက် မြင်လိုက်မိသည်။

သူ့ခေါင်းထဲသို့ အသိတစ်ခု ဖြတ်ကနဲ ဝင်ရောက်လာသည်။ သူ့အာရုံသည် အတိတ်ဆီသို့ ပြန့်လွင့်သွားသည်။

သည်လက်ကောက်ကို သူမြင်ဖူးခဲ့သည်။ ဘယ်တုန်းကပါလိမ့်။ ဘယ်နေရာမှာပါလိမ့်။

ဟုတ်ပြီ...၊ မှတ်မိပြီ။

ပထမအကြိမ်က ပလာဇာဟိုတယ်မှာ။ ဒုတိယအကြိမ်က ဘော့စတွန်မှာ။ ပြီးတော့ ဂျာမနီမှာ။ ယခု ဒီမှာ။

ထိုပုဂ္ဂိုလ်သည် သူ့မျက်နှာကို စိုက်ကြည့်ရင်း ဆက်လျှောက်လာသည်။ သူလည်း သည် နေရာတွင် တော်တော်ကြာကြာ ရပ်နေခဲ့ပြီးဖြစ်ဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် သူ့မျက်နှာ

က လေဒဏ်ကြောင့် နီရဲနေသည်။

သူက ဝီလျံအား စိုက်ကြည့်နေသည်။ သည်မျက်လုံးကို ဝီလျံမှတ်မိသည်။ ရှန်းရှန်းတောက်နေသော အပြာရောင် မျက်လုံးများ။ ဟုတ်ပါပြီ၊ သူမှ သူအစစ်ပါ။

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ကိုက် အနည်းငယ်ခန့်သာ ကွာလှမ်းတော့သည်။

ဝီလျံက ဦးထုပ်ကို မြှောက်ပြလိုက်သည်။ သူကလည်း ပြန်၍ မြှောက်ပြသည်။

ထို့နောက် စကားတစ်ခွန်းမျှ မပြောကြဘဲ ဆန့်ကျင်ဘက် ဦးတည်ရာသို့ ဆက်လျှောက်ထွက်သွားကြသည်။

◆ ◆ ◆

ဝီလျံသည် သော့ခလောက်ကို စမ်း၍ အိမ်ရှေ့တံခါးကို ဖွင့်သည်။

"ကွ ကွအားလုံး ဖွင့်စမ်း၊ မီးလင်းဖိုလဲ အဆင်သင့်ပြင်ထား၊ သူတို့လာရင် ချမ်းနေကြလိမ့်မယ်"

သူက အိမ်ဖော်ကလေးကို ပြောလိုက်သည်။ သူအလွန်ဝမ်းသာနေသည်။ တစ်ချိန်တည်းတွင် မောလည်း တော်တော်မောနေသည်။

"ပြတင်းလိုက်ကာတွေကို ဆွဲချလိုက်၊ စားသောက်ခန်းမှာ ဖယောင်းတိုင်တွေ ထိန်နေအောင် ထွန်း၊ ဒီနေ့ ပျော်ပွဲကြီး ကျင်းပရမယ်ကွဲ့"

သူသည် ကိတ်တို့သားအမိကို တမျှော်မျှော်နှင့် ထိုင်စောင့်နေသည်။ သည်းမခံနိုင်လောက်အောင် ဖြစ်လာသည်။ မီးလင်းဖိုနားမှ သားရေဖုံး ကုလားထိုင်ကြီးတွင် သွားထိုင်နေလိုက်သည်။

အချိန်တွေ အလဟဿကုန်ခဲ့ပါပကော။ မြေးကလေးတွေနဲ့ မီးဖိုနားမှာ တစ်ပျော်တစ်ပါးပုံပြောနေခဲ့ရရင် ဘယ့်လောက်များ ကောင်းလိမ့်မလဲ။ ငါ့မြေးကလေး 'တစ်၊ နှစ်၊ သုံး' လို့ ဘယ်တော့များ ပြောတတ်ပါ့မလဲ၊ မကောင်းသော အတိတ်ကို မြေမှာမြှုပ်၊ ခွင့်လွှတ်ခြင်းနဲ့ ကောင်းသော အနာဂတ်ကို ကြိုဆို။ ဒါသာလျှင် အကောင်းဆုံးသော လူ့ဘဝပေါ့။

အောက်ထပ်မှ အသံဗလံတွေ ကြားရပြီ။ သူတို့ ပြန်လာကြပြီ။ အိမ်ဖော်မကလေး ပြေးဝင်လာသည်။

"ဘာဘကြီး သူတို့အားလုံး ရောက်လာကြပြီ၊ အစ်ကိုကြီးရော၊ သူ့မိန်းမရော၊ ကလေးတွေပါ အားလုံးပါလာတယ်၊ ကလေးတွေက သိပ်ချစ်စရာကောင်းတာပဲ၊ အစ်ကိုကြီး မိန်းမကလဲ ချောလိုက်တာ"

အိမ်ဖော်မကလေးက အမောတကော တစ်ယောက်တည်း လုပြောနေသည်။ ဝီလျံမှာ ကြည်နူးလွန်း၍ ရင်တဖိုဖိုနှင့် နားထောင်နေမိသည်။

"တကယ်လား တကယ် ပြောတာလား၊ သူတို့လဲ ပါလာကြတယ် ဟုတ်လား"

အိမ်ဖော်မကလေးက သူ့အမေးကို ပြန်မဖြေခဲ့တော့ဘဲ အခန်းထဲမှ အပြေးကလေး ပြန်ထွက်သွားလေပြီ။

အခန်းထဲသို့ ရစ်ချတ်ဝင်လာသည်။ သူ့နောက်မှ ဖလော်ရင်တီနာက ကပ်လိုက်လာသည်။ သူမသည် တည်ငြိမ်အေးဆေးစွာဖြင့် ထူးထူးခြားခြား လှနေသည်။

“ဖေဖေ… သားတို့ပြန်လာပြီ ဖေဖေ၊ ဖေဖေ့ သမီးနဲ့ စကားပြောပါဦး ဖေဖေ၊ ကလေးတွေလဲ ပါလာတယ် ဖေဖေ၊ ဟိုမှာ မေမေတို့နဲ့ အိမ်ရှေ့မှာ ခုတွင်ပဲ လာကြပါလိမ့်မယ်”

သို့သော် သို့သော် ဖေဖေကြီးကတော့ သားတို့ သမီးတို့အား ဝမ်းသာလှိုက်လှဲ နှုတ်မဆက်နိုင်ရှာတော့။ ကုလားထိုင်ပေါ်တွင် ထိုင်လျက်ကြီး အသက်ပျောက်ခဲ့လေပြီ တကား။

✣

(၄၁)

အောဘယ်သည် စာအိတ်ကို ခုတင်ဘေးမှ စားပွဲပေါ်တွင် တင်ထားလိုက်သည်။ သူသည် အိပ်ရာထ အဝတ်အစားပင် မလဲရသေး။ ခုတလော သူအိပ်ရာထအမြဲတမ်းနောက်ကျသည်။ များသောအားဖြင့် ၁၂ နာရီ ထိုးမှ ထတတ်သည်။

ဒူးနှစ်ဖက်ပေါ် တင်ထားသော နံနက်စာ စားပွဲဗန်းကို လက်နှစ်ဖက်ဖြင့်မ,ပြီး ကြမ်းပြင်ပေါ် ပြန်ချရန် ခါးကုန်လိုက်သည်။ ခါးဆစ်က မာဝေဘင့်နေသောကြောင့် ကောင်းစွာ မကုန်းနိုင်။ ရုတ်တရက် လက်ထဲမှဗန်း လွတ်ကျသွားသည်။ ပန်းကန်တွေ ဖရိုဖရဲ ဖြစ်ကုန်သည်။ သည်လိုဖြစ်တတ်သည်မှာ သည်တစ်ကြိမ်တည်း မဟုတ်တော့။ ထို့ကြောင့် သူ့အဖို့ အထူးအဆန်းဟူ၍လည်းမထင်တော့။

သူက စာအိတ်ကို ပြန်ယူလိုက်သည်။ စာအိတ်နှင့် ပူးတွဲပါလာသော စာကလေးကို ဒုတိယအကြိမ် ပြန်ဖတ်ကြည့်သည်။

*"ရှီကာဂိုမြို့၊ လာဆယ်လီလမ်း၊ ကွန်တီနင်တယ် ဘဏ္ဍာထိန်း ဘဏ်တိုက်မှ မန်နေဂျာ၊ ကွယ်လွန်သူ မစ္စတာ ကာတစ်ဖင်တန်က သင့်လျော်သော အချိန်ကာလတွင် ပူးတွဲပါစာကို လူကြီးမင်းထံသို့ ပေးပို့ရန် ကျွန်ုပ်တို့အား ညွှန်ကြားခဲ့ပါသည်။ အဆိုပါစာကို လက်ခံရရှိကြောင်း ပူးတွဲပါ စာရွက်တွင် လက်မှတ်ရေးထိုးပြီးနောက် ပူးတွဲပါ တံဆိပ်ခေါင်းကပ် စာအိတ်တွင် ထည့်၍ ကျွန်ုပ်တို့ထံသို့ ပြန်လည်ပေးပို့ရန် မေတ္တာရပ်ခံအပ်ပါကြောင်း"*

"ဒီရှေ့နေတွေ ရှုပ်ကို ရှုပ်ပါတယ်"

အောဘယ်က ယင်းသို့ ရေရွတ်လိုက်ပြီးနောက် စာအိတ်ကို ဖွင့်လိုက်သည်။

***လေးစားစွာဖြင့်…***

***မစ္စတာကို့စနော့စကီး ခင်ဗျား…။***

ရှေ့တွင်ဖော်ပြလတ္တံ့သော အကြောင်းများကြောင့် ဤစာကို ကျွန်ုပ်၏ ရှေ့နေ များက ယနေ့အထိ သိမ်းဆည်းထားခဲ့ကြခြင်း ဖြစ်ပါသည်။

၁၉၅၁ ခုနှစ်ကုန်တုန်းက လူကြီးမင်းသည် ကွန်တီနင်တယ်ဘဏ်နှင့် နှစ်ပေါင်း နှစ်ဆယ်ကျော် ဆက်ဆံလာခဲ့ပြီးမှ လူကြီးမင်း၏ စုငွေများကို ပြန်လည်ထုတ်ယူသွားခဲ့ သောအခါ ကျွန်ုပ်အနေဖြင့် များစွာမှစိတ်မချမ်းမသာ ဖြစ်ခဲ့ရပါသည်။ စိုးရိမ်ကြောင့်ကြ ခြင်းလည်း များစွာ ဖြစ်ခဲ့ရပါသည်။ ကျွန်ုပ်၏ စိုးရိမ်မှုမှာ ကျွန်ုပ်တို့ဘဏ်၏ အရေးပါဆုံး ဖောက်သည်တစ်ယောက် ဆုံးရှုံးရသည့်အတွက်ကြောင့် မဟုတ်ပါ။ လူကြီးမင်းက ကျွန်ုပ်အား မရိုးမသားသော လူတစ် ယောက်ဟူ၍ ယုံမှတ်သွားခြင်းကြောင့် ကျွန်ုပ်အနေဖြင့် စိုးရိမ်ကြောင့်ကြခြင်း ဖြစ်ခဲ့ရခြင်းသာ ဖြစ်ပါသည်။ ထိုအချိန်က လူကြီးမင်း မသိခဲ့ရသော အချက်များရှိနေခဲ့ပါသည်။ ယင်းအချက်မှာ လူကြီးမင်းအား ကျောထောက်နောက်ခံ ငွေကြေးကူပံ့ပေးနေသော ပုဂ္ဂိုလ်က အချို့သောအချက်များကို လူကြီးမင်းအား လုံးဝအသိမပေးရန် ကျွန်ုပ်အား တင်းကျပ်စွာ ညွှန်ကြားထားခဲ့ခြင်းပင် ဖြစ်ပါသည်။

၁၉၂၉ ခုနှစ်က လူကြီးမင်းသည် ကျွန်ုပ်ထံသို့ ပထမဆုံးအကြိမ် လာရောက်ခဲ့ဖူး သည်ကို မှတ်မိပါလိမ့်ဦးမည်။ ထိုစဉ်က ရစ်ချ်မွန့်ကုမ္ပဏီပိုင် ဟိုတယ်များကို လူကြီးမင်းက ပြန်လည်ပိုင်ဆိုင်နိုင်ရန် မစ္စတာ ဒေးဗစ်လီရှိုင်း တင်ရှိနေခဲ့သော ကြွေးမြီများကို ပေးဆပ်ဖို့အတွက် ကျွန်ုပ်ထံတွင် ငွေကြေးအကူအညီ တောင်းခံခဲ့ ပါသည်။

ထိုအချိန်က ကျွန်ုပ်သည် နာမည်ကြီး ဘဏ်တိုက်များနှင့် ဆက်သွယ်၍ အကြိမ်ကြိမ် ဆွေးနွေးခဲ့ပါသော်လည်း ကူညီမည့်သူ မရနိုင်ခဲ့ပါ။ လူကြီးမင်းသည် အရည်အချင်း ပြည့်ဝသူ တစ်ယောက်ဖြစ်၍ လူကြီးမင်း၏ ပြဿနာကို ကျွန်ုပ်ကိုယ်တိုင် အလွန်စိတ်ဝင်စားခဲ့ပါသည်။ (နောင်အခါ ကျွန်ုပ်၏ ယုံကြည်ချက် မှန်ကန်ကြောင်း သိရ၍လည်း များစွာပင် ကျေနပ်ဝမ်းသာခြင်း ဖြစ်ခဲ့ရပါသည်။)

ထို့ပြင် ရစ်ချ်မွန့်ကုမ္ပဏီတွင် ကျွန်ုပ်၏ဖောက်သည် မစ္စအေမီလီရှိုင်းပိုင်ဆိုင်သော ရှယ်ယာ ၂၅ ရာခိုင်နှုန်းကို ဝယ်ယူရန် လူကြီးမင်းအား ကျွန်ုပ်အကြံပေးခဲ့စဉ်ကလည်း ထိုအချိန်က မစ္စတာလီရှိုင်း ရင်ဆိုင်နေရသော ငွေရေးကြေးရေး ပြဿနာကို ကျွန်ုပ် အနေဖြင့် လုံးဝမသိ ခဲ့ရိုးအမှန်ဖြစ်ကြောင်း ဝန်ခံပါသည်။

ထိုနေ့ တနင်္လာနေ့တွင် ကျွန်ုပ်ထံသို့ လူကြီးမင်း ပြန်လာသောအခါ ကျွန်ုပ် မှာ ငွေကြေး ကူညီမည့်သူတစ်ယောက်မျှ ရှာမတွေ့၍ အလွန်စိတ်မကောင်း ဖြစ်နေ ခဲ့ရပါသည်။ ထိုနေ့ကို ကောင်းစွာ မှတ်မိပါလိမ့်ဦးမည်။ လူကြီးမင်း ရောက်မလာမီ မိနစ် ၃၀ အကြာကလေးတွင်သာ လူကြီးမင်း လိုအပ်နေသောငွေကို ထောက်ပံ့လိုသူ ဘဏ်လုပ်ငန်းရှင် ပုဂ္ဂိုလ်တစ်ဦးက ကျွန်ုပ်ထံသို့ တယ်လီဖုန်းဆက်၍ အကြောင်း

ကြားလာပါသည်။

ထိုပုဂ္ဂိုလ်သည်လည်း ကျွန်ုပ်ကဲ့သို့ပင် လူကြီးမင်း၏အစွမ်းအစကို လေးစားယုံကြည်သူ ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်၏ အလေးအနက် တောင်းဆိုချက်တစ်ရပ်မှာ လူကြီးမင်းအား မည်သူမည်ဝါက ကူညီထောက်ပံ့ကြောင်း လုံးဝလျှို့ဝှက်ထားရန်ဖြစ်ပါသည်။ ယင်းသို့လုပ်ရခြင်းမှာ သူ၏ ပုဂ္ဂလိကအရေးနှင့် လုပ်ငန်းဆိုင်ရာအရေးတွင် ပြဿနာများမပေါ်လာနိုင်စေရန် ကာကွယ်ထား ခြင်းသဘောဖြစ်ကြောင်း သူက ရှင်းပြပါသည်။ သည်အကြောင်းကို ထိုစဉ်ကပင် လူကြီးမင်းအား ကျွန်ုပ်ကလည်း ပြောပြလိုက်ပြီးဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်က ထုတ်ချေးငွေများ ကျေသွားသောအခါ လူကြီးမင်းက ရစ်ချ်မွန့်ဟိုတယ် အားလုံးကို တဖြည်းဖြည်း ဝယ်ယူနိုင်ခွင့်ပေးခဲ့ခြင်းကိုလည်း ကျွန်ုပ်အနေဖြင့် အံ့ဩမဆုံး ဖြစ်ခဲ့ရပါသည်။ အမှန်ဆိုသော် လူကြီးမင်းအား ငွေကြေးထောက်ပံ့သောပုဂ္ဂိုလ်သည် လူကြီးမင်း၏ အရည်အချင်းကို အလုံးစုံ ယုံကြည်ထားပြီး ဖြစ်သောကြောင့်လည်းကောင်း၊ လူကြီးမင်းအား ပုဂ္ဂိုလ်ရေးအရ လေးစားခင်မင်သောကြောင့်လည်းကောင်း ယင်းကဲ့သို့ ရက်ရောစွာ ကူညီခဲ့ခြင်း ဖြစ်ကြောင်း သိသာလှပါသည်။

၁၉၅၁ ခုနှစ် နောက်ပိုင်းတွင် ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်နှင့်လည်းကောင်း၊ လူကြီးမင်းနှင့်လည်းကောင်း အဆက်ပြတ်သွားခဲ့ပါသည်။ သို့ရာတွင် ကျွန်ုပ် ဘဏ်လုပ်ငန်းမှ အငြိမ်းစားယူပြီးနောက် ထိုပုဂ္ဂိုလ်အကြောင်းကို သတင်းစာတွင် ဖတ်ရှုရသောအခါ ကျွန်ုပ်သည် အလွန်တစ်ရာမှ စိတ်မကောင်းဖြစ်ခဲ့ရပါသည်။ ထို့ကြောင့်ပင် လူကြီးမင်းတို့နှစ်ယောက်ထက် ကျွန်ုပ်က အရင်ကွယ်လွန်သွားလျှင် မမေ့သင့် မမေ့အပ်သော သမိုင်းကြောင်းတစ်ရပ်ကို လူကြီးမင်းအား သိစေချင်သည့်အတွက် ဤစာကို ကျွန်ုပ်ရေးခဲ့ရခြင်း ဖြစ်ပါသည်။

ကျွန်ုပ်အား လူကြီးမင်းက ကျေးဇူးတင်စေလိုသည့်အတွက် ဤစာကို ရေးခဲ့ရခြင်း မဟုတ်ပါ၊ လူကြီးမင်း၏ ကျေးဇူးရှင်အစစ်မှာ စတီဖင်ဟိုတယ်လုပ်ငန်းပိုင်ရှင် မစ္စတာ ဒေးဗစ်မက်တွန် မဟုတ်ကြောင်း အမှန်အတိုင်း သိစေချင်၍သာ ရေးခဲ့ရခြင်းဖြစ်ပါသည်။ စင်စစ် မစ္စတာမက်တွန်မှာ လူကြီးမင်းအား အလွန်လေးစားနေသူတစ်ဦးသာ ဖြစ်ပါသည်။ သို့သော် သူ့အနေဖြင့် လူကြီးမင်းအား လက်တွေ့ကူညီရန် ဘဏ်တိုက်သို့ ဘယ်တုန်းကမျှ ချဉ်းကပ်ခဲ့ခြင်း မရှိခဲ့ပါ။ လူကြီးမင်း၏ နယ်စားကုမ္ပဏီအား ပြာပုံဘဝမှ ပြုစုပျိုးထောင် ရေလောင်းပေးခဲ့သော ပုဂ္ဂိုလ်မှာ အလွန်အမြော်အမြင်ကြီးသော အလွန်ရက်ရောသော (နယူးယောက်မြို့၊ လက်စတာဘဏ်တိုက်၏ ဥက္ကဋ္ဌကြီး) မစ္စတာ ဝီလျံလိုဝယ်ကိန်းသာ ဖြစ်ပါကြောင်း ကျွန်ုပ်က အမှန်အတိုင်း ထုတ်ဖော်ဝန်ခံရပါသည်။

အဖြစ်မှန်အတိုင်း ထုတ်ဖော်ပြောပြသင့်ကြောင်း ကျွန်ုပ်က မစ္စတာကိန်းအား မေတ္တာရပ်ခံခဲ့ဖူးပါသည်။ သို့သော်လည်း လက်စတာဘဏ်နှင့် လုံးဝမဆိုင်ဘဲ သူ၏ ပုဂ္ဂလိကပိုင် ငွေကြေးကိစ္စတွင် သူ့သဘောအတိုင်း လုပ်နိုင်ကြောင်း ပြန်လည်ပြောပြပြီး လုံးဝငြင်းဆန်ခဲ့ပါသည်။ မစ္စတာကိန်းထံမှ ထုတ်ချေးငွေများကို လူကြီးမင်းက အကျေအလည် ပေးဆပ်ပြီးနောက် လူကြီးမင်း၏ ကုမ္ပဏီတွင် ဟင်နရီအော့စဘွန်းအား ဒါရိုက်တာလူကြီးတစ်ယောက်အဖြစ် ခန့်ထားခဲ့စဉ်ကလည်း လူကြီးမင်းအား မည်သို့မျှ မပြောရန် သူက ကျွန်ုပ်အား တင်းကျပ်စွာ တားမြစ်ခဲ့ပါသည်။

အကယ်၍ လူကြီးမင်းက မစ္စတာကိန်းထက် အလျင်စော၍ ကွယ်လွန်သွားခဲ့ပါက ဤစာကို ဖျက်ဆီးပစ်လိုက်ရန် ကျွန်ုပ်အား ညွှန်ကြားထားခဲ့ပါသည်။ ထိုအချိန်တွင် သူ၏ ရက်ရောသောစေတနာဖြင့် ကူညီမစခဲ့ကြောင်းများကို လူကြီးမင်း လုံးဝမသိခဲ့ပါကြောင်း ရှင်းလင်းရေးသားထားသော စာတစ်စောင်ကို သူဖတ်ရလိမ့်မည် ဖြစ်ပါသည်။

ကျွန်ုပ်ထံမှစာကို လူကြီးမင်းတို့နှစ်ဦးအနက် မည်သူပင် ဖတ်ရသည်ဖြစ်စေ၊ ထိုသို့ ဆောင်ရွက်လိုက်ရခြင်းအတွက် ကျွန်ုပ်အနေဖြင့် ဂုဏ်ယူဝမ်းသာ၍ မဆုံးပါ။

အစဉ်လေးစားစွာဖြင့်
(ပုံ) ကာတစ်ဖင်တန်

အောဘယ်က ခုတင်ဘေးမှ တယ်လီဖုန်း ကောက်ကိုင်လိုက်သည်။ "ဂျော့ကို ငါ့ဆီ လွှတ်လိုက်စမ်းပါဟော့၊ ငါ အဝတ်လဲချင်လို့"

(၄၂)

ဝီလျံလိုဝယ်ကိန်း၏ အသုဘအခမ်းအနားသည် အလွန်စည်ကားသည်။

ရစ်ချတ်နှင့် ဖလော်ရင်တီနာတို့က ကိတ်၏ လက်ယာဘက်ဘေးတွင် ရပ်နေကြသည်။ ဗာဂျင်နီယာနှင့် လူစီတို့က လက်ဝဲဘက်ဘေးတွင် ရပ်နေကြသည်။ အဘွားကိန်းသာရှိနေခဲ့ဦးမည်ဆိုလျှင် အသုဘရှု လူထုပရိသတ်ကြီးကိုကြည့်ပြီး အလွန်သဘောကျပေလိမ့်မည်။

လူထုပရိသတ်ထဲတွင် အထက်လွှတ်တော်အမတ် သုံးဦး၊ အောက်လွှတ်တော်အမတ် ငါးဦး၊ ခရစ်ယာန်ဂိုဏ်းအုပ် ခင်ကြီးနှစ်ဦးတို့အပြင် နာမည်ကြီး ဘဏ်တိုက်များမှ ဥက္ကဋ္ဌကြီးများနှင့် 'ဝေါစထရိဂျာနယ်' သတင်းစာကြီး၏ ပိုင်ရှင်တို့ကိုလည်း မြင်တွေ့ကြရသည်။

လက်စတာဘဏ်တိုက်ဥက္ကဋ္ဌသစ် ဂျိုခ်သောမတ်နှင့် ဘုတ်အဖွဲ့ဝင် လူကြီးအားလုံး၊လည်း စုံစုံညီညီ တက်ရောက်ကြသည်။ ဝတ်ပြုဆုတောင်းသောအခါ ဝီလျံကိန်း ဘယ်တော့မှ မယုံကြည်ခဲ့သော ထာဝရဘုရားသခင်အား ၎င်းတို့အားလုံးကပင် ဦးညွှတ်ရိုသေပြုကြသည်။

သို့သော် လူထုပရိသတ် နောက်ကွယ်တွင် ရပ်နေသော အဘိုးအိုနှစ်ယောက်ကိုမူ မည်သူကမျှ သတိမထားမိကြ။ သူတို့နှစ်ယောက်လည်း အများနည်းတူပင် ဦးညွှတ်၍ ဆုတောင်းမေတ္တာပို့ကြသည်။ သူတို့နှစ်ယောက်ကို ကြည့်ရသည်မှာ သူများတွေနှင့် တခြားစီလို ထင်နေကြဟန်တူသည်။ သူတို့နှစ်ယောက်သည် အကမ်းအနားသို့ မိနစ်အနည်းငယ်နောက်ကျပြီးမှ ရောက်လာကြသည်။ အခမ်းအနားပြီးလျှင် ပြီးချင်း နှစ်ယောက်စလုံး ပြန်ထွက်သွားကြသည်။

ဖလော်ရင်တီနာက ခြေတစ်ဖက် ခပ်ဆာဆာဖြင့် လျှောက်ထွက်သွားသော အရပ်ပုပုအဘိုးအိုအား မှတ်မိသလိုလိုထင်လိုက်မိသည်။ သူမက ရစ်ချတ်ကို ပြောပြလိုက်သည်။ သို့သော် သူတို့က သည်အကြောင်းကို ကိတ်ကိုတော့ ပြန်မပြောမိကြ။

နောက်သုံးလေးရက်အကြာတွင် ဖော်ပြပါ အဘိုးအိုနှစ်ယောက်အနက်မှ အရပ်ရှည်ရှည် အဘိုးအိုသည် ပဋ္ဌမအဲဗင်းနယူးလမ်းမှ ဖက်ရှင်တိုက်တွင် ဖလော်ရင်တီနာနှင့် တွေ့ဆုံရန်လာခဲ့သည်။ သူမသည် ရက်ပိုင်းအတွင်း ဆန်ဖရန်စစ္စကိုမြို့သို့ ခရီးထွက်မည်ဟု ကြားရ၍ ခရီးမထွက်မီ အကူအညီတောင်းရန် လာခဲ့ခြင်းဖြစ်သည်။

အဘိုးအိုက သူ့ဆန္ဒကို လိပ်ပတ်လည်အောင် စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ဖလော်ရင်တီနာကလည်း စိတ်ပါလက်ပါ နားထောင်နေသည်။

အဘိုးအို စကားဆုံးသွားသောအခါ သူ့ဆန္ဒအတိုင်း သူမက ဝမ်းမြောက်ဝမ်းသာ ကူညီပါမည်ဟု ကတိပေးသည်။

✧ ✧ ✧

နောက်တစ်နေ့ညနေတွင် နယ်စားဟိုတယ်သို့ ရစ်ချတ်နှင့် ဖလော်ရင်တီနာတို့ ရောက်လာကြသည်။

ဂျော့နီဗက်က လှိုက်လှဲဝမ်းသာဆီးကြိုသည်။ ထို့နောက် ဧည့်သည်များအား ၄၂ ထပ်သို့ ခေါ်ဆောင်လာခဲ့သည်။

အဘိုးအိုအေဘယ်မှာ ဇရာနှင့် ဝေဒနာဖိစီး၍ အိပ်ရာထဲတွင် ဗုန်းဗုန်းလဲနေရှာပြီ။ သူ့နာခေါင်းဖျားတွင် လခြမ်းပုံ မျက်မှန်ကြီးကိုတပ်ကာ သမီးနှင့် သမက်တို့အား အားယူ၍ စိုက်ကြည့်နေရှာသည်။

ဖလော်ရင်တီနာသည် ဖခင်ကြီးအား ရုတ်တရက် မမှတ်မိချင်သလို ဖြစ်နေမိသည်။

အချိန်ကာလက ဆယ်နှစ်တာပင် ကြာညောင်းခဲ့လေပြီကော။

အဘိုးအိုက အားယူပြီး ပြုံးကြည့်နေသည်။

ထို့နောက် ဖခင်ကြီးနှင့် သမီးချစ်တို့က တစ်ယောက်ကို တစ်ယောက်ဖက်ကာ အတိတ်က ပျော်ခဲ့ရသော အဖြစ်အပျက်တွေကို တတွတ်တွတ်နှင့် စားမြုံ့ပြန်ကြသည်။ နှစ်ယောက်သား ရယ်လည်းရယ်ကြသည်။ ငိုလည်း ငိုကြသည်။

ပြီးတော့မှ အဘိုးအိုက သမက်ဖြစ်သူအား တောင်းပန်စကားဆိုသည်။

"ငါ့ကို... ခွင့်လွှတ်ပါ ရစ်ချတ်၊ ပိုလန်လူမျိုးတွေဟာ စိတ်ထား ပျော့ပျောင်းတတ်ကြပါတယ်ကွယ်"

"ကျွန်တော်လဲ သဘောပေါက်ပါတယ်... ဦး၊ ကျွန်တော့်ကလေးတွေလဲ ပိုလန်ကပြားကလေးတွေပါ"

နောက်ပိုင်းတွင် သူတို့အားလုံး ညနေစာ တစ်ပျော်တစ်ပါး စားကြသည်။ အဘိုးအိုအေဘယ်သည် သမီးကို ပြန်တွေ့ရ၍ ဝမ်းသာမှုကြောင့် ခါတိုင်းထက် မြိန်မြိန်ရှက်ရှက်စားသည်။

သူက အနာဂတ်စီမံကိန်းတွေကို ပြောပြသည်။ သူ့ဟိုတယ်လုပ်ငန်း၏ ကောင်းသော အလားအလာတွေကို တွက်ပြသည်။

"တို့ဟိုတယ်တိုင်းမှာ 'ဖလော်ရင်တီနာ ဖက်ရှင်ဆိုင်' တစ်ဆိုင်ကျစီဖွင့်ရမယ်" ဟု သူက ဝမ်းမြောက်ဝမ်းသာ ကြွေးကြော်သည်။

ဖလော်ရင်တီနာက ရယ်ပြီး သဘောတူသည်။

အဘိုးအိုက ကွယ်လွန်ရှာလေသူ မစ္စတာ ဝီလျံကိန်းအကြောင်းကို ဆက်လက်ပြောပြသည်။ သူ၏ ကျေးဇူးရှင်ကြီးအတွက် သူ အလွန်စိတ်မကောင်းဖြစ်မိကြောင်း ရစ်ချတ်အား ပြောပြသည်။

သူသည် မစ္စတာဝီလျံကိန်းအပေါ်တွင် မသိသာ ဆိုးရွားစွာဖြင့် နှစ်ပေါင်းများစွာ အမှားတွေ ကျူးလွန်ခဲ့မိသည့်အတွက် နောင်တကြီးစွာရမိသည်။ သူကောင်းစားရေးအတွက် ကန့်လန့်ကာနောက်ကွယ်မှနေ၍ ရက်ရောစွာ ထောက်ပံ့ကူညီခဲ့သော ကျေးဇူးရှင်ကြီးအား အသက်ထင်ရှားရှိစဉ်က ကိုယ်တိုင်ကိုယ်ကြပ် တောင်းပန်ဝန်ချခြင်း မပြုလိုက်ရသည့်အတွက် ယူကျုံးမရဖြစ်မိသည်။

"ဒါပေမယ့် အဖြစ်မှန်ကို သူလဲ သဘောပေါက်သွားပါလိမ့်မယ် ဦး"

ရစ်ချတ်က အဘိုးကြီး စိတ်သက်သာအောင် နှစ်သိမ့်စကား ဆိုသည်။

"သူဆုံးတဲ့နေ့က တို့နှစ်ယောက် တွေ့ကြသေးတယ်ကွယ်"

ဖလော်ရင်တီနာနှင့် ရစ်ချတ်တို့က အဘိုးကြီးအား အံ့ဩသော မျက်နှာဖြင့် စိုက်ကြည့်လိုက်ကြသည်။

"ဟုတ်ပါတယ်၊ တို့နှစ်ယောက် တကယ် တွေ့လိုက်ကြတယ်၊ သားတို့သမီးတို့ရဲ့ ဖက်ရှင်တိုက်ဖွင့်ပွဲကို သူလဲ တိတ်တိတ်ကလေး လာကြည့်တယ်၊ ဖေဖေလဲ တိတ်တိတ်ကလေး သွားကြည့်တယ်၊ သူကအပြန်၊ ဖေဖေကအသွား၊ လမ်းပေါ်မှာ ဘေးချင်းယှဉ်ပြီး ဖြတ်ကျော်သွားကြတယ်၊ သူက ဖေဖေ့ကို ဦးထုပ်မြှောက်ပြတယ်၊ ဖေဖေကလဲ ပြန်ပြီး မြှောက်ပြလိုက်တယ်၊ ဒါလောက်ဆိုရင်ပဲ ကျေနပ်လောက်ပါပြီကွယ်၊ ကျေနပ်လောက်ပါပြီ"

ထို့နောက် အေဘယ်က သမီးနှင့် သမက်ထံတွင် အချက်တစ်ချက်ကို မေတ္တာရပ်ခံသည်။ နောက် ကိုးလအကြာတွင် ပိုလန်နိုင်ငံ ဝါဆောမြို့၌ ပြုလုပ်မည့် နယ်စားဟိုတယ်ဖွင့်ပွဲသို့ သူ့ကို လိုက်ပို့ကြရန် တောင်းပန်သည်။

သူက စားပွဲစောင်းကို လက်နှင့် တဒေါက်ဒေါက်ခေါက်ရင်းမှ ပြောလိုက်သည်။

"သားတို့ သမီးတို့ တွေးကြည့်စမ်းပါ၊ ဝါဆောနယ်စားဟိုတယ်ကို နယ်စားကုမ္ပဏီဥက္ကဋ္ဌ ကိုယ်တိုင် ဖွင့်လှစ်တာ ဘယ်လောက်များ ဝမ်းသာစရာကောင်းလိမ့်မလဲလို့ "

✧ ✧ ✧

နောက်လများတွင်လည်း ရစ်ချတ်နှင့် ဖလော်ရင်တီနာတို့သည် ဖခင်ကြီးထံသို့ မပြတ်လိုလို လာရောက်ပြုစုကြသည်။ ဖခင်ကြီးမှာ ရုပ်အားဖြင့် တော်တော်ကျဆင်းနေပြီ ဖြစ်သော်လည်း စိတ်အားကတော့ တက်ကြွနေဆဲပင်ရှိသေးသည်။

ဖလော်ရင်တီနာမှာ ဖခင်ကြီးအနားမှ တစ်ဖဝါးမျှ မခွာရက်အောင်ပင် သံယောဇဉ်ကြီးထွားလာခဲ့သည်။

ဖခင်ကြီးကလည်း ရစ်ချတ်အား သားအရင်းတမျှ ချစ်ခင်လာခဲ့သည်။ မြေးကလေးနှစ်ယောက်ကိုလည်း ငုံထားမတတ် ချစ်ရှာသည်။ မြေးမကလေးနာမည်က အန်နာဘယ်လ်တဲ့။ နားဝင်ချိုပြီး ခေတ်မီလိုက်တဲ့ နာမည်ပါပဲ။

အေဘယ်သည် တစ်သက်တာတွင် သည်တစ်ကြိမ်လောက် တစ်ခါရံထူးမျှ ဝမ်းသာကြည်နူးခြင်း မဖြစ်ခဲ့စဖူး။ သူ့အဖို့ လူ့ဘဝတွင် နေပျော်ပြီ။ သေရကျိုးနပ်ပြီ။ နောက်ဆုံးရည်မှန်းချက်ကတော့ မွေးရပ်ဌာနေ ပိုလန်မြေသို့ပြန်ပြီး 'ဝါဆောနယ်စားဟိုတယ်ကြီး' ကို သူကိုယ်တိုင် ဖွင့်လှစ်ရန် ပြင်းပြသောဆန္ဒ။

✧ ✧ ✧

နောက် ခြောက်လကြာသောအခါ 'ဝါဆောနယ်စားဟိုတယ်' ကြီးကို နယ်စားကုမ္ပဏီဥက္ကဋ္ဌသစ်က တက်ရောက်ဖွင့်လှစ်သည်။ မူလက ကိုးလကြာမှ ဖွင့်လှစ်ရန် စီစဉ်ထားခဲ့သော်လည်း အခြေအနေများ ပြောင်းသွား၍တစ်ကြောင်း၊ စောစောစီးစီး ဆောက်လုပ်ပြီးစီးသွားသောကြောင့် တစ်ကြောင်းတို့ကြောင့် စောစောစီးစီးပင် ဖွင့်လှစ်လိုက်ရခြင်းဖြစ်သည်။

နယ်စားကုမ္ပဏီ၏ ဥက္ကဋ္ဌသစ်အဖြစ် ဖလော်ရင်တီနာက အဖွင့်မိန့်ခွန်း ပြောကြားရာတွင်

"အခုလို အလွန်လှပခမ်းနားတဲ့ ဟိုတယ်သစ်ကြီးကို ဖွင့်လှစ်ရခြင်းအတွက် ကျွန်မအဖို့ ဝမ်းသာ ဝမ်းနည်း ဝေဒနာနှစ်ရပ်ကို ရင့်နင့်အောင် တစ်ပြိုင်တည်း ခံစားနေရပါတယ်ရှင်။

"ဟိုတယ်ကြီးကို ကျွန်မ ဖွင့်လှစ်ရတဲ့အတွက် ဂုဏ်ယူဝမ်းသာမိပါတယ်၊ တစ်ချိန်တည်းမှာပဲ ကျွန်မရဲ့ ကျေးဇူးရှင်ဖေဖေဟာ သူမကွယ်လွန်ခင် ရည်မှန်းထားခဲ့တဲ့အတိုင်း သူ့ရဲ့ဇာတိမွေးရပ်မြေမှာ သူပိုင်ဟိုတယ်ကြီးကို သူကိုယ်တိုင် ဖွင့်မသွားနိုင်ခဲ့တာကိုဖြင့် ကျွန်မအနေနဲ့ တွေးလိုက်တိုင်း ဝမ်းနည်းလို့ မဆုံးအောင် ဖြစ်မိရပါတယ်ရှင် ..." ဟူ၍ မျက်ရည်စက်လက်ဖြင့် ပြောရှာလေသည်။

✧ ✧ ✧

အချစ်အမုန်း၊ အတိုက်အခိုက်၊ အလွမ်းအဆွေးတို့ဖြင့် ယက်ခြယ်ရောပွမ်းနေသော ဤဇာတ်လမ်းရှည်ကြီးကို အလုံးစုံသိမ်း ရုပ်၍ နိဂုံးချုပ်လိုက်သောအခါ ...

လွန်လေသူ ကမ္ဘာကျော် ဟိုတယ်လုပ်ငန်းရှင် သူဌေးကြီး အေဘယ်ရို့စနော့စကီး၏ ဥယျာဉ် ခြံမြေ အိုးအိမ်တိုက်တာ စီးပွားရေးလုပ်ငန်းနှင့်တကွ ပစ္စည်းဥစ္စာ ရွှေငွေရတနာအမွေအားလုံးကို (မဆိုစလောက်သော ပစ္စည်းကလေးတစ်ခုမှတစ်ပါး) သမီးဖြစ်သူ ဖလော်ရင်တီနာအား သေတမ်းစာဖြင့် အသေအချာ ပေးအပ်ခဲ့လေသည်။

အဆိုပါ မဆိုစလောက်သော အမွေပစ္စည်းကလေးကို "နယ်စားကြီး အေဘယ်ရို့စနော့စကီး' ဟူ၍ ကမ္ပည်းစာတန်း ရေးထွင်းထားသော၊ အမြင်အားဖြင့် သေးငယ် သော်လည်း အလွန်ရှားပါး၍ တန်ဖိုးမဖြတ်နိုင်သော ငွေလက်ကောက်ကွင်းကလေးမျှသာ ဖြစ်သည်" ဟူ၍ သေတမ်းစာတွင် ဖော်ပြထားလေသည်။

ထိုပစ္စည်းကို အမွေဆက်ခံရရှိသူကား ကွယ်လွန်သူ အေဘယ်ရို့စနော့စကီး၏ မြေးဖြစ်သူ ဝီလျံအေဘယ်ကိန်းမှတစ်ပါး အခြားဘယ်သူဖြစ်နိုင်ပါတော့မည်နည်း။ ။

✣

မောင်ပေါ်ထွန်း
ဧပြီ ၂၃၊ ၁၉၈၂။

Quality Publishing House